
www.burmeseclassic.com



www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သစ္စသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသာ ဥတ္တိ၊ သဗ္ဗ သတ္တန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုဗ္ဘိက္ခန္တရာယော၊ ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ့, နတ်, ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

5 MAY 2013

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း

အမှတ် (၂၀၃)၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com










# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | တောင်သမန်ကျောက်တော်ကြီးဘုရားနှင့် ကမ္ဘာကျော်ဦးပိန်တံတား | မင်းသုဝဏ် | ၅ |
| ၂။ | အသောကမင်းကြီး ကောင်းမှုတော် သမိုင်းဝင် ရွှေတောင်ဦးစေတီတော် | တက္ကသိုလ်မျိုး | ၂၀ |
| ၃။ | သုမနမြတ်စွာဘုရား | ဆင်ဖြူကျွန်းအောင်သိန်း | ၃၅ |
| ၄။ | သန့်လျင်တောရ ယင်းတော်မင်းကျောင်း | သာစည်အောင်တင် | ၃၈ |
| ၅။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝေဒနာနုပဿနာရှုနည်း အလုပ်ပေးတရားတော် | ဓမ္မဒါန | ၅၀ |
| ၆။ | အနန္တသဗ္ဗသိဒ္ဓိ ရွှေလက်ရစေတီတော် | ကိုသက်(ဇီးကုန်း) | ၅၇ |
| ၇။ | မိုးညှင်းတောရ ဆရာတော်ဘုရားကြီး | သစ္စာဦး(ဇေယျာမြေ) | ၆၁ |
| ၈။ | တောင်တွင်းကြီးသာသနာပိုင်ဆရာတော် ခင်ကြီးပျော် | အရှင်ထေရဝံသ(ဟသ်ာတ) | ၆၉ |
| ၉။ | နှစ်ဦးမေတ္တာ လူတိုင်းမှာ | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ ပါမောက္ခချုပ် | ၇၂ |
| ၁၀။ | မြတ်ဆရာ | ကျိုက်လတ်သန်းထိုက်(LL.B) | ၇၇ |
| ၁၁။ | သူဦးကိုယ်ဦး ၃မွှာပူး | ယောဆရာတော် | ၇၉ |
| ၁၂။ | ဘဝတကွာ | အောင်ရဲဝင်း(ဟံသာမြေ) | ၈၅ |
| ၁၃။ | ထူးမှထူး | အရှင်ဆန္ဒာဓိက | ၈၇ |
| ၁၄။ | တောင်ပွားဆရာတော်၏ အကျင့်မြတ်နှင့် အလင်းဓာတ် | ကျော်ဇောဟိန်း(နံ့သာ) | ၉၃ |
| ၁၅။ | ကုသိုလ်ဖော်ဖြင့် နိဗ္ဗာန်စခန်း မြန်းနိုင်ကြပါစေ | ရဲကျော်စိုးအောင် | ၉၆ |
| ၁၆။ | အဘအောင်မင်းခေါင် ချီးမြှင့်သော အချုပ်အနှောင်တို့မှ လွတ်မြောက်သောဂါထာ | ဟိန်းထက်ဈာန် | ၉၈ |
| ၁၇။ | အတုအယောင် | သစ္စာဦး(ဇေယျာမြေ) | ၁၀၀ |
| ၁၈။ | ဘကြီးစံခ၏ ဂမ္ဘီရကုထုံးဆန်း | ဆန်းဝင်း(အောင်မြေ) | ၁၀၅ |
| ၁၉။ | ရှင်လျက် အသက်မရှူသူများ | မောင်ဉာဏ်လင်း(တောင်ကုတ်) | ၁၀၈ |
| ၂၀။ | ဘိသိက်တော် | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၁၁၃ |
| ၂၁။ | အန္တရာယ်ညှလျှို | နေမထူး | ၁၂၀ |
| ၂၂။ | စိန်ခေါ်သူ | ဇလွန်ကျော်ဦး | ၁၃၄ |
| ၂၃။ | အံ့ဖွယ်ထူးခြား စွမ်းအားပြင်းထန် ဂယာထရီမန္တန် | မြယာငြိ | ၁၃၈ |
| ၂၄။ | အမ္ဗဟူသမ္ဘူ လှို့လသည်းမှ | သကျူနွယ်(ရွှေပင်လယ်) | ၁၄၁ |
| ၂၅။ | မြန်မာပြဇာတ်များ | ရွှေတိုက်စိုး | ၁၄၄ |
| ၂၆။ | စုန်းပြူး | စောမျှူ(ဖျာပုံ) | ၁၄၇ |
| ၂၇။ | ပုဆိုးကွက်တုံးနဲ့ တစ္ဆေ | မြင့်နိုင်(ဟသ်ာတ) | ၁၅၂ |
| ၂၈။ | ချစ်၍ခေါ်သည် လိုက်တော်မူ | ကောင်းစံဟိန်း(ဖန်နေဝန်း) | ၁၅၇ |
| ၂၉။ | ကိုးခြောက်ကိုး အမိဋ္ဌာန်ကျင့်စဉ် | အောင်ကောင်းမြ(သာကေတ) | ၁၆၀ |
| ၃၀။ | အထ္ထုပ္ပတ္တိမှတ်တမ်း ဘဝကောက်ကြောင်း | ချိုသာ | ၁၆၄ |
| ၃၁။ | မြွေမှုဆိုး | တင်မောင်မောင်(ပေါက်ကုန်း) | ၁၇၁ |


www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၂။ | ပြောင်းပြန်လှန်ခြင်း | ကိုအေးမင်း(ပဲခူး) | ၁၇၅ |
| ၃၃။ | လွတ်မြောက်သွားတဲ့လူ | ဆွေလင်း(အောင်မြေ) | ၁၇၈ |
| ၃၄။ | ငယ်ဖြူသိသော မိန်းမ | မောင်မောင်သိန်း(သတင်းထောက်၊ ဇီးကုန်း) | ၁၈၉ |
| ၃၅။ | ပါရမီဖြည့်ဖက် | သစ္စာ | ၁၉၀ |
| ၃၆။ | ပေါင်းသင်းဆက်ဆံရေး | လှအေး(တမာမြေ) | ၁၉၂ |
| ၃၇။ | ဖန်တီးသူ၏နှလုံးသား | ကိုချမ်း(ဆေး-၂) | ၁၉၄ |
| ၃၈။ | အရင်းမစိုက် လေ့ထိုးလိုက် လူမိုက်အားစမ်း ဘဝကြမ်း | အောင်ကျော်ဆန်း | ၂၀၁ |
| ၃၉။ | ရှုံးသွားသော အမှား | ကိုကျည်းတန် | ၂၀၄ |
| ၄၀။ | တိတ်ဆိတ်မှုသည် ခေါ်သံ၌ လန့်နိုးသွားခဲ့လေပြီ | သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်) | ၂၁၂ |
| ၄၁။ | ထီးတင်ပွဲကြီး ပြီးပါလျှင် | မောင်ချစ်(သုဝဏ္ဏသမိန်) | ၂၁၅ |
| ၄၂။ | အိမ်ထောင်ရေးရာ အမြေရှာနှင့် ယုံကြည်မှုသဘောတရားများ | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၂၂၀ |
| ၄၃။ | အိပ်မက်ထဲက သိုက်စာ | ရိုရိုဌေး | ၂၂၇ |
| ၄၄။ | နွားကျောင်းသားနှင့် တောထူးဆန်း | တင့်ထူး(ဇေယျဝတီ) | ၂၃၃ |
| ၄၅။ | ဂုဏ်မွေးစူးတတ်သည် | ကမ္ဘာလှည့်တင်တင်စိန် | ၂၃၆ |
| ၄၆။ | ဦးသုခ ဖြတ်သန်းခဲ့သော အနုပညာသည်ဘဝ | မောင်သီလ | ၂၃၈ |
| ၄၇။ | ကြွေးဟောင်းကိုချေ အမျှဝေ | စောမှိုင်းဝေ(ကြာအင်းဆိပ်ကြီး) | ၂၄၄ |
| ၄၈။ | ရွှေပင်မှာ မနားထိုက်သည့်ကြောင့် | မောင်သာမန်(ဇီးကုန်း) | ၂၄၈ |
| ၄၉။ | ရှားမောင်နှံ | နတ်မောက်မင်းသန့်နိုင် | ၂၅၅ |
| ၅၀။ | ဂါမပါလ | ရွှေမန်ကျည်းလှကျော် | ၂၅၈ |
| ၅၁။ | မြစ်သာသို့ အပြန် | သုရိန်ဝင်း(ဇီးကုန်း) | ၂၆၁ |
| ၅၂။ | ကိုရင်ကြီးနှင့် တစ္ဆေသရဲဇာတ်လမ်း | ကျော်မိုးလွင်(ဝါးခယ်မ) | ၂၆၅ |
| ၅၃။ | နဝရတ် သျှတ္တရဂမ္ဘီရ | ဆရာဦးခန့်ကျော် | ၂၆၈ |
| ၅၄။ | အကျဉ်းခံ စစ်ဧကရာဇ်၏ ချစ်သဝဏ်လွှာများ | လှမိုး(ပညာရေး) | ၂၇၅ |
| ၅၅။ | ပစ္စည်းပျောက်တာ ပြန်ရပြီမဟုတ်လား | နတ်မျက်စိ ဆရာအောင်စိုး | ၂၇၈ |
| ၅၆။ | ဥပုသ်စောင့်သော တိရစ္ဆာန်များ | ရွှေမန်ကျည်းလှကျော် | ၂၇၉ |
| ၅၇။ | မကြင်သာသည် | စိန်ဝင်းမော် | ၂၈၁ |
| ၅၈။ | သုတစုံဖြာ ဤကမ္ဘာ | ဗိုးရွှေလမင်း၊ မောင်ကောင်းယဉ် | ၂၈၅ |
| ၅၉။ | သတိပြုရမည့် တက်စာ, သက်စာများ | ဓနုဖြူဆရာတင် | ၂၉၃ |
| ၆၀။ | ကြက်သွန် အနီ, အဖြူ | ဆန်းဝင်း(အောင်မြေ) | ၂၉၄ |
| ၆၁။ | မျက်စိအမြင် ထာဝရ ကြည်စေချင် | မိုးစက်အဏ္ဏဝါ | ၂၉၆ |
| ၆၂။ | ဆေးရဲ့ဘေးဒဏ် ကင်းဝေးရန် | ဖူးပုံ-ရည်လွင်အောင် | ၂၉၇ |
| ၆၃။ | ခန္ဓာကိုယ် အလေးချိန် လျှော့ချရန် ကိုယ်တိုင်ကိုယ်ကျ လေ့ကျင့်ပေးသူ ငှားရမ်းခြင်း | ဘိုခေ | ၃၀၀ |







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၆၄။ နေ့စဉ် လေ့ကျင့်ခန်းအတွက် လက်ရုံးရည်နှင့်
ပြုစုပျိုးထောင်ပေးမှုတို့၏ အရေးပါမှု .............. ဘိုခေ ၃၀၁

၆၅။ ကာယလေ့ကျင့်ခန်း နေရာတွင်
အချိန်ကို အလဟဿမဖြစ်ပါစေနှင့် .............. ဘိုခေ ၃၀၂

၆၆။ သက်သတ်လွတ်စားခြင်းနှင့်
အာဟာရသုတ .................. အောင်ဘုန်းမြင့်(ကချင်မြေ) ၃၀၃

၆၇။ အသည်းရောင် ဘီပိုး, စီပိုး အန္တရာယ်
ကြိုတင်ကာကွယ် ........................... ရိုရိုငွေ ၃၀၆

၆၈။ ပွဲကြီးလမ်းကြီးတွေ သွားမယ်ဆိုရင် .......... ကိုမောင်သန်းဝင်း ၃၀၈

၆၉။ စိတ်ကစဉ့်ကလျားရောဂါ ........................ ခေးလု ၃၀၉

၇၀။ ခပ်ကဲကဲ လက်ကိုင်ဖုန်းများနှင့်
ကျန်းမာရေးနောက်ဆက်တွဲ ........... ဒေါက်တာနိုက်တင်ဌေး ၃၁၃

၇၁။ ဖြစ်ချင်သလား ဖြစ်ရမယ် .......... မောင်မြင့်မား(ဗိုလ်ကလေး) ၃၁၆

၇၂။ လူမစွမ်းသော် ..................... သုဝဏ္ဏလှိုင်(ဝင်းက) ၃၁၈

၇၃။ အရုပ်ကို ဆဲမိသူ ........................ စောနိုင်ထူး ၃၂၀

၇၄။ သူ့အလှည့် ကိုယ့်အလှည့် ...................... ရွှေခ် ၃၂၃

၇၅။ အားပေးကောင်းလိုက်ပုံက၊ တစ်လှည့်တစ်ပျံ၊
တို့ကတော့ တို့ကတော့ ...................... ချမ်းလူ ၃၂၄

၇၆။ ထော်လော်ကန့်လန့် အတွေးများ ............ အောင်ကောင်း ၃၂၆

၇၇။ ကာတွန်းကဏ္ဍ .................. ကောင်းခံဟိန်း(ပန်နေဝန်း) ၃၂၈

၇၈။ ပြုံးရယ်ရယ်ဟား ဟာသများ.................. ကလောင်စုံ ၃၃၂

၇၉။ ကျက်သရေမင်္ဂလာ အိမ်ဂေဟာ ......... အောင်လံထူဆရာဟိန်း ၃၃၄

၈၀။ ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်
အဟောပဒေသာနှင့် ယတြာများ ............ ဂမ္ဘီရဆရာလှမျိုး ၃၃၆

၈၁။ ရာဟုယတြာ ဤသို့ဆောင်ရွက်ပါ ...... မင်းသုန္ဒြ(မန္တလေးသိုလ်) ၃၃၈

၈၂။ မဟာဘုတ်အိမ်၏ အားပရိယာယ် ............... သေယံဦး ၃၃၉

၈၃။ ယတြာသစ်ပင် စိုက်ပါ ..... မောင်မောင်သိန်း(သတင်းထောက်ငဇီးကုန်း) ၃၄၃

၈၄။ အကြွေးမှန်သမျှ ပြန်ရစေ ................ ချစ်မယသက် ၃၄၅

၈၅။ မုဆိုးဖို, မုဆိုးမ ဘာကြောင့်ဖြစ်ကြရသလဲ .... ဆရာဦးအောင်မြင့် ၃၄၉

၈၆။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ခုနစ်ရက်သားသမီးများအတွက်
ဟောစာတမ်းနှင့် ယတြာ.......... ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) ၃၅၃

၈၇။ ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့်
ဇွန်လ ဟောကိန်းများ.................. ဆရာဦးသန့်ကျော် ၃၅၆


○


နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

စီစဉ်သူ
ညဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
မောင်သာယာ

အယ်ဒီတာအဖွဲ့
မောင်မောင်မြတ်၊ ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
ဆန်းထွန်း၊ ၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်၊
စိုးမြင့်လေး၊ စကြူ၊ ရဲရင့်နိုင်၊ ဒေါ်ဇော်ဇော်အောင်

အတွင်းပလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

ကြော်ငြာနှင့်ဖြန့်ချိရေး
နန္ဒာအောင်

အထွေထွေ
အောင်ဝင်းသန့်၊ အောင်အောင်


မန္တလေး
ထွန်းဦးစာပေ

အုပ်ရေ
၁၀၀၀

စျေးနှုန်း
၂၁၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောင်သမန် ကျောက်တော်ကြီးဘုရား

## ကမ္ဘာကျော် ဦးပိန်တံတား

မင်းဂုဏ်

မြန်မာနိုင်ငံတွင် ခရီးသွားပရိသတ် စိတ်ဝင်စားသည့် နေရာအများအပြား ရှိသည့်အနက် အမရပူရတွင် အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားကြသည်မှာ ဦးပိန်တံတားပင် ဖြစ်သည်။ ဦးပိန်တံတား၏ အရှေ့ဘက်ထိပ် တောင်သမန်ရွာတွင် "မဟာသကျရံသီ" ဘွဲ့အမည်ရှိသော ကျောက်တော်ကြီးဘုရား စံပယ်တော်မူလျက်ရှိရာ ဘုရားဖူး ခရီးသွားများအဖို့မှ ဦးပိန်တံတားသို့ရောက်လျှင် ကျောက်တော်ကြီးဘုရားအား အရောက်သွားကာ ဖူးမြော်လေ့ရှိကြသည်။

"အမရပူရ" ဟူသော ဝေါဟာရမှာ ပါဠိဘာသာဖြစ်သည်။ မြန်မာဘာသာသို့ ပြန်ဆိုလျှင် "သေခြင်းကင်းသောမြို့" ဟူ၍ အဓိပ္ပာယ်ရသည်။ မန္တလေးမြို့၏ တောင်ဘက်တွင်ရှိသဖြင့် ရှေးခေတ်အခါက "တောင်မြို့" ဟုခေါ်ဆိုခဲ့ကြပြီး ယနေ့တိုင်ပင် ဒေသခံအချို့က တောင်မြို့ဟု ခေါ်ဝေါ်သုံးစွဲနေကြဆဲပင်။


BURMESE CLASSIC .com

မန္တလေးမြို့မှ ခုနစ်မိုင်မျှသာ ဝေးကွာသော အမရပူရသည် ယခုအခါ မန္တလေးမြို့နှင့် တစ်ဆက်တစ်စပ်တည်း ရှိနေပေပြီ။

ဗဒုံမင်း ခေါ် ဘိုးတော်ဘုရားက မြန်မာသက္ကရာဇ် ၁၁၄၄ ခု (ခရစ်နှစ် ၁၇၈၃) တွင် အမရပူရမြို့ကို စတင်တည်ထောင်ခဲ့ကာ ပထမဆုံး နန်းစိုက်ခဲ့သဖြင့် "အမရပူရ ပထမမြို့တည်မင်း" ဟူ၍ ထင်ရှားခဲ့သည်။

မြို့သစ်တည်သည့် မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်ကို နေ့နံသင့်ဂဏန်းဖြင့် မှတ်တမ်းတင်နည်းအရ "အင်း အိုင်လိုဏ်ဝ အမရ၊ တည်ထနန်းမြို့တော်" ဟူ၍ မှတ်သားထားကြသည်။


မြို့သစ်တည်ဆောက်အပြီးတွင် မြို့တော်ကို အမရပူရ၊ နန်းမြို့ကို မြနန်းဘုံစံ၊ နန်းတော်ကို အောင်နန်းစံရာ ဟူ၍ အမည်ပေးအပ်ခဲ့သည်။ မြို့တော်သစ်တည်ပြီးသည်နှင့် ဆရာတော်ကြီးများ အမှူးထားလျက် တိုးရုပ်ရွှေဖောင်တော်ဖြင့်





www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်တော်များအား ဦးစွာပင့်ဆောင်ခဲ့သည်။ ဘိုးတော်ဘုရားသည် အမရပူရ၌ (၃၇)နှစ်ကြာ ထီးနန်းစိုးစံခဲ့သည်။

ဘိုးတော်ဘုရား နတ်ရွာစံပြီးနောက် မြေးတော် စစ်ကိုင်းမင်း(ဘကြီးတော်) နန်းတက်လာသည်တွင် မင်းနေပြည်တော်ကို အင်းဝသို့ ပြောင်းရွှေ့ခဲ့သည်။ သို့ရာတွင် စစ်ကိုင်းမင်း နန်းကျသွားပြီး ညီတော် သာယာဝတီမင်းလက်ထက် ခရစ်နှစ် ၁၈၃၈ ခုနှစ်တွင် အမရပူရသို့ မင်းနေပြည်တော် ပြောင်းရွှေ့ကာ ထပ်မံပြုပြင်ခဲ့သည်။ သားတော် ပုဂံမင်းနှင့် မင်းတုန်းမင်းတို့လည်း အမရပူရ၌ပင် ထီးနန်းဆက်လက်စိုးစံခဲ့ကြသည်။

အမရပူရမြို့တော်ဟောင်းသည် လေးထောင့်ပုံဖြစ်ပြီး အုတ်မြို့ရိုး၊ ကျုံးများနှင့်တကွ စနစ်တကျ တည်ဆောက်ထားသည်။ မြို့ရိုးတစ်မျက်နှာလျှင် တံခါးသုံးပေါက်စီဖြင့် လေးမျက်နှာတွင် တံခါးအားလုံး ၁၂ ပေါက်ပါရှိသည်။ မြို့ထောင့်လေးနေရာတွင် စေတီတော်လေးဆူ တည်ထားကိုးကွယ်ခဲ့ရာ ရွှေစကားစေတီ၊ ရွှေကွန်ချာစေတီ၊ ကပ်ကျော်စေတီနှင့် ရွှေလင်းပင်စေတီတို့မှာ မြို့ထောင့်စေတီတော်များအဖြစ် ထင်ရှားသည်။

မင်းတုန်းမင်းသည် အမရပူရတွင် ခရစ်နှစ် ၁၈၅၃ ခုနှစ်မှ ၁၈၅၉ ခုနှစ်အထိသာ စိုးစံခဲ့ပြီး ၁၈၅၉ ခုနှစ်တွင် မန္တလေးမြို့တော်သစ်ကို တည်ထောင်ခဲ့သည်။ နန်းတော်ဆောင်များအားလည်း ပြောင်းရွှေ့သွားခဲ့သည်။ မီးရထားလမ်းဖောက်လုပ်စဉ်တွင် အုတ်မြို့ရိုးမှ အုတ်များအား ယူဆောင်ကာ အသုံးပြုခဲ့သဖြင့် အမရပူရ မြို့ဟောင်းကို အလွယ်တကူ မတွေ့နိုင်တော့ဟု ဆိုသည်။

အမရပူရတွင် ထင်ရှားသည့် ဦးပိန်တံတားသည် တောင်သမန်အင်းကိုဖြတ်ကာ သွယ်တန်းဆက်စပ်ပေးသည့် ကမ္ဘာပေါ်တွင် အရှည်ဆုံးသော သစ်သားတံတား ဖြစ်သည်။ ထို့ပြင် ကမ္ဘာပေါ်ရှိ ကြောက်ရွံ့ထိတ်လန့်ဖွယ် အကောင်းဆုံး တံတား ဆယ်စင်းတွင်လည်း တစ်စင်း အပါအဝင်ဖြစ်ကြောင်း သိရသည်။ ကျယ်ပြောသည့် အင်းရေပြင်ပေါ်တွင် တစ်မိုင်ခန့် ရှည်လျားသည့် သစ်သားတံတားအား ဘေးလက်ရန်း အကာအရံ မပါဘဲ တည်ဆောက်ထားသဖြင့် အန္တရာယ်ရှိနိုင်သော ကြောက်ရွံ့ထိတ်လန့်ဖွယ် တံတားတစ်စင်း အဖြစ် ထည့်သွင်းဖော်ပြထားသည်ကို အင်တာနက်တွင် ဖတ်ရှုမှတ်သား ခဲ့ရဖူးသည်။

ထိုကဲ့သို့ ကမ္ဘာကျော် သစ်သားတံတားကြီးအား တည်ဆောက်ခဲ့သူမှာ အမရပူရမြို့စာရေး ဦးပိန်ပင် ဖြစ်သည်။ တည်ဆောက်သူ၏ အမည်ကို အစွဲပြုကာ ဦးပိန်တံတားဟု အမည်တွင်ခဲ့ခြင်းပင်။

"အင်းကအော်အာ ဆောက်လုပ်ကာ၊ အင်းကအော်ညီး ဆောက်လုပ်ပြီး" ဟူသော မှတ်တမ်းလင်္ကာအရ နေ့နံသင့်ဂဏန်းကိုယူသော် ဦးပိန်တံတားကို မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် (ခရစ်နှစ် ၁၈၄၉)တွင် စတင်ဆောက်လုပ်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၂၁၃ ခုနှစ် (ခရစ်နှစ် ၁၈၅၁) တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

မြို့စာရေး ဦးပိန်သည် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူခဲ့ဖူးသူဖြစ်ပြီး မြို့ဝန် ဘိုင်ဆပ်၏ တပည့်လည်း ဖြစ်သည်။ ပုဂံမင်း၏ အိမ်တော်ပါ အမှုထမ်းလည်းဖြစ်၍ ဘုရင်မင်းမြတ်နှင့် အကျွမ်းဝင်သည်။


မိုးတွင်းကာလတွင် တောင်သမန်ရွာနေ လူအများ သွားလာရေး ခက်ခဲသည်ကို မြင်၍ တောင်သမန်အင်းကို ဖြတ်ကာ သစ်သားတံတားတစ်စင်း ဆောက်ရန် မြို့စာရေး ဦးပိန် အကြံရခဲ့သဖြင့် ပုဂံမင်းထံ ခွင့်တောင်းပြီး စစ်ကိုင်း၊ အင်းဝတို့မှ နန်းတော်၊ အိမ်တော်အဟောင်းများ၏ သစ်သားများကို စုဆောင်းကာ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

လှိုင်းဒဏ် လေဒဏ် ခံနိုင်စေရန် တံတားကို ဖြောင့်တန်းစွာ မဆောက်ဘဲ တောင်ဘက်သို့ဦးမော့လျက် ကွေ့ဝိုက်တည်ဆောက်ခဲ့သည်။ တိုင်များမှာ မြေဝင် တစ်ရပ်တစ်သူ (လက်ခုပ်တစ်ဖောင်၊ ၇ ပေခန့်) ရှိပြီး မြေဝင်တိုင်ခြေဖျားကို ထူးနှစ်ချက်ခတ်ကာ ဝရန်တာနှစ်ဖက် ကာရံပြီး အခင်းသုံးလွှာ ခင်းထားသည်။ ဤကဲ့သို့ တည်ဆောက်ခဲ့ပုံကို "မြေဝင်တစ်သူ



www.burmeseclassic.com

www.burmeseclassic.com











BURMESE CLASSIC .com





ကမ္ဘာ့အရှည်ဆုံး သစ်သားတံတားအဖြစ် ထင်ရှားသည့် ဦးပိန်တံတားမြင်ကွင်းများ






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထူးမှုနှစ်ချက်၊ နှစ်ဖက်ဝရန်တာ၊ ခင်းသုံးလှာနှင့်" စသည်ဖြင့် ရေးမှတ်ထားခဲ့သည်။

ဦးပိန်တံတား တည်စက တိုင်ပေါင်း ၉၈၄ တိုင် ရှိခဲ့သဖြင့် "နဝ အဋ္ဌ ဇယ မောင်ပိန်"ဟု မှတ်သားထားသေးသည်။ နောင်တွင် တံတားထိပ်နှစ်ဖက်ရှိ အုတ်တံတားကိုဖြုတ်ကာ အသားတံတား အစားထိုး ဆောက်လုပ်ခဲ့သဖြင့် တံတားတိုင်များ တိုးလာခဲ့သည်။ သို့ဖြစ်၍ ဇရပ်လေးဆောင်မှ တိုင်များပါပေါင်း၍ ရေတွက်လျှင် တိုင်ပေါင်း ၁၀၈၆ တိုင် ဖြစ်သွားသည်။ တံတားထက်တွင် ဇရပ်လေးဆောင်ကို ခရီးသွားများ နားနေနိုင်ရန် ဆောက်လုပ်ထားပြီး ဘုရင့်စစ်လှေနှင့် ပြည်ကြီးမွန်ကဲ့သို့သော ဖောင်တော်များ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ရန် ဖောင်ကြောင်းကိုးကြောင်းလည်း ထည့်သွင်းထားသည်။

ဒုတိယကမ္ဘာစစ် ကာလအတွင်း တောင်သမန်အင်းတွင် ရေကြီးမှုကြောင့် တံတားကြီးမြုပ်သွားခဲ့ပြီး တိုင်အချို့ ပြုတ်ထွက်ကာ အခန်းအချို့လည်း ပျက်စီးသွားရာ တောင်သမန်ရွာနေ အမရပူရအမတ် ဦးဘသီက ပြင်ဆင်ခဲ့သည်။ ၁၉၇၃ ခုနှစ် ရေကြီးခဲ့စဉ်ကလည်း အခန်း ၈၀ ကျော် ရေမျောသွားခဲ့သဖြင့် မဟာဂန္ဓာရုံ ဆရာတော်ကြီးနှင့် ဒေသဆိုင်ရာအာဏာပိုင်များ ပြည်သူအများ စုပေါင်းပြင်ဆင်ခဲ့ကြကြောင်း ဆရာတင်နိုင်တိုး၏ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ ပုဂံ လမ်းညွှန် အဘိဓာန်တွင် ဖော်ပြထားသည်။

ဆရာနေထွတ်၏ မန္တလေးအဘိဓာန်တွင်မူ ပုဂံမင်းလက်ထက် မြို့ဝန်ဘိုင်ဆပ်၏ တပည့်ဖြစ်သော မြို့စာရေး မောင်ပိန်သည် စစ်ကိုင်းနှင့် အင်းဝရှိ နန်းတော်၊ အိမ်တော်ဟောင်းများမှ သစ်များကို ဖျက်ယူကာ ဦးပိန်တံတားကြီးကို တည်ဆောက်ခဲ့သည်။

ထိုကဲ့သို့ တည်ဆောက်ခြင်းမှာ တောင်သမန်အင်းတစ်ဖက်ကမ်းရှိ မြို့ဝန်ဘိုင်ဆပ်၏ နောက်လိုက်များက အမရပူရ ထီးနန်းကို အလွယ်တကူ သိမ်းယူနိုင်ရန် ဖြစ်သည်ဟု ဆိုသည်။ မောင်ပိန်သည် မြို့ဝန်ဘိုင်ဆပ်နှင့်ပေါင်းကာ ပြည်သူများအား နှိပ်စက်မင်းမူခဲ့သူ ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၁၃ ခုနှစ် သီတင်းကျွတ်လတွင် ဘိုင်ဆပ်နှင့်အတူ အကျဉ်းကျနေသော မိန္နစ်ဆိုသူအား လွှတ်၍ နန်းတွင်း၌ ခစားစေခဲ့ရာ ငွေဖလားခိုးယူမှု ဖြစ်ခဲ့သည့်အပြင် အနောက်ဆောက်သို့ အခွင့်မရှိဘဲ ဝင်ထွက်ကာ အစဉ်အလာ ချိုးဖောက်သည့်အမှုများ ပေါ်ပေါက်သဖြင့် မြို့ဝန်ဘိုင်ဆပ်၊ တံခါးမှူးရွှေဘော်၊ ဈေးခေါင်းငမှန်တို့နှင့်အတူ မောင်ပိန်အား ကွပ်မျက်ခဲ့သည်ဟု ဆိုသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသန ဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ)တွင် "ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက်၌ မြို့ဝန် ငပိုင်သတ်နှင့် မြို့စာရေး ငပိန်တို့သည် ပြည်သူတို့ကို ညှဉ်းပန်းနှိပ်စက်ကြောင်း သိရှိရ၍ ၁၈၅၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ကွပ်မျက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဤတွင် မြို့ဝန်ဘိုင်ဆပ်မှာ သမိုင်းသုတေသန ဦးစီးဌာနမှ ဖော်ပြထားသည့် မြို့ဝန်ငပိုင်သတ်ပင် ဖြစ်မည်ဟု စာရေးသူ ယူဆမိသည်။

မည်သို့ပင်ဖြစ်စေ ဦးပိန်တံတားသည် ကမ္ဘာကျော် အရှည်ဆုံး သစ်သားတံတားကြီး တစ်စင်းအဖြစ် သမိုင်းတွင် ကျန်ရစ်ကာ ပြည်သူအများ သွားလာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် ရှိသည်မှာ ရလဒ်ကောင်း တစ်ခုဟုပင် ဆိုရပေမည်။

ထိုတံတားကြီးအား ရှေးမူလက်ရာ ပုံစံမပျက် သစ်သားကို အသုံးပြုကာ ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ပါဝင်စားမှုကို ရေရှည်ဆွဲဆောင်နိုင်လိမ့်မည်ဟု စာရေးသူ ယူဆမိသည်။

ယခင်က ဤတံတားကြီးကိုဖြတ်ကာ တောင်သမန်ရွာအတွင်းရှိ "မဟာသကျရံသီ" ဘွဲ့မည်တော်ရှိသည့် ကျောက်တော်ကြီးဘုရားသို့ စာရေးသူတို့ သွားရောက်ဖူးမြော်ခဲ့ကြဖူးသည်။

ထိုစဉ်က နံနက်စောစော နံနက်စာ စားပြီးချိန်တွင် သွားရောက်ခဲ့ကြခြင်းဖြစ်၍ ဦးပိန်တံတားနှင့် တောင်သမန်အင်းတို့အပြင် မယ်ဇယ်ပင်တန်းကြီးတို့၏ နံနက်ခင်း ရှုခင်းသာစွ သဘာဝအလှကို ခံစားရင်း တံတားပေါ်တွင် သက်သောင့်သက်သာ လျှောက်လှမ်းခဲ့ကြသည်။ တံတားဆုံးပြီးနောက် တောင်သမန်ကျေးရွာ၏ ကျေးလက်သဘာဝ သုတရသတို့ကိုပါ ထပ်ဆင့်လေ့လာ ကြည့်ရှုခံစားခဲ့ကြပြီးမှ ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်းသို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။

ကျောက်တော်ကြီးဘုရား ရုပ်ပွားတော်ကြီး ရှေ့တော်မှောက်သို့ ရောက်ရှိခဲ့ကြပြီးနောက် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတို့ကို ရည်မှန်းကာ ရှိခိုးဦးခိုက် ဖူးမြော်လိုက်ပြီးသည်တွင်မှ အတန်ကြာ လျှောက်လှမ်းခဲ့ရသဖြင့် မောပန်းနွမ်းနယ်မှုများ ပြေပျောက်ကာ နှလုံးစိတ်ဝမ်း ချမ်းမြေ့ရွှင်လန်းခဲ့ရပုံများကို ပြန်လည် အမှတ်ရနေသေးသည်။

ယခုတစ်ခေါက် ကျောက်တော်ကြီးဘုရားသို့ ရောက်ရှိခဲ့သည်တွင်မူ ဦးပိန်တံတားကိုဖြတ်ကာ သွားရောက်ခဲ့ခြင်း မဟုတ်ပေ။

အမရပူရမြို့နယ် စံပြကွက်သစ်ရပ်ကွက် ဝိပဿနာ သန္တိသုခကျောင်းတိုက်ကြီးတွင် ကျင်းပသည့် ၃၇ ကြိမ်မြောက် ဆရာမြတ်ကြီး ဦးရေဝတ ပူဇော်ပွဲ အခမ်းအနားသို့ သွားရောက်ခဲ့စဉ်က ပူဇော်ပွဲအပြီးတွင် ရတနာပုံတက္ကသိုလ်ဘက် လမ်းကြောင်းမှ သွားရောက်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်စီးယိုဖွင့်နေပြီဖြစ်သော
မဟာရံတံတိုင်း
အတွင်းဘက် မြင်ကွင်း


ထိုစဉ်က သွားရောက်ဖြစ်ခဲ့ခြင်းမှာ ဆရာမြတ်ကြီး ဦးရေဝတ (ဦးလှဘူး)၏ သားအငယ်ဆုံးဖြစ်သော ဓာတ်ပုံဝါသနာရှင် ကိုညွန့်ရင်(ဘိုးတော် အမရပူရ)၏ အကြံပေးချက်အရ တောင်သမန် ကျောက်တော်ကြီးဘုရားသို့ ဆိုင်ကယ်ဖြင့်သွားရန် စီစဉ်နေကြသည်ကို ဆရာမြတ်ကြီးဦးရေဝတ (ဦးလှဘူး)၏သမီး ဆရာကြီးဒေါ်ခမ္မနီမ္မိတ သိရှိသွားပြီး မော်တော်ယာဉ်ဖြင့် သွားရောက်ရန် စီစဉ်ပေးခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

နေ့လယ်စာ စားပြီးကြသည်နှင့် ကျောင်းတိုက်အတွင်းမှထွက်ခွာခဲ့ကြသည်။ ယခုအခါ မြို့ပြစည်ပင်တိုးတက်မှုများ အရှိန်အဟုန် မြင့်မားလာသည်နှင့်အမျှ ယာဉ်ကြောရှုပ်ထွေးမှုများက သပွတ်အူကပင် အဘခေါ်ရလောက်ပေသည်။ ဘယ်နေရာမှ ဘယ်အချိန်ထွက်လာမည်ကို မှန်းဆမရနိုင်သည့် ဆိုင်ကယ်နှင့် စက်ဘီးများကို မျက်စိရှင်ရှင်ဖြင့် သတိထားကာ စိတ်ရှည်စွာ မောင်းနှင်သွားလာနေကြသည်ကို တွေ့ရသည်။

ယာဉ်မောင်း ကိုစီကီး၏ ကျွမ်းကျင်စွာမောင်းနှင်မှုဖြင့် ရတနာပုံတက္ကသိုလ်ရှေ့မှဖြတ်ကာ ဘုရားကြီးပရိဝုဏ်အနီးသို့ ရောက်ရှိခဲ့ကြသည်။ ဘုရားပရိဝုဏ် ပတ်ဝန်းကျင်တွင် ယမကာမျိုးစုံနှင့် တွဲဖက်ရောင်းချသည့် စားသောက်ဆိုင်များ၊ ဧည့်ရိပ်သာများ၌ ဧည့်ပရိသတ်များဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

ထူထဲခိုင်ခံ့လှသည့် မဟာရာမ်အုတ်တံတိုင်းကြီး အတွင်းသို့ ရောက်ရှိခဲ့ကြသည်တွင် စောင်းတန်းဝင်ပေါက်နှင့် နီးသည့် သစ်ပင်ရိပ်အောက်၌ ကိုစီကီးက ကားကိုရပ်လိုက်သည်။

[illegible]





www.burmeseclassic.com




မုခ်ဦးရှေ့ရှိ မကန်းရုပ်နှင့် မနုသီဟရုပ်တုများ

www.burmeseclassic.com



မဟာသကျရံသီ ကျောက်တော်ကြီးဘုရားတွင်
ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ရုပ်ပွားတော်ကြီး




www.burmeseclassic.com

www.burmeseclassic.com



မုခ်ဦးရှေ့ရှိ
မကန်းရုပ်နှင့်
မနုသီဟရုပ်တုများ



မုခ်ဦးရှေ့ရှိ
မကန်းရုပ်များ

ကျယ်ဝန်းသည့်ပရိဝုဏ်အတွင်းရှိ ထနောင်းပင်ကြီးများ၊ မန်ကျည်းပင်ကြီးများ၊ သရက်ပင်ကြီးများ၊ စိန်ပန်းပင်ကြီးများက အရိပ်ကောင်းခိုလိုသူများအတွက် ငံ့လင့်ကြိုဆိုနေသကဲ့သို့ပင်။

စိမ်းစိုညိုမှိုင်း အုပ်ဆိုင်းလျက်ရှိသော ထို အရိပ်ရပင်ကြီးများအား မြင်တွေ့လိုက်ရသည့် ထိုခဏ၌ပင် မျက်စိပသာဒ အေးမြမှုကို ခံစားလိုက်ရသည်။

ကျောက်တော်ကြီးဘုရား အုတ်တိုက်ပြာသာဒ်တော်တည်ဆောက်ထားပုံမှာ ပုဂံရှေးဟောင်းယဉ်ကျေးမှု မြို့တော်ရှိ အာနန္ဒာစေတီတော်နှင့် ဆင်ဆင်တူသည်။ စောင်းတန်းဝင်ပေါက်သို့ တက်ရောက်သည့်လှေကားခွင်မှာ ကျယ်ဝန်းပြီးလှေကားလက်ရန်းအဖြစ် မကန်းရုပ်တုလေးခုကို တပ်ဆင်ပေးထားသည်။

စောင်းတန်းဝင်ပေါက်မှာ သုံးပေါက်ရှိပြီး အလယ်တံခါးမကြီး ဝင်ပေါက်အတွက် လှေကားခွင်မှာ ပို၍ကျယ်သည်။ ပြာသာဒ်အထွတ်တင်သည့် ဝင်ပေါက်မုခ်ဦးကြီးကိုခြသေ့်ရုပ်၊ မကန်းရုပ်များ ထည့်သွင်းကာ မြန်မာမှုအနုလက်ရာ အင်္ဂတေပန်းဖော်ပညာဖြင့် ထုဆစ်ပုံဖော်ထားသည်။

လှေကားလက်ရန်းအဖြစ် တပ်ဆင်ထားသည့် မကန်းရုပ်တုများ၏ ပါးစပ်အောက်၌ မနုသီဟရုပ်တုလေးများ ထည့်သွင်းထားသည်မှာလည်း တစ်မူထူးခြားသည့် မြင်ကွင်းပင်။ မကန်းလက်ရန်း ဘေးတစ်ဖက်တစ်ချက်စီတွင် လက်ရာမြောက်ကာ အချိုးအဆစ်ပြေပြစ်သော မနုသီဟရုပ်တုနှစ်ခုစီထားရှိသည်မှာလည်း ဘုရားကို စောင့်ရှောက်နေသည့်အသွင်ပေါ်လွင်လျက်ရှိသည်။


စောင်းတန်းကို ဖြတ်သန်းဝင်ရောက်ခဲ့ပြီးသည်နှင့်ရွှေရောင်ဝင်းလျက်ရှိသော ဂန္ဓကုဋိတိုက် ဝင်ပေါက်မျက်နှာစာ၌ "မဟာသကျရံသီ ကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်စွာဘုရား" ဟူသော ကမ္ပည်းရေးထိုးထားသည်ကို မြင်တွေ့လိုက်ရသည်။






www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋိတိုက်တော်
ဝင်ပေါက်



မျက်နှာတော်အား
ဖော်ဖူးလိုက်ရသည့် ထိုခဏ

ဂန္ဓကုဋိတိုက်တော်အတွင်းဝယ် ရွှေပလ္လင်တော်ထက်တွင် စံပယ်တော်မူလျက်ရှိသော မဟာသကျရံသီ ဘွဲ့မည်တော်တွင်သည့် ကျောက်တော်ကြီးရုပ်ပွားတော်မြတ်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်ရသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ၃၂ ပါးသော မဟာပုရိသ လက္ခဏာတော်တို့ကို ရည်စူးပုံဖော်ထုဆစ်ထားသည့် ဘူမိဖဿမုဒြာရုပ်ပွားတော်ကြီးအား ဝင်းလက်သည့် ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်း ပူဇော်ထားသဖြင့် အထူးပင်တင့်တယ်သပ္ပာယ်တော်မူလျက်ရှိသည်။

မဟာကရုဏာတော်ကို ဖော်ညွှန်းသည့် မျက်နှာတော်ပေါ်ရှိ ဥဏ္ဏာလုံမွေးရှင်တော်နေရာတွင် လှူဒါန်းပူဇော်ထားသော ကျောက်ပွင့်မှာလည်း ဝင်းလက်တောက်ပလျက်ရှိသည်။

သစ်ရိပ်ဝါးရိပ်ထက် ပို၍အေးချမ်းသည့် ဂန္ဓကုဋိတိုက်တော်အရိပ်တွင် ခိုလှုံရင်း ငါးမာရ်အောင်မြင် အနန္တကျေးဇူးတော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ အနှိုင်းမဲ့ဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်ကာ မြတ်နိုးသဒ္ဒါရိုကျိုးစွာဖြင့် ရှိခိုးပူဇော်ဖြစ်ခဲ့သည်။

ဂန္ဓကုဋိတိုက်တော်အတွင်းမှ ထွက်ခဲ့ပြီးနောက် အုတ်တိုက်တော်အတွင်း တစ်ပတ်လှည့်လည် ပူဇော်ခဲ့ရာ ဂန္ဓကုဋိတိုက်တော်ဝင်ပေါက်အနီး၌ ပြသထားသည့် ဘုရားသမိုင်းအကျဉ်းကို ဖတ်ရှုလိုက်ရသည်။


ထိုသမိုင်းအကျဉ်းတွင် ဘိုးတော်ဗဒုံမင်းတရားကြီး၏ မြေးတော် စစ်ကိုင်းမင်း ခေါ် ဘကြီးတော်မင်းတရားကြီးသည် ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူ ထုလုပ်ကိုးကွယ်လိုသဖြင့် ကျောက်သလင်း တတ်ကျွမ်းသူများကို ဆင့်ခေါ်ကာ ကျောက်တော်ရှာဖွေစေခဲ့သည်။

စကျင်တောင်ထိပ်ပေါ်တွင် သင့်လျော်သည့် ကျောက်တုံးတော်ကြီးကို တွေ့ရှိခဲ့ပြီး ၁၁၉၁ ခုနှစ် နယုန်လဆန်း ၁၅ ရက်နေ့တွင် လူအင်အား ခြောက်ထောင်ကျော်ဖြင့် ကိုး၍



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဝင်းလျက်ရှိသည့် ထုထည်ကြီးမား
စေးထောင့်တိုင်ကြီးများ



လေဝင်ထွက်ပေါက် အလင်းပေါက်များ

တူးဖော်ခဲ့ကြသည်။ ဝါခေါင်လဆန်း ၉ ရက်နေ့တွင် တောင်ခြေအရောက် သယ်ဆောင်နိုင်ခဲ့သည်။

၁၁၉၁ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်နေ့တွင် ရှိန်းမကားရွာ စံနန်းသို့ မင်းကြီးကြွရောက်ခဲ့ပြီး ကျောက်တုံးတော်ကြီးကို ကြည့်ရှုခဲ့သည်။

ထိုကျောက်တုံးတော်ကြီးကို အင်းဝရွှေမြို့တော် ဆိပ်ကမ်းရောက်သည်အထိ ကိုးလကျော်ကြာ သယ်ယူခဲ့ရသည်။

အင်းဝသို့ရောက်ရှိပြီးနောက် နန်းကံကျွေးဝန် နေမျိုးစည်သူနှင့် ဇေယျနော်ရထာတို့ကို ကြပ်မတ်စေကာ ရုပ်ပွားတော်ကြီး ထုလုပ်စေခဲ့သည်။ ထုလုပ်ပြီးစီးသောအခါ "မဟာသကျရံသီ" ဘွဲ့မည်တော်ဖြင့် အိမ်တော်အတွင်း ပင့်ဆောင်လျက် အုတ်ရိုးပြာသာဒ်နှင့်တကွ ကိုးကွယ်တော်မူခဲ့သည်။

ရုပ်ပွားတော်ကြီး၏ အတိုင်းအတာများမှာ စမ္မခဏ် ၈ တောင်၊ ပလ္လင်တော် ၇ တောင် ၂ မိုက် ၄ သစ်၊ ဥဏှိတော်အမြင့် ၁၁ တောင် ၂ မိုက် ၄ သစ်၊ ဒူးတော်(ဒူးချင်း) အကျယ် ၄ တောင် ၁ မိုက်၊ ပလ္လင်တော်လုံးပတ် ၂၁ တောင်

www.burmeseclassic.com

www.burmeseclassic.com




၁ မိုက်၊ မဏ္ဍာတော်လုံးပတ် ၈ တောင် ၄ သစ်၊ လက်မောင်းတော်လုံးပတ် ၃ တောင် ၂ မိုက် ၂ သစ်ရှိသည်။

အင်းဝနေပြည်တော်တွင် ကာလရှည်ကြာစွာ သီတင်းသုံးတော်မူခဲ့ပြီးနောက် ပုဂံမင်းလက်ထက်တွင် ပုဂံမင်းသည် ဆင်းတုတော်ကြီးအား ရတနာပူရ ရွှေနန်းတော်နှင့် မနီးမဝေး၌ ဆောင်သမန်မြေသို့ ပင့်ဆောင်ရန် အကြံရသဖြင့် မဟာမင်းလှသီဟသူနှင့် မဟာမင်းလှကျော်သူတို့ကို ဦးဆောင်စေလျက် လှေပေါင်းသုံးထောင်ကျော်ဖြင့် ၁၂၁၁ ခုနှစ်တွင် ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်ဆွဲကာ ပင့်ဆောင်ခဲ့သည်။

ပုဂံမင်းသည် ဂန္ဓကုဋိ အုတ်ပြာသာဒ်တော်ကြီးကို ၁၂၁၁ ခုနှစ် ကဆုန်လဆန်း ၅ ရက်တွင် ကိုယ်တော်တိုင် အုတ်မြစ်ချတော်မူခဲ့ပြီး ပုဂံပြည်ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ အာနန္ဒာဘုရားလိုဏ်ဂူပုံစံကဲ့သို့ တည်ဆောက်စေတော်မူခဲ့သည်။

၁၂၁၂ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်နေ့တွင် ပုဂံမင်းသည် အခြွေအရံများဖြင့် ဘုရားဖူးမြော်ရင်း တတိယပစ္စယာ အထက်ကွမ်းထောင်တွင် ရွှေဆင်းတုတော် ၂၀ တို့ကို ဌာပနာခဲ့ပြီး တိုင်းသူပြည်သားများကလည်း ရွှေငွေဆင်းတုတော်ပေါင်း ၃၅၀ ကျော် ဌာပနာ ထည့်သွင်းပူဇော်လှူဒါန်းခဲ့သည်။


ဤဂန္ဓကုဋိပြာသာဒ်တော်ကြီးကို အတွင်းဝန် မင်းလှကျော်သူ ကြီးကြပ်လျက် တစ်နှစ်ကျော်ကြာ ဆောက်လုပ်ခဲ့ရာ



www.burmeseclassic.com



မဟာဂန္ဓာရုံ
ဆရာတော်ဘုရားကြီး၏
ပုံတူရုပ်တုတော်



ရဟန္တာထေရီ
ရုပ်တုတော်များ

၁၂၁၂ ခုနှစ် သိတင်းကျွတ်လ၌ ပြီးစီးခဲ့သည်။ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့တွင် ထီးတော်တင်လှူခဲ့ပြီး သံဃာတော် အပါး ၄၀ တို့အား သင်္ကန်းပရိက္ခရာ လှူဖွယ်ရာများနှင့်တကွ ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့သည်။

ဂန္ဓကုဋီ အုတ်ပြာသာဒ်တော်ကြီး၏ အုတ်ဖိနပ်အကျယ် ၈၉ တောင်၊ အာရုံလိုဏ် သံတောင် ၂၀၊ နှစ်ဖက်သံတောင် ၄၀၊ လှေကား ၁၈ တောင်၊ သမံတလင်း သံတောင် ၂၁ တောင်၊ နှစ်ဖက်ဆင့် သံတောင် ၂၀၊ ဂူအရပ်တော် ၇၇ တောင် ၆ မိုက်၊ ထီးအရပ်တော် ၇ တောင် ၂ မိုက် ၄ သစ်၊ ထီးဝအကျယ် ၂ တောင် ၄ သစ်၊ ထီးအဝန်း ၆ တောင် ၂ မိုက် ၄ သစ်၊ ရဲလောင်း ခေါ် အုတ်တိုက်တန်း အခန်းပေါင်း ၂၀၀ နှင့် ရဟန္တာ ထေရီမ စေပါးတို့၏ ရုပ်တုများ ထုလုပ်ထားရှိသည်။

၁၂၆ နှစ်မျှ ကြာခဲ့ပြီးနောက် ပျက်စီးယိုယွင်းမှုများရှိခဲ့သဖြင့် ၁၃၃၈ ခုနှစ်တွင် မဟာဂန္ဓာရုံကျောင်းတိုက် အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ငါးနှစ်ကြာမျှ ပြုပြင်ခဲ့ရသည်။

ထို့နောက် နှစ်ပေါင်း ၃၀ အကြာတွင် ထပ်မံပြုပြင်ရာ၌ ပစ္စယာအမိုးများအား သစ်သားချောင်းများဖြင့် အခြင်ကျဲခံကာ အုတ်စီသည့်အစား သံလမ်း သံချောင်းရှည်ကြီးများ သံကွန်ရက်များခံပြီး အင်္ဂတေလောင်းကာ ပြုပြင်ခဲ့သည် ဟူ၍ ဖော်ပြထားသည်။ ဂန္ဓကုဋီတိုက်တော်အတွင်းဝယ် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ပုံတူရုပ်တုတော်ကိုလည်း ဖူးတွေ့ရသည်။

ဂန္ဓကုဋီအပြင်ဘက် အုတ်တိုက်ဘေး နံရံပတ်လည် လက်ရန်းများပေါ်တွင် ထေရီရုပ်တုများ အစီအရီ တင်ထား



www.burmeseclassic.com

www.burmeseclassic.com



မဟာရံအုတ်တံတိုင်းကြီး
အတွင်းဘက်မြင်ကွင်း



ပြင်ဆင်ရျက်ရှိသော
မဟာရံတံတိုင်း
ဝင်ပေါက်မုခ်ဦး

သည်ကို တွေ့ရသည်။ ထိုရုပ်တုများမှာ သမိုင်းအကျဉ်းတွင် ဖော်ပြထားသည့် ထေရီ ၈၈ ပါး ရုပ်တုများပင် ဖြစ်မည်ဟု ယူဆမိသည်။

ဂန္ဓကုဋီတိုက်တော်အတွင်း လေဝင်လေထွက် ကောင်းမွန်ရန်နှင့် အလင်းရောင်ဝင်ရောက်နိုင်ရန် ပြတင်းပေါက်များ စနစ်တကျ ဖောက်ထားသည်ကို တွေ့ရပြီး ဂန္ဓကုဋီတိုက်တော် ပတ်လည်တွင် ရွှေရောင်ဝင်းလျက်ရှိသည့် လေးထောင့်တိုင်ကြီးများ အစီအရီ ထောက်မထားသည်မှာ အုတ်တိုက်ကျောင်းတော်ကြီး ပိုမိုတောင့်တင်း ခိုင်မာစေကာ ခမ်းနားထည်ဝါသည့် အသွင်ကို ဆောင်လျက်ရှိသည်။


အုတ်တိုက်တော်ကြီး၏ မုခ်လေးမုခ်၊ မုခ်ခုံးအမိုးမျက်နှာကြက်နှင့် နံရံအထက်ပိုင်းတို့တွင် နံရံဆေးရေးပန်းချီများ ရေးဆွဲထားသည်ကို တွေ့ရသည်။

ရေးဆွဲထားသည့် ပန်းချီပုံများတွင် ဤကျောက်တော်ကြီးဘုရား အပါအဝင် ထင်ရှားသည့် ဘုရားစေတီများအား ဖွဲ့စည်းတည်ဆောက်ထားပုံ၊ မြို့ကွက်မြို့ကွင်း အခင်းအကျင်းများ၊ ထိုခေတ်က မြန်မာတို့၏ လူနေမှုဘဝ သရုပ်ဖော်ပုံများ၊ ရာသီခွင် ဇာတာခွင် နက္ခတ်တာရာပုံများ ပါဝင်သည်။

အဖြူရောင်၊ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ အညိုရောင်နှင့် အနက်ရောင်များကို အသုံးပြုကာ ရေးဆွဲထားသည့် ရှေးဟောင်းအမွေအနှစ်လက်ရာ နံရံဆေးရေးပန်းချီများမှာ နှစ်ကာလ ရှည်ကြာလာသည်နှင့်အမျှ မှေးမှိန်ဖျက်ပြယ်လျက် ရှိနေပြီကို မြင်တွေ့ရသည်။ တန်ဖိုးကြီးမားလှသည့် ဤကဲ့သို့သော ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ကုသိုလ်ရှင်များ ပေါ်ပေါက်ပါက ကောင်းလေစွ။


www.burmeseclassic.com


www.burmeseclassic.com




စေတီအုတ်ပြာသာဒ်တော် အထက်ပိုင်းကို ဖူးတွေ့ရပုံ




အရိပ်ကောင်းတောင်းအောက်တွင် ပုံကောင်းရှာနေသော ဘိုးတော် (အမရပူရ)



အမိုးမျက်နှာကြက်မှ ဆေးရေးပန်းချီလက်ရာအချို့



မဟာရံတံတိုင်း အပြင်ဘက်မြင်ကွင်း



ကျောက်တော်ကြီးဘုရားနှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ရေးဆွဲထားသည့် တန်းဆောင်ခေတ်နံရံဆေးရေးပန်းချီ

ထို့နောက် အုတ်တိုက်တော်ကြီးအပြင်သို့ ထွက်ကာ ပရိဝုဏ်အတွင်းရှိ မျက်နှာတစ်ဖက်အား လှေ့လာကြည့်ရှုခဲ့ကြသည်။ အုတ်ချပ်များစွာကို အသုံးပြုကာ သိပ်သည်းထူထပ်စွာ တည်ဆောက်ထားသည့် မဟာရံအုတ်တံတိုင်းကြီးမှာ ဟောင်းအိုယိုယွင်းလျက်ရှိပြီး အပေါ်ယံ အင်္ဂတေအလွှာအချို့ ကွာကျနေပြီကို တွေ့ရသည်။ အုတ်တံတိုင်းနှင့်ကပ်လျက် အတွင်းဘက်ရှိ အုတ်တိုက်အခန်းငယ်များမှာလည်း ပျက်စီးယိုယွင်းလျက်ရှိသည်။ မဟာရံတံတိုင်း ဝင်ပေါက်မုခ်ဦး ပြာသာဒ်တစ်ဖက်ကိုမူ ပြုပြင်ထားသည်ကို တွေ့ရသည်။

သို့ဖြစ်၍ အလားတူပင် ရှေးမူမပျက် ပြုပြင်မည့် ကုသိုလ်ရှင်များ ထပ်မံပေါ်ပေါက်ကာ တတ်အားသမျှ ပြုပြင်နိုင်ကြပါစေရန် ရည်သန်လျက် စာရှုသူ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့လည်း "မဟာသကျရံသီ ကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်စွာဘုရား" သို့ တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော်ရင်း ကုသိုလ်ကောင်းမှု ပြုနိုင်ကြရန် ရေးသားလိုက်ရပါသည်။

❐ မင်းဂုဏ်

www.burmeseclassic.com

www.burmeseclassic.com

### လယ်တီဆရာတော်ကြီး တရားအားထုတ်ခဲ့ရာ


# အသောကမင်းကြီးကောင်းမှုတော် သမိုင်းဝင်ရွှေတောင်ဦးစေတီတော်

တက္ကသိုလ်မျိုး


စာရေးသူတို့ မိသားစု လိုက်ပါခဲ့သော ဘုရားဖူးယာဉ်သည် မုံရွာမြို့မှ ချင်းတွင်းမြစ်ကူးတံတားကိုဖြတ်၍ ဖိုလ်ဝင်တောင်၊ ရွှေဘတောင်တို့ ရှိရာသို့ ဦးတည်မောင်းနှင်ခဲ့သည်။ မြစ်ကူးတံတားကို ဖြတ်ကျော်ပြီး မကြာမီ မော်တော်ယာဉ်ညာဘက်၌ ရွှေရောင်ဝင်းနေသော စေတီတော်နှင့် သာသနိကအဆောက်အအုံများကို တောင်ကုန်းမို့မို့ထိပ်၌ တွေ့မြင်



ရွှေတောင်ဦးစေတီတော်ကြီးအား ဆာမင်းထီးနှင့်အပြိုင်ဖူးမြော်ရပုံ



စာတိုက်ဌာနအား စတည်နှင့် ရွှေတောင်ဦးစေတီတော်အား အဝေးမှဖူးမြော်ရပုံ



ရွှေတောင်ဦးစေတီတော်အား အနီးကပ်ဖူးမြော်ရပုံ

ဖူးမြော်ရလေသည်။ စပ်စုတတ်သော စာရေးသူသည် ကားပေါ်၌ လိုက်ပါလာသော ဧည့်လမ်းညွှန် မိန်းကလေးကို . .

"သမီး၊ ဟိုတောင်ကုန်းပေါ်က စေတီတော်ရဲ့ဘွဲ့ကို သိသလား"

"သမီးတို့က ဒီလမ်းကို ပထမဆုံးအကြိမ်အဖြစ် လိုက်ရလို့ ဘာဘုရားလို့ မသိပါဘူး"

ဧည့်လမ်းညွှန်မိန်းကလေး အနေနှင့် မှန်သောစကားကို ဆိုလေခြင်းကြောင့် စာရေးသူ ဆက်မမေးတော့ပေ။ မော်တော်ယာဉ်ပေါ်၌ လိုက်ပါလာသော ဘုရားဖူးတို့မှာလည်း ဤခရီး ဤလမ်းသို့ တစ်ကြိမ် တစ်ခါမှ ရောက်ဖူးကြဟန်မတူ။ နှုတ်ဆိတ်၍သာ တောင်ကုန်းပေါ်ရှိ စေတီတော်ကို လက်အုပ်ချီ၍ ဖူးမြော်ရင်း လိုက်ပါလာခဲ့ကြသည်။

စာရေးသူသည် အလောင်းတော်ကဿပ ဘုရားသို့ သုံးကြိမ်တိုင် ရောက်ဖူးသလို ဖိုလ်ဝင်တောင်၊ ရွှေဘတောင်



www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ ကြည်သိဒ္ဓိ ရုပ်ပွားတော်မြတ်



အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်



မီးပူဇော်ထားသည့် ရုပ်ပွားတော်မြတ်အား ဖူးမြော်ရပုံ

များသို့လည်း ငါးကြိမ်ခန့် ရောက်ဖူးသူတစ်ယောက် ဖြစ်သည်။ အလောင်းတော်ကဿပဘုရားသို့ ဘုရားဖူးသွားလျှင်သော်လည်းကောင်း၊ ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်များသို့ ဘုရားဖူးသွားလျှင်သော်လည်းကောင်း ယခုဖူးတွေ့နေရသော စေတီတော် တည်ရှိရာ ကုန်းမို့မို့ရှေ့မှ ဖြတ်၍သာ သွားရသည်။

စာရေးသူ ယခင်က ဤလမ်းကို အကြိမ်ကြိမ်ဖြတ်သွားခဲ့သော်လည်း တောင်ကုန်းပေါ်ရှိ စေတီတော်အား သတိမမူခဲ့မိသည်ကတော့ အမှန်ပင်ဖြစ်သည်။ ယခုအခါ ထိုစေတီတော်နှင့် တံခွန်တိုင် သာသနိက အဆောက်အအုံများကို ဖူးတွေ့ရသောအခါ အသစ်အဆန်းဖြစ်ပြီး မေးမြန်းစုံစမ်းမိခြင်း ဖြစ်လေသည်။ စာရေးသူအမေးနှင့် ဧည့်လမ်းညွှန်မိန်းကလေး၏အဖြေစကားကို ဘုရားဖူးမော်တော်ယာဉ်၌ ယာဉ်အကူအဖြစ် လိုက်ပါလာသည့် လူငယ်လေးက. . .

“ဦးလေး ဖူးတွေ့ရတဲ့ ဘုရားက လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်ခဲ့ဖူးတဲ့ ရွှေတောင်ဦးစေတီတော် ဖြစ်ပါတယ်၊ အရင်တုန်းက သိပ်မစည်ကားခဲ့ပေမဲ့ အခုအလွန်စည်ကားနေပါတယ်၊ ရပ်ဝေးရပ်နီး ဘုရားဖူးတွေ၊ ဘုရားဖူးမော်တော်ယာဉ်တွေနဲ့ သိပ်စည်ကားနေပါတယ်၊ တောင်တော်ပေါ်တက်ဖို့ ဓာတ်လှေကားလည်း တပ်ဆင်ထားတော့ ဘုရားဖူးတွေအနေနဲ့ အဆင်သိပ်ပြေပါတယ်၊ ကျွန်တော်တို့ ဖိုလ်ဝင်တောင်ကပြန်လို့ အချိန်ရရင် ပို့ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ
ရုပ်တော်မူရုပ်ပွားတော်သုံးဆူအား ဖူးမြော်ရပုံ

ကားဆရာလေး၏ စကားကို ကြားသိရသော စာရေးသူအနေနှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့မိသည်။ အပြန်ခရီး၌ ပို့ပေးမည်ဟု ကတိစကား ကြားရသောအခါ စာရေးသူသည် မော်တော်ယာဉ်အဖွဲ့ကို ကျေးဇူးများစွာ ကြို၍တင်နေမိသည်။ မူလဘုရားဖူးခရီးစဉ်၌ ပါဝင်ခြင်းမရှိသော သပ္ပာယ်လှသော ဘုရားတစ်ဆူကို ဖူးမြော်ရမည်ဖြစ်၍ စာရေးသူ ဝမ်းသာပီတိ ဖြစ်ရပေ၏။ ဘုရားသမိုင်း၊ ဘုရားစေတီများ၏ ထူးခြားမှုများကို ရေးသားနေသည့် စာရေးသူသည် ထူးခြားတန်ခိုးကြီးမားသည့် ဘုရားများကို များများဖူးရလေ များများရေးသားစရာ ရလေဖြစ်၍ ဘုရားဖူး မကြာခဏ ထွက်ခဲ့ရလေသည်။

ဖိုးသူတော် မျက်စိလည်လေ ဆွမ်းဆန်များများရလေ ပမာပင် ဖြစ်ရပေတော့သည်။ ဤနည်းဖြင့် စာရေးသူသည် စေတီပုထိုး ဘုရားပေါင်း မြောက်မြားစွာ၏ ဖြစ်စဉ်များ၊ ထူးခြားမှုများ၊ သမိုင်းကြောင်းများကို ရေးသား၍ ဘုရားသာသနာဖြစ်ထွန်းရန် သာသနာပြုနေသည့်ပမာဖြစ်၍ မိမိကိုယ်မိမိ ကျေနပ်နေမိပေသည်။

❑

ဖိုလ်ဝင်တောင်၊ ရွှေဘတောင်တို့၌ ကျောက်ဂူများ၊ ထုခွင်းရုပ်ပွားတော်များ၊ ကျောက်ရုပ်တုများ၊ ကျောက်ထွင်းဂန္ဓကုဋိတိုက်များ ကျောက်ထွင်းတန်ဆောင်းများ၊ စေတီများကို ဖူးမြော်ကြည်ညို လေ့လာကြရ၍လည်းကောင်း ညနေ ၅ နာရီထိုးမှ ဘုရားဖူးကားသို့ ပြန်ရောက်လေသည်။ ဖိုလ်ဝင်




သီရိဝဍ္ဎနစေတီတော်




www.burmeseclassic.com

www.burmeseclassic.com



သိမ်စေတီ





ရွှေတောင်ဦးစေတီတော်သို့ ခြေကျင်တက်သည့် မှော်ကားအဝင်မုခ်ဦး

တောင်၊ ရွှေဘတောင်တို့သည် နေရာဒေသ ကျယ်ပြန့်လှ၍လည်း အချိန်အတော်ကုန်ခဲ့သည်။

ဘုရား၌ အချိန်ကုန်ပြီးနောက် ဘုရားဖူးမော်တော်ယာဉ်ပေါ်သို့ ပြန်ရောက်ချိန်သည် ညနေ ၅ နာရီပင် ကျော်နေပေပြီ။ ကားပေါ်၌ လူအတော်စုံပြီး ဧည့်လမ်းညွှန်ကလေးမလေးက လူစစ်သောအခါ ဘုရားဖူးလင်မယားနှစ်ယောက်ကျန်နေသေးကြောင်း သိရသည်။ ထိုလင်မယားနှစ်ယောက်သည် တော်တော်နှင့် ပေါ်မလာခဲ့ပေ။ ၅ နာရီ ၁၅ မိနစ်ပင်ကျော်လေပြီ ရောက်မလာသေးပေ။ စာရေးသူ အတော်အားမလိုအားမရ ဖြစ်ရသည်။ သူတို့ နှစ်ယောက်ကြောင့် အပြန်ခရီး၌ ရွှေတောင်ဦးစေတီအား ဝင်ရောက်ဖူးမြော်ရန်အချိန်နည်းပေတော့မည်ဟု ပူပင်သောကစိတ် ဖြစ်ရသည်။


အများနှင့်သွားရသည့် ခရီး၌ အချိန်မလေးစားသူတို့လိုက်ပါခဲ့သော် ကျန်ဘုရားဖူးတို့အနေနှင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုအတွေ့အကြုံကို ဗုဒ္ဓဂယာသို့ ၁၅ ရက်ခရီး၊ ၁၂ ရက်ခရီး နှစ်ကြိမ်ထွက်ခဲ့စဉ်က ဖြစ်ဖူး၍ သိနေပေပြီ။ ဧည့်လမ်းညွှန်က အားမနာတမ်းပြတ်ပြတ်သားသား ညွှန်ကြားလုပ်ဆောင်တတ်လျှင် အချိန်မလေးစားသူပင် လမ်းခရီး၌ ကျန်ရစ်ခဲ့မည်၊ ထားရစ်ခဲ့မည်ကိုစိုး၍ အချိန်မှန်တတ်လာသည်ကိုလည်း တွေ့ရသည်။

ယခုအလောင်းတော်ကဿပခရီး၌ လိုက်ပါလာသော ဧည့်လမ်းညွှန် ကလေးမနှစ်ယောက်မှာ အတွေ့အကြုံ



www.burmeseclassic.com


www.burmeseclassic.com



ထျောက်လဗိတ်



ခေါင်းခေါင်းတော်



သစ္စာရေခွက်နှင့် အောင်မြေ

နည်းသလို ငယ်ရွယ်သူများဖြစ်၍ ဘုရားဖူးတချို့၏ မထီလေးစားလုပ်မှုကို ခံရရှာသည်။ ဒါကြောင့် သတ်မှတ်ချိန် ဘယ်လောက်ပြောပြော လာချင်တဲ့အချိန်မှ ပြန်လာတတ်ကြရာ ဘုရားဖူးရန် အချိန်အလဟဿ ကုန်ခဲ့ရသည်။ ယခုလည်း ၅ နာရီခွဲခါနီးမှ ရောက်လာ၍ ရွှေတောင်ဦးစေတီသို့ မဝင်ရောက်တော့ဟု ညွှန်လမ်းညွှန်က ဆိုပြန်လေသည်။ ထိုပေါက်ပြီးမှ ထိုလက်မှတ်ပျောက်ကိန်း ကြုံရ၍ စာရေးသူ နောက်ကျသည့် လင်မယားနှစ်ယောက်ကို မကျေမနပ်နှင့် ကြည့်နေမိတော့သည်။

ဘုရားဖူးယာဉ်မောင်းသည် ကားကို အရှိန်မြှင့်၍ မောင်းလာရာ ၆ နာရီကျော်ချိန်၌ ချင်းတွင်းမြစ်ကူးတံတားသို့ ရောက်လာသည်။ နေဝင်ခါနီးအချိန်ဖြစ်၍ နေမင်းကြီးသည် နီနီရဲရဲကြီးအဆင်းကိုဆောင်လျက် တောင်စွယ်တောင်တန်း သစ်ပင်ကြီးငယ် အသွယ်သွယ်ကိုဖြတ်၍ စာရေးသူတို့၏ ဘုရားဖူးကားနောက်သို့ အပြေးလိုက်နေသည့်ပမာ မြင်နေရ၍ စာရေးသူသည် နေဝင်ချိန်ကို ငေးမောကြည့်ရင်း ဘုရားဖူးကား ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့သည်။

ဘုရားဖူးမော်တော်ယာဉ်သည် ချင်းတွင်းတံတားသို့ မရောက်မီ ဘယ်ဘက်လမ်းကျဉ်းသို့ ရုတ်တရက် ချိုးကွေ့ဝင်ရောက်လေမှ စာရေးသူသည် မိမိဘေးရှိ မှန်တံခါးမှ လှမ်းမျှော်ကြည့်လိုက်သောအခါ တောင်ကုန်းမြင့်မြင့်ပေါ်၌ ရွှေရောင်ဝင်းဝါလျက် နေဝင်ချိန်တွင် နေမင်းကြီးက အောက်ခြေမှမီးမောင်းထိုးထားသည့်ပမာ လင်းထိန်စွာ သမိုင်းဝင်ရွှေတောင်ဦး စေတီတော်မြတ်ကြီးကို ဖူးမြော်လိုက်ရလေသည်။


စာရေးသူသည် လယ်တီဆရာတော်ဘုရားကြီး တရားကျင့်ကြံအားထုတ်ရာ၊ သီရိမင်္ဂလာအာသောကမင်းကြီး စေတီတော်တည်ထားရာ၊ မင်းအဆက်ဆက် ခေတ်အဆက်ဆက် ပြုပြင်၍ စေတီတော်တည်ထားရာ သမိုင်းဝင် ရွှေတောင်ဦးစေတီတော်မြတ်ကြီးသို့ ကံကောင်းထောက်မစွာ ရောက်ရပေတော့မည်ဟူသော အတွေးနှင့်အတူ စေတီတော်မြတ်ကြီးတည်ရှိရာ တောင်ခြေသို့ ရောက်ရလေသည်။

❑




www.burmeseclassic.com

www.burmeseclassic.com



ထံခွန်တိုင်အား ပိုင်းစက်စက် ဝေမင်းကြီးနှင့် အပြိုင်တွေ့ရပုံ




ရှေးခေတ်ဟောင်းမင်းများ၏ တောင်းမှုတော်ကျောက်ထီး

"ဘုရားဖူးများ မြန်မြန်ယာဥ်ပေါ်က ဆင်းကြပါ၊ ခာတ်လှေကား ပိတ်တဲ့အချိန် ရောက်ပေမဲ့ ဘုရားဖူးများအတွက် အထူးဖွင့်ပေးထားပါတယ်၊ အဆင်းအတွက်ပါ စီစဉ်ပေးပါ့မယ်"

အလျှုခံဌာနမှ အသံချဲ့စက်ဖြင့် ဖိတ်ခေါ်သံကြားရသောအခါ စာရေးသူတို့ ဝမ်းသာပီတိ ဖြစ်ရလေသည်။ အတော်အတန်မြင့်သော တောင်ကုန်းထက်သို့ လှေကားထစ်မှ တက်ရသော် အချိန်ကုန်၍ နေဝင်ချိန်မှ ဘုရားရင်ပြင်သို့ရောက်ရပေမည်။ ယခုလို ခာတ်လှေကားနှင့်တက်ရောက်မှ နေဝင်ချိန် နေရောင်ဖျော့ဖျော့အောက်၌ ဘုရားပုံတော်များကို အောက်ဒိုး(ပြင်ပရိုက်ကွက်)များကို ရိုက်ယူနိုင်မည်ဖြစ်၍ ခာတ်လှေကားရှိရာသို့ ဇနီးသည် ဒေါက်တာညွှန့်ညွှန့်ရီနှင့်အတူ တန်းစီခဲ့သည်။ သားဖြစ်သူ ဝေမျိုးသက်ကတော့ လူငယ်ပီပီ လှေကားမှ တက်လေသည်။

ခာတ်လှေကားသည် ရှစ်ယောက်၊ ကိုးယောက်လောက်သာ တင်ဆောင်နိုင်၍ စာရေးသူတို့ ဇနီးမောင်နှံသည် ပထမအသုတ်၌ မလိုက်ပါရဘဲ ဒုတိယအသုတ်မှ လိုက်ပါခွင့်ရလေသည်။ အမြန်လိုအနှေးဖြစ်ရလေခြင်းဟု စိတ်၌မှတ်ယူခဲ့ရသည်။ ခာတ်လှေကားသည် အဆင်းဘုရားဖူးမရှိ၍ မိနစ်အနည်းငယ်အတွင်း ဒုတိယအသုတ်ကို ပြန်ခေါ်နိုင်သဖြင့် စေတီရင်ပြင်တော်ပေါ်သို့ နေဝင်ခါနီး အချိန်မီရောက်ခဲ့ရသည်။




နတ်မင်းလေးပါး ရံထားသော ထံခွန်တိုင်




www.burmeseclassic.com

www.burmeseclassic.com



ထောပ်ပြည့်စေတီ
(ဗုဒ္ဓရုပ်ပွားတော်ပေါင်းများစွာ ပြုလုပ်ထားသည်)



ထောပ်ပြည့်စေတီ ဂန္ဓကုဋိတိုက်



ကျောက်စာစေတီ (ကျောက်စာ လေးချပ်နှာရှိသည်)

စာရေးသူသည် ဇနီးဖြစ်သူအား ရင်ပြင်တော်၌ ဘုရားဝတ်ပြုရန် ထားခဲ့ပြီး ဓာတ်ပုံမှတ်တမ်းများကို နေရောင်ဖျော့ဖျော့ အလင်းရောင်ဖြင့် အမြန်ရိုက်ရလေသည်။ စေတီတော်ပုံနှင့် တံခွန်တိုင်ပုံများ ရိုက်ယူရာ၌ လပြည့်ရန်တစ်ရက်အလိုဝိုင်းစက်စက် ငွေရောင်လမင်းကြီးကို ဘုရားစေတီတော်နှင့် အတူယှဉ်တွဲ၍ ဓာတ်ပုံမှတ်တမ်း ရိုက်ယူနိုင်ခဲ့သည်။


စာရေးသူ ပြင်ပရိုက်ကွင်းများကို ဓာတ်ပုံမှတ်တမ်း ရိုက်ယူပြီးမှ အတွင်းရိုက်ကွက် (Indoor) ပုံများကို ရိုက်ရလေသည်။ အတော်စုံစုံလင်လင် ဓာတ်ပုံရိုက်ပြီးမှ စာရေးသူ စေတီတော်အား ဦးချကန်တော့နိုင်တော့သည်။ ထိုအချိန်၌ ဘုရားဖူးတချို့ပင် ဓာတ်လှေကားရှိရာ ပြန်ဆင်းကြလေပြီဖြစ်သည်။ ဓာတ်ပုံမှတ်တမ်း ရိုက်ယူအပြီး စာရေးသူသည် ရင်ပြင်ပေါ်သို့ ဇနီးဖြစ်သူ ဒေါက်တာညွန့်ညွန့်ရီနှင့်အတူ လိုက်လံလေ့လာကြည့်ညှိမိလေသည်။

ရွှေတောင်ဦးစေတီတော်၏ ဉာဏ်တော်မှာ (၄၅) တောင်ရှိပြီး လုံးပတ်တော် (၉၅)တောင် ရှိလေသည်။ ရွှေထီးတော်၏ အမြင့်မှာ ခြောက်တောင်ရှိသည်။ ရွှေတောင်ဦးစေတီတော်၏ ငှက်ပျောဖူးမှ အောက်ဖောင်းရစ်များမှာ ရွှေရောင်ဝင်းဝါ၍ သပ္ပာယ်လှသည်။ အထက်မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံအနှံ့ စေတီပုထိုး အတော်များများ၌ ဘီလူးမပန်းဆွဲများရှိသော်လည်း ရွှေတောင်ဦးစေတီ၌ ဘီလူးမပန်းဆွဲ ထူးသား



www.burmeseclassic.com

www.burmeseclassic.com




ကျောက်စာတိုက်တွင်းရှိ ကျောက်စာ

ခြင်း မရှိသည်ကို တွေ့ရသည်။ ပန်းခက် ပန်းဆွဲများ၊ ကြာပွင့်များကို စေတီတော်လုံးပတ် တစ်ပတ် ထွင်းထုထားသည်ကို တွေ့ရသည်။ ရွှေတောင်ဦးစေတီတော်၏ စနေထောင့် ဖောင်းရစ်တွင် နေကြာ လကြာနှစ်ပွင့် အမှတ်အသားဖြင့် ပူဇော်ထားသည်ကို ဖူးမြော်ရသည်။ ထိုနေကြာ လကြာ နှစ်ပွင့်တည့်တည့်တွင် ရှေးမင်းများ သစ္စာပြုရာ အောင်မြေနှင့် သစ္စာရေခွက် ရှိသည်။ စနေထောင့် ဖောင်းရစ်ရှိ နေကြာ လကြာ နှစ်ပွင့်သည် ရှေးမင်းများလက်ထက်ကပင် ပြုလုပ်ပူဇော်ထားကြောင်း မှတ်ယူနိုင်လေသည်။

ရွှေတောင်ဦးစေတီ အောင်မြေနှင့်ပတ်သက်၍ အမှတ်အသားတစ်ခု ရှိသည်မှာ ကုန်းဘောင်မင်းဆက်၏ ခြောက်ဆက်မြောက် ဗဒုံမင်း(၁၁၄၃-၁၁၈၁)ခေါ် ဘကြီးတော်မင်းလက်ထက် သက္ကရာဇ် ၁၁၄၅ ခုနှစ် နတ်တော်လဆန်း ၅ ရက်နေ့တွင် မဏိပူရသူပုန်များကို သွားရောက်နှိမ်နင်းခဲ့သည်။ ထိုသို့စစ်ဆင်ရေး ပြုလုပ်ရာတွင် ရွှေတောင်ဦးစေတီတော် အောင်မြေမှ မြေသားကို ဆောင်ယူတိုက်ခိုက်ရာ သူပုန်တို့ကို အောင်မြင်ခဲ့သည်။ ထို့ကြောင့် မြေသားယူရာ နေရာကို အောင်မြေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အောင်မြေနေရာ၌ သစ္စာရေခွက် ထားရှိသည်ကို တွေ့ရသည်။ ဘုရားဖူးများသည် သစ္စာရေခွက်မှရေကို သစ္စာပြုဆုတောင်း၍ သောက်သုံးကြသည်ကို တွေ့ရသည်။ သစ္စာ



ကျောက်စာတိုက်ရှိ ကျောက်စာ

ခွက်တွင် ရေပက်လောင်း၍ မိမိလိုသောဆုကို တောင်းသော် တောင်းသောဆုနှင့် ပြည့်ဝနိုင်လေသည်။

စာရေးသူသည် သစ္စာခွက်မှရေကို သစ္စာဆို၍ လိုသောဆုတောင်းရန် စိတ်ကြံမိသော်လည်း လက်တွေ့၌ မလုပ်နိုင်ပေ။ နေဝင်ချိန် အလင်းရောင်ပျောက်လုချိန် လမင်းကြီးပင် ပြည့်ပြည့်ဝဝ ထွန်းလင်းချိန်ဖြစ်နေ၍ အလင်းရောင်အနည်းငယ်ရှိချိန်ကို အသုံးချ၍ ဓာတ်ပုံမှတ်တမ်းများကို အလျင်အမြန် ရိုက်ယူနေရ၍ သစ္စာခွက်၌ သစ္စာဆို၍ အဓိဋ္ဌာန်ဆု မတောင်းနိုင်ခဲ့ပေ။

သစ္စာခွက်၌ သစ္စာဆိုပြီး ဆုမတောင်းနိုင်သော်လည်း ရွှေတောင်ဦးစေတီတော်မြတ်ကြီးအား ဓာတ်ပုံမှတ်တမ်း ရိုက်ယူအပြီး၌ ဦးချကန်တော့ရင်း လောဘ၊ ဒေါသ၊ မောဟ ကင်းသောဆု၊ တစ်နည်းဆိုရသော် ဝိပဿနာဉာဏ်အမြင် အမြန်ဆုံးရပါလို၏ဟူသော ဆုကို အားရကျေနပ်ဝမ်းမြောက်စွာ တောင်းယူမိလေသည်။

ထိုသို့ ဆုတောင်းနေစဉ် စာရေးသူ၏ အသိဉာဏ်၌ အတွေးပုံရိပ် ပေါ်လာခဲ့သည်။ ထိုအတွေးပုံရိပ်သည် လယ်တီဆရာတော်ဘုရားကြီးသည် ဤရွှေတောင်ဦးစေတီတော်မြတ်ကြီး၏ ကုန်းတော်မြောက်ဘက် တောင်ခုလတ် လိုက်ရ၌ ဝိပဿနာတရားအားထုတ်ရင်း အနတ္တဒီပနီ၊ အာပ[illegible]ရိဒီပနီ၊



www.burmeseclassic.com

www.burmeseclassic.com

သီလဝိနိစ္ဆယဒီပနီ စသည့် ကျမ်းသုံးကျမ်းနှင့် ဂမ္ဘီရကဗျာများ ရေးသားခဲ့ပုံကို ဖတ်ရှုခဲ့ဖူး၍ ဆရာတော်ဘုရားကြီးအား အာရုံ၌ ဖူးမြော်ကြည်ညိုမိလေသည်။ ဆရာတော်ဘုရားကြီး တရားအားထုတ်ရာ လိုဏ်ဂူ၊ ဆရာတော်ဘုရားကြီး ဒီပနီ ကျမ်းသုံးစောင်နှင့် ဂမ္ဘီရကဗျာများ ရေးသားခဲ့ရာလိုဏ်ဂူကို ယခုအခါ လယ်တီလိုဏ်ဂူဟု ခေါ်တွင်လေသည်။

ဆရာတော်ဘုရားကြီး တရားကျင့်ကြံအားထုတ်ရာ ဒုတိယလိုဏ်ဂူတော်မှာ စေတီတော်၏ အရှေ့မြောက်ထောင့် မဂ္ဂင်ကျောင်းအနီးတွင် ရှိသည်။ အမှတ်(၂)လိုဏ်ဂူဟုလည်း ခေါ်သည်။ ယခုအခါ၌ ထိုလိုဏ်ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပူဇော်ထားရှိသည်။

ရွှေတောင်ဦးစေတီတော်၏ အောက်ဘက်၊ မြောက်ဘက်အရပ်၌ လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်ရာ တတိယလိုဏ်ဂူ ရှိလေသည်။ ထိုလိုဏ်ဂူသည် ရှေးအခါက ဖိုလ်ဝင်တောင်အထိရောက်အောင် သွားနိုင်သောလမ်း ဂူအတွင်း၌ ရှိသည်ဟု ဆိုကြသည်။ လယ်တီဆရာတော်ကြီး ထိုဂူသို့ စတင်ရောက်ရှိစဉ်အချိန်၌ လိုဏ်ဂူဝသည် လူတစ်ရပ်ကျော်မြင့်ပြီး ထိုဂူဝမှ ဂူအတွင်းသို့ အတောင် ၇၀ ကျော်အထိ ခက်ခက်ခဲခဲ ဝင်ရောက်နိုင်ပြီး ဂူအတွင်း၌ လမ်းအလွန်ကျဉ်း၍ ပြန်ထွက်ခဲ့ရသည်ဟု ဆိုသည်။ ထိုဂူကို အမှတ်(၁)လိုဏ်ဂူဟု ယခုအခါ သတ်မှတ်ခေါ်ဆိုခဲ့သည်။


ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကိုယ်တိုင်ကျင့်ကြံအားထုတ်သလို ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်ကိုလည်း ရေးသားပူဇော်ခဲ့သော ဆရာတော်ဘုရားကြီး ကိုးကွယ်ခဲ့ရာ ရွှေတောင်ဦးစေတီတော်နှင့် ဝိပဿနာတရား ကျင့်ကြံအားထုတ်ရာ ရွှေတောင်ဦးစေတီထက်၌ "ဝိပဿနာဉာဏ်အမြင် အမြန်ဆုံးရရှိလိုပါ၏" ဟူသောဆုကို တောင်းမိလေသော စာရေးသူသည် ဆရာတော်ကြီး၏ ပုံရိပ်ကို ဖူးမြော်အာရုံပြုရ၍ ဝမ်းသာပီတိ ဖြစ်ခဲ့ရလေသည်။

❑


*စာရေးသူသည် မိမိတောင်းလိုသောဆုကို တောင်းပြီးနောက် ရင်ပြင်ပေါ်သို့ ဒုတိယအကြိမ် အမြန်လျှောက်လှမ်း၍ ဘုရားတန်ဆောင်း၊ သာသနိကအဆောက်အအုံတို့အား အမြန်လေ့လာ ကြည့်ရှုမှတ်သားရပြန်သည်။

ပထမအကြိမ် စေတီတော်အား ပတ်စဉ်က ဓာတ်ပုံမှတ်တမ်း ရိုက်ကူးမှု ပြုလုပ်နေရ၍ အလုံးစုံကို မမှတ်မိ မမှတ်သားခဲ့ရပေ။ ဒုတိယအကြိမ် စေတီတော်အား ပတ်လေသော အခါမှ စေတီတော်ရင်ပြင်ပေါ်ရှိ သာသနိကအဆောက်အအုံများကို အသေးစိတ် လေ့လာနိုင်ပေတော့သည်။

စာရှုသူများအနေနှင့် ဤဆောင်းပါးကို ဖတ်ရှုရင်း ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိဖူးမြော်ရသည့်ပမာ ခံစားနိုင်ရန်



ကျောက်စာတိုက်တွင်းရှိ ကျောက်စာ




ကျောက်စာတိုက်ရှိ ကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်များ ထိန်းဝပ်စံပယ်ရာ
ရှေးဟောင်းအာရုံခံတန်ဆောင်း

တတ်နိုင်သလောက် အပြည့်အစုံဖြစ်အောင် တင်ပြလိုက်ရပေရာ ဘုရားရင်ပြင်တော်ပေါ်၌ . . .


(၁) ရွှေတောင်ဦးစေတီ
(၂) သိမ်စေတီ
(၃) နောင်တော်ကြီးစေတီ
(၄) ကျောက်စာတိုက်စေတီ
(၅) အင်္ဂါထောင့်ရှစ်မျက်နှာစေတီ
(၆) ထောင်ပြည့်စေတီ
(၇) သီရိဝဍ္ဍုနစေတီ
(၈) စေတီပေါင်းခုနစ်ဆူ
(၉) သာသနိကသိမ်
(၁၀) တံခွန်တိုင်
(၁၁) သစ္စာရေခွက်
(၁၂) အောင်မြေ
(၁၃) ကျောက်ထီးတော်
(၁၄) ကျောက်သပိတ် နှစ်လုံး
(၁၅) ခေါင်းလောင်းတော်တို့ တည်ရှိလေသည်။

စာရှုသူတို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိဖူးမြော်ရသည့်ပမာ ကြည်ညိုခံစားနိုင်ရန် ဓာတ်ပုံမှတ်တမ်းများအား အတတ်နိုင်ဆုံး ပြည့်စုံစေရန် ဖော်ပြလိုက်ပါသည်။

❑

စာရေးသူတို့ ဓာတ်လှေကားစီးရန် ဓာတ်လှေကားရှိရာသို့ရောက်ရှိချိန်၌ ဘုရားရင်ပြင်ပေါ်တွင် မာကျူရီဓာတ်မီးရောင်များဖြင့် လင်းထိန်နေတော့သည်။ တပို့တွဲလဆန်း ၁၄ ရက်ည ငွေစင်လမင်းကြီးသည်လည်း ဝိုင်းစက်လုနီး ကောင်းကင်ထက်၌ တောက်ပလျက်ရှိသည်။ ဓာတ်လှေကားမှအဆင်းတွင် ရွှေတောင်ဦးကုန်းတော်ပတ်လည်အောက်ကို ကြည့်လိုက်သောအခါ လရောင်အောက်၌ သစ်ပင်များနှင့် အဆောက်အအုံတချို့ကို ဝိုးတဝါး မြင်တွေ့နေရလေသည်။

စာရေးသူ ဖိုလ်ဝင်တောင်သို့ အကြိမ်ကြိမ်ရောက်ဖူးသလို အလောင်းတော်ကဿပသို့လည်း သုံးကြိမ်ရောက်ဖူးရာ ဤနေရာ ဤဒေသကို အကြိမ်များစွာ ဖြတ်သန်းသွားလာဖူးသည်။ သို့သော်လည်း ယခုဖူးမြော်ခဲ့သည့် ရွှေတောင်ဦးဘုရားသို့ကား တစ်ကြိမ်တစ်ခါမှ မရောက်ဖူးခဲ့ပေ။ ချင်းတွင်းမြစ်ကူးတံတား မတည်ဆောက်မီက ချင်းတွင်းမြစ်ကို ဇက်ဖြင့်ကူးခဲ့ရသည်။ မော်တော်ယာဉ်ပါတင်ဆောင်၍ ကူးရသဖြင့် အချိန်အတော်ကုန်ခဲ့သည်။ ဇက်ကူးချိန်နှင့် မတိုက်ဆိုင်ပါက နောက်ထပ် တစ်နာရီ၊ နှစ်နာရီနီးပါး စောင့်ဆိုင်းကြရသည်။ ရွှေတောင်ဦးစေတီသို့ တကူးတက ဝင်ရောက်ရန် အချိန်မရှိတော့၍ မရောက်ဖြစ်ခဲ့ပေ။



ခမ်းနားလှသော အာရုံခံတန်ဆောင်း

ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်ပြီးလေသောအခါ၌လည်း တံတားပေါ်မှ အလွယ်တကူ ဖြတ်သန်းသွားလာရ၍ ရွှေတောင်ဦးစေတီတော်အား ဝင်ရောက်မဖူးမြော်မိဘဲ လိုရာခရီးကိုသာ အမြန်သွားရောက်ကြ၍ ရွှေတောင်ဦးစေတီတော်သို့ မရောက်ဖြစ်ခဲ့ပေ။

ထို့ကြောင့် ရွှေတောင်ဦးစေတီတော်မြတ်နှင့် စာရေးသူ ပဋ္ဌာန်းဆက်မရှိ၍လားမသိ နီးလျက်နှင့် ဝေးခဲ့ရသည်။ မုံရွာ၌ ညအိပ်စဉ်ကာလက တည်းခိုအိမ်ရှင်က ရွှေတောင်ဦးစေတီအကြောင်း ပြောပြဖူး၍ ရွှေတောင်ဦးစေတီတော်နှင့် လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်ခဲ့ရာ လိုဏ်ဂူအကြောင်းကို သိထား၍ စာရေးသူအနေနှင့် ထိုစေတီတော်အား ဝင်ရောက်ဖူးမြော်လိုသော စိတ်ဆန္ဒ ရှိသည်ကတော့ အမှန်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ရွှေတောင်ဦးစေတီတော်သည် မုံရွာ တစ်ဖက်ကမ်း၌ ရှိသည်ကိုသာ သိထားရပြီး ဘယ်အရပ် ဘယ်ဒေသ၌ ရှိသည်ကိုကား မသိခဲ့ပေ။

ယခု စာရေးသူမိသားစု လိုက်ပါလာသော ဘုရားဖူးအဖွဲ့၏ မူလအစီအစဉ်၌ ရွှေတောင်ဦးဘုရားသို့ ဝင်ရောက်ဖူးမြော်ရန် မပါရှိပေ။ ဖိုလ်ဝင်တောင်၊ ရွှေဘတောင်ဘုရားများ ဖူးမြော်ပြီး မုံရွာအနီးရှိ ကျောက္ကာရွှေဂူနီဘုရားသို့ ပို့ပေးရန်သာ အစီအစဉ်၌ ပါဝင်သည်။ ဘုရားဖူးခရီးသည်များ၏ အချိန်မလေးစားမှုကြောင့် မုံရွာနှင့် ဆယ်မိုင်ကွာဝေးသော ရွှေဂူနီဘုရားဖူးရန် အချိန်မရှိတော့၍ အပြန်လမ်းခရီး လမ်းပေါ်၌ တည်ရှိသော ရွှေတောင်ဦးစေတီတော် ဖူးမြော်ရန် အစီအစဉ်ပြောင်းခဲ့ခြင်း ဖြစ်သည်။

ရွှေဘတောင်၌ ထပ်မံ၍ ဘုရားဖူးဇနီးမောင်နှံအား အချိန်အတော်ကြာ စောင့်ရသောကြောင့် ရွှေတောင်ဦးဘုရားကိုပင် ဖူးမြော်ရပါတော့မလားဟူသော စိုးရိမ်စိတ်နှင့် အပြန်ခရီးနှင်ခဲ့ရာမှ ကားသမား သဘောကောင်း၍ စေတီတော်မြတ်ထံ မှောင်လုဆဲဆဲအချိန် အရောက်ပို့ဆောင်ပေးသဖြင့် စာရေးသူ ဖူးမြော်ခဲ့ရခြင်းဖြစ်သည်ကို တွေးရင်း အလှူခံဌာနသို့သွားရောက်ကာ အလှူငွေထည့်ဝင်ခဲ့သည်။

အလှူခံပုဂ္ဂိုလ်သည် အလှူငွေရရှိကြောင်း ဖြတ်ပိုင်းနှင့်အတူ ဘုရားသမိုင်းအကျဉ်း စာရွက်ကိုပေးလေရာ . . .

"ရွှေတောင်ဦးစေတီတော် သမိုင်းအကျဉ်း မရှိဘူးလား။ ဝယ်ချင်လို့ပါ" ဟု မေးလိုက်သောအခါ အလှူခံပုဂ္ဂိုလ်က. .

"ကျွန်တော်တို့ စီစဉ်နေပါတယ်၊ လောလောဆယ် သမိုင်းအကျဉ်းကိုပဲ ဒါနပြုနိုင်ပါတယ်"

စာရေးသူသည် အလှူခံဌာနမှ ရရှိလာသော ရွှေတောင်ဦးစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်း စာရွက်ကို ဖတ်ရှုရင်း ဘုရားဖူးယာဉ် ခေါ်ဆောင်ရာ မုံရွာမြို့သို့ လိုက်ပါလာခဲ့လေသည်။

❑

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ချင်းတွင်းတံတား(မုံရွာ)၏ မြောက်ဘက်၌တည်ထားသော ရွှေတောင်ဦးစေတီတော်သည် တံတားဘက်မှလာသော် မကြာမီ အချိန်အတွင်း ရောက်ရှိနိုင်ပြီး လက်ယာဘက်သို့ ချိုးဝင်လိုက်သော် တောင်ကုန်းမို့မို့ပေါ်၌ ရွှေရောင်ဝင်းလျက် လွန်စွာသပ္ပာယ်စွာ ဖူးမြင်ရလေသည်။

စေတီတော်အတက် လှေကားထိပ်မုခ်ဦး၌ "သမိုင်းဝင် ရွှေတောင်ဦး စေတီတော်မြတ်ကြီး" ဟု ရေးထိုးထားသော ကမ္ပည်းစာတမ်းကို တွေ့မြင်နိုင်လေသည်။ စာရေးသူအနေနှင့် ရွှေတောင်ဦးစေတီတော်မြတ်ထံ မရောက်ဖူးမီက ဤစေတီတော်သည် လယ်တီဆရာတော်ဘုရားကြီး တရားအား ထုတ်တော်မူခဲ့ရာ နေရာ၌ လယ်တီဆရာတော်ဘုရားကြီးနှင့်



အိုးဘိုးအောင်ရုပ်ထု



ရုက္ခစိုးနတ်မင်း



www.burmeseclassic.com

www.burmeseclassic.com



လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်ရာ၊ ကျမ်းပြုရာ ဆိုထာဂူအမှတ်(၁)



လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်ရာ ဆိုထာဂူအမှတ် (၃)

ဆက်နွယ်၍ တည်ထားသော စေတီတော်တစ်ဆူသာ ဖြစ်မည်ဟု ထင်မှတ်ခဲ့သည်။ ရှေးဟောင်းစေတီတော်တစ်ဆူ ဟူ၍ကား မမှတ်ထင်ခဲ့ပေ။

ရွှေတောင်ဦးစေတီတော်၏ တောင်တက်လှေကား၏ အဝင်မုခ်ပေါက်၌ သမိုင်းဝင်ရွှေတောင်ဦး စေတီတော်မြတ်ကြီး ဟူသော ကမ္ပည်းစာတန်းကို ဖတ်ရသောအခါမှ ဤစေတီသည် ခေတ်သစ်ကာလ၌ တည်ထားသော စေတီတစ်ဆူ မဟုတ်ကြောင်းနှင့် သမိုင်းဝင် ရှေးခေတ်အဆက်ဆက်က တည်ထားသော ရှေးဟောင်းစေတီတစ်ဆူပါလားဟူသော အသိ ဝင်ရောက်စေခဲ့သည်။

စာရေးသူတို့ စီးလာသော ဘုရားဖူးအဆင့်မြင့် အဲယားကွန်းဘတ်စ်ကားသည် ညမိုးချုပ်ချိန် အလင်းရောင်နည်းချိန်၌ ချင်းတွင်းမြစ်ကူးတံတားကို ဖြတ်ကျော်ခဲ့ပြီး မုံရွာရှိ ထနောင်းရိပ် မြန်မာထမင်းဆိုင်ရှေ့သို့ ရောက်သောအခါ ည ၇ နာရီပင် ကျော်ပေပြီ။ ထမင်းဆိုင်၌ ထမင်းစားပြီးနောက် တည်းခိုရမည့် ရွှေမြားဟိုတယ်သို့ ရောက်ရှိချိန်သည် ည ၈ နာရီခွဲပြီးပေပြီ။

မနက် ၃ နာရီ၌ ဟိုတယ်မှ ရှင်မဟာကဿပ ဘုရားဖူးခရီး စတင်ထွက်ခွာမည်ဖြစ်၍ ဘုရားဖူးများအား နံနက် ၂ နာရီ၌ ဟိုတယ်အခန်းတိုင်းအား တယ်လီဖုန်းဆက်၍ နိုးမည်ဖြစ်ကြောင်း အကြောင်းကြားထားသည်။



လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်ရာ ဆိုထာဂူအမှတ် (၂)



ထူးဆန်းသော ကျောက်ခေတ္တာကြီး

၂၂. ၂. ၂၀၁၃ ရက်နေ့ ညနေ ၆ နာရီခွဲမှ စတင်၍ ရန်ကုန်မြို့မှ ဘုရားဖူးထွက်ခွာခဲ့ရာ တစ်ညလုံး ကားစီးလာခဲ့ပြီး ဆွမ်းဦးပုညရှင် စေတီတော်နှင့် ဥမင်းသုံးဆယ်စေတီတော် (စစ်ကိုင်းတောင်ရိုးပေါ်၌ရှိသော) သို့ နံနက်မလင်းမီ ၅ နာရီကျော်ခန့်၌ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ကောင်းမှုတော်၊ ကံတလူ၊ ဖိုလ်ဝင်တောင်၊ ရွှေဘတောင်နှင့် ရွှေတောင်ဦး ဘုရားများကို တစ်နေ့တည်း မနားတမ်း ဖူးမြော်ကြည်ညိုခဲ့ရသောကြောင့် အတော်ပင်ပန်းလှ၍ ဟိုတယ်သို့ရောက်ပြီးနောက် သားအမိ သားအဖ သုံးယောက် အိပ်ရာဝင်ခဲ့ကြသည်။

ဇနီးဒေါက်တာညွန့်ညွန့်ရီနှင့် သားဖြစ်သူမှာ ခုတင်ပေါ်ခေါင်းချပြီး မကြာမီ အိပ်မောကျသွားကြသော်လည်း စာရေးသူမှာ အိပ်မပျော်နိုင်ဘဲရှိနေ၍ အိပ်ရာမှထကာ ရွှေ



www.burmeseclassic.com

www.burmeseclassic.com

တောင်ဦးစေတီတော် အလှူခံဌာန၌ အလှူငွေလှူဒါန်းစဉ် အလှူခံပုဂ္ဂိုလ် ပေးလိုက်သော ဘုရားသမိုင်းအကျဉ်း စာရွက်ခေါက်ကို ပိုက်ဆံအိတ်အတွင်းမှ ထုတ်ယူ၍ ဖတ်ရှုမိသည်။

❑

သမိုင်းဝင် ရွှေတောင်ဦးစေတီတော်ကြီးသည် မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ တည်ရှိပြီး မုံရွာမြို့နှင့် လေးတိုင် (ရှစ်မိုင်)အကွာ ချင်းတွင်းမြစ်၏အနောက်ဘက် ချင်းတွင်းတံတား (မုံရွာ)၏ မြောက်ဘက်တွင် တည်ရှိသည်။

ထိုရွှေတောင်ဦးစေတီတော်မြတ်ကြီးသည် မူလက သီရိဓမ္မာသောကမင်းကြီး ဗုဒ္ဓသာသနာ ပြန့်ပွားစေရန်အတွက် အဇာတသတ်မင်းကြီး၏ ဓာတ်တော်တိုက်ကိုဖွင့်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော်များကို ပင့်ဆောင်စေပြီး ကိုးတိုင်း ကိုးဌာနသို့ ရဟန္တာမထေရ်မြတ်များ ဦးဆောင်မှုဖြင့် စေတီပေါင်း (၈၄၀၀၀) တည်ထားကောင်းမှုပြုရာတွင် ပါဝင်ခဲ့သော အသောကမင်းကြီးကောင်းမှု စေတီတော်ပင် ဖြစ်သည်။

သာသနာတော်နှစ် ၂၂၀ ခုနှစ်၌ ထိုစေတီတော်အား စတင်တည်ထားခဲ့သည်။ ရှေးအခေါ် ဘွဲ့တော်မှာ ရွှေ့တာဦး (ခေါ်) ရွှေတောင်ဦး စေတီတော်ပင် ဖြစ်သည်။ အသောကမင်းကြီး၏ ကောင်းမှုတော် စေတီတော်သည် မူလက စေတီငယ်တစ်ဆူသာ ဖြစ်ခဲ့သည်။

သက္ကရာဇ် ၅၄၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့တွင် နရပတိစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်တော်မူရာမှ ထိုအသောကမင်းကြီး တည်ထားသော စေတီတော်သို့ အရောက်တွင် . . .

"ဤစေတီတော်သည် ဘေးအလောင်းတော် သီရိဓမ္မာသောကမင်းကြီး တည်ထားသော စေတီတော်ပါတကား"

ဟူသော အသိတရားကြောင့် စေတီတော်အား ထပ်မံပြင်ဆင်ခြင်း၊ ရွှေသင်္ကန်းမွမ်းမံကပ်လှူခြင်းများကို ပြုလုပ်ပြီးနောက် တော်သလင်းလဆန်း ၅ ရက်နေ့တွင် စေတီတော်မြတ်အား အနေကဇာတင်ပြီး ရွှေ့တာဦးဘွဲ့အမည်မှ ရွှေတောင်ဦးစေတီတော်ဟု ဘွဲ့အမည်သစ် သမုတ်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့ ဖူးတွေ့နေရသော ရွှေတောင်ဦးဟူသော ဘွဲ့အမည်တွင်နေခြင်း ဖြစ်သည်။

ရွှေတောင်ဦးစေတီတော်သည် ပုဂံခေတ်မှ ပင်းယ၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ စသည်ဖြင့် ခေတ်အဆက်ဆက်ကို ဖြတ်ကျော်တည်ရှိခဲ့ပြီး ကုန်းဘောင်မင်းဆက်ကာလ ဘိုးတော်ဦးဝိုင်းဟု ထင်ရှားသော ဗဒုံမင်းလက်ထက်ကာလ သက္ကရာဇ် ၁၁၄၅ ခုနှစ် နတ်တော်လဆန်း ၅ ရက်၊ တနင်္လာနေ့တွင် ရွှေတောင်ဦးစေတီတော်အား ထပ်မံပြုပြင်ခဲ့သည်။ ထိုသို့ ပြုပြင်တည်ထားခဲ့သော ရွှေတောင်ဦးစေတီတော်သည် မြန်မာနိုင်ငံ အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်စဉ်ကာလ၌ သာသနာ ပွင့်လင်းထွန်းကားမှု နည်းပါးခဲ့သည်။

ထိုကာလ၌ လယ်တီဆရာတော်ဘုရားကြီးသည် ရွှေတောင်ဦးစေတီတော် တည်ရာ တောင်တော်၌ သဘာဝအတိုင်း တည်ရှိသော ဂူများတွင် ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့လေသည်။ ထိုလိုဏ်ဂူများနှင့် ပတ်သက်၍ ရွှေပိုင်း၌ အကျယ်ဖော်ပြခဲ့ပြီး ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီး၏ ထင်ရှားသောကျမ်းများ ပြုစုရေးသားတော်မူရာ တောင်တော်၊ ဆရာတော်ဘုရားကြီး ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်ရာ တောင်တော်ပေါ်၌ တည်ထားသော အသောကမင်းကြီး၏ မြတ်စွာဘုရားဓာတ်တော် မွေတော်တို့အား ဌာပနာ ထည့်သွင်းပူဇော်ထားသည်။ စေတီတော်မြတ်ကြီးသည် ခေတ်ကာလအလိုက် ပြုပြင်တည်ထားမှုများကြောင့် ယခုအခါ ရွှေတောင်ဦးစေတီတော်ကြီးအဖြစ် ကြည်ညိုဖွယ် ဖူးတွေ့နေရပေသည်။

ရွှေတောင်ဦးစေတီတော်ကြီး၏ သာသနာတော် ပွင့်လင်းလာစေရန် သာသနာပြုခဲ့သော ပုဂ္ဂိုလ်မှာ ရန်ကုန်မြို့ ဝဲတ္တာလစ်ရပ်ကွက်ရှိ နိဗ္ဗာန်ကျောင်းတိုက်မှ ဆရာတော်ဦးစန္ဒောဘာသပင် ဖြစ်သည်။ ဆရာတော်သည် ၁၃၁၁ ခုနှစ်မှစ၍ အနောက်ရိုးမ၌ရှိသော ရွှေစက်တော်၊ ထိုမှတစ်ဆင့် အလောင်းတော်ကဿပ၊ ရွှေတောင်ဦး မဟာမြိုင်တောနှင့် အိန္ဒိယ၊ မဇ္ဈိမဒေသများသို့ လှည့်လည်၍ တရားကျင့်ကြံအားထုတ်တော်မူခဲ့သည်။

ထိုသို့ တောတောင်အနှံ့ လှည့်လည် ကြွချီတော်မူပြီးနောက် ၁၃၁၈ ခုနှစ်တွင် ရွှေတောင်ဦးစေတီတော် တည်ရှိရာ တောင်တော်သို့ ပြန်ရောက်လေသည်။

ဆရာတော်သည် ရွှေတောင်ဦးတောင်တော်တွင် သီတင်းသုံးနေတော်မူပြီး ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်တော်မူခဲ့သည်။ တစ်ဖက်မှ တရားအားထုတ်ရင်း တစ်ဖက်မှလည်း ပျက်စီးနေသော ရွှေတောင်ဦးစေတီတော်ကြီးအား ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့သည်။ စေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင် တည်ထားတော်မူပြီးနောက် သက္ကရာဇ် ၁၃၃၁ ခုနှစ် နတ်တော်လဆန်း ၆ ရက်နေ့ နံနက် ၇ နာရီတွင် ထီးတော်ဟောင်းကိုချပြီး ပိုမိုခိုင်ခံ့အောင် မွမ်းမံပြီး စိန်ဖူးအသစ် တင်လှူပူဇော်သည်။

ဆရာတော် ဦးစန္ဒောဘာသသည် ရွှေတောင်ဦးစေတီတော်မြတ်အား ရွှေသင်္ကန်း ကပ်လှူခြင်း၊ အုတ်ခုံစောင်းတန်းများ ပြုပြင်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့သည်။ ဆရာတော်သည် ကမ္မဋ္ဌာန်းကျောင်း၊ ဓမ္မာရုံများ တည်ဆောက်ပြီး မီးအလင်းအတွက် အင်ဂျင်မီးစက် တစ်စုံကိုလည်း လှူဒါန်းတော်မူသည်။ ဆရာတော်သည် ဒကာ၊ ဒကာမအပေါင်းတို့အား တရားရေအေး တိုက်ကျွေး ဟောကြားတော်မူပြီး သက်ဆုံးတော်



www.burmeseclassic.com

www.burmeseclassic.com

အလှူခံ၍ သတ္တဝါများအပေါ် ကြင်နာစိတ် တိုးပွားစေခဲ့သည်။

တောင်တော်ပတ်ဝန်းကျင်ရှိ သံဃာတော်များ၊ တောင်ပေါ်၌ သီတင်းသုံးသော သံဃာတော်နှစ်ပါး အပါအဝင် မြို့နယ်ဂေါပကလူကြီးများ ပါဝင်၍ စေတီတော်မြတ်ကြီးအား ပြုပြင်မွမ်းမံ တည်ထားမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့လေသည်။ ထိုအောင်မြင်မှုများကို နောင်လာနောက်သားတို့ သိရှိမှတ်သားနိုင်ရန် ကျောက်စာလေးမျက်နှာ ရေးထိုးပြီး ကျောက်စာအုတ်တိုက်ကို တည်ထားခဲ့သည်။ ထိုကျောက်စာတိုက်ကို စေတီတော်ရင်ပြင်၌ တွေ့နိုင်သည်။

ထို့ကြောင့် ရွှေတောင်ဦးဘုရား သာသနာတော်သည် ဆရာတော် ဦးစန္ဒောဘာသ၏ ကြိုးပမ်းမှုကြောင့် မူလ ပျက်ယွင်းနေသည့် အခြေအနေမှ ယခု ဖူးတွေ့နေရသည့် အနေအထားသို့ ရောက်ရှိခဲ့ကြောင်း သမိုင်းအကျဉ်းအရလည်းကောင်း၊ ကျောက်စာအရလည်းကောင်း သိမြင်မှတ်သားရပေသည်။

ရွှေတောင်ဦး စေတီတော်ကြီး၏ ဘက်စုံမွမ်းမံ တည်ထားမှုကို သက္ကရာဇ် ၁၃၆၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ လမ်းညွှန်မှုအရ ရွှေတောင်ဦးစေတီတော်ကြီးကို မူလလက်ရာမပျက်စေဘဲ ပြုပြင်တည်ဆောက်ခဲ့ပြန်သည်။ ၁၃၆၅ ခု တန်ခူးလပြည့်ကျော် ၃ ရက်နေ့ နံနက် ၇ နာရီတွင် ပြုပြင်တည်ဆောက်မှုများပြီးစီး၍ တောမိတစ်ထောင်ဆရာတော် ကြီးမှူး၍ ရွှေထီးတော်အသစ် တင်လှူခဲ့လေသည်။

ထို့ကြောင့်လည်း ရွှေတောင်ဦးစေတီတော်မြတ်ကြီးသည် တောင်တော်ပေါ်၌ သာသနိကအဆောက်အအုံများ၊ အာရုံခံတန်ဆောင်းများ၊ တံခွန်တိုင်၊ ခေါင်းလောင်းတော်၊ ကျောက်ထီး၊ သပိတ်တော်နှင့် စေတီငယ်များစွာ တည်ထားလျက် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အဆူဆူ ကိန်းဝပ်စံပယ်ပြီး ကြည်ညိုဖွယ် ဖူးတွေ့နေရခြင်းပင် ဖြစ်သည်ဟု စာရေးသူ တွေးတောဆင်ခြင်နေမိပေသည်။

❑

စာရေးသူ ဟိုတယ်အိပ်ခန်းအတွင်း အိပ်၍မပျော်သေးသောကြောင့် ရွှေတောင်ဦးဘုရားသမိုင်းအကျဉ်းကို ဖတ်ရှုနေရာမှ ကင်မရာတွင် ရိုက်ယူခဲ့သော ရွှေတောင်ဦးစေတီနှင့် ကုန်းတော်ပေါ်ရှိပုံများကို ပြန်လည်ကြည့်နေမိရင်း သမိုင်းအကျဉ်း ဖော်ပြထားသော ကျောက်သေတ္တာကြီးကို ဓာတ်ပုံအတွင်း၌ ရှာဖွေရာ မတွေ့ရသောအခါမှ စာရေးသူ သတိပြုမိသည်။

ကျောက်သေတ္တာကြီးသည် ရင်ပြင်တော်ပေါ်၌ မရှိ၍ ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့ခြင်းမရှိကြောင်း သတိရမိခြင်းဖြစ်သည်။ ထူးဆန်းသော ကျောက်သေတ္တာကြီးသည် ရွှေတောင်ဦးနှင့် ဣန္ဒကတောင် (လွမ်းစေတီတောင်) နှစ်လုံးကြားမှ မြောက်ဘက်သို့ ဆင်းသောလမ်း လက်ဝဲဘက်၌ ရှိလေသည်။ ကျောက်သေတ္တာကြီးသည် အလျား ၄ တောင်၊ အနံ ၂ တောင်၊ ထု ၁ တောင် ၁ ထွာရှိသည်။ ထူးခြားလှသော သဘာဝ ကျောက်သေတ္တာကြီးဖြစ်သည်။

ကျောက်သေတ္တာကြီးအတွင်း၌ ရတနာပစ္စည်းများရှိသည်ဟူသော အယူအဆ အစွဲအလမ်းကြောင့် ရှေးအခါက သိုက်ဆရာတစ်ဦးသည် ကျောက်သေတ္တာကြီး ပွင့်စေရန် ဖောက်ခွဲဖို့ကြံစည်ပြီး ကျောက်သေတ္တာအနားသို့ ချဉ်းကပ်လေသည်။

သိုက်ဆရာ ကျောက်သေတ္တာနားသို့ ရောက်သောအခါ သေတ္တာကြီးမှ ကြောက်မက်ဖွယ်အသံကြီး မြည်ဟည်းလာလေရာ တောတောင်များကလည်း လိုက်၍မြည်ဟည်းသံကြီးများ ထွက်ပေါ်လာကြောင်း၊ သိုက်ဆရာအကြံလည်းပျက်ရကြောင်း အဆိုရှိလေသည်။

စာရေးသူသည် ထိုကျောက်သေတ္တာကြီးအကြောင်းအား သမိုင်းအကျဉ်းစာရွက်၌သာ ဖတ်ရှုရပြီး ကိုယ်တိုင်ကိုယ်ကျ မတွေ့မြင်ခဲ့ရ၊ မှတ်တမ်းမတင်ခဲ့ရ၍ အားရကျေနပ်မှုမရှိခဲ့ပေ။

နောက်တစ်ကြိမ် ရွှေတောင်ဦးဘုရားသို့ ရောက်ခဲ့သော် ကျောက်သေတ္တာကြီးနှင့် လယ်တီဆရာတော်ဘုရားကြီး ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ရာ လိုဏ်ဂူသုံးလုံးတည်ရှိရာသို့ သွားရောက်လေ့လာရန် ကြံစည်စိတ်ကူးရင်း မနက်မိုးမလင်းမီ ၃ နာရီ အလောင်းတော်ကဿပ ဘုရားဖူးစတင်မည်ဖြစ်၍ မအိပ်ချင်သော်လည်း အိပ်ရာသို့ ဝင်ခဲ့ရလေသည်။ နာရီကိုကြည့်လေသော် ည၌ ၁၂ နာရီ ထိုးလေပြီ။ နံနက် ၂ နာရီ အိပ်ရာထရမည်ဖြစ်၍ အိပ်ချိန် နှစ်နာရီသာရှိတော့သည်ဟူသော အသိတရားကြောင့် မျက်စိမှိတ်ကာ အိပ်ပျော်ရန် ကြိုးစားနေမိတော့သည်။

❒ တက္ကသိုလ်မျိုး

**<u>မှီငြမ်း</u>**

၁။ သမိုင်းဝင်ရွှေတောင်ဦးစေတီတော် သမိုင်းအကျဉ်း လက်ကမ်းစာစောင်
၂။ စေတီရင်ပြင်တော်ပေါ်ရှိ ကျောက်စာ
၃။ ကိုယ်တိုင် ၂၃. ၂. ၂၀၁၃ ရက်နေ့ ညနေစောင်း သွားရောက်ဖူးမြော် ကြည်ညိုမှု



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူချိန်ဝယ် လူတို့၏သက်တမ်းသည် ကိုးသောင်းဖြစ်၏။ လူတို့သည် အသက် ကိုးသောင်းတမ်းမှ ဆုတ်ယုတ်လာရာ ဆယ်နှစ်တမ်းသို့ တိုင်ခဲ့၏။ တရားရှိသူ မရှိသူတို့ကား သက်တမ်းတိုင်းတွင် အားပြိုင်ခဲ့ကြ၏။

ဤသို့ဖြင့် ဆယ်နှစ်တမ်းမှ ပြန်လည်တက်လာပြန်ရာ အသင်္ချေယျတမ်းသို့ ရောက်လာပြန်၏။ လူတို့၏သက်တမ်းသည် အသင်္ချေယျမှ တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့ရာ အနှစ်ကိုးသောင်းတမ်းသို့ တစ်ဖန်ပြန်လည် ရောက်ရှိလာပြန်လေ၏။

ထိုအနှစ်ကိုးသောင်းတမ်းတွင် သုမနမြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူလာ၏။ သုမန မြတ်စွာဘုရားအလောင်းတော်သည်ပါရမီတို့ကို ဖြည့်ပြီး၍ တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ ထိုတာဝတိံသာ နတ်ပြည်မှ စုတေလျှင် မေခလမြို့တွင် နန်းစံတော်မူသော သုဒတ္တမင်းမျိုး သိရိမာမိဖုရား၏ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏။

သုမနမြတ်စွာဘုရား အလောင်းတော်သည် အစဉ်ကြီးပွား၏။ သိရိဝဍ္ဎန၊ သောမဝဍ္ဎန၊ ဣန္ဒိဝဍ္ဎန မည်သော ပြာသာဒ် သုံးဆောင်တို့၌ ကချေသည် မောင်းမ ခြောက်သောင်းသုံးထောင်ခြံရံလျက် စိုးမိုးစံပယ်တော်မူ၏။ အလောင်းတော်မင်းသားသည် နတ်သမီးပျိုတို့နှင့် စံပယ်သော နတ်လုလင်ပျိုကဲ့သို့ နှစ်ပေါင်းတစ်ထောင် ခံစားတော်မူ၏။

ထို့နောက် ဝဋံသိကာ မိဖုရားနှင့် စုလျားရစ်ပတ် လက်ထပ်တော်မူသည်။ ထိုမိဖုရားမှ ဖွားမြင်သော သားတော်၏ အမည်မှာ အနုပမဖြစ်ပေသည်။ သုမန မြတ်စွာဘုရား အလောင်းတော်သည် နိမိတ်ကြီးလေးပါးတို့ကို ထင်မြင်တော်မူလျှင် ဆင်ယာဉ်ဖြင့် တောထွက်၍ ရဟန်းပြုတော်မူသည်။



ဆင်ဖြူကျွန်းအောင်သိန်း

# သုမနမြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com

သုမနမြတ်စွာဘုရား အလောင်းတော် ဖွားထွက်တော်မူသောအခါ ဘုရားလောင်းနောက်သို့ ကုဋေသုံးဆယ်သော ယောက်ျားတို့သည် အတူလိုက်၍ ရဟန်းပြုကြကုန်သည်။ အလောင်းတော်သည် ထိုကုဋေသုံးဆယ်သော ရဟန်း အခြံအရံဖြင့် ဒုက္ကရစရိယာ အကျင့်ကို ဆယ်လ ကျင့်တော်မူ၏။ ကဆုန်လပြည့်နေ့သို့ ရောက်သောအခါ အနောမနိဂုံးနေ အနောမသူဌေး၏ သမီး အနုပမာ ဆက်ကပ်လှူဒါန်းသော နတ်သြဇာနို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၏။

အလောင်းတော်သည် အင်ကြင်းတော၌ နေ့သန့်တော်မူ၏။ ထိုမှ တစ်ဖန် အနုပမ အမည်ရှိသူ လှူထိုက်သော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူ၏။ ထို့နောက် ကံ့ကော်ဗောဓိတွင် အတောင်သုံးဆယ် အပြန့်ကျယ်သော နေရာ၌ မြက်ရှစ်ဆုပ်ကို ကြဲဖြန့်ခင်းပြီးလျှင် ထိုမြက်အခင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ထို့နောက်မှ အလောင်း တော်သည် မာရ်စစ်သည် ဗိုလ်ပါတို့ကို ဖျက်ဆီး၍ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ထိုးထွင်း၍ သိ၏။ သဗ္ဗညုတ ရွှေဉာဏ်ကို ထိုးထွင်း၍သိလျှင် "အနေက ဇာတိ သံသာရ" အစရှိသော ဥဒါန်း စကားကို မြွက်ကြားကျူးရင့်တော်မူ၏။

ထိုသုမန မြတ်စွာဘုရားသည်လည်း ဘုရားဖြစ်တော်မူပြီး၍ ဗောဓိပင် အနီး၌သာလျှင် သတ္တသတ္တာဟတို့ကို လွန်စေတော်မူ၏။ ထို့နောက် တရားဟောခြင်းငှာ ဗြဟ္မာမင်း တောင်းပန်သည်ကို ဝန်ခံတော်မူလျက် "အဘယ်သူအား ရှေးဦးစွာ တရားဟောရအံ့နည်း" ဟု ဆင်ခြင်၏။ ကိုယ်တော်နှင့် အတူတကွ ရဟန်းပြုကြကုန်သည့် ကုဋေသုံးဆယ်သောရဟန်းတို့ကိုလည်းကောင်း၊ မိထွေးသားတော် ညီငယ် သရဏ သတို့သားကိုလည်းကောင်း၊ ပုရောဟိတ်ပုဏ္ဏား၏ သား ဘာဝိတတ္တ မည်သော လုလင်ပျိုကိုလည်းကောင်း ဥပနိဿယဖြင့်ပြည့်စုံသည်ကို မြင်တော်မူ၏။

ထို့ကြောင့် ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့ဟုကြံ၍ ရွှေဟင်္သာမင်းကဲ့သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလာကာ မေခလဥယျာဉ်၌ သက်တော်မူ၏။ ထို့နောက် သုမနဘုရားကိုယ်တော်မြတ်သည် ဥယျာဉ်စောင့်အား စေလွှတ်လိုက်သည်။

ဥယျာဉ်စောင့် ခေါ်လာသောကြောင့် သရဏသတို့သားနှင့် ဘာဝိတတ္တတို့ ရောက်လာကြ၏။ မြတ်စွာဘုရားသည် ထိုသူများနှင့်တကွ ကုဋေသုံးဆယ်သောရဟန်းတို့ကို တရားဟောတော်မူ၏။ ကိုယ်တော်နှင့်အတူ လိုက်၍ ရဟန်းပြုသူများသာမက တစ်ပါးသော နတ်လူစုစုပေါင်းကုဋေဆယ်သိန်းတို့ကို တရားအမြိုက်ရသာကိုတိုက်ကျွေးတော်မူ၏။

ထို သုမနမြတ်စွာဘုရားသည် သစ္စာလေးပါးတရားတို့ကိုသိ၍ ဘုရားဖြစ်တော်မူပြီးလျှင် ဝန်ခံသည်နှင့်လျော်ညီစွာ ကျင့်ကြံတော်မူ၏။ လူအပေါင်းကို ဘဝတည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေခြင်းငှာ ကုသိုလ်တည်းဟူသော ရတနာကို ခိုးဝှက်တတ်သော ကိလေသာသူခိုးတို့ မခိုးမဝှက်ရအောင် စောင့်ရှောက်ခြင်းငှာ အမြိုက်နိဗ္ဗာန်တည်းဟူသော မြို့နန်းကြီးကို ဖန်ဆင်းတည်ထောင်တော်မူ၏။

ထိုမြတ်စွာဘုရားသည် သီလတည်းဟူသောပြန့်ပြောသည့်မြို့တံတိုင်း၊ သမာဓိတည်း ဟူသော ကျုံးမြောင်းတို့ဖြင့် ခြံရံအပ်သည့် ဝိပဿနာဉာဏ်တည်းဟူသော တံခါး၊ သတိသမ္ပဇဉ်တည်းဟူသော မြဲမြံသည့်တံခါးရွက်၊ သမာပတ်တည်းဟူသောမဏ္ဍပ် စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ဗောဓိပက္ခိယတရားတည်းဟူသော လူတို့ဖြင့် ပြွမ်းသော အမြိုက်နိဗ္ဗာန်တည်းဟူသော မြို့နန်းကြီးကို ဖန်ဆင်းတည်ထောင်တော်မူ၏။

ယခုအခါ သုမနမြတ်စွာဘုရားသည် မမေ့မလျော့ နေလေ့ရှိကုန်သော သတိရှိသည့် ပညာရှိတို့သည် ဟိရိသြတ္တပ္ပ ဝီရိယဖြင့် ပြည့်စုံကြကုန်သည်ဖြစ်၍ ထိုဘဏ္ဍာရတနာတို့ကို ယူနိုင်ကြကြောင်း ဆောင်နိုင်ကြကြောင်းကို ပြတော်မူလိုသောကြောင့် . . .

"ယေ အပ္ပမတ္တာ အခိလာ၊ ဟိရီဝီရိယေတုပါဂတာ၊ တေ တေ ဣမေ ဂုဏဝရေ အာဒိယန္တု ယထာသုခံ" ဟူ၍ ဟောတော်မူပြီး အပ္ပမတ္တာ = ကုသိုလ်ဓမ္မ၌ မမေ့မလျော့ သတိဖြင့်ပြည့်စုံကုန်သော၊ အခိလာ = အလုံးစုံကုန်သော၊ ဝါ = နှလုံး တံသင်း ငြောင့်ငါးစင်းမှလည်း လွတ်ကင်းကုန်သော၊ ဟိရီဝီရိယေတိ = မကောင်းမှု၌ရှက်ခြင်း၊ ကုသိုလ်တို့၌ အားထုတ်ခြင်းနှင့်၊ ဥပါဂတာ သမ္မန္နာဂတာ = ပြည့်စုံကုန်သော၊ ယေပဗ္ဗပုဂ္ဂလာ = အကြင်ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့သည်၊ သန္တိ = ရှိကုန်၏။ တေဘဗ္ဗ ပုဂ္ဂလာ = ထိုကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့သည်၊ ဣမေ ဂုဏဝရေ = ဤဆိုအပ် ခဲ့ပြီးသော မြတ်သောဂုဏ် အပြားရှိသော၊ တေ = ထိုရတနာအထူးတို့ကို၊ ယထာသုခံ = အလိုရှိတိုင်း၊ အာဒိယန္တု = ဆောင်ယူနိုင်ကုန်၏။

သုမနမြတ်စွာဘုရားသည် ဤအလုံးစုံကို ပြုအပ်ပြီး သိအပ်ပြီးသော နှလုံးရှိတော်မူသည်ဖြစ်၍ တရားတည်းဟူသော စည်ကြီးကိုတီးတော်မူလျက်၊ တရားတည်းဟူသော မြို့ကြီးကိုဖန်ဆင်းတော်မူ၍ ဤသို့သောနည်းဖြင့် ရှေးဦးစွာသော အစည်းအဝေးကပင်လျှင် ကုဋေတစ်သိန်းသော လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိစေတော်မူပြီ။

အကြင်အခါ သုမန မြတ်စွာဘုရားသည် သုနန္ဒဝတီမြို့၌ သရက်ပင်၏အနီး၌ တိတ္ထိတို့၏ ဆန္ဒကို နှိမ်နင်းတတ်သည့် အစုံ အစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၏။ ကုဋေတစ်သိန်းသော သတ္တဝါတို့အား တရားတည်း



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။

အကြင်အခါ တစ်သောင်းသော စကြဝဠာမှ လာကုန်သော နတ်ဗြဟ္မာတို့နှင့်တကွ ဤစကြဝဠာ၌ စည်းဝေးကုန်သော လူတို့သည် နိရောဓသမာပတ် ဝင်စားခြင်းနှင့် စပ်သောစကားကို ဖြစ်စေကုန်၏။

"နိရောဓသမာပတ်ကို အဘယ်သို့ဝင်စားကုန်သနည်း၊နိရောဓသမာပတ်သည် အဘယ်သို့ဖြစ်သနည်း၊ နိရောဓသမာပတ်မှ အဘယ်သို့ပြသနည်း"

ဤသို့ အစရှိသည်တို့ဖြင့် သမာပတ်ဝင်စားခြင်း၊ အဓိဋ္ဌာန်ခြင်း၊ သမာပတ်မှထခြင်း စသည်တို့၌ ဆုံးဖြတ်ခြင်းကို ပြုအံ့သောငှာ မတတ်နိုင်ရကား လူတို့နှင့်တကွ နတ်ပြည်ခြောက်ထပ်ရှိ ကာမာဝစရနတ်၊ ကိုးထပ်သော ဗြဟ္မာပြည်ရှိ ဗြဟ္မာတို့ပါ ဒွိဟသံသယ ဖြစ်ကုန်ကြ၍ နှစ်ပက္ခ ကွဲပြားကြလေကုန်၏။ ထိုသို့ဖြစ်ကြသောကြောင့် လူတို့၏ သမ္မုတိနတ်ဖြစ်သော အရိန္ဒမမင်းနှင့်တကွ လူအပေါင်းသည် ညချမ်းသော အခါ အလုံးစုံလူတို့၏ ကိုးကွယ်ရာဖြစ်သော သုမနမြတ်စွာဘုရားသို့ကပ်၍ အရိန္ဒမမင်းသည် မြတ်စွာဘုရားအား နိရောဓသမာပတ် ပြဿနာကို မေးလျှောက်လေ၏။

သုမန မြတ်စွာဘုရားရှင်သည် အရိန္ဒမမင်း၏ ထိုအမေးပြဿနာကို ဖြေကြားတော်မူသောအခါ ကုဋေ ကိုးသောင်းသောသူတို့ သစ္စာလေးပါးတရားအထူးကို ရကြကုန်၏။ ဤသည်ကား သုံးကြိမ်မြောက် သစ္စာလေးပါးတရားကို သိစေခြင်းတည်း။

ထို သုမနမြတ်စွာဘုရားအား သုံးပါးသော သာဝကအစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ထိုသုံးပါးတို့တွင် ပထမအစည်းအဝေး၌ မေခလပြည်ကို အမှီပြု၍ ဝါကပ်ဆိုတော်မူသောအခါ ပထမပဝါရဏာနေ့၌ ကုဋေတစ်သိန်းသော ရဟန္တာအရှင်မြတ်တို့သည် ဧဟိဘိက္ခုရဟန်း ဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် အတူတကွ ပဝါရဏာပြုတော်မူ၏။ ဤသည်ကား ရှေးဦးစွာသော သာဝက အစည်းအဝေးတည်း။

ပထမအစည်းအဝေး၏ နောက်အဖို့၌ အခါတစ်ပါးသော သက်သနဂိုရ်မြို့၏ မနီးမဝေးသော အရပ်၌ အရိန္ဒမမင်း၏ ကုသိုလ်အစွမ်းကြောင့် ဖြစ်သော တစ်ယူဇနာ အတိုင်းအရှည်ရှိသည့် ရွှေတောင်ဝယ် တန်ဆောင်မုန်းလအခါ ထွန်းလင်းသောအရောင်ကို ပြုတတ်သည့် ယုဂန္ဓိုရ်တောင်ထိပ်ထက် ထွက်သော နေမင်းကဲ့သို့ ဘုရားတည်းဟူသော နေမင်းသည် သီတင်းသုံးနေတော်မူ၏။

ထိုအခါ အရိန္ဒမမင်းကို ခြံရံကာ လာကုန်သော ယောက်ျား ကုဋေကိုးသောင်းတို့ကို ဆုံးမ၍ ဧဟိဘိက္ခုခေါ်တော်မူလျှင် ထိုနေ့၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်သော ရဟန်းတို့သည် ခြံရံအပ်သည်ဖြစ်၍ အင်္ဂါလေးပါးဖြင့်ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူ၏။ ဤသည်ကား နှစ်ကြိမ်မြောက်သော သာဝတအစည်းအဝေးတည်း။ထိုကဲ့သို့ လောကသုံးပါး၌ သုမနမြတ်စွာဘုရားဟူ၍ ထင်ရှားပွင့်တော်မူသောအခါ ငါတို့ဆရာ ဂေါတမမြတ်စွာဘုရား အလောင်းတော်ကား "အတုလ" မည်သော နဂါးမင်းဖြစ်တော်မူ၏။

ကြီးသောတန်ခိုး၊ ကြီးသော အာနုဘော်တို့ဖြင့် ပြည့်စုံသောနဂါးမင်းသည် လောက၌ ဘုရားပွင့်ပြီဟု ကြား၍ ဆွေမျိုးအပေါင်းခြံရံလျက် နဂါးပြည်မှထွက်ခဲ့၏။ ထိုနဂါးမင်းသည် ကုဋေတစ်သိန်းအခြံအရံရှိသောမြတ်စွာဘုရားအား နတ်၌ဖြစ်သော တီးမှုတ်မျိုးစုံတို့ဖြင့် အနီးသို့ဆောင်လျက် တီးမှုတ်ခြင်းကို ပြုလုပ်စေ၏။ အတုလနဂါးမင်းသည် အတီးအမှုတ်တို့ဖြင့် ပူဇော်ပြီးမှ အသီးအစုံအစုံသော ပုဆိုးတို့ကိုလှူဖြန်၍ သရဏဂုံ၌ တည်ပြီးသော် ထိုသုမနမြတ်စွာဘုရားသည် အတုလနဂါးမင်းအား "နောင်သောအခါ ဘုရားစင်စစ်ဧကန်ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကားကြားတော်မူ၏။ နောင်သောအခါ၌ ဂေါတမမြတ်စွာဘုရားသည် လက်ယာရံမထေရ်ကြီးသို့ ဤနှယ်ဟောကြားတော်မူ၏။

"သာရိပုတ္တ = သာရိပုတ္တရာ၊ သော = ထိုအတုလနဂါးမင်းသည်၊ တဿ = ထိုသုမနမြတ်စွာဘုရား၏၊ ဝစနံ = ဗျာဒိတ်စကားကို၊ သုတွာပိ = ကြား၍လည်း၊ ဘိယျော = လွန်စွာ၊ စိတ္တံ = စိတ်ကို၊ ပသာဒယိ = ကြည်လင်စေပြီ၊ ဥတ္တရိံ = လွန်စွာလျှင်၊ ဝတံ = အကျင့်ကို၊ အဓိဋ္ဌာသိ = ဆောက်တည်ပြီ၊ ဒသပါရမီ = ဆယ်ပါးသော ပါရမီတို့ကို၊ ပူရဏာ = ဖြည့်ပြီ"

ထိုသုမနမြတ်စွာဘုရား၏ နေပြည်တော်မှာ မေခလမည်၏။

သုမနမြတ်စွာဘုရား၏ ခမည်းတော်ကား သုဒတ္တမည်၏။ မယ်တော်ကား မိဖုရားကြီး သီရိမာတည်း။

သုမနမြတ်စွာဘုရား၏ လက်ဝဲရံ လက်ယာရံ အဂ္ဂသာဝကများမှာ ဘာဝိတတ္တနှင့် သရဏတည်း။

သုမနမြတ်စွာဘုရား၏ အလုပ်အကျွေး ရဟန်းမှာ ဥဒေနထေရ်ဖြစ်၏။ တပည့်မိန်းမမြတ်အစုံမှာ သောဏာနှင့် ဥပသောဏာထေရီများဖြစ်၏။ ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင်တည်း။ကိုယ်တော်၏ အရပ်တော်မှာ အတောင်ကိုးဆယ်ရှိ၏။ ကိုယ်တော်၏ သက်တော် အပိုင်းအခြားမှာ အနှစ်ကိုးသောင်းဖြစ်၏။

ထိုဘုရားလောင်း၏ မိဖုရားကြီးမှာ ဝဋံသိကာဖြစ်၍ သားတော်မှာ အနုပမ မည်၏။တောထွက်တော်မူသောအခါ စီးသောယာဉ်မှာ ဆင်ဖြစ်ပေ၏။

❒ ဆင်ဖြူကျွန်းအောင်သိန်း

[ငါးခုနှစ်ဗုဒ္ဓဝင် စာမျက်နှာ ၂၀၁ မှ ၂၀၇ အထိ]






www.burmeseclassic.com

www.burmeseclassic.com

# သန် လျင် တော ရ
# ယင်းတော်မင်းကျောင်း

သာစည်အောင်တင်



ယင်းတော်မင်းကျောင်း ဝဆန နာယကဆရာတော်

(၁)

**သန်လျင်တောရ ယင်းတော်**
**မင်းကျောင်း**

ဒီယင်းတော်မင်းကျောင်း သာသနာနဲ့စပ်လျဉ်းလို့ လေးပိုင်းခွဲခြားလို့ သိမြင်နိုင်တာပါ။

အဲဒါကတော့ဖြင့်ရင်. . .

**အပိုင်း တစ်**

ပင်းယခေတ်က စလို့ ဒုတိယကမ္ဘာ စစ်ကာလအထိ။

**အပိုင်း နှစ်**

ဒုတိယကမ္ဘာစစ်ကနေလို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့ကာလအထိ။

**အပိုင်း သုံး**

လွတ်လပ်ရေးရချိန်က စလို့ ၁၉၈၇ ခုနှစ်အထိ။

**အပိုင်း လေး**

၁၉၈၇ ခုနှစ်က ၂၀၁၁ ခုနှစ်အထိ။

အဲသလိုမျိုး လေးပိုင်းလေးခေတ် လေးကာလ ခွဲခြားသိမြင်ရမှာပါ။

(၂)

**ပင်းယခေတ်က စလို့**

ယင်းတော်မင်းကျောင်းရယ်လို့ အမည်တွင်တာဟာ ပင်းယခေတ် (၇) ကျောင်းဒါယကာ ဥဇနာမင်းကြီးက ရွှေကျောင်းကြီးဆောက်လုပ်လှူဒါန်းကိုးကွယ်တာကို အကြောင်းပြုလို့ "မင်းကျောင်း" အဲသလို အမည်တွင်ခဲ့လေတာပါ။

**သာစွှင်လှူဥဇနာ**

အဲသလိုမျိုး ဦးကုလားရာဇဝင်ချုပ်အရ သက္ကရာဇ် ၆၈၄ ခုနှစ်ကစလို့ (၇)ကျောင်းဒါယကာ ဥဇနာမင်းကြီးဟာ ပင်းယမြို့မှာ မင်းအဖြစ်နဲ့စိုးစံတော်မူတာ နှစ်ပေါင်း (၂၀) တိတိ ကြာမြင့်ခဲ့လေတာပါ။ အဲဒီနှစ်ပေါင်း (၂၀)အတွင်းမယ် အကြောင်းတိုက်ဆိုင်လာလို့မို့ ယင်းတော်မြောက်ဘက် မြို့ဦးကျောင်းကို ရွှေကျောင်းကြီးဆောက်လုပ်လှူဒါန်းရာက မြို့ဦးကျောင်း ဆိုတာကနေပြီး မင်းကျောင်းသာသနာဖြစ်ပေါ်လို့လာခဲ့လေတော့တာပါ။

အဲဒီနောက် ယင်းတော်မင်းကျောင်း ကျောက်စာနဲ့ ပုရပိုက်စာတွေအရ အင်းဝခေတ် ဒုတိယမင်းခေါင်၊ ဘိုးတော်ဦးဝိုင်း၊ ညောင်ရမ်းခေတ် ညောင်ရမ်းမင်းတရားကြီး၊ ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီးတို့ဟာလည်းပဲ ဆက်လက် ကိုးကွယ်လေတဲ့အတွက်ကြောင့် မင်းကျောင်းသာသနာဟာဖြင့်ရင် ပိုလို့ပိုလို့ ခိုင်မြဲထွန်းပြောင်လာခဲ့လေတော့တာပါ။

ဒီလိုမျိုး မင်းငါးဆက်တို့ ကိုးကွယ်ကြတဲ့အတွက်လည်း မင်းကျောင်းသာသနာဟာဖြင့်ရင် ဒုတိယကမ္ဘာစစ်ကြီးအထိ နှစ်ပေါင်း ၄၀၀ လောက် ရွှေရောင်တဝင်းဝင်းနဲ့ ထွန်းလင်းလို့ တောက်ပြောင်လာခဲ့လေတာပါ။

❖





www.burmeseclassic.com

www.burmeseclassic.com

(၃)

### ဒုတိယကမ္ဘာစစ်

၁၉၃၉ ခုနှစ်ကစလို့ ဥရောပနိုင်ငံတွေမယ် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပါလေတော့တယ်။ အဲဒီကစလို့ ကမ္ဘာ့နိုင်ငံအသီးသီးမယ် စစ်မီးလျှံတွေ တူးစက်လောင်ကျွမ်းခဲ့လေရာမှာ မြန်မာနိုင်ငံကိုလည်းပဲ ဖက်ဆစ်ဂျပန်အဝင် နယ်ချဲ့အင်္ဂလိပ်အပြေးကာလမှာရယ်၊ တစ်ခါ ဖက်ဆစ်ဂျပန်အပြေး မဟာမိတ်အင်္ဂလိပ်တပ်တို့ ပြန်အဝင်ကာလမှာရယ် ရွှေရောင်တဝင်းဝင်း တပြောင်ပြောင်ဖြစ်ခဲ့လေတဲ့ မင်းကျောင်းကြီးဟာဖြင့်ရင် ဗုံးဒဏ်၊ အမြောက်ဒဏ်၊ သေနတ်ဒဏ်တို့နဲ့ အစိတ်စိတ်အမြွှာမြွှာ ပျက်စီးလို့ မြေခကြွေကျရလေတာပါ။

အဲဒီနောက်မှာလည်းပဲ ကြွင်းကျန်ရစ်လေတဲ့ တိုင်တိုတိုင်စ၊ သစ်တိုသစ်စတွေကို ဘာသာခြားတွေက ယူကြလေတာကြောင့် ကျောင်းတော်ရာအစအနတောင် မကျန်ရစ်ခဲ့ရလေအောင် မင်းကျောင်းကြီးဟာဖြင့်ရင် လုံးဝဥဿုံ ပျက်စီးတဲ့ဘဝကို ရောက်ခဲ့ရလေတော့တာပါ။ အဲသလို အခြေအနေဟာဖြင့်ရင် မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အချိန်အထိ ၁၉၄၈ ခုနှစ်အထိ ၉ နှစ်တိုင်တိုင် ကြာခဲ့ပါလေတယ်။

(၄)

### နှစ်ပေါင်း ၄၀ ကာလ

၁၉၄၈ ခုနှစ်ကစလို့ ၁၉၈၇ ခုနှစ်အထိ နှစ်ပေါင်း ၄၀ အတွင်းမှာတော့ကာ ဒေသခံဆရာတော်ကြီးတွေ၊ ဒေသခံလူကြီးတွေဟာ မင်းကျောင်းသာသနာ့နယ်မြေ မဆုံးရှုံးစေရေးအတွက် ရဟန်း၊ သံဃာတော်၊ ဘုန်းကြီးတွေကို ပင့်ဆောင်ကြလို့ မင်းကျောင်းသာသနာ့နယ်မြေမယ် ကျောင်းထိုင်စေခဲ့ပါလေတယ်။ သို့သော်လည်းပဲ ကျောင်းထိုင်ဘုန်းကြီးတွေဟာဖြင့်ရင် တစ်နှစ်၊ နှစ်နှစ်လောက်သာနေနိုင်ကြပြီး ပင်းကျောင်းသာသနာ့နယ်မြေကို စွန့်ခွာလို့သာ သွားကြလေတော့တာပါ။ အကြောင်းကတော့ဖြင့် ဘာသာခြားတို့ရဲ့ အန္တရာယ်ရှိလို့နေတာက တစ်ကြောင်း၊ လာဘ်သပ်ပကာပစ္စည်းလေးပါး ရှားပါးလှလေတာကြောင့်ပါ။

ဒီလိုနဲ့ပဲ အကြောင်းဖန်လာတာကြောင့်မို့လို့. . .။

### ဆရာတော် ဟိစတသိနေလ အရှင်နိပုဏ

ဒီအရှင်မြတ်ဟာ မင်းကျောင်းကို ၁၃၄၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်၊ ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်၊ စနေနေ့နံနက် ၉ နာရီအချိန်မယ် ရောက်ရှိလို့လာခဲ့ပါလေတယ်။ အဲဒီအချိန်အခါတုန်းက တဲသာသာလောက်ရှိတဲ့ ကျောင်းတစ်ကျောင်း၊ သိမ်ပျက်တစ်ကျောင်း၊ စေတီပျက်တစ်ဆူ၊ကျူးကျော်ဘာသာခြားအိမ်တွေ ၁၅ အိမ်ရှိလို့နေတာပါ။

အဲသဟာတွေကို အရှင်နိပုဏဟာ ရှင်းလင်းလို့နေရတာက ငါးနှစ်လောက်ကိုကြာသွားပါလေတယ်။ အဲဒီနောက် စေတီတွေ၊ ရုပ်ပွားတော်တွေ၊ အဆောက်အအုံတွေ တိုးပွားလာခဲ့ပါလေတယ်။ အရှင်နိပုဏဟာ ၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်၊ ဒီဇင်ဘာလ ၃ ရက်နေ့မယ်ဆိုရင် ၂၅ နှစ်ငွေရတုပွဲအချိန်ကိုရောက်ခဲ့ပါလေတယ်။

(၅)

### ငွေရတုကာလ

အဲဒီ ငွေရတုကာလအတွင်းမယ် ယင်းတော်မင်းကျောင်းသာသနာဟာဖြင့်ရင် သံဃာ၊ သီလရှင်၊ ပရိသတ် ၂၀၀ ကျော်တို့နဲ့ ပရိယတ်၊ ပဋိပတ်တို့နဲ့တကွ အဆောက်အအုံစေတီ၊ ရုပ်ပွားတော်၊ ဓွယ်တော်၊ ဆံတော်တို့နဲ့ ဘက်စုံဝင့်ဝင့်ကြွားကြွား ဖွံ့ထွားစည်ပင် အောင်မြင်တိုးတက်လို့ လာခဲ့ပါလေတယ်။ ဒီလိုမျိုး ၂၅ နှစ်အတွင်း သန့်လျှင်တောရမင်းကျောင်းမယ် ရဟန်းရှင်လူတွေ သဒ္ဓါထူးလို့ ကြည်ကြည်နူးနူးဖူး မြင်နိုင်ကြစေဖို့ရာ အတွက် ထူးထူးခြားခြား ဘုရားများ ထွန်းကားပွင့်ပေါ်လို့လာခဲ့လေတာပါ။

အရှင်နိပုဏဟာ ယင်းတော်မင်းကျောင်းကို မရောက်မီကာလတွေမှာတ ပရိယတ်နဲ့ ပဋိပတ်နယ်မယ် ကျင်လည်နေတာဖြစ်လို့မို့ စေတီတည်တာ၊ ဓာတ်တော်၊ မွေတော်၊ စွယ်တော်၊ ဆံတော်တွေကို ကိုးကွယ်ပူဇော်တဲ့ ကိစ္စတွေမှာ ခပ်စိမ်းစိမ်းကြီးဖြစ်လို့နေတာပါ။

ဒါကြောင့်မို့လို့ ရောက်စကာလမှာ စေတီပျက်တွေကို တွေ့လို့နေရသော်လည်းပဲ ပြုပြင်ဖို့ရာ မကြိုးစားလေဘဲ ကျောင်းမှန်းတန်မှန်း သိကြရအောင် အရံအတားဖြစ်တဲ့ အုတ်တံတိုင်းကာတာကိုသာ လွှံ့လပြုလို့ ကြိုးစားအားထုတ်လို့ နေတော့တာပါ။

ဒီလိုနဲ့ပဲ တစ်နှစ်ကျော်လောက်မှာတော့ မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်ဆရာတော်ကြီး ဦးသူရိယကြွရောက်လာခဲ့လေပြီး ယင်းတော်မင်းကျောင်းအခြေအနေကို လေ့လာပြီးတဲ့နောက် အရှင်နိပုဏကို စေတီပျက်ရှိရာ ခေါ်ဆောင်လို့ စေတီပျက်ကို လက်ညှိုးထိုးပြလို့ ဩဝါဒကထာ မြွက်ကြားတာကတော့ဖြင့်ရင် . . .

"ကုလားတွေကြားထဲမှာ သာသနာပြုနေတဲ့ ကိုယ်တော့် သတ္တိကို ချီးကျူးပါတယ်၊ ဒါပေမဲ့ ကိုယ့်အဖေကို ဂရုမစိုက်တာကတော့ဖြင့် မကောင်းဘူး၊ ကိုယ့်အဖေကို ဂရုစိုက်မှ ကိုယ်တော်ကြီးပွားမှာပေါ့"

အဲသလိုမျိုးပါ။ သဘောကတော့ စေတီပျက်ကို မပြုပြင်ဘဲနေတာကို ဆိုလိုတာပါ။ အဲဒီကစလို့ အရှင်နိပုဏဟာ. . .

### စေတီပျက်ကို ပြင်တော့မယ်

ဒီလိုပဲ ဆုံးဖြတ်ချက် ချလိုက်တော့တာပါ။ အဲသလို ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ချတဲ့နေ့မှာပဲ ကျူးကျော် ဘာသာခြား အိမ်တွေကို ပျော်ဘွယ်မြို့နယ်၊ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူအာဏာပိုင်တွေက ဖယ်ရှားရေးကိစ္စကို စတင်လို့ ဆောင်ရွက်တော့တာပါ။ အဲဒါကြောင့် အဲဒီစေတီတော်ကို. . .

**ရန်မျိုးအောင်စေတီတော်**

အဲသလို ဘွဲ့အမည် တွင်စေပါတယ်။ စေတီတော်ရဲ့ ရွှေထီးဒကာကတော့ ပျော်ဘွယ်မြို့၊ နို့ဆီလုပ်ငန်းရှင် ဦးမေရ်ဆင်မိသားစုတို့ရဲ့ကောင်းမှု ဖြစ်ပါလေတယ်။

ဒီရန်မျိုးအောင်စေတီတော်ကို ဉာဏ်တော် ၅၄ ပေ၊ ၉ လက်မအထိ မြင့်လို့ ဒုတိယအကြိမ် ရွှေထီးတော်တင်ပါတယ်။ ဒကာကတော့ဖြင့်ရင် ဗိုလ်ချုပ်ဌေးဦး+ဒေါ်နီနီဝင်းမိသားစုဖြစ်ပါလေတယ်။ ဒီစေတီတော်ရဲ့ မူလကနဦးဒကာကတော့ဖြင့် ပျူစောထီးမင်းပါ။

(၆)

**နဝင်းစကြာမုခ်ဦး**

၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှာ မိတ္ထီလာမြို့၊ တပ်မ ၉၉၊ တပ်မမှူး ဗိုလ်မှူးချုပ်ကျော်သန်းက သံကွန်ကရစ်မုခ်ဦးကို တည်ဆောက် လှူဒါန်းပါလေတယ်။ ဒီမုခ်ဦးကို နဝင်းစကြာမုခ်ဦးလို့ ခေါ်တွင်စေတာပါ။ ဒါ့အပြင် ဗိုလ်မှူးချုပ် ကျော်သန်းဟာ ဘာသာခြား ကျူးကျော်အိမ် ၁၅ အိမ်ကို ဖယ်ရှားပေးခဲ့ပါလေတယ်။ ဒီနောက် တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည် ရောက်လာခဲ့ပြီး မြဇာလီမိဖုရားအဆက်အနွယ်တွေသာ မြှုပ်ရတဲ့ ဗမာသင်္ချိုင်းကိုလဲပဲ ဖယ်ရှားပေးနိုင်ခဲ့ပါလေတယ်။

ဒီသင်္ချိုင်းကိုဖယ်ရှားပြီးတဲ့အခါမှာတော့ မြဇာလီမိဖုရားအရိုးအိုးဂူကို ဖယ်ရှားရာမယ် ဌာပနာတိုက်ကိုတွေ့ရပြီး အဲဒီက ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားတော်တွေကို တွေ့ရတာကြောင့်



နဝင်းစကြာမုခ်ဦးနှင့် ထီးဝိုင်းကျိုက်ထီး ဓာတ်မွေမုနိ စေတီတော်



ထူးချွင်ဖူးဆိုက် ဓာတ်တော်တိုက် (ထန်ဖိုး - ကျပ်သိန်း ၇၀၀၀)

ဒါဟာဖြင့်ရင် မြဇာလီမိဖုရားတည်ခဲ့တဲ့ စေတီတော်ဆိုတာ သိရတာပါ။

ဒီစေတီတော်ကို ပြန်လည်ပြုပြင်ပြီးတော့မှ. . .

**တိဂုံကျိုက်ထီး ဓာတ်မွေမုနိ စေတီတော်**

အဲသလို ဘွဲ့တော်တွင်စေပါလေတယ်။

(၇)

**ထူးချွင် ဖူးလိုက် ဓာတ်တော်တိုက်**

မြဇာလီဘုရား စေတီတော်က ဓာတ်တော်၊ မွေတော်တွေ တွေ့တာကစလို့ မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့် ဓာတ်တော်တိုက်၊ မြင်းခြံမြို့ ဓာတ်တော်တိုက်နဲ့ အခြား ဓာတ်တော်တိုက်တွေက အကြိမ်ကြိမ် အခါခါ ဓာတ်တော် မွေတော်တွေကို ၁၀ နှစ်လောက် စုဆောင်းလိုက်တဲ့ အခါမယ် ဓာတ်တော်တွေ အများအပြား စုဆောင်းရမိပြီး အရှင်နိပုဏ္ဏဟာ ဓာတ်တော်တိုက် တည်ဆောက်ဖို့ စီစဉ်ပါလေတော့တယ်။

ဒီလိုနဲ့ပဲ စင်ကာပူနိုင်ငံမှာနေတဲ့ ဒေါက်တာဦးမောင်မောင်၊ ဒေါက်တာ ဒေါ်သွယ်သွယ်အေးမိသားစုက အလှူငွေ ၁၇ သိန်းနဲ့ မလေးရှား၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနိုင်ငံတို့က အလှူငွေ သိန်း ၅၀ ရရှိလေတာကြောင့် ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ကစလို့ တည်ဆောက်ပါလေတယ်။ RC သုံးထပ်တိုက် အလျား ၁၂၆ ပေ၊ အနံ ၆၃ ပေ၊ အမြင့် ၇၂ ပေဖြစ်ပါတယ်။ ဒီဓာတ်တော်တိုက်ကို ထူးချွင်ဖူးလိုက်

www.burmeseclassic.com

ဓာတ်တော်တိုက်။ အဲသလိုအမည်တွင်စေတာပါ။အရှင်နိပုဏဟာ ဓာတ်တော်တိုက်ကြီးတည်ဆောက်ဖို့ရာ စီစဉ်စိတ်ကူး အာရုံရှိနေတဲ့အချိန်မယ် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ ဗိုလ်ချုပ်ကျော်သန်းတို့ ရောက်ရှိလာခဲ့ပြီး လျှပ်စစ်မီးရအောင် ဆောင်ရွက်ပေးခဲ့ပါလေတယ်။

ဒေါ်နုနုရီ ရောက်လာပြီး သိန်း ၃၀ လှူဒါန်းသွားတာကြောင့် စိန်ဘုရား၊ ပတ္တမြားဘုရား၊ မြဘုရားရယ်လို့ ၁၃၆၅ ခုနှစ်၊ တပို့တွဲလ၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလမယ် တင့်တင့်တယ်တယ် ပြီးမြောက်ခဲ့တာပါ။



စိန်ဘုရား မြဘုရား ပတ္တမြားဘုရားများ

(၈)

### စိန်ဘုရား၊ မြဘုရား၊ ပတ္တမြားဘုရားများ

၁၃၆၄ ခုနှစ်၊ တန်ခူးလ ၂၀၀၃ ခုနှစ်၊ ဧပြီလမယ် ယင်းတော်မင်းကျောင်းမှာ ၁၅ ကြိမ်မြောက် ၁၀ ရက်တရားစခန်းပြုလုပ်ပါတယ်။ အဲဒီအချိန်မှာ မိုးကုတ်မြို့က ဆရာမ ဒေါ်ခင်ရီက စိန်၊ ပတ္တမြား၊ မြ အစရှိတဲ့ရတနာတွေ လာရောင်းတဲ့အချိန်နဲ့ တိုက်ဆိုင်ပါလေ တယ်။ ဒီအခါမှာ စခန်းဝင်ယောဂီ (၃၀၀)တို့က ရတနာတွေဝယ်ပြီး ၆ လက်မရှိတဲ့ ဘုရားတစ်ဆူကို ရတနာသင်္ကန်း ကပ်လှူပူဇော်ပါလေတယ်။

အဲဒီအခါမယ် အရှင်နိပုဏဟာ ၃၆ လက်မရှိတဲ့ ဘုရားသုံးဆူကို စိန်ရတနာသင်္ကန်း၊ပတ္တမြားရတနာသင်္ကန်း၊ မြရတနာသင်္ကန်း ကပ်လှူပူဇော်ဖို့ရာ စိတ်ကူးမိပါတယ်။ အဲသလို စိတ်ကူးရှိတုန်းမယ် စင်ကာပူနိုင်ငံမှာနေတဲ့

(၉)

### ကျောက်ဘုရား–ကြေးဘုရားများ

အရှင်နိပုဏ သီတင်းသုံးတဲ့ ပင်မကျောင်းဆောင်မှာ ဘုရားခန်း ၃ ခန်း ရှိတာမယ် အလယ်ဘုရားခန်းက စိန်ဘုရားခန်း၊ တောင်ဘက်ဘုရားခန်းက ကြေးဘုရားခန်း၊ မြောက်ဘက်ဘုရားခန်းက ကျောက်ဘုရားခန်းဖြစ်ပါတယ်။ ၁၅ သိန်း ကုန်ကျပါတယ်။ ကုသိုလ်ရှင်တွေကတော့ မန္တလေးမြို့၊ ဒေါ်သန်းသန်းရီ၊ ဒေါ်စန်းစန်းကြည်၊ ငြိမ်းမြစတိုး မိသားစုနဲ့ မိတ္ထီလာမြို့ ကျောင်းဒကာ ဦးဝင်းရွှေ ဒေါ်စန်းအေး၊ ရွှေပြည်စိုးဆီစက် မိသားစုတို့ ဖြစ်ပါတယ်။

### ရတနာဘုရားများ

လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ကျော်က ဉာဏ်တော် ၁၂ လက်မရှိတဲ့ ကြေးဘုရားတစ်ဆူကို ရတနာသင်္ကန်း ကပ်လှူရာက ၂၄ လက်မရှိတဲ့ ပုံစံတူ ကျွန်းသားဘုရားသုံးဆူကိုထုပြီး ရတနာစီခြယ်လို့ ကိုးကွယ်ထားတာပါ။ ၁၅ သိန်း ကုန်ကျပါတယ်။

ဒီဘုရားခန်းမှာရှိတဲ့ အဓိဋ္ဌာန်ကျောက်ကို မ,လို့ ဆုတောင်းရင် ဆုတောင်းပြည့်တယ်ရယ်လို့ ကိုယ်တွေ့ကြုံတဲ့သူတွေက ဆိုကြပါလေတယ်။ ရတနာသိဒ္ဓိ အဓိဋ္ဌာန်ဘုရားခန်းရယ်လို့ ခေါ်တွင်စေပါတယ်။

ကုသိုလ်ရှင်ကတော့ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း + ဒေါ်ခင်သန်းမြင့် မိသားစုတို့ ဖြစ်ကြပါတယ်။

### ရတနာဘုရားခန်း

၁၃၆၆ ခုနှစ်၊ တပေါင်းလ၊ ၂၀၀၅ ခုနှစ်၊ မတ်လမှာ တောင်ကိုရီးယားနိုင်ငံက မဟာယာနဘုန်းတော်ကြီး မစ္စတာဟောန္စမ်းဟာ ယင်းတော်မင်းကျောင်းကို ရောက်ရှိလာခဲ့ပြီး တောင်ကိုရီးယားနိုင်ငံမယ် ဓာတ်တော်တိုက်ပြုလုပ်ဖို့အတွက် ဘုရားရဟန္တာ ဓာတ်တော် မွေတော်တွေကို ပင့်ဆောင်ဖို့ရာ ဖြစ်ပါတယ်။ အဲဒီအခါမယ် ဆောက်လုပ်ဆဲဖြစ်တဲ့ ဓာတ်တော်တိုက်အတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို လှူပါလေတယ်။ မြန်မာငွေနဲ့က သိန်း ၇၀၀ ရှိတာပါ။

အဲဒီတော့ကာ ဓာတ်တော်တိုက်ကို တည်ဆောက်နိုင်သလို အရှင်နိပုဏ စိတ်ကူးထားတဲ့ သိန်း ၁၀၀လောက် ကုန်ကျမယ့် ရတနာဘုရားခန်းလဲ ဖြစ်မြောက်ခဲ့ပါလေတယ်။ ဒီရတနာဘုရားခန်းအတွက် ထပ်ဆင့်ကုသိုလ်ရှင်တွေကတော့ ပျော်ဘွယ်မြို့၊ ရွှေပန်းထိမ် ဦးလှအောင်+ဒေါ်ယဉ်မြတို့ မိသားစုပါ။

ဒီရတနာဘုရားခန်းမယ် နဂါးရုံဘုရား၊ ဗျာဒိတ်ပေးဘုရား၊ ဓမ္မစက္ကမုဒြာဘုရားများ သီတင်းသုံးတော်မူပါတယ်။ ခန်းလုံးပြည့် ပလတ်စတစ်ပန်းငွေ


www.burmeseclassic.com

www.burmeseclassic.com



အနန္တသိဒ္ဓိ သစ္စာဓိဋ္ဌာန်ဘုရား




burmeseclassic.com

ရန်မျိုးအောင် စေတီတော်

www.burmeseclassic.com



ရေဆန်ဘုရား




ကုန်တောပြဲရှန် သစ်ပျံသားဘုရား





www.burmeseclassic.com

www.burmeseclassic.com




ကျောက်စိမ်းနက်ဘုရား

လှူဒါန်းထားပြီး ရွှေဖော့မိပင် လေးပင်မယ် ဣစ္ဆာသယ ရွှေချောင်းရွှေတုံးတွေ သီးလို့ လှူဒါန်းပူဇော်ထားတာကို ဖူးတွေ့နိုင်တာပါ။

## (၁၀)

## ကျွန်းနက်ဘုရား၊ ကျောက်စိမ်းနက်ဘုရား၊ သစ်နက်ဘုရား

ကျွန်းပင်ထဲမယ် ကျွန်းနက်ပင်ဟာ ရှားပါးထူးခြားတဲ့သစ်မျိုးပါ။ တန်ခိုးကြီးတဲ့အစောင့်အရှောက်တွေ ရှိကြပါလေတယ်။ ကျွန်းနက်သားကို ဘုရားထုကိုးကွယ်ပြီး အဲဒီကကျန်တဲ့ စူးစာ၊ ဆောက်စာ ကျွန်းနက်သားကိုဆောင်ထားလို့ရှိရင် ဥပဒ္ဒေဒကက်လွတ်တယ်၊ လာဘ်လာတယ်၊ စီးပွားဥစ္စာတက်တယ် ရယ်လို့ အဆိုရှိကြပါလေတယ်။ ယုံကြည်ကြပါလေတယ်။

ဒီကျွန်းနက်သားဘုရားဟာဖြင့်ရင် မုံရွာမြို့ မာဃလုလင် ဦးမောင်မောင်ဆီမယ် ရှိနေတာကို အရှင်နိပုဏဟာ သတင်းကြားသိနေပါလေတယ်။ အဲသလိုနဲ့ ၁၃၆၉ ခုနှစ်၊ တန်ခူးလ၊ ၂၀၀၈ ခုနှစ်၊ ဧပြီလမှာကျင်းပမြဲဖြစ်တဲ့ ၂၁ ကြိမ်မြောက် ဝိပဿနာ ၁၀ ရက်တရားစခန်းကို မုံရွာမြို့က အငြိမ်းစား စက်မှုအထက်တန်းကျောင်းဆရာ ဦးအောင်ပွင့် လာရောက်အားထုတ်တာက ဆက်စပ်မိပြီး ၈၅ သိန်းဆိုထားတဲ့ ကျွန်းနက်ဘုရားကို ၅၅ သိန်းနဲ့ အရှင်နိပုဏ ပူဇော်ခွင့်ရခဲ့ပါလေတယ်။

ဒီကျွန်းနက်ဘုရားဟာ ၁၃၇၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီမှာ ကြွရောက်လာခဲ့ပါလေတယ်။ ဒီကျွန်းနက်ဘုရားဟာ ကျွန်းနက်တုံးတစ်တုံးကို ရုပ်တော်မူဘုရားထုလို့ထားတာပါ။ ဉာဏ်တော် ၄ ပေနဲ့ ၆ လက်မရှိပါလေတယ်။ အရှင်နိပုဏကာဟာ ဒီကျွန်းနက်ဘုရားကို စတီးဗိမာန်ပြုလုပ်လို့ ပူဇော်လိုတဲ့ ဆန္ဒရှိပါတယ်။ ကုန်ကျမယ့်တန်ဖိုးကလဲ သိန်း ၂၀၀ လောက်ရှိနေပါလေတယ်။ အဲသလို စိတ်ကူး အကြံအစည်ရှိနေတုန်းမယ် . . .

**ဦးထွန်းထွန်း**
**(ထွန်းရတနာ ကျောက်စိမ်းကုမ္ပဏီ၊ မန္တလေးမြို့)**

အဲဒီပုဂ္ဂိုလ်ဟာ ရန်ကုန်မြို့၊ ကျောက်မျက်ရတနာပြပွဲကို ကျောက်စိမ်းရောင်းဖို့ရာ ထွက်အလာမယ် ယင်းတော်မင်းကျောင်းကို ရောက်လို့လာခဲ့ပြီး ဓာတ်တော်တွေကိုလည်း ပင့်ဆောင်ပြီး ကျွန်းနက်ဘုရားနဲ့ စပ်လျဉ်းလို့ အရှင်နိပုဏနဲ့ စကားပြောဖြစ်တဲ့အခါမှာတော့ကာ စတီးဗိမာန်အတွက် သိန်း ၂၀၀ကို လှူဒါန်းပါလေတော့တယ်။ ဒါ့အပြင် ဒေါ်လာတစ်သန်းနဲ့ ရောင်းချဖို့ရာ ရည်ရွယ်ထားတဲ့ ကျောက်စိမ်းနက်ဘုရားကိုလည်းပဲ လှူဒါန်းခဲ့တော့တာပါ။

အဲဒီ ကျွန်းနက်ဘုရားခန်းနဲ့ စတီးဗိမာန်ဟာဖြင့်ရင် ၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်၊ ၂၀၀၈ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ စနေနေ့မှာ ပြီးမြောက်ခဲ့တာပါ။ ဒီဘုရားခန်းမယ် ကျောက်စိမ်းနက်ဘုရား၊ ကျွန်းသစ်မင်းဘုရား၊ သရက္ခန်ဘုရား၊ ပတ္တမြားဘုရား၊ မြဘုရားတို့လဲပဲ သီတင်းသုံးနေတော်မူပါလေတယ်။


www.burmeseclassic.com


www.burmeseclassic.com



ကျွန်းနက်ဘုရား



အပြိုင်အဆိုင် အနိုင်ဘုရားကြီး



ကျောက်ဘုရား ကြေးဘုရားများ



သစ်ကာနက်မြိတ်ဗွာဘုရား

www.burmeseclassic.com

www.burmeseclassic.com

ဒီနောက် မကြာမတင်မှာပဲ ဗိုလ်ချုပ်ဗွေးဦးက ဆွမ်းပဒေသာပင်အတွက် သိန်း ၁၀၀၀ လာရောက်လှူဒါန်းပါလေတယ်။

(၁၁)


**သစ်ကနက်ဘုရား**

အရှင်နိပုဏာဟာ သစ်ကနက်ဘုရားကိုလဲ ပူဇော်လိုတဲ့ဆန္ဒ ပေါ်ပေါက်လာခဲ့ပါလေတယ်။ အဲဒါကို ဗိုလ်ချုပ်ဗွေးဦး သိတဲ့အခါမယ် ကိုကိုးကျွန်းကမှာယူလို့ လှူဒါန်းပါလေတယ်။ အဲဒီသစ်တုံးဟာ ၄ ပေလောက်ရှိပြီးတော့ မာဃလုလင်ဦးမောင်မောင်က ရုပ်တော်မှုဘုရားတစ်ဆူ ထုပေးပါလေတယ်။ အဲဒီသစ်ကနက်ဘုရားခန်းကိုလဲ ရန်ကုန်မြို့ ဦးအမ်တူးတူးဂျာ+ဒေါ်သီတာဟန် မိသားစုက လှူဒါန်းပါတယ်။ သိန်း ၃၀ လောက် ကုန်ကျပါတယ်။ အဲဒီဘုရားခန်းမယ် ကျွန်းညိုဘုရား နှစ်ဆူ၊ သံသေတစ်ပြည်ဝဘုရားနဲ့ အခြားဘုရားတွေပါ ကိန်းဝပ်စံပျော်တော်မူတာပါ။

(သစ်ကနက် = သက်န်းနက်)

**ရေဆန်ဘုရား သစ်မျှော်ဘုရား**

တစ်ခါမှာ မုံရွာမြို့၊ ချင်းတွင်းမြစ်မယ် ကျွန်းတုံးတစ်တုံးဟာ ရေကိုမစုန်ဘဲ ရေဆန်ဆန်တက်နေတာကို လူ အများအံ့သြဘနန်းဖြစ်ကြလို့ ဝိုင်းအုံလာကြရာမယ် လျှင်မြန်ဖျတ်လတ် အားကောင်းမောင်းသန်လူတစ်ယောက်က ရရှိသွားခဲ့ပါလေတယ်။ အဲဒီလူက မာဃလုလင်ဦးမောင်မောင်ကို ဘုရားထုဖို့ရာအပ်နှံရာက အဲဒီဘုရားဟာ ၁၃၇၀ ပြည့်နှစ်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့၊ တနင်္လာနေ့မှာ ယင်းတော်မင်းကျောင်းကို ကြွရောက်တော်မူလာခဲ့ပါလေတယ်။ ဉာဏ်တော် ၉ ပေရှိပါတယ်။ ဒီဘုရားခန်းအတွက် မန္တလေးမြို့ ဒုတိယဗိုလ်မှူးကြီး တင်အုန်း(ငြိမ်း)+ဒေါ်သန်းသန်းမေ မိသားစုတို့က လှူဒါန်းပါလေတယ်။ ရတနာပုတီးတွေ အလှစီခြယ်ထားတဲ့



စွယ်တော်တိုက်

ဒီဘုရားခန်းဟာ သိန်း ၁၀၀ ကုန်ကျပါလေတယ်။

**သစ်မျှော်ဘုရား**

ဒီဘုရား ဖြစ်ပေါ်လာပုံကလည်း အတော်ထူးဆန်းလှပါလေတယ်။ ကျွန်းတုံးတွေကို သစ်ဖောင်မျှောလို့ ယူဆောင်လာကြရာမယ် လမ်းခရီးအကြားမှာ ကျွန်းတုံးတစ်တုံးဟာ ပျောက်ဆုံးလို့နေပါလေတယ်။ အနီးအနားဝန်းကျင်မယ် ရှာကြသော်လည်း မတွေ့ပါဘူး။ ဒါနဲ့ မူလနေရာကို ပြန်သွားကြည့်တော့ အဲဒီကျွန်းတုံးကို တွေ့ရပါလေတော့တယ်။

ဒီလိုနဲ့ . . .

"ဘုရားထုပြီး ကိုးကွယ်ပါမယ်၊ ဆောင်ယူခွင့်ပြုကြပါ"

တာဝန်ရှိသူက အဲသလိုမျိုး ဆိုင်ရာပိုင်ရာ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေဆီကို အခွင့်တောင်းမှ ဆောင်ယူလို့ ရတော့တာပါ။ အဲဒီ သစ်မျှော်ကျွန်းတုံးကိုလည်း မုံရွာမြို့၊ မာဃလုလင်ဦးမောင်မောင်ဆီမှာ ဘုရားထုရာ တစ်ဆူဟာ ယင်းတော်မင်းကျောင်းကို ၁၃၇၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ ကြာသပတေးနေ့မှာ ကြွရောက်တော်မူခဲ့ပါတယ်။ ရေဆန်ဘုရား သီတင်းသုံးတဲ့ဘုရားနားမှာပဲ သီတင်းသုံးပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



ရတနာ့ဘုရားခန်းမှ ဘုရားများ



ရတနာ့ဘုရားခန်းမှ ဘုရားများ



ကျောက်ဘုရား ကြေးဘုရားများ



ရတနာ့ဘုရားခန်းမှ ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com



ရတနာဘုရားများ



စွယ်တော်တိုက်မှ ဘုရားများ



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

**စွယ်တော်တိုက်**

ဒီယင်းတော်မင်းကျောင်းက ပထမကျော် ဓမ္မာစရိယဆရာလေး မတိက္ခညာဏီဟာ သီရိလင်္ကာနိုင်ငံမှာ မဟာဝိဇ္ဇာဘွဲ့၊ ဒေါက်တာဘွဲ့ ယူဖို့ရာ ပညာသင်ကြားနေချိန်မယ် သီရိလင်္ကာနိုင်ငံက စွယ်တော်အစစ်နဲ့ သုံးလကြာ ပူးတွဲပူဇော်ထားပြီးဖြစ်တဲ့ ဗုဒ္ဓစွယ်တော်ပွား ၆ ဆူကို ယင်းတော်မင်းကျောင်းကို ပေးပို့လှူဒါန်းခဲ့ပါလေတယ်။

ဒါ့အပြင် တရုတ်နိုင်ငံက စွယ်တော်ပွား သုံးဆူကလည်းပဲ ရှိနှင့်ပြီးဖြစ်လေတော့ကာ စွယ်တော်ပွား ၉ ဆူ ရှိနေတော့တာပါ။

ဒီလိုနဲ့ ၁၃၇၁ ခုနှစ်၊ ဝါခေါင်လပြည့်နေ့၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်၊ ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီအချိန်မယ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဇနီး ဒေါ်ကြိုင်ကြိုင်နဲ့အဖွဲ့ဟာ ယင်းတော်မင်းကျောင်းကို ဓာတ်တော်ဖူးရောက်လာခဲ့လေရာကစွယ်တော်တိုက်အတွက် သိန်း ၃၅၀ ကို လှူဒါန်းသွားခဲ့တာပါ။ ဒီစွယ်တော်တိုက်မယ် စွယ်တော်ပွား ၉ ဆူနဲ့ အခြားဘုရားများလဲ ကိန်းဝပ်စံပျော်တော်မူလို့ ရှိနေတော့တာပါ။

**အနိုင်ဘုရား**

ဘိုးတော်ဦးဝိုင်းဟာ ကသဲကို စစ်တိုက်သွားရာမယ် လမ်းခရီးအကြားချုံတစ်ခုမယ် ဘုရားတစ်ဆူကိုတွေ့ရပါလေတယ်။ အဲဒီဘုရားဟာ ပန်းပေါင်းတစ်ထောင်ဘုရား ဖြစ်လို့နေတာကို အံ့ဩဖွယ်ဖူးလိုက်ရတော့တာပါ။ လက်တော် ၁၁ ချောင်း ဖြစ်နေတာကို အကြောင်းပြုလို့ ၁၁ မီး ငြိမ်းရမယ်။ စစ်နိုင်ရမယ်လို့ ဘိုးတော်ဦးဝိုင်းဟာ နိမိတ်ကောက်ယူပြီး စစ်ပွဲမှာလည်း နိုင်ခဲ့လေတဲ့အတွက် "အနိုင်ဘုရား"။ အဲသလိုမျိုး ဘွဲ့တော် တွင်စေပါလေတယ်။ အဲဒီဘုရားကို မန္တလေးမြို့ အိမ်တစ်အိမ်မှာ တွေ့လိုက်ခဲ့ရာက မုံရွာမြို့ မာဃလုလင် ဦးမောင်မောင်က ယင်းတော်မင်းကျောင်း ပို့မယ်။

အဲသလို စိတ်ကူးအကြံဖြစ်တယ် ဆိုရင်ပဲ မရှေးမနှောင်းမှာ ငလျင်လှုပ်တော့တာပါ။ ဒါကြောင့်လည်း အနိုင်ဘုရားရယ်လို့ ထပ်မံအမည်တွင်တော့တာပါ။ အဲဒီဘုရားဟာ ယင်းတော်မင်းကျောင်းကို ၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်၊ အင်္ဂါနေ့မယ် ယင်းတော်မင်းကျောင်းကို ကြွရောက်တော်မူခဲ့ပါလေတယ်။

အနိုင်ဘုရားအတွက် ဘုရားခန်းတစ်ခန်း တိုးချဲ့ရာမယ် အဲဒီဘုရားခန်းမှာ အနိုင်ဘုရားအပါအဝင် ဘုရား ၁၀ ဆူကိုလည်းကောင်း၊ ဗောဓိညောင်ပင်ကိုလည်းကောင်း ရတနာစီခြယ်ထားပါတယ်။ သိန်း ၂၀၀ ကုန်ကျပြီး ကုသိုလ်ရှင်ကတော့ ဗိုလ်မှူးတက်တိုးရှင်(ငြိမ်း) အားမာန်ရှင် ကုမ္ပဏီမိသားစု ဖြစ်ပါတယ်။

(၁၃)

**အနန္တသိဒ္ဓိ သစ္စာဓိဋ္ဌာန်ဘုရားကြီး**

ဟိုးရှေးရှေး နှစ်ပေါင်း ၄၀ ကျော်ကပဲ သာသနာတော် နယ်မြေဖြစ်တဲ့ ယင်းတော်မင်းကျောင်းမယ် ချောက်ကြီးတွေ၊ ရေကန်အဟောင်းကြီးတွေက ရှိလို့နေကြတာပါ။ အဲဒါတွေကို မြေညီအောင်ဖို့လို့ ၃၆ ပေညာဏ်တော်အမြင့်ရှိတဲ့ ဘုရားကြီးတစ်ဆူနဲ့ ဒုလ္လဘရဟန်းခံကြရာမယ် ရဟန်းလောင်း ၅၀၀ လောက်ဆံ့တဲ့ သိမ်တော်တစ်ခုပြုလုပ်ဖို့ရာဆန္ဒ အရှင်နိပုဏာမယ် ရှိလို့နေခဲ့ပါလေတယ်။

အဲသလိုမျိုး စိတ်ကူးဆန္ဒ ရှိနေတုန်းမှာ လယ်ယာဆည်မြောင်းဝန်ကြီးဌာနက ယင်းတော်ကန်ပေါင်ကို မြှင့်တင်ဖို့ရာအတွက် စက်ကြီးတွေနဲ့ ယင်းတော်ကျောင်းအရှေ့ဘက်ရှိ လယ်မြေတွေထဲက မြေတွေကိုယူလို့ ကန်ပေါင်ကို မြှင့်ရာမယ် အကြောင်းသင့်သွားပါလေတော့တယ်။ ချောက်တွေ၊ ကန်ဟောင်းတွေကို ဖို့ဖြစ်သွားပါလေတယ်။

ဒီလိုမျိုး မြေဖို့မြေညှိပြီးတဲ့နောက် နေပြည်တော်က ရဲမှူးဦးမြင့်သိန်း(ငြိမ်း)+ဒေါ်ယဉ်ယဉ်ချိုမိသားစုတို့ ရောက်လာခဲ့ပြီး သိန်း ၁၀၀ လှူဒါန်းသွားတာကြောင့် မရည်ရွယ်ဘဲ ၃၆ ပေ အမြင့်ရှိတဲ့ အနန္တသိဒ္ဓိသစ္စာဓိဋ္ဌာန် ဘုရားကြီးရဲ့ ကုသိုလ်ရှင် ဖြစ်လို့သွားခဲ့ပါလေတော့တယ်။

အဲဒီဘုရားကြီး သီတင်းသုံးဖို့ရာအတွက် ဂန္ဓကုဋိ ကျောင်းဆောင်ကတော့ဖြင့်ရင် သိန်း ၉၀၀ လောက် ကုန်ကျပါတယ်။ ဒကာတွေကတော့ဖြင့်ရင် သန်လျင်မြို့က ယောဂီတရားပြဆရာမ ဒေါ်တင်လှ အစရှိတဲ့ ပြည်တွင်းပြည်ပက အများကောင်းမှုပါ။

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ တနင်္လာနေ့မယ် အနန္တသိဒ္ဓိသစ္စာဓိဋ္ဌာန် ဘုရားကြီးကို အနေကဇာတင်တာ၊ ရေစက်ချတာ ပြီးမြောက်အောင်မြင်ခဲ့ပါလေတယ်။

ဆိုခဲ့လေတဲ့ ယင်းတော်မင်းကျောင်း သာသနာ့နယ်မြေမယ် ရှိနေကြလေတဲ့ ထူးထူးခြားခြားဘုရားများကို ပြည်တွင်းပြည်ပ ဘုရားဖူးတွေ ရှင်ရှင်မြူးမြူး စိတ်ကြည်နူးစွာ ဖူးလို့နေကြတာကို စဉ်ဆက်မပြတ်တွေ့လို့နေရတာဟာဖြင့်ရင် စိတ်ထဲမယ် ကြည်နူး ဝမ်းမြောက်လို့ နေပါလေတော့တယ်။


❒ သာစည်ခေအာင်တင်ဓာကိုး

*သန်လျင်တောရ ယင်းတော်မင်းကျောင်း၌ အထူးဘဝင်ကြည်နူးစွာ ဖူးမြင်နိုင်ကြသော ထူးထူးခြားခြားဘုရားများ (ဟိတေသီ နေလ အရှင်နိပုဏ)*



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာတိုက်တောင်း မန္တလေးမြို့
ဦးချစ်ဆွေ့ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော

# ဝေဒနာ ရုပဿနာရှုနည်း အလုပ်ပေးတရားတော်

(ယခင်လမှအဆက်)

ကိုင်း. . . ဒါဖြင့် မဂ္ဂဗြဟ္မစရိယာအကျင့်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ဒီခန္ဓာငါးပါးကို ဒကာ၊ ဒကာမတို့ ဒုက္ခသစ္စာမြင်အောင် ကြည့်ရလိမ့်မယ် (မှန်ပါ့ဘုရား)။ ခန္ဓာငါးပါးကို ဘယ်လို မြင်အောင် ကြည့်ရမှာပါလိမ့် (ဒုက္ခသစ္စာမြင်အောင် ကြည့်ရပါမယ်)။ နဂိုက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။

ဩော်. . . နဂိုက ဒုက္ခသစ္စာကို ကျုပ်တို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မမြင်သေးကတည်းကိုက ဩော်. . . အဝိဇ္ဇာနဲ့တဏှာရှိသေးတော့ လူမိုက်ထဲကပါကလားလို့ ဆိုနိုင်ကြသလား (ဆိုနိုင်ပါတယ် ဘုရား)။ အဝိဇ္ဇာနဲ့တဏှာ ရှိနေကတည်းက ဘယ့်နှယ်ဆိုကြမယ် (လူမိုက်ထဲကပါ ဘုရား)။

လူမိုက်ထဲက ပါနေသေးတော့ ကျုပ်တို့သည်တဲ့ ဒကာ၊ ဒကာမတို့ ယခုလို သာသနာတွင်းကြုံ၍ ဒုလ္လဘဆုံတဲ့အခါမှာ ကြိုးစားရတော့မယ် မဂ္ဂဗြဟ္မစရိယာ အကျင့်ကိုနော် (မှန်ပါ့)။ ကျင့်မှသာလျှင် လူလိမ္မာထဲသို့ ရောက်တော့မယ်ဆိုတာ ငြင်းဖို့လိုသေးသလား (မလိုပါ ဘုရား)။ သဘောပါကြပြီလား (ပါပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ လုပ်ဖြစ်အောင် လုပ်ပါဆိုတာဖြင့် အထူးတိုက်တွန်းနေစရာ မလိုပါဘူး။ နောက် ခန္ဓာဒုက္ခသစ္စာကြီး ရလို့ရှိရင် အိုဘေး၊ နာဘေး၊ သေဘေးကို ကိုယ်တိုင်နွဲရမှာ



www.burmeseclassic.com

www.burmeseclassic.com

(မှန်ပါ့)။ မနွဲ့ပေဘူးလား (နွဲ့ရပါမယ် ဘုရား)။ အိုပွဲ၊ နာပွဲ၊ သေပွဲ ဘယ်လိုတုံး (နွဲ့ရပါမယ် ဘုရား)။ ဒီခန္ဓာကြီးကလည်း အိုပွဲ၊ နာပွဲ၊ သေပွဲ နွဲ့ရဦးမှာ (မှန်ပါ့ ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာနောက်ကလိုက်ဦးမယ်ဆိုရင် နောက်ခန္ဓာလည်း ဒီပွဲပဲနွဲ့ရပြန်တော့မယ် (မှန်ပါ့)။ ကောင်းနိုင်စရာမြင်သေးရဲ့လား (မမြင်ပါ ဘုရား)။

ဒါကြောင့် ကျုပ်တို့မျက်ရည်တွေ သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်ဆိုတာ ဒီအဝိဇ္ဇာနဲ့ တဏှာချည်းလိုက်နေလို့ (မှန်လှပါဘုရား)။

ဒီတစ်ခါ ကံကောင်း ဉာဏ်ကောင်းနဲ့ ခင်ဗျားတို့ ကံကောင်းတာတော့ ပြောဖို့မလိုပါဘူး။ ဉာဏ်ကောင်းကလေး အသုံးချလိုက်လို့ရှိရင်ဖြင့် ဩော်. . . ဒုက္ခစက်ရဟတ်ဖြင့် ပြတ်တော့မှာပဲဆိုတာ မှတ်လိုက်ပါ (မှန်ပါ့ ဘုရား)။ရှင်းပလား (ရှင်းပါပြီ)။

ကံကောင်းသလောက် ဉာဏ်မကောင်းမှာဖြင့် ဘုန်းကြီးက သိပ်စိုးရိမ်တယ် (မှန်လှပါ ဘုရား)။ ဒကာ၊ ဒကာမတွေ ကံကောင်းလို့ သာသနာတွင်းနဲ့ကြုံတယ် (မှန်ပါ့)။ ပြောနိုင်ဆိုနိုင်တဲ့ ဆရာကောင်း သမားကောင်းတွေနဲ့ကော (ဆုံပါတယ် ဘုရား)။ ထောင်နိုင်တဲ့နားတွေကကော (ကြုံပါတယ် ဘုရား)။

အဲ. . . ဉာဏ်မကောင်းတော့ ဒကာ၊ ဒကာမတို့ မကျင့်ဖြစ်ဘူး (မှန်ပါ့ဘုရား)။ ကျင့်ဖြစ်မှ ဉာဏ်ကလည်း ထိုးထွင်းလာမှာ ဖြစ်နေတော့ ဒကာ၊ ဒကာမတို့ မဂ္ဂဗြဟ္မစရိယာအကျင့်ကို ကျင့်ဖြစ်အောင် ကျင့်ပါဆိုတာ တိုက်တွန်းရပြန်တယ် (မှန်ပါ့ ဘုရား)။

သို့သော် မဂ္ဂဗြဟ္မစရိယာအကျင့်ကို ကျင့်မယ်ဆိုတဲ့အခါမှာ ဦးခင်မောင် ကျင့်တဲ့အခါမှာ ကွယ်ဖုံးနေတာကလေး ယနေ့ ပြောပေးချင်သေးတယ် (မှန်လှပါ ဘုရား)။

ဒီမဂ္ဂဗြဟ္မစရိယာအကျင့်ကို ကျင့်တော့မယ်ဆိုတော့ ခန္ဓာကြည့်ကြရမှာကိုး (မှန်ပါ့)။ ဘယ်ကြည့်ရမှာတုံး (ခန္ဓာကြည့်ရမှာပါ ဘုရား)။

ဩော်. . . ခန္ဓာကြည့်ကြရမယ်၊ ခန္ဓာကြည့်တဲ့ အချိန်ကျလို့ရှိရင်ဖြင့် ကိုယ့်ခန္ဓာကိုယ် ကြည့်လျက်သားနဲ့ ဒီခန္ဓာကြီးထဲမှာ ဒုက္ခသစ္စာရှိတာ မမြင်တာသည် ဘာကြောင့်ပါလိမ့်မတုံးဆိုတော့ အကွယ်အဖုံးတွေ ရှိနေလို့ပဲ (မှန်လှပါဘုရား)။ သဘောကျကြပလား (မှန်ပါ့)။

ဒါဖြင့် ခန္ဓာကြီးထဲမှာ ရှိတာဖြင့် ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက် ဒါတွေပဲမရှိဘူးလား (ရှိပါတယ် ဘုရား)။ ဒါတွေပဲရှိတာ "အနိစ္စာ ဝတ သင်္ခါရာ"ပဲရှိတာပဲ (မှန်ပါ့)။ ဒီပြင် ဘာများရှိသေးသတုံး (မရှိပါဘုရား)။ အဲ. . . အနိစ္စာ ဝတ သင်္ခါရာပဲ ရှိတဲ့ဥစ္စာကို ဒကာ၊ ဒကာမတွေက သိလျက်သားနဲ့ အနိစ္စလည်းမမြင်ဘူး၊ သင်္ခါရလည်း မမြင်ဘူးဆိုတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အကွယ်အဖုံးဖြင့်ရှိပေါ့ (မှန်လှပါဘုရား)။ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ (အကွယ်အဖုံးဖြင့် ရှိပါတယ်ဘုရား)။

အကွယ် အဖုံးရှိတယ် (မှန်ပါ့)။ အဲဒါကို ဘုန်းကြီးက ဒကာ၊ ဒကာမတွေ ဒီအကွယ်လာရင် ဒီအကွယ်ဖယ်ပါ၊ ဒီအဖုံးလာရင် ဒီအဖုံးဖွင့်ပါ (မှန်ပါ့)။ ဒါ သင်မပေးပြန်လို့ရှိရင်လည်း ဒကာ၊ ဒကာမတွေမှာ ကိုယ်ကျိုးနည်းချေရဲ့ (မှန်လှပါ ဘုရား)။ သူ့ အကွယ်အဖုံးက ရှိသကိုးဗျ (မှန်ပါ့ဘုရား)။ သဘောပါကြပလား (ပါပါတယ် ဘုရား)။

ဒါဖြင့် ယနေ့ ဒကာ၊ ဒကာမတို့ ဝိပဿနာရှုမယ်ကြံလို့ ဒုက္ခသစ္စာကြီးလျက်သားနဲ့ တပည့်တော်တို့ ခန္ဓာကြီးက ဒုက္ခသစ္စာလို့ဆိုတာ စာသိတော့ သိနေပြီ။ ကိုယ့်အမြင်နဲ့ အသိက မရှိသေးဘဲ ဖြစ်နေတာ အဖုံးရှိလိမ့်မယ် (မှန်လှပါဘုရား)။ ကိုယ့်အမြင်နဲ့ မသိဘဲနေတာ ဘာပါလိမ့် (အဖုံးရှိနေတာပါ ဘုရား)။

အဲ. . . အဖုံးရှိနေမှာ စိုးရိမ်တဲ့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဖုံးငါးချက်ကို ဖွင့်ပေးပါကွာ၊ ဒါမှ မြင်တော့မပေါ့တဲ့ (မှန်ပါ့ ဘုရား)။ ဘာဖွင့်ပေးရမလဲ (အဖုံးဖွင့်ပေးရပါ့မယ်)။ သေသေချာချာ နားထောင်ပါ ဒကာ၊ ဒကာမတို့ ဘာဖွင့်ပေးရပါလိမ့် (အဖုံးဖွင့်ရမှာပါဘုရား)။ အဖုံးငါးချက်ကို ဖွင့်ပေးရလိမ့်မယ်နော် (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် မှတ်ကြ၊ အဖုံးငါးချက်ကိုနော်၊ ဒါဖြင့် ဒီဟာ ခဏကလေး ထားလိုက်ဦး။ အဖုံးငါးချက်ကို ဒကာ၊ ဒကာမတွေ စပြီး လမ်းခင်းပါဦးမယ်၊ ပြီးမှ ဝိပဿနာကိစ္စတွေ သွားကြရအောင် (မှန်ပါ့ဘုရား)။

အဖုံးဘယ်နှချက်ပါလိမ့် ဒကာ၊ ဒကာမတို့ (ငါးချက်ပါဘုရား)။ ဩော်. . . အဖုံးငါးချက် အဖုံးငါးချက်၊ စာလိုသုံးတော့ နီဝရဏတရား ငါးပါးပဲ (မှန်ပါ့ဘုရား)။ စာလိုသုံးတော့ ဘာတဲ့ (နီဝရဏတရားပါဘုရား)။

အေး. . . ဒကာ၊ ဒကာမတွေ နားလည်မှုနဲ့ ဆရာဘုန်းကြီးက ပြောပြန်လို့ရှိရင် အဖုံးငါးချက်ပဲ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ဒကာ၊ ဒကာမတွေ နားလည်မှုနဲ့တော့ (အဖုံးငါးချက်ပါဘုရား)။ စာလိုသုံးတော့ (နီဝရဏတရား ငါးပါးပါဘုရား)။


အေး. . . ပါဠိလိုတော့ နီဝရဏဆိုတဲ့ဥစ္စာ ဖုံးတတ်တဲ့တရားဆိုတာ မြန်မာလို ပြန်တဲ့အခါကျတော့ ဦးခင်မောင် အဖုံးငါးချက် ခေါ်လိုက်တာပါပဲ (မှန်ပါ့)။

လောဘဟာလည်း ဒကာ၊ ဒကာမတို့ ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှုကို ဖုံးတာပါပဲ (မှန်ပါ့)။ ဒေါသဟာလည်း ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှုကို (ဖုံးတာပါပဲ)။ ဒီထဲမှာ ထိနမိဒ္ဓဆိုတဲ့ တရားနှစ်ခုကလည်း ဒကာ၊ ဒကာမတို့ ဘာဆိုကြပါ့မယ် (ဖုံးတာပါပဲ)။ ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှုကို ဖုံးထားတယ် (မှန်လှပါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ ဘယ်နှချက် ရှိသွားပြီလဲ (သုံးချက်ရှိသွားပါပြီဘုရား)။

ဥဒ္ဒစ္စ၊ ကုက္ကုစ္စ ဆိုတဲ့ ၄-နံပါတ်ကလည်း ဒကာ၊ ဒကာမတို့ ခန္ဓာ၏ဖြစ်ပျက်ဒုက္ခသစ္စာကြီးကို ဘာလုပ်ထားသလဲ (ဖုံးထားပါတယ်ဘုရား)။

ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားမှုကလည်း ဒကာ၊ ဒကာမတို့ ခန္ဓာ၏ဖြစ်ပျက်ကြီး ဘာလုပ်ထားပါလိမ့် (ဖုံးထားပါတယ်ဘုရား)။ သြော်. . . တို့ ဝိပဿနာဉာဏ်မှ မရလို့ရှိရင် မဂ်ဉာဏ်မရ၊ မဂ်ဉာဏ်မှမရလို့ရှိရင် နိဗ္ဗာန်မမြင် (မှန်ပါ့ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

အေး. . . ဒါဖြင့် ဝိပဿနာဉာဏ် မရလို့ရှိရင် မဂ်ဉာဏ်ကော (မရပါဘုရား)။ မဂ်ဉာဏ်မရရင် နိဗ္ဗာန်ကော (မမြင်နိုင်ပါဘုရား)။

မမြင်နိုင်တဲ့ ဥစ္စာသည် ဤကဲ့သို့ ဝိပဿနာဉာဏ်ကို ဖုံးထားတာဖြစ်၍ ဦးခ[illegible]ာင်ရေ ဘယ်နှချက်တဲ့တုံး (ငါးချက်ပါဘုရား)။

အေး. . . ဒါကို သေသေချာချာမှတ်၊ ဒါကို သေသေချာချာ မှတ်ကြ၊ အလုပ်လုပ်မယ်ကြံလို့ရှိရင် ဖွင့်တတ်ဦးမှကိုး နော် (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဖွင့်ကြပါစို့။ ဖွင့်တော့မယ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ ဝတ္ထုကလေးကို ပဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကို သွားပြီး သကာလ ဒကာ၊ ဒကာမတွေ အဲဒီကလာတဲ့တရား ဖြစ်သောကြောင့် ဒါကလေးကို ဖယ်နည်းရှားနည်းကလေးကို သင်ပါဦးမယ် (မှန်ပါ့)။

ဖယ်နည်း ရှားနည်းကလေးက ဒကာ၊ ဒကာမတို့ ဒကာ၊ ဒကာမတွေသည်တဲ့ ဆရာဘုန်းကြီးက အိမ်ရောက်လည်း ရှုကြပါနော်။ ခန္ဓာတွေ ရှုကြပါ၊ တခြားမကြည့်ပါနဲ့ ခန္ဓာကိုကြည့်ပါ။ ခန္ဓာသည် ဘာဖြစ်နေသလဲဆိုတာ သေသေချာချာကြည့်ပါ။ နေမကောင်း ထိုင်မသာတွေ အကြည့်ခိုင်းတာ မဟုတ်ပါဘူးနော် (မှန်ပါ့)။

ခန္ဓာတွေ ခဏခဏ တဖျပ်ဖျပ်နဲ့ ဖောက်ပြန်ပျက်စီးနေတာကို အကြည့်ခိုင်းတာ (မှန်ပါ့)။ ကိုယ့်ခန္ဓာကိုယ် မှန်ကြည့်သလို ကြည့်ပြီးသကာလ ကျန်းမာမှု၊ ချမ်းသာမှု ကြည့်နေတာကို ဆိုတာမဟုတ်ဘူးနော် (မှန်ပါ့ဘုရား)။

ခန္ဓာကြီးက ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ တစ်ခါတည်း ဖောက်ပြန်ပျက်စီးနေတာကို ကြည့်စေချင်လို့ ဆိုတာလည်း မှတ်ထားလိုက်ပါဦး (မှန်ပါ့ဘုရား)။

အဲဒီ ကြည့်စေချင်တဲ့ဥစ္စာ မမြင်ဘူးဘုရားဆိုတော့ ဒကာ၊ ဒကာမတွေ မမြင်တာ ဖုံးနေလို့ပေါ့ (မှန်ပါ့)။ ဘယ်လိုဆုံးဖြတ်ချက် ချကြမလဲ (မမြင်တာ ဖုံးနေလို့ပါဘုရား)။

အဲဒါကြောင့် ပဋ္ဌကနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်ကြီးမှာ ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်း အဖုံးငါးချက် မဖွင့်တတ်လို့ရှိရင်ဖြင့် အခက်ကြီးခက်တော့တာပဲ (မှန်ပါ့ဘုရား)။

အဖုံးငါးချက် မဖွင့်တတ်လို့ရှိရင် ဝိပဿနာဉာဏ်မရဘူး (မှန်ပါ့)။ ဝိပဿနာဉာဏ် မရရင် နိဗ္ဗာန်မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘုရား)။

မအို မသေ အမြဲနေတဲ့နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်၊ ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာသိမ်းရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်၊ ဘယ်ကနည်းနဲ့မှ မရနိုင်ဘူးဆိုတော့ သြော်. . . ဒါဖြင့် တို့အရေးကြီးနေတာ ဘာပါလိမ့်မတုံး ဆိုလို့ရှိရင် ဝိပဿနာဉာဏ် အမြင်သန်ဖို့ အရေးကြီးပါကလား (မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ် အမြင်သန်ဖို့ရာမှာလည်း အဖုံးက ဘယ်နှချက်ဖုံးထားသလဲ (ငါးချက် ဖုံးထားပါတယ်)။ အဲဒီငါးချက်ဖုံးတာကို ဘုန်းကြီးက ယနေ့ ဒကာ၊ ဒကာမ တွေကို ဖွင့်ပြီးသကာလပြရဦးမယ် (မှန်ပါ့)။

တရားဟောတော့ ဒကာ၊ ဒကာမတို့ ကိုယ့်သန္တာန်မှာ စဉ်းစားကြည့်တော့ ကိုယ့်ဒုက္ခမသိမ်းနိုင်သရွေ့ ကာလပတ်လုံး နေ့တိုင်းဟောတဲ့ တရားဟာ အရေးကြီးတဲ့တရားချည်းမှတ် (မှန်ပါ့ဘုရား)။ နေ့တိုင်းဟောတဲ့ တရားတွေဟာ (အရေးကြီးပါတယ် ဘုရား)။

ဘာကြောင့်တုံး. . . ကိုယ့်ဒုက္ခ မကုန်သေးလို့ရှိရင်ဖြင့်၊ ကိုယ့်အနာ မပျောက်သေးလို့ရှိရင်ဖြင့် အနာပျောက်တဲ့ဆေး ယူရတဲ့နည်းဟာလည်း အရေးကြီးစွာ ယူရလိမ့်မယ်၊ အလျင်အမြန် ယူရလိမ့်မယ်ဆိုတာ ဦးဝတို့၊ မောင်ထွန်းလှိုင်တို့ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် နာဖူးတဲ့ပုဂ္ဂိုလ်လည်း နာဖူးကြလိမ့်မယ်။ မနာဖူးတဲ့ပုဂ္ဂိုလ်တွေက အများကြီး ဖြစ်ပြီးသကာလ နေတော့ ဒကာ၊ ဒကာမတို့ ဝိပဿနာရှုတဲ့အခါ မမြင်တာ



www.burmeseclassic.com

www.burmeseclassic.com

သည် လောကီဥပမာ ပြကြပါစို့ဆိုတော့ ဒကာ၊ ဒကာမတွေ ရှေးကတော့၊ ဘုရားလက်ထက်ကတော့ မှန်တွေ ဘာတွေ ဒီလောက်ထွန်းကားသေးတာ မဟုတ်တော့ ရေခွက်ကို ပမာန ထားကြတယ်နော် (မှန်ပါ့ဘုရား)။

ရေခွက်ထဲမှာ ဒကာ၊ ဒကာမတို့ ရေကလေးကြည်နေအောင်ထား၊ ရေကလေးကြည်ပြီးသကာလ နေမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ အဲဒီရေကြည်ထဲမှာ ဆေးနီတို့၊ ဆေးဝါတို့၊ ဆေးပြာတို့များ ရောလိုက်မယ်ဆိုလို့ရှိရင် ဒကာ၊ ဒကာမတို့ မျက်နှာ ဟပ်ကြည့်ရင် မျက်နှာရိပ် ပေါ်ပါ့မလား (မပေါ်ပါဘုရား)။ ဩော်. . . ရေထဲမှာ အရောရှိနေလို့ (မှန်ပါ့)။ ဘယ်လိုဆိုကြပါ့မယ် (ရေထဲမှာ အရောရှိနေလို့ပါ ဘုရား)။

ရေထဲမှာ အရောရှိနေတဲ့အတွက် ဒကာ၊ ဒကာမတို့ ကိုယ့်မျက်နှာရိပ်ကို ရေမှန်ကြည့်လိုက်ပါတယ်။ ရေမှန်မှာ ကြည့်လိုက်တဲ့အခါကျတော့ မျက်ခုံးလည်းမပေါ်လာ၊ မျက်လုံးလည်းမပေါ်လာ၊ မှဲ့ တင်းတိပ်လည်းမပေါ်လာ၊ ဘယ့်နှယ်ကြောင့် မပေါ်လာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ရေထဲမှာ အရောရှိနေလို့ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့် (ရေထဲမှာ အရောရှိနေလို့ပါဘုရား)။ ဩော်. . . မျက်နှာရိပ်ထင်သေးရဲ့လား (မထင်ပါဘုရား)။

ရှင်းပြီနော် (ရှင်းပါပြီ)။ ဩော်. . . ဒါဖြင့် ဒီအရောဖယ်လိုက်ရလို့ရှိရင်ဖြင့် ရေကြည်လာလိမ့်မယ်နော် (မှန်ပါ့)။ ဒီအရော ဖယ်လိုက်ရရင် (ရေကြည်လာမှာပါဘုရား)။

ရေကြည်လာမှ မျက်နှာနဲ့ ရေခွက်နဲ့ ဟပ်လိုက်လို့ရှိရင်ဖြင့် မျက်လုံး မျက်ခုံးတွေ မမြင်ဘူးလား (မြင်ရပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ကိုယ့်ခန္ဓာ၏ဖြစ်စဉ်ကို ကိုယ့်ဉာဏ်အမြင်နဲ့ ကြည့်ချင်ငြားသော်လည်း ကိုယ့်ခန္ဓာဉာဏ်ထဲမှာ အရောရှိရင် မရဘူးတဲ့ (မှန်ပါ့ဘုရား)။ ကိုယ့်ခန္ဓာဖြစ်စဉ်က ကိုယ့်ဉာဏ်အမြင်နဲ့ မျက်နှာဟပ်ကြည့်ငြားသော်လည်း အရောရှိနေရင် (မမြင်ရပါဘုရား)။

အရောရှိနေရင် (မမြင်ပါ)။ ဩော်. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ အနိစ္စ ဒုက္ခသစ္စာ ဒီခန္ဓာမှာ အပြည့်နဲ့၊ အကုန်လုံး အနိစ္စ ဒုက္ခသစ္စာ အမှန်တကယ် ဖြစ်ပြီး သကာလ နေငြားသော်လည်းတဲ့ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ မမြင်ဘဲဖြစ်နေတာ ကြားထဲမှာ အရောတော့ရှိပြီ (မှန်ပါ့ ဘုရား)။ မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

အင်း. . . အရောရှိနေတယ်။ ခုနက ရေခွက်ထဲ၌ ဆေးနီ၊ ဆေးပြာ၊ ဆေးဝါတွေ ရောလိုက်တဲ့အခါမှာ ဒကာ၊ ဒကာမတွေရဲ့ မျက်နှာနဲ့ ဟပ်ကြည့်လိုက်တော့ ကိုယ့်မျက်လုံး ကိုယ့်အရိပ်တွေ ကိုယ်မြင်ရရဲ့လား (မမြင်ရပါဘုရား)။ ဩော် ကြည့်ပြီဆိုရင်တော့ (မြင်ရပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ စဉ်းစားကြတော့၊ ရေမကြည်ရင် မျက်နှာရိပ် မထင်ဘူး၊ မပေါ်ဘူး (မှန်ပါ့ဘုရား)။ ရေကြည်ရင်ဖြင့် (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာတည်းဟူသော မှန်ကြီးကို ဒကာ၊ ဒကာမတို့ ကိုယ့်ဉာဏ်တည်းဟူသော မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါ ခန္ဓာတည်းဟူသော မှန်ကြီးထဲ ဒုက္ခသစ္စာတွေ အပြည့်အလျှံ ရှိနေတာကို မမြင်တာသည်ကားလို့ ဆိုရင်ဖြင့် ဒီကြားထဲ အရောရှိလို့ပေါ့ (မှန်ပါ့ဘုရား)။ ဘယ်လို ဆိုကြပါ့မယ် (ဒီကြားထဲ အရောရှိနေပါတယ် ဘုရား)။ အရောရှိနေပြီဆိုတာ သေချာကြပလား (သေချာပါတယ် ဘုရား)။

အေး. . . ဒါကြောင့် ဒီအရောမှ မဖယ်လို့ရှိရင် ဒီရေကြည်စရာ မြင်သေးရဲ့လား (မမြင်ပါဘုရား)။

ဒီခန္ဓာ ကြည်စရာမမြင်ဘူး။ ဒါကြောင့် ဘုတ်လေးပါး "မဟာဘုတ် လေးပါး" ဆိုတာ အကြည့်မှန်ကြီးနဲ့တူတယ် ဆိုတဲ့ ဥစ္စာထဲ အဋ္ဌကထာဆရာများ သိပ်ပြီးရေးကြပါတယ် (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ရောနေလို့ရှိရင်လည်း မမြင်ဘူးဆိုတာ သေချာပြီနော် (သေချာပါပြီ)။ ကိုင်း. . . ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးထုတ်တဲ့ ဥပမာကလေး၊ ဥပမာရယ်လို့တော့ မဟုတ်ပါဘူး၊ ဝတ္ထုကလေးကို နည်းနည်း ထည့်လိုက်ပါဦးမယ် ဒကာ၊ ဒကာမတို့နော် (မှန်ပါ့ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ သင်္ဂါရဝ သတို့သားနဲ့တွေ့တယ်။ သင်္ဂါရဝ သတို့သားကလည်း ဉာဏ်ကလေးက ပါတဲ့ပုဂ္ဂိုလ်ဖြစ်လို့ အရှင်ဘုရားတဲ့ တပည့်တော် ပုဏ္ဏားဖြစ်ပါတယ်၊ ပုဏ္ဏားဆိုတဲ့ဥစ္စာ တပည့်တော်တို့ မန္တန်သရဇ္ဈာယ်ရပါတယ်၊ မန္တန်တွေ ဘာတွေ အင်မတန် ရရပါတယ်။ အဲဒါ တပည့်တော် မသိလို့ဘဲ မေးလျှောက်ပါရစေ ဘုရား။ တစ်ခါတလေကျလို့ရှိရင်ဖြင့် ရပြီးသားတွေတောင် မေ့ကုန်တယ်။ တွေးလို့ကို မရဘူး။ ပြန်စရာတောင် မရှိပါ ဘုရား။

တစ်ခါတလေကျပြန်တော့လည်း တပည့်တော်မှာ ရှေးတုန်းက ငယ်ငယ်တုန်းက မေ့ပြီးသားစာတွေတောင် ပြန်ပေါ်ပါတယ် ဘုရားတဲ့။ သဘောကျပလား (ကျပါပြီ)။ တစ်ခါတလေကျတော့ ဘာလဲ ရပြီးသားတွေ (မေ့ကုန်ပါတယ်)။ တစ်ခါတလေကျတော့ ရှေးငယ်ငယ်က ပစ်ထားတာတွေတောင် (ပြန်ပေါ်ပါတယ် ဘုရား)။ အဲဒီနှစ်ကြောင်းတော့ အရှင်ဘုရား အမိန့်ရှိဦးမှ ကောင်းမယ်။ သဘောကျပလား (မှန်ပါ့ ဘုရား)။

အေး. . . ဒါဖြင့် သင်္ဂါရဝ ငါရှင်းပြမယ်ကွဆိုပြီး သကာလ ခုနက ပြောခဲ့တဲ့ရေခွက်ထဲမှာ ဆေးနီ ဆေးဝါ ဆေးပြာတွေ ရောပြီးသကာလ မင်းမျက်နှာနဲ့ ဟပ်ကြည့်တော့ သင်္ဂါရဝ သတို့သား မင်းမျက်နှာရိပ် ထင်ပါ့မလားလို့



www.burmeseclassic.com

www.burmeseclassic.com

မေးလိုက်တော့ ပုဏ္ဏား ဘယ့်နှယ်ဖြေမယ် ထင်သလဲ (မထင်ပါ ဘုရား)။

မျက်နှာရိပ် ထင်နိုင်ကြပါ့မလား (မထင်နိုင်ပါ ဘုရား)။ ဘာတုံး ရေထဲမှာ ဆေးနီ ဆေးဝါ ဆေးပြာတွေက ဘယ့်နှယ်ဖြစ်နေသတုံး (ရောနေပါတယ် ဘုရား)။

အဲ. . . ဒီမှာလည်း ဒကာ၊ ဒကာမတို့ ကိုယ့်ခန္ဓာကိုယ်ကို ဝိပဿနာရှုမယ် ကြံလို့ရှိရင်ဖြင့် လောဘစိတ်ကလေးတွေ ရှိပြီး ကြားခိုနေလို့ရှိရင်၊ ဒီကဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျ လို့ရှိရင် လောဘစိတ် ကြားခိုနေလို့ရှိရင်ဖြင့် ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို ဘယ်တော့မှ မမြင်ဘူး (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ လောဘခံနေရင် (မပေါ်ပါ ဘုရား)။

အင်း. . . လောဘကလည်း လောဘမူစိတ် ရှစ်ခုဆိုတော့ ဒိဋ္ဌိဂတသမ္ပယုတ်တွေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်တွေနဲ့ အင်း . . . တစ်ခါတည်း ဆေးနီ၊ ဆေးပြာ၊ ဆေးဝါတွေဟာ ဒကာသစ်ရေစုံလို့ပေါ့ (မှန်လှပါ ဘုရား)။ ကိုမြွေရေ စုံလို့ပေါ့ဗျာ (မှန်လှပါ ဘုရား)။

အဲဒီ စုံနေတဲ့ အရောကြီးမှာ မျက်နှာရိပ်ထပ်ကြည့်တော့ ဘယ့်နှယ်လုပ်ပါ့မလဲ (မပေါ်ပါ ဘုရား)။

အဲဒီတော့ ဘုန်းကြီးက သတိပေးလိုက်ပါတယ် ဒကာ၊ ဒကာမတို့ ဆေးနီ၊ ဆေးဝါ၊ ဆေးပြာတွေ ဖယ်ကြစို့ရဲ့ (မှန်ပါ့)။ ဘာပြုလို့တုံး ရေကြည်စေချင်လို့ (မှန်ပါ့ ဘုရား)။

ဆေးနီ၊ ဆေးဝါ၊ ဆေးပြာတွေ ဖယ်ကြစို့ ဒကာ၊ ဒကာမတို့ (မှန်ပါ့)။ ဘယ့်နှယ်ကြောင့် အဖယ်ခိုင်းပါလိမ့် (ရေကြည်စေချင်လို့ပါ)။

ရေကြည်ကြည် မျက်နှာဟပ်လိုက်ရလို့ ရှိရင်ဖြင့် ကိုယ့်ခန္ဓာအရိပ်ဟာ 'ဒုက္ခသစ္စာအရိပ်ကြီးဟာ' ပေါ်တော့မယ် (မှန်ပါ့ ဘုရား)။ ဦးခင်မောင် ပေါ်ပါ့မလား (ပေါ်ပါတယ် ဘုရား)။

အဲဒီမှာလည်း ထို့နည်းအတူပဲ ဒကာ၊ ဒကာမတို့ ကိုယ့်ခန္ဓာကြီးကို ကိုယ်ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒီကြားထဲမှာ စိတ်ထဲမှာ လောဘတွေပါနေလျက်၊ ဒေါသတွေပါနေလျက်နဲ့ ဝိပဿနာ ရှုမယ်ဆိုလို့ရှိရင်ဖြင့် ဒီဆေးနီကလေးတွေဟာ ရောပြီးသား ဖြစ်နေတဲ့အတွက် ဒီခန္ဓာကြီးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာအရိပ်ကြီးဟာ ဒကာ၊ ဒကာမတို့ မမြင်ဘူးတဲ့ (မှန်လှပါ ဘုရား)။ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါ ဘုရား)။

ဒကာ၊ ဒကာမတို့ လောဘတည်းဟူသော ဆေးနီ ဆေးဝါတွေ ရောနေတယ်။ ရောနေတော့ ခန္ဓာတည်းဟူသော ရေပြင်မှာ ကြည်ကြည်လင်လင် မရှိတဲ့အတွက် ကိုယ့်မျက်နှာရိပ်ဆိုတဲ့ အနိစ္စရိပ် ဒုက္ခရိပ် အနတ္တရိပ် ဒုက္ခသစ္စာရိပ်တို့ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါ ဘုရား)။

ဪ. . . ဒါဖြင့် ဒကာ၊ ဒကာမတွေက အိမ်ကျတော့ ဆရာဘုန်းကြီးက မှာလိုက်တယ်။ ဝိပဿနာရှုကြ၊ ဝိပဿနာရှုကြ၊ ဒါမှသာလျှင် ဒီဝေဒနာချုပ်မယ်၊ ဒီဝေဒနာချုပ်မှသာလျှင် နောက်ခန္ဓာကြီး ရမယ်လို့ သင်လွှတ်လိုက်တဲ့အတွက် အိမ်ကျတော့ ရှုကြပါတယ်။ ရှုကြပေမယ့်လည်း ဒီလောဘကလေးက သားခင်တဲ့လောဘ၊ သမီးခင်တဲ့လောဘ ဒါကလေးက ဝင်ပြီးသကာလ ရှုနေတော့၊ ထိုင်နေတော့ ထိုင်တာပဲ ဘုရားမြင်ကိုမမြင်သေးဘူးဆိုတော့ အရောကို သူမဖယ်လိုက်ဘူး (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဆေးပြာ၊ ဆေးဝါနဲ့တူတဲ့ လောဘက ရောမနေဘူးလားဗျာ (ရောနေပါတယ် ဘုရား)။ အဲ သူရောနေတဲ့အတွက် ဒကာ၊ ဒကာမတို့ ဉာဏ်တည်းဟူသော မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျလို့ရှိရင် ကိုယ့်ခန္ဓာကြီး ဖြစ်ပုံပျက်ပုံ မြင်သေးရဲ့လား (မမြင်ပါ ဘုရား)။

ဪ. . . ဘာခံနေပါလိမ့် (လောဘခံနေပါတယ် ဘုရား)။ လောဘတည်းဟူသော ဆေးနီ၊ ဆေးဝါ၊ ဆေးပြာနဲ့ ရောလို့ချည်း တွေ့နေတာကိုး (မှန်ပါ့)။ မျက်နှာရိပ်ကို ထင်စရာရှိသေးရဲ့လား (မရှိပါ ဘုရား)။

အဲဒီတော့ ဘုန်းကြီးက သတိပေးလိုက်တယ်။ အားလုံး တရားနာတဲ့ ဒကာ၊ ဒကာမတွေ ဒီအရေး အင်မတန်ကြီးတယ်ဆိုတာ မှတ်မိကြပလား (မှတ်မိပါပြီ ဘုရား)။

ကိုယ့်ရှိလျက်နဲ့ ကိုယ်မမြင်တာဟာ အရောရှိလို့ ဦးခင်မောင်ရေ (မှန်ပါ့)။ ကိုယ့်ရှိလျက်နဲ့ (ကိုယ်မမြင်တာဟာ အရောရှိလို့ပါ ဘုရား)။ အရောရှိလို့ဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတို့ သားရေး၊ သမီးရေး၊ စီးပွားရေးကို ခင်တွယ်တဲ့ လောဘကလေးနဲ့ ရောနေတဲ့အချိန်ကျလို့ရှိရင်ဖြင့် ဆေးနီ၊ ဆေးပြာ၊ ဆေးဝါဆိုတဲ့ အရောရှိနေတဲ့အတွက် ဉာဏ်ကလေးနဲ့ ထိုးဖောက်ဖို့ရာအတွက် မရဘဲ ဖြစ်နေတယ် (မှန်ပါ့)။ ခန္ဓာကို ထိုးဖောက်နိုင်သေးရဲ့လား (မထိုးဖောက်နိုင်ပါ ဘုရား)။

ဉာဏ်မျက်လုံးနဲ့ ခန္ဓာကို ကြည့်တဲ့အခါကျလို့ရှိရင်ဖြင့် လောဘတည်းဟူသော တရားတွေက ရှေ့ပိုင်းကနေပြီး ကာကွယ်နေတယ်ဆိုတာ နီဝရဏတရားတွေအဖြစ်နဲ့ အမှုထမ်းနေတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

အဲဒီလို သေချာပြီးသကာလ နေတဲ့အတွက် မမြင်တာဟာ ပါရမီမရှိလို့တော့ မအောက်မေ့လိုက်ပါနဲ့ (မှန်ပါ့ ဘုရား)။ ဒါဖြင့် ဒီလိုလိုက်ကြစို့ရဲ့ ဒကာ၊ ဒကာမတို့။ ဒီလိုလုပ်ကြဆိုတာ ကိုယ့်အရေး ကိုယ်သိကြပေတော့နော် (မှန်ပါ့)။

ခုနက ရေခွက်ဥပမာ ပြန်ကိုင်လိုက်၊ ဒီရေခွက်ထဲမှာ ဒကာ၊ ဒကာမတို့ ဆေးနီ၊ ဆေးဝါ၊ ဆေးပြာတွေ ရောထား



www.burmeseclassic.com

www.burmeseclassic.com

တော့ ဒါတွေအကုန်ဖယ်ကြစို့၊ စွန့်ပစ်ကြစို့ (မှန်ပါ)။ စွန့်ပစ်လိုက်တော့ သူ့အရိပ်၏အနယ်တွေ ဦးဇရင်တို့ ကုန်သွားမှာပေါ့ဗျာ။ ကုန်သွားပြီးတော့မှ ဒီရေကို ပြန်ကြည့်လိုက်ရလို့ ရှိရင်ဖြင့် ကိုယ့်ခန္ဓာရိပ်တွေဟာ အကုန်မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။

အဲဒီတော့ လောဘလာလို့ရှိရင် ဒကာ၊ ဒကာမတို့ ခန္ဓာကို ဒိုပြင်ဟာ မကြည့်ဘဲနဲ့ ကိုယ့်သန္တာန်မှာ လောဘအရင်ရှုပါ (မှန်ပါ့ဘုရား)။

လောဘအရင်ရှုပြီးတော့ လောဘသည်ကားလို့ ဆိုရင်ဖြင့် ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်ဆိုပြီးသကာလ လောဘသည် အနိစ္စပဲဆိုပြီး သူ့လာတိုင်းရှု ရှုပြီးတော့မှ ဒကာ၊ ဒကာမတွေက ကျန်တဲ့ခန္ဓာပြန်ရှု (မှန်ပါ)။ သူချုပ်သွားပြီးမှ ပြန်ရှုလိုက် (မှန်ပါ့ဘုရား)။

ဒါဖြင့် ဆေးတွေဖယ်ပြီးမှ ပြန်ကြည့်တော့ ပိုမြင်ရဘူးလား (မြင်ရပါတယ်)။ ဒါဖြင့် ဆေးတွေဖယ်တာလည်း ဝိပဿနာ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဆေးတွေဖယ်ပြီးမှ ကျန်တာရှုတာ ဘာလဲ (ဝိပဿနာပါ ဘုရား)။

အဲ. . . ဝိပဿနာနှစ်ချက် ထပ်အောင်လို့ ဟောလိုက်ပါတယ် (မှန်ပါ့ဘုရား)။ သဘောပါကြပလား (ပါပါပြီ)။ ဒါဟာ အင်မတန် အရေးကြီးတဲ့ အချက်အလက်ဆိုတာကော ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေက အိမ်ကျတော့ ဝိပဿနာ ရှုတော့ ခန္ဓာကြီးလည်း ဆရာဘုန်းကြီးက ဟောလိုက်တယ်၊ အကုန်အပျက်ချည်းပဲ၊ ပျက်ဒုက္ခသစ္စာချည်းပဲ၊ ဟောလိုက်ပါလျက်သားနဲ့ တပည့်တော် မမြင်သေးဘူးဘုရား ဆိုလို့ရှိရင် ဒကာ၊ ဒကာမတို့ လောဘရောနေပြီ (မှန်ပါ)။ သေချာကြပလား (သေချာပါပြီ ဘုရား)။

ဘာရောနေသတုံး (လောဘရောနေပါတယ် ဘုရား)။ ဒါဖြင့် သူ့ကို ဘာလုပ်ကြရမယ် (ဖြစ်ပျက်ရှုရပါမယ်)။ သူ့ကို ဖြစ်ပျက်ရှုပြီး ဖယ်လိုက် (မှန်ပါ ဘုရား)။

သူမရှိတော့ကို ဖြစ်ပျက်အနိစ္စပဲလို့ ရှုပေးလိုက်၊ ရှုပေးပြီးတဲ့နောက်မှ သူမလာတဲ့အချိန်ကျမှ တစ်ခါ ကျန်တဲ့ဝေဒနာ ရှုကြည့်၊ ကျန်တဲ့စိတ်တွေ ရှုကြည့်၊ မမြင်သေးဘူးလား (မြင်ပါတယ် ဘုရား)။

မြင်တာ ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ရောတာကို ဖယ်ပြီးသကာလမှ ရှုလိုက်တဲ့အတွက် ဒုက္ခသစ္စာရှိတဲ့ခန္ဓာမို့ ဒုက္ခသစ္စာအရှုခံတာကို ဒုက္ခသစ္စာပဲ ဖြစ်ပျက်ပဲ လာတွေ့တာပဲ (မှန်လှပါ ဘုရား)။ မတွေ့ဘူးလား (တွေ့ပါတယ် ဘုရား)။

ဒါဖြင့် ဖယ်တုန်းက ရှုနည်းတစ်မျိုး၊ ဖယ်ပြီးမှ ရှုရတဲ့ နည်းက (တစ်မျိုးပါ ဘုရား)။ အဲဒီတော့ နှစ်မျိုးသော ဝိပဿနာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ ဘုရား)။ ဦးခင်မောင် ဘယ်လိုမှတ်မယ် (နှစ်မျိုးသော ဝိပဿနာပါ ဘုရား)။

သောကကို ရှုနေတာလည်း (ဝိပဿနာပါ ဘုရား)။ ဝိပဿနာပဲ စိတ္တာနုပဿနာ ဖြစ်သွားတာပဲ၊ ပြီးမှ ကျန်တာတွေရှုတာလည်း ဝိပဿနာပဲ (မှန်ပါ)။ မဖြစ်ဘူးလား (ဖြစ်ပါတယ်)။ ဒါဖြင့် မမြင်သေးတဲ့ အခါကျလို့ရှိရင် အဖုံးရှိလိမ့်မယ်နော် (မှန်ပါ ဘုရား)။ မမြင်ရင် ဘယ်လိုတဲ့ (အဖုံးရှိပါတယ် ဘုရား)။

အဲ . . . အဖုံးမဖွင့်ဘဲနဲ့ ရှုနေလို့ရှိရင် ဒီနေ့ဖြင့် ကျုပ်က အနှောင့်အယှက်တွေ သိပ်များတယ်၊ သားကိစ္စ၊ သမီးကိစ္စ၊ သားကလေးတွေ လွှမ်းတဲ့ကိစ္စ၊ သမီးကလေးတွေ ခင်တဲ့ကိစ္စ၊ ဒါတွေက ကျုပ်ချစ်တော့ ကျုပ် ဒီနေ့ ဝိပဿနာမရှုဘူးဆိုပြီး သကာလ ဒကာ၊ ဒကာမတွေက အင်း. . . ဆေးတွေဖယ်ရမှာကို ဆေးတွေမဖယ်ဘဲနဲ့ ထရှုတယ် (မှန်လှပါဘုရား)။

ဆေးဖယ်ရမှာ (ဆေးမဖယ်ဘဲနဲ့ ထရှုပါတယ်)။ ထပြီးတော့ ဦးခင်မောင် တစ်နေ့လုံး သွားရောပေါ့ဗျာ (မှန်ပါ ဘုရား)။

တစ်နေ့လုံး ပဋိစ္စသမုပ္ပါဒ် မတန်းပေဘူးလား (တန်းပါတယ် ဘုရား)။ တစ်နေ့လုံး အပါယ်သွားတဲ့အလုပ်နဲ့ အချိန်မကုန်ပေဘူးလား (ကုန်ပါတယ် ဘုရား)။

အဲဒါကြောင့် ဆေးတွေကော ဖယ်လိုက်ကြပါ(မှန်ပါ)။ ဒကာ၊ ဒကာမတို့ လောဘလာရင် ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်)။ သူ့ကို နိုင်ပြီးသည့်နောက်မှ ကျန်တဲ့ခန္ဓာတွေ ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုလိုက်တော့ မမြင်ပေဘူးလား (မြင်ပါတယ် ဘုရား)။

ဩော်. . . ဖယ်တတ်တဲ့ဉာဏ်လည်း ရှိပါစေ (မှန်ပါ)။ အင်း. . . ဖယ်ပြီးမှရှုတတ်တဲ့ဉာဏ်ကော (ရှိပါစေ)။ ဒီနှစ်ချက်ဆိုရင် နီးပြီ၊ မဝေးတော့ဘူး (မှန်ပါ)။ သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒါဖြင့် ပုဏ္ဏားမေးတာလည်း ဒကာ၊ ဒကာမတို့ အရောရှိလို့ မင်းမမြင်တာဆိုတာ သေချာပလား (သေချာပါပြီ)။

တစ်ခါတလေကျတော့ ဒကာ၊ ဒကာမတွေက သားအလိုမကျ သမီးအလိုမကျနဲ့ အင်း. . . မကျပေစေ မတတ်နိုင်ဘူး။ ကိုယ့်အလုပ်တော့ ကိုယ်လုပ်ဦးမှပဲဆိုပြီး ဝိပဿနာကို ဘုန်းကြီးက အရှုခိုင်းတဲ့အတိုင်း ဒကာ၊ ဒကာမတွေက လိုက်နာ နားထောင်ပြီး ရှုကြတယ်ဆိုကြပါစို့ (မှန်ပါ)။ မမြင်ဘူး၊ ဦးခင်မောင်ရေ ရောပြန်ပြီ (မှန်ပါ)။ ရောပြန်ပြီတဲ့။

အဲဒီတော့ သင်္ဂါရဝ သတို့သားတဲ့၊ မင်းသည်ကားလို့ ဆိုရင် ရေတွေကို အောက်ကနေ မီးနဲ့ထိုးထားပြီး ရေတွေက အငွေ့ထွက်နေတုန်း မျက်နှာဟပ်ကြည့်ရင် မင်း. . . ကိုယ့်မျက်နှာရိပ် မြင်ပါ့မလား (မမြင်ပါ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာလည်း ဒေါသတည်းဟူသော အခိုးတွေက ထနေတုန်းကို ဒကာ၊ ဒကာမတို့ ဝိပဿနာ ရှုမယ်ဆိုလို့ရှိရင်ဖြင့် ကျန်တာတွေ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီလိုလုပ်ကြ၊ အခိုးထွက်နေတာကို မြင်အောင်လုပ်ပြီးမှ ရှုရမယ်၊ သဘောကျပလား (မှန်ပါ့ ဘုရား)။

အခိုးထနေတာကို(မြင်အောင်လုပ်ရမယ်)။ မြင်အောင်လုပ်ပြီးမှ ရှုဆိုတော့ အခိုးထတဲ့ ဒေါသကို အရင်ရှုပေးပါ (မှန်ပါ့ ဘုရား)။

"သဒေါသံ ဝါစိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ" ဆိုတဲ့ ပါဠိတော်အတိုင်း ဒကာ၊ ဒကာမတို့ သူ့ကို အရင်ရှုပါ (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဘာလုပ်ကြမယ် (ဒေါသကို အရင်ရှုရပါမယ် ဘုရား)။

အင်း. . . အခိုးထနေတာကို အရင်ရှုပေးလိုက် (မှန်ပါ့)။ အခိုးငြိမ်းသွားတဲ့အခါကျတော့ ကျန်တဲ့ခန္ဓာတွေပါ အကုန်ပေါ်လာလိမ့်မယ် (မှန်ပါ့)။ အခိုးငြိမ်းသွားတဲ့အခါကျတော့ (ကျန်တဲ့ခန္ဓာတွေ ပေါ်လာပါလိမ့်မယ် ဘုရား)။

ကဲ. . . ဒီလိုဆိုတော့ ဒကာ၊ ဒကာမတို့ ရေကြည်သွားတဲ့အခါကျမှ ရေအခိုးငြိမ်းသွားတဲ့အခါကျမှ မျက်နှာရိပ်ဟပ်လိုက်တော့ အကုန်မြင်သလိုပေါ့ဗျာ (မှန်လှပါ)။

ဒီမှာလည်း ဒကာ၊ ဒကာမတွေ ဒေါသအရင်ရှုပြီးမှ ဒေါသကုန်မှ ကျန်တဲ့ခန္ဓာတွေ ရှုလိုက်မယ်ဆိုတော့ မမြင်ပေဘူးလား (မြင်ပါတယ် ဘုရား)။ ဒါဖြင့် ဖယ်လိုက်ကြပလား (မှန်ပါ့ ဘုရား)။

ဒါဖြင့် ၁-နံပါတ်က လောဘဖယ်ရှု (မှန်ပါ့)။ လောဘကို အရင်ရှု၊ လောဘ အရင်ရှုပြီးတော့မှ ကျန်တဲ့ဥစ္စာရှုပါ (မှန်ပါ့ ဘုရား)။ ၂-နံပါတ် ဒေါသလာလို့ရှိရင်လည်း ဦးခင်မောင် ဘာကိုအရင်ရှုရမလဲ (ဒေါသကို ရှုရပါမယ် ဘုရား)။

သူက အခိုးထတာကိုးဗျ (မှန်ပါ့)။ သူ့ကို အရင်နိုင်အောင် လုပ်ပစ်လိုက်ပါဦး (မှန်ပါ့)။ ရေထဲကနေပြီး ဒီရေတွေ ငြိမ်အောင် လုပ်ပစ်လိုက်ပါဦး၊ အခိုးတွေ သတ်ပစ်လိုက်ပါဦး ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဗျာ (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ)။

ဒါဖြင့် နီဝရဏနှစ်ခု ကုန်သွားပြီးနော် (မှန်ပါ့)။ တစ်ခါတလေကျတော့ ဒကာ၊ ဒကာမတွေက ခန္ဓာကြီးစိုက်ပြီး ဖြစ်မှုပျက်မှုတွေရှုနေ၊ ဒုက္ခသစ္စာတွေရှုတယ်ဆိုလည်း တို့ဖြင့် မမြင်ပါဘူးဆိုလို့ ရှိရင်ဖြင့် ထိနမိဒ္ဓဆိုတဲ့ဥစ္စာ ဝင်နေပြန်ပြီ (မှန်ပါ့ ဘုရား)။ ဘယ့်နှယ်ဆိုကြမယ် (ထိနမိဒ္ဓ ဝင်နေပါတယ်)။

ထိနမိဒ္ဓဆိုတဲ့ဥစ္စာ ဝင်နေတယ် (မှန်ပါ့ ဘုရား)။ ထိနမိဒ္ဓ ဆိုတဲ့ဥစ္စာ ကိုယ့်စိတ်မနိုင်၊ ကိုယ်စေတသိက် မနိုင်ဆိုတာ အိပ်ချင်တဲ့စိတ်ကို ဆိုပါတယ် (မှန်ပါ့)။ ဘာဆိုကြမယ် (အိပ်ချင်တဲ့စိတ်ပါ ဘုရား)။

အဲ. . . အိပ်ချင်တဲ့စိတ်ပေါ်တာ အဲဒီတော့ကိုတဲ့ ဒီအခါမှာလည်း ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို မြင်နိုင်ပါ့မလား (မမြင်နိုင်ပါ ဘုရား)။ ကိုယ့်ခန္ဓာ ဖြစ်ပျက်အနိစ္စကော (မမြင်နိုင်ပါ ဘုရား)။

အင်း. . . ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ ဆိုတော့ ဘုရားက သင်္ဂါရဝ မင်း ဒီလိုမှတ်လိုက်ကွာ။ ရေထဲမှာ မှော်ရောနေတယ်ကွ။ ရေအိုးထဲမှာဖြစ်စေ၊ ရေကန်ထဲမှာဖြစ်စေ၊ မှော်တွေက အုပ်နေတဲ့အခါကျတော့ ဥပမာ ဒကာသစ်က မျက်နှာကလေး ရေထဲသွားဟပ်လိုက်တဲ့အခါ အရိပ်ထင်ပါ့မလား (မထင်ပါ ဘုရား)။ မှော်အုပ်နေတယ် (မှန်ပါ့)။ ဘာအုပ်နေတယ် (မှော်အုပ်နေပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီမှော်ကလေး ဖယ်ပြီး သကာလမှ မျက်နှာသွားဟပ်လိုက်လို့ရှိရင် ကိုယ့်မျက်နှာမှာ မှဲ့ရှိတယ်၊ တင်းတိပ်ရှိတယ်ဆိုတာ ပေါ်ရမယ် (မှန်ပါ့)။ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ မပေါ်ပေဘူးလား (ပေါ်ပါတယ် ဘုရား)။ အဲဒီမှာလည်း ဒကာ၊ ဒကာမတို့ တစ်ခါတလေ ရှုတဲ့အခါကျတော့ ဖြစ်ပျက်တွေ၊ ဒုက္ခသစ္စာတွေ မမြင်ဘူးဆိုလို့ရှိရင် ထိနမိဒ္ဓဝင်တဲ့အခါ လာလိမ့်မယ် (မှန်လှပါ ဘုရား)။

အဲ. . . ဒီလာလို့ရှိရင် ထိနမိဒ္ဓကို ဒကာ၊ ဒကာမတွေက ဖြစ်ပျက်ရှု (မှန်လှပါ ဘုရား)။ ကျန်တာကို ရှုကိုမရှုနဲ့ (မှန်ပါ့ ဘုရား)။ ကျန်တဲ့ခန္ဓာကို မရှုနဲ့။ သူ့ကိုပဲနိုင်အောင် ရှုပေးပါဦး (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ထိနမိဒ္ဓကို ဘာလုပ်ပေးရမလဲ (ဖြစ်ပျက်ရှုပေးရပါမယ် ဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါတွေမြင်တာနဲ့ သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ "သံခိတ္တံ ဝါစိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ" သံခိတ္တံ ဝါစိတ္တံ ထိနမိဒ္ဓ - စိတ်ကို၊ သံခိတ္တံ စိတ္တန္တိ ထိနမိဒ္ဓ - ဖြစ်ပျက်ဟူ၍၊ ပဇာနာတိ - သိအောင်လုပ်ပါလို့ မလာဘူးလား (လာပါတယ် ဘုရား)။

ဦးခင်မောင် ပေါ်ပလား (ပေါ်ပါပြီ)။ ဒါဖြင့် သူ့ကို အရင်ရှုပြီးတော့မှ ကျန်တာ သူ့နိုင်ပြီးတော့မှ ဘာလုပ်ရမတုံး (ကျန်တဲ့ခန္ဓာတွေ ရှုရပါမယ်ဘုရား)။


(ဆက်ရန်)

❒ ဓမ္မဒီန



www.burmeseclassic.com

www.burmeseclassic.com




ရှေး ဟောင်း သ မိုင်း ဝင်

# အနန္တသဗ္ဗသိဒ္ဓိ ရွှေလက်ရစေတီတော်

**ကိုသက်(ဒီးကုန်း)**

ရှေးဟောင်း သာသနာ့သမိုင်းဝင် အနန္တသဗ္ဗသိဒ္ဓိ ရွှေလက်တော်ကို ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏မြောက်ဘက် ပြည်-အောင်လံ ကားလမ်းဘေးတိုင်း လျှပ်စစ်ဝင်းအတွင်း ဖူးမြော်နိုင်ပါသည်။




သမိုင်းဝင် ရွှေလက်ရ စေတီတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် (၃၁) တောင်ရှိ၍ ဘွဲ့အမည်တော်မှာ ထူးခြားသကဲ့သို့ တည်ရှိနေပုံမှာလည်း ထူးခြားသော ဓာတ်သဘောများနှင့် ဂမ္ဘီရဆန်သော အနှစ်သာရဖြင့် ဖွဲ့စည်းထားသော အသွင်သဏ္ဌာန်များကို လေ့လာတွေ့ရှိနိုင်ပါသည်။


သမိုင်းဝင် ရွှေလက်ရ စေတီတော်မြတ်၏သမိုင်းအကျဉ်းမှာ သာသနာနှစ် ၆၂၇ ခုနှစ်တွင် သရေခတ္တရာပြည်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူသော သုပညာနာဂရ ဆိန္ဒမင်းသည် ရခိုင်ဓညဝတီမှပင့်ဆောင်တော်မူလာခဲ့သော ဉာဏ်တော်အမြင့် (၈၈)တောင်ရှိ . . .


"ဗျာဒိတ်ပေး၊ ရွှေဆင်းတုတော်ကြီး၏ လက်ယာရွှေလက်တော်ကြီးကို သိကြားမင်းအိပ်မက်ပေးသော ယခု စေတီ



www.burmeseclassic.com

www.burmeseclassic.com





တော် တည်ရှိရာနေရာ၌ သမီးတော် စန္ဒာဒေဝီ သာသနာရေးဆိုင်ရာ အမတ်ကြီး ပညာဗလတို့ ဦးဆောင်စေလျက် ကျောက်သေတ္တာနှင့်ထည့်၍ ဌာပနာပြုကာ ရွှေလက်ရစေတီတော်ကြီး တည်ထားကိုးကွယ်ခဲ့ကြလေသည်။

❖

သမိုင်းဝင် ရွှေလက်ရစေတီတော်ကြီးအား တည်ထားကိုးကွယ်ပြီးသည့်နောက် ခေတ်အဆက်ဆက် မင်းနှင့်ပြည်သူတို့ ဆက်လက်မွမ်းမံပြင်ဆင်ခဲ့ကြရာ ဒုတိယအကြိမ် ရွှေထီးတော်အား ပြည်ဘုရင် သတိုးမင်းစောဦးစီး၍ ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။

တစ်ဖန် စတုတ္ထအကြိမ်အဖြစ် ပြည်မြို့စားဦးမှုန် ဦးစီး၍ ပြန်လည်တည်ထားနိုင်ခဲ့သည်။ ထို့နောက် ကြားကာလတွင် ဘုရားပြုပြင်မည့် ဒကာ၊ ဒကာမများ ပေါ်ထွက်လာခြင်း မရှိချေ။

ဤသို့ဖြင့်စေတီတော်မြတ်ကြီးများမှာ စစ်ဘေး၊ စစ်ဒဏ်၊ သဘာဝ ရာသီဥတု ဘေးဒဏ်များကြောင့် တစ်ဖန်ယိုယွင်းပျက်စီးခဲ့ရပြန်သည်။ ဘုရားကြီးကို ပြုပြင်သူကင်းမဲ့နေချိန်တွင် သာသနာပြု ဆရာဦးခင်ဝင်းမှ ဦးဆောင်၍ သာသနာ့ ဆွေတော်မျိုးတော်များနှင့် ပဌာန်းဆက်များစုစည်းပြီး စေတီတော်မြတ်ကြီးအား သာသနာနှစ် ၂၅၃၈၊ ကောဇာသက္ကရာဇ် ၁၃၅၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ပန္နက်တင်မင်္ဂလာပွဲအား စတင်ကျင်းပနိုင်ခဲ့ပါသည်။

၁၃၅၇ ခုနှစ်သို့ ရောက်သောအခါမှ စေတီတော်ကြီးအား ရွှေထီးတော်မင်္ဂလာပွဲကို အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဘွဲ့တော်ကိုလည်း အတိုင်းအဆမရှိ သိဒ္ဓိတန်ခိုးများကို ပြီးစီးစေသောကြောင့် အနန္တသဗ္ဗသိဒ္ဓိဘွဲ့ကို ထပ်မံချီးမြှင့်ခဲ့သည်။

❖

စေတီတော်၏ မူလဘွဲ့တော်မှာ ရွှေလက်ယာစေတီတော်ဟု ခေါ်တွင်ခဲ့ရာမှ ကာလရွေ့လျားလာသည့်အခါ "ရွှေလက်ရာ"အဖြစ် ပြောင်းလဲ ခေါ်ဝေါ်လာခဲ့ကြပါသည်။

မြန်မာပြည်အရပ်ရပ်ရှိ ထီးတော်များတွင် အများအားဖြင့် မုခ်လေးမုခ်ရှိသည်များပြီး ယခု ရွှေလက်ရစေတီမှာ မုခ်တစ်ခုတည်းသာ ရှိနေခြင်းမှာ ထူးခြားနေပါသည်။ ၁၃၅၆ ခုနှစ် ထီးတော် မတင်မီညတွင် စေတီထီးတော်အား ဓာတ်ပုံရိုက်ရာ "စမ" ပေါ်နေသည်ကို မြင်တွေ့ရသဖြင့် ဓာတ်ပုံမှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။

မုခ်တစ်ခုတည်းရှိခြင်းမှာ ဧကော ဓမ္မော တစ်ခုတည်းသော တရားတော်ကို ရည်ညွှန်းကြောင်း၊ ဉာဏ်တော် အမြင့် (၃၁)တောင်မှာ (၃၁)ဘုံကို ရည်ညွှန်းကြောင်း၊ အောက်စမွခဏ် (၈)ခုမှာ မဂ္ဂင် (၈)ပါးကို ရည်ညွှန်းကြောင်း သိရှိရပါသည်။ စေတီတော်မြတ်ကြီးအား တည်ထားပြီး တစ်နှစ်အကြာ စေတီတော်ကြီးတွင် အရစ်သုံးရစ် ပေါ်ပေါက်လာပြီးနောက် စေတီနှစ်ထပ်ပေါ်သည်ကို မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။ ဘုရားသို့ အဝင်ဝအနီးတွင် အနားရစ်လေးရစ်ရှိသော အိုးပေါ်၌ ကမ္ဘာလုံးပုံ တည်ထားပြီး ထိုကမ္ဘာလုံးပေါ်တွင် သာသနာ့အလံစိုက်ထူပြီး သာသနာ့ပန္နက်များ စိုက်ထူခဲ့ပါသည်။

လိုင်းရစ်လေးရစ်မှာ ဓာတ်ကြီးလေးပါးကို ရည်ညွှန်းပြီး ကမ္ဘာလုံးပေါ်မှ သာသနာ့အလံတော်မှာ မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်မှာ ကမ္ဘာလုံးလွှမ်းခြုံသွားစေရန် ရည်ညွှန်းဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

❖

သရေခေတ္တရာ သမိုင်းဝင် ရွှေလက်ရစေတီတော်မြတ်ကြီးတွင် မဟာရံတံတိုင်း နှစ်ထပ်ကာရံထားရှိပြီး အပြင်တံတိုင်းအား "စမဗဝ" အင်းစမများဖြင့် အစဉ်လိုက်ရေးထိုး ကာရံထားသည်။


အတွင်းတံတိုင်းအား (၂၄)ပစ္စည်းပဌာန်းဖြင့် ဝန်းပတ်ကာရံထားသည်ကို တွေ့ရပါသည်။ အပြင် စမတံတိုင်းနှင့် အတွင်း ၂၄ ပစ္စည်း တံတိုင်းနှစ်ခု၏ အကြားတွင် ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာနိုင်ငံများမှ ခေတ်အလိုက် ဗုဒ္ဓရုပ်ပွားတော်များကို ရုပ်တုတော်သဏ္ဌာန် အမျိုးမျိုးဖြင့် စေတီတော်ကြီး တစ်ပတ် ဝန်းရံထားပါသည်။





www.burmeseclassic.com

www.burmeseclassic.com




ခေတ်အလိုက် ဗုဒ္ဓဆင်းတုတော်များမှာ . . .

(၁) ရတနာပုံခေတ်မှ အေဒီ-၁၉ ရာစု ဗုဒ္ဓရုပ်ပွားတော်
(၂) ကိုရီးယား (သီလခေတ်) အေ ဒီ၈-ရာစု
(၃) ဗီယက်နမ် (စမ္ပာခေတ်) အေဒီ-၉ရာစု
(၄) တရုတ် (တန်ခေတ်) အေဒီ-၆ရာစု
(၅) ပါကစ္စတန် (စန္ဒာရခေတ်) အေဒီ-၃ရာစု
(၆) အင်ဒိုနီးရှား (အဘာယမုဒြာ) အေ ဒီ-၈ရာစု
(၇) လာအိုနိုင်ငံ (မာရဝိဓယ) အေဒီ ၁၄ရာစု
(၈) အာဖဂန်နစ္စတန် (မာရဝိဓယ) အေဒီ-၇ရာစု
(၉) အိန္ဒိယနိုင်ငံ(ဂုတ္တ)ခေတ်အေဒီ -၅ရာစု
(၁၀) ဂျပန်နိုင်ငံ(ကူမာကူရာခေတ်) အေဒီ-၁၂ရာစု
(၁၁) အိန္ဒိယနိုင်ငံ(----)အေဒီ-၁ရာစု
(၁၂) သီရိလင်္ကာနိုင်ငံ(ဂေါဠောန္နရုဝ ခေတ်)အေဒီ-၁၃ရာစု
(၁၃) ကမ္ဘောဒီးယား(-----)အေဒီ-၁၂ ရာစု
(၁၄) မြန်မာ(အင်းဝခေတ်)အေဒီ-၁၇ ရာစု
(၁၅) တရုတ်(မင်းခေတ်)အေဒီ-၁၅ရာစုတို့ဖြစ်ပါသည်။

ရွှေလက်ရ စေတီတော်မြတ်ကြီး၏ အဝင်မုခ်ဝတွင် နဂါးကြီးနှစ်ကောင် တစ်ဖက်စီ ထွင်းထုလုပ်ထားသည်ကို တွေ့ရပါသည်။

ထိုနဂါးကြီးများမှာ သာမန်မဟုတ်ဘဲ မျက်ရှင်နဂါးကြီးဖြစ်လေသည်။ ပဋ္ဌာန်းဆက်များမှ လာရောက်လှူဒါန်းထားခြင်းဖြစ်ပြီး ပန်းပုလက်ရာမှာလည်း မိမိတို့သဘောဆန္ဒအတိုင်း ထုမရဘဲ ပုဂ္ဂိုလ်များ၏ စေ့ဆော်မှုအတိုင်း ဖြစ်ပေါ်သွားခြင်း၊ ပေါ်ပေါက်လာရခြင်းမှာ ထူးခြားလှကြောင်း လက်ရာဒီဇိုင်း




အတော်များများမှာလည်း အထက်ပါအတိုင်းပင်တမင်တကာ ပုံဖော်မရဘဲ ပုဂ္ဂိုလ်များအလိုကျဖြစ်ရကြောင်း၊ နဂါးကြီးများကို မည်သည့်နေရာမှ စိုက်ကြည့်သည်ဖြစ်စေ မိမိအား ပြန်ကြည့်နေသလို ခံစားရကြောင်း၊ သို့ဖြစ်၍ အရှင်ဓာတ် ဖြစ်နေတဲ့ သဘောဖြစ်ကြောင်း၊ အပတ်စဉ် စနေနေ့တိုင်း နွားနို့ ခုနစ်ပိဿာအား နဂါးများအတွက် သီးခြားစီ လှူဒါန်းပေးရကြောင်း ကိုယ်တွေ့လာရောက် လှူဒါန်းသူများမှာ ထူးခြားမှုများကို မလွဲမသွေ ရရှိခံစားရကြောင်း ဆရာဦးခင်ဝင်းမှ ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေကန်ပေါ်ရှိ ပတ္တမြား ကြာပလင်ပေါ်တွင် တရား ရှုမှတ်ပွားများနေသော "ထိသိ, သတိ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာလည်း ကြည်လင်အေးမြသော ကန်ရေပြင်ပေါ်တွင် ရှုမှတ်မှု သတိတရား လက်ကိုင်ထား၍ တရားနှလုံးသွင်းနေစဉ် အေးချမ်းသာယာမှု ဓမ္မရသအား တွေ့ကြုံရပုံကို ဖော်ညွှန်းလျက် ထုလုပ်ပူဇော်ထားသည်ကို တွေ့ရပါသည်။

ရွှေလက်ရ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သူ သာသနာပြု ဆရာဦးခင်ဝင်းမှာ အသက် (၂၉)နှစ် အရွယ်မှစ၍ သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ဆရာသည် အမိဌာန်များဝင်ခြင်း၊ တပည့်များဖြင့် သာသနာပြုလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်လာခဲ့သူဖြစ်ပါသည်။

ရွှေလက်ရစေတီတော် အဝင်ဝ၏ တစ်ဖက်တစ်ချက်တွင် လောကနတ်ရုပ်တုကြီး နှစ်ပါးကိုလည်း ထုလုပ်ထားရှိသည်။ လောကကို စောင့်ရှောက်လျက်ရှိသော နတ်နှစ်ပါးတို့အား သာသနာတော် ပွင့်လင်းလာစေရန် အဓိကရည်မှန်းချက်ထား၍ ထုလုပ်ထားရှိခဲ့ပါသည်။

ဆရာဦးခင်ဝင်းသည် သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လာနိုင်ခြင်းကြောင့် ကြည်ညိုလေးစားသူ တပည့်တပန်းများလည်း တစ်စတစ်စ ပေါများလာခဲ့သည်။

သို့ရာတွင် ဆရာသည် ဂိုဏ်းဂဏများ ထူထောင်ခြင်း၊ ဝိသမစီးပွားရှာဖွေခြင်း မပြုလုပ်ခဲ့ပေ။

စေတီငယ် ဘုရားငယ်များ ပြုပြင်ရာ၌လည်း အလှူခံထွက်ခြင်း၊ ဖြတ်ပိုင်းဝေခြင်း၊ ကြော်ငြာအတွက် စာရွက်ကမ်းခြင်းများကို လုံးဝမပြုလုပ်ဘဲ မိမိ၏စရဏစွမ်းအားကိုသာ ယုံကြည်လျက် သာသနာ့ဆွေတော်မျိုးတော်များ၊ ပဋ္ဌာန်းဆက်များကို တိုင်တည်မေတ္တာပို့ ဆုတောင်းခြင်းဖြင့်သာ လုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့ရလေသည်။

ရွှေလက်ရစေတီ တည်ထားပြီးသောအခါ ဆရာဦးခင်ဝင်းသည် အောက်ပါမှာတမ်း ကမ္ပည်းတစ်ခုကို စေတီရင်ပြင်တစ်နေရာ၌ အမှတ်တရ ရေးထိုးခဲ့ပါတော့သည်။

"ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ သာသနာ၏
ရှေးက ဘိုးဘ၊ လက်ထက်ကလျှင်
ရွှေလက်ရ တန်ခိုး၊ ထပ်မညှိုးဖို့
အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်
ဘွဲ့မည်တွင်၊ ပေါ်လွင်စေလျက်
ကမ္ဘာအဆက်ဆက် တည်စေသော်၏။

❒ ထိုသက်(ဖိုးထုန်း)






www.burmeseclassic.com

www.burmeseclassic.com



# မိုးညှင်းတောရ ဆရာတော်ဘုရားကြီး

### ဆရာဦး(ဗေဟုဇမြေ)

* သုခိတာဟောထ ဒုက္ခာမုဥ္စထ
* မာပမာဒတ္တကုသလဓမ္မ ဟူသမျှ တို့၌ မမေ့လျော့ကြကုန်လင့်၊ စိတ်ပေါင်းကိုယ်ခွာ ကိုယ်ပေါင်း စိတ်ခွာ။
* ဤ ကုသိုလ်အလုပ်သာ ငါ၏ အကျိုးစီးပွားတည်း။
* လောကီ အလုပ်ကား ငါ၏ အကျိုးစီးပွားမဟုတ်။
* ကိုယ့်ထက်ကြီးတော့ ကြီးလို့ ရှောင် ကြီးလို့ရှောင်။
* ကိုယ့်ထက်ငယ်တော့ ငယ်လို့ ရှောင် ငယ်လို့ရှောင်။
* ကိုယ်နဲ့ရွယ်တူတော့ အနိုင်ပေး အေးရော အေးရော။
* ကိုယ့်မှု ဟန်,မဟန် ကိုယ့်အကြံ ဟုတ်,မဟုတ်။
* ကိုယ်၏အလုပ် တော်,မတော်။
* ကိုယ်သူတော်ကောင်း, မကောင်း။
* ကိုယ့်အကြောင်း ဘယ်သို့ စဉ်းစားဘိ။

ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော်ကြီး ကိုယ်တော်တိုင် ချမှတ်ပြီး လိုက်နာကျင့်ကြံရုံသာမက ဝေနေယျ သတ္တဝါအပေါင်းတို့ကိုလည်း မချွတ်မယွင်း မတိမ်းမစောင်းစေအောင် လိုက်နာကျင့်သုံးစေသော ဩဝါဒကထာများပင်ဖြစ်သည်။

❖

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဟူ၍ သာသနာတော် သုံးရပ် ရှိသည့်အနက် ပဋိပတ္တိသာသနာတော်ကြီး အထူးစည်ပင် ပြန့်ပွားလာအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူသည့် သာသနာ့ အာဇာနည်ကြီးများ စာရင်းတွင် ကျေးဇူးတော်ရှင် မိုးညှင်းတောရဆရာတော်ကြီးလည်း တစ်ပါးအပါအဝင်ဖြစ်၏။ ဆရာတော်ကြီးအား ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ခဲ့ရခြင်းမရှိသော်လည်း ဆရာတော်ကြီး၏အကြောင်းအား ရေးသားပူဇော်ထားသည့် ထေရုပ္ပတ္တိကို လေ့လာဖတ်ရှုကြည့်ရုံမျှနှင့်ပင် ဦးခိုက်ကြည်ညို၍မဆုံးနိုင်အောင် ဖြစ်မိပေသည်။

ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်များသည် ဘာသာရေး၊သာသနာရေးအလုပ်များကို အတတ်နိုင်ဆုံး ကြိုးစားကာ လုပ်ကိုင်လျက်ရှိကြသည့်အပြင် မြတ်ဗုဒ္ဓရှင်တော်မြတ်၏ တန်ဖိုးမဖြတ်နိုင်သော ဒေသနာတော်များကို လက်ဆင့်ကမ်းကာ ဟောဖော်ညွှန်ပြပေးနေတော်မူကြသည့် ရတနာမြတ်သုံးပါးမှ တစ်ပါး အပါအဝင်ဖြစ်သော သံဃာတော်အရှင်မြတ်များကိုလည်း ရိုသေလေးမြတ်စွာ ဆည်းကပ်၍ တရားအဆုံးအမတို့ကို နာယူကျင့်သုံးလျက် ရှိကြ၏။

ထိုမျှသာမကသေး။ မိမိတို့ မမီလိုက်သည့်အတွက် မဖူးမတွေ့လိုက်ရသော သာသနာတော်သမိုင်း တစ်လျှောက် ထင်ပေါ်ကျော်ကြားခဲ့ကြသည့် မထေရ်ကြီးများ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ အကြောင်းကိုလည်း လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုကာ ပူဇော်အမှုပြုလျက်ရှိကြ၏။

ထိုသို့သော ဗုဒ္ဓဘာသာဝင်ကောင်းများအတွက် တန်ခိုးတော်၊ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပြီး ဝေနေယျသတ္တဝါတို့၏အကျိုးစီးပွားကို ရှေးရှုကာ ကြိုးစား ဆောင်ရွက်တော်မူခဲ့သည့် မိုးညှင်းတောရ ဆရာတော်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကိုလည်း လေ့လာဖတ်ရှုပူဇော်နိုင်ရန် ရေးသား ဖော်ပြလိုက်ရပေသည်။

❖

မိုးညှင်းတောရ ဆရာတော် အလောင်းအလျာကို မြန်မာသက္ကရာဇ် ၁၂၃၄ ခုနှစ် တပေါင်းလဆန်း ၂ ရက် သောကြာနေ့တွင် သန်လျင်မြို့နယ် ဂုံညင်းစုရွာလေးတစ်ရွာ၌ မီးရှုးသန့်စင်တော်မူခဲ့သည်။

ခမည်းတော်နှင့် မယ်တော်တို့မှာ ဦးမိုးနှင့် ဒေါ်ဘော်တို့ ဖြစ်ကြလေသည်။ ဆရာတော်အလောင်းအလျာသည် ငယ်စဉ်ဘဝကတည်းက တစ်အူထုံ့ဆင်း ညီအစ်ကို မောင်နှမများနှင့် မတူညီဘဲ ရုပ်လက္ခဏာ အသိဉာဏ်ပညာတို့တွင် ထူးခြားစွာထင်ပေါ်ကျော်ကြားခဲ့၏။ အရွယ်နှင့်မလိုက်အောင်ပင် အရာရာကို သိတတ် နားလည်နိုင်လွန်းလှ၏။

ဆရာတော်လောင်းလျာ ငါးနှစ်သားအရွယ်လောက်က ဖြစ်၏။ မိခင်ဖခင်တို့ အလုပ်လုပ်နေသည့် ဘေးနားတွင် ဆော့ကစားနေစဉ် အိမ်ခေါင်မိုးပေါ်မှ ပိုးကောင်ငယ်ကလေးများ ကျလာသည်ကို မြင်သည်နှင့် ကိုင်၍ဆော့ရန်လုပ်ရာ မိခင်ဖြစ်သူက . . .

"ပိုးကောင်လေးတွေကို မကိုင်ရဘူး သားရဲ့၊ သူတို့သေသွားလိမ့်မယ်"

"ပိုးကောင်လေးတွေက သေတတ်လို့လား အမေ"

"သေတတ်တာပေါ့ သားရယ်၊ သူတို့မှာ အသက်ရှိတယ်လေ"

"ဒါဆို အမေတို့ကော သေတတ်သလား"

"ဒါပေါ့ သားရဲ့၊ အမေတို့လဲ တစ်နေ့တော့ သေကြရမှာပေါ့"

ငါးနှစ်အရွယ် ကလေးနှင့်ပင် တစ်နေ့တစ်ချိန်မှာ သေကြရလိမ့်မည်ဆိုသော အသိက ရင်ထဲ အသည်းထဲတွင် စွဲမြဲစွာရှိသွားလေသည်။ ပိုးကောင်ငယ်လေးများကို ကိုင်တွယ်ဆော့ကစားလျှင် သေသွားတတ်သည်ဆိုသောအသိဖြင့်လည်း သူ့ကြောင့် သေသွားမည်ကို စိုးရိမ်လှသည့်အတွက် ထိုအချိန်မှစ၍ ကိုင်တွယ်ဆော့ကစားခြင်း အလျှင်းမပြုလုပ်တော့။

မိဘများက မောင်းမရွာကျောင်းဘုန်းကြီး ဦးအာစရထံတွင် ကျောင်းအပ်နှံပေးပြီး ပညာသင်ယူစေ၏။ ဥပုသ်နေ့ကဲ့သို့ ကျောင်းပိတ်ရက်များတွင် မိခင်၊ ဖခင်တို့နှင့်အတူ ဆရာတော် ဦးအာစရကျောင်းသို့ သွား၍ ဥပုသ်သီတင်း ဆောက်တည်၏။

ကလေး ဖြစ်နေသည့်အတွက် လူကြီးများကဲ့သို့ သီလကိုမကျိုးမပေါက်မစောင့်ထိန်းနိုင်။ ညနေစာ မစားရသောကြောင့် ဗိုက်ဆာ၍ ငိုလေတော့သည်။ မိခင်ဖြစ်သူက သူ့တစ်ယောက်စာ ထမင်းပြင်ကျွေးသည်ကို ကြည့်ပြီး ပြောလေသည်။

"အမေတို့က ဘာလို့မစားတာလဲ၊ အတူစားမယ်လေ"

"ဩော်, အမေတို့က ညနေစာ စားလို့မရဘူး သားရဲ့၊ ဥပုသ်ယူထားတယ်"

"ဟာ, ဒါဆို ကျွန်တော်လဲဥပုသ်ယူထားတယ်လေ၊ စားလို့ ဘယ်ဖြစ်မှာလဲ၊ မစားတော့ဘူး၊ တော်ကြာ ဥပုသ်ကြီးက ထွက်ပြေးလိမ့်မယ်"

ဥပုသ်ယူထားလျှင် ညနေစာ မစားရဟူသော အသိဝင်သွားပြီး ထမင်းလည်းမစားရဲ ဆာလည်းဆာလာသည့်အတွက် ငိုပြန်လေတော့သည်။ ထိုသို့ဖြစ်ပျက်နေသည်ကို အစ်ကိုကြီးဖြစ်သူက မြင်ပြီး ပုတီးတစ်ကုံးကို ညီငယ်၏ လည်ပင်းတွင် ဆွဲပေးကာ . . .

"ကဲ, ထမင်းစားလို့ရပြီညီလေး၊ ပုတီးကို လည်ပင်းမှာဆွဲပြီးစားရင် မင်းဥပုသ်က ဘယ်မှထွက်မပြေးတော့ဘူး" ဟုပြောလိုက်မှ အငိုရပ်ပြီး ထမင်းစားလေသည်။

ငယ်စဉ်ကတည်းက ဗီဇအနေအထားမှာ ဤသို့ရှိခဲ့၏။ ဆရာတော် ဦးအာစရ သင်ပြသမျှကိုလည်း ထူးချွန်စွာ တတ်မြောက်သင်ယူနိုင်သူ ဖြစ်လေသည်။

သင်ယူသည့်အထဲမှ ဧရာခန်းပျို့ကို နှံ့စပ်သေချာစွာဖတ်ပြီး ဧရာကျမည့်အရေးကိုတွေးကာ ကြောက်လန့်စိတ်ဖြစ်ပေါ်လာသဖြင့် အသက် (၁၄)နှစ် အရွယ်တွင်ရှင်သာမဏေဝတ်လေတော့သည်။ ဘွဲ့မှာ ရှင်သုမန ဖြစ်၏။

ငယ်ပင်ငယ်သော်လည်း ရှင်သုမနသည် ဘက်ပေါင်းစုံထူးချွန်အောင်ကြိုးစား၏။ ဆရာသမားတို့၏စကားကို ရိုသေလေးစားစွာ နားထောင်တတ်၏။ အတူ သီတင်းသုံးဖော်များနှင့်လည်း သင့်မြတ်အောင် နေ၏။

၁၂၅၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် ရဟန်းအဖြစ်ခံယူ၏။ ထိုနေ့မှစ၍ နေ့စဉ်နံနက် ၃ နာရီ အမြဲထ၏။ မူတင်အကျင့်ကို ဆောက်တည်၏။ ဝိနည်း ပါဠိတော်ကြီး ငါးကျမ်းကို အဋ္ဌကထာနှင့်တွဲကာ အကြိမ်ကြိမ် သင်ယူပြီး ၁၂၅၉ ခုနှစ် တပေါင်းလပြည့်နေ့တွင် နောင်တော်ကြီးဖြစ်သူကို ကပ္ပိယအဖြစ်ခေါ်ဆောင်ပြီး မန္တလေးမြို့သို့ တက်ကာ စာသင်ယူတော်မူ၏။

ဦးပဥ္စင်းဦးသုမနသည် စာပေသင်ယူလျက်နှင့်ပင် အတန်းငယ်သောသံဃာတော်များအား အဘိဓမ္မာညဝါများ ပို့ချတော်မူ၏။ ထိုသို့ ပို့ချနေတော်မူသော်လည်း မိမိကိုယ်မိမိ နှိမ့်ချကာ နေထိုင်တော်မူသည့်အနေဖြင့် စာချဆရာတော်များ၊ အတူသီတင်းသုံးဖော်များအတွက် ချိုးရေသုံးရေတို့ကို အမြဲခပ်ပေးခြင်း၊ ကျောင်းတွင်းကျောင်းပြင်တံမြက်စည်းလှည်းခြင်း၊ ကုဋီအိမ်သန့်ရှင်းဆေးကြောခြင်း စသည့်ဝတ်များကို နေ့စဉ်လုပ်ဆောင်တော်မူ၏။

နေ့စဉ်နေ့တိုင်း ဆွမ်းခံကြွတော်မူပြီး စာချဆရာတော်ကြီးများ ဘုဉ်းပေးရန်အရင်လှူ၏။ ကျန်သောဆွမ်းကိုသာ မျှတရုံဘုဉ်းပေးတော်မူလေသည်။ စာသင်စာချလုပ်၍နေသော်လည်း ဦးပဥ္စင်း



www.burmeseclassic.com

www.burmeseclassic.com

ဦးသုမနသည် မည်သည့်အရာကိုမှ တွယ်တာခြင်းမရှိတော့ဘဲ တောထွက်ရန်ဆန္ဒပြင်းပြလျက် ရှိ၏။

ဥပုသ်နေ့ ရောက်တိုင်းလည်း ရဟိုင်းသုသာန်သို့ ကြွတော်မူပြီးလျှင် သုသာန်ရုက္ခမူမှုတင် တို့ကိုဆောက်တည်ကာဗုဒ္ဓာနုဿတိ၊မေတ္တာ၊အသုဘ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားများ ကျင့်ကြံအားထုတ်တော်မူလေသည်။

ရဟန်းဝါ ၁၇ ဝါရသည့်တိုင် ပရိယတ္တိသာသနာ့တာဝန်ကြီးကို ထမ်းရွက်တော်မူပြီးသည့်နောက် ပဋိပတ္တိသာသနာ့လုပ်ငန်းကြီးကို လုပ်တော့မည်ဟု စိတ်ပိုင်းဖြတ်ကာ အရင်ဦးဆုံး မွေးရပ်မြေသို့ ပြန်ကြွတော်မူလေသည်။

အကြောင်းမှာ တောထွက်ရန် ဆုံးဖြတ်ပြီးသည်နှင့် ဘဝတစ်လျှောက်လုံး အမှားတစ်စုံတစ်ရာ ပြုလုပ်မိခြင်း ရှိ,မရှိ ပြန်လည်ဆင်ခြင်တော်မူ၏။ ထိုသို့ဆင်ခြင်ရာတွင် သူတစ်ပါးအား ထိခိုက်နစ်နာသော အပြုအမူမျိုးကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ခဲ့သော်လည်း ကျောင်းသားဘဝက ကျောင်းသွားရာလမ်းတွင် တွေ့ရသည့် ခွေးတစ်ကောင်အား အုတ်ခဲဖြင့် ပစ်ပေါက်မိသော အဖြစ်ကို ပြန်သတိရပြီး ကြောက်လန့်စိတ် ကြီးစွာဖြစ်ပေါ်သွားလေသည်။

ထိုအပြစ်အတွက် ပြန်လည်ပေးဆပ်သည့်အနေဖြင့် ကျောင်းသွားရာလမ်းတစ်လျှောက်လုံးအား ပြုပြင်ရန် ရည်ရွယ်ချက်နှင့် မွေးရပ်မြေသို့ ပြန်ကြွတော်မူခြင်း ဖြစ်၏။

ခမည်းတော်နှင့် မယ်တော် ကွယ်လွန်သည့်အချိန်ကပင် မိဘများအတွက် ရည်စူးကာ အလှူဒါနများပြုလုပ်ပြီး မွေးရပ်မြေသို့ ပြန်မကြွဘဲ နေတော်မူခဲ့သော်လည်း တောထွက်တော့မည့်အချိန် ရောက်လာသောအခါမှာတော့ အပြစ်ဟူ၍ အနည်းငယ်ကလေးမျှမပါစေလိုသောဆန္ဒဖြင့် မွေးရပ်မြေသို့ပြန်ကာ အပြစ်ကြွေးဆပ်ခြင်း ဖြစ်လေသည်။

ဦးပဥ္စင်းဦးသုမနသည် စာသင်ပေးသော စာချဆရာများ၊ အတူသီတင်းသုံးဖော်များအား ဘဝအဆက်ဆက် အပြစ်များရှိခဲ့လျှင် သည်းခံခွင့်လွှတ်တော်မူကြပါရန် တောင်းပန်လျှောက်ထားပြီး သပိတ်တစ်လုံး သင်္ကန်းသုံးထည်နှင့် ဝိသုဒ္ဓိမဂ်၊ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ခဂ္ဂဝိသာဏသုတ်ပါသော သုတ္တနိပါတ်အဋ္ဌကထာတို့ကို ယူဆောင်၍ မြစ်ငယ်အနီးရှိ အဲ့ဗျမက္ခရာရွာသို့ ကြွတော်မူလေသည်။

ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းပြီး လေးတိုင်စင်တောရကျောင်း ကလေးဆောက်ကာ တရားဓမ္မတို့ကို ကျင့်ကြံအားထုတ်လေ၏။ တစ်ပါးစာအတွက် သင့်တင့်မျှတရုံဆွမ်းကို အလှူခံတော်မူပြီး အေးချမ်းသောဘဝဖြင့် ပဋိပတ္တိလုပ်ငန်းကြီးကို ကြိုးစားကာ လုပ်တော်မူလေသည်။ နေ့စဉ်နေ့တိုင်း ဘုရားဝတ်ပြု မေတ္တာပို့ အမျှဝေ၏။ နတ်များကိုလည်း ပင့်ဖိတ်၍ မဟာသမယသုတ်၊ ရာဟုလောဝါဒသုတ်၊ သမစိတ္တသုတ်တို့ကို ဟောကြားတော်မူလေသည်။

ဥပုသ်နေ့များတွင် ရွာထဲမှဥပုသ်သည်များ ရောက်လာကြသည့်အတွက် သီလပေးပြီး နေစရာမရှိ ဟူသော အကြောင်းပြကာ ပြန်လွှတ်၏။ များမကြာမီ ရွာသူ ရွာသားတို့က ဥပုသ်ဇရပ်များ၊ ဆွမ်းစားဇရပ်များ အခိုင်အခံ့ဆောက်ကာ မိုးချုပ်သည့်အချိန်မှ ပြန်ကြလေတော့သည်။ တဖြည်းဖြည်းနှင့် ဒကာ၊ ဒကာမများ များပြားလာပြီး နာမည် ကျော်ကြားလာသည့်အပြင် တရာအားထုတ်ခြင်းကိုလည်း အနှောင့်အယှက် ဖြစ်လာသည့်အတွက် အဲ့ဗျမက္ခရာ တောကျောင်းလေးမှ တစ်ပါးတည်းကြွသွားတော်မူလေတော့သည်။

ဦးပဥ္စင်းဦးသုမနသည် သီလနှင့်မူတင်အကျင့်တွင် အလွန်ထင်ရှားသည့် ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးထံတွင် ခြောက်လခန့် နည်းနာခံယူပြီး ရဟန္တာဟု ထင်ပေါ်ကျော်ကြားနေသော ဂူဖြူတောရဆရာတော်ဘုရားကြီးထံတွင်လည်း တရားအားထုတ်နည်းကို သုံးလခန့် နည်းနာခံယူပြန်လေသည်။

ထို့နောက် လယ်တီဆရာတော်ဘုရားကြီး၏ လယ်တီတောရကျောင်းသို့ ကြွကာ လယ်တီဆရာတော်ဘုရားကြီးအား ဦးခိုက်ဖူးမြော်ပြီး ငြိမ်းချမ်းစွာ တရား အားထုတ်လိုကြောင်း လျှောက်ထား၏။ လယ်တီဆရာတော် ဘုရားကြီးက ဦးပဥ္စင်း ဦးသုမနအား . . .

"တရားအားထုတ်မည် ဆိုလျှင် အဋ္ဌကထာဆရာတို့ ဆုံးမဩဝါဒပေးသည့်အတိုင်း ပန်းဝတ်ရည် ယူအံ့ဟု ပျံသွားသောပျား၊ ရေအပြင်ကြာရွက်၌ သွေးကြောဖြတ်သင်သော ဆေးသမား၊ အသပြာလေးထောင်ကိုလိုချင်၍ ပင့်ကူချည်မျှ လေးလံရအောင် တုတ်တံဖြင့် ရစ်ယူသော ယောက်ျား၊ လေကြမ်းလျှင် ခါးလယ်ကိုစည်း၍ လေညံ့လျှင် ရွက်ကုန်ဖြန့်ကာ ရွက်တိုက်သောယောက်ျား၊ အပေါက်ကျဉ်းလှသောကျည်တောက်၌ မဖိတ်စဉ်အောင်ဆီသွတ်သောယောက်ျားကဲ့သို့ ဝီရိယမလျှော့ဘဲ ကြိုးစား အားထုတ်မည်ဆိုလျှင် တရားထူး တရားမြတ်ကို မလွဲမသွေရနိုင်ပါတယ်"ဟု မိန့်တော်မူပြီး ဦးပဥ္စင်းဦးသုမနအား လက်ပံတောင်းတောင် တောရသို့ ပို့လိုက်၏။

ဦးသုမနသည် လက်ပံတောင်းတောင် တောရတွင် ဆတ်ဆွမ်း၊ လူးဆွမ်းတို့ကို ဘုဉ်းပေးကာ တရားအားထုတ်တော်မူ၏။ သို့သော်လည်း ဥတုသပ္ပာယ မမျှတသည့် ဒေသဖြစ်၍ ကျန်းမာရေး ချို့တဲ့လာသောကြောင့် လယ်တီတောရကျောင်းသို့ ပြန်ကြွကာ ဆေးဝါးကုသခံတော်မူ၏။

လပိုင်းအတွင်းမှာပင် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် တရားအားထုတ်ရန်သင့်လျော်သော် နေရာတစ်ခုအား ညွှန်ကြားပေးတော်မူပါရန် လယ်တီဆရာတော်ဘုရားကြီးကို ထပ်မံလျှောက်တင်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

လယ်တီဆရာတော် ဘုရားကြီးက တရားထူး တရားမြတ်ကို မရမနေ ကြိုးစားအားထုတ်မည်ဆိုလျှင် . . .

* ဒကာ၊ ဒကာမတို့ ပင့်ဆွမ်းကို လိုက်မစားရ။
* ရဟန်းခံ ရှင်ပြု ပြုလုပ်ပေးခြင်း၊ အလှူအတန်းလိုက်ခြင်းမလုပ်ရ။
* ဘုန်းကြီးပျံပွဲ၊ အစည်းအဝေးပွဲများ မလိုက်ရ။
* စကားမပြော၊ တရားမဟောဘဲ ၁၀ နှစ် တရားအားထုတ်ရမည်။
* ၁၀ နှစ်ပြည့်မှ မိမိဌာနခွဲသာ တရားဟောရမည်။

စသည့် ဥပဒေခြောက်ချက်အား လိုက်နာနိုင်ပါကြောင်း ဝန်ခံကတိပြုရမည်ဟု အမိန့်ရှိရာ တရားအားထုတ်လိုသော စိတ်ဆန္ဒ ပြင်းပြနေသည့် ဦးပဥ္စင်းဦးသုမနက အချိန်မဆိုင်းဘဲ ဝန်ခံကတိပြု၏။ လယ်တီဆရာတော်ကြီးသည် ဦးသုမနအား မုံရွာမြို့နှင့် ခြောက်မိုင်အကွာ အောင်သာရွာနှင့် မြေနဲရွာကြားရှိ မြေနဲတောရသို့ပို့ကာ တရားအားထုတ်စေသည်။

ထိုနေရာမှာ ဘုရားငုတ်တိုများနှင့် ကျောင်းပျက်ကြီးသာရှိပြီး တစ္ဆေသရဲ ခြောက်သည်ဟု နာမည်ကြီးကာ နေ့ခင်းအချိန် ကာလမှာပင် မည်သူတစ်ဦးတစ်ယောက်မျှ မသွားရဲကြသော နေရာ ဖြစ်၏။

မြေနဲတောရသည် သက္ကရာဇ် ၇၈၈ ခုနှစ်က အင်းဝနေပြည်တော်တွင် မြေနဲစောဒီကာ၏ သားဖြစ်သူ မင်းနန်စီခေါ် မိုးညှင်းမင်းတရားကြီး ထီးနန်းစိုးစံခဲ့ရာ မင်းတရားကြီး၏ ကုသိုလ်တော် သံဃာ ၂၀၀ တို့ သီတင်းသုံးခဲ့ဖူးသော သာသနာပြုဌာနကြီး ဖြစ်ခဲ့လေသည်။

ပတ်ဝန်းကျင်ရွာများမှ ရွာသူရွာသားတို့သည် ကိုးကွယ်စရာဘုန်းကြီးတစ်ပါး ရရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းပြီး ကျောင်းဝင်း၊ ဘုရား၊ သိမ်၊ ရေတွင်းတို့ကို ပြုပြင်ဆောက်လုပ်ပေးကြလေသည်။ မိုးညှင်းမင်းတရားကြီးအား ဂုဏ်ပြုသောအားဖြင့် မြေနဲတောရမှ မိုးညှင်းတောရဟု အမည်ပြောင်းလဲကာ ဦးပဥ္စင်းဦးသုမနကိုလည်း မိုးညှင်းတောရကိုယ်တော်လေးဟု ခေါ်တွင်ကြလေတော့သည်။

မိုးညှင်းတောရ ကိုယ်တော်လေးသည် မိုးညှင်းတောရကျောင်းတွင် ၁၂၇၃ ခုနှစ် ဝါဆိုလမှစ၍ နိဗ္ဗာန်သို့ စိတ်ကိုညွတ်ကာ ဝိပဿနာတရားအားကြိုးစားအားထုတ်၏။ ဝစီပိတ်အဓိဋ္ဌာန်ကို ခုနစ်ရက်စီ အဓိဋ္ဌာန်ပြုတော်မူလေသည်။

“ဝိပဿနာတရားမှလွဲပြီး ငါ့တွင် အားထားစရာ အလျှင်းမရှိ၊ တရားထူးတရားမြတ် မရသရွေ့ မည်သည့်နေရာကိုမှ မပြောင်းတော့၊ ဤနေရာသည် ငါ၏သင်္ချိုင်းဖြစ်စေတော့” ဟု အဓိဋ္ဌာန်ကာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ကို မြတ်စွာဘုရားအား စွန့်လှူပြီး မအိပ်မနေ ကျင့်ကြံအားထုတ်၏။ ဝစီပိတ်အဓိဋ္ဌာန် မဝင်ခင်ကတည်းက ဒကာ၊ ဒကာမများအား စကားပြောဆိုခြင်း၊ မေးမြန်းခြင်း၊ အပိုပစ္စည်းများ လှူဒါန်းခြင်းတို့ကို မပြုလုပ်ကြပါရန် မေတ္တာရပ်ခံတော်မူထားလေသည်။

အမိုးအကာ မရှိသော နေရာတွင် လေဒဏ် မိုးဒဏ်တို့ကို ကြံ့ကြံ့ခံကာ အဗ္ဘောကာသိကမူတင်ကိုလည်းကောင်း၊ နေ့ရော ညပါ ကျောမခင်းကိုယ်မဆန့်ဘဲ နိသဇ္ဇမူတင်ကိုလည်းကောင်း၊ တရားထူးတရားမြတ်မရသရွေ့ ကြိုးစားကာ ကျင့်ကြံအားထုတ်ခြင်းသည်ကပင် မိုးညှင်းတောရကိုယ်တော်လေး၏ အံ့မခန်းနိုင်စရာ အပြုအမူပင် ဖြစ်လေသည်။

တစ်နှစ်ခန့်အကြာတွင် အနီးဝန်းကျင်ရှိ ဆည်ကြီးရွာ၊ အောင်သာရွာတို့မှ ဒကာလေးယောက် ကပ္ပိယလုပ်ရန် စာရေး၍လျှောက်ထားကြ၏။ လက်ခံတော်မူသည့်အတွက် သုံးလလျှင် တစ်ယောက် ကပ္ပိယလုပ်ကာ မိုးညှင်းကိုယ်တော်လေး၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက်ပေးကြလေသည်။ ဝီရိယစိုက်ထုတ်ပြီး ကြိုးစားအားထုတ်ရာမှ သုံးနှစ်အကြာ ၁၂၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ သန်းခေါင်ယံအချိန်တွင် မိုးညှင်းတောရ ကိုယ်တော်လေးသည် တရားဉာဏ်အမြင်ထူးများ ရရှိတော်မူလေသည်။ နောက်ထပ် နှစ်နှစ် ထပ်၍ အဓိဋ္ဌာန်ပြုကာ ဆွမ်းဘုဉ်းပေးနေသည့် အချိန်မှာပင် ဆွမ်းတစ်လုတ် ပုတီးတစ်လုံးချပြီး ကြိုးစားအားထုတ်၏။ တရားအားထုတ်ရုံသာမက အချိန်ယူကာ စာကြည့်လေသည်။ တစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံ အားထုတ်ခဲ့သမျှတို့ကိုလည်း မှတ်သားထားကာ နောင်တစ်ချိန်တွင် “ဝိသုဒ္ဓိကျင့်စဉ်ကျမ်း” အမည်ဖြင့် ပုံနှိပ်နိုင်ရန် ရေးသားပြုစုထား၏။

ထိုသို့ တရားအားထုတ်နေစဉ်အတွင်း ရဟန်းရှင်လူ၊ ဒကာ၊ ဒကာမများက မိုးညှင်းကိုယ်တော်လေး၏ တရားလမ်းစဉ်အတိုင်း နည်းနာခံ၍ ကျင့်ကြံအားထုတ်လိုကြသဖြင့် လာရောက် လျှောက်ထားကြသော်လည်း အဓိဋ္ဌာန်မပြည့်သေးသည့်အတွက် ခွင့်မပြုနိုင်ကြောင်း စာဖြင့်ရေးကာ ဖြေကြားတော်မူ၏။

လယ်တီ ဆရာတော်ကြီးအား ကတိပေးထားသည့်အတိုင်း ၁၀ နှစ်ပြည့်သွားသော ၁၂၈၃ ခုနှစ် ဝါဆိုလတွင် မိုးညှင်းတောရကိုယ်တော်လေးသည် တရားထူး တရားမြတ်များကိုရရှိတော်မူလေသည်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးထံ သွားရောက်ဦးခိုက်ကာ မြင်တွေ့ရသမျှတရားအလုံးစုံတို့ကိုလျှောက်တင်၏။ ထိုအခါ လယ်တီဆရာတော်ဘုရားကြီးက သာဓုသုံးကြိမ်ခေါ်တော်မူပြီး လယ်တီဒီပနီကျမ်းများ လှူဒါန်းကာ တရားဟောခွင့်ပြုတော်မူလိုက်လေသည်။

မိုးညှင်းဆရာတော်သည် သစ်တစ်ပင်အောက်တွင် ထန်းရွက်မိုးတရား



www.burmeseclassic.com

www.burmeseclassic.com

ဟောမဏ္ဍပ်များ ဆောက်ကာ နေ့စဉ် တရားဟော၏။ အဟော အပြော ကောင်းလှသည့်အတွက် တဖြည်းဖြည်း ပရိသတ်များမှာ အလွန်များလာလေသည်။

မိုးညှင်းဆရာတော်ကြီးသည် ဝိပဿနာပီတိအစားစားကျင့်စဉ်တရားကြီး၊ ပဋိစ္စသမုပ္ပာဒ်ကျင့်စဉ်ကျမ်းကြီး၊ နိဿယမုစ္စကကျင့်စဉ်ကျမ်းတို့ကို ရေးသား ပုံနှိပ်လေသည်။ နိစ္စဘတ်တစ်ဆုပ်ဆန်ဖြင့် ဘုရားဟောင်းကိုးဆူကို ပြုပြင်တည်ထားခဲ့လေသည်။

၁၂၈၅ ခုနှစ် ဝါဆိုလပြည့်နေ့ ၂ နာရီ ၃၀ မိနစ်တွင် လယ်တီဆရာတော်ကြီး ပျံလွန်တော်မူပြီးသည့်နောက် သံဝေဂတရားများရတော်မူ၍ ရဟန်း ရှင်လူ ပြည်သူ ပရိသတ်တို့ကို ဝိပဿနာတရားအား အထူးကြိုးစားကာ ဟောပြောပြသလေသည်။

လယ်တီဆရာတော်ကြီးကို ပေးခဲ့သည့် ဝန်ခံကတိအတိုင်း အသက် (၆၀)မပြည့်သေးသည့်အတွက် မိုးညှင်းတောရအတွင်းမှာပင် တရားပွဲများ ကျင်းပကာ ဒကာ၊ ဒကာမ များအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေသည်။

၁၂၉၄ ခုနှစ်သို့ ရောက်သည့် အခါ သက်တော်(၆၀)ပြည့်ပြီးဖြစ်သဖြင့် နယ်လှည့်ကာ တရားဓမ္မတို့ကို ဟောပြောဆုံးမလေတော့သည်။ အသံချဲ့စက်ကို ပထမဦးဆုံး အသုံးပြုကာ မြန်မာပြည်တွင်း အနှံ့အပြား လှည့်လည်ဟောပြော၏။ ဝိပဿနာတရားကိုသာမက တစ်တိုင်းပြည်လုံး ငြိမ်းချမ်းသာယာရေး အတွက် လူ့အခြေခံ မင်္ဂလာတရားတော်များကို ဟောပြောဆုံးမတော်မူလေသည်။

မေတ္တာကရုဏာတော်ကြီးမားလှသည့် ကျေးဇူးတော်ရှင်မိုးညှင်းတောရဆရာတော်ကြီးသည် ရဟန်း ရှင်လူ သာမန်တို့ကိုသာမက အင်းစိန်ထောင်အတွင်းရှိ စက်တိုင်နေရာသို့ ကြွကာ ထောင်သားများအား တရားပြ၏။ ငါးပါးသီလ၏ အကျိုးအပြစ်တို့ကို ထင်သာ မြင်သာအောင် ဟောပြောဆုံးမတော်မူပြီး ငါးပါးသီလကတိကို ခံယူစေ၏။ အမြို့မြို့အနယ်နယ်ရှိ ထောင်များသို့လည်း ကြွတော်မူပြီး တရားဟောပြောဆုံးမတော်မူ၏။

မိုးညှင်းဆရာတော်ကြီးသည် အမြဲတမ်း မေတ္တာဝါဒကို လက်ကိုင်ထားတော်မူ၏။ ဝေနေယျ သတ္တဝါတို့အား မျက်မြင်ဒိဋ္ဌ မေတ္တာပွားများလိုသည့်အတွက် ရပ်ကွက်များသို့ ကိုယ်တော်တိုင် ဆွမ်းခံကြွတော်မူလေသည်။ တစ်ကမ္ဘာလုံးရှိ ဝေနေယျ သတ္တဝါများကိုလည်း ကျန်းမာ ချမ်းသာကြစေရန် မေတ္တာပို့သတော်မူ၏။

မိုးညှင်း ဆရာတော်ကြီးသည် မေတ္တာကိုအရင်းခံပြီး တရားစစ် တရားမှန်တို့ကိုသာ ဟောပြောဆုံးမတော်မူသည့်အတွက် မြန်မာပြည်အနှံ့ တရားပွဲကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့လေသည်။ ဆရာတော်ကြီးသည် ရောက်လေရာ အရပ်တိုင်းတွင် တန်ခိုးကြီးဘုရားများဖူးမြော်ခြင်း၊ သံဃာတော်ကြီးများအား ဦးခိုက်ပူဇော်ခြင်း၊ သင်္ကန်းအစရှိသည်တို့ လှူဒါန်းခြင်း စသော ကောင်းမှုကုသိုလ်များ ပြုတော်မူ၏။

မိုးညှင်းဆရာတော်ကြီးသည် လယ်တီဆရာတော်ကြီး ညွှန်ကြားတော်မူသည့်အတိုင်း သက္ကရာဇ် ၁၂၇၃ ခုနှစ် ဝါဆိုလမှစ၍ မင်းနန်စီ ခေါ် မိုးညှင်း မင်းတရားကြီး၏ သာသနာပြုဌာနကြီး ဖြစ်သော မိုးညှင်းတောရတွင် ၁၀ နှစ်တာကာလကြာသည့်တိုင်အောင် စကားမပြော တရားမဟောဘဲ အဓိဋ္ဌာန် ခြောက်ချက်တို့ကို လိုက်နာကာ ဝိပဿနာတရားအား ကြိုးစားအားထုတ်ခဲ့၏။

ထိုသို့ အားထုတ်ရာမှ တရားထူး တရားမြတ်များ ရရှိပြီးသည့်နောက် ရဟန်းရှင်လူ ဒကာ၊ ဒကာမတို့ လှူဒါန်းကြသော နဝကမ္မ အလှူငွေများကို အသုံးပြုကာ အလှူရှင်တို့ အကျိုးများစေရန် ရည်သန်၍ ၁၂၉၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ၃၈ ဧကရှိသော မြေကွက်ကြီးကို တံတိုင်းခတ်ကာ အဆောက်အအုံပေါင်း ၂၉၇၂ ခု ဆောက်လုပ်စေ၏။

ထိုမျှသာမက ဝေနေယျသတ္တဝါအားလုံး ဘေးဒုက္ခအပေါင်းမှ ကင်းဝေးချမ်းသာစေရန်အတွက် မိုးညှင်းတောရဆရာတော်ကြီးအား အထက်ဆရာကြီးများက သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီး တည်ထား ကိုးကွယ်စေလိုကြောင်း တောင်းပန်လျှောက်ထားကြလေသည်။ ထိုသို့ တောင်းပန်လျှောက်ထားချက် အရ ရေမြေရှင် ဘုရင်မင်းတရားတို့ပင် တည်ဆောက်ရန်မဆိုထားနှင့် ကြံစည်ရန်ပင် ခဲယဉ်းလှသော အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းလှသည့် သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီးအား ၁၃၀၀ ခုနှစ် ဝါဆိုလဆန်း ၅ ရက် သောကြာနေ့တွင် အုတ်မြစ်ချကာ တည်ဆောက်စေ၏။

မိုးညှင်း ဆရာတော်ကြီးသည် မည်သည့် ဒီဇိုင်းအင်ဂျင်နီယာမှ မထားဘဲ စိတ်ကူးထဲတွင် ထင်မြင်လာသောပုံစံအတိုင်း တိုက်ကြပ်ဘုန်းတော်ကြီး တွံတေးဦးနာရဒအား စာရင်းတွက်ချက်စေသည်။

ကြံစည်ထားသည့်ပုံစံ ဆောက်လုပ်ရမည့် နည်းလမ်းတို့ကို နာမည်ကြီးပန်းရန်ဆရာ ဦးဟန်ကြီး၊ သံအင်ဂျင်နီယာ ဦးဘစိန်တို့ ဦးဆောင်သော အဖွဲ့အား စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း အသိပေးကာ တည်ထားဆောက်လုပ်စေ၏။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သာမက နိုင်ငံခြားသားများကပင် အံ့သြချီးမွမ်းကြရလောက်အောင် ကျက်သရေအပေါင်းနှင့်ပြည့်စုံပြီး ကြည်ညိုဖွယ်ရာကောင်းလွန်းလှသည့် သမ္ဗုဒ္ဓေ ကပ်ကျော်ဘုရားကြီးကို မိုးညှင်းဆရာတော်ကြီးကိုယ်တိုင် လမ်းညွှန်ပြသကာ တည်ဆောက်နိုင်ခြင်းမှာ ဆရာတော်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ၊ နတ်သိကြားများက တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကာ ကူညီစောင့်ရှောက်ကြခြင်းကြောင့် ဖြစ်သည်ဟုဆိုလျှင် မှားဖွယ်မထင်ပေ။

ဆရာတော်ကြီး၏ ဘုန်းတန်ခိုးကား အံ့ဩဖွယ်ရာကောင်းလှပေသည်။ တရားစတင်ကျင့်ကြံသည့်အချိန်မှစ၍ ဆရာတော်ကြီး၏ ဘဝတစ်လျှောက် လူသာမန်တို့ မယုံကြည်နိုင်လောက်သော အဖြစ်အပျက်များ များစွာတွေ့ကြုံခဲ့ရလေသည်။

မိုးညှင်းတောရကျောင်းလေးတွင် အဓိဋ္ဌာန်စတင်ဝင်သည့်အချိန်က ပထမတစ်နှစ်အတွင်း နေ့ရောညပါ အိပ်စက်ခြင်းမဆိုထားနှင့် ကျောစင်းကိုယ်ဆန့်ခြင်းပင်မရှိသော နိသဇ္ဇမှုတင်ကို ဆောက်တည်လေသည်။ နှစ်ကာလရှည်ကြာစွာ လူသူအရောက်အပေါက်မရှိခဲ့သည့် မိုးညှင်းတောရသည် မြေအနေအထား ခက်ထန်ကြမ်းတမ်းလှပြီး တစ္ဆေသရဲများ အလွန်ခြောက်လှန့်သည့် နေရာဖြစ်၏။

ညတိုင်းလိုပင် တစ္ဆေသရဲတို့မှာ နည်းမျိုးစုံဖြင့် ပုံပန်းသဏ္ဍာန် အမျိုးမျိုးပြကာ ခြောက်လှန့်ကြလေ၏။ တီးမှုတ်သီဆို ကခုန်ပြီး ခြောက်လှန့်ကြသလို တချို့မှာ ကြောက်လန့်ဖွယ်ရာ ရုပ်အသွင်ဖြင့်လည်းကောင်း၊ ချောမောလှပသည့် မိန်းမပျိုအသွင်ဖြင့်လည်းကောင်း ပြုလုပ်၍ ခြောက်လှန့်ကြ၏။ ထိုမျှသာမကသေး၊ တရားထိုင်နေသည့် အချိန်များတွင် . . .

"ကိုယ်တော် ဒီမှာမနေပါနဲ့ ပြန်သွားပါ၊ ဒုက္ခတွေ့လိမ့်မယ်" ဆိုသော ကျယ်လောင်စွာအော်ပြောသည့်အသံများကို ကြားရလေသည်။

မိုးညှင်းတောရသို့ ရောက်ကတည်းက နေ့စဉ်နေ့တိုင်း ပန်းရေချမ်းတို့ကို ကပ်လှူ၏။ ဘုရားဝတ်တက်ပြီး မေတ္တာပို့ အမျှဝေ၏။ ဘုရားရှင်၏ နှုတ်ထွက်ဂါထာတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၏။ မည်မျှပင်ခြောက်လှန့်စေကာမူ ကြောက်လန့်ခြင်းအလျှင်းမရှိဘဲ "သေချင်သေပါစေ၊ အဓိဋ္ဌာန်တော့ အပျက်မခံနိုင်" ဟူသောစိတ်ဖြင့် တရားကိုသာ ကြိုးစားအားထုတ်၏။ နေ့ သုံးကြိမ်၊ ည သုံးကြိမ် မေတ္တာပို့ အမျှဝေ၏။ နောက်ဆုံးတွင် တစ္ဆေ သရဲတို့ မနေရဲတော့ဘဲပြောင်းပြေးကြလေတော့သည်။ အံ့ဩစရာကောင်းလောက်အောင် မေတ္တာအစွမ်းမှာ ထက်မြက်တော်မူ၏။ ထိုမျှသာမကသေး။ အလွန်တရာ ကြမ်းတမ်း ခက်ထန်လှသည့် တိရစ္ဆာန်များကိုလည်း မေတ္တာဓာတ်ဖြင့် အောင်နိုင်တော်မူခဲ့၏။ မိုးညှင်းကိုယ်တော်လေးဘဝက အနီးဝန်းကျင်ရှိ ရွာများသို့ ဆွမ်းခံကြွတော်မူတိုင်း ရွာဝင်ပေါက်ရောက်သည်အထိ သတိအမြဲကပ်၍ ကြွလှမ်းတော်မူ၏။ ရွာတွင်းရောက်လျှင် မေတ္တာပွားများ၏။

တစ်နေ့တွင် ဆွမ်းခံကြွရာလမ်းတစ်လျှောက် နွားရိုင်းများ တစ်ကောင်နှင့်တစ်ကောင်လိုက်ရင်း ပြေးလာကြသည်။ အချိန်မီ မရှောင်နိုင်လျှင် နွားရိုင်းများတိုက်မိသည့် ဒဏ်ရာနှင့်ပင် အကြီးအကျယ် ဒုက္ခရောက်သွားနိုင်သော်လည်း ရှောင်တိမ်းခြင်း မရှိဘဲ သတိကပ်၍ ကြွမြဲကြွတော်မူ၏။ လမ်းသွားလမ်းလာများက . . .

"နွားရိုင်းတွေ တိုက်မိပါ့မယ် ဘုရား၊ ဘေးကို အမြန်ရှောင်တော်မူပါ" ဟု စိုးရိမ်တကြီး လျှောက်တင်ကြသော်လည်း ဂတပစ္စာဂတိကဝတ်ကို အပျက်မခံဘဲ သတိကပ်၍ ကြွတော်မူလေသည်။ မြင်သူတိုင်း အံ့ဩကြည်ညို၍မဆုံးနိုင်အောင်ပါပင်။ အရှိန်နှင့်ပြေးလာသော နွားရိုင်းတစ်စုသည် မိုးညှင်းကိုယ်တော်လေးနှင့် တစ်လံမျှအကွာသို့ အရောက်၌ တစ်စုံတစ်ရာက တားဆီးလိုက်သကဲ့သို့ ရှေ့မတိုးတော့ဘဲ ချာခနဲလှည့်ကာ နောက်ကြောင်းပြန်ပြေးကြလေတော့သည်။

တစ်ခါကလည်း ဆွမ်းခံကြွရာလမ်းတစ်နေရာ၌ မြွေဆိုးကြီး တစ်ကောင် မာန်ဖီ၍နေသည်ကို တွေ့မြင်ကြရ၏။ မိုးညှင်းကိုယ်တော်လေး ဆွမ်းခံကြွလာသည်ကို မြင်ကြသည့် ရွာသူရွာသားများက မြွေဆိုးကြီးကို မောင်းနှင်၍ထုတ်ကြသော်လည်း မရသည့်အဆုံး . . .

"ရှေ့မှာ မြွေဆိုးကြီးရှိနေပါတယ် ဘုရား၊ အန္တရာယ်ရှိတဲ့အတွက် နောက်ကို ပြန်ဆုတ်တော်မူပါ" ဟု လျှောက်တင်ကြလေသည်။

မိုးညှင်း ကိုယ်တော်လေးမှာ နောက်ကြောင်းပြန်မဆုတ်သည့်အပြင် အဓိဋ္ဌာန်မပျက် ကြွရမည့်လမ်းအတိုင်း ဆက်၍ကြွတော်မူ၏။ မေတ္တာတန်ခိုး



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မာန်ဖီနေသော မြွေဆိုးကြီးမှာ နေရာတွင် ဆက်၍မနေနိုင်တော့ဘဲ ထွက်ပြေးရလေတော့သည်။


၁၂၇၆ ခု တန်ဆောင်မုန်း လပြည့်နေ့တွင် တရားဉာဏ်အမြင်ထူးများ ရရှိပြီးသည့်နောက် ၁၀နှစ်အဓိဋ္ဌာန် ပြည့်ခါနီးကာလများတွင် မိုးညှင်းကိုယ်တော်လေး၏ တန်ခိုးတော် ဂုဏ်တော်တို့မှာ ပို၍ပင်ထူးခြားထင်ရှားလာလေသည်။

ဖိုဝန်းတောင်၊ လက်ပံတောင်းတောင်၊ ကျောက်ကာတောင်၊ ကြေးမုံ ရွှေမြင်တင်တောင် စသောနေရာများနှင့် မုံရွာလယ်တီဆရာတော်ကြီးတို့ထံတွင် တစ်ချိန်တည်းမှာပင် နှစ်နေရာသုံးနေရာ ဖူးတွေ့နေကြရ၏။ တစ်ခါတစ်ရံ သီတင်းသုံးရာ ကျောင်းလေးအတွင်း အလင်းရောင်များ လင်းလက်တောက်ပလျက်ရှိသည်ကိုလည်းကောင်း၊ နတ် ဗြဟ္မာများ၊ ဘီလူးများအား တရားဓမ္မများ ဟောပြောဆုံးမနေသည်ကိုလည်းကောင်း အံ့သြဖွယ်ရာ ဖူးတွေ့ကြရလေသည်။

အရာရာကို မေတ္တာဖြင့်သာ အောင်မြင်စေတတ်သည့် မိုးညှင်းကိုယ်တော်လေး၏ ပို့သသောမေတ္တာကို လူ နတ် ဗြဟ္မာတို့ မဆိုထားနှင့် အဟိတ်တိရစ္ဆာန်တို့သည်ပင် လူနတ်ဗြဟ္မာတို့ကဲ့သို့ နားလည်ခံယူကြလေသည်။

ဆယ်နှစ် အဓိဋ္ဌာန်ပြည့်ပြီးသည့်နောက် မိုးညှင်းတောရဆရာတော်ကြီးဟူ၍ နာမည်ကျော်ကြားလာကာ တရားဓမ္မတို့ကို နေ့စဉ်မပြတ် ဟောကြား၏။ ဒကာ၊ ဒကာများက ဓမ္မာရုံကြီးဆောက်လုပ်လှူဒါန်းကြရာ အမိုးမျက်နှာကြက်များတွင် လင်းနို့သားငါးရာတို့ အဘိဓမ္မာတရား နာနေကြပုံကိုပြုလုပ်ရန် ပြင်နေကြစဉ် ဆရာတော်ကြီးက ပန်းချီပညာရှင်တို့အား . . .

"လင်းနို့ပုံတူအောင် ရေးတတ်ကြရဲ့လား"ဟု မေးတော်မူပြီး တစ်ဆက်တည်း . . .



"မရေးတတ်ရင် စာရွက် ခဲတံယူခဲ့၊ ငါတို့ရေးပြမယ်" ဟု အမိန့်ရှိစဉ်မှာပင် လင်းနို့တစ်ကောင်သည် ဆရာတော်ကြီး၏ရှေ့သို့ ကျလာ၏။

ဆရာတော်ကြီးက . . .

"အေးကွယ် လင်းနို့ရဲ့အပေါ်ကနေ စာရွက်နဲ့အုပ်ပြီး ခဲတံနဲ့ခြစ်ထားကွဲ့" ဟု မိန့်တော်မူ၏။

ကိစ္စပြီးသည်နှင့် လင်းနို့သည် ဆရာတော်ကြီးအား ဦးသုံးကြိမ်ညွတ်၍ ကန်တော့ကာ ပျံသွားလေသည်။

ဆရာတော်ကြီးသည် ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ အတွင်းသာမက ပြည်ပနိုင်ငံများမှ ပြည်သူ ပြည်သားတို့ကိုလည်း ဘေးဒုက္ခအပေါင်းမှကင်းဝေးပြီး ချမ်းသာသုခနှင့်ပြည့်စုံစေရန် ကရုဏာရှေ့ထားကာ မေတ္တာပို့သတော်မူလေသည်။ အီတလီနှင့် အီသီယိုပီးယား နှစ်နိုင်ငံ စစ်ဖြစ်ကြစဉ်အခါက ဆရာတော်ကြီးသည် စိတ်မကောင်းကြီးစွာ ဖြစ်တော်မူပြီး . . .

"သတ္တဝါများ စစ်ဘေးစစ်ဒဏ်ကြောင့် သေကျေ ပျက်စီးကုန်ကြပြီ၊ အလွန်သနားစရာ ကောင်းလှတယ်၊ ဒီဘေးဒုက္ခကြီးက လွတ်ကြရအောင် မေတ္တာပို့မှဖြစ်မယ်" ဟု မိန့်တော်မူပြီး မြေပုံကြီးတစ်ချပ် ရှေ့ချကာ နေ့ရော ညပါ မေတ္တာပို့တော်မူ၏။ ထိုသို့မေတ္တာပို့၍ ငါးရက်အကြာတွင် နှစ်နိုင်ငံအကြီးအကျယ်တိုက်ခိုက်နေကြသော စစ်ပွဲကြီး နှစ်ဖက်စလုံးမှ စစ်ပြေငြိမ်းလိုက်ကြောင်း သိလိုက်ရလေသည်။

မိုးညှင်းတောရ ဆရာတော်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မိုးညှင်းတောရတွင် ယောဂီနှစ်ထောင်ခန့်အား စစ်ဘေးခိုစေ၏။ သို့သော်လည်း ဗုံးခိုကျင်းတူးခြင်းကို ခွင့်မပြုခဲ့။ ယောဂီများအား တရားဓမ္မကို နှလုံးသွင်းစေ၏။ နေ့စဉ်နေ့တိုင်း တရားဟောလည်းမပျက်ခဲ့ပေ။ သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီးကို အနှောင့်အယှက်ကင်းမဲ့စွာဖြင့် ဆက်လက်တည်ဆောက်စေ၏။ ဗုံးသုံးလုံးကျသည့်တိုင် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ခြင်း မရှိခဲ့။

တစ်ရက်တွင် အင်္ဂလိပ်စစ်တပ်က အဝေးမှနေ၍ အမြောက်နှင့်ပစ်ရာ စကြံလျှောက်နေသော မိုးညှင်းဆရာတော်ကြီးကို ထိမှန်ပြီး နေရာတွင်ပုံလဲကျသွား၏။ ဘေးပတ်ဝန်းကျင်ရှိ အရာများ အားလုံး ကြေမွသွားသည်အထိ ပြင်းထန်လေသည်။ ယောဂီများမှာ စိုးရိမ်တကြီးဖြင့် . . .

"ဆရာတော်ကြီးတော့ ပျံလွန်တော်မူပါပြီ"ဟုပြောရင်း အနီးသို့ရောက်လာကြ၏။ ဆရာတော်ကြီးမှာ ဒဏ်ရာတစိုးတစိမျှပင် မရှိဘဲ လဲကျနေရာမှ



www.burmeseclassic.com

www.burmeseclassic.com

အကောင်းပကတိအတိုင်း ထလာကာ စကြီဆက်၍လျှောက်နေတော်မူလေသည်။ အင်အားပြင်းထန်လှသောဖုံးများ၊ အမြောက်များသည်ပင် မိုးညှင်းတောရဆရာတော်ကြီးအား အန္တရာယ်ပြုနိုင်ခြင်း မရှိပေ။

မိုးညှင်းတောရဆရာတော်ကြီး၏ တန်ခိုးတော်၊ ကံတော်၊ ဉာဏ်တော်တို့မှာ လွန်စွာကြီးလှပေသည်။ အံ့သြဖွယ်ရာ ကြည်ညိုဖွယ်ရာ အကြောင်းအရာတို့မှာလည်း ရေးလို့ပင် ကုန်နိုင်စရာမရှိ။ သို့သော်လည်း မည်မျှပင် တန်ခိုးတော်၊ ကံတော်၊ ဉာဏ်တော်ကြီးမားစေကာမူ ခန္ဓာရလာပြီဆိုသည်နှင့် ဇရာ၊ ဗျာဓိ၊ မရဏတည်း ဟူသော ဒုက္ခခန္ဓာကြီး၏ နောက်ဆက်တွဲ ဒုက္ခအပေါင်းအစုကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ မလွဲမသွေ ကြုံတွေ့ရမည်သာဖြစ်ပေသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အားလုံးတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော အတုမရှိ မြတ်စွာဘုရားသည်ပင် ခန္ဓာ၏ဒုက္ခကို ရှောင်တိမ်း၍ ရတော်မူခဲ့သည် မဟုတ်။

သက္ကရာဇ် ၁၃၂၆ ခုနှစ် တော်သလင်းလသို့ရောက်လာသည့်အခါမှာတော့ မိုးညှင်းတောရဆရာတော်ကြီး၏ သက်တော်မှာ (၉၃)နှစ် ရှိနေပြီဖြစ်၏။ ဇရာ၏နှိပ်စက်ခြင်း၊ ဗျာဓိ၏နှိပ်စက်ခြင်းတို့ကို ပြင်းထန်စွာခံစားနေရပြီဖြစ်သည့်အတွက် ဆွမ်းအနည်းငယ်မျှပင် ဘုဉ်းပေးနိုင်ခြင်းမရှိတော့။ ရေအနည်းငယ်ကိုသာ ငုံထွေးနေရသည့်အခြေအနေဖြစ်လာလေသည်။

ထိုသို့အခြေအနေ ဖြစ်နေလျက်နှင့်ပင် ဆရာတော်ကြီးသည် ကုဋီသို့ ကိုယ်တော်တိုင် ကြွတော်မူ၏။ ထိုသို့သော ကိစ္စများအတွက် မည်သူ့ကိုမျှ ဒုက္ခကြီးငယ်ပေးတော်မမူပေ။

ဆရာတော်ကြီးသည် . . .

"ကိုယ့်အညစ်အကြေးကို ကိုယ့်ဘာသာ မစွန့်ပစ်နိုင် မသုတ်သင်နိုင်တော့သည့်တစ်နေ့ ဤခန္ဓာဝန်ကြီးအား စွန့်ပါရစေ" ဟု အဓိဋ္ဌာန်ထားတော်မူလေသည်။

သက္ကရာဇ် ၁၃၂၆ ခု တော်သလင်းလဆုတ် ၈ ရက်နေ့၌ မိုးညှင်းတောရဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေမှာ အတော်ဆိုးနေပြီဖြစ်၏။ တပည့်ရဟန်း သံဃာများ၊ ဒကာ၊ ဒကာမများ၊ ဆေးကုသပေးကြသော ဆရာဝန်ကြီးများမှာ ဆရာတော်ကြီး၏ အနီးတွင် စောင့်ကြည့်ရင်း ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ပေး၍သာ နေကြရပေတော့သည်။

ဆရာတော်ကြီးက နောက်ဆုံးအနေနှင့် . . .

"ခန္ဓာဝန်ကြီး လေးလှပြီ၊ မမေ့မလျော့ နေရစ်ကြ" ဟုမိန့်တော်မူပြီး ညနေ ၆ နာရီ ၄ မိနစ်အချိန်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူလေသည်။

မိုးညှင်းတောရဆရာတော်ကြီး စုတိကမ္မဇချုပ်သည်နှင့် တစ်ပြိုင်နက် ငလျင်ကြီး အကြီးအကျယ် လှုပ်၏။ ဆရာတော်ကြီး ကျိန်းစက်တော်မူသည့်ကျောင်းတွင် ဥပ္ပာတ်ပျံသည်ကို အံ့သြဖွယ်ကောင်းစွာ တွေ့ကြရ၏။ ကျေးငှက်အပေါင်းတို့ကလည်း အော်မြည်ကြ၏။ ကျောင်းတွင်းရှိ ပန်းပင်တို့မှာ အချိန်အခါမဟုတ်ဘဲ ဖူးပွင့်ကြပြီး ဆရာတော်ကြီး၏ ကျောင်းတော်ရှိရာသို့ ဦးညွှတ်၍နေကြလေသည်။

သက်တမ်း (၄၅)နှစ် ရှိပြီဖြစ်သောတောဓိပင်ကြီးမှာလည်း တစ်မုဟုတ်ချင်း အရွက်တို့ကြွေကျပြီး ခြောက်သွေ့သွား၏။ ဆရာတော်ကြီး သီတင်းသုံးရာ စံကျောင်းအထက် ကောင်းကင်တစ်ခွင်တွင် ခရုသင်းသံ၊ ကြေးစည်သံ၊ ရေကင်းသံများကို ကြားနေကြရသည်။

မိုးညှင်းတောရဆရာတော်ကြီးသည် ဝေနေယျသတ္တဝါတို့၏အကျိုးကို ရှေးရှု၍ ကျမ်းကောင်းကျမ်းမြတ် ၃၆ ကျမ်းအား ရေးသားပြုစုတော်မူခဲ့လေသည်။ ဘဝအဆက်ဆက်က ပြုကျင့်ခဲ့သည့် ကောင်းမှုကုသိုလ်ကံတို့ကြောင့် လက်ရှိဘဝတွင် လောကီရေးရာပညာဟူ၍ ဘာတစ်ခုမျှ သင်ကြားခဲ့ဖူးခြင်း မရှိသော်လည်း ခက်ခဲလှသော လောကီအမှုကိစ္စများကို လုပ်သင့်သည့်ကိစ္စ၊ မလုပ်သင့်သည်ကိစ္စ တိကျမှန်ကန်စွာ သိနိုင်သော ဌာနာဌာနကော သလ္လဉာဏ်၊ အရာရာကို အချိန်တိုအတွင်း လျင်မြတ်စွာထိုးထွင်း၍ သိနိုင်သော ဇဝနဉာဏ်၊ လုပ်ကိုင်လိုက်သမျှ အလုပ်တို့တွင် အခက်အခဲ အတားအဆီးများ တွေ့လျှင် ဖြောင့်မှန်သောနည်းလမ်းကို ချက်ချင်းသိနိုင်သော တခ်ဏုပ္ပတ္တိဉာဏ်စသော ဉာဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူလှသော မိုးညှင်းတောရဆရာတော်ကြီးသည် သာသနာ့ဘောင်သို့ စတင်ဝင်ရောက်တော်မူသည့် အချိန်မှ ပျံလွန်တော်မူသည့်အချိန်အထိ မိမိ၏ ကိုယ်ကျိုးကို ကြည့်တော်မမူဘဲ ကမ္ဘာသူ ကမ္ဘာသားတို့၏အကျိုး၊ ဘာသာအကျိုး၊ သာသနာအကျိုး တို့ကိုသာ ရှေ့တန်းတင်၍ ဆောင်ရွက်တော်မူခဲ့ပေသည်။

ဝေနေယျ သတ္တဝါတို့ အပေါ်တွင် ဆရာတော်ကြီး၏ ကျေးဇူးကား လွန်စွာကြီးမားလှပေသည်။

ဤကဲ့သို့ သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်ကြီးများထဲမှ တစ်ပါးအပါအဝင်ဖြစ်သောမိုးညှင်းတောရ ဆရာတော်ကြီး ဦးသုမန၏ အကြောင်းကို လေ့လာဖတ်ရှုပူဇော်ခြင်းအားဖြင့် ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်တို့ ဘာသာရေးအသိ၊ သာသနာရေးအသိများ တိုးပွားလာကာ စစ်မှန်သော ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်လာကြစေရန် ရည်သန်၍ ရေးသားဖော်ပြလိုက်ရပါသည်။

❒ သစ္စာဦး(ဇေယျာမြေ)

<u>မှီငြမ်း</u>

မိုးညှင်းနတ်လမ်းညွှန် သမ္ဗုဒ္ဓေ ဘုရားကြီးသမိုင်း။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ




www.burmeseclassic.com

www.burmeseclassic.com

# တောင်တွင်းကြီး သာသနာပိုင်ဆရာတော် ခင်ကြီးပျော်

**အရှင်ထေရဝံသ (ဟသ်ာတ)**



တောင်တွင်းကြီးမြို့၊ ပေနှစ်ပင်၊ ရှင်နှစ်ပါးတွင် အပါအဝင်ဖြစ်သော ဉာဏာဘိလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တောင်တွင်းကြီး အတုလဆရာတော် ခင်ကြီးပျော်သည် တောင်တွင်းကြီးမြို့ မြို့လုလင် ပုတီးကုန်းရွာနေ လက်သမားဆရာကြီး ဦးဘိုးပြေ+ဒေါ်ကြာတို့မှ ၁၀၈၄ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ဖွားမြင်သော သားမြတ်တစ်ပါး ဖြစ်သည်။ ငယ်နာမည်မှာ မောင်ပျော် ဖြစ်သည်။ ရဟန်းဘွဲ့တော်မှာ ရှင်ဉာဏဓရ ဖြစ်သည်။ အလောင်းမင်းတရားကြီးသားတော် မဟာဓမ္မရာဇာဓိပတိ စစ်ကိုင်းမြို့၊ ဒုတိယမြို့တည် နောင်တော်မင်းတရားကြီး ကိုးကွယ်တော်မူသည်။ နောင်အခါတွင် တောင်တွင်းကြီးအတုလ ဆရာတော်ခင်ကြီးပျော်ဟု လည်းကောင်း၊ မကာရလောပဆရာတော် ခင်ကြီးပျော်ဟုလည်းကောင်း၊ တောင်တွင်းကြီး သာသနာပိုင်ဆရာတော် ခင်ကြီးပျော်ဟုလည်းကောင်း ထင်ရှားကျော်ကြားသည်။

ဆရာတော်လောင်းလျာ ဖွားမြင်စဉ်က ပေါ်ပေါက်လာသော ပေပင်သည် ပင်စည်လုံးပတ် ဖွံ့ဖြိုးသန်မာ၏။ ပေဖူးကြီးထွား၏။ ပေရွက်တို့သည် ၁၄ ကြောင်း၊ ၁၅ ကြောင်း စာရေးလောက်အောင် ကြီး၏။ ထို့ကြောင့် ဆရာတော်လောင်းလျာကို ပညာသတ္တိနှင့်ပြည့်စုံ၍ ကျော်စောခြင်း သုံးမျိုးဖြင့် ကျော်စောမည်ဟု နိမိတ်ဖတ်ကြသည်။

ကျောင်းသားအရွယ်ငယ်စဉ်ကပင် ပိဋကတစာပေ တတ်မြောက်၍ "မြန်မာပြည်တွင် ပိဋကတ်စာပေ ကျွမ်းကျင် တတ်မြောက်သော သူငယ်တစ်ဦး ရှိသည်"ဟု သီဟိုဠ်ကျွန်း၌ အုတ်အုတ်ကျက်ကျက် ဖြစ်ရသည်။ နောက် ရှင်သာမဏေဘဝတွင် လည်းကောင်း၊ ရဟန်းဘဝတွင်လည်းကောင်း ကျော်စောလေသည်။ ဆရာတော်လောင်းလျာသည် ကျောင်းသားအရွယ် ငယ်စဉ်



www.burmeseclassic.com

www.burmeseclassic.com

ကပင် အင်းဝမြို့သို့ သွားရောက်၍ စာပေကျမ်းဂန်များ ရှာဖွေ သင်ကြားသည်။ ခင်ကြီးပြောင်ဟူသော သူငယ်ချင်းတစ်ယောက် ရှိသည်။ သွားဖက် ပြန်ဖက် စာသင်ဖက်ဖြစ်သည်။ ခင်ကြီးပျော်နှင့် ခင်ကြီးပြောင်တို့သည် ကျော်အောင်စံထား ဆရာတော်ကြီး၏တပည့်များ ဖြစ်ကြသည်။

အတုလဆရာတော် ခင်ကြီးပျော်သည် တစ်နေ့လျှင် ပေချပ်ရေ တစ်ကိုက်ခန့် ရေး၏။ သို့သော်လည်း အစားအသောက်ကြူးသည်။ ထို့ကြောင့်ပင် ဆရာဖြစ်သော ကျော်အောင်စံထား ဆရာတော်ကြီးက အတုလဆရာတော် ခင်ကြီးပျော်အား "သင်ကား အစားအသောက်ကြူးသည် အသက် ၃၀ ကျော်သာ နေရမည်" ဟု မိန့်တော်မူသည်။ ခင်ကြီးပြောင်အား "သင်သည် ဒေါသမာန်ကြီးသည်၊ အသက်တိုမည်၊ အသက် ၃၀ ကျော်သာ နေရမည်" ဟု မိန့်တော်မူသည်။

သာသနာပိုင် သံဃရာဇာ အတုလဆရာတော်ကြီး လက်ထက် ရှင်သာမဏေများ ကိုယ်ရုံသင်္ကန်းရုံသင့် မရုံသင့် အငြင်းပွားကြသည်။ မဟာဓမ္မ အတုလယသ ဓမ္မရာဇာဓိရာဇဂုရုဘွဲ့ တံဆိပ်တော်ရ သာသနာပိုင်သံဃရာဇာ အတုလဆရာတော်ဘုရားကြီးက တင်သင့်ကြောင်း၊ တောင်တွင်းကြီး အတုလဆရာတော်ခင်ကြီးပျော်က ရုံသင့်ကြောင်း ကွဲပြားကြသည်။ နောက်ဆုံးတွင် "သာသနာပိုင် သံဃရာဇာ အမိန့်အတိုင်း လိုက်နာရမည်၊ မလိုက်နာလျှင် ကိုရင်ကြီး မလုပ်ဘဲ ချက်ချင်း ရဟန်းခံရမည်" ဟု ဆုံးဖြတ်ကြသည်။

နောက် ပုပ္ပားစောရဟန်းမင်း ဖြိုခွင်းသက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် ရတနာသိင်္ခကုန်းဘောင်မြို့ကို သားတော်ကြီး နန်းတက်သောအခါ တောင်တွင်းကြီး အတုလဆရာတော် ခင်ကြီးပျော်အား သာသနာပိုင်အဖြစ် တင်မြှောက်သည်။ ရုံဂိုဏ်းသံဃာတော်များက ခင်ကြီးပျော်ထံ စုရုံးရောက်လာကြပြီး ပြောဆိုလျှောက်ထားကြရာ ခင်ကြီးပျော် ဆရာတော်က "တပည့်တော် မတတ်နိုင်ပါ။ သာသနာပြုဆရာတော် ၁၄ပါးက တင်ဂိုဏ်းချည်းဖြစ်နေပါသည်။ ထို့ပြင် (သည်းသဲပုံ၊ ငွေဖြစ်မှ ရုံရစ်တော့လေး) ဟု တဘောင်လည်း ရှိပါသည်။(သည်းသဲပုံ)ကား သောကြာသား အလောင်းမင်းတရားတည်း၊ (ငွေ)ကား တနင်္လာသား ဘိုးတော်မင်းတရားကြီးတည်း၊ အလောင်းမင်းတရားနန်းဆက် ဘိုးတော်မင်းတရားလက်ထက်မှ (ရုံရစ်တော့လေး) ရုံဂိုဏ်းနိုင်ပါမည်" ဟု မိန့်တော်မူလျှင် သံဃာအားလုံး ပြန်ကြွသွားကြလေသည်။

ဆရာတော် မိန့်တော်မူသည့်အတိုင်း ဘိုးတော်ဘုရားနန်းတက်သောအခါ စလင်း ဆုံထားဆရာတော်ထံ ကိုရင်ကြီး တစ်ပါးက စာဝါလိုက်ဖို့ တောင်းပန်ရာ စလင်းဆုံထားဆရာတော်က "ကိုရင်ကြီးကို လက်မခံလို၊ ရဟန်းပြုမှ စာသင်ပေးမည်" ပြောရာ ကိုရင်ကြီးက "တပည့်တော်လဲ ထိုအတိုင်း သဘောကျပါသည်၊ ရဟန်းပြုပါမည်" ဟုလျှောက်၏။ စလင်းမြို့ရှိ တင်ဂိုဏ်းဆရာတော်များ ထိုအကြောင်းကို ကြားလျှင် အမရပူရမြို့သို့တက်၍ တင်ဂိုဏ်းဝင်အဆက် သာသနာပိုင် ဆရာတော်ထံသွားပြီး "ဆုံထားဆရာတော်သည် အရှင်ဘုရားတို့အား အလဇ္ဇီ (အရှက်မရှိသူ)လို့ ပြောပါသည်" ဟု ကုန်းတိုက်၏။ သာသနာပိုင် ဆရာတော်သည် သံဃရာဇာအာဏာဖြင့် ဆုံထားဆရာတော်အား ဖမ်းဆီး ခေါ်ဆောင်လာရန် အမိန့်ထုတ်သည်။

အမရပူရမြို့ရှိ ဆုံထားဆရာတော်၏တပည့်များသည် ထိုအကြောင်းကိုသိလျှင် ဆုံထားဆရာတော်ထံ စေလွှတ်၍ ရှောင်နေရန် လျှောက်ထားကြသည်။ ဆုံထားဆရာတော်သည် နေ့အခါပုန်း၍ ညအခါ အမရပူရမြို့သို့ တက်လာ၏။ ဖမ်းဆီးရန် သွားသော သံဃာတော်များ စလင်းမြို့သို့ ရောက်သောအခါ ဆုံထားဆရာတော် မရှိကြောင်းသိလျှင် ပြန်လာကြသည်။

အမရပူရမြို့အနီးသို့ ရောက်သောအခါ ဆုံထားဆရာတော်ကို တွေ့၍ ဖမ်းမည်ပြုရာ ဆုံထားဆရာတော်ဘက်မှ သံဃာများကလည်း "ဖမ်းလျှင် ခုခံရိုက်ပုတ်မည်" ဟု နှစ်ဖက် သံဃာများ သင်္ကန်းဝါဝါ တရုန်းရုန်းနှင့်ဖြစ်နေကြသည်။ ထိုသို့ဖြစ်နေသည်ကို ဧရာဝတီမြစ် မြစ်လယ်ကျွန်းသို့ ရေကစားရန် ဆင်းလာသော အလောင်းမင်းတရားကြီး မြင်တော်မူ၏။

"ရဟန်းတော်တို့အား ဤကဲ့သို့ ကြမ်းတမ်းသော အမှုမဖြစ်သင့်ရာ၊ ဘုရားရှင်အမိန့်အတိုင်းသာ ဖြစ်စေရမည်၊ နက်ဖြန် သုဓမ္မာသဘင်၌ ရှင်းလင်းမည်"ဟု မိန့်တော်မူ၍ မဟာဒါန်ဝန် စာရေးကြီးတို့ကို စီမံခိုင်းသည်။ နောက်တစ်နေ့ ရဟန်းပရိသတ် အများရှေ့ ရှင်းလင်းကြရာ တင်ဂိုဏ်းဘက်က ဇင်းမယ်ပြု မင်္ဂလာသာရ ဒီပနီကျမ်းကို ကိုးကားပြောဆိုသည်။ ဆုံထားဆရာတော်က "၎င်းကျမ်းသည် သင်္ဂါယနာတင်ကျမ်းမဟုတ် သေခိယ၌ အန္တရဃရေ ပါရုပိတွာ (မြို့တွင်း ရွာတွင်းသို့ သွားလျှင် သင်္ကန်းရုံရမည်) ဘုရားဟော ပါဠိတိုက်ရိုက်ရှိသည်"ဟုဆိုရာ ရုံဂိုဏ်းဘက်ကနိုင်၍ အားလုံး သင်္ကန်းရုံကြရသည်။

"မ"ကာရလောပ တောင်တွင်းကြီး ဆရာတော် ခင်ကြီးပျော်သည် စနည်း၊ တဘောင်ကောက်ရာ၌ အလွန်တော်သည်။ တစ်ခါက စစ်ကိုင်းမြို့ နောက်ချေးကျွန်းအရပ် ဆင်းရဲသား တစ်ယောက်သည် အဝတ်ဖြူဝတ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးက(အ သု ခံ)ဟုဆို၍ သူ၏ ဦးခေါင်းကို သုံးချက်ပုတ်ကြောင်း အိပ်မက် မြင်မက်သည်။ နှစ်ကြိမ် သုံးကြိမ် မြင်မက်သောအခါ ဆရာတော်ကြီးများကို လျှောက်ထား၍ အိပ်မက် နိမိတ်ကောက်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်ဆရာတော်မှ မစွမ်းနိုင်ချေ။ ခင်ကြီးပျော်ဆရာတော်ကို မေးလျှောက်သောအခါ ဆရာတော်က (အ) အမ္ဗုလေ သရက်ပင်အရင်း၌၊ (သု) သုဝဏ္ဏ ကုမ္ဘံ ရွှေအိုးကို၊ (ခ) ခဏတိ- တူးလော့၊ "သင်၏အိမ်အနီးမှာ သရက်ပင်ရှိမည်၊ ၎င်းသရက်ပင်ရင်း၌ ရွှေအိုးရှိသည်၊ ထိုရွှေအိုးကို တူးပါ" ဟု မိန့်တော်မူ၏။ ဆင်းရဲနွမ်းပါးသူက "တပည့်တော် အိမ်အနီး၌ သရက်ပင်မရှိပါ" ဟု ငြင်း၏။ တစ်နေ့ ဆင်းရဲနွမ်းပါးသူသည် သူပုံထားသော ထင်းများကို ဝယ်သူလာ၍ ရောင်းရာ ထင်းပုံအောက်၌ သရက်ပင်ပေါက်ကိုတွေ့၏။ ညလူခြေတိတ်ချိန်၌ တူးရာ ရွှေအိုးနှင့်တကွ ရွှေမန်ကျည်းတောင့် သုံးပိဿာရလေသည်။

သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ သက်တော် (၄၀) အဝင် ဝါတော် (၁၉)ဝါအရတွင် တောင်တွင်းကြီးဆရာတော်ခင်ကြီးပျော် မကျန်းမမာ ဖြစ်တော်မူသည်။ တပည့်တပန်းများက "တက်ကျွမ်းသော သမားတော်များသည် သင့်လျော်သော ဆေးကို လှူဒါန်းလိုကြောင်း၊ ဆေးဝါးဓာတ်စာ စားစေလိုကြောင်း" လျှောက်ထားကြရာ ဆရာတော်က "ဆိုင်းလင့်ကြဦး" ဟု မိန့်တော်မူ၍ ပဥ္စင်းငယ်တစ်ပါးအား ညတိတ်ဆိတ်ငြိမ်သက်ချိန် မြို့တွင်းသို့သွား၍ "စနည်းနာရန်"စေခိုင်းသည်။ ပဥ္စင်းငယ် ညအချိန် မြို့တွင်း၌ စနည်းနာပြီးလျှင် နံနက် မိုးသောက်သောအခါ ဆရာတော်အား ညက ကြားသည်မတစ်ယောက် (သီဘော သုံးဆယ်)ဟု ယောင်ယမ်းပြောသံကို ရှေးဦးစွာ ကြားရကြောင်းလျှောက်ထားသည်။

ဆရာတော်က "ငါကား ဤ ရောဂါဝေဒနာမှ ထမြောက်တော့မည် မဟုတ်ချေ၊ သီဘောသုံးဆယ်ဟူသော စနည်းစကားအရ (ဘော) အချင်းတို့၊ (သီ) သီလရှိသော (ဆယ်) အင်္ဂါသားသည် (သုဉ်း)သေလတ္တံ့ဟု အဓိပ္ပာယ်ရသည်၊ ထို့ကြောင့် မင်းတို့ ဆေးကို ငါ မစားလိုပြီ" ဟု မိန့်တော်မူသည်။ မကြာမီပင် ဆရာတော်ပျံလွန်တော်မူသည်။ ဆရာတော် ရေးသားပြုစုခဲ့သော ကျမ်းများမှာ (၃၂)ကျမ်းရှိသည်ဟု အများလက်ခံထားကြသည်။

စတုတ္ထမြောက် မြစ်ကွေ့ဆရာတော် ဘဒ္ဒန္တ ပညာဝံသမထေရ်၏ ကန်တော့ခဏ်း အတ္တုပတ္တိ စာတမ်း (လက်ရေးမူ)တွင် တောင်တွင်းကြီးသာသနာပိုင်ဆရာတော် ခင်ကြီးပျော် ရေးသားပြုစုသော ကျမ်းများမှာ. . .

ပုဒ်စစ်၊ သုတ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်၊ သံဝဏ္ဏနာနိယံ၊ ဉာသ်အရကောက်၊ သဒ္ဒဗျူဟာကျမ်း၊ နေတ္တိဟာရအရကောက်၊ ဝိထိလက်ရိုး၊ ယမိုက်ခက်ဆစ်၊ ပဋ္ဌာန်းအရကောက်၊ ကစ္စာယနသာရအရကောက်၊ ကလျာဏီကျောက်စာ စကားပြေ စသည်တို့ ဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်။

ပိဋကတ်ကြေးမုံကျမ်းတွင် . . . ပဋ္ဌာန်းအရကောက်၊ချာသအရကောက်၊ ယမိုက် ခက်စစ်၊ ပုဒ်စစ် စသော ပိဋကတ်ကျမ်းများ၊ အာဒိကပ္ပကျမ်း၊ ဒွါရသိမ်ကျမ်း၊ ဓာတုဘေဒကျမ်း၊ ဓာတုဝိဘာဂကျမ်း၊ နေမိတ္တကကျမ်း၊ နရတန်ဆောင်ကျမ်း၊ နရမာလာကျမ်း၊ လက္ခဏာသင်္ဂြိုဟ်ကျမ်း၊ နရသုခီကျမ်း၊ ဝေနေယျသုခီကျမ်း၊ မဟာနာရီကွန်ချာကျမ်း၊ ပဋိစ္စသမုပ္ပါဒ်ဓာတ်ကျမ်း၊ ဓာတုသင်္ဂဟကျမ်း၊ ဓာတုဒီပနီကျမ်း၊ အရသာကျမ်း၊ အင်္ဂဝိဇ္ဇာဟူသော ဓာတ်ကျမ်း၊ ကဝေသာရကျမ်း၊ လက္ခဏာဒီပကျမ်း၊ ဆနဝုတိကျမ်း၊ ဓာတွန္တြီကျမ်း၊ မဏိဇောတိရသ်ကျမ်း၊ စူဠဇောတိရသ်ကျမ်း၊ ပရမိဿရကျမ်း၊ ဇမ္ဗူကျက်သရေကျမ်း၊ သာသနာသိုက်ကျမ်း၊ သဗ္ဗသာဓာရဏကျမ်း၊ ရောဟနကျမ်း၊ ပဥ္စပွတ်ကျမ်း၊ ပေါင်း (၃၂)ကျမ်းဟု မှတ်တမ်းတင်ထားသည်။

နှစ်ရပ်ပေါင်းလျှင် (၃၂)ကျမ်း မကပေ။ ထို့ပြင် အာဒိကပ္ပဒွါရရာသီနက္ခတ်ကျမ်း၊ အာဒိကပ္ပလင်္ကာကျမ်း၊ စားတော်ချက်ကျမ်း၊ ၃၇ မင်း နတ်သီချင်းတီမိုးပုတ္တောဝါဒဆုံးမစာလင်္ကာ၊ သက္ကရာဇ် ၁၁၂၀ ပြည့်နှစ်တွင် မင်းလက်ဝဲနော်ရထာ လျှောက်ထားချက်အရ အတုလဆရာတော် ဖြေဆိုတော်မူသော ပုစ္ဆာဝိသဇ္ဇနီကျမ်း၊ (တောင်တွင်းကြီးဆရာတော် အဖြေကျမ်းဟုလည်းတွင်သည်)လည်း များစွာရှိသေးသည်။

(ဒွါရသိမ်ကျမ်းသည် ဆရာတော် ရေးသောကျမ်း ဖြစ်နိုင်ဖွယ်မရှိကြောင်း အလျဉ်းသင့်လျှင် တင်ပြပါမည်)

မည်သို့ပင် ဆိုစေကာမူ ယခုခေတ် ပရိယတ္တိ ပထမပြန်လောက၌ ပထမငယ်တန်း၊ ပထမလတ်တန်း၊ပထမကြီးတန်း၊ စာချတန်းတို့တွင် ခင်ကြီးပျော်ဆရာတော်ရေးသားသော ပုဒ်စစ်၊ သုတ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်၊ သံဝဏ္ဏနာ၊ ဉာသ်ကောက်၊ နေတ္တိဟာရ၊ ဝိထိလက်ရိုး၊ ယမိုက်ခက်စစ်၊ ပဋ္ဌာန်းအရကောက်တို့ကို အရေးထားပြီး သင်ယူနေကြရသည်။ ၎င်းကျမ်းတို့ကို လက်ကိုင်ထား၍ အထက်တန်း ပိဋကတ်စာပေများကို တက်လှမ်းကြရသည်။

ရှေးရှေးသမားအို သမားဟောင်းများမှစ၍ ယခုခေတ်တိုင်အောင် ဓာတ်၊ ဆေး၊ ဗေဒင်၊ ထွက်ရပ်ပေါက်လမ်းသို့ လိုက်ကြကုန်သော သူတော်စင်တို့သည် ဆရာတော်၏ ကျမ်းစာအုပ်များကိုသာ လက်ကိုင်ထား၍ ဆရာတော်ပေးသော နည်းအတိုင်းပင် ဆောင်ရွက်ကြရသည်။ ဆောင်ရွက်သည့်အတိုင်းလည်း ပေါက်ရောက်ကြသည်။

ထို့ကြောင့် ဆရာတော်ရေးသားသော ကျမ်းစာများသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာတို့၌ အသုံးဝင်၍ ကျေးဇူးကြီးမားကြောင်းနှင့် မ-ကာရ လောပဟု အမည်ခံထိုက်ကြောင်း တင်ပြအပ်ပါပေသတည်း။

❒ အရှင်ဓေဝရဝံသ(ထဘီတ)





www.burmeseclassic.com

www.burmeseclassic.com




# နှစ်ဦးမေတ္တာ လူတိုင်းမှာ

ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ

(Ph.D)

ပါမောက္ခချုပ်၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ
ဗုဒ္ဓဘာသာသာသနာပြုတက္ကသိုလ်

(ယခင်လမှအဆက်)

အခုလို နှစ်ဦးကာလ အခါသမယက ဒီကနေ့ ၂၀၁၂ ခုနှစ် စတင်လာပြီ။ ဒီနှစ်တာပိုင်းအတွင်းမှာ တို့တစ်တွေဟာ အလွန်မွန်မြတ်တဲ့ မေတ္တာတရားနဲ့ ဆက်ဆံမယ်၊ ခန္တီဆိုတဲ့ သည်းခံခြင်းတရားကို လက်ခံကျင့်သုံးမယ်၊ သည်းခံမယ်၊ ဥပေက္ခာတရားနဲ့ ခွင့်လွှတ်နိုင်အောင် ကြိုးစားမယ်လို့ ဒီတရားသုံးပါး မိမိတို့ရင်ဝယ် ထားမယ်ဆိုလို့ရှိရင် အစစအရာရာ လုပ်ငန်းကိစ္စတွေ အောင်မြင်မယ်။ ဒါ မြတ်စွာဘုရားရဲ့ အဆုံးအမပါ။ ဘုန်းကြီးတို့ပြောတဲ့ဟာ မဟုတ်ပါဘူးနော်။ ဘုရားရဲ့အဆုံးအမ၊ ဘုရားကိုယ်တိုင်လည်း ဒီအတိုင်းကျင့်သုံးပြီးတော့ သွားတာ။

အေး. . . လောကမှာ ရောဂါဆိုတာ ကုလို့ရတဲ့ရောဂါရှိတယ်၊ ကုလို့မရတဲ့ရောဂါ ရှိတယ်၊ လူဆိုတာ ထာဝရ ကျန်းမာနေတယ်လို့ မရှိနိုင်ဘူး။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဟောထားတဲ့ တရားကို နှလုံးသွင်းနိုင်ရမယ်။ မြတ်စွာဘုရားက ဟောထားတယ်။ ယော ဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ၊ ဒုက္ခဿေဝသော ဥပ္ပါဒေါတဲ့။ “ရုပ်တရား မိမိသန္တာန်မှာ ဖြစ်ပေါ်လာတာဟာ ဒုက္ခဖြစ်ပေါ်လာတာ”တဲ့။ “ရောဂါနံ ဌိတိ = ရောဂါတွေရရှိလာ”တဲ့။ “ဇရာ မရဏဿ ပါတု ဘာဝေါ = အိုခြင်း သေခြင်းဆိုတဲ့ သဘာဝတွေ ပေါ်လာတာပဲ” တဲ့။ ဘဝရလာကတည်းက ဒါတွေက ပါလာတာပဲလေ။

လူတိုင်းမှာလည်း ရောဂါဆိုတာရှိတယ်။ လူတိုင်းမှာ အိုခြင်းသဘောဆိုတာ ရှိတယ်။ လူတိုင်းမှာ သေခြင်းသဘောဆိုတာ ရှိတယ်။ ဒါတွေက တစ်နေ့မဟုတ်တစ်နေ့ လာမယ့် အရာတွေချည်းပဲ။ ကိုယ်ရထားတာကိုက အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောရှိတဲ့ အရာကို ရထားတာဖြစ်သောကြောင့် ဘယ်သူ ဘယ်သူမှ အပြစ်ပြောစရာ ဘာမှ မရှိဘူး။

အဲဒီတော့ ဒီလို မမြဲတဲ့ခန္ဓာကိုယ်ကြီး ကိုယ်ရထားတဲ့ အနေအထားထဲမှာ ဘာလုပ်ဖို့လိုသလဲဆိုတာပဲ စဉ်းစားမယ်။ ကျန်းမာနေတဲ့ အချိန်ပိုင်းမှာ တို့တစ်တွေ ဘာလုပ်ရမယ်။ မကျန်းမာတဲ့ အချိန်မှာရော တို့တစ်တွေ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားသင့်တယ်။

မြတ်စွာဘုရားက ဟောထားတယ်။ ခန္ဓာကိုယ်ဆိုတာတဲ့ “အမြဲတမ်း မကျန်းမမာ ဖြစ်နေတာပဲ” တဲ့။ ဟုတ်တယ်လေ၊ ကြာကြာ ထိုင်ကြည့်လိုက်ရင် ညောင်းလာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကြာကြာအိပ်လည်း ညောင်းတာပဲ။ ကြာကြာလမ်းလျှောက်လည်း ညောင်းလာတာပဲ။ ဒါကိုက နာကျင်မှုလို့ ခေါ်တယ်။

ရောဂရဲ့အဓိပ္ပာယ်က နာကျင်တာကို ပြောတာနော်။ Disease, Disease ဆိုတာ မသက်သာတာကို ပြောတာနော်။ ရောဂါဖြစ်လာတယ်ဆိုတာ Ease မဟုတ်တော့ဘူး။ Disease ပေါ့။ Disease ဖြစ်လာတယ်။ အဲဒီတော့ ပါဠိစာပေက သုံးတာနဲ့ အတူတူပဲ။ အဲဒီတော့ ရောဂဆိုတာ ခန္ဓာကိုယ် အနေအထိုင်မှာ Comfortable မဖြစ်တဲ့သဘောကို ပြောတာ။

အဲဒီတော့ ဒါတွေက ခန္ဓာကိုယ်ရဲ့ သဘောမှာကို နဂိုကတည်းက ရှိနေတာ။ လောကမှာ ဒီဒုက္ခသဘောကြီးကို လူတွေက Posture ပြောင်းပြီးတော့ အပြောင်းအလဲလေး လုပ်ပေးနေလို့ ဒီခန္ဓာကိုယ်ကြီးမှာ မနာဘူးလို့၊ ကျန်းမာနေတယ်လို့ ဒီလိုထင်နေကြတာ။ “ဣရိယာပုတ်က ဖုံးထားလို့ ဒုက္ခကို မမြင်ဘူး” လို့ ကမ္မဋ္ဌာန်းဆရာတွေက ပြောတာနော်။

ဣရိယာပုတ်က ဖုံးတယ်ဆိုတဲ့ အဓိပ္ပာယ်က ဘာတုံးဆိုရင် ပြောင်းပြောင်းနေလိုက်တယ်။ ဒီဘက်ထိုင်တာကျတော့ ညောင်းလာရင် ဟိုဘက်ရွှေ့ထိုင်လိုက်တယ်။ ဟော ဒုက္ခက သက်သာသွားပြန်ရော။ အိပ်နေတာ ကြာတဲ့အခါမှာ ညောင်းလာလို့ရှိရင် ထိုင်လိုက်ပြန်တယ်။ ဟော သက်သာသွားပြန်တယ်။ ထိုင်တာကြာပြန်တော့ ထပြီးလမ်းလျှောက်လိုက်ပြန်တယ်။ သက်သာသွားပြန်တယ်။ အဲဒါကို ပြောတာ။ ဣရိယာပုတ် ဖုံးတယ်။ ဣရိယာပုတ်ဆိုတာ Physical Posture ကို ပြောတာ။ Physical Posture က အပြောင်းအလဲလေးတွေ လုပ်လုပ်ပေးသွားတဲ့အခါ ဒုက္ခရဲ့သဘောကို လူတွေက မသိလိုက်တော့ဘူးပေါ့။

အဲဒီတော့ ဒုက္ခဆိုတာက လုပ်လို့ရလာတာ မဟုတ်ဘူး။ နဂိုကတည်းက ရှိနေတာလို့ ပြောတာနော်။ ရှိနေတဲ့ ဒုက္ခသဘောတွေက ဒီလိုရှိတယ်။ အဲဒီတော့ မြတ်စွာဘုရားက ခန္ဓာကိုယ်ဆိုတာ ဘယ်ခန္ဓာကိုယ်ပဲဖြစ်ဖြစ် ဒီသဘောရှိတာပဲတဲ့။ အဲဒီတော့ ခန္ဓာကိုယ် မကျန်းမာတဲ့အပေါ်မှာ လိုက်ပြီးတော့ Stress ဆိုတဲ့ စိတ်ဖိစီးမှုမဖြစ်အောင် ကြိုးစားဖို့ ဒါ ကိုယ့်ရဲ့တာဝန်ပဲ။ ရုပ်ကတော့ ဘယ်သူပဲဖြစ်ဖြစ် ရုပ်ခန္ဓာကိုယ်ကြီးကဆိုတဲ့ သဘောဟာ စားရင်း၊ သွားရင်း၊ ပြုပြင်ပေးရင်းနဲ့ ဒီလိုပဲ နေရတယ်။ သို့သော် သူကတော့ ပျက်ချိန်တန်ရင် ပျက်သွားမှာပဲ။ ကိုယ်လုပ်နိုင်တာ ဘာလဲလို့ဆိုရင် Stress ကို လျှော့ချပေးဖို့က ဒါ ကိုယ်လုပ်နိုင်တာပဲ။ ဒါကြောင့်မို့ မြတ်စွာဘုရားက ဆုံးမပေးထားတယ်။

ဒီနေ့ နှစ်သစ်မင်္ဂလာ အခါသမယမှာ မြတ်စွာဘုရားရဲ့ အဆုံးအမလေးတစ်ခု မှတ်ထားကြပါ။ “ရုပ်ခန္ဓာကိုယ်ကြီး နာချင်နာပါစေ၊ စိတ်မနာပါစေနဲ့” ဘုရားဟောတဲ့ ပါဠိစကားလုံးက “အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ”။ အာတုရကာယဿ မေ သတော = ရုပ်ခန္ဓာကိုယ်ကြီးက နာတတ်တဲ့သဘော ရှိပေမယ့်၊ စိတ္တံ အနာတုရံ ဘဝိဿတိ = စိတ်လေးကိုတော့ မနာစေရဘူးလို့ ဒီလိုပြောတာ။ အဲဒီတော့ ရုပ်နာတာ နာချင်နာပါစေပေါ့။ နာရင် ဆေးသောက်မယ်၊ ဆေးဝါးနဲ့ ကုသမယ်၊ အစားအာဟာရနဲ့ ကုသမယ်။ ဒါ ရုပ်ခန္ဓာနာတာ သဘာဝ။ သို့သော် စိတ်မနာအောင်လုပ်ဖို့ကတော့ ကိုယ့်အလုပ်ပဲတဲ့။ ရုပ်မနာအောင်က ထာဝရတတ်နိုင်တဲ့အရာ မဟုတ်ဘူး။ စိတ်မနာအောင်သာ ကြိုးစားအားထုတ်ကြရမှာ။

အဲဒီတော့ တစ်ဖက်က ဒီလိုစဉ်းစားစရာလေးတွေ ရှိပြန်တယ်ပေါ့။ စိတ်ဆိုတာဟာလည်းပဲ မမြဲတဲ့သဘောတရား ဖြစ်တယ်။ “ဘာဖြစ်လို့ စိတ်မနာအောင် လုပ်ရမယ်” လို့ မြတ်စွာဘုရားက ဟောပြန်လဲဆိုတော့ မှန်တယ်၊ စိတ်ဆိုတာ တစ်ခဏလေးပဲဖြစ်တာ။ တစ်ခဏလေးဖြစ်တဲ့ စိတ်ကလေးဟာ အာရုံအမျိုးမျိုးအပေါ်မှာ အမျိုးမျိုးပြောင်းလဲတယ်။ သူကနော်။ စိတ်ညစ်စရာ အာရုံနဲ့တွေ့ရင် ညစ်သွားပြန်ရော။ ပျော်စရာအာရုံနဲ့တွေ့ရင် ပျော်သွားပြန်ရော။ အဲဒီလိုဖြစ်တာဟာ စိတ်နာတာလို့ ခေါ်တာ။

စိတ်မနာအောင် ဘယ်လိုလုပ်ရမလဲဆိုတော့ အသိဉာဏ်ကလေးနဲ့ စိတ်ညစ်စရာဆိုရင်လည်း မညစ်တော့ဘူး။ ပျော်စရာအာရုံဆိုလည်း လောဘတွေမဖြစ်တော့ဘူး၊ မုန်းတီးစရာ အာရုံတွေမှာလည်း ဒေါသတွေ မဖြစ်တော့ဘူး။ မာနဖြစ်စရာ အာရုံနဲ့တွေ့လည်း မာနမဖြစ်အောင် ထိန်းလိုက်တယ်။ ထိန်းလိုက်တဲ့အခါမှာ စိတ်ရဲ့ရောဂါလို့ ခေါ်ရမယ့် လောဘတွေ၊ ဒေါသတွေ၊ မာနတွေ၊ ဣဿာတွေ၊ မစ္ဆရိယတွေ ဒါတွေက လူကို အရုပ်ဆိုး အကျည်းတန်စေတာ။ အဲဒီစိတ်ဓာတ် ဖြစ်လာလို့ရှိရင် လူပါ အရုပ်ဆိုး အကျည်းတန်ဖြစ်တာပဲ။

ဒါကြောင့်မို့လို့ စိတ်ရဲ့အညစ်အကြေး၊ စိတ်ရဲ့ရောဂါတွေ ကိုယ့်သန္တာန်မှာ မဖြစ်အောင်လုပ်မယ်။ မဖြစ်အောင်လုပ်မယ်ဆိုရင် စိတ်ကလေးဟာ တည်ငြိမ်သွားတယ်။ ဒါက အရှေ့တိုင်းက ဗုဒ္ဓရဲ့တရားတော်က ရရှိတဲ့ နည်းစနစ်တွေ။

အနောက်တိုင်းမှာ ဆိုလို့ရှိရင် ဆေးရုံတွေမှာ Mindfulness based stress reduction ဆိုတဲ့ စနစ်ကို အသုံးချခိုင်းတာ။ တက္ကသိုလ်တွေမှာ ပညာရပ်အနေနဲ့ သင်နေတာ။ Mindfulness based သတိတရားကို အခြေခံတဲ့၊ Stress reduction သတိတရားကို အခြေခံပြီးတော့ စိတ်ဖိစီးမှုကိုလျှော့ချတဲ့ နည်းစနစ်ကို အသုံးပြုတာ။ ဒါဟာ သတိပဋ္ဌာန်နည်းစနစ်တစ်ခုပဲ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က မဟာသတိပဋ္ဌာနသုတ်မှာ Stress ကို လျှော့ချနိုင်ဖို့အတွက် ဒီစနစ်ကို အသုံးပြုတာ။ “အင်မတန်မှ အောင်မြင်တယ်” လို့ ပြောရမယ်။ ဘုရားလက်ထက်တုန်းက သွက်သွက်ခါသွားအောင် ရူးသွပ်



www.burmeseclassic.com

www.burmeseclassic.com

သွားတဲ့ ပဋ္ဌာစာရီတောင်မှ မြတ်စွာဘုရားရဲ့ Psychotherapy နည်းစနစ်ကို အသုံးပြုပြီး မြတ်စွာဘုရားက ကုသပေးလိုက်တာ။ စိတ်ပိုင်းဆိုင်ရာ ထာဝရကျန်းမာသွားတယ်။ စိတ်ဓာတ်ကြံ့ခိုင်သွားတယ်။ ဘယ်တော့မှ သူ့မှာ Stress မလာတော့ဘူး။

အဲဒီတော့ ဒီ Mental stress ကို ကုသဖို့ဆိုတာ ကိုယ့်အပေါ်မှာ အများကြီးတည်တယ်နော်။ ဆရာက နည်းလမ်းပဲပေးတာ။ ကိုယ်ကိုယ်တိုင် အချိန်ယူပြီး စဉ်းစားတွေးခေါ်မှုတွေနဲ့ လုပ်ရမယ်။ မှန်မှန်ကန်ကန် စဉ်းစားတတ်ရမယ်။ မှန်မှန်ကန်ကန် မြင်ရမယ်။ Mindfulness based stress reduction သတိကို အခြေခံထားပြီး လူတွေရဲ့ stress ကို လျှော့ချရမယ်။

Stress ဆိုတာ အားလုံးသိတဲ့အတိုင်း လူတိုင်းမှာရှိတယ်။ စိတ်ဖိစီးမှုတွေဟာ လူတိုင်းမှာ ရှိတယ်။ အဆင်ပြေတဲ့လူမှာ မရှိဘူး ထင်ကြတယ်။ လူတိုင်း အဆင်ပြေတာလည်း မဟုတ်ဘူး။ အဆင်ပြေတယ်၊ ချမ်းသာတယ် ဆိုတဲ့ လူတွေမှာလည်း stress ရှိတာပဲနော်။ ပိုတောင် များသေးတယ်။ သူတောင်းစားမှာတော့ stress သိပ်မရှိဘူး။ သူက ခွက်ပျောက်သွားမှာလည်း မကြောက်ရဘူး။ သူက လွယ်လွယ်နဲ့ တောင်းစားလို့ရနေတဲ့ နေရာမျိုးဆိုရင် သူ့မှာ stress ရှိချင်မှရှိတာနော်။ အဲဒီတော့ ချမ်းသာလာလေလေ stress က များလာလေလေ ဖြစ်လာတတ်တယ်။ အဲဒီတော့ ဒီ stress လျှော့ချရင် ဘာနဲ့လျှော့ချရမလဲ။ မြတ်စွာဘုရားက သတိပဋ္ဌာန်ကျင့်စဉ်တစ်ခုကို ပေးထားတယ်။ အဲဒီ သတိပဋ္ဌာန်ကျင့်စဉ်ဆိုတာ ကိုယ့်ဟာကိုယ် ပုံမှန် နေ့စဉ် လေ့ကျင့်ရတဲ့အလုပ် ဖြစ်တယ်။ စိတ်ရဲ့အလုပ်ဆိုတာ ဘယ်နေရာပဲဖြစ်ဖြစ် လုပ်လို့ရတယ်။ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း ကိုယ့်ကိစ္စကို ဆောင်ရွက်ရင်းနဲ့ stress ကို လျှော့ချပေးရတယ်။

အဲဒီလို လျှော့ချတဲ့အခါမှာ အရေးအကြီးဆုံးက ဘာလဲဆိုတော့ သမ္မာဒိဋ္ဌိ - အမှန်မြင်ဖို့ လိုတယ်။ အမှန်မြင်ဖို့ဆိုတာ အင်မတန်မှ အရေးကြီးတယ်။ ဒီက Right understanding လို့ခေါ်တဲ့ သမ္မာဒိဋ္ဌိပဲ။ ကိုယ့်ရဲ့စိတ်ဓာတ် အခြေအနေကို အမှန်မြင်ရမယ်။ ကိုယ့်မှာ ဘာဖြစ်နေသလဲဆိုတာ အမှန်မြင်အောင်ကြည့်၊ တစ်ခါ တစ်ခါ လူဆိုတာလေ ကိုယ့်ကိုယ်ကိုယ် အမှန်မြင်တယ်လို့ ထင်ထားတာမဟုတ်ဘူး။ လူက ကိုယ့်ကိုယ်ကိုယ် လိမ်တယ်။ သူများက ကိုယ့်လိမ်တာ တစ်မျိုးနော်၊ ကိုယ့်ကိုယ်ကိုယ် လိမ်နေတာက တစ်မျိုး။

အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် မလိမ်ဘဲနဲ့ အမှန်အတိုင်းကို ကိုယ့်ကိုယ်ကိုယ် မြင်အောင်၊ မြင်တတ်အောင် ကြည့်ဖို့လိုတယ်နော်။ ကိုယ့်ရဲ့သဘာဝတွေကို ဆင်ခြင်စဉ်းစားလို့ အမှန်မြင်လာပြီ၊ သမ္မာဒိဋ္ဌိ။

အဲဒီလို အမှန်မြင်ပြီးတော့ အမှန်တွေးနိုင်လာပြီ ဆိုတဲ့အခါမှာ ဘာလုပ်ဖို့လိုတုံးဆိုတော့ မှန်ကန်တဲ့ ကြိုးပမ်းအားထုတ်မှု လုပ်ဖို့လိုတယ်။ အဲဒီတော့ မှန်ကန်တဲ့ ကြိုးစားအားထုတ်မှုဆိုတာ သမ္မာဝါယာမပဲ။ သမ္မာဝါယာမ = ကြိုးပမ်းအားထုတ်မှုက ဘာလဲလို့ဆိုရင် ဥပမာမယ် stress စိတ်ဖိစီးမှုရှိနေတယ်လို့ ဆိုလို့ရှိရင် ပထမကြိုးစားရမှာက "စိတ်ဖိစီးမှုတွေ ငါ့သန္တာန်မှာ မဖြစ်စေရဘူး" ဆိုတာကို ကြိုးစားရမယ်။

မဖြစ်အောင်လုပ်မယ်ဆိုတဲ့ ကြိုးစားအားထုတ်မှုဟာ နံပါတ်(၁) အဲဒီလိုမဖြစ်အောင်လုပ်ရင် ဘယ်နည်းနဲ့ မဖြစ်အောင်လုပ်ရမှာလဲ ဆိုတာကို စဉ်းစားတာက သမ္မာသင်္ကပ္ပ။ လမ်းမှန်ကိုတွေ့တာက သမ္မာဒိဋ္ဌိနော်။ ကြိုးစားပြီဆိုတဲ့အခါမှာ မဖြစ်အောင်လုပ်မယ်။ အဲဒီလိုအခါမှာ "stress ကိုယ့်မှာ ဘာကြောင့်ဖြစ်နေသလဲ" ဆိုတဲ့ အကြောင်းတရားကို မြင်လိုက်လို့ရှိရင် သမ္မာဒိဋ္ဌိ။ ဒါအကြောင်းတရားပဲလို့ ဆင်ခြင်စဉ်းစားနိုင်ရင် သမ္မာသင်္ကပ္ပ။ အဲဒီ သမ္မာသင်္ကပ္ပဖြစ်ပြီး သမ္မာဝါယာမနဲ့ ဒီ stress ကို ဖယ်ရှားပစ်တယ်။

အဲဒီတော့ ဖယ်ရှားပစ်တယ်ဆိုတဲ့ နေရာမှာ နည်းလမ်းဆိုတာ ရှိတယ်။ အဲဒီနည်းလမ်းက ဘာလဲလို့ဆိုရင် သဘာဝတရား တစ်ခုခုပေါ်မှာ အာရုံစိုက်မှု - သမ္မာသတိနောက်ကလာတယ်။ စိတ်ကလေးကို အာရုံတစ်ခုခုအပေါ်မှာ ငြိမ်အောင်ထားမှု - သမ္မာသမာဓိ၊ ဒီနှစ်ခုနဲ့ ဖြစ်ပေါ်လာတဲ့ stress ကို လျှော့ချပေးမယ်။ နောက်ဆုံးမှာ ဖယ်ရှားပေးမယ်။

ဆိုပါစို့၊ stress ဆိုတာ တွေးမိလို့ ဖြစ်တာကိုး။ stress ဖြစ်ဖို့ အကြောင်းအရာတစ်ခုကို ကိုယ်က တွေးတယ်။ အဆင်မပြေတာတွေတွေးပြီး စိတ်ပူနေတယ်။ အဲဒီ အဆင်မပြေတာတွေကို မတွေးနဲ့။ သူ့ရဲ့အစား နောက်ထပ် တွေးစရာလေးတစ်ခု ရှာလိုက်မယ်။ ဆိုပါစို့၊ တခြားမတွေးချင်ဘူးဆိုရင် ကိုယ့်နှာခေါင်းကလေ ထွက်နေတာ ဝင်နေတာ၊ ထွက်လေ၊ ဝင်လေလေးကို စိတ်စိုက်ထားလိုက်မယ်။ ကျန်တာတွေကို မေ့ပစ်ထားလိုက်မယ်။ ထွက်လေ ဝင်လေလေးပဲ အာရုံစိုက်ပြီး ထွက်လေ ဝင်လေလေးပေါ်မှာ သတိနဲ့နေမယ်။ ထွက်လေ ဝင်လေလေး ပေါ်မှာ စိတ်ငြိမ်အောင်ထားမယ်။ ကြိုးစားတယ် - သမ္မာဝါယာမ။ ထွက်လေ ဝင်လေလေးရဲ့ သဘောကိုသာ စဉ်းစားတယ် - သမ္မာသင်္ကပ္ပ။ ထွက်လေ ဝင်လေလေးရဲ့ သဘာဝကို သိလာတယ် - သမ္မာဒိဋ္ဌိ။ ဆိုတော့ ဒီင်္ဂါးခုပဲ။ ဒီင်္ဂါးခုက ပေါင်းစုပြီးတော့ အလုပ်လုပ်နေပြီ။

ထွက်လေ ဝင်လေလေးနဲ့ ကိုယ့်မှာ နေတတ်လာပြီ။ ကျန်တာတွေကို မေ့ထားလိုက်ပြီဆိုရင် stress ပျောက်သွားပြန်ရော။ ပြန်သတိရရင် ပြန်ပေါ်လာဦးမှာပဲ။ အဲဒီတော့ ပြန်သတိမရအောင် အဖြေကို ကိုယ်က ထုတ်နိုင်မယ်၊ မဖိစီးနိုင်တော့ဘူးပေါ့။ အဲဒီတော့ ဖိစီးလာပြီဆိုတဲ့အခါမှာ ဆင်ခြင်စဉ်းစားမှုဆိုတဲ့ သမ္မာသင်္ကပ္ပက အများကြီးအရေးပါတယ်။

ဘယ်လိုတွေးရမလဲ။ တစ်စုံတစ်ခုကြောင့် စိတ်ဖိစီးမှုဖြစ်နေရင် ကဲ ဒီစိတ်ဖိစီးမှုဟာ ဒီအကြောင်း ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ဖြစ်တာ။ "ဒီအကြောင်း ဒီအကြောင်း ငါလုပ်သင့်တာကို လုပ်တယ်၊ လုပ်သင့်တာကို လုပ်တယ်၊ ငါလုပ်နိုင်တာတွေကို အားလုံးလုပ်ပြီးပြီ၊ သူ့အတွက် ငါပူနေလို့ ဘာအကျိုးရှိဦးမှာတုံး၊ မပူဘူး၊ တခြား ငါလုပ်စရာရှိတာ လုပ်တော့မယ်" ဟော ဒီလို စဉ်းစားတာ၊ ဒါ သမ္မာသင်္ကပ္ပပဲ။

ထွက်ပေါက်ရှာလိုက်တာပေါ့နော်။ Exit ဆိုတာ ရှိတယ်။ ဘယ်နေရာပဲဖြစ်ဖြစ် ဒီဘက်သွားနေရင်၊ စိတ်ပူရင် ဒီဘက်မသွားနဲ့၊ ဟိုဘက်ကို ထွက်ပေါက် ရှာလိုက်တယ်။ ထွက်ပေါက်ရှာပြီးတော့ ထွက်ပေါက်နဲ့ ပြန်ပြီးလေ့ကျင့်တာ။ ဒါ Exit ပဲ။ စိတ်၏ထွက်ပေါက်များဆိုတာ ရှိတယ်ပေါ့နော်။ မြတ်စွာဘုရား ဟောထားတာ။

ဒေါသဖြစ်နေတယ်ဆိုရင် စိတ်ရဲ့ထွက်ပေါက်ဟာ မေတ္တာပဲ။ လူတစ်ယောက်အပေါ်မှာ မေတ္တာထားလိုက်ရင် စိတ်ရဲ့ထွက်ပေါက် ရသွားတယ်။ နောက်ဆုံး မေတ္တာနဲ့ ဒေါသ မပျောက်ဘူးဆိုရင် ကရုဏာထား။ ကရုဏာနဲ့ မပျောက်ဘူး ဆိုလို့ရှိရင် ကံတရားကို ဆင်ခြင်စဉ်းစား။ "ဩော် သူ့ကံနဲ့သူ၊ ငါ့ကံနဲ့ငါ၊ ငါစိတ်ဆိုးနေလို့ ဘာဖြစ်မှာတုံး" ထွက်ပေါက်ပဲ နော်။ နောက်ဆုံး ဘယ်လိုလုပ်လို့မှ မရဘူးဆိုရင် မေ့ထားလိုက်။ မေ့နေတဲ့အချိန်မှာတော့ ဘာမှမဖြစ်တော့ဘူး။ ဒါက သေချာတယ်၊ သတိရမှ ဖြစ်တာကိုး။

အေး stress မှန်သမျှ အကြောင်းတစ်ခုခုရှိတယ်။ အဲဒီ အကြောင်းတစ်ခုခုကို ရှောင်တိမ်းပြီး မှန်ကန်တဲ့ အာရုံတစ်ခုခု ပေါ်မှာ စိတ်ကိုလေ့ကျင့်ပြီး သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါယာမတို့နဲ့ ကြိုးစားအားထုတ်မယ် ဆိုလို့ရှိရင် စိတ်၏ထွက်ပေါက်ရပြီးတော့ ခုနကကို stress လျှော့ချနိုင်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။ဆိုပါစို့ ရောဂါဖြစ်နေတယ် (ဘုန်းကြီးတို့လည်း ရောဂါဖြစ်တာပဲ) ရောဂါဖြစ်တဲ့အခါမှာ ဘာစဉ်းစားရလဲ။ မြတ်စွာဘုရားကိုယ်တိုင်ကိုက စဉ်းစားခိုင်းထားတာ ရှိတယ်နော်။ ကိုယ်စဉ်းစားပေးရမယ့် အချက်တွေက . . .

"အေး. . . ငါ့မှာ အိုခြင်းသဘောတွေ ရှိလာပြီ၊ အိုခြင်းသဘောရှိတယ်၊ ဒီအိုခြင်းတရားကို ငါ ဘယ်တော့မှ ခုန်ကျော်ပြီးသွားနိုင်မှာ မဟုတ်ဘူး၊ ရောက်လာမှာပဲ၊ အိုခြင်းတရားနဲ့ ငါ ရင်ဆိုင်ရမှာပဲ"။ အဲဒီတော့ ဒီလိုစဉ်းစားခြင်းသည်ပင်လျှင် ထွက်ပေါက်ပဲ။နောက်တစ်ခါ သေဆုံးသူနဲ့ ရင်ဆိုင်ရတဲ့အခါ "ဩော် ငါ့မှာလဲ သေခြင်းသဘောရှိတာပဲ၊ သေခြင်း သဘောကို ငါ ကျော်လွှားသွားနိုင်မှာ မဟုတ်ဘူး" ဒီလို တွေးတာဟာ စိတ်ရဲ့ထွက်ပေါက်တစ်ခုပဲ။

နောက်ဆုံးမှာ လူဆိုတာက အဖော်ရှာရတယ်။ လူဆိုတာက တစ်ယောက်တည်းဆိုရင် ကြောက်တယ်။ ဩော် စဉ်းစားလိုက်လေ။ "လောကမှာရှိတဲ့လူတွေ အကုန်လုံးသေနေတာပဲ၊ ငါတစ်ယောက်ပဲ သေရတာမှ မဟုတ်ဘဲ" ဆိုရင် အောင်မယ်။ သေရတာတောင် သူက ပျော်စရာကြီးလိုဖြစ်သွားတယ်။ အဖော်တွေ သဟဲတွေ ဖြစ်ကုန်တယ်။ လူ့ရဲ့စိတ် ပြောပါတယ်နော်။ "ငါ တစ်ယောက်တည်းသေတာမဟုတ်ဘူး၊ အားလုံးဟာ ဒီအတိုင်းပဲ"

ဘုန်းကြီးတို့ အသက်(၆၀)မှာ ဇက်ရောဂါဖြစ်လာတယ်။ နိုင်ငံခြားသွားတယ်။ လေဆိပ်မှာ လူတွေ အများကြီး ကြည့်ပြီး ဘာစဉ်းစားမိလဲ ဆိုတော့ "ဩော် . . . ဒီရောဂါ ငါ တစ်ယောက်တည်း ဖြစ်တာပါလား"လို့ သွားပြီးတော့ စိတ်ထဲမှာ တွေးမိတယ်။ တွေးမိတဲ့အခါကျတော့ . . .

"အေး ဒါဟာ ကိုယ့်ကံနဲ့ကိုယ်ဖြစ်တာ၊ ငါတစ်ယောက်တည်းဖြစ်တယ်ဆိုပြီးတော့လဲ ဝမ်းနည်းစရာမလိုဘူး၊ အတိတ်ဘဝ ကံတရားဆိုတာ ရှိခဲ့တယ်၊ ခန္ဓာကိုယ်ကြီး ရှိလာရင် ဘာမဆိုဖြစ်နိုင်တာပဲ" လို့ အကြောင်းတွေ တွေးလိုက်တဲ့အခါ စိတ်သက်သာသွားတာပဲ။ သောကနဲ့ ပြန်မတွေးမိတော့ဘူးနော်။ "ငါမှ ဖြစ်ရလေခြင်း" လို့ ဆက်တွေးနေလို့ရှိရင် သောကတွေ ဝင်လာပြန်ရော။

အဲဒီလိုမဖြစ်အောင် လူမှာ သမ္မာသင်္ကပ္ပ - အမှန်တွေးနိုင်တဲ့သဘောလေး ရှိရတယ်။ အခုလို ဆေးရုံတက် ဆေးကုတယ် ဆိုတဲ့အခါမှာလည်းပဲ ရောဂါဆိုတာ ကုလို့ရတာ ရှိတယ်၊ ကုလို့မရတာ ရှိတယ်နော်။ ကိုယ့်ရောဂါနဲ့ ကိုယ့်ဆေးနဲ့ တွေ့လို့ရှိရင် ပျောက်မှာပဲ။ မတွေ့ရင်လည်း မပျောက်ဘူး။ သို့သော် ဒီရောဂါ ပျောက်ခြင်း၊ မပျောက်ခြင်းနဲ့ ကိုယ့်မှာ အရေးကြီးတာတစ်ခု ရှိနေတယ်ဆိုတာ တွေးရမယ်။

အဲဒီအရေးကြီးတာ ဘာလဲလို့ဆိုရင် "ငါသေသွားလဲ ဒီခန္ဓာကြီး နောက်ထပ်ပြန်ရဦးမှာ၊ ပြန်ရလို့ရှိရင် ဒီရောဂါတွေ ပြန်လာဦးမှာပဲ၊ ဘယ်တော့မှ လွတ်မယ်လို့ မထင်ဘူး၊ အိုခြင်းတရား နာခြင်းတရား သေခြင်းတရားတွေ ပြန်ရင်ဆိုင်ရဦးမှာ"

အဲဒီတော့ ဒီလိုဖြစ်နေတာဟာ ဘာကြောင့် ဖြစ်ရသလဲဆိုရင် ဒီခန္ဓာကြီးကို ရနေလို့။ ဒါ ဒီခန္ဓာကြီးကိုရတာ ဘာကြောင့်ရသလဲဆိုရင် ရချင်တဲ့၊ တွယ်တာနေတဲ့ တဏှာကြောင့် ရနေတာ။ အဲဒီရချင်တဲ့တဏှာကို ငါလျှော့ရမှာ၊ မရချင်နဲ့။ သံသရာဒုက္ခတွေကို ဆင်ခြင်သုံးသပ်ပေးတာ။ ဒါ သမ္မာသင်္ကပ္ပလို့ ခေါ်တာပဲနော်။ သမ္မာသင်္ကပ္ပနဲ့ မှန်မှန်ကန်ကန် တွေးလိုက်တာနဲ့ တစ်ပြိုင်နက် လူဆိုတာ လျော့ပါးသွားတာပဲ။ သောကတွေလည်း လျှော့ချနိုင်တာပဲ။ ဘယ်လိုပဲ တွေးတွေး အမှန်တွေးနိုင်ဖို့ အရေးကြီးတယ်ပေါ့။ အမှန်တွေးလိုက်လို့ရှိရင် စိတ်ရဲ့ဖိစီးမှုတွေဟာ လျှော့ကျပြီးတော့ stress က ပျော့ကျသွားတာပဲ။

အဲဒီတော့ တွေးရမှာက ဘာတွေနဲ့ တွေးရမှာတုံးဆိုတော့ သမ္မာသင်္ကပ္ပနဲ့ တွေးရတယ်။ သမ္မာဒိဋ္ဌိနဲ့ အမှန်မြင်ရမယ်။ သမ္မာဝါယာမနဲ့ အမှန်မြင်လာရင် ကြိုးပမ်းအားထုတ်ရမယ်။ ကြိုးပမ်းအားထုတ်တဲ့အခါမှာ သမ္မာသတိလို့ဆိုတဲ့ ကိုယ့်ခန္ဓာကိုယ်မှာ သတိထားဖို့ သမ္မာသမာဓိလို့ဆိုတဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com

တည်ငြိမ်မှု၊ ကြိုးစားမှုတွေ၊ ဒါဟာ အင်မတန်မှ အရေးပါတဲ့ အချက်တွေပဲ။ ဒီအချက်တွေနဲ့ မကျန်းမမာ ဖြစ်နေတဲ့အခါမှာ ကြိုးစားအားထုတ်ကြရမယ်။ စဉ်းစားပုံ စဉ်းစားနည်းတွေ မတူတဲ့အကြောင်းလေးတွေ မြတ်စွာဘုရား ဟောထားတာရှိတယ်။

ဆိုပါစို့၊ လူဟာ အားထုတ်ခြင်း၊ အားမထုတ်ခြင်း အကြောင်း နှစ်မျိုးထဲမှာတဲ့၊ စဉ်းစားပုံမတူလို့ တစ်ယောက်က အားမထုတ်ဘူး၊ တစ်ယောက်က အားထုတ်တယ်။ စဉ်းစားပုံချင်း ဘယ်လိုမတူတုံးဆိုတဲ့အခါမှာ လူတစ်ယောက်ဟာ နေမကောင်းဖြစ်တယ်၊ မကျန်းမမာဖြစ်တယ်၊ မကျန်းမမာဖြစ်တဲ့အခါ သူက စဉ်းစားတာ "သြော် ငါ မကျန်းမမာဖြစ်တော့ အားတွေနည်းလာတယ်၊ အဲဒီတော့ အားတွေနည်းလာတဲ့အခါမှာ ငါ့ခန္ဓာကိုယ်ကြီး သက်သာအောင် သက်သာသလိုလေး အနားယူပြီးတော့ နေတာကောင်းတယ်၊ ဘာမှ မလုပ်ဘဲ နေတာကောင်းတယ်" လို့ စဉ်းစားလို့ရှိရင် အဲဒီလူဟာ ဘာမှမရလိုက်ဘူး။ ဒါက စဉ်းစားတဲ့လူ တစ်မျိုး။ နောက်တစ်မျိုးက ဘယ်လိုစဉ်းစားသလဲ ဆိုတော့ . . .

"သြော် ငါ မကျန်းမမာဖြစ်တော့ ခန္ဓာကိုယ်ကြီး အားနည်းသွားပြီ၊ အဲဒီတော့ အခု ကျန်းမာစပြုလာပြီ၊ ခန္ဓာကိုယ် ဒီ့ထက်အားနည်းသွားရင် ငါ ကောင်းတဲ့အလုပ်တွေ လုပ်နိုင်မှာ မဟုတ်တော့ဘူး၊ အခုအချိန်မှာ ငါ တရားကို ကြိုးစားပြီးတော့ မှတ်မှပဲ" လို့ စဉ်းစားတယ်။ ကြိုးစားမှု ဖြစ်သွားပြန်ရော။ မှန်ကန်စွာ တွေးတောနိုင်မှုဟာ အင်မတန်မှ အရေးကြီးတယ်။ ဘာလို့တုံးဆိုရင် တွေးပြီးတော့မှ လုပ်တာကိုး။ မတွေးဘဲနဲ့ မလုပ်ဘူး။ အားလုံး တွေးပြီးတော့ လုပ်ကြတာဖြစ်တယ်။ အဲဒီတော့ မှန်ကန်စွာ တွေးတောနိုင်မှုဆိုတာ အရေးကြီးတယ်။ အမှန်တွေးတတ်အောင် တရားနာရတယ်။ မြတ်စွာဘုရား အဆုံးအမတွေကို မှတ်သားရတယ်။ ဘဝရဲ့ အခြေအနေတွေကို စဉ်းစားရတယ်၊ လေ့လာရတယ်၊ သုံးသပ်ရတယ်၊ အမှတ်တမဲ့ မနေရဘူး။

ကိုယ့်ဟာကိုယ်လည်း ဒီလိုစဉ်းစားရင် ဘယ်လိုစိတ်ဖြစ်သလဲ? ဟိုလိုစဉ်းစားရင် ဘာစိတ်တွေဖြစ်သလဲ? ကိုယ့်ဟာကိုယ်လည်း အမြဲတမ်း ဆင်ခြင်သုံးသပ်ပြီး "ဒီလိုစဉ်းစားမှ ငါ့မှာ သောက,က လွတ်တယ်"ဆိုရင် အဲဒီလိုစဉ်းစားပေး။ စဉ်းစားပေးခြင်းရဲ့ရလဒ်ကို ကိုယ်တိုင်သိရှိအောင် ကြိုးစားအားထုတ်ရမယ်။ ဒါဟာ Mindfulness based stress reduction ဆိုတာပဲ။

ဒါ ကိုယ့်အတွက်ပါ။ လူတိုင်း လူတိုင်းအတွက်။ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ အတွက်ချည်း မဟုတ်ဘူး။ မကျန်းမာတဲ့ ပုဂ္ဂိုလ်အတွက်ချည်းလည်း မဟုတ်ဘူး။ လူငယ်တွေအတွက်လည်း ဒါပဲနော်။ လူကြီးတွေအတွက်လည်း ဒါပဲ။ ကျန်းမာတဲ့ပုဂ္ဂိုလ်တွေအတွက်လည်း ဒါပဲ။ မကျန်းမာတဲ့ပုဂ္ဂိုလ်တွေအတွက်လည်း ဒါပဲ။ ငယ်တဲ့ပုဂ္ဂိုလ်တွေကလည်း စဉ်းစား။

"အေး ငါတို့လဲ တစ်နေ့ကျတော့ အိုရဦးမှာပဲ၊ မအိုခင်တို့ ဒါတွေလုပ်ထားမှ ခံနိုင်ရည်ရှိမှာ" ဆိုပြီး ခုကတည်းက ကြိုတင်ပြီး ကြိုးစားထားရတယ်။

အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေကလည်း . . .

"အို ငါတို့ အသက်ကြီးလာပြီ၊ အသက်ကြီးလို့ဆိုပြီး မလျှော့လေနဲ့၊ ဒါတွေက တို့အတွက် သိပ်အရေးကြီးနေပြီ" လို့ ဆိုတာကို ကြိုးစားရမယ်။ ကျန်းမာတဲ့ပုဂ္ဂိုလ်ကလည်း . .

"ငါ ကျန်းမာနေတာ ဒါတွေလုပ်စရာ မလိုဘူး" လို့ မစဉ်းစားဘဲနဲ့ "ကျန်းမာနေတဲ့ အချိန်လေးမှာ ကိုယ့်သန္တာန်မှာ ကောင်းတဲ့တရားတွေ များများဖြစ်အောင် ကြိုးစားမှ" ဆိုတဲ့ အတွေး တွေးရမယ်။ မကျန်းမာတဲ့ပုဂ္ဂိုလ်ကျတော့ . . .

"အေး ငါ မကျန်းမမာဖြစ်နေပြီ၊ သေဖို့ရာ ပိုနီးလာတယ်၊ မသေခင် ငါ ဒါအလုပ်ကို လုပ်ရမယ်"ဆိုတဲ့ ဆုံးဖြတ်ချက်လေးတွေနဲ့ ကိုယ့်ရဲ့အကျိုးရှိရာ အကျိုးရှိကြောင်း တရားမမွကို ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်။

အဲဒီတော့ မြတ်စွာဘုရားရဲ့ တရားဆိုတာ ဘာသာတရားနဲ့လည်း မဆိုင်ဘူး၊ လူမျိုးနဲ့လည်း မဆိုင်ဘူးနော်။ ကိုးကွယ်မှုတွေနဲ့ ဘာမှမဆိုင်ဘူး။ ကိုယ့်ရဲ့စိတ်ဓာတ်၊ ကိုယ့်ရဲ့ Internal examine နဲ့ဆိုင်တယ်။ အတွင်းကို ပြန်ပြီးတော့ checking လုပ်တယ်။ သုံးသပ်တယ်။ ကိုယ့်ရဲ့စိတ်ဓာတ်ကို Mental check-up လုပ်တယ်ပေါ့နော်။ ကိုယ့်ရဲ့စိတ်ကို ကိုယ် check-up လုပ်ပြီးတဲ့အခါမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဆိုတာတွေ မဖြစ်အောင် ကြိုးစားအားထုတ်ခြင်းဖြစ်တယ်။ ဒါတွေကို သဘောကျပြီး နေ့စဉ်ဘဝ လှုပ်ရှားသွားလာပြီးတော့ နေတဲ့အခါ အများနဲ့ ဆက်ဆံတဲ့အခါမှာ အားလုံးပြန်ပြီးတော့ နိဂုံးချုပ်ပြီး ပြောရမယ်။

အခုလို "နှစ်ဦးမေတ္တာ လူတိုင်းမှာ ထားရမှာကတော့ အားလုံးအပေါ်မှာ မေတ္တာနဲ့ ဆက်ဆံရမယ်၊ ခန္တီဆိုတဲ့တရားနဲ့ သည်းခံနိုင်ရမယ်၊ ဥပေက္ခာဆိုတဲ့ တရားနဲ့နော် ခွင့်လွှတ်နိုင်ရမယ်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ အလုပ်လုပ်တဲ့ မဂ္ဂင်ငါးမျိုး၊ သီလမဂ္ဂင် သုံးမျိုးကို အခြေခံပြီးတော့ အလုပ်လုပ်တဲ့မဂ္ဂင်ငါးမျိုး၊ စုစုပေါင်း မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် ဘဝခရီးမှာ မိမိတို့ ဘဝအခြေအနေမှန်ကို ဆင်ခြင်သုံးသပ်နိုင်အောင် နေ့စဉ်နဲ့ အမျှ stress တွေကို လျှော့ချနိုင်အောင် ကြိုးစားအားထုတ်ကြရမှာဖြစ်တယ်" လို့ ကိုယ်စီကိုယ်စိ သတိထားပြီး အခု နှစ်ဆန်းတစ်ရက်နေ့ကစပြီး မြတ်စွာဘုရား ဟောတဲ့အတိုင်း လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု။

❐ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ (Ph.D)
ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com



# မြတ်ဆရာ

## ကျိုက်လတ်သန်းထိုက် (LL.B)

မြတ်ဆရာသည်ကား အနန္တဂိုဏ်းဝင် ကျေးဇူးရှင်။

တပည့်များအား အသိပညာ၊ အတတ်ပညာများကို သွန်သင်ညွှန်ပြ နည်းလမ်းပေးကာ ဆိုဆုံးမပေးသည်။ ဒါတင်မက လိမ္မာယဉ်ကျေး သိမ်မွေ့နူးညံ့လာစေရန် နာသုံးနာ ဖြစ်သည့် ဝါသနာ၊ စေတနာ၊ အနစ်နာစိတ်ထားများ ထားသည်သာမက တပည့်များအပေါ် အကြင်နာလည်း ထားကြသည် ဖြစ်၍ မြတ်ဆရာ မည်ပါပေသည်။

ဗုဒ္ဓရင်းပြင် သီလဂိုဏ်၊ သမာဓိဂိုဏ်၊ ပညာဂိုဏ် သုံးပါးတို့နှင့် ပြည့်စုံသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် အာစရိယကို မြတ်ဆရာ ဟူ၍ ခေါ်သည်။

မြတ်ဆရာသည် **နာယကဂုဏ် (၆)ပါး**နှင့်လည်း ပြည့်စုံရသည်။

ယင်းဂုဏ်(၆)ပါးမှာ. . .

(၁) သည်းခံခြင်းဆိုသော ခမာ။

(၂) နိုးနိုးကြားကြားရှိခြင်း ဆိုသော ဇာဂရိယ။

(၃) အသိဉာဏ်ပါသော ထကြွလုံ့လ၊ ဝီရိယရှိခြင်းဆိုသော ဥဋ္ဌာန။

(၄) ခွဲဝေပေးလှူရှိခြင်း ဆိုသော သံဝိဘာဂ။

(၅) သနားညှာတာခြင်း ဆိုသော ဒယာ။

(၆) ကြည့်ရှုစောင့်ရှောက်ခြင်း ဆိုသော ဣက္ခဏာ တို့ဖြစ်သည်။

ရင်းပြင် မြတ်ဆရာသည် **ခင်ပွန်းကြီး (၁၀)ပါး**တွင်လည်း တစ်ပါး အပါအဝင်ဖြစ်သည်။

အဆိုပါ ခင်ပွန်းကြီး (၁၀)ပါးမှာ. . .

(၁) ဗုဒ္ဓ (ဝါ) သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား။

(၂) ပစ္စေကဗုဒ္ဓ (ဝါ) အနုဗုဒ္ဓ

(၃) အရဟန္တ (ဝါ) ရဟန္တာ

(၄) အဂ္ဂသာဝက (ဝါ) ဘုရားရှင်၏ သားတော် သံဃာတော်များ။

(၅) မာတာ (ဝါ) မွေးမိခင်။

(၆) ပိတာ (ဝါ) ကျွေးဖခင်။

(၇) ဝုဒ္ဓါ (ဝါ) မိမိထက် အသက်၊ သီလ၊ ဂုဏ်ကြီးမြတ်သူ။

(၈) အာစရိယ (ဝါ) မိမိအား လောကီ အတတ်ပညာများ သင်ကြားပြသပေးသူ။

(၉) ဟိတကာရ (ဝါ) မိမိရဲ့ ကျေးဇူးရှင်

(၁၀) ဓမ္မကထိက (ဝါ) မိမိအား တရားဓမ္မများကို ဟောကြားပြသသူတို့ ဖြစ်သည်။

အဆိုပါ မြတ်စွာဘုရားရှင် အပါအဝင် ခင်ပွန်းကြီး (၁၀)ပါးအနက် တစ်ပါးပါးကို ပြစ်မှားကျူးလွန်ပါက အပြစ်ဒဏ်(၁၀)ပါးကို ခံရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းအပြစ်ဒဏ် (၁၀)ပါးမှာ . .

(၁) ကြီးမားသော ရောဂါဝေဒနာများကို ခံစားရခြင်း။
(၂) မိမိ၏စည်းစိမ်များ လျော့ပါးရခြင်း။
(၃) မီးဘေးသင့်ခံရခြင်း။
(၄) မိမိ၏ကိုယ်လက်အင်္ဂါများ ကျိုးပျက်ခြင်း။
(၅) ကုဋ္ဌနူနာစွဲကပ်ခြင်း။
(၆) ရူးသွပ်ခြင်း။
(၇) မင်းဘေးသင့်ခံရခြင်း။
(၈) သူတစ်ပါး၏ အစွပ်စွဲခံရခြင်း။
(၉) ဆွေမျိုးတို့နှင့် ကွဲကွာရခြင်း။
(၁၀) ရွှေ၊ ငွေ၊ ကျွဲ၊ နွားများလည်း ပျက်စီးရခြင်းတို့ ဖြစ်သည်။

ဘုရားရှင်သည် သိင်္ဂါလ သတို့သားကို အကြောင်းပြုကာ သိင်္ဂါလောဝါဒသုတ်တော်၌ ဥစ္စာ မင်္ဂလာတရားတော်ကို ဟောကြားကာ ဝေနေယျသတ္တဝါများအား ဆုံးမတော်မူသည်။

အဆိုပါ ဥစ္စာ မင်္ဂလာတရားတော်၌ မိဘကျင့်ဝတ်(၅)ပါး၊ သားသမီးကျင့်ဝတ် (၅)ပါး၊ ဆရာ့ကျင့်ဝတ်(၅)ပါး၊ တပည့်ကျင့်ဝတ် (၅)ပါး၊ သခင်ကျင့်ဝတ် (၅)ပါး၊ ကျေးကျွန်ကျင့်ဝတ် (၅)ပါး၊ ရဟန်းကျင့်ဝတ် (၆)ပါး၊ မိတ်ဆွေကျင့်ဝတ် (၅)ပါးကို ဟောတော်မူသည်။

*ဆရာ့ကျင့်ဝတ် (၅)ပါးမှာ. .*

(၁) အတတ်လည်းသင်
(၂) ပုံပြင်ဆုံးမ
(၃) သိပ္ပမချန်
(၄) ဘေးရန်ဆီးတား
(၅) သင့်ရာအပ်ပို့ တို့ဖြစ်သည်။

အဆိုပါ ကျင့်ဝတ် (၅)ပါးကို ဆရာတို့မှ လိုက်နာရသည်။

*တပည့်ကျင့်ဝတ် (၅)ပါးမှာ. .*

(၁) ညီညာထကြွ
(၂) ဆုံးမနာယူ
(၃) လာမှုကြိုဆီး
(၄) ထံနီးလုပ်ကျွေး
(၅) သင်တွေး အံရွတ် တို့ဖြစ်ပြီး အဆိုပါ ကျင့်ဝတ်(၅)ပါးကို တပည့်တို့မှ လိုက်နာရပေမည်။

ကိုယ်ကျင့်သိက္ခာ၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံပြီး အဂတိကင်းသော ဆရာ့ထံ ချဉ်းကပ်ကာ ပညာသင်ယူရမည်။

ဆရာ့ကျင့်ဝတ် (၅)ပါးနှင့် ပြည့်စုံသော ဆရာထံမှာ ပညာများသင်ယူသောအခါ ထကြွလုံ့လရှိရမည်။ ဆရာများ၏ သွန်သင်ဆုံးမစကားကိုလည်း တစ်သဝေမတိမ်း နာယူမှတ်သား လိုက်နာရမည်။

ဆရာလာတာကို မြင်ရင် ခရီးဦးကြိုပြုရမည်။ ဆရာ့ထံပါး အနီးအနားမှာ မိမိတို့ တတ်အားသမျှ အလုပ်အကျွေးပြုရမည်။

ဒါတင်မက ဆရာမှ သင်ကြားပြသချိန်မှာလည်း ဆင်ဆင်ခြင်ခြင်ဖြင့် တွေးတော ကြံဆကာ စာပေများကို ရွတ်ဖတ် ရွတ်ဆိုရမည်။

ဆရာသည် အတတ်ပညာ၊ အသိပညာ၊ ယဉ်ကျေးအလိမ္မာများ သင်ကြားပြသနေချိန်မှာ တပည့်များက ရိုရိုသေသေ လေးလေးစားစားဖြင့် နာယူမှတ်သား ကျင့်ကြံနေထိုင်သွားရမည်။

မြတ်ဆရာသည် *သူတော်ကောင်းတရား (၇)ပါးနှင့်လည်း* ပြည့်စုံရပေမည်။ အဆိုပါ သူတော်ကောင်းတရား (၇)ပါးမှာ. . . .

(၁) ရတနာမြတ်သုံးပါးနှင့် ကံ, ကံ၏အကျိုးပေးကို ယုံကြည်ခြင်းဆိုသော သဒ္ဓါရှိခြင်း၊
(၂) ကိုယ်ကျင့်သိက္ခာ၊ ကိုယ်ကျင့်တရားဖြစ်သော ငါးပါးသီလ ရှစ်ပါးသီလနှင့် ကိုးပါးသီလများဖြစ်သော သီလကို ခံယူဆောက်တည်ခြင်း။
(၃) ပေးကမ်း စွန့်ကြဲ လှူဒါန်းခြင်းဆိုသော စာဂလည်းရှိခြင်း။
(၄) အကြားအမြင်များသော သုတရှိခြင်း။
(၅) မဂ်တရား၊ ဖိုလ်တရားများကို ထိုးထွင်းသိမြင်ခြင်းဆိုသောပညာရှိခြင်း။
(၆) မကောင်းမှု အကုသိုလ်များကို ရှက်ခြင်းဆိုသော ဟီရိ ရှိခြင်း။
(၇) မကောင်းမှု အကုသိုလ်များကိုလည်း ကြောက်ခြင်းဆိုသော ဩတ္တပ္ပ ရှိခြင်းတို့ဖြစ်သည်။

မြတ်ဆရာသည် *အဂတိတရား (၄)ပါးနှင့်လည်း* ကင်းရှင်းရမည်။

ယင်းအဂတိတရား (၄)ပါးမှာ -

(၁) ချစ်၍အနိုင်ပေးခြင်း ဆိုသော ဆန္ဒဂတိ။
(၂) မုန်း၍ အရှုံးပေးခြင်း ဆိုသော ဒေါသဂတိ။
(၃) ကြောက်ရွံ့၍ အနိုင်ပေးခြင်း ဆိုသော ဘယဂတိ။
(၄) တွေဝေမှိုင်းမိ အသိတရား မရှိ၍ အရှုံးနှင့်အနိုင်ကို ထင်သလို ပေးခြင်းဆိုသော မောဟဂတိ တို့ဖြစ်သည်။

မြတ်ဆရာသည် တပည့်များအား ဆိုဆုံးမရာ၌ အကျင့်စာရိတ္တ ကောင်းမွန်သူနှင့် အကျင့်စာရိတ္တ ပျက်ပြားသူ ပုဂ္ဂိုလ်နှစ်ဦးတို့အား ဥပမာ-ပုံပမာ ခိုင်းနှိုင်းကာ သွန်သင်ဆုံးမရမည်။

ယင်းသို့ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ နောင်အနာဂတ်၌ မိမိ၏ တပည့်များ လူရည်ချွန် လူရည်မွန်များ ဖြစ်လာစေ ရေးအတွက် ဖြစ်သည်။

အထက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံသော မြတ်ဆရာ၏ အရိပ်ကို ဝင်ရောက်ခိုလှုံကြသည့် တပည့်များသည် တိုင်းပြည်မှ အားထားရသည့် သားကောင်းရတနာ သမီးကောင်းရတနာများ ဖြစ်လာကြမည်မှာ မလွဲဧကန် ဖြစ်ပါလိမ့်မည်တကား။


*သစ္စာတရား၊ စဉ်ရှုပွား၊*
*ရပြားဧကန် မြတ်နိဗ္ဗာန်*

❒ ကျိုက်လတ်သိန်းထိုက် (LL,B)



www.burmeseclassic.com

www.burmeseclassic.com



တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ

# ယောအရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ

## သုံးဦး ကိုယ်ဦး ၃ မြွာပုး

(ယခင်လမှအဆက်)

နေ့တိုင်း အိပ်ရာက ထလာတာနဲ့ ကုသိုလ်သာ နံပါတ် တစ် ဖြစ်ရမယ်။ ကုသိုလ်ကိုသာ အရင်ဆုံး ဦးစားပေးရမယ်။ ဒါမှ တစိမ်းဒုက္ခနှင့် ရန်သူကိလေသာတို့ရဲ့ အစ်ကိုကြီးဖြစ်ခွင့် ရမယ်။ ကုသိုလ်က နံပါတ်-၂ လောက် ရောက်သွားရင် တောင်မှ ဒုက္ခနှင့်ကိလေသာကို အစ်ကိုကြီး ခေါ်ရတော့မှာ ပါ။ ကိုယ်က ရပ်ပေမယ့် သူတို့က ရပ်နေတာမှ မဟုတ်ဘဲ။ ခန္ဓာရှိရင် သင်္ခါရဒုက္ခ ခန္ဓာဒုက္ခ အမြဲရှိတယ်။ အကြောင်း ဖောက်ပြန်ရင် ဒုက္ခပိုကြီးတယ်။ သတိလွတ်တိုင်း ကိလေသာ ပေါ်လာတယ်။ ကိလေသာက ပမာဒ အပေါက်ပွင့်လာတိုင်း ဝင်ရောက်လာဖို့ အမြဲချောင်းနေပါတယ်။ သမ္မာရင့်လှပြီကိုး။

ခန္ဓာကို သတိအုပ်ချုပ်နေရပါတယ်။ သတိလွတ်တာ နဲ့ ကိလေသာက အစ်ကိုကြီးလုပ်လာတယ်။ ဒုက္ခကလည်း ကိလေသာနှင့်သွားပေါင်းတယ်။ အစ်ကိုလေး လုပ်မယ်ဆိုတဲ့ သဘောပေါ့။ ကိလေသာနှင့်ပေါင်းရင် ဒုက္ခဟာ သိပ်ဆိုးတတ် တယ်။ စိတ်ဆင်းရဲပူလောင်အောင်လုပ်တဲ့ ကိလေသာနှင့် ကိုယ်ဆင်းရဲအောင်လုပ်တဲ့ ဒုက္ခ ပေါင်းမိရင်လူဟာ မခံမရပ် နိုင်အောင် အလွန်ဆင်းရဲ ပူလောင်ရပါတယ်။ အလွန်အနေရ ကျပ်လာတတ်ပါတယ်။ မွေးဖွားတဲ့နေ့တုန်းကလို ဖြစ်နေ တတ်ပါတယ်။ မွေးဖွားတဲ့ နေ့တုန်းကတော့ ဘာမှမပြော တတ်ဘူး။ မခံနိုင်တော့ ငိုရုံပဲ။ ကြီးလာတော့ ပါးစပ်ကလည်း ပွက်ညံနေအောင် ပြောတတ် အော်တတ် ဆူပူနေတတ် တယ်။ သူများကိုလည်း ဆင်းရဲအပူမာတ်ကူးအောင် နှောင့် ယှက်ဖျက်ဆီးမိတတ်တယ်။

သတိကပ်လိုက်တာနဲ့ ကိလေသာ နောက်လိုက် ညီလေး ဖြစ်သွားတယ်။ နေရာဖယ်ပေးတယ်။ ဒုက္ခကလည်း ကုသိုလ်နှင့် လာပေါင်းတယ်။ အစ်ကိုလေးပဲ လုပ်မယ်ပေါ့။ သတိဦးစီးတဲ့ ကုသိုလ်နှင့်ပေါင်းရင် ဒုက္ခဟာ သိပ်သဘော ကောင်းတတ်တယ်။ ဒုက္ခကြောင့် ကိုယ်ဆင်းရဲမှုရှိပေမယ့် သတိကြောင့် ကိလေသာကင်းနေလို့ ဉာဏ်ပေါ်လာပြီး ဒုက္ခ ဟာ ဉာဏ်အောက်မှာ အရှုခံအာရုံအဖြစ် ပြောင်းလဲပေးတယ်။ တစိမ်းဒုက္ခက ဆွေမျိုးနှင့်ရန်သူကြားမှာ နေတယ်။ သတိလွတ် တာနဲ့ ရန်သူကိလေသာ အကုသိုလ်နှင့် သွားပေါင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပူရုံမက ဆင်းရဲရတယ်။ သတိကပ်တာနဲ့ ဆွေမျိုးကုသိုလ်နှင့် လာပေါင်းတယ်။ ဆင်းရဲပေမယ့် မပူရဘူး။ ကုသိုလ်အမြတ်တောင် တိုးလာရတယ်။

နေ့တိုင်း တစ်ရက်မှ မပျက်ရအောင် အိပ်ရာထထချင်း သတိရှေ့ထား ဉာဏ်တရားနဲ့ ကုသိုလ်ကို မဖြစ်မနေ စလုပ်ရမယ်။ ကုသိုလ်ပဲ အမြဲအစ်ကိုကြီးလုပ်နိုင်ဖို့ သတိထားကြိုးစားပေးရမယ်။ ဘုရားရှေ့ သွားစတာဟာ အသေချာဆုံးနေရာပဲ။ ဘုရားရှေ့က စလိုက်ရင် ခွတ်ကူးသွားတာဖြစ်လို့ လူ့ကိစ္စ၊ ခန္ဓာကိစ္စ ခပ်များများဟာ ကုသိုလ်ဘောင်ထဲ ရောက်လာကြပါတယ်။

တစိမ်းက ဆွေမျိုးနှင့် လာပေါင်းတဲ့သဘောပါ။ ညချမ်းရောက်လို့ အိပ်ရာဝင်ခါနီးလာရင် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ လေးမျိုး စုံ၊ မစုံ စစ်ဆေးကြည့်ရမယ်။ စုံမှပဲ အိပ်ရမယ်။ မစုံရင် ပြန်ဖြည့်ရမယ်။ မစုံဘဲအိပ်ရင် ဒုက္ခကိလေသာ အဆိုးတွေက ကိုယ့်ကို အနိုင်ယူလက်ဦးကြမှာဖြစ်လို့ ကိုယ့်ဟာကိုယ် လူလို့ပြောရတာ ရှက်စရာဖြစ်လာမယ်။ ကြောက်စရာလည်း တိုးလာမယ်။

ရတနာကြောပေါ် ရောက်နေသူ အတွက် ကုသိုလ်ရှားတာမှ မဟုတ်ဘဲ။ နေ့စဉ်စုံအောင် ဖြည့်ရုံပေါ့။ ကောင်းမှုနေ့စဉ် ပြုရမယ်လေ။

## ၅။ အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာ

* တစ်နှစ်တစ်ခါ၊ မွေးနေ့ပါ၊
လူမှာ ခေါ်ရိုးရှိ။

* မိမိခန္ဓာ၊ ဟောင်းသွားပါ၊
အိုတာ ဉာဏ်ဖြင့်ကြည့်။

* မွေးနေ့ဆိုတာ၊ အိုပွဲပါ၊
ကောင်းစွာ မြင်အောင်ကြည့်။

* အချိန်ဟာလည်း၊ မသစ်ဘဲ၊
အမြဲဟောင်းသွား၏။

* ဇရာကြောင့်သာ၊ ရုပ်ခန္ဓာ၊
လျင်စွာ ကြီးရင့်၏။

* ကိလေသာဟူ၊ အပူကြောင့်သာ၊
စိတ်ခန္ဓာ၊ လျင်စွာငယ်သွားတတ်လေ၏။

* ကျောချင်းကပ်ကာ၊ ပြေးရပါ၊
လွန်စွာ အလှမ်းဝေးတတ်၏။

* သတိရှေ့ထား၊ ကြိုးစားမှာသာ၊
တက်ကြွကာ၊ စိတ်မှာစွမ်းအားပြည့်။

* ပြေးမလွတ်ချေ၊ အို နာ သေ၊
လူတွေအားလုံး ကြုံရ၏။

* တရားအရာ၊ တွန်းအားပါ၊
မြဲစွာ သတိရှိ။

* တရားမလောက်၊ အပါယ်ရောက်၊
လန့်ကြောက်ပူရ၏။

* သူမဦးခင်၊ ကြို၍မြင်၊
မြှင့်တင်ထားရ၏။

* သူက ကန်ချ၊ ကိုယ့်ကံလှ၊
မုချစွမ်းအား တိုးတက်၏။

* ဇရာနှင့်သာ၊ ကိလေသာ၊
ပေါင်းကာကိုယ့်ကို ကန်ချ၏။

* အိုတာကိုကြည့်၊ သတိထားကာ၊
ရှုပွားပါ၊ ကိုယ့်မှာ ကံလှ၏။

* တွန်းအားပေးကာ၊ ရှုစရာ၊
ဇရာကြောင့်သာ၊ ကံလှ၏။ (နှိုးကြား၏)

* သိက္ခာသုံးပါး၊ တရားကိုဆောင်၊
စွမ်းအားပြောင်၊ အိုအောင်ကောင်းမြတ်၏။

* စည်းကမ်းလိုက်နာ၊ စူးစိုက်ကာ၊
ရှိတာ မြင်အောင်ကြည့်။

* အကျဉ်းချုပ်မှာ၊ ကျင့်စရာ၊
သိက္ခာသုံးပါးရှိ။

* သိက္ခာသုံးပါး၊ ဖြည့်ကျင့်ငြားက၊
အများတကာ၊ အားကိုးရာ၊
ကိုယ့်မှာ စွမ်းအားပြည့်။

* ကြီးလေ လှလေ၊ အေးမြပေ၊
လူတွေ ချစ်ကြ၏။

* အိုပွဲမင်္ဂလာ၊ ဖိတ်ကြားလွှာ၊
ကောင်းတာကြွရန် ဖိတ်သင့်၏။

* အိုပွဲမင်္ဂလာ၊ ဖိတ်ကြားလွှာကြောင့်၊
စိတ်မှာနိုးကြား၊ ထူးခြားလှကာ၊
ရွှင်လန်းစွာ၊ ကောင်းတာကြွလာ၏။

ဘုန်းကြီးအိုကြီးက ကိုယ့်ရဲ့မွေးနေ့ကို မွေးနေ့လို့ မသုံးတော့ဘဲ တစ်ချိန်ထက် တစ်ချိန် ပိုပြီးအိုလာတာဖြစ်လို့ အိုပွဲလို့ပဲ သုံးပါတယ်။

သံဃာတော်များကိုပင့်ရင် "အိုပွဲမင်္ဂလာ ပင့်လျှောက်လွှာ"၊ လူများကိုဖိတ်ရင် "အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာ" လို့ သုံးနှုန်းရေးသား ခေါင်းစီးတပ်ပြီး ပင့်လျှောက် ဖိတ် ကြားလေ့ရှိပါတယ်။

သူများနှင့် စကားပြောတော့လည်း (၅၅) နှစ်ကျော်လာ ကတည်းက အရင်လို "ဦးပဉ္စင်း"လို့ မသုံးတော့ဘဲ "ဘုန်းကြီးအိုကြီး" လို့ ကိုယ့်ဟာကိုယ် သုံးနှုန်း ပြောဆိုပါတော့တယ်။ ကိုယ့်ရဲ့ဇရာကို ကိုယ့်ဟာကိုယ် ကျေကျေနပ်နပ် ထောက်ခံအတည်ပြုတဲ့သဘောပါ။

ကိုယ့်ရဲ့မွေးနေ့အစစ်နှင့် ရက်ချင်းတူရာ နီးစပ်ရာရက်ကိုယူပြီး မွေးနေ့လို့ တစ်နှစ်တစ်ခါ စကားနဲ့ တင်စားပြောဆို



www.burmeseclassic.com

www.burmeseclassic.com

တတ်ကြပါတယ်။ စကားပြောဖြစ်ရုံ ပညတ်ထားတဲ့ ပညတ်လောက်ပဲ ရှိတာပါ။ လူ့ဘဝရောက်လာတာ နောက်တစ်နှစ်ထပ်ပြည့်လာတာဖြစ်လို့ လူ့ဘဝ နှစ်ပတ်လည် အထိမ်းအမှတ်နေ့ဆိုရင် ပိုမှန်ပါလိမ့်မယ်။

တစ်ချိန်ထက် တစ်ချိန်၊ တစ်ရက် ထက် တစ်ရက်၊ တစ်နှစ်ထက် တစ်နှစ် ကိုယ့်ခန္ဓာက ပိုပိုပြီး ဟောင်းလာ အိုလာတာကြောင့် အိုပွဲနေ့လို့ ပြောရင်လည်း ဖြစ်တာပါပဲ။ မွေးနေ့ဆိုတာ အိုပွဲပါ။

ခန္ဓာမှာ ရုပ်နှင့်စိတ် အပြေးပြိုင်နေပုံကိုလည်း သတိထားကြည့်ရင် သိနိုင်ပါတယ်။ ရုပ်ခန္ဓာက ဇရာသဘောကြောင့် လျင်မြန်စွာ ကြီးရင့်နေတယ်။ ဘာကိုမှမငဲ့ ဘာကိုမှ မစောင့်ဆိုင်းဘဲ အဆက်မပြတ် အိုတဲ့ဘက်ကို ဦးလှည့်ပြေးနေတယ်။

အလျင်အမြန် ကြီးရင့်နေတာကို အဆက်မပြတ် အိုတဲ့ဘက် ပြေးနေတာကို သတိမထားရင် လုံးဝမသိလိုက်ပါဘူး။ ခါးပိုက်နှိုက်သူနှင့် တော်တော်တူတာပဲ။ ကျန်းမာတာတွေ၊ နုပျိုတဲ့အရွယ်တွေ၊ ရုပ်အဆင်းတွေ၊ အသက်ရှင်ခွင့် အချိန်တွေ၊ ခွန်အားတွေ တော်တော်များများ ပါသွားတော့မှ ဇရာ ခါးပိုက်နှိုက်ယူသွားမှန်း သိရတော့တာ၊ နောက်မှပဲ သိရတာပါ။

စိတ်က သတိလွတ်တိုင်း ကိလေသာအပူရှိန်ကြောင့် စွမ်းအားတွေ ငယ်ငယ်သွားတတ်တယ်။ ရုပ်ကြီးရင့်အိုမင်းသွားတာကို သဘောမတူ မနှစ်သက်ဘဲ နောက်ကိုသာ အမြန်ဆုတ်ပြေးနေတတ်တယ်။

ကြာလေငယ်လေ ကြာလေ နောက် ရောက်လေ ဖြစ်သွားတတ်တယ်။ ရုပ်က စိတ်သဘောမတူဘဲ အမြန်ကြီးရင့်အိုမင်းနေ ရှေ့ကိုချည်းအမြဲသွားနေတယ်။ စိတ်က ကိလေသာကြောင့် ရုပ်ကြီးရင့်အိုမင်းတာကို မကြိုက်လို့ နောက်ကို ပြန်ပြေးငယ်ငယ်သွားနေတယ်။

ရုပ်နှင့်စိတ် ကျောချင်းကပ် ပြေးနေရတော့ ကြာလေ အလှမ်းဝေးလေ ဖြစ်နေတာပေါ့။ နောက်တော့ အလွန်ဝေးသွားလို့ စိတ်အငယ် လွန်ပြီး သူငယ်ပြန်သွားတတ်ပါတယ်။

စိတ်က သဘောမတူဘဲ ကြီးရင့်အိုမင်းနေရတဲ့ ဇရာဟာ ကိုယ့်အတွက် တရားမဝင်တဲ့ ဇရာဖြစ်သွားမှာပေါ့။ တရားမပါဝင်တဲ့ ဇရာပါ။ တရားမဝင်တော့ သူများတွေက "အသက်ဘယ်လောက်ရှိပြီလဲ" လို့ အမေးခံရမှာတော့ ကြောက်နေတတ်တယ်။ သတိရှေ့ထား ကြိုးစားပေးမှ စိတ်ဓာတ်နိုးကြားတက်ကြွလာမယ်။

ဇရာဒုက္ခနှင့် ကိလေသာအပေါ် အနိုင်ယူ လွှမ်းမိုးနိုင်တဲ့ စွမ်းအားပေါ်လာမယ်။ သီလ၊ သမာဓိ၊ ပညာ စိတ်စွမ်းအားတွေ ပြည့်လာတော့မှ တရားပါဝင်တဲ့ တရားဝင် ဇရာဖြစ်နိုင်မယ်။

"အသက် ၆၈ နှစ်၊ ၁၁ လ၊ ၂၅ ရက်၊ ၁၃ နာရီ၊ ၅ မိနစ်၊ ၆ စက္ကန့်ရှိပြီ" လို့တောင် ဂုဏ်ယူနိုင်ပါလိမ့်မယ်။ ကိုယ့်အသက်ကို အတိအကျ ပြောရဲ ရေတွက်ရဲပြီပေါ့။

အိုနာသေ ဒုက္ခတွေကို ဘယ်သူမှ ရှောင်ပြေးလို့ မရပါဘူး။ ခန္ဓာရှိနေသမျှ ပြေးမလွတ်နိုင်တဲ့ ဒုက္ခတွေပါ။ လူတွေအားလုံး ကြုံတွေ့ရမယ်။ တကယ်တော့ တရားမမေ့ရဲအောင် တွန်းနေတဲ့ တွန်းအားများဖြစ်တယ်။

လူ့ဘဝတရားနှင့် ထိုက် တန်တာဟာ အဲဒီတွန်းအားတွေကြောင့်ပဲ။ တရားမလုံလောက်ရင် သေပြီးတာနဲ့ အပါယ်ရောက်ရဦးမယ်။ အပါယ်ဘုံမှာ ဘယ်လောက်ကြာအောင် ခံရမယ်ဆိုတာလည်း မသိ၊ ဆင်းရဲ ဘယ်လောက်ထိ ကြီးမားပြင်းထန်မယ်ဆိုတာလည်း ခန့်မှန်းလို့မရ ကြောက်စရာကြီး။

ဒီဒုက္ခတွေ လက်မဦးခင် သတိ ဝီရိယ အစွမ်းကုန်မြှင့်တင်ထားပြီး ကြိုတင်ပြင်ဆင် မြှင့်တင်ထားဖို့ လိုပါတယ်။ ဒုက္ခတွေက ကိုယ့်ကိုကန်ချတော့ ဒုက္ခကို သတိဉာဏ်နဲ့ ပေါင်းပေးလိုက်ရင် ဒုက္ခတွေကြောင့် ကိုယ့်ကံတွေ အချိန်မီလှသွားပါလိမ့်မယ်။ ဆင်းရဲကြီးကြီးကိုကြောက်တော့ ဆင်းရဲသေးသေးကို သည်းခံကြိုးစားရုံပဲ မဟုတ်လား။

အိုရတဲ့ ဇရာဒုက္ခဟာ ကိလေသာနှင့်ပေါင်းမိရင် လူနှင့်ကုသိုလ် ကွဲသွားအောင် ကန်ချတတ်တယ်။ "ကုသိုလ်လုပ်ပါဦးလား" လို့ သူများက ပြောလာရင် "အသက်ကြီးပြီ မလုပ်နိုင်တော့ဘူး၊ ရှိုးရှိုးအိုတာ မဟုတ်ဘူး၊ ဒူးနာ ခါးနာတွေပါပါလာတယ်၊ ထိုင်လို့ ထလို့ မကောင်းတော့ ဘုရားတောင် ရှိမခိုးနိုင်တော့ဘူး" လို့ ပြန်ပြောတတ်တယ်။ ဇရာက လူနှင့်ကုသိုလ် စိတ်ဝမ်းကွဲအောင် သွေးခွဲတဲ့သဘောပေါ့။

အိုရတဲ့ဒုက္ခကို သတိရှေ့ထားပြီး ဉာဏ်နဲ့ ကြည့်ရှုသုံးသပ်တတ်ရင် ဇရာကြောင့် ကိုယ့်ရဲ့ကောင်းမှုကံတွေ လှပလာတတ်ပါတယ်။

ကိုယ့်ဇရာဟာ ကိုယ့်ရဲ့သတိပညာနှင့် ပေါင်းပေးလိုက်ရင် ကိုယ့်ကို ကံလှအောင် လုပ်ပေးနိုင်တယ်။ ဇရာဆိုတဲ့ အိုဒုက္ခဟာ သတိပညာနှင့် ပေါင်းပေးလိုက်တာနဲ့ တွန်းအားပေးကူညီနေတာလို့လည်း နားလည်ရတယ်။

"ကျွန်တော် အိုဒုက္ခဟာ နှိပ်စက်ဖို့သက်သက်လာတာ မဟုတ်ပါဘူးခင်ဗျ၊ လူ့ဘဝရဲ့ပန်းတိုင် အနှစ်ရလဒ်ကကောင်းမှုတရား တစ်မျိုးတည်းပါခင်ဗျ၊ ကောင်းမှုတရားဆိုတာ တွန်းအားရှိမှ မြန်မြန်လုပ်ဖြစ်ပါတယ်ခင်ဗျ၊ ကောင်းမှုအချိန်မီလုပ်ဖြစ်အောင် တွန်းအားလာပေးတာပါခင်ဗျ၊ လူ့တစ်သက်အကြာကြီးနေရတယ်ထင်ပြီး မေ့နေမှာစိုးလို့ အိပ်ပျော်နေမှာစိုးလို့ နှိုးစက်ချပေးတာပါ ခင်ဗျ" လို့လည်း သဘောပေါက်လာတယ်။

ပြီးတော့ "ကျွန်တော်အိုဒုက္ခက ခန္ဓာရဲ့ ပြောင်းလဲဖောက်ပြန်တတ်တဲ့ အနိစ္စသဘော၊ မခံမရပ်နိုင်အောင် ညှဉ်း



www.burmeseclassic.com

www.burmeseclassic.com

ဆဲနှိပ်စက်တဲ့ ဒုက္ခသဘော၊ ကိုယ့်အလိုမလိုက်ဘဲ ဆန့်ကျင်ဘက်လုပ် အာဏာဆန်တတ်တဲ့ အနတ္တသဘောကို လက်တွေ့ကျကျ ပြပေးတာပါခင်ဗျ၊ သတိထား ဉာဏ်နဲ့ရှုပေးပါခင်ဗျ" လို့ အရှုခံအာရုံကို ပြပေးတဲ့အနေနဲ့လည်း အမြင်ရှင်းလာတတ်တယ်။

တကယ် သတိထား ဉာဏ်နဲ့ရှုလိုက်ရင် ခန္ဓာ ရဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောကို ပြတ်ပြတ်သားသား သိမြင် ခွင့်ရလာရပါတယ်။ ဒါကြောင့် ဇရာကြောင့် ကံပဲလှလာရပါတယ်။ အိုခ ကောင်းကောင်းရတယ်ပေါ့။

အိုသည်ထိ အမြဲကောင်းတာက သီလပါ။ သီလပြောလိုက်ရင် သမာဓိပညာလည်း ပါဝင်လာရတော့တာပါ။ သိက္ခာသုံးပါးဟာ လူအိုရဲ့ တကယ့်အလှရတနာ အစစ်ပဲ။ လူအိုကို အားတက်စေနိုင်တာက သိက္ခာသုံးပါးပဲ ရှိတယ်လေ။ သိက္ခာသုံးပါးဆိုတာ ကိုယ်နှုတ် စည်းကမ်းကို လိုက်နာတဲ့သီလ၊ စိတ်စည်းကမ်းကို လိုက်နာခြင်းလို့ ခေါ်ရတဲ့ အာရုံပေါ်တည်တည်ငြိမ်ငြိမ် စူးစိုက်ပေးတဲ့သမာဓိ၊ ရုပ်နာမ်ခန္ဓာကို အရှိအတိုင်း ကြည့်ရှုသုံးသပ် ဆုံးဖြတ်ရတဲ့ ဝိပဿနာပညာ၊ အဲဒီ သုံးပါးပါ။

သိက္ခာသုံးပါး ဖြည့်ကျင့်ရင် အများရဲ့ အရိပ်ကောင်းတဲ့ အားကိုးစရာလည်း ဖြစ်လာရတယ်။ ကိုယ့်မှာလည်း အိုလို့ ရုပ်အား လျော့သွားတဲ့နေရာမှာ စိတ်အားတွေ တိုးတက်ပြည့်ပြီး အစားထိုးနိုင်တယ်။ ကြီးလေလှလေ၊ ကြီးလေ အေးမြလေ၊ ကြီးလေ ထည်ဝါခံ့ညား ကျက်သရေရှိလေ၊ ကြီးလေ အများချစ်ခင် မြတ်နိုးဖွယ်ကောင်းလေသာ ဖြစ်ရပါတယ်။

မွေးနေ့အထိမ်းအမှတ်၊ အိုပွဲအထိမ်းအမှတ် ကောင်းမှုပြုတဲ့အခါ အတူလာရောက် ကောင်းမှုပြုဖို့ ဖိတ်သင့်သူများကို ဖိတ်ကြားတတ်ကြပါတယ်။ ဖိတ်ကြားခံရသူများလည်း လာရောက်တတ်ကြပါတယ်။ အပြင်ဘက်က ဖိတ်သင့်သူများ လာရောက်နိုင်အောင် ဖိတ်စာနဲ့ ဖိတ်ကြားသလို ကိုယ့်ခန္ဓာအတွင်းက ဖိတ်ခေါ်သင့်တဲ့ တရားများ ရောက်လာနိုင်အောင်လည်း သတိဉာဏ် ဖိတ်စာကမ်းလှမ်းပြီး ဖိတ်ကြားသင့်ပါတယ်။

ကြီးရင့် အိုမင်းလာတဲ့ ဇရာဒုက္ခကို သတိဉာဏ်နှင့် ပေါင်းပေးလိုက်တာကိုပဲ သတိဉာဏ်လက်ထဲ ထည့်သွင်းအပ်နှင်းထားလိုက်တာကိုပဲ သတိဉာဏ် ဖိတ်စာကမ်းလှမ်းတယ်၊ အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာနဲ့ ဖိတ်ကြားတယ်လို့ စကားနဲ့တင်စားပြောတာပါ။ ကောင်းမှုတရားတွေ ကြွရောက်လာကြမှပဲ အိုပွဲက မင်္ဂလာအစစ် ဖြစ်နိုင်မှာပါ။ သတိပါတော့ ကိလေသာကိုခွာပြီး ဉာဏ်ပါတော့ အိုတဲ့ဒုက္ခကို အနိုင်ယူနိုင်မယ်။ ဒုက္ခကိလေသာကို အနိုင်ယူလို့ သိက္ခာသုံးပါး အကောင်းတရားတို့ ဖော်ထုတ်နိုင်ရင် အဆိုးကို နုတ်လို့ အကောင်းနဲ့ ဆက်နိုင်တဲ့ မင်္ဂလာ ဖြစ်နိုင်တော့တာပါ။ အိုပွဲမင်္ဂလာ ဆိုရမှာပေါ့။

"အို. . . ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အဖွဲ့ဝင်များ ဖြစ်ကြတဲ့ ကောင်းမှုစွမ်းအား မြတ်တရားတို့ ကျွန်ုပ်ရဲ့ အိုပွဲမင်္ဂလာ အချိန်အခါမှာ အသက်ကြီးလာတဲ့နောက်က တရားပါလိုက်ပြီး ကြီးလိုတာကြောင့် ကျွန်ုပ်နှင့်အတူတကွ ကောင်းမှုတရား အထူးပွားဖို့ ကျွန်ုပ်ရဲ့ နှလုံးအိမ်နေရာအရောက် ကြွရောက်လာခဲ့ပါမယ့်အကြောင်း လေးလေးမြတ်မြတ် ဖိတ်ကြားအပ်ပါတယ် ခင်ဗျား"

အဲဒီလို အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာနဲ့ အထူးဖိတ်ကြားရုံပေါ့။ သတိဉာဏ်ဖိတ်ကြားလွှာနဲ့ လေးလေးစားစား ဖိတ်ကြားလိုက်ရင် ကောင်းမှုတရားတွေ ဝမ်းမြောက်ဝမ်းသာစေန်ကြွရောက်လာကြမှာပါ။ ကိုယ့်စိတ်အစဉ်မှာ ကြွရောက်ပေါ်ပေါက်လာသမျှ ကောင်းမှုတရားအားလုံး ကိုယ့်ရဲ့ အချစ်ဆုံး အရင်းနှီးဆုံး ဆွေမျိုး မိတ်ဆွေတွေချည်းပဲလေ။

## ၆။ အိုသော်ငြားလည်း စိတ်အားတင်းက အောင်ပွဲရ

* သတိမကွာ၊ အာရုံမှာ၊
ကောင်းတာဖြည့်၍ မွေ့လျော်လေ။
(သတိရှေ့ထား၊ တရားအာရုံ၊
ကောင်းစွာလုံ၊ ပွားထုံမွေ့လျော်လေ)
* အာရုံနယ်ကျွံ၊ အပျော်လွန်၍၊
မလွန်ကျူးအောင်၊ သတိဆောင်ကာ၊
စူးစိုက်ရာ၊ ကောင်းစွာစိတ်ကို၊
စောင့်ရှောက်လေ။
(ဟိုပြေးဒီပြေး၊ ကင်းစင်ဝေး၊
အပြေးရပ်အောင်၊ စောင့်ရှောက်လေ)
* ညွှန်မှာမြုပ်ငြား၊ ဆင်အိုလားသို့၊
အသွားခက်ခဲ၊ ကိလေသာထဲမှ၊
ခုန်၍ထ၊ တက်ကြွနိုးကြားစေ။
* ဇရာထောင်းထား၊ အိုသော်ငြားလည်း၊
စိတ်အားတင်းက၊ အောင်ပွဲရ၊
အေးမြချမ်းသာပေ။

နတ်တွေရဲ့ခန္ဓာဟာ မပွင့်လင်းဘူးလို့ ဆိုပါတယ်။ အသက်တွေ ဘယ်လောက်ကြီးကြီး အိုရုပ်မပြဘူးတဲ့။ နတ်သားတွေ အသက် (၂၀)အရွယ်၊ နတ်သမီးတွေက (၁၆)နှစ်အရွယ်ချည်းပဲတဲ့။ သေသွားတာတောင် အလောင်းကောင်မကျန်ဘူးတဲ့။ ကျန်ရစ်တဲ့နတ်တွေ အနိဋ္ဌာရုံမမြင်ရအောင် ဖုံးကွယ်ဖျောက်ဖျက်ပစ်တဲ့သဘောနဲ့ တူပါတယ်။ သံဝေဂဖြစ်စရာ တွန်းအားအာရုံ အလွန်နည်းပါးတဲ့ နေရာဆိုတော့ တရားရဖို့ တိုးပွားဖို့ အလွန်ခက်ခဲမှာပါ။ တရားဆိုတာ တွန်းအားရှိမှ လုပ်ဖြစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

တရားနှင့်လူ၊ လူနှင့်တရား အထိုက်တန်ဆုံးဖြစ်လို့ လူ့ခန္ဓာဟာ တကယ်ပွင့်လင်းပါတယ်။ အိုချိန်တန် အိုရုပ်ပြတယ်၊ နာချိန်တန် နာရုပ်ပြတယ်၊ သေချိန်တန် သေရုပ်ပြတယ်၊ သေတော့ အလောင်းကောင် ကျန်နေခဲ့တယ်။ လူတွေက မေ့ချင်လို့ မေ့နေတတ်ကြပေမယ့် တွေ့ရတဲ့ အာရုံတွေကတော့ မမေ့ရဲလောက်အောင် ကုသိုလ်ပြုရက် တရားကျင့်ရက် လုံ့ဝ မနွေ့ရဲလောက်အောင် အဆက်မပြတ် တွန်းအားပေးနေပါတယ်။ ခန္ဓာရဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောကိုလည်း မသိ မမြင် မရှိရအောင် ပွင့်ပွင့်လင်းလင်းကြီး ဖွင့်ပြပေးနေပါတယ်။

လူ့ခန္ဓာဟာ ကြီးလာလို့ အိုရမယ့်အရွယ်ရောက်တော့ အိုရုပ် ထင်ထင်ရှားရှားပြပေတယ်။ ကျန်းမာမှု နုပျိုမှု ရုပ်အဆင်း ခွန်အားတွေ သိသိသာသာ ယုတ်လျော့လာကြတယ်။

ရုပ်ခွန်အား ယုတ်လျော့သွားတဲ့နောက်ကို စိတ်ခွန်အားယုတ်လျော့တာ ပါမသွားရအောင် အားအကောင်းဆုံးဖြစ်တဲ့ သတိကို စိတ်မှာအမြဲ ထည့်သွင်းပေးထားဖို့ လိုမှာပါ။

သတိအားကောင်းရင် ရုပ်ပျိုကျပေမယ့် စိတ်ပိုလှလာပါတယ်။ စိတ်နုပျိုအားကောင်းနေတတ်ပါတယ်။ ရုပ်ခွန်အားကျသွားတာကပဲ စိတ်ခွန်အား ကြွလာဖို့ ဖြစ်ပါတယ်။ စိတ်တွေ ပိုမိုနိုးကြားတက်ကြွလာဖို့ အိုရုပ်ပြပြီး နှိုးဆွပေးတဲ့ သဘောမျိုးပါ။

ဇရာထောင်းခံရလို့ ရုပ်အိုမင်းရင့်ရော် ခွန်အား ယုတ်လျော့သွားပေမယ့် သတိ ဝီရိယနဲ့ စိတ်ကို အားတင်ပေးလိုက်ရင် အရာရာ အောင်ပွဲရတတ်စမြဲပါ။

မြန်မာရာဇဝင်မှာ ဘုန်းလက်ရုံး ကြီးမားလှတဲ့ အလောင်းစည်သူမင်းကြီး အသက်(၈၀)အရွယ် အိုမင်းလာတော့ တစ်နေ့ ညီလာခံသဘင် ဗိုလ်ပုံအလယ်မှာ လက်ရုံးလက်မောင်းကို ဆန့်တန်းမြှောက်ပြလိုက်တယ်။ အိုနေတော့ လက်မောင်းရေတွေ တွဲလျားကျလာတယ်။

အဲဒါကို မြင်ကြတော့ မှူးမတ်ပရိသတ်တွေက မသိမသာ ပြုံးရယ်ကြတယ်။ အိုတာများ ထုတ်ပြနေရသေးသလား၊ ကြွားနေရသေးသလား ဆိုတဲ့သဘောနဲ့ တူပါရဲ့။

ပြုံးရယ်နေကြတာကို မင်းကြီးမြင်သွားတော့ “ငါ့အစွမ်းသိစေရမယ်တဲ့” လို့ စိတ်ထဲ အားတက်လာတယ်။ ချက်ချင်းအမိန့်ချမှတ်လိုက်တယ်။ “မောင်မင်းတို့ တူရွင်းတောင်ခြေမှာ သူခိုးတစ်ယောက် သောင်းကျန်းနေတယ်၊ အခုချက်ချင်း သွားရောက်နှိမ်နင်းကြ” တဲ့။ အဲဒီလို အမိန့်ချမှတ်ပြီးတာနဲ့ ချက်ချင်းရုပ်ဖျက်ပြီး တူရွင်းတောင်ခြေကို တစ်ကိုယ်တည်း မြင်းစီးလို့ အမြန်ထွက်ခွာသွားတော့ မင်းကြီးက အရင်ရောက်နေနှင့်တဲ့ မှူးမတ်ဗိုလ်ပါတွေကို မီသွားတယ်။

မင်းကြီးက သူခိုးယောင်ဆောင်ပြီး သောင်းကျန်းပြတယ်။ မင်းပရိသတ်တွေ မင်းကြီးကို အစွမ်းကုန်လိုက်ပြီး ဝိုင်းဖမ်းကြတယ်။ ရုပ်ဖျက်ထားတာဖြစ်လို့ ပရိသတ်တွေက ကိုယ့်ရဲ့ဘုရင်မှန်း မသိကြဘူး။ အိုပေမယ့် စိတ်အားမြင့်တင်ထားတဲ့ မင်းကြီးကို ဘယ်လိုလိုက်လို့မှ မမီနိုင်တော့လို့ ပြန်လာခဲ့ကြတယ်။

နောက်နေ့ ညီလာခံမှာ မင်းကြီးက “မင်းကြီးများ. . ဘယ်လိုလဲ သောင်းကျန်းနေတဲ့ သူခိုးကို နှိမ်နင်းခဲ့ကြပြီလား၊ ဖမ်းမိခဲ့ကြပြီလား”လို့ မေးတယ်။

“မှန်လှပါ၊ သူခိုးက တစ်ယောက်တည်းဖြစ်ပေမယ့် မြန်တကလဲမြန် အားကလဲ ကောင်းလွန်းတာကြောင်း ဘယ်လိုမှ လိုက်လို့မမီနိုင်တာကြောင့် လက်လျှော့ပြီး ပြန်ခဲ့ရကြောင်းပါ” လို့ သံတော်ဦးတင်တော့ “အဲဒါ ငါပဲ၊ ငါ မအိုသေးဘူး” လို့ မိန့်ကြားတယ်။

ဒီတော့ ပရိသတ်က “ဪ. . . ဒါကြောင့်ကိုး၊ မင်းကြီးက အိုပေမယ့် အစွမ်းသတ္တိ ပြည့်ဝတုန်းပဲ”လို့ မှတ်ချက်ချပြီး ခါတိုင်းထက် ပိုကြောက်ရွံ့ လေးစားလာကြတယ်။ ရုပ်အိုပေမယ့် စိတ်အားတင်းတော့ အောင်ပွဲရတာပေါ့လေ။

ပြီးတော့ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိမြို့ ပသေနဒီ ကောသလမင်းကြီးမှာ ပါဝေယျကဆိုတဲ့ ဆင်တစ်ကောင်ရှိတယ်။ အရွယ်ကောင်းတုန်း နုပျိုတုန်းကဆိုရင် အားကလည်းကောင်း မြန်ကလည်းမြန်ပေါ့။ ပြီးတော့ လိမ္မာတယ်၊ သိတတ်တယ်။

အထူးသဖြင့် စစ်တိုက်ဝါသနာပါတဲ့ တိုက်စစ်ဆင်ပါ။ တိုက်ပွဲတိုင်းလိုလို သူပါတာချည်းပဲ။ အသက်ကြီးလို့ အိုမင်းရင့်ရော်လာတော့ အားတွေ ယုတ်လျော့လာတယ်။ နုံးကွေးလာတယ်။ မင်းကြီးက ဆင်အိုကြီးကို အနားပေးလိုက်တယ်။

အငြိမ်းစား ပါဝေယျက ဆင်အိုကြီးဟာ တစ်နေ့တော့ သူ့ရဲ့ဆင်ထိန်းမပါဘဲ တစ်ကောင်တည်း ဟိုဟိုဒီဒီလျှောက်သွားနေရင်း လမ်းဘေးမှာ ရေကန်ကြီးတစ်ခုကို တွေ့ရတယ်။ ရေချိုးချင် ရေသောက်ချင်လို့ ရေကန်ထဲ လက်နှစ်ဖက်နဲ့ ခြေနှစ်ဖက်နဲ့ ဆင်းလိုက်တယ်။ ခြေရော လက်ရော ရွှံ့ညွန်ထဲ ငြိကပ်မြုပ်သွားတယ်။ နုတ်လို့မရဘူး။ နုတ်လေ မြုပ်လေ လှုပ်လေ မြုပ်လေ ဖြစ်နေတယ်။

ဒီတော့မှ ဆင်ကြီးက “ဟယ် ငါ အိုပြီပဲ၊ ခွန်အားတွေ ယုတ်လျော့ကျကုန်ပြီ၊ ဆက်နုတ်ရင်လဲ မြုပ်ရုံပဲရှိတော့မယ်၊ အသာငြိမ်နေတာပဲ ကောင်းတယ်” လို့ စိတ်ဓာတ်တွေကျလို့ မျက်စိမှိတ် ခေါင်းငိုက်စိုက်ချပြီး ငေးမှိုင်နေပါရော။

လူတွေမြင်တော့ ပြေးလာကြတယ်။ ဆင်ကြီးကို ဆွဲနုတ်ဖို့ လာကြတာ မဟုတ်ဘူး။ နာမည်ကျော်ဆင်ကြီး ဖြစ်နေလို့ အံ့ဩတာနဲ့ လာကြည့်ကြတာ။ “ဒီလောက် အားကောင်းတဲ့ ဆင်ကြီးတောင် အိုမင်းလာတော့ ရေကန်ထဲမြုပ်နေတဲ့ ခြေလက်တွေကို မနုတ်နိုင်လောက်အောင် ခွန်အားတွေ ယုတ်လျော့သွားပြီပဲ” လို့ ပြောနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်ဘုရင်ထံလည်း ဒီအကြောင်းကို သတင်းပို့လိုက်ကြတယ်။ ရှင်ဘုရင်က သူ့ ဆင်ထိန်းကို အခေါ်ခိုင်းလိုက်တော့ ရောက်လာတယ်။

"ဟဲ့ သင့်ရဲ့ဆင်ကြီး ရေကန်ထဲမြုပ်နေတယ်လို့ ကြားရတယ်၊ သွား ဆွဲထုတ်ချေ" လို့ အမိန့်ပေးလိုက်တယ်။

ဆင်ဆရာက သူ့ဆင်အကြောင်း ကောင်းကောင်းသိပြီးသား။

"ဒီဆင်ကို လူက ဒီအတိုင်း ဆွဲနုတ်ပေးဖို့ မလွယ်ဘူး၊ သူ့စိတ်တက်ကြွအောင် နှိုးဆွပေးပြီး သူ့ဟာသူ အနုတ်ခိုင်းတာပဲ ကောင်းတယ်" လို့ ဆုံးဖြတ်လိုက်တယ်။

ဆင်ကြီး စစ်တိုက်ဝါသနာပါမှန်း သိထားလို့ ဆင်ကြီး ရွှံ့ညွှန်ထဲမြုပ်နေတဲ့ ရေကန်အနီးမှာ သက်ဆိုင်သူတို့ရဲ့ အကူအညီနဲ့ ဆင်တပ် မြင်းတပ် ရထားတပ် ခြေကျင်တပ်တွေကို စုဝေးခိုင်းလိုက်တယ်။ စစ်တပ်တွေ စုမိတော့ စစ်တိုက်ထွက်တော့မယ့် သဘောမျိုးနဲ့ စည်တီး အချက်ပေးလိုက်တယ်။

ဆင်ကြီးက စည်သံကြားတော့ "ဟယ်. . . ဒီအသံဟာ ငါကြားနေကျ အသံပါလား" လို့ စိတ်ဝင်စားစွာနဲ့ မျက်စိဖွင့်ပြီး မော့ကြည့်လိုက်တော့ စစ်တိုက်ထွက်တော့မယ့် ပုံစံမျိုးနဲ့ တက်ကြွနိုးကြားနေတဲ့ စစ်တပ်ကို မြင်လိုက်ရတယ်။

"ဟယ် စစ်တိုက်ထွက်ကြတော့မှာပါလား၊ ဒီတစ်ခါ ငါမပါဘဲ သွားကြတော့မယ်နဲ့တူတယ်၊ အို ငါမပါဘဲ သွားရင် ရှုံးမှာပေါ့၊ ငါပါမှ နိုင်မှာ၊ ငါလဲလိုက်မှဖြစ်မယ်" လို့ စိတ်ကို အားတင်းလိုက်တာ စိတ်တွေနိုးကြား တက်ကြွလာပြီး အားယူခုန်ချလိုက်တော့ တစ်ခါပဲ ခုန်လိုက်ရတယ်။ ခြေတွေ လက်တွေ ရွှံ့ညွှန်ထဲက ကျွတ်ထွက်ပြီး ကုန်းပေါ် ချက်ချင်းရောက်သွားတယ်။

လူတွေက "ဟယ် ဆင်အိုကြီးဟာ စစ်တိုက်ထွက်မယ့် အမူအရာကိုပြပြီး နှိုးဆွပေးလိုက်တော့ စိတ်ဓာတ်နိုးကြား တက်ကြွလာလို့ တစ်ခါပဲ ခုန်လိုက်ရတယ်၊ ချက်ချင်း ကုန်းပေါ် ရောက်သွားပါလား၊ စိတ်များ အံ့သြဖို့ ကောင်းလိုက်တာ"လို့ အံ့သြကြပြန်ရော။

ဘုရားထံလည်း သွားလျှောက်ကြတယ်။

ဘုရားရှင်က ရဟန်းတွေကို စုဝေးခိုင်းပြီး "ချစ်သားရဟန်းတို့ ရွှံ့ညွှန်ထဲ မြုပ်နေတဲ့ ဆင်အိုဟာ စိတ်အားတင်းပြီး လက်ခြေနဲ့အားယူလို့ ရွှံ့ညွှန်ထဲကနေ ကုန်းပေါ်ရောက်အောင် ကိုယ့်ကိုယ်ကိုယ် ဆွဲထုတ်နိုင်သလို သင်တို့လည်း အသွားခက်ခဲတဲ့ ကိလေသာရွှံ့ညွှန်ထဲက ကျွတ်ထွက်အောင် စိတ်အားတင်းပြီး ကိုယ့်ကိုယ်ကိုယ် နိဗ္ဗာန်ရောက်သည်ထိ ဆွဲထုတ်ကြ" လို့ မိန့်တော်မူပါတယ်။

ပြီးတော့ အပ္ပမာဒတရားကို ဆက်တော်မူပါတယ်။

(၁) အပ္ပမာဒတရားမှာ မွေ့လျော်ကြ ပျော်ကြပါ၊ အလုပ်တိုင်း အာရုံတိုင်းမှာ သတိမလွတ် သတိကပ်ကြပါ။

(၂) ကိုယ့်စိတ်ကို လုံအောင် စောင့်ရှောက်ကြပါ။ အာရုံမျိုးစုံကြောင့် ကိုယ်နှုတ်နဲ့ လွန်ကျူးမှုဘက်ကို ရောက်မသွားရအောင် စောင့်ရှောက်ထိန်းသိမ်းကြပါ။

(၃) ရွှံ့ညွှန်ထဲ မြုပ်နေတဲ့ ဆင်အိုကြီးလို အသွားခက်ခဲတဲ့ ကိလေသာညွှန်ထဲကလွတ်အောင် ကိုယ့်ကိုယ်ကိုယ် ဆွဲထုတ်ကြ၊ ညွှန်မြုပ်တဲ့ ဆင်အိုကြီးဟာ စိတ်အားတင်းပြီး ခြေလက်တွေနဲ့ အားစိုက်လို့ ကုန်းပေါ်အရောက် ကိုယ့်ကိုယ်ကိုယ် ဆွဲထုတ်နိုင်သလို သင်တို့လည်း စိတ်အားတင်းပြီး ကိလေသာရွှံ့ညွှန်ထဲကနေ နိဗ္ဗာန်ကုန်းပေါ်အရောက် ကိုယ့်ကိုယ်ကိုယ် ဆွဲထုတ်ကြ" လို့ မိန့်မြွက်ဟောကြားတော်မူပါတယ်။

ညွှန်မြုပ်နေတဲ့ ဆင်အိုကြီးကို စစ်တပ်စုရုံးပြီး စစ်တိုက်ထွက်မယ့် ပုံစံမျိုး ပြလိုက်တာက ဟန်ပြကလေးပါ။ ဆင်အိုကြီးရဲ့ စိတ်နိုးကြား တက်ကြွရုံလေး ဟန်ပြ ပြတာပါ။ တကယ် စစ်တိုက်မထွက်ပါဘူး။ ဟန်ပြ ပြလိုက်တာလေးတောင် စိတ်နိုးကြားတက်ကြွလာလို့ ရွှံ့ညွှန်ထဲက ကျွတ်ထွက်ပြီး ကုန်းပေါ် ရောက်သွားအောင် ခုန်နိုင် ရုန်းနိုင်သေးတာပဲ။

မိမိတို့မြုပ်နေတဲ့ ကိလေသာရွှံ့ညွှန်တွေကလည်း ဟန်မဟုတ်ဘူး။ တကယ်မြုပ်တာ၊ ခေါင်းမဖော်နိုင်အောင် အပါယ်ထိလည်း မြုပ်သွားနိုင်တယ်။ ဒုက္ခတွေကလည်း ဟန်မဟုတ်ဘူး။ တကယ်ဆင်းရဲအောင် ညှဉ်းဆဲတာ၊ အိုနာသေကလည်း ဟန်မဟုတ်ဘူး။ တကယ်အိုပြတာ၊ တကယ်ဆင်းရဲအောင် နာပြတာ သေပြတာ။ ဒီဆင်းရဲအားလုံးရဲ့အကြောင်း တရားခံ ကိလေသာက လွတ်အောင်ရုန်းတော့လည်း ဟန်လေးနဲ့ ရုန်းနေရင် ဘာမှ အရာရောက်မှာ မဟုတ်ဘူး။ သတိ ဝီရိယ အစွမ်းကုန်မြှင့်တင်ပြီး တကယ်ကြိုးစားရုန်းမှ ကျွတ်လွတ်နိုင်မှာပါ။

ဘယ်ကောင်းမှုမဆို ကိလေသာညွှန်ထဲက ကျွတ်ထွက်အောင် အစွမ်းကုန် ဆွဲနုတ်လို့ အမြင့်ဆုံးမြင့် ကြိုးစားအားထုတ် ပြုလုပ်ရမှာချည်းပဲ။ ကိလေသာကလည်း တကယ်ပူ၊ ဒုက္ခကလည်း တကယ်ဆင်းရဲအောင် ညှဉ်းဆဲ၊ အဆိုးကင်းအောင် အကောင်းရအောင် ကြိုးစားတော့လည်း သတိ ဝီရိယ အစွမ်းကုန်မောင်းတင်ပြီး တကယ်လုပ်ရမှာ၊ ဟန်နဲ့ အချိန်မဖြုန်းဘဲ တကယ်ချည်းပဲ လုပ်ရမှာပါ။

အားလုံး အဆိုးလွတ်လို့ အကောင်းအထွတ် ရောက်ကြပါစေ။

(ပြီး)

❒ ယောဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



**အောင်ရဲဝင်း (ဟံသာမြေ)**

# အပူလှိုင်း

ရာသီရဟတ် တစ်ပတ်လည်ခဲ့ပြီ။

ဆောင်းအလှ ငွေသဇင်နှင့် နွေသခင် ပိတောက်တို့ လက်ချင်းနှုတ်ဆက်ကြချိန်။

ဆောင်းအကုန် နွေအကူး လေရူး၏ ကျီစယ်မှုကို ချမ်းစိမ့်စိမ့် ခံစားရင်း စာရေးသူသည် လွန်ခဲ့ပြီဖြစ်သော နွေအပူကို သတိရနေမိပါသည်။

အပူလှိုင်းဒဏ်ကြောင့် အချို့အရပ်တွေမှာ အသက်ဆုံးရှုံးရသည်အထိ သဘာဝဘေးဒဏ်ကို အလူးအလဲ ခံခဲ့ရပါသည်။

တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာခဲ့သည့် အပူချိန်ကို တွေးပူမိရင်း လောကခရီးမှာ သောကမီးတွေနှင့် နေ့စဉ်ကြုံတွေ့နေကြရသည့် ကျွန်တော်တို့တစ်တွေ အကြောင်းကို အတွေးနယ်ချဲ့မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ပုထုဇဉ်ပီပီ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော မီးသုံးမီး၏ လောင်မြိုက်ခြင်းကို အချိန်နှင့်အမျှ ခံစားနေရပါသည်။

သတ္တဝါတို့၏ နှလုံးအိမ်ဝယ် အဆိုပါ အကုသိုလ်တရားသုံးပါးသည် အမြစ်သဖွယ် ငြိတွယ်နေပါ၏။ မနက်မိုးလင်း၍ မျက်စိနှစ်လုံးပွင့်သည့်အချိန်မှ ညအိပ်ရာဝင်သည့်အချိန်ထိ တစ်နေ့တာခရီးမှာ မိမိပြောခဲ့၊ ပြုခဲ့၊ ကြံစည်ခဲ့သည်တို့ကို စစ်တမ်းထုတ်ကြည့်လျှင် သိနိုင်ပါသည်။

ကျွန်တော်တို့သည် မိမိတို့၏ ဘဝသာယာရေးအတွက် ကာမဂုဏ်အာရုံတို့ကို ခုံမင်ငြိတွယ်သော လောဘတဏှာဖြစ်ရ၏။

လိုရာဆန္ဒမပြည့်ဝသဖြင့် မကျေနပ်မှုဒေါသ၊ ထပ်၍လိုချင်သောလောဘ၊ မိမိထက်သာလွန်သူကို မရှုဆိတ်နိုင်သော မစ္ဆရိယ၊ မိမိကိုယ်ကို ခိုင်မြဲသည်ဟု အထင်မှား၊ အယူမှားသော ဒိဋ္ဌိတို့သည် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာကြပါသည်။

ဆရာတော် အရှင်ဇနကာဘိဝံသက "ဗုဒ္ဓမြတ်စွာတစ်ဆူ ပွင့်တော်မူလာခြင်း၏ပဓာနအကျိုးမှာ အဝိဇ္ဇာ၊တဏှာကုန်ခန်းဖို့နှင့် နည်းနိုင်သမျှ နည်းပါး၍ ထိုက်တန်သော သုခချမ်းသာကို ရဖို့ရန်ဖြစ်၏" ဟုမိန့်ဆိုတော်မူခဲ့ပါသည်။

ထို့အတူ မဟတ္တမဂန္ဒီက လူသားတို့၏ တိုးတက်မှုစင် စစ်သည် အလိုလောဘကို သင်းသတ်နိုင်ခြင်း၊ ချိုးနှိမ်နိုင်ခြင်းသာလျှင် ဖြစ်သည်ဟု အဆိုပြုခဲ့ပါသည်။

ပုထုဇဉ်မှန်သမျှ တဏှာ, လောဘနှင့် မကင်းနိုင်ပါ။ တကယ်တော့ ကျွန်တော်တို့သည် မိမိ မရှိသည့်နောက် ပိုင်ဆိုင်သမျှကို မိမိအိမ်မှာ ထားခဲ့ရမှာ ဖြစ်ပါသည်။ မိမိပြုသည့် ကုသိုလ်ကံ၊အကုသိုလ်ကံသာ မိမိနောက်သို့ အရိပ်ပမာ လိုက်ပါမှာ ဖြစ်ပါသည်။

ထိုသို့ ကျွန်တော်၏ အတွေးနယ်ချဲ့မှုသည် လေနှင့်အတူ လွင့်မျောနေခိုက် တစ်ချိန်က မြတ်မြတ်နိုးနိုး သိမ်းဆည်းထားခဲ့သော ကဗျာတစ်ပုဒ်သည် ကျွန်တော်၏ ကလောင်ဖျားသို့ ခုန်ဆင်းလာပါတော့၏။

ကဗျာဆရာ မောင်ခိုင်မာ၏ "မြားပျောက်သည့် လေးသည်တော်"ကဗျာ ဖြစ်ပါသည်။ ဆရာက သူ၏ဟန်အတိုင်း စကားလုံးလှလှတွေကို လေးနက်သော နဘေများဖြင့် ချိတ်ဆက်၍ ဓမ္မတေးတစ်ပုဒ်ကို ဖွဲ့သီထားပါသည်။

ကဗျာတွင် အပိုဒ်လေးပိုဒ် ပါရှိပါသည်။

ပုဂံရာဇဝင်ကိုတို့ထိထားပြီး လောဘ၊ ဒေါသ၊ မောဟတရားတွေကို ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတွေနှင့် ပုံနှိုင်းထားပါသည်။

ပြီးတော့မှ ဆရာက "လောဘ၊ ဒေါသ၊ မောဟ တရားတွေကို ခုတ်ထွင်ပေးချင်တဲ့ လေးသည်တော်ပါ". . . တဲ့။

သို့သော် ငါတည်းဟူသော အစွဲကို မဖြုတ်နိုင်၍ လမ်းပျောက်ခဲ့ရပုံကို ဤသို့ လှပစွာ ဖွဲ့နွဲ့ထားပါသည်။

*"လူ့ဘဝမှာ ဘာမဟုတ်တဲ့*
*သမုဒယ တဏှာရုပ်သွင်ကို*
*ငါခုတ်ထွင်လို့ ပေးချင်တာ*
*လေးသည်တော် ငါပေဂေး"*

*"ငါမဖြုတ်နိုင်တော့*
*မဟာဘုတ်မှာ ရာဇဖွားရယ်လို့*
*ငါပခြုပ်မှာ မာနလွှားနေခိုက်*
*တဟားဟား လာနေပြီလေ*
*ဇရာ ကဝေတွေနဲ့*
*မရဏာတစ္ဆေ*
*တံခါးခေါက်လေမှ*
*အလိုလေး. . . မြားပျောက်လို့ပြေး"*

မှန်ပါသည်။

ဘဝမှာ "ငါ" တည်းဟူသော အတ္တအစွဲ မလွှတ်သရွေ့၊ တဏှာရုပ်သွင်ကို ခုတ်ထွင်၍ မရသရွေ့ အထက်တွင် ရေးခဲ့သည့်အတိုင်း လောကခရီးမှာ သောကမီးတွေ တောက်လောင်နေရဦးမှာ ဖြစ်ပါသည်။

ဓမ္မပဒအမှတ်စဉ် (၁၀၃) တွင် . . .

***စစ်မြေပြင်တွင် ရန်သူပေါင်းများစွာကို***
***အောင်နိုင်သော သူရဲကောင်းသည် ရှိ၏။***
***ထိုသူသည် အမြတ်ဆုံး သူရဲကောင်း မဟုတ်။***
***မိမိကိုယ်ကိုယ်မိမိက အောင်နိုင်မှသာလျှင်***
***အမြတ်ဆုံး သူရဲကောင်းမည်၏။***

ဟု ပြဆိုထားပါသည်။

လိုချင်၍ ရရှိသောချမ်းသာမှုထက် မလိုချင်၍ ရရှိသော ချမ်းသာမှုက အပူသောက ကင်းစင်ပါသည်။

သို့ပါ၍ ကျွန်တော်တို့သည် မိမိတို့၏ လိုချင်တက်မက်မှု တဏှာကို ချုပ်တည်း၍ ဓမ္မကျင့်စဉ်နှင့်အညီ နေနိုင်ကြမှသာ ငြိမ်းချမ်းသောဘဝကို ရရှိခံစားနိုင်ပါမည်ဟု ရေးသားလိုက်ရပါသည်။

❒ အောင်ရိုဝင်း(ဖားသာမြေ)


*__ကိုးကား__*

မြင့်မြတ်သူ၊ အရှင်ဓမ္မရက္ခိတ။



www.burmeseclassic.com

www.burmeseclassic.com



# ထူးမှထူး

## အရှင်ဆန္ဒာဓိက

### (ရွှေပါရမီတောရ)

(ယခင်လမှအဆက်)

အမိကမဟုတ်ဘူး ဆိုပေမယ့် မာနဖြစ်လာတယ်ဆိုရင် အဲဒီမာနလေးကို အာရုံပြုပြီးတော့ မာနဖြစ်တယ်၊ မာနဖြစ်တယ်၊ ဘဝင်မြင့်နေတယ်၊ ဘဝင်မြင့်နေတယ်၊ အထင်ကြီးနေတယ်၊ အထင်ကြီးနေတယ်။

အဲဒီလို လေးငါးဆယ်ချက်လောက် မှတ်လိုက်တယ်ဆိုရင်ကိုပဲ ကိုယ့်စိတ်ကလေးက ကိုယ်မာနဖြစ်နေတဲ့ အာရုံဆီ၊ ကိုယ်နှိုင်းယှဉ်နေတဲ့ အာရုံဆီကို မရောက်တော့ဘဲ မြင့်နေတဲ့ မာနစိတ်လေးဆီမှာပဲ အာရုံရောက်နေတယ်။

အဲဒီအခါကျရင်တော့ မာနစိတ်ကလေးကို တည့်တည့်တွေ့ပြီဆိုတဲ့ အခါကျရင်တော့ ဘဝင်မြင့်တယ်၊ ဘဝင်မြင့်တယ်၊ မာနကြီးတယ်၊ မာနကြီးတယ် ဆိုတဲ့စကားလုံးတွေသုံးပြီးတော့ မှတ်နေစရာ မလိုတော့ဘူး။ ကိုယ့်စိတ်မှာဖြစ်နေတဲ့ အဲဒီမာနလေးကိုပဲ စိုက်ပြီးတော့ ကြည့်နေလိုက်ရုံပါပဲ။

အဲဒီလို ကိုယ့်မှာဖြစ်နေတဲ့ မာနစိတ်ကလေးကို ချက်ချင်းရှုပစ်လိုက်လို့ရှိရင် မာနစိတ်ရဲ့ သဘောသဘာဝကို သိလာပြီး တဖြည်းဖြည်းနဲ့ မာနအရှိန် လျော့လျော့သွားပါလိမ့်မယ်။ နောက်ဆုံးတော့ ဖြစ်နေတဲ့မာန ပျောက်သွားမှာပါပဲ။

မာနပျောက်ခြင်း ဆိုတဲ့အကျိုးက ဒုတိယအဆင့်ပဲရှိတယ်။ ပထမအဆင့် အရေးကြီးတာက အဲဒီမာနရဲ့ သဘောသဘာဝကို သိဖို့ပါပဲ။

"မာနစိတ်ဟာ ဘယ်လိုသဘောရှိသလဲ၊ မာနစိတ်ဆိုတာ ဘယ်လိုဖြစ်နေတာလဲ၊ မာနစိတ်လေးရဲ့ အခြင်းအရာလေးက ဘယ်လိုလဲ၊ ဘယ်လိုလေး ဖြစ်နေတာကို မာနလို့ခေါ်တာလဲ" လို့ စိတ်ဝင်တစားနဲ့ မာနရဲ့သဘောလေးကို စူးစိုက်ကြည့်တာကိုပဲ မာနဖြစ်ရင် "မာနဖြစ်တယ်" လို့ မှတ်လို့ပြောတာပါ။

အဲဒီလို သဘောသိအောင် စူးစိုက်ကြည့်ရင်း မှတ်နေရင် မာနရဲ့ သဘောသဘာဝကို လက်ဝါးပေါ်တင် ကြည့်သလို မြင်လာပါလိမ့်မယ်။

ဘယ်ကိလေသာပဲ ဖြစ်ဖြစ်ပေါ့။ ပယ်တယ်ဆိုတဲ့နေရာမှာ အဲဒီကိလေသာရဲ့ အပြစ်ကို ဆင်ခြင်ခြင်းအားဖြင့်လည်း





www.burmeseclassic.com

www.burmeseclassic.com

ပယ်လို့ရပါတယ်။ အဲဒီကိလေသာကို တိုက်ရိုက်သတိပဋ္ဌာန် ဝိပဿနာ ရှုမှတ်ခြင်းအားဖြင့်လည်း ပယ်လို့ရပါတယ်။

သတိပဋ္ဌာန်နဲ့ တိုက်ရိုက်ရှုမှတ်ပြီးတော့ ပယ်တဲ့နည်းကတော့ ပြောပြီးသားပါ။ မာနမဖြစ်အောင် နှလုံးသွင်းဆင်ခြင်တဲ့နည်း။ မနေ့ကတော့ "ကိုယ်ပိုင်မရှိဘူး" ဆိုတာ ဆင်ခြင်ဖို့အတွက် အဖေရဲ့သဘောသဘာဝနဲ့ နှိုင်းယှဉ်ပြီး ပြောခဲ့ပြီးပြီ။ "သေမှာအေးမယ်" တရားမှာလေ။

အမှန်ကတော့ လူတွေ မာနဖြစ်လို့သာ ဖြစ်နေကြတာပါ။ တကယ်တော့ မာနဖြစ်လောက်စရာ ဘာမှရှိတာမဟုတ်ပါဘူး။ ဦးဇင်းတို့ "ငြိမ်းအေးသောဘဝပိုင်ရှင်" စာအုပ်ထဲမှာလည်း ရေးခဲ့ဖူးပါတယ်။ မာနတစ်ခု ဖြစ်ပြီဆိုရင် အဲဒီမာနဖြစ်နေတဲ့ အာရုံနဲ့ပတ်သက်ပြီးတော့ အမြင့်ဆုံးစံချိန်ကို စဉ်းစားလိုက်ပါ။

ပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ မာနဖြစ်နေတယ်ဆိုရင် . . .

"ဟုတ်ပြီ၊ ငါ ဒီပစ္စည်းဥစ္စာကြောင့် မာနဖြစ်တယ်၊ ငါ ဘယ်လောက်များ ချမ်းသာနေလဲ၊ မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့သူတွေ ဘာအလုပ်မှမလုပ်ဘဲ တစ်နှစ်လုံး ထိုင်စားနိုင်လောက်အောင် ငါကျွေးနိုင်ပြီလား၊ မြန်မာနိုင်ငံသားအားလုံးကို တစ်နှစ်လုံး အလကားကျွေးနိုင်လောက်အောင် ငါ ချမ်းသာလို့လား"

စဉ်းစားကြည့်လိုက်နော်။ အဲဒီလို စဉ်းစားကြည့်လိုက်ရင် တစ်ရက်ကျွေးနိုင်ဖို့တောင် မလွယ်ပါဘူး။ အဲဒီလို တစ်ရက်ကျွေးနိုင်တဲ့သူလည်း တစ်ယောက်မှ မရှိသေးပါဘူး။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေ သန်းပေါင်းခြောက်ဆယ်နီးပါး ရှိမှာပေါ့။ အဲဒီသန်းပေါင်းခြောက်ဆယ်ကို အခမဲ့ တစ်ရက်ကျွေးဖို့တောင် မလွယ်ဘူး။ အဲဒီလောက်တောင်မှ မချမ်းသာသေးဘဲနဲ့ ဘာလို့များ မာနကြီးဦးမှာလဲ။

မြန်မာတစ်နိုင်ငံလုံးက လူတွေကို တစ်နှစ်လောက်ဒါမှမဟုတ် သူတို့တစ်သက်လုံး ကျွေးနိုင်လောက်အောင် ချမ်းသာပြီထား၊ တစ်ကမ္ဘာလုံးမှာ ရှိတဲ့သူတွေကို ကျွေးနိုင်ပြီလား၊ ကျွေးနိုင်ပြီဆိုရင် လက်တွေ့လုပ်ပါ။

အီသီယိုးပီးယားတို့၊ အာဖဂန်နစ္စတန်တို့ ဘာတို့ကို သွားပြီးတော့ ထောက်ပံ့လိုက်။ အာဖဂန်နစ္စတန်ကိုမှ မထောက်ပံ့နိုင်သေးဘဲနဲ့တော့ မာနမကြီးနဲ့တော့။

အဲဒီတော့ ပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ မာနကြီးမယ်ကြံရင် တစ်ကမ္ဘာလုံးကို အခမဲ့ကျွေးနိုင်လောက်အောင် ငါ့မှာ ပြည့်စုံပြီလား၊ မပြည့်စုံသေးဘူး။ ဒါဆိုရင် ဘာဖြစ်လို့ မာနကြီးနေဦးမှာလဲ။ ကိုယ့်မှာရှိတာတွေကို တွေးကြည့်ရှက်စရာကြီး။ တစ်ကမ္ဘာလုံးဆိုတာ အသာထားလိုက်ပါဦး။

ကိုယ့်ဆွေမျိုးလေး တစ်ခုကိုပဲ ချမ်းသာအောင် လုပ်ပေးနိုင်ပြီလား။ ကိုယ့်ဆွေမျိုးထဲမှာ ဆင်းရဲတဲ့သူ တစ်ယောက်မှမရှိ၊ ဆွေမျိုးအားလုံး ချမ်းသာနေအောင်၊ ဆွေမျိုးအားလုံး ပြည့်စုံနေအောင် ကိုယ်ကူညီထောက်ပံ့နိုင်နေပြီလား။ ကိုယ့်ဆွေမျိုးစု တစ်စုကိုတောင် ပြည့်စုံအောင် လုပ်မပေးနိုင်သေးဘဲနဲ့တော့ ကိုယ့်ရှိတာလေးကို အဟုတ်ထင်ပြီး မာနကြီးမနေပါနဲ့။

## သာတာနှိုင်းယှဉ်ရင်
## သာယာအရိုင်းမဝင်တော့ပါ

ပြီးတော့ ကိုယ့်ထက်သာတဲ့သူ ဆိုတာက အမြဲတမ်းမရှိဘူးလား။ ရှိတယ်။ ကိုယ့်မှာ သိန်းပေါင်းတစ်ထောင်ရှိတယ်ဆိုပြီးတော့ မာနကြီးမယ်ကြံရင် သိန်းနှစ်ထောင် ချမ်းသာတဲ့သူတွေ အများကြီး၊ သိန်းလေးငါးခြောက်ထောင် ချမ်းသာတဲ့သူတွေ အများကြီး။ လှမ်းကြည့်လိုက်၊ လှမ်းကြည့်လိုက်။ ကိုယ့်မှာရှိတဲ့ သိန်းတစ်ထောင်လေးနဲ့ ဘာများ မာနကြီးစရာရှိသေးလဲ။

နှိုင်းယှဉ်တယ်၊ နှိုင်းယှဉ်တယ် ဆိုတာက အကုသိုလ်စိတ်မဖြစ်အောင်သာ မနှိုင်းယှဉ်ရမှာ၊ ကုသိုလ်စိတ်ဖြစ်အောင်တော့ နှိုင်းယှဉ်ရမှာပေါ့။ ကိုယ့်သန္တာန်မှာ မာနစိတ်ဖြစ်လာတယ်ဆိုရင် မာနမဖြစ်ဖို့အတွက် ကိုယ့်ထက်သာတဲ့သူနဲ့ နှိုင်းယှဉ်ကြည့်လိုက်ပေါ့။ အဲဒါဆိုရင် ကိုယ့်မာနက အလိုလိုကျသွားတာပဲ။

ပညာကို အကြောင်းပြုပြီးတော့ မာနကြီးမယ်ကြံရင် "အို . . . ကိုယ့်ထက်တော်တဲ့သူတွေ အများကြီး၊ ကိုယ့်ထက်တတ်တဲ့သူတွေ အများကြီးရှိတာပဲ" လို့ နှလုံးသွင်းလိုက်လို့ရှိရင် မာနကြီးစရာအကြောင်း မရှိတော့ပါဘူး။

ရုပ်ချောတာကို အကြောင်းပြုပြီးတော့ မာနတက်မယ်ကြံရင် "အို. . . ကိုယ့်ထက်ရုပ်ချောတဲ့သူ၊ ကိုယ့်ထက် ရုပ်လှတဲ့သူတွေ အများကြီးပဲ" လို့ နှလုံးသွင်းလိုက်ရင် မာနကြီးစရာဘာမှမရှိတော့ပါဘူး။

မာနမဖြစ်အောင် နှလုံးသွင်းတဲ့နည်းက ဘာမှ သိပ်ပြီးတော့ ခက်ခဲလှတာ မဟုတ်ပါဘူး။ နှိုင်းယှဉ်ပြီးဖြစ်တဲ့ မာနကို နှိုင်းယှဉ်ပြီး ပယ်လိုက်ရုံပါပဲ။

မာနစိတ် ဖြစ်လာတဲ့အခါတိုင်း "ကိုယ့်ထက်သာတဲ့သူတွေ အများကြီးရှိတယ်၊ ကိုယ့်ထက်တတ်တဲ့သူတွေ အများကြီးရှိတယ်" လို့ နှလုံးသွင်းလိုက်ရင် မာနစိတ်က ကျသွားတာပါပဲ။ ဒါပေမဲ့ အဲဒီလို နှလုံးသွင်းရုံနဲ့တင် ရပ်တန့်မနေနဲ့။ အားအကိုးရဆုံးကတော့ သတိပဋ္ဌာန်နည်းနဲ့ ရှုမှတ်တာပါပဲ။ အားအကိုးရဆုံးလို့ ဆိုပေမယ့် သူ့တစ်ခုတည်းကျတော့လည်း အမြဲတမ်း နိုင်ချင်မှနိုင်မှာ။

အဲဒီတော့ ဝိပဿနာရှုမှတ်မှု အားနည်းနေသေးတယ်ဆိုရင် ရှုမှတ်မှုနဲ့လည်းပယ်၊ တစ်ဖက်ကဖြစ်နေတဲ့ မာနရဲ့အပြစ်



www.burmeseclassic.com

www.burmeseclassic.com

ကို ဆင်ခြင်ခြင်းအားဖြင့်လည်း ပယ်ရမယ်။ ယောနိသော မနသိကာရပေါ့။

## အကူမပါဝင်တဲ့ လူရောဝင်မယ် ထင်လို့လား

နောက်ပြီးတော့ ဘဝတစ်ခု အောင်မြင်လာဖို့၊ ကိုယ့်မှာ စည်းစိမ်ဥစ္စာ၊ ရာထူး၊ အာဏာ၊ ပညာ စတဲ့ အရည်အချင်းကောင်းတွေ ပြည့်စုံလာဖို့ဆိုတာ ကိုယ်တစ်ဦးတစ်ယောက်တည်းရဲ့ အင်အားနဲ့ ကိုယ်တစ်ဦးတစ်ယောက်တည်းရဲ့ စွမ်းရည်နဲ့ မဖြစ်နိုင်ပါဘူး။ တခြားပံ့ပိုးပေးနေတဲ့အရာတွေ အများကြီးရှိပါတယ်။ သက်ရှိပုဂ္ဂိုလ်တွေရဲ့ ပံ့ပိုးမှုလည်း ရှိသလို သက်မဲ့အရာဝတ္ထုတွေရဲ့ ပံ့ပိုးမှုလည်း ရှိပါတယ်။

ကိုယ့်တစ်ဦးတစ်ယောက်တည်းရဲ့ စွမ်းရည်နဲ့ ထိပ်ရောက်နေတဲ့သူ ရှိလို့လား၊ မရှိဘူး။ ကိုယ့်စွမ်းရည်ရော၊ အများပံ့ပိုးမှုရော ပေါင်းစပ်ပြီးမှ ထိပ်ရောက်နေကြတာပါ။

အနုပညာရှင်တချို့ရဲ့ အင်တာဗျူးတွေကို ဖတ်ကြည့်လိုက်ရင် "ကိုယ့်အားကိုယ်ကိုယ်ပြီး တက်လာတာပါ၊ ဘယ်သူ့အကူအညီမှ မယူပါဘူး" လို့ ဖြေကြတယ်။ သိသာထင်ရှားတဲ့ အကူအညီသာ မရှိရင်နေမယ်၊ မသိသာမထင်ရှားတဲ့ အကူအညီကတော့ ရှိကိုရှိပါတယ်။ ကူညီသူ လုံးဝမရှိဘဲနဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

မင်းသားတစ်ယောက် ရုပ်ရှင်ရိုက်တယ်ဆိုရင် ရိုက်ပေးမယ့် ဒါရိုက်တာ မရှိဘဲနဲ့ သူရိုက်လို့ရမလား။ သရုပ်ဆောင်ကောင်းအောင် သူ့ကိုယ်သူ ကြိုးစားရတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သူ့ကို ဘယ်သူမှ ခေါ်မရိုက်ရင်၊ ဘယ်သူကမှ မငှားရင် သူရိုက်ခွင့်ရမှာ မဟုတ်ပါဘူး။

ဒါရိုက်တာဟာ အဲဒီမင်းသားကို ကူညီသူပါ။ ထုတ်လုပ်သူဟာ အဲဒီမင်းသားကို ကူညီသူပါ။ ဒါရိုက်တာရဲ့အကူအညီ၊ ထုတ်လုပ်သူရဲ့ အကူအညီကို သူယူရပါတယ်။ ဘယ်သူ့အကူအညီမှ မယူဘဲ တက်လာလို့ လုံးဝမရပါဘူး။

အဆိုတော်တစ်ယောက်ကို ဘယ်သူကမှ ဆိုဖို့မငှားဘူးဆိုရင် ဆိုခွင့်ရမှာ မဟုတ်ပါဘူး။ ကိုယ်ကတော့ ဆိုတတ်ပါရဲ့။ ကိုယ့်သီချင်း နားထောင်မယ့်သူ မရှိဘူးဆိုရင်လည်း ဆိုလို့ရပါဦးမလား၊ မရဘူး။

ဒီလိုဆိုတော့ ကိုယ့်မှာ အစွမ်းအစရှိတယ်၊ အရည်အချင်းတွေ ပြည့်စုံတယ်ပဲထားဦး။ ဒီအရည်အချင်းတွေကို လက်ခုပ်တီးအားပေးမယ့်သူ ရှိဦးမှဖြစ်မှာ။ လက်ခုပ်တီး အားပေးနေတဲ့ ပုဂ္ဂိုလ်တွေသည်ပင်လျှင် ကိုယ့်ကို ကူညီအားပေးနေတဲ့ ပုဂ္ဂိုလ်တွေပါပဲ။

ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ငါ့ဆိုင် ရောင်းကောင်းလိုက်တာ။ ဈေးသည်တွေ ဝင်လာမစဲ တသဲသဲပဲ။ ကိုယ့်အားကိုယ်ကိုးပြီး တက်လာတာ။ အစက အရင်းအနှီး တစ်ပြားမှတောင် ရှိတာမဟုတ်ဘူး။ အစက အရင်းအနှီး တစ်ရာယောက်ပဲရှိတာ။ ကိုယ့်အားကိုယ်ကိုးပြီး တက်လာတာနဲ့ ပြောလေ့ရှိတယ်။

ဟုတ်ပါတယ်။ ယေဘုယျအားဖြင့်တော့ မှန်ပါတယ်။ ဒါပေမဲ့ သေသေချာချာ လေးလေးနက်နက် စဉ်းစားကြည့်ရင်တော့ ကူညီပံ့ပိုးမယ့်သူ ရှိကိုရှိတယ်။ ဆိုင်ဖွင့်တုန်းက သူများအကူအညီ မယူဘူးထားဦး။ ပထမဦးဆုံး ဈေးဦးပေါက်လာဝယ်တဲ့သူကို အားမကိုးရဘူးလား။ အားကိုးရတယ်။

တစ်ယောက်တည်း ဈေးဦးဖောက်ပေးရုံနဲ့လည်း မဖြစ်သေးဘူး။ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် လာဝယ်ရင်းနဲ့ ကိုယ့်ဆိုင်ရောင်းကောင်းပြီးတော့ စီးပွားဥစ္စာတွေ တိုးတက်လာတာ။ ဒီတော့ ထင်ထင်ရှားရှား အနေနဲ့ပြောရင် ကိုယ့်ဆိုင်လာဝယ်တဲ့ ဈေးဝယ်တွေသည်ပင်လျှင် ကိုယ့်ကို ကူညီပံ့ပိုးပေးနေတဲ့ ကျေးဇူးရှင်တွေပဲ။

ဒီတော့ ကိုယ့်ရဲ့အောင်မြင်မှုတစ်ခုကို အကြောင်းပြုပြီးတော့ ဘဝင်မြင့် မာနကြီးမယ်ကြံရင် "သြော်. . . ငါ့အစွမ်းအစ တစ်ခုတည်းနဲ့ ဖြစ်တာမှမဟုတ်ဘဲ၊ ကူညီပံ့ပိုးတဲ့သူတွေ အများကြီးရှိတယ်၊ ကူညီပံ့ပိုးပေးနေသူတွေကြောင့် အခုလို အောင်မြင်နေတာ" လို့ နှလုံးသွင်းလိုက်ပါ။ မာန မကြီးတော့ပါဘူး။

သက်ရှိအကူအညီတွေက ထင်ရှားတယ်။ သက်မဲ့အကူအညီတွေ ဆိုတာက လောကဓံပါပဲ။ လောကဓံ အထောင်းအထုတွေ ခံရတဲ့အခါကျတော့ မခံချင်စိတ်တွေ ဖြစ်၊ အဲဒီမခံချင်စိတ်ကို အရင်းအနှီးပြုပြီးတော့ ကြိုးစားတော့ အောင်မြင်ရတာပဲ။

အဲဒီ ကိုယ်ကြုံတွေ့ရတဲ့ အဆိုးလောကဓံ၊ အကောင်းလောကဓံတွေသည်ပင်လျှင် ကိုယ့်ကို ကူညီပံ့ပိုးနေတဲ့အရာတွေ ဖြစ်နေပြန်တယ်။

သူတို့က ကိုယ့်ကို နှိမ်ချတယ်ပေါ့။ ကိုယ်က မခံနိုင်ဘူး။ မခံချင်စိတ်နဲ့ ကြိုးစားတယ်၊ အောင်မြင်တယ်။ ကိုယ့်ကို နှိမ်ချတဲ့ ပုဂ္ဂိုလ်တွေသည်ပင်လျှင် ကိုယ့်ကို ကူညီပံ့ပိုးနေတဲ့ ကျေးဇူးရှင်တွေ ဖြစ်နေပြန်တယ်နော်။ ဒါကြောင့် မာနကြီးစရာ မရှိပါဘူး။

## အညာပါပါ အတွေးထူးရင်
## အရာရာတာ ကျေးဇူးရှင်

ယောဂီတို့ စွန်လွှတ်တာ တွေ့ဖူးမှာပေါ့။ ယောက်ျားလေးတွေဆိုရင် လွှတ်ဖူးကြမှာပါပဲ။ ဦးဇင်းတို့လည်း ငယ်ငယ်တုန်းက လွှတ်ဖူးပါတယ်။

စွန်လွှတ်လိုက်တဲ့အခါကျတော့ စွန်က အမြင့်ကြီးတက်သွားတယ်။ စွန်က "ငါ့အစွမ်းအစနဲ့ငါ အမြင့်ကိုတက်တာ" ဆိုပြီးတော့ မာနကြီးရင် မှားလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးမရှိဘဲနဲ့ စွန်အမြင့်တက်လို့ ရပ့ါမလား။ မရဘူး။ ကြိုးရှိရုံနဲ့လည်း မပြီးသေးဘူး။ ကြိုးကို လျှော့သင့်တဲ့အခါ လျှော့၊ တင်းသင့်တဲ့အခါ တင်းပြီး ရစ်ပေးနေတဲ့ ဘီးလည်း ရှိရမယ်။

စွန်လည်း ရှိပါပြီ၊ ကြိုးလည်း ရှိပါပြီ၊ ဘီးလည်း ရှိပါပြီ။ အဲဒီဘီးကို လက်နဲ့ကိုင်ပြီး အသုံးပြုနေတဲ့သူ မရှိဘဲလည်း မဖြစ်သေးဘူး။ ဘီးကိုင်တဲ့သူလည်း ရှိရတယ်။

စွန်လည်း ရှိပါပြီ။ ကြိုးလည်း ရှိပါပြီ။ ဘီးလည်း ရှိပါပြီ။ အဲဒီဘီးကို အချိုးတကျ ရစ်တတ်၊ လျှော့တတ်၊ တင်းတတ်တဲ့သူလည်း ရှိပါပြီ။ ဒါပေမဲ့ လေမတိုက်ဘူးဆိုရင် စွန်က အမြင့်ကို တက်ပါဦးမလား။ မတက်ဘူး။ လေကလည်း တိုက်ဦးမှ အမြင့်ကို တက်မှာ။

စွန်တစ်ခု၊ စွန်တစ်ကောင်၊ အမြင့်တက်ဖို့အတွက် စွန်သက်သက်ရဲ့ အရည်အချင်းနဲ့ လုံးဝမရပါဘူး။ ကြိုး၊ ရစ်ဘီး၊ ကျွမ်းကျင်သူ၊ လက်၊ လေ စတဲ့ အကြောင်းတရားမျိုးစုံရဲ့ ကူညီပံ့ပိုးမှု အများကြီးလိုပါတယ်။ အကြောင်းတရားမျိုးစုံ ညီညွတ်မှ စွန်တစ်ကောင် အမြင့်တက်ခွင့်ရတာပါ။

အဲဒီတော့ မိမိရဲ့ဘဝလေးက စွန်လေးလို အမြင့်တက်နေပြီဆိုရင် စဉ်းစားကြည့်လိုက်။ ကြိုးနဲ့တူတဲ့ ကူညီပံ့ပိုးသူတွေလည်း ရှိတာပဲ။ ရစ်ဘီးနဲ့တူတဲ့ ကူညီပံ့ပိုးသူတွေလည်း ရှိတာပဲ။ ရစ်ဘီးရစ်သူနဲ့ တူတဲ့ ကူညီပံ့ပိုးသူတွေလည်း ရှိတာပဲ။ လေနဲ့တူတဲ့ ကူညီပံ့ပိုးသူတွေလည်း ရှိတာပဲ။ အနည်းဆုံး ကိုယ့်ရဲ့ ဆရာသမား၊ ကိုယ့်ရဲ့ မိဘဆိုတာကတော့ ရှိကြတာချည်းပါပဲ။

ကိုယ့်မိဘတွေက ငယ်စဉ်တုန်းက တင်းသင့်တဲ့အခါ တင်း၊ လျှော့သင့်တဲ့အခါလျှော့၊ ရိုက်သင့်တဲ့အခါရိုက်၊ အလိုလိုက်သင့်တဲ့အခါ အလိုလိုက်။ အဲဒီလို အလျှော့အတင်းလေးတွေနဲ့ ပြုစုပျိုးထောင်လာခဲ့လို့ ကိုယ့်ရဲ့စိတ်ကလေးတွေ နေရာတကျဖြစ်၊ ကိုယ့်ရဲ့ အပြောအဆို အပြုအမူလေးတွေ နေရာတကျဖြစ်ပြီးတော့ ဣန္ဒြေရရ သိက္ခာရှိရှိနဲ့ ဘဝက တစ်ဆင့်ထက်တစ်ဆင့် တိုးတက်လာရတာ။ ရစ်ဘီးရစ်ပေးတဲ့သူရဲ့ ကျေးဇူးကို မမေ့လိုက်ပါနဲ့။

ဆရာသမားတွေကလည်း ဒီအတိုင်းပဲပေါ့။ ကိုယ့်ရဲ့ ဆရာသမားတွေကလည်း ခြောက်သင့်တဲ့အခါခြောက်၊ မြှောက်သင့်တဲ့အခါမြှောက်နဲ့ စွန်လွှတ်သလို လျှော့လိုက်တင်းလိုက် ပြုစုပျိုးထောင်ခဲ့ရတာ။ အလျှော့အတင်းလေးတွေနဲ့ စနစ်တကျ ပြုစုပျိုးထောင်ခဲ့လို့ တဖြည်းဖြည်းချင်း အရည်အချင်း ပြည့်ဝလာခဲ့ရတာ။ ရစ်ဘီးရစ်ပေးသူရဲ့ ကျေးဇူးကို မမေ့လိုက်ပါနဲ့။

စွန်လွှတ်တဲ့ မိဘဆရာသမား၊ ရစ်ဘီးရစ်တဲ့ မိဘဆရာသမားတွေကလည်း ရှိပါတယ်။ ကိုယ့်ရဲ့ လုံ့လဝီရိယ၊ ကိုယ့်ရဲ့အသိဉာဏ်၊ ကိုယ့်ရဲ့ကံ ဆိုတဲ့ ကြိုးလေးကလည်း ရှိနေပါတယ်။ ဒါပေမဲ့ အမြင့်ရောက်ပြီလားဆိုတော့ မရောက်သေးဘူး။ လေကလည်း တိုက်ဦးမှ။ လောကဓံ လေတွေပေ့ါနော်။

အခြံအရံရှိခြင်း မရှိခြင်း၊ လာဘ်ရခြင်း မရခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းဆိုတဲ့ အဲဒီလောကဓံလေတွေက တိုက်တိုက်ပေးလိုက်တော့မှ လောကဓံကို မခံချင်စိတ်နဲ့ ကြိုးစား၊ လောကဓံကို အန်တုရင်း ကြိုးစား၊ လောကဓံကို အရှုံးမပေးရင်း ကြိုးစားနဲ့ တဖြည်းဖြည်း အောင်မြင်လာရတာဆိုတော့ အဲဒီလောကဓံတွေကိုက အဆင့်မြင့်အောင် မြှင့်တင်ပေးနေတာပဲ။

ဒါ့ကြောင့် "ဩော်. . . ငါ့ဘဝတစ်ခု မြင့်မားလာရတာ၊ ဘဝတစ်ခု ပြည့်စုံလာရတာ သက်ရှိကျေးဇူးရှင်တွေရော၊ သက်မဲ့ကျေးဇူးရှင်တွေရော ကျေးဇူးရှင်တွေ အားလုံးရဲ့ ကူညီပံ့ပိုးမှုတွေကြောင့်ပါလား"လို့ ဒီလိုလေး နှလုံးသွင်းတတ်မယ်ဆိုရင်ကိုပဲ မာနကလည်း ကြီးစရာမရှိတော့ပါဘူး။

ကူညီပံ့ပိုးမှုဆိုတာ နေရာတိုင်းရှိရတာပဲ။ ဦးဇင်းတို့ ခေါင်းထဲပေါ်လာလို့ ပြောရမယ်ဆိုရင်တော့ အခု သကြၤန်ဆိုတော့ သကြၤန်သီချင်းတွေ နားထောင်ဖူးတယ် မဟုတ်လား။ သကြၤန်သီချင်းကောင်းကောင်းလေးတစ်ပုဒ် နာမည်ကြီးလာပြီဆိုရင် သီချင်းစာသားရေးသူက သူ့စာသားလေးကကောင်းလို့ နာမည်ကြီးတယ်ဆိုပြီးတော့ မာနကြီးတော့မယ် ဆိုပါတော့။

စာသားကောင်းရုံနဲ့ အဲဒီသီချင်းက ကောင်းပ့ါမလား၊ မကောင်းသေးဘူး။ သံစဉ်ကလည်း ကောင်းဦးမှ၊ ဆိုတဲ့သူကလည်း ကောင်းဦးမှ။ အသံကောင်းရုံလည်း မပြီးသေးဘူး။ ဆိုပုံကလည်း စနစ်ကျဦးမှ။

အဆိုကောင်းရုံနဲ့ ပြီးသလားဆိုတော့ မပြီးသေးဘူး။ တီးလုံးတီးတဲ့သူကလည်း စနစ်တကျ တီးတတ်ဦးမှ။ ရိုးရိုးတီးတတ်ရုံနဲ့ မပြီးသေးဘူး။ သကြၤန်သီချင်းဆိုတော့ ဒိုးပတ်ကလေးလည်း ပါဦးမှ၊ လင်းကွင်းကလေးကလည်း ပါဦးမှ။

သကြၤန်သီချင်းဆိုပြီးတော့ နိုင်ငံခြားကော်ပီ သီချင်းပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်သံစဉ် သီချင်းပဲဖြစ်ဖြစ် ဆိုကြတယ်ပေ့ါလေ။ ကော်ပီသံစဉ် သကြၤန်သီချင်းမှာပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်သံစဉ် သကြၤန်သီချင်းမှာပဲဖြစ်ဖြစ် တူးပို့သံလေး မပါဘူးဆိုရင်၊ တုံချမ်းသံလေး မပါဘူးဆိုရင် အဲဒီသီချင်းက သကြၤန်သီချင်းလို့ကို ပြောလို့မရဘူး။

စာသားတွေ ဘယ်လောက်ကောင်းကောင်း၊ ဆိုဟန်နဲ့ အသံတွေ ဘယ်လောက်ကောင်းကောင်း၊ တီးကွက်တွေ ဘယ်လောက်ကောင်းကောင်း၊ တူးပို့သံ တုံချမ်းသံ မပါဘူးဆိုရင်တော့ သကြၤန်သီချင်းလို့ကို မခေါ်ပါနဲ့တော့။ တူးပို့သံမပါတဲ့ သကြၤန်သီချင်း၊ ချမ်းတုံချမ်းသံ မပါတဲ့ သကြၤန်သီချင်းဆိုရင်တော့ နားထောင်ရတာလည်း ဘာမှအရသာမရှိပါဘူး။

သကြၤန်သီချင်းလေးတစ်ပုဒ် ကောင်းဖို့အတွက် တူးပို့လေးလည်း ပို့ပေးဖို့လိုသလို၊ တုံချမ်းလေးလည်း ချမ်းပေးဖို့



www.burmeseclassic.com

www.burmeseclassic.com

လိုသလို၊ မိမိရဲ့ ဘဝအဆင့်အတန်း မြင့်မားလာဖို့အတွက်၊ မိမိရဲ့ ဘဝအရည်အသွေးတွေ တောက်ပြောင်လာဖို့အတွက် တူးပို့နဲ့ ပို့ပေးတဲ့သူတွေကလည်း အများကြီးပါပဲ။ တုံချမ်းနဲ့ ချမ်းပေးတဲ့သူတွေကလည်း အများကြီးပါပဲ။ အဲဒါလေးကို မမေ့ဘူးဆိုရင် ဘယ်လိုအောင်မြင်မှုမျိုးကြောင့်မှ မာနကြီးစရာ မရှိတော့ပါဘူး။

ကဗျာလေးတစ်ပုဒ် ရှိပါတယ်။

“မင်းမပါ ဘယ်ဟာမှမပြီး၊ မင်းချည်းတော့လည်း ဘာမှမပြီး၊ သူမပါ ဘယ်ဟာမှမပြီး၊ သူချည်းတော့လည်း ဘာမှမပြီး၊ ငါမပါ ဘယ်ဟာမှမပြီး၊ ငါချည်းတော့လည်း ဘာမှမပြီး၊ မင်း - သူ - ငါ စုပေါင်းညီညာမှ၊ အရာရာအကုန်ပြီး၊ ပြကြ စုစည်း”

ကဗျာရဲ့အဓိပ္ပာယ်ကတော့ ပြောစရာကို မလိုတော့ဘူး ရှင်းနေတာပဲနော်။ မဟာဂန္ဓာရုံအနွယ်ဝင် ဆရာတော်ကြီးတစ်ပါးရဲ့ ကဗျာတစ်ပုဒ်ပါ။ အများနဲ့စုပေါင်း အလုပ်လုပ်နေရတဲ့သူတွေ အမြဲနှလုံးသွင်းသင့်တဲ့ ကဗျာပါပဲ။

ဆိုပါတော့။ ဦးဇင်းတို့ ရွှေပါရမီစာစဉ် ဖြန့်ဝေတဲ့ လုပ်ငန်းဆိုရင် အတိုင်းအတာတစ်ခုအထိ အောင်မြင်နေတယ်လို့ ပြောရမှာပေါ့။ အဲဒါကို ဦးဇင်းက “ဟာ ငါ စာရေးကောင်းလို့ အောင်မြင်တာ၊ ငါ တော်လို့ အောင်မြင်တာ” ဆိုပြီးတော့ ဘဝင်မြင့်နေရင် ရယ်စရာကြီးနော်။

ကိုယ့်ဘာသာကိုယ် စာရေးချင်သလောက် ရေး။ အပ်စပ်အောင် ဆောင်ရွက်ပေးကြတဲ့ ဝေယျာဝစ္စ ဒကာ၊ ဒကာမတွေ၊ အရင်းအနှီး မတည်လှူဒါန်းတဲ့ အလှူရှင်တွေ မရှိလည်း မဖြစ်ဘူး။ ပုံနှိပ်တိုက်သွားမယ့် ပုဂ္ဂိုလ်တွေ၊ စာပေစိစစ်ရေးရုံးသွားမယ့် ပုဂ္ဂိုလ်တွေ၊ ဖြန့်ချိမယ့် ပုဂ္ဂိုလ်တွေ၊ စာအုပ်ရောင်းပေးမယ့် ပုဂ္ဂိုလ်တွေ၊ အကြွေးနဲ့ဝယ်သွားတဲ့ ပုဂ္ဂိုလ်တွေဆီ ကြွေးသွားတောင်းမယ့် ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေ မရှိဘဲနဲ့ စာအုပ်ဖြန့်ဝေတဲ့ လုပ်ငန်းက အောင်မြင်ပါ့မလား။ မအောင်မြင်ဘူး။

ရေးတဲ့သူပဲ ရှိပြီးတော့ လှူတဲ့သူမရှိဘဲနဲ့ကော စာအုပ်ထုတ်လို့ ရပါ့မလား၊ မရဘူး။ ရေးတဲ့သူလည်းရှိတယ်၊ အလှူရှင်လည်းရှိတယ်၊ ဒါပေမဲ့ ရုံးသွားပေးမယ့်သူ၊ စာအုပ်ဖြန့်ဝေပေးမယ့်သူ၊ အကြွေးတောင်းပေးမယ့်သူ၊ စာအုပ်ရောင်းချပေးမယ့်သူတွေ မရှိဘူးဆိုရင်ကော စာအုပ်ထုတ်လို့ ရပါ့မလား၊ မရဘူး။

ရေးတဲ့သူကလည်း ရေး၊ လှူတဲ့သူကလည်း လှူ၊ စာစီတဲ့သူကလည်း စီ၊ ရုံးသွားတဲ့သူကလည်း သွား၊ ပုံနှိပ်တဲ့သူကလည်း နှိပ်၊ စာအုပ်ချုပ်တဲ့သူကလည်း ချုပ်၊ ဆိုင်တွေ လိုက်ဖြန့်တဲ့သူလည်း ဖြန့်၊ စာရင်းကိုင်တဲ့သူကလည်း ကိုင်၊ ငွေထိန်းတဲ့သူကလည်း ထိန်း၊ ရောင်းပေးတဲ့စာအုပ်ဆိုင်တွေကလည်း ရောင်းပေးနဲ့ တက်ညီလက်ညီ ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ စုပေါင်းကြိုးစားကြလို့သာ ရွှေပါရမီ တရားစာအုပ် ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းကြီး၊ ရွှေပါရမီ ဓမ္မစာပေ သာသနာပြုလုပ်ငန်းကြီး အခုလို အတိုင်းအတာ တစ်ခုအထိ အောင်မြင်နေရတာပါ။ တခြားလူတွေရဲ့ အမြင်နဲ့ ပြောရမယ်ဆိုရင်တော့ အကြီးအကျယ် အောင်မြင်နေရတာပေါ့လေ။

လုပ်ငန်းတစ်ခု အောင်မြင်ဖို့အတွက် အားလုံး ညီညီညာညာနဲ့ စုပေါင်းပြီးတော့လုပ်ကြရတာပါ။ ဒါကြောင့် အများစုပေါင်းပြီး လုပ်မှ အောင်မြင်နိုင်တဲ့လုပ်ငန်းကို အကြောင်းပြုပြီးတော့ မာနမဖြစ်သင့်ပါဘူး။ ဒါကြောင့် ဆိုလိုက်ပါ။

မြင့်သူကြားမှာ၊ နိမ့်မှသာ၊ မြင့်ရာရောက်နိုင်သည်။

## မာရင်တော့ နုသွားမှာပါပဲ

မြင့်သူတွေရဲ့ကြားမှာ နိမ့်တဲ့အတွက် ကိုယ့်ဘဝ နိမ့်သွားလိမ့်မယ် မထင်ပါနဲ့။ မြင့်သူတွေရဲ့ကြားမှ နိမ့်လိုက်မှ ကိုယ့်ဘဝ မြင့်နိုင်တာပါ။

စကားလုံးတွေက ဆန့်ကျင်ဘက်တွေချည်း လုပ်ထားတာ။ ဂါထာမှာ နှစ်ခုတည်းပါတာ။ မြင့်သူတွေရဲ့ကြားမှာ နိမ့်ပါ။ ကိုယ်က လုပ်လိုက်တော့ သုံးခုတောင် ဖြစ်သွားတာနော်။ ဒါက အကျိုးဆက်အနေနဲ့ ပြောတာပါ။ မြင့်သူတွေရဲ့ကြားမှာ နိမ့်လိုက်လို့ နိမ့်မသွားပါဘူး။ မြင့်လာပါလိမ့်မယ်။

မြင့်သူကြားမှာ၊ နိမ့်မှသာ၊ မြင့်ရာရောက်နိုင်သည်။

မာနတွေကြီးပြီးတော့ ဘဝင်မြင့်နေတဲ့သူတွေကြားမှာ မာနကို နှိမ့်ချပြီးတော့ ဘဝင်နိမ့်မယ်ဆိုရင် အဆင့်အတန်းမြင့်တဲ့ဘဝကို ရောက်နိုင်ပါတယ်။

လူတိုင်း သိကြပါတယ်။ မာနကြီးရင် သံသရာအကျိုးပေးအနေနဲ့ ဘာဖြစ်တတ်သတဲ့တုံး။ မာနကြီးတဲ့ပုဂ္ဂိုလ်တွေ အမျိုးယုတ်တတ်တယ်တဲ့။ အမျိုးညံ့တတ်တယ်။ ဖြစ်လေရာဘဝမှာ ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်တတ်တယ်။

အကြီးဆုံးအကျိုးကတော့ အပါယ်လေးပါးပေါ့လေ။ ဟိုလိုကြီး အကုသိုလ်တွေနဲ့မှ အပါယ်လေးပါး ရောက်တာမဟုတ်ဘူးနော်။ မာနကြီးရင်လည်း အဲဒီမာနကြောင့်ကို အပါယ်လေးပါးကို ရောက်မှာပဲ။ အပါယ်လေးပါးကလွတ်ပြီး လူပြန်ဖြစ်ပြီဆိုရင်လည်း အမျိုးညံ့မှာ ဖြစ်တတ်တယ်။ နိမ့်ကျတဲ့အမျိုးမှာ ဖြစ်တတ်တယ်။

ကိုယ့်ရဲ့အထင်နဲ့ကတော့ တခြားစီဖြစ်သွားတယ်။ ငါအမျိုးမြတ်တယ်၊ ငါအမျိုးမြင့်တယ်ဆိုပြီး လက်မထောင်ပြီးတော့ ဘဝင်မြင့်လိုက်တယ်။ အဲဒါ အကျိုးပေးတော့ ကိုယ်မလိုချင်တဲ့၊ ကိုယ်နှိမ့်ချပြောထားတဲ့ အမျိုးယုတ် အမျိုးညံ့မှာပဲ သွားပြီးတော့ ဖြစ်ရပါတယ်။

မြင့်တဲ့အတွက် နိမ့်သွားတာပါ။ ဘဝင်မြင့်တဲ့အတွက် ဘဝနိမ့်သွားတာပါ။ မြင့်ရင် မမြင့်ပါဘူး၊ နိမ့်ပါတယ်။ ဆိုလိုတာကတော့ ဘဝင်မြင့်ရင် ဘဝမမြင့်ဘူး၊ ဘဝနိမ့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆန့်ကျင်ဘက်အနေနဲ့ မာနမကြီးဘူး ဘဝင်မမြင့်ဘူး ဆိုရင် ဖြစ်လေရာဘဝ အမျိုးမြတ်ပါတယ်။ အမျိုးမြင့်ပါတယ်။ နိမ့်တဲ့အတွက် မြင့်သွားတာပါ။ ဘဝင်နိမ့်တဲ့အတွက် ဘဝမြင့်သွားတာပါ။ နိမ့်ရင် မနိမ့်ပါဘူး။ မြင့်ပါတယ်။ ဆိုလိုတာက တော့ ဘဝင်နိမ့်ရင် ဘဝမနိမ့်ပါဘူး။ ဘဝမြင့်ပါတယ်။

ဒီမာနအကြောင်းချည်းပဲ တစ်ရက်ဟောဖို့တောင် ကောင်းတာနော်။ ဂါထာတစ်ပုဒ်ထဲမှာ စကားရပ်က လေးခု ရှိတော့ စကားရပ်တစ်ခုကို တစ်ရက်နှုန်းနဲ့ လေးရက် အခန်းဆက်ဟောဖို့ ကောင်းပါတယ်။ ဒါပေမဲ့ တရားသိပ်ရှည်ပြီး ငြီးငွေ့သွားမှာစိုးလို့ နှစ်ရက်နဲ့ပဲ ပြီးအောင်ဟောပါမယ်နော်။ စီခြောက်ဆယ် နှစ်ခွေစာပေါ့။

ဦးဇင်းတို့ မြတ်စွာဘုရား လက်ထက်တုန်းက ပုဏ္ဏိကာ ထေရီဆိုတာ ရှိပါတယ်။ သူက လူ့ဘဝတုန်းက အနာထပိဏ် သူဌေးကြီးရဲ့အိမ်မှာ ရေခပ်ကျွန်မရဲ့ဝမ်းမှာ ဝင်စားပြီးတော့ ကျွန်မ ဖြစ်နေပါတယ်။ ဘာကြောင့် သူက ဒီလို ကျွန်မ ဖြစ်ရသလဲဆိုရင် သူဟာ ရှေးဘုရားခြောက်ဆူရဲ့ လက်ထက်မှာ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်တဲ့ တိပိဋကမရ ဘိက္ခုနီမ ဖြစ်ခဲ့ဖူးပါတယ်။ ခြောက်ဘဝလုံးနော်။ တရားဟောကလည်း အင်မတန် ကောင်းတယ်။ ဗဟုသုတကလည်း အင်မတန် ပြည့်စုံတယ်။

ပညာဗဟုသုတ ပြည့်စုံတာ၊ ပိဋကတ်သုံးပုံကို အာဂုံ ဆောင်နိုင်တာ၊ တရားဟောကောင်းတာကို အကြောင်းပြုပြီး တော့ မာနတွေ ကြီးနေတယ်။ ခြောက်ဘဝလုံး မာနတွေ ကြီးခဲ့တယ်။ ဘဝင်တွေ မြင့်ခဲ့တယ်။

မာနတွေကြီး၊ ဘဝင်တွေမြင့်ပြီးတော့ ဘုန်းကြီးလည်း ဘုန်းကြီးမထင်၊ ဘိက္ခုနီမလည်း ဘိက္ခုနီမ မထင် ဖြစ်ခဲ့တယ်။ ဟိုလူလည်း လူမထင်၊ ဒီလူလည်း လူမထင်နဲ့ မာနတွေ ကြီးပြီးတော့ ဘဝင်တွေ မြင့်ခဲ့တယ်။

ပိဋကတ်သုံးပုံ အာဂုံဆောင်ပြီး သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ဖြည့်ကျင့်ပေမယ့်၊ ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစား အားထုတ်ပေမယ့် မာနတွေကြီးနေတဲ့ အတွက်ကြောင့် ကိလေသာတွေကို အပြီးသတ် ပယ်သတ်ဖို့ မစွမ်းနိုင်ခဲ့ပါဘူး။ တရားထူး တရားမြတ် လုံးဝ မရခဲ့ပါဘူး။

သိပ်ကို သံဝေဂရစရာ ကောင်းပါတယ်။ ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်၊ ပရိယတ္တိတွေလည်း ပြည့်စုံ၊ ပဋိပတ္တိတွေ လည်း ပြည့်စုံ၊ သူများကိုလည်း ကျွတ်တမ်းဝင်အောင် ဟော နိုင်ပြောနိုင်ပါလျက်နဲ့ ကိုယ်ကိုယ်တိုင်ကျတော့ မာနတွေခံနေ တဲ့အတွက်ကြောင့် တရားထူး တရားမြတ် မရခဲ့ဘူးတဲ့။

မာန ဓာတုကတ္တာ ပန ကိလေသေ သမုစ္ဆိန္ဒိတုံ နာသက္ခိ။

ပုဏ္ဏိကာထေရီမအလောင်း ပရိယတ်၊ ပဋိပတ် ပြည့်စုံ ပါလျက် တရားထူးမရခြင်းရဲ့ အကြောင်းကို သေချာမှတ်နော်။

ဘာဖြစ်လို့လဲ။ မာနကြီးလို့ ဘဝင်မြင့်လို့။ စာဘယ်လောက် တတ်တတ်၊ တရားဘယ်လောက် အားထုတ် အားထုတ် မာန ကြီးနေရင်၊ မာနခံနေရင်၊ ဘဝင်မြင့်နေရင်၊ ဘဝင်ခံနေရင် ဘယ်တော့မှ တရားထူး တရားမြတ် မရပါဘူး။

သက်တော်ထင်ရှားဘုရားခြောက်ဆူနဲ့ ခြောက်ကြိမ် တိုင်တိုင် ဆုံရတာတောင် မာနခံနေလို့ တရားမရဘူးဆိုမှ တော့ သက်တော်ထင်ရှားဘုရားနဲ့ မဆုံရတဲ့ အခုလိုအချိန် မျိုးမှာဆို ပြောမနေနဲ့တော့ပေါ့။ မာနတွေ မာနတွေ သိပ် ကြောက်စရာ ကောင်းတယ်နော်။

ကိုယ့်ဘာသာကိုယ် မာနကြီးတာ ဘာဖြစ်လဲလို့ ခါး မထောက်ပါနဲ့။ ဘာမှ မဖြစ်ပါဘူး၊ တရားထူး မရရုံ၊ အပါယ် ငရဲကျရုံနဲ့ အမျိုးညံ့ရုံ (အမျိုးယုတ်ရုံ) လေးပါပဲ။ သိပ်မဆိုးပါ ဘူးနော်။

ဘုရားခြောက်ဆူလုံး လက်ထက်မှာ ပရိယတ်၊ ပဋိ ပတ် ပြည့်စုံခဲ့ပေမယ့် ဦးဇင်းတို့ ဂေါတမဘုရားရှင် လက်ထက် ကျမှ ရဟန္တာဖြစ်ရပါတယ်။ ရဟန္တာဖြစ်တော့လည်းပဲ အမျိုး မြတ်တဲ့ ဘဝကမနေ ဘိက္ခုနီမ ဝတ်ပြီးတော့ ရဟန္တာဖြစ်ရတာ လားဆိုတော့ မဟုတ်ဘူး။ ကျွန်မဘဝကနေ ဘိက္ခုနီမ ဝတ် ပြီးတော့ ရဟန္တာဖြစ်ရတယ်။

အဲဒီ ကျွန်မ ဖြစ်ရတာ ဘာကြောင့်လဲဆိုတော့ မာန ကြီးခဲ့လို့ပါပဲ။ တရားထူး မရတာလည်း မာနကြီးလို့၊ ကျွန်မ ဖြစ်ရတာလည်း မာနကြီးလို့။ ဒါကြောင့် မာနကတော့ ကြီး ကိုမကြီးသင့်ပါဘူး ယောဂီတို့ရယ်။ "မာန်မာန မထားသင့်ပါ တယ်" ဆိုတဲ့ သီချင်းစာသားလေးကို တရားသဘောလေးနဲ့ အမြဲနှလုံးသွင်းကြပေါ့နော်။

## အပေါက်ပွင့်လို့ အဆင်သင့်တာကို အမောက်စွင့်ပြီး ဘဝင်မမြင့်ပါနဲ့

ကိုယ့်ရဲ့ ပြည့်စုံမှုတွေကို မတည်မြဲဘူးလို့ နှလုံးသွင်း လိုက်ရင်လည်း မာနကတော့ ကျသွားမှာပဲ။ ဥပမာလေးတစ်ခု ကြည့်ရအောင်။ ဦးဇင်းတို့ တခြားတရားတော်တွေမှာတော့ တခြားအကြောင်းအရာအတွက် ဥပမာပေးထားတာပေါ့။ မာနအတွက် ဥပမာယူမယ် ဆိုရင်လည်း ရတာပဲ။

(ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက



www.burmeseclassic.com

www.burmeseclassic.com



# တောင်ပွားဆရာတော်၏ အကျဉ်းမြတ်နှင့် အလင်းဓာတ်

ကျော်ဇေယျဟိန်း (နံ့သာ)

တောင်ပွားဆရာတော်သည် မြိတ်မြို့ ဇေယျဝတီတိုက်၊ ဦးသီလကျောင်းတိုက်တွင် မူလပထမ တိုက်အုပ်အဖြစ် ဆောင်ရွက်တော်မူ၏။

ဦးသီလလက်ထက်က တိုက်အုပ် တောင်ပွားဆရာတော်ဟု လူသိများ၏။ ထားဝယ်မြို့ ကူးတို့တောရဂိုဏ်းကြီး၏ နာယကတစ်ပါးအပါအဝင် ဖြစ်တော်မူသော ဇေယျဝတီကျောင်းတိုက် တိုက်အုပ် တောင်ပွားဆရာတော်သည် သက္ကရာဇ် ၁၂၄၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်၊ စနေနေ့တွင် ထားဝယ်မြို့ ကရပ်ပြင်ရပ်၌ မွေးဖွားခဲ့သည်။ ခမည်းတော် မယ်တော်တို့၏ အမည်မှာ ဦးရွှေလူနှင့် ဒေါ်သွန်းတို့ ဖြစ်ကြသည်။

သူတို့သည် လယ်ယာကိုင်းကျွန်းအလုပ်ဖြင့် အသက်မွေးကြသည်။ တစ်မိဝမ်းတွင်း သားသမီးခုနစ်ယောက်အနက် ဆရာတော်သည် ဒုတိယမြောက် သားရတနာ ဖြစ်လေသည်။

ဆရာတော်၏ ငယ်နာမည်မှာ မောင်ဘိုးအောင်ဖြစ်သည်။ ရုပ်အဆင်းသန့်ရှင်းဖြူစင်၍ ဥပဓိကောင်းသူဖြစ်သည်။

အသက်(၁၀)နှစ် အရွယ်တွင် ကရပ်ပြင်ရပ် အစိုးရမူလတန်းကျောင်း၌ မိဘတို့က အပ်နှံခဲ့သည်။

ထိုကျောင်း၌ စတုတ္ထတန်းကို အောင်မြင်ပြီးနောက် ကျောင်းမှ ထွက်ခဲ့သည်။

**သာသနာ့အမွေခံယူ**

ထားဝယ်မြို့ အရှေ့ဘက်(၃)မိုင်ခန့်ဝေးသော ပေါက်တိုင်းရွာ တောင်ပွားကျောင်းဆရာတော် ဦးဂုဏထံတွင် အပ်နှံခဲ့ပါသည်။ သာသနာ့အမွေခံယူရန် ရှင်သာမဏေကျင့်ဝတ်စာပေများကို သင်ယူပြီး ထိုနှစ်မှာပင် မိဘနှစ်ပါးတို့က ပစ္စည်းလေးပါး ဒါယကာခံ၍ မောင်ဘိုးအောင်ကို ဖန်ဝါနီမြန်း ဝတ်သက်န်းဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်တေဇိန္ဒ ဖြစ်သည်။ ကျောက်ထီးတန္တု အလေးပြုအပ်သော ဥပဇ္ဈာယ်ဆရာဦးဂုဏထံ၌ပင် (၄)နှစ်တိုင်တိုင် လောကုတ္တရာ အခြေခံပညာရပ်များကို သင်ယူခဲ့သည်။ သက္ကရာဇ် ၁၂၇၃ ခုနှစ်၊ နယုန်လဆန်း(၁၂)ရက်နေ့တွင် မိဘနှစ်ပါးတို့က ပစ္စည်းလေးပါး ဒါယကာပြု၍ ထားဝယ်မြို့ ကညံရပ် မြေတိုက်ကျောင်း ခဏ္ဍသိမ်၌ ဇလွန်အရှေ့ကျောင်းဆရာတော် ဦးဝဏ္ဏကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ရဟန်းဘွဲ့အမည်မှာ ဦးတေဇိန္ဒ ဖြစ်သည်။

**ကျမ်းစာမှာ ပါဠိတော်အဋ္ဌကထာ သင်ရိုးပေါက်ပါသည်**

ပိဋကတ်တိုက် ဆရာတော် ဦးကုန္ဒဝံသ တိုက်တွန်းနှိုးဆော်ချက်အရ ဦးတေဇိန္ဒသည် ရဟန်းတစ်ဝါ၌ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဆရာတော်ဦးသီလထံတွင် ပညာသင်ယူရန် ကြွရောက် သီတင်းသုံးခဲ့သည်။ ဆရာတော် ဦးသီလထံ၌ နိကာယ်ငါးရပ်ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ သင်ရိုးပေါက်ခဲ့သည်။

ဦးတေဇိန္ဒသည် တောင်ပွားကျောင်း၌ နေခဲ့သည်ကို အစွဲပြု၍ တောင်ပွားဦးပဉ္စင်း ဟုခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နောင်အခါ၌ တောင်ပွားဆရာတော်ဟု အမည်တွင်လေသည်။ ၁၂၈၁ ခုနှစ်၊ ရှစ်ဝါအရတွင် သင်ရိုးပေါက်ပြီးနောက် ဗုဒ္ဓတက္ကသိုလ်ဖြစ်သော မန္တလေးမြို့သို့ ဒေသန္တရ၊ ဂန္ထန္တရများကို ဆည်းပူးသင်ယူရန် ကြွခဲ့သည်။

အနောက်ပြင် မေဃဝတီ တောင်သမန်ကျောင်းတိုက်ဆရာတော် ဦးသီးဟု ကျော်ကြားသော ဦးသုမင်္ဂလ ထံတော်တွင် ပိဋကတ်လာ ခက်ဆစ် အဓိပ္ပာယ် အဆုံးအဖြတ်များကို တစ်နှစ်မျှ သင်ယူပြီး ထားဝယ်မြို့သို့ တစ်ဖန်ပြန်ကြွခဲ့သည်၊ ကမ္မဋ္ဌာန်းတရားကို ဦးသီလထံမှ သင်ယူပါသည်။ ကျမ်းတတ်၍ ဝိပဿနာမကျင့်လျှင် သူကန်းမျှသာဖြစ်၏။ ဆို၏။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် တောင်ပွားဆရာတော်သည် ကျမ်းဂန်သာတတ်၍ ဝိပဿနာအကျင့် မပါလျှင် သူကန်းသာ ဖြစ်သေးသည်။ မိမိ၏ဘဝမှ လွတ်မြောက်ရေး မဂ်ဖိုလ်ရရှိရေးအတွက် ရဟန်းပြုခဲ့ပုံကို နှလုံးသွင်း၍ ဇေယျဝတီဆရာတော် ဦးသီလထံတွင် ကမ္မဋ္ဌာန်းသင်ယူပြီး ဆရာတော်ဦးသီလတည်ထောင်ထားသော ထားဝယ်မြို့မှ အနောက်ဘက် (၄)မိုင်ခန့်ဝေးသော မင်းရပ် ကမ္မဋ္ဌာန်းကျောင်းသို့ တရားအားထုတ်ရန် ကြွခဲ့ပါသည်။ ထိုချောင်တွင် ဝိပဿနာတရားကို အားထုတ်ခြင်း၊ ပတ်ဝန်းကျင်မြို့နယ်များမှ ယောဂီများအား တရားအလုပ်ပေးခြင်း၊ တရားစစ်ခြင်း၊ တရားဟောခြင်းတို့ဖြင့် မိမိ၊ သူတစ်ပါး အကျိုးများကိုလည်း ကျင့်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် ထားဝယ်မြို့ကို ဂျပန်တို့က ဗုံးကြဲတိုက်ခိုက်လာသောအခါ ဇေယျဝတီကျောင်းတိုက်မှ ဆရာတော် ဦးသီလသည် စာသင်သား သံဃာတော်များနှင့်တကွ ဗုံးဒဏ်မှရှောင်လွှဲလို၍ လောင်းလုံမြို့ အောင်သပြေကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့သည်။ ဂါမဓါသီ ကျောင်းဆိုသောဝက်ကို မိမိကိုယ်ပိုင် အလုပ်ချိန်နည်းသဖြင့် ငြီးငွေ့လာသည့် တောင်ပွားဆရာတော်သည် ကျော့ကွင်းမိသော သားကောင်ပမာ လွတ်ရက်ကို စောင့်မျှော်နေတုန်းမှာ ဆရာတော် ဦးသီလရောက်လာသည့်အတွက် ဝမ်းမြောက်ခဲ့သည်။

မိမိ ရသော အခွင့်အရေးကို လက်မလွှတ်စေသင့်ဟု သဘောပိုက်၍ မိမိပိုင်သော အောင်သပြေကျောင်းကို ဂရုဘဏ် လဟုဘဏ်နှင့်တကွ ဆရာတော်ဦးသီလအား လှူဒါန်းခဲ့သည်။ ဒါယကာတို့က မိမိအား လှူဒါန်းခဲ့သမျှ ပစ္စည်းလေးပါး ဒါနကုသိုလ်အစုစုတို့ကိုလည်း ရေစက်ချ အမှျဝေစေ၍ တရားဓမ္မဖြင့် နှစ်သိမ့်စေခဲ့ပြီး မိမိ၏ မဂ်ဖိုလ် နိဗ္ဗာန် ခရီးအတွက် အောင်သပြေကျောင်းမှ မင်းရပ်ချောင်သို့ တစ်ဖန် ပြန်ကြွခဲ့သည်။

## ဓူတင်များ ဆောင်တော်မူ

မင်းရပ်ချောင်တွင် ဝိပဿနာတရားများကို ပြင်းပြင်းထန်ထန် အားထုတ်နေစဉ်အတွင်း ပိဏ္ဍပါတ်ဓူတင်၊ ဧကာသနိက်ဓုတင်၊ ပတ္တပိဏ်ဓူတင်၊ တိစီဝရိတ်ဓူတင်များကို အမြဲကျင့်သုံးခဲ့သည်။

## ကူးတို့တောရဂိုဏ်းကြီးတွင် နာယက ဆရာတော်ဖြစ်

မြန်မာသက္ကရာဇ် ၁၃၁၇ ခုနှစ်၊ မိမိ၏ ဓမ္မာစရိယ ဖြစ်တော်မူသော ဇေယျဝတီဆရာတော်ဦးသီလ မကျန်းမမာဖြစ်လာခဲ့သည်။ လုပ်ကျွေးမွေးရန်အတွက် မင်းရပ်ချောင်မှ ဇေယျဝတီကျောင်းတိုက်သို့ ကြွခဲ့သည်။ ထိုနှစ်မှာပင် ဇေယျဝတီကျောင်းတိုက်၌ ကူးတို့တောရဂိုဏ်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးတွင် တောင်ပွားဆရာတော်သည် ကူးတို့တောရဂိုဏ်းကြီး၏ နာယကဆရာတော်အဖြစ် တင်မြှောက်ခြင်း ခံရသည်။ ဇေယျဝတီ ပဋိပတ္တိရိပ်သာနှင့် မင်းရပ်ချောင် (၂)ဌာနတွင် နှစ်ပေါင်း (၃၆)နှစ် ကာလပတ်လုံး ပဋိပတ်တာဝန်ကို ထမ်းဆောင်ခဲ့သဖြင့် ဝိပဿနာအရာတွင် ပါရဂူမြောက် ပုဂ္ဂိုလ်တစ်ပါး ဖြစ်ခဲ့ပေသည်။

## ဆရာတော်ကို ဝိပဿနာ နည်းပြ ဆရာတော်အဖြစ် တင်မြှောက်

သက္ကရာဇ် ၁၃၅၇ ခုနှစ်၊ နယုန်လဆန်း(၆)ရက်နေ့ ဇေယျဝတီဓမ္မာရုံ၌ ကျောင်းတိုက် ဒကာ၊ ဒကာမများ အစည်းအဝေးတွင် တောင်ပွားဆရာတော် ဦးတေဇိန္ဒအား ဇေယျဝတီတိုက်အုပ်ဆရာတော်နှင့် ဝိပဿနာနည်းပြ ဆရာတော်အဖြစ် တင်မြှောက်တော်မူ၍ အသိအမှတ်ပြုလေသည်။ တိုက်အုပ်တောင်ပွားဆရာတော်သည် တရားအားထုတ်ရန် ရောက်လာကြကုန်သော ရဟန်းရှင်လူ ယောဂီပုဂ္ဂိုလ်များကိုလည်း ဆရာတော်ကြီးပေးတော်မူသော နည်းအတိုင်း ပေးတော်မူ၍ အားထုတ်ခိုင်းလေသည်။

တရားမြင်လာကြသော ယောဂီပုဂ္ဂိုလ်များလည်း ကျမ်းဂန်အရ မေးမြန်းစိစစ်၍ စာတွေ့ ကိုယ်တွေ့ တရားများဟောပြောလေသည်။ အဆင့်အတန်းကို ဆုံးမလေ့မရှိမူ၍ ရှေ့ကိုသာ ဆက်လက်ပြီး အားထုတ်ခိုင်းလေသည်။

တိုက်အုပ်တောင်ပွားဆရာတော်သည် သုမင်္ဂလာ၊ ဒုမင်္ဂလာ၊ အလှူအတန်းများ၌ ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာနှင့် ဆက်သောတရားများကို အသိအလိမ္မာနှင့် ကျင့်ကြံအားထုတ်စေခြင်းငှာ စေတနာ၊ သဒ္ဓါတရားဖြင့် ဟောပြောသောအခါ၌ များသောအားဖြင့် တရားဟောချိန်ကာလမှာ လိုသည်ထက် ပိုသည်က များလေသည်။

အဘယ်ကြောင့်ဆိုသော် ကိုယ်ချင်းစာပြီး ဒကာ၊ ဒကာမများအား ဒါနပြုသည်ဖြစ်စေ၊ သီလဆောက်တည်သည်ဖြစ်စေ၊ ဘာဝနာပွားများသည်ဖြစ်စေ အမှတ်တမဲ့ မဖြစ်စေလို၍ (ဝါ)



www.burmeseclassic.com

www.burmeseclassic.com

ငွေကုန်သံပြာလူပင်ပန်းစေပြီး ဘာကိုရည်မှန်းအာရုံပြုရမည်ဟု မဖြစ်စေလို၍ ဘုရားဟောကျမ်းဂန်လာရှိသည့်အတိုင်း သေသေချာချာ သဘောပေါက်အောင် ဉာဏ်ယှဉ်စေပြီး ဟောပြောလေ့ရှိတော်မူသည်။

**တောင်ပွားဆရာတော်၏ ထူးခြားမှုများ**

တောင်ပွားဆရာတော် တရားဟောရာတွင် ရေသောက်ခြင်း၊ ချောင်းဟန့်ခြင်း၊ ဟိုရွှေ့ ဒီရွှေ့မပြုမူ၍ ကရားမှ ရေသွန်သလို မပြတ်ဘဲ ဟောပြောလေ့ရှိတော်မူသည်။ ဆရာတော်သည် ဆေးကွမ်းများကို အချင်းခပ်သိမ်း စားသောက်လေ့ မရှိသည့်အပြင် မြို့တွင်းရွာတွင်းသို့ သွားလာသောအခါ၌ ဖိနပ်ကိုလည်း စီးလေ့မရှိပါ။ ထို့ပြင် မြင်းရထားနှင့် နွားလှည်းများကိုလည်း စီးလေ့မရှိပါ။

တောင်ပွား ဆရာတော်နှင့် တရားကျင့်ဖက်မှာ မြိတ်မြို့ဦးနန္ဒိယသည် ဈာန်အဘိညာဉ် ရတော်မူ၏။ တောင်ပွားဆရာတော်ကတရားအလင်းမာတ် ရတော်မူ၏။ ထိုအကြောင်းကို ဇေယျဝတီ မြို့မဆရာတော် ဦးသီလကိုယ်တိုင် ဖော်ထုတ်ခဲ့၏။ ဇေယျဝတီဆရာတော်ဘုရားကြီးကလည်း တပည့်တောင်ပွားဆရာတော်ကို "တောင်ပွားဦးပဥ္စင်းသည် အချို့နေရာတွင် ကျုပ်ထက်တောင် သာပါသေးတယ်" ဟု ချီးမွမ်းခံရလေသည်။ သာပါသေးတယ်ဟူသော စကားသည် တရားအကျင့်ကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။

**ဆရာတော်ပျံလွန်တော်မူ**

မြန်မာသက္ကရာဇ် ၁၃၂၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၅ ရက်နေ့တွင် ဥပုသ်နေ့ဖြစ်၍ ပရိသတ်များကို နံနက်ပိုင်း တရားဟောပြီး နေ့ဆွမ်းဘုဉ်းပေးတော်မူသည်။ ထို့နောက် သီတင်းသုံးတော်မူရာ စံကျောင်း၌ တစ်ပါးတည်း ကိန်းအောင်းနေစဉ် ညနေ ၄ နာရီကျော်အချိန်၊ သက်တော် (၈၂)နှစ်၊ သိက္ခာ (၅၅)ဝါအရတွင် ဒုက္ခဝေဒနာမခံစားရဘဲ ရဟန်းရှင်လူ မည်သူတစ်ယောက်မျှ မသိလိုက်ရဘဲ ဘဝနတ်ထံမြန်းကြွတော်မူလေသည်။

ကြွင်းကျန်သော ဆရာတော်၏ ရုပ်ကလာပ်တော်ကို ကျောင်းတိုက်စည်းမျဉ်းဥပဒေအတိုင်း မနှေးမမြန် ဝါခေါင်လဆန်း(၃)ရက်နေ့တွင် ဇေယျဝတီ ကျောင်းတိုက်အတွင်း၌ အန္တိမအဂ္ဂိဈာပန ပူဇော်လေတော့သည်။

**ကိုးကား**

မောင်ပန်းမွှေးပြုစုသည့် မြန်မာနိုင်ငံရဟန္တာနှင့် ရဟန်းထူးများ(ဒုတိယတွဲ) သတ္တဝါမှန်သမျှ ဘေးမခ အေးမြရွှင်လန်းပါစေ။

❒ ကျော်စေထိန်း(နံ့သာ)




ဥုံ အရဟံ မေတ္တာ လာဘံ

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနှစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ။ ထိရောက်သောယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။


**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➸ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➸ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➸ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➸ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။
မှတ်ချက် ➸ ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။ ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com




# ကုသိုလ်ပြုကောင်းမှု
# နိဗ္ဗာန်ဆုခန်း ပြည့်စုံကြပါစေ

ရေကျော်စိုးအောင်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟူသမျှ သေကြရမည်ကို သိသည်နှင့် ကြောက်ရွံ့တတ်ကြသည်။ မှန်သည်။ မိမိသေမည်ကို သိသူသည် အဘယ်မှာ မကြောက်ရှိပါအံ့နည်း။ ရှင်သေမင်းသည် အချိန်အခါမရွေး မိမိတို့ထံ ရောက်လာနိုင်သည်ဖြစ်၏ဟု ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားထားခဲ့လေသည်။

လူသာမက်တို့ မဆိုထားဘိ နတ်သားများပင် သေရမည်ကို ကြောက်တတ်ကြ၏။ နတ်တို့ စုတေခါနီးတွင် ပန်ဆင်အပ်သော ပန်းများ ညှိုးနွမ်းလာခြင်း၊ အဝတ်တန်ဆာများ ညစ်နွမ်းလာခြင်း၊ လက်ကတီးကြားမှ ချွေးများ ထွက်လာခြင်း စသည့် အိုမင်းခြင်း ဆိုတဲ့ ပုဗ္ဗနိမိတ်တွေ ထင်လာသည့်အခါ. . .

"ငါတော့ နတ်ဘဝက စုတေရတော့မည်" ဟူ၍ မျှော်တွေးပြီး အကြီးအကျယ် စိုးရိမ် ပူဆွေးကြကြောင်း သုဗြဟ္မာနတ်သား၏ ဝတ္ထုက ထင်ရှား သက်သေပြုလျက်ရှိချေပြီ ဖြစ်သည်။

အချို့သောနတ်များသည် နတ်စည်းစိမ်ခံစား ပျော်မွေ့ရင်းပင် အမှတ်မဲ့ စုတိစိတ်ကျပြီး သေသွားရတတ်ခြင်းလည်းရှိ၏။ နတ်ပြည်မှာ စုတိစိတ်ကျသေခြင်းက ဖယောင်းတိုင် မီးတောက်ကလေးများ ငြိမ်းသွားသည့်ပမာ သေဆုံးကြရသည်ဟု သုဗြဟ္မနတ်သားဝတ္ထုက ဖော်ညွှန်းထားကြောင်း မှတ်သားရမိပါသည်။

သုဗြဟ္မအမည်ရ နတ်သားကြီးသည် အခြွေအရံ နတ်သမီးပေါင်း တစ်ထောင်နှင့်အတူ နန္ဒဝန်ဥယျာဉ်အတွင်း ပျော်ပွဲခံနေစဉ်မှာပင် နတ်သမီးငါးရာက ပန်းပင်ပေါ် တက်ပြီး တေးသီချင်းဆိုရင်း ပန်းတွေခြွေချနေခိုက်မှာပင် ဥပစ္ဆေဒကကံကြောင့် ရုတ်တရက် စုတေပြီး ငရဲရောက်ရှိသွားခဲ့ကြသည်။ သီချင်းဆိုသံ တိတ်ဆိတ်သွားလို့ ဘယ်ရောက်သွားကြပါလိမ့်ဟု ဆင်ခြင်ကြည့်သည်တွင် ငရဲမှာ ဒုက္ခခံနေသည်ကိုတွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

မိမိအတွက် ဆင်ခြင်လိုက်ရာ မိမိသည် (၇)ရက်အတွင်း နတ်သမီးငါးရာနှင့်အတူ ငရဲသို့ စုတေပြီး ရောက်ရမည်ကို မြင်ပြီး ကြောက်လန့်စိတ်တို့ဖြင့် ဗုဒ္ဓဘုရားရှင်ထံသွားရောက်ပြီး လျှောက်ထားကြပုံမှာ . . .

နိစ္စံ ဥတြသ္တမိဒံ စိတ္တံ၊
နိစ္စံ ဥဗ္ဗိဂ္ဂံ ဒံမနော။
အနုပ္ပန္နေသုကုစ္ဆေသု၊
အထော ဥပ္ပတိတေသုစ။
သစေအတ္ထိ အနုတြသ္တံ၊
တံမေ အက္ခာဟိ ပုစ္ဆိတော။
ဟူ၍ဖြစ်၏။

ဘန္တေ-ဘုန်းကြီးသော မြတ်စွာဘုရား အနုပ္ပန္နေသု- မဖြစ်ပေါ်ကုန်သေးသော၊ ကိစ္ဆေသုစ- ကျွန်ုပ်နှင့်တကွကျန်သော နတ်သမီးငါးရာတို့မှာ ငရဲသို့ ကျရောက်ရမည့် ဆင်းရဲတို့ကြောင့်လည်းကောင်း၊ အထော-ထို့မှတစ်ပါး၊ ဥပ္ပတိသေသု- ဖြစ်ပေါ်ကုန်ပြီးသော ကိစ္ဆေသုစ- ပန်းခူးရင်းစုတေ၍ ငရဲသို့ ကျရောက်နေကြသော နတ်သမီးငါးရာတို့၏ ဆင်းရဲတို့ကြောင့်လည်းကောင်း၊ ဣဒံစိတ္တံ- ကျွန်ုပ်၏ စိတ်နှလုံးသည်၊ နိစ္စံ- အမြဲ၊ ဥတြသ္တံ- ထိတ်လန့်နေပါသည် ဘုရား၊ ဣဒံမနော- ကျွန်ုပ် စိတ်နှလုံးသည်၊ နိစ္စံ- အမြဲ၊ ဥဗ္ဗိဂ္ဂံ-ကြောက်ရွံ့နေရပါသည် ဘုရား၊ မထိတ်မလန့်ကြောင်း နည်းလမ်းကောင်း အရပ်ဒေသ ရှိငြားအံ့၊ ထိုထိတ်လန့်မှု ငြိမ်းကြောင်း နည်းလမ်းကောင်း အရပ်ဒေသကို၊ မေ- အကျွန်ုပ်အား၊ အက္ခာဟိ- ညွှန်ပြ ဟောကြားတော်မူပါ ဟူ၍ လျှောက်ထားတော်မူ၏။

ဗုဒ္ဓဘုရားရှင်တော်မြတ်က . . .
နာညတြ ဗောဇ္ဈာတပသာ၊
နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗ နိဿဂ္ဂါ၊
သောတ္ထိံ မဿာမိပါဏိနံ။

အမောင်နတ်သား သိကြောင်းဖြစ်သည် သတိစသည့် ဗောဇ္ဈင်တရား ကိလေသာ ပူလောင်ခြင်း ခြောက်သွေ့စေသော မူတင်အကျင့်၊ သမ္မပ္ပဓာန်အကျင့်တို့ကို ကြဉ်ဖယ်ရှောင်ရှား၍ သတ္တဝါများ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို ငါ မမြင်။ ဣန္ဒြိယသံဝရာစသည် ဣန္ဒြေ(၆)ပါး၊ တံခါး (၆)ပေါက်တို့ဖြင့် ကိလေသာ မဖြစ်အောင် စောင့်ရှောက်ပိတ်ဆို့ခြင်းကို ကြဉ်ဖယ်ရှောင်ရှား၍ သတ္တဝါတို့ ဘေးရန်ကင်းကွာ ချမ်းသာခြင်းလည်း ငါမမြင်၊ အလုံးစုံ စွန့်လွှတ်ရာ နိဗ္ဗာန်ကိုလည်း ကြဉ်ဖယ်ရှောင်ရှား၍လည်း သတ္တဝါတို့ ဘေးရန်ကင်းကွာ ချမ်းသာခြင်းလည်း ငါမမြင် ဟု ဟောကြားတော်မူခဲ့သည် မြတ်ဗုဒ္ဓဘုရားရှင်၏ တရားအဆုံး၌ သုပြဟ္မ နတ်သားနှင့် နတ်သမီးငါးရာတို့ သောတာပန် တည်ခဲ့ရတော့သည်။

မိမိရရှိနေသည့် ဘဝကလေး အတွင်းမှာပင် အမှတ်တမဲ့ နေကြ၍ အကုသိုလ်ဇောဖြင့် သေကြရသည့် နတ်သမီးငါးရာ ငရဲကျခဲ့ရသည်။ ဘဝဟူ၍ ဖြစ်ပေါ်လာကြသည့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့ ဆုံကြရမည်မှာက ဖြင့် ဇာတိ၊ ဇရာ၊ မရဏ၊ သောက ဆင်းရဲတွေ ဆုံကြရမည်က အမှန်မုချ ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ်၊ အကုသိုလ်ဇောတွေကြောင့် လောဘ၊ မောဟ၊ ဒေါသတွေကို ပယ်သတ်နိုင်ကြပြီး ကုသိုလ်ဇောအတန်တန်ဖြင့် မြတ်နိဗ္ဗာန်လမ်းကို လျှောက်လှမ်းနိုင်ကြပါစေဟုသာ ဆိုချင်ပါတော့သည်။

**ကျမ်းကိုး**

ပုံပြင်တိုဖြင့် ပြောပြသော မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအမများမှ။

❒ ရေကျော်စိုးအောင်

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်းဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက် သွယ် ရန်


အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈





www.burmeseclassic.com

www.burmeseclassic.com



# အဘအောင်မင်းခေါင် ချီးမြှင့်သော

## အခက်အခဲ အကျဉ်းအကြပ်၊ အတိုက်အခိုက် အချုပ်အနှောင်တို့မှ လွတ်မြောက်သော ဂါထာတော်

• • • • • • • • • • • • • • • •

ဟိန်းထက်ချာန်

အဘ အောင်မင်းခေါင်သည် သာသနာပြုစွမ်းရည် သတ္တိထူးတွေကို ဘယ်လိုပင် ချီးကျူးပြောဆိုပါစေ၊ ပြောလို့ကုန်နိုင်ဖွယ် မမြင်ပါဘူး၊ တွေ့ကြုံကြားသိသမျှ မှတ်စု မှတ်ရာများနှင့် ပြည့်စုံခြင်း ရှိလိမ့်မည် မထင်ပါဘူး။ အဘနှင့်ပတ်သက်သမျှ ဗဟုသုတအမှန်များသည် ယခုနှစ် အဘအောင်ပွဲအတွက် အဘနှင့်ပတ်သက်သော ဂျပန်ခေတ်က အဖြစ်အပျက်တချို့ကို မှတ်တမ်းပြု တင်ပြလိုက်ပါတယ်။

အဘတို့လို သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ကြီးတွေသည် ဘယ်ခေတ် ဘယ်အခါမှာ သာသနာညှိုးမည်ဆိုတာ ကြိုတင်သိပြီးသားပါ။ သာသနာ၏ တန်ခိုးတေဇော်၊ အာနုဘော်နှင့် တိုင်းပြည်နှင့် လူမျိုး ဂုဏ်မညှိုးအောင် ဘယ်လို စွမ်းဆောင်ရမည် ဆိုတာလည်း အဘတို့ သိပြီးသားပါ။ အဘက ဂျပန်တွေ ဝင်လာမှာကို ကြိုသိခဲ့ပါတယ်။ မိုးချုပ်လို့ နေဝင်ပြီဆိုလျှင် မီးအိမ်ကို ထွန်းညှိပြီး အမှောင်ကို နှင်ထုတ်ရသလိုပဲ ခေတ်ကျပ် ခေတ်ဆိုးကြီးတွေ ကျရောက်လို့ အမျိုးဘာသာ သာသနာ ညှိုးမှိန်ပြီဆိုလျှင် သာသနာ့အလင်းရောင်ကို ထွန်းညှိပြီး မိစ္ဆာမာတ်ကို နှင်ထုတ်ရပါတယ်။

ပုပ္ပားမှာ အဘရှိနေစဉ် ဂျပန်တွေ ဝင်လာအုံ့ဆဲဆဲမှာ အဘက ဂျပန်စကားတွေ ပြောလို့ ဘိုရှမာ အိုကျား ယူခဲ့ စသည်ဖြင့်၊ အိုကျားဆိုတာ ဂျပန်စကား၊ မြန်မာလို ရေနွေးကြမ်းလို့ အဓိပ္ပာယ်ရပါတယ်၊ ဒါပေမဲ့ ဝိဇ္ဇာစကားကို အဝိဇ္ဇာဖုံးနေသူများ နားမလည်ခဲ့ပါ။ ဂျပန်တွေ မြန်မာပြည်ကို ဝင်လာတဲ့အခါ ပုပ္ပားကိုလည်း ရောက်ခဲ့ပါတယ်။

ဖက်ဆစ်ဂျပန်တွေ ကမ်းကုန်အောင် ရက်စက်ပြတော့ သာမန်အရပ်သားတွေ ကြောက်ကြောက်နှင့် ကုပ်နေသလောက် အဘကတော့ ဇရပ်ပေါ်တက် နေပူကြီးထဲမှာ ပက်လက်လှန်အိပ်ပြခဲ့တယ်။ ဂျပန်တွေ အနားရောက်လာတော့ ပုဆိုးလှန်ပြလိုက်သေးတယ်။ မင်းတို့ သေနတ်တွေကို ဒါပဲ ထင်တယ်ပေါ့။ ဂျပန်တွေ မကျေနပ်၊ အသားတဆတ်ဆတ်တုန်အောင် စိတ်တို ဒေါသပွပြီး သေနတ်နှင့် ဝိုင်းပစ်ကြတယ်။

သေနတ် တစ်လက်မှ ကျည်မထွက်။ အဘကတော့ ဣန္ဒြေတစ်ချက်ကလေးမှ မပျက်။ ဂျပန်တွေ မကြုံစဖူးဒူးတုန်အောင် ကြောက်ကုန်သည်။

ကြောက်ကြောက်နှင့် အဘကို တောင်းပန်ကြတယ်။ ပြီးတော့ အဘကို ဓာတ်ပုံရိုက်ခွင့်တောင်းတယ်။ အဘက ဆံပင်ရှည်ကြီးဖြန့်ပြီး ဓာတ်ပုံ အရိုက်ခံပါတယ်။ ဓာတ်ပုံလည်းရိုက်ရော ဂျပန်တွေ မျက်လုံးပြူးရပြန်ရော။

ဓာတ်ပုံထဲမှာ အဘက ဆံပင်တိုတိုနှင့် သခင်အောင်ဆန်း နိုင်ငံရေးသမားပုံ ပေါက်နေတယ်။ နောက်တစ်ခါ အဘကိုသွားကြည့်ကြပြန်တယ်။ ဆံပင်ရှည်ရှည်နှင့် အဘိုးကြီးတစ်ယောက်လို့ပဲ တွေ့ကြရပါတယ်။ ဓာတ်ပုံထဲမှာတော့ တကယ့် လူငယ်ခေါင်းဆောင်တစ်ယောက်လို ထက်မြက် ဒးရှတဲ့ ပုံပန်း



www.burmeseclassic.com

www.burmeseclassic.com

ဟန်ပန်နှင့် ဂျပန်တွေ ညာဏ်မမီတော့ပြီ။ အဘကို ဇကရာဇ် ဘုရင်မင်းမြတ် ထက်ပင် ကြောက်ရွံ့ရှိသေ ခန့်ညား သွားတော့တယ်။

"ပုပ္ပားမှာ အရှုးကြီးလိုနေတဲ့ ဘိုးမင်းခေါင်ဆိုတာ ဂျပန်ဖက်ဆစ်တွေက တောင် ကြောက်ရတယ်၊ အခု ငါတို့ကို ဂျပန်က ဖမ်းထားတာ ဘိုးမင်းခေါင် သိရမှာပေါ့၊ သိရင် ငါတို့ကို ဘိုးမင်းခေါင် လာကယ်ရမယ်၊ တကယ်သိဒ္ဓိ မဟိဒ္ဓိရှိတဲ့ တန်ခိုးရှင်မှန်ရင် ငါတို့ကို လာကယ်ရမယ်၊ မကယ်နိုင်ရင်တော့ ဘိုးမင်းခေါင်ဆိုတာ အလကား အရှုးကြီးပဲ"

အဲဒီလို တမ်းတသလို ကြိမ်းဝါးသလို ပြောဆိုနေသူက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ လက်ပံတန်းမြို့ အဘိဓမ္မာ ညဝါတက္ကသိုလ် သဒ္ဓမ္မောဒယဝေ ဆရာတော်ကြီးပဲ ဖြစ်ပါတယ်။ ဆရာတော်ကြီးကို သူလျှိုပုဒ်မနှင့် သာယာဝတီထောင်မှာ ဂျပန်တွေက ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရပါတယ်။ တောင်တွင်းကြီးက လူသေလူဖြစ် ကျမ်းပြု ဆရာတော် ရှင်ဥက္ကဋ္ဌနှင့်အတူ အဖမ်းခံနေရခြင်း ဖြစ်ပါတယ်။ ဗိုလ်မိုးကြိုး အမည်ခံ ကာနယ်ဆူဇူကီး၏ သေဒဏ်ချမှတ်ခြင်းလည်း ခံထားရပါတယ်။

အဲဒီခေတ်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ ဆရာတော်ဆိုတာ အလွန်အင်မတန် ရှားပါးပါတယ်။ ဆရာတော်ကြီးသည် အလွန်ပညာကြီးတဲ့ စာချဆရာတော်ကြီးပါ။ တစ်ခေတ် တစ်ခါက အလွန်နာမည်ကြီးခဲ့တဲ့ ခမုံကိုယ်တော်ဆိုတာ ဆရာတော်ကြီး၏ တပည့်တစ်ဦးပါ။ ဒီနေ့ ရန်ကုန်မှာ နာမည်ကြီးနေတဲ့ ချောင်းဝဆရာတော်ဟာလည်း အဲဒီ ဆရာတော်ကြီးရဲ့ တပည့်တစ်ဦးပါပဲ။ ယနေ့တိုင် သက်ရှိထင်ရှားနေတဲ့ ပုပ္ပားမှာ သာသနာပြုနေတဲ့ အဘဦးမေဓာဝီဟာလည်း ဆရာတော်ကြီးရဲ့ ကဲ့ကူလက်လှည့် တပည့်ရင်းတစ်ဦး ဖြစ်ပါတယ်။ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးဆိုတော့ အချုပ်အနှောင်က လွတ်မြောက်ဖို့ ဂါထာပေါင်းများစွာကို အားကိုးတကြီး ရွတ်ဆိုတာပေါ့။ ဒါပေမဲ့ ထူးခြားမှုမရှိ ဂျပန်တွေရဲ့ ဓားကို ကြည့်ပြီး သေဖို့ သေချာတယ်လို့သာ နှလုံးသွင်းရင်း ဘိုးမင်းခေါင်ကိုလည်း တမ်းတသလို ပြစ်မှားသလို ရှိနေခဲ့ပါသတဲ့။

"အရှင်ဘုရား ရွတ်တဲ့ ဂါထာ၊ မှားနေလို့ပါ၊ ဟောဒီဂါထာသာ ရွတ်ပါ၊ မကြာမီ ချက်ချင်း အချုပ်တွင်းက လွတ်ပါစေမယ်"

"ဟယ်" ဆရာတော်ကြီး အံ့သြသွားရပြီ။ အချုပ်ခန်းထဲ ဘွားခနဲ ပေါ်လာတာ ဘိုးမင်းခေါင် ဖြစ်နေပါရောလား။ ဂျပန်စစ်သားတွေ အထပ်ထပ်စောင့်ကြပ်၊ သော့ကြီးတွေ ခတ်ထားတဲ့ ဒီအချုပ်ခန်းထဲ ဘိုးမင်းခေါင် ဘယ်လို ရောက်လာပါလိမ့်။

"အရှင်ဘုရား ဒီဂါထာသာ ရွတ်ပါ လွတ်ပါလိမ့်မယ်" လို့ ပြောပြီး ဘိုးမင်းခေါင် ပျောက်သွားလေပြီ။

ဘိုးမင်းခေါင် ပေးခဲ့တဲ့ ဂါထာကို ရွတ်လိုက်တာ နောက် သုံးရက်အကြာမှာ ဒကာတစ်ဦးရောက်လာပြီး ဆရာတော်နှစ်ပါးကို ပင့်ဆောင်၍ ထောင်နံရံအပေါက်တစ်ခုမှ လွတ်မြောက်စေခဲ့ပါတယ်။ (တပည့်ပေါင်းများစွာ စာသင်သား သံဃာတော်တွေကလည်း ဝမ်းသာလိုက်တာ မပြောပါနဲ့တော့)

"ဟေ့ ငါ့ကို ဘိုးမင်းခေါင် လာကယ်တာ၊ ဘိုးမင်းခေါင် စွမ်းတယ်ဆိုတာ ငါ အသက်နဲ့ရင်းပြီး ယုံခဲ့ပြီ၊ ယခု ဘိုးမင်းခေါင်ပေးခဲ့တဲ့ အသက်နဲ့ မင်းတို့ကို စာချပေးရမှာ၊ ပရိယတ္တိသာသနာ ပြုဖို့ ဘိုးမင်းခေါင်က ငါ့ကို ကယ်ခဲ့တယ်"

တပည့်သံဃာတွေကို ရဲရင့်စွာ ကြေညာလိုက်တယ်။ မိမိကျောင်းမှာလည်း ဘိုးမင်းခေါင်ပုံတော်ကို ရိုရိုသေသေ ယုံယုံကြည်ကြည် လေးစားတယ်။ ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးသည် အဘဘိုးမင်းခေါင်နှင့် ဆက်သွယ်ပြီး သာသနာပြု တာဝန်တွေကို ထမ်းဆောင်သွားလေတော့သည်။

**အဘဘိုးမင်းခေါင် ချီးမြှင့်ခဲ့သော ဂါထာတော်**

* အမှာတံ စတုရော ဝိဇ္ဇာ၊ ဒီယာယုကာ မဟိဒ္ဓိကာ၊

ပါလယန္တု၊ သဟ သိဒ္ဓေဟိ၊ သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ၊

* ဇိနော မေ ဒေတု၊ ကုစ္ဆိတံ၊ စိရံ တိဋ္ဌတုမေ အာယု၊ လာဘော၊ လဘတု မေသဒါ၊ သောကော ရောဂါ ဝိနဿန္တု၊ ဇေယျာ သုခါ ဘဝန္တုမေ။

အနက်အဓိပ္ပာယ်

စတုရောဝိဇ္ဇာ - ဝိဇ္ဇာအရှင်လေးပါးတို့သည်၊ အမှာကံ - အကျွန်ုပ်တို့အား၊ ဒီယာယုကာ - ရှည်သော အသက်ရှိကုန်သော၊ မဟိဒ္ဓိကာ - ကြွံဒိပါဒ်ကြီးမားကုန်သော၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ- အလုံးစုံသော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းငှာ၊ သိဒ္ဓေဟိ - သိဒ္ဓိတန်ခိုး အမျိုးမျိုးတို့နှင့်၊ သဟ - တကွ၊ အမှာကံ - အကျွန်ုပ်တို့ကား၊ ပါလယန္တု- စောင့်ရှောက်ပါစေကုန်သတည်း။ မေ- အကျွန်ုပ်၏၊ အာယု - အသက်သည်၊ စိရံ - နှစ်ပေါင်းများမြောင် ကာလကြာအောင်၊ တိဋ္ဌတု - တည်ပါစေသတည်း။ လာဘတု - လာဘ်လာဘသည်၊ မေ- အကျွန်ုပ်အား၊ သဒါ - အခါခပ်သိမ်း၊ လဘရ- ရပါစေသတည်း၊ သောကော- စိုးရိမ်ပူဆွေးခြင်းသည် လည်းကောင်း၊ ရောဂေါ - အနာရောဂါ ဟူသမျှသည် လည်းကောင်း၊ ဝိနဿန္တု - ပျောက်ပျက်ပါစေကုန်သတည်း၊ မေ - အကျွန်ုပ်အား၊ ဇေယျာ - အောင်မြင်ခြင်းတို့သည် လည်းကောင်း၊ သုခါ - ချမ်းသာသုခ အဝဝတို့သည်လည်းကောင်း၊ ဘဝန္တု- ဖြစ်ပါစေကုန်သတည်း။

❐ တိမ်းထက်ချောန်

ကိုးကား

အဘအောင်မင်းခေါင်၊ (၅၃)ကြိမ်မြောက် မဟာအောင်ပွဲ စာစောင်။ ပါဠိများကို အနက်အဓိပ္ပာယ် ပြန်ပေးသော ဂမ္ဘီရဆရာလှမျိုးအား ကျေးဇူးတင်လျက်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ ဆွေမြင့်

"အာလူးအလုံးကြီးက တစ်ဆယ်သား တစ်ရာ၊ အလုံးသေးက တစ်ဆယ်သား ရှစ်ဆယ်၊ အလုံးသေး ပိဿလုံး ယူမယ်ဆိုရင် ခုနစ်ရာဈေးနဲ့ယူ သမီး"

ဈေးသည်အဒေါ်ကြီး ပြောသည့် ပိဿလုံးခုနစ်ရာတန် အာလူးဗန်းထဲမှ အနာအဆာလွတ် အာလူး အလုံးချောချောလေးများရရန် ကျွန်မ ဂရုစိုက်ကာ ရွေးလိုက်၏။ အိမ်အတွက် ကုန်ခြောက်ပစ္စည်းများ လိုအပ်တိုင်း ဒီဆိုင်မှာသာ ကျွန်မ အမြဲဝယ်နေကျဖြစ်သည်။ ဆိုင်ရှင်အဒေါ်ကြီးနာမည်က ဒေါ်အေးသီ။ ရန်ကင်းဈေးကြီးအတွင်းရှိ ကုန်ခြောက်ဆိုင်များထဲတွင်တော့ ဒေါ်အေးသီ၏ ကုန်ခြောက်ဆိုင်က ဝယ်၍ အဆင်ပြေဆုံးဟု ဆိုရမည်ပင်။

အများနှင့်စာလျှင် သူ့ဆိုင်က ဈေးသက်သာ၏။ အပြောအဆိုကလည်း ရည်မွန်ပြီး စေတနာရှေ့ထားကာ ရောင်းချလေ့ရှိသည့်အတွက် သူ့ဆိုင်တွင် အမြဲလိုလို ဝယ်သူများနှင့် စည်ကား၍နေလေသည်။ ဒီနေ့လို ရုံးပိတ်ရက်ဆိုလျှင် အိမ်အတွက် လိုအပ်တာမှန်သမျှ ကုန်ခြောက်ပစ္စည်းတို့ကို တစ်ပတ်စာလုံလောက်သည်အထိ ဝယ်ရ၏။ တစ်မျိုး၊ နှစ်မျိုး မဟုတ်။ တခြား ဈေးဝယ်သူတွေကလည်း ရှိနေခြင်းကြောင့် ဒေါ်အေးသီဆိုင်မှာပင် ကျွန်မ အတော်လေး အချိန်ပေးရ၏။



www.burmeseclassic.com

www.burmeseclassic.com

သိရသလောက် ဒေါ်အေးသီက ယခု အသက်ခြောက်ဆယ်ကျော်စပြု သည့်အချိန်အထိ သူ့ဝမ်းစာသူရှာစား နေရလေသည်။ လွန်ခဲ့သော ရှစ်နှစ်လောက်ကတည်းက ခင်ပွန်းဖြစ်သူ ကွယ်လွန်သွား၏။ အားကိုးစရာ သားထောက်သမီးခံကလည်း တစ်ယောက်မှ မရှိ။ သူ့ဆိုင်တွင် ကူညီလုပ်ကိုင်ပေးရန် အသက်သုံးလေးဆယ်ဝန်းကျင် အမျိုးသမီးတစ်ယောက် အခကြေးငွေပေးကာ ခေါ်ထားလေသည်။ ကိုယ့်မိခင်အရွယ်ယခုလိုပင်ပင်ပန်းပန်း ရှာဖွေလုပ်ကိုင်စားသောက်နေရခြင်းကြောင့်လည်း သူ့ဆိုင်တွင် ကျွန်မအမြဲလိုလို အားပေးနေမိခြင်း ဖြစ်သည်။

"လူရယ်လို့ဖြစ်လာမှတော့ စားဝတ်နေရေးအတွက် တစ်နည်းမဟုတ်တစ်နည်း လုပ်ကိုင်စားသောက်ကြရမှာပဲလေ၊ မစားဘဲမှ မနေနိုင်ကြဘဲကိုး၊ ဒါပေမဲ့ အလွန်အကျွံလောဘမတက်မိဖို့တော့လိုတယ် ညီမရေ၊ ပုထုဇဉ်ဆိုတော့ အများစုက အတိမ်အနက်နားမလည်ကြဘဲ လောဘနောက်ကောက်ကောက်ပါအောင် လိုက်တတ်ကြတယ်မဟုတ်လား၊ ဒီလောဘကြောင့် သတိလက်လွတ်တွေဖြစ်ပြီး မလုပ်သင့်တဲ့အမှားမျိုး ကျူးလွန်မိတတ်ကြတာလေ၊ သိပ်ကြောက်စရာကောင်းတာ၊ ဘယ်လောက်ပဲ လောဘဇောနဲ့ရှာရှာ ကိုယ်ရသင့်ရထိုက်တာထက် ပိုယူထားသမျှ တစ်နည်းနည်းနဲ့ စတုတ်တိုက်ချတာခံရစမြဲပဲညီမရဲ့၊ ဒါကြောင့် ကိုယ်နဲ့ထိုက်သလောက်ပဲယူ၊ လောဘမတက်နဲ့၊ကိုယ့်နောက် တကယ်တမ်းပါတာ လောဘနဲ့ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းတွေမဟုတ်ဘူး၊ ကိုယ်ပြုထားတဲ့ ဒါန၊သီလ၊ဘာဝနာကွဲ့၊ ဒါတွေကမှကိုယ့်အတွက်အကောင်းဆုံး ရိက္ခာထုပ်၊ ဪ, လျှာရှည်တယ်မထင်နဲ့နော်၊ သတိလက်လွတ်ဖြစ်တတ်ကြလွန်းလို့ မမစန်းက သတိပေးရတာ"

"ထင်စရာလား မမစန်းရယ်၊ ကျွန်မလဲ ဒါတွေအတော်အတန်တော့ နားလည်ထားပါတယ်၊ ဒါပေမဲ့ စားဝတ်နေရေးကရှိသေးတယ်လေ၊ မမစန်းတို့လို ဘဝပေးကုသိုလ်ကံကောင်းပြီး ကုသိုလ်ကောင်းမှုအလုပ်တစ်ခုတည်းကို ဇောက်ချမလုပ်နိုင်ဘဲကိုး၊ ဒါပေမဲ့ ကိုယ်မလုပ်မဖြစ်လုပ်နေရတဲ့ အလုပ်မှာအတတ်နိုင်ဆုံး အကုသိုလ်ကင်းအောင်တော့ ကြိုးစားပြီး လုပ်ပါတယ်မမစန်းရယ်၊ ခဏနော် မမစန်း၊ ခဏ ခဏ"

ကြားနေရသော အသံတို့ကြောင့် အာလူးငုံ့ရွေးနေရာမှ ကျွန်မ မော့ကြည့်လိုက်မိ၏။ ဒေါ်အေးသီ ဈေးရောင်းနေရင်း သူ့ဆိုင်တွင်ဈေးလာဝယ်သူတစ်ဦးနှင့် စကားစမြည်ပြောဆိုနေကြခြင်းဖြစ်လေသည်။ သိလှ၍မဟုတ်သော်လည်း သူတို့နှစ်ဦးပြောဆိုနေကြသော စကားများက အတော်လေးကိုအနှစ်သာရရှိသည့် စကားများဖြစ်မည်ကတော့အမှန်ပင်။ ထိုသို့ပြောဆိုနေရင်းမှ ဈေးဝယ်သူတစ်ဦးအား ကြက်သွန်ဖြူများချိန်ပေးနေသည့်အတွက် ခဏစကားပြတ်သွား၏။

ဒေါ်အေးသီနှင့် အပြန်အလှန် စကားစမြည်ပြောဆိုနေသော အဒေါ်ကြီးကို တရင်းတနှီးမဟုတ်သော်လည်း ကျွန်မ သိနေသည်။ ရုံးမှသူငယ်ချင်း ဝင်းမာတို့အိမ်နှင့် ဘေးချင်းကပ်အိမ်တွင်နေ၏။ သူ့နာမည်က ဒေါ်စန်းစန်း။ ဝင်းမာပြောစကားအရ ဒေါ်စန်းစန်းက ဘုရားအလုပ်၊ တရားအလုပ်တို့နှင့်သာ အစဉ်မွေ့လျော်နေသူ။ ရိပ်သာများတွင် ပြုလုပ်လျက်ရှိသည့် ရက်တို၊ရက်ရှည် တရားစခန်းတို့ကိုလည်း မကြာခဏဆိုသလိုဝင်ကာ ဝိပဿနာတရား ကြိုးစားအားထုတ်နေသူ ဖြစ်၏။ ဝင်းမာပြောစကားနှင့်ပင် ဒေါ်စန်းစန်းကို ကျွန်မ အလိုလိုနေရင်း ကြည်ညိုလေးစားမိနေ၏။

"သမီးလေးက ကြက်သွန်ဖြူ အစိတ်သားဆိုတော့ ငါးရာ၊ ဒေါ်ကြီးကို ဘာတန်ပေးထားတာပါလိမ့်၊ ဪ, တစ်ထောင်တန်၊ တစ်ထောင်တန်နော်၊ အဲဒီတော့. . . ရော့ ငါးရာ၊ အဲဒီလိုပဲ မမစန်းရေ မျက်စိကမှုန်၊ နားကထိုင်း၊ သတိကမေ့၊ ဘာမှမကောင်းတော့ဘူး၊ အိုမင်းမစွမ်းနဲ့ လုပ်ကိုင်နေရမှတော့ ဘယ့်နှယ်လုပ် ကောင်းနိုင်တော့မှာလဲ၊ အမှားမှား အယွင်းယွင်းချည်းပဲလေ၊ ကျွန်မဖြင့် မမစန်းကိုအရမ်းအားကျတာ၊ သားသမီးတွေကလဲ ဂရုစိုက်လိုက်ကြပုံများ ဘာမှလိုလေသေးမရှိ၊ ဒီကြားထဲ အမေကို အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ဆပ်နေကြတာလေ၊ တရားစခန်းတွေ မကြာခဏဝင်နိုင်အောင် စီစဉ်ပေးလိုက်ကြတာ၊ တကယ့် သားရတနာ၊ သမီးရတနာလေးတွေပဲနော်၊ ကျွန်မမှာဖြင့် အခုအချိန်အထိ ကိုယ်လှူဖို့ ကိုယ်စားဖို့ ကိုယ့်ဘာသာ ရုန်းကန်ရှာဖွေနေရတာ၊ တရားစခန်းဆိုတာများ သကြၤန်တွင်းလေးဝင်ဖို့တောင် အနိုင်နိုင်"

"အေးနော်၊ ညီမမှာ သားသမီးလေးတစ်ယောက်လောက်ရှိရင် ဘယ်လောက်ကောင်းမလဲ၊အလုပ်တွေအကုန်လွှဲပြီး တရားစခန်းလေးဘာလေး စိတ်ဖြောင့်ဖြောင့်ဝင်လို့ရတာပေါ့၊ ကိုယ့်နောက် ပါမှာဆိုလို့ ဒါပဲ ရှိတာလေ၊ မအားလို့ မလုပ်ဖြစ်သေးဘူး ဆိုပြီး အကြောင်းပြတာတော့ ဟုတ်ပါရဲ့၊ လောကမှာ ဘယ်အရာမှမြဲတာမရှိဘူးနော်၊ အခုနေကောင်းနေသေးပေမယ့် နောက်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီအတွင်း ဘာ့ဖြစ်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ သေမင်းဆိုတာ ဝေးဝေးကြီးမှာမှ မဟုတ်တာ၊ မွေးကတည်းက အတူပါလာပြီးသား"

"ဟုတ်ပါတယ် မမစန်းရယ်၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မကံအကျိုးပေးက ဒီလိုဖြစ်ဖို့ပါလာတာကိုး၊ ဒိုးတူပေါင်ဖက်လုပ်ကိုင်ရှာဖွေပေးမဲ့ ယောကျ်ားကသေပြီ၊ အားကိုးစရာ သားသမီးဆွေမျိုးသားချင်းဆိုတာလဲ မရှိဘူး၊ ဘာမှ သွေးမတော်သားမစပ်တဲ့ သူတွေကိုပဲအားကိုးနေရတယ်၊ ဒါလဲ အကြောင်းမကောင်းခဲ့လို့ပဲ၊ ဘဝအဆက်ဆက်က အကုသိုလ်တော်တော်များခဲ့ပုံပေါ်တယ်၊ ကျွန်မ





www.burmeseclassic.com

www.burmeseclassic.com

လေ များများစားစားမဟုတ်ပါဘူး၊ ပုံမှန်လေး စားဖို့လှူဖို့ရှိရင် ဒီအလုပ်တွေ မလုပ်တော့ဘူး၊ ကိုယ့်နောက်ပါတဲ့ ဘုရားအလုပ်၊ တရားအလုပ်ပဲလုပ်တော့မှာ၊ ဒီအလုပ်တွေကိုလဲ မလုပ်ချင်တော့ပါဘူး မမစန်းရယ်၊ ဈေးသည်ဆိုတာ မုသာဝါဒကံ ဘယ်လွတ်ပါ့မလဲ၊ ဈေးဝယ်သူက ဈေးဆစ်ပါပြီတဲ့၊ ဒီ့ထက်တော့ မလျှော့နိုင်ဘူး၊ ဒါအရင်းပဲ၊ ပစ္စည်းပြတ်သွားအောင်လို့သာ ရောင်းရတာ၊ လုံးဝ မမြတ်ဘူးဆိုတဲ့ စကားတွေပြောရတော့တာ၊ ဘယ်လောက်ပဲ အနိမ့်ဆုံးဈေးနဲ့ ရောင်းရောင်း၊ မမြတ်ဘဲကတော့ ဘယ်ရောင်းနိုင်ပါ့မလဲနော်၊ ကုန်စိမ်းလို ပုပ်ကုန်၊သိုးကုန်မို့ ဈေးလျှော့ရောင်းတာတောင် ရှေ့ပိုင်းရောင်းထားတာတွေက မြတ်နေပြီးသားပါ၊ ဒီကတည်းက ကံတစ်ပါးကျိုးနေပြီလေ၊

ဒါတောင် ကျွန်မ ဈေးဝယ်သူတွေကို အတော်လေး စေတနာထားပါတယ်၊ မုသားစကားတွေအနည်းနဲ့အများ ပြောဆိုနေရလို့ဖြစ်မှာ၊ သွားဆိုလဲ ကျိုးလိုက်တာမှ တစ်ချောင်းပြီးတစ်ချောင်း၊ မျက်စိကမှုန်၊ နားကထိုင်း၊ မသေခင်ကတည်းကဝဋ်လိုက်နေတာလေ၊အမြတ်ငွေကိုလိုချင်မိတဲ့ လောဘစိတ်ကြောင့်ပဲပေါ့ မမစန်းရယ်"

"အဲဒီလောဘဟာ သိပ်ကြောက်ဖို့ကောင်းတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်ဆိုထားပါကောလား၊ 'လောဘနဲ့သေ ပြိတ္တာပြည် ရောက်လေဧကန်သာ'တဲ့၊ ဒီလောဘတွေကို လျှော့တော့ ညီမရေ လျှော့ လျှော့"

မထင်မှတ်ဘဲ တန်ဖိုးမဖြတ်နိုင်သည့် စကားများကြားလိုက်ရခြင်းပင်။ လောဘဆိုသောအရာ ဤမျှလောက်ကြောက်စရာကောင်းမှန်းကျွန်မတကယ် မသိခဲ့။ ကျွန်မ ကိုယ်တိုင်ကကော သမ္မာအာဇီဝမကျသော လုပ်ရပ်တို့ကို သိသာထင်ရှားစွာ လုပ်ကိုင်နေခြင်းမရှိသည်မှာ အမှန်ပင်။ ကိုယ်တာဝန်ကျရာ ဌာနဆိုင်ရာလုပ်ငန်းတို့ကို အတတ်နိုင်ဆုံး မှန်မှန်ကန်ကန်နှင့် အစီအစဉ်ကျနစွာ လုပ်ကိုင်နေသည်သာ ဖြစ်၏။

သို့သော်လည်း 'ဒီအလုပ်လေးက အရေးကြီးလို့ပါ၊ အမြန်ပြီးမှဖြစ်မဲ့ကိစ္စမို့ ဦးစားပေးလုပ်ပေးပါ၊ ကျေးဇူး မမေ့ပါဘူး' ဆိုသော စကားများကြောင့် သူတို့တောင်းဆိုသည့်အတိုင်း ဟိုခုန်ကျော်၊ ဒီခုန်ကျော် လုပ်ပေးမိတာမျိုးတော့ရှိသည်။ မည်သူ့ကိုမှ ကြီးကြီးကျယ်ကျယ် ထိခိုက်လှသည့်ကိစ္စ မဟုတ်သော်လည်း ထိုသို့ လုပ်လိုက်ခြင်းကြောင့် ရလာမည့် အပိုဆုငွေကို မျှော်ကိုးကာ လုပ်သည်ဖြစ်၍ လောဘဦးစီးသော လုပ်ဆောင်မှုဟုဆိုက မှားမည်မထင်။ မသိခင်ကထားတော့၊ သိပြီးမှတော့ ဆင်ခြင်ရပေတော့မည်။ ထိုအသိမျိုးကို ပေးလိုက်သည့် ဒေါ်စန်းစန်းကိုပင် ကျေးဇူးတွေ တင်နေမိ၏။

"စကားပြောလို့တော့ ကောင်းတယ် ညီမရေ ဘယ်လောက်ကျသလဲ၊ ဒီမှာ ပိုက်ဆံယူလိုက်ပါဦး"

ဒေါ်အေးသီက ဝယ်သူတစ်ဦးအတွက် ကြက်သွန်နီများချိန်ပေးနေရင်းနှင့်ပင် ဒေါ်စန်းစန်းလှမ်းပေးလိုက်သည့် ငါးထောင်တန် ငွေစက္ကူလေးကိုယူကာ အဖုံးဖွင့်ထားသော ပိုက်ဆံသေတ္တာထဲ ထည့်လိုက်၏။ ပိုငွေကို တစ်ခါတည်းပြန်မအမ်းသေးဘဲ ချိန်ပြီးကြက်သွန်နီများအား ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ကာ ဝယ်သူထံ လှမ်းပေးလိုက်သည်။ နောက် ကျွန်မထံမှ အာလူးများထည့်ထားသည့် ပလတ်စတစ်ဗန်းလေးကိုယူပြီး အောက်ခဏ ပြန်ချထားလိုက်ကာ သေတ္တာထဲမှ ငွေစက္ကူတချို့ ယူနေ၏။ သူ့ခမျာလည်း အလုပ်နှင့်လက် ပြတ်သည်မရှိ။

"သကြား တစ်ထုပ်က ၆၅၀၊ ကော်ဖီမစ်က ၂၃၀၀၊ ပေါင်းလိုက်ရင် ၂၉၅၀၊ မမစန်းပေးထားတာ ၅၀၀၀တန်ဆိုတော့ ရော့ ဒီမှာ ပိုတဲ့ပိုက်ဆံ ၂၀၅၀၊ ကျေးဇူးပဲနော် မမစန်း"

ပါးစပ်က တတွတ်တွတ်နှင့် တွက်ချက်နေသည်က အမှန်။ အကူ တစ်ယောက်ရှိနေတာတောင် လက်မလည်အောင်ရောင်းနေရ၍ အမှားမှားအယွင်းယွင်း ဖြစ်သွားပုံရ၏။ ဒေါ်စန်းစန်းကို ပြန်အမ်းလိုက်သောငွေမှာ သူ့ပါးစပ်က တွက်သလို ၂၀၅၀ ကျပ်မဟုတ်။ တစ်ထောင်တန် သုံးရွက်နှင့် ၅၀ ကျပ်တန် တစ်ရွက်ဖြစ်နေ၍ စုစုပေါင်း ၃၀၅၀ဖြစ်နေလေသည်။ ဒေါ်အေးသီက သူ့အမှားကို သတိထားမိပုံမပေါ်။ ကျွန်မအတွက် အာလူးများကို ဆက်ချိန်ပေးနေ၏။

ပိုက်ဆံမှားပေးတတ်သည့် ကိစ္စမျိုးက ဈေးသည်ဈေးဝယ်နှစ်ဦးအကြား မကြာခဏဖြစ်လေ့ရှိသော ကိစ္စတစ်ခုပင်။ သတိထားမိသူကအမှားကိုထောက်ပြကာ ပေးစရာရှိလျှင်ပေး၊ ယူစရာရှိလျှင် ယူရုံသာဖြစ်လေသည်။ ဘာမှရေးကြီးခွင်ကျယ် ပြောနေရလောက်စရာမကြောင်းတစ်ခုမဟုတ်။ ကျွန်မ ကျိန်းသေ တွက်ထားလိုက်သည်က. . .

"၂၀၅၀ ပဲ အမ်းရမှာ၊ ဒီမှာငွေ ၁၀၀၀ ပိုအမ်းမိနေတယ်" ဟုပြောကာ ပိုငွေ ၁၀၀၀ ကို ဒေါ်စန်းစန်း မလွှဲမသွေ ပြန်ပေးလိမ့်မည်ဟူ၍ဖြစ်သည်။

သို့သော် လက်တွေ့မှာတော့ အထင်နှင့်အမြင်က ပါစင်အောင်လွဲ၏။ ကျွန်မ တွေ့မြင်လိုက်ရသည်က လုံးဝမျှော်လင့်မထားသည့် မြင်ကွင်းတစ်ခု။ ကြိုတင်တွက်ထားသကဲ့သို့ 'ပိုအမ်းမိနေတယ်' ဟုလည်း မပြော။ ဒေါ်အေးသီ သတိလက်လွတ်ဖြစ်ကာ ပိုအမ်းလိုက်သောငွေ ၁၀၀၀ ကိုလည်း ပြန်မပေး။ လက်ထဲမှ ပိုက်ဆံကို ရေတွက်ကြည့်ပြီး သူ့ပိုက်ဆံအိတ်ထဲထည့်လိုက်၏။နောက် ဈေးခြင်းတောင်းလေး ကောက်ဆွဲကာ ဒေါ်စန်းစန်းတစ်ယောက် ဆိုင်ထဲမှ ခပ်သုတ်သုတ်လေး ထွက်သွားလေသည်။

ဒေါ်အေးသီကတော့ အဖြစ်အပျက်တို့ကို ဘာမှသိလိုက်လိမ့်မည်မထင်။ ကောင်းစွာသိနေသူက မကြာခဏ ဆိုသလို တရားစခန်းများဝင်ပြီး တရားအလုပ်တို့နှင့် အစဉ်ပျော်မွေ့နေသည့်ဒေါ်စန်းစန်း။



www.burmeseclassic.com

www.burmeseclassic.com

လောဘကီလေသာ၏ ကြောက်မက်ဖွယ်ကောင်းပုံကို မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့သော ဆုံးမဩဝါဒများ ရွတ်ဆိုကာ တရားပြသွားသည့် ဒေါ်စန်းစန်း။

နောက် မနေနိုင်မထိုင်နိုင် သူတို့နှစ်ဦးကို ဈေးဝယ်နေသည့် တစ်ချိန်လုံး သတိထားကြည့်နေမိသူ ကျွန်မသာ။

ကိုယ်တိုင်လည်း ဤမျှလောက် တရားသဘောကို နားလည်ပြီးနေသူ။ သူတစ်ပါးကိုလည်း အမှား အမှန်၊ အကောင်း အဆိုးတို့အား ခွဲခြမ်းစိတ်ဖြာပြနေသူက ဤသို့လုပ်ရပ်မျိုး လုပ်လိုက်သည့်အတွက် ကျွန်မ အံ့ဩတကြီး ဖြစ်၍ မဆုံးနိုင်တော့။

လောဘတဏှာ လွန်စွာကြောက်စရာကောင်းမှန်း သိနေပါလျက် ငွေ ၁၀၀၀ ကို အဘယ်ကြောင့် မတရားသဖြင့် လိုချင်မက်မောရသနည်း။

ကျွေးမွေးစောင့်ရှောက်နိုင်သည့် သားသမီးများနှင့် မပူမပင်မတောင့်မတ နေနေရပါလျက် အိုမင်းမစွမ်း ရှာဖွေစားသောက်နေရသူတစ်ဦး၏ ချွေးနှဲ့စာလေးကို မည်သို့သော စိတ်နေသဘောထားဖြင့် ယူရက်လေသနည်း။

တကယ်တမ်း တရားသဘောကို ကောင်းစွာနားလည် သဘောပေါက်ထားသူသာဖြစ်လျှင် ကာယကံမြောက် လုပ်ဖို့မဆိုထားနှင့် မနောကံဖြင့်ပင် ကြံစည်ဝံ့လိမ့်မည်မထင်။

ကျွန်မ ကောင်းစွာ သဘောပေါက်သွား၏။ တရားနှုတ်လုံး သွင်းထားပါသည်ဟု နှုတ်ကမည်မျှပင် ဆိုနေစေကာမူ သန္တာန်လုံးသားတွင် တည်နေသည့် တရားတို့က အစစ်အမှန်များ မဟုတ်။ အတုအယောင်များဖြစ်နေမည်မှာ မလွဲဧကန်ပင်။

❒ သစ္စာဦး (ဇေယျာမြေ)

## စာမူများ ပေးပို့နိုင်ပါသည်

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်းပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

---

### စီးပွားရေးလုပ်ငန်းရှင်များ
### မိမိလုပ်ငန်းပိုမိုတိုးတက် အောင်မြင်စေရန်
### လပြည့်ဝန်းမဂ္ဂဇင်းတွင်
### ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။

---

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

### ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊
မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒ ၊ ထချုပ်ဗေဒ ၊ ဝါစတုဿုတ္တရ ၊ တရုတ်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

(၈၁၀-၇၆၇၇)

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်း အတတ်ပညာကျွမ်းပြုသူ

ဟောခန်း(ရုံးခန်း)နှင့် ဖြန့်ချိရေးလိပ်စာ ☞ } ၂၇၊ ရွှေဘုန်းပွင့်ဘုရားရှေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉-၅၁၉၈၂၄၀

နေအိမ် ☞ ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"



ဦးခန့်ကျော် စာပေ ( ၇၉၂ ) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com

"မမခင်ရီ. . . မမခင်ရီ"

"ဟဲ့. . . ဘယ်သူတုံး၊ အိမ်ရှေ့ကနေ ခုနစ်သံဟစ်နေတာ၊ လာ. . . အိမ်ပေါ်တက်ခဲ့၊ ဘာ ဘယ်သူလဲ. . . အမ်. . . ကျောင်းသားမောင်မောင်လား . . . ပြော ဘာကိစ္စ"

"ဘုန်းဘုန်းက လွှတ်လိုက်လို့ ကျောင်းခြံထဲမှာ အရူးကြီးတစ်ယောက် ဒီမနက်ရောက်လာလို့ ဘဘကြီးစံခ သွားခေါ်ချေပါဆိုလို့ လာခေါ်တာ"

"အမယ်လေးဟဲ့ . . . အရူး ဇည့်သည်လာလို့ အဖေ့ကိုခေါ်ခိုင်းတာ ဟုတ်လားဟဲ့ မောင်မောင်"

"ဟုတ်. . . ဟုတ်ကဲ့"

"ဘုန်းတော်ကြီးကတော့ ဟုတ်ပေ့၊ ဘာကိစ္စပဲဖြစ်ဖြစ် အဖေပဲ"

"ဟဲ့ သမီး. . . ဘာလဲဟဲ့၊ အော်ကျယ် အော်ကျယ်နဲ့"

"အဖေရေ့ . . . ဟောဒီမယ် ကျောင်းကဘုန်းတော်ကြီးက ကျောင်းခြံထဲ ဘယ်ကအရူးမှန်းမသိဘူး ရောက်နေလို့ လာခဲ့ပါဦးတဲ့၊ ကျောင်းသား လွှတ်လိုက်တယ်"

"ဩော် . . . အရူးဧည့်သည် လာတာပေါ့ဟုတ်လား မောင်မောင်၊ မပြန်သေးဘူးလား"

"မနက်က ဆွမ်းစားပြီးတော့ ကျောင်းရှေ့မြေကွက်လပ်မှာ ကျုံ့ကျုံ့ လာထိုင်ပြီး ထမင်းတောင်းလို့ ဆရာတော်က ထည့်ပေးဆိုလို့ အင်ဖက်နဲ့ ဟင်းထမင်းတွေ ထုပ်ပေးလိုက်တယ်၊ တနင်္ဂနွေထောင့်က ဘုရားငုတ်တိုနား သွားစားပြီး အဲဒီမယ်အိပ်နေတုန်းပဲ"

"အင်း. . . အေး အေး၊ ဘဘ လိုက်လာခဲ့မယ်၊ သားပြန်နှင့်တော့"

"ဟုတ်ကဲ့ ဘဘ"

သပြေပင်ကျောင်းကား နှစ်ပေါင်းရာကျော်သက်တမ်းရှိပြီဟု ရှေးလူကြီးများတစ်ဆင့် အသိပေးမှတ်သား






www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရဖူးသည်။ အရှေ့ဘက်သို့ လှည့်ဆောက်ထားသော နှစ်ထပ်ကျောင်းကြီးကား လေးဖက်ရေဆင်းတိုင်တစ်ရာ ကျောင်းကြီးဖြစ်၏။ ယောက်ျားတစ်ယောက်၏တစ်ဖက်စာမျှ ကြီးမားဖြောင့်တန်းသော ပျဉ်းကတိုးကျွန်းတိုင်ကြီးများကား ဖယောင်းတိုင်တမျှ လုံးချောလျက် ပထမထပ် ၆ ပေခန့်မှ အပေါ်ထပ်ရက်မထိ ရွှေပိန်းချထားသည်။ အချို့တိုင်တွင် ဖားရုပ်ကြီးများ၊ အချို့တိုင်တွင် တောက်တဲ့ရုပ်၊ ငါးရုပ်စသည် ရှေးလူကြီးများ အစီအမံတစ်ခု အနေဖြင့် ရေးသားခဲ့သည်မှာ အဖြေမသိရသော ပန်းချီကားနှယ် ရှိလေတော့၏။

စစ်ဘေးစစ်ဒဏ်က ကောင်းစွာလွတ်ကင်းခဲ့ပုံလည်းရ၏။ အုတ်ဖိုဆရာတော်ကြီးလက်ထက် လေးမျက်နှာမြို့တွင် ကံ-ဒွါရ အဓိကရုဏ်းဖြစ်စဉ်က အုတ်ဖိုဆရာတော်ကြီး ခေတ္တဝင်ရောက်သီတင်းသုံးသွားခဲ့သည်ဟု လူကြီးများပြောကြသည်ကို မှတ်သားရဖူးပြီး ထိုသပြေပင်ကျောင်းကား မဟာဒွါရနိကာယဂိုဏ်းမှ ပိုင်ဆိုင်သောကျောင်းလည်းဖြစ်သည်။

မည်သည့်ရွာနှင့်မျှ မနီးလှဘဲ လယ်ကွင်းထဲတွင် (၁၀)ဧကလေးထောင့်စပ်စပ် ခါးစောင်းခန့် လယ်မြေသားထက်မြင့်သည့် အဆိုပါ သပြေပင်ကျောင်းတွင် အရှေ့ဘက်မှ ဝင်ပေါက်ရှိပြီး လက်ယာဘက်တွင် ဉာဏ်တော် ၁၇ တောင်ခန့်ဟု ခန့်မှန်းရသော ဖောင်းရစ်မှပြတ်၍ ငုတ်တိုဖြစ်နေသော စေတီတော် ရှိ၏။

စေတီတော်အနီး ခြံထောင့်တွင် အမှိုက်ကျင်းရှိ၏။ ဆက်လျှောက်ပါက မြေစိုက်လေးပတ်လည်ပျဉ်းကတိုးကျွန်းဖြင့် ဆောက်လုပ်ထားသော ခဏ္ဍာသိမ်အား တွေ့ရပေမည်။ သိမ်တော်ကား အရှေ့ဘက်သို့ခေါင်းရင်းထား၍ လေးပင်သုံးခန်းအောက်ထပ်မြေကြီး[illegible]ာရှိပြီး ရှစ်ပေမြင့်သော တစ်ထပ်အဆောက်အအုံ လေးဖက်ရေဆင်း ဖြစ်သည်။

မြေရင်းဘက်တွင် ဆယ်ပေမျှကျယ်၍ ပေ ၃၀ ခန့်အလျားရှိသော ပန်းခြံရှိ၏။ ပန်းခြံဆုံးပါက ကျောင်းကြီးမြေရင်း လှေကားခုံသို့ မရောက်မီ အုတ်စီရေတွင်းတစ်လုံး ရှိသည်။ ရေအောင်လှသဖြင့် တစ်ကျောင်းလုံး ဤရေတွင်းကိုသာ အားကိုးရ၏။

ကျောင်းကြီးမြေရင်း လှေကားအိမ်၏ညာဘက်တွင် ဆွမ်းစားကျောင်းနှင့် မီးဖိုဆောင်ဖြစ်ပြီး ဘယ်ဘက်အားလှေကားအတိုင်းတက်ပါက တိုင်တစ်ရာကျောင်းကြီးပေါ်သို့အရောက် လွန်စွာသပ္ပာယ်လှသော ဘုရားခန်း ကြေးဆင်းတု၊ ကျောက်ဆင်းတု တို့အား ဖူးမြော်ရပေမည်။

ဆွမ်းစားကျောင်း ခေါင်းရင်းမှ မြောက်ဘက်သို့ထွက်သောလမ်းကား ကျောင်းသားတစ်ရာကျော် ဆံ့သော သပြေပင် အစိုးရမူလတန်းကျောင်းလည်း ရှိလေသည်။ လွန်စွာအသင်အပြကောင်း၍ စိတ်ရှည်သော လူပျိုကြီးဆရာဦးအောင်တင်တစ်ယောက်တည်းသာသင်သည်။ (စာရေးသူ မူလတန်းပညာလေးတန်း ထိုကျောင်းမှအောင်ခဲ့သည်။)

❋

နေ့လယ် သုံးနာရီခန့်တွင် စာအံသံ ညံညံရှိနေသောအချိန် ဘကြီးစံခ၊ ကိုရွှေ ကိုသန်းမောင်၊ ကိုအုန်းတင်တို့နှင့် အတူ ဆရာတော်ရှေ့သို့ ရှိခိုးဝတ်ချလျက် ရောက်ရှိ၍လာကြလေတော့၏။

"အဲ, ဒကာကြီးတို့ ထိုင်ကြ၊ အမောဖြေ ရေနွေးသောက်ကြဦး"

"မှန်ပါ သွားနေကျပဲ၊ မောစရာ မရှိပါဘူး ဘုရား"

"အင်း . . . ဘုန်းကြီးကျောင်းကို အရှုးတွေလာခဲတယ်၊ ဘုန်းကြီးပဲ ကျောင်းထိုင်တာ အနှစ်နှစ်ဆယ်ရှိနေပြီ၊ ဒီတစ်ခါ ထူးထူးဆန်းဆန်းဗျာ၊ ပြီးတော့ ညကလဲ ဆန်းဆန်းပြားပြားအိပ်မက်ကမက်သေး၊ အဲဒါ ဘုန်းကြီးစာနဲ့ရေးပြီး စာအိတ်ထဲ ထည့်ပိတ်ထားတယ်၊ ရက်သတ္တပတ် တစ်ပတ်ကြာမှ ဖတ်ကြစို့၊ ကိုရွှေ ခဏလာ"

"မှန်ပါ အရှင်ဘုရား"

ဆရာတော်ကမ်းပေးသော စာအိတ်ရှည်ကြီးအားကိုင်၍ ဘုရားခန်းထဲသို့ဝင်လျက် အလှူခံမှန်ပုံးအား သော့ဖွင့်ပြီးလျှင် ထည့်စေ၍ သော့အားကိုရွှေသို့ အပ်လိုက်လေသည်။

"တပည့်တော် ဘယ်လိုဆောင်ရွက်စေချင်တာလဲ ဘုရား"

"ဒကာကြီးစံ၊ ဒီခဏလာပါဦး"

ဘုရားခန်းကာ မှန်တံခါးများနှင့် ယိုးဒယားကနုတ်ပန်းများဖော်ကျူးထားသည်။ အလှူခံပုံးရှေ့တွင် ဘကြီးစံခအား ဆရာတော် မည်သည့်စကားများအမိန့်ရှိနေသည်ကိုကား ရေနွေးသောက်နေကြသော ကိုအုန်းတင်တို့ အုပ်စုမကြားသိရတော့ပေ။

ခဏအကြာ ဘကြီးစံခ ဘုရားခန်းမှ ထွက်လာပြီးလျှင် . . .

"တပည့်တော်တို့ကို ခွင့်ပြုပါဦး ဘုရား"

"အင်း ကောင်းပြီ ဒကာကြီး"

ဘကြီးစံခတို့အုပ်စု ကျောင်းပေါ်မှ ဆင်းလျက် အုတ်ခင်းလမ်းအတိုင်း ထွက်လာပြီး စေတီတော်ကြီးတည့်တည့်သို့ရောက်သော် . . .

"အစ်ကိုစံခ . . . ဟိုဟာကြီး သွားလေ့လာဦးမှာ မဟုတ်လား"

"မှန်တာပေါ့ ကိုရွှေရာ. . . လာလာ"

လပြည့်၊ လကွယ်၊ အဖိတ်၊ ဥပုသ် တစ်ရွာတစ်လှည့်သန့်ရှင်းရေးများပြုလုပ်ပေးထားသဖြင့် စေတီတော်ငုတ်တိုကား ပြောင်လို့ရှင်းလို့ အရှေ့ဘက်တွင် မုခ်တစ်ခုတင်ပျဉ်ခွေဘုရားတစ်ဆူစီနှင့် မုခ်လေးမုခ်လည်းရှိ၏။ အောက်ဖိနပ်တော် အထက်အဆင့်မှ စသည်မြောက်ဘက်မုခ်ဝဘုရားရှေ့တွင် ပက်လက်တင်ပျဉ်ခိုက်၍ ထူးထူးဆန်းဆန်းအိပ်မောကျနေသော အရူးကြီးအားအားလုံးမြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းတွင် တဘက်တစ်ထည် ပတ်ထားသည်။ အညိုရောင်ပင်နီတိုက်ပုံအကျီကား ဟောင်းနွမ်းလျက် ပုဆိုးစုတ်ဖြင့်ထုတ်ထားသောဘာပစ္စည်းတွေမှန်းမသိရသော ခပ်မည်းမည်းအဝတ်ထုပ်ကြီးအား ခေါင်းအုံးလျက် စိတ်ချလက်ချအိပ်နေပုံကား တကယ့်အရှုးပင်။ အသားအနည်းငယ်လတ်၍ ဘယ်ဘက်မျက်ခုံးပေါ်တွင် ကုလားပဲစေ့ခန့် မှဲ့နက်ကြီးတစ်လုံးကား လွန်စွာကောင်းသောမျက်ခုံးနှစ်ခုနှင့် လိုက်ဖက်သယောင်ပင်။ ဆံပင်ကား ကုပ်ဝဲခန့်ရှည်လျားလျက်။ ဘကြီးစံခက လက်ပြအချက်ပေးသဖြင့် နောက်ကြောင်းပြန်၍ နတ္ထမင်းကုန်းရွာသို့ ပြန်ခဲ့ကြလေတော့၏။

❀

ဘကြီးစံခအိမ်မှ လက်ဖက်ရည်ဝိုင်းတွင် အထက်ပါလူများ ညနေထမင်းစားပြီးချိန် ဆုံကြလေပြီ။

"ကိုရွှေ"

"ဗျာ အစ်ကိုစံ"

"အရူးကြီးကို မင်းဘယ်လိုမြင်ပြီး ဘာတွေထူးထူးခြားခြားမှတ်သားမိလဲ"

"အင်း. . . ဘယ်ဘက်မျက်ခုံးပေါ် မှဲ့နက်ရှိ မျက်ခုံးကောင်း၊ ညာဘက်ခြေခလယ်တစ်ချောင်းပြတ်နေတယ်၊ အသားလတ် ဆံပင်ရှည်ကုပ်ဝဲ အသက် ၅၀ ဝန်းကျင်၊ နှာခေါင်းက နွားနှာခေါင်း"

"ဟား ဟား. . . ဟား ဟား"

"မင်းတို့မရယ်ကြနဲ့၊ ကိုရွှေပြောတာမှန်တယ်၊ အားလုံးကိုခြုံအကဲခတ်ရင် အရူးဖြစ်သွားလောက်တဲ့အခြေခံတလောဘဒေါသကြီးလို့ဆိုတာ ပြောစရာမလိုတော့ဘူး၊ အဲဒါပေမဲ့ မင်းတို့ထင်သလို အရူးအစစ် မဟုတ်ဘဲ အရူးယောင်ဆောင်တဲ့ အကြံသမားဆိုရင် မင်းတို့ ဘယ်လိုလုပ်မလဲ"

"အယ်"

"အာ"

"အို"

"ဟုတ်ပါ့မလား အစ်ကိုစံခ"

"မင်းလဲ သူသွက်သွက်ခါရူးတာ မမြင်ဖူးဘူး၊ ငါလဲ ခုမှတွေ့ဖူးတာ၊ မျက်နှာစိမ်း၊ နေရာယူတာ စေတီပျက်၊ အရူးအစစ်ဆိုလို့ကတော့ ဘာပြဿနာမှမရှိဘူး၊ ငါပြောသလို အကြံသမားလူလိမ်ဆိုလို့ကတော့ မင်းတို့ငါတို့တစ်ကွက်နောက်ကျသွားမယ်၊ အရူးဆိုပြီး လျှော့မတွက်ကြနဲ့၊ ဒီည အစီအစဉ်စမယ်၊ ကင်းပုန်းဝပ်ရမယ်. . .

ကဲ ဓာတ်မီးတစ်ဖွဲ့တစ်လက်ပါပါစေ၊ စကားမပြောရဘူး၊ ဆေးလိပ်မီးမသုံးရဘူး၊ ငါလဲ တစ်ဖွဲ့ပါမယ်၊ ငါ့စကားနားထောင်ပြီး အလုပ်လုပ်ကြ၊ ပြဿနာဆိုတာ အဖြေရှိပြီးသားပါကွာ"

ထိုနေ့ည အရှေ့ဘက်လယ်ကွင်းထဲတွင် ရိုးပြတ်တောမှ နှစ်ယောက်၊ မြောက်ဘက်လယ်ကွင်းအတွင်း ရိုးပြတ်တော၏အနိမ့်ပိုင်းတွင် နှစ်ဦး၊ မူလတန်းကျောင်းခေါင်းရင်းရှိ မရန်းပင်ကြီး ခြေရင်းတွင် တစ်ဖွဲ့၊ စေတီတော်နှင့် ကိုက် ၁၀၀ အကွာ ကျောင်းခြံနှင့်မနီးမဝေးတွင် ဘကြီးစံခအစီအမံဖြင့် ကင်းပုန်းဝပ် စုံစမ်းကြလေတော့သည်။

ပထမ တစ်ည၊ ဒုတိယတစ်ည ဘာသံမှ မကြားကြ။

တတိယညတွင်ကား ခပ်အုပ်အုပ် မာကျောသော အရာဝတ္ထု ထိခိုက်သံ ခပ်သဲ့သဲ့ကြားကြသည်။

စတုတ္ထမြောက်နေ့တွင် ကျောင်းသို့ ဘကြီးစံခ ဆွမ်းအုပ်ပို့သည်။ ဆရာတော်နှင့်အနည်းငယ်စကားပြောသည်။ ပြီးနောက် ကျောင်းသားများနှင့် ထမင်းအနည်းငယ်ဝင်စားလျက် အရူးကြီးအား ခဏကြာမှပေးရန် ကျောင်းသားကြီးအားမှာ၍ မူလတန်းကျောင်းမှပတ်လျက် မြောက်ဘက်မုခ်ဝသို့ ဝင်ကြည့်ရာ တင်ပျဉ်ခွေဘုရားနောက်တွင် သွပ်ပြားလေးပေခန့်နှစ်ချပ်အား ကာထောင်ထားသည်ကို တွေ့ရ၏။

တင်ပျဉ်ကိုယ်တော် နောက်တွင် လူတစ်ယောက် အိပ်နိုင်လောက်သော အကျယ်ရှိ၏။

ဘုရားနောက်တွင် ၎င်းအထုပ်များ ဆင့်လို့စီလို့ စိတ်အထင် အထုပ်တစ်ထုပ်ပိုလာသလိုထင်မိ၏။ အုတ်နီမှုန့်များ ဟိုအနားတွေ့၊ ဒီအနားတွေ့ လက်ဖြင့်စု၍ထည့်ခဲ့ပြီး မြောက်ဘက်ပေါက်မှ ခပ်သုတ်သုတ် လယ်ကွင်းထဲသို့ဖြတ်လျက် နတ္ထမင်းကုန်းရွာသို့ ပြန်ခဲ့လေသည်။

❀

"ကဲ. . . မင်းတို့ အဲဒီအုတ်နီမှုန့်တွေ လေ့လာကြည့်၊ ငါထင်တာမမှားဘူးဆိုရင် မနက်ဖြန် ဒီကောင်လစ်ပြီကွ၊ စောစောလစ်မှာနော်"

"အစ်ကိုစံခ. . . ကျွန်တော်တို့ကို သေချာရှင်းပြပါဦး"

"ဒီမြေနီအုတ်မှုန့်တွေက မြောက်ဘက်မုခ် ဘုရားနောက်က အုတ်ခဲရဲ့ အရောင်ကွ၊ အဲဒီမှာ ဌာပနာတိုက်ရှိတာ ဆရာတော်မိန့်ဖူးတယ်၊ မုခ်ပေါက်တိုင်းရှိတယ်၊ ဘာတွေလဲတော့ငါတို့က အဲဒီတုန်းက ငယ်သေးတော့မသိဘူးပေါ့၊ ကဲ ဒါမသမာသူတွေလက်ထဲ အပါမခံနိုင်ဘူး"

"တောက်, ဒီအရူးတော့ တွေ့ကြသေးတာပေါ့"

"အားလုံး နားထောင်. . . ကိုရွှေ မင်းညီ တိုက်မောင်းဆီသွား၊ ပန်းတောကြီးစစ်တပ်သတင်းပို့၊ မနက်မိုးလင်း ကျောင်းအရောက်လာပါလို့. . . ကဲ စ"

နေ့ပူလို့ ညချမ်း၊ တပေါင်းလဆန်းဟု ခေါ်ဆိုသမုတ်ကြသကဲ့သို့ နေ့ဘက် ပူပြင်းသောနေမင်းကား ညချမ်းအခါ တဖြည်းဖြည်း သန်းခေါင်နားနီးလေ အေးစိမ့်စိမ့်ရှိလေပင်။

အချိန်ကား သန်းခေါင်ကြက်တွန်၍ပြီးသည်မှာ ကွမ်းတစ်ယာညက်ခန့်အကြာတွင် အရူးကြီးရှိရာ မြောက်ဘက်မုခ်မှ ခပ်အုပ်အုပ်အသံများ ရပ်ဆိုင်းသွားလျက် သွပ်ပြားရွေ့သံ အနည်းငယ် ကြားရပြီးနောက် မြောက်ဘက်





www.burmeseclassic.com

www.burmeseclassic.com

မူလတန်းကျောင်းခေါင်းရင်းခြံတံခါးအား ဖွင့်ဟလျက် မည်းမည်းသဏ္ဍာန်ကား ပခုံးပေါ်မှအထုပ်အားလွယ်လျက်ရှိသော ခေါင်းပေါင်းနှင့်သူကား နောက်ကြောင်းသို့ပြန်အလှည့်အကြည့် မည်သည့်နေရာ ကလာမှန်းမသိရသော ဝါးရင်းတုတ်တစ်ချောင်းက တိုမည်းမည်းသဏ္ဍာန်၏ ခြေသလုံးအား ပြင်းထန်စွာ ထိမှန်လေတော့၏။

"ဝှီး ဝှီး ဒေါင် ခွပ်"

"အမယ်လေး. . . အ"

မည်းမည်းသဏ္ဍာန် ပုံလျက်သား ကျသွားသည်နှင့် ဓာတ်မီးခြောက်လက်ထိုးထားသော လူခြောက်ဦး အလယ်တွင်ကား အထုပ်တခြား လူတခြားနှင့် မျက်နှာရှုံ့မဲ့လျက် ခြေသလုံးနှစ်ဖက်အား ပွတ်လျက်ရှိသော အရှုးကြီးအား တွေ့မြင်လိုက်ကြရလေသည်။

❄

မကြာမီအချိန်အတွင်း မျက်လုံးတံဆိပ် အောက်လင်းဓာတ်မီးရောင်အောက် သိမ်ကျောင်းအလယ်မြေပြင်တွင် တိုင်တွင် ကြိုးဖြင့်တုပ်ထားသော အရှုးကြီးကိုလည်းကောင်း၊ စားပွဲတစ်ခုံပေါ်တွင် ၉ လက်မခန့် ရွှေသားစေတီတော်တစ်ဆူ၊ ရွှေပန်းခိုင်ငွေပန်းခိုင်များ၊ စိန်နားကပ်နှစ်ရန်၊ စိန်လက်စွပ်တစ်ကွင်း၊ ရွှေယုတ်းတစ်ကုံး၊ ရွှေထီး၊ ရွှေဆံထိုးတစ်ခုစီ၊ ရွှေဒင်္ဂါးပြား ငါးပြား၊ ငွေဒင်္ဂါး(မြန်မာဒေါင်းဒင်္ဂါး) ၁၅ ပြား၊ အင်္ဂလိပ်ဝေလမင်းသားဒင်္ဂါး ၁၀ ပြား၊ ငွေကွမ်းအစ်၊ ငွေထုံးဘူးတစ်စုံ၊ ရွှေချထားသော ပေစာထုပ်တစ်ထုပ်၊ ရွှေသားဟင်္သာရုပ် (ငါးကျပ်သားခန့်စီ) ၉ ရုပ်၊ ရွှေကြက်ဥ၊ ငွေကြက်ဥနှစ်လုံး၊ ကြေးခွက်တစ်ခုဖြင့် စိန်ဆီးသီးခန့် ၁၂ ပွင့်၊ ပတ္တမြား၁၀ပွင့်တို့အား စုံလင်စေ့ငှစွာ စာရင်းပြုလုပ်၍ ဘကြီးစံခ အပါအဝင် ရွာလူကြီးများ လက်မှတ်ထိုးလျက်။

မိုးလင်းလျှင်လင်းချင်း ပန်းတောကြီးစစ်တပ်မှ တိုက်မောင်းဦးဆောင်သော စစ်သား ၁၀ ယောက် လက်နက်ကိုယ်စီဖြင့် ရောက်ရှိလာလေသည်။ ကျောင်းအဝင်တွင် ဖိနပ်များစနစ်တကျချွတ်၍ထားခဲ့ကြပြီး ငါးယောက်သာ ဝင်လာသည်။

"ဦးလေးစံတို့ကတော့ စံပဲဗျာ"

"အေးကွ၊ အခုဟာက ဘုရားကိစ္စဆိုတော့ ပိုအရေးကြီးတယ်လေ၊ ဒါကြောင့် တွက်ချက်ပြီး ကိုရွှေကို အရင်လွှတ်ရတာ"

"မှန်း. . . ဒီကောင် တစ်ကိုယ်တော်ပဲ၊ ဟိုက် မိုးသီးပါလားဗျာ၊ လူသတ်မှု ဓားပြမှုနဲ့ ပြေးနေတဲ့ကောင် ဦးလေးစံနဲ့တွေ့တော့မှ အဆုံးသတ်တော့တယ် . . . ဟား ဟား ဟား"

ထို့နောက် စာရင်းနှင့်တကွ တရားခံအားလွှဲပြောင်းလက်ခံပြီး ပန်းတောကြီးစစ်တပ်သို့ ခေါ်ဆောင်သွားလေတော့၏။

ဆရာတော်ကျောင်းပေါ်တွင် အလှူခံပုံးထဲမှ ကိုရွှေက သော့ဖွင့်၍ ဘကြီးစံခအား ဖွင့်ဖတ်စေသည်။

"သူတော်စင်တစ်ဦး လာရောက် အိပ်မက်ပေးလျှောက်ထားချက်ကား ဌာပနာသူခိုးရောက်၊ အမိဖမ်း လူသုံးပစ္စည်းထုခွဲ ဘုရားကြီးပြီးစေ"

စာကား ဤမျှသာ။ သာသနာတန်ဆောင်ဆရာတော်ကား မေတ္တာကရုဏာရှေ့ထားဖို့ သတိရှိဖို့ မှာကြားသော်လည်း ဘကြီးစံခအစီအမံ၊ လေ့လာတွေ့ရှိချက်များနှင့် ပေါင်းစပ်၍ သေချာပေါက်တရားခံအား ပစ္စည်းနှင့်တကွ ဖမ်းဆီးလိုက်သည်။ တိုက်မောင်းကား ရာထူးတိုး၍ ဘုရားငုတ်တိုကား စေတီတော်သစ်ကြီးအသွင် ဖူးမြင်ရပေတော့မည်။

❒ ဆန်းဝင်း(အောင်မြေ)

ဤအကြောင်းကို ဆောင်းပါးအသွင် တင်ပြသော်လည်း ဝတ္ထုဆန်ဆန် ရသသွင်းကာဖွဲ့ဆိုရလျှင် သီတင်းကျွတ်လ၏ တစ်ခုသောညနေခင်းဟု အစချီချင်ပါသည်။ မှည့်ဝင်းနေသော ရွှေဝါရောင်စပါးခင်းကို ပြားမျောက်များ အတင်းဝင်ကာ စားသောက်ဖျက်ဆီးတတ်၍ စာရေးသူနှင့် အစ်မကြီး၊ အစ်မငယ်တို့ မောင်နှမသုံးယောက် ပြားစပါးကို မျောက်စားခြင်းမှ ကာကွယ်စောင့်ရှောက်နေကြ၏။ ပြားဟူသော ဒေသဝေါဟာရကို ရှင်းပြရန် လိုအပ်မည်ထင်ပါသည်။

ဆည်မြောင်းတာတမံမဲ့ ဒီရေအတက်အကျရှိသော မြစ်ချောင်းတို့၏ ဝဲယာကမ်းပြင်၌ ကြဲချစိုက်ပျိုးသော စပါးစိုက်ခင်းကို ရခိုင်ဒေသဝေါဟာရဖြင့် ပြားဟု ခေါ်ပါသည်။

ပြား၌ရှိသော မျောက်ညိုကြီးများကို တောင်မျောက်နှင့် ကွဲပြားအောင် ခွဲခြား၍ ပြားမျောက်ဟု ခေါ်ပါသည်။ ထိုပြားမျောက် အန္တရာယ်မှ ကာကွယ်လို၍ စာရေးသူတို့ မောင်နှမသုံးယောက် ပြားစောင့်နေခြင်း ဖြစ်ပါသည်။


သို့သော် သီတင်းကျွတ်ခါနီးနေပြီမို့ စာရေးသူစိတ်က ပြား၌မရှိ။ ရွာသို့ ခဏခဏ ရောက်ရောက်သွားပါသည်။ ရွာတွင် လူကြီးသူမများ ဥပုသ်ရက်ရှည်စောင့်ဖို့ ပြင်ဆင်နေကြပုံ၊ မုန့်လုပ်ရန်အတွက် အုန်းသီး၊ နှမ်း၊ ပဲနှင့် ကောက်ညှင်းဆန်များ စုကြဆောင်းကြ ထုကြထောင်းကြပုံ၊ ရွာဦးကျောင်းတွင် ကိုရင်ကြီး၊ ကျောင်းသားကြီးများ မီးပုံးပျံလုပ်နေကြပုံ၊ အပျိုကြီး (အပျိုခေါင်း





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆောင်)က မောင်းထုပြီး အပို့များကိုခေါ်၊ လူပို့ကြီးကလည်း ဗုံခေါက်ပြီး လူပို့များကိုခေါ်၊ အပို့ လူပို့ စုဝေးပြီး ဝေယျာဝစ္စကုသိုလ်ရေးအတွက်စည်းဝေးတိုင်ပင်နေကြပုံ စသည့် သီတင်းကျွတ်မြင်ကွင်းစုံသာ စာရေးသူ၏ စိတ်အာရုံ၌ ကြီးစိုးနေပါသည်။

အထူးအားဖြင့် စာရေးသူတို့ အရွယ် လူငယ်တွေက ဖြောက်အိုးဖောက်လိုက်၊ ကလိုက်ခုန်လိုက်၊ ရွာထဲလှည့်ပြီး မုန့်တောင်းလိုက်နှင့် သီတင်းကျွတ် အရသာခံကြ၏။ ထိုအရသာကို သတိတရရှိလာ၍ ပြားစောင့်နေရသည်ကို ငြီးငွေ့သလိုခံစားရ၏။

စာရေးသူက ကလေးပီပီ လှေ့လှော်ပြီး ရွာသွားတော့မည် ဆိုလျှင် အစ်မကြီးက . . .

"မောင်လေး မသွားနဲ့ . . . ယောကျ်ားလေး တစ်ယောက်မှမရှိဘဲ မမတို့နှစ်ယောက်တည်းနေလို့မဖြစ်ဘူး၊ အဖေလာတော့မှာပါ"ဟု ပြောပြောဆိုဆိုခေါင်းပွတ်ရင်း ချော့မော့၏။

ထိုသို့ ရွာပြန်ချင်နေသည်ကို အဖေသိများသိနေသလားမပြောတတ်ပါ။ ငါးရှာရာမှ ခပ်စောစောပြန်လာခဲ့ပြီး တဲကိုရောက်သည်နှင့် ချက်ချင်းဆိုသလို -

"ကဲ သီတင်းကလဲ ကျွတ်တော့မယ်၊ သားတို့မောင်နှမရွာပြန်ကြ၊ အဖေကတော့ ဥပုသ်သီလလဲ စောင့်ဖြစ်မှာမဟုတ်ပါဘူး၊ လူမရှိရင် စပါးတစ်စေ့မှ ရလိုက်မှာ မဟုတ်ဘူး၊ ပြားလုပ်ပြီး မျောက်စာကျွေးသလိုဖြစ်မှာ သေချာတယ်၊ သားတို့အမေကလဲ ကျန်းကျန်းမာမာ မဟုတ်ဘူးဆိုတော့ ကဲ သားတို့ ရွာပြန်ကြ၊ အဖေ ပြားစောင့်နေခဲ့မယ်၊ မနက်ကျရင် သားလေးက အဖေ့ကို ထမင်းလာပို့နော်"ဟု ဆိုလာ၏။

စိတ်ကူးနှင့်ရူးနေခဲ့သော စာရေးသူကား . . .

"ဟုတ်ကဲ့"ပင် ဆုံးအောင်မပြောဖြစ်၊ "ဟုတ်"ဟု တိုတိုတုတ်တုတ်ဖြေကာ . . .

"လာ သွားမယ်လေ၊ ဘာလုပ်နေကြတာလဲ"ဟု အစ်မတွေဘက် လှည့်ဟောက်လိုက်သေး၏။ ကိုယ်တိုင်ကတော့ အသင့်ဖြစ်နေပါပြီ။ ဤသို့နှင့် လေးလံနှစ်တောင်ရှည်လျားသည့် သစ်ပုပ်သားလှေကြီးကို စာရေးသူက ပဲ့ကနေ တက်မကိုင်၊ အစ်မနှစ်ယောက်က ဦးပိုင်းကနေလှော်ခတ်ကာ တဲကနေ ရွာသို့ လာခဲ့ကြပါသည်။

ရွာရောက်တော့ ညီလေး မောင်စောနုပါ မောင်နှမလေးယောက်သား ပျော်ဖို့ရွှင်ဖို့၊ မုန့်လုပ်ဖို့၊ လှူဖို့တန်းဖို့ စတင်ပြင်ဆင်ကြ၏။

အမေကား ညီလေးကျော်နိုင်ထွေးကိုမွေးပြီးခါစ မီးတွင်းမို့ ဘာမှမလုပ်နိုင်သေးပေ။ ပျော်စရာရွှင်စရာ စိတ်ကူးနိုင်ဖို့ ဝေးစွ။ ကိုယ့်ဒုက္ခနှင့်ကိုယ်ပင် နေရထိုင်ရ မလွယ်ပေ။

မနက်ပိုင်း အဖေ့ထံ ထမင်းသွားပို့ရမည့်တာဝန်ရှိသေး၍ လွတ်လပ်စွာ ပျော်ရွှင်ခွင့်မရသေးပေ။ အစ်မကြီး ချက်ပြုတ်ပြီးချိန်ကို စာရေးသူစောင့်နေ၏။ ထမင်းဟင်းကျက်တာနှင့် သစ်ပုပ်သားလှေကြီးကို တစ်ယောက်တည်းလှော်ခတ်ပြီး အဖေ့ဆီထမင်းသွားပို့ပါသည်။ မနက် ၁၀ နာရီလောက်မှ တဲရောက်၏။

"အဖေ. . . အဖေ"ဟု အသံစာစာပေးခေါ်သော်လည်း အဖေ့အသံမကြားရ၍ တဲပေါ် ခုန်တက်လိုက်ပါသည်။

တစ်ညဥ့်တာအတွင်း မည်သို့သော ရောဂါဝေဒနာမျိုးကို အပြင်းအထန် အဖေ ခံစားရလေသည်မသိ။ ပျော့ခွေနေသည်ကိုသာ တွေ့ရ၏။ တစ်ညအိပ်ရုံနှင့် လူရုပ်မပေါက်တော့ပါ။

ရပဲရပါတော့မလားလို့ တွေးထင်ရလောက်အောင် ဖြစ်သွားပါ၏။ အသိမကြွယ်သေးသော စာရေးသူပင် ထိတ်လန့်သွား၏။ အမေသာမြင်ရင် တစ်ခါတည်း ရူးသွားနိုင်ပါသည်။

"အဖေ" ဟု အသံမြှင့်ကာ ခေါ် လိုက်ပြီး အဖေ့ကို ပွေ့ဖက်ရင်း. . .

"အဖေ. . . ဘာများ ဘယ်လိုဖြစ်တာလဲ အဖေ" ဟု မေးကြည့်ပါသည်။

အဖေက. . .

"သားလေး. . . အဖေသေချင်သေမှာ၊ အဖေဝမ်းကျတယ် သား၊ ခါးပတ်ဆေးလုံး ဝယ်ပေးလိုက်ပါလို့ သားအမေကိုပြော ကြားလား"ဟု လိုရင်းကိုအားယူပြောပြီး မျက်စိမှေးထားလိုက်ပါသည်။

အဖေ့စကားကြောင့် စာရေးသူစိတ် မည်သို့ ဖြစ်သွားသည်မသိ၊ နှာခေါင်းက တံ့ပြန်ခံစားမှုပေးလာတော့မှ ငါ ငိုချင်တာပဲလို့သိပါသည်။ မျက်ရည်စက်များ အဆက်မပြတ် ခုန်ထွက်ရင်း ဝမ်းနည်းခြင်းအတွက် သက်သေထူနေကြပါသည်။

တွေးရင်း မျက်ရည်ကျရင်းပင် အဖေ့ကို ဆေးတိုက်နိုင်ရန်အတွက် ကလေးအားနှင့်မမျှသော လေးလံနှစ်တောင်ရှိသည့် သစ်ပုပ်သားလှေကြီးကို ရေဆန်လှော်ခတ်ပြီး ရွာသို့ပြန်လာခဲ့ရပါသည်။ ထမင်းဆာဖို့ပင် သတိမရနိုင်ခဲ့ပါ။ စောစောက တွေးတောစီစဉ်ထားသော အပျော်အပါး ကိစ္စများလည်း လေနှင်ခံရသည့် တိမ်ပမာ အဝေးသို့ လွင့်စဉ်သွားကြ၏။

ငါ့အတွက်တော့ ကမ္ဘာတစ်ခြမ်းပြိုတော့မှာပဲလို့ ခံစားရပါသည်။ ရွာရောက်သည်နှင့် အိမ်သို့အပြေးအလွှားသွားပြီး အဖေ့စကားအတိုင်းပြောပြရာ သွေးနုသားနုဖြစ်နေတဲ့ အမေ မျက်လုံးပြူးသွား၏။

ထိုစဉ်က ကာလဝမ်းရောဂါကို စာရေးသူ လုံးဝမကြားဖူး၍ လုံးဝမသိခဲ့ပါ။ အဖေပြောတဲ့ ခါးပတ်ဆေးလုံးကိုတော့ ဒေသဝေါဟာရမို့ အက်ပစလင်တို့လို အရောင်နှစ်မျိုးရောစပ်ပါ ဝင်တဲ့ ဆေးတောင့် (Capsule) ဖြစ်ကြောင်း နားလည်ပါသည်။

ဒီဆေးကို အဖေ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ အဖေသောက်ဖူး



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမရှိ တောင့်တခြင်းလည်းမရှိဖူးပေ။ ခုမှ ထူးထူးဆန်းဆန်းမှာနေ၍ အမေက အခြေအနေကို ရိပ်မိနေဟန် တူ၏။ အဖေ့ဆီ မြန်မြန်သွားရန် အမိန့်ပေးပြီး မီးနေခန်းသို့ ဝင်သွားပါသည်။

ယောက်ဖတော် အောင်ကျော်ဝင်းကို အဖော်ခေါ်ပြီး စာရေးသူတို့ မောင်နှမသုံးယောက် လှေကို ပြင်းပြင်း မြန်မြန်လှော်ခတ်ကာ အဖေ့ဆီသွားကြ၏။ အဖေ့တွေ့ရတော့ အစ်မနှစ်ယောက် ထိန်းမနိုင် သိမ်းမရတော့၍ ငိုချလိုက်ကြ၏။

စာရေးသူက အဖေ့ကိုမချီနိုင်၍ အဖေ့ကိုချီပြီး လှေပေါ် ချရန် ငိုနေသော အစ်မကြီးအား ပြောလိုက်၏။ အောင်ကျော်ဝင်းက တက်မ,ကိုင်၊ စာရေးသူက အဖေ့အနားတွင်ထိုင် အဖေ့ခေါင်းကို စာရေးသူရဲ့ပေါင်ပေါ်မှာတင်ပြီး ခြေဖျားကို ပုဆိုးနှင့်အုပ်ကာ ခြေဖျားလက်ဖျားများ နှိပ်နယ်ပေး၊ ကုပ်ကြောလေးတွေ ဆွဲဆွဲရင်းနှိပ်နယ်ပေးကာ နွေးထွေးပေးပါသည်။ အစ်မ နှစ်ယောက်ကတော့ ငိုရင်းငိုရင်း လှေကိုသာ အပြင်းလှော်ခတ်နေတော့၏။ ခဏအတွင်းမှာပင် အဖေ လန်းဆန်းလာပြီး စကားစ,ပြောလာ၏။ ခုပြန်တွေးကြည့်လျှင် အအေးပတ်သွားသည်ဟု ထင်မြင်ရ၏။ ထိုစဉ်က ဘာမှ မသိခဲ့ပါ။ လျှာတစ်ခုလုံး ဖြူဖွေးနေသည်ကိုလည်း ယနေ့တိုင် မြင်ယောင်နေမိပါသည်။

လူကြီးသူမများ ပြောစကားကို ကြားဖူးနားဝရှိသလောက် အဖေ့အား ဖောက်သည်ချရင်း ကျောင်းကန်ဘုရားစေတီများကို အာရုံပြုရန် မိဘဆရာသမားများကို အာရုံပြု မှန်းဆပြီး ကန်တော့ရန် တရားနှလုံးသွင်းရန် တိုက်တွန်းနေမိပါသည်။

တစ်ဖက်တွင် သံသယအတွေးဝင်လာ၍ အဖေ့နားနားကပ်ပြီး တိုးတိုးလေးမေးကြည့်၏။ သူများတွေလာပြီး အဖေ့ကို တစ်ခုခုများ လုပ်သွားသလားလို့မေးတော့. . .

"ဘယ်သူမှ ဘာမှမလုပ်ပါဘူးသားရယ်" လို့ အဖေကျေနပ်ပြုံး ပြုံးရင်း ညင်သာစွာပြောပါသည်။

တရားစကားပြောရင်း နှိပ်နယ်ပေးလို့ နွေးထွေးမှုကြောင့် ထင်ပါရဲ့။ အဖေမျက်နှာ အတော်လန်းဆန်းလာ၏။ အစ်မနှစ်ယောက်ငိုသံကား မရပ်သေးပေ။ ထို့ကြောင့်. . .

"အဖေသေတာမှ မဟုတ်သေး၊ ဘာလို့ငိုနေကြတာလဲ"ဆိုပြီး ပေါင်းခေါင်တွင်းကနေ လှမ်းဟောက်တော့ အစ်မနှစ်ယောက် ကပျာကယာ မျက်ရည် သုတ်ကြ၏။

ရွာရောက်ရင် ကုလားထိုင်နှင့် တင်ပါလို့ အဖေတောင်းဆိုလာ၍ မော်တော်ဆိပ်မှာ လှေကပ်လိုက်သည်နှင့် အစ်မနှစ်ယောက် ကုလားထိုင်သွားယူကြ၏။ ဆွေမျိုးများ ဝိုင်းအုံလာကြ၏။ အဘွားကြီး နှစ်ယောက်သုံးယောက် စောင့်နေ၍ အမေကား လာခွင့်မရ။ လင်သား ဒုက္ခရောက်နေစဉ်မှာ ကိုယ်တိုင်က မီးနေဒုက္ခကို အန်တုနေရသော အမေ မည်သို့ခံစားရမည်ကို စာရေးသူ မတွေးတတ်ပါ။ ဇာတ်လမ်းဇာတ်ညွှန်းသဘောနှင့်ပြောရလျှင် လင်ကို သေအောင်ရိုက်နှက်နှိပ်စက်နေပြီး မယားကို နောက်ပြန်ကြိုးတုပ်ထားသည်နှင့်တူ၏။

"အဖေ ကုလားထိုင် ရောက်ပြီ" လို့ စာရေးသူ အသိပေးလိုက်ရာ အဖေ့ဘာသာ ပေါင်းကိုင်းဆွဲကိုင်ပြီး အားယူကာ ကုန်းထလိုက်ပါသည်။

စာရေးသူ အမှားလား၊ အဖေ့အမှားလားမခွဲခြားတတ်တော့ပါ။ ရလဒ်ကတော့ အဖေလျှာထွက်ပြီး မျက်ဖြူပြန်သွားပါသည်။ အားမရှိလို့ အမောဆိုက်သွားခြင်း ဖြစ်မည်ထင်ပါသည်။ ကုလားထိုင်ပေါ်တွင် လျှာထွက်ပြီး မျက်ဖြူပြန်နေသော အဖေ့ကိုကြည့်ပြီး ရွာသားများက စာရေးသူကိုပြောခဲ့သော ဝမ်းကျတယ်ဆိုတဲ့ စကားကို တကယ်ပဲဟု မှတ်ချက်ချသွားကြဟန် တူ၏။ အားလုံး မျက်နှာမသာယာကြပေ။

အချိန် အတော်ကြာနေ၍ အခြေအနေကို သိလိုသောအမေကား မီးတွင်း၌ မနေသာဘဲ သံယောဇဉ်ခြေလှမ်းများနှင့် ကမန်းကတန်းရောက်လာပါသည်။ မြင်ကွင်းကိုအကဲခတ်ပြီး ချက်ချင်းပင် အမေ ဆုံးဖြတ်လိုက်၏။

"ဟေ့ မောင်နီ. . . နင့်အစ်ကိုကို အိမ်ရောက်အောင်တင်ဟေ့" ဟု လှမ်းပြောလိုက်ပါသည်။

အမေ့စကားရိပ်တွင်. . .

"ဒီအတိုင်းဆိုရင် အိမ်မရောက်ဘဲ သေသွားနိုင်တယ်. . ." ဟူသော အဓိပ္ပာယ် ပေါ်လွင်နေပါသည်။

ဒီနေရာတွင် အသက်ထွက်သွားပါက အံလောင်းကောင်အား ရွာကြောလျှောက်ပြီး သယ်ယူဖြတ်သန်းခွင့်မရှိဟူသော ရပ်ဓလေ့ရွာဓလေ့ ဂါမပညတ်အရ ချောင်းထဲမျှောလိုက်ရတော့ပေမည်။

အမေ့စကားကြောင့် နှာနှပ်မနေတော့ဘဲ အိမ်သို့ထမ်းတင်ကြ၏။ လှေဆိပ်တွင် လှေချည်ပြီး အလျင်အမြန် အိမ်ပြန်လာခဲ့သော်လည်း အလာကောင်းပေမယ့် အခါနှောင်းလေတော့၏။ ဟစ်အော်ငိုကြွေးသံများက စာရေးသူအားခြေလှမ်းများ ရပ်တန့်သွားစေပါသည်။ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက် မကွေးမီ၊ ထွက်လေ မဝင်မီ၊ ဝင်လေ မထွက်မီ အသက်ထွက်သွားနိုင်၏။

သေခြင်းတရားက တံခါးခေါက်ကာ ဝင်လာတတ်၏။ အနိစ္စသဘော၏ အဆုံးသတ်ရာ မရဏစက်ဝိုင်းကား မွေးလာသူတိုင်း ရောက်ရသည့်ခရီးသာတည်း။ မခံနိုင်ပျက် မပျက်နိုင်ခံ ဝဋ်ထုံးစံပင်မဟုတ်ပါလော။

ဤသို့ ဘုရားဟောခြင်းသည် သွေးထွက်အောင်မှန်ကန်၏။

စာရေးသူ အတွက်တော့ နေတစ်စင်းဝင်သွားချေပြီ။ မျက်စိတစ်ဖက် ဆုံးရှုံးသွားပေပြီ။ အဖမဲ့သား တိုင်ကို မြှောင်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

အတွေးနှင့် အိမ်ပေါ်တက်လာပြီး အဖေ့အနားသွားမလို့ ခြေလှမ်းနေတဲ့ စာရေးသူအား အစ်မနှစ်ယောက် ပြိုင်တူဆွဲပြီး ဖက်ငိုလိုက်ကြသည်မှာ မည်သို့သော သံစဉ်ဟု အမှတ်မထင်နိုင်အောင်ပါ။

သို့သော် စာရေးသူ မျက်ရည်မကျသေးဘဲ အဖေ့ကို စိုက်ကြည့်၏။

သတိဝင်လာဟန်ရှိသော အဖေက ကုလားထိုင်ပေါ်ကနေ မငိုကြရန် လက်ကာပြနေပါသည်။ ဒူးခေါင်းနှစ်လုံး သိသိသာသာလှုပ်လာပါသည်။

ထို့ကြောင့် စာရေးသူက. . .

"အဖေမသေသေးဘူး၊ မငိုကြ နဲ့ ခုနက လက်ကာပြတယ်၊ ဒူးလဲလှုပ်တယ်"လို့ ပြောတော့မှ မျက်ရည်သုတ်ပြီး တွေတွေလေး ငေးကြည့်နေကြ၏။

အဖေ သက်သောင့်သက်သာရှိစေရန် စာရေးသူ တောင်းဆို၍ ကုလားထိုင်မှချကာ လဲလျောင်းပေးကြ၏။ အဖေ့မှာ ထွက်လေ ဝင်လေ ပျောက်ကွယ်နေ၍ အချို့က သေပြီဟုဆိုကြ၏။ ထိုသို့ဆိုစဉ်မှာ အဖေပြုံးပြလာ၍ သေရှင်ဆုံးဖြတ်ဝံ့သူ မရှိတော့ပေ။

စာရေးသူ ပြန်ပြောတဲ့ အဖေ့စကား ဝမ်းသွားတယ်ကို ကာလဝမ်းရောဂါထင်နေသူများက လူမှုရေးအရလာကြသော်လည်း ဖင်ပူအောင်မထိုင်လိုကြ။ မြေမြှုပ်သင်္ဂြိုဟ်ရန်သာ စိုင်းပြင်းနေကြ၏။ တွေးမိတိုင်း စိတ်နာပါသည်။

နောက်ဆုံးတော့ ရွာမျက်စိသဖွယ် သတ်မှတ်ပြီး အများလေးစားသည့် ဦးမြဘန်းအား သေရှင်ဆုံးဖြတ်ရန် သဘောတူတာဝန်ပေးကြပါသည်။ အဘိုးမြဘန်းသည် အဝတ်စတစ်ခုကို မီးရှို့ပြီး မီးတောက်ငြိမ်းသွားတော့မှ အဖေ့နှာသီးဝတွင် ကပ်ထားပါသည်။ ပြာလည်းမလွင့် မီးခိုးလည်းမလွင့်၍ ထွက်လေဝင်လေမရှိတော့ရကား သေပြီဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုစဉ်က စာရေးသူမှာ ကလေးမို့ ကာလဝမ်းရောဂါကိုပင် မကြားဖူး၍ ရောဂါလက္ခဏာ၊ ထိုရောဂါရှင်၏အခြေအနေတို့ကိုသိရန် ဝေးပါသည်။ နောက်တော့မှ ကာလဝမ်းရောဂါ ဖြစ်လျှင် တစ်ခါ နှစ်ခါဆို သေကြောင်း၊ မစင်အညစ်အကြေး တစ်ကိုယ်လုံးပေကျံနေကြောင်း၊ ကိုယ့်ဘာသာ မသန့်ရှင်းနိုင်ကြောင်း သိလာရပါသည်။

ထိုစဉ်က ထိုအသိရှိလျှင် ကန်တော့ပါရဲ့. . . ရွာလူကြီးများ နွားဖြစ်သွားအောင် စာရေးသူ ပြောတတ်ပါသည်။ ပြောလည်းပြောဝံ့ပါသည်။ ဤသို့နှင့် သေရှင်အတိအကျပင် မသိရသေးခင်မှာ အဖေ့အား မြေမြှုပ်လိုက်ကြပါသည်။

သို့သော် ဤဆောင်းပါး၌ မကျေနပ်ခြင်း၊ ဝမ်းနည်းခြင်းများကို တင်ပြလိုရင်း မဟုတ်ပါ။ ဆရာဝန်မရှိ ဆေးဝန်ထမ်းမရှိဘဲ အသက်မွေးနေရသော တောနေလူတန်းစားများအကြား ဤပြဿနာမျိုးကြုံတွေ့လာလျှင် လူကြီးသူမများ ဆင်ခြင်ရာ၌ အထောက်အကူပြုနိုင်စေရန်၊ လူငယ်များ မှတ်သားထားနိုင်စေရန် ရှင်လျက် အသက်မရှုသူ စာရင်းကိုသာ တင်ပြလိုရင်းဖြစ်ပါသည်။

အဖေ့လို မသေဘဲ မြေမြှုပ်မခံရစေလိုတဲ့ စေတနာရင်းတွင် စာရေးခြင်းအတတ်ပညာကို ပေါင်းစပ်ခြင်းမျှသာ ဖြစ်ပါသည်။

မှန်၏၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ (စာ-၉၇)၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (စာ-၂၇၅)၊ ပါရာဇိကကဏ် အဋ္ဌကထာ ဒုတိယတွဲ (စာ-၂၇) တို့တွင် လောက၌ အသက်မရှုသူ ခုနစ်ဦးကို ထုတ်ပြထားပါသည်။

၎င်းတို့မှာ . . .

၁။ အမိဝမ်း၌ ကိန်းအောင်းနေရသော သန္ဓေသားကလေး၊
၂။ ရေငုပ်သူ၊
၃။ သတိမေ့နေသူ၊
၄။ သေသူ၊
၅။ စတုတ္ထဈာန်ဝင်စားသူ၊
၆။ ရူပပြဟ္မာ၊ အရူပပြဟ္မာကြီးများ၊
၇။ နိရောဓသမာပတ်ဝင်စားသူ တို့ ဖြစ်ပါသည်။

ဖော်ပြပါ ခုနစ်ဦးတို့တွင် အမှတ်လေးပြ သေသူမှတစ်ပါး ကျန်ခြောက်ဦးတို့ကား ရှင်လျက်အသက်မရှူ၊ ထွက်လေဝင်လေ မဲ့နေသူများ ဖြစ်ပါသည်။

ထိုသူများကို မြေမြှုပ်ပစ်၍ မသင့်တော်ပါ။

မသေဘဲ မြေမြှုပ်သင်္ဂြိုဟ်လျှင် လူသတ်မှု ကျူးလွန်ခြင်းပင် ဖြစ်ပါသည်။

ရုပ်မလေ့ရွာခလေ့ ထုံးတမ်းစဉ်လာ ဂါမပညတ်အရ လူသတ်မှုက ကွင်းလုံးကျွတ် လွတ်နိုင်သည့်တိုင် ကမ္မနိယာမသဘောအရပါဏာတိပါတအကုသိုလ်မှ ကင်းလွတ်ခွင့်မရှိပေ။

ထို့အပြင် မသေဘဲမြှုပ်၍ ဝိပါကဝဋ် နောက်ကကပ်လျက် လိုက်လာတတ်၏။ လွတ်ရိုးမရှိပါ။ ထိုအကြောင်းကို ဓမ္မပဒ တယောဇနဝတ္ထု၌ နအန္တလိက္ခေ န သမုဒ္ဒမဇ္ဈေစသည်ဖြင့် ဘုရားဟောပြ၏။

၎င်းဟောပြောချက်ကိုပင် မန်လည် ဆရာတော်ဘုရားကြီးက မဃဒေဝ မဟာသုတကာရီလင်္ကာသစ် (စာ-၆၂)၌ "နဘော ဥမင်၊ ပင်လယ်ပြင်၌၊ အောင်းဝင်ပုံတက်၊ ကံဝိပါက်မှ၊ လွတ်ကွက်လွတ်ရာ၊ မရှိစွာခဲ့"ဟု စပ်ဆိုပြထားပါသည်။

ပါဏာတိပါတ အကုသိုလ်ဆိုးကျိုးနှင့်တကွ ဝိပါကဝဋ်လိုက်ကြပါစေဟု ကျိန်ဆိုသည် မဟုတ်။ ဖြစ်တတ်လိုက်တတ်ပါသည်။ ထို့ကြောင့် ထိုသို့မဖြစ်ရအောင် ဤအခြေအနေမျိုးတွေ့ရပါက ဘာသာရေးအသိဖြင့် အနှစ်သာရရှိရှိ ဖြေရှင်းနိုင်ကြပါစေဟူ၍သာ။

❒ မောင်ဉာဏ်လင်း(တောင်တုတ်)





www.burmeseclassic.com

www.burmeseclassic.com

# ဘိသိက်တော်

ကိုအေးမြင့် [မဟာဝိဇ္ဇာ၊ ရှေး—သု]



၁၅ ရာစုခေတ်က ဆင်နွှဲခဲ့သည့် စိန့်ဩဂတ်စတင်း၏ ဘာသာရေးဘိသိက်ပွဲပန်းချီကား

'ဘိသိက်' (Abhiseka) ဟူသော စကားလုံးကို မြန်မာမှုနယ်ပယ်တွင် မကြာခဏ ကြားနေရသော်လည်း သိသလိုလိုနှင့် မသိ၊ မသိသလိုလိုနှင့် သိနေ၏။ ရေဖျန်း၊ ရေဆေး (Sprinkling of water)ခြင်းမင်္ဂလာဟု ဘိသိက်သွန်းခြင်းကို တွေးမိလိုက်သေးသည်။

သို့ဖြင့် ဦးဟုတ်စိန်၏(ပါဠိ-မြန်မာအဘိဓာန်)တွင် ရှာကြည့်မိသည်။ ဘိသိက်(ပါ-အဘိသေက)-ဘုန်းတန်ခိုး ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ အောင်မြင်မှု ရရှိစေရန်၊ မွန်မြတ်သန့်စင်သော ရေတို့ကို ခရုသင်းတွင် ထည့်သွင်းကာ ဦးခေါင်းထက်မှ သွန်းလောင်းခြင်းဟု ဖော်ပြထားပါသည်။ ဘိသိက်သည် သက္ကတဘာသာ(Sanskrit)အရ Abhis.eka - ("sprinkling")ရေဖျန်းခြင်းပင် ဖြစ်သည်။

ထို့နောက် ဦးဟုတ်စိန်၏ (အများသုံး မြန်မာ-အင်္ဂလိပ်-ပါဠိ အဘိဓာန်)(The Universal Burmese English Pali Dictionary)တွင် ဆက်လက်ရှာကြည့်မိသည်။

- ဘိသိက်၊ ဘိသေက
  (anointment, consecration) အဘိသေက (ပ)၊
- ဘိသိက်ခံသူ (an anointed person)
  အဘိသိတ္တ (ပ)၊
- ဘိသိက်ဆရာ (master of ceremonies)
- ဘိသိက်ဆက်၏၊ ဘိသိက်ပေး၏၊
  ဘိသိက်မြှောက်၏၊
  ဘိသိက်သွန်း၏ (consecrates)၊
- ဘိသိက်မြှောက်ခြင်း
  (inauguration to kingship, coronation)၊
  ရဇ္ဇာဘိသေက (ပ)၊
- ဘိသေကမင်္ဂလာ
  (The ceremony of anointment)ဟု

တွေ့ရှိလိုက်ရသည်။ ဒီတွင် သက်ဆိုင်ရာ အင်္ဂလိပ်စာလုံးများကို ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့မှ စီစဉ်သော "အင်္ဂလိပ်-မြန်မာ အသံထွက်အဘိဓာန်"၊ စီဒီရွှန်တွင် ဆက်လက်ရှာကြည့်ရပြန်သည်။ (anoint-V)ကို ဘာသာအယူဝါဒအရ အခမ်းအနားတစ်ရပ်အဖြစ်. ဆီဖြင့်လိမ်းသပ်ဘိသိက်မြှောက်သည်၊ (consecrates-V)ကို ဘာသာရေးကိစ္စအတွက် လှူသည်၊ သမုတ်သည်၊ ဆက်ကပ်သည်၊ ခန့်အပ်သည်၊ မြှုပ်နှံသည်၊ (inauguration-V)ကို ရာထူးအပ်နှင်းသည်၊ အခမ်းအနားဖြင့်ဖွင့်လှစ်သည်၊ (coronation-N)ကို နန်းတက်ပွဲစသဖြင့် ဘာသာပြန်ဆိုထားကြသည်။ ထို့နောက် ထိုအဖွဲ့မှပင်ထုတ်ဝေထားသော "မြန်မာ-အင်္ဂလိပ်အဘိဓာန်"တွင် ဆက်လက်ရှာဖွေရာ . . .

- ဘိသိက်ပန်း (n-(1) flower befitting to grace a ceremonial sprinkling of water, (2) a- sweet sultan, Centaurea moschata; (b) cornflower- Centaurea cyanus)၊ ရေသွန်းဘိသိက်ခံရာတွင် သုံးသောပန်းနှင့် အလေ့ကျပေါက်သည့် အပင်ငယ်မှပွင့်သည့် အပြာရောင် ပန်းပွင့်များကို ဘိသိက်ပန်း ဟုခေါ်ကြောင်း တွေ့ရှိရပြန်၏။

လောကသာရ ပျို့တွင်ကား "ဆေးပေဦးခေါင်း၊ ဘိသိက်လောင်း၍"ဟု ပါရှိပါသည်။

'ရဟန်းမှာ သိက္ခာ၊ မင်းမှာ ဘိသိက်၊ သူတော်စင်သည် မဖိတ်ကျင့်ရိုး၊ မြတ်အမျိုး' ဟူသော စကားအတိုင်း ရဟန်းသံဃာတို့တွင် သိက္ခာတော် အရေးပါသကဲ့သို့၊ မင်းဧကရာဇ်များတွင်လည်း ဘိသိက်တော်ခံရန် အရေးကြီးသည်ဟု ရှေးက ယူဆခဲ့ကြလေ၏။

ဗုဒ္ဓဘာသာအလေ့အရ ဘိသိက်သွန်းခြင်းမှာ ရေ (သို့) အရည်တစ်မျိုးမျိုးဖြင့် လောင်းချကာ မကောင်းမှုအညစ်အကြေးများကို သန့်စင်ခဝါချသော သဘောဆောင်သည်။ ယင်းသည်ပင် ရှေးဟောင်းအိန္ဒိယ နန်းသိမ်းပွဲဓလေ့များမှ အခြေခံလာခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

နန်းတက်ပွဲအခမ်းအနားတွင် သမုဒ္ဒရာလေးစင်းမှ ရေစင်များကို ရွှေကရားတွင် ထည့်ကာ နန်းမွေဆက်ခံကာ မင်းအဖြစ် ဘိသိက်ပွဲခံရန် ထိုင်တော်မူနေသည့် မင်း၏ ခေါင်းထက်သို့ လောင်းချရသည်။ တန္တရစ်(Tantric) ဗုဒ္ဓ ဘာသာအယူဝါဒတွင် ဘိသိက်ပွဲသည် လျှို့ဝှက်နက်နဲသော နိမိတ်များကိုလည်း ဆောင်နေလေ၏။ မြန်မာမင်းများ လက်ထက်အဆက်ဆက်တွင် သာသနာတော်ကျမ်းဂန်လာပုံ၊ ဟိန္ဒူကျမ်းဂန်လာပုံများမှ ပေါင်းစပ်ရောနှော၍ ဘိသိက် တော် ၁၄ ပါး ရှိခဲ့သည်။ တရားသဖြင့် ကျင့်ကြံအုပ်ချုပ် ပါမည်ဟု ဝန်ခံကတိသစ္စာဆို၍ ခံသော-မုဒ္ဓါဘိသိက်နှင့် အခြားဘိသိက် ၁၃ မျိုးရှိရာ၊ မုဒ္ဓါဘိသိက်သည် အရေးကြီးဆုံး ဖြစ်ပေသည်။

မုဒ္ဓါဘိသိက်မှာသာ မင်းနှင့် ပြည်သား ပြည်သူတို့ သည် အပြန်အလှန် ခံဝန်ကတိစကားထား၍ အုပ်ချုပ်ရခြင်း ဖြစ်သည်။

*ဘိသိက်တော် ၁၃ ပါး -----*

(၁) ခတ္တိယဘိသိက်(ခတ္တိယာဘိသေက) -
မင်းရိုးမင်းအစစ်ကို မင်းမြှောက်သောဘိသိက်၊

(၂) ရာဇဘိသိက်(ရာဇာဘိသေက) -
မင်းမြှောက်သောဘိသိက်၊

(၃) သကလာဘိသိက်(သကလာဘိသေက) -
တိုင်းပြည်နိုင်ငံအေးချမ်းသာယာစေရန် ခံယူသော ဘိသိက်၊

(၄) ဝိဇယာဘိသိက်(ဝိဇယာဘိသေက) -
တိုင်းပြည်သာယာစေရန် ရန်အောင်မြင်ရေးအတွက် ခံယူသောဘိသိက်၊

(၅) ဇေယာဘိသိက်(ဇေယာဘိသေက) -
စစ်အောင်ရန် ခံသောဘိသိက်၊

(၆) သီရိပဝေသနဘိသိက်(သီရိပဝေသနာဘိသေက) -
ဘုန်းကျက်သရေတိုးရန် ခံယူသောဘိသိက်၊

(၇) မဟာဘိသိက် - စည်းပွားချမ်းသာတိုးစေရန် ခံသော ဘိသိက်၊

(၈) မင်္ဂလာဘိသိက် - ဆင်ရတနာ သိမ်းသည့်အခါ ခံသောဘိသိက်၊

(၉) ဝိဝါဟဘိသိက် - ထိမ်းမြားလက်ထပ်သောအခါ ခံယူသောဘိသိက်၊

(၁၀) ဒွါရာဘိသိက် - နန်းများ၊ မြို့များသိမ်းသည့်အခါ ခံသောဘိသိက်၊

(၁၁) အာယုဒီဃဘိသိက်(အာယုဒီဃဘိသေက) -
သက်တော်ရှည်ရန် ခံသောဘိသိက်၊

(၁၂) ဥပရာဇဘိသိက်(ဥပရဇ္ဇာဘိသေက)-
အိမ်ရှေ့မင်းအဖြစ်နှင်းသည့်အခါ ခံသောဘိသိက်၊

(၁၃) မဟေသီဘိသိက် - မိဖုရားကြီးမြှောက်သည့်အခါ ခံသောဘိသိက်တို့ ဖြစ်ကြသည်။

ရွှေဘိုမင်းလက်ထက်၊ ဦးကင်တော်ဖွင့် အခမ်း အနားတွင် မြောက်နန်း၊ အလယ်နန်း၊ အနောက်နန်း မိဖုရား များနှင့် ဗန်းမော်မြို့စားမိဖုရား၊ မင်းကင်းမြို့စား မိဖုရားတို့ကို မဟေသီဘိသိက် မြှောက်ခဲ့သည်။

*ဘိသိက် ၁၄ ပါး တေးထပ် ------*

ထိုဘိသိက် ၁၄ပါးကို နှုတ်တက်ရရန်စပ်ဆိုထားသော တေးထပ်မှာ ---

"<u>ခတ္တိယာ</u>၊ <u>ရာဇ</u>နှင့်၊ မင်းမြှောက်ပ နှစ်ဖြာ၊
<u>ဝိဇယ</u>၊ <u>ဇေယာ</u>ရယ်၊ စစ်အောင်ရာနှစ်ဝ၊
ထိမ်းမြားအံ့-<u>ဝိဝါဟာ</u>၊ တိုင်းသာယာ ငြိမ်းဖို့-<u>သကလ</u>၊
ဆဒ္ဒန်သိမ်း-<u>မင်္ဂလာ</u>၊ ပွားချမ်းသာ <u>မဟာ</u>တ၊
နန်းသိမ်းရန်-<u>ဒွါရ</u>နှင့်၊ အိမ်ရှေ့သ-<u>ဥပရာဇာ</u>၊
တရားလာ ကျင့်ငှါမြွက်ပါလို့၊
ဦးထိပ်ထက် သွန်းစိုက်-<u>မုဒ္ဓါ</u>၊ <u>သီရိပဝေသနာ</u>မှာ
သစ်ဖြာဖြာ ကျက်သရေသွင်းတာမို့၊
သက်ရှည်ခြင်း-<u>အာယုဒီဃာ</u>၊
မင်းတို့၌သာ၊ မြှောက်တင်သဒေဝီမှာမူ၊
<u>မဟေသီ</u>သာ-မှတ်သားတော့လေး။ ။
ဟုဖြစ်ပါသည်။

*မုဒ္ဓါဘိသိက်ခံယူခြင်း -------*

မုဒ္ဓါဘိသိက်(မုဒ္ဓါဘိသေက)(anointment on the head)မှာ ဘာသာအယူဝါဒအရ ဦးခေါင်းထက်သို့ ရေဖြင့် သွန်းလောင်းကာ ဘိသိက်ခံခြင်း ဖြစ်သည်။ 'ထိုကဲ့သို့ အယူ ရှိကြသည်မှာ ဗုဒ္ဓသာသနာတော်ကို ယုံကြည်သူတို့မလေ့ထုံးစံ ပင်တည်း'ဟု ပုဂံဝန်ထောက်မင်း-ဦးတင်က 'မြန်မာမင်း အုပ် ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ရာဇသတ် ခေါ်သော အမိန့်တော်တမ်းကြီး'တွင် ဆိုထားလေသည်။

သို့သော် ဘိသိက်တော်အခမ်းအနား စီရင်ပုံမှာ သာသနာတော်ကျမ်း၊ သက္ကတကျမ်း ၂မျိုးပင် ပါဝင်နေသည်။ ရတနာသုံးပါးကိုလည်း ရှိခိုးပူဇော်ရသည်၊ ဟိန္ဒူအယူဝါဒမှ လာသော နတ်များကိုလည်း ရှိခိုးပူဇော်ရသည်။ ရဟန်းသံဃာ များလည်း ပါရသည်။ ပုဏ္ဏားများလည်း ပါရသည်။ သို့ဖြစ်ရာ အယူဝါဒဓလေ့နှစ်ခု ရောထွေးနေပေသည်။

*မုဒ္ဓါဘိသိက်မခံသော်------*

မုဒ္ဓါဘိသေကမခံယူပါက၊ 'ဧကန်စင်စစ် မင်းမမည် ထိုက်၊ တံဆိပ်နာမံ မခံထိုက်၊ မဟာရာဇာဟူသော ဝေါဟာရ



www.burmeseclassic.com

www.burmeseclassic.com

ကို မရထိုက်၊ များစွာသော မင်းတို့၏ ဘုန်းတန်ခိုးတို့သည် မလာမရောက်၊ ခမ္မိကဓမ္မရာဇာဖြစ်သော မင်းတရားတို့ အဆက်အနွယ် ပဝေဏီထုံးစံမတည်၊ မင်းတစ်ပါးတို့ မနိုပ်စက်အပ်သော ထုံးစံကိုမရ၊ ဆိုလတ္တံ့သော အကျိုးငါးပါးနှင့် မပြည့်စုံ'ဟူ၍ ဘိသေကစာတမ်းက ဆိုထားလေသည်။

*မုဒ္ဓါဘိသိက်ခံမှသာ ------*

မင်းဖြစ်သည့်အခါ မုဒ္ဓါဘိသိက်ခံမှသာ သာသနာတော်ကိုပြုစုနိုင်၏။ သိမ်မြေအမိန့် ပေးပိုင်သည်။ လွှတ်တက်၍ တရားစီရင်ပိုင်သည်။ ပြည်သူတို့လုပ်ခွန်ကို အမှန်အကန် တောင်းခံပိုင်သည်။ နိုင်ငံသာယာသည်ဟု အယူရှိကြသည်။

*မုဒ္ဓါဘိသိက်ခံရခြင်း အကျိုးငါးပါးကား ------*

မုဒ္ဓါဘိသိက်ခံရခြင်းအကျိုးများမှာ "၁-အသမ္ဘိန္နခတ္တိယအစစ်ဖြစ်ခြင်း၊ ၂-မင်းကျင့်တရား၌တည်ခြင်း၊ ၃-ပြည်သူပြည်သား သတ္တဝါများအား ရင်ဝယ်သားကဲ့သို့ ချစ်ခင်သဖြင့် အကျိုးစီးပွားကိုအလိုရှိခြင်း၊ ၄-အနီးအဝေးအထူးအခြားမရှိ သတ္တဝါများ၌ ချမ်းသာစီးပွားဖြင့် ထပ်တူထပ်မျှ မေတ္တာရှိခြင်း၊ ၅ - ပြည်သူပြည်သားသတ္တဝါများကို ချစ်ခင်မြတ်နိုးကြသဖြင့် ဆုတောင်းဆုယူစောင့်ရှောက် လုံခြုံစေအပ်သည်ဖြစ်ခြင်း ငါးပါးတည်း"ဟု ဆိုပါသည်။

"မုဒ္ဓါဘိသိက်၏အစွမ်းအားဖြင့် များစွာကုန်သော မင်း၏တန်ခိုးတို့သည် ရောက်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူကား မုဒ္ဓါဘိသိက်ဖြင့် အဘိသိက်ကိုခံယူခြင်း၏ ကုသိုလ်ပုည ဖြစ်သောကြောင့်၊ ထိုကုသိုလ် ပုညသည်လည်း မင်္ဂလာဖြစ်သောကြောင့် ထိုပုညမင်္ဂလာဖြင့် အလိုရှိအပ်သောအကျိုးကိုပြီးစေအပ်သည်"ဟုလည်း ဖော်ပြချက်များ ရှိလေသည်။

*'ရာဇသေဝက' -------*

ထိုစကားမှန်၏။ ကုသိုလ်အစရှိသော ရာဇဓမ္မကို ဆောက်တည် အဓိဋ္ဌာန်ခြင်းသည်သာ မုဒ္ဓါဘိသိက်မည်၏ဟူ၍ 'ရာဇသေဝက'မှာ ဖော်ပြသည်။

မုဒ္ဓါဘိသိတ္တ သာမညာ၊ ဒွေရာဇာနော ဣမေသိယုံ၊ မုဒ္ဓါ ဘိသေတ္တောတိဝိညာတော၊ ဣတရောတိသေကော။


**အနက်ကား။** ။ မုဒ္ဓါဘိသိတ္တ သာမညာ-မုဒ္ဓါဘိသိတ္တမင်း၊ သာမညမင်းအားဖြင့်၊ ဒွေ-နှစ်ပါးကုန်သော၊ ဣမေ ရာဇနော-ဤမင်းတို့သည်၊ သိယုံ-ဖြစ်ကုန်၏။ တတ္ထ-ထိုနှစ်ပါးတို့တွင်၊ သေကော-ဦးထိပ်၌သွန်းလောင်းအပ်သော၊ အဘိသိက်ရှိသောမင်းသည်၊ မုဒ္ဓါ ဘိသေတ္တောတိ-မုဒ္ဓါဘိသိတ္တမင်းဟူ၍၊ ဝိညာတော-ထင်ရှား၏။ အသေကော-ဦးထိပ်၌မသွန်းလောင်းအပ်သော မင်းသည်၊ ဣတရောတိ-သာမညမင်းဟူ၍၊ ဝိညာကော-ထင်ရှား၏။

*'ဝိနည်းအဋ္ဌကထာ' ------*

ဝိနည်းအဋ္ဌကထာ၌ကား 'အယံပိ ဝိသုဂါမေ ဟောတု၊ ဟိပရိစ္ဆိန္ဒိတွာ ရာဇကာဿစိ ဒေတိ'ဟုလာသည်။ မုဒ္ဓါဘိသိက်ခံသောမင်းပေးမှ ဝိသုံဂါမဖြောက်သည်ဟု၊ ဝိနယဂုဠတ္ထဒီပဏီမည်သော ဝိနည်းဂဏ္ဌိပုဒ်၌ ဆိုထားသည်။ မုဒ္ဓါဘိသိက်ပင်မခံသော်လည်း သတ်ခြင်းဖြတ်ခြင်း၌ ပိုင်ထိုက်လျှင်၊ ဝိသုံဂါမ ပေးထိုက်၏ဟုလည်း သိမဝိသောဓနကျမ်းများ၌ဆိုသည်။

*'သုတ္တနိပါတအဋ္ဌကထာ' -----*

သုတ္တနိပါတအဋ္ဌကထာ၌ကား 'မုဒ္ဓါဘိသိက်ဖြင့် ဦးထိပ်နှိုက်သွန်းလောင်းခြင်းရှိသော မင်းမည်သည်၊ တရားဆုံးဖြတ်



အင်္ဂလန်နိုင်ငံမှ ပဉ္စမမြောက်ဂျော့ဘုရင်နှင့် မေရီမိဖုရားတို့ အိန္ဒိယပြည်၊ ဒေလီမြို့တွင် ၁၉၁၁ ခုနှစ်က ကျင်းပသည့် ဘိသိက်ခံပွဲ



www.burmeseclassic.com

www.burmeseclassic.com

ရာ ရွှေလွှတ်တော်သဘင်မှူး ဖြစ်ကိုရွှေတော်နန်းတော်၌ ပူဇော်ခံသည်။ သို့ဖြစ်ရာ ဦးထိပ်၌ အဘိသိက် မသွန်းအပ်သော မင်းတို့မှာ နေလိုလျှင်နေရ၊ မနေလိုလျှင် မနေရ ဟူသော အဓိပ္ပာယ်ကို ဆောင်လေသည်။ မုဒ္ဒါဘိသိက်မခံဘဲ တရားလွှတ်သဘင်၌ မနေအပ်ဟုတော့ မယူဆအပ်ပေ။ အမှန်အကန် တရားဆုံးဖြတ်ခြင်းသည်ကား နတ်ပြည်ရောက်ကြောင်း ကုသိုလ်ပင်တည်း။

'ဓမ္မာသောကမင်းကား တစ်မိဝမ်းခေါင်း၊ အောင်းတော်မူဖက်ဖြစ်သော ညီတော်တိဿကိုထား၍၊ နောင်တော်ကိုးကျိပ်ကိုးယောက်ကို အသေသတ်ကာ လေးနှစ်တိုင်တိုင်ပြည်ထဲရေးကို သုတ်သင်ပြီးမှ သာသနာတော် ၂၁၈ နှစ်ရောက်သောအခါ အဘိသိက်သွန်းသည်နှင့် တစ်ပြိုင်နက်အထက်တစ်ယူဇနာ၊ အောက်တစ်ယူဇနာ အာဏာချင်းလျက်၊ ဇမ္ဗူဒိပ်ကျွန်းလုံးကိုပိုင်သော ဧကရာဇ်အဖြစ်သို့ ရောက်တော်မူ၏'ဟု 'မဟာဝင်'မှာလာသည်။ မုဒ္ဒါဘိသိက် ခံပြီးနောက် မတရားသောအမှုကိုမပြုရ၊ တရားသောအမှုကိုပြုသောကြောင့် ကုသိုလ်အကျိုးပေးသည်ဟု ဆိုလိုသည်။

ထိုစကားရပ်များမှာ သာသနာတော်ကို လိုလားသက်ဝင်သူတို့က မုဒ္ဒါဘိသိက်ခံသောမင်းကို အလိုရှိသောအကြောင်းတည်း။

***မုဒ္ဒါဘိသိက်ခံနည်းအစီအစဉ် ------***

မုဒ္ဒါဘိသိက်ခံနည်း အစီအစဉ်မှာ သာသနာတော်ကျမ်း၊ လောကီသက္ကတကျမ်းများမှာ လာသည့်အတိုင်း၊ ရဟန်းပညာရှိတို့သည် ညှိနှိုင်းတိုင်ပင် စီရင်ခန့်ထားခြင်းဖြစ်သည်။ ညောင်ရမ်းဆက်မှာ သာလွန်မင်း၊ ရွှေဘိုဆက်မှာ အမရပူရ သမြို့တည်မင်း၊ မြေဝတီမှာ ဒသရာဇာမင်းတို့ ပုဒ္ဓါသဘောကိုလိုက်မှု၍ မြေရုပ်ပါမင်းလက်ထက်တိုင်အောင် ဆိုင်ရာဆိုင်ရာ လိုက်နာကြသည်။ အကျယ်သိလိုမူ ညောင်ရမ်းဆက် ဆရာတော်တို့ သွင်းစာ၊ အမရပူရ ပထမ မြို့နန်းတည် မင်းတရားလက်ထက်၊ ပထမ-ပညာက္ကမဒီမဏီ၊ ရခိုင်ပညာရှိ ကဝိကျော်လျှောက်ထုံး၊ မြန်မာရာဇဝင်၊ ရခိုင်ရာဇဝင်များနှင့် ဘိသိက်ခံစာတမ်းများတွင် ကြည့်ရှုနိုင်ပေသည်။

ဘိသိက်ခံစာတမ်းများတွင် မင်းဖြစ်ပြီးနောက် ငါးနှစ်မြောက်မှာ မုဒ္ဒါဘိသိက်ကို ခံရမည်ဟူ၍ ပါရှိသည်။ သာသနာတော်ကျမ်းဂန်များမှာ မဟာဇနက၊ ကုသ၊ နိဂြောဓ၊ ဝေဿန္တရာစသောမင်းများသည် မင်းမြောက်စအခါကပင် မုဒ္ဒါဘိသိက်ခံသည်။ သီရိဓမ္မာသောကမင်းမှာ မင်းဖြစ်ပြီးနောက် ငါးနှစ်မြောက်မှမုဒ္ဒါဘိသိက်ခံသည်။ သီရိဓမ္မာသောကမင်းသည် မူလက ဗုဒ္ဓသာသနာကိုယုံကြည်သူမဟုတ်၊ ထိုသို့ဖြစ်၍ သာသနာတော်၊ သက္ကတကျမ်း နှစ်မျိုး ရောနှောနေသတည်း။

***ဘိသိက်ခံနည်းရကန် -------***

"နွယ်မြစ်စဉ်လာ၊ မြတ်ရာဇာတို့၊ စကြာရောက်ရာ အကြောင်းပေ၊ ပရမေဘုန်းသမ္ဘာ၊ မဟာဇနိန် သာကိန် ဧကရာသို့၊ ကြီးကျယ်စွာ မင်းတံဆိပ်၊ ဘိသိက်တော်ခံ၊ တိုင်းနိုင်ငံကို၊ စိုးစံကွပ်ညှပ်နှိပ်၍၊ လူတို့ထိပ်ရွှေစဉ်လာ၊ ဘိသိက်သွန်းရိုး၊ မော်ကွန်းထိုးသည်၊ မင်းမျိုးမြတ်ကညာနှင့်၊ လက်ယာရစ်ခရုသင်း၊ မင်းတို့သုံးရ၊ ပြဟ္မဏလည်း၊ မူလသိက္ခာ၊ ကျမ်းအမှာကို၊ မှီရာကျင့်ရိုး၊ ဘိတိုးဆင်းသက်၊ အဘိသိက် ဆက်မှန်ရာ၏။

ဂင်္ဂါငါးရပ်ရေ၊ စီးထွေမပြန်၊ ဝဋ္ဋံကြာမျိုး၊ မညှိုးပန်းသပြေနှင့်၊ ညွန့်ဝေမြတ်နေဇာ၊ ရေသဖန်းပျဉ်၊ ယှဉ်သည်နံ့သင့်ရာနှီက်၊ ပန်းစုံစွာ သစ်လေးပင်၊ တောင်-မြောက် လေးရပ်၊ တင့်အပ်စိုက်ထားကျင်မှ၊ စစ်အင်္ဂါလေးပါးခင်း၊ ပုဏ္ဏား



အိန္ဒိယနိုင်ငံမှ ရှေးရိုးရာထုံးတမ်းစဉ်လာ ဓလေ့များကို လိုက်နာလုပ်ဆောင်နေသော ပုဏ္ဏားများ



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မျက်မှောက်ခေတ် မြန်မာ့ရိုးရာ ဝိဝါဟ-
ထိမ်းမြားမင်္ဂလာဘိသိက်ပွဲ

ငါးရာ၊ ဖြူစွာ ခရုသင်းနှင့်၊ သဲတလင်း ညီညွတ်ရာ၊ ဂင်္ဂါ မြစ်ကမ်း၊ ပွဲလမ်းမလပ်၊ မဏ္ဍပ်သုံးဆောင်မှာလည်း၊ ဖြူဝါနီ ဆင်စရိုး၊ ငှက်ပျော-ကြံ-အုန်း၊ ပင်လုံးသီးပင်၊ ဝန်းကင် ရေ ပြည့်အိုးနှင့်၊ မညိုးသပြေ၊ ရွက်ဝေ ဒန်းဆက်သွား၊ ခရား ခက်ဆိုင်၊ စကားလှိုင်၍၊ သင်းကြိုင်စေကြောင်း ထားမှု ဖြောင့် မမှားသည်၊ တရားနိုက်လိမ္မာ၊ အမတ်သဒ္ဓေး၊ ဘိသေး ရိုးမှန် စွာနှင့်၊ မင်္ဂလာအခါ နက္ခတ်ကောင်း။

ပညာမြော်မြင်၊ ရေမြေ့ရှင်လည်း၊ ဝုဏ်လျှင် အသိ၊ ဂတိ ၄ ပါး၊ တရား တည့်စေကြောင်းတည့်၊ ရှေးဟောင်းကျမ်း အလာ၊ မညီယုတ်ထတ်၊ ပေါ့ပျက်မရှိသောခဲ့၊ ကြီးတေဇာ ကျွန်းလုံးမိုး၊ ဘိသိက်ခံပြီး၊ သစ္စာကြီးသည်၊ စောထီးမင်း ကောင်းမျိုးတို့၊ ဆိုရိုးရှေးအမှာ၊ ကိုယ်၏အသက်၊ ပရွက်ပုန်း နှလုံးမခြားသာတည့်၊ သတ္တဝါကို မေတ္တာထုံခွေရစ်၊ ညွန့်သစ် တက်လေကျက်သရေကြောင့်၊ ဖြိုးဝေ လူ-နတ်ချစ်၏။

လေးပါးအပြစ် ရှင်းရှင်းကွာ၊ 'ပြည်သူလုပ်ခွန်' မလွန် စားတို့ရာသည်၊ မဟာနွယ်မြစ် ဘုန်းပွင့်သစ်"

သည်တွင် 'ပြည်သူလုပ်ခွန်'ဟူသော စကားသည် ပြည်သူဆင်းရဲသားတို့ လုပ်ဆောင်ဖြစ်ထွန်းရရှိသော အမြတ် အစွန်း၊ အတိုးအပွား ဆိုသောစကားကို အကျဉ်းချုပ်၍ 'လုပ်ခွန်'ဟု သုံးထားခြင်း ဖြစ်သည်။ သမ္မတမင်းတင်မြောက် စဉ်အခါကပင်၊ ပြည်သူတို့ လုပ်ဆောင်ဖြစ်ထွန်းသော သစ်ပင် များ၊ တိုးပွားရရှိသော အသီးအနှံများတွင်၊ ဆယ်နှံတစ်နှံ၊ ဆယ်လုံးတစ်လုံး၊ ဆယ်ခိုင်တစ်ခိုင် ပေးရန်ယူရန် ခံဝန်ကတိ ရှိခဲ့သဖြင့်၊ လိုက်နာကြသော အပြန်အလှန်ထုံးစံပင် ဖြစ်၏။

***ဘိသိက်ခံအခမ်းအနားတွင် ပါဝင်ကြသူများ -------***

ဘိသိက်မခံမီကစ၍ နန်းဆောင်ရပုံ၊ ရေခပ်ရပုံ၊ နတ် များ၊ ဘီလူးများ အတုအပပါရပုံတို့မှာ လွန်စွာကျယ်ဝန်းလှပေ သည်။

ဘိသိက်ခံအခမ်းအနားတွင်လည်း သံဃာရဟန်းများ၊ နတ်၊ ပုဏ္ဏားများ ရောနှောပါဝင်နေကြပေသည်။

ဘိသိက်ခံ အခမ်းအနားအလုံးစုံ ပြီးကုန်လတ်သော်၊ ပြည့်ရှင်မင်းကြီးသည်ကား ဗြဟ္မာမင်းတို့ တန်ဆာကိုဆင် တော်မူ၍၊ မိဖုရားသော်လည်း နတ်မင်း၏မိဖုရားကဲ့သို့ နတ် တန်ဆာကိုဆင်တော်မူလျက်၊ ရတနာထမ်းစင်၌ ရှင်ဘုရင်နှင့် မိဖုရားကြီး အတူစီးတော်မူလျက် ထွက်တော်မူလေသည်။

မင်္ဂလာမဏ္ဍပ်သို့ရောက်တော်မူလျှင် သာသနာပိုင် ဝိနည်းဓိုရ်နှင့် ပုရောဟိတ် တစ်ဆယ့်နှစ်ပါးတို့သည် မြတ်စွာ ဘုရားဟောတော်မူခဲ့သော ပိဋကတ်တော်ကို ဆောင်ယူလာ ခဲ့၍၊ သီဟာသနမဏ္ဍပ်၌ ထားကြလေ၏။ ပြီးသော် သံဃာ တော်တစ်ရာ့ရှစ်ပါးတို့က ပရိတ်တော်ကို ရွတ်ဆိုရလေသည်။

ပြည့်ရှင်မင်းကြီးလည်း မောရာသနမဏ္ဍပ်၌ ရေချိုး တော်မူ၍၊ ဂဇာသနမဏ္ဍပ်တွင် ခေါင်းဆေးတော်မူ၏။ ပြီးမှ 'ဗုဒ္ဓဥ္စ ဓမ္မဥ္စ သံဃဥ္စ သရဏဂတော ဥပါသကတ္တံဒေသတိ၊ သက္ကျပုတ္တဒေသတိ၊ သက္ကျပုတ္တသာသနသနော၊ သဒ္ဓါရဏ မုပေဟိတိ' စသောဂါထာကို မင်းကြီးရွတ်တော်မူ၍၊ သီဟာ သနမဏ္ဍပ်အလယ်၌ ရွှေဖြင့်ပြီးသော ရေသဖန်းပျဉ်ဝယ်၊ မင်းမိဖုရား စုံညီစံတော်မူလေသည်။ နတ်ပူဇော်ရသည်များ လည်း ရှိပေသေးသည်။

***ဘိသိက်ခံအခမ်းအနားမှ ဝိဋ္ဌာန်ကတိများ -------***

ဘိသိက်ခံအခမ်းအနားတွင် ရှင်ဘုရင်၊ မိဖုရားကြီး တို့နှင့် နိုင်ငံနေသူတို့သည် အပြန်အလှန် ဝိဋ္ဌာန်ကတိများ ရှိရလေသည်။ ဘိသိက်သွန်းသူတို့က တရားနှင့်အညီ မင်း ပြုရန်၊ ခံဝန်ကတိ တောင်းကြလေသည်။ ထိုအခါတွင် မင်း သမီး ရှစ်ယောက်တို့သည် ဆန်းကြယ်သော တန်ဆာကို ဆင် ကြလျက်၊ မင်းရှေ့ တူရူနေလေ၍၊ နဝရတ်စီသော လက်ယာ ရစ် ခရုသင်းကို ကိုင်ပြီးသော်၊ ဂင်္ဂါငါးရပ်ရေကို စုံစွာထည့် လျက်၊ လက်နှစ်ဖက်စုံ၍ ကောင်းမွန် ရိုသေစွာ မင်းကြီး ဦးခေါင်း၌ စိုက်ရလေ၏။

ထိုအခါ မင်းသမီးရှစ်ယောက်တို့သည် . . .

"အရှင်မင်းကြီး၊ ရှေးဦးစွာ ကမ္ဘာအစ၌ ဖြစ်သော မဟာသမ္မတ မင်းကောင်းမင်းမြတ်တို့ ကျင့်တော်မူသော တရားကို၊ မြဲစွာ ကျင့်ဆောက်တည်တော်မူပါလော့။

အရှင်မင်းကြီး၊ ခပ်သိမ်းသော ပြည်ထောင်မင်းတို့ကို အမျက်မလွန်စေခြင်း၊ ခပ်သိမ်းသောသူတို့ကိုအား ရင်တော် သားအမျှ ချစ်သနားခြင်း၊ ခပ်သိမ်းသောသူတို့ အသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ ထင်မှတ်ခြင်းပြုပါလော့။

အရှင်မင်းကြီး၊ လောဘဒေါသတို့၏ ပိတ်ပင်ခြင်းကို ကင်းစေ၍၊ အဝိဇ္ဇာ မိုက်မဲစွာသော မောဟတရားကို လင်း တော်မူပါလော့။ အရှင်မင်းကြီး၊ ကျက်သရေရှိသောအမှုကို



www.burmeseclassic.com

www.burmeseclassic.com

သာပြုခြင်း၊ ကျက်သရေရှိသော စကားကိုသာဆိုခြင်း၊ ကျက်သရေရှိသော လုံ့လအကြံကိုသာ ကြံခြင်းတို့ကို ပြုတော်မူပါလော့"

ဟူသော စကားတို့ကို ဆိုလေ၍ မင်းကြီးထိပ်၌ ဘိသိက်ရေကို သွန်းကုန်၏။

တစ်ဖန် ဘိသိက်မင်္ဂလာတော်မှ အမျိုးမှန်သော ပုဏ္ဏားရှစ်ယောက်တို့သည် ဂင်္ဂါ ငါးရပ်ရေကို လက်ယာရစ်ခရုသင်း၌ ထည့်ပြန်၍ လက်နှစ်ဖက်ကိုစုံလျက် ကောင်းမွန်ရှိသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ပြန်လေ၏။

"အရှင်မင်းကြီး၊ ဣတိပိသော၊ သွက္ခာတော၊ သုပ္ပဋိပန္နော၊ ဂုဏ်တော် သာသနာတော် ပွင့်လင်းအောင်ပြုပါလော့။ အရှင်မင်းကြီး၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား ကိုယ့်သားနှင့်အမျှ ချစ်ခင်ခြင်း၊ ပြည်သူတို့၏အကျိုးစီးပွားကို ကိုယ်တော်၏စီးပွားကဲ့သို့၊ ခပ်သိမ်းသော သတ္တဝါတို့၏ ဇီဝိတိန္ဒြေအသက်ကို ကိုယ်တော်၏ အသက်ကဲ့သို့ စောင့်ရှောက်တော်မူပါလော့။

အရှင်မင်းကြီး ခပ်သိမ်းသောပြည်ထောင်မင်းတို့အား အမျက်မလွန်ခြင်း၊ တရား၌စောင့်ခြင်း၊ ပညာရှိစကားကို နာလွယ်ခြင်း၊ အမျိုးစောင့်ခြင်းများကို မြဲမြံစွာ စောင့်ထိန်းတော်မူပါလော့"

ထိုစကားကို ပုဏ္ဏားရှစ်ယောက်တို့ ဆိုပြီးသော် မင်းကြီးထိပ်၌ ဘိသိက်ရေကို သွန်းရလေ၏။

ထို့နောက်မှ အမျိုးအရိုးမှန်သော သူဌေးသူကြွယ်ရှစ်ယောက်စီတို့သည်၊ ခရုသင်း၌ ဂင်္ဂါ ငါးရပ်ရေကို ထည့်ပြန်၍ လက်နှစ်ဖက်ကိုစုံလျက် ကောင်းမွန်ရိုသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ပြန်ရလေ၏။

"အရှင်မင်းကြီး၊ ခပ်သိမ်းသောသူတို့အား ကိုယ်တော်၏အသက်ကို စောင့်သကဲ့သို့ စောင့်တော်မူပါလော့။

အရှင်မင်းကြီး၊ ခပ်သိမ်းသောသူတို့၏စီးပွားဥစ္စာကို ကိုယ်တော်၏စီးပွားကဲ့သို့ စောင့်ထိန်းခြင်း၊ ပြည်ထောင်မင်းတို့အားအမျက်မလွန်ခြင်း၊ ပြည်သူ့ဥစ္စာ အခွန်ဘဏ္ဍာခံယူရာ၌ တရားနှင့် လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရားမသိပြိန်ဖျင်းသွမ်းသွပ်သောသူတို့ကို ရှောင်ကြဉ်ခြင်း၊ လိမ္မာသောသူတို့၏ စကားကို နာလွယ်ခြင်းများ ပြုတော်မူပါလော့"

ထိုသို့ ဆိုပြီးသော် မင်းကြီး၌ ဘိသိက်ရေကို သွန်းလေ၏။ ထို့နောက်တစ်ဖန် သူဌေးသူကြွယ်တို့က. . .

"အရှင်မင်းကြီး၊ အကျွန်ုပ်တို့ သွန်းလောင်းသောရေစက်ကို ခံတော်မူ၍၊ အကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်ဆောင်တော်မူ၍ ပြည်သူလုပ်ခွန် ဆယ်ဖို့တစ်ဖို့ ခံယူစားသုံးတော်မူ၍၊ မင်းကြီး၏ စည်းကမ်းကို ခံဝန်ပြီးသော်၊ ပြည်သူပြည်သားများအား တရားသဖြင့် စောင့်ရှောက်တော်မူပါလော့။

အရှင်မင်းကြီး၊ ကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စုပ္ပန်-သံသရာ နှစ်ဖြာအကျိုး တက်တိုးလျက်၊ တက်သစ်သောနေ၊ ဆန်းသစ်သောလကဲ့သို့ တစ်နေ့တစ်ပါး ကျက်သရေတော်ပွင့်လင်း၍ ပြည်ထောင်မင်းအပေါင်း ဦးခေါင်းညွတ်လာ သဒ္ဓါပြည့်ဖြိုး၊ သူခိုးဓားပြ၊ ဆုယူနေ့တိုင်း ကောင်းကြီးပေးလျက်၊ သက်တော်ရာကျော် စံတော်မူရသည်ဖြစ်စေသော၊ ယင်းသို့မဟုတ် အကျွန်ုပ်တို့ စကားအတိုင်း မတည်၊ မင်းကောင်းမင်းမြတ်တို့ ဝန်ခံသော ဘိသိက်သစ္စာပျက်ပချေသော်၊ ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ ပြောင်ပြောင်တောက်လောင်ကြေညက်၊ သူပျက်သူလောင် ထောင်ထောင်ထားထား ခိုးသားတန္တ၊ စသည်တွေတွေ၊ နေ-လ တမ်းခွန်၊ ငှက်ပျံငှက်ယုတ်၊ စုန်းဖုတ်တစ္ဆေ၊ နန်းထက်နေ၍၊ မွှေမွှေလှန့်ခြောက်၊ မြွေဟောက် ငန်းကျား၊ တက်၍စားသည်ဖြစ်စေသော်"ဟု မြန်မာစကားနှင့် လျှောက်ကြား ရွတ်ဆိုတော်မူပြန်လေ၏။

ပါဠိဘာသာမှာ "သစေတွံ အမှာကံ ဝစနာနု ရူပေနရဇ္ဇ ကိရိသာတိ၊ ဣစ္စေတံ ကုလသလံ၊ နေစေကရိဿတိ၊ တဝမုဒ္ဓါ သတ္တဓါဖလတိ"ဟုလာသဖြင့်၊ (ကျွန်ုပ်တို့ဆိုသောအတိုင်း မင်းပြုသော် ကောင်း၏။ ထိုသို့ မပြုခဲ့သော် အရှင်မင်းမြတ်၏ဦးခေါင်းသည် ခုနစ်စိတ်၊ ခုနစ်ဖြာ ကွဲစေသတည်း) ဟု ဆိုလိုသည်။

***ဘိသိက်ခံသူမင်းက တရားနှင့်အညီ မင်းပြုရန်၊***
***ခံဝန် ကတိပေးစကား မြွက်ကြားရပုံ ------***

ထို့နောက်တွင်ကား ရှင်ဘုရင်သည် ရွှေကရားနှင့် ရေစင်သွန်းတော်မူ၍ -----

"ဒါန အထူးထူးသောအလှူကို ပေးတော်မူကာ ဤသို့သော မင်းကေရာဇ်အဖြစ်ကို ရတော်မူပြီ။

ပြည်သူ လူ-ရဟန်းတို့ စီးပွားချမ်းသာကို ရှာတော်မူအံ့သော၊ ပြည်သူတို့လုပ်ခွန် ဆယ်ဖို့တစ်ဖို့ကိုသာ ပဝေဏီထုံးစံအတိုင်း မပိုမလွန်ခံယူအံ့သော၊ တရားနှင့်လျော်စွာလည်း ငါဆုံးမအံ့သော၊ သာသနာတော်၏အညစ်အကြေး၊ ဘေးရန်မှတစ်ပါး၊ ရဟန်းရှင်လူ ပြည်သူသတ္တဝါတို့၏စည်းစိမ်နှင့် ဇီဝိတိန္ဒြေများကို၊ ငါ့ရင်တော်ဘွား သားတော်သမီးတော်များနှင့် မခြား၊ အလားတူ ကြည်ဖြူအံ့သော၊ ငါ၏ကိုယ်တော်လည်း ရောဂါခပ်သိမ်းကင်း၍၊ သက်တော် အလွန်ရှည်လိုသော၊ ရန်မာန်ခပ်သိမ်းကိုလည်း အောင်လိုသော၊ ဆင်ဖြူရတနာ ရောက်စေသော"ဟု မိဋ္ဌာန်စကားကိုလည်းမိန့်တော်မူရသည်။

ထိုသို့ မိန့်တော်မူပြီးမှ မင်းသား၊ မင်းသမီး၊ မင်းဆွေမင်းမျိုး၊ မှူးကြီးမတ်ရာ၊ စော်ဘွားစော်ကန်၊ ပြည်သူလူထုအပေါင်းသည် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် တို့ဖြင့် ပူဇော်၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"သက်တော်အလွန်ရှည်စေသော၊ ဘုန်းတော် အလွန်ကြီးစေသော၊ ဆင်ဖြူများစွာ၊ ရတနာခုနှစ်ပါးတို့သည် ရောက်စေသော၊ တိုင်းကား နိုင်ငံတော်လည်း ကျယ်စေသော၊ သာယာစေသော" ဟူ၍၊ ရွတ်ဆိုကြွေးကြော် ပူဇော်ရသည်။

မိဖုရားကြီးကိုလည်း မင်းသမီးတို့က ရွတ်ဆိုမြွက်ဆို ဘိသိက်သွန်းရသည်။ မဒ္ဒီမိဖုရားကြီးကို မင်းသမီးများက ဘိသိက်သွန်းသည့်အလား ဖြစ်၏။ 'မင်းသမီး၊ မင်းသား၊ ပြည်သူတို့ကို တရားနှင့်အညီ၊ ရင်ဝယ်ဖြစ်သော သားနှင့်မခြားအလားတူ စောင့်ရှောက်မည်'ဟူ၍ မိဖုရားကြီးက ဆိုရသည်။

ထို့နောက် ရတနာသုံးပါး၊ ဂြိုဟ်ကိုးပါး၊ သိကြား-ဗြဟ္မာ-စတုလောကပါလာ-ဘုမ္မစိုး-ရုက္ခစိုး-အာကာသစိုး-သာသနာတော်ကို စောင့်သောနတ်-ကိုယ်တော်မြတ်၌ စောင့်သောနတ်-သမာဓိနတ်တို့အား လက်တော်ဖြင့် ပူဇော်တော်မူရသည်။ ပြီးသောအခါ မုနောလင်ပန်း၌ အမြိန်အရသာတို့ကို စားတော်ခေါ်ကြပြီးမှ ရွှေပလ္လင်ထက် စံနေတော်မူကြ၏။

အထူးထူးသော ကချေသဘင်၊ သီခြင်းကခြင်းတို့ဖြင့် ကြီးစွာသော သဘင်တော်ကို ခံတော်မူ၏။ မင်းသားမင်းမြေး၊ မင်းဆွေမင်းမျိုး၊ မှူးကြီးမတ်ခိုင်တို့ကိုလည်း ထီး၊ စည်၊ သင်းကျစ်၊ စလွယ်၊ အဆောင်အယောင်အမည်၊ မြို့ပြကျေးရွာတို့ကိုပေးတော်မူသည်။ ဗိသုကာ၊ လက်သမားအပေါင်းတို့အားလည်း များစွာသော ဆုလာဘ်တို့ကို ပေးတော်မူသည်။

ပြည်တွင်းပြည်ပ၌ ရှိသော စေတီ၊ ပုထိုး၊ ရုပ်တု၊ ဆင်းတု၊ အရိယာ သံဃာတို့အားလည်း ကြီးစွာသောအလှူကို စီရင်တော်မူ၍ ခုနစ်ရက်လည်အောင် လှူတော်မူသည်။ တိုင်းကားနိုင်ငံတော်အပေါင်း၌ရှိသော ပုထိုးဘုရား၊ အရိယာ သံဃာသီလဝန်တို့အားလည်း အထူးထူးသော အဖွယ်အရာ၊ ပရိက္ခရာရှစ်ပါးစီ စီရင်တော်မူ၍ လှူတော်မူသည်။

*ဘိသိက်ပုဏ္ဏားအင်္ဂါရှစ်ပါး --------*

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်ထုတ်၊ ဦးပဏ္ဍိ၏ 'မဉ္ဇူတီရာဇဝင်သစ်'တွင် ဘိသိက်ခံယူရာတွင် ပါဝင်လုပ်ဆောင်ရသော ပုဏ္ဏားတို့၏ အင်္ဂါရပ်ရှစ်ပါးကို ဖော်ပြထားပါသည်။

၁။ အင်း၊ မန္တန်၊ ဆေး၊ ပယောဂ၊ ဟူးရား၊ ဗေဒင်တို့ကို မဆောင်ရွက်ခြင်း၊
၂။ ရေမချိုးမီ ဆေး-ကွမ်း-ထမင်းတို့ကို မစားခြင်း၊
၃။ တူရသိန်နှင့်စလွယ်ကို ကိုယ်က မကွာခြင်း၊
၄။ ရာသီရောက်သောမိန်းမ၊ မီးနေမိန်းမတို့နှင့် မရောစပ်ခြင်း၊
၅။ လင်သေ၊ လင်ကွာမိန်းမကို အိမ်ထောင်ဖက်မပြုခြင်း၊
၆။ သား-ငါး၊ ငါးပိ မစားခြင်း၊
၇။ လှည့်လည်သွားလာ၍ တောင်းစားမှု မပြုခြင်းနှင့်
၈။ ပရိတ်မင်္ဂလာကို ပီသစွာ ရွတ်ဖတ်တတ်ခြင်းတို့ ဖြစ်လေသည်။

*ဘိသိက်ဖြိုင် -------*

မြန်မာနိုင်ငံတွင် ပဒေသရာဇ်စနစ် ပျက်သုဉ်းခဲ့ပြီးမှ နန်းတက်ပွဲများတွင် ဘိသိက်သွန်းရန်လည်း မလိုတော့ပေ။ သို့ရာတွင် လက်ထပ်မင်္ဂလာပွဲများ၌ ဘိသိက်သွန်းခြင်းတော့ ရိုးရာဓလေ့ထိန်းသိမ်းလိုသော အသိုင်းအဝိုင်း၊ ငွေကြေးတတ်နိုင်သူများကြားတွင် ရှိနေပါသေးသည်။ ထို့ပြင် မြန်မာပြည်အထက်ပိုင်း၊ စစ်ကိုင်း၊ မန္တလေးစသည့် အညာဒေသများတွင် ရှင်ပြုရဟန်းခံပွဲများ၌ ဘိသိက်သွန်းခြင်းများ ထည့်သွင်းပြုလုပ်လေ့ရှိပါသည်။ ထိုအခါ အချို့သောရှင်ပြုပွဲများတွင် ဘိသိက်ဆရာ တစ်ဦးထက် ပို၍ငှားရမ်းကာ အပြိုင်အဆိုင်ဟောပြောအားပြိုင်စေတတ်ပါသည်။ ထိုသို့ ဘိသိက်ဆရာနှစ်ဦး အပြိုင်ဟောပြောဘိသိက်သွန်းခြင်းကို ဘိသိက်ဖြိုင်ဟု ခေါ်ကြလေသည်။ ဘိသိက်ခံပွဲများသည် ဗုဒ္ဓဘာသာ အယူဝါဒနှင့် ဟိန္ဒူဗြဟ္မဏ အယူအဆများ ရောထွေးနေတတ်သော်လည်း ထိုပွဲများတွင် ဘိသိက်ဆရာတို့သည် ဘုရားဟောတရားတော်များ၊ ဇာတ်တော်များ၊ မြန်မာဓလေ့ တေးသီချင်း၊ ကဗျာ၊ လင်္ကာများကို ရွတ်ဆိုဟောပြောကြရလေရာ မြန်မာ့ဓလေ့ တစ်ခုလည်း ဖြစ်နေပေသေးသည်။

• သို့ဖြစ်ရာ ဘိသိက်စာ၊ဘိသိက်ဟောကြားချက်များကို ကွက်စိပ်၊ စာဟောများကဲ့သို့ပင် ဆုပ်ကိုင်ပြ၍ မရသော (intangible)ယဉ်ကျေးမှုအမွေ အနှစ်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားသင့်သည်မှာတော့ အမှန်ပင် ဖြစ်ပေတော့သည်။ ။

❒ ထိုအေးမြင့်(ဓာတုဗိဇ္ဇာ၊ဓမ္မေ-၁)

စာကိုး။

(Encyclopaedia Britanica 2012)
(ဦးဟုတ်စိန်၊ အများသုံး မြန်မာ-အင်္ဂလိပ်-ပါဠိ အဘိဓာန်၊ The Universal Burmese English Pali Dictionary)
(ပုဂံဝန်ထောက်မင်း-ဦးတင်၊ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းနှင့်ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၊ ပထမပိုင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၂၀၀၇ခုနှစ်)
(ဦးပဏ္ဍိ၊ မဉ္ဇူတီရာဇဝင်သစ်၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၁၀ခုနှစ်၊ ရန်ကုန်)
(ဦးသိန်းလှိုင်၊ ခေတ်ဟောင်းမြန်မာ့သမိုင်း သုတေသနအဘိဓာန်၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၀ ပြည့်နှစ်၊ ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလ၏ အညိုရောင်နေ့။

ဘာဘရာဝေါ်ကာ အမည်ရှိ အမျိုးသမီးသည် ဘော်စတွန်ရှိ အက်ဖ်ဘီအိုင်ရုံးခန်းသို့ ရောက်လာသည်။ သူမသည် ဝန်ထမ်းတစ်ဦးကို တွေ့ပြီး သူမ၏ယောက်ျားမှာ ဆိုဗီယက်သူလျှို ဖြစ်ကြောင်း ပြောခဲ့သည်။ သူမ ပြောပြသော အကြောင်းအရာများသည် နောက်ဆုံးသော ၁၇ နှစ်က ဆိုဗီယက်တို့သည် အမေရိကန်ထိပ်တန်းလျှို့ဝှက်ချက်များကိုဖော်ထုတ်ရန် စွမ်းဆောင်ခဲ့သည်။

သူလျှိုလှုပ်ရှားမှု ဖြစ်စဉ်များက ထိပ်ဆုံးမှ ပါဝင်ပေသည်။ ထောက်လှမ်းရေး၏ လိုအပ်ချက်မှာ ကေဂျီဘီ၏ အကျုမြှုပ်ပုံစံများ ခိုးယူရေးနှင့် တန်းတူ ဦးစားပေးအဆင့်တွင် ရှိသည်။

ဤဖော်ထုတ်ချက်တွင် ဆိုဗီယက်သူလျှို ဂွန်ဘာရွှန်က အမေရိကန်ပြည်ထောင်စုတွင် ယခုတိုင် ရှင်သန်လျက်ရှိသေးသည့် ရှင်းပြရန်ခက်သော သူလျှို ကွန်ရက်များ နောက်ကွယ်မှ အကြောင်းကို အမေရိကန်ထောက်လှမ်းရေးသမားများသို့ ပေးခဲ့လေသည်။

❄





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆွဲဆောင်မှုရှိသော ဂျက်နက်မိုးနီးယားအမည်ရှိ မိန်းမချောသည် မျက်လုံးစိမ်းနှင့်အနီရောင်ဆံပင်ပိုင်ရှင်ဖြစ်သည်။ ဆန်ဖရန်စစ္စကိုရှိ အက်ဖ်ပီဘီအိုင်ရုံးခန်း တိုင်စာ၊ ပစ်စာအစုတာဝန်ခံဖြစ်သည်။ သူမလုပ်ငန်း၏အစိတ်အပိုင်းမှာ စိတ်အနှောင့်အယှက်ဖြစ်နေသော အမေရိကန်ပြည်သူတို့အပေါ် မတရားကြံစည်မှုနှင့်ရာဇဝတ်မှုဆိုင်ရာ စိတ်ခံစားမှုများကို ရေးသားသည့်စာများအားအကဲဖြတ်ရခြင်း ဖြစ်သည်။ အရေးပါသည့် အရာအားလုံးနီးပါးကို လုံခြုံဘေးကင်းစွာ ဆောင်ရွက်ရသည်။

၁၉၈၄ ခုနှစ်၊ မေလ ၁၁ ရက်။

ဖိုးနီးယားသည် စကရာမင်တိုစာတိုက် တံဆိပ်ဖြင့် အက်ဖ်ဘီအိုင်အကြီးအကဲထံ လိပ်မူထားသည့်စာအိတ်ဖွင့်လိုက်သည်။ ပေးပို့သူ ရေးမထားသည့် အမည်မဖော်လိုသော စာမှာလက်နှိပ်စက်ဖြင့်ရိုက်ထားသည်။ သူမသည် ထိုစာကို နှစ်ခေါက်ဖတ်ပြီးနောက် စဉ်းစားပြီး သီးသန့်ဖိုင်တွင်ထည့်လိုက်သည်။ ထို့နောက် ထိုစာကိုယူ၍ ထ,သွားပြီး မော်စကိုဌာနခွဲတာဝန်ခံ ဂျွန်ပီတာဘင်သို့ ပေးလိုက်သည်။

"ကျွန်မစိတ်ထဲမှာ တစ်ခုခုတော့ စဉ်းစားသင့်တယ် ထင်လို့ပါ"

"ကောင်းပါပြီ ဂျက်နက်၊ နေ့လယ်စာ စားပြီးချိန်လောက်မှာ ကြည့်လိုက်ပါ့မယ်"

"ဂျွန်. . အခု ဖတ်ကြည့်ပါလား"

ဂျက်နက်က တောင်းပန်ရင်း ပြောသည်။ ဂျွန်က ဖတ်ကြည့်လိုက်သည်။

လူကြီးမင်းခင်ဗျား. . .

လွန်ခဲ့တဲ့နှစ်များစွာက ကျွန်တော့်ကို သူလျှိုလုပ်ငန်းလုပ်ဆောင်ရာမှာ ပါဝင်ပတ်သက်စေခဲ့ပါတယ်။သီးခြားရည်ရွယ်ချက်အနေနဲ့ ထိပ်တန်းလျှို့ဝှက်အဆင့်ရှိတဲ့ စစ်ဘက်ဆိုင်ရာ ဆက်သွယ်မှု သော့ချက်၊ နည်းပညာကိစ္စရပ်များ ထောက်လှမ်းရေးသတင်းပို့ချက်စတဲ့ ကိစ္စရပ်များဖြင့် အချိန်ကာလအတော်များများ ဖြတ်သန်းခဲ့ရပါတယ်။

နှစ်အနည်းငယ် ကြာသည်အထိ ဒီသတင်းအချက်အလက်တွေ ဆိုဗီယက်ကို ရောက်ခဲ့ကြောင်း မသိရှိခဲ့ပါဘူး။ သိရှိလာကတည်းက လွတ်မြောက်ဖို့ ကြိုးစားခဲ့ပါတယ်။

နောက်ဆုံးမှာ ကျွန်တော့်ရဲ့ ရုပ်ပိုင်းဆိုင်ရာ အထောက်အကူတွေကို ရပ်တန့်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ အဆက်အသွယ်တွေက ကျွန်တော့် ဆုံးဖြတ်ချက်ကို မသိရှာပါဘူး။ လူကြီးမင်းကို ပေးပို့တဲ့ ဒီစာရဲ့အကြောင်းအရာကတော့ အရေးပါတဲ့ သူလျှိုလှုပ်ရှားမှုစနစ် တစ်ခုကို ချိုးဖျက်နိုင်ဖို့ အခွင့်အရေးတစ်ရပ် ရှိနေကြောင်း ဖြစ်ပါတယ်။

စာရေးသူက ဆက်ပြောသည်မှာ သူသည် တနင်္လာနေ့ထုတ် လော့အိန်ဂျယ်လိစ် တိုင်းမ်သတင်းစာတွင် "Rus"ဟု ကြော်ငြာထည့်ပြီး အချက်ပြမည်ဟုဆိုပါသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်မှုအတွက် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုထားသည်။ အက်ဖ်ဘီအိုင်သည် ထိုသူအား ရှေ့နေမှတစ်ဆင့် နာကြားခွင့်ကို "Rus" အမှတ်အသားကြောင့် နာကြားခွင့်ပြုခဲ့သည်။

ပီတာဆင်သည် စာကိုဖတ်ရှုခြင်းအား အဆုံးသတ်လိုက်သည်။ သူသည် ထ,ရပ်လိုက်ပြီး ဂျက်နက်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အမှုတွဲ ဖွင့်ထားပါ့မယ်"

ပီတာဆင်သည် ဝါရှင်တန်ရှိ အက်ဖ်ဘီအိုင်ဌာနချုပ်သို့ မမေ့မလျော့ သတင်းချက်ချင်းပို့လိုက်သည်။

❄

နောက်တစ်နေ့နံနက်တွင် ပီတာဆင်သည် အမှုတွဲကိုယူပြီး သူ၏အထက်အရာရှိ ဘီလ်စမစ်သို့ တင်ပြခဲ့သည်။ ယမန်နေ့က ခရီးလွန်နေ၍ဟု တင်ပြခဲ့ခြင်းဖြစ်သည်။ စမစ်သည် ရုရှနှင့်ဂျာမန်ဘာသာစကားများကို ကျွမ်းကျင်စွာ ပြောနိုင်သည်။ ဝှက်စာရေးသွင်းဖော်ထုတ်နည်းများတွင်လည်း ကျွမ်းကျင်သည်။ သူသည် "Rus" သင်္ကေတမှာ အရေးကြီးကြောင်း ရည်ညွှန်းချက်ဖြစ်ကြောင်း သိသည်။ ကေဂျီဘီတွင် နည်းပညာရှင်များသည် "Rus" မှရသော အချက်အလက်များကို စုစည်းရှာဖွေစုဆောင်းထားနိုင်သည်။

ဆိုဗီယက်ကျွမ်းကျင်သူများက အမေရိကန်လျှို့ဝှက်စာများကို မိတ္တူများရယူနိုင်လျှင် ရုတ်တရက်အန္တရာယ်ကြီးကျရောက်နိုင်လေသည်။ ထို့ပြင် သူတို့သည် သော့ချက်စာရင်း၊ နေ့စဉ် သင်္ကေတ ပြောင်းလဲမှုများကို ရယူထားပါက များစွာသော အမေရိကန်ဆက်သွယ်မှုလျှို့ဝှက်ချက်များကို ဖတ်နိုင်ပေသည်။

သူလျှိုလှုပ်ရှားမှုတစ်ခု၏ နည်းစနစ်သည် စမစ်ကိုစိတ်အနှောင့်အယှက်ဖြစ်စေသည်။ ဆိုဗီယက်ကွန်ရက်မှာ နေရာရပြီးဖြစ်ခဲ့ပါက ၁၉၄၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အဏုမြူဗုံး လျှို့ဝှက်ချက်များ ခိုးယူစဉ်က ဖြစ်စဉ်သည် ပွဲဦးထွက် ဖြစ်ခဲ့သည်။ (ထိုစဉ်က ကေဂျီဘီသည် အမေရိကန် ပြည်ထောင်စုကို သူလျှိုစစ်ဆင်ရေးလုပ်ရာတွင် အမေရိကန် ဝန်ထမ်းနှစ်ဦး ရရှိခဲ့ကြောင်း အများသိပြီး ဖြစ်သည်)

စမစ်နှင့်ပီတာဆင်သည် ပျော်ပွဲစားရုံတစ်ခုတွင် နေ့လယ်စာ စားပြီးနောက် ဆက်လက်ဆွေးနွေးကြသည်။ စမစ်က စိတ်ဆိုးလျက်ရှိသည်။ သိက္ခာမရှိ တစ်ကိုယ်ကောင်းဆန်သော အရူးတစ်ယောက်က သူ့နိုင်ငံကို ရောင်းစားခဲ့သည်ဟု ခံစားရသည်။ နောင်တရဟန်ဆောင်သည်ဟု စမစ်က ပီတာဆင်ကို ပြောသည်။ သို့ရာတွင် ထိုသူက သူ၏အမှားကျူးလွန်မှုအတွက် ခံစားလိုဟန်မရှိချေ။

"ဒီစာကို အမှန်အကန်လို့ ယူဆလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒီစာမှာ မယုံကြည်ထိုက်တာထက် ယုံကြည်ထိုက်တဲ့ အချက်တွေ အတော်များတယ်"

ပီတာဆင် အမေးကို စမစ်က ဖြေသည်။ ထို့နောက် အဆုံးသတ် အစီအစဉ်ကို ဆုံးဖြတ်ကြသည်။

"ငါတို့ "Rus" ပြောသလိုလုပ်ပြီး သူ့မျက်နှာအနေအထားသိရအောင် စောင့်ကြည့်တာပေါ့"

တနင်္လာနေ့၊ မေလ ၂၁ ရက်။

လော့စ်အိန်ဂျလိစ် တိုင်းမ်သတင်းစာတွင် သက်ဆိုင်သူသာ နားလည်နိုင်သည့် ကြော်ငြာတစ်ခု ပါလာသည်။

" "Rus" ခင်ဗျားရဲ့ ကမ်းလှမ်းချက်ကို စဉ်းစားပါ၊ ရုံးပိတ်ရက်မှအပ အခြားရက်များတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ (၄၁၅/၆၂၆-၂၇၃၉)သို့ ဆက်သွယ်ပါ"

ပေးထားသော တယ်လီဖုန်းနံပါတ်မှာ ပီတာဆင်၏ စားပွဲပေါ်ရှိ သီးသန့်ဖုန်း ဖြစ်သည်။ မည်သည့် ခေါ်ဆိုမှုကိုမဆို ချက်ချင်းခြေရာခံနိုင်သည်။ သို့သော် မည်သည့်ဖုန်းမျှ မလာချေ။ ဗုဒ္ဓဟူးနေ့နံနက်တွင်မူ အခြား "Rus" စာတစ်စောင်ရောက်ရှိလာသည်။

"တိုက်တွန်းအားပေးပေမဲ့ တယ်လီဖုန်းကိုတော့ မခေါ်နိုင်ပါဘူးဗျာ၊ အကြောင်းက ကျွန်တော့်အနေနဲ့ မည်သည့်ပုဂ္ဂိုလ်ရေးဆက်သွယ်မှုကိုမျှ မယုံကြည်နိုင်၍ ဖြစ်ပါသည်"

စာတွင် ရှေ့ဆက်ရမည့်ပြဿနာများစွာကိုဖော်ပြထားသည်။ နှစ် ၂၀ ကျော်ကာလအတွင်း လုပ်ငန်းတွင် သူ၏ မှားယွင်းသောလုပ်ရပ်ကို ဖွင့်ဟပြောရန် မိတ်ဆွေမှာ ခက်ခဲရှုပ်ထွေးကြောင်းလည်း ပါဝင်ပေသည်။ဆန္ဒစောစွာ ရေးထားသော နှစ်နှစ်ဆယ်ကျော်ကာလဟူသော စကားစုမှာ ရုရှထောက်လှမ်းရေးအဖွဲ့အတွက် အံ့ဩတုန်လှုပ်ဖွယ် ဖြစ်ရပ်နှင့် အခွင့်အရေးများ ရရှိစေသည်မှာ မှန်ကန်ကြောင်း ဖော်ပြသကဲ့သို့ ဖြစ်သည်။

ကေဂျီဘီသည် ကြီးမားသော စစ်ဆင်ရေးတစ်ခုကို မည်ကဲ့သို့ဖုံးကွယ်ထားသနည်း။

ဆိုဗီယက် ဗိုလ်မှူးကြီးတစ်ဦးသည် အမေရိကန်ပြည်ထောင်စုသို့ ၁၉၈၃ ခုနှစ်က ဘက်ပြောင်းလာခဲ့သည်။ သူ၏ဖော်ပြချက်တွင် ကေဂျီဘီ၏ စစ်ဆင်ရေးတစ်ခုသည် အခြားအကြောင်းအရာနှင့်ယှဉ်လျှင် စာရေးမပါသကဲ့သို့ဖြစ်သည်။ သို့သော် သူ့တွင် သဘာဝကျသော စိတ်ကူးမရှိပါဟုဆိုသည်။

"အခုတော့ဖြစ်နိုင်တယ်လေ"

စမစ်က ပြောသည်။ စမစ်သည် ပီတာဆင်နှင့် အကြိမ်ပေါင်းများစွာ ဆွေးနွေးပြီး "Rus" မှာ အမှန်တကယ် ခံစားနေရသည်ဟု ယူဆသည်။ အခြား ကြော်ငြာတစ်ခုထည့်ပြီး စကားပြောရန် တောင်းဆိုခဲ့သည်။ အဖြေမရချေ။

တတိယအကြိမ် အစည်းအဝေးတစ်ခု ပြုလုပ်ရန် ပန်ကြားခဲ့သည်။ "Rus"မှာ ပေါ်မလာတော့ချေ။

ဩဂုတ်လတွင် "Rus" မှ စာရေးလာသည်။ သူ့လျှို့အဖွဲ့၏ အဆုံးသတ်ကစားမှုမှာ လက်လျှော့ရန်အကောင်းဆုံးဖြစ်ပြီး နိဂုံးချုပ်လုနီးပါး ဖြစ်လာပြီဖြစ်ကြောင်း ဖော်ပြထားသည်။ (ကျွန်တော့်အဆက်အသွယ်များက ရုပ်ပိုင်းဆိုင်ရာကိုသာ မြဲမြံစွာတောင်းခံလျက်ရှိသည်၊ လုပ်ငန်းတွင် ကြာရှည်စွာ ကျွန်တော်ရှိမှာမဟုတ်၍ ရှင်းလင်းလွယ်ကူအောင် မပြောနိုင်ပါသည်)

"သူထွက်တော့မယ်လို့ ထင်တယ်၊ ငါတို့ နောက်တစ်ကြိမ် သတင်းမကြားရမှာ စိုးရိမ်မိတယ်"

စမစ်ကပြောသည်။ ထိုသို့ဖြစ်ပြီးနောက် သူ၏မှတ်ချက်များမှာ မှန်ကန်ကြောင်း သိလာရသည်။

**ရှင်သန်ရေးအတွက် သော့ချက်များ**

ကျော်လွန်ခဲ့သော နှစ်များက တစ်စုံတစ်ခု မှားယွင်းနေကြောင်း သင်္ကေတများစွာရှိခဲ့သည်။ ၁၉၈၅ ခု၊ ဧပြီလက ဝါရှင်တန်ရှိ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်တွင် လုံခြုံရေးဆိုင်ရာ ပို့ချချက်ပြုခဲ့သည်။ အက်ဖ်ဘီအိုင်ဝန်ထမ်း ဒေးဗစ်မေဂျာသည် ရေတပ်ဗိုလ်ချုပ်တစ်ဦးနှင့် စကားလက်ဆုံကျလျက်ရှိသည်။ ရေတပ်ဗိုလ်ချုပ်က တိကျစွာလိုက်နာရမည့်လျှို့ဝှက်ချက်ကို ဖော်ပြရန် အကြောင်းမရှိကြောင်းနှင့် ရေတပ်တွင် အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့ကြကြောင်း ပြောပြသည်။ ဆိုဗီယက်သင်္ဘောများကလည်း အမြဲစောင့်ကြည့်လျက်ရှိသည်။ စစ်ဆင်ရေးစီမံချက်မိတ္တူတစ်ခု ရထားလျှင် ထိုသို့ လုပ်လေ့ရှိကြောင်း ပြောသည်။

သီယိုဒိုရှက်ကလေဆိုသူ အငြိမ်းစားစီအိုင်အေ အရာရှိဟောင်းကလည်း ၁၉၆၈ မှ ၁၉၇၂ ခုနှစ်အထိ ဆေးရုံတွင် ထောက်လှမ်းရေး အကြီးအကဲတာဝန်ယူစဉ် ဗီယက်နမ်များသည် ဘီ-၅၂ လေယာဉ်များ၏ တိုက်ခိုက်မှုကို ကြိုတင် သတင်းရလေ့ရှိကြောင်းနှင့် အရေးမပါသောပစ်မှတ်များကိုပင် သိကြောင်း ပြောပြသည်။ ထိုအချက်မှာ ရှင်းပြရန် ခက်ခဲလှသည်။ ပျောက်ကွယ်သွားသည်ကိုလည်း ဘယ်တော့မှ မဖော်ပြနိုင်ကြောင်း ပြောပြသည်။

ဆိုဗီယက် ရေငုပ်သင်္ဘောများသည် အမေရိကန်အခြေစိုက်စစ်စခန်းများဆီသို့ လှည့်လာကြသည်။ အမေရိကန် ဒုံးလက်နက်တင်ရေငုပ်သင်္ဘောများက ပင်လယ်ပြင်သို့ ဦးတည်လျက်ရှိသည်။ ရှင်းလင်းသဲကွဲမှုမရှိသော နည်းဗျူဟာများကြောင့် အမေရိကန်၏ နောက်ယောင်ခံမှုမှာ အမြဲဆုံးရှုံးခဲ့ရသည်။ ပိုဆိုးသည်က ဆိုဗီယက်တို့သည် အမေရိကန်တို့မှာ မည်သည့်နေရာသို့ ထွက်ခွာအခြေပြုမည်ကို ကြိုတင်သိဟန်တူလေသည်။

ဖော်ပြပါ ဖြစ်စဉ်သင်္ကေတများသည် တူညီသော အန္တရာယ်သတိပေးချက်များ ဖြစ်ကြောင်း မည်သူတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မျှ သံသယ မဖြစ်ကြချေ။ ဆိုဗီယက်တို့၏ အမေရိကန်လျှို့ဝှက် ဝှက်စာဌာနသို့ ထိုးဖောက်ချက်များဖြစ်လေသည်။ မိသားစုတစ်ခုခုက အမေရိကန် ဝှက်စာရေးနည်းဖော်နည်းကို သိရှိသော်လည်း မဖြစ်နိုင်ချေ။ အမေရိကန်၏ဝှက်စာဆက်သွယ်မှုမှာ အခြေခံအားဖြင့် နားလည်ရန် ခက်ခဲလေသည်။

အမေရိကန်၏ ဆက်သွယ်မှု ကန့်သတ်ချက်သည် မရပ်မနား ဆက်သွယ်ဆောင်ရွက်မှုဖြစ်သည်။ ဆိုဗီယက်နှင့်ကျူးဘားရှိ ရေဒီယိုဖမ်းမျှော်စင်များ၊ မြောက်အမေရိက ကမ်းခြေများရှိ အီလက်ထရွန်နစ် ကိရိယာတပ် ငါးဖမ်းလှေများ၊ ဝါရှင်တန်ရှိ သံတမန်ရပ်ကွက်များ၊ နယူးယောက်နှင့်မော်စကိုရှိ ကြားဖြတ်အသံဖမ်းစက်များ၊ အမေရိကန်၏ လျှို့ဝှက်ကြေးနန်းများကို မှတ်တမ်းတင်သည့်နေရာများ၊ အိမ်ဖြူတော်မှ တီထွင်ဖန်တီးမှုများ၊ ပင်လယ်ပြင်ရှိ လေယာဉ်တင်သင်္ဘောများ၊ ပင်လယ်ကြမ်းပြင်အောက် တိတ်တဆိတ်ကင်းလှည့်လျက်ရှိသည့် ရေငုပ်သင်္ဘောများပါဝင်သည်။

သို့ရာတွင် မကျိုးပေါက်မနှောင့်ယှက်နိုင်ဟု ယုံကြည်ထားသောအမေရိကန်ဝှက်စာများသည် မှေးမှိန်ကျန်ခဲ့ပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် သမားရိုးကျမဟုတ်သော အားထုတ်မှုဖြင့် ဒေါ်လာသန်းပေါင်းများစွာ နှစ်စဉ်သုံးစွဲကုန်ကျခံပြီး ထိုမွန်မြတ်လှသော ဆက်သွယ်မှုစနစ်ကို ကြာရှည်ခံရန် အားထုတ်ခဲ့လေသည်။

ဝှက်စာစနစ်သည် အခြေခံအားဖြင့် အစိတ်အပိုင်းနှစ်ခုပါရှိသည်။ တွေးခေါ်မှုနှင့်သော့ချက်ဟု လူသိများသည်။ တွေးခေါ်မှုသည် စွမ်းအားပြည့် ပြသနည်း၊ ဖြေရှင်းနည်း(သို့မဟုတ်) သင်္ချာပုံသေနည်းတစ်ခုဖြစ်သည်။ သော့ချက်သည် အီလက်ထရွန်နစ်စက် တစ်ခု၏ အနုစိတ်လှုပ်ရှားကြောင်းကိုဖော်ပြသည်။

အော်ပရေတာတစ်ဦးက စက်ရိုက်ပြီးပေးပို့သော ရိုးရိုးကြေးနန်းစာတစ်စောင်ကို စက်ထဲသို့ထည့်သောအခါ ချက်ချင်းဘာသာပြန်လိုက်သည်။ ထိုစာသည် တစ်စုံတစ်ဦး နားလည်ရန်ခက်ခဲသော ရှုပ်ထွေးသည့်ပုံစံသို့ ပြောင်းလဲသွားသည်။ အလားတူ အရည်အသွေးရှိသည့်စက်က နားလည်နိုင်ရန် လိုအပ်သည်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိချေ။

ထိုသော့ချက်သည် လုပ်နည်းအစနှင့် တွေးခေါ်မှုအလွှာ ပြောင်းလဲခြင်းဖြင့် ပိုမိုလျှို့ဝှက်သိပ်သည်းစေသောစနစ်ဖြစ်လေသည်။ သော့ချက်သည် သာမန်အားဖြင့် ၂၄ နာရီတိုင်း ပြောင်းလဲလေ့ရှိသည်။ ထို့ကြောင့် သီအိုရီအားဖြင့် ဝှက်စာသွင်းထားသော အမေရိကန် ကြေးနန်းစာတစ်ခုကို မည်သူမျှ ဝှက်စာမဖော်နိုင်လျှင် ဝှက်စာရေးသွင်းမှု ခိုင်မာတိကျသည်ဟူသည့် သဘောဖြစ်သည်။

ဒုတိယကမ္ဘာစစ် အတွင်းက အမေရိကန်သည် ဆိုင်ဖာကျိုးပေါက်မှုဖြစ်စဉ်မှ သင်ခန်းစာရရှိခဲ့သည်။ ၁၉၄၀ တွင် အလွန်တော်သော အဖွဲ့တစ်ဖွဲ့သည် အရေးကြီးသော ဂျပန်သံတမန်သုံး ဝှက်စာစက်တည်ဆောက်ပုံမိတ္တူကို အောင်မြင်စွာရရှိခဲ့သည်။

ဤကျေးဇူးကြောင့် အမေရိကန်သည် ဂျပန်ကြေးနန်းများ ဝှက်စာသွင်းခြင်း၊ အဓိကစီမံချက်များ၊ အကြံအစည်များ၏ အဓိက အချက်အလက်များကို ရရှိခဲ့သည်။

ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ပြီးနောက် ခြောက်လခန့်အကြာတွင် ပစိဖိတ်စစ်မျက်နှာမှ မစ်ဝေးတိုက်ပွဲတွင် ရလဒ်ကောင်းများ ရရှိခဲ့သည်။ ၁၉၄၂ ခုတွင် ဂျပန်သည် ပင်လယ်တွင်းသို့ သင်္ဘောအုပ်စုများကို ထုထည်ကြီးမားစွာ တပ်ဆင်ပို့လွှတ်သည်။ ဂျပန်သည် ကျွန်းကိုသိမ်းပိုက်ရန်နှင့် စစ်ပွဲအတွင်း အမေရိကန်တပ်ကြွင်းတပ်ကျန်များ တွေ့ရှိက ဆုငွေပေးမည်ဟု ကြေညာသည်။ ချေမှုန်းသုတ်သင်ရန် ဆုံးဖြတ်ထားသည်။

အမေရိကန်တပ်ဖွဲ့များမှာ အရေအတွက်ရောအရည်အချင်းပါမရှိသော မျှော်လင့်ချက်ကင်းမဲ့သူများဖြစ်နေလေသည်။ ဂျပန်ရေတပ်ဝှက်စာ (ဂျေအင် ၂၅ဘီ)သည် မကြာမီကျိုးပေါက်ခဲ့သည်။ အမေရိကန်ထောက်လှမ်းရေးက ဂျပန်၏ စစ်ရေးစီမံချက်များကို ရယူနိုင်ခဲ့သည်။ ဤအချက်နှင့်အတူ ရေကြောင်းဗိုလ်ချုပ်ကြီး ချက်စတာနီမစ်စ်သည် အံ့ဩဖွယ်အောင်မြင်မှုကို ရယူနိုင်ခဲ့ပြီး ဂျပန်ရေတပ်သည်လည်း မည်သည့်အခါမျှ မပေါ်လာတော့ချေ။

ဥရောပရှိ ဗြိတိသျှတို့သည်လည်း အလားတူအရေးကြီးသော တွေ့ရှိမှုတစ်ခုကိုရခဲ့သည်။ ဗြိတိန်တိုက်ပွဲသည် ဗြိတိသျှ လေတပ်မတော် (RAF) မှ ကူညီနေချိန်တွင် အတ္တလန္တိတ်ရှိ ဂျာမန်ယူဘုတ်သည် အန္တရာယ်ကျရောက်နေကြောင်းကို နောက်ကြောင်းသို့သတင်းပို့ရာမှ ဝှက်စာကျိုးပေါက်ခြင်းဖြစ်သည်။ ဤအချက်သည် မဟာမိတ်တပ်များ၏ နော်မန်ဒီကမ်းတက်တိုက်ပွဲကို ပိုမိုလွယ်ကူစေခဲ့သည်။

စမစ်နှင့် ပီတာဆင်သည် ထိုသမိုင်းများကို သိပြီးဖြစ်သည်။ Rus ၏ စာများမှာ ကျိုးကြောင်းဆီလျော်ပါက အချိန်ကြာမြင့်စွာ တည်ရှိနေသော သူလျှိုအဖွဲ့သည် အမေရိကန်ဝှက်စာ သွင်းသောချက်များကို ရုရှပညာရှင်များသို့ ပို့ပေးပေလိမ့်မည်။

အကယ်၍ ဖော်ထုတ်နိုင်လျှင် စစ်အတွင်းကာလ အန္တရာယ်ကြီးမားသကဲ့သို့ ငြိမ်းချမ်းစဉ်ကာလ၏ အရေးပါသော အကျိုးကျေးဇူးကိုလည်း အောင်နိုင်လိမ့်မည် ဖြစ်သည်။

**သူ့ညစာတွဲ၏လျှို့ဝှက်မှု**

ဘာဘရာဝေါကာသည် ၁၆ နှစ်ခန့်ကြာသော ကြောက်မက်ဖွယ် အရှုံးအမြတ်တစ်ခုအတွက် ကိုယ်ရောစိတ်ပါ နာကျင်လျက် ရှိသည်။ သူ၏ မိသားစု (သို့မဟုတ်) သူမ၏နိုင်ငံသည်

www.burmeseclassic.com

ယခုလို ပထမဆုံးအကြိမ် ဖြစ်လိမ့်မည်ဟု ရိုးသားစွာ မသိခဲ့ချေ။ တစ်ဦးတစ်ယောက်သည် အခြားသူများအပေါ် သစ္စာဖောက်မှုမရှိခဲ့လျှင် သူမက သစ္စာရှိလိမ့်မည်ဟု မြင်သည်။

ကက်သလစ်မိဘများမှ သူမကို မြတ်နိုးဖွယ် မိခင်ကောင်းတစ်ယောက် ဖြစ်လာစေရန် အကြိမ်ပေါင်းများစွာ သင်ကြားခဲ့သည်။ ဘာဘရာသည် သူမ ၁၉ နှစ်အရွယ် (၁၉၅၇ ခုနှစ်)တွင် ဂျွန်ဝေါကာဆိုသူ သင်္ဘောသားတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ ငါးနှစ်အတွင်း သားသမီးလေးဦး ထွန်းကားခဲ့သည်။

၁၉၆၈ ခုနှစ်တွင် သူမ၏ ယောက်ျားမှာ သူလျှိုတစ်ဦးဖြစ်သည်ဟု သံသယဖြစ်လာခဲ့သည်။ သူတို့၏ ဆက်နွယ်မှုတွင် အန္တရာယ်ရှိလာသည်ဟု အပြစ်ရှိသလိုခံစားရသည်။ နေပြင့်လေ အရှုံးရင့်လေ ဖြစ်လာသဖြင့် သူ၏ဆုံးဖြတ်ရခက်သော အခြေအနေမှ လွတ်မြောက်ရန် အရက်သောက်ရင်း အားထုတ်ခဲ့သည်။ သို့သော် သူမ၏ဆင်ခြင်တုံတရားအတွက် တိုက်ပွဲဝင်ခြင်းသည် ဘယ်တော့မှ ရပ်တန့်မသွားခဲ့ချေ။ အက်ဖ်ဘီအိုင်သို့ နှစ်ကြိမ်တိုင်တိုင် ဆက်သွယ်ပြီးမှ တယ်လီဖုန်းကို ပြန်ချထားခဲ့သည်။

၁၉၇၆ ခုနှစ်တွက် ကွာရှင်းပြတ်စဲခဲ့ပြီးနောက် ဘာဘရာသည် လော်ရာ (၁၆ နှစ်)နှင့် မိုက်ကယ် (၁၃ နှစ်)တို့ကို ခေါ်ပြီး သူမ၏မိခင်ကြီးရှိရာ မိုင်နီသို့ အတူနေရန်ထွက်လာခဲ့သည်။ လော်ရာသည် ၁၉၇၈ ခုနှစ်တွင် သူ၏ဖခင်ကို ဆက်သွယ်ရန် ထွက်သွားခဲ့သည်။ သူ၏ဖခင်သည် ဗာဂျီးနီးယားပြည်နယ်၊ နော်ဖောရှိရေတပ်မှ အငြိမ်းစားယူပြီဟု သိရသည်။

လေးနှစ်ကြာပြီးနောက် သူမ၏ မိခင်သေဆုံးသောအခါ ဘာဘရာသည် သူမ၏ဇာတိ မက်ဆာချူးဆက်ပြည်နယ်ရှိ ဝက်စ်ဒင်းနစ်သို့ ပြန်သွားခဲ့သည်။ အထီးကျန်တစ်ဦးတည်း ညများစွာကို ဖြတ်သန်းပြီးနောက် သူမသည် စာအုပ်ဆိုင်အပေါ်ထပ်ရှိ အခန်းကျဉ်းလေးတွင် နေရင်း အရက်ကိုအလွန်အကျွံသောက်ကာ တအံ့ဖွေဖွေ စဉ်းစားခဲ့သည်။

တစ်နေ့တွင် လော်ရာက ဘာဘရာကို တယ်လီဖုန်းဆက်သည်။ သူမတို့မိသားစု ကြုံနေရသော သစ္စာမဲ့သည့် လျှို့ဝှက်မှုကို မမေ့ရန်ပြောခဲ့သည်။ ဘာဘရာက အက်ဖ်ဘီအိုင်ကို တယ်လီဖုန်းခေါ်လိုက်သည်။ ရက်အနည်းငယ် ကြာပြီးနောက် ဝန်ထမ်းတစ်ဦး ရောက်ရှိလာပြီး တွေ့ဆုံမေးမြန်းသည်။ ရှည်လျားရှုပ်ထွေးသည့် အစီရင်ခံစာတွင် ဘာဘရာသည် သူမ၏ ခင်ပွန်းဟောင်းမှာ ဆိုဗီယက်သူလျှိုဖြစ်ကြောင်း ပြောခဲ့သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က သူမ၏ခင်ပွန်းသည် သူမနှင့်အတူ ဗာဂျီးနီးယား ကျေးလက်ဒေသသို့ ကားမောင်းသွားခဲ့သည်။ သစ်တောအတွင်း စလစ်ဖြစ်၍ ကားရပ်လိုက်ရသည်။ ဘာဘရာက ကားကိုစောင့်စဉ် သူမ၏ခင်ပွန်းက ဖလင်များပါသော အိတ်တစ်လုံးကိုယူ၍ သစ်တောတွင်းသို့ ဝင်သွားခဲ့သည်။ နောက်တစ်ကြိမ် သစ်တောတွင်းသို့ ဝင်ပြီး ပြန်လာသည့်အခါ ဒေါ်လာ (၃၅,၀၀၀) ပါလာခဲ့သည်။ ဘာဘရာက သူမ၏ခင်ပွန်းကို သံသယဖြစ်မိသည်။

ယခုဆိုလျှင် သူသည် နော်ဖော့ရှိ အလွတ်စုံထောက်အဖွဲ့နှင့် ပြေးလွှားလုပ်ဆောင်နေလောက်ပြီဟု ဆိုသည်။ ထိုအဖွဲ့မှာ ယခုတိုင် လှုပ်ရှားဆဲသူလျှိုအဖွဲ့ဖြစ်သည်ဟု ပြောသည်။ လွန်ခဲ့သောနှစ်အနည်းငယ်ကလည်း လော်ရာကို စစ်တပ်လျှို့ဝှက်ချက်များ ရောင်းရန် သွေးဆောင်ခဲ့သည်။

တန်ပြန်ထောက်လှမ်းရေး သင်တန်း မတက်ရသေးသော အက်ဖ်ဘီအိုင်ဝန်ထမ်းသည် ဤဖြစ်ရပ်၏ အချက်အလက်များတို့စုစည်းရန် အလှမ်းကွာဝေးလျက်ရှိသည်။ ဘာဘရာကို ကျေးဇူးတင်ကြောင်းပြောပြီး ပြန်လာခဲ့သည်။ နောက်ဆုံးတွင် အစီရင်ခံစာတစ်စောင် ရေးသားပြုစုပြီး စာတွဲတွင် (၆၅-၀)ဟု ဖော်ပြခဲ့သည်။

ဆိုလိုသည်မှာ ဤအကြောင်းအရာသည် သူလျှိုလှုပ်ရှားမှုဖြစ်သည်။ သို့သော် စုံစမ်းထောက်လှမ်းရန်မသင့်ပါ ဟူ၍ဖြစ်သည်။ ထိုစာတွဲသည် ဘော်စတွန်ရှိ အက်ဖ်ဘီအိုင်၏ သုညစာတွဲများထားရာသို့ ရောက်သွားလေသည်။

၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘော်စတွန်ရှိ ကြီးကြပ်သူသည် ဥပဒေအရ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်စဉ် ထိုသုညစာတွဲကို ဆွဲယူလိုက်သည်။ ဘာဘရာဝေါကာ၏စွပ်စွဲချက် အစီရင်ခံစာနှင့် ပတ်သက်၍ အမှားတစ်ခု ပြုလုပ်မိသည်ဟု ခံစားမိသည်။ သူသည် ဝါရှင်တန်သို့ ဂရုမစိုက် လျစ်လျူရှုခဲ့သော အစီရင်ခံစာအကျဉ်းကို ပို့လိုက်သည်။

ဝစ်စလီသည် မိတ္တူတစ်စုံကို ကူးယူပြီး နော်ဖော့ရှိ အက်ဖ်ဘီအိုင် ရှေ့တန်းရုံးခန်းသို့ ပို့လိုက်သည်။ ထိုရုံးသည် ဂျွန်ဝေါကာရှိသော နေရာနှင့် ဆက်နွယ်သည်။ လူတစ်ယောက်ပြောင်းလဲမှုကို စစ်ဆေးရာတွင် သေချာသော ဂျိုးဇက်ဂါနိဝုလ်ဖင်းဂါး ရှိလေသည်။

နီဝါရောင်ဆံပင်နှင့် နီမြန်းသော မျက်နှာပိုင်ရှင် ဝုလ်ဖင်းဂါးသည် မျက်မှန်ကို နှာဖျားထိပ်တွင် တင်ပြီးထားရာ ကျေးလက်ဒေသ ရှေ့နေတစ်ဦးနှင့် တူလေသည်။ အမှန်အားဖြင့် သူသည် ဥပဒေဘွဲ့ရသူတစ်ဦး ဖြစ်ပြီး တန်ပြန်ထောက်လှမ်းရေးလုပ်ငန်းကို ကျွမ်းကျင်သည်။ ဝုလ်ဖင်းဂါးသည် ဆိုဗီယက်သူလျှိုအဖွဲ့၏ နည်းစနစ်ကို နားလည်သည်။ ဘာဘရာ၏ ဗာဂျီးနီးယားတောအုပ်အတွင်း တွေ့ရှိဖော်ထုတ်ခဲ့သည့် သူလျှိုအဖွဲ့မှာ အမှန်ဟု ယုံကြည်သည်။

၁၉၈၅ ခုနှစ်၊ မတ်လ ၇ရက်နေ့တွင် သူ၏တောင်းဆိုမှုကို လိုက်လျောသောအားဖြင့် အက်ဖ်ဘီအိုင်ဝန်ထမ်း နှစ်ဦးသည် လော်ရာဝေါကာ၏ အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။ တပ်[illegible] သူမ နေထိုင်သော နယူးယောက်မြို့ ဘတ်ဖဲလိုးရှိတိုက်ခန်းသို့ လာရောက်ခြင်း ဖြစ်သည်။

လော်ရာသည် နှစ်လိုဖွယ် အညိုရင့်ရော်ဆံပင်နှင့် နက်မှောင်၍ နူးညံ့သိမ်မွေ့သော မျက်လုံးပိုင်ရှင်ဖြစ်သည်။ သူမက အက်ဖ်ဘီအိုင်နှစ်ဦးကို အေးငြိမ်းစွာ ကြိုဆိုသည်။ အက်ဖ်ဘီအိုင်ဝန်ထမ်းတစ်ဦးက အဓိကကျသော မေးခွန်းတစ်ခုကို စတင်မေးသည်။

"ခင်ဗျားအဖေက ခင်ဗျားကို စစ်ဘက်ဆိုင်ရာ အချက်အလက်တွေ ခိုးယူဖို့ ပြောခဲ့လား"

"ပြောခဲ့ပါတယ်၊ ဒါမျိုးပြောတာ အကြိမ်တော်တော်များပါတယ်၊ ဒါပေမဲ့ ကျွန်မ ငြင်းခဲ့ပါတယ်"

လော်ရာက ဖြေသည်။

ဤအချက်သည် သူမမိခင်၏ စွပ်စွဲချက်ကို ထောက်ခံသကဲ့သို့ရှိသည်။ တရားရုံးတွင် မှန်ကန်စွာထွက်ဆိုမည့် ဤအချက်က ရှင်းလင်းပြတ်သားသည်။ သူတို့အနေဖြင့် ဘာဘရာဝေါ်ကာ ပြောမည့်အကြောင်းကို ဂရုတစိုက် နားထောင်ရပေဦးမည်။


မတ်လ ၁၉ ရက်နေ့တွင် ဘော်စတွန်ဝန်ထမ်းနှစ်ဦးသည် သူမကို ပြည့်ပြည့်စုံစုံ မေးမြန်းသည်။

[illegible] လည်း ခံစားမှုထက် ကြောင်းကျိုးကို အခြေခံသော အချက်များကို ထွက်ဆိုခဲ့သည်။ သူမ၏ အသေးစိတ်ပြောပြချက်များသည် ဂျွန်ဝေါ်ကာမှာ ဆိုဗီယက်သူလျှိုဖြစ်ကြောင်း ထိတ်လန့်ဖွယ် ယုံကြည်စေပေသည်။ ၁၉၆၈ ခုနှစ်တွင် သူမ၏ယောက်ျား ဝေါ်ကာမှာ နော်ဖော့ရှိ အက်တလန်တစ် ရေတပ်ဌာနချုပ်တွင် တာဝန်ထမ်းစဉ်ကတည်းက ဘာဘရာ သံသယရှိခဲ့သည်။ သူမတို့ပိုင်သော ကော်ဖီဆိုင် အရှုံးပေါ်ပြီးနောက် ငွေကြေးအခက်အခဲကြောင့် မိသားစုကို ခွဲခွာသွားခဲ့သည်။

မကြာမီ သူတို့၏ ငွေကြေးပြဿနာလည်း ထူးဆန်းအံ့ဩဖွယ် တဖြည်းဖြည်း ပြေလည်သွားခဲ့သည်။ တန်ဖိုးမြင့်အခန်းနှင့် ပရိဘောဂများ ဝယ်လာနိုင်သည်။

သူမ၏သံသယကို ရှင်းလင်းစေရန် ခင်ပွန်းသည်၏ စားပွဲများကို ရှာဖွေရာတွင် သတ္တုဘူးငယ်တစ်ခု တွေ့ခဲ့သည်။ အတွင်း၌ ဖလင်လိပ် များစွာရှိသည်။ လက်နှင့်ရေးဆွဲထားသော မြေပုံနှင့် မှတ်စုတစ်ခုကိုလည်း တွေ့ရသည်။

"လည်ပတ်မှု အချက်အလက်ကို ရလိုသည်"



(ထိုစဉ်က လည်ပတ်မှုဆိုသည်မှာ အမေရိကန်ဝှက်စာထိန်းသိမ်းမှုဖြစ်သည်)

ဘာဘရာကို ဒေါသဖြင့် တစေ့တစောင်း ကြည့်နေသော ဝေါ်ကာကို တွေ့ပြီး အော်လိုက်သည်။

"ထွက်သွားစမ်း"

"နိုင်ငံသစ္စာဖောက်ကြီး"

ဘာဘရာက ပြန်အော်သဖြင့် ဝေါ်ကာက လက်ဝါးဖြင့် ရိုက်လိုက်သည်။

"ပါးစပ်ပိတ်ထား"

နောက်ပိုင်းတွင် ဝေါ်ကာက သူလျှိုကိစ္စကို မငြင်းဆိုခဲ့ချေ။ သူသည် သူမကို အရက်သမားတစ်ယောက်၏ ထိန်းချုပ်မှုမရှိသော စိတ်သဘောရှိသူအဖြစ် ခွဲခွာခွင့်ပြုလိုက်သည်။

ဘာဘရာ၏ ဗာဂျီးနီးယားနယ် ဖဲယားဖက်သစ်တောအတွင်း ဝေါ်ကာနှင့်သွားစဉ် တွေ့ရှိမှုများကို ပြည့်စုံအောင် ဆက်မေးသည်။

ကာလီဖိုးနီးယားမှ ဝါရှင်တန်သို့ မလာမီ ဝေါ်ကာက သူမကိုယ်တွင် ငွေစက္ကူများကို တိပ်ဖြင့်ကပ်ပေးပြီး သွားစေ၍ ဝေါ်ကာက နေခဲ့သည်ဟု ပြောသည်။ သူမသည်အမှန်သိရှိသူဖြစ်သည်။ ဝေါ်ကာသည် ထိုငွေများကို ရေတပ်ဆက်စနာလေယာဉ် လှေအိမ်များမှ လက်ခံရယူနိုင်သည်ဟု ပြောသည်။

ဂျွန်ဝေါ်ကာသည် သူလျှိုတစ်ဦးဖြစ်သည်သာမက သူ၏အစ်ကိုဖြစ်သူ အငြိမ်းစားရေတပ် ဒုဗိုလ်မှူးကြီးအာသာသည်လည်း သူလျှိုဖြစ်နိုင်လေသည်။ ဘာဘရာ၏သား မိုက်ကယ်သည် လေယာဉ်တင်သင်္ဘော (ယူအက်စ်အက်စ်နီမစ်)မှ သင်္ဘောသားဖြစ်သည်။ သူ့ဖခင်၏ သူလျှိုလုပ်ငန်းကို သိသူဖြစ်သည်။ မိုက်ကယ်က ဘာဘရာကို သူ၏ဖခင် သစ္စာမဲ့ကြောင်း မပြောရန် အကြိမ်ကြိမ်တောင်းပန်သည်။ မိုက်ကယ်က သူ၏ ရေတပ်လေယာဉ်သင်္ဘော ပျက်စီးမှာစိုးရွံ့ကြောင်းပြောသည်။

www.burmeseclassic.com

ဘာဘာရာနှင့် လော်ရာသည် ကာလီဖိုးနီးယားရှိ ရေတပ်အရာရှိ ဂျယ်ရီဝှစ်ဝါဒစ်နှင့် ပူးပေါင်းသည်ဟု သံသယရှိသည်။ ဝေါ်ကာသည် ၁၉၄၆ ခုနှစ်က ရေတပ်မှအငြိမ်းစားယူသဖြင့် အဆင့်ရှိ သတင်းအချက်အလက်များကို ရယူနိုင်စွမ်းမရှိဟု အက်ဖ်ဘီအိုင်က သိထားသည်။ သူ၏အစ်ကိုကမူ လွန်ခဲ့သော ၁၂ နှစ်ကတည်းက အငြိမ်းစားယူထားသူ ဖြစ်သည်။ ဝေါ်ကာသည် ယခုတိုင် သူလျှိုလှုပ်ရှားမှုတွင်ပါဝင်နေပါက ဖြစ်နိုင်ခြေမှာ ရေတပ်အရာရှိ ဝှစ်ဝါဒစ် ဖြစ်ပေသည်။

အက်ဖ်ဘီအိုင်သည် ပြည်ထောင်စုတရားရုံးမှ အခွင့်အာဏာရရှိပြီးဖြစ်သဖြင့် ဂျိုးဝုလ်ဖင်းဂါးသည် နော်ဖော့ရှိဝေါ်ကာ၏ကိစ္စကို စတင်စုံစမ်းစစ်ဆေးသည်။ ဝုလ်ဖင်းဂါးသည် ညင်သာသိမ်မွေ့ စကားပြောတတ်သော အက်ဖ်ဘီအိုင် ဝန်ထမ်းဖြစ်သူ ရောဘတ်ဒဗလျူဟန်းတားကို ရွေးလိုက်သည်။ သူသည် မဖြစ်မနေဖော်ထုတ်သူအဖြစ် ကျော်ကြားခဲ့သူဖြစ်သည်။

အက်ဖ်ဘီအိုင်သည် ဝေါ်ကာ၏ နောက်ကြောင်း ရာဇဝင်ကို လေ့လာသည်။ အသေးစိတ် အချက်အလက်များ ရရှိပြီးနောက် ဝုလ်ဖင်းဂါးသည် ဝေါ်ကာ၏ အသွင်နှစ်ခုကို တွေ့လာသည်။

ဂျွန်ဝေါ်ကာသည် အောင်မြင်သော လက်နက်ကိုင်ဝန်ထမ်းတစ်ဦးဖြစ်ပြီး ယုံကြည်စိတ်ချရသူတစ်ဦးဖြစ်သည်။ အထက်တန်းကျောင်းမှ ကျောင်းထွက်ပြီး အသက် ၁၇ နှစ်အရွယ်တွင် ရေတပ်သို့ စာရင်းသွင်းသည်။ ဝေါ်ကာသည် သာမန်ရေတပ်သားဘဝမှ အရာခံဗိုလ်အဆင့်အထိ တိုးမြှင့်ခံရသည်။ အဏုမြူ ရေငုပ်သင်္ဘောရှိ လျှို့ဝှက်ဆက်သွယ်မှုစခန်းတွင် တာဝန်ထမ်းဆောင်သည်။ အတွင်းရေးအစီရင်ခံစာတွင် ယုံကြည်မှုကြီးမားသော သစ္စာရှိမှု ရှိသူအဖြစ် မှတ်ချက်ပြုထားသည်။

အရပ်သားဘဝတွင် ယုံကြည်စိတ်ချရသော အလွတ်စုံထောက်အဖြစ် ကျော်ကြားသည်။ ထိပ်ပြောင်ပြီး အရပ် ၅ပေ ၉လက်မနှင့် ပေါင် ၁၇၀ ရှိသည်။ အမျိုးသမီးများကို ဆွဲဆောင်နိုင်သော တန်ဖိုးကြီးသည့် ဆံပင်စိုက်ခြင်းအလုပ်မျိုးကိုလည်း လုပ်ကိုင်သည်။ ကြုံဖူးဆုံဖူးခဲ့ပါလျှင် ကွန်မြူနစ်ဆန့်ကျင်သူ နိုင်ငံရေးဟောပြောကောင်းသူအဖြစ် ယူဆပေမည်။

အခြား ဂျွန်ဝေါ်ကာသည် အက်ဖ်ဘီအိုင်အမြင်ဖြင့် ဆုံးရှုံးမှုကင်းမဲ့သူ ပုံစံဖြစ်သည်။

ဆယ်ကျော်သက်က သူသည် ခိုးမှုလေးခု ကျူးလွန်ခဲ့သည်။ သူ၏ အလေ့အထမှာ နှုတ်ကြမ်းပြီး သူ၏ ဇနီးနှင့် သားသမီးလေးဦးကို မိန်းမရွှင်ကလေးများဟု ပြောတတ်သည်။ ဘာဘရာက သူ၏သူလျှိုလုပ်ငန်းကိုသိပြီးနောက် သူမကို လျှို့ဝှက်အဖွဲ့အစည်းအတွင်း ပူးပေါင်းကြံစည်သူဖြစ်အောင် လုပ်ဆောင်ခဲ့သည်။ သိသာထင်ရှားသည်မှာ သူ၏အစ်ကိုကိုလည်း တံစိုးလက်ဆောင်ပေးပြီး သူလျှိုအဖွဲ့သို့ သိမ်းသွင်းခဲ့သည်။

အက်ဖ်ဘီအိုင် ဝန်ထမ်းများသည် ဝေါ်ကာကိုစောင့်ကြည့်သဖြင့် သူ၏ တယ်လီဖုန်းဆက်သွယ်မှုအချို့ ရရှိခဲ့သည်။ သူ၏စကားလုံးများနှင့် လုပ်ရပ်သည် ရည်မှန်းချက်တစ်ခုတည်းသာမက အက်ဖ်ဘီအိုင်က သိလိုသည်များကိုလည်း သိရလေသည်။

**"Rus"၏ သရုပ်မှန်**

၁၉၈၄ ခုနှစ် ဆောင်းဦးရာသီ အလွန် ၁၉၈၅ ခုနှစ် ဆောင်းရာသီ အရောက်တွင် ဘီလ်စမစ်နှင့် ဂျွန်ပီတာဆင်သည် "Rus" အကြောင်းကို တအံ့တွေးတွေးစဉ်းစားနေခဲ့ကြသည်။

ထိုသူကို ပုန်းကွယ်ရာမှ မည်သို့ ထုတ်ယူရမည်ကိုလည်း ကြံစည်ကြသည်။

တိုင်းမ်သတင်းစာတွင် နောက်ထပ်ကြော်ငြာတစ်ခု ထည့်လိုက်သည်။

""Rus" ထိုးနှက်နိုင်အောင် ဆောင်ရွက်မှုတစ်ခုစဉ်းစားပါ။ ခင်ဗျားဆီက သတင်းကို စောင့်နေမယ်"

အက်ဖ်ဘီအိုင် ဌာနချုပ်သည် စမစ်၏ ဆန်ဖရန်စစ္စကို ရုံးသို့တောင်းဆိုချက်အရ ကာလီဖိုးနီးယားနယ် ဆန်လီယနဒ်ရိုနေဂျယ်ရီဝှစ်ဝါ့သ်ကို ကြိုးစားစောင့်ကြည့်သည်။ ထိုသူသည် ဘာဘရာနှင့် လော်ရာတို့၏ ပထမဆုံး တွေ့ဆုံမေးမြန်းခန်းတွင် ပါဝင်သူဖြစ်သည်။ တစ်ခုသော ထွက်ဆိုချက်အကျဉ်းတွင် မစ္စဝေါ်ကာက ဂျွန်ဝေါ်ကာသည် ဂျယ်ရီဝင့်ဝါ့သ်ဆိုသူတစ်ဦးကို သိမ်းသွင်းမိပြီဟု ယုံကြည်သည်။ ထိုသူသည် အမေရိကန်ရေတပ် ဆက်သွယ်ရေးပညာရှင်တစ်ဦးဖြစ်ပြီး သူလျှိုလှုပ်ရှားမှုတွင် လှုပ်ရှားလျက်ရှိသည်ဟု ပါရှိသည်။

လူနည်းစု အစီရင်ခံစာဖြစ်သော်လည်း စိတ်လှုပ်ရှားဖွယ်ကောင်းသည်။ ထောက်လှမ်းရေးအဖွဲ့အတွက် သေချာစိစစ်ရမည့် တန်ဖိုးကြီးသော သတင်းများဖြစ်သည်။ စမစ်သည် ရုတ်တရက် ရှာဖွေမှု တစ်ခုကို စတင်ပြုလုပ်သည်။ တောင်းဆိုသည့်အတိုင်း ဥက္ကလန်ရုံးမှ အက်ဖ်ဘီအိုင်ဝန်ထမ်း ရောဘတ်ဂရီရီကို ဝင့်ဝါ့သ်အား စစ်ဆေးရှာဖွေစေသည်။

ဂရီရီသည် ထင်ရှားကျော်ကြားသော အက်ဖ်ဘီအိုင်ဝန်ထမ်းဖြစ်သည်။ တည်ငြိမ်အေးဆေး၍ နက်မှောင်သော ဆံပင်နှင့် ယောက်ျားပီသသူ၊ စနစ်တကျ စစ်ကြောရှာဖွေတတ်သူအဖြစ် ထင်ရှားသည်။

သူသည် ဆန်လီယန်ဒရာရှိသို့ ကားမောင်းသွားခဲ့သည်။ ခရီးလမ်းတစ်လျှောက်ရှိ မည်သည့် တယ်လီဖုန်းနေရာ၊ လမ်းအခွန်ရုံးတွင်မှ ဂျယ်ရီ၏ နာမည်မရှိချေ။ ရဲတပ်ဖွဲ့ကလည်း ထိုအမည်ကို မကြားဖူးချေ။ စုံစမ်းစစ်ဆေး


www.burmeseclassic.com

www.burmeseclassic.com

မှုလည်း ရပ်ဆိုင်းရမလို ဖြစ်သွားသည်။ ဝါရှင်တန်ရှိ အက်ဖ်ဘီအိုင်ဌာနချုပ်ကလည်း တိုးတက်မှုကိုပြစေလိုသည်။ တန်ပြန်ထောက်လှမ်းရေးဌာန နည်းပညာဌာနကလည်း ဖြစ်နိုင်ခြေအချက်အလက်များကို အသေးစိတ်စိစစ်လျက်ရှိသည်။

ဘာဘရာဝေါ်ကာ၏ ထွက်ချက်များမှ ဖြစ်နိုင်ခြေအချက်များလည်း ပါဝင်လေသည်။ အက်ဖ်ဘီအိုင်ဝန်ထမ်း ဒေးဗစ်ဆာဒီသည် စမစ်နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"နည်းပညာဌာနခွဲက "Rus" ဆိုသူဟာ ဝင့်ဝါ့သ်ဖြစ်နိုင်တယ်လို့ ပြောတယ်ဗျ"

စမစ်သည် ဘာဘရာဝေါ်ကာ၏ထွက်ဆိုချက်များကို စုပေါင်းဖတ်ရှုပြီး သူ၏အယူအဆများသည် အကောင်းဘက်သို့ ဦးတည်လျက် ရှိသည်ဟု ဆိုသည်။ ဝေါ်ကာသည် မကြာခဏ ကာလီဖိုးနီးယားသို့သွားပြီး ဝင့်ဝါ့သ်ကို တွေ့ကြောင်း ဘာဘရာက သိသည်။ ဝင့်ဝါ့သ်သည် နော်ဖောသို့ ခဏခဏ သွားလေ့ရှိသည်။ ဝင့်ဝါ့သ်သည် ဆက်သွယ်ရေးပညာရှင် ဖြစ်သည်ဟု ဘာဘရာက ယုံကြည်သည်။

ဝင့်ဝါ့သ်သည် ဆက်သွယ်ရေးပညာရှင်ဖြစ်လျှင် သူသည် ဝေါ်ကာကို ရေတပ်တွင် တွေ့ဆုံရန် မခဲယဉ်းဟု ကောက်ချက်ချသည်။

သော့ချက်စာရင်း၊ နည်းပညာလျှို့ဝှက်ချက်များ၊ ဝှက်စာရေးသွင်းဖော်နည်းများကို ရရှိနိုင်သည့် အခွင့်အရေးရှိသည်ဟု ယူဆသည်။

"Rus" ပြောခဲ့သည့် အဆက်အသွယ်ဆိုသူမှတစ်ဆင့်ဆောင်ရွက်ခြင်း ဖြစ်ပေသည်။ ဝေါ်ကာနှင့် ဝင့်ဝါ့သ်တို့အကြား မကြာခဏ တွေ့ဆုံမှုသည် လျှို့ဝှက်ချက်များကို ပုဂ္ဂိုလ်ရေး ဆက်သွယ်မှုများ ပြုလုပ်ပြီး ဆိုဗီယက်သို့ ပို့နိုင်လေသည်။ သို့ရာတွင် ဂရီရှိသည် သူ၏စုံစမ်းရှာဖွေမှုများ အခက်အခဲရှိသော်လည်း ဆက်လုပ်နိုင်သည်။

"နောက်ဆုံးနေရာကို သိရင် ခင်ဗျားရှာဖွေတဲ့ အရာကို တွေ့ပြီလို့ မှတ်ပါ"

အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး တစ်ဦး၏ ပြောစကားကို အမှတ်ရမိသည်။ ဂရီရှိသည် ပြန့်ကျဲရှုပ်ပွနေသော စာတွဲများကြားမှ ၁၉၈၂ ခုနှစ်ထုတ် မျဉ်းကြောင်းများနှင့်ပြည့်နှက် ရှုပ်ယှက်ခတ်နေသည့် တယ်လီဖုန်းဒိုင်ယာရီ တစ်ခုကို တွေ့ခဲ့သည်။ ထိုစာအုပ်တွင် ဆန်လီယန်းရာဝိုမြို့ရှိ လူများနှင့် လိပ်စာများကို ယှဉ်တွဲဖော်ပြထားသည်။ တစ်နေရာတွင် လော်ရာဝေါ်ကာပြောသော ဂျယ်ရီဝင့်ဝါ့သ်အမည်ကို တွေ့ရသည်။ မဆိုင်းမတွပင် အက်ဖ်ဘီအိုင်က လော်ရာကို မေးသည်။

"ဝင့်ဝါ့သ်ဆိုတာ ဝှစ်ဝါ့သ်ဖြစ်နိုင်သလား"

"ဟုတ်ပါတယ်. . . ဖြစ်နိုင်ပါတယ်၊ ဝှစ်ဝါ့သ်ဖြစ်နိုင်ပါတယ်"

လော်ရာက အလျင်အမြန်ဖြေသည်။ ဂရီဂိုသည် ကာလီဖိုးနီးယားပြည်နယ်ရှိ မော်တော်ဆိုင်ကယ် မှတ်တမ်းဌာနသို့ သွားသည်။

ဂျယ်ရီ အယ်လ်ဖရစ်ဝှစ်ဝါ့သ် အမည်နှင့် ပတ်သက်ပြီး အောက်ပါအတိုင်း သိရသည်။

အမည် = ဂျယ်ရီအယ်လ်ဖရက်ဝှစ်ဝါ့သ်
လိုင်စင်အမှတ် = K ၀၀၅၇၇၇၃
နေရပ် = အမှတ် ၁၁၈၊ လပြည့်ဝန်းလမ်း၊ ဒေးဗစ်၊ ကာလီဖိုးနီးယား။

ပီတာဆင်သည် ဂျယ်ရီအယ်လ်ဖရက်ဝှစ်ဝါ့သ်၏လုပ်သက်မှတ်တမ်းကို ရေတပ်မှတောင်းယူကြည့်သည်။ ကိုယ်ရေးအကျဉ်းမှာ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၉ရက်တွင် မွေးဖွားသည်။ ဝှစ်ဝါ့သ်သည် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလတွင် ရေတပ်သို့စာရင်းသွင်းသည်။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် အငယ်တန်းအရာရှိအဖြစ် အငြိမ်းစားယူသည်။

တာဝန်ထမ်းဆောင်စဉ်ကာလ၏ နောက်ဆုံး ၁၀နှစ်တွင် အခြေစိုက်ကမ်းခြေစခန်းများနှင့် ရေတပ်သင်္ဘောများအကြား ဝှက်စာရေးသွင်းဖော်ထုတ်ဆက်သွယ်မှုကို တာဝန်ခံဆောင်ရွက်ရသည်။

ဝှစ်ဝါ့သ်သည် ရေ၏လျှို့ဝှက်ချက်များကို ကာလရှည်ကြာစွာ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ သုံးစွဲခဲ့ကြောင်း ရေးသွင်းထားလိုက်သည်။ သူသည် ရေတပ်နှင့် ကြည်းတပ်တို့တွင်သုံးလေ့ရှိသဖြင့် သော့ချက်ပစ္စည်းကိရိယာများ၊ ဝှက်စာစက်များကို ဓာတ်ပုံရိုက်လိုက်သည်။ လေတပ်သာမက စီအိုင်အေ၊ အက်ဖ်ဘီအိုင်နှင့် အစိုးရဌာနများလည်း သုံးစွဲသည့်ကိရိယာဖြစ်လေသည်။

၁၉၈၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့ဖြစ်သည်။ စမစ်သည် ပီတာဆင်းဂရီရှိတို့နှင့်အတူ တိုင်ပင်ညှိနှိုင်းသည်။ ဥပဒေအကြောင်းအရ စတင်လှုပ်ရှားသည်။ ဤအမှုမှာ လက်ဆုပ်လက်ကိုင်မပြနိုင်သော်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ဥပဒေအကြောင်းအရလည်း ဝှစ်ဝါ့သ်ကို စိုးမိုးမှုရှိလေသည်။ ရေတပ်မှတ်တမ်းအရ ဝှစ်ဝါ့သ်သည် ဆယ်စုနှစ်နှစ်စုကျော်ခန့် နိုင်ငံတော်အတွက် ဝှက်ယူဖွယ်အမှုထမ်းခဲ့သူဖြစ်သည်။ ထူးခြားသောမြို့တော်သားတစ်ဦးဖြစ်ကြောင်း ဖော်ပြထားသည်။ ဤနေရာတွင် "Rus" နှင့်ဝှစ်ဝါ့သ်မှာ တစ်ဦးတည်းဖြစ်ကြောင်း သက်သေမတွေ့ရချေ။

"လာစမ်းပါဦး ကိုယ့်လူ. . . မယုံဘူးလား"

"မယုံဘူး"

စမစ်၏အမေးကို ပီတာဆင်က ခပ်ပြတ်ပြတ် ဖြေသည်။ စမစ်က ချက်ချင်းတုံ့ပြန်သည်။

"ဒီပြဿနာကို ကျော်ပဲအလွယ်တကူ နားလည်နိုင်အောင် ရှင်းပြနိုင်မယ်ထင်တယ်"

စကာရာမင်တိုရှိ အက်ဖ်ဘီအိုင်ရုံးမှ လုပ်ပိုင်ခွင့်အာဏာအတွင်း ကာလီဖိုး



www.burmeseclassic.com

www.burmeseclassic.com

နီးယား ဒေးဗစ်စခန်းမှရောက်ခဲ့သည်။ စမစ်သည် တယ်လီဖုန်းကောက်ကိုင်လိုက်ပြီး မေ ၂၀ ရက်၊ တနင်္လာနေ့ ၁၀ နာရီတွင် အစည်းအဝေးတစ်ခု ကျင်းပလိုကြောင်း စကရာမင်တိုရုံးသို့ ပြောလိုက်သည်။ ယခုအပတ်အတွက်မူ သူတို့၏ဇနီးများကိုခေါ်ပြီး ညစာသွားစားကြလေသည်။

တစ်ချိန်တည်းမှာပင် နော်ဖော့ရှိ ဝုလ်ဖင်းဂါးကလည်း သူ၏ထောက်လှမ်းရေးအဖွဲ့သည် တိုးတက်လာပြီး အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်နိုင်ပြီဟု ကောက်ချက်ချလေသည်။

**ဆဲဗင်းအပ်ပ်အစျိုးရှည်ဘူး**

ရက်သတ္တပတ် ၆ ပတ်ကျော်ကြာပြီးနောက် ဂျွန်ဝေါ်ကာ၏ တယ်လီဖုန်းက စကားပြော ဆက်သွယ်လာသည်။ ရှုပ်ရှင်းကြမ်းတမ်းသောစကားလုံးများ၊ ရောင်စုံဝေါဟာရများပါသည်။ သို့ရာတွင် တရားမဝင်အလုပ်ကိုလုပ်သဖြင့် အပြစ်ရှိသည့်စကားလုံးမျိုး တစ်ခွန်းတစ်ပါဒမျှ မပါချေ။

မေ ၁၇ ရက်နေ့တွင် ကြားဖြတ်အသံဖမ်းယူခြင်းဖြင့် အကျိုးအမြတ်ရရှိလာသည်။ ပင်ဆယ်ဗေးနီးယားရှိ ဝေါ်ကာ၏ အဒေါ်တစ်ယောက် သေဆုံးသည့်သတင်းဖြစ်သည်။ တနင်္ဂနွေနေ့တွင် အသုဘအခမ်းအနား ပြုလုပ်မည်ဖြစ်သည်။

ထိုအဒေါ်ဖြစ်သူမှာ ဝေါ်ကာ၏ ကျေးဇူးရှင်ဖြစ်ပြီး ဝေါ်ကာကို ကျွေးမွေးစောင့်ရှောက်လာခဲ့ဟန် တူသည်။ မြောက်ကာရိုလိုင်းနားရှိ သူ၏လုပ်ငန်းအဆက်အသွယ်ကို အသုဘ အခမ်းအနားတက်စဉ် လုပ်ငန်းရပ်နားထားရန် လှမ်းပြောသည်။

ဝုလ်ဖင်းဂါးနှင့် ဟန်းတားတို့မှာ သိလိုစိတ်ပြင်းထန်လာသည်။ အသုဘအခမ်းအနားက ဂရုမပြုမိဘဲ သူ့ကို အနီးကပ်စောင့်ကြည့်နိုင်ရန် မည်သို့လုပ်ဆောင်ရမည်ကို စဉ်းစားကြသည်။

တနင်္ဂနွေနေ့တွင် ဝေါ်ကာသည် ဖြစ်စဉ်နှစ်ရပ်ရှိသော နော်ဖော့ရှိနေအိမ်မှ ထွက်လာသည်။ သူ၏ရှေ့ရှိ တိတ်ဆိတ်ငြိမ်သက်နေသော လမ်းမကြီးကို အလျှင်အမြန်စစ်ဆေးကြည့်ရှုသည်။

ထို့နောက် ၁၉၈၅ ခုနှစ်ထုတ် သူ၏ ချက်ပလက်အက်စ်ထရိုဗင်ကားအသစ်ပေါ်သို့ တက်လိုက်သည်။

သူ၏လက်စွဲတော် ဆံပင်တုံ၊ ရွှေကိုင်းမျက်မှန်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့် အပြာရောင်ဂျင်းဝတ်စုံကို ဝတ်ဆင်ထားသည်။ နိုင်လွန်ဘလေဇာအင်္ကျီနှင့် တင်းနစ်ရှူးကို ဆင်မြန်းထားပြန်သည်။

အက်ဖ်ဘီအိုင်နယ်ထိန်းတို့က သူမောင်းထွက်ရာနောက်သို့ လိုက်ကြသည်။ မြို့ကိုဖြတ်၍ အနောက်သို့ ဦးတည်ပြီး ကွေ့ကွေ့ကောက်ကောက် မောင်းသွားသည်။ လမ်းတွင် နှစ်ကြိမ်ရပ်ပြီး မြေပုံတစ်ခုကိုထုတ်၍ သေချာကြည့်သည်။

တစ်ကြိမ်တွင် ကားကိုပြန်လှည့်ပြီး နောက်ကြောင်းသို့ပြန်သွားသည်။ အက်ဖ်ဘီအိုင် ဝန်ထမ်းများကမူ ကြေးစားတစ်ယောက်၏ လှည့်စားမှုမှန်း သိကြသည်။

ဝေါ်ကာသည် နော်ဖော့မှ မောင်းထွက်လာကတည်းက မြောက်ဘက်သို့ ဦးတည်လိုခြင်းဖြစ်သည်။ ဝုလ်ဖင်းဂါးနှင့် ဆာဒီတို့သည် ဝေါ်ကာမှာ သွက်လက်ဖျတ်လတ်သော သူလျှိုမှန်း သိကြသည်။ ဝါရှင်တန်ရှိ ကေဂျီဘီ သူလျှိုအဖွဲ့က သူ့ကို ကြိုးကိုင်ဆဲဖြစ်သည်။ ဝေါ်ကာသည် မြောက်ဘက်သို့ ဦးတည်ခြင်းကြောင့် ဗာဂျီးနီးယားပြည်နယ်၊ ရစ်မွန်မြို့သို့ရောက်လာသည်။ ဝုလ်ဖင်းဂါးသည် ဝါရှင်တန်ရှိ အက်ဖ်ဘီအိုင်ရုံးသို့ တယ်လီဖုန်းခေါ်လိုက်သည်။

"ပျံနေတဲ့လိပ်ပြာလေး (ဝေါ်ကာကို ပေးထားသောအမည်ဝှက်) မင်းတို့ဆီ ရောက်လာနိုင်တယ်"

အက်ဖ်ဘီအိုင်က နယ်မြေထိန်းရဟတ်ယာဉ်ကို စတင်လှုပ်ရှားစေသည်။ တောင်ပိုင်းသို့ဦးတည်ပြီး လက်နက်ကိုင်လူများကို ကား ၂၀ စီးဖြင့် စေလွှတ်သည်။ ဒေးဗစ်ဆာဒီသည် ကွပ်ကဲမှုရုံးသို့အမြန်သွားရောက်ပြီး စစ်ဆင်ရေးကို ညှိနှိုင်းဆောင်ရွက်သည်။

နယ်မြေထိန်း ကားများနှင့် ရဟတ်ယာဉ်အကဲကြည့်တို့၏ သတင်းပို့ချက်အရ ဝေါ်ကာသည် အနောက်မြောက်သို့ဦးတည်ပြီး ဝါရှင်တန်အဝန်းအဝိုင်းသို့ ချဉ်းကပ်လာကြောင်း ၃ နာရီ ၄၅ မိနစ်တွင်သိရသည်။ မေရီလင်းပြည်နယ် ဖော်တိုမက်မြစ်ကိုဖြတ်၍သွားပြီးနောက် မောင်ဂိုမာရီသစ်တောဘက်သို့ ဦးတည်လျက် ရှိသည်။ ထို့နောက် ကျေးလက်ဒေသများတွင် ကားဖြင့် လှည့်ပတ်မောင်းလျက် ရှိသည်။

ကွပ်ကဲမှုဌာနရှိဆာဒီသည် နယ်မြေထိန်းများထံမှရသော သတင်းပို့ချက်ကို ကြေညာသည်။ နားလည်လွယ်ကူသောစကားလုံးဖြင့် ပြောသည်။

"ရှင်သန်ဆဲ ဖြစ်တယ်"

သို့ရာတွင် ၅ နာရီခန့်၌ နယ်မြေကြီးကြပ်သူဂျက်ဆန်လိုး၏သတင်းပို့ချက် ထွက်ပေါ်လာသည်။

"ကျုပ်တို့ ရှုံးသွားပြီ၊ သူသွားပြီ"

နယ်မြေထိန်းများက ဝေါ်ကာကို မထိန်းနိုင်ခြင်းကြောင့် ရဟတ်ယာဉ်ကို မူလအတိုင်း ပြန်နေရန် စေလွှတ်လိုက်သည်။ ဝေါ်ကာသည် သစ်ပင်များ၏ ဖုံးကွယ်မှုဖြင့် သစ်တောအတွင်း ပျောက်ကွယ်သွားသည်။ မြေပြင်တပ်ဖွဲ့များကလည်း ဝေါ်ကာ၏နေရာကို မဖော်ထုတ်နိုင်ချေ။

လိုးသည် ဘာဘရာဝေါ်ကာ၏ လွန်ခဲ့သော ၁၆ နှစ်က ဝေါ်ကာနှင့် အတူသွားခဲ့သော မြောက်ဗာဂျီးနီးယားခရီးစဉ်အကြောင်းကို အလေးအနက် စဉ်းစားကြည့်သည်။ နေ့လယ်ပိုင်းက ဝေါ်ကာ ကားမောင်းစဉ် နှစ်ကြိမ်ရပ်ခဲ့သော ကျေးလက်ဒေသသစ်တောတွင်း





www.burmeseclassic.com

www.burmeseclassic.com

သို့ ကားမောင်းဝင်ခဲ့မည်။ ညမှောင်ရီပျိုးချိန်တွင် ပြန်လာခဲ့ကြသည်။

အက်ဖ်ဘီအိုင်အတွေးတွင် ဝေါ်ကာသည် ၁၉၆၉ ခုနှစ်က လုပ်ငန်းစဉ်အတိုင်း ထပ်လုပ်မည်ဟု ယုံကြည်သည်။ လိုးသည် ဝေါ်ကာသွားသည့်လမ်းကြောင်းအသီးသီးသို့ စောင့်ကြည့်သူများ ချထားလိုက်သည်။ နည်းဗျူဟာမှာ စောင့်ကြည့်ပြီး စဉ်းစားတွေးခေါ်ခြင်းဖြစ်သည်။ ထိုအချိန်များ ကျော်လွန်သည့်အခါ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်လာသည်။

ည ၈ နာရီခန့်တွင် ဒေးဗစ်ဆာဒီသည် လိုး၏ ဗာဂျီးနီးယားလေယူလေသိမ်းဖြင့် ပြောသောအသံတို့ကို ကြားရသည်။

"တို့ရပြီ၊ သူပြန်ထွက်လာပြီ"

"ပျော်ပျော်ရွှင်ရွှင် သွားပါစေ"

ည ၈ နာရီ ၂၀ မိနစ်တွင် စိတ်လှုပ်ရှားစရာသတင်းတစ်ပုဒ်ကွပ်ကဲမှုရုံးသို့ရောက်လာသည်။ ၁၉၈၃ ခုနှစ်ထုတ် အပြာရောင်မာလီဘူးဆီဒင်ကား (လိုင်စင် အမှတ် DSX ၁၄၄)သည် စောင့်ကြည့်ဇရိယာအတွင်း ဝင်လာခြင်းဖြစ်သည်။



DSX အမှတ်အသားမှာ ဆိုဗီယက်သံရုံး တတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သူ၏လက်ရှိအနေအထားမှာ ကေဂျီဘီ(ဆိုဗီယက်ထောက်လှမ်းရေး)အရာရှိ ဖြစ်သည်။

အမှောင်ထုသည် အက်ဖ်ဘီအိုင်အဖွဲ့ကို အခွင့်သာစေသည်။ ဝေါ်ကာ၏ ဗင်ကားမီးရောင်မှာ သူတို့ကို ပိုမိုဖုံးကွယ်မှုရှိစေသည်။ ထိုအချိန်တွင် ကာချင်ကိုက မီးထိုးထားသည်။ ဝေါ်ကာသည် ကွင့်အောချော့လမ်းမှထွက်ပြီး နူမီးပ်စက်ရုံအနီးတွင် ကားကိုရပ်ထားကာ လမ်းလျှောက်သွားသည်။ ဝေါ်ကာထွက်သွားပြီးနောက် လိုးက ပတ်ဝန်းကျင်ကို လေ့လာကြည့်သည်။ အအေးခန်းဒေါက်အဖြစ် သုံးသည့် ဒေါက်တိုင်အနီးတွင် ဆဲဗင်းအပ် အချိုရည်ဘူးတစ်ခုကို တွေ့ရသည်။

သူ၏ ယူဆချက်မှာ ကေဂျီဘီသို့ အချက်ပြမှုဟုယူဆသည်။ ထိုနေရာသို့ ဝေါ်ကာရောက်လာပြီး ကေဂျီဘီ၏ လိုအပ်ချက်များကို ချထားပေလိမ့်မည်။ ကေဂျီဘီချခဲ့သောစာများကိုလည်း ပြန်ယူပေလိမ့်မည်။ ရှင်းလင်းလွယ်ကူစွာဆိုလျှင် အချိန်းအဆက်ပြုသည့်နေရာဖြစ်နိုင်လေသည်။

ဝေါ်ကာသည် ဆဲဗင်းအပ်ပ်သံဘူးကို စွန့်ပစ်ထားခဲ့ခြင်းကြောင့် ကာချင်ကိုက ထိုသံဘူးကို တွေ့သွားသည်။ ထို့ကြောင့် သူ၏အစီအမံကို ဆက်လုပ်သည်။

လိုးက ရေဒီယိုဖြင့် နယ်မြေထိန်းအဖွဲ့သို့ သူ၏တွေ့ရှိချက်ကို သတင်းပို့လိုက်သည်။ နောက်မှ အကြံရသဖြင့် ထပ်မံဖြည့်စွက်ပြောလိုက်သည်။

"သံဘူးနဲ့ပတ်သက်ပြီး မမေ့ကြနဲ့နော်. . . အဲဒါက သက်သေခံပဲ"

စောင့်ကြည့်အဖွဲ့သည် အမှတ်အသားဖြင့် အဓိပ္ပာယ်ကို မသိသည့်အလျောက် နယ်မြေကို ရှင်းလင်းပြီး သံဘူးကိုဆွဲယူလိုက်သည်။

ဝေါ်ကာအပေါ် အာရုံစိုက်ပြီး ညီညွတ်စွာအားထုတ်မှုကြောင့် နယ်မြေထိန်းတပ်ဖွဲ့သည် ကာချင်ကို ဘယ်ရောက်သွားသည်ကိုမသိရချေ။ ကာချင်ကိုက တစ်ခုခုဖြစ်နေသည်ကိုမှု သံသယဖြစ်ခဲ့သည်။ အချက်ပြ ထားရှိသည့်နေရာတွင် ကေဂျီဘီ အရာရှိသည် ဆဲဗင်းအပ်အချိုရည်ဘူးကို မတွေ့တော့ချေ။

ဝေါ်ကာသည် ကာချင်ကိုကို အသိမပေးနိုင်သကဲ့သို့ သူကိုယ်တိုင် အန္တရာယ်ရှိနေမှန်း အသိရှိသော်လည်း မရုန်းထွက်နိုင်ချေ။ ကာချင်ကိုက သူ၏ဆက်သွယ်မှုကို ဖျက်သိမ်းလိုက်သည်။ ည ၉ နာရီ ၈ မိနစ်တွင် အက်ဖ်ဘီအိုင်ဝန်ထမ်းများ အပြာရောင်မာလီဘူးကားမှာ ဇရိယာအတွင်းမှ အရှိန်ပြင်းစွာမောင်းထွက်သွားကြောင်း တွေ့လိုက်ရသည်။

ထိုစဉ် ဝေါ်ကာသည် နေ့လယ်ခင်းက သူ၏လှုပ်ရှားမှုအတိုင်း ဆက်လုပ်သည်။ ချိန်းဆိုအချက်ပြဆက်သွယ်သည့်နေရာမှ လေးမိုင်အကွာတွင် ကားကိုရပ်သည်။ ထို့နောက် ဇရိယာမှာ အရှိန်ပြင်းစွာမောင်းထွက်သွားသည်။

နယ်မြေထိန်းအချို့သည် ဆင်ခြေဖုံးရပ်ကွက် ကုန်တိုက်များဆီသို့ ဦးတည်သွားသော ဝေါ်ကာနောက်သို့ လိုက်ကြသည်။ အချို့က အအေးခန်းဒေါက်တိုင်နားတွင် ရှာဖွေကြသည်။

ည ၉ နာရီ ၂၆ မိနစ်တွင် သူတို့သည် ကုန်ခြောက်ထည့်သည့် အိတ်ကြီးတစ်ခုကို တွေ့ကြသည်။ အိတ်၏အောက်ခြေတွင် ခပ်ညံ့ညံ့လက်ရေးဖြင့် ရေးထားသော လျှို့ဝှက်စာရွက်စာတမ်း အမြောက်အမြားကို တွေ့ရသည်။

ဆာဒီသည် ရုတ်တရက် ဂျွန်ဒီယွန်ထံသို့ တယ်လီဖုန်းနှင့်ဆက်သွယ်လိုက်သည်။ ဂျွန်ဒီယွန်မှာ ပြည်တွင်းလုံခြုံရေးဌာန တရားရေးဌာန၏သူလျှိုလှုပ်ရှားမှုအဖွဲ့ အကြီးအကဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ၏အိမ်မှာ ဗာဂျီးနီးယားပြည်နယ် မက်ကလင်းတွင်ရှိသည်။

“ပြီးခဲ့တဲ့အပတ်က ဆွေးနွေးတဲ့ကိစ္စ မှတ်မိမယ် ထင်ပါတယ်၊ အဲဒါ တကယ်ဖြစ်လာပြီ၊ ကျွန်တော်တို့ ခင်ဗျားနဲ့ ဌာနချုပ်မှာ ဆုံကြမယ်”

ရှော့နီရက်ဖလာသည် အက်ဖ်ဘီအိုင်၏ဆိုဗီယက်ဌာနခွဲလက်ထောက် အကြီးအကဲဖြစ်သည်။

ဂျယ်ရီရစ်ချတ်သည် အက်ဖ်ဘီအိုင် ဓာတ်ခွဲခန်း စာရွက်စာတမ်း အထောက်အထား ကျွမ်းကျင်သူ ဖြစ်သည်။

ဖိတ်ကြားထားသူ အားလုံးသည် ပင်ဆဲဗေးနီးယားအဲဗင်းနယူးရှိ ဌာနချုပ်တွင် ဒွန်ဒီယွန်အလာကို စောင့်လျက်ရှိကြသည်။ ည ၁၀ နာရီ ၄၅ မိနစ်တွင် အက်ဖ်ဘီအိုင်ဝန်ထမ်းအချို့က တိုက်ပွဲဝင်ပုံဖျက်ဝတ်စုံများ ဝတ်ဆင်လျက် အထောက်အထား စာရွက်စာတမ်းများနှင့် ဝင်လာကြသည်။

စားပွဲ ကုလားထိုင်များတွင် အထောက်အထားစာရွက်စာတမ်းများ ဖြန့်တင်ပြီးနောက် အမျိုးအစား ၁၂၉ မျိုး ခွဲခြားထားလိုက်သည်။ လေယာဉ်တင်သင်္ဘော နီမစ်ဇ်၏ ကြေးနန်းအဆက်အသွယ်များပါဝင်ပြီး ယင်းသည် ဆိုဗီယက်လက်တွင် အသုံးတည့်သော လက်သုံးကိရိယာ ဖြစ်လေသည်။

မူရင်းအထောက်အထားသည် ဒီယွန်အတွက် အဖိုးတန်ပစ္စည်းတစ်ခု တွေ့ရှိခြင်း ဖြစ်သည်။ လေယာဉ်တင်သင်္ဘော နီမစ်ဇ်တွင် ဝေါကာ၏သား မိုက်ကယ်ဝေါကာ တာဝန်ထမ်းဆောင်လျက်ရှိသည်။

“ဒါမိုက်ကယ်ပဲ. . . ငါ တွေ့ပြီးပြီ”

ဒီယွန်၏နှုတ်မှ ထွက်သွားသည်။ အရေးပါသော စာများမှ ဝေါကာက ကေဂျီဘီသို့ လက်နှိပ်စက်ဖြင့်ရိုက်ပြီး ရှင်းလင်းလွယ်ကူသော လက်ရေးဖြင့် ရေးထားသည့် စာများဖြစ်သည်။

မိတ်ဆွေကြီး. . .

ဒီကုန်ပစ္စည်းကတော့ "S"ကလာတာပါ၊ အရေအတွက်ကန့်သတ်ချက်ရှိပါတယ်၊ ကုန်ပစ္စည်းအမျိုးအစားမှန်ကန်မှုက ယခုအခြေအနေမှာ ကြီးမားများပြားပါမယ်၊ ကျွန်တော် ဆိပ်ကမ်းက ခေါ်ပြီး သူ့ကိုတွေ့ဖို့ စီစဉ်ထားပါတယ်၊ အကောင်းဆုံးနမူနာတချို့ ရွေးနုတ်ပေးပို့လိုက်ပါတယ်”

"D" စာလုံး၏ရေးသားမှုမှာ ရှုပ်ထွေးလျက်ရှိသည်။ သူသည် ယခုအထိ ပူးပေါင်းဆောင်ရွက်ရန်အသင့်မဖြစ်သေးချေ။ မှန်းဆချက်အရ သူသည် ကိန်းကြီးခန်းကြီး နေရသည်ကို အလေ့အကျင့်ဖြစ်နေပုံရလေသည်။ သူသည် ပူးပေါင်းဆောင်ရွက်ရန် အသစ်တစ်ဖန် ကြိုးစားပေလိမ့်မည်။

စာတွင် ဝေါကာသည် "K" သို့ ရည်ညွှန်းထားသည်။ (သတင်းသယ်ယူထိန်းသိမ်းစောင့်ရှောက်သူ) "S" က ရှင်းသည်။ မိုက်ကယ်ဝေါကာကို ဆိုလိုဟန်ရှိသည်။ ရည်ညွှန်း "D" မှာ ဂျယ်ရီဝှစ်ဝေါ့သ် (သို့မဟုတ်) RUS ဖြစ်မည်။ "K" သည် အာသာဝေါကာဖြစ်နိုင်သည်။ VSE ကော်ပိုရေးရှင်းမှ သူ၏အလုပ်သမားသည် ရေတပ်သင်္ဘောထိန်းသိမ်းရေးအကြံပေးဖြစ်သည်။ ဝေါကာသည် မဟာတွေးခေါ်ရှင်ဖြစ်ပြီး သူလျှိုလှုပ်ရှားမှုတစ်ခုလုံး၏ ကြိုးကိုင်သူဖြစ်သည်မှာ ထင်ရှားသည်။ RUS ပြောသကဲ့သို့ သူ၏အဆက်အသွယ်မှာ အလုပ်လုပ်နေဆဲဟု ဆိုပါသည်။

**အက်ဖ်ဘီအိုင်စောင့်ကြည့်ပြီ**

ထိုအခိုက်အတန့်အတွင်း ဝေါကာသည် ကျေးလက်ဒေသသို့ပြန်သွားပြီး ကေဂျီဘီ၏ညွှန်ကြားချက်ကိုလိုက်နာရန် အလျင်အမြန်အားထုတ်သော်လည်း စနစ်မကျချေ။

ည ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် စောင့်ကြည့်ရေယာဉ်အတွင်းသို့ ပြန်ဝင်လာခဲ့သည်။ ဝေါကာသည် အိုးဘတ်ကလော့လိန်းနှင့် ပွိုက်ဘရောင်းလမ်းအနီးရှိ သစ်ပင်အိုကြီးနှစ်ပင်၏နောက် မြေပြင်တွင် တစ်စုံတစ်ခုကို ရှာဖွေရန် ပြန်ပေါ်လာသည်။ ဘာမျှ မတွေ့သောကြောင့် သူထားခဲ့သော စာရွက်စာတမ်း ထုပ်ရှိရာသို့ သွားပြန်သည်။ ထိုနေရာတွင် အထုပ်မရှိတော့မှန်းသိသွားသည်။

ဝေါကာသည် စိတ်ရှုပ်ထွေးပြီး အထိတ်တလန့်ဖြစ်လာသည်။ ကေဂျီဘီက အထုပ်ကိုရသည်ဆိုလျှင် သစ်ပင်အိုကြီး နှစ်ပင်နောက်၌ အထုပ်တစ်ခု ချခဲ့ပေမည်။ တစ်စုံတစ်ယောက်က သူ၏ ပျောက်နေသောငွေအိတ်ကိုတွေ့သည် ဆိုစေကာမူ စာရွက်စာတမ်းအထုပ်ကို မတွေ့ခြင်းအတွက် သဘာဝမကျဟု ထင်သည်။ ပစ္စည်းများကိုတွေ့ရနိုးနိုးမျှော်လင့်ချက်ဖြင့် ဝေါကာမှာ ထိုနှစ်နေရာတွင် လူးလာခေါက်ပြန်ဖြစ်နေသည်။ ကာချင်ကိုမှာ လာပေးသည့် အထုပ်ကို ရမသွားချေ။

ည ၁၁ နာရီ ၃၀မိနစ်တွင် ရှော့ရက်ဖလာက ဆာဒီကို တယ်လီဖုန်းဆက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဆာဒီက လိုးကို ရေဒီယိုဖြင့် စကားပြောလျက်ရှိသည်။

"ခင်ဗျား. . . ဝေါ်ကာကို ဝရမ်းမပါဘဲ ဖမ်းချုပ်လို့ရပြီ"

"ဘယ်လိုလဲ၊ လာခဲ့ရမလား"

လိုးသည် ဥပဒေက ခွင့်ပြုသော စွန့်စားမှုကို ပြုလုပ်ရန် အန္တရာယ်ကို ရှောင်တိမ်းနိုင်ရန်အတွက် မေးလိုက်သည်။

"ဂျက်. . . ဒီစာရွက်စာတမ်းအထုပ်က အုံ့ဩဖို့ကောင်းတယ်၊ မယုံနိုင်စရာဘဲ၊ သူ့ကိုတော့ မလွတ်စေနဲ့ဗျာ"

ယခုအခါတွင် ဝေါ်ကာသည် လိုတာမရသောကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပြီး လက်လျှော့လိုက်သည်။ ကားကို မေရီလင်းပြည်နယ်၊ ရော့ဗီလီသို့ ဦးတည်မောင်းနှင်လိုက်သည်။ လိုးနှင့် အခြားသူများကလည်း ရော့ဗီလီရှိ ရမ်မဒါဟိုတယ်တွင် ရှိနေကြသည်။ ဝေါ်ကာ၏ကားက ဟိုတယ်သို့ချိုးဝင်လာသည်။ အက်ဖ်ဘီအိုင်ဝန်ထမ်းများသည် အဆောက်အအုံကို လျင်မြန်စွာဝိုင်းရံလိုက်သည်။ အချို့က ဟိုတယ်ခန်းမသို့ ပြေးဝင်ကြသည်။ ဝေါ်ကာအဖို့ ဘာမျှ မတွေ့လိုက်ရချေ။

အချို့က ဟိုတယ်ဧည့်စာရင်းဌာနတွင် အကူအညီတောင်းပြီး အမှန်သိအောင်ကြိုးစားကြသည်။ ဝေါ်ကာသည် ဂျွန်ဆင်အမည်ဖြင့် ဟိုတယ်တွင် စာရင်းသွင်းထားသည်။ ထို့ကြောင့် ဟိုတယ်တွင် ဝေါ်ကာနှင့် လွဲသွားခြင်းဖြစ်သည်။ ဝေါ်ကာမှာ သူ၏အခန်းအမှတ် (၇၆၃) သို့ တိုက်ရိုက်ဝင်သွားနိုင်ခဲ့သည်။

အက်ဖ်ဘီအိုင်၏ အစဉ်အလာကျင့်သုံးမှုအတိုင်း ဖမ်းဆီးချုပ်နှောင်ရန် ဘော့ဟန်းတားသို့ဦးစားပေးတာဝန်ယူစေသည်။ ဝေါ်ကာကို ဝါရှင်တန်သို့ ခြေရာခံလိုက်ရန် ဦးစွာတာဝန်ပေးခံရသူမှာ နော်ဖော့အက်ဖ်ဘီအိုင် ဖြစ်သည်။ သူသည် ဝါရှင်တန် အမှုတွဲတာဝန်ခံဂျင်ကိုလော့ချ်နှင့် ဆက်သွယ်ခဲ့သည်။ ဝေါ်ကာကို အသက်ရှင်လျက်ဖမ်းမိရန် အရေးကြီးကြောင်းသိကြသည်။ လိုအပ်လျှင် ပစ်ခတ်ဖမ်းဆီးရပေမည်။ ပြည်ထောင်စုအစိုးရသည် ပြောသလိုလုပ်မည်ကို သိပြီးဖြစ်သည်။

ဟန်းတားနှင့် ကိုလော့ချ်တို့သည် အခန်းအမှတ် (၇၆၃)၏ စင်္ကြံလမ်းထောင့်တွင် နေရာယူကြသည်။ ဟိုတယ်ဝန်ထမ်းဘီလီဝမ်းက တယ်လီဖုန်းဖြင့် ဝေါ်ကာကို ဆက်သွယ်သည်။

အရက်မူးနေသော ယာဉ်မောင်းတစ်ဦးက ဝေါ်ကာ၏ကားကို တိုက်မိပျက်စီးစေခဲ့ကြောင်း ဆက်၍ ပြောသည်။

"ကျေးဇူးပြုပြီး ဆင်းလာခဲ့မှာလား၊ ဒါမှမဟုတ် အာမခံကုမ္ပဏီနဲ့ ရှင်းရမှာလားခင်ဗျာ"

ခေတ္တမျှတိတ်ဆိတ်သွားသည်။ ဟန်းတားနှင့် ကိုလော့ချ်တို့ ဝေါ်ကာ၏ တံခါးဖွင့်သံကို ကြားရသည်။ သူတို့၏ သေနတ်များကိုထုတ်ပြီး စင်္ကြံထောင့်မှ ပြေးထွက်လာကြသည်။ ဝေါ်ကာ၏ရှေ့တွင် ရပ်လိုက်ကြသည်။ ဝေါ်ကာနှင့် လေးကိုက်ခန့်ကွာလေသည်။ ဝေါ်ကာကလည်း ပွိုင့် ၃၈ ကာလီဘာရီဗော်ဗာဖြင့် သူတို့ကိုချိန်ထားသည်။

"အက်ဖ်ဘီအိုင်ကပါ. . . လက်နက်ချပါ"

အခြားတစ်နေရာမှ မျက်နှာသုံးခုထွက်လာသည်။ ၁၀ စက္ကန့်အတွင်း ငါးဦးခန့်ရောက်လာသည်။ ကလိမ်ကကျစ်ကျသောဝေါ်ကာသည် မကြာမီတွက်ချက်မိသည်။ သေနတ်ပစ်ခံရနိုင်သည်ဟု တွေးမိသည်။

ဝေါ်ကာသည် ညာဘက်လက်ရှိ သေနတ်ကိုချလိုက်သည်။ ကိုလော့ချ်သည် ဝေါ်ကာကို နံရံတစ်ဖက်သို့ကပ်စေပြီး လက်ထိတ်ခတ်လိုက်သည်။

ပြီးမှ တည်ငြိမ်စွာဖြင့် ကြေညာလိုက်သည်။

"ခင်ဗျားကို ပြည်ထောင်စုအစိုးရရဲ့ဥပဒေအရ သူလျှိုမှုနဲ့ ဖမ်းဆီးချုပ်နှောင်လိုက်ပါပြီ"

ဟိုတယ်ရှေ့တွင် ကျယ်လောင်သော ဝါယာလက်ကားသံများနှင့် မီးရောင်များက ရှုပ်ယှက်ခတ်နေသည်။ ဒါဇင်ပေါင်းများစွာသောဝန်ထမ်းများက လူစုလူဝေးကို ဝန်းရံနေသည်။ ဝေါ်ကာ၏ ကျားရဲမျက်လုံးများက ဝန်ထမ်းများကို အထင်သေးစွာ စိုက်ကြည့်လျက်ရှိသည်။

"ပရိသတ်ကိုတောင် ငြိမ်အောင် မထိန်းနိုင်ဘူးလား"

ဝေါ်ကာက အထင်မကြီးမလေးမစားဟန်ဖြင့် ပြောသည်။

"အခွန်ဝန်ထမ်းတွေကို နည်းနည်းမှ မစဉ်းစားဘူးလား"

"ကားထဲကိုဝင်ပါ မစ္စတာဝေါ်ကာ၊ မဟုတ်ရင်တော့ ခင်ဗျားကို ကူညီရလိမ့်မယ်"

လိုးက အမိန့်ပေးလိုက်သည်။

အက်ဖ်ဘီအိုင်ဌာနချုပ်တွင် ဂျွန်ဒီယွန်၊ ရော့ဒ်လက်ဖလားနှင့် ဂျယ်ရီရစ်ချတ်တို့သည် ရေတပ်၊ အိမ်ဖြူတော်၊ အမျိုးသားလုံခြုံရေးအေဂျင်စီ၊ ရှေ့နေချုပ်နှင့် အခြားသိသင့်သိထိုက်သူများကို အကြောင်းကြားလိုက်သည်။

အက်ဖ်ဘီအိုင်သည် ဤမျှကြီးမားသော သူလျှိုအဖွဲ့အစည်းကို ပထမဆုံးအကြိမ် သိသာထင်ရှားအောင် ဖော်ထုတ်နိုင်ခြင်း ဖြစ်လေသည်။

ဝေါ်ကာ၏ သူလျှိုအဖွဲ့မှာ အမျိုးသားဘေးအန္တရာယ် ကပ်ဆိုက်မှုကြီးပင် ဖြစ်လေသည်။

(ဆက်ရန်)

❒ နေမထူး





www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ် ထွက်လာခြင်း



ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈

ကင်ဆာ၊ မြစ်ပွားနာ ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမ ဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘိပို၊ စိပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

| | | |
|---|---|---|
| **ဆေးခန်းတည်နေရာ** | – | ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **လမ်းညွှန်** | – | ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။ |
| **ဆက်သွယ်ရန်ဖုန်း** | – | ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၁၇၊ ၀၁–၇၀၀၆၄၄ |



www.burmeseclassic.com

www.burmeseclassic.com

# စိန်ခေါ်ည



မောင်တိုး ကြုံတွေ့ခဲ့သည့် အဖြစ်က ရိုးရိုးလေးဟု ထင်မိသည်။ ဆန်းဆန်းကြယ်ကြယ် ဖြစ်လိမ့်မည် မထင်ခဲ့။ ခုတော့ မောင်တိုး ကြုံတွေ့ခဲ့သည့်အဖြစ်က တွေးမိတိုင်း ကြက်သီးထစရာ ဖြစ်နေသည်။

တစ်ည မောင်တိုးဆိုင်ကယ်ဖြင့် ခရီးဝေးတစ်ဦးကိုလိုက်ပို့ခဲ့ဖူးသည်။ မိုးက ခပ်ဖွဲဖွဲလေးရွာနေသလို လေကလည်း တိုက်နေသည်။ မောင်တိုးလိုက်ပို့ရမည့် ခရီးက ဝေးသည်။ ခရီးဝေးသော်လည်း မောင်တိုးမလိုက်လို့မဖြစ်။ ခရီးဝေးသွားသူက မောင်တိုးတောင်းသည့်ပိုက်ဆံထက် နှစ်ဆပိုပေးထားသည်မဟုတ်ပါလား။

ခရီးဝေးသွားမည့်သူက ရိုးရိုးမဟုတ်။ ယမကာအတော်ကြီးမူးယစ်နေသူ။ မောင်တိုးမတတ်နိုင်။ မောင်တိုးဆိုင်ကယ်ကယ်ရီစ,မောင်းကတည်းက လူကောင်းရော၊ လူဆိုးရောလိုက်ပို့ဖူးသည်။ သို့တိုင် မောင်တိုးခရီးသည်ကိုတော့ အတတ်နိုင်ဆုံးရွေးသည်။ ဖြစ်နိုင်လျှင် ယမကာသမားကို အတတ်နိုင်ဆုံးရှောင်သည်။ ခုတော့ မောင်တိုးမရှောင်နိုင်။ ယခင်ရက်ကလို ခရီးသည်မကျ။

မောင်တိုး လက်ကနာရီကိုကြည့်လိုက်မိသည်။ ညဆယ်နာရီတိတိရှိသေးသည်။ မောင်တိုးလိုက်ပို့ရမည့် သရက်ကုန်းရွာက တစ်နာရီနီးပါးကြာသည်။ မောင်တိုးသွားမည့်အချိန်နှင့် ပြန်ချိန်ကိုတွက်ဆပြီး ရလာမည့်ပိုက်ဆံကိုတွက်ရင်း စိတ်ပျော်သွားမိသည်။ မောင်တိုးစိတ်မပျော်လို့မဖြစ်။ ခုတစ်လော မောင်တိုး ဆိုင်ကယ်ဆွဲမကောင်း၍ ပိုင်ရှင်အုံနာကြေးကို တောင်းပန်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏစောင့်နော် ညီလေး. . . အစ်ကို ဝယ်စရာရှိသေးတယ်"

ခရီးသည်က မောင်တိုးကိုပြောပြီး အရက်ဆိုင်ထဲသို့ဝင်သွားပြီး ကြွပ်ကြွပ်အိတ် အထုပ်ကလေးကို ဆွဲလာသည်။ ပြီး သိုင်းလွယ်ထားသည့် လွယ်အိတ်ထဲသို့ ထည့်သည်။

"ကဲ. . . ညီလေး မောင်းတော့၊ ခုချိန်ဆို ငါ့အမရာ မျှော်နေပြီကွ"

ခရီးသည်က ဆိုင်ကယ်ပေါ်ခွထိုင်ရင်းပြောလိုက်၍ မောင်တိုး ဆိုင်ကယ်စက်နှိုးပြီး မောင်းထွက်ခဲ့သည်။

မိုးက တဖွဲဖွဲရွာနေသလို လေပါတိုက်နေ၍ ကားလမ်းဘေးရှိ သစ်ပင်ကြီးငယ်များကယိမ်းနွဲ့လှုပ်ရှားနေသည်။

မိုးရေကြောင့် ကတ္တရာလမ်းပေါ် အရှိန်ဖြင့်မောင်းနေရသော်လည်း မောင်တိုး သတိထားပြီး မောင်းနေရသည်။ မောင်တိုး ဆိုင်ကယ်ကို အရှိန်မြှင့်ပြီး မမောင်းရဲ။ မနှစ်က ဒီလိုမိုးရွာညတွင် ခရီးသည်ပို့ပြီးအပြန် စလစ်ဖြစ်ပြီး ကားလမ်းဘေးသို့ ဆိုင်ကယ်ထိုးကျခဲ့ဖူးသည်။ မောင်တိုး သတိထားမိ၍ လူကဘာမှမဖြစ်ခဲ့။ ဆိုင်ကယ်ပျက်ခဲ့သည်။

"ညီ. . . ညီလေးက ဒီလမ်းကိုကျင်လည်သားပဲ"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော်က ခရီးဝေးကို သွားနေကျဆိုတော့ သတိထားပြီးသွားနေရတာ"

"အေးကွာ. . . သတိဆိုတာ ပိုတယ်မရှိဘူးကွ၊ မင်းကို အစ်ကို ဒီဂိတ်မှာ တစ်ခါမှ မတွေ့ဖူးဘူး"

"ကျွန်တော် ဒီဂိတ်မှာမထိုးဖူးဘူး အစ်ကို၊ ဒီနေ့ ဆိုင်ကယ်ဆွဲမကောင်းလို့ လာထိုးရင်း အစ်ကိုငှားလို့ လိုက်ပို့တာ"

ခရီးသည်က စကားပြောရင်း လေတဖြူးဖြူးတိုက်လာသည့် လေပြင်းနှင့်အတူ မိုးအေးအေးကြောင့်သောက်ထားသည့်အရက်အရှိန်ဖြင့် ပိုမူးလာဟန်တူသည်။ တဖြည်းဖြည်း မောင်တိုးကျောပြင်ကို ခေါင်းမှီပြီးလိုက်လာသည်။ မောင်တိုးဆိုင်ကယ်မောင်းရင်း မီးရောင်ဖြင့် တွေ့မြင်နေရသည့်ကားလမ်းပေါ်မှ ကျင်းချိုင့်ရေကွက်များကို သတိထားပြီး မောင်းနေရ၍ ကျောကိုခေါင်းမှီပြီး လိုက်လာသည့်ခရီးသည်အတွက် စိုးရိမ်သွားမိသည်။

ထို့ကြောင့် ဆိုင်ကယ်ကို မူလမောင်းနေကျ မိုင်နှုန်းထက်လျှော့ပြီး ဖြည်းဖြည်းမှန်မှန် မောင်းနေမိသည်။ ဘယ်နေရာကြည့်ကြည့် ညအမှောင်ထုထဲတွင် နစ်ဝင်နေသည့်ကားလမ်းမကြီးနှင့်အတူ မိုးကတဖွဲဖွဲရွာနေဆဲဖြစ်သည်။ ကားလမ်းမပေါ်တွင် ကားနှင့်ဆိုင်ကယ်များ အသွားအလာ ပြတ်နေသည်။

ယခင်ညက မောင်တိုး ယခုလိုခရီးဝေး တစ်ဦးကို လိုက်ပို့ဖူးသည်။ ညတစ်နာရီကျော်ကျော်ရှိသော်လည်း ခရီးဝေးကားများ မီးရောင်ကို တွေ့ရသည်။

မောင်တိုး ကားလမ်းမပေါ်တွင် ကားများ အသွားအလာပြတ်နေ၍ ခရီးသည်သွားလိုသည့် သရက်ကုန်းရွာသို့ အမြန်ရောက်ရန် ဆိုင်ကယ်ကို မိုင်နှုန်းတင်လို့မရ။ မောင်တိုးဆိုင်ကယ်စီးသူက ရိုးရိုးမဟုတ်၊ အမူးသမား။ ဆိုင်ကယ်ပေါ်က လိမ့်ကျလျှင် မောင်တိုးမလွယ်။

"ဟေ့ ဟေ့ကောင် . . . ဆိုင်ကယ် ရပ်စမ်း"

မောင်တိုး အတွေးနှင့်အတူ ဆိုင်ကယ်ကို ဖြည်းဖြည်းချင်းမောင်းနေစဉ် ရုတ်တရက်စီးလာသူ ခရီးသည်၏ ကားမြစ်သံကိုကြားလိုက်ရ၍ ဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။

"ဘာ ဘာဖြစ်လို့လဲ အစ်ကို"

"ဘာဖြစ်ဖြစ်ကွာ. . . ငါ့နေရာရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်က မောင်တိုးကျော ပြင်ကို ခေါင်းမှီပြီးအိပ်ငိုက်လာသလား။ မှိန်းပြီးလိုက်လာသလား မောင်တိုး မခန့်မှန်းနိုင်တော့။ ရုတ်တရက် ဆိုင်ကယ်ရပ်ခိုင်း၍ မောင်တိုးစိုးရိမ်ပြီး ဆိုင်ကယ်ကို ရုတ်တရက်ရပ်လိုက်မိသည်။ ခရီးသည်က ပြောပြောဆိုဆို ဆိုင်ကယ်ပေါ်မှ ဒယီးဒယိုင်ဖြင့်ဆင်းပြီး ကားလမ်းမဘေးတွင် ရပ်နေသည်။

မောင်တိုးပတ်ဝန်းကျင်သို့ စူးစမ်းကြည့်လိုက်မိသည်။ ဝိုးတဝါးတွေ့မြင်လိုက်ရသည်။ ကားလမ်းမကြီးမနီးမဝေးရှိ ချုံပုတ်များနှင့် ဖြူဖြူအရာများ။ မောင်တိုး ကြည့်ရင်းအံ့အားသင့်သွားမိသည်။

"အစ်ကို. . . အစ်ကိုသွားမယ့် သရက်ကုန်းကို မရောက်သေးဘူးလေ၊ အစ်ကို မှားနေပြီထင်တယ်"

"ငါမမှားဘူးကွ. . . ငါ့နေရာ ငါသိတယ်"

ခရီးသည်က ကားလမ်းဘေးရှိ သစ်ပင်ကြီးရှေ့တွင်ရပ်ပြီး အပေါ့စွန့်နေသည်ကို မောင်တိုးတွေ့လိုက်ရသည်။

"အစ်ကို. . . အပေါ့စွန့်ရင် ထိုင်စွန့်ဗျာ"

"ငါ့ဟာငါ အပေါ့စွန့်တာ ဘာဖြစ်လဲ၊ မင်းက ငါအပေါ့စွန့်တာ မကျေနပ်လို့ ပြောတာလား"

"မဟုတ်ပါဘူး အစ်ကိုရာ၊အစ်ကို အပေါ့စွန့်နေတာက သချိုင်းကုန်းဘေးက သစ်ပင်ကြီးဗျ"

မောင်တိုးက သချိုင်းကုန်းကို ကြည့်ပြီး ပြောလိုက်သည်။ ခရီးသည်က ဘာမှမမှုသလိုဟန်ဖြင့် အပေါ့စွန့်ပြီး -

"ငါ သရက်ကုန်း ရောက်ပြီလို့ မင်းပြောတာလား"

"ကျွန်တော်မပြောပါဘူး အစ်ကို၊ အစ်ကိုမူးပြီး ကျောမှီလာလို့ ဆိုင်ကယ်ပေါ်က ကျမှာစိုးပြီး မေးမောင်းလာခဲ့ရတာ"

မောင်တိုးစကားကိုကြားပြီး ခရီးသည်က ဟိုဟိုဒီဒီကြည့်ကာ ဆိုင်ကယ်ပေါ် သို့ပြန်ထိုင်ရင်း တက်တစ်ချက် ပြင်းပြင်းတောက်ခတ်ပြီး. . .

"ဘယ်ကောင်လဲကွ. . . ငါ့ကို ခေါ်တာ၊ အေး. . . သတ္တိရှိရင် လိုက်ခဲ့၊ ငါ ဘယ်သူ့မှ ဗိုလ်မထားဘူး၊ ငါ့နာမည် အောင်မောင်းဆိုတာ တစ်ကွင်းလုံး သိတယ်"

ခရီးသည်က သူ့နာမည်ကို မူးမူးနှင့်ပြောမှ မောင်တိုး ကိုအောင်မောင်းဟု သိလိုက်သည်။ မောင်တိုးလက်က နာရီကို ဆိုင်ကယ်မီးရောင်ဖြင့် ကြည့်လိုက်မိသည်။ ည ၁၂ နာရီတိတိ။

မောင်တိုး နာရီကို ကြည့်ရင်း အံ့ဩသွားမိသည်။ မောင်တိုး သရက်ကုန်းခရီးစဉ်စထွက်စဉ်က ည ၁၀နာရီ။ ယခု ည ၁၂နာရီထိုးနေပြီ။ အမှန်က ဒီခရီး ဒီလမ်းကို မောင်တိုးမောင်းလျှင် တစ်နာရီသာမောင်းရသည်။ တစ်နာရီ မောင်းလျှင် ၁၁ နာရီသာရှိမည်။ ယခု ည ၁၂ နာရီထိုးသော်လည်း သရက်ကုန်းရွာကို မရောက်နိုင်သေး။ မောင်တိုး နာရီကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

＊

"ဟေ့ကောင် မောင်းလေကွာ၊ မင်းဆိုင်ကယ်က နှေးလှချေလား"

"မနှေးပါဘူး အစ်ကိုရယ်၊ ကျွန်တော် ပုံမှန်မိုင်နှုန်းနဲ့မောင်းနေတာပါ၊ ပိုပြီးမောင်းရင် မှောက်မှာစိုးလို့ပါ"

"မှောက်. . . မှောက်ကွာ. . . မှောက်တော့ ဘာဖြစ်လဲ"

ကိုအောင်မောင်းအသံနှင့် အတူ မောင်တိုးလည်ပင်းကို လက်ဖြင့်သိုင်းဖက်လိုက်၍ မောင်တိုးလန့်ပြီး ဆိုင်ကယ်ကို ရပ်လိုက်မိသည်။

"မောင်းလေ"

"ကျွန်တော် မောင်းနေတုန်း အစ်ကိုလည်ပင်းဖက်တော့ ဆိုင်ကယ် မှောက်မယ်"

"ဘာ, ငါက မင်းလည်ပင်းကို ဖက်တယ်၊ ငါမဖက်ဘူးကွ၊ မင်းဟာမင်း ကြောက်ပြီးရပ်တာ"

ခုမှ မောင်တိုး အခက်ကြုံသွားမိသည်။ ခရီးစဉ်က ပိုက်ဆံနှစ်ဆရမည်ဆိုသော အပျော်လေးများက လွင့်စဉ်သွားသလို ကားလမ်းကိုကြည့်ပြီး ရင်ခုန်သွားမိသည်။ မောင်တိုး ဆိုင်ကယ်ကိုနှိုးလိုက်သည်။ ဆိုင်ကယ်က ဘယ်လိုနှိုးနှိုးမရ။ မောင်တိုး အခက်ကြုံသွားမိသည်။

"မင်းဆိုင်ကယ်က နှိုးလို့မရတော့ဘူးလား"

"မရဘူးအစ်ကို၊ ဘာဖြစ်မှန်းလဲ မသိဘူး၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး"

"မင်းဆိုင်ကယ်က တစ်ခါမှ မဖြစ်ဘူးဆိုတော့ ငါ စီးလာလို့ဖြစ်တာပေါ့၊ ကောင်းတယ် ကောင်းတယ်"

ကိုအောင်မောင်းက အားရပါးရ ပြောရင်းရယ်နေ၍ မောင်တိုး အလိုလိုလန့်သွားမိသည်။

"အစ်ကို ကျွန်တော့်ကို ပိုက်ဆံမပေးနဲ့တော့အစ်ကို၊ ခြေကျင်ပဲ သွားတော့၊ အစ်ကိုသွားမယ့်ရွာနဲ့ နီးနေတာအမှန်ပဲ"

"အေး. . . ဒါဆို ငါသွားမယ်၊ ဩော်. . . မေ့နေတယ်၊ မင်းလိုက်ပို့တာ ကျေးဇူးတင်တယ်၊ ငါ အဖော်ရှိတယ်၊ ရော့. . . ပိုက်ဆံ"

ကိုအောင်မောင်းက အရက်မူးနေသော်လည်း ဆိုင်ကယ်ခကို မမေ့။ မောင်တိုးယူပြီး အိတ်ထဲသို့ထည့်လိုက်သည်။ ဆိုင်ကယ်စက်နှိုးမရသော်လည်း ရှေ့မီးဘက္ထရီဖြင့် ဆိုင်ကယ်မီးထိုးထား၍ အလင်းရောင်က လမ်းမပေါ်တွင် ဖြာဝေနေသည်။

ကိုအောင်မောင်းက ကားလမ်းမပေါ်တွင် သိုင်းကွက်နင်းပြီး တဖြည်းဖြည်းသွားနေသည့်မြင်ကွင်းကိုကြည့်ရင်း မောင်တိုးဆိုင်ကယ်ကို သတိရပြီး နှိုးကြည့်မိသည်။ မောင်တိုးဆိုင်ကယ်ကို ဘယ်သို့နှိုးနှိုးမရ။ မောင်တိုး လက်နှိပ်ဓာတ်မီးထည့်လာမှန်း သတိရပြီး ဆိုင်ကယ်အဖုံးကို မပြီးကြည့်လိုက်မိသည်။

လက်နှိပ်ဓာတ်မီးတွေ့ပြီး အမြန်ဆုံးထုတ်ယူကာ ဆိုင်ကယ်ကိုစစ်ဆေး





www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်မိသည်။ ဆီက အပြည့်ပင်။ မီးကြိုးများကိုစစ်ကြည့်သည်။ ဘာတစ်ခုမှ အချို့အယွင်းမရှိ။ ပကတိပြည့်ပြည့်စုံစုံ။ မောင်တိုး နှိုးမရသည့်ဆိုင်ကယ်ကိုကြည့်ပြီး ဒီခရီးကိုလိုက်ခဲ့မိခြင်းအတွက် နောင်တရနေမိသည်။

ဒီအတိုင်း ဆိုင်ကယ်စက်နှိုးမရလျှင် မောင်တိုးမိုးလင်းအောင် စောင့်နေရမည်။ ခု မောင်တိုးဘယ်နေရာရောက်နေသည်ကို ခန့်မှန်းလို့မရနိုင်သည်က ခက်နေမိသည်။ မောင်တိုး စိတ်ပျက်လက်ပျက်ဖြင့် ဆိုင်ကယ်ကိုကြည့်ပြီး ထိုင်နေမိသည်။

ထိုစဉ် ရုတ်တရက် ကားလမ်းမကြီးပေါ်မှ စူးရှစွာတွေ့လိုက်ရသော အလင်းရောင်ကြောင့် မောင်တိုး ဝမ်းသာသွားသည်။ မီးရောင်က ကားမီးရောင်မဟုတ်၊ ဆိုင်ကယ်မီးရောင်။ ဆိုင်ကယ်လာလျှင် အကူအညီတောင်းမည်ဟု စိတ်ထဲတွင်တွေးနေမိသည်။ ဆိုင်ကယ်မီးရောင်က တဖြည်းဖြည်းနီးကပ်လာ၍ မောင်တိုးလက်တားပြီး ပြောလိုက်သည်။

"ကျွန်တော့်ဆိုင်ကယ် စက်နှိုးမရလို့ ကူညီပါဗျာ"

"ဟင်, မောင် မောင်တိုးပါလား"

"ဗျာ. . . ခင်ဗျား. . . ဟာ ကိုသိန်းမြင့်ပါလား၊ ခင်ဗျားနဲ့တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော် ခရီးသည်ပို့ရင်း ဘာဖြစ်တယ်မသိဘူးဗျာ၊ ဆိုင်ကယ်ဘယ်လိုနှိုးနှိုးမရဘူးဖြစ်နေတာ၊ ကိုသိန်းမြင့် ဘယ်ကပြန်လာတာလဲ"

"ငါ ညနေကတည်းက ကွမ်းခြံကုန်းခရီးသည်ရလို့ သွားပို့တာကွ၊ အဲဒါ ပြန်လာတာ၊ နေပါဦး. . . မင်းလိုက်ပို့တဲ့ခရီးသည်ကကော. . . "

ကိုသိန်းမြင့်မေးမှ မောင်တိုး သတိရသွားမိသည်။

"ကျွန်တော်ပို့တဲ့ ခရီးသည်က ဒီကားလမ်းအတိုင်းသွားတာ သိပ်မကြာသေးဘူး ကိုသိန်းမြင့်၊ ကိုသိန်းမြင့်လာတုန်းက မတွေ့ခဲ့ဘူးလား"

"ဘယ်ခရီးသည်မှ မတွေ့ခဲ့ဘူး မောင်တိုး၊ ငါလဲ အပြန်ခရီးသည် ရလိုရငြား ရှာရင်းပြန်လာခဲ့တာကွ၊ ဒါဆို မင်းလိုက်ပို့တဲ့ခရီးသည်က ဘယ်ရွာကလဲ"

"သရက်ကုန်းရွာကိုပြန်မှာ ကိုသိန်းမြင့်၊ အဲဒီလူနာမည်က ကိုအောင်မောင်းလို့ပြောတာပဲ၊ အတော်ကြီးကို မူးနေတာ၊ တစ်ကိုယ်လုံး အရက်စော်နံနေတာ၊ ဆိုင်ကယ်ဆွဲမကောင်းလို့လိုက်မိတာ ဒုက္ခပဲ ကိုသိန်းမြင့်ရာ"

မောင်တိုး စကားကိုနားထောင်ရင်း ကိုသိန်းမြင့်မျက်နှာ အံ့ဩသွားသည်။

"မင်းလိုက်ပို့တဲ့ သရက်ကုန်းရွာက အဝေးကြီးကျန်သေးတယ်ကွ၊ ဇကန္တမင်းလိုက်ပို့တဲ့သူက မူးနေတော့ သရက်ကုန်းရွာပြန်မယ့်သူ မဖြစ်နိုင်ဘူးကွ၊ ဒီအနီးအနားကလဲ ရွာတွေနဲ့ အတော်အဆက်ပြတ်နေတဲ့ နေရာကွ"

ကိုသိန်းမြင့်က ပြောပြောဆိုဆို မောင်တိုးဆိုင်ကယ်ကို အမျိုးမျိုးစစ်ဆေးပြီး စက်နှိုးလိုက်သည်။ ဆိုင်ကယ်စက်က ကြာကြာမနှိုးရ၊ ခဏအတွင်းပင် စက်နိုးသွားသည်။

မောင်တိုး မိမိဆိုင်ကယ်အဖြစ်ကို အံ့ဩမဆုံးနိုင် အောင်ဖြစ်သွားမိသည်။

"ကိုသိန်းမြင့်. . . ကျွန်တော့်ဆိုင်ကယ် ဘာဖြစ်တာလဲ. . . ပြောစမ်းပါဦးဗျာ"

"မင်းဆိုင်ကယ်က ဘာမှမဖြစ်ပါဘူး မောင်တိုး၊ မင်းစက်နှိုးလို့မရဘူးပြောတာပဲ ငါအံ့ဩနေတာ"

ကိုသိန်းမြင့်၏ စကားကြောင့် မောင်တိုး မိမိအဖြစ်ကို ဘယ်လို နားလည်ရမှန်းမသိတော့။ မောင်တိုး တွေးရင်း ဖျတ်ခနဲ ခရီးသည်ကိုအောင်မင်းကို သတိရသွားမိသည်။

"ဒါ ဒါဆို. . . ကိုအောင်မောင်း စိန်ခေါ်ခဲ့တာနဲ့ ပတ်သက်နေမလားမသိဘူး ကိုသိန်းမြင့်"

"ဘယ်လိုမောင်တိုး၊ ကိုအောင်မောင်းက ဘယ်သူ့ကို စိန်ခေါ်ခဲ့တာလဲ"

ဒီတော့မှ မောင်တိုးက မိမိနှင့် ကိုအောင်မောင်း ကြုံတွေ့ခဲ့ရသည့် အဖြစ်ကို ပြောပြလိုက်သည်။

"အင်းလေ. . . လောကမှာ မြင်အပ်မမြင်အပ်တဲ့အရာတွေ အများကြီးရှိတယ်ကွ၊ အဲဒီတော့ သူတို့ကို မေတ္တာပို့ရင်း အနှောင့်အယှက် မပေးဘူးကွ၊ ခု သူတို့ကို သွားပြီး စိန်ခေါ်ခဲ့တယ်ဆိုတော့၊ ကဲ . . . အချိန်မနည်းတော့ဘူးကွ၊ မောင်တိုး ပြန်ကြစို့၊ ငါ စျေးကြိုစရာ ရှိသေးတယ်"

ကိုသိန်းမြင့်က စကားဖြတ်ပြီး ဆိုင်ကယ်ကိုစက်နှိုးပြီးထွက်သွားသည်။ ဒီတော့မှ မောင်တိုးဆိုင်ကယ်စက်နှိုးပြီး ထွက်လာမိသည်။

သို့တိုင် အမှန်တကယ် စိန်ခေါ်ခဲ့သူ ကိုအောင်မောင်းက မည်သို့မည်ပုံ တွေ့ကြုံခံစားရမည် မသိ။ မောင်တိုးအဖြစ်က မယုံနိုင်စရာ ဖြစ်ခဲ့သည်။

ကြည့်လေ၊ မောင်တိုးဆိုင်ကယ်ကောင်းနေသော်လည်း စက်နှိုးမရခဲ့။

မောင်တိုး ညအမှောင်ထဲတွင် တစ်ယောက်တည်းရှိနေ၍ စိတ်ကစဉ့်ကလျားကြောင့် စက်နှိုးမရခဲ့တာလား။ အကယ်၍သာ ကိုသိန်းမြင့်ရောက်မလာခဲ့လျှင် တစ်ယောက်တည်း ဆက်ပြီး ဘာတွေကြုံတွေ့ရမည်မသိ။

ခုတော့ ကိုအောင်မောင်း မူးမူးနှင့် စိန်ခေါ်ခဲ့၍ မောင်တိုးတစ်ယောက် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်ညအဖြစ်ကို ပြန်တွေးမိရင်း ရင်ခုန်နေမိသည်က အမှန်ပင်။

❒ ဇွန်တော့ဦး



www.burmeseclassic.com

www.burmeseclassic.com

မနက်ဝေလီဝေလင်း မိုးအေးအေးနှင့် ကွေးကောင်းနေစဉ် အိမ်ရှေ့မှ ရေးကြီးသုတ်ပျာ ခေါ်သံကြား၍ လူးလဲ ထကြည့်ရာ သူငယ်ချင်းဖြစ်သူ မူရဂါး ဖြစ်နေပြီး အော်အော်ပြေးပြေး ဖြစ်နေသဖြင့် မူရဂါးနောက်သို့ အပြေးအလွှား လိုက်သွားလိုက်သည်။

ကာလီမာ နတ်ဘုရားကျောင်းရှေ့ ရောက်သောအခါ ကျောင်းရှေ့ရှိ ကျောက်နွားရုပ်တုကြီးမှာ ဝမ်းဗိုက်ပေါက်ထွက်နေပြီး ရုပ်ကွက်အတွင်းမှ လူအများ ဝိုင်းအုံကြည့်ရှုနေကြသည်ကို တွေ့လိုက်ရပါသည်။

ကျွန်တော်သည် ရုတ်တရက် အခြေအနေကို အကဲခတ် လေ့လာလိုက်ပြီး မူရဂါးအား "မရမ်းသီးက ဘယ်ရောက်နေလို့လဲ"ဟု မေးလိုက်ရာ မူရဂါးက "ငါ ဒီရောက်လာကတည်းက မတွေ့မိသေးဘူး"ဟု ပြန်ပြောပါသည်။

မရမ်းသီးဟု ကျွန်တော်တို့ ခေါ်ဝေါ်လိုက်သူ၏ အမည်အမှန်မှာ မူနီရမ်းသီး ဖြစ်ပါသည်။ ကျွန်တော်တို့ ထိုအရပ်သားများလို ခပ်လွယ်လွယ် မရမ်းသီးဟု ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ မရမ်းသီးမှာ မီးနင်းပွဲကို အကြောင်းပြု၍ ဤဘုရားကျောင်းတွင် သောင်တင်နေသူ ဖြစ်သည်။


ထိုအချိန်ကပင် ကျွန်တော်က ဝေါပကလည်း ဖြစ်သူ မူရဂါးအား . . .

"ဒီအကောင်က ဘယ်ကရောက်လာတာလဲ၊ ဘယ်အချိန် ပြန်မှာလဲ" ဟု မေးခဲ့ဖူးရာ မူရဂါးက . . .

"ဒီကောင့်ကို ကြည့်ရတာ လူကောင်း ဖြစ်ပုံရပါတယ်၊ ဒီမှာနေတော့ ပူးဆားဒီ(နတ်ဘုရားကျောင်း ဝေယျာဝစ္စဆောင်ရွက်သူ)လဲ အဖော်ရတာပေါ့ကွာ" ဟု ပြောသဖြင့် ကျွန်တော် ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်ပါသည်။

ဤသို့ဖြင့် မရမ်းသီးရောက်လာသည်မှာ တစ်လပင် ပြည့်တော့မည် ဖြစ်သည်။ ထိုအတောအတွင်း မရမ်းသီးသည် ဘုရားကျောင်းအတွက် ရေခပ်ခြင်း၊ တံမြက်လှည်းခြင်း၊ သန့်ရှင်းရေး လုပ်ခြင်းတို့ကို မညည်းတမ်း အားတက်သရော လုပ်ကိုင်ပေးလေသည်။

ထူးခြားသည်မှာ ဘုရားကျောင်းရှေ့ရှိ ကျောက်နွားရုပ်တုအား ရေချိုးပေးခြင်း၊ ပွတ်သပ်တိုက်ချွတ်ဆေးကြောသန့်စင်ခြင်းများကို နေ့စဉ်ဆောင်ရွက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုကျောက်နွားရုပ်တုမှာ ကျွန်တော်တို့ ကလေးဘဝကပင် ခွစီးဆော့ကစားလာကြသည်မှာ မရမ်းသီးမရောက်မီအထိ ကလေးများ ဆော့ကစားနေဆဲဖြစ်ပါသည်။ မရမ်းသီးရောက်လာပြီး နောက်ပိုင်းတွင် ကလေးများမှာ ကျောက်နွားရုပ်ကို ခွစီးရန် မဆိုထားနှင့် အနီးအနားတွင်ပင် ဆော့ကစားခွင့်တော့ပေ။ ကျောက်နွားရုပ်တုမှာ မူလက အဖြူရောင်မှိုင်းမှိုင်းဖြစ်သော်လည်း ယခုအခါ မရမ်းသီး၏ ဆေးရောင်ခြယ်သမှုကြောင့် တစ်မျိုးပင် ကြည့်၍ကောင်းသွားလေသည်။

အခင်းဖြစ်သည့်နေ့ မတိုင်မီ နှစ်ရက်ခန့်တွင် ပူးဆားဒီးသည် ဆွေမျိုးများရှိရာ သန်လျင်သို့ ညအိပ်အလည်သွားလေသည်။ ဤအခွင့်ကောင်းကို လက်လွတ်မခံသည့် မရမ်းသီးက အချိန်ကိုက် ကျောက်နွား၏ဝမ်းဗိုက်ကိုဖောက်ထွင်းလိုက်ခြင်း ဖြစ်မည် ထင်ပါသည်။

ဤကိစ္စဖြင့် ပူးဆားဒီးအား လူလွတ်ခေါ်ခိုင်း၍ ဂေါပကအဖွဲ့နှင့်အတူ ကျောက်နွား၏ ဝမ်းဗိုက်ပေါက်ပြနေသည့် အခြေအနေကို စစ်ဆေးကြည့်ရာ ကျောက်နွားမှာ ရုပ်တုတစ်ခုလုံး ကျောက်သားကို ထွင်းထုထားသော်လည်း ဝမ်းဗိုက်မှာ အင်္ဂတေဖြင့် ဆက်စပ်ထားကြောင်း တွေ့ရှိရပါသည်။

မရမ်းသီးသည် ကျောက်နွားကို ရေချိုးပွတ်တိုက်ရာမှ ကျောက်နွား၏ ဝမ်းဗိုက်တွင် ကျောက်နှင့် အင်္ဂတေ ဆက်စပ်သည့် ဆက်ကြောင်းကို သတိထားမိရာမှ လက်တည့်စမ်းခြင်းဖြင့် ကျောက်နွား၏ ဝမ်းဗိုက်ကို ဖောက်ထွင်းခဲ့ခြင်း ဖြစ်နိုင်သကဲ့သို့ ကျောက်နွား၏ လျှို့ဝှက်ချက်အား ကြိုတင်သိရှိထားသဖြင့် အကြံဖြင့် လာရောက်ခဲ့ခြင်းလည်း ဖြစ်မည် ထင်ပါသည်။

မူရဂါးနှင့် ဂေါပကအဖွဲ့သည် ကျောက်နွားအား ဖောက်ထွင်းထားသည့် နေရာကို အသေးစိတ်ကြည့်ရှုစစ်ဆေးကြရာတွင် ကျောက်နှင့်အင်္ဂတေ အစပ်တွင် ညပ်နေသည့် ကြေးနီပြားအလိပ်တစ်လိပ်ကို တွေ့ရှိသဖြင့် ဖြန့်ကြည့်ရာ ဟိန္ဒီအက္ခရာများ ရေးထိုးထားကြောင်း တွေ့ကြရပါသည်။ မူရဂါးနှင့် ဂေါပကများသည် ကြေးနီပြားတွင် ရေးထိုးထားသည့် စာများကို ဖတ်ရှုဆွေးနွေးနေကြသော်လည်း ဟိန္ဒီဘာသာကို ထမင်းစားရေသောက်လောက်သာ နားလည်ပြီး ဟိန္ဒီစာမတတ်သည့် ကျွန်တော့်မှာ အရိပ်အကဲဖြင့် လိုက်မှတ်ရာတွင် အောက်ပါအတိုင်း သိရှိရပါသည်။

ကြေးနီပြားတွင် ဖော်ပြထားသည့် စာသားများမှာ . . .

"ကျွန်ုပ်သည် နတ်ဘုရားကြီးများအား ယုံကြည်ကိုးကွယ်မှု အားနည်းလာသည့်ခေတ်တွင် နတ်ဘုရားကြီးများအား ယုံကြည်အားထားလာမှု သရဖူဆောင်းလောက်သည်အထိ အားကြိုးမာန်တက် ရှပ်ရှပ်ချွံချွံ စွမ်းဆောင်နိုင်ခဲ့သော သီဝနတ်မှ ဆင်းသက်လာသည့် မျိုးဆက်ဖြစ်သည်။ ဆရာအရှင်မရှိတော့သည့် အချိန်မှစ၍ ဆရာအရှင်၏ ဆန္ဒတော်အတိုင်း သီဝနတ်ဘုရား၏ ဗိဇရုပ်တုပုံတော်ကို ရွှေစင်ရွှေသားစစ်စစ်ဖြင့် ဉာဏ်တော်ခြောက်လက်မအထိ သွန်းလောင်း ပြုလုပ်ခဲ့ပြီး မန္တန်အားလုံးတို့တွင် စွမ်းအား အပြင်းဆုံးဖြင့် လျင်မြန်စွာ တုံ့ပြန်တတ်သော ဂယာထရီမန္တန်တော်ကြီးကိုပါ ယှဉ်ဆောင်လျက် သင့်လျော်သည့်နေရာတွင် နတ်ဘုရားဗိမာန်ကျောင်းတစ်ဆောင် ဆောက်လုပ်ပူဇော်ရန် ကြိုးပမ်းခဲ့သော်လည်း မမျှော်လင့်ဘဲ စစ်ဘေးနှင့် ကြုံလာသဖြင့် လုံခြုံမှုရှိစေရန် ကျောက်နွားရုပ်တု၏ ဝမ်းဗိုက်တွင် ထည့်သွင်းလျက် အင်္ဂတေဖြင့် လက်ရာမပျက် ဆောင်ရွက်ခဲ့ပြီး ကာလီမာနတ်ကျောင်းရှေ့တွင် ထားရစ်ခဲ့ပါသည်။

အကယ်၍ ကျွန်ုပ်အကြောင်း တစ်စုံတစ်ရာကြောင့် ရောက်ရှိခဲ့ခြင်း မရှိပါက တွေ့ရှိသူမှ သီဝနတ်ဘုရားကျောင်းတော်တစ်ခုခုသို့ ပို့ပေးပါရန် အကူအညီ တောင်းခံအပ်ပါသည်။

*ဆွာမိဝိဝေကာနန္ဒ*

ဟူ၍ ဖြစ်ပါသည်။ ဤကြေးနီပြားပါစာအရဆိုလျှင် ရွှေစင်ရွှေသားစစ်စစ်ဖြင့် သွန်းထုထားသည့် သီဝနတ်ဘုရား၏ ဗိဇရုပ်တုပုံတော်သည် မရမ်းသီး၏လက်သို့ ပါသွားသည်မှာ သေချာသည်။ ဂေါပကလက်တွင် ကျန်ရစ်သည်ကား ကြေးနီပြားတွင် ရေးထိုးထားသည့် ဂယာထရီ မန္တန်တော်သာလျှင် ဖြစ်ပါတော့သည်။

မူရဂါးသည် မဆိုင်းမတွပင် စာရွက်အလွတ်တစ်ခုပေါ်တွင် ကြေးနီပြားမှ မန္တန်ကို မြန်မာအသံနှင့် တူနိုင်သမျှ ကြိုးစားရေးမှတ်၍ ကျွန်တော့်အား ပေးလေသည်။ ပြီးမှ . . .

"မင်းသစ်ပင်ပေါ်က လိမ့်ကျပြီး ခြေထောက်ကြီး ရောင်ကိုင်းနေတုန်းက ဦးကစ္စနားကိုယ်တိုင် တမာရွက် လက်တစ်ဆုပ်နဲ့ မန်းမှုတ်ပြီး လာပေးတာ အဲဒီမန္တန်ပဲကွ"

ဟုပြောရာ ထိုစဉ်က အဖြစ်အပျက်များကို ကျွန်တော်ပြန်လည် သတိရမိပါသည်။ ဦးကစ္စနားပြောသည့်အတိုင်း မန္တန်ဖြင့် မန်းမှုတ်ထားသည့် တမာရွက်များကို ရောင်ကိုင်းနေသည့် နေရာများတွင် အသာအယာပွတ်တိုက်၍ ပွတ်ပြီးသည့် တမာရွက်များကို လူမမြင်နိုင်သည့် နေရာတွင် စွန့်ပစ်ရာ မကြာမီ ရောင်ရမ်းမှု သိသိသာသာ ကျသွားကြောင်း ကိုယ်တွေ့ကြုံဖူးပါသည်။

ဂေါပကတစ်ဦးဖြစ်သူ ဦးမန်းနီးကလည်း. . .

"တစ်ခါက သွေးတွေ အဆက်မပြတ် အန်နေသူတစ်ဦးကို ဆရာဖြစ်သူက ဆေးလုံးဝမတိုက်ဘဲ ကွမ်းယာသုံးယာကို မန္တန်ဖြင့် မန်းမှုတ်ပေးပြီး ကွမ်းတံတွေးများကို ထွေးခံပါ လူမမြင်ရာတွင် စွန့်ပစ်ခိုင်းရာ ဆောင်ရွက်ပြီးရက်အနည်းငယ်အတွင်း ရောဂါပျောက်သွားဖူးတယ်" ဟုပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမန်းနီးကပင် ဆက်၍ နောက်ထပ် အတွေ့အကြုံတစ်ခု ထပ်ပြောပါသည်။

"ငါ အိန္ဒိယမှာနေတုန်းက လူကြီးတွေပြောတာ ကြားဖူးတယ်၊ ရေနစ်ပြီး သေနေတဲ့ အလောင်းကို ရွာသားတွေ ထမ်းလာတာကို ဂန္ဓာရီလှည့်လာတဲ့ ဂမ္ဘီရ ဆရာတစ်ဦးက တွေ့ပြီး အလောင်းကို လမ်းဆုံလမ်းခွဲမှာချထားစေလျက် တစ်ရွာလုံးတွင် ရနိုင်သမျှ မီးဖိုပြာများဖြင့် ဖုံးအုပ်စေသတဲ့၊ ပြီးမှ မန္တန်နဲ့ သုံးကြိမ်ခွဲပြီး မန်းမှုတ်ရာ အံ့ဩစရာကောင်းလောက်အောင် ပြန်ရှင်လာတာကို တွေ့ကြရတယ်တဲ့ကွ"

ဦးမန်းနီး၏ စကားအဆုံးတွင် ပူးဆားဒီးက ဆက်၍ပြောသည်မှာ. .

"ဒီမန္တန်နဲ့ပတ်သက်တဲ့ ထူးဆန်းအံ့ဩစရာအဖြစ်အပျက်တွေက ပြောလို့ကုန်မှာ မဟုတ်ဘူး၊ တကယ်တော့ ဒီမန္တန်က အခြားမန္တန်တွေထက် စွမ်းအားပြင်းထန်တာ အကြောင်းရှိတယ်ကွ၊ နတ်ဘုရားကြီးများရဲ့ အာရုံနဲ့ လူသားတွေရဲ့ စိတ်ကို တိုက်ရိုက်ဆက်သွယ်ပေးနိုင်လို့ပဲ၊ နတ်ဘုရားကြီးတွေဟာ မိမိတို့ရဲ့ ကြင်ရာတော်အသီးသီးနဲ့ နတ်စည်းစိမ်များကို အပြည့်အဝ ခံစားနေတုန်း ရုတ်တရက် လူ့ပြည်က ရွတ်ဆိုပူဇော်လိုက်တဲ့ 'ဦ' ဆိုတဲ့ အသံဟာ နတ်ဘုရားကြီးများရဲ့ အာရုံကို ရုတ်တရက် လှုပ်နှိုးလိုက်သလို ဖြစ်တာကြောင့် ဒီအပိုဒ်ကို နတ်နှိုးတဲ့ အပိုဒ်လို့ခေါ်တယ်၊ နတ်စည်းစိမ် အပြည့်အဝ ခံစားနေကြတဲ့ နတ်ဘုရားကြီး ရုတ်တရက် နိုးထလာပြီး အာရုံမနောက်ခင် နတ်ဘုရားကြီးများရဲ့ စကြဝဠာမှာ ပျံ့နှံ့နေတဲ့ တန်ခိုးတော်များ၊ လူသားများကို ကြင်နာသနား၍ လိုအပ်သည့်အခါတိုင်း မဆိုင်းမတွ အကူအညီပေးခြင်းများအား အသံ အတိုအရှည်၊ အနိမ့်အမြင့်၊ အဆွဲအငင်များဖြင့် နရီစည်းကိုက်သီဆို ဖော်ကျူးလျက် နတ်ဘုရားကြီးများ ကျေနပ်ဝမ်းသာ ပီတိဖြာ၍ စိတ်အာရုံပျော့ပျောင်းနူးညံ့လာစေတဲ့ အပိုဒ်များဖြစ်တဲ့

'ဗူး(ရ်) ဗူဝ ဆွဟာ
တတ်ဆဗီးတူ(ရ်)
ဝါရေးနီးယန်း
ဗာ(ရ်)ဂိုးဒေဝဆယ'

ဟာ နတ်ချော့တဲ့အပိုင်း ဖြစ်တယ်၊ ဒီလိုနဲ့ နတ်ဘုရားကြီးများ စိတ်အာရုံလန်းဆန်း ကြည်လင်လာတဲ့အခါ အကူအညီပေးဖို့ အဆင်သင့်ဖြစ်နေတာမို့ ဒီအချိန်မှာ ကိုယ်ဖြစ်နေတဲ့ အခက်အခဲကို သနားကြင်နာမှုဖြင့် ဖြေရှင်းနိုင်မည့် နည်းလမ်းကို ညွှန်ပြပေးပါရန် တောင်းခံတဲ့အပိုဒ်အဖြစ်. . .

'မီး မယီး
မိယိုး ယိုးနား
ပရချိုး ဒရပ်'

ဟာ နတ်ဘုရားကြီးများအား ပင့်ဖိတ်တဲ့ နတ်ပင့်တဲ့အပိုင်း ဖြစ်တယ်၊ ဒါပေမဲ့ ကန့်သတ်ချက်တော့ရှိတယ်ကွ၊ မြင့်မြတ်စင်ကြယ်တဲ့ နတ်ဘုရားကြီးများနဲ့ လူတိုင်း မထိတွေ့နိုင်ဘူး၊ ဒါကြောင့် ဒီမန္တန်ဟာ စွမ်းအားပြင်းထန်လွန်းတာကြောင့် ရွတ်ဆိုမယ့်သူအတွက် အချက်သုံးချက် သတ်မှတ်ထားတယ်၊ ပထမအချက်က ရွတ်ဆိုရမယ့်နေရာ ဖြစ်တယ်၊ ဒုတိယအချက်ကတော့ အချိန်ပဲ၊ မန္တန်ရွတ်ဆိုမယ့်သူဟာ မန္တန် မရွတ်ဆိုခင် ကြိုတင်ပြီး မည်သည့် အစားအသောက်ကိုမျှ မစားထားရဘူး၊ အဲဒါ အချိန်ပဲ၊

နောက်ဆုံးအချက် ရွတ်ရမဲ့သူရဲ့ အရည်အချင်းကတော့ ရွတ်ဆိုမဲ့သူဟာ ယောကျ်ားသားစစ်စစ်ဖြစ်ရမယ်၊ မိန်းမနဲ့ ဇာတ်နိမ့်သူ မဖြစ်ရဘူး၊ မန္တန်မရွတ်မီ ရေမိုးချိုးသန့်စင်ပြီး သန့်ရှင်းတဲ့ အဝတ်အစားများ ဝတ်ဆင်ထားရမယ်၊ သူတစ်ပါးအတွက် ကူညီရန်ဖြစ်ပါက ငွေနဲ့ တံစိုးလက်ဆောင် လက်မခံရဘူး၊

နောက်ဆုံး အချက်ကတော့ အသံကို အကြောင်းမဲ့ ဖြုန်းတီးနေသူ မဖြစ်စေရဘူးတဲ့၊ ဒါကြောင့် နောက်ပိုင်းမှာ မန္တန်ရွတ်ဆိုမဲ့သူ တစ်နေ့ထက်တစ်နေ့ နည်းပါးလာတာကို တွေ့ရတယ်၊ ဒီအခြေအနေကို ရိပ်စားမိတဲ့ ဆွာမိကြီးဟာ ဒီမန္တန်မပျောက်ပျက်အောင် ကြေးနီပြားမှာ ရေးသားထားခဲ့တာ ဖြစ်မယ် ထင်တယ်"

ဟု ပြော၍ စကားကို အဆုံးသတ်လိုက်လေသည်။

ဂယာထရီမန္တန်နှင့် ပတ်သက်သည့် အကြောင်းအရာများသည် ယုတ္တိမတန် ယုံနိုင်ဖွယ်မရှိ၊ ဒဏ္ဍာရီ ဆန်လွန်းသည်။ ယုံတမ်းစကားဆန်လွန်းသည်ဟု အမှတ်တမဲ့ မဆင်မခြင် တွေးတောဆုံးဖြတ်ရန် မသင့်ဟု ထင်ပါသည်။

လူသားများ အကျိုးအတွက် သဒ္ဓါတရား အားကောင်းသူ ရှေးပုဂ္ဂိုလ်ကြီးများ၏ စေတနာဖြင့် အားထုတ်ဆောင်ရွက်ခဲ့ခြင်းများကို နားလည်သဘောပေါက်သင့်ပါသည်။

မိမိဆန္ဒရှိနေချိန်နှင့် အချိန်ကိုက် နတ်နှိုးခြင်း၊ နတ်ချော့ခြင်း၊ နတ်ပင့်ခြင်းဖြင့် နတ်ဘုရားကြီးများ၏ စိတ်အာရုံနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန် လျှို့ဝှက်နက်နဲ ခက်ခဲသော အစီအရင်များကို လက်စွမ်းပြ ကြိုးပမ်းခဲ့ရသည့် ဂမ္ဘီရပညာရပ်များကို တအံ့တဩချီးမွမ်း ဂုဏ်ပြုကြရမည် ဖြစ်ပါသည်။

ဂယာထရီမန္တန်သည် လူတိုင်း ရွတ်ဆိုနိုင်ခြင်း မရှိသဖြင့် အရေအတွက်အရ အားနည်းနေမည်ဖြစ်သော်လည်း ယုံကြည်ချက်အားကောင်း ပြင်းထန်သူ ဝီရိယရှိသည့် ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ရှိနေသေးလျှင် အရည်အချင်းအရ အားကောင်းနေဦးမည် ဖြစ်ပါသည်။ ဒီအခြေအနေမျိုး ရှိနေသည်နှင့်အမျှ ဂယာထရီမန္တန်သည်လည်း ကမ္ဘာမြေတွင် မပျောက်မပျက် ဆက်လက်တည်ရှိနေဦးမည် ဖြစ်ပါသည်။

❒ မြယာဩ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်မှာ ဘုရားလောင်းဟာ တပည့်ငါးရာကို ပညာသင်ကြားပေးနေရတဲ့ ဒိသာပါမောက္ခဆရာကြီး ဖြစ်နေပါတယ်။

တစ်နေ့မှာ ဘုရားလောင်းရဲ့ တပည့်ငါးရာဟာ တောထဲကို ထင်းခွေ (ရှာ)ထွက်ကြပါတယ်။ အဲဒီအထဲမှာ ကျောင်းသားပျင်းတစ်ယောက်လည်း ပါလာပါတယ်။ ကျောင်းသားပျင်းက ရေခံတက်ပင်ကြီးတစ်ပင်ကိုတွေ့ရတော့ "ဒီသစ်ပင်အောက်မှာ တစ်မှေးလောက် အိပ်လိုက်ဦးမယ်၊ ပြန်ခါနီးကျမှ သစ်ပင်ပေါ်တက် သစ်ကိုင်းတွေကို ချိုးပြီး ယူသွားတာပေါ့" ဆိုပြီး အိပ်နေလိုက်ပါတယ်။ ကျန်တဲ့ ကျောင်းသားတွေက ထင်းတွေကိုယ်စီ ထမ်းပိုး ပြန်လာတော့ အိပ်နေတဲ့ ကျောင်းသားပျင်းကို ခြေထောက်နဲ့ ကန်ကျောက်ပြီးနှိုးခဲ့ပါတယ်။

ဒီတော့ ကျောင်းသားပျင်းက အိပ်ချင်မူးတူးနဲ့ သစ်ပင်ပေါ်တက်ပြီး သစ်ကိုင်းကို ချိုးပါတယ်။

အိပ်ချင်မူးတူးနဲ့ သစ်ကိုင်းကို သူ့ဘက်ကို ဆွဲချိုးလိုက်တော့ အရှိန်လွန်ပြီး မျက်လုံးကို ထိုးမိလိုက်တာ ကန်းသွားပါတယ်။

ဒါနဲ့ လက်တစ်ဖက်နဲ့ မျက်လုံးကို ပိတ်၊ လက်တစ်ဖက်က ထင်းစည်းကို ပိုက်ကာ ပြန်လာရပါတယ်။ သူ့ထင်းစည်းကို အများကျောင်းသားတွေ ပုံထားတဲ့ ထင်းပုံပေါ် ထပ်ပုံထားလိုက်ပါတယ်။

တစ်နေ့မှာ ရွာတစ်ရွာကိုသွားပြီး ဗေဒင်ရွတ်ဖတ် သရဇ္ဈာယ်ရမှာဖြစ်လို့ ဘုရားလောင်းက တပည့်တွေကို နံနက်စောစော ယာဂုယူလာပြီး သွားဖို့မှာပါတယ်။ ကျောင်းသားတွေကလည်း ကျွန်မကို နောက်နေ့ နံနက်စောစောထ ယာဂုကျိုဖို့ မှာထားလိုက်ပါတယ်။

နောက်နေ့ နံနက်ကျတော့ ကျွန်မက ယာဂုကျိုဖို့အတွက် ထင်းယူတော့ ထင်းပုံအပေါ်က ထင်းကို ယူပါတယ်။ ထင်းကစိုနေတော့ မီးမတောက်ပါဘူး။ မိုးသာ လင်းသွားတယ် ယာဂု

# အမှုဟူသမျှ လုံ့လသည်းမှ

## သကျန္တွယ်(ရွှေပင်လယ်)





www.burmeseclassic.com

www.burmeseclassic.com

အိုးက မကျသေးပါဘူး။ ဒီတော့ ဗေဒင်ရွှတ်ဖတ် သရဇ္ဈာယ်ဖို့ မသွားဖြစ်တော့ဘဲ ဘုရားလောင်းဆီကိုပဲ လာခဲ့ကြပါတယ်။

ဖြစ်ကြောင်းကုန်စင်ကိုလည်း ပြောပြလိုက်ပါတယ်။ ဒီတော့ ဘုရားလောင်းက "ရှေးဦးစွာ ပြုလုပ်ရမယ့် အလုပ်ကို နောက်ပြုတဲ့လူဟာ ရေခံတက်ပင် ထင်းကိုချိုးတဲ့ လူမိုက်လို နောက်မှ စိုးရိမ်ပူဆွေး ငိုကြွေးရတတ်တယ်" လို့ တပည့်တွေကို ဆုံးမလိုက်ပါတယ်။ (ဇာတက အဋ္ဌကထာ၊ ဝရုဏဇာတက)

"ပျင်းတယ်ဆိုတာ နာမည်သာဆိုးတာ၊ လူကတော့ သက်သာတယ်" လို့ လူပျင်းတွေက ဆိုတတ်ပါတယ်။

တကယ်တော့ ပျင်းတဲ့လူက သက်သာတာ မဟုတ်ပါဘူး။ မိမိကိုယ်ကို ဆင်းရဲတွင်းထဲကို တွန်းချနေတာပါ။ ချွေးထွက်များရင် သွေးထွက်နည်းတယ်၊ ချွေးထွက်နည်းရင် သွေးထွက်များတယ် ဆိုတဲ့ စကားပုံအတိုင်း ဝီရိယရှိသူ ချမ်းသာပါတယ်။ ပျင်းတဲ့သူ ဆင်းရဲပါတယ်။

တစ်ခါက မိတ်ဆွေတစ်ယောက်ကပြောဖူးတယ်။ "တရားဟောတာရော စာရေးတာပါ အရမ်းအောင်မြင်ကျော်ကြားနေတဲ့ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)တို့ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)တို့ သိပ်ကုသိုလ်ကံ ကောင်းတာပဲနော်" တဲ့။

ဒီဆရာတော်တွေ အခုလို အောင်မြင်ကျော်ကြား ဘုန်းကံကြီးမားလာတာဟာ ကုသိုလ်ကံကောင်းတာထက် ယခုဘဝမှာ အလုပ်ကောင်းတွေကို မိမိအကျိုးအတွက် မငဲ့ကွက်ဘဲ လောကကို ဗဟိုပြု ကြိုးစားအားထုတ်ခဲ့လို့ ဖြစ်ပါတယ်။

အိပ်နေတဲ့ ခြင်္သေ့ပါးစပ်ထဲကို သားကောင်က သူ့အလိုလိုဝင်လာမှာ မဟုတ်ပါဘူး။ နယ်ပယ်အသီးသီးမှာ ကောင်းမွန်တဲ့အောင်မြင်မှု တစ်ခုခုကို ရရှိဖို့ အတွက် အားထုတ်မှု ဝီရိယလို အပ်လှပါတယ်။ ဆင်ဖြူတော်နဲ့ ခလောက်မအပ်စပ်သလို အောင်မြင်မှုနဲ့ ပျင်းရိသူဟာ လားလားမှ မထိုက်တန်တဲ့ အရာပါ။

လူပျင်းဟာ မိမိရဲ့ အကျိုးစီးပွားကိုသာ ဆုတ်ယုတ်စေတာ မဟုတ်ပါဘူး။ အသင်းအဖွဲ့တစ်ခုထဲမှာ လူပျင်းလာပြီဆိုရင် သတိသာထားတော့။ အဲဒီအသင်းအဖွဲ့ဆုတ်ယုတ်ခြင်း လက္ခဏာပြနေပြီ။

ပျင်းရိတာဟာ ဆုတ်ယုတ်ခြင်းရဲ့ လက္ခဏာဆိုတော့ အားထုတ်ခြင်း ဝီရိယက တိုးတက် ကြီးပွားခြင်းရဲ့ လက္ခဏာပေါ့။

ဟုတ်ပါပြီ။ ဒီတော့ ဝီရိယဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။ ဝီရိယက ဘယ်လို စွမ်းရည်သတ္တိတွေ ရှိသလဲ ဆိုတဲ့ မေးခွန်းတွေ စာဖတ်သူရင်ထဲမှာ ရှိနေလိမ့်မယ်လို့ ထင်ပါတယ်။

ဒီမေးခွန်းတွေက စာရေးသူမှာလည်းရှိနေတာပါ။ အခုတော့ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရားကြီး ရေးသားစီရင်တဲ့ ကံ၊ ဉာဏ်၊ ဝီရိယ အကျယ်လက်စွဲကျမ်းကို ဖတ်လိုက်ရလို့ အဖြေရသွားပါပြီ။ စာဖတ်သူတွေကို ပြန်လည်မျှဝေလိုက်ပါတယ်။

ဝီရိယဖြစ်အောင် ဘယ်လိုလုပ်မလဲ။ ဝီရိယဖြစ်တာတွေက ဘာတွေလဲ။

(၁) အပါယ်ဘုံမှာ ဖြစ်ရမယ့် ဘေးဒုက္ခကို ကြိုတင်ဆင်ခြင်ရမယ်တဲ့။

မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင်၊ ဖြစ်ပြီးသား ကုသိုလ်တွေ တိုးပွားလာအောင် မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်အောင်၊ ဖြစ်ပြီးသား အကုသိုလ်တွေကို ပယ်နိုင်အောင် ငါ အားမထုတ်ရင်တော့ ဧကန်မုချ အပါယ်လေးပါးသို့ ကျရောက်တော့မှာပါလားလို့ ဆင်ခြင်လိုက်ပါ။ ဝီရိယအားတက်လာပါလိမ့်မယ်။

(၂) လုံ့လဝီရိယကို အားထုတ်ခြင်းကြောင့် ခံစားရလတ္တံ့ဖြစ်တဲ့ အကျိုးကျေးဇူးတွေကို မြင်ပြီး ဝီရိယဖြစ်အောင် လုပ်ပါတဲ့။

ဝီရိယတရားကို အားထုတ်တဲ့သူတွေသာ လောကီ လောကုတ္တရာ အကျိုးလွန်စွာ တိုးပွားကုန်တယ်လို့ ဆင်ခြင်လိုက်ရင် ဝီရိယဖြစ်ပါတယ်။

(၃) နောင်ဖြစ်လတ္တံ့ အကျိုးအပြစ်ကို စိစစ်ဆင်ခြင်ပြီးတော့ ဝီရိယကို ဖြစ်အောင်လုပ်ရမယ်တဲ့။

ဝီရိယတရားကို အားမထုတ်ဘဲ နေပါက နောင်အခါ မိမိအသက်ကို အရှည်သဖြင့် ချမ်းချမ်းသာသာ မွေးမြူဖို့ရာ အလွန်ခဲယဉ်းလိမ့်မည်တကားလို့ ဆင်ခြင်သူတွေမှာ ဝီရိယဖြစ်ပါတယ်။

(၄) မိမိစားအပ်တဲ့ အစာအာဟာရကို ဆင်ခြင်ပြီး ဝီရိယဖြစ်အောင် လုပ်ပါတဲ့။

အခု ငါ စားသောက်နေတဲ့ အစားအသောက်တွေဟာ အလွယ်တကူနဲ့ရတဲ့ အစာအာဟာရတွေ မဟုတ်ကြဘူး။ လူသားတိုင်းဟာ နေ့စဉ် ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေကြမှရတဲ့ အစာအာဟာရတွေကို စားသောက်နေကြရတာဖြစ်တယ်။ အဲဒီလို ပင်ပန်းကြီးစွာ ရှာဖွေထားရတဲ့ အစာအာဟာရတွေ စားသောက်ပြီးတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေလို့တော့ မသင့်တော်ပေဘူးလို့ ဆင်ခြင်ရမှာ ဖြစ်ပါတယ်။

(၅) အမွေခံရဲ့ မြတ်တဲ့အဖြစ်ကို ဆင်ခြင်ပြီးတော့ ဝီရိယ ဖြစ်အောင် လုပ်ရမယ်တဲ့။

ပျင်းရိတဲ့သူတွေဟာ မိဘဘိုးဘွား ဆရာသမားရဲ့ အမွေအနှစ်ကို မခံယူထိုက်ဘူး။ မပျင်းမရိတဲ့ လူတွေသာ မိဘဘိုးဘွား ဆရာသမားရဲ့ အမွေအနှစ်ကို ခံယူထိုက်တယ်လို့ ဆင်ခြင်လိုက်ပါ။ ဝီရိယ ဖြစ်လာပါလိမ့်မယ်။

(၆) ငါ့ရဲ့ ဆရာသမားတွေဟာ ထူးခြားလွန်ကဲတဲ့ ဝီရိယနဲ့ ပြည့်စုံကြတယ်။ အဲဒီလို ထူးခြားလွန်ကဲတဲ့ ဝီရိယနဲ့ ပြည့်စုံတဲ့ ဆရာရဲ့ တပည့်ဖြစ်တဲ့ ငါက



www.burmeseclassic.com

www.burmeseclassic.com

ပျင်းရိနေလို့ မသင့်တော်ပေဘူးလို့ ဆရာရဲ့ မြတ်တဲ့အဖြစ်ကို ဆင်ခြင်ကာ ဝီရိယဖြစ်အောင် လုပ်ပါတဲ့။

(၇) ငါတို့ရဲ့ အမျိုးအနွယ်တွေဟာ ထူးခြားလွန်ကဲတဲ့ ဝီရိယနဲ့ ပြည့်စုံကြတယ်။ အဲဒီလို ထူးခြားလွန်ကဲတဲ့ အမျိုးအနွယ်မှာဖြစ်တဲ့ ငါဟာလည်း ပျင်းရိနေလို့ မဖြစ်ဘူးလို့ အမျိုးဇာတ်မြင့်မြတ်တဲ့ အဖြစ်ကို ဆင်ခြင်ရင် ဝီရိယဖြစ်ပါတယ်။

(၈) အပေါင်းအဖော် မိတ်ဆွေ သူငယ်ချင်းတွေရဲ့ မြတ်တဲ့အဖြစ်ကို ဆင်ခြင်ပါ။ ဝီရိယ ဖြစ်လာပါလိမ့်မယ်တဲ့။ ဘယ်လို ဆင်ခြင်ရမှာလဲဆိုတော့ အထက်က ဆရာ၊ အမျိုးအနွယ်မှာ ဆင်ခြင်သလိုပဲ ဆင်ခြင်ရမှာ ဖြစ်ပါတယ်။

(၉) ပျင်းရိတဲ့သူကို မပေါင်းသင်းရင် ဝီရိယဖြစ်ပါတယ်။ ပျင်းရိတဲ့ သူရဲ့ အပျင်းဓာတ်က မိမိကို ကူးစက်လာတတ်ပါတယ်။

(၁၀) လုံ့လဝီရိယရှိသူကို ပေါင်းသင်းပါတဲ့။ သူ့ဓာတ်တွေ ကိုယ့်ကို ကူးစက်လာပြီး ဝီရိယ ထက်သန်လာတတ်ပါတယ်။

(၁၁) လုံ့လဝီရိယ ဖြစ်ဖို့ကိုသာ အကြိမ်ကြိမ်အခါခါ နှလုံးသွင်းဆင်ခြင်နေပါ။ ဒါဆိုရင် ဝီရိယ ဖြစ်လာပါလိမ့်မယ်တဲ့။

ကဲ စာဖတ်သူ ကိုယ်လုပ်ရမယ့် အလုပ်ကို မလုပ်ချင်ဘဲ ပျင်းရိပျင်းတွဲ ဖြစ်နေပါသလား။ ဝီရိယအားတွေ လျော့တိလျော့ရဲဖြစ်နေလို့ အလုပ်ကိစ္စတွေ ဆုံးခန်းမရောက် မပြီးမြောက်ဘဲ ဖြစ်နေပါသလား။ ဒါဆိုရင် အပျင်းတွေ ပျောက်ပြီး ဝီရိယအားတွေတက်ကာ စာဖတ်သူ အလုပ်ကိစ္စတွေ ဆုံးခန်းတိုင်ရောက်ပြီး မြောက်စေနိုင်ဖို့ အထက်မှာ ဖော်ပြခဲ့တဲ့ ဝီရိယဖြစ်ကြောင်း တရားတွေကို ဆင်ခြင်လိုက်ပါ။ အမြန်ဆုံး ပြီးမြောက်သွားပါလိမ့်မယ်။

❖

ဝီရိယက ဘယ်လိုစွမ်းရည်တွေ ရှိပါသလဲ။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံမှာ ဖြစ်ရတဲ့ ဆင်းရဲ ဒုက္ခအမျိုးမျိုး၊ လူမွဲ၊ လူတေ၊ လူပေ၊ လူလေ၊ လူလွင့်စတဲ့ လူ့ဘုံမှာ ဖြစ်ရတဲ့ ဆင်းရဲ ဒုက္ခအမျိုးမျိုး၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ နှလုံးမသာယာခြင်း၊ သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်းဆိုတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်စေနိုင်တဲ့ သတ္တိရှိပါတယ်။ ကျားဘေး၊ ဆင်ဘေး၊ မီးဘေး၊ ရေဘေး၊ ခိုးသူဘေး၊ မားပြဘေး စတဲ့ အထူးထူးသော ဘေးအမျိုးမျိုးမှ လွတ်ကင်းစေနိုင်တဲ့ သတ္တိလည်း ရှိပါတယ်။

ဒ့ါအပြင် မကောင်းတဲ့ အယုတ်တရားအမျိုးမျိုးကို ပယ်ရှားနိုင်တဲ့ သတ္တိ၊ ကောင်းမှုကုသိုလ်အမျိုးမျိုးကို ပွားစေနိုင်တဲ့ သတ္တိ၊ မိမိကိုယ်ကို မကောင်းမှု အယုတ်တရားတွေထဲမှ ထုတ်နုတ်ပြီး စင်ကြယ်အောင် ပြုလုပ်နိုင်တဲ့ သတ္တိတွေလည်း ရှိပါတယ်။

ဘီလျံနာသူဌေး၊ ဘုရင်၊ စကြဝတေးမင်း၊ သိကြား၊ ဗြဟ္မာ၊ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂ သာဝက၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ စသည့်အဖြစ်ကို ရစေနိုင်ဖို့ စွမ်းဆောင်နိုင်တဲ့တန်ခိုးသတ္တိလည်း ရှိပါတယ်။

အမှုဟူသမျှ၊ ကြံခါမျှဖြင့်၊ မုချမပြီး၊ လုံ့လသည်းမှ၊ ပြီးစီးရ၏။

ယုတ်စွဆိုချက်၊ အိပ်စက်နေခြင်း၊ ခြသေ့်ပျင်း၏၊ ခံတွင်းသို့လျှင်၊ သမင်တောသား၊ ဘယ်မှာသွားအံ့။

အမှုကိစ္စဟူသမျှဟာ ကြံစည်နေရုံနဲ့ မပြီးမြောက်နိုင်ပါဘူး။ လုံ့လ ဝီရိယနဲ့ ကြိုးစားအားထုတ်မှသာ ပြီးမြောက်နိုင်ပါတယ်။ အိပ်နေတဲ့ ခြသေ့်ရဲ့ ခံတွင်းထဲကို သမင်အစရှိတဲ့ တောကောင်တွေ ဝင်ရောက်လာခြင်း မရှိသလိုပါပဲတဲ့။

စာဖတ်သူ ပျင်းရိနေလို့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူးနော်။ အမှုကိစ္စဟူသမျှကို ဝီရိယအားတင်းတင်းထားပြီး ပြီးမြောက်အောင် ကြိုးစားအားထုတ်ပါ။ မနက်ဖြန်ဆိုတာ မသေချာပါဘူး။ မနက်ဖြန်ဆိုတာ အဝေးကြီး၊ နောင်ဘဝဆိုတာ နီးနီးလေးဆိုတဲ့ အတိုင်း ဒီနေ့ဟာ ကိုယ့်အတွက် နောက်ဆုံးဖြစ်ချက် ဖြစ်နေမှာလေ။

နောက်ဆုံး စာဖတ်သူတွေ မိမိကိုယ်မိမိ လုံ့လဝီရိယနဲ့ ပတ်သက်လို့ ဘယ်လိုလူလဲဆိုတာ သတိပြုမိအောင် ဒဿနလေး သုံးခုကို မျှဝေပေးလိုက်ပါတယ်။

အရှုးတွေဟာ သူတို့ရထားတဲ့ ဘဝကို သူတို့ နားမလည်ကြဘူး။ ဒီတော့ သူတို့ဟာ မိမိဘာသာ လုပ်ဆောင်ရမှာတွေကို ကြောက်နေကြတယ်။ မကြာခဏဆိုသလို သူတို့ဟာ ဝမ်းနည်းနေတတ်ကြတယ်။

လူတော်တွေကတော့ သူတို့ကို သူတို့ နားလည်ကြတယ်။ ဒါပေမဲ့ သူတို့ ဘဝ ပြင်ပကောင်းကျိုးချမ်းသာတွေကို နားမလည်ဘူး။ သူတို့ဟာ သူတို့ကိုယ် သူတို့ အတော်ဆုံးဖြစ်အောင် ပြုစုပျိုးထောင်မှုတွေနဲ့သာ အလုပ်များနေတတ်ကြတယ်။

ပညာရှိတွေကတော့ ဘဝရဲ့ အတ္တတည်ရာ ခဏတာကို သိနားလည်ကြတယ်။ သူတို့ဟာ ဘဝရဲ့ အင်အားကြီးသော ပူစီဖောင်းတွေထဲမှာ လုပ်ဆောင်သင့်သည်များကို ဆောင်ရွက်နေကြတယ်။ သူတို့ဟာ ဘဝပူစီဖောင်းများကို အကောင်းဆုံးဖြစ်အောင် လုပ်ကြတယ်။ ဒီပူစီဖောင်းတွေ မကြာမီ ပျောက်သွားမှာကိုလည်း သိကြတယ်။

❒ သတ္တုနွယ်(ရွှေပင်လယ်)

အကိုး

၁။ ကံ ဉာဏ် ဝီရိယ အကျယ်လက်စွဲ၊ ရွှေဟင်္သာတောရ၊ စံကျောင်းဆရာတော်။


၂။ အရူး၊ လူတော်နှင့် ပညာရှိ၊ ဒေါက်တာ ခင်မောင်ညို





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ပြဇာတ်ကို နာမ်ဟု ဖွင့်ဆိုထားသည်။

ပျာဇာတ်ဟု အသံထွက်ရသည်။ ဇာတ်လမ်းဇာတ်ကွက် တစ်စုံတစ်ရာကို လက်ာစပ်စကားပြေဖြင့်ဖြစ်စေ၊ အပြန်အလှန်ပြောခန်းများဖြင့်ဖြစ်စေ ရေးဖွဲ့သော စာပေအဖွဲ့အနွဲ့နှင့် ယင်းအဖွဲ့အနွဲ့တစ်မျိုးမျိုးကို သရုပ်ဆောင်ပြသောသဘင်တစ်မျိုးဟု အနက်ဖွင့်ထားသည်။ သို့သော် ပြဇာတ်စာပေမှာ ရှားပါးစာရင်းဝင်ဖြစ်သည်။

ပြဇာတ်ဟူသောဝေါဟာရတွင် "ပြ"သည် မြန်မာစကားဖြစ်သည်ဟု ဒုတိယကျော်အောင်စံထားဆရာတော်၏ ဝေါဟာရတ္ထ ပကာသနီကျမ်းတွင် ဖော်ပြထားသည်။ "ပြ"၏အဓိပ္ပာယ်မှာ နားလည်အောင် သိအောင် ပြပေးခြင်း၊ ပြုမူပြသခြင်း ဖြစ်ပေသည်။

တစ်နည်းအားဖြင့် စာဖတ်ပရိသတ်၊ပွဲကြည့်ပရိသတ်များအကြောင်းအရာတစ်ခုခုကိုနားလည်အောင် တတ်သိအောင် ပြုလုပ်ပေးခြင်းပင်ဖြစ်သည်။

ဇာတ် ဆိုသည်မှာ ပါဠိစကား ဇာတကမှဆင်းသက်လာခြင်းဖြစ်သည်။ ဇာတက၏အနက်ရင်းမှ ဖြစ်လာခြင်းပင်ဖြစ်သည်။ အနက်များမှာ ဇာတ်တော်ဟူ၍ဖြစ်သည်။ ဘုရားအလောင်းတော်တို့၏ ရှေးဘဝဖြစ်စဉ်များကို ဖော်ပြသည့် ဝတ္ထုများဟု ဆိုလိုခြင်းပင်ဖြစ်သည်။

ဤသို့ဖြင့် ပြဇာတ်၏ ယေဘုယျအဓိပ္ပာယ်မှာ အဖြစ်အပျက်များကိုပြခြင်း၊ ဖြစ်ရပ်များကို တင်ပြခြင်း ဟူ၍ ဖြစ်ပေါ်လာသည်။

အေဒီရှစ်ရာစုတွင် ပျူအနုပညာသည်များသည် တူရိယာပစ္စည်း ၂၂ မျိုးဖြင့် တရုတ်ပြည်၊ နန်ချောင်မြို့သို့ရောက်ရှိပြီး ကပြကြောင်းကို မှတ်တမ်းများတွင်ဖော်ပြထားသည်။ ထို့ကြောင့် ပျူခေတ်ကပင် ပြဇာတ်ပေါ်နေပြီဖြစ်ကြောင်း ထင်ရှားပေသည်။

သက္ကရာဇ် ၄၈၂ ခုနှစ်ထိုး ငထိလတ်သင်ကျောက်စာတွင် စည်ပန်ဒျာဟူသော ဝေါဟာရ၊ ၅၅၂ ခုနှစ်ထိုး တောင်ဂူနီ ကျောက်စာတွင် မြန်မာပန်တျာ၊ ကုလားပန်တျာ၊ စည်သည်၊ ခွက်ခွင်းသည်၊ ပတ်သာသည် အစရှိသော အရေးအသားနှင့် ၅၅၉ ခုနှစ်ထိုး ဖုန်သင်ဇေယျသိမ် ကျောက်စာတွင် "စည်ကြီးနှောင်နင် ခွက်ခွင်းပတ်သာကခြယ်သဘင်" ဟူသည့် အသုံးအနှုန်းတို့ကို ထောက်ရှု၍ ပုဂံခေတ်မှာလည်း ပြဇာတ်ကဇာတ် အနုပညာ ပေါ်ပေါက်နေကြောင်း ထင်ရှားလေသည်။

၉၆၂ခုနှစ်၊ ညောင်ရမ်းမင်းတရားလက်ထက်ထုတ်ပြန်သည့် အမိန့်တစ်ရပ်တွင် ကိန္နရာဇာတ်၊ မနော်ဇာတ်၊ ဝိဓုရဇာတ်၊ ကုမ္မာဘယဇာတ်၊ အန္တရဒေဝီဇာတ်ဟူ၍ ပြဇာတ်ဟုမသုံးဘဲ ဇာတ်ဟူ၍သာ သုံးစွဲခဲ့လေသည်။ ၁၂၁၆ ခုနှစ်၊ ကုန်းဘောင်ခေတ် ဦးကြင်ဥ၏ ဝက်န္တဇာတ်၊ မဟော်ဇာတ်၊ ဟေဇသူရိယ်ဇာတ် စသည်တို့တွင်လည်း ဇာတ်ဟုသာ ခေါ်တွင်လေသည်။

၁၂၅၅ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် ရေးကူးသော ရာမဇာတ် ပုရပိုက်များတွင်မူကား ရာမပြဇာတ်တော်ကြီးဟူ၍ ပြဇာတ်အသုံးကို အထင်အရှားတွေ့ရလေသည်။

၁၂၀၃ ခုနှစ်၊ (ခရစ်နှစ် ၁၈၄၁ ခုနှစ်)တွင် မက္ခရာမင်းသားကြီး အကူအညီဖြင့် ပြုစုသော ချားလ်စ်လိန်း၏ အင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်တွင် Drama ကို ဇာတ်၊ Dramatic ကို ဇာတ်နှင့်ဆိုင်သော၊ Dramatist ကို ဇာတ်စာစီသူ၊ Play ကို ဇာတ်၊ ဇာတ်ကသည် ဟူ၍ ဖော်ပြခဲ့သည်။ ၁၂၁၄ ခုနှစ်၊ (ခရစ်နှစ် ၁၈၅၂ ခုနှစ်) ဒေါက်တာဂျဒ်ဆင်၏ မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင်ဇာတ်ကို Any Dramatic Exhibitions၊ ပြဇာတ်ကို A Dramatised Zat၊ ဇာတ်ပြကို to act as in a play ဟူ၍ ဖွင့်ဆိုထားလေသည်။

၁၂၄၂ ခုနှစ်၊ ယောမင်းကြီး ဦးဖိုးလှိုင်၏ အလင်္ကာနိသျှကျမ်းတွင် ကျမ်းစည်ပြဇာတ်ဟူသောဝေါဟာရကို သုံးစွဲခဲ့လေသည်။

မြန်မာပြဇာတ်များသည် ရှီးရာနတ်နှင့် မိဆိုင်ဖဆိုင်နတ်များကို ပူဇော်ပ,သကြရာမှ ပေါ်ပေါက်လာ သည်ဟု ယူဆကြလေသည်။ အချို့ပညာရှင်များကမူ ဘုရားဟော ၅၅၀ နိပါတ်များမှ ပြဇာတ်ဖြစ်ပေါ်လာသည် ဟု တင်ပြကြလေသည်။

ကိုးခန်းပျို့၊ မနော်ဟရီပျို့၊ သူဇာပျို့၊ မဏိကက်ပျို့ စသည်တို့မှာ ပြဇာတ်ဆန်ကြောင်း တွေ့ရပေသည်။ ယင်းပျို့များတွင် ရေးသားထားသည့် အာလုတ်စကားများ၊ အချီအချ ပြောစကားများ၊ ဇာတ်လမ်း ဇာတ်ကွက်ဆင်ပုံများမှာ ပြဇာတ်သဖွယ် ဖြစ်လေသည်။

မြန်မာပြဇာတ်စာပေတွင် ရှေးအကျဆုံးအဖြစ် ပညာရှင်များ မှတ်ယူထားကြသော ပြဇာတ်မှာ မဏိကက်ပြဇာတ်ဖြစ်သည်။

ယင်းပြဇာတ်မှာ ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ဇင်းမယ်ပဏ္ဏာသ ဝတ္ထုအပုဒ် ၅၀ ထဲမှ သတ္တမနေဇာတ်ကို ထုတ်နုတ်ရေးသားထားခြင်း ဖြစ်သည်။


မဏိကုမြင်းတော် အမည်မှ မဏိကက်တွင်ခြင်းဖြစ်သည်။ ဇာတ်ချင်းများတွင် အာလုတ်စကားများပါသောကြောင့် နန်းတွင်း၌ ကပြရန်အတွက် ရေးခြင်းဖြစ်ကြောင်း ယူဆကြသည်။

ကုန်းဘောင်ခေတ်တွင် ရာမဇာတ်၊ အီနောင်ဇာတ်၊ သခ်ပတ္တဇာတ်၊ အရိန္ဒမဇာတ်၊ ကြိုးကြာဇာတ်၊ ဣန္ဒာဝုဓ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်၊ သမုဒ္ဒဃောသဇာတ်၊ ကောသ သီရိဇာတ် စသည်တို့ပေါ်ထွက်လာလေသည်။

ကုန်းဘောင်ခေတ်နောက်ပိုင်း ဦးကြင်ဥနှင့် ဦးပုညတို့၏ ပြဇာတ်စာပေများသည် ခေတ်တစ်ခေတ် ဖြစ်ခဲ့လေသည်။

ရှေးနန်းတွင်း ဇာတ်တော်ကြီးများမှာ ဇာတ်လမ်းရှည်ခြင်း၊ ရက်ပေါင်းလေးဆယ်ကျော် ငါးဆယ်မျှ ကပြရခြင်းတို့ကြောင့် ပရိသတ်များ ငြီးငွေ့ကြလေသည်။

ထို့ကြောင့် ဦးကြင်ဥနှင့် ဦးပုညတို့က တစ်ညနှင့် အပြီးကပြနိုင်သော ပြဇာတ်များကို တီထွင်ခဲ့ကြခြင်းဖြစ်လေသည်။

ဦးကြင်ဥ၏ပြဇာတ်များမှာ ပါပဟိန်၊ ဒေဝကုမ္ဘာန်၊ ဝဏ္ဏ မဟော်၊ တေဇသူရိန်၊ ကာလကဏ္ဏီ၊ မဟာဝဠုန၊ ဝေဿန္တရာ၊ ကုသ၊ ဝါသုဒေဝီ တို့ဖြစ်ကြလေသည်။

အချုပ်တန်းဆရာဖေသည်လည်း ယုဇနဝတ်မှုန်၊ မင်းသမီး၊ မင်းကတော်ပြဇာတ်များကို ရေးသားခဲ့လေသည်။

ရန်ကုန်ဦးပုတ်နီ၊ မော်လမြိုင်ဆရာရော၊ ညောင်တုန်းဦးကျော်ရ၊ ဆတိုင်မွတ်ဦးကူး၊ ပုဇွန်တောင်ဆရာခ၊ ပဲခူးဦးဆုသာ၊ ဆင်ဖြူကျွန်းဆရာသင်၊ ရွှေတောင်မောင်လွမ်း(ဆရာကြီးသခင်ကိုယ်တော်မှိုင်း)၊ တောင်လုံးပြန်ဆရာမြ၊ ဒါးပိန်ယိမ်းဆရာဦးမောင်ကြီး စသော ကျော်ကြားသည့် ပြဇာတ်ဆရာများလည်း ပေါ်ထွက်ထွန်းကားခဲ့လေသည်။

ပညာရှင်များက ပြဇာတ်စာပေကို သက္ကရာဇ် ၁၇၀၀ မှ ၁၈၅၂ ခုနှစ်ထိ ခေတ်ဟောင်း၊ ၁၈၅၃ မှ ၁၉၂၀ ပြည့်နှစ်ထိ ခေတ်လယ်၊ ၁၉၂၁ မှ ယနေ့အထိ ခေတ်သစ်ပြဇာတ်စာပေဟူ၍ ပိုင်းခြားကြလေသည်။ ပြဇာတ်စာပေသည် ယေဘုယျအားဖြင့် အဖတ်ပြဇာတ်နှင့် စင်တင်ပြဇာတ်ဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။

သို့ရာတွင် ယခုအခါ ကက်ဆက်ဇာတ်လမ်းများ ထွက်ပေါ်လာရာ အကြားပြဇာတ် တစ်မျိုးတိုး၍လာပေသည်။ ထို့ပြင် ရေဒီယိုပြဇာတ်(ဝါ)အသံလွှင့်ဇာတ်၊ ရုပ်မြင်သံကြားပြဇာတ်များလည်း ရှိကြပေသေးသည်။

ခေတ်သစ်ပိုင်းတွင် ထင်ရှားသော ပြဇာတ်စာပေများမှာ သခင်ဘသောင်း၏ဆရာဝန်ပါပဲ၊ တိုင်းပြည်ရန်သူ၊ ဇော်ဂျီ၏မဟာဆန်ချင်သူ၊ အမေမွှေ မင်္ဂလာ၊ ရွှေဖောင်းချ၊ ဒေါက်တာ ဂွမ်လျှောင် (မောင်ဖြူ)၏ စလေအညာက ပလွေဆရာ၊ ဆွတ်ဆွတ်ဖြူ အကြံသစ်ရှိသူ၊ တင့်တင့်(သိပ္ပံမောင်ဝ)၏ ငို့ဘ၊ ပရဟိတ၊ အသက်သခင် ဦးနု၏ အချစ်လောအမုန်းလော၊ မယားဆိုးလင်၊ လင်ဆိုးမယား၊ သကအလ၊ ဦးဉာဏ၏ ဗမာသစ်၊ မောင်ထင်၏ အာဇာနည်မိခင်၊ ဘာအရေးကြီးဆုံးလဲ၊ သိန်းဖေမြင့်၏ ခေတ်သစ်ဆန်းပြီ၊ စိမ်းရောင်စို၊ အောင်ဗလ၏ဆရာ့ဆရာ၊ အမေ့ချွေးမ၊ ကဆုန်နှောင်းချိန်၊ မာန်အောင်ပီယ၏ အမြတ်ပါပဲ၊ ဘယ်သူဆိုးသလဲ၊ သားလှရွှေဥ၊ ရန်ကုန်ဘဆွေ၏ နဝဒေး၊ သူတော်စင်၊ စိန်ခင်မောင်ရီ၏ ဦးကံကောင်းနှင့်သမီးများ၊ အောင်လင်း၏ စာရေးဆရာ ကိုဒေါနှ၊ ပါရဂူ၏ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်(၁၀)ပုဒ်၊ မြသန်းတင့်၏နေထွက်သောည၊ မန်းတင်၏ ဂျူလိယက်ဆီဇာ၊ ဆင်ဖြူကျွန်းအောင်သိန်း၏ နေမင်းလမင်းသိန်းရာထောင်၊ မောင်ကြည်ရှင်၏ မဟာဂီတပြဇာတ်များ၊ မောင်လင်းယုန်၏မမဆိုရှယ်၊ ဟေဇယ်ရှက်တယ် မာမီရယ်၊ တက္ကသိုလ်မောင်မောင်ခင်၏ အဆင်းခက်ခက် အတက်ကြမ်းကြမ်း၊ မောင်စိန်ထွေး၏ လောကအလှစသည်တို့ ဖြစ်ကြသည်။

ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ဦးအောင်မောင်း၊ မြို့တော်သိန်းအောင်၊ ဗန္ဓုလကျော်စိန်၊ ကျော်ဝင်းစိန်နှင့် ဇာတ်မင်းသားများကပြသော ပြဇာတ်များစွာတို့လည်း ရှိကြသေးသည်။ ဆရာမင်းသုဝဏ်သည် ရှိတ်စပီးယားပြဇာတ်တစ်ပုဒ်ကို လီယာမင်းကြီးအမည်ဖြင့် ပြန်ဆိုထုတ်ဝေခဲ့ဖူးသည်။

ဆရာဇော်ဂျီ၏ မဟာဆန်ချင်သူ ပြဇာတ်မှာ ပြင်သစ်စာရေးဆရာမိုးလျဲ၏ ပြဇာတ်တစ်ပုဒ်ကို မြန်မာမှုပြုခဲ့ခြင်း ဖြစ်သည်။ ဘားနဒ်ရှော၊ ချက်ကော့ဗ်၊ ရာစင်၊ ဘာတိုလီဘရက်၊ အာနိုးဝက်စကာ စသော ထင်ရှားသည့်စာရေးဆရာများလည်း ရှိကြသေးသည်။

ပြဇာတ်စာပေတွင် အချိန်၊ နေရာနှင့် ဇာတ်ကွက်ဆက်စပ်ပုံ ညီညွတ်မှုသုံးရပ်ရှိသည်ဟု ပညာရှင်များ ဆိုကြသည်။

ယင်းအင်္ဂါရပ်နှင့် ပြည့်စုံသော ပြဇာတ်များတွင် ရေသည်ပြဇာတ်သည် ထိပ်ဆုံးမှ ပါဝင်သည်ဟု ဆိုကြသည်။ ထိုပြဇာတ်ကို ဦးပုည ရေးသားခဲ့ခြင်းဖြစ်သည်။

မြန်မာစာပေသမိုင်းတွင် ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်း၊ လွမ်းချင်းဦးကြီးနှင့် ဝန်စာရေးဦးကြီးဟူ၍ ရှိကြသကဲ့သို့ စလေဦးပုညနှင့် ညောင်ပင်သာဦးပုညဟူ၍ ကွဲပြားလေသည်။

ယခုရေးသည့်ပြဇာတ်ကို ရေးသူမှာ စလေဦးပုည ဖြစ်လေသည်။

❐ ရွှေတိုက်စိုး



www.burmeseclassic.com

www.burmeseclassic.com



# စုန်းပြူး

စောမဉ္ဇူ(မှော်ပုံ)

ဇူဇကာပုဏ္ဏားရဲ့ ရက်စက်ကြမ်းကြုတ်မှုဟာ ကြောက်ခမန်းလိလိပါပဲ။ ဇာလီနဲ့ ကဏှာဇိန်ဟာ မေတ္တာခေါင်းပါးတဲ့ ပုဏ္ဏားရဲ့လက်ထဲမှာ သနားစဖွယ်ပါ။ အရွယ်နဲ့မမျှတဲ့ နွယ်ကြိုးနဲ့တုပ်။ ဖနောင့်နဲ့ပေါက်။ တုတ်နဲ့ရိုက်။ ခမည်းတော် မယ်တော်တို့ကိုတပြီး ငိုကြွတဲ့ ဇာလီနဲ့ ကဏှာဇိန်တို့ရဲ့ အသံဟာ ရင်နင့်စရာကောင်းလိုက်တာ။

❖

ကျုပ် ပီတိဖြစ်တာပါပဲ။

ကဲ ကြည့်စမ်းပါဗျာ။ မြန်မာသံစစ်စစ်နဲ့ ကျုပ်တို့ လူမျိုးတွေရဲ့ အနုပညာကို ထိန်းသိမ်းနိုင်တာ။ ဖော်ထုတ်နိုင်တာ နည်းတဲ့စိတ်ဓာတ်လား။ ဒီ စိတ်ဓာတ် ဒီအသိတွေကို ရင်မှာစွဲငြိအောင် ကျုပ် ဘယ်လောက်လုပ်ခဲ့ရတယ် ထင်သလဲ။ အဲ. . . ပြောသာပြောရတာ။ အငယ်ဆုံးကောင် ထိန်အေးကိုတော့ ဘဝင်မကျလှဘူး။ ကျုပ်ဖြစ်စေချင်တဲ့ ပုံစံမျိုး မရှိချင်ဘူး။ သဘောပေါက်အောင် အသိရှိအောင် ချော့ပြောရတယ်။ ခြောက်ပြောရတယ်။ ခက်တာက ဒီကောင့်စိတ်ထား မငြိမ်ဘူး။ စိတ်ပါရင် ပါသလို။ မပါရင် မပါသလိုဗျ။ တကယ်တော့ သူ့မှာ အနုပညာဗီဇ အများကြီးရှိတယ်။ ဒီကောင့် စိတ်ကူး ဒီကောင့်အတွေးတွေက ထက်တယ်။ လျင်တယ်။

ကျုပ် သားသမီးလေးယောက်မှာ အငယ်ဆုံး အနှောင်းဆုံးကောင်က ထိန်အေးလေ။ ဒီကောင် အတော်ဆုံးပဲ။ ကြိုးဆွဲ သိပ်ကောင်းတယ်။ ကြိုးအစုအသိမ်းပိရိတယ်။ လှတယ်။ အဲ အဆိုကျတော့ကော အဆိုလည်း ရတယ်။ မင်းသား ဟဲ ဟဲရမလား။ အပြောလဲ ပိုင်ပါ့။ ဘီလူးကြိမ်း ကြိမ်းရမလား။ တကယ့်ကို စွယ်စုံပဲ။ နှုတ်ကသာ ဖွင့်မပြောတာ။ ကျုပ်အားအရဆုံးကတော့ အငယ်ဆုံးကောင် ထိန်အေးပဲ။

အကြီးဆုံးအောင်ဘန်းက သူ့လို မထက်ဘူး။ ဒါပေမဲ့ ဝီရိယ ရှိတယ်။ ဇွဲကြီးတယ်။ မဖြစ်ဖြစ်အောင် ကြိုးစားတဲ့ မာန်ရှိတယ်။ ဒါကြောင့်လဲ သုံးလလောက်နဲ့ ဟောဒီ ဆိုင်းဝိုင်းကြီးကို ဒိုးလိုမွှေလောက်အောင် တီးနိုင်တာပေါ့။ သမီး မြမန်းက အောင်ဘန်းလောက်တော့ ဇွဲမရှိဘူး။ ဒါပေမဲ့ သူ့ပင်ကို ပါရမီက ထူးတယ်။ ဘယ့်နှယ်ဗျာ။ တစ်ပတ်လား ကြိုးဆွဲသင်ရပါတယ်။ ဝန်ရှပ်ရော၊ ဇော်ဂျီရော၊ အပျိုတော်ရော၊



www.burmeseclassic.com

www.burmeseclassic.com

မြင်းရောဲ၊ ဘီလူးရော၊ ပုဏ္ဏားရော၊ မင်းသားရော အို လက်ဖျားခါလောက်အောင်ကို ကျုပ်သမီး ဆွဲတတ်တယ်။

တော်တာကို စိတ်ထဲက ကြိတ်ချီးကျူးရင်း အဆိုကို ပိုင်အောင် သင်ရတယ်။ အဲ- အဆိုကျတော့ဗျာ ညံ့ပ့ါ။ စိတ်အလွန်ရှည်တဲ့ သူ့အမေတောင် ညည်းယူရတယ်။ အသံကလည်း သိပ်မရ။ အေးလေ ကြိုးဆွဲတော်နေမှပဲလို့ စိတ်ဖြေရတယ်။

တတိယသမီး မြကျေးကျတော့ တစ်မျိုးဗျ။ ကြိုးဆွဲကို အတော်သင်ယူရတယ်။ အဲ-အဆိုကျတော့ဗျို့ ဖြူသီလား၊ ရီရီသန့်လားလို့ ထင်ရလောက်ကို အဆွဲ၊ အငင်၊ အရှိုက် ကောင်းတာ။ အသံကျတော့ကော။ ပီလို့ ကြည်လို့။ ငိုသံ၊ ရှိုက်သံကလေးနဲ့များဆိုရင် မျက်ရည်ဝဲလောက်အောင်ကို ရင်ထဲထိအောင် ဆိုနိုင်တာဗျ။

ကျုပ်တို့လို မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးကို အခြေခံပြီး သီဆိုတီးမှုတ် ဖျော်ဖြေကြတဲ့ ရုပ်သေးအဖွဲ့ သုံးဖွဲ့ရှိတယ်။ ဟိုဘက်ရပ်က ဆိုင်းဆရာကြီး ဦးစိန်ညွန့်အောင်လည်း ကျုပ်လိုပဲ။ သားတွေ၊ သမီးတွေနဲ့ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်သူပေါ့။ သူ့သား ဖိုးသာအောင်နဲ့ ညီများကပွဲဟာ ညောင်ဦးမြို့မှာ နာမည်ကြီး။ ကျုပ်တို့ဟာ ပုဂံမြို့ ဒေသကို ရောက်လာကြတဲ့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေကို ဖြေဖျော်ပြီး ကျုပ်တို့ ဗမာလူမျိုးတွေရဲ့ အနုပညာကို ထိန်းသိမ်းဖော်ထုတ် ဂုဏ်ယူ အသက်မွေးဝမ်းကျောင်းပြုတဲ့ သူတွေပါ။

မြန်မာ့ယဉ်ကျေးမှု မြန်မာ့အနုပညာကို တန်ဖိုးထားဂုဏ်ယူပြီး အသက်မွေးဝမ်းကျောင်းပြုတာကို ကျုပ်သားတွေ သမီးတွေ နားလည်ဂုဏ်ယူစေချင်တယ်။ အထူးသဖြင့် ကျုပ်အားကိုးချင်တဲ့ အငယ်ဆုံးကောင် ထိန်အေး။ သင်းမှာ အနုပညာဗီဇ အနုပညာ စိတ်ကူးစိတ်သန်းတွေ ထက်ထက်မြက်မြက်ရှိနေတယ်။ ဒါပေမဲ့ ဒီကောင်က စိတ်မဝင်စားဘူး။ အင်မတန် ချစ်မြတ်နိုးဖွယ်၊ ဂုဏ်ယူဖွယ်ကောင်းတဲ့ ကျုပ်တို့ ပုဂံမြေ၊ ပုဂံရပ်၊ ပုဂံဒေသထက် နေရာသစ်ကို လှမ်းချင်တယ်။ ကျုပ်တို့မြေ၊ ကျုပ်တို့အရပ်ကို လေးစားလို့ တန်ဖိုးရှိလို့ တခြားပြည်တွေကတောင် လှည့်ပတ်ကြ၊ လေ့လာကြတာမဟုတ်လား။ ကျုပ်သားက ဘာတွေများ တလွဲဆံပင် အားကျပါလိမ့်။

"မြင့်တွေတို့ နိုင်ငံခြားမှာ သွားအလုပ် လုပ်မလို့တဲ့ အဖေ၊ ကျွန်တော်လဲသွားချင်တယ်ဗျာ၊ နိုင်ငံခြားသားတွေကို လိုက်လိုက်ပို့ပေးတဲ့ ဦးမောင်မောင်ထွန်းက လုပ်ပေးမယ်တဲ့၊ သိန်းသုံးဆယ်ခွဲကို လေးငါးလနဲ့ ကျေတယ်တဲ့"

ဘုရား ဘုရား ကျုပ်ဘာမှ ပြန်မပြောနိုင်ဘူး။ အံ့ဩလွန်းလို့။ ကျုပ်သားထိန်အေး မျက်နှာကို အသက်မရှူဘဲ ကြောင်ကြည့်နေမိသည်။ တိုင်းတစ်ပါးသွားပြီး အလုပ်လုပ်မှ ချမ်းသာမှာလားသားရယ်။ သူဆက်ပြောနေတဲ့ စကားတွေကို ကျုပ်မကြားတော့ပါဘူး။ ဝဲတက်လာတဲ့ ကျုပ်မျက်ဝန်းကို မြင်ပြီး သင်းနှုတ်ပိတ်သွားတယ်။ ဘယ့်နှယ်ဗျာ။ သူ့အဖေရဲ့ စိတ်ဓာတ်ကို နည်းနည်းပါးပါးကလေးတောင် အကဲမခတ်မိဘူးလားဗျာ။ ကျုပ်စိတ်ထိခိုက်လွန်းလို့ ဒီကောင့်ကို စကားမပြောတာ တစ်ပတ်ရှိပြီ။ ဖအေ့အရိပ်အကဲကို သိလို့ အစ်မတွေ အစ်ကိုတွေက ဝိုင်းပြီး သင်းကို ဆုံးမတယ်ထင်ပါရဲ့။ ခုတစ်လော ရုပ်သေးရုပ်တွေ ပြင်နေတယ်။ ရွှေခြည်ထိုး ငွေခြည်ထိုး ဝတ်စုံတွေ ပြန်လဲနေတယ်။ ဟုတ်တယ်။ ပွဲတော်ရှိတယ်လေ။

ပွဲတော်ဆိုတာ အာနန္ဒာမြတ်စွာဘုရားကြီးရဲ့ အထွတ်စေတီတော်ကို ကြေးပြားအပြည့် ကပ်လှူပွဲကြီးပေါ့။ ရွှေသင်္ကန်း ကပ်လှူနိုင်ဖို့ ပြင်ဆင်နေကြပြီ။ ထီးတော်၊ ငှက်မြတ်နားတော်နဲ့ စိန်ဖူးတော်ကို အောက်ချပြီး မဏ္ဍာပ်တွင်းမှာ ပြည်သူတွေ အပူဇော်ခံနေတယ်လေ။ စိန်ဖူးတော် ငှက်မြတ်နားတော်တို့ဟာ ရွှေသားအချိန် နှစ်ပိဿာလောက်ရှိတယ်။ အဖိုးတန် ကျောက်မျက်ရတနာတွေ စီခြယ်ထားလို့ လုံခြုံရေးကိစ္စတွေ တစ်ဖက်၊ ဖျော်ဖြေရေးကိစ္စတွေတစ်ဖက်နဲ့ ကျုပ် ဗျာများနေတယ်။ အာနန္ဒာ ဂေါပကအဖွဲ့ဝင် တစ်ယောက်အနေနဲ့ ကျုပ်လည်း အလှည့်ကျ တာဝန်ယူရတယ်။ ဒီလို အချိန်ခါမျိုးမှာ ကျုပ်တို့ တတ်တဲ့ အနုပညာနဲ့လဲ တစ်ဖက်က ဖြေဖျော်ကုသိုလ်ယူချင်တယ်။ ဖြေဖျော်ရေးကိစ္စကို ထိန်အေး ကူညီတော့ ဘုရားကြီးမှာ အချိန်ပြည့်နေနိုင်တာပေါ့ဗျာ။

❖

ဒီနေ့ကိုတော့ ကျုပ်တစ်သက်ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး။ ၁၉၈၄ ခုနှစ်၊ မေလ (၁၁)ရက်ပေါ့။ တိတိကျကျပြောရရင် နံနက် (၃)နာရီ။

မနိုးစဖူး အစောကြီး ကျုပ်နိုးနေတယ်။ ညစောင့်တာဝန်ကျတာတွေဟာ ဘုရားရင်ပြင်တော်အတွင်း ကင်းလှည့်ဖို့ ပြင်နေပြီ။ ကျုပ်လည်း နိုးနေတာနဲ့ ညစောင့် ကင်းတာဝန်ကျတွေနဲ့ လိုက်ခဲ့တယ်။ ရင်ပြင်တော်အတွင်း တစ်ပတ်ကင်းလှည့်ပြီး မဏ္ဍာပ်ထဲ ပြန်လာကြတယ်။ ကျုပ်စိတ်ထဲ ရိပ်ခနဲ သင်္ကာန်တစ်ခုတွေ့လိုက်သလိုပဲ။ သံသယဝင်ပြီး အဖော်မခေါ်ဘဲ တစ်ယောက်တည်း ဘုရားအတွင်းဝင်လာတယ်။ ကင်းပတ်ရိုး ပတ်စဉ် မပတ်ဘဲ ဆန့်ကျင်ဘက်ကို သွားလိုက်တယ်။ ထောင့်ရောက်တာနဲ့ တူးဆွသံ သဲ့သဲ့ကြားမိတယ်။ နားစွင့်ပြီး ဟုတ်၊ မဟုတ် အာရုံစိုက်တယ်။ ဟုတ်တယ်။ တူးဆွသံမှ တူးဆွသံ။ ကျုပ်အသာလေး ရှေ့တိုးသွားတယ်။

အလို။ ဘုရား သူခိုးတွေပါလား။ ဟိုဘက် ဒီဘက် ညှပ်ပြီး ကင်းစောင့်ပေးနေတဲ့ ဘုရားသူခိုးတွေကို မြင်ရတယ်။ သူတို့ မြင်သွားမှာစိုးလို့ ထောင့်အကွယ်ရောက်အောင် ကျုပ် လေးဖက်ထောက်ပြီး ပြန်လာခဲ့ရတယ်။ ယုတ်မာပက်စက်တဲ့ကောင်တွေ။





www.burmeseclassic.com

www.burmeseclassic.com

ဘာသာ သာသနာ ဖျက်တဲ့ ကောင်တွေ။ ကျုပ်ရင်ထဲ လှုပ်ရှားလိုက်တာ။ မဏ္ဍာပ်အတွင်း ပြန်ရောက်တော့ အခြေအနေအားလုံး ပြောပြတယ်။ ချက်ချင်း စီစဉ်ကြတယ်။ ပြည်သူ့ရဲ နှစ်ဦးနဲ့ ကျုပ်တို့က အပြင်ဘက်က ပတ်ပြီး သူခိုးရှိတဲ့နေရာကို သွားမယ်။ ကျန်တဲ့အဖွဲ့က မြောက်ဘက်ကပတ်ပြီး လူအင်အားနဲ့ ညှပ်ဖမ်းမယ်ပေါ့။ ကျုပ်တို့အဖွဲ့ဟာ ဘုရားတောင်ဘက်က ပတ်ပြီး သွားကြတယ်။ တောင်ဘက်က အာရုံခံမုခ်ကြီးလည်းလွန်ရော ဘုရားရဲ့ အင်္ဂါထောင့်မှာ ကင်းစောင့်ပေးနေတဲ့ သူခိုးကို ဘွားခနဲ တွေ့ပါရော။

"ဟေ့ကောင် မပြေးနဲ့"

အော်သံနဲ့အတူ ပါလာတဲ့ ရိုင်ဖယ်သေနတ်နဲ့ ထိုးချိန်ကြတယ်။

အံမယ်. . သူခိုးက အလကြီး။ မပြေးဘူး။ အသင့်ကိုင်ထားတဲ့ ငှက်ကြီးတောင် ဓားရှည်နဲ့ခုတ်ဖို့ ပြေးဝင်လာတယ်။ အကွာအဝေးကဘယ်လောက်မှ မဝေးဘူး။ ကိုက်နှစ်ဆယ်လောက်ပဲ ရှိမယ်။ ရဲတပ်သားက လှမ်းပစ်တယ်။ သူခိုးလက်က ဓားလွတ်ကျသွားပြီး ခွေခနဲ လဲကျသွားတယ်။ ချက်ချင်းလူးလဲထပြီး ပြေးတော့တာပဲ။

သူတစ်ယောက်တည်း မဟုတ်ဘူး။ ငါးယောက်တောင်မှ တံတိုင်းပေါ်က စောင့်နေတဲ့သူက တံတိုင်းကို ကျော်ပြီးပြေးဖို့ ကြိုးလှေကား ချပေးနေတယ်။ ကျုပ်တို့ အသက်မရှုတမ်း လိုက်ကြတယ်။ ဒီကောင်တွေ အတော်လျင်တယ်။ မမီလိုက်ဘူးဗျာ။

အပြင်ကပတ်ပြီး လိုက်ကြတဲ့သူတွေလည်း မမီလိုက်ဘူး။ လူလေးငါးယောက် ကားလမ်းဘက်ထွက်ပြေးသွားတယ်။

ကိုက်တစ်ရာကျော်လောက်က ဝေးတဲ့ ကားလမ်းဆီက ကားတစ်စီး ထွက်တဲ့အသံ ကြားလိုက်ကြရတယ်။ နောက်ကျကျန်ခဲ့တဲ့ လူနှစ်ဦးကတော့ အရှေ့မြောက် ဆီးတောထဲ ဝင်သွားတယ်။ သေနတ်သံကြားလို့ ဝိုင်းလာကြတဲ့ ပုဂံမြို့က လူအုပ်ကြီးကလည်း မနည်းပါဘူး။

ရှေးဟောင်းသုတေသန ဦးစီးမှူး ဦးအောင်ကြိုင်က တင်ပြတယ်။ ဒီတော့ စစ်ကြ ဆေးကြတယ်။ အားလုံး စစ်ဆေးကြည့်တော့ ဘုရားအခိုးခံရတာဟာ တကယ်ဗျ။ အိပ်မက်မဟုတ်ဘူး။ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရှေးဟောင်းပြတိုက်က ကျောက်သား ဆင်းတုတော်(၄)ဆူ အခိုးခံရတယ်။ အာနန္ဒာဘုရားကြီး လိုဏ်ဂူမုခ်အတွင်း အပြင်ပတ်လမ်း အပြင်နံရံက တိုးလျှိုး မုခ်နံပါတ်(၃)၊ နံပါတ်(၇)၊ နံပါတ် (၁၉)နဲ့ နံပါတ် (၂၆)တို့ထဲက ကျောက်သား ဇာတ်ရုပ်(၄)ခု ပျောက်ဆုံးနေတာကို တွေ့ရတယ်။

ကျုပ်တစ်သက်မှာ ကြုံရတဲ့ အံ့သြစရာအဖြစ်လို့ ဆိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာသာရေးရှုထောင့်ကပဲ ကြည့်ကြည့်၊ ယဉ်ကျေးမှုအတိုင်းအတာနဲ့ပဲ တိုင်းတာ တိုင်းတာ၊ အလွန်ဆိုးဝါးရွက်စရာကောင်းတဲ့ အဖြစ်ပါဗျာ။ ထိတ်လန့်အံ့သြစရာကောင်းလှတယ်။

ကျုပ်တို့ ဒေသဟာ အေးချမ်းစွာနေထိုင်ကြတဲ့အရပ်။ ရိုးအေးတဲ့နေရာမှာ ကိုယ့်အိမ် ကိုယ့်ဝိုင်း စည်းရိုးတောင် မခတ်ကြဘူး။ ဘာသာ သာသနာ ကိုင်းရှိုင်းတဲ့နေရာမှာလည်း ဘယ်ဒေသနဲ့မှ မတူဘူး။ ဝါတွင်း ဥပုသ်ရက်တွေမှာ ဘုန်းတော်ကြီးကျောင်းတွေ သွားပြီး မိသားစုတိုင်း ဥပုသ်စောင့်ကြတယ်။ ကျုပ်တို့ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ပုဂံသားကြီးတွေ စောင့်ရှောက်ခဲ့ကြလို့သာ နှစ်ပေါင်း (၉၀၀) ကျော်က အဆောက်အအုံတွေ ကျုပ်တို့လက်ထက်ထိ တည်တံ့ခဲ့တာပေါ့။

ကျုပ်တို့ ခပ်ငယ်ငယ်တုန်းက အပြင်းအထန် ငလျင် လှုပ်ခဲ့ဖူးတယ်။ ၁၉၇၅ ခုနှစ်၊ ဇူလိုင်လတုန်းကပေါ့။ ပုဂံငလျင်လှုပ်တာက ပုဂံဒေသတစ်ခုလုံးမှာရှိတဲ့ ဘုရားပုထိုးတွေ အားလုံး ပြိုပျက်စေခဲ့တယ်။ ဌာပနာတွေလည်း ပေါက်ထွက်ခဲ့တယ်။ ငလျင်လှုပ်တာက ညနေစောင်း ၆ နာရီ ၃၅ မိနစ်။ ဘုရားတိုင်း တောထဲက ဘုရားတွေပါမကျန် ပြိုကျပျက်စီးရတယ်။ ဌာပနာတွေ ဆိုတာ မြင်မကောင်းအောင် ကစဉ့်ကရဲပဲ။

ပုဂံမြို့မီးသတ်တပ်ဖွဲ့နဲ့ ပုဂံမြို့သားလူငယ်တွေဟာ ညအမှောင်ထဲမှာ မြွေမကြောက်၊ ကင်းမကြောက်၊ ဘယ်သူမှ မဆော်သြရဘဲ အစောင့် တာဝန်ယူကြတယ်။

မြေငလျင်ရဲ့ အရှိန်ဟုန်ဟာ ဘယ်လောက် ပြင်းသလဲဆိုရင် ဘုရားပြို ဘုရားပျက်တွေကြားက ထွက်လာလိုက်တဲ့ မြွေတွေ မြွေတွေ။ တချို့မြွေတွေဆိုရင် ခြေသလုံးလောက် တုတ်တဲ့ မြွေတွေတောင်ရှိတယ်။ ဒါပေမဲ့ ကျုပ်တို့ လူငယ်တွေ မကြောက်ပါဘူး။ မမှုပါဘူး။ ကစဉ့်ကရဲ ဖြစ်နေတဲ့ ဘုရားဌာပနာတွေကို သဲကြီးမဲကြီး မပျောက်မပျက်အောင် စုစည်းစောင့်ရှောက်ကြတယ်။ နောက်မှ မြို့လူကြီးတွေက ရေ၊ စားစရာ၊ မုန့်ပဲသရေစာ၊ ဓာတ်မီးတွေနဲ့ ရောက်လာတယ်။

ပုဂံ၊ ညောင်ဦးမြို့မှာ ရှိတဲ့ ပြည်သူ့ရဲတပ်ဖွဲ့နဲ့ ပုပ္ပားတိုင်းဗဟိုက တပ်တွေဟာ ပုဂံမြေကို ည ၁၀ နာရီလောက် ရောက်လာတယ်။

ကျုပ်တို့ပုဂံလူငယ်တွေ၊ မီးသတ်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုံခြုံရေးတာဝန်ယူခဲ့တယ်။ ကျုပ်ပြောချင်တာက အဲဒီအချိန်မှာ ဘုရားဌာပနာတွေ၊ ရှေးဟောင်းပစ္စည်းတွေ ပေါ်မှပေါ်။ ဒါပေမဲ့ ခိုးခြင်း၊ ဝှက်ခြင်း လုံးဝ မရှိကြဘူး။ စာရင်းအတိအကျနဲ့ တာဝန်ရှိသူတွေကို အပ်နှံကြတယ်။

ဒီလောက်ထိ ရှေးဟောင်းမြေပေါ်မှာ သစ္စာရှိတယ်။ ဘာသာတရားရဲ့ အဆုံးအမကို တည်ကြတယ်။

ဗုဒ္ဓရဲ့ ဌာပနာကို စိတ်နဲ့တောင် သစ္စာမမဲ့ကြဘူး။ ဖောက်ဖောက်ပြန်ပြန် မပြုကြဘူး။



www.burmeseclassic.com

www.burmeseclassic.com

တဲ ကြည့်စမ်း။ ခုတော့ ကျုပ်မြင်ရ ကြုံရတဲ့အဖြစ်က ကျုပ်တို့လူမျိုးတွေ ရှက်စရာ၊ ဝမ်းနည်းစရာ ရင်နင့်စရာမကောင်းဘူးလားဗျာ။

❖

ညနေ ၄ နာရီလောက်မှ တောင်ဇင်းရဲစခန်းမှ ဘုရားသူခိုး တစ်ယောက်ကို ကောင်းညိုရွာသားတွေက ဖမ်းပို့လာတယ်။ နာမည် မျိုးလွင်။ အစစ်ခံချက်အရ ဓားနဲ့ဝင်ခုတ်ဖို့ ကြိုးစားတဲ့သူက "စလွယ်" တဲ့။ ဓားကိုင်တဲ့လက်ကို သေနတ်မှန်လို့ ဒဏ်ရာကြောင့် ပြန်ထွက်ပြေးရာမှ နောက်ကျပြီး ကားကို မမီလိုက်ဘူး။ ဒါကြောင့် ကျောက်ပန်းတောင်းကို ထွက်ပြေးတယ်။ ကားစီးလို့လည်း ဒဏ်ရာကြောင့် မဖြစ်။ ရွာဆက်ပြတ်တဲ့ ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်း အရှေ့ဘက် ငါးသရောက်-ကျောက်ပန်းတောင်း လှည်းလမ်းဟောင်းအတိုင်း ပြေးကြတယ်။

ကျောက်ပန်းတောင်းနဲ့ (၁၁)မိုင်အကွာလောက်ရောက်တော့ လက်က ဒဏ်ရာက နာလာတယ်။ သွေးထွက်များလာပြီ။ ရေလည်းငတ်ပြီ။ မလှမ်းမကမ်းမှာ ရှိတဲ့ ထန်းတက်သမားမိသားစုနေတဲ့ တဲကိုသွားပြီး မျိုးလွင်က ရေတောင်းခိုင်းတယ်။ ထန်းတောထဲဝင်လာကတည်းက ထန်းလှီးနေတဲ့ ထန်းပင်ပေါ်က ထန်းသမားက မြင်ရတယ်။ သူတို့ကို မသင်္ကာဘူး။ ထန်းပင်ပေါ်က ဆင်းလာပြီး ရေသာတောင်းတဲ့ မျိုးလွင်ကို အလျှင်ဖမ်းတယ်။ စလွယ်ကတော့ ထွက်ပြေးသွားတယ်။ ပတ်ဝန်းကျင်ထန်းတဲတွေကို အော်ဟစ်အကူအညီတောင်းပြီး ဝိုင်းဝန်းလိုက်ကြသေးတယ်။ ဒါပေမဲ့ စလွယ် လွတ်သွားတယ်။

မျိုးလွင်ကိုတော့ တောင်းညိုကျေးရွာဥက္ကဋ္ဌကတစ်ဆင့် တောင်ဇင်းရဲစခန်းကို ပို့လိုက်တယ်။ မျိုးလွင်ရဲ့ အစစ်ခံချက်ကို ယူဖို့ပဲ ရှိတော့တယ်။

❖

ကျုပ်တစ်ကိုယ်လုံး ချာချာလည်သွားတယ်။ မယုံနိုင်လွန်းလို့ မျက်စိကို အထပ်ထပ် ပွတ်ကြည့်တယ်။ ဟုတ်တယ်။ မျက်စိမမှားဘူး။

"ကျုပ်သား ကျုပ်သား၊ ထိန်ထိန်အေးလဲ ပါတယ် ဟုတ်လား"

ကျုပ်ရဲ့ တုန်လှုပ်ချောက်ချားသံကြီးဟာ တစ်ခန်းလုံး လွှမ်းသွားတာပဲ။ မျိုးလွင်ရဲ့ အစစ်ခံချက်အရ ပတ်သက်သူတွေအားလုံးကို တန်းစီပြီး ဖမ်းလာပြီလေ။ ပုဂံရဲကင်းမှူး ဒုရဲအုပ် ဦးအုန်းရွှေ၊ ရှေးဟောင်းသုတေသနဦးစီးမှူး ဦးအောင်ကြိုင်၊ ပြည်သူ့ရဲစခန်းက နယ်ထိန်း အဖွဲ့ခေါင်းဆောင် ရဲကြပ်ကြီး ဦးသန်းဆောင်နဲ့ နယ်ထိန်းပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေ ခေါ်လာတဲ့ တရားခံတွေကြားမှာ ထိန်အေးကို ကျုပ် ကျုပ်တွေ့ရတယ်ဗျာ။

"ဟေ့ ဟေ့လူ ကိုဘခို၊ ဟေ့လူဗျာ၊ ဘယ်လိုလုပ်လိုက်တာတုံး"

"ကိုဘခို တော် တော်ပါတော့ဗျာ"

ကျုပ်မျက်စိထဲမှာ ဘာမှ မမြင်တော့ဘူး။ ကျုပ်ကို ဝိုင်းဆွဲကြ၊ လွဲကြ၊ အော်ကြသံတွေသာ ညံသွားတာပဲ။ သင်းတော့ မသိဘူး။ အားရှိပါးရှိ ထိုးပစ်လိုက်တဲ့ ကျုပ်လက်ခုံ တစ်ခုလုံးဟာ ချက်ချင်း ရောင်ကိုင်းလာတယ်။ ဝိုင်းဆွဲကြလို့ပေါ့ဗျာ။ တစ်ခါတည်း စိစိညက်ညက် ခြေပစ်လိုက်ချင်တယ်။ ဒေါသဖြစ်တာရော၊ ရှက်တာရော၊ ဝမ်းနည်းတာရော၊ ယူကျုံးမရဖြစ်တာရော ကျုပ်ရင်ထဲ ပြောင်းဆန်နေတာပဲ။

"တောက် အမျိုးမစောင့်၊ အာသာမစောင့် အကျင့်ပျက်တဲ့ကောင်၊ စည်းဖောက်တဲ့ကောင်"

"ကိုဘခို အိမ်ပြန်ခဏနားလိုက်ပါဦးဗျာ"

ကျုပ်ကို အားလုံးက ဝိုင်းဖျောင်းဖျကြတယ်။ ကျုပ် ခေါင်းယမ်းလိုက်တယ်။ မပြန်ဘူး။ မနားဘူး။ ကျုပ်အချစ်ဆုံး ကျုပ်အားအကိုးဆုံး ကျုပ်သွေး ကျုပ်သားဟာ ဘယ်လောက်အထိ ကိုယ့်ဇာတိ၊ ကိုယ့်မြေ၊ ကိုယ့်ဒေသအပေါ်မှာ စည်းဖောက်နေသလဲဖောက်ပြန်နေသလဲ။ သစ္စာမဲ့နေသလဲဆိုတာ ကျုပ် သိချင်နေတယ်။

မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ပြီဆိုတဲ့ အချုပ်တန်းဆရာဖေကြီးရဲ့ အမျိုးချစ်စိတ် အမျိုးမာန်အကြောင်းကို ကျုပ်သား ကျုပ်သမီးတွေကို သာဓကပြပြီး ဆုံးမခဲ့ပါရဲ့။ ကိုယ့်ယဉ်ကျေးမှုစည်း၊ ကိုယ့်ဇာတိမာန်စည်းတွေကို စောင့်ထိန်းဖို့၊ ကာကွယ်ဖို့လည်း ပြောခဲ့ဖူးပါရဲ့။

တဲ ကြည့်စမ်းဗျာ။ ကြားလို့မှကောင်းသေးရဲ့လား။ ဒီလိုဆုံးမခဲ့တဲ့ ကျုပ်သားထိန်အေးဟာ နိုင်ငံခြားသွားချင်လို့ လောဘပွဲစား ကိုရွှေနဲ့ဆက်သွယ်သတဲ့လေ။ ဘုရားတစ်ဆူပဲ ဖြစ်ဖြစ်၊ ကျောက်ချပ်ဇာတ်ရုပ်တစ်ခုပဲ ဖြစ်ဖြစ်၊ ဘုရားပရိဝုဏ်အပြင် ဒါမှမဟုတ်ရင် ပြတိုက်အပြင်ဘက်ကို ထုတ်ပေးရင် ငါးသောင်းပေးတယ်တဲ့။ အပြင်ဘက်ကနေ ကားနဲ့စောင့်ယူသတဲ့။

အခုအချိန်ဟာ အာနန္ဒာဘုရားကြီး အထွတ်စေတီကို ရွှေသင်္ကန်းကပ်လှူဖို့ လုံးပန်းနေကြတာ မဟုတ်လား။ ငှက်မြတ်နားတော် စိန်ဖူးတော်တွေကိုပဲ အားလုံးက မဲပြီးစောင့်ကြည့်နေတာဟာ သူတို့အတွက် အခွင့်ကောင်းကြီးပေါ့လေ။ ပွဲစားက သူလိုချင်တဲ့ ဆင်းတုတော် ဒါမှမဟုတ် ကျောက်သားဇာတ်ရုပ်ရှေ့မှာ ပန်းတွေချထားပြီး အချက်ပြတယ်။ နေ့ခင်းကတည်းက တူးမဲ့သူတွေက ဝင်လေ့လာ၊ ညဘက်မှာ ခိုးကြသတဲ့လေ။ ကျုပ်သား ထိန်အေး ဒီလောက်ထိ မိုက်တွင်းနက်မှန်း နည်းနည်းကလေးမှ မရိပ်မိဘူး။ အေးလေ သားသမီးယုံတော့ စုံလုံးကန်းတာပေါ့ဗျာ။ မန္တလေးတက္ကသိုလ်အနီး မဟာမြိုင်ရပ်က ခေါ်တင့်အိမ်မှာ ကျုပ်သား ထိန်အေးက ခိုးရာပါပစ္စည်းကို အပ်ထားတယ်လို့ ဖော်တယ်။





www.burmeseclassic.com

www.burmeseclassic.com

"ကိုဘခို ခင်ဗျားနားတော့ဗျာ၊ လူရောစိတ်ရော ပန်းနေပြီ"

"ကျုပ်မနားဘူး ကိုအောင်ကြိုင်၊ ခင်ဗျားတို့နဲ့ လိုက်မယ်၊ ကျုပ် တာဝန်အရှိဆုံး၊ ခင်ဗျားတို့ ကျုပ်ကို မညာကြပါနဲ့ဗျာ၊ ညာရင် ကျုပ် ယူကျုံးမရဖြစ်လေပဲ၊ ဒီကောင့်ကို ကျုပ်ကိုယ်တိုင် ဆုံးမချင်တာ၊ ကဲ လာသွားကြမယ်"

မန္တလေးတက္ကသိုလ်အနီး မဟာမြိုင်ရပ်က အပိုင်ရဲစခန်းကို သတင်းပို့ပြီး ဒေါ်တင့်အိမ်ကို ရှာကြတယ်။ ဘယ်လိုမှ မတွေ့ဘူး။ အိမ်ကလည်း ရေမြောင်းဘေးမှာ။ မိုးတွေကလည်း တဖွဲဖွဲ။ ရဲကင်းမှူးဒုရဲအုပ်ဦးအုန်းရွှေက ဝန်မခံတဲ့ ဒေါ်တင့်တို့ သားအမိကို စစ်တုန်းပဲ။

ကျုပ်နဲ့ ဦးအောင်ကြိုင် အိမ်ပတ်ဝန်းကျင်ကို ဓာတ်မီးထိုးရှာတယ်။ ဘယ်လိုမှ မတွေ့ဘူး။ ဒီလိုမတွေ့လေ ကျုပ် မျက်နှာပူလေ။ ကျုပ် သားဆိုးအတွက် အားလုံး ဒုက္ခပိကုန်ကြပြီ။ စိတ်မပျက် ဖွဲမလျှော့ဘဲ ရှာနေတဲ့ ဦးအောင်ကြိုင်ကို ကြည့်ပြီး ကျုပ်ရင်ထဲ မကောင်းလိုက်တာ။

ဦးအောင်ကြိုင်ဟာ ရှေးဟောင်းပစ္စည်းနဲ့ ပတ်သက်လာရင် ဆတ်ဆတ်ထိ မခံချင်တဲ့သူ။ ရှေးဟောင်းအမွေအနှစ်တွေကို အင်မတန်မြတ်နိုးတဲ့သူ။ မြန်မာ့ရှေးဟောင်းပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်ချင်လွန်းလို့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို အနစ်နာခံ အဆုံးရှုံးခံပြီး ပုဂံမြေမှာ တစ်ဖဝါးမှမခွာတဲ့သူ။ ပုဂံပြတိုက်နဲ့ အာနန္ဒာဘုရားကြီးထဲက ဆင်းတုတော်တွေနဲ့ ကျောက်သားစာတိုင်တွေ အခိုးခံရတာ သူ့အသည်းကို ဓားနဲ့အမွှမ်းခံရသလို ခံစားနေရတာ။ ဒီတော့ ဖွဲဘယ်လျှော့ချင်မတုံးလေ။ ကျုပ်ကိုယ်တိုင်လည်း ဒီအတိုင်း ခံစားရတာပါဗျာ။

"ကိုဘခို၊ ခင်ဗျားက ဓာတ်မီးထိုးဗျာ၊ ကျုပ် ရေထဲဆင်းရှာမယ်"

ဖွဲမလျှော့ဘဲ ဦးအောင်ကြိုင်က ရေမြောင်းထဲ ဆင်းရှာတယ်။ မတွေ့ပါဘူး။ ပြန်တက်လာတော့ ရွှံ့တွေပေလို့။ ဒါနဲ့ စဉ့်အိုးဘေးက ရွှံ့ပေနေတဲ့ အဝတ်လျှော်ကျောက်ပြားပေါ် ခြေစုံရပ်ပြီး ရေဆေးတယ်။ ကျုပ်က ဓာတ်မီးထိုးပြတယ်။ ခြေထောက်က ရွှံ့တွေကုန်သွားပြီး အဝတ်လျှော်ကျောက်ပြားပေါ်က ရွှံ့တွေလည်း ကုန်သွားတယ်။

"ကိုဘခို ဓာတ်မီး ဆက်ထိုး ဆက်ထိုး"

ကျုပ် ဓာတ်မီး ဆက်ထိုးပြတယ်။

"ကိုဘခိုရေ တွေ့ပြီဗျ"

ဦးအောင်ကြိုင် ဝမ်းသာသံကြီးနဲ့ အော်လိုက်တယ်။ ကျုပ်ရင်ထဲ ဝမ်းသာစိတ်ကြောင့် ဒိတ်ခနဲ ဖြစ်သွားတယ်။ ဟုတ်တယ်၊ တွေ့ပြီ၊ တွေ့ပြီ။ သေချာကြည့်လိုက်တော့ အဝတ်လျှော်ကျောက်ပြားသဏ္ဌာန်လုပ်ထားတဲ့ ဆင်းတုတော်ပါလား။ မှောက်ထားတဲ့ ဆင်းတုတော်ရဲ့ ကျောဘက် မွန်စာကို ဦးအောင်ကြိုင် တွေ့သွားတာကိုး။ ဖွဲမလျှော့တဲ့ ဦးအောင်ကြိုင်ကြောင့်ပေါ့ဗျာ။

ဒီတော့မှ ဒုရဲအုပ်ဦးအုန်းရွှေတို့လည်း ရေချိုး အဝတ်လျှော်ကျောက်ပြားသဏ္ဌာန်လုပ်ထားတဲ့ ပြတိုက်ထဲက ဆင်းတုတော် နှစ်ဆူကို ရှာဖွေပုံစံနဲ့ သိမ်းလိုက်တယ်။

❖

နှုတ်ခမ်းမြတ်လုမတော် သွေးထွက်လာတဲ့အထိ ကိုက်မိတယ်။ ကျုပ်ဘဝ ကျုပ်တစ်သက်မှာ ယူကျုံးမရဖြစ်ရဆုံးပါပဲ။

ရှေးဟောင်းပြတိုက် ကျောက်သားဆင်းတုတော် လေးဆူ၊ အာနန္ဒာဘုရားကြီးလိုဏ်ဂူမုခ်အတွင်းက ကျောက်သားစာတိုင်ရှုပ်နဲ့ ဆင်းတုတော်တွေ အားလုံးကို သက်ဆိုင်ရာက တစ်ခုချင်းလိုက်ပြီး ဖော်ထုတ်ဖမ်းဆီးနိုင်ပါပြီ။

ကျုပ်ကတော့ ကျုပ်နဲ့သာ သက်ဆိုင်တဲ့ ထိန်ဒေးအတွက် မြို့နယ်ပြည်သူ့တရားရုံးမှာ တရားလိုလုပ်ပြီး တရားစွဲတယ်။ ကျုပ် အချစ်ဆုံးသား။ ကျုပ် အားအကိုးဆုံးသားဟာ စည်းဖောက်သွားပါပြီ။ ကျုပ် ရည်မှန်းချက်တွေ၊ ကျုပ် မျှော်လင့်ချက်တွေဟာ တစ်စစီ တစ်စစီ လွင့်စဉ်ကြွေမွသွားသလို ခံစားရပါတယ်။ ဒီကောင့်အတွက်တော့ ဝမ်းမနည်းပါဘူး။ လက်မမကောင်း လက်မ။ ခြေမ မကောင်း ခြေမပေါ့။ ဖြတ်ထုတ်ပစ်ရမှာ ဝန်မလေးပါဘူး။ သွေးဆိုး သွေးညစ်ဆိုတာ ဖောက်ပစ်ရတယ်။ ဖောက်မပစ်ရင် တစ်ကိုယ်လုံး တစ်မိသားစုလုံး၊ တစ်ဒေသလုံး၊ တစ်နိုင်ငံလုံး ကူးစက်ကုန်မှာပေါ့။

သစ္စာမစောင့်တဲ့ကောင်၊ ဘာသာ သာသနာမစောင့်တဲ့ကောင်၊ ကျုပ်သားလုပ်ရပ်ဟာ ဘာသာရေးရှုထောင့်ကပဲ ကြည့်ကြည့်၊ ယဉ်ကျေးမှု အတိုင်းအတာနဲ့ပဲ တိုင်းတာ တိုင်းတာ ပုဂံဟာ ကျုပ်တို့ မြန်မာတွေရဲ့ အသည်းနှလုံးပါ။

ပုဂံက အုတ်တစ်ချပ်ဟာ သမိုင်းအတွက် တန်ဖိုးကြီးလှပါတယ်။

ဖအေလုပ်တဲ့သူက ဂေါပက အဖွဲ့ဝင်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာကို တန်ဖိုးထား ထိန်းသိမ်းချင်တဲ့သူ။

သားလုပ်တဲ့သူက ဘုရားသူခိုး။ တိုင်းတစ်ပါးကို အထင်ကြီးပြီး သွားချင်လွန်းလို့ ဘုရားခိုး ငွေရှာသူ။

ရက်ရက်စက်စက် အာနန္ဒာဘုရားကြီးရဲ့ ရင်ခွင်က ဘုရားတွေ၊ ယဉ်ကျေးမှု ပြတိုက်ထဲက ဆင်းတုတော်တွေ ခိုးတဲ့ သူခိုး။

ဒီလိုသားမျိုးအတွက် လွမ်းစိတ်ဝင်ရင် သေပစေ အသက်အောင့်ထားမယ်ဗျာ။


□ ဓားရှည်(မှုခင်း)





www.burmeseclassic.com

www.burmeseclassic.com




ဖိုးချက်ဟာ နွားတင်းကုပ်ထဲ နွားမီးထည့်ပြီး တင်းကုပ်ထဲမှပြန်ထွက်အလာ လပြာသို့ရဲ့ အအေးဓာတ်က စိမ့်နေအောင်အေးလာပြီဖြစ်တာကြောင့် အစ်ကိုကြီးဖိုးသက်အိမ် မဝင်တော့ဘဲ မိမိအိမ်ဘက်ဆီ ခပ်သွက်သွက် လမ်းလျှောက်လာရင်း ခြံဝိုင်းကြီးဆီသို့ မျက်စိဝေ့အကြည့်မှာတော့ ဖိုးချက်တို့မမွေးခင် ရှေးက ဘိုးဘွားဘီဘင်များ စိုက်ပျိုးသွားခဲ့ရာ နှစ်ရှည်ပင်များဖြစ်သည့် မန်ကျည်း၊ ကုက္ကို၊ သရက်၊ မရန်း၊ မာလကာ၊ ပိန္နဲ၊ ကျွဲကောနှင့် အုန်းပင်များရဲ့ အုပ်ဆိုင်းနေမှုက လဆန်းရက်ရဲ့ လရောင်ကို ခြံဝိုင်းကျယ်ကြီးအတွင်းမှာ ကွက်တိကွက်ကျား ဖြစ်လို့နေစေတာ တွေ့ရပါတယ်။

ဖိုးချက်ကို ဒီခြံဝိုင်းကျယ်ကြီးအတွင်းမှာပဲ ဖခင်ကြီးဦးဖိုးသင်နှင့် မိခင်ကြီးဒေါ်စိန်ခိုင်တို့မှ မွေးဖွားခဲ့ပြီး မွေးချင်း ညီအစ်ကိုမောင်နှမ ရှစ်ယောက်တောင် ရှိပါတယ်။ အစ်ကိုအကြီးဆုံး ကိုဖိုးသက်၊ နောက် ကိုဖိုးညွှက်ပြီးတော့ ကိုဖိုးချက်ဖြစ်ပြီး သူ့အောက် နှမများကတော့ မဆိတ်၊ မသန်းတင် တို့ဖြစ်ပါတယ်။ သူတို့အောက်မှာ ငပြူး၊ ငခွေးနဲ့ အငယ်ဆုံး မောင်စိန်ဖိုးတို့ရှိကြပါတယ်။

ဖိုးချက်တို့ဟာ တောင်သူလယ်သမားမျိုးရိုး ဖြစ်ပေမယ့် ဆွေမျိုးအုံတောင့်တင်းတယ်လို့ ပြောရမှာပါ။ ဖိုးချက်တို့ နေထိုင်ရာ ရေကြည်မြို့မှ အသုတ်မြို့ (ပုသိမ်မြို့အထိ) သွား ကားလမ်းဘေးမှာရှိတဲ့ ဘုရားကြီးကုန်းရွာလေးဟာ အသုတ်မြို့အပိုင်ထဲက ရွာတန်းရှည်ရွာလေးတစ်ရွာ ဖြစ်ပါတယ်။

အငယ်ဆုံးမောင်စိန်ဖိုး မွေးပြီး လသားအရွယ်မှာ အဖေဦးဖိုးသင်ဆုံးသွားတော့ မိခင်ကြီးဒေါ်စိန်ခိုင်ကို အိမ်ဦးခန်းထားလို့ သားအကြီးဆုံးဖြစ်တဲ့ ကိုဖိုးသက်က လယ်ဧကနှစ်ဆယ်လောက်ကို ကျန်ညီအစ်ကို မောင်နှမများနဲ့





www.burmeseclassic.com

www.burmeseclassic.com



# ပုဆိုးကွက်တုံးနဲ့တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com

အေးအတူ ပူအမျှ အစ်ကိုကြီး အဖ အရာဆိုသလို ဦးဆောင်လုပ်ကိုင်ခဲ့သလို ဒီခြံဝိုင်းကျယ်ကြီးအတွင်းမှာပဲ ဥမကွဲ သိုက်မပျက် နေစေခဲ့ပါတယ်။

ဦးဖိုးသက်နဲ့ ဒေါ်မဆိတ်တို့က လွဲရင် ကျန်သူများဟာ အိမ်ထောင်သည်တွေချည်းဖြစ်ပါတယ်။ ဦးငပြုးက လွဲလို့ ကျန်မိသားစုများဟာ ဒီခြံဝိုင်းကျယ်ကြီးအတွင်းမှာပဲ ကိုယ့်အိမ်ကိုယ်ဆောက် နေထိုင်ကြတာပါ။ ဦးငပြုးကတော့ ပုသိမ်ဘက်သို့သွား ရထားလမ်းဘေး အသုတ်မြို့ ဘူတာအဝင် ချောင်းကူးသံတံတားနားက ဒေါင့်ကြီးရွာသူနဲ့ အိမ်ထောင်ကျပြီး ဆံထုံးနောက်သျှောင်ပါ ဒေါင့်ကြီးရွာမှာပဲ နေထိုင်ပါတယ်။ အကြောင်းကိစ္စတစ်စုံတစ်ရာရှိရင်တော့ ရောက်လာတတ်ပါတယ်။

ဖိုးချက်တို့နေထိုင်တဲ့ ဘုရားကြီးကုန်းရွာလေးဟာ ဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့တော် ပုသိမ်သို့ သွားရာကတ္တရာကားလမ်းဘေးမှာရှိတဲ့ရွာတန်းရှည်ဖြစ်တာနဲ့အညီ ဖိုးချက်တို့နေထိုင်ရာ ခြံဝိုင်းကျယ်ကြီးဟာလည်း ကားလမ်းမကို မျက်နှာမူထားတာကြောင့် ကားသွားကားလာသံများကို မိုးလင်းမှမိုးချုပ်ကြားနေရပါတယ်။

ညဉ့်နက်ပိုင်းလောက်ကျမှသာ ကားသံမကြားရတော့တာပါ။ ဒါတောင် အဲဒီအချိန်တုန်းက ကားသွားလာကျဲပါသေးတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေး မရသေးခင်ကပါ။ အစ်ကိုအကြီးဆုံး ဦးဖိုးသက်ဟာ စိတ်ကောင်းရှိတဲ့ လူရိုး၊ လူအေးဖြစ်ပေမယ့် ဖိုးချက်အပါအဝင် ငပြုး၊ ငခွေးနဲ့ မောင်စိန်ဖိုးတို့ဟာ ထစ်ခနဲဆိုတာနဲ့ တုတ်ဆွဲဓားဆွဲသမားများဖြစ်ကြပါတယ်။ သူတစ်ဖက်သားကို မတရားလုပ်တာမဟုတ်သော်လည်း မိမိမိသားစုထဲမှ တစ်စုံတစ်ဦးနှင့် ပြဿနာဖြစ်ခဲ့ရင် ဆွေမျိုးအုံတောင့်တင်းသလို သတ္တိလည်း ကောင်းကြတာကြောင့် ရွာရှိ အခြားလူများဟာ ဖိုးချက်တို့မိသားစုကို ဖြုံကြပါတယ်။

ခြံဝိုင်းရှေ့ ကားလမ်းမအပေါ်လမ်းလျှောက်သွားရင်း တောရွာဓလေ့သီချင်း အော်ဆိုသွားသူများတောင် ဖိုးချက်တို့ရဲ့ ခြံဝိုင်းရှေ့ရောက်တာနဲ့ အော်ဆိုလာတဲ့ သီချင်းသံ တိတ်သွားပြီး ဖိုးချက်တို့ခြံဝိုင်းကို အတော်လေးကျော်လွန်သွားတော့မှ ဆက်ပြီးသီချင်းဆိုရဲရှာကြသည်အထိ အရှိန်အဝါကြီးခဲ့ပါတယ်။

ဖိုးချက်တို့ခြံဝိုင်းနဲ့ တစ်ဆက်တည်း ခြံဝိုင်းကျယ်ကြီးသုံးခြံကျော်မှာ မြဆည်းလည်းစေတီတော် တည်ရှိပြီး အဲဒီကားလမ်းအတိုင်း ဆက်သွားလျှင် အသုတ်မြို့အဝင် အသုတ်သချႋင်းကုန်းရှိပါတယ်။

ဖိုးချက် အိမ်ပေါ်တက်လိုက်တော့ ဇနီးဖြစ်သူ မသိန်းမြဟာ သမီးလေးမသန်းမြင့်ကို နို့တိုက်ရင်း အရှက်တက်ဆွမ်းချက်ဖို့ဆန်ကို စကောထဲမှ ပြာတီးပြီး ရေနံဆီမီးခွက်ရဲ့ အလင်းနဲ့ စပါးလုံးကောက်နေတုန်းပဲ ရှိပါသေးတယ်။ ဖိုးချက်မြင်တော့ ဇနီးဖြစ်သူက-

"ရှင် မနက်ကို သရက်အုပ်သွားမယ်ဆို" ဟု သတိပေးလိုက်တော့မှ သရက်အုပ်ရွာမှ ဖိုးချက်အဖေရဲ့ညီ ဦးဖိုးရင် ခေါ်ထားတာသတိရတော့တယ်။

ဦးလေးတော်သူ ဖိုးချက်တို့တောရွာအခေါ် ဘထွေးလေး ဦးဖိုးရင်မှာ သရက်အုပ်ရွာသူ ဒေါ်မယ်မြနှင့် အိမ်ထောင်ကျပြီး သားဖောက်ျားလေး မရဘဲ သမီးမိန်းကလေးသုံးယောက် မွေးထားရာ အချိန်တန်အရွယ်ရောက်တော့လည်း အခြားတစ်ရွာသားများနဲ့ချည်း အိမ်ထောင်ပြုပြီး သျှောင်နောက်ဆံထုံးပါသွားကြသောကြောင့် လယ်ကိစ္စများကို မိန်းမဘက်မှတူသားများနှင့် သူရင်းငှားများကို ခိုင်းထားရပြီး အရေးကြီး (ငွေကြေး) ကိစ္စများကို အခြားသူများကို ခေါ်ပြီး ခိုင်းလေ့ခိုင်းထ မရှိဘူးဘဲ။ ဖိုးချက်ကိုသာ ခေါ်ပြီးခိုင်းလေ့ရှိသဖြင့် ခုလည်း မနက်ဖြန် မနက်စောစောသွားရမှာကြောင့် ဖိုးချက်လည်း အိပ်ရာဝင်နှင့်ပါတယ်။

ဒီလိုနဲ့ ဖိုးချက် တစ်ယောက် မနက်အရုဏ်တက် ဇနီးဖြစ်သူမသိန်းမြပြင်ပေးသော ထမင်းကြမ်းနှင့် ငါးရံ့ခြောက်ဆီဆမ်းကို အဝစားပြီး သရက်အုပ်ရွာသို့ အသုတ်သချႋင်းနောက်ကျောလယ်ရိုးပြတ်တောများဆီမှ လယ်ကန်သင်းရိုးများအတိုင်း သုတ်ခြေတင်လာခဲ့ရာ မိုးလည်းစင်စင်လင်းရော သရက်အုပ်ရွာထိပ် ရောက်ပါလေတော့တယ်။

ရွာလယ်လမ်းမအတိုင်း လျှောက်ဝင်လာခဲ့ရာ မကြာခင်မှာဘဲ ဘထွေးလေး ခြံဝိုင်းရှေ့ ရောက်တယ်ဆိုရင်ပဲ အရီးမယ်မြကို အရင်ဆုံးတွေ့လိုက်ရကာ နှုတ်ဆက်ပြီး အိမ်ပေါ်တက်လာတော့ ..."လာကွာ မောင်ဖိုးချက်၊ အကြမ်း သောက်ဦး" လို့ အပြောနဲ့ ဘထွေးလေးကို အဆင်သင့်တွေ့လိုက်ရပါတယ်။

ဘထွေးလေးဟာ အသက်ခုနစ်ဆယ်ကျော်ပြီဖြစ်ပေမယ့် သန်တုန်းမြန်တုန်းပင်ရှိသေးပြီး တူတွေထဲမှာလည်း ဖိုးချက်ကို အချစ်ဆုံးဖြစ်သလို စိတ်လည်းချတာကြောင့် အရေးကြီးကိစ္စများ ခိုင်းစရာရှိလျှင် ဖိုးချက်ကို ယခုလိုလူကြုံနဲ့ မှာနေကျဖြစ်ပါတယ်။

ဘထွေးလေးတို့မှာ ငွေတိုးပေးထားတာလေးများရှိရာ ငွေချေးထားသူများမှာလည်း စိတ်ချယုံကြည်ရသူများကိုသာ ပေးထားတာဖြစ်ပြီး သတ်မှတ်ကာလပြည့်၍ ပြန်ရစရာရှိလို့ အလုပ်များလို့ လူကိုယ်တိုင်လာမပေးနိုင်သူများနှင့် လက်ခက်သူများအချို့ကို ဖိုးချက်အားကိုးဖြင့် တောင်းခိုင်းတာများလည်း ရှိတာကြောင့် ဖိုးချက်ကိုယ်တိုင် မကြာခဏတောင်းပေးခဲ့ရပေါင်းများခဲ့ပါပြီ။

ဖိုးချက်တောင်းလျှင်လည်း မရတာ မရှိ၊ ရခဲ့တာချည်း ဘာပြုလို့လဲဆိုတော့ ဖိုးချက်ကိုယ်တိုင် သူများကို မတရားတာ မလုပ်တာကတစ်ကြောင်း ဖိုးချက်တို့ ညီအစ်ကိုအုပ်စုနဲ့ ဆွေအုံမျိုးအုံ တောင့်တင်းမှုကို သိတာကြောင့်လည်း ပါတာပေါ့။





www.burmeseclassic.com

www.burmeseclassic.com

ဖိုးချက်တို့ညီအစ်ကိုအားလုံးကိုလည်း ကြည့်ဦး။ အစ်ကိုကြီးကနေစလို့ အငယ်ဆုံးမောင်စိန်ဖိုးအဆုံး အသားဖြူဖြူထောင်ထောင်မောင်းမောင်း ရင်အုပ်ကားကားတွေနဲ့ မျက်လုံးမျက်ဖန်ကစလို့ အတော်ကြည့်ကောင်းကြပြီး ယောကျ်ားပီသတယ်လို့ ပြောရမှာထက် ကျော့နေသလို လေးထောင့်စပ်စပ် မေးရိုးကားကြီးတွေနဲ့ တကယ်ပြော တကယ်လုပ်မည့်သူတွေဟု ပြောစမှတ်တွင်သူများပါ။ အဖေဗမာ၊ အမေကရင်စပ်ဆိုတော့ တောင်သူလယ်လုပ်ဆိုပေမယ့် အသားဖြူနီစပ်စပ် ဆိုရင်လည်း မမှားပေဘူးပေါ့။

ထုံးစံအတိုင်း ငှက်ပျောတောရွာကို ငွေတောင်းခိုင်းတာဖြစ်ပြီး ဖိုးချက်လည်း ငှက်ပျောတောရွာဆက်သွားပြီး ရစရာရှိသည်များတောင်းပြီး ငှက်ပျောတောရွာမှာပဲ မနက်စာစားပြီး သရက်အုပ် ပြန်ရောက်၊ ဘထွေးလေးကို တောင်းလာသည့်ငွေကို ရှင်းပေးပြီးတော့ ညနေစောင်းသွားပြီ။

ဖိုးချက်တို့ တောရွာများမှာ တစ်ရွာနဲ့တစ်ရွာ သွားလာစရာရှိရင် ကိုယ့်ခြေထောက်ကိုယ် အားကိုးရတာဆိုတော့ ရွာနှစ်ရွာလောက် သွားလိုက်ရင်ပဲ တစ်နေကုန်သွားတာ မဆန်းဘူးပေါ့။

ဒါနဲ့ သရက်အုပ်ရွာတောင်ပိုင်းက အောင်လှတို့ဆီဝင်တော့ ဝက်ပေါ်နေတာနဲ့ တန်းတိုးတာကြောင့် သူငယ်ချင်းဖြစ်သူ အောင်လှက ဖိုးချက်ကို ညစာထမင်းကျွေးရင်း ဝိုင်းဖွဲ့ကြပါတော့တယ်။ ဒါပေမဲ့ ဖိုးချက်ဟာ အသောက်သမားမဟုတ်တာကြောင့် သူတို့ဘာသာသောက်ကြစားကြ လုပ်နေကြပေမယ့် ဖိုးချက်ကတော့ ငါးပိရည်တို့စရာ၊ ဝက်သားအစပ်ချက်တို့နဲ့ ထမင်းအဝလွေးလိုက်ရလို့ ဗိုက်ကားသွားပါတယ်။

• သရက်အုပ်ရွာမှ ဖိုးချက်ပြန်လာချိန်မှာတော့ ညဥ့်နက်နေပြီ ဖြစ်ပြီး သူငယ်ချင်းဖြစ်သူ အောင်လှမှ ဖိုးချက်တို့ မိသားစုစားဖို့ တစ်ပိဿာကျော်လောက်ရှိတဲ့ဝက်သားတွဲကို နှီးနဲ့ချည်တွဲပြီး ပေးလိုက်တာကြောင့် ဝက်သားတွဲကို ဘယ်ဘက်လက်မှဆွဲကိုင်လာပြီး ညာဘက်လက်ထဲမှာတော့ ဓာတ်ခဲ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုကိုင်ကာ လယ်ကန်သင်းရိုး လူသွားလမ်းအတိုင်း ခပ်သွက်သွက် လျှောက်လာပါတယ်။

ပြာသိုလဆန်း ဆယ်ရက်ကျော်ရဲ့လရောင်နဲ့ ဓာတ်မီးထိုးစရာမလိုအောင် မြင်ကွင်းကရှင်းနေတာကြောင့် ခပ်သွက်သွက်လျှောက်နေရင်း ခံတွင်းချဥ်လာတာကြောင့် အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်ကိုနှိုက်ပြီး ပါးစပ်မှာ ကိုက်လိုက်ကာ အသင့်ပါလာတဲ့ဓာတ်မီးခြစ်နဲ့ခြစ်ပြီး မီးတို့ရှိုက်ဖွာလိုက်ပါတယ်။

ဒီလိုနဲ့ လမ်းလျှောက်လာလိုက်တာ တဖြည်းဖြည်းနဲ့ သူနေထိုင်ရာဘုရားကြီးကုန်းရွာကို လှမ်းမြင်နေရပါပြီ။ ဘုရားကြီးကုန်းရွာမှာရှိတဲ့ မြဆည်းလည်းစေတီဆီမှ ဆည်းလည်းသံလေးများကိုပင် မြောက်လေအဝေ့မှာ ကြားနေရတာကြောင့် ဒီအချိန်ဆို ဖိုးချက်ရဲ့မယားသီလည်း အိပ်မောကျနေလောက်ပြီလို့ တစ်ဆက်တည်းတွေးရင်း လယ်ကန်သင်းစပ် လူသွားလမ်းမှဖဲ့ဆင်းကာ အသုတ်မြို့အဝင် ပုသိမ်သွားကတ္တရာကားလမ်းမ တာရိုးပေါ်ကို ဖြတ်တက်လိုက်ပါတယ်။

ဖိုးချက်နေထိုင်ရာ ဘုရားကြီးကုန်းရွာဆီသို့ အသုတ်မြို့ဘက်ကိုကျောခိုင်းကာ ဒီကတ္တရာကားလမ်းအတိုင်း လမ်းလျှောက်သွားရမှာဖြစ်ပြီး ရှေ့မှာလည်း ကားလမ်းဘေးရှိ အသုတ်သင်္ချိုင်းကုန်းရှေ့မှလည်း ဖြတ်သန်းသွားရမှာဖြစ်ပါတယ်။ လကလည်း သာချင်တိုင်းသာနေတာရယ်၊ ကတ္တရာကားလမ်းအတိုင်း မြင်ကွင်းအားလုံးဟာ ရှင်းရှင်းလင်းလင်း မြင်တွေ့နေရတာကြောင့် ဓာတ်မီးထိုးစရာမလိုဘဲ လျှောက်လာရာ သင်္ချိုင်းကုန်းထဲမှ လူတစ်ယောက် ထွက်လာတာ တွေ့ရပါတယ်။

အပေါ်ပိုင်းအင်္ကျီ ဝတ်မထားဘဲ အောက်ပိုင်းမှာတော့ ပုဆိုးကွက်တုံးကြီးဝတ်ထားတာကြောင့် ဖိုးချက်တောင် ရယ်ချင်သလို ဖြစ်သွားသေး။

ဒါနဲ့ ဖိုးချက်လည်း ဘယ်သူမှန်းမသိပေမယ့် သူ့အဖို့ အဖော်တောင်ရသေးတယ်ဆိုတဲ့ အတွေးအပြင် သူလည်း ဆေးလိပ်သောက်မလို့ ငါ့ဆီက ဆေးလိပ်မီး တောင်းမလို့ ထင်ရဲ့လို့ တစ်ဆက်တည်း တွေးလို့မှမဆုံးသေးဘူး အဲဒီပုဆိုးကွက်တုံးနဲ့လူဟာ ဘာမပြောညာမပြောနဲ့ ဖိုးချက်လက်ထဲမှ ဝက်သားတွဲကို ဝင်လုပါတော့တယ်။

ဝင်လုသူကို ဖိုးချက်ဟာ ရုတ်တရက်ဘာလုပ်ရမှန်းမသိဘဲ ဝက်သားတွဲကို ပါမသွားအောင် အတင်းပြန်ဆွဲဆုပ်ကိုင်လိုက်ရင်း ဝက်သားတွဲလုသူရဲ့ မျက်နှာကို လရောင်အောက်မှာ ကြည့်ပေမယ့် ထိုသူက မျက်နှာကိုအောက်သို့ငုံ့ပြီး ဖိုးချက်လက်ထဲက ဝက်သားတွဲကိုသာ အာရုံစိုက်နေပုံရတာကြောင့် သဲသဲကွဲကွဲ မမြင်ရ ဖြစ်နေပါတယ်။

ဖိုးချက်ရဲ့ပါးစပ်မှလည်း အာစေးထည့်ထားသလို ဘာတစ်ခွန်းမှမပြောဆိုမိဘဲ ကိုယ့်ဝက်သားတွဲ ပါမသွားရေးအတွက်သာ ပြန်ဆွဲထားရင်း မထူးတော့ပါဘူးကွာလို့ စိတ်ထဲက ကြုံးဝါးလိုက်ရင်း ညာဘက်လက်ထဲမှာ ကိုင်ထားတဲ့ လက်နှိပ်ဓာတ်မီးနဲ့ လွှဲရိုက်လိုက်ပါတယ်။

ကြုံသလိုရိုက်လိုက်ရတဲ့ အနေအထားမှာ တစ်ဖက်လူရဲ့ဦးခေါင်း ရိုက်မိတာရှိသလို ခန္ဓာကိုယ်ကိုလည်းရိုက်မိပါတယ်။ တစ်ဖက်လူကလည်း ပြန်လည်ခုခံခြင်း မရှိဘဲ ပေပြီးခံနေပါတယ်။ အင်္ဂလန်နိုင်ငံထုတ် ဓာတ်ခဲငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးနဲ့ ဆင့်ကာဆင့်ကာ ရိုက်တာကို မဖြုံဘဲ လက်ထဲကဝက်သားတွဲကိုသာ မဲပြီးလုနေတာကြောင့် နည်းနည်းကြာလာတော့ တစ်ဖက်သတ်ရိုက်နေတဲ့ ဖိုးချက်တောင် လက်အံ့သေချင်သလိုတောင် ဖြစ်လာပါတယ်။ ရိုက်ရတာလည်း ဖွဲအိတ်ကြီးရိုက်ရသလိုပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်းဆို ကြာရင် ဖိုးချက်လွယ်ပါ့မလား။

ဒါပေမဲ့ ဖိုးချက်တစ်ယောက် ကံကောင်းသွားပါတယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီလူဟာရုတ်တရက် ဖိုးချက်ဆီကနေ ခွာသွားပြီး အသုတ်သချိုင်းကုန်းထဲ ပြန်ဆင်းသွားလို့ပါပဲ။ ဖိုးချက်ဟာ အဲဒီလူကို မမှိတ်မသုန်တဲ့ မျက်လုံးနဲ့ လှမ်းကြည့်နေဆဲမှာပဲ ပျောက်သွားပါတယ်။ ကြည့်နေရင်း မျက်စိအောက်မှာတင် ကိုယ်ပျောက်ဝိဇ္ဇာအလား ရှင်းရှင်းလင်းလင်းကြီး ဖြစ်နေတဲ့ လရောင်အောက်မှာ ပျောက်သွားတာ တွေ့ရတော့မှ လူတစ်ယောက်မဟုတ်ကြောင်း သိလိုက်ရချိန်မှာတော့ ဖိုးချက်တစ်ကိုယ်လုံး မကြုံစဖူး ကြက်သီးဖြန်းဖြန်းထပြီး တုန်လှုပ်သွားပါတယ်။

အဲဒီမှာပဲ နောက်ကြောင်း ပြန်လှည့်မကြည့်တော့ဘဲ ရွာဘက်ကို သုတ်ခြေတင်လျှောက်လာလိုက်တာ အိမ်ကို ဘယ်လို ပြန်ရောက်လာမှန်းတောင် သတိမထားမိပါဘူး။

"ဟဲ့ သိန်းမြ. . . သိန်းမြ ထစမ်း"လို့ မိန်းမကို အော်နှိုးလိုက်တယ်ဆိုရင်ပဲ မသိန်းမြလည်း ရေနံဆီမီးခွက်ထွန်းလျက် အိမ်တံခါးဖွင့်ကြည့်ရင်း . .

"ကိုဖိုးချက် ဘာဖြစ်လာတာလဲ ဟင်၊ အလန့်တကြားရှိလိုက်တာတော်"လို့ပြောရင်း အိပ်မှုန်စုန်မွှားနဲ့ သူ့ရဲ့လင်တော်မောင်ရဲ့ မျက်နှာ သေချာကြည့်လိုက်တော့ မျက်လုံးကြီးပြူးပြီး သူ့မိန်းမကို . . .

"ငါ တစ္ဆေနဲ့သတ်လာတယ်"

"ဟင်၊ ဟုတ်လား. . . ရှင့် တစ်ကိုယ်လုံးလဲ ချွေးတွေရွှဲနစ်နေတာပဲ"လို့ မသိန်းမြက ပြောလိုက်ရင်း သောက်ရေအိုးစင်မှ သောက်ရေတစ်ခွက်ကို ခပ်တိုက်လိုက်တော့ ဖိုးချက်လည်း ရေကို အငမ်းမရသောက်အပြီးမှာ ဖြစ်ကြောင်းကုန်စင် မိန်းမကို ပြောပြလိုက်ပါတယ်။

ဒီလိုနဲ့ ညဉ့်ဝက်ကို ဖိုးချက်လည်း အိပ်တစ်ဝက်နိုးတစ်ဝက်နဲ့ မိုးလင်းပိုင်းလောက်ကျမှ မှေးခနဲ ဖြစ်အသွားအိပ်မက်လိုလို တကယ်လိုလိုနဲ့ လွန်ခဲ့တဲ့တစ်နှစ်ကျော်က ကွယ်လွန်သွားသော သူငယ်ချင်းဖြစ်သူ အောင်စိန်က. . .

"ဖိုးချက်ရယ်. . . မင်း တော်တော်ရက်စက်တယ်၊ ငါ့ကို ဓာတ်မီးနဲ့ ရိုက်တာ နာလိုက်တာကွာ၊ ငါ့မှာ အငတ်ငတ် အပြတ်ပြတ် ဖြစ်နေတာ အတော်ကြာပြီ၊ မင်းတွေလို့ ဝက်သားတောင်းစားတာ မပေးတဲ့အပြင် ငါ့ကို ရိုက်လိုက်တာကွာ၊ ငါ့ကို သနားရင် အသုတ်သချိုင်းနားက လက်ပံပင်ကြီးအောက်မှာ ငါ့ကို လာကျွေးပေးပါ သူငယ်ချင်းရယ်နော်"

လို့ ငိုရင်း သနားစဖွယ် ပြောရှာတာကို အိပ်ရာက လန့်အနိုးမှာ ပြန်လည်ကြားယောင်ပြီး ဖိုးချက် တစ်ယောက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါတယ်။

ဇနီးဖြစ်သူ မသိန်းမြကိုလည်း အိပ်မက်ထဲမှာ သူငယ်ချင်းဖြစ်သူ အောင်စိန်ရဲ့အဖြစ်အပျက်ကို ပြောပြပြီး ညက ယူလာတဲ့ ဝက်သားတွဲထဲက တစ်ဝက်ကို သေချာချက်ပြုတ် မြေအိုးတွင်ထည့်၊ နောက် ဆန်တစ်ပြည်ချက် ထမင်းနဲ့ လင်မယားနှစ်ယောက် ဘယ်သူမှ အသိမပေးဘဲ ခံတောင်းထဲထည့်ပြီး မသိန်းမြကိုယ်တိုင် ခေါင်းပေါ်ရွက်ကာ ညနေစောင်း အသုတ်သချိုင်းဘက် သွားကြပါတော့တယ်။

ဟိုရောက်တော့ အောင်စိန်ပြောတဲ့ လက်ပံပင်နားက မြေကွက်လပ်မှာ ခံတောင်းအပေါ်က အုပ်လာတဲ့ နှီးဆန်ကောထဲကို ချက်လာတဲ့ ဆန်တစ်ပြည်ချက် အင်ဖတ်နဲ့ထုပ်လာတဲ့ ထမင်းကို ပုံလိုက်ပြီး မြေအိုးထဲက ဝက်သားချက်ကို အပေါ်ကနေ အကုန်လုံးလောင်းပုံပေးအပြီးမှာတော့ ဖိုးချက်ဟာ အသံမြှင့်ပြီး . . .

"ကဲ သူငယ်ချင်းအောင်စိန်ရေ . . . မင်းစားချင်တဲ့ ဝက်သားဟင်းနဲ့ ထမင်းလာစားတော့ သူငယ်ချင်းရေ" လို့ ဖိတ်ခေါ်လိုက်တယ်ဆိုရင်ပဲ လက်ပံပင်ဟာ လေမတိုက်ဘဲ အရွက်များလှုပ်ရှားသွားကာ ဘာကောင်မှမမြင်ရဘဲ ဟင်းနဲ့ထမင်း ထည့်ထားတဲ့ ဆန်ကောဟာ လေထဲမှာမြောက်ပါသွားပြီး လက်ပံပင်အပေါ်ကို ရွေ့လျားသွားကာ လက်ပံရွက် လက်ပံကိုင်းများကြားမှာ ပျောက်ကွယ်သွားပါတော့တယ်။

အဲဒီအချိန်မှာ နေဝင်သွားပြီမို့ ပတ်ဝန်းကျင်မှာ မှောင်စပျိုးနေပါပြီ။

ဖိုးချက်က မကြောက်တော့ပေမယ့် မသိန်းမြကတော့ ကြောက်နေရှာပါတယ်။

ဒါနဲ့ လင်မယား နှစ်ယောက်လည်း အလှူတစ်ခုကို အောင်မြင်ချောမွေ့စွာနဲ့ ပြုလုပ်ပြီးသွားသလို ရင်ထဲမှာ ခံစားမိရင်း မိမိတို့အိမ်ရှိရာကို ပေါ့ပါးသွက်လက်စွာနဲ့ပြန်လာခဲ့ပါတော့တယ်။

ဩော် - ဖိုးချက်တစ်ယောက် အဖြစ်အပျက် အစအဆုံးကို ဆင်ခြင်မိပြီး သံဝေဂယူမိပါတယ်။ ဘုရားကြီးကုန်းကျောင်းမှ ဆရာတော် ဟောကြားသည့် တရားကို သွားသတိရမိပါရဲ့။

သားစွဲ၊ မယားစွဲ၊ ပစ္စည်းဥစ္စာစွဲဆိုတဲ့ လောဘနဲ့ သေခဲ့ရင် ပြိတ္တာဘုံရောက်မယ်ဆိုတာ တွေးမိပြီး အောင်စိန်တစ်ယောက် ဘာကိုစွဲ၍ သေခဲ့လေသည် မသိ။ အငတ်ငတ်အပြတ်ပြတ်နှင့် တစ္ဆေသရဲဘဝ ရောက်ရပုံကို ကိုယ်တွေ့ကြုံရသဖြင့် များစွာ ထိတ်လန့်သံဝေဂယူမိပါတော့တယ်။

❒ မြင့်နိုင်(ထသီတ)

**မှတ်ချက်**

စာရေးသူကို မမွေးခင် အဖေကိုယ်တိုင် ကြုံခဲ့ရသော ဖြစ်ရပ်မှန်ကို အမေကိုယ်တိုင် ပြန်ပြောပြခြင်းဖြစ်ပြီး စာရေးသူမှ ခံစားရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အသုဘလိုက်ပို့သူများမှာ သူတို့တောင်ခြေရွာတင်မကဘဲ အခြားခရီးဝေး ရွာများကပါ တဖွဲဖွဲရောက်ရှိလာကြသဖြင့် လိုက်ပို့သူ များပြားလျက်ရှိလေသည်။ မလှမွှေးမသေခင်ကသတင်း အထူးအဆန်းကြောင့် မကျန်းမမာဖြစ်နေကြောင်း ကြားသိရစဉ်ကပင် သတင်းလာမေးကြသူ အများအပြား ရှိခဲ့လေသည်။ ယခုလိုသေဆုံးသွားပြီဆိုသောအခါ တောင်ခြေရွာမက အခြားလက်လှမ်းမီရာ ရွာများကလည်း သူတို့အရင်ကြားနေရသော အထူးအဆန်းသတင်းကြောင့် စုတ်တသပ်သပ် ဖြစ်ကာတကယ်အမှန်ပလားဆိုသည်ကို သိချင်ကြသဖြင့် များပြားစွာ လာရောက်ကြခြင်းလည်း ဖြစ်သည်။

"ဘယ့်နှယ်ဗျာ၊ သေသွားတဲ့လူက လာခေါ်လို့ မလှမွှေး သေဆုံးရတာတဲ့ ပြောနေကြတယ်၊ ဒီလိုသာဆိုရင် တို့ရွာက ကိုသိန်းဇံကြီးဆုံးတုန်းက သူ့မိန်းမ ဒေါ်တုတ်ဆို လူးလိမ့်ငိုကြွေးရင်း . . . 'ကိုသိန်းဇံရေ ရှင်မသေခင် ပြောတုန်းက သေတူရှင်မကွာဆို၊ အခုတော့ ကျုပ်ထားပြီး ရှင်တစ်ယောက်တည်း သေသွားပြီလား၊ ကျုပ် ရှင်နဲ့အတူလိုက်ခဲ့မယ်၊ လာခေါ်ပါကိုသိန်းဇံရယ် ဟီး ဟီး' နဲ့ ငိုလိုက်တာ တစ်ရွာလုံး မျက်ရည်မကျသူမရှိဘူး၊ သေသွားတဲ့သူက လာခေါ်ရတယ်လို့ ခင်ဗျားတို့ ကြားဖူးလို့လား၊ အခု ဒီလို ပြောဆိုနေကြတာဘာမှ မဟုတ်ဘူး၊ အယူသီးတာ၊ ဇာတ်ပွဲတွေမှာပြတဲ့ သိုက်သမိုင်းတို့ထဲကလို

# ချစ်၍ခေါ်သည့် လိုက်တော်မူ

ကောင်းဆံပါရိန်း (ဟန်နေဝန်း)





www.burmeseclassic.com

www.burmeseclassic.com

တကယ်ပဲ လာခေါ်မလို ဘာလိုလိုနဲ့ တွေးပြီး စိတ်ကူးယဉ်တာ၊ အခု အဲဒီ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တာပေါ့"လို့ ပြောကြသလို အချို့ကလည်း. . .

"အယူသီးတယ် ဆိုတာကလဲ တစ်ချိန်တစ်ခါက ဖြစ်လေ့ဖြစ်ထရှိခဲ့ကြလို့ အခုချိန်ထိ လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြတဲ့ အယူအဆတစ်ခုပေါ့ဗျာ၊ အတိတ်နိမိတ်ပြတယ်၊ ကြိုမြင်တယ် ဆိုတာကလဲ လျှို့ဝှက်နက်နဲတဲ့ ဂမ္ဘီရဖြစ်စဉ်သဘောပဲ၊ အခု ကောင်မလေး ဆုံးသွားတော့ သူ့ကောင်လေး လာခေါ်တယ်၊ မခေါ်ဘူးဆိုတာကလဲ ကျုပ်တို့သာမန်လူတွေ မသိနိုင်တဲ့ကိစ္စတစ်ခုပဲ၊ ကာယကံရှင်နှစ်ဦးကလွဲရင် ကျန်တဲ့လူတွေ သိဖို့ခက်တယ်၊ ဝိညာဉ်ရဲ့သဘောဆိုတာက ထူးခြားဆန်းကြယ်တဲ့အတွက် မဟုတ်ဘူးလို့ ပြောဖို့အတော်ခက်တယ်"

စသည်ဖြင့် ရွာမှာပြောဆိုနေကြသလို အသုဘလိုက်ပို့သူများကလည်း အမျိုးမျိုး ဝေဖန်ပြောဆိုခဲ့ကြလေသည်။ သို့သော်လည်း မလှဒွေး အသုဘမြေချပြီး ရက်လည်ဆွမ်းကျွေးသောနေ့တွင် သံဃာတော်များ ဆွမ်းကပ်၊ အဖို့ဘာဂအား ရေစက်ချအမျှဝေကာ သေဆုံးသူမလှဒွေးတစ်ယောက် ကောင်းမွန်ရာဘုံဘဝသို့ရောက်စေကြောင်း အမျှပေးဝေ သာဓုခေါ်ခဲ့ကြသည်။

ထိုနေ့ ညနေစောင်းတွင် ရွာအနောက်ဘက်ကပ်လျက် ကွယ်လွန်သူမလှဒွေး မိဘများလယ်ကွင်းစပ်တစ်နေရာတွင် မြွေကြီးအဖိုအမနှစ်ကောင်မှာ ကြည်နူးစွာ ဆော့ကစားရင်း ပျော်ရွှင်မြူးထူးနေကြောင်း ကလေး၊ လူကြီးများအားလုံးက ဝမ်းနည်းဝမ်းသာဖြင့် မြင်တွေ့နေကြရလေသည်။

*

"အမယ်လေး. . . လုပ်ကြပါဦး ကယ်ကြပါဦး. . . မြွေ. . . မြွေ. . . မြွေကြီး, မြွေကြီး. . . ကယ်ကြပါဦး"

မလှဒွေးတစ်ယောက် အိပ်ပျော်နေရာမှ ကြောက်လန့်တကြားဖြင့် ထအော်လိုက်သံကြောင့် မြွေကြီးမှာ အိမ်ပေါ်မှ လျှောခနဲ ဆင်းပြေးသွားသည်။ အပြင်က လရောင်ကြောင့် မြွေကြီးကို မလှဒွေး ထင်ရှားစွာ မြင်တွေ့လိုက်ရသည်။ ထိုကဲ့သို့ ဆူဆူညံညံ အသံများကြောင့် အိပ်မောကျနေသော မိဘနှစ်ပါးမှာလည်း အိပ်ရာမှ နိုးလာခဲ့ကြသလို အိမ်နီးနားချင်းများကလည်း လက်နှိပ်ဓာတ်မီး၊ တုတ်၊ ဓား ကိုယ်စီဖြင့် ရောက်ရှိလာကြပြီး အခြေအနေမေးမြန်းကြသည်။

မလှဒွေးမှာ ချက်ချင်းစကားပြန်မပြောနိုင်သေးဘဲ ခုန်နေသောရင်ကို လက်တစ်ဖက်ဖြင့်ဖိရင်း ရေတစ်ခွက်အား သောက်ချလိုက်ရသည်။

အကြောက်အလန့်ပြေသွားပြီးမှ ကတုန်ကယင်ဖြင့် ပြောပြသည်။

"ကျွန်မ တစ်ရေးနိုးလာတော့ အိပ်ရာဘေးမှာ လူတစ်ယောက်အိပ်နေသလို အသက်ရှူသံကို ကြားနေရတယ်၊ ကျွန်မက အသာလေးလှည့်စမ်းကြည့်လိုက်တော့ အမယ်လေး. . . မြွေကြီးတစ်ကောင် ဖြစ်နေတယ်ရှင့်၊ အဲဒါကြောင့် ကျွန်မ အသံကုန်အော်ဟစ်လိုက်မှ အိမ်ပေါ်ကဆင်းပြေးသွားတယ်"

မလှဒွေးပြောပြလိုက်သဖြင့် ရွာလူကြီးလည်းဖြစ်၊ အတွေ့အကြုံရင့်ပြီးသော အသက်(၆၀)ကျော် အဘဦးထွန်းရှိန်က နှိုင်းနှိုင်းဆဆတွေးကာ. . .

"အင်း, အခုလို မိုးဦးကျရာသီမှာ မြွေတွေ အကောင်ပလောင်တွေ အထူးသတိထားဖို့လိုတယ်ကွဲ့၊ အိမ်အောက်မှာ ကြက်ခြံတွေဘာတွေ လုပ်ထားရင် ပိုဂရုစိုက်ရတယ်၊ ကြက်တွေလာဆွဲရင်း အိမ်ပေါ်တက်မလာဘူးလို့ ပြောလို့မရဘူး၊ ဒါကြောင့် ညအိပ်ရာဝင်တဲ့အခါ မီးဖိုပေါ် ငရုတ်သီးခြောက် သုံးလေးတောင့်လောက် ပြာပူပူမှာထည့်ထားခဲ့ရင် ငရုပ်သီးအညှော်နံ့ကြောင့် ဘယ်မြွေမှ မလာနိုင်တော့ဘူး၊ မင်းတို့အိမ်ကတောစပ်နဲ့လဲနီးတော့ အဲသလိုပဲလုပ်၊ ကြားလား လှမောင်" ဟု ပြောခဲ့ပြီး အဘဦးထွန်းရှိန်တို့လူစု ပြန်သွားကြလေသည်။

ဦးလှမောင်မှာလည်း အဘဦးထွန်းရှိန်ပြောသွားသလို ငရုတ်သီးခြောက် သုံးလေးတောင့်ယူကာ နွားမီးဖိုထဲက ပြာပူပူမှာထည့်ထားလိုက်သည်။ ငရုတ်သီးအညှော်နံ့က တငွေ့ငွေ့ထွက်နေသဖြင့် အလွန်ဆိုးဝါးစွာ ကိုက်ခဲတတ်သော မှက်၊ ခြင်၊ ဖြုတ်များပင်သက်သာသွားခဲ့လေသည်။

မှန်ပါသည်။ မိမိတို့ရွာမှာ ရိုးမတောင်ခြေနှင့် အလွန်နီးကပ်နေသဖြင့် မိုးရာသီ မှက်ခြင်များ အလွန်ပေါများသည်။ တစ်ခါတစ်ရံ မြွေကြီးများနှင့် တောကောင်ကြီးများပင် ရွာသို့ဝင်လာပြီး သောင်းကျန်းတတ်သည်။ သို့ကြောင့်လည်း ရွာကို ရန်ကုန်မန္တလေးကားလမ်းနှင့်နီးရာသို့ ရွှေ့ပြောင်းနေထိုင်ရန် တာဝန်ရှိသူ လူကြီးများမှ စီစဉ်ပေးခဲ့ကြ၏။

သို့သော်လည်း တောင်ခြေရွာသား အားလုံးမှာ လယ်သမားများဖြစ်ကြသဖြင့် မိမိ၏လယ်ကောင်းလယ်သန့်နှင့် ဥယျာဉ်ခြံမြေများကို စွန့်ခွာ၍မသွားလိုကြ။ လယ်လုပ်ခြင်းနှင့် သစ်ခုတ်ဝါးခုတ်ကလွဲလျှင် အခြားဘာမှမလုပ်တတ်ကြ။ ကားလမ်းဘေး အိမ်တစ်ဆောင်မီးတပြောင်နေကာ လူက ထမင်းငတ်နေမည့်အရေးကြောင့် ယခုလိုသောင်တင်ကျန်နေခဲ့ခြင်း ဖြစ်သည်။

ရွာမှာ အိမ်ခြေငါးဆယ်နီးပါးရှိသော်လည်း တောင်ခြေရွာဖြစ်သဖြင့် စုစုစည်းစည်းမရှိ။ ဟိုတစ်အိမ်၊ ဒီတစ်အိမ် ပြန့်ကျဲလျက်ရှိသည်။ ဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်းတော့ရှိသည်။ ကလေးငယ်တိုင်း မူလတန်းတက်နိုင်သူ မရှိ။ မြို့ကျောင်းသို့ တက်နိုင်သူများမှာ တစ်ရွာလုံးမှ လေးယောက်ပင်မပြည့်။ မလှဒွေးတို့ငယ်စဉ် ကျောင်းတက်တုန်းကလည်း စတုတ္ထတန်းရောက်သည်နှင့် အဖျားပေါက်ကြီးဖားဖားဖြစ်ကာ အိမ်အလုပ်ဝိုင်းကူရင်း ကျောင်းထွက်ခဲ့ရသည်။ ထိုကဲ့သို့ ကျောင်းထွက်ခဲ့





www.burmeseclassic.com

www.burmeseclassic.com

ရသူမှာ မလှဋ္ဌေး တစ်ယောက်တည်း မဟုတ်။ ယောက်ျား၊ မိန်းမ၊ ကလေး တိုင်းလိုလို ဖြစ်သည်။ အားလုံးမှာ မိဘ အိမ် ဝိုင်းကူရင်း အိမ်ထောင်ပြုကြလျှင်လည်း ချစ်သူရှာရန် အနီးအနားရွာများမရှိသဖြင့် ကိုယ့်ရပ် ကိုယ့်ရွာမှာပင် သင့်တော်ရာနှင့် အိမ်ထောင်ပြုကြရသည်။

မလှဋ္ဌေး တစ်ယောက် အပျိုပေါက် ဖြစ်စကပင် တစ်ရွာတည်းသား မောင်ဖြိုးအောင်နှင့် လူငယ်တို့သဘာဝ မေတ္တာမျှနေခဲ့ကြသည်။ သုံးနှစ်သုံးမိုးမက ရှိလာသောအခါ မိဘများကလည်း သဘောတူ လက်ထပ်ပေးရန် စီစဉ်ထားကြပြီးဖြစ်သည်။

တစ်နေ့တွင် မောင်ဖြိုးအောင် တစ်ယောက် သစ်ပင်တက်ခုတ်စဉ် သစ်ပင်ပေါ်မှလိမ့်ကျပြီး သေဆုံးသွားခဲ့ရသည်။ ထိုစဉ်က အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်မကျဘဲ ပူပူနွေးနွေး မုဆိုးမဖြစ်ကျန်ခဲ့ရသော မလှဋ္ဌေးမှာ ငယ်ကချစ်သည့် ငယ်ချစ်မို့လား မပြောတတ်။ အရှူးတစ်ပိုင်းဖြစ်ကျန်ခဲ့ရသည်။ တစ်ခါတစ်ခါ အကောင်းအမှန် စကားပြောနေရင်းမှ စိတ်ဖောက်လာကာ အော်ငိုနေတတ်သည်။

"ဖြိုးအောင်ရယ်၊ နင်ငါ့ကို လာခေါ်ပါလားဟယ်၊ ငါ တစ်ခါတည်း လိုက်ခဲ့မယ်. . . ဟီး. . . ဟီး"

ဖြိုးအောင် သေဆုံးသွားပြီး ခြောက်လ၊ တစ်နှစ်ကြာလာသောအခါ အားလုံးက မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ကြသည်။ သေသောသူ ကြာရင် မေ့ စကားပင်ရှိသော်လည်း မလှဋ္ဌေး တစ်ယောက်အတွက်မူ ယခုထိမမေ့နိုင်သေးပေ။ တစ်နေ့ကမှ မလှဋ္ဌေးအိပ်ရာပေါ်သို့ ညအချိန် ဝင်ရောက်အိပ်နေသော မြွေကြီးတစ်ကောင်၏သတင်းကြောင့် တစ်ရွာလုံးက သို့လောသို့လော အမျိုးမျိုး ပြောဆိုနေကြသည်။

"အဲဒါ မောင်ဖြိုးအောင် ဖြစ်မှာပေါ့၊ သူ့ချစ်သူကို စိတ်မချလို့ လာအိပ်နေတာလားမှ မသိတာ" ဟူ၍ ပြောဆိုဝေဖန်စကားသံများကြောင့် မလှဋ္ဌေးစိတ်ထဲကလည်း . . .

"မြွေကြီးက ဘာအန္တရာယ်မှမပြုတာထောက်ရင် ဖြိုးအောင်တစ်ယောက်များ ဖြစ်နေလေသည်လား" စသည့် အတွေးများကပင် အစွဲအလမ်းစိတ်များကို မြင့်တက်လာစေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

*

မောင်ဖြိုးအောင်နှင့် မလှဋ္ဌေးမှာ တစ်ယောက်လက် တစ်ယောက်တွဲကာ တောတောင်အနှံ့ လျှောက်လည်ကြသည်။ ရိုးမတောထဲသို့ ရောက်သွားရင်း ကြည်လင်စိမ်းမြနေသော စမ်းချောင်းတစ်ခု၏ဘေးတွင် ထိုင်လိုက်ကြသည်။ စိမ်းမြကြည်လင်နေသော ချောင်းထဲတွင် စိတ်လွတ်ကိုယ်လွတ် ပျော်ချင်တိုင်းပျော်နေကြသော ရွှေငါးလေးများကို ကြည့်ကာ ချစ်သူနှစ်ဦးထံသို့ အပျော်များကူးစက်လာပြီး နှစ်ယောက်အတူ ရေဆင်းကူးကြသည်။ မလှဋ္ဌေးမှာ ယခုကဲ့သို့ ချစ်သူနဲ့အတူ တွဲလျှောက်လည်ရင်း ရေကူးဆော့ကစားနေရသည်ကို အလွန်ပင်သာယာကြည်နူးမိသည်။

ချစ်သူနှစ်ဦး စမ်းချောင်းထဲမှ ပြန်တက်လာသောအခါ မလှဋ္ဌေးကိုယ်ပေါ်က ရေစက်များကို ဖြိုးအောင်က တယုတယ သုတ်ပေးသည်။ ရေသုတ်ပေးရင်း မလှဋ္ဌေးပါးမို့မို့လေးကို အားပါးတရ ဘယ်ပြန်ညာပြန် နမ်းပစ်လိုက်၏။ မလှဋ္ဌေးကလည်း ချစ်ဦးသူမို့ ကြည်ကြည်ဖြူဖြူနဲ့ ပါးလေးကို ထိကပ်ပေးထားလိုက်၏။

ဖြိုးအောင်မှာ အားမလိုအားမရဖြစ်ကာ မလှဋ္ဌေးတစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်လိုက်ပြီး တစ်ကိုယ်လုံးအနှံ့ အထပ်ထပ်အခါခါ နမ်းမဝဖြစ်နေသည်။ မလှဋ္ဌေးမှာ ဖြိုးအောင်၏ တင်းကျပ်စွာပွေ့ဖက်ထားမှုကြောင့် အသက်ရှူကျပ်လာသလိုနဲ့ မိမိ၏ခြေထောက်များအား လူတစ်ယောက်က စုကိုင်ဆွဲညှစ်ထားသည်ဟု ခံစားလာရသဖြင့် ခြေထောက်များသို့ ငုံ့ကြည့်လိုက်မိသည်။ မြင်တွေ့လိုက်ရသည်မှာ အသည်းယားစရာ မြွေကြီးတစ်ကောင်၏ အမြီးပိုင်းမှာ သူ့ခြေထောက်ကစပြီး ခါးအထိရစ်ပတ်ထားသည်ကို တွေ့လိုက်ရသည်။

မလှဋ္ဌေးမှာ ဖြိုးအောင်၏ရင်ခွင်ထဲမှ အတင်းတွန်းဖယ်ကာ ရုန်းထွက်လိုက်သည်။ မြွေကြီးက ခြေထောက်နှစ်ချောင်းအား ရစ်ပတ်ထားသဖြင့် နောက်သို့ လန်ကာလဲကျသွားသည်။

"အား. . ."

မလှဋ္ဌေး အိပ်ရာမှ လန့်နိုးသွားသည်။ တဒိန်းဒိန်းခုန်နေသော ရင်ကို လက်နှစ်ဖက်ဖြင့်ဖိရင်း မျက်စိထဲတွင် မြင်တွေ့လိုက်ရသော အိပ်မက်အား ဝေခွဲမရဖြစ်နေမိသည်။ ပူပူနွေးနွေး အိပ်မက်ထဲက ဖြိုးအောင်၏ အနမ်းနှင့် အပွေ့အဖက်တို့ကိုလည်း နွေးထွေးစွာ ခံစားလာရပြီး မိမိ၏ပါးနှစ်ဖက်ကို လက်နှင့် ပွတ်စမ်းရင်း သာယာကြည်နူးလာမိသည်နှင့်အတူ နောင်ကိုလည်း ဖြိုးအောင်နဲ့ အမြဲတွေ့လိုသော ဆန္ဒစိတ်များက လွှမ်းမိုးလာသည်။

သို့သော် မလှဋ္ဌေး မြင်တွေ့လိုက်ရသော ဖြိုးအောင်မှာ လူလား၊ မြွေလား ခွဲခွဲခြားခြားမသိနိုင်အောင် ဖြစ်ကျန်ခဲ့ရသည်က အမှန်ပင်။ မလှဋ္ဌေးမှာ အိမ်အလုပ်ကို လုပ်နေရသော်လည်း စိတ်မဝင်စား။ သူစွဲလမ်းနေရသော ဖြိုးအောင်ကိုသာ တမ်းတမ်းတတဖြစ်နေမိသည်။

တစ်နေ့တွင် ရွာအပြင်ဘက်က မိမိတို့လယ်ကွင်းစပ်သို့ ထင်းခွေရန်ထွက်လာခဲ့သည်။ တောစပ်မှာထင်းခွေနေရင်း သူ့မလှမ်းမကမ်းသို့ မြွေကြီးတစ်ကောင်ရောက်လာပြီး ခေါင်းမော့ကာ လျှာခဏခဏ ထုတ်ပြနေသဖြင့် မလှဋ္ဌေးထွက်ပြေးရန် စိတ်ကူးမိသော်လည်း ထိုမြွေကြီးကို ကြည့်နေရင်းမှ ရင်ထဲက သနားသလိုခံစားလာရသဖြင့် ထွက်မပြေးဘဲ ရပ်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

မြွေကြီးမှာလည်း သူ့ဦးခေါင်းအား မြေတွင်ဝပ်လျှိုးပြီး မလှဒွေးအနားသို့ ရွေ့တိုးလာကာ အနီးဆုံးနေရာတွင် ဝပ်နေလိုက်သည်။ ထိုအခါ မလှဒွေးမှာ အတွေးတစ်ခုအား သတိရလာပြီး. . .

"ဖြိုးအောင်လားဟင်" ဟု မေးလိုက်သဖြင့် မြွေကြီးမှာခေါင်းညိတ်သလို သူ့ဦးခေါင်းပိုင်းအား နှိမ့်ချည်မြင့်ချည် လုပ်ပြသည်။ မလှဒွေးမှာ မြွေကြီးကို ကြည့်ရင်း ရင်ထဲမှ ပျော့ရွှင်ကျေနပ်မိသလို ခံစားလာရပြီး သက်ပြင်းတစ်ချက်အား 'ဟင်း'ခနဲချလိုက်ပြီး . . .

"ဖြိုးအောင်ရေ. . . နင်နဲ့ငါက ဘဝခြားနေပြီပဲ၊ အခုလို ဘာကြောင့် ငါ့အပေါ် စွဲစွဲလမ်းလမ်းဖြစ်နေရတာလဲ"

မလှဒွေးက ထိုသို့ ပြောလိုက်သဖြင့် မြွေကြီး၏စိတ်ထဲမှာ အလွန်ပင် ထိခိုက်သွားဟန်ဖြင့် မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာလေသည်။ ထိုအခြင်းအရာအား မြင်တွေ့နေရသော မလှဒွေးမှာ မြွေကြီးအတွက် စိတ်မကောင်းဖြစ်သွားပြီး မြွေကြီးအနားမှာ ပင် ဒူးထောက်ထိုင်ချလိုက်ကာ မြွေကြီး၏ ဦးခေါင်းကို သူ့လက်ဖြင့် ပွတ်သပ်ပေးရင်း. . .

"ဖြိုးအောင်၊ နင် ငါ့ကိုချစ်သလို နင့်အပေါ်လဲ ငါချစ်ပါတယ်၊ နင်သေသွားခဲ့ပေမယ့် ငါတစ်နေ့မှမမေ့ပါဘူး၊ အမြဲသတိရနေတယ် ဖြိုးအောင်၊ နင်နဲ့ငါ လူ့ဘဝမှာ ကံမဆုံခဲ့ပေမယ့် နောင်ဘဝတစ်ခုမှာ ပြန်ဆုံကြမယ်ဆိုတာလဲ ငါ ဘုရားမှာ နေ့စဉ်ဆုတောင်းထားပါတယ်၊ ဒါကြောင့် နင်နဲ့ငါ အမြဲတွေ့နေရအောင် အခုလိုလယ်ကွင်းလာတဲ့အခါပဲဖြစ်ဖြစ်၊ အိပ်မက်ထဲမှာပဲဖြစ်ဖြစ်ပေါ့ နင် ငါ့ဆီလာတွေ့နော်"

မလှဒွေးမှာ မြွေကြီးကိုတစိမ့်စိမ့်ကြည့်ကာ ထိုသို့ပြောဆိုခဲ့ပြီး အိမ်သို့ ပြန်လာခဲ့သည်။ အမှန်တော့ မလှဒွေးက ဒီလိုစကားမျိုး ပြောဆိုခဲ့သည်မှာ ငယ်ရွယ်သူ အချစ်မူး၊ အချစ်ရူးတို့၏ ပြောဆိုနေကျ သစ္စာစကားဖြစ်သလို အချစ်မှာမျက်စိမရှိတဲ့အတွက် အပြစ်တွေကိုမမြင်နိုင်ဘဲ အစွဲလမ်းကြီးစွဲလမ်းကာ ဒီဘဝမပေါင်းဖက်ရပေမယ့် နောင်ဘဝတစ်ခုမှာ ပေါင်းကြရမယ်ဆိုတာ ဒဏ္ဍာရီဆန်သော စကားတစ်ခုလည်း ဖြစ်ပေသည်။ မည်သို့ဆိုစေ မလှဒွေးမှာ သူ့ချစ်သောအချစ်အတွက် သစ္စာပြုခြင်းနှင့် သူချစ်သော ချစ်သူထံမှာ အမှန်အတိုင်း အာမခံခဲ့ခြင်းလည်း ဖြစ်ပေသည်။

မလှဒွေးအိမ်ရောက်ပြီး ရေမိုးချိုးသည်။ ရေချိုးပြီးသည်နှင့် ချမ်းစိမ့်စိမ့်ဖြစ်ကာ အဖျားဝင်လာတော့သည်။ မိဘများက ထင်းခွေရာကအပြန် ရေချိုးလိုက်သဖြင့် အပူရှပ်သွားသည်အထင်ဖြင့် ငန်းနီကျော်ဆေးကို ရေနွေးပူပူဖြင့် တိုက်ကြသည်။ ချွေးထွက်ပြီး ခဏသက်သာသွားသော်လည်း ကိုယ်ပူက လုံးဝမကျဘဲဖြစ်နေသည်။ တစ်ချက်တစ်ချက်တွင် အဖျားပြင်းထန်လွန်းသဖြင့် မြွေတစ်ကောင်လို တရှုးရှုးတရှဲရှဲဖြစ်ကာ အိပ်ရာထဲ လူးလှိမ့်ခံစားနေရသည်။ ပါးစပ်ကလည်း ကယောင်ကတမ်းဖြင့် ပြောချင်ရာပြောနေလေသည်။

"ဖြိုးအောင်၊ နင် ငါ့ကိုလာခေါ်တယ်ဟုတ်လား၊ အမယ်လေးဖြိုးအောင်ရယ်. . . နင်လာခေါ်ရင် ငါအခုပဲလိုက်မှာပေါ့ဟဲ့၊ ငါကနင်လာခေါ်မလားဆိုပြီး စောင့်နေတာ၊ နင်နဲ့ဆို ဘယ်ဘဝပဲနေရနေရ ငါပျော်ပါတယ်ဟယ်၊ အခုတော့လေ ငါ့နားမှာ နင်မရှိလို့ ငိုကြွေးနေရတယ် ဖြိုးအောင်ရယ် ဟီး ဟီး ဟီး"

မလှဒွေးမှာ ကယောင်ကတမ်းပြောပြီး ငိုသည်။ ငိုကြွေးနေရင်းမှ ဆန့်ခနဲ ဆန့်ခနဲ တစ်ချက်နှစ်ချက်ဖြစ်ကာ လုံးဝသတိမရ ဖြစ်သွားတတ်လေသည်။

*

မလှဒွေးတစ်ယောက် ဘယ်သူ့ကိုမှ စကားမပြောဘဲ မျက်လုံးလေးစင်းကာ မှိန်းနေတတ်သည်။ တစ်ခါတစ်ခါ ရိုးမတောင်ခြေဘက်သို့ လှမ်းမျှော်ငေးကြည့်နေတတ်သည်။ မိဘများနှင့် ရွာသားများမှာ မလှဒွေးကိုကြည့်ပြီး သနားကရုဏာ သက်မိကြသည်။

ကံနာဝဋ်နာဟု ပြောရအောင်ကလည်း ဖြစ်လာသည်မှာ ဘာမှမကြာသေး။ တစ်ခုပြောရမှာက သူ့နှဲ့သဘောတူထားသူ ဖြိုးအောင် တစ်ယောက် လက်ထပ်ခါနီးဆဲဆဲမှာ သေဆုံးသွားပြီးမှ ဖြစ်လာရသည့်ရောဂါ၊ စွဲလမ်းခြင်းကြောင့် ဖြစ်သည့်ရောဂါ ဒီလိုပဲပြောရပေမည်။ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်ရခြင်းပင်လား။

မိဘများနှင့် လူနာသတင်းမေးလာသူများက မလှဒွေးအဖြစ်ကို ကြည့်ပြီး စိုးရိမ်ပူပန်မှုဖြစ်နေကြစဉ်မှာ မလှဒွေး အိပ်ရာထဲက တဟားဟား ထရယ်လိုက်သည်။ ခဏကြာသောအခါ ချုံးပွဲချငိုရင်းမှ ပါးစပ်က ဗလုံးဗထွေးဖြင့် စကားပြောလာသည်မှာ. . .

"ဟိုမှာ ဟိုမှာ. . . ဖြိုးအောင်လာခေါ်နေပြီ၊ အမေရယ် သမီး ဖြိုးအောင်နဲ့ တစ်ခါတည်းလိုက်သွားမယ်နော်. . . နော်" ဟုပြောကာ မျက်လုံးများပြူးလန်ပြီး တက်သွားလေသည်။

မိဘများနှင့် ရွာသားများမှာ စိုးရိမ်တကြီးဖြင့် ဝိုင်းဝန်းပြုစုကြသည်။ ခဏကြာသောအခါ မလှဒွေး ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေကျသွားလေတော့သည်။ မိဘများက မလှဒွေးအတွက် ယူကျုံးမရ။ အသက်မဲ့ ရုပ်အလောင်းကို ကြည့်ကာ. . .

"ဖြိုးအောင် လာခေါ်နေပြီ အမေရယ်၊ သမီး တစ်ခါတည်း လိုက်သွားတော့မယ်နော်" ဟု သေခါနီးပြောသွားသည်မှာ တကယ်ပင်အမှန်ဖြစ်နေသည်လား တွေးပြီး ကြေကွဲမဆုံးဖြစ်လျက် ပူဆွေးငိုကြွေးကာ . . .

"ကံဆိုးလိုက်တာ သမီးလေးရယ်၊ ကံဆိုးမလေး၊ ကံဆိုးမလေး" ဟု ပြောကာ ငိုကြွေးသံများက တောင်ခြေရွာအား လွှမ်းခြုံသွားလေတော့သည်။

သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု

❐ တောင်းစိတ်ထိန်း(ဖန်နေဝင်း)



www.burmeseclassic.com

www.burmeseclassic.com

# ကိုးကြောက်ကိုး
# အစိဗ္ဗာန်ကျင့်ဝဉ်

အောင်ကောင်းမြ (အာကေဇ)



တရားပွဲတစ်ခုတွင် ဓမ္မကထိက ဆရာတော်တစ်ပါးမှ ဗုဒ္ဓဘာသာဝင် သူတော်စင် အားလုံးအတွက် (၉၆၉) ကိန်းဂဏန်းကို အဓိက အလေးထားကြပါဟု မိန့်ကြားခဲ့ဖူးပါသည်။

အခြားလူမျိုး ဘာသာဝင်တို့တွင်လည်း သူတို့၏ဘာသာရေးကိန်းဂဏန်းရှိကြောင်း၊ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ထိုဂဏန်းသုံးလုံးကို သင်္ကေတသဘော အိမ်တွင် ရေးထားဖို့ထက် ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်ပွားများဖို့ အထူးအရေးကြီးကြောင်း ရှင်းလင်းဟောကြားခဲ့ပါသည်။

သန်လျင်-ကျောက်တန်းအသွားပါဒကြီးမရောက်မီ ဓမ္မရိပ်သာတစ်ခု၏ မုခ်ဦးတွင်လည်း ထိုဂဏန်းကို စာလုံးကြီးဖြင့်ရေးသားထားတာတွေ့မြင်ရ၏။

တစ်နေ့ စာရေးသူသည် သာကေတမြို့၊ ၇/အနောက်ရပ်ကွက်ရှိ နေလကမ္ဘာကျောင်းတိုက်ကြီးသို့ ရောက်သွားစဉ် နေလကမ္ဘာဆရာတော်မှ ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာဂုဏ်တော် ကိုးပါး ပုတီးစိပ်နည်းကို ချီးမြှင့်ပါသည်။

ထိုဂုဏ်တော်စုစုပေါင်း ၂၄ပါးတွင် တစ်ခုချင်းစီ၏ အကျိုးကျေးဇူးကိုလည်း အစွမ်းထက်ဂါထာမန္တန်ပေါင်းချုပ်ကျမ်းကြီးတွင်ဖတ်ရပါသည်။ အံများစုမှာ ဘုရားဂုဏ်တော် ကိုးပါးကို ရွတ်ဆိုပူဇော် ပုတီးစိပ်သူ နည်းပါးပါသည်။

ထို့ကြောင့် နာဂလိုဏ်ဂူကလေးဝတောရ စာသင်တိုက်ဆရာတော်မှလည်း တရားဂုဏ်နှင့် သံဃာဂုဏ်ကိုပါ ရွတ်ဆိုပူဇော်ကြပါဟု တပည့် ဒကာ, ဒကာမတို့အား တိုက်တွန်းပါသည်။ ရတနာသုံးပါးဂုဏ်တော် နေ့စဉ်ပွားများက ကောင်းကျိုးများ အထူးခံစားရသည်။ လိုရာဆန္ဒပြည့်ဝမည် ဆိုသည်ကိုတော့ အထူးညွှန်းစရာ လိုမည်မထင်ပါ။

မြန်မာနိုင်ငံတွင် ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများလည်း ထိုဂုဏ်တော်သုံးမျိုးကို နေ့စဉ်ရွတ်ဆိုပွားများ၍ အောင်မြင်ထင်ရှားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြည်မြို့ ရတနာမာရ်အောင်တောရ ကျောင်းဆောင်တော်ရှင် ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘုရားကြီးသည် ထင်ရှားပေသည်။ ယခု ဆရာတော်ရွတ်ဆိုပွားများနည်းနှင့် အကျိုးကျေးဇူးကို ရေးသားတင်ပြပါမည်။

### ဘုရားဂုဏ်တော်ကိုးပါးကို နှလုံးသွင်းပုတီးစိပ်၍ အကျိုးတရားမြပုံနှင့် စေတီထိုက်ပုံကိုပြခြင်း

၁။ သောဘဂဝါကြတိပိ အရဟံ၊
ဘုန်းကျက်သရေတိုးတက်သည်။

၂။ သောဘဂဝါကြတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
အကြံကောင်းဉာဏ်ကောင်း ပေါ်လာသည်။

၃။ သောဘဂဝါကြတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
အကြံဟူသမျှ ထွင်းဖောက်၍ သိတတ်သည်။

၄။ သောဘဂဝါကြတိပိ သုဂတော၊
ပြောသမျှစကားကို အောင်မြင်စေသည်။

၅။ သောဘဂဝါကြတိပိ လောကဝိဒူ၊
ထင်ပေါ်ကျော်စောသည်။

၆။ သောဘဂဝါကြတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊
ဆိုးဝါးသောတိရစ္ဆာန်၊ လူ၊ နတ်တို့ကို နိုင်နင်းချစ်ခင်မြတ်နိုးစေသည်။

၇။ သောဘဂဝါကြတိပိ သတ္ထာ ဒေဝ မနုဿာနံ၊
သူတစ်ပါးတို့၏ အလိုဆန္ဒဟူသမျှကို ဖြည့်စွက်ကယ်ဆယ်နိုင်သည်။

၈။ သောဘဂဝါကြတိပိ ဗုဒ္ဓေါ၊
စိန္တာမယဉာဏ်ကဲ့သို့ အရာရာမှာ ကြံဆနိုင်သည်။

၉။ သောဘဂဝါကြတိပိ ဘဂဝါ၊
သူတစ်ပါးတို့ မတုဝံ့ မပြိုင်ဝံ့ ကြောက်ရွံ့ရှိသေသည်။

### ဘုရားဂုဏ်တော်ကိုးပါး ဘာသာပြန် အကျဉ်း

(၁) ထိုမြတ်စွာဘုရား သခင်သည် ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့် အရဟံဂုဏ်တော် မည်ပါပေ၏။

(၂) ထိုမြတ်စွာဘုရား သခင်သည် ခပ်သိမ်းသောတရားတို့ကို ဆရာမရှိ အလိုလိုကိုယ်တော်တိုင်သိတော်မူသော အကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် မည်ပါပေ၏။

(၃) ထိုမြတ်စွာဘုရား သခင်သည် ဝိဇ္ဇာရှစ်ပါး၊ စရဏတရား ၁၅ ပါးနှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်မည်ပါပေ၏။

(၄) ထိုမြတ်စွာဘုရား သခင်သည် ကောင်းသောစကားကိုဆိုတော်မူတတ်သော အကြောင်းကြောင့် သုဂတဂုဏ်တော် မည်ပါပေ၏။

(၅) ထိုမြတ်စွာဘုရား သခင်သည် လောကသုံးပါးကို သိမြင်တော်မူသော အကြောင်းကြောင့် လောကဝိဒူဂုဏ်တော်မည်ပါပေ၏။

(၆) ထိုမြတ်စွာဘုရား သခင်သည် မယဉ်ကျေးသော လူ၊ နတ်၊ တိရစ္ဆာန်တို့ကို ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သောအကြောင်းကြောင့် အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်မည်ပါပေ၏။

(၇) ထိုမြတ်စွာဘုရား သခင်သည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ဆရာဖြစ်တော်မူသောအကြောင်းကြောင့် သတ္ထာဒေဝမနုဿဂုဏ်တော် မည်ပါပေ၏။

(၈) ထိုမြတ်စွာဘုရား သခင်သည် သစ္စာလေးပါးတရားတို့ကို သိတော်မူတတ်သောအကြောင်းကြောင့် ဗုဒ္ဓဂုဏ်တော် မည်ပါပေ၏။

(၉) ထိုမြတ်စွာဘုရား သခင်သည် ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသောအကြောင်းကြောင့် ဘဂဝါဂုဏ်တော် မည်ပါပေ၏။

ဂုဏ်တော်တစ်ပါးစီကို ပုတီးတစ်ပတ်စိပ်ပါ။ အနက်ကို အာရုံပြု၍ ပါဠိကိုသာရွတ်ဆိုပူဇော်ပါ။ ဂုဏ်တော်တစ်ပါး ပုတီးတစ်ပတ်၊ နေ့စဉ်စုစုပေါင်း ကိုးပတ်ကို စွဲမြဲပွားများအားထုတ်ပါ။ သောဘဂဝါ ကြတိပိ အရဟံ ပုတီးတစ်လုံးချ၊ ပုတီးတစ်ပတ်စိပ်ပါ။ဘုရားဂုဏ်တော်ပွားများပြီးပါက တရားဂုဏ်တော်ပွားပါ။

### တရားဂုဏ်တော်ပုတီးစိပ်ပုံ . .

(၁) ဘဂဝတော ဓမ္မော သွာက္ခာတော၊

(၂) ဘဂဝတော ဓမ္မော သန္ဒိဋ္ဌိကော၊

(၃) ဘဂဝတော ဓမ္မော အကာလိကော၊

(၄) ဘဂဝတော ဓမ္မော ဧဟိပဿိကော၊

(၅) ဘဂဝတော ဓမ္မော ဩပနေယျိကော၊

(၆) ဘဂဝတော ဓမ္မော ပစ္စတ္တံဝေဒိ တဗ္ဗော ဝိညူဟိတိ။

ဂုဏ်တော်တစ်ပါး ပုတီးတစ်ပတ် ပုတီးခြောက်ပတ်စိပ်ပါ။

### *အနက် (မြန်မာပြန်)*

(၁) မြတ်စွာဘုရားသည် တရားတော်ကိုကောင်းစွာဟောတော်မူအပ်၏။

(၂) ကောင်းစွာပြတော်မူအပ်၏။

(၃) အခါမလင့် အကျိုးကို ပေးတော်မူတတ်၏။

(၄) လာလှည့် ရှုလှည့်ဟူသော အစီအရင်ကို ခံတော်မူထိုက်၏။

(၅) နိဗ္ဗာန်သို့ဆောင်တော်မူတတ်၏။

(၆) ပညာရှိတို့ အသီးသီးသိတော်မူအပ်၏။

### *သံဃာဂုဏ်တော် ပုတီးစိပ်ပုံ-*

(၁) ဘဂဝတော သာဝကသံဃော သုပ္ပဋိပန္နော။

(၂) ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော။

(၃) ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော။

(၄) ဘဂဝတော သာဝကသံဃော သာမိစိပ္ပဋိပန္နော။



www.burmeseclassic.com

www.burmeseclassic.com

(၅) ဘဂဝတော သာဝကသံဃော အာဟုနေယျော။
(၆) ဘဂဝတော သာဝကသံဃော ပါဟုနေယျော။
(၇) ဘဂဝတော သာဝကသံဃော ဒက္ခိနေယျော။
(၈) ဘဂဝတော သာဝကသံဃော အဉ္ဇလိကရဏီယော။
(၉) ဘဂဝတော သာဝကသံဃော အနုတ္တရံပုညက္ခေတ္တံ။

သံဃာဂုဏ်တော်ကိုးပါး ဘာသာပြန် . . .

(၁) မြတ်စွာဘုရား၏ သားတော်များသည် ကောင်းမြတ်သောအကျင့်ကို ကျင့်တော်မူကြ၏။
(၂) ဖြောင့်မတ်သော အကျင့်ကို ကျင့်တော်မူကြ၏။
(၃) နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူကြ၏။
(၄) ရိုသေလေးမြတ်သော အကျင့်ကို ကျင့်တော်မူကြ၏။
(၅) အဝေးမှဆောင်၍ လှူအပ်သောဝတ္ထုကို ခံတော်မူထိုက်၏။
(၆) ဧည့်သည်တို့အလို့ငှာ ရည်မှန်း၍ထားအပ်သော ဝတ္ထုပစ္စည်းကိုလည်း အလှူခံတော်မူထိုက်၏။
(၇) တမလွန်လောကကို ယုံကြည်၍ လှူအပ်သောပစ္စည်းများကိုလည်း အလှူခံထိုက်၏။
(၈) လက်အုပ်ချီခြင်းကို ပြုခြင်းငှာ ခံယူတော်မူထိုက်၏။
(၉) မြတ်သောကောင်းမှုတည်း ဟူသော မျိုးစေ့၏ စိုက်ပျိုးရာလယ်မြေကောင်းသဖွယ်လည်း ဖြစ်တော်မူ၏။

သံဃိကဖြစ်အောင် ဆည်းကပ်ကိုးကွယ်ပူဇော်ပါ။ ပုဂ္ဂိုလ်စွဲ မပူဇော်ရဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်ကောင်းကို ဆည်းကပ်ကိုးကွယ်သောသူထက် သံဃာများကို ဆည်းကပ်ကိုးကွယ်သောသူက သာလွန်၍မြတ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုရားဂုဏ်တော်ကိုးပါး(၉)၊ တရားဂုဏ်တော် ခြောက်ပါး(၆)၊ သံဃာ့ဂုဏ်တော်ကိုးပါး(၉) (၉၆၉)ကို နေ့စဉ်ရွတ်ဖတ်ပူဇော်ရမည်ဟု ဆရာတော်ကြီးမှ မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။ ဘုရားဂုဏ်တော်ကဲ့သို့ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များလည်း အကျိုးကျေးဇူး ဖြစ်စေပါသည်။

လောကီရေးရာသာမက လောကုတ္တရာအထိ အကျိုးပြုစေပါသည်။ တစ်နေ့ ပုတီး ၂၄ ပတ်စိပ်ပါက ၂၄ ရက်အတွင်း အကျိုးထူးပေးမည်မှာ သေချာပါသည်။

❐ အောင်ခေတ်အောင်းမြ(သာကေတ)


ဆရာဦးခင်ထွန်း D.B.B.W - C.T (Med)

အုန်းချင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ


နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➻ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ
လိပ်စာ ➻ အမှတ် (၄၉၄-ဘီ-၂)၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်ရိပ်သာ၊ နယ်မြေ (၈)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
☎ ➻ ၀၉-၇၃၁၃၆၄၁၄
လမ်းညွှန် ➻ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com




ငါ ဒီနေရာ(စာမျက်နှာပေါ်) က နေ ငါ့လိုစာရေးခြင်း၊ စာပေကိစ္စဆောင် ရွက်ပေးခြင်းနဲ့ နှစ်ပေါင်း ၃၀ နီးပါး အသက်မွေးဝမ်းကျောင်းပြုပြီး ဘယ်သူ ဘဝရပ်တည်နိုင်ခဲ့သလဲ။ ငါတို့ကျောင်း ထွက်တွေထဲက ကဗျာဆရာ၊ စာရေး ဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာ ဘယ်နှယောက်ရှိသလဲ ပြော။ ငါ စိန် ခေါ်တယ်။

ငါ ငါးတန်းကျောင်းသား ၁၉၆၂ ခုနှစ်က ငါတို့ကျောင်းဘုံကထိန်မှာ နဖူး လက်ကိုင်ပဝါစည်းပြီး ဒိုးပတ်တီးတဲ့ စံပြ ဖဆပလရှစ်လမ်းက တို့အစ်ကိုရှစ်တန်း ကျောင်းသားကြီး ကိုဇော်ဝင်း။ အခု ဇော်ဝင်း-ငှက်ပျောသီးဖြစ်သွားပြီ။ ငါနဲ့ ဘောလုံးကန်ဖက် တို့ကျောင်းထွက်။ ငွေးအောင်၊ ကာတွန်းငွေးအောင်ဖြစ် သွားပြီ။ ငါ့ထက် တစ်တန်းကြီးတဲ့ သန်း တင့်(နှုတ်ခမ်းမွေး)၊ လူမင်း ကလောင် နာမည်နဲ့ ဗီဒီယိုလောကမှာ ကျင်လည် နေတာ ငါ့လိုပဲ ကြာပြီ။

ငါနဲ့ဘောလုံးကန်ဖက် လေး တန်း စကောလားရှစ်အတူအောင်တဲ့ တရုတ်ထွန်းဝင်း (၄၂လမ်းအထက်)လဲ ဗီဒီယိုဇာတ်ညွှန်းရေးသလိုလိုနဲ့ တစ် လောကဆုံးကြောင်း သန်းတင့်ပြော တယ်။ သန်းတင့်နဲ့အတန်းတူ စန်းလွင်။ ကျိုက်ထီးရိုးစန်းလွင်တစ်ယောက်ပျောက် သွားတာတော့ အတော်ကလေးကြာပြီ။ ငါ သူတို့အားလုံးကို လေးစားတယ်။

အေး. . . ငါတို့က (၁၉၆၂-၇၀) ဒုတိယမျိုးဆက်။ ပထမမျိုးဆက်က (၁၉၅၂-၆၂) ပထမမျိုးဆက်ဆိုတာက ကန်တော်ကလေးစတိတ်လို့ ခေါ်တဲ့ ကန်တော်ကလေးတန်းမြင့်ကျောင်း(တဲ ပုတ်ကျောင်း) ကျောင်းအကျီအဖြူ၊



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းလုံးချည် အဖြူအနက်ကွက်စိပ်စိပ်ကလေး။ ငါတို့ မဝတ်လိုက်ရဘူး။ ငါတို့မမီလိုက်ဘူး။ ကျောင်းအုပ်ဆရာကြီး ဦးသောင်းထွန်းခေတ်။ တို့ကျောင်းကြီးကို ၁၃၂၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ရက်၊ ၁၄၊ ၉၊ ၆၁ နေ့တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး သခင်တင် အုတ်မြစ်ချပြီး ကျောင်းဆောက်နေချိန်မှာ ငါတို့ကန်တော်ကလေးမြူနီစီပယ်ကျောင်းမှာ တန်းမြင့်ကျောင်းသားတွေ အဖိဆွဲပြီး ကျောင်းလာနေရတာ။

ဒီတုန်းက ဆရာမငြိမ်းငြိမ်းရဲ့ တပည့် သုံးတန်းကျောင်းသားကလေး ငါ။ မနက်ပိုင်း ကျောင်းဆင်းချိန်မှာ မေ့ကျန်ရစ်ခဲ့တဲ့ ၁၀ တန်းကျောင်းသူကြီး မလှရွှေဒိုင်ယာရီပြန်ပေးခဲ့တာ ငါအခုထက်ထိ မှတ်မိနေသေးတယ်။ တရုတ်ကျောင်း နန်ယန်နဲ့အပြိုင်ကြဲခဲ့တဲ့ ဘတ်စကက်ဘောသမား ကိုလှရီတို့၊ စိတ်အရမ်းတိုတဲ့ ကိုသန်းညွန့်တို့၊ ကိုကြီးမြင့်တို့ကို ဒီကတည်းက သိတာ။ ငါ သူတို့အားလုံးကို ရိုသေတယ်။

ငါ ၁၉၇၀-၈၀ တတိယမျိုးဆက် ငါ့ညီ၊ ငါ့နှမ။ စတုတ္ထမျိုးဆက် ငါ့တူ၊ ငါ့တူမ။ ၁၉၉၀-၂၀၀၀ ပဉ္စမမျိုးဆက် ငါ့သား၊ ငါ့သမီးတွေကို ပြောမယ်။

ငါ့မှာ ကျောင်းနေဖက်၊ ဘောလုံးကန်ဖက်၊ အတန်းတူ ဗိုလ်မှူးကြီး၊ ရဲမှူးကြီး၊ ဆရာဝန်ကြီး၊ ကျောင်းအုပ်ဆရာကြီး၊ တရားသူကြီး၊ ရှေ့နေကြီး၊ ကန်ထရိုက်တာကြီး၊ ဘဏ်လုပ်ငန်းရှင်ကြီး၊ ကုန်သည်ကြီးတွေ အများကြီးရှိတယ်။ ဒါပေမဲ့ သူတို့လဲ သူတို့ဘဝနဲ့သူတို့။ ငါလဲ ငါ့ဘဝနဲ့ငါ။ "မင်းဒုက္ခနဲ့မင်း" ဆိုတဲ့ ဒေါက်တာသန်းထွန်းရေးတဲ့ စာအုပ်ရှိတယ်။

ငါပြောမယ်၊

တို့ဗမာစကားရှိတယ်၊

ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတဲ့။ငါ မင်းတို့တစ်တွေကို တကယ်သနားတယ်။

ကျွန်တော် ၁၉၆၂ခုနှစ်၊ စတုတ္ထတန်း စကောလားရှစ် (အလယ်တန်းပညာသင်ဆု)ရပြီး ကန်တော်ကလေး အစိုးရအထက်တန်းကျောင်းကို ပြောင်းရတယ်။ ကျွန်တော်တို့လိုပဲ အခြားကျောင်းအသီးသီးက စတုတ္ထတန်းအောင်ပြီး ကျောင်းပြောင်းလာကြတဲ့ ကျောင်းသား ကျောင်းသူတွေကိုလဲ ဟောခန်း (ASSMBLY HALL) ထဲမှာ ယာယီစုထားတယ်။ ပြီးမှ အတန်းတွေခွဲမှာ။

ဒီမှာတင် စံပြဖဆပလမူလတန်းကျောင်းကပြောင်းလာတဲ့ သနပ်ခါးပါးကွက်ကျားလိမ်းထားတဲ့ ကျောင်းသားရဲမြင့်က ခင်ဖြူဖြူကိုစ,တယ်။ ခင်ဖြူဖြူငိုတာ မျက်လုံးလေးတွေရဲလို့။

ကျွန်တော်တို့တစ်တွေကို ကန်တော်ကလေး မြူနီစီပယ်ကျောင်းက ဆရာလေး ကိုလှရွှေကိုယ်တိုင် ကျောင်းလိုက်အပ်ပေးတယ်။ ကျောင်းသား ကျောင်းသူ အတော်များများ ငါးတန်း (F) အတန်းပိုင်တီချယ် ဒေါ်မာလေး (အင်္ဂလိပ် I) အတန်းမှာနေရတယ်။ တီချယ် ဒေါ်နော်ဆေးဖော(အင်္ဂလိပ် II)၊ တီချယ် ဒေါ်ရှိန်သန်း(မြန်မာစာ)၊ တီချယ်ဒေါ်သန်းသန်း(သင်္ချာ)၊ တီချယ် ဒေါ်တင်တင်အေး ဗိုလ်ကြီးမမ(သမိုင်း)၊ ဆရာဦးဝင်း၊ ဆရာဦးဇော်မင်း(ပန်းချီ)၊ ဆရာဦးအုန်းမြင့်(ကာယ)တို့ဖြစ်တယ်။

ကျွန်တော်နဲ့အတူ စတုတ္ထတန်းစကောလားရှစ်အောင်ဖက် ဆရာလေးကိုလှရွှေတပည့်ချစ်ညွန့် (စာပေဗိမာန် ဦးသာညွန့်သား)၊ ကျော်တင့်၊ အုံးလွင်၊ မြင့်သန်း(၉၂ လမ်း၊ အောက်လမ်းသား) နဲ့ အောင်နိုင်(၈၉ လမ်းသား)တို့ တစ်တန်းတည်း။

မိန်းကလေးတွေထဲမှာက ဓမ္မာရုံကျောင်းက ဆရာဦးဘအေး တပည့် စကောလားရှစ်ရတဲ့ တင်တင်။ အမှတ် ၅၄ မြူဝင်း။ မြန်မာ့ဂုဏ်ရည်လမ်းက ဦးရွှေလွန်းသမီး မြင့်မြင့်ဆွေ(မမဆ)။ ကျွန်တော်တို့ ကန်တော်ကလေး မြူနီစီပယ်ကျောင်းက ကျွန်တော်တို့အတန်းပိုင်ဆရာမ မတင်အေး (ဘယ်ကျော်) တပည့် မပု(နောင် စိုးစိုးနွယ်ဟု အမည်ပြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းအနီး ဘစိန်ကွက်သစ်)။

မတင်အေး(ပဲပြုတ်၊ ဘစိန်ကွက်သစ်)။ ခင်လှပို(တောင်ညွန့်)တို့ပါတယ်။ ဒိုဘီလိုင်း(၃)လမ်း(ယခု အထက်မန္တလေးလမ်းသွယ် ၃)က စိန်ဝင်း(ခေါက်ဆွဲ)လဲ ပါတယ်။ ဘာကြောင့် စိန်ဝင်းကို ခေါက်ဆွဲလို့ ခေါ်ရသလဲဆိုတော့ စိန်ဝင်းရဲ့ အဖွားက ကန်တော်ကလေးမြူနီစီပယ်ကျောင်းမုန့်ဈေးတန်းမှာ ခေါက်ဆွဲကြော်ရောင်းလို့ပဲ။ စိန်ဝင်းက ဂိုးကီပါ (ဂိုးသမား)။

မြန်မာစာဆရာမ တီချယ် ဒေါ်ရှိန်သန်းက ကွမ်းကလေးတမြုံ့မြုံ့နဲ့။

"ကြာဆံကို စားပါလို့၊ ဥဒေါင်းတွေပျော်"ဆိုတဲ့ မြန်မာကဗျာကို သီချင်းလိုဆိုပြီး စာသင်ရင် ကျွန်တော်တို့က "ခေါက်ဆွဲကိုစားပါလို့. . . စိန်ဝင်းကိုကြော်"လို့ ကျွန်တော် ဦးဆောင်ပြီး သံပြိုင်လိုက်အော်ကြတယ်။

ဒီအခါမှာ စိန်ဝင်းရဲ့ပျစ်ပျစ်နှစ်နှစ်အဆဲကို ခံရပါတယ်။ တစ်လောက စိန်ဝင်းတစ်ယောက် ၃၁ ဘတ်စ်ကားလိုင်းမှာ ကားစပယ်ယာလုပ်နေတာတွေ့ရပါတယ်။ စပယ်ယာခေါင်းဖြူကြီးဆိုတော့ ကျွန်တော့်ရင်ထဲမချိဘူး။ ဒါပေမဲ့ စိန်ဝင်းက. . .

"ဟေ့ကောင်. . . စီးသွား" လို့ ပြောတော့ ဝမ်းသာလိုက်တာ။

ချစ်ညွန့် အင်္ဂလန်တောင်ရောက် သွားသေးသတဲ့။ ဆူးလေမှာ ကိုယ်ပိုင် တက္ကစီကားနဲ့ ညဉ့်နက်ပိုင်း မြောက်ဥက္ကလာလိုင်း ရိုက်နေသတဲ့။

ကျော်တင့်က ၉၂ လမ်း အောက်လမ်းက သူ့အိမ်ကို သိန်း ၁၀၀ နဲ့ရောင်းပြီး တောင်ဒဂုံ ပြောင်းသွားတယ်ဆိုပဲ။ အုံးလွင်က မြန်မာ့အသံမှာ ကားတာဝန်ခံတဲ့။ အောင်နိုင်ကတော့ ကျိုက္ခမီက တစ်ဖက်နိုင်ငံကို ငါးဖမ်း



www.burmeseclassic.com

www.burmeseclassic.com

စက်လှေ(စက်ဆရာ) အဖြစ်နဲ့ လိုက်သလိုလို၊ သေသလိုလို။

ခင်ဝင်းကို ဘာကြောင့်မုန့်ဟင်းခါးလို့ ခေါ်ရသလဲဆိုတော့ ခင်ဝင်းအဖေ ဦးလေးဦးသန်း(သလ္လာ-မုံရွာ) အညာသားကြီးက ဆိုင်းထမ်းကြီးထမ်းပြီး မုန့်ဟင်းခါးလည်ရောင်းလို့ပဲ။ ခင်ဝင်းကို မုန့်ဟင်းခါးလို့ခေါ်ပေမယ့် ခေါက်ဆွဲစိန်ဝင်းလို ကျွန်တော်တို့ကို မဆဲဘူး။

ခင်ဝင်းကြီးက သဘောကောင်းတယ်။ ဘိန်းဖြူပေါ်တော့ ခင်ဝင်းကြီးဖိုးသမားဖြစ်၊ ထောင်ကျ။ ထောင်ကလွတ်တော့ ဘိန်းဖြူပြတ်သွားပေမယ့် တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ အရက်ပုန်းဆိုင်တွေမှာ တွေ့ရသေးတယ်။ အခုတော့ ကျွန်တော်တို့ သူငယ်ချင်းမုန့်ဟင်းခါး ခင်ဝင်းကြီးတစ်ယောက်ဆုံးရှာပြီ။

ကျွန်တော် ငါးတန်း(F)မှာ ပဉ္စမတန်းကို(က)အဆင့်ကအောင်လို့ ဆဋ္ဌမတန်းတက်တော့ ခြောက်တန်း(A) ဆရာဦးဝင်းအတန်းကို ရောက်သွားတယ်။ ငါးတန်း(F)က အောင်ကြတဲ့ ကျော်တင့်တို့၊ အုံးလွင်တို့၊ အောင်နိုင်တို့၊ ခင်ဝင်းတို့က ခြောက်တန်း(D) တီချယ်ဒေါ်သာရှင့်(အင်္ဂလိပ် 1)အတန်းမှာ ကျွန်တော့်မြင့်မြင့်ဆွေ(မမဆ)လဲ ကျောင်းပြောင်းသွားတယ်။

ကျွန်တော် ခြောက်တန်း(A) ဆရာဦးဝင်းအတန်းမှာ ဘယ်လိုမှမပျော်ဘူး။ ခြောက်တန်း(D) တီချယ်ဒေါ်သာရှင့်အတန်းမှာ ဆရာဦးဝင်းမသိအောင် ကျွန်တော့်သူငယ်ချင်းတွေနဲ့ ခိုးခိုးပြီးသွားထိုင်တယ်။ ဆရာဦးဝင်း (Roll Call)ခေါ်တော့ ကျွန်တော်မရှိ။ တီချယ်ဒေါ်သာရှင့် (Roll Call) ခေါ်တော့ ကျွန်တော့်နာမည် မပါ။

အမှန်တကယ် ကျွန်တော့်နာမည်က ခြောက်တန်း(F)အတန်းပိုင် တီချယ်ဒေါ်နော်စေးဖော အတန်းမှာ။

"ရှိပါတယ် ခင်ဗျ"ကို ကျွန်တော်မလုပ်ဖြစ်တော့ တီချယ်ဒေါ်နော်စေးဖောရဲ့ ညာဘက်လက်က ကျွန်တော့်နားသယ်စပ်၊ ကတုံးဆံတောက်အမွေးနုနုကလေးဆီ လာပြီ။ အမယ်လေး. . . နာလိုက်တာ။ အခုထက်ထိ အသည်းစွဲနေတုန်း။

ကျွန်တော်တို့ ရှစ်တန်း(E)မှာ ချာတိတ်ကုလားလေး သန်းမြင့်နဲ့ သူ့အစ်ကိုဖက်တီးထွန်းအေးက ဘန်ဂါလီစု(လွတ်လပ်ရေးရပ်ကွက်)သားတွေ။ အခုကုလားလေးသန်းမြင့်က ဒေါက်တာသန်းမြင့်တဲ့။ ဆရာဝန်ကြီးဖြစ်သွားပြီ။

စီနီယာဘောလုံးသမား ညွှန့်တင်ကြီးက သင်္ဘောသားလောက(ရေနံသင်္ဘောလိုင်း)မှာ ညတ ဆိုတဲ့နာမည်တစ်လုံးနဲ့။ နှုတ်ခမ်းမွေးကြီးနဲ့၊ ဆေးပြင်းလိပ်ကြီးနဲ့ ခံ့ထည်ပါဘိသနဲ့။ ကုလားကြီးသန်းအေးရဲ့ အာရှကီမုံ၊ နာကာရှေ့၊ ဘက်ဆော့အော့သနီဆိုတဲ့ ကုလားသီချင်းကို ကျွန်တော်အခုအချိန်ထိ သတိရတုန်း။ ဘာအဓိပ္ပာယ်လဲဆိုတာကိုတော့ မသိဘူး။

သိမ်ဖြူကြွယ်ဝ ညီမောင်မောင်လေးလဲ ကျွန်တော်တို့အတန်းကပဲ။ မတင်မေ၊ မခင်သက်တို့ညီအစ်မကတာမွေမှာနေကြတာ။ အသားညိုညက်ညက်တွေမို့. . .

"တာမွေက မဆလာသည် ကုလားမ၊ အသည်းထဲစွဲငြိနေပါတယ်" လို့ အဆိုတော် ကိုမောင်မောင့်သီချင်းနဲ့ ခင်မောင်အေးညီ(ဖို့မြေ၊ မြောင်းကြီးလမ်း)ဇော်သိန်းက စ,တယ်။ အငယ်မ မခင်သက်က ဆတ်ဆတ်ထိမခံ။ အကြီးမမတင်မေက သဘောထားပိုကြီးတယ်။ တင်ညွှန့် (အရှည်ကြီး၊ ၈၉ လမ်း၊ သင်္ဘောသား)နဲ့ အကြီးမမတင်မေတို့အကြောင်းပါကြတယ်။ မတွေ့တာ အနှစ် ၂၀ နီးပါးရှိပြီ။

ကိုသစ်လွင်ကြီးနဲ့ အစ်မကြီးသန်းသန်းထွေးတို့စုံတွဲကလဲ ကန်တော်ကြီးစောင်းမှာ လမ်းလျှောက်ကြ။ ကိုသစ်လွင်တို့ ဘိုလိမ်းလမ်း၊ ဒေါ်တင်လှသစ်ခွဲစက်နားမှာ ကျွန်တော်တို့အတန်းက လှမောင်နေတယ်။ လှမောင်လဲ လူနောက်ပဲ။ ဒီကောင်လဲ ကျွန်တော့်လိုပဲ။ အသက်ထင်ရှားမှ ရှိသေးရဲ့လားမသိဘူး။ အသောက်သမား တော်တော်များများတော့ ဖောရှောကြတာ များတယ်။

တီချယ်ဒေါ်သာရှင့်က အင်္ဂလိပ် I သင်တယ်။ အတ်ချ်ဝေးပေါ့။ အမဲဈေးသန်းညွှန့်က asked ကို အတ်စကတ်လို့ အသံထွက်တယ်။ ED ပါလို့တဲ့။ ကျွန်တော်တို့တစ်တန်းလုံး ဝါးခနဲပဲ။ သန်းညွှန့်နာမည်ပျောက်၊ အတ်စကတ်ဆိုသန်းညွှန့်ပဲ။ ဒီကောင်ကြီးလဲ ရှိမှရှိသေးရဲ့လား မသိဘူး။

ကျွန်တော် ခြောက်တန်း(E)က အောင်တော့ ခုနစ်တန်း(A) တီချယ်ဒေါ်သီသီမြ(အင်္ဂလိပ် I+II)အတန်းပိုင်ဆရာမ။ တီချယ်ဒေါ်သီသီမြက အရမ်းတည်တာ။ ဟာသပြောပေမယ့် တစ်ချက်ပြုံးတာမဟုတ်ဘူး။ မြန်မာ့အသံကလွှင့်တဲ့ သီသီမြဆိုတဲ့အဆိုတော်ဆိုတာ ကျွန်တော်တို့ အလွန်ကြောက်ရတဲ့ တီချယ်ဒေါ်သီသီမြ။ တောင်ညွှန့် ၁၀၁ လမ်း(အောက်လမ်း)မှာနေတယ်။ ပြီးတော့ တီချယ်ဒေါ်သီသီမြက အဆို၊ အက ကျွမ်းတယ်။ ကန်တော်ကလေးကျောင်းက နတ်သမီးယိမ်းကို တီချယ်ဦးစီးတာ။ စိန်စိန်တို့၊ ယဉ်ယဉ်သန်းတို့၊ ခင်စန်းဝင်းတို့ဆိုတာ နတ်သမီးတွေ။ တီချယ့်တပည့်မတွေ။ သင်္ကြန်မဏ္ဍပ်မှာ စတားတွေပေါ့။

တီချယ်ဒေါ်သီသီမြ ကျောင်းလာရင် ဆွဲခြင်းတောင်းပြေးကိုင်တာ စံပြဖဆပလက စံလှဘော် ပထမ။ ဒုတိယက ဝင်းမြင့်။ ဝင်းမြင့်ကြီး SB ရောက်ပြီး မော်တော်ဆိုင်ကယ်ကြီးတဗုန်းဗုန်းနဲ့ ရန်ကုန်ဘူတာကြီးမှာ တစ်ခါတုန်းက လျှမ်းလျှမ်းတောက်ခဲ့ဖူးတယ်။ မီးရထားရိပ်သာမှာဆို ညနေစောင်းရင် မြိန့်မြိန့်ကြီးထိုင်လို့။ ကျွန်တော်တို့က ဒီကောင် နှစ်ကောင်ကို လူရည်ချွန်တွေ၊ အခြောက်တွေလို့ သူတို့ကွယ်ရာမှာ အမနာပဆိုတယ်။

www.burmeseclassic.com

စံလှဘော်က သူညီစံသိန်း (တပ်ကြပ်ကြီး) နဲ့အတူ အခု အင်းစိန်အကျဉ်းဦးစီးဝန်ထမ်းအိမ်မှာ နေတယ်။ ကျွန်တော်တို့ဆရာကြီးက အောင်ဇော်ကြီး။ (ကဗျာဆရာအောင်မင်း)၊ ဘောလုံးလဲကန်တယ်။ ဘတ်စကတ်ဘောလဲကစားတယ်။ အရှည်ကြီးလို့ ခေါ်တယ်။ စံပြဖဆပလ တိုက်နံပါတ်(၁၀)က။ တစ်ညကနေဒီကျွန်း(ယခု ကရဝိက်ဟိုတယ်) နားမှာ အရက်သောက်ကြတယ်။ ခုနစ်တန်းကျောင်းသား လူပျိုပေါက်တွေပဲ။ ဘယ်သောက်တတ်ပါ့မလဲ။

စံလှဘော်က ခင်မြမြကိုကြိုက်တယ်။ ခင်မြမြက စံလှဘော်အချစ်ကို လက်မခံဘူး။ ဒီမှာတင် ကျွန်တော်တို့ ဆရာကြီးအောင်ဇော်ကြီးက စာရေးဆရာအောင်လင်းရဲ့အချစ်ဝတ္ထုတစ်ပုဒ်ကို လက်တန်းပြောပြပြီး အတင်းအရက်တိုက်ပါလေရော။ ပထမ ခင်မြမြအတွက်၊ ဒုတိယ ခင်မြမြအတွက်၊ တတိယတစ်ခွက် ခင်မြမြ၏ ခင်မြမြအတွက်ဆိုပြီး သုံးခွက်တိတိမြောက်မှာ စံလှဘော် ဇက်ကျိုးပြီး မှောက်သွားတယ်။ ကြားကမသောက်တဲ့ကျွန်တော့်မှာ ကျောက်မြောင်းကျောင်းဘက်ပြေးပြီး သံပရာသီးဝယ်၊ စံလှဘော်နားထဲညှစ်ထည့်။ သံပရာစေ့တွေ စံလှဘော်နားထဲဝင်လို့ မနက်ကျတော့ မနည်းကလော်ထုတ်ရတယ်ဆိုပဲ။ ကျွန်တော်တို့ဆရာကြီး(ကဗျာဆရာအောင်မင်း) ကြီးလဲ ဆုံးရှာပြီ။ ဝင်းမြင့် SBလဲ ဆုံးပြီလို့ ကြားတယ်။

ဒီကောင်ကြီး၊ အောင်ဇော်ကြီး (ကဗျာဆရာအောင်မင်း)ပဲ ဇာတ်လမ်းစတာ။ သင်္ကြန်ပို့စကတ်ထုတ်ပြီး ရောင်းမယ်တဲ့။ ရောင်းလို့ရတဲ့ငွေနဲ့ သင်္ကြန်လည်မယ်တဲ့။

အောင်မင်းရဲ့ ကဗျာခေါင်းစဉ်က "ပိတောက်ပွင့်ပြီ သူငယ်ချင်း"တဲ့။ အဲဒီခေတ်က ကျော်ဟိန်းနဲ့စန္ဒာတို့ လင်မယားသိပ်ခေတ်စားကြတာ။ ကျော်ဟိန်းနဲ့စန္ဒာ မြက်ခင်းပြင်ပေါ်မှာ ငွေဖလားနှိပ်တောက်ပန်းတွေအလယ်မှာထားလို့ အပျိုပေါက်၊ လူပျိုပေါက်တွေ အရမ်းခံစားရမယ့် ပန်းချီပုံ။

ဇော်မော်လင်းလား၊ ဘယ်သူဆွဲတဲ့ပုံလဲတော့မသိဘူး။ ခင်မောင်အေးတို့ ဌေးအောင်တို့စီစဉ်တာ။ လေးရောင်။ ရွှေဝါချိုင်(သုံးမြောင့်လမ်း)မှာ ခြေနင်းစက်နဲ့ရိုက်တာ။ ဒီတုန်းက ထုတ်ဝေခွင့်တွေ၊ ပုံနှိပ်ခွင့်တွေ မတင်းကျပ်သေးဘူး။ ခိုးရိုက်တာလို့ အခုခေတ်စကားနဲ့ပြောရင် ရတယ်။ ပို့စကတ်တစ်စောင် တစ်ကျပ်နဲ့ စံပြဖဆပလတိုက်တွေပေါ် တစ်တိုက်ပြီးတစ်တိုက်တက်ရောင်း၊ တချို့အိမ်ရှင်လူကြီးတွေက လမ်းသရဲလေးတွေဆိုပြီး မောင်းချ၊ တံခါးဖွင့်မပေး။ ကန်တော့ပါရဲ့ပြော။ အဲ. . . ချာတိတ်မလေးတွေ၊ အပျိုပေါက်မလေးတွေကတော့ သူတို့မုန့်ဖိုးထဲက ခိုးပြီးဝယ်သဗျ။

ကျွန်တော်တို့ပို့စကတ် တစ်လလောက် လည်ရောင်းတာ အတော်ကလေးရတယ်။ ငွေကိုင်က ခင်မောင်အေး။ ငွေထုတ်တာလဲ ဒီကောင်ပဲလို့ထင်တယ်။ ကျွန်တော်တို့ကို အရောင်းမြှင့်ဝန်ထမ်းဆုပေးမယ်ဆိုရင် ပထမရမှာသေချာတယ်။ ဟိုးကျောက်ကုန်းက အကယ်ဒမီ(ဦး)ထွန်းဝေတို့၊ အကယ်ဒမီခင်သီတာထွန်းတို့ အိမ်ဘက်ထိရောက်တယ်။ ဘောက်ထော်အမြောက်တပ်ထဲလဲ ဝင်ရောင်းတာပဲ။

ကျွန်တော်တို့ သင်္ကြန်ဂျစ်ကားမှာရေးထားတဲ့ ဆိုင်းဘုတ်က "Rangoon Wild"တဲ့ ရန်ကုန်ရိုင်းဆိုပါတော့။ လူတွေပုံကိုလဲ ကြည့်ပါဦး။ ဘောင်းဘီရှည် (ခေါင်းလောင်းပင်)အကျီကွက်တိကွက်ကျား။ ဆံပင်ရှည်တွေနဲ့ ဘယ်လောက်များမျက်စိနောက်စရာကောင်းလိုက်မလဲ။ ကျွန်တော်တို့ မိုက်ရိုင်းထွားကျိုင်းတာပြောပါတယ်။ ဆရာကြီးအောင်ဇော်ပါတယ် ဆိုကတည်းက မူးပြီးသား။ ဟိုအော်, ဒီအော်နဲ့ အော်လာလိုက်ကြတာ သိမ်ဖြူမီးပွိုင့်မှာ သင်္ကြန်ဂျစ်ကားမီးနီပြလို့ ရပ်ထားတုန်း ဆရာကြီးဦးဇော်ဖေက သူ့အိမ်အပေါ်ထပ်(ဆန်းသစ်စဦးပါကြီးအိမ်အပေါ်ထပ်)က ရပ်ကြည့်နေတယ်။

ဆရာကြီးကိုမြင်တော့ တစ်ယောက်တစ်ပေါက်နဲ့ ဝိုင်းအော်ကြတဲ့အထဲမှာ ဘာပါသွားသလဲ မသိဘူး။ တာမွေ မြင်းပြိုင်ကွင်းနားက သင်္ကြန်ကွပ်ကဲရေး စခန်းရှေ့လဲ ရောက်ရော ဝီစီမှုတ်ပြီး ကားရပ်ခိုင်းတော့တာပဲ။ ခေါင်းဆောင်ဆင်းခဲ့ဆိုတော့ အောင်ဇော်ကြီးနဲ့ခင် မောင်အေးတို့ ဖိုးရိုးဖားရား ဆင်းသွားတယ်။

အချိန်အတော်ကြာကြာ ဂျစ်ကားဆီ ဒီကောင်နှစ်ကောင် ပြန်မလာတော့သေချာပြီ။ ဖမ်းပြီ။ ဘာကြောင့်ဖမ်းသလဲဆိုတာကိုတော့ တိတိကျကျ မသိရသေးဘူးပေါ့။ ပြေးနိုင်ရင် လွတ်သေးတယ်ဆိုတာသိတော့ ကျွန်တော်ပြေးလိုက်တာ ကျွန်တော့်ဇာတိ လှော်ကား-ကျောင်းကုန်းရွာအထိ ရောက်ရော။

ရွာကလဲ ဆံရှည်ကြီးနဲ့မျက်သလဲ ဆန်ပျာပြေးလာတာဆိုတော့ လူပဲသတ်ခဲ့သလားလို့ ပထမထင်သတဲ့။ ကျွန်တော် သင်္ကြန်ပြီးမှ ကန်တော်ကလေးပြန်ခြေချဝံ့တယ်။ ဆရာကြီး ဦးဇော်ဖေက ဖုန်းဆက်တိုင်လို့ ဂွတ္တလစ်ရဲက ဖမ်းပြီး တောင်ညွန့်ဂါတ်တဲ ပို့သတဲ့။ မိဘတွေက ဆရာကြီးကိုတောင်းပန်လို့ ခံဝန်နဲ့လွတ်ဆိုပဲ။

ကျွန်တော်တို့ သူငယ်ချင်းတွေချစ်စရာကောင်းတာက အသားမည်းမည်းနဲ့ကောင် ဘယ်သူလဲဆိုတာ မဖော်ဘူး။ ပိုက်ဆံပေးပြီး ကားကြုံတက်စီးတဲ့ သိမ်ကြီးဈေးက ကုလားလေးလို့ ဖြောင့်ကွယ်ကွယ်ပြီး ဘူးခံခဲ့တယ်။

ခုနစ်တန်း(A)တုန်းက တီချယ်ဒေါ်အုံးမြင့်(သိပ္ပံ)၊ တီချယ်ဒေါ်ခင်သန်းငွေ(မြန်မာစာ)သင်တယ်။ ကျွန်တော် တီချယ်ဒေါ်သီသီမြအတန်းမှာ ပထမဆုံးအကြိမ် စာမေးပွဲကျတယ်။ ခုနစ်တန်းစာမေးပွဲ ကျတယ်ဆိုပါတော့။





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပြန်ဖွင့်တော့ ခုနစ်တန်း (D)တီချယ်ဒေါ်တင်အေး(မေးစေ့မှဲ့ရှိ) က ပထဝီသင်တယ်။ ကျွန်တော်တို့ အတန်းပိုင်။ နောက် တီချယ်ဒေါ်တင်အေး(ပိန်ပိန်လေး)က သင်္ချာသင်တယ်။ ဒီတီချယ်နှစ်ယောက်မှာ ဘယ်တီချယ် အက္ခရာ "ဇ"နဲ့ "ဧ"တာလား။ "အ"နဲ့ "အေး" တာလားဆိုတာ ကျွန်တော် မမှတ်မိတော့ဘူး။

ဆရာကြီးဦးကံညွန့် လက်ထက်ဆိုတာတော့ သေချာတယ်။ အခု ဓမ္မာရုံနား၊ ရေစင်ကြီးနဲ့ကပ်လျက် တစ်ထပ်သွပ်မိုးအဆောင်ကလေး။ အခုထက်ထိ သင်္ချာမှာ ရေပွန်ပုစ္ဆာကို သတိရတုန်း။ မြန်မာစာမှာ ရွှေ့သို့ဝတ္ထုတိုများသင်ရတယ်။ မင်းရှင်ရဲ့အမြီးပေါက်သူဟာ ဆိုရှယ်လစ်ဝါဒဖြန့်ပဲ။ အဲဒီနှစ်မှာ ၉၃ လမ်းက အောင်သောင်းနဲ့ ဒိုဘီလိုင်း ၃ လမ်းက ဖေမြင့်(သက်ပြင်း)တို့ နှစ်ယောက်၊ သိမ်ဖြူလမ်း၊ ဆန်းသစ်စ ဦးပါကြီး ပုံနှိပ်တိုက်ရှေ့ ပလက်ဖောင်းပေါ်မှာ နေ့လယ် ကျောင်းလွှတ်ရင် မုန့်ဟင်းခါးသွားစားတာ ကျွန်တော် မှတ်မိတယ်။ ဖေမြင့်(သက်ပြင်း)ခမျာ အသက်မပြင်းရှာဘူး။ ဆုံးရှာပြီ။

အောင်သောင်းကတော့ လှလို့ ဝလို့။ ကျွန်တော့်ကို တစ်လောက လေထန်ကုန်း၊ (၃၃)လမ်းမှာ မြန်မာကျပ်ငွေ ၅၀၀ ပေးသွားသေးတယ်။ အရက်မသောက်ဖို့လဲ ဆုံးမစကား ပြောသွားသေးတယ်။

ဒီကောင်လဲကွယ်ရော ကျွန်တော် ပန်းဆိုးတန်းအားမာန်သစ်မှာ အိုးဘရန်ဒီတူးပက်သွားနှိပ်တယ်။ အောင်သောင်းကြီး ကျန်းမာချမ်းသာပါစေ။ စစ်ဗိုလ်ကြီးဖြစ်ပါစေလို့တော့ ဆုမတောင်းတော့ဘူး။ အောင်သောင်းလဲ ငါးဆယ်တော့ ကျော်လောက်ပြီ။

ကျွန်တော် ခုနစ်တန်းအောင်တယ်။ ရှစ်တန်း(A)အတန်းပိုင်ဆရာကတော့ ဆရာဦးခင်မောင်စန်းပဲ။ ဆရာဦးခင်မောင်စန်းက အက္ခရာသင်္ချာသင်တယ်။($a^2+b^2$)ကိုကျွန်တော်အကြောက်ဆုံးပဲ။ ဘာကြောင့် "a" ကို နှစ်ထပ်လုပ်ရတာလဲ။ ကျွန်တော် စဉ်းစားလို့ကိုမရဘူး။ ဂျီသြမေတြီကိုတော့ ကြိုက်တယ်။ သီအိုရမ်ကို သဘောကျတယ်။

အဲဒီနှစ် ၁၉၆၈ ခုနှစ်မှာ တရုတ်ဗမာအရေးအခင်းဖြစ်တယ်။ ပုဒ်မ ၁၄၄ ထုတ်တယ်။ (ပုံ) ဘမောင်၊ ရန်ကုန်ခရိုင်ရာဇဝတ်တရားသူကြီးဆိုပြီး မြန်မာ့အသံရေဒီယိုက ခဏခဏလာတယ်။ ညနေ ၆ နာရီ အိမ်ပြင်မထွက်ရတော့ဘူး။ ညမထွက်ရအမိန့်တဲ့။ နေတောင်မဝင်သေးဘူး။

ဆရာဦးခင်မောင်စန်း အတန်းမှာ ရန်ကုန်တိုင်းကျောင်းသားဘောလုံးလက်ရွေးစင်(ဂိုး) သိန်းနွဲ့။ နောက်တန်းကျော်ခင်တို့နဲ့ဆုံတယ်။ ကိုကျော်ခင်က ဒလ(အုံကြီး)သား။ ဆရာလေးကိုလှရွှေ ဆရာလေးကိုလှရွှေညီ လှဖေ(မြန်မာ့လက်ရွေးစင်)တို့နဲ့ ရင်းနှီးတယ်။ ကိုအောင်ဇော်ကြီး(ကဗျာဆရာအောင်မင်း) သောမတ်စ်ရွှေ နယ်လီရွှေတို့မောင်နှမနဲ့ တစ်တန်းတည်း။ သောမတ်စ်တို့မောင်နှမက ဒဂုံသီရိလမ်းရဲ့ ကျောက်မြောင်းက ကျောင်းလာတက်တာ။

သူတို့အစ်မကြီး ခင်ခင်ဆိုတာ ပြည်တော်သာပုံနှိပ်တိုက်ပိုင်ရှင်။ နာမည်ကြီး လုံးချင်းဝတ္ထုရှည်တွေရိုက်တဲ့ ပုံနှိပ်တိုက်။ သူတို့အဖေနာမည်က ဦးရွှေဒင်္ဂါးတဲ့။ ကဗျာဆရာ အောင်မင်းကြီး ရေးပေးတဲ့. . .

BURMESE CLASSIC .com

သို့. . . မနယ်လီရွှေ၊ နှင်းဆီ၊ စံပယ်၊ ခေါင်ရမ်း၊ ခတ္တာ၊ သဇင်၊ ပန်းအလှတွေ ကုဋေကုဋာရှိပေမယ့် မနယ်လီရွှေဆိုတဲ့ ဘယ့်နှယ်၊ ညာ့နှယ် ရည်းစားစာကို ကျွန်တော့်လက်ရေးနဲ့ကူး၊ သောမတ်စ်တို့၊ နယ်လီရွှေတို့နဲ့ ကျောင်းအတူလာတဲ့ မအူကုန်းက ကရင်ထွန်းအေးလေးက တစ်ဆင့်ပေး။ အဲဒီနေ့ ကျွန်တော် ကျောင်းမတက်ဘူး။

ဆရာဦးခင်မောင်စန်းကို တိုင်လို့ အတန်းထဲမှာ အရိုက်ခံရမှာထက် ရှက်တာနဲ့ကျွန်တော်သေမှာ။ တော်ပါသေးရဲ့။ နယ်လီရွှေက ရည်းစားစာပြပြီးမတိုင်လို့၊ ဟိုခွေးကောင် ထွန်းအေးကလည်း ကျွန်တော့်ရည်းစားစာ နယ်လီရွှေ့ကို ပေးမှပေးရဲ့လားမသိပါဘူး။ သောမတ်စ်က အသားဖြူဖြူ၊ မျက်ခုံးကောင်းကောင်း။ လက်ပတ်နာရီနဲ့။ အတော်ချောတဲ့ကောင်။ လမ်းလျှောက်ရင် နွဲ့တယ်။ မိန်းမကြိုက်မို့လား မသိဘူး၊ မင်းသားလုပ်မယ်၊ သိန်းရှပ်ရှင်က ရိုက်မယ်ဆိုပြီး စာစောင်ထဲတောင်ပါလိုက်သေး။ သောမတ်စ် မင်းသားမဖြစ်လိုက်ပါဘူး။ အဲဒီနှစ်က ကျွန်တော် ရှစ်တန်းကျတယ်။

ရှစ်တန်း C အတန်းပိုင်က တီချယ်ဒေါ်ကြည်ကြည်ဝင်း(သင်္ချာ)သင်တယ်။ လက်သည်းရှည်ထားပြီး ကုတ်တတ်တယ်။ တီချယ်ဒေါ်စိန်မြင့်က (အင်္ဂလိပ်စာ) သင်တယ်။ ကန်တော်ကလေး အစိုးရအထက်တန်းကျောင်း သက်ငယ်တန်း၊ သက်လတ်တန်း၊ မီတာ ၁၀၀, ၂၀၀ အလျားခုန်တွေနဲ့ တံခွန်စိုက်ဆုရ ဘောလုံးလက်ရွေးစင်၊ စကောလားရှစ် (အလယ်တန်းပညာသင်ဆု) ရထားတော့ ကျွန်တော်လဲ ကျောင်းမှာ စတားငယ်ကလေးပဲ။ တချို့က ဒီကောင် လူရည်ချွန်တဲ့။

ဆေးလိပ်မသောက်၊ ကျောင်းမပြေးတတ်လို့တဲ့။ တီချယ်ဒေါ်စိန်မြင့်ကဆိုရင်. . .

"ဒီကောင်က ကန်တော်ကလေးကျောင်းခြံပေါက်"တဲ့။

"ငါတို့အရင်ကျောင်းကိုရောက်တာ"တဲ့။

ဟုတ်ပါတယ်။ တီချယ်ပြောတာမှန်ပါတယ်။ တီချယ်ဒေါ်မြင့်မြင့်ကြည် (အာခီးမီးဒီး)က သိပ္ပံသင်တယ်။ အရည်၏ဖော့ဂုဏ်ဆိုတာ အာခီးမီးဒီးနိယာမပဲ။ ကိုအေးကျော်ကြီး(တောင်ညွန့်ထမင်းဆိုင်ပိုင်ရှင်)၊ မောင်မောင်ရွှေ(သင်္ဘောသား၊ ၉၄ လမ်း၊ အထက်လမ်း)၊ တရုတ်ဝင်းမြင့် (၉၄ လမ်း၊ အောက်လမ်း)





www.burmeseclassic.com

www.burmeseclassic.com

ကရင်ထွန်းအေးလေး(မအူကုန်း)၊ ခင်မောင်အေး၊ ဇော်သိန်း(ဖို့မြေ၊ မြောင်းကြီးလမ်း)တို့ကို မှတ်မိတယ်။ အဲဒီနှစ်က အဌမတန်းကို ဝိဇ္ဇာနဲ့ အောင်တယ်။ မအောင်ရင် အိမ်ကထွက်ပြေးပြီး စစ်ထဲဝင်ဖို့ ကျွန်တော်ဆုံးဖြတ်ပြီးပြီ။ ရှစ်တန်းအောင်ရင် အဲဒီခေတ်တုန်းက ဘားမားနေဗီမှာ ခ-အဆင့်(B Group) ရတယ်။ အုပ်ချုပ်ရေးဌာနမှာရတယ်။

(C Group) ဂ-အဆင့်က ထမင်းချက်၊ ယာဉ်မောင်း။ ကျွန်တော် ငါးတန်း (F) ဆရာမတီချယ်ဒေါ်တင်တင်အေးက တော်လှန်ရေးကောင်စီဝင် ရေတပ်ဗိုလ်ချုပ်သောင်းတင်ရဲ့ ခယ်မ။ ကျွန်တော်ကိုယ်တိုင် ရေတပ်ထဲဝင်ဖို့ စာမေးပွဲဖြေဖူးတယ်။ စာမေးပွဲအခန်းစောင့်တာက အဆိုတော်ရဲဘော်ခင်မောင်လှ။ လူတွေမေးတာက ဗိုလ်မှူးသော်ဒါ။

ကျွန်တော် ရေတပ်ထဲဝင်ဖို့ အဆင်ပြေပေမယ့် ကျွန်တော့်သူငယ်ချင်း ညီညီ(နောင် ကျွန်တော့်ယောက်ဖ ဦးညီဝင်း)က ရေငုပ်ပုစ္ဆာတောင် မတွက်တတ်ဘူး။ ကျွန်တော်က ခုနစ်တန်းကတည်းက တီချယ်ဒေါ်တင်အေး(ပိန်ပိန်လေး)ရဲ့ကျေးဇူးကြောင့် ရေငုပ်ပုစ္ဆာလာစမ်းပဲ။ ကျွန်တော့်သူငယ်ချင်း စာမေးပွဲအောင်တာနဲ့ ကျွန်တော်နဲ့သူ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်က ငါးမျှားတံဝယ်ပြီး ကန်တော်ကြီးမှာ ငါးမျှားကြတယ်။

အခုလောက်ဆို ကျွန်တော် ရေတပ်ထဲဝင်ဖြစ်ရင် တပ်တွင်းစာမေးပွဲတွေ အောင်ခဲ့ရင် PO လား၊ ဒါမှမဟုတ် တင့်ဆွေလို ဒုတိယဗိုလ်မှူးကြီးလားပဲ။

ကျွန်တော်တို့ ကန်တော်ကလေး မြောက်ပိုင်းရပ်ကွက်က ဦးထွေးရဲ့သား မောင်တင်ဆို ဗိုလ်သင်တန်းဝင်ဖို့ နှစ်ခါတောင် ဖြေရတာ။ မောင်တင်ဆိုတာ ကျွန်တော်တို့ရဲ့နောက်က။ ဟော. . . အခုကျတော့ ကျွန်တော့်ထက် ဘဝအာမခံချက်သေချာသွားပြီ။ နိုင်ငံတော်တာဝန်ကို အသက်ပေးပြီး ထမ်းဆောင်နေကြတဲ့ နိုင်ငံ့သားကောင်းကြီးတွေ၊ ကျွန်တော်အားကျလိုက်တာ။

ကိုးတန်း (A) အတန်းပိုင်က တီချယ်ဒေါ်ဝင်းကြည် (အင်္ဂလိပ်စာ)၊ အီကိုတီချယ် ဒေါ်စောရီ၊ ပထဝီတီချယ် ဒေါ်ခင်တင့်၊ သင်္ချာတီချယ် ဒေါ်အိမ့်အိမ့်ခိုင်၊ မြန်မာစာတီချယ် ဒေါ်မြင့်မြင့်၊ သမိုင်းတီချယ် ဒေါ်တင်အေး။

ကျွန်တော်တို့ဆရာမတွေထဲမှာ ဒေါ်တင်အေး သုံးယောက်ရှိတယ်။ မဲ့ဒေါ်တင်အေး၊ အဘွားကြီး ပိန်ပိန်လေး ဒေါ်တင်အေး၊ နားလေးတဲ့ဒေါ်တင်အေးတို့ဖြစ်ပါတယ်။

အခုဒေါ်တင်အေးက အိမ်တွင်းမှုသိပ္ပံသင်တဲ့ ဒေါ်တင်အေး။တီချယ်ကြီးက နားလေးတယ်။ သမိုင်းသင်တယ်။ မော်လမြိုင် ချောင်းဆုံခရိုင်၊ ဘီလူးကျွန်းက တိုင်တစ်လုံးအိမ်အကြောင်း ပြောပြတဲ့ဆရာမ။ အိမ်ပိုင်ရှင် မွန်သူဌေးကြီး ဦးနာအောက်နဲ့ အမျိုးတောင် တော်သလား မသိဘူး။ မွန်သူဌေးဦးနာအောက်ဆိုတာ ဧရာဝတီဖလော်တီနာကုမ္ပဏီနဲ့ပြိုင်ပြီး သင်္ဘောဆွဲခဲ့တဲ့ သင်္ဘောပိုင်ရှင်။

ကျွန်တော်တို့သင်ရတဲ့ မြန်မာ့စီးပွားရေးမှာပါတဲ့ ခနရှင်လောက(သခင်ဗဟိန်း)ရေးဆိုတာရှိတယ်။ အောက်ခြေမှတ်စုဆိုပါတော့။ သခင်ဗဟိန်းဆိုတာ မြန်မာ့နိုင်ငံရေးလောကမှာ ထိပ်တန်းကပါခဲ့တဲ့ ကျောင်းသား ခေါင်းဆောင်။ အဲဒီနှစ် ၁၉၆၉ ခုနှစ်က သမန်းကျားရုပ်ရှင် ပြတယ်။

ရုပ်ရှင်မင်းသား သမန်းကျားဝင်းလှိုင်ဆိုတာ မောင်မောင်ရွှေတို့ (၉၄ လမ်းအထက်)လမ်းကပဲ။ တီချယ်ဒေါ်အိမ့်အိမ့်ခိုင်ရဲ့ မတ်တော်မယ်လို့ထင်တယ်။ သမန်းကျားဇာတ်ကား ရိုက်ပြီး သမန်းကျားဝင်းလှိုင် ဖြစ်တာ။

ကိုဝင်းလှိုင်တို့ညီအစ်ကိုတွေက ဘောလုံးသမားတွေ။ သမန်းကျားဝင်းလှိုင်ရဲ့ငယ်နာမည်က ဂျော်နီ။ သူ့အဖေက ဦးလှိုင်တဲ့။ ဂျော်နီဆိုတာ ဒဗလျူဘောလုံးအသင်း အန္တရာယ်ရဲ့တိုက်စစ်မှူး။ အန်သရာနဲ့အန္တရာယ်တို့ရဲ့ လူအိုရုံလမ်း(ယခု ဒေါ်သိန်းတင်လမ်း)ပေါ်က W ဘောလုံးပွဲတွေကို သတိရလိုက်တာ။ အခုတော့ ကိုဂျော်နီ(သမန်းကျားဝင်းလှိုင်)လဲ ဆုံးရှာပြီ။

သမန်းကျားမင်းသား ရွေးပွဲကို ကျွန်တော်တို့ ကိုးတန်း(A)က ဝိတ်တင်အောင်လဲ အရွေးဝင်ခံတယ်ဆိုပဲ။ တင်အောင်က ဝိတ်ကစားတော့ လက်မောင်းရှိတယ်။ အမြဲတမ်း စပို့ရှပ်ရောင်စုံဝတ်လေ့ရှိတယ်။ ကုလားတင်အောင်လို့လဲခေါ်တယ်။ မအူကုန်း(ပုဏ္ဏားကုန်း)မှာနေတယ်။ ဗိုလ်ချုပ်အောင်ဆန်းအသံတုလဲ ပြောတတ်တော့ အသံတုတင်အောင်လို့လဲ နာမည်ရတယ်။

အဲဒီနှစ်က ငါးကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ နှစ် ၅၀ပြည့် တက္ကသိုလ်ရွှေရတုသဘင်စတဲ့ ပွဲလမ်းသဘင်တွေရှိတယ်။ ဒီနှစ်မှာပဲ ကျွန်တော့်ဖခင်ဆုံးတယ်။ မှတ်မှတ်ရရ ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်၊ သမိုင်းအားကစားရုံ မီးရှို့ခံရတဲ့နေ့။

ကျွန်တော့်အဖေဆုံးလို့ စိတ်ညစ်နေတုန်း လက်မောင်းကြီးတဲ့တင်အောင်က ကျွန်တော့်နှာခေါင်း လက်ဝါးစောင်းနဲ့လာရွယ်တယ်။ သမန်းကျားမင်းသားရွေးပွဲကို မနေ့ကဝင်ပြိုင်လာတာလို့လဲကြားက ဇော်သိန်းက ဝင်နှောက်တယ်။ မုန့်စားကျောင်းလွှတ်တော့ ကျွန်တော်အိမ်ပြန်၊ အိမ်မှာ ထမင်းမချက်။ မုန့်ဟင်းခါးဆိုတော့ စိတ်တို။ မုန့်ဟင်းခါးစား၊ သံမဏိလက်စွပ်ဝတ်ပြီး ကျောင်းရှေ့ နံပါတ်(၂)ကားဂိတ်က တင်အောင်ထမင်းစားပြီး အပြန်ကိုစောင့်တယ်။

တင်အောင် မျက်မှန်နက်တပ်၊ စပို့ရှပ်ပင့်ပြီး ကားလမ်းအကူး ကျောင်းပေါက်ဝမှာ ကျွန်တော် တစ်ချက်ပင့်လိုက်တယ်။ နှာခေါင်းထဲကသွေးယို၊ မျက်မှန်ကွဲ၊ ဖရိုဖရဲ။ ကျွန်တော့်နောက်က ရုပ်ရှင်မင်းသားဝင်းဦးလို ဟိုယိမ်း





www.burmeseclassic.com

www.burmeseclassic.com

ဒီယိမ်းအလိုက်၊ အုတ်နီခဲကောက်ပြီး ထုသေးတယ်။ အရှောင်ကောင်းလို့ တင်အောင်မလဲတာ။ မုန့်စားကျောင်းတက် ခေါင်းလောင်းအထိုးဆိုတော့ ကျောင်းသူ ကျောင်းသားတွေ တရှန်းရှန်း။

ဘောလုံးသမား ကုလားဘညွန့် ကျောင်းထဲက ကျောင်းပေါက်ဝကို ပြေးထွက်လာပြီး တင်အောင့်ကိုတွဲခေါ်သွားတယ်။ ကျွန်တော် အသားတဆတ်ဆတ် တုန်နေတုန်း။ အတန်းထဲဝင်ထိုင်တော့ ကျွန်တော့်ဆီကို အတန်းသားအားလုံးရဲ့ အာရုံက ရောက်နေတယ်။ ကျွန်တော်လူဆိုးပေါ့။ တီချယ်ဒေါ်ဝင်းကြည်ကလဲ တင်အောင့်ဘက်ကပဲ။ တင်အောင်အမှန်၊ ကျွန်တော်အမှား။ မကြာဘူး၊ ကျွန်တော့်ကို ဆရာကြီးရုံးခန်းက ခေါ်သတဲ့။ ရုံးခန်းထဲ ရောက်တော့ ကျွန်တော့်အမေနဲ့ ကျွန်တော့်ဘကြီး ကိုချက်ကြီးတို့ ရောက်နေကြပြီ။

ကျွန်တော့်ကိုမြင်တာနဲ့ ကျွန်တော့်ဘကြီး ကိုချက်ကြီးက စီးထားတဲ့ မန္တလေးဖိနပ်ချွတ်ပြီး ရိုက်တယ်။ နားရင်းကို ပူသွားတာပဲ။ ကျွန်တော့် အထိုးခံရတဲ့ တင်အောင်က ကြားက ဝင်ဆွဲရှာတယ်။ ဆရာကြီး ဦးကျော်သိန်းက ကျွန်တော့်အုပ်ထိန်းသူတွေကို အိမ်ပြန်ခေါ်သွားခိုင်းတယ်။

ကျွန်တော့်ကို ကျောင်းထုတ်လိုက်ပြီလို့ ထင်တယ်။ နောက်တစ်နေ့ ကျွန်တော့်အိမ် တင်အောင်ကိုယ်တိုင် လိုက်လာပြီး သူ့အစသန်လို့ ဖြစ်တာ သူ့ကျေနပ်ကြောင်း ပြောတယ်၊

ကျွန်တော် တင်အောင့်ကို မယုံဘူး၊ အချိုသတ်တယ်လို့ ထင်တယ်။

ကျွန်တော့်ကို တင်အောင်ကိုယ်တိုင်က ကျေနပ်ကျေအေးလို့ ကျွန်တော် ကျောင်းထုတ်မခံရဘူး။ ကျောင်းနေခွင့် ဆက်ရတယ်။ ကျွန်တော်နဲ့တင်အောင် ပုံမှန်ပြန်ဆက်ဆံပြီး ကြည်စေအေးစေ ဖြစ်သွားတယ်။

အဲဒီနှစ်က ကျွန်တော် ကိုးတန်းအောင်တယ်။ ကျွန်တော့်အထိုး ခံရတဲ့ ကာယဗလသမားတင်အောင်၊ အသံတုတင်အောင် ကျွန်တော့်သူငယ်ချင်း ကျွန်တော့်ကို ခွင့်လွှတ်တတ်တဲ့ ကုလားတင်အောင်တစ်ယောက် ဆုံးသွားရှာပြီလို့ ခင်မောင်အေးပြောမှ သိရတယ်။

ကျွန်တော် တကယ်စိတ်မကောင်းဘူးဆိုတာ သစ္စာဆိုဝံ့ပါတယ် ခင်ဗျာ။ မကြာခင်နှစ်က တီချယ်ဒေါ်ဝင်းကြည် ဆုံးကြောင်းလဲ သတင်းစာထဲ တွေ့လိုက်တယ်။ ကျွန်တော် တီချယ့် ဈာပနကို လိုက်မပို့ဖြစ်ဘူး။ ကျွန်တော်နေတဲ့ အရပ်နဲ့ ရန်ကုန်က အလှမ်းဝေးလို့ပါ။ ကျွန်တော်လူဆိုးကို ခွင့်လွှတ်ပါ တီချယ်ရယ်။

ဆယ်တန်း (A) အတန်းပိုင် ဆရာမ တီချယ်ဒေါ်ရင်ရင်သိန်း(သမိုင်း) သင်တယ်။ အင်္ဂလိပ်စာ ဆရာဦးတင်အောင်၊ မြန်မာစာ တီချယ်ဒေါ်လှရွှေ အီကို တီချယ်ဒေါ်စောရီ၊ သင်္ချာဆရာ ဦးစိန်လွင်၊ ဆရာဦးကြည်၊ ပထဝီ တီချယ် ဒေါ်ခင်တင့်၊ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဖေ(၁၉၇၀)ပြည့်နှစ်။ တီချယ်ဒေါ်ရင်ရင်သိန်းတူ ဆန်းထွန်းလဲ တစ်တန်းတည်းပဲ။ ကိုအေးကျော်ကြီး၊ ကိုသက်ထွန်းကြီး(ကြက်ခြေနီ)၊ တောင်ညွန့်က ညိုညိုထွန်း(မွဲကလေးနဲ့)၊ လှဖေတို့ အေးလွင်တို့ကို မတွေ့တာကြာပြီ။

ကျွန်တော် ကန်တော်ကလေး အစိုးရအထက်တန်းကျောင်း၊ အ. ထ. က(၁) မင်္ဂလာတောင်ညွန့် ကျောင်းအုပ်ဆရာကြီး ငါးဦးကို သိမီလိုက်ပါတယ်။ ဆရာကြီးဦးသန်းဖေ၊ ဆရာကြီး ဦးမောင်မောင်၊ ဆရာကြီးဦးကံညွန့်၊ ဆရာကြီး ဦးကျော်သိန်း၊ ဆရာကြီး ဦးဇော်ဖေတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ငါးတန်း ကျောင်းသားဘဝမှာ အထက်တန်းပြ ဆရာမများဖြစ်ကြတဲ့ ဗောက်ဆောဗစ်တာ ကားအနီ ကိုယ်တိုင်မောင်း၊ ဒေါက်ဖိနပ်စီး၊ ရွှေမျက်မှန်၊ နှုတ်ခမ်းနီဆိုးတဲ့ တီချယ်ဆရာမ ဒေါ်ပင်စီကျော်ငွေ။ အေကေဆန်ဘန်းနှင့်ဦးကျော်ငွေဆိုတဲ့ ရူပဗေဒစာအုပ်ရေးတဲ့ ဦးကျော်ငွေဆိုတာ တီချယ်ဒေါ်ပင်စီရဲ့ အဖေတဲ့။

မျက်မှန်နဲ့ကိုယ်လုံးကိုယ်ပေါက် လှတဲ့ တီချယ်ဒေါ်ခင်စော၊ စာပေစိစစ်ရေးမှူးဖြစ်သွားတဲ့ တီချယ်ဆရာမ ဒေါ်ညွန့်ရယ်၊ တီချယ်ဒေါ်ရှိန်မြင့်တို့ကို မှတ်မိတယ်။ လည်ပင်းတုန်တုန်နဲ့ ဆရာဦးမောင်ကြီး၊ တီချယ်ဆရာမ ဒေါ်ပေကြွယ်၊ တီချယ်ဆရာမကြီး ဒေါ်တင်တင်၊ တီချယ်ဆရာမ ဒေါ်ရင်မေ၊ အင်္ဂလိပ်စာသင်တဲ့ ၈၇ လမ်းမှာနေတဲ့ ဘိုမကြီးနဲ့တူတဲ့ တီချယ်ဒေါ်အေးကြည်တို့ကို မသင်လိုက်ရပေမယ့် ကောင်းကောင်းမှတ်မိတယ်။

ကျွန်တော်တို့နဲ့ ဘောလုံးကန်ဖက် သာယာကုန်းသား ဖေကြည်တို့ အစ်ကိုမောင်မောင်လှအေး (မိုးသိဂီ ဓာတ်ပုံ) ကိုတော့ ကန်တော်ကလေး စတိတ်ကျောင်းသား အမှန်ဖြစ်,မဖြစ် တကယ်မသိဘူး။ ကာယဆရာ ဦးအုန်းမြင့်သိနိုင်တယ်။ ကိုသန်းညွန့် သိနိုင်တယ်။ ကိုလှရီသိနိုင်တယ်။ ကိုကြီးမြင့်သိနိုင်တယ်။

ကျွန်တော် ၁၉၇၀ ပြည့်နှစ်၊ ဆယ်တန်းကျပြီး သမဝါယမ (အခြေခံ) စားကုန်ဆိုင်တာဝန်ခံ ဖြစ်ခဲ့တယ်။

ကျွန်တော် ဒီကနေ့ ဘာကောင်မှမဟုတ်ပေမယ့် ကလောင်ကလေးနဲ့ ထမင်းတစ်လုတ် စားနိုင်ခဲ့တာ ကျွန်တော့်ဆရာ,ဆရာမတွေရဲ့ ကြီးမားလှတဲ့ ဂုဏ်ကျေးဇူးကြောင့်ပါ။ ကျွန်တော် ဒီစာမျက်နှာပေါ်ကနေ ကန်တော့ပါတယ်။ အထူးသဖြင့် ခုနစ်တန်းတုန်းက မြန်မာစာဆရာမ တီချယ်ဒေါ်ခင်သန်းငွေ ကျေးဇူးကြောင့် အာဇာနည်နေ့ အကြောင်း ကျောင်းမှာဟောပြောခဲ့ဖူးတယ်။ ကျွန်တော်ဖြစ်ချင်တာ တစ်ခုပဲ ရှိတယ်။ "စာရေးဆရာပဲဖြစ်ချင်တယ်"။

ကျွန်တော့်စာဖတ်သူအားလုံးကို လေးစားပါတယ်။

❒ ချိုဘ



www.burmeseclassic.com

www.burmeseclassic.com

# မြေမှုဆိုး

တင်မောင်မောင်
(ပေါက်တုန်း)

ကလိပ်ရွာလေးကို အဝေးမှ ကြည့်လျှင် သစ်ပင်၊ ဝါးပင်တို့ ညို့ညို့ မှိုင်းမှိုင်းနှင့် အလွန်သာယာသော ရွာလေးဖြစ်သည်။ ရွာအလယ်ရှိ စေတီကြီးနှင့် တန်ဆောင်းတို့က ထည်ထည် ဝါဝါရှိနေသည်။

သို့သော်လည်း ရွာသားတို့မှာ ပြေလည်ကြသူများ မဟုတ်ကြ။ အများစုက လယ်လုပ်ငန်းဖြင့် အသက်မွေးကြသူများ ဖြစ်ကြသည်။ တချို့လည်း လယ်လုပ်ငန်း သီးသန့်လုပ်ကိုင်ကြသည် မဟုတ်။ ပိုက်ထောင်၊ ငါးများအလုပ်ကို ပါတွဲဖက်လုပ်ကိုင်ကြရသည်။ မိုးအခါ ချောင်းမြောင်းတို့က လယ်သမားတို့အတွက် ဝမ်းစာပုတ်သဖွယ် ဖြစ်သည်။

ထိုဒေသတစ်ဝိုက်၌ ယခင်က ကျူတော၊ ကိုင်းတောကြီးများ ပေါများသည်။ လွတ်လပ်ရေးရပြီးစ ခေတ်လောက်က ထိုဒေသတွင် သူပုန်များ ခိုအောင်းနိုင်လောက်အောင် တောထူသည်။ ယခုတော့ လယ်ယာမြေများ ချဲ့ထွင်လုပ်ကိုင်လာခဲ့ကြသဖြင့် ကျူတော၊ ကိုင်းတောများလည်း နည်းပါးလာခဲ့ကြသည်။

သို့သော်လည်း ကလိပ်ရွာ၏ အနောက်ဘက်၌ ရွှေဒင်္ဂါးကုန်းအမည်ရှိ ကျူတောကြီးက ထီးထီးကြီးရှိနေသည်။ ရွှေဒင်္ဂါးကုန်းဆီမှ ဒဏ္ဍာရီဆန်သော အဖြစ်အပျက်တို့ကလည်း ရွာသားများ၏ ပါးစပ်ဖျားတွင် ပြောစမှတ်ရှိနေကြဆဲပင်။ အထူးသဖြင့် ဉစ္စာစောင့်များ အကြောင်းနှင့် မြွေထူးဆန်းများ အကြောင်းတို့ပင် ဖြစ်သည်။

ထိုဒေသက မြွေအလွန်ပေါသည်။ မြွေပွေးနှင့် မြွေဟောက်တို့ အပေါဆုံးဖြစ်သည်။ ယခင်က လယ်ထဲ၌ မြွေကိုက်ခံရ၍ သေဆုံးသူ ဦးရေမှာ တစ်နှစ်လျှင် (၁၀)ယောက်ခန့်ရှိသည်။ ထို့ကြောင့် ကျေးလက်သဘာဝ မြွေပြီးဆေးများ လူတိုင်းလိုလို ထိုးလေ့ရှိကြသည်။ ထိုကြားထဲမှလည်း မြွေကိုက်ခံရ၍သေဆုံးနေကြရသည်။ ထို့နောက်ပိုင်း ရွာသားများထဲမှ အစွမ်းရှိသူများက မြွေဖမ်း၍ ရောင်းကြသည်။ ထိုသို့ မြွေဖမ်းရောင်းသူများ တစ်စစများလာသည့်အတွက်ကြောင့်ပင် မြွေများ လျော့ပါးလာရပြီး မြွေကိုက်ခံရမှုလည်း နည်းပါးလာခဲ့သည်။ ထိုမြွေဖမ်းသမားတို့ကို ထိုဒေသ၌ မြွေမုဆိုးဟု ခေါ်ကြသည်။

ရွှေဒင်္ဂါးကုန်းတွင် မြွေအလွန်ပေါသည်။ တစ်ခါတစ်ရံ လူ့ပေါင်လုံးခန့် မြွေကြီးများထွက်လာတတ်သည်ဟု ဆိုကြသည်။ မြွေမုဆိုးများသည်ပင် ရွှေဒင်္ဂါးကုန်းတောထဲသို့ မဝင်ရဲကြပေ။

ထိုဒေသရှိ မြွေမုဆိုးတို့တွင် ပေသီး ဆိုသူက ထင်ရှားသည်။ ပေသီး ငယ်စဉ်က ဖခင်ဖြစ်သူ သိမ်းဆည်းထားသော နဂါးစွယ် (မြွေကြီးတစ်ကောင်၏ အစွယ်ဖြစ်ဟန်တူသည်) ကိုယူ၍ မျိုမိခဲ့ဖူးသည်။ နဂါးစွယ်က မြွေပီးဆေးထိုးရာတွင် အသုံးပြုရသည်။ ရွာသားများက ပေသီးနဂါးစွယ်ကို မျိုမိ၍ အစွမ်းထက်သည်ဟု ယူဆနေကြသည်။

ပေသီးတို့မိသားစုက ဆင်းရဲနွမ်းပါးကြသည်။ ပေသီး၌ သားသမီး ငါးယောက် ရှိသည်။ သားသမီးများက အရွယ်မရောက်တတ်ကြသေး။ မိသားစု စားဝတ်နေရေးအတွက် သူတို့ လင်





www.burmeseclassic.com

www.burmeseclassic.com

မယား နှစ်ယောက် အခစားလုပ်ကြရသည်။ အခစားလုပ်၍ ရသည့်ငွေ မလောက်မငနှင့်ပင် မိသားစုဘဝ ရပ်တည်နေကြရရှာသည်။ ပေသီးက မြွေမုဆိုးဆိုသော်လည်း မြွေဖမ်း၍ စီးပွားရှာသူမဟုတ်။ ဖမ်းဆီးရရှိသည့် မြွေကိုလည်း သတ်လေ့မရှိ။ သူတစ်ပါးကိုသာ ပေးလေ့ရှိသည်။ ပေသီးက အခြားမြွေမုဆိုးများကဲ့သို့ မြွေကိုရှာ၍ ဖမ်းဆီးသူမဟုတ်ပေ။ ကြုံလာခဲ့လျှင်သာ ဖမ်းလေ့ရှိသည်။ ထိုသို့ ဖမ်းဆီးသည့်အခါ၌ မြွေများက သူ့အား အန္တရာယ်မပြုနိုင်ကြပေ။

တစ်ခါက ပေသီးတစ်ယောက် မြွေပွေးတစ်ကောင်ကို ဖမ်းကာ မြွေအရှင်ကိုလည်ပင်း၌ ပတ်ထားသည်။ မည်သည့် မြွေမုဆိုးမှ ထိုသို့ ပြုလုပ်လေ့မရှိပေ။ အန္တရာယ်များသော အပြုအမူမို့ ရှောင်ကြသည်။ ဒေါသဖြင့် ကိုက်သော မြွေဆိပ်က အန္တရာယ်အကြီးဆုံးဟုဆိုကြသည်။ အခြားတစ်ယောက်ယောက်ကို ကိုက်မိလျှင်ဖြစ်စေ၊ ခြစ်မိလျှင်ဖြစ်စေ အန္တရာယ်ရှိနိုင်ပေသည်။

ရွာသားတချို့က ပေသီးကို ထိုသို့မပြုလုပ်ရန် တားကြသည်ကို ပေသီးက မည်သို့ နားလည်သွားသည်မသိ။ မြွေပါးစပ်ကိုဖြဲကာ အစွယ်ဖြင့် ခန္ဓာကိုယ်ပေါ်သို့ ခြစ်ပြသည်။ သဘောက မြွေဆိပ်က သူ့အား အန္တရာယ်မပြုနိုင်ဆိုသည့် သဘောပင်။ ထို့ကြောင့်လည်း ရွာသားတို့က ပေသီးကို ပါရမီပါလာခဲ့သူဟု သတ်မှတ်ကြသည်။

လွန်ခဲ့သော နှစ်လခန့်လောက်က ပေသီးတို့ထံသို့ အကြွေးရှင်တစ်ဦး ရောက်လာပြီး အကြွေးတောင်းသည်။ ပေသီး၌ ပေးစရာမရှိသဖြင့် အကြွေးရှင်က အမျိုးမျိုးပြောဆိုသွားသည်။ ပေသီးတစ်ယောက် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်မိသည်။ သူတို့၌ စားစရာပင် အနိုင်နိုင်မို့ တင်ရှိနေသည့် အကြွေးကို မဆပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း အကြွေးရှင်က သက်ဆိုင်ရာသို့ တိုင်တန်းမည်ဟု ဆိုနေသည်မို့ ရှာကြံ၍ ဆပ်ရတော့မည်။ ထို့အတွက် ငွေရှာ၍ ရနိုင်မည့်အလုပ်ကို ရှာနေမိသည်။

ထိုရက်ပိုင်း အတွင်း၌ မြို့မှ ကလိပ်ရွာသို့ မြွေဝယ်သူများ ရောက်နေကြသည်။ ပေသီးက သူ၏ အခက်အခဲကို သူငယ်ချင်းဖြစ်သူ မြသိန်းအား ပြောပြတိုင်ပင်မိသည်တွင် မြသိန်းက. .

"ကဲ ပေသီး၊ မင်းဘာမှ စိတ်ညစ်မနေနဲ့၊ ငါ အကြံတစ်ခုပေးမယ်၊ အခု ရွာထဲမှာ မြွေအရှင် ဝယ်တဲ့သူတွေ ရောက်နေတယ်၊ ဈေးလဲ ကောင်းတယ်လို့ ကြားတယ်၊ ဟို့ရွာမှာ မြွေအရှင်ဖမ်းနိုင်တာဆိုလို့ မင်းပဲရှိတာ၊ အဲဒီတော့ မင်း စိတ်ကူးမလွဲနဲ့၊ မြွေဖမ်းပြီးသာ ရောင်းလိုက် မင်းကိစ္စ အဆင်ပြေသွားလိမ့်မယ်"

ပေသီးက ကြံ၍မရသည့်အဆုံး မြသိန်းပြောသည့်အတိုင်း မြွေဖမ်း၍ ရောင်းလိုက်ရာ အကြွေးကိစ္စအဆင်ပြေသွားသည်။ ထို့အပြင် သုံးစွဲရန်ငွေပို ငွေလျှံလေးများပင် ရလိုက်သေးသည်။ ပေသီးတစ်ယောက် အခက်အခဲတစ်ခုကို ဖြေရှင်းလိုက်နိုင်၍ ကျေနပ်ခဲ့ရသလို သူ၏ အစွမ်းအစကိုလည်း အားထားစရာအဖြစ် နားလည်လိုက်သည်။

လွန်ခဲ့သော တစ်လခန့်လောက်က မြွေဝယ်သူများ ပေသီးထံ ရောက်လာကြသည်။

"ကိုပေသီး မြွေရောင်းဖို့ရှိသေးလားဗျ၊ ဈေးကောင်းရမှာနော်"

"မရှိပါဘူးဗျာ၊ အခုရက်ပိုင်း ဦးတုတ်ကြီးလယ်ထဲမှာ အငှားလိုက်လုပ်နေရတယ်ဗျ"

"အဲဒါ ပြောတာပေါ့၊ အခု ကိုပေသီး အငှားလိုက်လုပ်တာ တစ်နေ့ ဘယ်လောက်ရလဲ"

"နေ့စားခ နှစ်ထောင်လောက်တော့ ရတာပေါ့ဗျာ"

"ကိုပေသီး အဲဒီငွေနဲ့ ခင်ဗျား မိသားစု ဘယ်လိုလုပ် လောက်မှာလဲ၊ ခင်ဗျားသာ မြွေဖမ်းပြီး ရောင်းနိုင်ရင် တစ်သောင်းလဲ ဟုတ်တယ်၊ နှစ်သောင်းလဲ ဟုတ်တယ်၊ ခင်ဗျားက ရှာပေး၊ ရောင်းပေးဖို့က ကျွန်တော်တို့ တာဝန်ထား၊ ကျွန်တော်တို့မှာ အဆက်အသွယ်တွေ အများကြီးရှိတယ်"

"ဟို ဟိုဗျာ ကျွန်တော်က အဲဒီလို စီးပွားဖြစ် ဖမ်းရောင်းတာမျိုး မလုပ်ဖူးဘူးဗျ၊ ဟိုတစ်ခါရောင်းတယ်ဆိုတာကလဲ အကြွေးဆပ်ဖို့ ငွေလိုနေလို့ လုပ်မိတာပါဗျာ"

"ဩော် ကိုပေသီးနှယ်၊ အရင်က မလုပ်ဖူးလို့ အခုလုပ်ဖို့ ပြောနေတာပေါ့ဗျ၊ ခင်ဗျား မိသားစု တင့်တောင်းတင့်တယ် နေနိုင်စားနိုင်ဖို့ဆိုတာ သူများဆီ အခစားသွားလုပ်လို့ ဘယ်ဖြစ်လာနိုင်မှာလဲ၊ ခင်ဗျားမှာရှိတဲ့ အစွမ်းအစကိုသာ အသုံးချလိုက်စမ်း၊ ခင်ဗျား မိသားစု အချိန်တိုအတွင်းမှာ အဆင်ပြေသွားလိမ့်မယ်"

ပေသီးက မြွေဝယ်သူများ၏ စကားကို စိတ်ဝင်စားမိသည်။ သူ့ဘဝ လူမှန်းသိတတ်စမှ ယခုချိန်ထိ ဆင်းရဲချို့တဲ့စွာ နေခဲ့ရသလို ပင်ပန်းဆင်းရဲစွာ ရှာဖွေစားသောက်ခဲ့ရသည်။ မိသားစုသည်လည်း တစ်နေကုန် ပင်ပန်းကြီးစွာ လုပ်ရသလောက်စားရ၊ ဝတ်ရတော့ လူတန်းစေ့အောင်ပင် အကျိုးမခံစားရရှာပေ။ လူသားပီပီ ချမ်းသာကြွယ်ဝသည့် အရသာကို ခံစားလိုမိသည်။ ယခု ထိုဆင်းရဲဒုက္ခတို့မှ လွတ်မြောက်နိုင်မည့် အခွင့်အရေးကို တွေ့ရပေပြီ။ လုပ်ရမည့် အလုပ်ကလည်း သူ့အတွက် ထူးထူးထွေထွေမဟုတ်။ သူကိုယ်တိုင်ကျွမ်းကျင် ယဉ်ပါးသော အလုပ်ဖြစ်သည်။

ထို့နောက် ပေသီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ဆင်းရဲမှုတို့မှ လွတ်ကင်းရာ မိသားစု ဘဝလေးကို တည်ဆောက်မည်။ တစ်သက်လုံး ပင်ပန်းဆင်းရဲစွာ မနေလိုတော့။ ချမ်းသာခြင်း သုခ ဆိုသည်ကို လူ့ဘဝရခိုက် အချိန်လေးတွင် ခံစားနိုင်ရမည်။ ထို့ကြောင့် မြွေဖမ်း၍ ရောင်းရမည်။


www.burmeseclassic.com

www.burmeseclassic.com

“ရှေ့ ကိုပေသီး၊ ဒီမှာ ငွေ သုံးသောင်းခွဲ၊ တွေ့လား ကိုပေသီး၊ အခု ခင်ဗျား မြွေ ငါးကောင်ရောင်းလို့ရတဲ့ ငွေက ခင်ဗျား နေ့စားသွားလုပ်လို့ တစ်ရက် နှစ်ရက်နဲ့ ဘယ်မှာ ရနိုင်မှာလဲ၊ အချိန်တိုအတွင်းမှာ အခု ခင်ဗျားပိုင်ဆိုင်သွားပြီလေ၊ ခင်ဗျားရဲ့ ဘဝကို ပြောင်းလဲနိုင်ဖို့အတွက် အခွင့်အရေးပဲ နော်”

ပေသီး ငွေစက္ကူများကို ကြည့်ကာ အားရကျေနပ်နေသည်။ သူ့ဘဝ၊ သူ့မိသားစု၏ အနာဂတ်အတွက် စိတ်ကူးများဖြင့် ပုံဖော်ကြည့်မိသည်။ အလွန်ပျော်ရွှင်ဖွယ်ကောင်းသော မိသားစုဘဝလေးကို ခံစားမိသည်။

ထိုညအိပ်ရာဝင်လျှင် အိပ်မက်တစ်ခုကို မက်ခဲ့သည်။ အိပ်မက်ထဲ၌ ရေထဲမှ အသက်ကြီးကြီး လူကြီးတစ်ဦး ပေါ်လာပြီး. . .

“ကောင်လေး မင်းဟာ မိစ္ဆာဇီဝနဲ့ အသက်မွေးမှုပြုရုံမက ကိုယ့်အမျိုးကို ဖျက်ဆီးတဲ့သူ ဖြစ်နေပြီကွဲ့၊ နောက်မများအောင် ဆင်ခြင်ပါကွယ်”

အိပ်မက်က လန့်နိုးလာပြီးနောက် စဉ်းစားနေမိသည်။ သို့သော်လည်း အိပ်မက်ထဲက လူကြီး၏ စကားတို့ကို နားမလည်နိုင်ပေ။ မြွေဖမ်းရောင်းသည့်အလုပ်က သူ့အတွက် အတော်လေး အဆင်ပြေနေသည်။ အရင်လို ပူပင်သောကတို့ဖြင့် ရပ်တည်စရာမလိုတော့ပေ။ သောကတို့ လျော့ပါးနိုင်ခြင်းသည် ချမ်းသာခြင်းတစ်မျိုး ဖြစ်သည်။ သို့သော်လည်း ထိုသုခက ချမ်းသာအစစ်လား၊ ချမ်းသာအတုလား ဆိုသည်ကို မခွဲခြားနိုင်သေးပေ။ ယခုအချိန်က သူ့အတွက် လက်ဖျားငွေသီးနေချိန်မို့ အိပ်မက်တိုင်းက လှနေသည်။ မိသားစုအတွက် အိမ်ကောင်းကောင်းလေး တစ်လုံး ဆောက်လုပ်ပေးနိုင်ရန် စိတ်ကူးထားမိသည်။

ယခုရက်ပိုင်း ပေသီး၏ အိပ်မက်တို့က မကောင်းပေ။ အိပ်မက်တိုင်း ကြောက်လန့်စရာများပါနေတတ်သည်။ သို့သော်လည်း သွေးလေချောက်ချား၍ မက်ခြင်းဟုသာ စိတ်ကို ဖြေလိုက်သည်။ ဒီတစ်ခေါက် မြို့က မြွေဝယ်သူများက အကောင်ရေများများ ဖမ်းပေးဖို့ မှာထားသည်။ ဈေးကောင်းပေးမည်ဟုဆိုသည်။ တစ်ချီတည်းနှင့် သိန်းဂဏန်းလောက် ငွေကို ရနိုင်မည်။ သူ့ဘဝ၌ သိန်းဂဏန်းလောက်ငွေကို တစ်ကြိမ်မျှ မကိုင်ခဲ့ ဖူးပေ။ ယခု ထိုငွေအတိုင်းအတာလောက် ရမည်ဆို၍ ပေသီး လောဘတက်နေမိသည်။

နံနက် စောစောလောက်ကတည်းက မြွေဖမ်းရန် ပလိုင်းနှင့်ကိရိယာများ ယူဆောင်ကာ အိမ်မှ ထွက်လာခဲ့သည်။ မြွေအကောင်ရေ များများ ရနိုင်ဖို့က ချောင်း၊ မြောင်းနှင့် လယ်ကွက်များတို့တွင် လှည့်လည်ရှာနေခြင်းထက် မြွေများများခိုအောင်းနေရာ ရွှေဒဂီးကုန်း ကျူတောကြီးထဲရှာခြင်းကပို၍ အလုပ်ဖြစ်မည်။ သို့သော်လည်း ရွှေဒဂီးတောကြီးမှ ဂန္ဓာရီဆန်သော ဖြစ်ရပ်တို့က လူတို့ ပါးစပ်ဖျားတွင် ပြောစမှတ်ရှိနေကြသည်။ တချို့ မြွေမုဆိုးများက ထိုတောကို ရှောင်ကြသည်။ တချို့လည်း ဘေးအန္တရာယ်တို့နှင့် ကြုံခဲ့ကြရသည်။ ပေသီးက သူ့ကိုယ်သူ ယုံသည်။ သူ့အတွက် အန္တရာယ်မရှိနိုင်ဟု ယုံကြည်သည်။

ထို့နောက် ရွှေဒဂီးကုန်းတောထဲသို့ တစ်ယောက်တည်း ဝင်လာခဲ့မိသည်။ ကျူတောကြီးက ကျူပင်၊ ကိုင်းပင်တို့ ထူထပ်ရုံမက တွင်းပေါက်ကြီးငယ်တို့ကိုလည်း နေရာအနှံ့တွေ့ရသည်။ တစ်နေရာအရောက် တွင်းပေါက်ငယ်တစ်ခုရှေ့ရှိ မြက်ပင်များပေါ်မှ မြွေခြေရာများ (မြွေဗိုက်ရာများ) ကိုတွေ့ရသည်။ ပေသီးသိလိုက်ပြီ။ ထိုအနီးတွင်းပေါက်များထဲတွင် မြွေပွေး သုံးလေးကောင်ရှိနေသည်။ ထို့ကြောင့် ပါလာသည့် ချိတ်နှင့် တွင်းများထဲသို့ ထိုးထည့်လိုက်သည်တွင် တွင်းထဲရှိမြွေများ မနေနိုင်တော့၍ အပြင်သို့ ထွက်လာကြသည်။ ပေသီးက ထွက်လာသောမြွေများကို ပလိုင်းထဲကောက်ထည့်လိုက်သည်။ စုစုပေါင်း မြွေပွေး သုံးကောင်ဖြစ်သည်။

ထိုအချိန် ဘယ်ကမှန်း မသိသော တောတိုးသံများကို ကြားလိုက်ရသည်။ တောတိုးသံနှင့်အတူ မြွေတွန်သံများကိုလည်း ကြားရသည်။ ပေသီး တစ်ယောက် ကြက်သီးများပင် ထသွားသည်။

ထိုကဲ့သို့သော အဖြစ်မျိုး တစ်ခါမျှ မကြုံခဲ့ဖူးပေ။ ထိုချောက်ချားဖွယ်အသံများကြောင့် ထိတ်လန့်သွားရသည်။

ရင်ထဲ၌ တဒိန်းဒိန်းမြည်သံနှင့်အတူ လက်ဝဲဘက်ရင်အုံဆီမှ ထိုးအောင့်လာသည်။ ထို့ကြောင့် ခေတ္တငြိမ်နေလိုက်သည်။ ခဏအကြာ ထိုတောတိုးသံများလည်း တိတ်သွားသည်။

သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်နေသည်။ သို့သော်လည်း သူနောက်ပြန်လှည့်၍ မဖြစ်။ ယခုတစ်ကြိမ်ဖြစ်မည့် အရောင်းအဝယ်ပွဲက သူ့အတွက် မက်လောက်စရာဖြစ်သည်။ သူ၏ စိတ်ကူးအိပ်မက်တို့ကို အပျက်စီးမခံနိုင်ပေ။

ထို့နောက် တွင်းပေါက်များဆီ ဆက်လျှောက်ကာ မြွေအကောင်ရေ များများ ရနိုင်ရန် ကြိုးစားနေသည်။ မလှမ်းမကမ်းတွင် တွင်းပေါက်တစ်ခုထဲသို့ ဝင်သွားသည့် မြွေတစ်ကောင်၏ အမြီးပိုင်းကို တွေ့လိုက်ရသည်။ ထို့ကြောင့် တွင်းပေါက်အတွင်းမှ မြွေကို ဖမ်းယူနိုင်ရန် ကြိုးစားလိုက်သည်။ ထိုစဉ် စောစောက ကြားခဲ့ရသည့် တောတိုးသံနှင့်အတူ အသံဗလံများကို ကြားရပြန်သည်။ ပေသီးက လက်ထဲမှ ချိတ်ကို လွှတ်ချလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်မိသည်။ မျက်နှာတူရူဆီမှ သူရှိရာဘက်ဆီ လာနေဟန်ရှိသော အရာတစ်ခုကြောင့် ကိုင်းပင်များ လှုပ်ယမ်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပေသီး၏ ထိတ်လန့်မှုက ဒုတိယအကြိမ်ဖြစ်ပေါ်လာပြန်သည်။ ထိတ်လန့်မှုနှင့်အတူ သူ၏ ဝေဒနာဟောင်းက ပြန်ပေါ်လာသည်။ ရင်ဘတ်ထဲ စူးနေအောင် အောင့်နေသည်။ စောစောက အရာကြီး လာရာဘက်ဆီကြည့်နေမိသည်တွင် ကိုင်းတောထဲမှ တိုးထွက်လာသော ခွေးမည်းကြီးတစ်ကောင်ကိုသာ တွေ့ရသည်။

ပေသီးတစ်ယောက် ရင်ဘတ်ထဲအောင့်သည့် ဝေဒနာကို မခံရပ်နိုင်တော့သဖြင့် အားတင်းကာ အိမ်သို့ပြန်ခဲ့ရသည်။ ပေသီး၏စိတ်တွင် အရောင်းအဝယ်ဖြစ်လျှင် ရမည့်ငွေ သိန်းဂဏန်းအတွက် သောကဖြစ်မိသည်။ သူသာ မှာထားသည့် မြွေများ မဖမ်းနိုင်ခဲ့လျှင် မနက်ဖြန် အရောင်းအဝယ်ပွဲပျက်ပြီ။ ထိုတင်မက သူ့စိတ်ကူး အိပ်မက်တွေလည်း ပျက်စီးရတော့မည်။ သူ့ဝေဒနာကြောင့်သာ ပြန်ခဲ့ရသည်။ ခြေလှမ်းတို့က လေးလံလျက်။

အိမ်ရောက်သည်နှင့် တင်းထားသောစိတ်ကို လျှော့လိုက်သည်။ ဖျာတစ်ချပ်ပေါ်တွင် လဲလျောင်းကာ အနားယူနေသော်လည်း အရောင်းအဝယ်ပွဲပျက်တော့မည့်အရေးကို တွေးကာ စိတ်မကောင်း ဖြစ်နေမိသည်။ ထိုအချိန် အိမ်ရှေ့သို့ ရောက်လာသော ဆိုင်ကယ်သံကို ကြားရသည်။ ဆိုင်ကယ်နှစ်စီးပေါ်မှ လူသုံးဦး ဆင်းလာကြပြီး ပေသီး၏ အိမ်ဝဆီ ရောက်လာကြသည်။

"ကိုပေသီး ရှိပါသလား ခင်ဗျာ"

ပေသီး အိမ်ရှေ့ ရောက်လာကြသည့် ဧည့်သည်များကို ကြည့်မိသည်။ သူတို့ကို ပေသီးမသိ။ သူတို့တွေက လူကုံထံတွေဟု ယူဆရသည်။ ပေသီးက အသာအယာထလိုက်ပြီး. . .

"ဟုတ်ကဲ့ ပေသီးဆိုတာ ကျွန်တော်ပါ"

"ဩော် ကိုပေသီး၊ ကျွန်တော်တို့ တစ်ခုလောက် အကူအညီတောင်းချင်လို့ပါ၊ ဒီက ရွာသားတွေကလဲ ကိုပေသီးပဲ လုပ်နိုင်တာမို့ ကိုပေသီးဆီကို လမ်းညွှန်လိုက်ကြတာပါ"

သူတို့ကို အကဲခတ် ကြည့်မိသည်။ သူတို့ တစ်စုံတစ်ခုကို အရေးတကြီးလိုအပ်နေဟန်ရှိသည်။

"ဒါက ရန်ကုန်မြို့က လုပ်ငန်းရှင် သူဌေးကြီးဦးမြတ်သူပါ"

"ဟုတ်ပါတယ်၊ ကျွန်တော့် ဇနီးမှာ ကင်ဆာရောဂါ ဖြစ်နေတယ်လို့ ဆရာဝန်တွေက ပြောတယ်၊ ပြီးတော့ နောက်ထပ် သုံးလလောက်ပဲ အသက်ရှင်တော့မယ်လို့လဲ ပြောပါတယ်၊ အဲဒီအတွက် ဆရာတစ်ဦးက မြွေပွေးကို စီရင်ပြီး စားရင် ကင်ဆာရောဂါလုံးဝ ပျောက်ကင်းနိုင်တယ်ပြောလို့ ကျွန်တော်တို့လဲ လက်လှမ်းမီရာမှာ မြွေပွေးအရှင် လိုက်ရှာဝယ်နေတာပါ၊ အခုထက်ထိ မရနိုင်သေးဘူး ဖြစ်နေတယ်၊ လူနာအတွက် တစ်နေ့ဆိုတစ်နေ့ သိသာလှတာမို့ ဒီကမိတ်ဆွေကို အကူအညီတောင်းရတာပါ၊ ဖြစ်နိုင်ရင် ကျွန်တော့်ကို မြွေပွေးအရှင် သုံးကောင်လောက် ဖမ်းပေးပါဗျာ၊ အဲဒီအတွက် ခင်ဗျားကြိုက်သလောက်တောင်းပါ၊ ကျွန်တော် မငြင်းပါဘူး"

ပေသီးတစ်ယောက် မနက်ဖြန် အရောင်းအဝယ်ပွဲပျက်မည်ကို တွေးကာ စိတ်မကောင်း ဖြစ်နေရသည့်ကြားထဲ တောင်းဝယ်နေသူနှင့် လာတိုးနေရသည်။ သူဌေးဆိုသူက သူ့မိန်းမသေရေးရှင်ရေးကိစ္စမို့ ယခုလို အကူအညီလာတောင်းခြင်း ဖြစ်သည်ကို မကူညီလျှင်လည်း ရိုင်းရာကျဦးမည်။ လူ့အသက်တစ်ချောင်း ကယ်ကောင်းပါသည်ဟု စိတ်ကိုမွေးကာ ဖမ်းထားသည့် မြွေပွေးသုံးကောင်ကို ထုတ်ပေးလိုက်သည်။

သူဌေးဆိုသူက ဝမ်းမြောက် ဝမ်းသာစွာဖြင့်. . .

"မိတ်ဆွေ ကျွန်တော့်ကို အခုလို ကူညီတာ အရမ်းပဲ ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော် ခင်ဗျားရဲ့ ကျေးဇူးကို မမေ့ပါဘူးဗျာ၊ မိတ်ဆွေ ဒီမြွေသုံးကောင်အတွက် ကျွန်တော် ဘယ်လောက်ပေးရမလဲ၊ မိတ်ဆွေတောင်းချင်သလောက် တောင်းပါ"

ပေသီးက သူဌေးဆိုသူ၏ ဝမ်းမြောက်ကျေနပ်နေပုံကို ကြည့်ကာ ပီတိဖြစ်မိသည်။ သူဌေးလည်း သူ့ဇနီး၏ အသက်ကို ကယ်တင်နိုင်တော့မည်ကို ဝမ်းသာနေရှာပေမည်။ မိမိအနေဖြင့်လည်း လူ့အသက်တစ်ချောင်းအတွက် ကူညီလိုက်တယ်လို့ပဲ သဘောထားလိုက်တော့မည်။

ထို့ကြောင့် ပေသီးက . . .

"သူဌေးအတွက် အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ၊ ဘယ်ရွှေ့ဘယ်မျှရယ် မတောင်းတော့ပါဘူး၊ သူဌေး ပေးချင်သလောက်သာ ပေးခဲ့ပါ"

ထို့နောက် သူဌေးက လက်ဆွဲအိတ်ကို ဖွင့်လိုက်ပြီး ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားသော ငွေထုပ်ကို ဆွဲထုတ်ကာ ပေသီးရှေ့သို့ချလိုက်ပြီး နှုတ်ဆက်ကာ ပြန်သွားကြသည်။ ပေသီးက ငွေထုပ်ကို ဖွင့်ကြည့်လိုက်သည်။ ငွေက (၁၅)သိန်းတိတိ။

မကြာမီ ပေသီး၏ ဇနီးအော်ဟစ်ငိုသံကို ကြားလိုက်ရသည်။

"အီး ဟီး ဟီး . . . ကိုပေသီး၊ ဒီမှာ ရှင်ရှာနေတဲ့ ငွေတွေလေ၊ ထသုံးပါဦးလား . . . အီး ဟီး ဟီး၊ ငွေပုံကြီးကို တွေ့လို့ တော် ဝမ်းသာသွားလိုက်တာ အခုတော့ အသက်ပါ ပါခဲ့ရပြီ၊ ကိုပေသီးရဲ့ . . . အီး ဟီး ဟီး"

မြွေမှဆိုး ပေသီးတစ်ယောက် မြွေက သူ့အား မသတ်နိုင်သော်လည်း ငွေက သူ့အား သတ်နိုင်ခဲ့လေပြီ။

လောဘစိတ်သည် ရုပ်အစုဖြစ်သော ခန္ဓာအား ပျက်စီးနိုင်စွမ်း ရှိပေသည်တကား။

❒ တင်မောင်မောင်(ပေါ်တိကျွန်း)



www.burmeseclassic.com

www.burmeseclassic.com




ဆင်ခြင်တုံတရားဖြင့် အတွေး အမြင်သစ်ကို ဉာဏ်ပွင့်အောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းကို ပြောင်းပြန်လှန်ခြင်းလို့ အမည်တပ်ခံရမှာ ဖြစ်ပါတယ်။ ပြောင်းပြန်လှန်ခြင်း အမျိုးမျိုးရှိကြတာကို သတိထားပြီး ကြည့်ပါ။ စဉ်းစားဉာဏ်၊ စိစစ်ဉာဏ်၊ ဝေဖန်ဉာဏ်၊ ဆန်းစစ်ဉာဏ်၊ ပွားများဉာဏ်တို့ဖြင့် ကြည့်တတ်သူတို့ အမှန်ပင် တွေ့မြင်နိုင်ပါသည်။

အထက်မှအောက်သို့ ပြောင်းပြန်လှန်သည်ကို "ဇောက်ထိုး" ဟုခေါ်၍ အောက်မှအထက်သို့ ပြောင်းပြန်လှန်သည်ကိုတော့ "မိုးမျှော်"ဟု ခေါ်ပါသည်။ ဝေါဟာရကတော့ "ဇောက်ထိုး မိုးမျှော်" ဖြစ်ပါသည်။

နှလုံးကောင်းစိတ်ဖြင့် သတိကပ်သူတို့ ပြုလုပ်သော ပြောင်းပြန်လှန်မှုသည် အထက်ဘဝဂ်သို့ တိုင်အောင် ရောက်သွားနိုင်သလို သစ္စာအရှိတရားကို မသိ၊ အဖြစ်တရားတွေကို အမှန်ထင်သူ ပညာမဲ့များပြုလုပ်သောပြောင်းပြန်လှန်မှုကျတော့ ချောက်နရက်သို့တိုင် စိုက်ကျသွားနိုင်ပါသည်။

ပြောင်းပြန်လှန်တိုင်း အကောင်းချည်းပဲ မဖြစ်နိုင်သလို အဆိုးချည်းပဲလည်း မဖြစ်နိုင်ပါဘူး။ ပြောင်းပြန်လှန်သူ၏ ပညာ၊ သီလ၊ သမာဓိရှိမှု၊ ချို့တဲ့မှုတို့အပေါ်တွင် မူတည်ပြီး အကောင်း၊ အဆိုး ဖြစ်နိုင်ပါသည်။

အမှားကို ပြောင်းပြန်လှန်လိုက်လျှင် အမှန်ဖြစ်သွားသလို အမှန်ကို ပြောင်းပြန်လှန်လိုက်တဲ့အခါ အလင်းကို အမှောင်ပိတ်ဖုံး လိုက်သလို အမှားအမိုက်တိုက်ကြီး အတိ ဖြစ်သွားနိုင်ပါတယ်။ ဒီလိုပဲ အကြောင်းအကျိုး၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြားခြင်းဖြင့် အမှန်မှာတော့ သဘာဝအားဖြင့် မမှန်သောအရာသည် ကောင်းသည်ဟုပဲ ခေါ်ခေါ် (ဝါ) မကောင်းဘူးပဲဟု ခေါ်ခေါ် မည်သည့်နည်းနှင့်မျှ အမှန်မဖြစ်နိုင်ချေ။

ကောင်းကောင်း၊ မကောင်းကောင်း လူသား၏အကြိုက်ကို လိုက်၍ သတ်မှတ်ခြင်း ဖြစ်သလို မှန်၊ မမှန် သဘောကတော့ လူသား၏ အလိုအကြိုက်ကို ဘယ်သောအခါမျှ လိုက်ရိုးမရှိသော သဘာဝတရားဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ လူသားခေါင်းဆောင်အချို့ ပြောင်းပြန်အလှန်မှားသွားလို့ လူ့လောကကြီးတစ်ခုလုံး တုန်လှုပ်ဆူပွက် လောင်ကျွမ်းပြီး ပျက်စီးသွားတာကို လူ့သမိုင်း စာမျက်နှာများစွာမှာ တွေ့မြင်နိုင်ပါသည်။ ပထမနှင့် ဒုတိယ ကမ္ဘာစစ်ပွဲကြီးများနှင့် ဒေသပိုင်းခြားစစ်ပွဲများ ဖြစ်ကြပါသည်။

အတွင်းကို ပြောင်းပြန်လှန်လိုက်လျှင် အပြင်ဖြစ်သွားသလို အပြင်ကို ပြောင်းပြန်လှန်လိုက်လျှင် အတွင်းလို့ ခေါ်ရမှာ ဖြစ်ပါတယ်။ ရိုးရိုးလေးပါပဲ။ ဒီရိုးရိုးလေးသဘာဝတရားကို နားလည်ဖို့ သိမြင်အောင် ဉာဏ်ပွင့်ဖို့ အလွန့်အလွန် လိုအပ်လှပါတယ်။ သက်ရှိကို ပြောင်းပြန်လှန်လိုက်လျှင် သက်မဲ့ဖြစ်သွားပါ၍ သက်မဲ့ကို ပြောင်းပြန်လှန်လိုက်လျှင် သက်ရှိဖြစ်သွားပါတယ်။ သက်ရှိဆိုတော့ တန်ဖိုးရှိသွားတာပေါ့။ ရှင်းအောင် သဘောပေါက်နိုင်ပါတယ်။

သဘာဝမကျသော အတ္တကို သဘာဝကျအောင် ပြောင်းပြန်လှန်လိုက်လျှင် န-အတ္တ(အနတ္တ) ဖြစ်သွားပါတယ်။ "အတ္တ"ကို "အနတ္တ" ဖြစ်အောင် ပြောင်းပြန်လှန်တတ်ဖို့ကျတော့ ဘဝပေါင်းများစွာအနစ်နာခံပြီး အချိန်ကာလပေါင်းများစွာ ပညာ၊ သီလ၊ သမာဓိတို့ ကြီးရင့်သည်ထက် ကြီးရင့်အောင် ဖြည့်ဆည်းပြီး ထိုးထွင်းသိမြင်မှု ပညာပြည့်ဝမှု အကျင့်သီလ ပြည့်မီှမှု စိတ်၏တည်မှီရာ၊ သတိတရားရှိမှု ပြီးပြည့်စုံတဲ့ မဟာလူသား အနေဖြင့် ပြောင်းပြန်လှန်နိုင်တဲ့ အမှုကိစ္စပါ။

အရမ်းယုံ၊ အကန်းယုံ၊ အစဉ်အလာသမားကြီးတွေ စိတ်အထင် စာအစွဲ မကင်းကြတဲ့ ပညာမဲ့တုံး လူပေတုံးတွေ သူများပါးစပ်ဖျားမှာ လမ်းဆုံးနေသူတွေ လုပ်လို့ရတဲ့ကိစ္စ မဟုတ်တဲ့အတွက်လည်း ယခုလို ပုထုဇဉ်တွေ ပေါ်များနေရတာပေါ့ဗျာ။

အမှားကို အမှန်ဖြစ်အောင် ပြောင်းပြန်မလှန်ရဲတဲ့ လူ့သူရဲဘောကြောင်ကြီးများ၊ ကမ္ဘာ့လူကြောက် သူရဲကောင်းကြီးများတို့ အပေါ်စီးရနေတဲ့ ဤကမ္ဘာမြေကို ပြောင်းပြန်မလှန်နိုင်သေးသမျှ ကာလပတ်လုံး လူ့လောကကြီးမှာ "ငွေရေး ကြေးရေး" "ရာသီဥတုအရေး" "စီးပွားရေး" "ပညာရေး" "ကျန်းမာရေး" "လူမှုရေး" စသော အရေးပေါင်းများစွာတို့ မပြေမလည်မှုများဖြင့် ဖိစီးနှိပ်စက်ခံရပြီး လူသားတို့၏ "ဒုက္ခ" ဝန်ထုပ်ကြီး ကြီးသည်ထက် ကြီးနေပေဦးမည်။ ဝန်ပိနေသော ကမ္ဘာကြီးက အသက်ရှူသံ ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ ရောဂါတက်နေတဲ့ လူမမာကြီးပမာ အလားပါ။

ဒါ့ကြောင့် ကမ္ဘာ့လူသားထုကြီး သတိကြီးကြီး ပညာကြီးကြီး သတ္တိဗျတ္တိကြီးကြီးဖြင့် ရဲရဲရင့်ရင့် ပြောင်းပြန်လှန်ကြကုန်လော့။ မဟာကောင်းမှု ကုသိုလ်တော်ကြီးကို ပြုကြကုန်လော့ဟု ဓမ္မစည်တော်ကြီးကို မဟာလူသား ဗုဒ္ဓရှင်ကျွမ်းခဲ့လို့ ယနေ့တိုင် မြည်ဟည်းဆဲပါ။

အမှားကို အမြန်ပြောင်းပြန်လှန်လိုက်မှ အတည့်အမှန် ဖြစ်သွားမှာ။

တစ်ခါတုန်းက အမေအိုကြီး တစ်ယောက် သီလထိန်းရန် ကျောင်းကို သွားဖို့ပြင်ဆင်နေတုန်း "မီး" "မီး" "မီး" ဆိုပြီး အော်သံတွေကြားလို့ လန့်ဖြန့်ပြီး သိမ်းစရာရှိတာတွေသိမ်းဖို့ သားသမီးတွေကို ပြောဆိုမှာကြားပြီး ဘုန်းကြီးကျောင်းကို ထွက်ခဲ့ရာ ကျောင်းထိုင်ဘုန်းတော်ကြီးရှေ့ရောက်မှ ဘုန်းတော်ကြီးက . . .

"ဒါယိကာမကြီးရဲ့ ထဘီက ဇောက်ထိုးဖြစ်နေပါကောလား" ဟု လှမ်းသတိပေးလိုက်မှ ကမန်းကတမ်း ရေအိမ်ထဲဝင်ပြီး ပြောင်းပြန်လှန်လိုက်မှပဲ အတည့်ဖြစ်သွားသတဲ့။

ဒီလိုပါပဲ (အဟိရိက) =မရှက်ခြင်းနှင့် (အနောတပ္ပ)= မထိတ်လန့်၊ မကြောက်ရွံ့ခြင်းဖြစ်တဲ့ သဘောနှစ်မျိုးဟာ ဘာမှမဖြစ်လောက်ဘူးဟု ထင်ရပေမယ့် မရှက်၊ မကြောက်တဲ့ အကျင့်ဆိုး၊ အကျင့်ယုတ်တွေကို လူသားများတို့ ကြံစည်၊ ပြောဆို၊ လုပ်ကိုင်နေခဲ့ကြလျှင်ဖြင့် ဤကမ္ဘာလောကလူသားကြီးသည် ပျက်စီးဖို့ တံခါးဝသို့ ရောက်နေပြီဟု နားလည်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့လူသားတွေရဲ့ ဒုက္ခ ဝန်ထုပ်ကြီးကို ဆက်လက်ထိန်းသိမ်း ဒဏ်ခံနိုင်ဖို့ ဟန်ချက်ပျက်မှတ် (Tipping Point) နားသို့ တိုးဝှေ့နေပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း ဤ (အဟိရိက) မရှက်ခြင်းနှင့် (အနောတပ္ပ)မထိတ်လန့်၊ မကြောက်ရွံ့ခြင်းသဘောနှစ်မျိုးကို (လောကစံသက - လောကဝိနသက)ဓမ္မနှစ်ခုဟု ဗုဒ္ဓစသော အရိယာသူမြတ်တို့က မိန့်ဆိုခဲ့ခြင်း ဖြစ်ပါပေသည်။

ဤ (အဟိရိကနှင့် အနောတပ္ပ) စကားနှစ်လုံးကို ပြောင်းပြန်လှန်လိုက်ပါက (ဟိရိနှင့် ဩတ္တပ္ပ) ဖြစ်သွားပါတယ်။ မရှက် မကြောက်ကို ပြောင်းပြန်လှန်လိုက်၍ အရှက်နှင့် အကြောက် ဖြစ်သွားရပါတယ်။ လူသားလောကကြီး ပျက်စီးစေမည့် အကျင့်ယုတ်၊ အကျင့်ဆိုးတွေကို လူသားများက မတွေး၊ မပြော၊ မလုပ်ကြတော့ဘူးဆိုလျှင် ဤလူသားလောကကြီး ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာ ငြိမ်သက်ငြိမ်းချမ်းမှာ မလွဲမကန်ဖြစ်မှာပါ။ ဒါကြောင့်မို့ (ဟိရိ) ရှက်ခြင်းနှင့် (ဩတ္တပ္ပ) ကြောက်ခြင်း နှစ်မျိုးကို ဗုဒ္ဓစသော အရိယာသူမြတ်တို့က(လောကရက္ခိတဓမ္မ) လူသားများ စောင့်ထိန်းရမည့်တရား၊ လူ့စာရိတ္တ မဏ္ဍိုင်တရားဟု မိန့်ဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

မကောင်းမှုကို ပြုလုပ်ရမှာ ရှက်ခြင်းနှင့် ကြောက်ခြင်းဆိုတဲ့ လူသားများတို့ စောင့်ထိန်းရမည့် လူ့စာရိတ္တမြင့်မားတိုးတက်စေဖို့ လူ့လောကနယ်ပယ်မှာ အလိုအပ်ဆုံး အဓိပ္ပာယ်ဖော်ဆောင်ကြရမည်ဆိုလျှင် လူဆိုတာ ယုံကြည်ထိုက်သူ ဖြစ်လာတာ၊ မကောင်းမှု ကင်းပြီး ရိုးသားခဲ့လို့ ဖြစ်ပါတယ်။ အားကိုး



www.burmeseclassic.com

www.burmeseclassic.com

ထိုက်သူ ဖြစ်ရတာလည်း ကောင်းမှုတွေ ဆောင်ပြီး ကြိုးစားခဲ့လို့ ဖြစ်ပါတယ်။ လေးစားခံထိုက်သူ ဖြစ်ဖို့ကျတော့ ကိုယ်ကျိုးမငဲ့ကွက်ဘဲ စင်ကြယ်စေခဲ့လို့ ဖြစ်ပါတယ်။

လူ့သမိုင်းဦးကာလက လူသားတွေဟာ အခုမြင်နေရတဲ့ ခွေး၊ ကြောင်၊ ကျွဲ၊ နွားစတဲ့ တိရစ္ဆာန်တွေလိုပဲ အဝတ်မဝတ်ကြဘူးတဲ့။ ဖိုမ ဆက်ဆံရာမှာလည်း အဖေရယ်၊ သမီးရယ်၊ အမေရယ်၊ သားရယ်လို့ သတ်မှတ် နားလည်မှု မရှိကြဘူးတဲ့။ သုံးခုတည်း သိတဲ့ အတိုင်း ရိုင်းစိုင်း ကြမ်းကြမ်း ဆက်ဆံကြသည်တဲ့။ နောက်ပြီးတော့ ကြီးနိုင်ငယ်ညှဉ်း နှိပ်စက်သတ်ဖြတ်ကြသည်တဲ့။ ဤကဲ့သို့ သမိုင်းမှတ်တမ်း သုတေသီတွေက မှတ်ချက်ပြုခဲ့ကြတာပါ။

သတ္တဝါဆိုတာ ဘဝကို (ဘဝနိကန္တိကလောဘဇော)ဆိုတဲ့ အလိုဆန္ဒနဲ့ စခဲ့ကြတာဖြစ်လို့ ကိုယ့်အလိုဆန္ဒတွေကို အကြိုက်ဆုံး ပြည့်ချင်နေကြတာ ဓမ္မတာ လမ်းရိုးကြီးပါ။ အတွေးရှိုးရှိုးကြီးပါ။

အဲ, ဆန္ဒမပြည့်ဘူး၊ လိုတာမရဘူး၊ အလိုကျမဖြစ်ဘူးဆိုတော့ အလိုမကျတဲ့ ဒေါသဆိုတာ ဖြစ်လာပြန်ရော။ အနှောင့်အယှက် အဟန့်အတား ဖြစ်တယ်လို့ ယူဆရင် နာကျင်အောင်၊ သေကျေအောင် ရိုက်ပုတ်ပစ်ခတ် သတ်ဖြတ်လိုတဲ့ စိတ်ဆိုး စိတ်ရိုင်း၊ အကြံအစည်ဆိုး အရိုင်းစိတ်တွေ ရန်သူလို့ သတ်မှတ်ပြီး ခွန်အားတို့၊ လက်နက်တို့နဲ့ အနိုင်ယူပစ်မယ် ဆိုတဲ့ စိတ်ထားဟာ တိရစ္ဆာန်များမှာလည်း ရှိတာပါပဲ။ ခွန်အားနဲ့ ပြဿနာကို ဖြေရှင်းကြတာဟာ ရေရှည် ဘေးရန်ကင်းကြောင်းလည်း မဖြစ်ပါဘူး။

ဓမ္မသဘောနဲ့ပြောရရင် သတ္တဝါတွေဟာ ဖြစ်ပျက်ဆိုတဲ့ အရှိတရားကြီးမှာ အဖြစ်ဆိုတဲ့ ရှေ့ပိုင်းနဲ့ အပျက်ဆိုတဲ့ နောက်ပိုင်းဆိုပြီး နှစ်ခုရှိတဲ့အထဲ ရှေ့ပိုင်းအဖြစ်လောက်ကိုသာ ကြည့်ပြီး ကြိုက်နေကြတဲ့အတွက် လောဘမီး အလောင်ခံနေရတဲ့ သံသရာခရီးသည်တွေ ဖြစ်နေကြတာပါ။

အဖြစ်ဆိုတဲ့ ရှေ့ပိုင်းခံစားမှု ချမ်းသာကို အကြိုက်လိုက်ခဲ့တော့ အပျက်နဲ့မကင်းတဲ့ ချမ်းသာအစစ်ကို မရနိုင်ခဲ့တာပါ။ တကယ်တမ်းငြိမ်းချမ်းမှု ချမ်းသာအစစ်ကိုရချင်ရင်တော့ အပျက်ကို မရချင်တဲ့အတွက် ရှေ့ပိုင်း အဖြစ်ချမ်းသာကို မလိုချင်မှသာ အလိုငြိမ်းမှသာ အလိုမရှိမှသာ နောက်ပိုင်း အပျက်ဒုက္ခနဲ့ ကင်းဝေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ရှေးအစဉ်အလာ လူအများကြိုက် လမ်းစဉ်ကြီးကတော့ ခံစားမှု ချမ်းသာအဖြစ် လမ်းစဉ်ကြီး ဖြစ်ပါတယ်။ ပေါ်ထုဇ္ဇနိကော= လူများစုကြီးရဲ့ လုပ်ဆောင်ချက်ဖြစ်နေပါတယ်။ လူအများကြိုက် ဖြစ်ပေမယ့် ဓမ္မစံနဲ့လည်းမကိုက်၊ ဘုရားလည်း မကြိုက်တဲ့အတွက် အနရိယော= အရိယာပုဂ္ဂိုလ်များနဲ့ ဗုဒ္ဓဘုရားရှင်အကြိုက် ဓမ္မစံချိန်မီ ပြောင်းပြန်လှန်လိုက်ကြရအောင်နော်။

လူဆိုတာ ပါဠိလိုကတော့ "မနုဿ" ဟု ခေါ်ပါတယ်။ စိတ်ထားမြင့်မြတ်သူ (စိတ်သဘောထားကြီးသူ) လို့ ဆိုလိုတာပါ။

တိရစ္ဆာန်များဟာ မနာလို ဝန်တိုမှုတွေ၊ ကြိုက်လျှင် လောဘ၊ မကြိုက်လျှင် ဒေါသ၊ အမှတ်တမဲ့နေတဲ့ မောဟတွေ လွှမ်းကဲတဲ့အတွက် နှလုံးကောင်း စိတ်မြတ် မဟုတ်ကြလို့ မြင့်မြတ်တဲ့ စိတ်ထား မထားတတ်ကြပါဘူး။ လူသားစင်စစ်များမှာသာ မေတ္တာ၊ ကရုဏာစတဲ့ ဗြဟ္မစိုရ်တရားများ ထားတတ်အောင် ဉာဏ်ပွင့်လို့ စိတ်ထားမြင့်မြတ်သူများ ဖြစ်ခဲ့ကြတာပါ။ တကယ်တမ်း လူ့အရည်အသွေးစင်စစ်၊ လူ့အရည်အချင်းကောင်းဆိုတာ ချစ်ခင် သနားခြင်း၊ ကိုယ်ချင်းစာ ကြင်နာစိတ်ထားနိုင်ခြင်း၊ ချီးမွမ်း ဝမ်းမြောက်နိုင်ခြင်း၊ ခွင့်လွှတ်သည်းခံခြင်း ဆိုတဲ့ ဗြဟ္မစိုရ်တရားများပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ရှင်တော်ဗုဒ္ဓက ဓမ္မပဒ (ဂါထာ-၁၉)မှာ "မကောင်းတဲ့စိတ်ထား အဲဒီစိတ်ထား ရှိတဲ့သူကို ယုတ်ညံ့ဆိုးဝါးသူဖြစ်အောင် ပြုတတ်တယ်၊ ကောင်းတဲ့စိတ်ထားက အဲဒီလိုစိတ်ထားရှိတဲ့သူကို အထက်တန်းကျသူဖြစ်အောင် ပြုတတ်တယ်လို့" ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

မုန်းသူသည် မိမိ မုန်းသူ၏ အကျိုးမဲ့ကို ပြုလုပ်ခြင်းထက် ရန်သူသည် မိမိရန်သူ၏ အကျိုးမဲ့ကို ပြုလုပ်ခြင်းထက် လမ်းမှားရောက်နေသောစိတ် ပြုလုပ်သော အကျိုးမဲ့မှုက ပိုမိုကြီးမားပါတယ်။ ရန်သူကို မကြောက်ပါနှင့်။ ရန်သူက လုပ်နိုင်မှာမို့လို့ပဲ။ မိမိစိတ်ကိုသာ ကြောက်တတ်ပါ။

လမ်းမှားရောက်နေသော မိမိစိတ်ကသာ မိမိကို အကျိုးဆုတ်ယုတ်သွားအောင် လုပ်သလောက် ရန်သူတစ်ယောက်က ဆန့်ကျင်ဘက်ကို အကျိုးဆုတ်ယုတ်သွားအောင် မလုပ်နိုင်ပေ။ လုပ်လို့လည်း ရမှာမဟုတ်ပါဘူး။ အတွေးသစ်ဖြင့် အဆင့်အတန်းမရွေး ဖြူစင်သန့်ရှင်းသော နှလုံးကောင်း စိတ်မြတ်ရှိသူ မည်သူမဆို ဗုဒ္ဓကြည့်သော ရှုထောင့်မှ ကြည့်လျှင် ဗုဒ္ဓမြင်သော အမြင်ကို မြင်နိုင်ရန်အတွက် ဗုဒ္ဓရှင်တော်မြတ်က စံအပြုထိုက်ဆုံး ပြောင်းပြန်လှန်ခြင်းကို လောကသားတွေအတွက် သာသာနာတော်မြတ် အရှည်ခန့်၍ တည်တံ့နည်းယူနိုင်အောင် ရဲရဲတံ့တံ့ ပြောင်းပြန်လှန်ပြခဲ့ခြင်း ဖြစ်ပေသည်။

မှတ်သိမှုခေါ်သည့် သုတမယဉာဏ်၊ ကြံစည်မှုခေါ်သည့် စိန္တာမယဉာဏ်၊ ကြိမ်ဖန်များစွာ ပွားမှုခေါ်သည့် ဘာဝနာမယဉာဏ်၊ ဤဉာဏ်သုံးမျိုးသည် လူ့ဘဝတစ်ခုတည်းမှာသာ ပေါ်နိုင်သည်၊ ပွင့်နိုင်သည်ဖြစ်ပါ၍ ထူးမြတ်စွာလှ လူ့ဘဝမှာ ဉာဏ်ပွင့်၍ ဝိဇ္ဇာအလင်းရောင်ပေါ်အောင် ပြောင်းပြန်လှန်နိုင်ပါစေ။

❒ ထိုအေးခင်း(ဝရွေး)



www.burmeseclassic.com

www.burmeseclassic.com

အက်ဒဝက်ကုတ်ဟာ တစ်ချိန်က တပ်မတော် အရာရှိတစ်ဦးပေါ့။ အခုတော့ သူဟာ ထောင်ထဲမှာရောက်နေပါတယ်။ ထောင်ဆိုတာ ဥပဒေကျူးလွန်သူတွေ၊ ရာဇဝတ်သားတွေအတွက် အပြစ်ဒဏ်ခံရတဲ့ နေရာပါ။ အက်ဒဝက်ကုတ်ကိုကြည့်ရတာ လူဆိုးတစ်ယောက်လို့ပြောရမှာ ခပ်ခက်ခက်ပဲ။ သူ့အတွက်ကတော့ နေ့စဉ်နေ့တိုင်းဟာ တိတိကျကျကို တစ်ပုံစံတည်းဖြစ်လို့နေပါတယ်။

အခုအချိန်က ဆောင်းရာသီဖြစ်ပြီး အပြင်မှာအေးပြီး မှောင်နေသေးတဲ့ မနက်စောစော ၆ နာရီအချိန်မှာ ကုတ်နဲ့ အခြားအကျဉ်းသားတွေ အိပ်ရာက ထကြရတယ်။ သူတို့ မနက်စာကို ၆နာရီခွဲမှာ စားကြရတယ်။ ထောင်ရဲ့ အလုပ်တွေကို ၇ နာရီခွဲမှာ စတင်လေ့ရှိတယ်။ လူတချို့က ထောင်အတွင်းက စက်ရုံမှာပဲ အလုပ်လုပ်ကြရပါတယ်။ အဲဒီစက်ရုံမှာ ခရီးဆောင်အိတ်မျိုးစုံ ထုတ်လုပ်ပါတယ်။ ဒါပေမဲ့ ကုတ်ဟာ မကြာခဏဆိုသလို ထောင်အပြင်က အလုပ်ကြမ်းတွေကို လုပ်ရလေ့ရှိတယ်။

အကျဉ်းသားတွေကို ၁၂ နာရီမှာ ထမင်းကျွေးတယ်။ ထမင်းစားချိန် တစ်နာရီရတယ်။ ပြီးရင်တော့ အလုပ်ပြန်ဆင်းကြရတယ်။ ညစာကို ၆ နာရီမှာကျွေးတယ်။ ကုတ်ကတော့ ညစာစားပြီးတာနဲ့ ထောင်စာကြည့်တိုက်ကို သွားပြီး ၉ နာရီခွဲအထိ စာဖတ်လေ့ရှိတယ်။ မီးတွေက ၁၀ နာရီဆို အားလုံးပိတ်ပြီလေ။

အကျဉ်းထောင်ဆိုတာ ပျော်စရာကောင်းတဲ့နေရာ မဟုတ်လေတော့ တစ်နေ့တာဟာ သူတို့အတွက် ရှည်လျားလွန်းလှပါတယ်။ နေထိုင်ရတဲ့ဘဝကလည်း ကြမ်းတမ်းပြီးငြီးငွေ့စရာလည်း



# လွတ်မြောက်သွားတဲ့လူ

## သွေလင်း (အောင်မြေ)

ကောင်းပါတယ်။ တစ်ခုတော့ရှိတယ်။ သူတို့မှာ တွေးစရာအချိန်တော့ အများကြီးရှိကြတယ်။ အများအားဖြင့် သူတို့ဘာကြောင့် ထောင်ထဲရောက်လာရသလဲလို့ တွေးကြတယ်။ ကုတ်လည်း ဒီလိုပါပဲ။ သူဟာ လူနှစ်ယောက်အကြောင်းကို အမြဲစဉ်းစားနေမိတယ်။

တစ်ယောက်ကတော့ (ERIS MASTERS) အီးရစ်မားစတားစ်လို့ခေါ်ပြီး ကုတ်လိုပဲ တပ်မတော်အရာရှိတစ်ဦး ဖြစ်ပါတယ်။ မားစတားစ်ဟာဆိုရင် ငွေကြေးတော်တော်ချမ်းသာနေပြီလို့ ကုတ် သိရတယ်။ နောက်တစ်ယောက် နာမည်ကတော့ (HUGO)

www.burmeseclassic.com



ဟူးဂိုးတဲ့။ ဒီလူနဲ့ပတ်သက်လို့ ဒီနာမည်တစ်လုံးကိုပဲ ကုတ်သိတာပါ။ တခြားသူနဲ့ပတ်သက်တာ ဘာမှမသိဘူး။ မားစတားစ်ကတော့ ဟူးဂိုးဘယ်သူဆိုတာနဲ့ ဘယ်မှာရှိလဲဆိုတာ သိပါတယ်။ ကုတ်ကတော့ လုံးဝကို မသိခဲ့တာပါ။

ညစဉ်ညတိုင်း ကုတ်ဟာ အိပ်ရာပေါ်မှာ လှဲနေရင်းနဲ့ မားစတားစ်နဲ့ ဟူးဂိုး အကြောင်းကိုပဲ တွေးနေမိပါတယ်။ နောက်ထပ် သူတွေးနေတာရှိသေးတယ်။ လွတ်မြောက်ရေး။ သူ ဒီထောင်ထဲကနေ အမြန်ဆုံး လွတ်မြောက်ချင်တယ်။ အီးရစ်မားစတားစ်နဲ့ တခြားသူစိမ်းတစ်ယောက်ကို သူရှာရမယ်။ ဒီအတွေးတွေပဲ သူ့ခေါင်းထဲမှာ ရှိနေတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေက သူ ထောင်ထဲမှာရောက်နေတယ်။ ဘာမှ မလုပ်နိုင်ဘူး။

❏

ဒီနေ့ဟာဖြင့် အလွန်အေးလှတဲ့ ဆောင်းရာသီရဲ့ ညနေချမ်းချိန်ဖြစ်ပါတယ်။ ၆ နာရီအချိန်ပေါ့။ ဒီအချိန်မျိုးမှာ အင်္ဂလန်တစ်ပြည်လုံးက လူတွေဟာ ဧည့်ခန်းမှာထိုင်ပြီး တီဗွီကြည့်ရင်ကြည့်၊ မကြည့်ရင် ရေဒီယိုကို နားထောင်လေ့ရှိတယ်။ ဒီညနေမှာ အလွန်အရေးကြီးတဲ့ သတင်းတိုလေးတစ်ခု ထုတ်ပြန်ကြေညာသွားတယ်။

သတင်းက ဒီလို. . .

"ဒီမနက်စောစောမှာ အင်္ဂလန်အနောက်ပိုင်း၊ ပရင်စီဗီလီအကျဉ်းထောင်ကနေ အကျဉ်းသား တစ်ဦး ထွက်ပြေးလွတ်မြောက်သွားလို့ ရဲတပ်ဖွဲ့ဝင်တစ်ရာကျော်က အပူတပြင်းရှာဖွေလျက်ရှိနေပါတယ်၊ အဲဒီအကျဉ်းသားနာမည်က အက်ဒဝက်ကုတ်ဖြစ်ပါတယ်၊ အသက် ၃၀ ခန့်၊ အရပ် ၆ပေ၊ ဆံပင်အနက်နဲ့ မျက်လုံးက အပြာရောင်ဖြစ်ပါတယ်၊ သူဟာ အပြာရင့်အကျဉ်းထောင်ဝတ်စုံဝတ်ထားပါတယ်။

အပြင်မှာ နှင်းတွေကကျနေပြီး အပူချိန်က သုညအထက်မှာ နည်းနည်းသာရှိလို့ ဒီအကျဉ်းသားဟာ ကြာရှည်ထွက်ပြေးနိုင်မှာမဟုတ်ဘူးလို့ ရဲတပ်ဖွဲ့က ခန့်မှန်းထားပါတယ်။

❏

လန်ဒန်မြို့လယ်၊ ဈေးကြီးလှတဲ့ ဆိုဟိုရပ်ကွက် ပျော်ပွဲစားရုံတစ်ခုမှာလည်း ရေဒီယိုအသံလွှင့်ချက်ကို ကြားနေရပါတယ်။ လူတစ်ယောက်ကလွဲရင် လူတော်တော်များက ဒီသတင်းအစီအစဉ်အပေါ် စိတ်ဝင်စားမှု မရှိကြပါဘူး။ အဲဒီ လူတစ်ယောက်ဆိုတာက အီးရစ်မားစတားစ်ပေါ့။ သူဟာ အသက် ၄၅ နှစ်လောက်ဖြစ်ပြီး အဖိုးတန် အဝတ်အစားတွေကို သားသားနားနားဝတ်ဆင်ထားပါတယ်။ သူ့ကိုကြည့်ရတာ တစ်ခုခုကို ကြောက်ရွံ့နေပုံ ရတယ်။ ဘားကောင်တာရဲ့နံဘေးမှာ သူ့လိုပဲ အခြားလူတစ်ယောက် ရှိနေပါတယ်။ မားစတားစ်က အဲဒီလူကို မေးခွန်းတစ်ခု မေးလိုက်တယ်။

"သူတို့ပြောသွားတာ အဲဒီလူရဲ့ နာမည်က ကုတ်ဆိုလားလို့"

"ဟုတ်တယ်၊ သိပ်ဟုတ်တာပေါ့။ ကုတ်. . . အက်ဒဝက်ကုတ်တဲ့၊ ဘာဖြစ်လို့လဲ. . . ခင်ဗျားသူ့ကိုသိလို့လား"

"ခင်ဗျာ"

"ခင်ဗျား သူ့ကို သိလို့လားလို့ မေးတာ"

"ဟင့်အင်း ဟင့်အင်း. . . ကျွန်တော် သူ့ကိုမသိပါဘူးဗျာ၊ ကျွန်တော် သူ့နာမည်ကို သိချင်ရုံသက်သက်ပါ"

❏





www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်မြို့ရဲ့ အခြားတစ်နေရာမှာ စကော့တလန်ယဒ်လို့ ခေါ်တဲ့ အထူးထောက်လှမ်းရေးတပ်ဖွဲ့ရုံး စိုက်ထားပါတယ်။ ငယ်ရွယ်တဲ့ စုံထောက်တစ်ယောက်ဟာ စကော့တလန်ယဒ်မှာရှိတဲ့ ရုံးခန်းတစ်ခုရဲ့စားပွဲရှေ့မှာ ရပ်နေပါတယ်။ စားပွဲရဲ့နောက်မှာတော့ သူ့ရဲ့ အထက်အရာရှိတစ်ယောက်က ထိုင်နေပါတယ်။

"မင်း ကုတ်ကိုသိပါတယ်၊ ဟုတ်တယ် မဟုတ်လား ဘတ်စတာ"

"ဟုတ်ကဲ့ သိပါတယ် ဆရာ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က သူ့ကို ကျွန်တော် ဖမ်းဆီးပေးခဲ့တာပါ"

စုံထောက်အရာရှိငယ် ဘတ်စတာက ရိုရိုသေသေ ပြန်ဖြေပါတယ်။ ဘတ်စတာရဲ့အထက်အရာရှိက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း. . .

"ဟုတ်ပြီ. . . ဒါကို ငါသိတယ် ဘတ်စတာ၊ ဒါကြောင့်လဲ ငါ မင်းကို ခေါ်ပြီး တာဝန်ပေးရတာပဲ၊ မင်း ကုတ်ကို ထပ်ပြီးရှာရမယ်၊ အမြန်ဆုံး သူ့ကိုတွေ့အောင်ရှာပါ"

❑

အခုဆိုရင် ညနေ ၆:၃၀ အချိန်ရောက်လို့နေပါပြီ။ အေးမြတဲ့လေကလည်းထန်နေဆဲပါ။ နောက်ပြီး အအေးဓာတ်က တစိမ့်စိမ့်နဲ့ ပိုပိုလာခဲ့ပါတယ်။ ပရင်စီဗီလီ အကျဉ်းထောင်နဲ့ ၃၀ မိုင်လောက်အကွာမှာရှိတဲ့ ကွင်းပြင်ထဲမှာ လူတစ်ယောက်ပုန်းအောင်းနေပါတယ်။

ဒီအချိန်မှာ အဝေးတစ်နေရာက ခွေးတစ်ကောင်ရဲ့ ဟောင်သံကို ကြားနေရတယ်။ ဒါဟာ အနံ့ခံ ရဲခွေးတစ်ကောင်များ ဖြစ်နေလေမလား။ ကွင်းပြင်မှာပုန်းနေရတဲ့သူအဖို့ ဘယ်လိုသိနိုင်မှာလဲ။

အဲဒီအခိုက်အတန့်လေး အတွင်းမှာပဲ သူ့ခေါင်းထဲမှာ အကြံတစ်ခု ပေါ်လာပါတယ်။ သူဟာ ဒီနေ့ အစားမစားရသေးဘူး၊ သူဟာ စားစရာနဲ့ နွေးထွေးစေမယ့် အဝတ်အစားတချို့လိုအပ်နေပြီ။ ဘယ်မှာရှာရပါလိမ့်။

❑

လန်ဒန်နဲ့ မိုင် ၂၀၀ ဝေးတဲ့ ပက်ဒင်တန်ဘူတာ စကြံအမှတ်-၉ မှာတော့ ဘတ်စတာစီးနင်းရမယ့်ရထားက ထွက်ခွာဖို့ အဆင်သင့် ဖြစ်နေပါပြီ။ ဘတ်စတာဟာ ဇိမ်ရှိလှတဲ့ နောက်မှီထိုင်ခုံ တစ်ခုမှာထိုင်ပြီး ရထားထွက်ခွာမှာကို စောင့်နေလေရဲ့။ သူနဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံမှာလည်း လူတစ်ယောက် ရှိပါတယ်။

အဲဒီလူကို ဘတ်စတာ မသိပါဘူး။ ဒါပေမယ့် အဲဒီလူက စကားသိပ်ပြောချင်နေပုံရတာ သူသိနေတယ်။ အဲဒီလူက စာတစ်စောင်ကို သူ့လက်ထဲမှာ ကိုင်ထားတယ်။ သူဟာ မအောင့်နိုင်တော့ဘဲ. . .

"ပရင်စီဗီလီအကျဉ်းထောင်က အကျဉ်းသားတစ်ယောက် ဒီမနက်ပဲ ထွက်ပြေးသွားတယ်လို့ ကျွန်တော်ဖတ်လိုက်ရတယ်ဗျ"

"အိုး၊ ဟုတ်လား၊ အဲဒါ သေချာရဲ့လား"

"သေချာပဗျာ၊ အဲဒီအကြောင်းကို ခင်ဗျားဖတ်ချင်လား၊ ဒီသတင်းစာမှာ အကုန်ပါတယ်"

"နေပါစေ၊ ကျေးဇူးတင်ပါတယ်"

သူတို့ စကားစ ပြတ်သွားတယ်။ အခုဆိုရင် ရထားက စထွက်နေပြီလေ။ ဘတ်စတာက ပြတင်းအပြင်ကို လှမ်းကြည့်နေတယ်။ ဖျော်ပွဲစားရုံတွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ အိမ်တွေနဲ့ တိုက်ခန်းတွေရဲ့ ပြတင်းပေါက်တွေဆီက ထောင်နဲ့ချီတဲ့ အလင်းရောင်တွေကို အတိုင်းသားမြင်နေရတယ်။

နေရာတိုင်းလိုလို လူတွေဟာ ထိုင်နေကြပြီး စားစရာ ပူပူနွေးနွေး အငွေ့တထောင်းထောင်း ထနေတဲ့ ကော်ဖီခွက်တွေနဲ့ စမတ်ကျကျ အနားယူနေကြတယ်။ လောကကြီးကို ကြည့်ရတာ တယ်ပြီးနွေးထွေးဇိမ်ကျနေပုံပဲ။

ဘတ်စတာရဲ့မျက်နှာချင်းဆိုင်က ခရီးသွားဖော်ကတော့ စကားတွေပြောနေတုန်းပဲ။

"သတင်းစာကတော့ ပြောတယ်ဗျ၊ သူက စပိုင်တစ်ယောက်ဆိုပဲ၊ သူက စစ်ဘက်ဆိုင်ရာ အရေးကြီးလျှို့ဝှက်ချက်တွေကို တခြားတစ်နေရာကို ပေးခဲ့တယ်တဲ့၊ သူ့ကို ရဲတွေဖမ်းမိပါစေလို့ ကျွန်တော် မျှော်လင့်မိတယ်"

"ဟုတ်တယ်. . အဲဒီအလုပ်ကို ကျွန်တော်လုပ်ရမှာ"

❑

ဘတ်စတာဟာ ရထားပေါ်ကို ၅ နာရီကတည်းက ရောက်နေခဲ့တာ။ နောက်တစ်နာရီအကြာ ၆ နာရီထိုးမှာတော့ ရထားပေါ်က နောက်မှီဆိုဖာပေါ်မှာ နွေးနွေးထွေးထွေး အိပ်ပျော်သွားခဲ့တယ်။ မိုင် ၁၀၀ လောက်အကွာမှာတော့ ကုတ်ဟာ ကွင်းထဲက သူပုန်းအောင်းတဲ့နေရာမှာပဲ ရှိနေသေးတယ်။ ဆောင်းညဟာ မှောင်သထက်မှောင်၊ အေးသထက်အေးလာပြီ။

လေဟာ ကုတ်ရဲ့ဝတ်စုံပါးပါးကို ဓားနဲ့မွှန်းသလို တိုက်ခတ်နေဆဲ။ ကုတ်ဟာ ဆာလည်းဆာ၊ ပင်ပန်းလည်းပင်ပန်းနေပါတယ်။ သူ့လက်တွေ ခြေထောက်တွေဟာ ထိမိကိုင်မိရင်တောင် မသိတော့သလို အေးစက်ထုံကျဉ်နေပါတယ်။ နွေးထွေးမယ့်နေရာလေးတစ်ခု၊ အဝတ်အစားနဲ့ စားစရာတွေရှာမှ ဖြစ်တော့မယ်လို့ သူ သိနေပါတယ်။ သူ တွေးလိုက်တယ်။

"ငါ တစ်ခုခုလှုပ်ရှားမှဖြစ်တော့မယ်၊ ဒီလိုပဲနေပြီး ကွင်းထဲမှာ အဇအေးဒဏ်နဲ့ အသေမခံနိုင်ဘူး"

❑

ကုတ်ဟာ နေရာကထပြီး လမ်းစလျှောက်လိုက်တယ်။

"ငါ ဘယ်ကိုရောက်နေပါလိမ့်၊ အခု ငါသွားနေတဲ့ လမ်းကြောင်းဟာ

www.burmeseclassic.com

ဘယ်လိုလဲ၊ ငါ အကျဉ်းထောင်ဘက်ကို ပြန်သွားနေမိပြီလား"

သူဟာ လမ်းကိုစမ်းလျှောက်ရင်း သူ့ကိုယ်သူလည်း မေးခွန်းတွေမေးနေမိတယ်။ မိနစ်အနည်းငယ်အကြာမှာ လ ကထွက်လာလို့ ကုတ်ဟာ ပိုပြီး ရှင်းရှင်းလင်းလင်းမြင်လာရတယ်။ သူဟာ ရပ်လိုက်ပြီး ဘေးဘီဝဲယာကိုကြည့်လိုက်တယ်။

အဲဒီမှာ ရုတ်တရက် ဆိုသလို သိပ်မဝေးလှတဲ့တစ်နေရာက မီးရောင်လေးတစ်ခုကို တွေ့လိုက်ရပါတယ်။

"ဒါဟာ ဘာဖြစ်နိုင်မလဲ၊ ကားတော့ မဖြစ်နိုင်ဘူး၊ ရွေ့မှမရွေ့တာ၊ ဧကန္တ အိမ်တစ်လုံးပဲဖြစ်ရမယ်"

သူဟာ တစ်ကိုယ်တည်းပြောရင်းနဲ့ မီးရောင်ရှိရာဆီ လျှောက်လှမ်းသွားနေခဲ့တယ်။ အလင်းရောင်ကလည်း ပိုပြီးပြတ်သားလာတယ်။

"ဒါဟာ အိမ်တစ်လုံးပါလား"

သူဟာ အိမ်တစ်လုံးရဲ့ခေါင်မိုး ပုံသဏ္ဌာန်ကို အမှောင်ထဲမှာ လှမ်းတွေ့နေရတယ်။

❑

ဆယ်မိနစ်လောက်အကြာမှာတော့ သူဟာ အိမ်တံခါးဝကိုရောက်နေပါပြီ။ သူဟာ ရပ်ပြီးတော့ နားကိုစွင့်လိုက်တယ်။

"တော်တော်တော့ ထူးဆန်းတယ်၊ ငါ ဘာသံမှမကြားရဘူး၊ အနည်းဆုံး ရေဒီယိုသံ ဒါမှမဟုတ် တယ်လီဗေးရှင်းအသံလောက်တော့ ကြားရသင့်တယ်၊ ဒါပေမဲ့ အထဲမှာတော့ ထစ်ယောက်ယောက်ရှိနေရမယ်၊ မီးလဲ ဖွင့်ထားတာပဲ"

အဲဒီအချိန်လေးမှာပဲ အတွေးတစ်ခုက သူ့ကိုခြောက်လှန့်လိုက်တယ်။

"ဒီလောက်အကွာအဝေး မိုင်အနည်းငယ်အတွင်းမှာ ဒီတစ်အိမ်ပဲရှိပုံရတယ်၊ ရဲတွေကလဲ ငါ ဒီအနီးအနားမှာရှိမယ်လို့ ကျိန်းသေပေါက် သိကြမှာပဲ၊ ဒါဆိုရင် သူတို့တစ်နေရာရာမှာရှိမယ်၊ သူတို့ဟာ ဒီအိမ်ထဲမှာပဲ ငါ့ကိုစောင့်နေနိုင်တာပဲ"

ကုတ်ဟာ မလှုပ်ဝံ့အောင်ဖြစ်သွားတယ်။ လေကလည်း ပိုထန်လာပြီ။ သူ့ခြေထောက်နဲ့လက်တွေဟာလည်း နှင်းထဲမှာ ရေခဲတုံးလိုဖြစ်နေပြီ။

"ငါ အခွင့်အရေးကိုယူမှဖြစ်မယ်၊ ယူရမယ်၊ ဒါဟာ အနွေးထည်နဲ့ အစားအစာရနိုင်တဲ့တစ်ခုတည်းသောနေရာပဲ"

သူ စဉ်းစားနေမိတော့သည်။

❑

ကုတ်ဟာ စက္ကန့်တော်တော်ကြာအောင် နားစွင့်ကြည့်ပေမယ့် ဘာသံမှ မကြားဘူး ဖြစ်နေတယ်။

"မီးခိုးခေါင်းတိုင်က မီးခိုးတွေထွက်နေတုန်း၊ ပြီးတော့ အိမ်ရှေ့ခန်းက မီးကလဲ လင်းနေတုန်းပါလား၊ ဘာဖြစ်လို့ ဒီလောက် တိတ်ဆိတ်နေရတာလဲ၊ ဒါဟာ ထောင်ချောက်ဆင်တာဖြစ်နေမလား၊ ရဲတွေဟာ ငါ့ကို အဲဒီမှာ စောင့်နေကြတာလား"

သူ့ကိုယ်သူ မေးခွန်းတွေမေးနေမိတယ်။ နောက်တော့ အရဲစွန့်ပြီး တံခါးရှေ့ကိုသွားလိုက်တယ်။ ပြီးတော့ တံခါးကိုတွန်းကြည့်လိုက်တယ်။

သူ့ကို အံ့သြစေတာက တံခါးပွင့်သွားတာပါ။ သူလည်း အထဲကို အသံမကြားအောင်ဝင်သွားလိုက်တယ်။ အိမ်ရှေ့ခန်းရဲ့မီးဖိုထဲမှာ မီးတွေတောက်လောင်လျက်သား တွေ့ရတယ်။ အခန်းဟာ သန့်ရှင်းနေတယ်။ သေးငယ်ပေမယ့် အရမ်းနွေးနေတယ်။

အခန်းထဲမှာလည်း ပရိဘောဂဆိုလို့ နည်းနည်းပဲရှိတယ်။ ခုံတန်းရှည်တစ်ခုနဲ့ စားပွဲတစ်လုံး၊ အလွန်ရှေးကျတဲ့ ပုံစံနဲ့ ကုလားထိုင်နှစ်လုံးကိုသာ မီးဖိုရှေ့မှာတပ်လျက်တွေ့ရတယ်။ မီးဖိုရဲ့အပေါ်နားမှာရှိတဲ့ စင်ကလေးပေါ်မှာလည်း ဓာတ်ပုံတချို့ တွေ့ရတယ်။ ဓာတ်ပုံတွေဟာ ဟောင်းနွမ်းပြီးဝါကြန့်ကြန့်အရောင်ထွက်နေပါပြီ။ ဓာတ်ပုံတစ်ပုံက ပထမကမ္ဘာစစ်တုန်းက စစ်ဝတ်စုံနဲ့ အမျိုးသားငယ်တစ်ယောက်၊ နောက်ပြီး အဲဒီလူငယ်ရဲ့ ပုံတချို့။ အဲဒီအထဲမှာ လူငယ်နဲ့အမျိုးသမီးငယ်တစ်ဦး တွဲလျက်တစ်ပုံ။

ရှေးခေတ် မင်္ဂလာအခမ်းအနားဝတ်စုံတွေ ဝတ်ထားကြတယ်။

❑

ရုတ်တရက် ကုတ်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားတယ်။အခန်းထဲမှာ သူ့အပြင် တစ်စုံတစ်ယောက်ရှိနေတယ်။ ဒါကို သူ သိနေတယ်။ သူ့အာရုံမှာ ခံစားသိရှိနေတယ်။ သူ နောက်ကို ချာခနဲလှည့်လိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ လက်ကိုလည်း အိတ်ကပ်ဆီနှိုက်လိုက်ပါတယ်။ အိတ်ကပ်ထဲမှာ ဓားသေးတစ်ချောင်းရှိတယ်။

ဒါပေမဲ့ သူ တွေ့လိုက်ရတာက အဘွားအိုတစ်ဦးပါ။ သူမဟာ အဖုံးဖုံးထားတဲ့ ပန်းကန်ပြားတစ်ချပ်ကို လက်မှာကိုင်ထားတယ်။ အဲဒီပန်းကန်ပြားဆီက အရသာရှိပုံရမယ့် အသားနဲ့ ဟင်းသီးဟင်းရွက်တွေရဲ့အနံ့က လှိုင်ထွက်နေပါတယ်။ ထူးခြားတာက အဘွားကြီးမှာ ကြောက်ရွံ့တဲ့ လက္ခဏာ မတွေ့ရဘူး။ ဘာတစ်ခုမှ အံ့သြတုန်လှုပ်ပုံမရဘူး။

"ဆောရီးပဲကွာ"

သူမက အဲဒီလိုပြောပြီး ပန်းကန်ကို စားပွဲပေါ် တင်လိုက်ပါတယ်။

ကုတ်ဟာ သူ့နားကိုသူ မယုံနိုင်အောင်ဖြစ်သွားရတယ်။ ဟုတ်တယ်လေ သူမအိမ်ထဲမှာ သူဟာ သူစိမ်းဧည့်သည်တစ်ယောက်အဖြစ်နဲ့ရောက်ရှိနေတယ်။ ဒါတောင် သူမက. . .

"ဆောရီး" လို့ ပြောနေသေးတယ်။ ဘယ်လိုနားလည်ရမလဲ။

❑

"ဆောရီးကွာ"

သူမက ထပ်ပြောပြန်တယ်။

"ငါ မကြားလိုက်ဘူးကွ၊ မင်း တံခါးခေါက်သေးတယ်မဟုတ်လား။ မင်း တွေ့တဲ့အတိုင်း ငါက နားမကြားဘူးကွ"





www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့နားကို သူမ ညွှန်ပြပြီး ခေါင်းကိုလည်း ခါယမ်းလိုက်တယ်။

"နားပင်းဆိုပါတော့ကွာ"

လို့ ဒုတိယအကြိမ် ပြောပြန်တယ်။

"ဒီလိုပဲ. . . လူတွေက ငါ့အိမ်ရှေ့ကိုလာပြီး တံခါးခေါက်ကြတယ်၊ ဒါပေမဲ့ ငါ ဘယ်လိုလုပ်ကြားမှာလဲ၊ မင်းဝင်လာတဲ့အတွက် ဝမ်းသာပါတယ်"

ကုတ်ဟာ တစ်စက္ကန့်လောက် သူမကို ငေးကြည့်လိုက်ပြီး သူ့အသံကို မြှင့်လိုက်တယ်။

"ဆောရီးပါ ခင်ဗျာ၊ ကျွန်တော် ဒီအတိုင်း ရပ်နေမိတာကို"

သူ့ကိုယ်သူလည်း ပြန်ကြည့်မိတယ်။ သူ့ထောင်ဝတ်စုံဟာ ညစ်ပေနေလို့ ဒီဝတ်စုံဟာ ဘယ်လိုဝတ်စုံအမျိုးအစားလို့ မခွဲခြားနိုင်တော့တဲ့ အခြေအနေမျိုးဖြစ်နေတယ်။ သူ ရုတ်တရက် အကြံတစ်ခု ရလိုက်တယ်။

"ကျွန်တော်ဟာ မြို့ထဲက ကားပြင်ရုံတစ်ရုံက စက်ပြင်ဆရာပါ၊ ဒီနားမှာရှိတဲ့ လော်ရီကားတစ်စင်းကို ပြင်ဖို့ လာခဲ့တာပါ၊ ဒါပေမဲ့ လမ်းက ရေခဲတွေဖုံးနေတော့ ကျွန်တော်အက်စီးဒင့်ဖြစ်သွားတယ်၊ ကျွန်တော် မော်တော်ဆိုင်ကယ်ပေါ်က လွင့်ကျသွားခဲ့ပါတယ်"

ဒီစကားကို အဘွားကြီး သူ့အပေါ် နားလည်လာသည်အထိ အကြိမ်ပေါင်းများစွာ ရှင်းပြခဲ့ရတယ်။ စိတ်မောစရာ ကောင်းပေမယ့် အဘွားကြီးက သူ့ကိုယုံကြည်သွားပါတယ်။ သူမဟာ သူ့ကို ရေနွေးနဲ့ ဆပ်ပြာ ပေးခဲ့ပြီး စားစရာတချို့ကိုလည်း ကျွေးပါတယ်။ ဒီတော့ သူ့မှာ အဝတ်အစားတွေရရှိဖို့ဆိုတဲ့ အခွင့်အရေးတစ်ခုပဲ ကျန်ပါတော့တယ်။

❑

တကယ်တော့ ဒီညဟာ အေးသလောက်တော်တော်အတိဒုက္ခရောက်စေတဲ့ ညတစ်ညပါပဲ။ ကုတ် ရောက်ရှိနေတဲ့ အိမ်နဲ့ မိုင်အနည်းငယ်သာဝေးတဲ့ ရွာလေးတစ်ရွာမှာ ရဲစခန်းတစ်ခုရှိပါတယ်။

အဲဒီရဲစခန်းမှာ ရဲသား နှစ်ဦးရှိနေပြီး သူတို့ဟာ အပြင်လေ တိုက်သံတိုကြားနေကြရပါတယ်။ သူတို့ အထဲကတစ်ယောက်ကတော့ ဆာဂျင်ကြီး ဖြစ်ပါတယ်။ ကျန်တစ်ယောက်ကတော့ သိပ်ကို ငယ်လွန်းပါတယ်။

"ငါ စိတ်ပူနေမိတယ်၊ မစ္စစ်ဘင်တလီတစ်ယောက် ဘယ်လိုများဖြစ်နေမလဲ"

သူတို့ဘက်ကို ဆာဂျင်က မေးလိုက်တယ်။

"မစ္စစ်ဘင်တလီ ဟုတ်လား၊ အို့, ဆရာပြောတာ ပြီးခဲ့တဲ့နှစ်အနည်းငယ်က သူ့ယောက်ျားဆုံးသွားတဲ့ အဘွားကြီးကို ပြောတာ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွာ၊ သူက နားပင်းနေတယ်လေ၊ မင်းသိတဲ့အတိုင်းပဲ၊ သူက ရေဒီယိုလဲ နားမထောင်၊ တီဗွီလဲ ကြည့်လေ့မရှိဘူး၊ တကယ်တော့ အဘွားကြီးက သတင်းစာလဲ မဖတ်ပါဘူးကွာ"

"ဪ"

ရဲသားလေးက သူ့ဆရာရဲ့ စကားကို သံယောင်လိုက်ပြီး ဆာဂျင်ကြီးက သူ့ကို ဒီအကြောင်းတွေ ဘာဖြစ်လို့ပြောနေပါလိမ့်လို့ အံ့ဩနေမိတယ်။ နောက်မှ သူသိလိုက်ရပါတော့တယ်။

"ဘာဖြစ်လို့ မင်းသူ့ဆီကိုသွားပြီး သူ့အခြေအနေ အိုကေရဲ့လား ဆိုတာ သိအောင်မလုပ်နိုင်ရမှာလဲ"

"ဘယ်သူ. . . ကျွန်တော်. . . ဟုတ်လား. . . ဒီလိုညမျိုးမှာ"

"သိပ်မဝေးပါဘူးကွာ၊ မင်းရဲ့ ပြိုင်ဘီးလေးကိုလဲ ယူသွားလို့ရတာပဲ မဟုတ်ဘူးလား"

❑

စုံထောက် ဘက်စတာဟာ ဘူတာငယ်လေးတစ်ခုမှာ ရထားဆိုက်တော့ ရထားပေါ်ကဆင်းလိုက်ပါတယ်။ အဲဒီဘူတာရဲ့ပလက်ဖောင်းပေါ်မှာ သူ့ကိုစောင့်ကြိုနေတဲ့ စုံထောက်တစ်ဦးလည်း ရှိနေပါတယ်။ အဲဒီစုံထောက်က ဘက်စတာကို လက်ဆွဲနှုတ်ဆက်ပြီး. .

"ကျွန်တော့်နာမည် ဟော့စ်၊ တွမ်ဟော့စ်ပါ၊ စကော့တလန်ယဒ်က ကျွန်တော်တို့ကိုဖုန်းဆက်ပြီး ခင်ဗျားကို ဒီကစောင့်ခိုင်းထားပါတယ်၊ ကားတစ်စီးလဲ အဆင်သင့်လုပ်ထားပါတယ်"

ဘက်စတာဟာ လူမှုရေးအစဉ်အလာစကားတွေနဲ့ ခဏမျှအချိန်ဖြုန်းလိုက်ပြီး . . .

"ကုတ်ထွက်ပြေးတာ ၂၄ နာရီကျော်သွားပြီ၊ ကျုပ် သူ့ကို နောက်ထပ် ၂၄ နာရီမကျော်ခင်အတွင်းမှာ ဖမ်းမိချင်တယ်"

ဟော့စ်ဟာ ဘက်စတာကို စက္ကန့်အနည်းငယ် အကဲခတ်လိုက်ပြီးမှ ပြန်ပြောပါတယ်။

"ကျွန်တော်တို့လူတွေ စကော့တလန်ယဒ်က ကုတ်နောက်ကိုလိုက်ဖို့ ဘာကြောင့် သိပ်စိတ်ဝင်စားနေတာလဲဆိုတာ အံ့ဩနေကြတယ်၊ ကုတ်ဟာ ပထမဆုံး ထွက်ပြေးတဲ့လူ မဟုတ်ဘူး၊ ပြီးခဲ့တဲ့ခြောက်လလောက်က လူတစ်ယောက် ထွက်ပြေးသေးတယ်၊ အဲဒီတုန်းက ကျွန်တော်တို့ကိုကူညီဖို့ စကော့တလန်ယဒ်က တစ်ယောက်မှ မလွှတ်ခဲ့ပါဘူး"

ဟော့စ်ဟာ သူ့စကားကို ဆုံးအောင်ပြောခွင့်မရပါဘူး။ ဘက်စတာက ကားဆီကို တန်းသွားနေလို့ပါ။ ကားနားရောက်ခါနီးမှ သူက ပြောပါတယ်။

"ကုတ်ဟာ အခုဆိုရင် သာမန်ထောင်သားတစ်ယောက် မဟုတ်တော့ဘူး၊ သူဟာ သိပ်အရေးကြီးတဲ့လူ ဖြစ်နေပြီ၊ ကျုပ်တို့ သွားကြစို့ဗျာ"

❑

ရဲသားငယ်လေးဟာ မကျေမချမ်းဖြစ်နေတယ်။ သူဟာ အခုဆိုရင် လမ်းပေါ်မှာရောက်နေပါပြီ။ လေအေးစက်နေပြီး နှင်းတွေနဲ့ သူ့မျက်နှာကို ဖျန်းပက်နေတယ်။





www.burmeseclassic.com

www.burmeseclassic.com

"တော်တော်မိုက်ရိုင်းတဲ့ဆာဂျင်"

နောက်ပြီး သူတွေးလိုက်ပါသေးတယ်။

"အင်္ဂလန်တစ်ပြည်လုံးမှာရှိတဲ့ ရဲစခန်းတွေထဲမှာ စက်ဘီးသုံးနေသေးတာ ဒီရဲစခန်းတစ်ခုတည်းရှိပုံရတယ်၊ ပြီးတော့ ဒီလိုစက်ဘီးမျိုးစီးပြီး ဒီလိုညမျိုးမှာ ငါ့ကိုတစ်ယောက်တည်းလွှတ်ရတယ်လို့. . . ဒီဆာဂျင်ကတော့ကွာ"

သူစက်ဘီးပေါ်ကဆင်းပြီး တောင်ပူစာငယ်လေးတစ်ခုပေါ်ကို စက်ဘီးနဲ့တွန်းလာရတယ်။ ဒါဟာ သူတို့စခန်းနဲ့ အဘွားကြီးအိမ်ကြားမှာရှိတဲ့ နောက်ဆုံးတောင်ကုန်းဖြစ်တယ်။

သူ ဒီလိုပဲ အတက်အဆင်းတွေ လုပ်ခဲ့ရတာ။ သူ တောင်ကုန်းပေါ်ရောက်ချိန်မှာတော့ တောင်ခြေမှာရှိတဲ့အိမ်ကလေးကို အပေါ်စီးမြင်ကွင်းနဲ့ မြင်နေရပြီ။

သူ အဲဒီလို တောင်ခြေက အိမ်ကလေးကိုကြည့် လိုက်ချိန်မှာ မီးရောင်တစ်ခုဟာ အိမ် အပေါ်ထပ်အခန်းတစ်ခုမှာ လင်းနေတာတွေ့ရတယ်။

"မိုက်ရိုင်းပါ့ကွာ၊ ဒီလိုညမျိုးမှာ ဒီလိုအပြင်ကိုထွက်ခိုင်းတာ ဘာကြီးလဲကွာ"

ရဲသားလေးဟာ ပါးစပ်ကထုတ်ညည်းမိပြန်တယ်။ ပြီးတော့ စက်ဘီးပေါ်တက်ပြီး စက်ဘီးကိုတောင်အောက်ဆီ အရှိန်နဲ့ဆင်းစေလိုက်တယ်။ အဘွားအိုနေတဲ့အိမ်ကလေးရှိရာဆီ ဦးတည်ပြီးတော့ပေါ့။

❑

"မင်းသိရဲ့လား. . . မင်း အဝတ်အစားတွေဟာ တော်တော်အခြေအနေဆိုးနေပြီ"

သူ စားသောက်ပြီးသွားတဲ့ အချိန်မှာ အဘွားကြီးကပြောတာဖြစ်တယ်။

"အက်စီးဒင့်ဖြစ်တဲ့ အဝတ်အစားဆိုတာ ဖျက်ဆီးပစ်ရတယ်ကွဲ့"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒါဟာ ကျွန်တော်စက်ပြင်တဲ့အဝတ်တွေပါ"

ကုတ်က လေးလေးစားစား ပြန်ဖြေလိုက်တယ်။

"ငါ့ယောက်ျားလဲ မင်းလိုဆိုဒ်မျိုးပါပဲ၊ သူ့အဝတ်အစားတွေအားလုံး အပေါ်ထပ်မှာရှိလေရဲ့၊ သူ့အတွက်ကတော့ မလိုအပ်တော့ပါဘူး၊ ပြီးခဲ့တဲ့ နှစ်နှစ်ကပဲ သူဆုံးပါးသွားတယ်"

အဘွားကြီးက အပေါ်ထပ်ကို ညွှန်ပြပြီးပြောတယ်။

"ဘာဖြစ်လို့ မင်းနဲ့တော်မယ့် အဝတ်တွေကို သွားမကြည့်ရတာလဲ၊ မနက်ဖြန်ကျရင် ပြန်ယူလာပေးလို့ရတာပဲ"

"ဘယ်သူမှ ငါ့လိုကောင်းမယ်မထင်ဘူး"

ကုတ်ဟာ သူ့ကိုယ်သူကျေနပ်စွာပြောမိတယ်။ ပြီးတော့ သူဟာ အပေါ်ထပ်ကိုတက်သွားပြီး မီးကိုဖွင့်လိုက်တယ်။ ဒီလို သန့်သန့်ရှင်းရှင်းနေတတ်တဲ့အဘွားအိုမျိုး ကမ္ဘာမှာမရှိနိုင်ဘူးထင်တယ်။ အခန်းက အမြဲပြုပြင်ထားလို့ ဖုန်တွေမရှိဘဲ သန့်ရှင်းသပ်ရပ်နေပါတယ်။

လူတိုင်းအပေါ် ယုံကြည်မှုအပြည့်ရှိတဲ့အဘွားကြီးမျိုးပါ။ သူဟာ လေးလံတဲ့ ဂျာကင်အင်္ကျီ တစ်ထည်၊ ဝါဂွမ်းနဲ့ရက်တဲ့ ဖလန်နယ်အင်္ကျီတစ်ထည်နဲ့ ဘောင်းဘီရှည်တွေကို အခန်းထဲမှာတွေ့ရတယ်။ အားလုံးကို စီစီညီညီချိတ်ထားလေရဲ့။

❑

ဘတ်စတာက ဟော့စ်ကိုမေးလိုက်တယ်။ သူတို့ဟာ ကားထဲမှာပဲရှိနေသေးတယ်။

"မင်း ကုတ်အကြောင်း ဘာသိလဲ"

"နည်းနည်းပါးပါးပါ၊ ကျွန်တော်စိုးရိမ်မိတာက သူ့အကြောင်း ပြည့်ပြည့်စုံစုံ သိတယ်လို့ မထင်မိပါဘူး၊ အခုကျွန်တော်တို့ လိုက်နေတဲ့လူဟာ လွန်ခဲ့တဲ့ လေးနှစ်လောက်က သူ့လူ့ချိအနေနဲ့ ထောင်ကျခဲ့တာမဟုတ်လား ဆရာ"

"အေး. . . ဟုတ်တယ်၊ ကုတ်က သူ မကျူးလွန်ခဲ့ပါဘူးလို့ တောက်လျှောက်ပြောနေခဲ့တယ်ကွ၊ ဒါဆိုရင် ဒုတိယတစ်ယောက် ရှိသေးတယ်ဆိုတဲ့ သဘောပဲ"

"ဒီလိုပဲပြောနေကြတာပဲဆရာ၊ ဒါပေမဲ့ သူက ဘာဖြစ်လို့ ဒီလောက်အရေးကြီးတရားခံ ဖြစ်နေရတာလဲဆရာ"

"ကုတ်ဟာ တပ်မတော်ထောက်လှမ်းရေးဌာနမှာ ထမ်းဆောင်ခဲ့တယ်၊ သူဟာ အရေးကြီးတဲ့လျှို့ဝှက်ချက်တွေကို သိနေတယ်၊ သူဘာဖြစ်လို့ ဒီသတင်းတွေရောင်းခဲ့သလဲဆိုတာကို ငါတို့လဲ နားမလည်နိုင်အောင်ဖြစ်ရတယ်၊ ဒါဟာ ပုံမှန်လုပ်ဆောင်မှုတစ်ခုတော့မဟုတ်ဘူး၊ တချို့က ငွေကြေးအတွက်လို့ ပြောကြတယ်၊ ဒါကိုလဲ ငါတို့ သက်သေမပြနိုင်ခဲ့ဘူး၊

ဒါပေမဲ့ သူဟာ သူလျှို တစ်ယောက် ဖြစ်ရိုးမှန်တယ် ဆိုရင်တော့ သူသိထားတာတွေက များလွန်းနေတယ်ကွ၊ ဒီလျှို့ဝှက်ချက်တွေ ဘယ်သူ့ကိုရောင်းခဲ့သလဲဆိုတာလဲ ငါတို့မဖော်ထုတ်နိုင်ခဲ့ဘူးကွ၊ ဒါကြောင့် သူဟာ သူ့အပေါင်းအသင်း ဟောင်းတွေနဲ့ မဆက်သွယ်နိုင်ခင် သူ့ကို တို့လက်ရဖမ်းမိဖို့ လိုတယ်ဆိုတာ မင်းသဘောပေါက်မှာပါ"

ဘတ်စတာက ဟော့စ်ကို ရှည်လျားစွာ ရှင်းပြနေခဲ့ပါတယ်။

❑

ကုတ်ဟာ အဝတ်အစားတွေကို မြန်နိုင်သမျှ မြန်မြန်ဝတ်ဆင်လိုက်ပါတယ်။ အဝတ်တွေဟာ ဟောင်းနွမ်းပြီး စုတ်ချာနေပြီ ဖြစ်ပေမယ့် အနည်းဆုံးတော့သူ့ကိုအနွေးဓာတ်ကောင်းကောင်း ပေးနိုင်ပါသေးတယ်။ သူ အောက်ထပ်ကို ပြန်ဆင်းလာတော့ အဘွားအိုဟာ မီးဖိုနားမှာပဲ ရှိနေပါသေးတယ်။





www.burmeseclassic.com

www.burmeseclassic.com

သူမက သူ့ပုံစံကိုကြည့်ပြီး ပြုံးလိုက်ပါတယ်။

"မင်း သိလား၊ ဒီအဝတ်အစားတွေနဲ့ဆိုတော့ ငါ့ယောက်ျားနဲ့ တော်တော်တူသွားတယ်ကွ၊ အင်း. . . သူ ငယ်ငယ်တုန်းကလဲ ဒီလိုမျိုးပါပဲ"

ကုတ်ဟာ ကြိုးစားပြီး ယဉ်ကျေးသလို ဟန်ဆောင်နေရပါတယ်။ အမှန်တော့ သူ ဒီနေရာက အမြန်ဆုံးထွက်ခွာချင်လှပြီ။

"ကျွန်တော် ဘယ်လိုကျေးဇူးတင်ရမှန်းမသိတော့ပါဘူးဗျာ၊ အဘွားရဲ့ အကူအညီတွေဟာ ကျွန်တော့်အတွက် သိပ်ကိုတန်ဖိုးရှိလှပါတယ်၊ အဘွားရဲ့ ကြင်နာတရားဟာ ကြီးမားလှပါတယ်"

အဘွားအိုဟာ သူပြောနေတာကို ကြားပုံမရပါဘူး။ အတိတ်ဆီက တမ်းတစရာတွေ ပြန်ပေါ်လာပုံ ရပါတယ်။

"ငါ့ယောက်ျားနဲ့တူလှသကွယ်"

သူမက ထပ်ပြောနေပြန်ပါတယ်။ ဒီအချိန်မှာပဲ အိမ်ရှေ့ဆီက တံခါးခေါက်သံတစ်ခု ထွက်ပေါ်လာခဲ့တယ်။

❑

တံခါးခေါက်သံကို နားမကြားတဲ့ အဘွားအိုက ကြားပုံမရပေမယ့် ကုတ်က သေသေချာချာ ကြားလိုက်ရတယ်။ သူ့နှလုံးကလည်း ပုံမှန်ထက် ဆိုးဆိုးဝါးဝါးခုန်သွားတယ်။ ဘယ်သူမဆို အိမ်ထဲမှာ တစ်စုံတစ်ယောက်ရှိနေမယ်ဆိုတာ ကျိန်းသေသိနိုင်ပါတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ ခေါင်းတိုင်က မီးခိုးထွက်နေတယ်။ အိမ်ထဲမှာလည်း မီးတွေလင်းနေတယ်လေ။ သူ ဘာလုပ်ရမလဲဆိုတာ အမြန်ဆုံးစဉ်းစားလိုက်တယ်။

"တံခါးမှာ တစ်ယောက်ယောက် ရောက်နေတယ်"

သူ ကျယ်ကျယ်ပြောလိုက်တာ ဖြစ်ပေမယ့် အဘွားအို နားမလည်ဘူး။

"တံခါးမှာ လူရောက်နေတယ်"

ဒီတစ်ခါတော့ အကျယ်ကြီး အော်ပြောလိုက်တယ်။ အဲဒီအခါကျမှပဲ အဘွားအိုက အခန်းထဲကနေထွက်သွားပါတယ်။ ကုတ်ကလည်း အခန်းရှေ့မှောင်ရိပ်ထဲ ဖျတ်ခနဲပြေးဝင်လိုက်တယ်။

❑

အဘွားအိုဟာ အိမ်ရှေ့တံခါးကို ဖွင့်လိုက်ပါတယ်။ ကုတ်ရပ်နေတဲ့နေရာကကြည့်ရင် အဘွားအိုကို ထင်ထင်ရှားရှားမြင်ရပေမယ့် တခြားနေရာတွေကို မမြင်နိုင်ပါဘူး။ ဒါကြောင့် စောင့်ပြီး နားထောင်နေလိုက်တယ်။

"ဟလို မစ္စစ်ဘင်တလီ . . . ကျွန်တော်ကတော့ ကျေးရွာရဲစခန်းကပါ၊ ဆာဂျင်ကြီးက ကျွန်တော့်ကို လွှတ်လိုက်လို့ပါ၊ ကျွန်တော့်မှာ ပြောစရာပါလာပါတယ်"

ကုတ်ဟာ ရဲသားလေးကိုလည်း ပီပီပြင်ပြင် တွေ့နေရပါပြီ။ ကုတ်ဟာ ဘေးပတ်လည်ကို ရှာကြည့်လိုက်တော့ မီးဖိုဘေးမှာ မီးဆွတဲ့ သံချောင်းကို တွေ့လိုက်တော့ အလျင်အမြန်ပဲ ပြေးကောက်ယူလိုက်တယ်။ ပြီးတော့ ရပ်နေရာက အခွင့်ကောင်းကို စောင့်နေလိုက်တယ်။

"မဖြစ်သေးပါဘူး"

ကုတ် တစ်မျိုးတွေးမိပြန်တယ်။

"ဒါ သိပ်အန္တရာယ်များလှတယ်၊ ငါ့ကို သူတို့က သူလျှိုလို့ထင်နေကြတာ၊ ဘယ်လိုပဲ လုပ်ရလုပ်ရ ငါ့လက်သီးတွေကို ငါ ကောင်းကောင်းအသုံးချလို့ရတယ်"

သူနောက်ပြန်ဆုတ်ပြီး စောင့်နေလိုက်တယ်။ အဘွားအိုနဲ့ ရဲသားဟာ တံခါးဝကနေ ဧည့်ခန်းဆီ ဖြတ်လာကြတယ်။ ကုတ်ဟာ တံခါးရဲ့အကွယ်မှာ ရှိနေပြီး ရဲသားကလည်း သူ့ကိုမမြင်သေးဘူး။

"မင်္ဂလာညချမ်းပါ အရာရှိမင်းခင်ဗျား၊ ခင်ဗျားကို ကျွန်တော်ကူညီနိုင်ပါသလား"

ကုတ်ဟာ အသံကျယ်ကျယ်နဲ့ ပြတ်ပြတ်သားသားလေးပြောလိုက်တယ်။ ရဲသားဟာ ချာခနဲလှည့်ပြီး ကုတ်ကို ကြည့်လိုက်တယ်။ ဘယ်လိုမှမျှော်လင့်ထားပုံမရလို့လည်း အံ့ဩမှင်တက်နေပါတယ်။ အဲဒီအချိန်မှာ ကုတ်ဟာ ရဲသားရဲ့ဝမ်းဗိုက်ကို အသားကုန် လက်သီးနဲ့ ထိုးလိုက်ပါတယ်။ ရဲသားဟာ ရှောင်ချိန်မရဘဲ ဖွဲ့အိတ်တစ်အိတ်လို ကြမ်းပြင်ပေါ် လဲကျသွားပါတယ်။ အဘွားအိုလည်း ငေးကြောင်ကြောင် ဖြစ်သွားတယ်။ ရဲသားဟာ ပြန်ထဖို့ကြိုးစားပေမယ့် မဟန်နိုင်ဘဲ ချည့်နဲ့စွာလဲကျသွားခဲ့တယ်။ ကုတ်လည်း အခန်းထဲက တစ်ရှိန်ထိုး ပြေးထွက်ခဲ့ပါတယ်။

❑

"ကလင် ကလင် ကလင်"

နောက်ငါးမိနစ်အကြာမှာ တော့ ဒေသဆိုင်ရာ ကွပ်ကဲရုံးဖြစ်တဲ့ ရဲစခန်းမှ ဖုန်းက မြည်လာပါတယ်။ ဟော့စ်က ကောက်ယူနားထောင်လိုက်ပါတယ်။

"ဘာပြောတယ် . . . ကုတ် ဟုတ်လား. . . ဘယ်နေရာမှာလဲ၊ ဘယ်အချိန်ကလဲ"

ကုတ်ဆိုတဲ့အသံကို ကြားလိုက်ရကတည်းက ဘတ်စတာဟာ အလိုလို ထရပ်ပြီးသားဖြစ်သွားတယ်။ ပြီးတော့ သူ့ဦးထုပ်ကို ကောက်ဆောင်းလိုက်ပြီး သူ့ကုတ်အင်္ကျီကိုလည်း အမြန်ဝတ်လိုက်ပါတယ်။

ဟော့စ်ဟာ တစ်ဖက်ကပြောတဲ့စကားကို သေသေချာချာနားထောင်လိုက် မှတ်စုတွေရေးလိုက်နဲ့ တော်တော်အလုပ်များသွားတယ်။ နောက်တော့ ဖုန်းကို ဖုန်းခွက်ပေါ်တင်လိုက်ပြီး ဘတ်စတာဘက် လှည့်ပြောလိုက်တယ်။

"အခြေအနေ ကောင်းတယ် ဆရာ၊ အခု ကုတ်ဘယ်မှာရှိလဲဆိုတာ ကျွန်တော်တို့သိရပြီ၊ လွန်ခဲ့တဲ့ငါးမိနစ်လောက်က ရဲတစ်ယောက်က သူ့ကို ဖမ်းမိမလို ဖြစ်ခဲ့သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲကွ မင်းစကားက. . . ဖမ်းမိမလိုဖြစ်ခဲ့တယ်ဟုတ်လား၊ ဖမ်းမိတာလား မဖမ်းမိဘူးလားဆိုတာ ရှင်းရှင်းပြောစမ်း"

"မဖမ်းမိဘူးဆရာ၊ သူ ထွက်ပြေးသွားတယ်၊ အဲဒီရဲသားရဲ့စက်ဘီးကိုလဲ ခိုးယူသွားတယ်"

❑

ဘတ်စတာဟာ ကားထဲကို အရင်ဆုံးဝင်ထိုင်လိုက်တယ်။ ဟော့စ်က လိုက်လာပြီး ညာဘက်မှာ ထိုင်တယ်။ ဘတ်စတာက ဟော့စ်ကို ပြောလိုက်တယ်။

"ကားကို မင်းပဲမောင်းပေတော့၊ ဒီနယ်မြေအကြောင်းကို မင်းက ငါ့ထက်ပိုသိတယ်"

သူတို့ရဲ့ကားဟာ မြို့ထဲကနေ အမှောင်ထုထဲကို တစ်ရှိန်ထိုးပြေးဝင်သွားပါတယ်။ လမ်းမှာ ဟော့စ်က ပြောတယ်။

"အမိပွာယ်မရှိလိုက်တာ . . . စက်ဘီးလေးတစ်စင်းနဲ့ ကျွန်တော်တို့လက်ကလွတ်အောင် သူပြေးနိုင်မယ်လို့ ထင်နေလားမသိဘူး"

"ကုတ်ဟာ အရူးတစ်ယောက်တော့မဟုတ်ဘူးနော်၊ အဘွားအိုရဲ့အိမ်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို တို့ချက်ချင်းမသိနိုင်ဘူးလို့ သူတွေးပုံရတယ်ကွ"

"ဆရာဆိုလိုတာက အခုရက်ပိုင်းအတွင်းက ကျေးရွာရဲစခန်းကရဲတွေကို ဆက်သွယ်ရေးစက်တွေပေးထားတာ၊ ကုတ်မသိဘူးလို့ ပြောတာလား"

"ဟုတ်တာပေါ့ကွာ၊ သူ ထိုးကြိတ်ခဲ့တဲ့ရဲသားဟာ အနည်းဆုံး နာရီဝက်နဲ့ အနီးဆုံး တယ်လီဖုန်းနေရာကို မရောက်နိုင်ဘူးလို့ သူတွေးခဲ့ပုံရတယ်၊ ဒီအချိန်အတွင်းမှာ တော်တော်ဝေးဝေးကို သူပြေးနိုင်လိမ့်မယ်လို့ တွက်ဆခဲ့ပါလိမ့်မယ်"

❑

ဆယ်မိနစ်လောက် အကြာမှာ သူတို့ဟာ အဘွားအိုရဲ့အိမ်နဲ့ သုံးမိုင်အကွာလောက်ရောက်နေပါပြီ။ ဘတ်စတာဟာ ရုတ်တရက် မှောင်နေတဲ့လမ်းပေါ်မှာ တစ်စုံတစ်ယောက်ကိုတွေ့လိုက်တယ်။

"ဟော့. . . ဟိုမှာကြည့်စမ်း. . စက်ဘီးနဲ့လူတစ်ယောက်၊ ကြည့်ကြည့် သူ စက်ဘီးပေါ်က ဆင်းတော့မယ်"

ဘတ်စတာက အော်ပြောလိုက်တယ်။ ဟော့စ်လည်း ထင်ထင်ရှားရှား မြင်လိုက်ပါတယ်။ ဒါပေမယ့် စက္ကန့်ပိုင်းလောက်ပဲဖြစ်မယ်။ အဲဒီလူဟာ သူတို့ရဲ့ကားနဲ့လာတယ်ဆိုတာလည်း သိရော သူစက်ဘီးပေါ်ကခုန်ဆင်းပြီး လမ်းဘေးကသစ်ပင်တွေကြားထဲ ဝင်ပြေးပါတော့တယ်။

"အဲဒါ ကုတ်ပဲ၊ ဒီအချိန်မှာ သူ ဝေးဝေးမပြေးနိုင်တော့ပါဘူး"

ဘတ်စတာက ဟော့စ်ကို အော်ပြောရင်း ဟော့စ် ကားဘရိတ်ကိုနင်းလိုက်ချိန်မှာပဲ ကားပေါ်ကခုန်ဆင်းပြီး ပြေးလိုက်ခဲ့ပါတယ်။ သူဟာ ကားရှေ့မီးကိုတောင် မပိတ်ခဲ့နိုင်ပါဘူး။

❑

စစ်သားဘဝတုန်းက သင်တန်းတွေမှာ လေ့ကျင့်ခဲ့ရတဲ့လေ့ကျင့်ခန်းတွေက ကုတ်ကို ဒီအချိန်မှာ တော်တော်အထောက်အကူဖြစ်စေပါတယ်။ ကုတ်ရုတ်တရက် လှည့်လိုက်ချိန်မှာ ဘတ်စတာက သူ့နောက်ကိုအရှိန်နဲ့လိုက်နေဆဲပါ။

မျက်နှာချင်းဆိုင်တွေ့ရတဲ့ ကုတ်ကိုဖမ်းဆီးဖို့ ကြိုးစားပေမယ့် ပြေးလာတဲ့အရှိန်ကို ထိန်းလိုက်ရတဲ့အတွက် အခိုက်အတန့်အနေအထားပျက်သွားရတယ်။ ဒါကိုအခွင့်ကောင်းယူပြီး ကုတ်က သူ့မေးကို အားရှိပါးရှိအတွင်းအားထည့်ပြီး ထိုးလိုက်ပါတယ်။ ဘတ်စတာဟာ မြေကြီးပေါ်ကို ပုံကျသွားပါတော့တယ်။

အဲဒီအချိန်မှာပဲ နောက်ကလိုက်လာတဲ့ဟော့စ်က ကုတ်အပေါ် ခုန်အုပ်လိုက်ချိန်မှာ ဒီလိုလှုပ်ရှားမယ်လို့ ကြိုတင် တွက်ဆထားတဲ့ ကုတ်ဟာ ဟော့စ် သူ့ကျောပေါ် ရောက်လာတဲ့ အချိန်နဲ့အရှိန်ကိုပေါင်းလိုက်ပြီး ဟော့စ်ရဲ့လက်မောင်းရင်းကို မိမိရရကိုင်လို့ သစ်ပင်တစ်ပင်ဆီကို အားနဲ့ကိုင်ပေါက်လိုက်ပါတယ်။ ဟော့စ်ပြန်ထမလာနိုင်ခင်မှာပဲ လမ်းမပေါ်ကို ပြန်ပြေးသွားပါတယ်။

ဟော့စ်တစ်ယောက် ပြန်ထနိုင်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ မြေကြီးပေါ်ပြန်ကျသွားရတယ်။ သူ့နံရိုးတွေ ကျိုးကုန်ပြီလားလို့ထင်ရလောက်အောင် နာကျင်တဲ့ဝေဒနာကြောင့် မျက်နှာကြီးရှုံ့မဲ့လို့ပါ။ ဒီအချိန်မှာ ကုတ်ဟာ ရဲကားအနားကိုရောက်သွားပါတယ်။ ကားရှေ့မီးက လင်းနေတုန်းပါ။ ကားတံခါးတစ်ဖက်ကလည်း ပွင့်နေပါတယ်။ ကုတ်ဟာ ကားထဲကို ခုန်ဝင်လိုက်ပါတယ်။

ဘတ်စတာခမျာလည်း သူဘယ်ရောက်နေတယ်ဆိုတာ သတိပြန်ရဖို့ စက္ကန့်ပေါင်းများစွာ အချိန်ယူခဲ့ရပါတယ်။ သူ ပထမဦးဆုံး ခံစားလိုက်ရတာကတော့ သူ့မေးရိုးကျိုးသွားပြီလားလို့ ထင်ရမတတ် နာကျင်နေတဲ့ဝေဒနာကို ကြားလိုက်ရတယ်။ ဒီအချိန်မှာပဲ ကားစက်နှိုးလိုက်တဲ့အင်ဂျင်သံကို ကြားလိုက်ရတယ်။

သူ လှမ်းကြည့်လိုက်တော့ ဟော့စ်ဟာ ကားကို လက်ညှိုးထိုးပြီး တစ်စုံတစ်ရာ အော်ပြောနေတယ်။ အခြေအနေအရပ်ရပ်ကို ဘတ်စတာ သဘောပေါက်လိုက်ပါပြီ။ ဟော့စ်ဟာ ကားနောက်က အပြေးလိုက်ခဲ့ပေမယ့် တော်တော်နောက်ကျသွားပါပြီ။ ကုတ်လွတ်သွားပြီ။ ပြီးတော့. . . သူတို့ကားလည်း ပါသွားပြီ။

❑

ကုတ်ဟာ ကားကို မိနစ် ၂၀ လောက် မောင်းလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ရဲကားထဲမှာ သူရောက်နေတာ စိတ်မသက်မသာဖြစ်နေမိပေမယ့် သူ့မှာ ရွေးချယ်စရာမရှိတာ သူသိတာပေါ့။

"ငါ တွယ်ခဲ့တဲ့ရဲလေးဟာ သူ့ရဲ့ ရဲစခန်းဌာနချုပ်ကို ဘယ်လိုဆက်သွယ်နိုင်ခဲ့သလဲ မသိဘူး၊ အံ့ဩဖို့ ကောင်းတယ်၊ သိပ်မြန်တာပဲ"

သူ့ကိုယ်သူမေးခွန်းထုတ်မိတယ်။ နောက်တော့ သတင်းစာထဲက ဆောင်းပါးတိုတစ်ပုဒ်ကို ပြန်သတိရလိုက်တယ်။

အဲဒီမှာ ရေးထားတာက အခုလက်ရှိ ရဲတွေသုံးနေတဲ့ အိတ်ဆောင်ရေဒီယို စကားပြောစက် အကြောင်း၊ ရဲတွေဟာ အလွန်သေးငယ်တဲ့ ဆက်သွယ်ရေးစက်ကလေးကို အိတ်ကပ်ထဲထည့်ပြီးသွားလေရာယူသွားနိုင်တယ်တဲ့။

"ဒါကြောင့်ကိုး"

သူ မှန်းဆလို့ရလိုက်ပြီ။ ဒါဆိုရင် ဟော့စ်တို့ ဘတ်စတာတို့မှာရော ဒါမျိုး မရှိနိုင်ဘူးလားလို့ သူစိုးရိမ်မိပြန်တယ်။ နောက်တော့ သူတို့မှာမရှိနိုင်ဘူးဆိုတာ သေချာသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ဆက်သွယ်ရေးရေဒီယိုက ကားထဲမှာပဲ တပ်ဆင်ထားကြတာကိုး။ ရုတ်တရက် သူ့အတွေးစကို သူဖြတ်လိုက်ရတယ်။

လမ်းရှေ့က မြင်ကွင်းတစ်ခုကြောင့်ပါ။ ရဲကားနှစ်စီးဟာ လမ်းတစ်ဖက်တစ်ချက်စီမှာရပ်ပြီး လမ်းကိုပိတ်ထားတယ်။ ဒီကားနှစ်စီးကို ကျော်ဖြတ်ပြီးသွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။

❑

လမ်းပိတ်ထားကြတဲ့ ရဲနှစ်ယောက်ဟာလည်းစိတ်အနှောင့်အယှက်ဖြစ်နေကြတယ်။ သူတို့ဟာ တွမ်နဲ့ဘော့တို့ဖြစ်ပါတယ်။ သူတို့ ရောက်နေကြတဲ့ နေရာက တောင်ကုန်းနှစ်ခုကြားက ကျဉ်းမြောင်းလှတဲ့ ကွက်လပ်ကလေးတစ်ခုပါ။ ကားအသွားအလာကလည်း နည်းပါးလွန်းလှတယ်။ ပျင်းရိစရာအလွန်ကောင်းပါတယ်။

"ငါ့ကို မီးတစ်တို့လောက် ပေးပါလား တွမ်"

ဒီညအတွက် ဒါဟာ သူ့ရဲ့ ဆယ်လိပ်မြောက်စီးကရက်ဖြစ်ပါတယ်။ ဒီအချိန်မှာ သူတို့ဆီကိုလာနေတဲ့ ကားတစ်စင်းကို သူတို့နှစ်ယောက်စလုံး တွေ့လိုက်ပါတယ်။

"ဒါဟာ ရဲကားပဲကွ"

ကျန်တစ်ယောက်က ပြောလိုက်တယ်။

"ကြည့်ရတာ သူတို့ဟာ တို့အတွက် ကော်ဖီပူပူ ဒါမှမဟုတ် စားစရာတချို့ ယူလာပေးပုံရတယ်"

သူတို့နှစ်ယောက်လုံး နီးကပ်လာတဲ့ကားကို စောင့်ကြည့်နေလိုက်တယ်။ ကားဟာ ဝေးနေပါသေးတယ်။ ဒီနေရာရောက်ဖို့လိုပါသေးတယ်။ ကားကို သေသေချာချာ မြင်နိုင်တဲ့အကွာအဝေးကိုတော့ ရောက်နေပြီ။

"သူ ရပ်မှာမဟုတ်ဘူးလား"

"ကြည့်ရတာ ရပ်မယ့်ပုံမရဘူး"

"တို့ တားလိုက်ကြမလား၊ တို့ကိုပေးထားတဲ့အမိန့်က ကားတိုင်းကို ရပ်တံ့ခိုင်းရမယ်လေ"

ဒီအချိန်မှာပဲ သူတို့ဟာ ကားဟွန်းသံနှစ်ချက်ကို ကြားလိုက်ရတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကားပေါ်ပါလာသူတွေဟာ သိပ်ပြီး အရေးကြီး အလျင်စလိုဖြစ်နေကြတယ်ဆိုတာထင်ရှားတယ်။

❑

ရဲနှစ်ယောက်ဟာ တစ်စက္ကန့်လောက် ကြောင်,သွားတယ်။ တစ်ယောက်က တခြားတစ်ယောက်ဆီ မျက်နှာမူလိုက်ပြီး. . .

"ဘော့. . . မင်းကားကို ရွှေ့ပေးနိုင်မလား။ ဒါမှမဟုတ် ငါရွှေ့လိုက်ရမလား"

"ဒါပေမဲ့ ငါတို့ရထားတဲ့အမိန့်က"

"ဟော့ကောင် မင်းကြည့်စမ်း၊ ဒါ ရဲကားကွ၊ မင်း မမြင်ဘူးလား၊ မင်းအနေနဲ့ ကုတ်ဟာ ရဲကားကိုမောင်းလာပြီး ဒီနေရာက ဖြတ်သွားလိမ့်မယ်ကို မထင်သင့်ဘူး၊ မင်း အဲဒီလိုထင်နေလို့လား"

ဒါနဲ့ပဲ ကျန်တဲ့ရဲသားဟာ ကားပေါ်တက်ပြီး ကားကို လက်မအနည်းငယ် ဆုတ်ပေးခဲ့တယ်။ အခုဆိုရင် သူတို့ကားနှစ်စီးရဲ့ကြားအကွာအဝေးဟာ တခြားကားတစ်စီးဖြတ်သွားလို့ရလောက်တဲ့ အကျယ်ဖြစ်သွားပါပြီ။

"မင်း နောက်ကို နည်းနည်းထပ်ထုတ်ပေးလို့မရတော့ဘူးလား"

ကျန်ရဲသားက အော်ပြောလိုက်တယ်။ ကားပေါ်ကရဲသားက ထပ်ဆုတ်ပေးဖို့ဟန်ပြင်လိုက်ပါတယ်။ ဒါပေမဲ့ သူ ဆုတ်ပေးစရာ မလိုတော့ပါဘူး။ ကုတ်ဟာ လမ်းကျဉ်းကျဉ်းလေးကို အရှိန်မလျှော့ဘဲ ကျွမ်းကျင်စွာဖြတ်မောင်းထွက်လာခဲ့တယ်။ သူ ဦးတည်ရာလမ်းကြောင်းကတော့ လန်ဒန်မြို့ဆီကိုပါ။

❑

ဘတ်စတာက ဟော့စ်ကို မေးလိုက်တယ်။

"ဒီနေရာကနေ အနီးဆုံးရွာကို ဘယ်လောက်ဝေးသေးလဲ"

သူနဲ့ ဟော့စ်တို့ဟာ နယ်ခြားဒေသရဲ့ အလယ်လောက်မှာ ရောက်နေကြတာပါ။ ညဟာ မှောင်လွန်းလှပါတယ်။ လမ်းပေါ်မှာ ကားတစ်စီးတလေတောင်မတွေ့ရမိဘူး။ သူတို့ဟာ အိမ်တစ်လုံးမှ မတွေ့ရသလို အများသုံးတယ်လီဖုန်းရုံကိုလည်း ဘယ်လိုမှမတွေ့ကြပါဘူး။

"ရှေ့မှာတွေ့တဲ့ တောင်ကုန်းရဲ့ဟိုဘက်ခြမ်းကိုရောက်ရင် ရွာကိုတွေ့နိုင်ပါလိမ့်မယ် ဆရာ"

"အဲဒီလိုပဲဖြစ်ပါစေလို့ ငါမျှော်လင့်ပါတယ်၊ ငါတို့ အခုလမ်းလျှောက်လာတာ မိနစ် ၂၀ ရှိသွားပြီ၊ ငါတို့ လမ်းစလျှောက်တုန်းက မင်းပြောခဲ့တယ်လေ၊ ဆယ်မိနစ်လောက်နဲ့ ရောက်ပါတယ်ဆို"

ဘတ်စတာတစ်ယောက် ဒေါသတွေဖြစ်နေတယ်။ ဟော့စ်ကလည်းငြိမ်



www.burmeseclassic.com

www.burmeseclassic.com

နေရတယ်။ ဘတ်စတာဟာ သိပ်ပင်ပန်းနေပြီ။ သူ့မေးရိုးကလည်း ရောင်ကိုင်းပြီး နာနေတယ်။ နာတာထက် မနက်ဖြန် သူ့ထောက်လှမ်းရေးအကြီးအကဲနဲ့ ရင်ဆိုင်တွေ့ဆုံရမှာတွေးပြီး အခံရခက်နေပါတယ်။

ထောက်လှမ်းရေးမှူးဟာ ခနဲ့တဲ့တဲ့ ပြောတဲ့နေရာမှာတော့ စူပါတစ်ယောက်ပါ။ သူပြောမှာက. . .

"ကောင်းပြီ ဘတ်စတာ၊ မင်း ငါ့ကို အစီရင်ခံတဲ့အတိုင်းဆိုရင် ဒီလိုဖြစ်မယ်ထင်တယ်၊ ပထမ မင်းက ကားတစ်စီးပေါ်ကနေ ကုတ်ကိုတွေ့ခဲ့တယ်၊ နောက်တော့ ကုတ်က ကားတစ်စီးပေါ်ကနေ မင်းကိုတွေ့သွားတယ်၊ ဒီလိုလား သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်၊ ငါတို့ ဒီအဖြစ်အပျက်ကို သတင်းစာမှာ ဖော်ပြလို့ ရနိုင်မလား၊ **ရဲတပ်ဖွဲ့သည် လူထုကို ကူညီရန် အမြဲအဆင်သင့်ရှိနေသည်** ဆိုတဲ့စကားကို ပြောနိုင်ပါဦးမလား၊ မင်းပြောစမ်းပါဦး"

❑

ကုတ်ဟာ ကားကို မိန်းလမ်းမကြီးပေါ်ကနေ ချိုးကွေ့လိုက်တယ်။ ဖြစ်နိုင်ရင် ဒီကားကို အမြန်ဆုံးစွန့်ခွာပြီး ထားခဲ့ချင်တယ်။ စစ်တပ်က ဒီဒေသမှာ နယ်မြေကျွမ်းကျင်မှုစစ်ဆင်ရေးတွေ မကြာခဏလုပ်ခဲ့လေ့ရှိတယ်။ အဲဒီတုန်းက စစ်ပရိယာယ်တွေသုံးတာ၊ ချုံခိုတိုက်ခိုက်တာ၊ တစ်နေရာကနေတစ်နေရာကို အသံမထွက်ဘဲ လျင်မြန်စွာရွှေ့ပြောင်းတာ အစရှိတဲ့ သင်ခန်းစာတွေသင်ခဲ့ရတဲ့ ကာလတွေကို ထုတ်ပြန်ပြီး မြင်ယောင်လာရတယ်။ ဒီလမ်းဘေးကနေ ဆင်းသွားရင် ရွာတစ်ရွာရှိဟာ ကုတ် သိတယ်။ သူ ရွာဘက်ကိုမသွားခင် ကားကို လယ်ကွင်းထဲမှာရပ်ထားခဲ့တယ်။ ပြီးတော့မှ ရွာထဲကို တစ်ကိုယ်တည်းဝင်လာခဲ့တယ်။ သူဟာ တစ်စုံတစ်ခုကို အလိုရှိနေတယ်။ သူအလိုရှိတဲ့အရာကို လည်း ဒီမှာရနိုင်တယ်ဆိုတာ သူသိနေပါတယ်။

အဝတ်အစားကောင်းတွေ ဝတ်ဆင်ထားတဲ့ အီးရစ်မားစတားစ်ဆိုသူဟာ လန်ဒန်မြို့ တစ်နေရာက သူ့ရဲ့ ကိုယ်ပိုင်အခန်းထဲမှာရှိနေပြီး ရေဒီယို ဖွင့် နားထောင်နေလေရဲ့။ ကြားရတဲ့ သတင်းက မကောင်းလှပါဘူး။ ကုတ်ဟာ လွတ်မြောက်နေဆဲဖြစ်ပါတယ်လို့ သတင်းကြေညာသူက ပြောပါတယ်။ မားစတားစ်ကိုကြည့်ရတာ သိပ်ပြီး တုန်လှုပ်ချောက်ချားနေပုံရပါတယ်။ သူဟာ ရေဒီယိုကို ပိတ်လိုက်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပါတယ်။

❑

မိုင် ၂၀၀ ကျော်ခရီးကို နှင်လာပြီးကုတ်ဟာ ကျေးရွာလေးမှာ သူလိုချင်တဲ့အရာကို တွေ့ရှိခဲ့ပါပြီ။

"ဒီနားတစ်ဝိုက် ကျေးရွာက လူတွေဟာ ဒီလိုပါပဲ၊ ရိုးသားဖြူစင်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်စိတ် ထားကြတယ်၊ ငါ ဘယ်လောက် ကံကောင်းလိုက်သလဲလို့"

ကုတ်ဟာ မော်တော်ဆိုင်ကယ်တစ်စီးကိုတွေ့လိုက်ရတဲ့အချိန်မှာ အဲဒီလိုတွေးမိပါတယ်။ မော်တော်ဆိုင်ကယ်ဟာ ရွာအစွန်က ကားပြင်ရုံမှာရှိနေတာပါ။ ကားပြင်ရုံဟာ သော့မခတ်ထားပါဘူး။ ဆိုင်ကယ်စီး သားရေအင်္ကျီတစ်ထည်ကိုလည်း ချိတ်မှာချိတ်လျက်သား တွေ့ရတယ်။ ဘေးမှာလည်း လက်အိတ်တစ်စုံနဲ့ ဆိုင်ကယ်စီးဦးထုပ်ကတွဲလို့ပါ။

ရွာသားတွေဟာ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေကြပါပြီ။ ကုတ်ဟာ အသံမထွက်အောင် တိတ်တဆိတ်လှုပ်ရှားခဲ့ပါတယ်။ ဆိုင်ကယ်ကို လမ်းမပေါ်ရောက်အောင် တွန်းလာခဲ့တယ်။ ရွာနဲ့ တော်တော်အလှမ်းဝေးတဲ့ နေရာကို ရောက်တော့မှ သူဟာ ဆိုင်ကယ်ကို စက်နှိုးခဲ့တယ်။ တိတ်ဆိတ်တဲ့ညမှာ ဆိုင်ကယ်သံက ကျယ်လောင်လွန်းတယ်လို့ထင်ရတယ်။ သူဟာ ဆိုင်ကယ်ပေါ်တက်ပြီး လန်ဒန်မြို့ဆီကို တစ်ရှိန်ထိုးမောင်းထွက်လာခဲ့ပါတော့တယ်။

အီးရစ်မားစတားစ်ကို ကြည့်လိုက်ရင် ဇိမ်ကျကျနေထိုင်ပြီး အစားကောင်းတွေစားနေရတဲ့မျက်နှာမျိုးပါ။ သူ့မျက်နှာဟာ အမြဲတမ်း အလိုပြည့်ဝပြီး လောကကြီးကို ကျေနပ်နေတဲ့ပုံ၊ အနာဂတ်အတွက် စိုးရိမ်စရာတွေမရှိတဲ့ပုံနဲ့ အမြဲနေထိုင်လာခဲ့သူပါ။ အခုတော့ ဒါတွေအားလုံးဟာ ပျောက်ဆုံးသွားခဲ့ပြီ။ သူ တယ်လီဖုန်းကို ကောက်ကိုင်ပြီး စိတ်လှုပ်ရှားစွာနဲ့ နံပါတ်တွေလှည့်နေချိန်မှာ စိုးရိမ်ပူပန်မှုတွေက ဖုံးမရဖိမရဖြစ်နေခဲ့တယ်။

ပထမ သူခေါ်တဲ့ဖုန်းကို ဘယ်သူမှ ကောက်မကိုင်ပါဘူး။ သူဟာ အကြိမ်ပေါင်း တစ်ဒါဇင်မက ဖုန်းခေါ်ပြီးပေမယ့် မားစတားစ်ဟာ ဖုန်းကို လက်က မချသေးပါဘူး။ နောက်ဆုံးတော့ အိပ်ချင်မူးတူးနဲ့ စိတ်တိုနေပုံရတဲ့ အသံတစ်သံက ထွက်ပေါ်လာပါတယ်။

"ဘယ်သူလဲကွ. . . ဘယ်လို မကောင်းဆိုးဝါးမျိုးက ဒီလိုအချိန်ကြီး ဖုန်းဆက်ရတာလဲ"

ဒါဟာ လူတစ်ယောက်ရဲ့အသံပါ။ သူ့အသံဟာ အောင်မြင်ခံ့ညားပြီး ရှင်းလင်း ပြတ်သားပါတယ်။ ဒါပေမဲ့ ကောက်ကျစ်စဉ်းလဲမှုနဲ့ အေးစက်မာကျောမှုကလည်း ရောစွက်လို့ နေပါတယ်။

❑

"ဟူးဂိုး. . . ခင်ဗျားလား"

မားစတားစ်က အလျင်စလို မေးလိုက်ပါတယ်။

တခြားတစ်ဖက်ကလူဟာ ပိုပြီး ဒေါသထွက်သွားပုံရတယ်။

"ဘာဖြစ်လို့ ဒီလိုအချိန်ကြီးမှာ ဖုန်းဆက်ရတာလဲ၊ ငါ အိပ်ရာထဲဝင်တာ တစ်နာရီလောက်ပဲရှိသေးတယ်ကွ"

"ဒါပေမဲ့ ခင်ဗျား ဟိုသတင်းကို ကြားပြီးပလား ဟူးဂိုး၊ ကုတ်ဟာ လွတ်နေသေးတယ်"

"ဒါကို ငါကြားပြီးပြီ၊ ငါ့မှာ လူတွေအများကြီးရှိတယ်"





www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်လူက အေးစက်စက်နဲ့ ပြန်ပြောတယ်။

"ကျွန်တော် အိပ်လို့ မရဘူး၊ တစ်ညလုံး ကုတ်အကြောင်းပဲ တွေးနေမိတယ်"

"ဒါဆို အိပ်ဆေးတစ်လုံးသောက်ပြီး အိပ်လိုက်ပေါ့ကွ"

မားစတားစ်ဟာ နောက်ထပ် မေးခွန်းတစ်ခုကို ဖုန်းထဲကနေ မဝံ့မရဲ မေးလိုက်ပါတယ်။

"ဟူးဂိုး. . . ခင်ဗျား ဘာလုပ်မလဲ၊ ဘာလုပ်ဖို့စဉ်းစားထားသလဲ"

တစ်ဖက်ကလူဟာ အရင်ကထက် အေးစက်မာကျောပြီး ခက်ထန်တဲ့ လေသံနဲ့ပြန်ဖြေခဲ့တယ်။

"ဘာလုပ်ရမလဲ. . . ဟုတ်စ၊ ငါတို့ ကုတ်ကိုသတ်ပစ်ရမှာပေါ့၊ ငါတို့ လုပ်စရာ ဒါပဲရှိတယ်၊ အေး. . . သူသာ လန်ဒန်မြို့ထဲကို မိုက်မိုက်ကန်းကန်းတိုး ဝင်လာခဲ့ရင်ပေါ့ကွာ"

❑

မော်တော်ဆိုင်ကယ်ဟာ နှင်းတွေထူထပ်စွာကျနေတဲ့လမ်းမပေါ်မှာ အရှိန်ပြင်းပြင်းနဲ့သွားနေခဲ့တယ်။ ကုတ်ဟာ အန္တရာယ်ဖြစ်စေနိုင်လောက်တဲ့ အရှိန်နဲ့ မောင်းနှင်နေတာဖြစ်တယ်။ ဒီလိုမမောင်းလို့လည်း မဖြစ်ဘူးဆိုတာ သူသိတယ်။ သိတဲ့အတိုင်း သူအချိန်ကို လုနေရတယ်။ သူ့မှာ အချိန်သိပ်မကျန်တော့ဘူး။

"ငါ လမ်းဘေးက ကပ်မောင်းတာ ပိုကောင်းမယ်"လို့ သူစဉ်းစားမိပေမယ့် မလုပ်ဖြစ်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ လမ်းလယ်ကောင်ကမောင်းတာက ပိုမြန်လို့လေ။ ရဲကားတစ်စီးဟာ သူနဲ့မျက်နှာချင်းဆိုင်ပြီး တစ်ဖက်လမ်းကဖြတ်မောင်းသွားတယ်။ အချိန်က နံနက် ၂နာရီလောက်ရှိပြီ။ အဲဒီမှာ သူနည်းနည်းလုံခြုံသွားသလို ခံစားလိုက်ရတယ်။ နောက်တစ်အောင့်ကြာတော့ သူ့နောက်ကြည့်မှန်မှာ မီးရောင်တွေ့လိုက်ရတယ်။ မရှေ့မနှောင်းမှာပဲ သူ့နောက်ကိုရောက်လာတယ်။ အဲဒီရဲကားဟာ သူနဲ့နီးသထက်နီးလာတဲ့အချိန်မှာ အရှိန်ကိုမြှင့်လိုက်တာတွေ့ရတယ်။ စက္ကန့်တော်တော်ကြာအောင် လမ်းပေါ်မှာ တစ်ဖက်စီ ပြိုင်မောင်းနေသလိုမျိုး ဖြစ်နေတယ်။

ကားထဲက ရဲနှစ်ယောက်ဟာ သူ့ကိုကြည့်နေကြတယ်။ ဒါပေမဲ့ သူတို့ဟာ သူ့မျက်နှာကို ထင်ထင်ရှားရှားမြင်ရတော့မှာ မဟုတ်ဘူး။ သူက ဆိုင်ကယ်ဦးထုပ်ဆောင်းထားတဲ့အပြင် လေကာမှန်ကိုလည်း ချထားတာကိုး။ ကုတ်ဟာ သူ့လက်တစ်ဖက်ကို မြှောက်ပြလိုက်ပြီး သူ့အရှိန်ကိုသူ ပြန်ထိန်းလိုက်တယ်။ ကားမောင်းတဲ့ရဲသားက သူ့ကိုမကြည့်တော့ဘဲ လမ်းကိုပဲ ဂရုစိုက်လိုက်တယ်။ ကျန်တဲ့ရဲသားကတော့ သူ့ကိုကြည့်နေတုန်းပဲ။ နောက် သူတို့ကားကို လီဗာတင်လိုက်တယ်။ စက္ကန့်အနည်းငယ်ကြာတော့ သူတို့ကားဟာ သူနဲ့အဝေးကြီးကို ရောက်သွားပြီ။ ကုတ်လည်း လန်ဒန်မြို့ဆီ ဦးတည်ပြီးမောင်းလာခဲ့ပါတယ်။ သူ ဘယ်ကိုသွားချင်တယ်ဆိုတာ ကောင်းကောင်းသိနေပါတယ်။

❑

ကုတ်ဟာ လန်ဒန်မြို့ကို မနက် ၆ နာရီမထိုးခင် ရောက်သွားခဲ့တယ်။ ငြိမ်သက်နေတဲ့မြို့တော်ဟာ နိုးထစပြုလို့နေပေမယ့် လမ်းတွေက မှောင်နေဆဲပါ။ ကုတ်ဟာ လန်ဒန်မြို့အရှေ့တောင်ဘက် မြစ်နဲ့မနီးမဝေးမှာရှိတဲ့ရပ်ကွက်ငယ်လေးတစ်ခုဆီ မောင်းလာခဲ့တယ်။

တိုက်ခန်းတွေထဲက တစ်ခုသောအောက်ထပ်အခန်းတစ်ခုမှာ မီးလင်းနေပါတယ်။ နောက်ဖေးမီးဖိုခန်းဆီက ထွက်လာတဲ့ မီးရောင်ပါ။ သူဟာ ပြတင်းပေါက်ဆီသွားပြီး တံခါးကို အသာအယာခေါက်လိုက်ပါတယ်။ နောက်ဖေးတံခါးပွင့်လာတဲ့အထိ အက်ဒဝက်ကုတ်ဟာ ပြတင်းပေါက်နားမှာ ရပ်နေဆဲပါ။ သူလှမ်းကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်ကို အဲဒီမှာတွေ့ရပါတယ်။ သူဟာ သူမကိုတွေ့လိုက်တော့ စိုးရိမ်တကြီးနဲ့ အမှောင်ရိပ်ထဲပြေးဝင်လိုက်ဖို့ စဉ်းစားခဲ့ပေမယ့် အမျိုးသမီးက သူ့ကို သေသေချာချာ တွေ့သွားခဲ့ပါပြီ။

"ဝင်လာခဲ့ပါ တက်ဒ်၊ ရှင်ရောက်လာလိမ့်မယ်လို့ ကျွန်မမျှော်လင့်ထားပြီးသားပါ"

အမျိုးသမီးက တိုးညင်းစွာပြောခဲ့ပါတယ်။ တက်ဒ်ဆိုတာ သူ့ရဲ့ ငယ်နာမည်ပါ။ အမျိုးသမီးရဲ့ရင်းနှီးစွာ ခေါ်တဲ့အသံကို သူမ ကြားရတာ ကြာခဲ့ပါပြီကော။ သူဟာ သူမထံကိုလျှောက်သွားပြီး တံခါးဝမှာ ရပ်လိုက်ပါတယ်။

"ကိုယ့်မှာ မင်းဆီကအကူအညီတောင်းဖို့ ဘာအခွင့်အရေးမှမရှိပါဘူး"

သူ့စကားဟာ တစ်ပိုင်းတစ်စနဲ့ ရပ်သွားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီးရဲ့ နူးညံ့ကြင်နာတဲ့ စကားတွေကြောင့်ပါ။

"ဒီနေရာကလွဲရင် ရှင့်မှာ တခြားသွားစရာနေရာ ရှိသေးလို့လားရှင်ရယ်၊ အထဲကို အရင်ဝင်တာ ပိုကောင်းလိမ့်မယ်"

❑

စုံထောက်ဘတ်စတာဟာ အစောဆုံးထွက်တဲ့ ရထားကို စောင့်စီးပြီး လန်ဒန်ကို ပြန်လာခဲ့တယ်။ လေးလံတဲ့ ခြေလှမ်းတွေနဲ့ စကော့တလန်ယဒ်ရုံးချုပ်ကို ရောက်သွားတဲ့ အချိန်မှာ ထောက်လှမ်းရေးမှူးချုပ်က သူ့ကို အဆင်သင့်စောင့်နေတာတွေ့ရတယ်။

ဘတ်စတာ ရုံးခန်းထဲဝင်သွားချိန်မှာ သူဟာ စားပွဲနောက်မှာ ထိုင်နေပြီး မာတ်ပုံတစ်ပုံကိုလည်း ကြည့်နေပါတယ်။

(ဆက်ရန်)

❑ ဆွေလင်း(အောင်မြေ)
(အင်္ဂလိပ်စကားပြောသင်ခန်း စာစာအုပ်မှ THE MAN WHO ESCAPED ကို ဆီလျော်အောင် မြန်ဆိုသည်)



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်သိန်း
သတင်းထောက် (မိုးကုန်း)

# ငယ်ဖြူသီသော မိန်းမ



မန်လည်ဆရာတော်ဘုရားကြီး၏ ငယ်မည်မှာ မောင်မာ ဖြစ်သည်။ သို့သော်လည်း ဆရာတော်၏ နှုတ်မှ ထွက်သော စကားဟူသမျှသည် စာတွေချည်း ဖြစ်နေပေသည်။ စာပေါင်းကလည်း စုံလှပေသည်။

တစ်စုံတစ်ဦးနှင့် ဖက်ပြိုင်ကာ အနိုင်အထက်ရေးသောစာ၊ အသိခက်ခဲ နက်နဲလှစွာသောပြဿနာကိုမေးသောစာ၊ ပညာစမ်းသောအားဖြင့် ပဟေဠိပြုလုပ်၍မေး၍ဖြေသောစာ၊ ဆရာတော်ကိုယ်တိုင် မြင်တွေ့ကြားသိ၍ ရေးသောစာ စသည်ဖြင့် စာမျိုးပေါင်းစုံလှသည်။ စာချိုးစာဖွဲ့ပုံကလည်း တေးထပ်၊ ရတု၊ လင်္ကာ၊ စာချိုး၊ သံချိုး စသည်ဖြင့်လည်း စုံလင်လှပေရာ ဘွဲ့မည်တော် ဦးဇဝန ဖြစ်၍ ဘွဲ့တော်နှင့် လိုက်လျောသည့် လျင်မြန်သော ဉာဏ်လည်း ရှိ၍သာ ဤကဲ့သို့ စာမျိုးပေါင်းစုံကို ဖွဲ့ဆိုနိုင်ခြင်း ဖြစ်ပေသည်။

ဆရာတော်၏ ဇာတိမြေမှာ အထက်မြန်မာပြည်၊ ရှေးအခါက သုနာပရန္တတိုင်း ဟုခေါ်၍ ယခုအခါ ကသာခရိုင်အပါအဝင် အင်းတော်ကြီး၊ အင်းတော်လေး၏ကြား ဆင်သေဘူတာ (မန္တလေး-မြစ်ကြီးနား မီးရထားလမ်း) နှင့် နှစ်မိုင်ကွာမျှတွင်ရှိသော မန်လည်ရွာ ဖြစ်သည်။

ဆရာတော်ကို ၁၂၀၃ ခု၊ နှောင်းတန်ခူးလဆန်း ၁၂ရက်၊ အင်္ဂါနေ့ည သုံးချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူ၍ ခမည်းတော်နှင့် မယ်တော်တို့မှာ အချို့က သစ်ကုန်သည်ဟူ၍ အမှတ်အသားရှိပြီး အချို့က မြို့စာရေးကြီးဟူ၍ အမှတ်အသားရှိသော ဦးညိုနှင့် ဒေါ်မြ ဖြစ်လေသည်။

ဤသို့သော မွေးဖွားချိန်ကို ဆရာတော်ကိုယ်တိုင်. . .

"အကြြင်ငါသည် မြို့မန်လည်စွဲ တည်သန္ဓေ၊ တိ သုဉ်း ဒွေး အစ် သက္ကရာဇ် ဖွားလစ်ထိုကောဇာ"ဟူ၍ ရေးစပ်တော်မူခဲ့လေသည်။

## ငယ်ဖြူသီသော မိန်းမများအကြောင်း

မန်လည်ဆရာတော်၏ ထေရုပ္ပတ္တိကို လေ့လာသိရှိရသမျှတွင် ဒကာမ (မိန်းမ) တို့နှင့် ငြိစွန်းသည့်အချက်အလက်များ အရိပ်အယောင်မျှပင် တွေ့ရခြင်းမရှိပါသော်ငြားလည်း မယားယူသားမွေးဖြင့် လောကီရေးရာတွင် ကိုယ်တိုင်ဝင်ရောက်ကပြနေကြသည့် သာမန်ယောကျ်ားများထက်ပင် မိန်းမများ၏ အကြောင်းအရာ ကိုယ်တွင်းပြဿနာတို့ကို ဆရာတော်မှာ ကောင်းစွာ သိနားလည်သည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ထက်ဆိုရပါမူ ကိုယ်တိုင်တွေ့ထိခံစားရသည့် အချို့သောမိန်းမတို့ပင်လျှင် မသိကြသော အာဝေဏိကဝန်တာ ခမ္ဘတာသဘောကို ဆရာတော်မှာ နောကျေအောင် သိနားလည်ထားကြောင်းကို ဆရာတော်ငယ်စဉ်ကပြုစုခဲ့သော ဇာတ်စာတစ်ခုမှ မင်းသားကြီးအခန်းမှ ကပြသူရွတ်ဆိုရသည့် အိမ်နိမ့်ပေးလေပြေတွင် အောက်ပါအတိုင်း တွေ့ရှိရလေသည်။

"အဝန်းညီမျှ ကျွန်းဒီပမှာ၊ ကွန်းချီမြရိုန် နန္ဒင်းသာခဲ့၊ ပယင်းဝါမှည့်ကဲ့သို့ ဝင်းဝါလဲ့ထိန် နီဖလံဘိုး ပြည်တန်မျိုးကဲ့သို့ သတိုးစိန်ကလေးဗျား။

ညှိုးသိမ်မျက်နှာ မသက်သာမမာလို့လား၊ မျက်လုံးမမြင်၊ သက်လုံးကြင်လင်မယားမို့ အားခပ်နာနာ၊ ကိုယ့်အရှက် မဝှက်သာဘူးပ၊ ခမ္ဘတာအရေး၊ သတိချို့ချို့ တစ်မိပို့ကို၊ မသိလို့မေးပါရစေတော့၊ ရှေးကနှင့်မတူ၊ မူရာတော်ချို့၊ ခြေလက်မသယ်၊ မျက်နှာငယ် ဘယ့်နှယ်ကြောင့်၊ ပို့ရသတုံးဗျာ။

ကြို့တစ်ဖန်ဖန် ဆို့သမန်ငဲ့၊ ပို့အန်လေတက်၊ ချောင်းဆိုးဟက်နှင့်၊ စိတ်စက်နှလုံး ဘမရာလည်း၊ မသာကြည် ဒါလီငုံးငဲ့။

ထုံးစံအမှု လစဉ်မမှန်၊ မ,ခင်ပန်တဲ့၊ ကျန်ရတုဟာ ပြန်လုချိန်သင့်၊ သန္တာနီမြန်း၊ ရာသီပန်း၊ ရွှေခေါင်ရန်းကလေးများ ပွင့်ပါစေ။

ဩော်. . . မင်းအမူသွား၊ ရှုစဉ်းစားလိုက်တော့၊ ယောကျ်ားတို့မသိရ သန္တာပျော်ပျော်၊ ဖလ်ရွှေလှော်မှာ၊ သန္ဓေတော် ခ,သကိုး၊ ဘယ်နှလလောက်ရှိပတုံးဗျာ။

ဩော်. . . အသက်နုနယ်၊ သူအရွယ်အငယ်သားမို့၊ စကားဖက်ပြိုင်သမင်မြတ်ကို၊ မူတတ်နိုင်လျှင်၊ မှိုင်သူမေ့လျော့၊ ကြော့မပေါသီ၊ တော့်ဒေဝီရဲ့၊ မဒီမသာ၊ အထက်ကိုလေရှုန်း၍၊ ရွှေနှလုံးတော်နာသလား။

ထိုအခါ၌ မှေးစက်မလျော် (ပျော်)လွန်မူးမော်၊ ချဉ်ပွဲတော်ကြိုက်ကြိုက်မှုဖြင့်၊ ပိုက်တဲ့ဝန်ကို နှမတို့ရေ (၁ -လ)လို့ ဆိုရမတဲ့။

ချိုပြားသကာ (၂-လ) ကြာပြန်တော့ ရသတင်လဲ၊ သွားအင်ကြိတ်လို့မို့၊ စားချင်စိတ်များ စွဲတတ်သတဲ့။

မြေပဲအဆိမ့် (၃-လ) နီးပြန်တော့ မြည်းချင်လိမ့်မတဲ့။

စိမ့်စိမ့်အေးမြ တွေးမဆနှင့် နှမရေ (၄-လ)အခါ ကျူးလာရင် တမာဖူးများလဲ စားချင်တတ်သတဲ့။

(၅-လ) အဖန်ပို (၆-လ) သို့ရောက်ပြန်တော့ စပ်၊ ငန်အမှန် ငရုတ်ဟင်းနှင့် ချဉ်း၊ ကြက်သွန် လွန်အောင်ငတ်မွတ်။

(၇-လ)ကျပြန်တော့ ဝမ်းကလဲ ကျွတ်တတ်သတဲ့။ အဝတ်မထိန်း နဂိုချောကလေးရယ်၊ ရင်ကြောများစိမ်းတတ်သတဲ့။

မိန်းမတို့မှတ်ရိုး (၈-လ)မျိုးတော့ ရေတစ်ခုကို သေလုအောင် ချိုးချင်သတဲ့။

(၉-လ)ရောက်ငြား၊ ဖူးပြင်ဆံစ၊ နားသည်ကျတော့၊ (၁၀-လ)လောက်ရှိပြီပေါ့။ တယ်. . . မိန်းမရုပ် ပျက်သကိုးဗျ"

ဟူ၍ဖြစ်လေရာ မိန်းမများ၏ အာဝေဏိက ကိစ္စတွင် အသေးစိတ် အနုစိတ် ဖော်ပြထားသည်မှာ ငယ်ဖြူဆရာတော်ဖြစ်၍ အံ့ဩစလောက်ရှိလှပေသည်။

(ဤစာကို ရွှေမန်းတင်မောင် က ပြသောဖွားတော်မူခန်းတွင်သုံးသည်ကို တွေ့ရပေသည်)

❒ မောင်မောင်သိန်း
သတင်းထောက်(ဇီးကုန်း)

မှီငြမ်း

- ဦးဝင်းမြင့်(စာနိုင်ငံ) မန်လည်ဆရာတော်

Horizon Youth Journal မှာ ပါရမီဖြည့်ဖက် ဆိုတဲ့ ခေါင်းစည်းနဲ့ ကဗျာလေး တစ်ပုဒ်ကို ဖတ်မိတော့ ပါရမီဖြည့်ဖက်တစ်ယောက်ရဲ့ ရင်ထဲက ခံစားမှုကို အနည်းငယ် ဓာင်ပြချင်လာပါတယ်။

ကျွန်မကို လူတစ်ယောက်က ပါရမီဖြည့်ဖက်အကြောင်းနဲ့ ပတ်သက်ပြီး သူဖတ်ဖူးခဲ့တဲ့ ဂေါတမမြတ်စွာဘုရားရဲ့ ပါရမီဖြည့်ဖက်ဖြစ်တဲ့ ယသော်ဓယာဒေဝီအကြောင်းလေးကို ပြောပြခဲ့ဖူးတာ ကျွန်မရဲ့ရင်ထဲ အခုထိ စွဲမြဲနေပါတယ်။ ယသော်ဓယာဟာ ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်ကတည်းက သုမေဓာရှင်ရသေ့နဲ့ ကြာပန်းအတူလှူရင်း ပါရမီဖြည့်ဖက်ဆုကို ဆုတောင်းခဲ့သူပါပဲ။ ဒါ့ကြောင့်လည်း သံသရာတစ်လျှောက်လုံး ဘုရားဖြစ်မယ့် နောက်ဆုံးဘဝမှာ ဇနီးမယားတစ်ယောက်အနေနဲ့ ကူညီထောက်ပံ့ပေးခဲ့တဲ့ တကယ့် မိန်းမမြတ် တစ်ယောက်ပါပဲ။

သိဒ္ဓတ္ထမင်းသား တောထွက်စဉ်က စည်းစိမ်ဥစ္စာပြည့်စုံတဲ့ နန်းတော်ထဲမှာ ယသော်ဓယာ မပျော်ရွှင်နိုင်တဲ့ သားတစ်ယောက်နဲ့ ရင်ကွဲနာကျမတတ် ခံစားခဲ့ရတယ်။ သို့သော်လည်း ပါရမီအခြေခံကောင်းသူမို့ ဘုရားလောင်းတောတောင်ထဲမှာ အနေအစား ခြိုးခြံဆင်းရဲခံပြီး တရားကျင့်တဲ့အကြောင်း သူသိတာနဲ့ နန်းတော်ထဲမှာ သူလည်းပဲ သလွန်ညောင်စောင်းနဲ့ မအိပ်စက်ဘဲ ကြမ်းခင်းမှာ အိပ်တယ်။

အစား အသောက်ကိုလည်း ကောင်းမွန်အရသာရှိတဲ့ အစားအစာကို မစားဘဲ ခြိုးခြံပြီးစားတယ်။ သဗ္ဗညုတရွှေဉာဏ်တော်ရပြီးတဲ့ မြတ်စွာဘုရားဟာ ကပိလဝတ် နေပြည်တော်ကို ကြွမြန်းတော်မူတဲ့အခါမှာလည်း ယသော်ဓယာ အနေနဲ့ အဆောင်တော်မှာပဲ ဘုရားကြွလာတဲ့အခါ မြတ်စွာဘုရားရဲ့ ခြေအစုံကို ဆံကေသာနဲ့ ပွတ်တိုက်နိုင်းပုံ





www.burmeseclassic.com

www.burmeseclassic.com

ကြေးနဲ့ လုံလောက်စွာ သုံးစွဲနိုင်အောင်၊ တစ်ဖက်တစ်လမ်းက ငွေပိုငွေလျှံ စုမိအောင်၊ တစ်နိုင်တစ်ပိုင်အလုပ်လုပ်ရင်း မိသားစုရဲ့ဘဝ ပြည့်စုံအောင် ဖန်တီးစွမ်းဆောင်ပေးတာ အမျိုးသမီးတွေပါပဲ။

တစ်ခါကပေါ့။ ကျွန်မကို မိတ်ဆွေလိုခင်တဲ့ ဦးလေးအရွယ် လူတစ်ယောက်က ပြောဖူးတယ်။ သူက အခု မုဆိုးဖိုပေါ့နော်။ ဇနီးဆုံးပြီးမှ သူ့ဇနီးရဲ့ တန်ဖိုးကို သိတယ်တဲ့။ အတူရှိနေစဉ်က တန်ဖိုးထားရမှန်း မသိလိုက်ခဲ့ဘူးဆိုပဲ။ ဒီဦးလေးကပဲ ပြောခဲ့သေးတယ်။ သူ လူငယ်ဘဝက သူနဲ့ခင်တဲ့ အသက်(၆၀) ဝန်းကျင် မုဆိုးဖိုတစ်ယောက်က ခပ်ငယ်ငယ် မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ထပ်ပြုတော့ "ဦးလေးကလည်း ဒီအရွယ်ကြီးရောက်မှ" လို့ အပြစ်တင်စကားပြောမိတယ်တဲ့။ အဲဒီဦးလေးကြီး ပြန်ပြောတာကတော့ "မင်း ငါ့အရွယ် ရောက်ရင်သိလိမ့်မယ်" တဲ့. . . ။



သစ္စာ

# ပါရမီဖြည့်ဖက်

နောက်ပိုင်း တကယ့်ကိုပဲ ပါရမီဖြည့်ဖက် တစ်ယောက်ပီသစွာ တရားမှာမွေ့လျော်သွားခဲ့တယ်။ ပြောသူက အကျဉ်းချုံးဆိုပေမယ့် ကျွန်မအဖို့တော့ အတွေးနယ်ချဲ့နေပါပြီ။

ကျွန်မ လက်လှမ်းမီသလောက်ပေါ့နော်။ ကိုယ့်ပတ်ဝန်းကျင်မှာ နေရာတစ်ခုမှာ ရပ်တည်အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေ တချို့ဆိုလည်း နိုင်ငံကျော် ကမ္ဘာကျော်အထိပေါ့နော် အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေအများစုမှာ သူတို့ကို နောက်ပိုင်းကနေ ထောက်ခံအားပေးအနစ်နာခံခဲ့တဲ့ ဇနီးမယားကောင်း (ပါရမီဖြည့်ဖက်)ရှိနေကြတာကို တွေ့ရမှာ အမှန်ပါပဲ။

ကျွန်မတို့ မြန်မာမိန်းမတွေဆိုတာက ခေတ်တွေဘယ်လိုပြောင်းပါစေ သားကို သခင်၊ လင်ကို ဘုရား ဆိုတဲ့ စကားအတိုင်း ခင်ပွန်းသည်ကို အိမ်ထောင်ဦးစီးနေရာမှာ ထားပြီး အစစအရာရာ ဦးစားပေးအားကိုးအားထားပြုကြမြဲပါ။ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်မဖြစ်နေပါစေ၊ ကြင်ရာတော်ကို ကိုယ့်ရဲ့ မိသားစုအရေးမှာ ထိပ်ဆုံးကနေရာပေးစမြဲပါပဲ။

အိမ်ထောင်တစ်ခုရယ်လို့ ဖြစ်လာပြီဆိုရင် မိန်းမတစ်ယောက်ဟာ သူ့အတွက် ရယူလိုမှုထက် ပေးဆပ်ဖို့က ပိုများပါတယ်။

သာမန် မိသားစုလေးတစ်ခုကို ကြည့်ရင်တောင် နံနက်အိပ်ရာထကစပြီး ခင်ပွန်းသည်ရဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အစားအသောက်၊ အဝတ်အစား၊ ကျန်းမာရေး စသည့် အကြောင်းအရာ မျိုးစုံပြီးတော့ သား၊ သမီးတွေရဲ့ ပညာရေးကအစ ကိစ္စပေါင်းများစွာကို ဖြေရှင်းပြီး အိမ်ထောင်တစ်ခုသာယာအောင်၊ လင်ယောကျ်ားရှာဖွေတဲ့ ငွေ

အခုတော့ ဇနီးကောင်းတစ်ယောက်ရဲ့တန်ဖိုးကို သိနေပါပြီတဲ့လေ။

ကျွန်မ ဆိုလိုချင်တာကတော့ ပါရမီဖြည့်ဖက် ဇနီးမယားတစ်ယောက်ရဲ့ တန်ဖိုးကို အမျိုးကောင်းသားတို့ လက်ရှိအနေအထားမှာပဲ တန်ဖိုးထားသိစေချင်တာပါပဲ။ စစ်ထွက်သွားတဲ့ စစ်သည်တွေရဲ့ ဇနီးမယားတွေဆိုတာ ဘုရားစင်ရှေ့ကကို မခွာနိုင်အောင် ဆုတောင်းမေတ္တာ ပို့သနေရတာနော်။

မြတ်စွာဘုရားတောင်မှ ပါရမီဖြည့်ဖက်ဆိုတာ ရှိရတယ်နော်။ ပါရမီဖြည့်ဖက်တစ်ယောက်ရဲ့ ရင်ထဲကိုလည်း ကြည့်မြင်သိနိုင်စေချင်ပါတယ်။ သိနိုင်ပြီးတော့လည်း နားလည်တုံ့ပြန်မှု ပေးနိုင်ကြရင် အပေးအယူမျှတဲ့ ဘုရားသွားကျောင်းတက် ရိုးမြေကျပေါင်းသင်းနိုင်တဲ့ ဘဝလေးတွေ ပိုင်ဆိုင်နိုင်ကြမှာပါပဲ။

❐ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com

# ပေါ်ဦးသမိုင်းဆောရှိခံရေး

လူအေး(တမာမြေ)



ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက် ဆိုးရွား၏။

*(ပေါရာဏနီတိ)*

မြန်မာနိုင်ငံ၏ ကုန်းဘောင်မင်းဆက် ဘိုးတော်မင်းတရားလက်ထက်တွင် ထင်ရှားသောအမတ်ပညာရှိကြီး ဦးပေါ်ဦးသည် တစ်နေ့သောညီလာခံ၌ ဘုရင်၏ ရှေ့မှောက်မှာပင် မကြောက်မရွံ့ ရယ်စရာမောစရာ စကားများကို ပြောဆိုလေရာ ဘိုးတော်မင်းတရားက. . .

"ငါကဲ့သို့သော ဘုရင်ရှေ့မှာ မကြောက်မရွံ့ရယ်စရာမောစရာ စကားများကို ပြောရာသလော၊ ဟဲ့ပေါ်ဦး. . နင် ငါ့ကို မကြောက်ဘူးလား"ဟု ခပ်ထန်ထန်ငေါက်မာန်၍ မိန့်တော်မူရာ-

"မှန်လှပါ မကြောက်ပါဘုရား" ဟု လျှောက်တင်လေ၏။

"သယ်. . . ငါကဲ့သို့သော ဘုရင်ကိုမှ မကြောက်လျှင် နင် ဘယ်သူ့ကို ကြောက်သလဲ၊ ပြောစမ်း"

"မှန်လှပါ၊ ဘုန်းတော်ကြီးအမေးတော်ကြောင့် ဖြေရလျှင် ကျွန်တော်မျိုးပေါ်ဦးအကြောက်ဆုံးမှာ လူမိုက်ဖြစ်ပါတော့သည် ဘုရား"

"ဟဲ့ ပေါ်ဦး. . . ဘာလို့ လူမိုက်ကိုမှ ကြောက်ရသလဲ"

"ဘုရားက မင်္ဂလသုတ်မှာ လူမိုက်ကိုမပေါင်းရဘူးလို့ ဟောတော်မူပါသည်၊ လူမိုက်ဆိုတာ ထင်ရာကိုလုပ်တတ်ပါသည် ဘုရား၊ စဉ်းစားဆင်ခြင်ခြင်းမရှိပါဘူး၊ ယခု ဘုန်းတော်ကြီးဘုရားမှာ ပညာရှိသူတော်ကောင်းကြီးဖြစ်ပါ၍ ဘယ်အရာကိုမှ မစဉ်းစားမဆင်ခြင်ဘဲ ပြုတော်မူလေ့ မရှိပါ၊ သတ္တဝါများကိုလဲ ရင်ဝယ်သားကဲ့သို့ သနားတော်မူတတ်ပါသည်၊ သို့အတွက် ဘုန်းတော်ကြီးဘုရားကို တစ်စုံတစ်ရာ ကြောက်ရွံ့ဖို့အကြောင်း မရှိပါဘူး"

"ပေါ်ဦး. . . နင် တော်ပါပေတယ်" ဟု ချီးကျူးတော်မူလေ၏။

ရှေးအစဉ်အဆက် ကြားဖူးတဲ့ ဖြစ်ရပ်မှန်လေး တစ်ခုပါ။ အမတ်ကြီး ဦးပေါ်ဦး၏ လျှောက်တင်ချက်သည် သက်ဆုံးတိုင်အောင် မှတ်သားဖွယ်ဖြစ်သည်။ လောက၌ ဆင်းရဲဒုက္ခဟူသမျှသည် လူမိုက်ကြောင့်ချည်းသာဖြစ်ရ၏။ လူလိမ္မာ ပညာရှိကြောင့် ဖြစ်ရသည် မဟုတ်ဟု ဘုရားဒေသနာတော်များလည်း အထင်အရှား ရှိပါသည်။ ထို့ကြောင့် ကြောက်စရာအကောင်းဆုံးမှာ လူမိုက်ပင်ဖြစ်ကြောင်း လျှောက်တင်ခြင်း ဖြစ်ပေလိမ့်မည်။

*



www.burmeseclassic.com

www.burmeseclassic.com

ဒီဖြစ်စဉ်လေးနဲ့အတူ အတွေးထဲ ဝင်လာတာက ဇာတကပါဠိတော်က အကိတ္တိရသေ့ကြီးအကြောင်းပါ။

တစ်ခါက ဘုရားအလောင်းတော် အကိတ္တိ ပညာရှိကို သိကြားမင်းက လိုရာဆုတောင်းဖို့ လျှောက်ထားသောအခါ . . .

"လူမိုက်ကို မမြင်ရ မပေါင်းရလိုကြောင်း၊ လူမိုက်နှင့် စကားမပြောရလိုကြောင်း"ဆုတောင်းခဲ့၏။

"အဘယ့်ကြောင့် လူမိုက်ကို မမြင်လို မပေါင်းလိုပါသနည်း"ဟု မေးမြန်းသောအခါ ရှင်ရသေ့၏ မိန့်ပုံမှာ. .

"လူမိုက်သည် နည်းမမှန် လမ်းမကျသော အကျင့်များကို နည်းမှန်လမ်းမှန်ဟု ယူဆတတ်၏၊ ကျင့်တတ်၏၊ မပြုသင့်သည့်ကိစ္စများကို တိုက်တွန်းတတ်၏၊ မကောင်းသောနည်းလမ်းများမှာ သူ့အဖို့အကောင်းဖြစ်နေ၏၊ အကျိုးသင့် အကြောင်းသင့် ပြောသော်လည်း စိတ်ဆိုးတတ်၏၊ ကျင့်ဝတ်စည်းကမ်းများကို နားမလည်၊ သိအောင်လဲ မသင်၊ သိသော်လဲ မကျင့်၊ ထိုလူမိုက်မျိုးကို မမြင်ရ မတွေ့ရခြင်းကသာ ကောင်းပါသည်"ဟု မိန့်တော်မူ၏။

နောက်တစ်ဖန်ဆုတောင်းပုံက -

"ပညာရှိကို မြင်တွေ့ရ ပေါင်းသင်းရပါလို၏၊ ပညာရှိနှင့်သာ စကားပြောဆိုရပါလို၏"ဟု ဆုတောင်း၏။

အကြောင်းကိုမေးမြန်းသော်-

"ပညာရှိကား နည်းမှန်လမ်းမှန်ကို ကျင့်တတ်၏၊ မပြုသင့် မပြုထိုက်သောကိစ္စများကို တားမြစ်တတ်၏၊ မှန်ကန်သော နည်းလမ်းကသာ အကောင်းမြတ်ဆုံးဟု ပြောဆိုတတ်၏၊ အကျိုးသင့် အကြောင်းသင့် ပြောသော်လဲ စိတ်မဆိုးတတ်၊ စည်းကမ်း နည်းလမ်းကို နားလည်၏၊ ကျင့်လဲကျင့်သုံး၏၊ ထို ပညာရှိနှင့်သာ ပေါင်းသင်းရခြင်းသည် ကောင်းလှပေ၏"ဟု မိန့်တော်မူ၏။

သူတစ်ပါး ဆင်းရဲကြောင်းကိုသာ အမြဲတမ်းဖန်တီးတတ်သူ လူမိုက်ဖြစ်ရခြင်း၊ လူမိုက်ကိုပေါင်းရခြင်းကြောင့် အခုဘဝ နောင်ဘဝ အကျိုးမဲ့ဖြစ်ရခြင်းတို့ကြောင့် အ,မင်္ဂလာဖြစ်ပြီး ထိုလူမိုက်ကို ရှောင်ခွာခြင်းမှာ အကျိုးမဲ့ခြင်း အမျိုးမျိုးမှလွတ်ကာ ချမ်းသာခြင်း အကြောင်းဖြစ်၍ မင်္ဂလာဖြစ်ပါသည်။

## မိုက်မှန်း ဆိုးမှန်းသိပါလျက်
## မခွဲနိုင်မခွာရက် ဖြစ်နေပါလျှင်
## ဘယ်သောအခါမှ
## အဖြစ်ဆိုးက လွတ်မြောက်နိုင်မှာ
## မဟုတ်တော့ပါဘူး

လူမိုက်နှင့်ပေါင်းလျှင် ရရှိလာမည့် အကျိုးအပြစ်တို့ကိုသိသော ရှေးပညာရှိ သူတော်ကောင်းကြီးများသည် လူမိုက်နှင့်ဝေးအောင် ဆုတောင်းလေ့ရှိကြ၏။

ဘုရားကလည်း မြွေဆိုးကိုက်လျှင် တစ်ဘဝသာ သေရမည်။ လူမိုက်နှင့်ပေါင်းမိလျှင် အခုဘဝလည်း ဆင်းရဲအမျိုးမျိုး တွေ့ရ၏။ နောင်ဘဝလည်း အောက်တန်းကျ၍ ငရဲသို့ပင်ကျရောက်နိုင်၏။ ယခုလည်းရှုံး၊ နောင်လည်းရှုံး နှစ်ဖက်ရှုံး ဖြစ်ရမြဲဖြစ်၏ဟု မိန့်တော်မူ၏။

တစ်ခါတစ်ရံ လောကဝယ် ခါးပိုက်နှိုက်က လူကောင်းထင်အောင် အဝတ်အစား ကောင်းကောင်းဝတ်ဆင်ပြီး သူဌေးသားယောင် ဆောင်သကဲ့သို့ လူမိုက်တို့ကလည်း သူတို့ကို လူလိမ္မာ သူတော်ကောင်းထင်အောင် တိုက်ပုံဝတ်၍ ကြောင်သူတော်ဒ လား စကားအပြောအဆို ချိုချိုသာသာနှင့် ကောင်းရာကောင်းကြောင်း လုပ်တော့မလို ဟန်ဆောင်တတ်ကြ၏။ ဝမ်းထဲက ပုပ်သလောက် နှုတ်ဖျားက ချိုပြတတ်ကြလေ၏။

"ပါးစပ်ပြောက ပျားသကာ၊ ခါတ်သဘောက ခါးတမာ" လုပ်တတ်ကြလေသည်။

ဤ လူမိုက်မျိုးသည် ဟန်မဆောင်သော ပြောင်လူမိုက်ထက်ပင် ပို၍ကြောက်စရာကောင်းလေ၏။

အလိမ္မာကို သုံးထားသဖြင့် တစ်ဖက်သားလူက အသိခက်သောကြောင့် တစ်ဖက်သားကို ပျက်စီးအောင် တစိမ့်စိမ့်နှင့် အများကြီးဖျက်ဆီးနိုင်တော့၏။ ဥပမာအားဖြင့် မီးထွန်း၍ခိုးသော သူခိုးနှင့်တူ၏။

ကျွန်ုပ်တို့ လူ့လောကတွင် အချင်းချင်းပေါင်းသင်းဆက်ဆံခြင်းဖြင့် နေထိုင်ကြရသည်ဖြစ်ရာ လူဆိုးနှင့် လူကောင်း၊ လူမိုက်နှင့်လူလိမ္မာကို ခွဲခွဲခြားခြား သိဖို့လိုသလို သိသည့်အတိုင်း ရှောင်ကြဉ်သင့်သူကို ရှောင်ကြဉ်၍ ပေါင်းသင့်သူကိုသာ ပေါင်းမိဖို့လည်း အလွန်အရေးကြီးလှပါသည်။

"လင်ဆိုးမယား တဖားဖား၊ သားဆိုးမအေ တတေတေ" ဆိုသကဲ့သို့ မိုက်မှန်းဆိုးမှန်းသိပါလျက် မခွဲနိုင် မခွာရက် ဖြစ်နေပါလျှင် ဘယ်သောအခါမှ အဖြစ်ဆိုးက လွတ်မြောက်နိုင်မှာမဟုတ်တော့ပါဘူး။ ထိုမလွတ်မြောက်နိုင်ခြင်းသည် ပစ္စုပ္ပန်သံသရာ နစ်မွန်းရာပင် မဟုတ်ပါလော။

**ဆုတောင်း**

လူမိုက်ဟူသရွေ့ မတွေ့ရလို၊
လူမိုက်နှင့်ရော မပြောရလို၊
တောင်းသောဆု ယခုပြည့်ဝလို။

သတ္တဝါမှန်သရွေ့
တရားတွေ့ချမ်းမြေ့သာယာရှိကြပါစေ။

❒ လူအေး(တမာမြေ)


ဝန်ခံချက်

သီတဂူဆရာတော်၏တရားနှင့် ပေါရာဏာစရိယများ၏ မှတ်စုများကို မှီငြမ်းပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁)

သည်ညဟာ ဘယ်လိုညမျိုးလဲကွယ်။ နှလုံးခုန်သံကို နုနုညက်ညက် ခံစားနေရသည်။

စိုးထိတ်တုန်လှုပ်နေခြင်းတော့ မဟုတ်။ ကြောက်ရွံ့ရင်ဖိုနေခြင်းလည်း မမည်။ ကြည်နူးပျော်မောနေခြင်းပဲ ဖြစ်မည်ထင်ရဲ့။ ဘာပဲဖြစ်ဖြစ် အိပ်၍မရနိုင်သည်ကတော့ သေချာနေပါပြီ။ "ညကြီးမင်းကြီး၊ ထပြီးထိုင်နေ၊ အိပ်ရာတွေလည်း၊ မွကြေတွန့်လိပ်၊ သိပ်စိတ်ညစ်တယ်" လို့လည်း မရေရွတ်လိုတော့ပေ။

ကျွန်မ. . . ကျွန်မဟာ ခိုတွယ်စရာ၊ အတည်မရ ဖြစ်နေသူတော့ မဟုတ်ဘူးလေ။ ဒီညဟာ အကျည်းတန်လှစွာသော တစ်ကိုယ်ရေ အထီးကျန်ညများ၏ နိဂုံးညပေပဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com

"ချစ်သူဘဝရဲ့ နိဂုံးညပေါ့"လို့ ကိုသူ ပြောခဲ့တုန်းက ကျွန်မ မနှစ်မြို့ခဲ့။

"ကိုသူနော် ဘာစကားလဲ၊ အဓိပ္ပာယ်မရှိ"

"ဘာလဲ၊ မဟုတ်ဘူးလား ချစ်ရဲ့၊ နက်ဖြန်မနက်ပဲ မောင်တို့ မင်္ဂလာဆောင်တော့မယ့်ဟာ၊ နောက်နေ့ဆိုရင် ချစ်သူတွေ မဟုတ်တော့ဘူးလေ"

"ဟင်၊ ဘာလို့ မဟုတ်ရမှာလဲ"

"အကြင်တို့ လင်မယား၊ အဲ၊ အကြင်လင်မယား ဖြစ်သွားလို့ပေါ့၊ ချစ်က မောင့်ရဲ့မယား၊ မောင်က ချစ်ရဲ့လင်၊ ဟဲ. . . ဟဲ"

အူမြူးနေသော သူ့ကို ကျွန်မ ထုရိုက်ကျီစယ်လိုက်သေးသည်။

"မောင်နော် တော်တော်မျက်နှာပြောင်နေ"

"ပေ့၊ ဟိုနှစ်ယောက်နော်၊ သိပ်တဲမနေနဲ့၊ ကိုသူ ရှင်လဲ ပြန်တော့၊ နံ့သာ ညည်းလဲအိပ်တော့၊ မနက်အစောကြီး အလှပြင်ဖို့ ထရဦးမှာ"

သတို့သမီးအရံလုပ်မည့် မိချိုက မောင့်ကို နှင်ထုတ်ရင်း ကျွန်မကိုလည်း လှုံ့ဆော်သတိပေးသည်။

"အေးပါ မိချိုရာ၊ ငါလဲ ပြန်မလို့ပါ၊ နင့်သူငယ်ချင်းက ငါ့လက်ကို မလွှတ်လို့ဟ"

"အံမယ်"

ကျွန်မ ကပျာကယာ ငြင်းချက် ထုတ်လိုက်ရသေးသည်။ ဆိတ်ဖလူးပင်၏ အရိပ်စပ်စပ်၊ ပုဏ္ဏရိက်တန်း၏ အကွယ်၊ ခုံတန်းလျားအစွန်းမှာ ထိုင်နေကြပေမယ့် ကျွန်မ ကိုသူ့လက်မောင်းကို ဖက်တွယ်မထားမိပါ။

"ကိုသူနော်၊ တော်တော် အသားယူ"

ကျွန်မ မောင့်ကို အင်မတန် အမှတ်တမဲ့ဖြစ်မှသာ "မောင်"ဟု လွှတ်ခနဲ ခေါ်တတ်ပါသည်။ အမြဲတမ်းတော့ ကိုသူဟုသာ ခေါ်လေ့ရှိပါသည်။

ရှက်တတ်သော ကျွန်မ၏စိတ်ကိုသိသည့် မိချိုကပါ သူ့ကို မျက်စောင်းထိုးလိုက်သည်။

အို. . . . ဒါပေမဲ့ မောင့်ကို ကျွန်မ သိပ်ချစ်သည်လေ၊ ရင်ထဲကပဲပေါ့။

"ဟဲဟဲ. . အေးပါဟာ၊ ငါလဲ အခုပဲ ထပြီးပြန်တော့မလို့ပါ၊ မင်္ဂလာခန်းမဘက်ကိုလဲ သွားကြည့်ရဦးမယ်လေ၊ စားပွဲကုလားထိုင်တွေ ပြင်ဆင်ထားတာ အဆင်ပြေရဲ့လားလို့၊ နံ့သာကြိုက်တဲ့ ပန်းနုရောင်ကုလားထိုင်တွေချည်း ငါရွေးငှားထားတာဟ"

"ပိုပြန်ပြီ၊ သွားတော့ ကောင်စုတ်၊ ငါတို့အိပ်ရဦးမယ်"

"သွားပါ့မယ်ဟာ၊ ဟဲ့ ဒါနဲ့ မိချို နင် နံ့သာလောက် လှအောင် မပြင်နဲ့ သိလား၊ သတို့သားအရံလုပ်မယ့် ငါ့ညီ ဖိုးပြေက နင့်ကို ကြိုက်သွားဦးမယ်"

ကျွန်မတို့ ရယ်မောကျန်ရစ်ဆဲမှာ ကိုသူ စက်ဘီးပေါ် လွှားခနဲခုန်တက်ကာ လက်ပြထွက်ခွာသွားတော့သည်။ စက်ဘီးပေါ် တက်နေစဉ်လေးမှာပင် ကျွန်မကို ကြည့်ဖြစ်အောင် ကြည့်သွားလိုက်သေးသည်ကိုတော့ ကျွန်မသာ သိနိုင်ပါသည်။

ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်က ကျွန်မတို့မြို့လေးမှာ ဆောင်းနှင်းငွေ့နှင့် ဖုန်မှုန့်တို့ ရောနှောဝေသီနေတတ်မြဲလေ။ ကျွန်မ သူ့အရိပ် မမြင်ရတော့မှ အိမ်ထဲသို့လှည့်ဝင်ခဲ့သည်။

"ကောင်မ အဖြစ်သည်းမနေနဲ့၊ နက်ဖြန်ဆို ရှင် သူ့အိမ် လိုက်နေရတော့မှာ"ဟု မိချိုက ကျွန်မကို တံတောင်ဆစ်နှင့်တွက်ရင်း ပြောလိုက်သေးသည်။

အိပ်ရာထဲ ရောက်ကြပေမယ့် ကျွန်မတို့ ချက်ချင်းအိပ်မပျော်။

"နားထဲမှာ အောက်ထပ်က ဗီဒီယိုကြည့်ရင်းရယ်တဲ့ အသံတွေ ကြားနေရတယ်ဟာ၊ အိပ်လို့ မရဘူးဟာ"

"အိပ်ရာပြောင်းအိပ်လို့နေမှာပါ မိချိုရာ'

"အေးပါအေ၊ ကျုပ်က အိပ်ရာပြောင်းအိပ်လို့ ဖြစ်မှာပါ၊ ရှင်ကတော့ကော၊ ကိုယ့်အိမ်က ကိုယ်အိပ်နေကျ အိပ်ရာမှာအိပ်ပြီး ဘာလို့ အိပ်မပျော်ရတာလဲ"

"ကျွန်မလား၊ ကျွန်မက ရင်ထဲ ဘုရားပွဲလှည့်နေလို့ပေါ့၊ နက်ဖြန် ကျွန်မ ယောကျ်ားရတော့မှာမို့လို့လေ၊ ကဲ၊ ရှင် ဒီစကားကြားချင်တယ် မဟုတ်လား၊ ဟင်း . . . ဟင်း"

"မိန်းမ သိသားပဲ၊ ဟဲ . . . ဟဲ"

ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် တခစ်ခစ်ရယ်မောနေကြစဉ် အခန်းထဲသို့ တရွေ့ရွေ့ဝင်လာသူတစ်ဦးကို သတိမထားမိကြ။

"ဟဲ့. . ကလေးမတွေ၊ တွတ်ထိုးမနေကြနဲ့၊ အိပ်ကြတော့၊ သမီးတို့ အိပ်ရာဝင်ပြီလားလို့ အမေ လာကြည့်တာ၊ ကောင်မလေး ညည်းသဇင်ပန်းတွေ အမေ ငှက်ပျောရွက်နဲ့ ထုပ်ပြီး ဖန်ခွက်နဲ့ရေစိမ်ထားတယ်၊ သောက်ရေအိုးစင်ပေါ်မှာနော်၊ မနက် ဆံထုံးသွားထုံးရင် ယူသွားဖို့"

"ဟုတ်"

အမေ တံခါးပြန်စေ့သွားပြီး မကြာခင်မှာ မိချို့အသက်ရှူသံ ခပ်ပြင်းပြင်းကို ကြားရသည်။ အိပ်မောကျသွားပြီပေါ့။ ကျွန်မ အိပ်မရသေးပါကွယ်။ ကျွန်မ မျက်လုံးထဲမှာ မောင့်နှုတ်ခမ်းနီတွေးတွေးနှင့် ညာဘက်အပေါ်နှုတ်ခမ်းစပ်မှ မှဲ့သေးသေးလေးကို ဘာလို့မြင်မိနေပါလိမ့်။ တစ်ပါးသူတွေ အမူမဲ့ အမှတ်မဲ့နေပေမယ့် ကျွန်မအတွက် မှတ်မှတ်ရရ ရှိလှသည့် မှဲ့လေးလေ။ ဒီမှဲ့လေးကြောင့် ကျွန်မ အင်္ဂလိပ်ဗ္ဗာ အဟော စာအုပ်တွေ၊ ဗေဒင်ကျမ်းတွေ မွှေနှောက်ခဲ့ရသေးသည်ကော။



www.burmeseclassic.com

www.burmeseclassic.com

"ကိုသူ ငါ့ကို မညာပါနဲ့နော်၊ ငါ့ကို တကယ်ကြိုက်မှ ကြိုက်တယ်ပြောပါ၊ ငါရည်းစားများတဲ့သူ မဖြစ်ချင်ဘူးလေ"ဟု ကျွန်မကို ကမ်းလှမ်းစဉ်က ကျွန်မ စိုးရိမ်စွာပြောမိသေးသည်။ နှုတ်ခမ်းမှာ ဒီလိုမဲ့မျိုးရှိရင် စကားမတည်ဘဲ ကြုံသလို ချစ်စကားပြောတတ်သည့် မျက်နှာများသည့် မောင် ဖြစ်မှာ စိုးလို့ပေါ့။

ဒါပေမဲ့ ဒါပေမဲ့ ဒီစိုးရိမ်စိတ်ကပဲ ကျွန်မရဲ့ ဝန်ခံချက် ဖြစ်သွားခဲ့သည်လေ။ သူ ကျွန်မကို တကယ်မချစ်ဘဲ မေတ္တာစကားပြောခဲ့မှာ စိုးကြောက်နေသည့် ကျွန်မဟာ သူ့ကို ချစ်နေလို့ပဲပေါ့။ ကျွန်မ၏ဟာကွက်ကို နောင်ချစ်သူဘဝမှာ မောင်က အမြဲတမ်း ရယ်မောနောက်ပြောင်နေမြဲဖြစ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကျွန်မ အိပ်ပျော်အောင်တော့ အိပ်ရမည်။ မျက်နှာမှောက်ပြီးအိပ်ရင် မနက်ဖြန်ကျ ကျွန်မ မျက်နှာ ဖောင်းအိအိလေး ဖြစ်နေမည်တဲ့၊ ပိုလှမည်တဲ့။ ကျွန်မ မောင့် အတွက် အလှပဆုံး သတို့သမီးလေး ဖြစ်ချင်သည်လေ။ ဒါပေမဲ့ ခေါင်းအုံးနှင့် နှာခေါင်း ဖိမိနေသဖြင့် ကျွန်မ အသက်ရှူမဝချင်။

မျက်နှာကို ခပ်စောင်းစောင်းလေးထားပြီး အိပ်ကြည့်လိုက်၏။ ကိုယ့်နားထင်က သွေးတိုးသံ တဒိတ်ဒိတ်ကို ကိုယ် ပြန်ကြားနေရသည်။ ကျွန်မ သွေးတိုးနှုန်းတွေပိုမြန်နေသလား မသိ။ စိတ်တည်ငြိမ်မှုရအောင် တစ်,နှစ်,သုံး လေးတွေ ရွတ်ကြည့်နေလိုက်သည်။ ရာပေါင်းများစွာ၊ ထောင်ပေါင်း များစွာ ရေရွတ်နေဆဲမှာပဲ ကျွန်မစိတ်တွေ ညောင်းညာကာ အိပ်ပျော်သွားလေမလား။ အို့ ကိန်းဂဏန်းတွေဟာ ရှေ့ဆက် တက်မလာဘဲ ထပ်တလဲလဲ ဖြစ်နေသလို ကျွန်မ ခံစားလာ ရသည်။ ဖျတ်ခနဲမှာပဲ ကျွန်မ ကိုသူ့တိုက်ပုံအကျႌကို မီးပူ တိုက်ပြီး ချိတ်နှင့်ချိတ်ခဲ့သည်ကို သွား၍အမှတ်ရလိုက်သည်။ တိုက်ပြီးခေါက်ထားလျှင် ခေါက်ရိုးကျိုးသွားမှာ ကျွန်မ မလို လားပါ။

မနက်ဖြန် အလှပြင်ဖို့သွားရင် ယူသွားဖို့ ကျွန်မ သတိ ထားရမည်။ မေ့မသွားပါစေနဲ့။ နှံ့သာရောင်တိုက်ပုံအကျႌရဲ့ ဘယ်ဘက်ရင်အုံမှာ သစ်ခွပန်းလေးတစ်ပွင့်၊ ကျောက်ခက်နှင့် တွယ်ခက်ပြီး ကျွန်မကိုယ်တိုင် ထိုးပေးရဦးမည်။ ကိုသူက ရင်ဘတ်မှာ ပန်းပွင့်ကြီးတပ်ဆင်ရမှာ ရှက်နေပြီး အတန်တန် ငြင်းဆိုခဲ့သေးသည်။

"မောင်နော်၊ ကျွန်မက မောင့်ကိုလဲ လှစေချင်လို့"

ရှားရှားပါးပါး နှစ်လုံးဆင့်ကာ ခေါ်လိုက်သော ကျွန်မ၏ "မောင်"က ကိုသူ့ကို တွန်းအားဖြစ်စေခဲ့သည်။

နောက်တော့ သူ သဘောတူသွားခဲ့သည်။

"ပြီးတော့ ပန်းက နှံ့သာရောင်လေး ကိုသူရဲ့ မောင့် ရင်အုံမှာ ကျွန်မ ရှိနေတဲ့သဘောပေါ့" လို့ ကျွန်မက အားဖြည့် ပေးလိုက်သေးသည်လေ။

ကွယ်. . တွေးရုံနှင့်ပင် ကျွန်မရင်တွေ ငြိမ့်ငြိမ့် သက်သက်ရှိလှချည့်။ နက်ဖြန်ဆိုရင် ကျွန်မကို ဤမျှညို့ငင်နိုင် စွမ်းသော မောင်ဟာ ကျွန်မ၏မောင် ဖြစ်လာတော့မှာပေါ့ နော်။ ဒါပေသည့် လတ်တလောမှာတော့ အိပ်ပျော်ဖို့သာ ကျွန်မအတွက် အကြီးမားဆုံးပြဿနာ ဖြစ်ပေသည်။

ထိုစဉ် လမ်းထိပ်ကင်းတဲဆီမှ သံချောင်းခေါက်သံ ၁၂ ချက် တိတိကို ကြားလိုက်ရ၏။ မနက် ၄ နာရီ ထရမည်မို့ ကျွန်မမှာ အိပ်ချိန် ၃ နာရီကျော်ကျော်ပဲ ရှိတော့မည်။

ကျွန်မ စိတ်ငြိမ်ဆေးတစ်လုံးကို မှောင်ထဲမှာပင် စမ်း ယူပြီး ရေမပါဘဲ သောက်ချလိုက်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်မ အိပ်ပျော်ဖို့တော့ အမှန်တကယ် လိုအပ်နေပေပြီ။ မနက် စောစော ကျွန်မ မနိုးခဲ့ရင်ကော။

အို့ ဒီအတွက်တော့ ကျွန်မ လုံးဝ စိုးရိမ်စရာမလိုပါ။ ကျွန်မမှာ ကျွန်မကို အဖိုးထိုက်ရတနာတစ်ခုလို အမြဲဂရု တစိုက် ရှိလှသော၊ အချိန်လည်း အင်မတန် လေးစားသော၊ စည်းစနစ်ကြီးမားပြီး တိကျသေချာလှသော ကျွန်မ၏ အမေ ရှိသည်လေ။

အမေက ကျမကို ပူပန်ခြင်းကြီးစွာ၊ စိတ်စောလှစွာ၊ ချစ်မြတ်နိုးစွာ "ကောင်မလေး၊ ထတော့လေ၊ ညည်း ဆံထုံး ထုံးဖို့ သွားရဦးမယ် မဟုတ်လား" ဟု နှိုးလိမ့်မည်ပေါ့။ ပြီး "ညည်းရေချိုးဖို့ ဒန်ဇလုံကြီးထဲမှာ ရေနွေးကျိုပြီး စပ်ထားပေး တယ်၊ အအေးမပတ်အောင် အဲဒီရေနဲ့ချိုး" လို့ ယုယစွာ ပြောလိမ့်ဦးမည်။ ဒါ့ပြင် "အကြာကြီးလည်း စိမ်ချိုးမနေနဲ့ ဦးနော်၊ သွက်သွက်လက်လက်ချိုး"ဟု စိုးရိမ်စွာ သတိပေး လိမ့်ဦးမည်။ "အမေလဲ ဆံထုံးလှလှကြီး ထုံးရဦးမယ်နော်"လို့ ကျွန်မ အမေ့ကို ကျီစယ်ရဦးမည်။ အမေကတော့ ပျာပျာ သလဲ ငြင်းချက်ထုတ်ဦးမှာပဲ။ "အိုအေ၊ သုံးထမ်းပိုးကျိုးပြီးမှ တိုးလို့လဲ မလှနိုင်တော့ပါဘူး"လို့။

"ဟင့်အင်း၊ မရပါဘူး၊ ဆံထုံးတင် မကဘူး၊ နှုတ်ခမ်းနီ လဲဆိုး၊ ပဝါလဲ ခြုံခဲ့၊ အမေက သတို့သမီးအမေလေ အမေရဲ့"

ကျွန်မ အမေ့ကို ခပ်ရွှင်ရွှင်လေး တိုက်တွန်းရဦးမည် ထင်ရဲ့။ အမေ့မျက်နှာကို မြင်ယောင်ရင်း ကြည်နူးစွာ ကျွန်မ အိပ်ပျော်သွားခဲ့လေသလား။

(၂)

နိုးတစ်ဝက်အိပ်မက်မှ ကျွန်မ ရင်ခုန်စွာ နိုးထလာခဲ့ သည်။ အိပ်မက်ထဲမှာပင် ကျွန်မ အလှတွေပြင်နေရသေး၏။ မင်္ဂလာဆောင်မှာတော့ မဟုတ်။ ကျွန်မတို့မြို့လေး၏ နာမည် ကျော် နှစ်ကျိပ်ရှစ်ဆူလှည့်ပွဲမှာ ဖြစ်သည်။ စံပယ်ပန်းကုံးတွေ သွယ်တန်း ဆံမြိတ်ချလျက် ဘုရားလှည့်ပွဲမှာ ကျွန်မ အလှဆုံး ဖြစ်ခဲ့၏။ ချိတ်လုံချည်ကို အသာဆွဲမ,ရင်း ကျွန်မ သုတ်သုတ် လျှောက်နေမိသည်။





www.burmeseclassic.com

www.burmeseclassic.com

လမ်းဘေးက လူအုပ်ထဲမှာတော့ မောင့်ကို ကျွန်မ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ ကျွန်မ ရှက်ပြုံးပြုံးရင်း ခေါင်းကိုငုံ့ထားမိတာကို မှတ်မိပေမယ့် ဘာ့ကြောင့်ခပ် သွက်သွက်လျှောက်နေရသလဲလို့ ကျွန်မ မစဉ်းစားတတ်။ လူအုပ်လူတန်းကြီးနှင့် သွားနေသည့်ကြားက ကျွန်မတစ်ယောက်တည်း ဘာများ အလောတကြီး ဖြစ်နေရသည်မသိ။ အချိန်မမီမှာ၊ နောက်ကျကျန်ရစ်မှာသာ ကျွန်မ စိတ်ပူပြီး ရင်မောနေမိသည်။

အိပ်မက်ထဲမှာ အသော့နှင်နေရသော ကျွန်မသည် အိပ်ရာထက်မှာ မောလှပ်လှပ်ဖြစ်နေပေသည်။ ဆောင်း၏ အရုဏ်ဦးမှာ စောစောစီးစီး ချွေးစေးတွေပြန်နေသေးသည်။ အိပ်ရာကို အသာစမ်းလိုက်တော့ ကျွန်မဘေးမှာ အိပ်ပျော်သွားခဲ့သော မိချိုလည်း မရှိတော့။ ကျွန်မ အရင်နိုးလျက်က ဘာလို့များ ကျွန်မကို နှိုးမသွားပါလိမ့်နော်။

"မိချို၊ မိုချို" ကျွန်မ စိတ်စောစွာခေါ်မိသည်။

"ဟင်, သမီး၊ နိုးလာပြီလား"

အမေ ကျွန်မ အိပ်ရာဘေး ရောက်လာသည်။ အမေကလည်း သမီးကိုမနှိုးဘူးဟု ကျွန်မ အမေ့ကို အပြစ်ဖို့လိုက်သည်။ အခန်းထဲမှာ မီးမဖွင့်ထားဘဲ အတန်ငယ်လင်းနေပြီ။ ကျွန်မ ရင်တွေ တဒိန်းဒိန်းခုန်သွားသည်။ ကျွန်မ စိုးရိမ်ခဲ့သလို တကယ်ပဲ နောက်ကျသွားပြီထင်ရဲ့။

မျက်နှာသုတ်ပဝါကို ကျွန်မ လှမ်းဆွဲယူခိုက်မှာပင် အမေ့တိတ်ဆိတ်နေမှုကို သတိထားမိသွားသည်။ အမေသည် မလှမ်းမကမ်းမှာ ရပ်နေဆဲပေမယ့် ကျွန်မကို မကြည့်။ ပြီး, ဘာမှလုပ်နေသည်လဲ မဟုတ်။ ကျွန်မ လှည့်ကြည့်လိုက်ချိန်မှာတော့ အမေသည် ခြုံစောင်ကို ခေါက်တော့မလို လက်လှမ်းလိုက်သလိုရှိသည်။ ဒါပေမဲ့ လက်ကိုပြန်ရုပ်ကာ အမေ ရပ်နေပြန်သည်ကို ကျွန်မ မြင်ရပြန်၏။

"အမေ"

မျက်နှာသုတ်ပဝါကို ခြုံလိုက်ရင်း အမေ့ကို ကျွန်မ အကြောင်းမဲ့ ခေါ်လိုက်သလားမသိ။ ကျွန်မ အသံအနည်းငယ်ကျယ်သွားသလိုလည်း ရှိသည်။ အမေက ကျွန်မကို ပြန်မထူး။

"အမေ့"

ကျွန်မအသံ အနည်းငယ် ပိုမြင့်သွားသည်။

"မိချိုကောလို့"

ကျွန်မအမေးတွင် အမေပျာပျာသလဲ ဖြစ်သွားကာ "အောက်. . အောက်ထပ်မှာ"ဟု ထစ်ငေါ့စွာဖြေ၏။

"အမေကလဲ"

ကျွန်မ စိတ်မရှည်စွာ ရေရွတ်ရင်း ရေချိုးခန်းထဲ သုတ်သုတ်ဝင်လိုက်သည်။

"ဟင်, ရေကလဲ အေးလိုက်တာ"

အမေများ မမေ့စဖူး မေ့နေလိုက်တာ။

အရိပ်တကြည့်ကြည့်နေခဲ့သည့် ကိုယ့်သမီးလေး၏ ဒီလိုအခါကောင်းမှာမှ ဘာလို့များ မေ့လျော့ရပါလိမ့်။ ကျွန်မ အတ္တကြီးသွားတာလည်း ဖြစ်ချင်ဖြစ်မည်။ အို, ရေခဲတုံးတွေ ဖွဲ့သီမျောပါနေရင်တောင်မှ ကျွန်မ ဒီနေ့မနက်တော့ ရေချိုးမှ ဖြစ်မည်။ ရေအေးနှင့်တွေ့ခိုက်မှာ စိတ်ငြိမ်ဆေးအရှိန်ဖြင့် သီဝေနေသော ထိုင်းမှိုင်းလေးကန်မှုများ လွင့်စဉ်သွားသည်။

မေးခိုက်ခိုက်ရိုက်လျက်က ကျွန်မ သီချင်းတစ်စ ဆိုနေမိသေးသလားမသိ။ ရေချိုးခန်းဝမှာ အမေ့ကိုရပ်လျက်ကြီး တွေ့လိုက်ရတော့ ကျွန်မ လန့်သွားသေး၏။ အဘွားကြီး ဘာရပ်လုပ်နေတာလဲ၊ အမေလည်း ပြင်တော့လေ။ ခါးကို လက်နှင့်တို့ကာ သတိပေးသလိုနှင့် ကျွန်မ စလိုက်တော့ "ဟဲ့ ပလုတ်တုတ်၊ သာအေးနဲ့ ဗွေးဒုတ်"လို့ ခါတိုင်းလို အမေ မယောင်။

တစ်ခုခုကိုသတိထားနေရသလို အမေ့တုံ့ပြန်မှုက ပုံမှန်အနေအထားမှ အတန်ငယ် သွေဖည်နေပါလား။

လှေကားမှ တက်လာသည့်ခြေသံ။

မိချို သူ ကျွန်မကို ခြေစုံရပ်ကာငေးကြည့်နေသည်။

"မိုချို ပစ္စည်းတွေ ကျန်ခဲ့မယ်နော်၊ စဉ်းစားပြီး ထည့်ခဲ့ပါဟယ်"

သူ ဘာမှ ပြန်မပြော၊ ကျွန်မ အနားကိုလည်း ဆက်လျှောက်မလာ။

"နင် ရေကော ချိုးပြီးပြီလား၊ နောက်ကျပါတယ် ဆိုမှဟယ်၊ ဟဲ့, ပန်း. . . ပန်း. . ပန်းကော၊ အမေ့ကို မေးပြီး ယူခဲ့နော်"

ကျွန်မ လည်ကုပ်စပ်မှ ဆံပင်တွေကို မျက်နှာသုတ်ပဝါဖြင့် ပွတ်ခါသုတ်လိုက်၏။ ရေတွေစိုကုန်လို့ ဆံထုံး ထုံးရခက်နေမလား။

အို, လေမှုတ်စက်ရှိသားပဲ၊ မီးလည်း ခုထိတော့ ထိန်လို့။ အလှပြင်ဆိုင်မှာတော့ မီးစက်လည်း ရှိမှာပါ။ ခပ်ပွပွ အင်္ကျီတစ်ထည်ဝတ်သွားရမည်။ ခေါင်းစွပ်အင်္ကျီ မဖြစ်စေရ၊ တီရှပ် မဖြစ်စေရ၊ ဆံထုံးထုံးပြီးမှ အင်္ကျီချွတ်မရသည့် ပြဿနာ မရှိစေရန် အလှပြင်သမားက အသေအချာ မှာထားသည်။ ဖလန်နယ်အနီကွက် ရှပ်အင်္ကျီကတော့ အသင့်တော်ဆုံး ဖြစ်လိမ့်မည်။

"ခြေသည်းလက်သည်း ဆိုးချင်ရင် ညကတည်းက ဆိုးထား၊ ဆံပင်လျှော်ချင်လဲ တစ်ရက်နှစ်ရက် အလိုထဲက ကြိုလျှော်ထား၊ ဆီတော့ လုံးဝ ထည့်မလာနဲ့"

အလွတ်တောင် ရလုပါပြီ။ ကျွန်မရဲ့ မင်္ဂလာပွဲမှာ ဘာတစ်ခုမှ အလွဲအချော် မဖြစ်စေချင်ဘူးလေ။ ပြီးတော့ မောင့်ရဲ့ သတို့သမီးလေးဟာ ပေါ့တန်တန် မိန်းကလေး မဟုတ်ဘူးဆိုတာ ကျွန်မ သက်သေပြရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အဝတ်လဲပြီးသည့်တိုင် မိချိုတစ်ယောက်ဖြင့် ယောင်နေတုန်း။ ဟိုအထုပ်ဆွဲတော့မလို၊ ဒီအဝတ် ဝတ်တော့မလို။

"အလိုတော် သူကများ ငိုင်နေရသေး၊ လုပ်ပါဟဲ့ မိချိုရဲ့၊ ရှင်လဲ လှလှလေးပြင်ပြီး ဒီနေ့ အစွံထုတ်ရဦးမှာ"

ကျွန်မ၏ ခပ်သောသော လေသံနောက်သို့ မိချို လိုက်မလာ၊ ထူးဆန်းလှချေရဲ့။

"ရှင် နေမကောင်းဘူးလား"ပြောပြောဆိုဆို သူ့အနား ကို လှစ်ခနဲ ကျွန်မ ရောက်သွားသည်။ နဖူးစမ်းကြည့်လိုက် တော့လည်း ဘာမှထူးခြားမှု မရှိ၊ ချွေးသီးလေးများပင် စို့လို့ နေသည်။ လုပ်ပါ မိချိုရယ် မြန်မြန်လေး၊ ရှင့်အလှည့်ကျ ရင်လည်း ကျွန်မ ကူမှာပေါ့၊ ကျွန်မတို့ကို အလှပြင်ဆိုင် လိုက်ပို့မည့် ကားလည်း ညကတည်းက အိမ်ရှေ့မှာထိုးထား ပြီးမို့ စောင့်နေရော့မည်။

ချိတ်နှင့်ချိတ်ထားသည့် ကျွန်မ၏ နုံ့သာရောင် ဇာဝတ်စုံလေးနှင့် မောင့်တိုက်ပုံအင်္ကျီကို ကျွန်မ လက်လှမ်း လိုက်စဉ် မိချို ကျွန်မနားမှာ လာရပ်သည်။

"နုံ့သာ"

သူမ အသံက တစ်ဆို့ဆို့။ ဘာလဲဟာ၊ နင် ဘာဖြစ် နေတာလဲ၊ အသံမထွက်ဘဲ ကျွန်မ သူ့ကို မျက်နှာထားဖြင့် စိုက်ကြည့်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် အင်္ကျီချိတ်ကို ဆွဲမြောက်ပြီးသားဖြစ်၏။ မိချိုက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ကျွန်မလက်ထဲက အဝတ်များကို လှမ်းယူသည်။

ကျွန်မ ဆတ်ခနဲ ပြန်ဆွဲယူပြီး အောက်ထပ်သို့ ခပ် သုတ်သုတ်ဆင်းခဲ့သည်။ ဆင်းနေရင်းက "မိချိုရေ. . ပန်းထုပ်၊ ပန်းထုပ်ယူခဲ့ဦး" ဟု နောက်ပြန် လှမ်းအော်လိုက်သေး၏။ အိမ်ရှေ့တံခါးမကြီးကား ဟင်းလင်းပွင့်နေပြီး ညက ရပ်ထား သည့် ကားကတော့ ရှိမနေပါ။ ကျွန်မ ဇဝေဇဝါဖြင့် နောက် ပြန်လှည့်ကြည့်ခိုက် မိချိုတစ်ယောက် အပြေးလေးဆင်းကာ အနားရောက်လာသည်။

"နုံ့သာ"

တုံးပြတ်ပြတ် သူ့ခေါ်သံကို ကျွန်မ ဘဝင်မကျ။

"ဘာလဲ"

ကျွန်မ ခပ်ဆတ်ဆတ် ပြန်ထူးလိုက်သည်။

"ခဏ၊ ခဏထိုင်ပါဦး နုံ့သာရယ်"

သည်လိုအချိန်မျိုးမှာ ကျွန်မတို့ ထိုင်ရဦးမတဲ့။

ကားက ဘယ်သွားနေပြန်လို့လဲ။

ဘုန်းကြီးပင့်ဖို့တော့ မဟုတ်နိုင်၊ မင်္ဂလာနေ့မှာ မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် တိုက်ဆိုင် ရှုပ်ထွေးနေမည်စိုး၍ အဖေတို့က တမြန်နေ့ကပဲ ဘုန်းကြီးဆွမ်းကပ်ပေးခဲ့ပြီးပြီလေ။ ဆီသွားထည့်တာလည်း မဖြစ်နိုင်၊ မနေ့ညနေကတည်းက ထိုကိစ္စများကို ကိုသူ အကုန်လုပ်ပေးခဲ့ပြီးဖြစ်၏။ ဆီသွား ထည့်ရင်း ကျွန်မတို့ သဇင်ပန်းတွေ ဝင်ယူခဲ့ကြသည်လေ။ ဒါဖြင့် . . .

"နုံ့သာ" ခေါ်ပြန်ပါပြီ၊ ကျွန်မ နာမည်။

မိချို နင် ဘာဖြစ်နေလဲဟာ။ သွက်လက်တက်ကြွ တတ်သည့် မိချိုတစ်ယောက် ထုံထိုင်းငူငိုင်နေလိုက်သည်များ အရေးအကြောင်းဟဲ့ဆိုရင် အဲသည်လိုပဲလား။

"နုံ့သာ. . . ငါတို့ အပေါ်ပြန်တက်ကြပါစို့ဟာ၊ ပေး . . ပေး နင့်လက်ထဲက အင်္ကျီတွေ ငါ့ကိုပေး"

လက်ကို ဆတ်ခနဲရုပ်ရင်း ကျွန်မ သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။

"လာ. . လာ၊ အပေါ်ရောက်မှ နင့်ကိုငါပြောပြမယ်၊ အင်္ကျီတွေ ငါ့ကိုပေးနော်"

မိချိုလေသံက ချော့မော့ပြောနေသလို၊ ပျော့ပျောင်း နေသည်။

"မဟုတ်သေးဘူး၊ ငါ့ကို နင်လုံလောက်တဲ့အကြောင်း ပြချက်ပေး၊ ငါ အခု အပေါ်လိုက်ခဲ့မယ်"

ခေါင်းမာတတ်သော ကျွန်မ စရော့ကို သိထားသဖြင့် မိချို သက်ပြင်းချသည်။ ပြီးတော့ ခေါင်းကိုငုံ့ကာ ကျွန်မကို မကြည့်ဘဲ . . .

"နင်တို့ လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူး နုံ့သာ"

"ဘာ. . . ဘာပြောတယ် မိချို"

ကျွန်မ ရပ်နေသည့်ကြမ်းပြင် နှစ်ခြမ်းကွဲသွားသလို ဟာခနဲ ဖြစ်သွား၏။

"လာပါဟာ အပေါ်ကျမှ ပြောရအောင်"

ကျွန်မ မိချိုဆွဲခေါ်ရာသို့ စိတ်မှတ်မဲ့စွာ လိုက်ပါ သွားသည်။ အပေါ်ထပ် လှေကားထိပ်မှာတော့ အမေက ရပ် လျက်သား။

"မင်္ဂလာဆောင်ပျက်သွားပြီဆို ဟုတ်လား အမေ"

အမေက ကျွန်မကို မျက်နှာလွှဲလိုက်ကာ . . .

"နောက်လဲ သိမယ့်အတူတူပြော ပြလိုက်ပါတော့ သမီးရယ်" ဟု မိချိုကို ပြောသည်။

ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်မတို့ကို သိပ်သဘော မတူသည့် ကိုသူ့အဒေါ် အပျိုကြီးကြောင့်လား။ သူနှင့် ကျွန်မ ဦးလေးက အကြီးအကျယ် ကြိုက်ပြီးမှ ကွဲသွားခဲ့ကြဖူး၏။ ပြီးတော့ ကိုသူ့အဖေနှင့် အမေ့မောင်ကလည်း စီးပွားပြိုင်ဘက် များ ဖြစ်ကြသည်။ မိချိုက ဆင်ဆင်ခြင်ခြင် ပြောရဟန်ဖြင့်-

"နုံ့သာ နင့်စိတ်ထိန်းထားနော်"နှင့် အစချီသည်။

(၃)

လူ့ဘဝဆိုတာ ဒါပါပဲ။

ပျော်ရွှင်စွာပေါင်းကြလေသတည်းနှင့် အနားမသတ် ကြသော ချစ်ခြင်းများလည်း ရှိသည်လေ။

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

နုပျိုသော ချစ်သူနှစ်ဦး၏ အိပ်မက်များကို ပြန်လည်မြင်ယောင်မိသည်။

လက်ထပ်ဖို့ လူကြီးများခွင့်ပြုလိုက်ကတည်းက သူတို့ကိုယ့်ဆီ ရောက်လာကြသည်။ လှပသော မင်္ဂလာပွဲတစ်ခုဖြစ်ရန် ကိုယ်နှင့်တိုင်ပင်ကြ၊ ညှိနှိုင်းကြ၊ ငြင်းခုံကြသည်။ ပညာတတ်ပြီး သိမ်မွေ့သော မိန်းကလေးမို့ အကြံပေးလျှင်လည်း နာခံတတ်သည်။ သူ နားမလည်တာရှိလည်း ရဲရဲဝံ့ဝံ့စွာ မေးတတ်သည်။

"လည်တုန်ဆိုတာ သမီးဝတ်လို့ရလားဟင်၊ သမီးက ငယ်ငယ်ကတည်းက အဲဒါလေးလည်ပင်းမှာ တုန်တုန်တုန်တုန်ဖြစ်နေတာကို သိပ်ချစ်တာ"

သူ့သူငယ်ချင်းမက ရှင်ကလည်းဟု သူ့ပခုံးကို ပုတ်ကာရယ်သည်။

"ရတာပေါ့၊ သမီးဝတ်မယ့်ဝတ်စုံနဲ့လဲ လိုက်တယ်၊ သမီးက လည်တန်သွယ်တော့ ဝတ်လဲ ဝတ်သင့်တယ်၊ ဒါပေမဲ့ ခုနက ဒီသမီးပြောတဲ့ ဘီးဆံထုံးမှာ သရဖူလေးတပ်ဖို့ ဆိုတာတော့ ဦးက ကန့်ကွက်ချင်တယ်"

"ဘာလို့လဲဟင်"

"သရဖူဆိုတာ မြန်မာ့လက်ဝတ်ရတနာမဟုတ်လို့ပေါ့၊ ခေတ်ပေါ်အဝတ်အစား၊ ခေတ်ပေါ်ဆံထုံးဆိုရင်တော့ သရဖူသုံးလို့ရပါတယ်၊ ဘီးဆံထုံးနဲ့ ထိုင်မသိမ်း ဝတ်မှာဆိုတော့ Matching မဖြစ်ဘူးလေ၊ ဆံထိုး, ဘီးတန်း, စိန်ပန်းခိုင်တွေနဲ့ပဲ အလှဆင်ရမှာပေါ့"

သတို့သားအတွက်တော့ လည်ကတုံး၊ တိုက်ပုံနှင့် ပိုးလုံချည်တို့ကိုပဲ ရွေးချယ်ကြသည်။ အဝတ်အစားများ ချုပ်ပြီးတော့လည်း ကိုယ့်ကို လာပြကြ၏။ သဇင်ပန်း လှိုင်လှိုင်ပေါ်သည့်လမို့ ပန်းအတွက်လည်း ပြဿနာမရှိ။ ဆံပင်ကိုလည်း ကျောလည်လောက်ထားကာ ဘာမျှထူးထူးထွေထွေ မလုပ်ထားသဖြင့် ကိုယ့်အတွက်အလှပြင်ပေးဖို့ အခက်အခဲ မကြုံရပါ။ ချစ်ခြင်း၏ သင်းရနံ့များဖြင့် ထုံမွှမ်းနေသည့် ထိုမင်္ဂလာပွဲအတွက် ကိုယ်ပင် တက်ကြွပျော်ရွှင်လာမိသည်။

"ဦးလဲ ဆက်ဆက်လာရမယ်နော်၊ ဒီမှာ ဦးအတွက် ဖိတ်စာ"

"လာမှာပေါ့၊ လက်ဖွဲ့တောင် အဆင်သင့် ဝယ်ပြီးနေပြီ"

"အို. . . ဟုတ်လား၊ ဘာလက်ဖွဲ့မှာလဲ ဟင်'

သတို့သားက ပြုံးနေပြီး ခင်နှံ့သာက သူ့သူငယ်ချင်းမကို "ရှင်ကလဲ" ဟု မမေးဖို့ ဟန့်တားသည်။

"မင်းတို့ အသုံးတဲ့မယ့်. . ပစ္စည်းတစ်ခုခုပေါ့ကွာ၊ ကိုယ်က လက်ဖွဲ့ပေးရင် တကယ်အသုံးတည့်မယ့်ဟာပဲ ပေးတယ်၊ အနောက်နိုင်ငံတွေမှာဆိုရင် မင်္ဂလာလက်ဖွဲ့ဖို့ ကုန်တိုက်ကြီးတွေနဲ့ ဆက်သွယ်ထားကြတယ်၊ အဲဒီမှာ သတို့သား, သတို့သမီးက သူတို့လိုအပ်တဲ့ ပစ္စည်းစာရင်းကို ပေးထားတယ်၊ လက်ဖွဲ့မယ့်သူက အဲဒါကိုကြည့်ပြီး သူတတ်နိုင်တာကို ငွေသွင်းပေးလိုက်တယ်၊ သူတစ်ယောက်တည်း မတတ်နိုင်လဲ စုပြီးပေးလို့ရတယ်၊ သိပ်ကောင်းတဲ့ စနစ်တစ်ခုပဲ"

"ဟုတ်တာပေါ့၊ ဒါဆို ဒီမှာလို ဖန်ခွက်တွေချည်းပဲ ရတာတို့ ဘာတို့ မဖြစ်တော့ဘူးပေါ့"

မိချို အပြောကို အားလုံးဝိုင်းရယ်ကြသေးသည်။

"အဲ, ကိုယ်ကတော့ ဖန်ခွက်မဟုတ်ပါဘူး"ဟု ဝင်ပြောလိုက်တော့ ရယ်သံတွေ မစဲအောင်ရှိခဲ့သည်။

"လက်ဖွဲ့က အကြောင်း မဟုတ်ပါဘူး ဦးရယ်၊ ကျွန်တော်တို့က လာစေချင်တာပါ။ အထုပ်ကြီးကြီးတော့ ကိုင်လာပေါ့နော်"လို့ သတို့သားက ဝင်နောက်သေး၏။

ဪ, အဖြစ်အပျက်တွေများနှယ် တဖျပ်ဖျပ်နှင့် ပြောင်းလဲသွားလိုက်တာ။

အစစအရာရာ ပြေပြစ်ချောမွေ့ခဲ့သော မင်္ဂလာပွဲမို့ အလှဆုံးဖြစ်အောင် ဖန်တီးနိုင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။

သူတို့လေးတွေ၏ ရုပ်အခံကလည်း ကောင်းသည်။ အဝတ်အစားကလည်း အရောင်အသွေး လိုက်ဖက်လှပြီး ဗိုလ်ချုပ်ဈေးက ကိုမြင့်စိုးလက်ရာမို့ ပုံပန်းကျနလှ၏။ပန်းနှင့် ရတနာများကလည်း လိုက်လျောညီထွေရှိပြီ။

ကိုယ့်တာဝန် တစ်ခုတည်း ကျန်နေသည်ပေါ့။ ကိုယ့်ကြောင့် လွဲချော်ခြင်း မဖြစ်ရလေအောင် ညကတည်းက ပြင်ဆင်ထားခဲ့သည်။

ရင်ထိုးပန်း၊ လက်ကိုင်ပန်းများကို အိပ်ရာမဝင်မီ ကိုယ် အပြီးလုပ်လိုက်၏။ မျက်ခုံးမွေးဆွဲတံကို အသင့်ချွန်ပြီး ဆိုးရမည့် နှုတ်ခမ်းနီ အရောင်ကအစ ရွေးကာ အလှပြင်ပစ္စည်းများကို စားပွဲပေါ်မှာ အစီအရီ ဖြန့်ချထားပြီးမှ ကိုယ် အိပ်ရာဝင်ခဲ့သည်။

ကြောင့်ကြစိတ်စောတတ်သော ကိုယ့်လေ့အတိုင်း နှိုးစက် မမြည်ခင် နာရီဝက်စောကာ အိပ်ရာမှ နိုးလာခဲ့၏။

ကိုယ်လက်သန့်စင်ပြီး မီးစုံဖွင့်လိုက်တော့ အရှေ့ဘက်ဦး တုံးမောင်းခေါက်သံကို ကြားရသည်။ နှုတ်ခမ်းနီစုတ်တံ၊ ပါးနီစုတ်တံ စသည်တို့ကိုထုတ်ကာ အသင့်ပြင်ပြီး ပေါင်ဒါ ဘူးကို အဖုံးဖွင့်လိုက်စဉ်မှာ ဥဩအော်သံကို လွမ်းလွမ်းဆွေးဆွေး ကြားရသည်။

ဪ, ဒီအသံကတော့ အထီးကျန်ဆန်လွန်းသည့် ကိုယ့်အတွက်ပဲ ဖြစ်လိမ့်မည်ထင်ရဲ့။

အချိန်တွေ တရိပ်ရိပ်ကုန်ဆုံးသွားရာ ၅ နာရီထိုးသံကြားလိုက်စဉ်မှာ ကိုယ် စိတ်ပူစပြုလာ၏။ အလုပ်လုပ်ချိန် ကိုယ့်အတွက် ၂ နာရီသာ ရတော့မည်။ မျက်နှာအရေပြားပေါ်မှာ လှပသောပန်းချီကားတစ်ချပ် စိတ်တိုင်းကျ ရေးချယ်ဖို့ လုံလောက်သည့် အချိန်ထက် လျော့နည်းလာနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အချိန်ရခိုက် မနေ့က စပ်ထားသည့် ကဗျာတစ်စကို ပြန်လည်ကြည့်မိ၏။ စကားလုံးတွေ အနည်းငယ်ထပ်နေသလို တွေ့ရှိရသည်။

မွှေးရီ၊ ရယ်မော၊ ရယ်တာကို ရီမောလို့ အသံထွက်လိုက်ရင် အီကာရန်တွေ ပြွတ်သိပ်သွားလိမ့်မည်။ ဒါပေမဲ့ ခုချိန်ဟာ အစားထိုးရမည့် စာလုံးတစ်လုံးကို ရွေးနေရမည့် အချိန်မဟုတ်။ သို့သော် ၆ နာရီ ထိုးလုပြီ၊ သူတို့ ရောက်မလာကြသေး။ ပြတင်းတံခါးပေါက်ကို ဖွင့်လိုက်ချိန်မှာတော့ ရောင်နီပျို့ရုံသာမက အဝါရောင် အလင်းတန်းများပင် ရောယှက်နေပေပြီ။

တစ်နာရီအတွင်းမှာ ပါးလေးမို့လာအောင်၊ မျက်ဝန်းလေး ညို့မှောင်လာအောင်၊ မျက်တောင်တွေ ကော့ညွတ်လာအောင်၊ နှုတ်ခမ်းတွေ စိုဖူးလာအောင်၊ သဇင်ပန်းတဝေဝေနှင့် ဝင့်ထည်သည့် ဆံထုံးဖြစ်လာအောင် ကိုယ်ဘယ်လို စွမ်းဆောင်နိုင်ပါ့မလဲလေ။

ခင်နှံ့သာဟာ အချိန်မလေးစားတတ်သည့် ပေါ့တန်တန် မိန်းကလေးလို့ ကိုယ်ထင်မထားခဲ့ပါဘူး။ စရန်ငွေလည်းပေးချေပြီးသား၊ ရင်ကပ်ပန်းတွေလည်း လာပို့ထားပြီးသားမို့ ကိုယ်မဟုတ်သည့် တစ်နေရာရာမှာ သွားပြီး အလှပြင်တာလည်း မဖြစ်နိုင်။

၇ နာရီ ထိုးရန် မိနစ် ၂၀ အလို၌ ကိုယ် အိမ်ရှေ့ထွက်ရပ်လိုက်သည်။ ထိုခဏတွင် ဆိုင်ကယ်တစ်စီးဖြတ်မောင်းသွားသည်။ ကိုယ့်ကို ကျော်သွားပြီးမှ ဓာတ်တိုင်တစ်တိုင်လောက် အကွာတွင် တုံ့ခနဲရပ်သွားကာ ပြန်လှည့်လာ၏။

"ဦး နှံ့သာတို့ကို ထွက်စောင့်နေတာလား" ဟု မေးမှ သတို့သားအရံလုပ်မည့် ကောင်လေး ဖိုးပြေမှန်း ကိုယ်မှတ်မိလိုက်သည်။

"အေး. . . မင်းတို့ ဘာမှမပြင်ဆင်ကြသေးဘူးလား၊ ကိုယ်များ အချိန်အမှတ်လွဲနေလားလို့"

"ဟင်, ဦး ဘာမှ မသိသေးဘူးလား"

ဘာဖြစ်လို့ပါလိမ့်။ ကိုယ်မသိလိုက်တာ ဘာများရှိနေပါလိမ့်။ သူပြောပြမှပဲ ကိုယ်အံ့သြခြင်းကြီးစွာ ဖြစ်ရသည်။ ညက ကိုယ် စောစောအိပ်ရာထနိုင်ဖို့ အိပ်ရာဝင် စောခဲ့သည်ကိုး။

## (၄)

"ဘာရယ်၊ ကိုသူ မရှိတော့ဘူး၊ ဟုတ်လား မိချို၊ ဘာဖြစ်လို့လဲ၊ ညကတည်းက ကျွန်မဆီက အပြန်ကတည်းက ဘုရားရေ၊ ကျွန်မ မယုံဘူး၊ မဖြစ်နိုင်ဘူး၊ မောင် ကျွန်မကို ဘယ်တော့မှ ခွဲသွားမှာမဟုတ်ဘူး၊ ကျွန်မကို ဘာလို့ မပြောကြတာလဲ၊ ကျွန်မ ချစ်သူ ဒုက္ခရောက်နေချိန်မှာ ကျွန်မ သူ့အနားမှာ ရှိမနေသင့်ဘူးလား"

"သမီး ခုလို ဖြစ်နေမယ်ဆိုတာသိလို့ လာမခေါ်ကြတာပါ သမီးရယ်၊ ပြီးတော့ သူငယ်လေးက တစ်ခါတည်း ပွဲချင်းပြီးပဲတဲ့ သမီးရဲ့"

စကားလုံးတွေက ရက်စက်ပြင်းထန်လှချေရဲ့ ကိုသူရယ်။ မောင်ဟာ သူ့ချစ်သူအလိုကျ မင်္ဂလာခန်းမကို ပြင်ဆင်ပေးပြီး ပြန်အထွက်မှာ ညအချိန်မို့ လွတ်လပ်စွာ အရမ်းမောင်းလာသည့် ကုန်တင်ကားကြီးနှင့် မောင်ရဲ့ အနီရောင် စက်ဘီးလေးက မောင်နှင့် တကွဲတပြား လွင့်စဉ်ပြီ။

"အို, ကျွန်မ ဘာမှ မကြားပါရစေနဲ့တော့၊ ကျွန်မ မောင့်ဆီသွားမှဖြစ်မယ်၊ မောင် ကျွန်မကို တွေ့ချင်နေမှာပါ၊ ကျွန်မ မောင့်အနားမှာ ရှိနေရမှာပေါ့၊ ကျွန်မ ယုံလဲမယုံနိုင်ပါဘူး၊ မောင် ကျွန်မကို ဘယ်တော့မှ တစ်ယောက်တည်း ထားသွားမှာ မဟုတ်ပါဘူး၊ ဖယ် မိချိုဖယ်၊ ငါ သွားပါရစေ မိချို၊ ငါ မောင့်ကိုတွေ့ရမှ ဖြစ်မယ်၊ ဖယ်ပါ ဖယ်ကြပါ"

ရှုန်းကန်ပြီးအထမှာပဲ ခင်နှံ့သာ ပုံလျက်သားလဲကျသွားတော့သည်။ ကံကြမ္မာ၏ ထိုးနှက်ချက်မှာ ပြင်းထန်လှသည့်အပြင် မမျှော်လင့်ချိန်မှာ ရုတ်တရက် အလစ်ဝင်ရောက်လာခြင်းလည်း ဖြစ်သဖြင့် နုနယ်သောနှလုံးသားက လက်မခံနိုင်ပါ။ သတို့သမီးလေးသာမက တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကာ သနားနေကြသည်။

ကိုယ့်မှာတော့ ဝတ္တရားရှိသည့်တိုင် ခင်နှံ့သာကို သွားရောက်အားမပေးနိုင်ခဲ့။ ကိုယ့်ကိုမြင်လျှင် သူပို၍ကြေကွဲအမှတ်ရစရာ ဖြစ်လာလိမ့်မည်။ မချိဟင်ကဲဖြစ်စရာများကို သယ်ဆောင်လို့ ကိုယ်မသွားလိုတော့ပါ။

အသုဘ ချသည့်နေ့မှာတော့ ကိုယ်လုပ်ပေးနိုင်သည်များဖြင့် ကူညီခဲ့၏။ မင်္ဂလာလက်ကိုင်ပန်းကို သူ့ရင်ဘတ်ပေါ်တင်ပေးလိုက်သည်။ သတို့သမီး ပန်မည့်သဇင်ပန်းနှင့် သစ်ခွပန်းများကိုပါ သူမ၏ဆန္ဒအရ သူ့ရင်ပေါ်မှာ ကြဲဖြန့်ထားသည်။ ခင်နှံ့သာ၏ နှံ့သာရောင် ရင်ကပ်ပန်းလေးကိုတော့ သူ့ဘယ်ဘက်ရင်အုံပေါ်မှာ ပင်အပ်နှင့်ချိတ်တွယ်ပေးလိုက်၏။ မင်္ဂလာဝတ်စုံလွှမ်းထားသဖြင့် အသုဘရှု လာသူများအတွက် ထူးခြားသော မြင်ကွင်းတစ်ကွက် ဖြစ်သွားတော့သည်။

"အိပ်နေသလိုပဲနော်၊ မပစ်ရက်စရာပါဘဲ၊ သတို့သမီးလေးတော့ ရင်ကွဲပါပြီ"

တီးတိုးသံတွေကြားမှာ ခင်နှံ့သာကို ရှာကြည့်လိုက်တော့ စိတ်ငြိမ်ဆေးများ ပေးထားသဖြင့် ခွေဖျော့ဖျော့လေး တွေ့ရသည်။

"ချစ်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲဆိုတာ မညီမျှသည့် ချစ်ခြင်းတွေ၊ ဂုဏ်ပကာသနတွေကြောင့်သာ မဟုတ်ဘဲ ကံကြမ္မာကြောင့်လဲ ဖြစ်နိုင်သည်ပဲလေ"ဟု ဖန်တီးသူ၏ နှလုံးသားထဲတွင် စွဲနစ်စွာ မှတ်ယူလိုက်မိသည်။

❒ ထိုချမ်း(ဆေး-၂)

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"လှေကလေးကို လှော်မည်. .
ဘောမသန်းဘဲ
အေးချမ်းတော့သည်
မြစ်ကမ်းခြေ ဇွေနဒီ. .
စိမ်းလဲ့လဲ့ကြည်. . "

သီချင်းသံက ခပ်သဲ့သဲ့။

"အေးချမ်း"

ဒေါ်သသံပါသော ခပ်မာမာ အော်သံကြောင့် ငါးသိုင်းချောင်း ကမ်းပါး၏ အလှအပကို ခံစားရင်း လှေလှော်ထွက်လာသော အေးချမ်းတစ်ယောက် လန့်ဖျပ်ကာ ထူးမိသည်။

"ခင်ဗျာ"

"လှေထိုးတယ်ဆိုတာ မင်းသား ရုပ်ရှင်ရိုက်သလို သီချင်းတအေးအေးနဲ့ လှေလှော်ရတာမျိုးမဟုတ်ဘူးကွ၊ မြောက်ဘက်လေဖိအားနဲ့ လှေမတက်နိုင်ဘူးဆိုတာ မင်းမသိဘူးလား၊ သွား. . ကမ်းပေါ်တက်၊ လှေကိုကြိုးနဲ့ဆွဲ၊ စိုးသန်းတက်ကို ဖြောင့်ဖြောင့်ကိုင်ထား၊ ငါက လေကြောကို ကြည့်ပြီး အလိုက်သင့် ရွက်လွှင့်ပေးမယ်၊ အေးချမ်း. . မင်းက ကြိုးကို မလျော့စေနဲ့နော်၊ ရွက်ကြိုးကို တင်းထား၊ ကြိုးလျော့လို့ လေဖိဝင်လာရင် ဖတ်ကနဲလှေမှောက်ရော၊ အဲဒါဆိုရင် ကုန်ချိန် ပိဿာသုံးရာ ငါတို့ လျော်ရမှာနော်"

# အရင်းမစိုက် လှေထိုးလိုက် လူမိုက်အားဝမ်း ဘဝကြမ်း

## အောင်ကျော်ခဝန်း







www.burmeseclassic.com

www.burmeseclassic.com

လှေဆရာကြီးဦးကွန့်သည် တပည့်များကို အမိန့်ပေးရင်းရှိသည်။ ထိုအချိန်လေက ခပ်ကြမ်းကြမ်းတိုက်နေသည်။

"ဝှီး ဝှီး ဝှီး ဝှီး"

မြောက်လေကရှေ့မှနေ၍ အတင်းဖိတိုက်လိုက်၊ ဘေးက ဝေ့တိုက်လိုက်နှင့်ရှိနေသည်။ လေက ထန်လွန်းကြမ်းလွန်းသဖြင့် ရှေ့သို့ ခြေလှမ်းမရလောက်အောင် ဖြစ်နေသည်။

လေထန်ကြမ်းသည့် ရေဆန်သည့်လမ်းပါတကား။ ခုနက အလွန်လှပသော ငါးသိုင်းချောင်း ကမ်းခြေကား အေးချမ်းအတွက် ချက်ချင်း အကျည်းတန်သွားချေပြီ။

ခါးတောင်းကိုမြှောင်အောင်ကျိုက်၊ သုံးလွန်းတင်ကြိုးကို စလွယ်သိုင်းကာ ကြိုးကိုရွက်တင်းလျက် နွားတစ်ကောင်ပမာ အားကုန်အင်ကုန် ရုန်းရရှာချေပြီ။ သဲမြေ၊ ရွှံ့စေးမြေကို ခြေဖြင့်ကုပ်ကာ လေဆန်ကို ခြေကန်တက်ရသည်မှာ တော်ပါသေးသည်။

နွံနုန်းတောကို ဖြတ်သန်းရသော အခါနှင့် ခရာဆူးချုံများ ကျော်လွှားရသောအခါများတွင်ကား အသည်းခိုက်အောင် နာကျင် ပင်ပန်းလှပါသည်။

သို့သော် အေးချမ်း မညည်းညူအား၊ အံခဲရင်း၊ ဆွဲရင်းနှင့် ရှိနေဆဲ။

"ဖွပ် ဖွပ် ဖွပ် ဖွပ်"

"ဟောဟဲ ဟောဟဲ"

ရွှံ့နွံများနှင့် အေးချမ်း ခြေချသံ၊ ခြေနုတ်သံ။ ပြီးတော့ အေးချမ်းပါးစပ်က အမောသက်ေတ အသံ။

"နင့်အမေကလွှား မိန်းမလျှာ ရှောက်သီးဆေးပြား ရောင်းနေသလား မှတ်တယ်၊ ရုန်းပါဟဲ့ အေးချမ်းရဲ့၊ ကြိုးမလျှော့စေနဲ့ ဟိုရှေ့မှာ ဝဲပြန်နော် သတိထား၊ လှေမှောက်သွားမယ်ဟေ့ သတိထား"

လှေဆရာကြီး ဦးကွန့်က စိုးရိမ်မှုများနှင့် အော်ပြောသည်။ ရေကလည်း ရေဆန်၊ ဝဲကလည်း ဝဲပြန်။ ရှေ့မှာကလည်း မြေပြိုကျနေသော ချောက်ကမ်းပါး။ အေးချမ်း ဘာလုပ်ရမည်ကို ချက်ချင်းပင် ဆုံးဖြတ်လိုက်သည်။ လှေပြေးနှုန်းအတိုင်း ကြိုးကို ရွက်တင်းကာ တစ်ဖက်ကမ်းပါးကို လွှားခနဲ ခုန်ကျော်ပြီး ကြိုးလျှော့မသွားအောင် ကိုယ်ကို သုံးလေးပတ် လှိမ့်လိုက်သည်။ လက်တစ်ဖက်ကလည်း ရွက်ကြိုးကို တင်းလိုက်ကာ ချက်ချင်းပင် လျင်မြန်သော အဟုန်ဖြင့် ထပြေးလိုက်သည်။

"ကြိုးကို တင်းထား တင်းထား"

"ပြေး ပြေး မလျှော့နဲ့ ပြေး ပြေး"

လှေဆရာကြီးဦးကွန့်က မပြတ်ကွပ်ကဲလျက် အမိန့်ပေးနေသည်။

အေးချမ်းကလည်း ပြောသမျှအတိုင်း ရှိသမျှအားနှင့် တစ်ထပ်သားတည်းကျအောင် လှုပ်ရှားနေရသည်။ အေးချမ်းတစ်ယောက် ချောက်ထဲခုန်ချရင်း အရှိန်အဟုန်မပျက် ပြေးလိုက်၊ ကမ်းပါးပေါ် ကုတ်ခြစ်တက်ကာ ပြေးလိုက်နှင့်ရှိသည်။မြောက်လေကို အန်တုကာ သုံးလွန်းတင်ကြိုးကို အင်ကုန်အားကုန်ဆွဲလိုက်နှင့် ပင်ပန်းလွန်းနေချေပြီ။

တစ်နာရီခန့် ဆွဲအပြီး ကမ်းပါးပေါ် ခုန်တက်လိုက်သောအခါ ငါးသိုင်းချောင်းကမ်းပါးပေါ်တွင် ဝတ်ကောင်းစားလှနှင့် အပျိုလူပျိုတစ်စုကို ဘွားခနဲ အေးချမ်းနှင့် ဆုံတွေ့လိုက်ရသည်။

"အောင်မယ်လေးတော့"

"ဟဲ့၊ သောက်ပလုတ်တုတ်"

"တော်ပါသေးရဲ့အေ၊ ငါက ကြိုးကြီးနဲ့ဆိုတော့ နွားကြီးတစ်ကောင်လားလို့၊ လူဟဲ့ လူ လူ"

"ဟီး ဟီး ဟီး"

"ဟား ဟား ဟား"

သူတို့တစ်တွေ၏ ပြောင်လှောင်နေကြသည့်စကား အေးချမ်း ကြားနေရပါသော်လည်း မရပ်အား၊ မပြုံးအား။ နာလည်းမနာအား။ အေးချမ်းအဖြစ်ကား သူတို့တစ်တွေ ပြောသလို နွားထက်ပင် ဆိုးသည်ကို သူ့ကိုယ်သူလည်း သိထားပါသည်။ ခြေလှမ်းတွေလည်း ယိုင်နေပြီ။ မျက်လုံးတွေလည်း မှုံဝေနေပြီ။

ရင်ထဲတွင်လည်း တလှပ်လှပ်နှင့် ခံစားနေရသည့်ဝေဒနာကား ဖြေသာဖွယ် မရှိ။ ပြေစရာ မရှိပြီ။

"ဘယ့်နှယ်လဲ အေးချမ်း၊ လှေထိုးသားလုပ်ချင်တဲ့သူ၊ ဒီလောက်ကလေး ပင်ပန်းတာနဲ့ကွာ ခံနိုင်ရည်မရှိဘူးလား အေးချမ်းရဲ့၊ ကဲ. . မောင်စိုးသန်းရေ ဒီကောင်အေးချမ်းနဲ့ လူလဲကွာ"

လှေဆရာကြီးဦးကွန့်၏ စကား။

ထိုစကားကြောင့် အေးချမ်း ရင်ထဲမခံချင်စိတ်များက အားသစ်တွေပေးလာပြီဟု နားလည်လိုက်သည်။

"ဟောဟဲ ဟောဟဲ ကျုပ် မလဲဘူး ဦးလေးကွန့်၊ ကျွန်တော် မလဲချင်ဘူး၊ ဟိုချောင်းဖျားရောက်တဲ့အထိ ဆွဲမယ်၊ ကျွန်တော် မလဲဘူး၊ ချောင်းဖျားကို မရောက်ရောက်အောင်ဆွဲမယ်"

"ဟေ . . . အဲဒါမှ ယောကျာ်းကွ၊ အာဂယောကျာ်းကောင်းကွ"

အေးချမ်းစကားကြောင့် ဦးကွန့်က အားတက်သရော ပြောသည်။ အေးချမ်းသည် ရှိသမျှ အားမာန်များ ဖျစ်ညှစ်ထုတ်ကာ ဆွဲလေပြီ။ စိတ်ဓာတ်မလျှော့အားမပျော့စတမ်း သူဖြတ်သန်းလေပြီ။ ကြိုးပွန်းဒဏ်ကြောင့် တဆစ်ဆစ်နာကျင်နေမှုများ၊ ဆူးစူးသည့်ခြေထောက်မှဝေဒနာများ၊ ရေဆာလောင်မွတ်သိပ်မှုများ ကြက်ပျောက်ငှက်ပျောက် ဘယ်ရောက်သွားပြီမသိတော့။ ပင်ကိုသွေးက ဇာတိပြချေပြီထင့်။ သဲသောင်ပေါ် ပြေးလိုက်၊ ချုံပုတ်များကို ကျော်လွှားလိုက်၊ ချောက်ကမ်းပါးပေါ် ခုန်ကူးလိုက်နှင့် တာဝံလှေထိုးသား ကျွမ်းသမားဆပ်ကပ်ဆရာပမာ ပညာစုံ ပြရလေတော့သည်။

"ကဲ. . ကဲ တော်ပါတော့ကွာ၊ လာ . . လာ . . လှေပေါ်တက်တော့၊ မောင်အေးချမ်း ပင်ပန်းလှပါပြီ၊ မင်းတော်တော် ကြိုးစားတာပဲ၊ ဦးလေးကျေနပ်ပါပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com

လှေဆရာကြီး ဦးလေးကွန့်၏ စကားမှာ ဂုဏ်ထူးများစွာနှင့် စာမေးပွဲအောင်သည့်ပမာ အေးချမ်း အရမ်းဝမ်းသာကျေနပ်သွားပါသည်။ အေးချမ်းအတွက်တော့ အားဆေးကြီးတစ်ခွက်ပင်။ လှေပေါ်တက်၍ နာရီဝက်ခန့်အကြာ အမောပြေမယ်ပင် မကြာသေး။

"ဟော့. . ဟော့ လှေပေါက်တယ်၊ လှေပေါက်တယ်ကွ၊ ကပ်. . ကပ် ကမ်းဘေးကိုကပ်၊ ချချ ကုန်တွေ မြန်မြန်ချ"

လှေပေါက်သွားပြီဖြစ်၍ ဦးလေးကွန့်၏ မျက်ကလူးဆန်ပျာနှင့် အော်သည်။ သို့ကြောင့် လှေကို ကမ်းဘေးသို့ အမြန်ထိုးကပ်ကာ ကုန်ချိန် ပိဿာသုံးရာကျော်ကို အမြန်ချရသည်။ ရေတွေ ကုန်အောင် ပက်ထုတ်ရသည်။ လှေပေါက်ကို ဖာရသည်။

ထို့နောက် လှေဖာအပြီး ကုန်ချိန်သုံးရာကို အမြန်ပြန်တင်၊ နေမဝင်မီ ကျောက်ချောင်းရောက်အောင် တက်သုတ်နှင်ရပြန်သည်။

"ဟာ. . ရေတိမ်တယ်ဟေ့၊ ဟေ့စိုးသန်း လှေကို ရှေ့ကဆွဲ၊ အေးချမ်း ဒီကိုလာကွ၊ ပဲ့ကနေပြီး တွန်း"

"ဟုတ်ကဲ့"

ဤသို့ ဆွဲလိုက်တွန်းလိုက်၊ တွန်းလိုက်ဆွဲလိုက် လှော်ခတ်လိုက်နှင့် မိုးချုပ်သော်လည်း ခရီးလမ်းတစ်ဝက် ကျောက်ချောင်းသို့ မရောက်ခဲ့။

ဘယ်နေရာမှန်းမသိသော လမ်းတစ်ဝက်တွင် ကမ်းတက်ကာ နားကြရတော့သည်။ ကျောက်ချောင်းရောက်လျှင် ထမင်းနှင့် တောမုန့်ဟင်းခါး တဝကြီးစားကာ နားနားနေနေ အပန်းဖြေမည်ဟု ဆိုသော စိတ်ကူးယဉ်အိပ်မက်ပျက်ပြယ်ခဲ့လေပြီ။

သီတာချောင်းရိုး၏ ခရီးဝက် ကမ်းအထက် တစ်နေရာ ညမှောင်မှောင်ထဲတွင် ရှိသမျှ ထမင်းကျန်လေးများသုံးယောက်မျှစားကာ အပန်းဖြေရသည်။ စိတ်နှလုံး တုံးတုံးချစိတ်လျှော့လိုက်တော့မှ ကြိုးပွန်းရာ၊ ဆူးစူးသည့်ဒဏ်ရာတို့မှ တဆစ်ဆစ်ကိုက်ခဲနာကျင်လာသည်။ ရိုးမတောင်ခြေဒေသဖြစ်၍ ညဉ့်နက်လေ အေးလေ၊ လေတိုက်လေရာသီဉတုက ကြမ်းလေဖြစ်သည်။ မှက်၊ ခြင်တွေကလည်း ဖွဲ့နှင့်ဆုပ်၍ ပက်လိုက်သည့်အလား များ၍ များ၍ လာချေပြီ။ ဝမ်းကလည်း ဟာလွန်း ဆာလွန်းလှသည်။

အေးချမ်းတို့ စတည်းချရာ နေရာဘေးတွင် ကောက်ရိုးပုံကြီးက ဟီးနေသည်။ ဘယ်သူ့ ကောက်ရိုးပုံကြီးမှန်းမသိ။ ချမ်းလွန်း၍ တစ်ညလုံး မီးလှုံလိုက်သည်မှာ ထိုကောက်ရိုးပုံကြီးပြောင်တလင်းခါသွားသည်အထိ။

နံနက်မိုးလင်းသည်နှင့် သီတာကုန်းပြင်သို့ရောက်အောင် လှော်လိုက်၊ တွန်းလိုက်၊ ဆွဲလိုက်နှင့်ရှိသည်။ လှေပေါက်လျှင် ကုန်တွေချလိုက်၊ လှေအပေါက်ဖာလိုက်၊ ပြီးတော့ ကုန်တွေပြန်တင်လိုက် လှော်လိုက်၊ တွန်းလိုက်၊ ဆွဲလိုက်နှင့် လှေသမားတို့၏ခက်ထန်ကြမ်းတမ်းလှသည့် ဘဝသရုပ်သကန်ကို ရှုန်းကန်လှုပ်ရှားမှု များစွာနှင့် ဖော်ကျူးနေကြရပြန်ပါသည်။

သုံးယောက်အားနှင့်မရသည့်အခါ ဟိုရွာ ဒီရွာသို့ အရပ်ကူပါ လူဝိုင်းပါဟု စစ်ကူခေါ်ရသည်များ ရှိပါသည်။ ငါးသိုင်းချောင်းကမ်းပါးတွင် ပင်ပန်းမှုများက သီတာချောင်းတွင် လှုပ်ရှားမှုများနှင့် နှိုင်းစာလျှင် အကင်းမျှသာပါတကား။

သီတာချောင်းတွင် ခုနစ်မိုင်ကျော်ရေလမ်းခရီးကား ရေဆန်လမ်း၊ ရေတိမ်လမ်းများသာ ဖြစ်နေသဖြင့် လွန်ကဲပြင်းထန် ဇွဲမာန်လွှားလွှား အားကုန်အင်ကုန် ကြိုးစားနိုင်လွန်း၍ မိုးစုံးစုံးချုပ်ပါမှ သီတာကုန်းပြင်ဆိပ်ကမ်းသို့ကပ်ချေတော့သည်။

အိမ်ရောက်သည်နှင့် အရုပ်ကြိုးပြတ်ဖြစ်သွားသည်။ အေးစက်ပြီး ပဲကြီးရေစိမ်လို တွန့်နေသော လက်ဖျားခြေဖျားများ မီးကင်ရသည်။ ဘဝတစ်သက်တာတွင် ဤမျှ ဆင်းရဲပင်ပန်းကြီးလွန်းလှသော လှေထိုးသားအလုပ်ကို လက်တွေ့ လှေလာသင်ကြား လှုပ်ရှားရသည်ကို မောင်အေးချမ်း တစ်သက်မမေ့ရက်နိုင်စရာ မရှိပြီကော။

ထိုလှေထိုးသားကြီး သုံးဦးအနက် ဘဝနှင့်ရင်းကာ မိသားစုကိုလုပ်ကျွေးရှာသည့် သဘောကောင်း မနောကောင်း ဦးလေးကွန့်သည်လည်းကောင်း၊ လှေထိုးသား လုပ်သော်လည်း ပိန်းခေါက်ရိုးတံ ကျူထရံလို ကော့လန်ပါး လုပ်ဝါးကလပ်အလား ငါးခြောက်ပြားဟု တင်စားလောက်သည့် ဦးလေးကွန့်၏သားကျွန်တော့်သူငယ်ချင်း ကိုစိုးသန်းသည်လည်းကောင်း၊ ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သွားခဲ့ကြပြီ။ တစ်ဘဝတာဇာတ်သိမ်း အေးငြိမ်းကြလေပြီ။

လှေထိုးသားအကျော်(ကျွန်တော်) မောင်အေးချမ်းတစ်ယောက်သည်သာ လောကအလယ်တွင်ယောင်လည်လည်ကျန်ရစ် အထီးကျန် ဖြစ်နေဆဲသာ။ မိုက်တိမိုက်ကန်း ဖြတ်သန်းခဲ့သော လှေသမားဘဝက ရခဲ့သည့် အားမာန်များကို ရင်းကာ လောကဓံနှင့် ရင်ဆိုင်တွေ့တိုင်း လှိုင်းထန်လေကြမ်း အချိန်တွေအတွင်း ကျွဲလိုနွားလို ကမ်းပါးပေါ်ကနေ၍ ကြိုးနှင့်ဆွဲပြေးရသည့် အဖြစ်များကို ပြန်တွေးရင်း အားအင်အသစ်တွေဖြစ်ကာ ရှေ့ဆက်ပြီး ကြိုးစားနေရဦးမှာပါလားဟု တွေးရင်း တွေးရင်းဖြင့်သာ။

❒ အောင်ဇော်ဆန်း





www.burmeseclassic.com

www.burmeseclassic.com



# ရှုံးသွားသော အမှား

"ဟာ ဘိုအုန်း၊ ကျွန်တော့်ကို (၆)ဂိတ်တော့ မချပါနဲ့ဗျာ၊ တခြားဂိတ် ချပေးပါ"

"ဟ ဘာဖြစ်တာလဲကွ၊ လုံခြုံရေးပဲ ကျတဲ့နေရာ သွားရမှာပေါ့၊ ငါ အားလုံးကို လှည့်ချပေးတာပဲ"

"ဟုတ်ပါတယ် ဘိုအုန်းရယ်၊ တခြားဘယ်ဂိတ်မဆို ကျွန်တော် မငြင်းပါဘူး၊ စောင့်ပါ့မယ်"

လုံခြုံရေးလုပ်သား ခင်မြင့်က မျက်နှာငယ်လေးနှင့် ပြောနေတာကို ကြည့်ပြီး ကင်းမှူးကိုအုန်းမောင် သက်ပြင်းချနေသည်။ ၆ နာရီဝင် ညဆင်း လုံခြုံရေး ဝန်ထမ်းများကို ကင်းမှူး ကိုအုန်းမောင်က ဘယ်သူ ဘယ်ဂိတ် သွား၊ ဘယ်သူ ဘယ်ဂိတ်သွားဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

ကင်းတာဝန်ချခြင်းကို ခင်မြင့် ငြင်းဆန်နေခြင်း ဖြစ်ပါသည်။


"မင်းကို လိုက်လျှောရင် နောက်လူတွေ မင်းလိုပြောရင် ငါ ဘယ်လိုလုပ်ရမလဲ"

"ဘိုအုန်းရယ် ကျွန်တော် (၆) ဂိတ်က လွဲရင် ဘယ်ဂိတ်မဆို စောင့်ပါ့မယ်"

ကိုအုန်းမောင် သက်ပြင်းချရပြန်သည်။ ကိုအုန်းမောင်ကို အားလုံးက ဘိုအုန်းပဲ ခေါ်ကြသည်။

ထိုစဉ်က ကျွန်တော်သည် သန်လျင် အမှတ်(၁၀) သစ်စက်မှာ လုံခြုံရေးတာဝန်ခံဖြစ်ပါသည်။

ကျွန်တော်၏ မူရင်းရာထူးမှာ လုံခြုံရေး မဟုတ်ပါ။ လက်ထောက် ကြီးကြပ်ရေးမှူး (သစ်ခွဲစိတ်) ဖြစ်သည်။ ထိုရာထူးမှာ မိမိတာဝန်ကျ သစ်ခွဲစိတ်ခြင်းကို ကြီးကြပ်ပေးရသူသာ ဖြစ်သည်။ သို့သော်လည်း လုပ်ငန်း လိုအပ်ချက်အရ စက်ရုံမှူး၏ တာဝန်ပေးစေခိုင်းမှုကြောင့် လုံခြုံရေးဌာနကို တွဲဖက် လုပ်ကိုင်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

လုံခြုံရေးတာဝန်ခံသည် စက်ရုံတစ်ရုံလုံး၏ လုံခြုံရေးအဝဝကို တာဝန်ခံရပြီး ကျွန်တော်တို့စက်ရုံတွင် လုံခြုံရေးအဆိုင်း နှစ်ဆိုင်းထားရှိပြီး နေ့ဆိုင်းကို နံနက် ၆ နာရီမှ ည ၆ နာရီ ညဆိုင်းကို ည ၆ နာရီမှ နံနက် ၆ နာရီ ဖြစ်သည်။ လုံခြုံရေးဂိတ် (၁၂) ဂိတ်ရှိပြီး၊ မနက် လုံခြုံရေးဝန်ထမ်း (၁၄)ဦးနှင့် ည(၁၈)ဦး ကင်းမှူး (၄)ဦးအပါအဝင် (၃၆)ဦးရှိသည်။

ညဘက်တွင် လုံခြုံရေးပို၍ချထားရသလို မန်နေဂျာ (စက်ရုံမှူး)မှလည်း တာဝန်မှူးနှစ်ဦးနှင့် မီးသတ်ရဲဘော်များပါ တာဝန်ချထားသည်။ ကျွန်တော်တို့က တာဝန်ကျ လုံခြုံရေးများကို ဂိတ်ပုံသေမချဘဲ နေ့စဉ် ဂိတ်ပြောင်း တာဝန်ချထားသည်။

တစ်ခါတစ်ရံ ကျွန်တော်သည် ည ၆ နာရီအဝင် လုံခြုံရေးများကို ဘယ်သူ့ကို ဘယ်ဂိတ်မှာ တာဝန်ကျသည်၊ တာဝန်ချသည်ကို သိရှိရန် ဝင်ရောက် စစ်ဆေးသည်။ အရေးကြီးဂိတ်တွင် တာဝန်ချထားသော လုံခြုံရေးကို မကြိုက်လျှင် ပြောင်းလဲချထားရန် ဖြစ်သည်။

ဒီနေ့ ကျွန်တော်ရောက်လျှင် ကင်းမှူး ကိုအုန်းမောင်နှင့် လုံခြုံရေးဝန်ထမ်း ခင်မြ အချေအတင် စကားပြောနေသည်ကို တွေ့ရ၍. . . .

"ဘိုအုန်း ဘယ်လိုဖြစ်နေကြတာလဲ"

"ဒီမှာ ခင်မြင့်က (၆)ဂိတ်ချတာ မသွားဘူးလုပ်နေလို့"

"ခင်မြင့် ဘာဖြစ်လို့ (၆)ဂိတ် မသွားတာလဲ"

"ဟာ ဆရာ၊ ဦးမြမောင်က မကျွတ်ဘူးဗျ"

"ဟေ ဦးမြမောင် မကျွတ်တာနဲ့ (၆)ဂိတ်နဲ့ ဘယ်လို ပတ်သက်လို့လဲ"

"ဆရာကလဲ ဦးမြမောင် ဆုံးသွားတာ (၆)ဂိတ် ရေကန်က ဖြစ်သွားတာလေ"

"အေးလေ တို့အားလုံးသိတာပဲ၊ သူသေတာပဲ ခုနစ်ဗလောက်ရှိနေပြီ၊ မင်း ဘယ်လိုကြုံလို့လဲ"

"ကျွန်တော်ပြောမယ်၊ ဆရာတို့ ယုံချင်ယုံ မယုံချင်နေနော်"

"နေစမ်းပါဦး၊ ဒါဆို မင်းအရင် ဖြစ်စက ဘာကြောင့် မပြောတာလဲ"

"အဲဒါကတော့ တခြားသူတွေ ကြောက်ကြမှာ စိုးရိမ်လို့ပါ"

"မင်း တော်တော် တော်တဲ့ကောင်ပဲ"

ကျွန်တော် ခေါင်းညိတ်မိသည်။

"အေးပြီးရင် မင်းကြုံတာတွေ ပြောပြစမ်းကွာ၊ ဘိုအုန်း ကြည်သိန်းနဲ့ စိန်မြင့်ကို ထင်းဖွဲ့ဂိတ်နဲ့ (၆)ဂိတ် နှစ်ယောက်ပေါင်း ချလိုက်၊ ကြည်သိန်း မင်းတို့ပေါင်းနေ ဖြစ်တယ်မို့လား၊ ခင်မြင့်ကို (၃)ဂိတ် ချလိုက်"

"ဟုတ်ကဲ့ ဖြစ်ပါတယ်"

ကြည်သိန်းတို့ ခေါင်းညိတ်သည်။ ကျွန်တော် ခင်မြင့်ကိုပြောရင်း တစ်ဆက်တည်း ကိုအုန်းမောင်ကိုပါ ပြောလိုက်သည်။ ဒီနောက် ကိုအုန်းမောင်သည် ဒီနေ့အလုပ်ဆင်း လုံခြုံရေးဝန်ထမ်းဘယ်နှဦး၊ ဘယ်ဂိတ်တွင် ဘယ်သူကျသည် စသည့် တက်ပျက်စာရင်းများ ရေးသွင်း၍ တာဝန်ကျ တာဝန်မှူးကို သတင်းပို့သည်။

သတင်းပို့ပြီးသည်နှင့် ကျွန်တော်တို့ ခင်မြင့် တာဝန်ကျရာ (၃)ဂိတ်ကို ထွက်ခဲ့သည်။ ခင်မြင့် တာဝန်ကျသော ဂိတ်ကိုရောက်လျှင် ထိုင်လိုက်ကြပြီးသည်နှင့် . . .

"ကဲ ခင်မြင့် ဦးမြမောင် မကျွတ်တာလေး ပြောစမ်းဦးကွ"

"ပြောမယ် ပြောမယ်၊ ဆရာတို့ ယုံတာ မယုံတာ ကျွန်တော့်ကိစ္စမဟုတ်ဘူး"

"အေးပါ၊ ပြောစမ်းပါ"

"ကျနော်တဲ့ရှေ့တစ်ပတ်က ညဆင်းမှာ ကင်းမှူးဦးခင်ဦးနဲ့ ကျပါတယ်"

❖

## (၂)

ဒီတစ်ပတ်ညဆင်းမှာ ကင်းမှူး ဦးခင်ဦးဖြစ်သည်။ ကင်းမှူးနှစ်ယောက်လုံး သဘောကောင်းသည်။ ဒါပေမဲ့ ကိုယ်က အချိန်မီတော့ ရောက်ရမည်။ သို့အတွက် ညနေ ၆ နာရီမထိုးမီ ဂိတ်ကို ခင်မြင့်ထက် စောရောက်သူတွေလည်း ရှိသည်။ ၁၅ မိနစ်နောက်ကျရင် ပြန်လွှတ်ခံရမည်။ သူရောက်တော့ ကင်းမှူးဦးခင်ဦးက ကင်းတာဝန်ချနေသည်။ ဘယ်သူ ဘယ်ဂိတ်၊ ဘယ်သူ ဘယ်ဂိတ်ဆိုပြီး တာဝန်ချနေသည်။

"ခင်မြင့် (၆)ဂိတ်၊ လှကြိုင် ထင်းဖွဲ့ဂိတ်"

(၆)ဂိတ်ဆို၍ သူ ပျော်သွားသည်။ နောက် သူ့သူငယ်ချင်း လှကြိုင်က ထင်းဖွဲ့ဂိတ်၊ သူတို့နှစ်ဂိတ်က ပေါင်းနေလည်းရသည်။ နီးသည်။ တာဝန်မှူး၊ ကင်းမှူး၊ လုံခြုံရေးတာဝန်ခံတို့ မလာခင် ပေါင်းနေပြီး အရက်သောက်လို့လည်း ရသည်။ ခင်မြင့်ပျော်သည်။ သူငယ်ချင်း နှစ်ယောက် ယမကာတစ်လုံးတော့ နှိပ်မည်။ ဒီနေ့မှ မိန်းမကလည်း ဝက်သားဟင်း ထည့်ပေးလိုက်သည်။ ဒီဂိတ်က လွတ်လပ်သည်။ လူအဝင်အထွက်မရှိ။ ကင်းတဲကိုလာသည့်လမ်းကလည်း မြက်ထူသည်။ တချို့ တာဝန်မှူးတွေ မလာကြ။ မီးထိုးအော်ပြီး သတိပေးကာ ပြန်သွားကြသည်။ ခင်မြင့် ဂိတ်ရောက်လာသည်နှင့် လွယ်အိတ်ချ၊ ထမင်းချိုင့်ချပြီး-

"ဟေ့ လှကြိုင်၊ လှကြိုင်ရေ"

"လာပြီဟေ့"

တစ်ယောက်ကခေါ် တစ်ဦးက ပြန်ထူးရင်း ခဏကြာရင်ပဲ ခင်မြင့်ဆီ လှကြိုင် ရောက်လာသည်။

"မင်း (၆)ဂိတ်ကျတာ ကောင်းတယ်ကွ၊ ကင်းတဲကလဲ ကျယ်တယ်၊ အိပ်စင်ကလဲ ကောင်းတယ်"

"အေး ဟုတ်တယ်၊ မင်းကြည့်လေကွာ၊ ကင်းတဲကလဲ ကန်ဘောင်နဲ့တော့ သောက်ရေကလဲ အသင့်ပဲ





www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းနှစ်ယောက် ကင်းတဲကို ချီးမွမ်းပြီး ပြုံးကြသည်။

"ကဲ သူငယ်ချင်း စမယ်ပေါ့"

"အေး. . . စမယ်၊ လှကြိုင် မင်းဘာဟင်းပါလဲ"

"ထမင်းစားဖို့ ငါးကြော်၊ မြည်းဖို့ လက်ဖက်သုပ်လာတယ်"

"အေး ကောင်းတယ်၊ နှိပ်မယ်"

သူတို့ ခွက်တွေကတော့ ကျွဲရိုင်းဘူးအခွံကို ခေါင်းဖြတ်ထားသည့် ခွက် တစ်ယောက်တစ်ခွက်သောက်ပြီး . . .

"တို့ဆရာကျည်း လာလို့တွေ့ရင်တော့ မကောင်းဘူးကွ"

"ဆရာကျည်း ဒီအချိန်မလာပါဘူးကွာ၊ သူလာရင် ၁၀ နာရီ ၁၁ နာရီပဲ"

"သူလာတဲ့အချိန် တို့က သိုးနေပြီ"

"သူလာလို့တွေ့ရင် ကန်မယ်၊ ဆဲမယ်၊ ကန်ရင် ဆဲရင် အသာငြိမ်နေလိုက် ပြီးပါတယ်"

"ဟား ဟား ဆရာကျည်းက တပည့်တွေကို ညှာပါတယ်၊ မခိုးရင်ပြီးရော၊ ကျန်တာ ခွင့်လွှတ်ပါတယ်"

"ကန်လေးက ပဒုမ္မာကြာပွင့်တွေက အတော်လှသားကွ၊ ကြာပွင့်အနံ့လေးကလဲ သင်းလို့"

ဟုတ်ပါသည်။ မီးရောင်လဲ့လဲ့အောက်မှာ ကန်ရေပြင်လှိုင်းလေးတွေက လှုပ်နေသလို ပဒုမ္မာကြာပွင့်လေးတို့ရဲ့ သင်းပျံ့ပျံ့ မွှေးရနံ့လေးတို့က လေအတိုက်မှာ ပျံ့လွင့်လို့နေသည်။

"သူငယ်ချင်း လက်ကျန်ဖြတ်ပြီး ထမင်းစားမယ်၊ မင်းတို့ ဆရာတွေနဲ့ တာဝန်မှူးလာသွားရင် နှပ်မယ်"

"အေး . အေး"

ညတာဝန်ကျ လုံခြုံရေးဝန်ထမ်းများသည် အမှန်တကယ် မအိပ်ဘဲ မနေနိုင်ပါ။

- တာဝန်ရှိ လူကြီးတွေ စက်ရုံအတွင်း ကင်းလှည့်စစ်ဆေးပြီးသည်နှင့် အိပ်ကြသည်။ တချို့ တာဝန်မှူးတွေ တစ်ည နှစ်ပတ်၊ သုံးပတ် လှည့်သည်။ တချို့ကတော့ တစ်ပတ်လောက်ပဲလှည့်သည်။ ဒါပေမဲ့ လုံခြုံရေးဝန်ထမ်းဆိုတာ အိမ်မှာ အိပ်သလို စိတ်ချ လက်ချကြီးတော့ အိပ်လို့ မရ၊ နိုးနိုးကြားကြား အိပ်ကြရသည်။

ကျွန်တော့်အရင် လုံခြုံရေးတာဝန်ခံလုပ်သွားသော ဦးမြသန်း၏ ပြောစကား ကျွန်တော် ကြားယောင်မိသည်။

"လုံခြုံရေးအိပ်တာ ကောင်းတယ်၊ စိတ်ချရတယ်၊ ခိုးတာ လုံခြုံရေးကွ၊ သူတို့အိပ်နေရင် အေးရော၊ အပြင်လူ လာမခိုးဘူးကွ"

ခင်မြင့်နှင့် လှကြိုင် အရက်တစ်လုံးသောက်ပြီးသောအခါ. . .

"ကဲ သူငယ်ချင်းရေ၊ ထမင်းစားကြမယ်"

သို့နှင့် သူငယ်ချင်းနှစ်ယောက် ထမင်းစားကြသည်။ ခင်မြင့်က ဝက်သားဟင်း လှကြိုင်က ငါးကြော်နှင့် ထမင်းစားကြသည်။ သူတို့ ထမင်းစားပြီးကြသောအခါ . . .

"၈ နာရီကျော်ပြီကွ၊ လှကြိုင် မင်းလဲ လစ်တော့၊ ဟော့ကောင် သတိထား အိပ်နော်"

ခင်မြင့်က လှကြိုင်ကို သတိပေးသလို. . .

"အေးပါ မင်းလဲ သတိထား အိပ်နော်၊ ဒါပေမဲ့ တို့ဂိတ်တွေက အေးအေးဆေးဆေးပါ၊ ကဲ ငါသွားပြီ"

အပြန်အလှန်သတိပေးရင်း လှကြိုင်က သူ့တာဝန်ကျရာဂိတ်ကို ပြန်သွားသည်။ ည ၉ နာရီ ထိုးပြီးတွင် တာဝန်မှူးလာသည်၊ ဂိတ်အထိမလာ။ ဓာတ်မီးနှင့် လှမ်းထိုးပြီး ဂရုစိုက်စောင့်ရန် အော်ပြီး သတိပေးသွားသည်။

နောက် ၁၀ နာရီလောက်မှာ ဆရာကျည်းနှင့် ကင်းမှူးတို့ ရောက်လာသည်။

သူတို့ပြန်သွားသည်နှင့် ခင်မြင့် နေရာယူပြီး ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေသည်။ တခြားဂိတ်တွေ ၁၂ နာရီ သံချောင်းတွေ ခေါက်နေသော်လည်း ခင်မြင့်က အိပ်ပျော်လို့ကောင်းတုန်း။

ကင်းဂိတ်တွေက ၁၂ နာရီ သံချောင်းတွေခေါက်သံငြိမ်သွားသော အခါ မြေသူ့ရဲ့ပုရစ်တို့ တစီစီ အော်သံနှင့် တစ်ခါတစ်ရံ ကြက်တွန်သံတို့ ကြားရသည်။ သက်ကြီးခေါင်းချချိန်ပဲ။

ထိုစဉ် ဝန်ထမ်းလိုင်းဆီက ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင်အူလိုက်ရာ နောက်ထပ် ခွေးအူသံတွေ ကျက်သရေမဲ့စွာ ဘယ်က ဘယ်လိုပေါ်ထွက်လာသည်မသိ ဆူညံသွားတော့သည်။

ခင်မြင့် သူ့ခြေထောက်နှစ်ဖက် အေးခနဲ ဖြစ်သွားကာ အပုပ်နံ့တစ်ခု သူ့နှာခေါင်းထဲ တိုးဝင်လာသည်။

နောက် သူ့ကင်းတဲ အိပ်စင်ပေါ်က ကြမ်းပြင်ပေါ် ပြုတ်ကျသွားပြီး ဖြန်းခနဲ ကြက်သီးထကာ လူးလဲထလိုက်သည့် အချိန်မှာတော့ ကင်းတဲပေါ်က ဆင်းသွားသော လူရိပ်တစ်ခုကို ရိုးတိုးရိပ်တိတ် တွေ့လိုက်ရသည်။

နောက် သူ့ထမင်းချိုင့်တွေ ကင်းတဲကြမ်းပြင်မှာ ပြန့်ကျဲနေသည်။ ဦးမြမောင် ဟုတ်သည်။ ဦးမြမောင် မကြာခင်က ဒီရေကန်မှာ ကြာခွက်ခူးပြီး လန့်သေသွားသည့် ဦးမြမောင်။

သူ ကြောက်လွန်း၍ အရက်မူး ပြေသွား၊ ချွေးတွေပင် ပြန်လာသည်။ နောက် ကင်းတဲနောက် ကန်ပေါင်က မလေးရှားပိတောက်ပင်ခြေရင်း မှောင်ရိပ်ဆီက ငိုညည်းသံ တဟီးဟီး တဟင်းဟင်း ကြားရသောအခါ ပို၍ကြောက်သွားသည်။

ညဥ့်ကလည်း နက်လှသည်။ သူတစ်ယောက်ပဲ ရှိသလို တိတ်ဆိတ်လှသည်။

"လှကြိုင်ရေ လှကြိုင်၊ ဟေး . . လှကြိုင်"



www.burmeseclassic.com

www.burmeseclassic.com

သူ အသံကုန်အော်၍ လှကြိုင်ကို ခေါ်သည်။ သူ့အော်သံကြောင့် လှကြိုင်. . ။

"ဟေး ခင်မြင့် ဘာဖြစ်တာလဲ" ဆိုပြီး အပြေးရောက်လာသည်။

လှကြိုင် ရောက်လာသော အချိန်မှာတော့ ကင်းတဲကြမ်းပြင်ပေါ်မှာ ခင်မြင့်တစ်ယောက် ဘာမှ မသိတော့ဘဲ တုံးလုံးလဲနေပေသည်။ သူ့ဘေးမှာ ထမင်းချိုင့်တွေ ပက်လက်မှောက်ရက်။ ခင်မြင့်ကို လှကြိုင်က ရှိနေတဲ့ ရေတွေနဲ့ မျက်နှာကိုဖျန်းပြီး ပါးစပ်ကလည်း "ခင်မြင့်" "ခင်မြင့်"ဟု သတိပေးခေါ် ဇက်ကြောတွေ နှိပ်ပေးရင်းက ခဏကြာ ခင်မြင့် တဟင်းဟင်းနှင့် သတိရလာသည်။

"ဘယ်လို ဖြစ်တာလဲကွ"

လှကြိုင် အမေးကို ခင်မြင့်က အကြောင်းစုံရှင်းပြသည်။

ပြီးတော့. . .

"သူငယ်ချင်း ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့ကွ"

"ဘာဖြစ်လို့လဲကွ"

"ဒီအကြောင်းသိရင် ဒီဂိတ်ကို ဘယ်သူမှ မလာချင်ဘဲ တို့ကို ဆက်ချနေဦးမယ်"

လှကြိုင် ခေါင်းညိတ်၍ သက်ပြင်းချသည်။ အဖော်မပါရင် ခရီးမသွားနဲ့ဆိုတဲ့ လူကြီးတွေရဲ့စကား တယ်မှန်ပါလားလို့ တွေးမိသည်။ ထို့နောက် သူတို့နှစ်ယောက် ရက်နားနှင့်တိုက်ကာ ညဆင်း တစ်ပတ်လုံး ခွင့်ယူကာ နားလိုက်ကြတော့သည်။

(၃)

"ဒါကြောင့် မင်းတို့ ညဆင်း တစ်ပတ်လုံး ခွင့်ယူကြတာကိုး၊ မင်း အတော်ကြောက်သွားတာပေါ့"

"ဟာ ကြောက်သလားလို့ မမေးနဲ့ ဆရာရေ သေပြီတောင်ထင်တာ"

"အရက် သောက်ထားတာတောင် ကြောက်သလားကွ"

"ဟာ ဆရာ၊ နဖူးတွေ့ ဒူးတွေ့ မကြုံဖူးလို့ပါ။ တကယ် နဖူးတွေ့ ဒူးတွေ့ ကြုံရင် အရက်သောက်တာ တခြား၊ ကြောက်တာတခြားပဲ၊ အရက် သောက်ထားတာတွေ ဘယ်ပျောက်ကုန်မှန်းတောင် မသိဘူး၊ လူတစ်ကိုယ်လုံး ချွေးတွေ ပြန်လာပြီး ဒူးတွေ မခိုင်ဖြစ်လာတယ်၊ နောက် ညအချိန်မတော် တစ်ယောက်တည်း"

"သေသွားနိုင်တယ်"

ကိုအုန်းမောင်က မှတ်ချက်ချသည်။

"ညကလဲ လူခြေတိတ်တဲ့ အချိန်၊ မှောင်ပြီး တစ်ယောက်တည်းရှိနေတယ်လို့ ထင်တဲ့အချိန်၊ တစ်ရေးနိုး ဆာရင် စားမယ်လို့ ချန်ထားတဲ့ ဝက်သားဟင်း နှစ်ဖတ်နဲ့ ထမင်းပါနှိပ်သွားတာ ဆရာရဲ့"

"ဒါတော့ ခွေးတက်စားတာ နေမှာပေါ့"

"ဘယ်က ဟုတ်ရမှာလဲ ဆရာရဲ့၊ အမြင့်မှာချိတ်ထားတာ၊ ပြောရင်း ကြက်သီးတောင် ထလာတယ်"

ကျွန်တော်နှင့် ကိုအုန်းမောင်၊ ခင်မြင့်ဆီမှ ပြန်ခဲ့ကြစဉ် လမ်းတွင် ကိုအုန်းမောင်က. . .

"ခင်မြင့်ပြောတာ ဟုတ်လိမ့်မယ်ဗျ၊ ဦးမြမောင် ဆုံးသွားတာလဲ အစိမ်းသေ သဘောမျိုးဖြစ်တာ"

"ဦးမြမောင်အတွက် ကျွန်တော်တို့ လုံခြုံရေးအဖွဲ့ကပဲ သူ့အတွက် ကုသိုလ်ဒါနလေးလုပ်၊ ပရိတ်တရားလေးနာပြီး အမျှအတမ်းပေးဝေရင် ကောင်းမယ် ထင်တယ်"

"ဟာ, ကောင်းတာပေါ့ဗျာ၊ ဆရာကျည်းပဲ မန်နေဂျာကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းဗျာ၊ ကျန်တာ ကျွန်တော်တို့ အဖွဲ့တွေ စုထည့်ကြတာပေါ့"

"အင်း, လုပ်ကြတာပေါ့"

ကျွန်တော်သည် ကိုအုန်းမောင်နှင့် လမ်းခွဲပြီးနောက် လွန်ခဲ့သော ခုနစ်လလောက်က စက်ရုံသောက်ရေကန်တွင် ကြာခွက်ခူးရာမှ လန့်ကြောက်ကာ သေဆုံးသွားသော လုံခြုံရေးဝန်ထမ်း ဦးမြမောင်အဖြစ်ကို ပြန်လည် မြင်ယောင်လာပါသည်။

ဒီတုန်းက ညဆင်းအလှည့် ကင်းမှူးမှာ ဦးခင်ဦး ဖြစ်ပါသည်။

(၄)

လုံခြုံရေးဌာနစိတ် နေ့ဆိုင်း၊ ညဆိုင်း အဆိုင်းနှစ်ဆိုင်းတွင် ကင်းမှူးလေးဦး၊ နေ့ နှစ်ဦး၊ ည နှစ်ဦးထားရှိပါသည်။

တစ်ဆိုင်းကို ကိုအုန်းမောင်က ခေါင်းဆောင်ပြီး တစ်ဆိုင်းကို ကိုခင်ဦးက ခေါင်းဆောင်သည်။ ထိုအဆိုင်းနှစ်ဆိုင်းကို နေ့တစ်ပတ်၊ ညတစ်ပတ်ဆီ တနင်္ဂနွေရောက် အဆိုင်းချိန်းသည်။

"ဆရာကျည်းရေ ဦးမြမောင်ကို နည်းနည်းပြောပါဦး"

ထိုစဉ်က ညတာဝန်ကျ ကင်းမှူး ကိုခင်ဦး လုံခြုံရေးရုံးသို့ ကျွန်တော်ရောက်စဉ် လာပြောပါသည်။

"ကိုခင်ဦး ဦးမြမောင် ဘာဖြစ်လို့လဲ"

"သူတာဝန်ကျတဲ့ (၆)ဂိတ်နားက သောက်ရေကန်မှာ ကြာခွက်တွေ ဆင်းခူးနေတယ်၊ မတော်လို့ ကြာပတ်ပြီး ရေနစ်သေရင် ဆရာကျည်းရော ကျွန်တော်တို့ပါ ပြဿနာတက်မှာ"

"ခင်ဗျား မပြောဘူးလား ကိုခင်ဦး"

"ပြောတာပေါ့ ဆရာကျည်းရာ၊ ကျွန်တော်လစ်တာနဲ့ ဆင်းခူးတာပဲ"

"ဒီအဘိုးကြီး အသက်ကြီးမှ ဒုက္ခဖြစ်တော့မယ်"

"ရှေ့နှစ်ဆို ပင်စင်သွားတော့မှာ"

လုံခြုံရေး ရေနစ်သေလျှင် လူကြားလို့ မကောင်း၊ မြွေကိုက်သေလျှင် ကင်းလှည့်လို့ပြောလို့ရသည်။ ကျွန်တော်တွင် တာဝန်က ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် လုံခြုံရေး ဌာနစိတ် တာဝန်ခံ ဖြစ်နေသည်။ ကျွန်တော်နှင့် ကိုခင်ဦး (၆)ဂိတ်ကင်းတဲ ရောက်သွားသောအခါ ည ၈ နာရီ ထိုးခါနီးပြီ။ ကင်းတဲပေါ် အိပ်စင်အောက်တွင် ကြာခွက် အစိတ် သုံးဆယ်လောက်တွေ့ရပြီး ဦးမြမောင်ကိုတော့ မတွေ့ရပေ။

"ကိုခင်ဦး ရေကန်ကို မီးထိုးခေါ်ဗျာ"

"ဟုတ်ကဲ့" ဟုဆိုပြီး ကိုခင်ဦး ရေကန်ကို မီးထိုး၍. . .

"ဦးမြမောင် လာဦးဗျို့၊ လာဦး"

"ကိုခင်ဦး လား လာပြီ လာပြီ"

ပြန်ထူးပြီး မကြာခင်မှာ ဦးမြမောင် ရေကန်ထဲက တက်လာသည်။ ဦးမြမောင်မှာ အသက်ကြီးပြီ၊ ရှေ့နှစ်မှာ ပင်စင်ထိုင်တော့မည်။

ဦးမြမောင်သည် ယခင် ထုတ်လုပ်ရေးဌာန (သစ်ခွဲစိတ်)မှ ဖြစ်ပြီး အသက်ကြီးပြီမို့ သက်သာသော လုံခြုံရေးဌာနစိတ်သို့ ပြောင်းရွှေ့လာသူ ဖြစ်သည်။ ကျန်းမာရေးမကောင်းတာလည်း ပါမည်။

ဦးမြမောင်မှာ ကျွန်တော့်လက်အောက် ဝန်ထမ်းတစ်ဦးဖြစ်သော်လည်း ကျွန်တော့်ထက်များစွာ အသက်ကြီးပါသည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ (၄၅) ပတ်ဝန်းကျင်ခန့်သာ ရှိပါသည်။

ရေစိုနှင့် တက်လာသော ဦးမြမောင်မှာ ချမ်းနေဟန်တူသည်။ လက်နှစ်ဖက်ပိုက်၍ အနည်းငယ် တုန်နေရှာသည်။ ပြီး ကျွန်တော့်ကိုတွေ့၍ ရွံ့တွန့်တွန့် ဖြစ်နေပါသည်။ ဦးမြမောင် အဝတ်ခြောက်လဲပြီးအထိ စိတ်ရှည်စွာ စောင့်နေပါသည်။

"ဦးမြမောင် ညဆင်းကျတိုင်း ကန်ထဲမှာ ကြာခွက်တွေ ဆင်းခူးတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကျည်း"

ကျွန်တော် သူ့ကို ကြည့်ကာ သက်ပြင်းချရသည်။ အသက်ကြီးပြီ။ ဘဝဝမ်းစာက ပူလောင်တုန်းမင်း။

"ဦးမြမောင် ဗိုလ်ချုပ်ရွာမှာ နေတာနော်"

"ဟုတ်ပါတယ်၊ ခဝါကန်နားမှာပါ"

"မိသားစု ဘယ်နှယောက်လဲ"

"လေးယောက်ပါ၊ ကလေးနှစ်ယောက်က ဟိုမရောက် ဒီမရောက် ဖြစ်နေလို့ အလုပ်မရှိသေးပါဘူး၊ ဒီတော့ အိမ်မှာ ကျပ်တည်းတယ် ဆရာကျည်း ဒါ့ကြောင့်"

"ဟုတ်ကဲ့ ဦးမြမောင်၊ ကျွန်တော် ဆင်းရဲတဲ့သူချင်း ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ကြာခွက်တွေ ဆင်းခူးတော့ ကြာပတ်ပြီး အသက် အန္တရာယ် ဖြစ်မယ်၊ နောက် ကျွန်တော်ရော ကိုခင်ဦးပါ ပြုတ်မှာ၊ ဦးမြမောင်လဲ အသက်အန္တရာယ်များလှတယ်၊ မခူးနဲ့နော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဦးမြမောင်လဲ အသက်ကြီးပြီ၊ ညဘက်လဲဖြစ်တယ်၊ ရေကန်ထဲ တစ်ခုခုဖြစ်မှာ စိုးရိမ်တယ်၊ လုံခြုံရေးတွေကလဲ ကိုယ့်ဂိတ်ကိုယ်နေတာဆိုတော့ ဘယ်သူ ဘာဖြစ်တယ်ဆိုတာ သိကြမှာမဟုတ်ဘူး"

"စိတ်ချ စိတ်ချ ဆရာကျည်း၊ ကျွန်တော် မခူးတော့ပါဘူး"

ကျွန်တော့်ထက် အသက်ကြီးသော်လည်း သူသည် ကျွန်တော့်ကို လေးလေးစားစား ဆက်ဆံပါသည်။ သားသမီးတွေ အရွယ်မရောက်သေးသည်ကို ကြည့်လျှင် ကြီးမှ အိမ်ထောင်ပြုကြသူများ ဖြစ်မည်။

"အခု ကျွန်တော်ပြောတာ ဦးမြမောင်အတွက်ရော ကျွန်တော်တို့အတွက်ပါ ပြောတာနော်၊ မှားတာပါရင်တော့ ခွင့်လွှတ်ပါနော်"

"ဆရာကျည်း မမှားပါဘူး"

"ဒါပေမဲ့ ဦးမြမောင် ပြောမရရင်တော့ နေ့ဆိုင်း ရွှေ့လိုက်မယ်"

"အာ ဆရာကျည်း ဒီလိုတော့ မလုပ်ပါနဲ့၊ စကား နားထောင်ပါ့မယ်၊ ကျွန်တော်က မနက် ဒီကပြန်ရင် ဈေးထဲကအသီး ငါးဆိုင်မှာ တောက်တိုမည်ရ ဝိုင်းလုပ်ရတယ်၊ ဝိုင်းလုပ်ရင် လမ်းစရိတ်လေး ဟင်းစားလေးရတယ်"

သူ့စကားကြောင့် ကျွန်တော် သက်ပြင်းချမိသည်။ သြော် . . လခစား လခနဲ့ မိသားစု စားမလောက်တော့ အပြင်မှာ အလုပ်ထွက်လုပ်ရသေးသည်။ ပင်ပန်းသည်ကို အသာထား၊ ဝမ်းဖြည့်တင်းဖို့ အရေးကြီးသည်။ ကျွန်တော် သက်ပြင်းမောသာ ထပ်ချမိပြီး ကိုခင်ဦးနှင့် နှစ်ယောက်ပြန်ခဲ့ကြသည်။ သို့သော်လည်း ဦးမြမောင်ကို။

ထို ညဆင်း တစ်ပတ်လုံးမှာတော့ သောက်ရေကန်ထဲဆင်း၍ ကြာခွက်မခူးနိုင်ရန် ရေကန်နှင့်ဝေးရာတခြားဂိတ်များသို့ ပြောင်းလဲချခဲ့ပါသည်။ ကိုအုန်းမောင်၊ ကိုခင်ဦးတို့အား ဦးမြမောင်ကို (၆)ဂိတ်မချရန်မှာထားရသည်။ သို့ရာတွင် နောက်တစ်ပတ်ညဆင်းတွင် ကိုခင်ဦးသည် သတိမေ့လျော့ကာ ဦးမြမောင်ကို (၆)ဂိတ်ကို ချလိုက်ပါသည်။ ကျွန်တော်ရောက်ပြီးတာဝန်ချစာအုပ်ကို ကြည့်သောအခါ တွေ့ရသည်။ ညဆင်းပုံသေ (၄)ယောက်တွင် ဦးမြမောင်အတွက်ပဲ ကျွန်တော် ပူနေရသည်။

"ကိုခင်ဦး ဦးမြမောင်ကို ဘာလို့ (၆)ဂိတ်ချတာလဲ"

"ဗျာ"

ကျွန်တော်ပြောတော့မှ ကိုခင်ဦး တာဝန်ချစာအုပ်ကို ပြန်ကြည့်သည်။

"ဂိတ် ပြန်ချိန်းလိုက်မယ်၊ ကျွန်တော်မှားသွားတယ်"

"ဟာ မချိန်းနဲ့တော့ မကောင်းဘူး၊ ဒါပေမဲ့ ကန်ထဲ မဆင်းဖို့တော့ ပြောထား"

ထိုနေ့က ကျွန်တော်တို့ အထက်ပါအတိုင်းမှာပြီး ပြန်ခဲ့ပါသည်။ ည ၈ နာရီ ထိုးပြီးချိန်မှာတော့ ပြဿနာတက်ပါတော့သည်။ ကျွန်တော့်ဆီကို အမှတ်(၁)ဂိတ် တာဝန်ကျ လုံခြုံရေးဝင်းတင် အပြေးရောက်လာပြီး အမောတကော ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ဆရာ အမြန်လိုက်ခဲ့ပါ။ ဦးမြမောင် ရေကန်ထဲဆင်းပြီး ကြာခွက်ခူးတာ ဘာဖြစ်တယ် မသိဘူး"

"ဟာ ဒုက္ခပါပဲ" ဟု ကျွန်တော် ရေရွတ်ကာ ဝင်းတင်နှင့် စက်ရုံထဲကို အမြန်လိုက်ခဲ့သည်။ ကျွန်တော်တို့ ရောက်တော့ ဦးမြမောင် တခွီးခွီးနှင့် သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည်။ ကျွန်တော်တို့ လုံခြုံရေးဌာနစိတ်တွင် နည်းနည်းပါးပါး မန်းမှုတ်တတ်သော ဦးအုန်းရွှေ (ယခု သေဆုံး)က အဘိုး(ဖိုး)ကွင်းပိုင်နှင့် ကန်တော်ရှင်တို့ကို တောင်းပန်၍ မန်းမှုတ်နေသည်။ တစ်နာရီလောက်ကြာသောအခါမှ ဦးမြမောင် သတိရလာသည်။ သို့ရာတွင်. .

"ကြောက်တယ် ကြောက်တယ်၊ ကြောက်ပါပြီ ကြောက်ပါပြီဗျ"

အသံနက်ကြီးနှင့် အော်သည်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိအောင် ခေါင်းရှုပ်သွားသည်။ အကယ်၍ ဦးမြမောင် သေသွားလျှင် ထိုအတွေးသည် ကျွန်တော့်ကို ထိတ်လန့်ချောက်ချားစေသည်။ ကျွန်တော့်ခြေလက်တို့ပင် အေးစက်လာသည်။ ကျွန်တော် ဇောချွေးတွေ ပြန်လာသည်။

"ကဲ ဆရာကျည်း ဦးမြမောင်ကို ဒီအတိုင်းထားလို့ မရဘူး၊ (၁)ဂိတ်ခေါ်သွားရင် ကောင်းမယ်"

"ကဲ . . . လုပ်လုပ်"

လုံခြုံရေးနှစ်ယောက် ဘယ်ညာတွဲလျက် သူ့ကို အမှတ်(၁)ဂိတ် (မိန်းဂိတ်)ကို ခေါ်လာကြသည်။ ဂိတ်ရောက်သောအခါ ဘယ်ညာ လုံခြုံရေး နှစ်ယောက်ကို သိုင်းဖက်၍ ထိုင်စေပြီး ဦးအုန်းရွှေက ရေမန်းများဖြင့် ခေါင်း မျက်နှာနှင့်တစ်ကိုယ်လုံး ပက်ဖျန်း ရေမန်းတစ်ခွက်တိုက်လိုက်တော့ အတော်ကောင်းသွားဟန်တူသည်။

သို့ရာတွင် မျက်လုံးက ကြောင်တောင်တောင်နှင့် ဟိုကြည့် ဒီကြည့်ဖြင့် ကြောက်နေဟန်တူသည်။ ထို့နောက် ကျွန်တော့်ကိုကြည့်ပြီး. . .

"ဆရာကျည်းရယ် ကျွန်တော် မှားပါတယ် ဟီး ဟီး"

မှားပါတယ်ဆိုပြီး တဟီးဟီးငိုသည်။ ဘေးက လူတွေက သတိထား သတိထားဟု ထိန်းနေသည်။

"ဘယ်လို မှားတာလဲ ပြောပါဦး"

"အိမ်မှာ မနက်ဖြန် ချက်စရာဆန်မရှိဘူး၊ (၆)ဂိတ်ကျတယ်ဆိုတော့ ဝမ်းသာသွားတယ်၊ ကြာခွက်ရှောင်ပြီး ဆန်ဝယ်ချက်ရမယ်၊ အဲ ပုဆိုးကလဲ အပိုမပါဘူး မထူးဘူးဆိုပြီး ကိုယ်လုံးတီး ကန်ထဲဆင်းပြီး ကြာခွက်ခူးတာပဲ ဆရာကျည်းရေ၊ ဆရာကျည်းစကား နားမထောင်မိဘူး"

"အဲဒီတော့ ဆက်ပြောပါဦး"

"ကြာခွက် နည်းနည်းရတော့ ကမ်းပေါ်တင် ခူးဖို့ပြန်ဆင်း၊ ပြန်လဲဆင်းရော ကျွန်တော့်ရှေ့ကို အရောင်မျိုးစုံ တလက်လက်နဲ့ ပေါ်လာတယ်၊ စိတ်ထဲမှာ ဒီရောင်စုံမီးလုံးကြီးကို အရမ်းလိုချင်လာတယ်၊ ဒါနဲ့ ကျွန်တော် လိုက်ဖမ်းတယ်၊ မီးလုံးက ရေလယ်ဘက်ရွှေ့လိုက်၊ ကမ်းဘက်ရွှေ့လိုက် ဖြစ်နေတယ်။

နောက် ကျွန်တော့်ဆီရောက်တော့ ပွေ့လိုက်တာ ရင်ခွင်ထဲလဲရောက်ရော အမယ်လေးဆရာရယ်၊ မြွေပွေးကြီး မြွေပွေးကြီး နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ ခြေသလုံးလောက် ရှိမယ်၊ လူကို မကိုက်ဘဲ ခွေလျက်ကြီးနဲ့ လက်ထဲမှာ လှုပ်နေတာ အသည်းယားစရာကြီး၊ ကျွန်တော် ပစ်ချပြီး ကမ်းပေါ် အော်ပြီး ပြေးတက်တယ်၊ ကမ်းပေါ်ရောက်တော့ ဘာမှ မသိတော့ဘူး၊ ဟီးဟီး ကယ်ပါဦး ဆရာရယ်၊ ကြောက်လိုက်တာဗျာ"

"ဒါဆို ဦးမြမောင် တစ်ခုခု မှားလို့ဖြစ်မယ်၊ မြွေကြီးလိုက်လာသေးလား"

ကိုခင်ဦးဆိုသည်ကို ဦးမြမောင် ခေါင်းခါသည်။

ဦးအုန်းရွှေက. . .

"ဟုတ်တယ် ဦးမြမောင် မှားလို့ ဖြစ်တာ၊ ဘာမှားလဲဆိုတော့ သောက်ရေကန်ထဲ ကိုယ်လုံးတီးဆင်းလို့ပဲ၊ ရွာမှာ ရွာတော်ရှင်ရှိတယ်၊ ကန်မှာ ကန်တော်ရှင်ရှိတယ်၊ ဒါကို မယုံလို့ မရဘူး"

ဟုတ်ပါသည်။ ရွာတော်ရှင် ကန်တော်ရှင်ကို စာရေးသူ ယုံကြည်ပါသည်။ အဘိုး ကွင်းပိုင်တို့နှင့် စာရေးသူ ကြုံဖူးတာရှိပါသည်။ အလျဉ်းသင့်လျှင် ရေးပါဦးမည်။ ကန်တွေမှာ ကန်တော်ရှင် မောင်နှမ စောင့်သည်ဟု သိရသည်။ အစ်ကိုဖြစ်သူမှာ တရားမွေ့သမား၊ သက်သတ်လွတ်သာစားသည်ဟု သိရသည်။ ညီမလေးက အမဲ၊ သားစိမ်း၊ ငါးစိမ်း သာစား၍ သည်းခံတတ်သူ မဟုတ်ပေ။ ကျွန်တော်ရွာတွေမှာ နတ်ကတော်တွေ ကန်တော်ရှင်တင်မြှောက်တာ ကြည့်ဖူးသည်။ သက်သတ်လွတ် သစ်သီးများ၊ လက်ဖက်ပွဲတို့ပါသလို၊ အမဲ၊ သားစိမ်း၊ ငါးစိမ်းတို့လည်း ပါတာ တွေ့ရသည်။ သားစိမ်း၊ ငါးစိမ်း အမဲတို့က ညီမအတွက် ဖြစ်ဟန်တူသည်။ ညီမဖြစ်သူက အမှားမခံ၍ ကြမ်းတမ်းသည်ဟု ကြားဖူးရာ အခု သောက်ရေကန်ထဲသို့ ကိုယ်လုံးတီးဆင်းသော ဦးမြမောင်ကိုလည်း ကျွန်တော်ပင် ထိတ်လန့်သွားခဲ့သည်။

"ဦးမြမောင်ရယ်၊ ခင်ဗျား အဖြစ်က မသေကောင်း မပျောက်ကောင်း ကံသီပေလို့"

"ဒါပေမဲ့ ဆရာကျည်း"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော် မနေရဲတော့ဘူး၊ အခုတောင် ကျွန်တော်မြင်ပြီး ကြောက်နေတယ်"

"ခင်ဗျား အိမ်ပြန်ချင်လား"

"ဟုတ်ကဲ့ ကျွန်တော့်ကို အိမ်ပြန်ပို့ပေးပါ"

"တာဝန်မှူးကို ပြောပြီး ကျွန်တော်လိုက်ပို့ပေးမယ်၊ ထွန်းရီနဲ့ လှိုင်ဦးမင်းတို့ပါ ငါနဲ့ လိုက်ခဲ့"

ဆယ်နာရီ သံချောင်းတွေပင် ခေါက်ကြပြီ။ ကျွန်တော်သည် တာဝန်မှူးကို အကျိုးအကြောင်းတင်ပြ ပြောဆို၍ ထိုညက ဂျူတီကျသောကားနှင့်



www.burmeseclassic.com

www.burmeseclassic.com

တွန်းရီ၊ လှိုင်ဦးတို့ကို အဝ[illegible] ပြောပြခြင်းက [illegible] ကူးခဲ့ပါသည်။ ... သူနေသော ဗိုလ်ချုပ်ရွာ ခဝါကန်အနီး သူနေအိမ်ကို ပို့ပေးခဲ့သည်။

လမ်းတွင် ထွန်းရီနှင့် လှိုင်ဦးက ဆရာကျည်းခေါ်လို့သာ လိုက်တာ၊ ကျွန်တော်တို့လည်း ကြောက်တယ်ဟု ဆို၍ ကျွန်တော်ပါ ကြက်သီးထသွားသည်။ စက်ရုံက ကားထွက်တော့ ခွေးတွေ အူနေသေးသည်။

သူ့အိမ်ကပြန်တော့ ခွင့် (၅)ရက် ပေးထားမယ်၊ နားနားနေနေ နေဦးဟု မှာခဲ့သည်။ တစ်ခုပညာ ကိုယ်၌ မပါခဲ့သော ဦးမြမောင် ငါဝမ်းပူဆာ မနေသာတော့ အမှားအမှန်မတွေးအားဘဲ လုပ်ခဲ့သည့်အတွက် အလွန်ကြောက်စရာ ကြုံခဲ့ရပေမယ့် ကံကောင်းထောက်မစွာ အသက်မပျောက်ခဲ့ပါ။

သို့သော်လည်း ဦးမြမောင် ဖြစ်ပြီး နှစ်ရက်မြောက်မှာတော့ သတင်းဆိုးတစ်ခု ကျွန်တော့်ဆီ ရောက်လာခဲ့ပါသည်။

ဦးမြမောင်ဇနီး ဒေါ်အေးသန်း သားမောင်ဇော်ဝင်းတို့ ရောက်လာပြီး ဦးမြမောင်တစ်ယောက် သေဆုံးသွားပြီဖြစ်ကြောင်း ဝမ်းနည်းစွာ ကြားရပါသည်။

ပထမရက်တွင် အတော်ပင်ကောင်းသည်။ နောက်တစ်နေ့ မနက် ၃ နာရီလောက်တွင် အိပ်နေရာမှ ကြောက်တယ်ကြောက်တယ်၊ ကြောက်ပါပြီဟု ထအော်ပြီး သူ့ကိုယ်မှာ ခွေးတွေပြန်ကာ မောနေကြောင်း အိမ်သားတွေ သူ့အနားမှာ နေကြပါ၊ မြွေပွေးကြီး တစ်ကောင်က ဒေါသထွက်ပြီး သူ့ဆီလာနေကြောင်း၊ တစ်ခါ မြွေကြီးက ဘီလူး သရဲလို အစွယ်တွေထွက်ပြီး လည်ပင်းညှစ်ဖို့ လုပ်နေကြောင်း ပြော၍ အော်ပြန်ရာ အိမ်နီးချင်းတွေ ရောက်လာကြသည်။

သို့သော်လည်း မနက် ၅ နာရီမှာတော့ ဦးမြမောင် ဆုံးသွားရှာသည်ဖြစ်ကြောင်း သူ့သားနှင့် ဇနီးတို့ရဲ့ ငိုရှိုက်

ဦးမြမောင် ဇနီးမှာ အသက်(၅၀) လောက်ပင်ရှိရှာပေဦးမည်။ ကျွန်တော်တို့ သူ့အိမ်ကို ရောက်သွားသောအခါ မိသားစုတွေကို အလွန်သနားပြီး စိတ်ထိခိုက်ရပြန်သည်။

ကျွန်တော်တို့ ဆင်းရဲသည်ထက် သူတို့က ပို၍ဆင်းရဲပါသည်။ (၁၀)ပေ သာသာပတ်လည်ခန့်ရှိသော အိမ်ကျဉ်းလေးရဲ့ အိမ်ရှေ့ခန်းမှာ ဦးမြမောင် ရုပ်အလောင်း ပြင်ထား၍ ပြည့်နေပါသည်။

သို့ရာတွင် အိမ်ရှေ့ မြေကွက်လပ်မှာတော့ မဏ္ဍပ်ထိုးသူ ခေါင်းစပ်သူ စပ်နှင့် တစ်ယောက်တစ်လက် ဝိုင်းလုပ်နေကြသော ဆင်းရဲသားရပ်ကွက်ရဲ့ ချစ်စရာမလေ့လေးကိုတော့ မချီးမွမ်းဘဲ မနေနိုင်ပါ။

ဦးမြမောင်သည် ကမ္ဘာ့ကွယ ကံ စွမ်းကုန်၍ သေခြင်းလော ကျွန်တော် မသိပါ။

ကျွန်တော်တို့သည် ဦးမြမောင် တစ်ယောက် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းပေးရုံမှလွဲ၍ ဘာမှ မတတ်နိုင်ခဲ့။

(၅)

ကျွန်တော်သည် ခင်မြင့်တစ်ယောက် ထိုဂိတ်ကို ကြောက်နေခြင်းထက် ဦးမြမောင်ကို ကြောက်နေခြင်းသာ ဖြစ်သည်။ ထိုအဖြစ်တို့နှင့် ဆက်စပ်၍ ပြန်လည် မြင်မိခြင်းသာဖြစ်၍ ဦးမြမောင်အတွက်များစွာစိတ်မကောင်းဖြစ်သည်။

မိသားစု စားဝတ်နေရေးကြောင့် အန္တရာယ်တွေးမနေဘဲ ယုန်သည် ပိုက်ကို တိုးခဲ့သည် မဟုတ်ပါလား။ အများ တစ်ချက်ကြောင့် အသက်ပေးလိုက်ရသည်ဟုပင်။

"ဒီနေရာတွေက ကြမ်းတယ်၊ အများမခံဘူး၊ မရှိမသေ မလုပ်ကြနဲ့"

ကျွန်တော်တို့သည် အမှတ်(၁၀) သစ်စက်ကို ပြောင်းရွှေ့လာစက ရွာခံမိတ်ဆွေတို့ သတိပေးစကားတွေကို ကြားခဲ့ရသည်။

ဦးမြမောင်သည် မရှိမသေဖြင့် ကိုယ်လုံးတီးနှင့် သောက်ရေကန်ထဲ ကြာခွက်ဆင်းခူးခြင်းကြောင့် ကန်စောင့် ပုဂ္ဂိုလ်တို့၏ မကျေနပ်၍ ဖြစ်ဒဏ် ခတ်သဖြင့် သေဆုံးသွားကြောင်း ယုံကြည်ကြသည်။

အမှတ် (၁၀)သည် ငပကျေးရွာအပိုင်ထဲမှာဖြစ်ရာ သစ်စက် တည်ဆောက်ထားသည့် မြေနေရာသည် ယခင်လယ်ယာနှင့် သင်ပေါင်းတောများဟု သိရပါသည်။

စက်ရုံ၏ မီးဘေးအတွက် လည်းကောင်း၊ ဝန်ထမ်းအိမ်ရာနေ ဝန်ထမ်းသုံးစွဲရန်အတွက် စက်ရုံပတ်လည်တွင် ရေကန်အသစ်များတူးထားသလို ယခင် လယ်လုပ်သူများ၏ ရေကန်ဟောင်း တချို့လည်း စက်ရုံဝင်းအတွင်းရှိနေရာ ဦးမြမောင်ဖြစ်သော ကန်မှာ ယခင် ကန်ဟောင်း ဖြစ်သည်။

ထိုကန်ဟောင်းထိပ်တွင် သစ်စက် ဂိတ်အမှတ်(၆)ဟု ဂိတ်တစ်ဂိတ် ထားရှိရာ ထို(၆)ဂိတ်အနီးတွင် ဦးမြမောင် ဝိညာဉ် ရှိနေသေးကြောင်းကိုလည်း ခင်မြင့်ကို သက်သေထား ယုံကြည်နေကြ၍ မန်နေဂျာ(စက်ရုံမှူး) အကူအညီတောင်းခံပြီး လုံခြုံရေးဌာန စိတ် လုပ်သားများ စုပေါင်းထည့်ဝင်ငွေတို့ဖြင့် ဦးမြမောင်အတွက် အလှူဒါနလေးပြုလုပ်ပြီး အမှန်တကယ် မကျွတ်မလွတ်ပါက ကျွတ်လွတ်စေပြီး ကောင်းရာသုဂတိဘုံသို့ ရောက်ပါစေကြောင်း အမျှဝေ ဆုတောင်းပေးလိုက်ကြပါသည်။

❒ ထိုက်ကျည်းထန်



www.burmeseclassic.com

www.burmeseclassic.com



ဘဝနိယာမ၏ တုံ့ပြန်မှုသည် အမှားအယွင်းမရှိ တိကျ သေချာ၏။ ဘက်လိုက်မှု လုံးဝမရှိ။ ယင်းသဘာဝ တရားကို လာဘ်ထိုး၍လည်းမရ၊ မြှူဆွယ်၍လည်းမရ၊ ချော့၍လည်းမရ၊ ခြောက်၍လည်းမရ၊ မိမိကချိုလျှင် သူက ပြန်ချို၏။ မိမိက ချဉ်ပါမူ သူကလည်း ပြန်ချဉ်တတ်၏။ မိမိက ခါးမိလေမူ သူကလည်း တူးတူးခါးခါးပြုတတ်ပါသည်။ အမှန်စင်စစ် မေတ္တာထားသူအတွက် မေတ္တာမရှားပါ။ မေတ္တာတရားကင်းမဲ့လေသောအခါ. . .။

❄

ကိုဘလွင်တို့အိမ်မှာ တောစပ်အနီးတွင်ရှိသည့်အလျောက် ညမှောင်သည်နှင့်တစ်ပြိုင်နက် တိရစ္ဆာန်ပိုးမွှား၊ ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံကို ညတိုင်းလိုလို ကြားရတတ်ပါသည်။ ယခုတစ်လော ညဘက်တွင် အရှည် ၅ ပေ၊ လုံးပတ် လူကြီးလက်ကောက်ဝတ်မရှိတရှိ လင်းမြွေတစ်ကောင်သည် ကိုဘလွင်၏အိမ်အနီးသို့လာ၍ အစာလာရှာတတ်သည်။ ည ၈ နာရီအချိန်ခန့်တွင် အမြဲတစေလာတတ်သော လင်းမြွေကို ကိုဘလွင်တစ်ယောက် ကြည့်မရဘဲ သတ်ဖြတ်စားချင်စိတ်ရှိနေပါသည်။ ထိုသို့စိတ်ဖြစ်ပေါ်လာသည်မှာ ၃ရက်ခန့်သာရှိပါသေးသည်။ ထိုစိတ်ဖြစ်ပေါ်လာသည့်ညမှာပင် ကိုဘလွင် အိပ်မက်မက်ပါသည်။

အိပ်မက်ထဲတွင် လင်းမြွေကြီးက . . .

"မင်း ငါ့ကို သတ်စားချင်နေတယ်မဟုတ်လား၊ မသတ်ပါနဲ့ကွာ၊ ငါ တောင်းပန်ပါတယ်"ဟု သနားစဖွယ်ကလေးငယ်ကဲ့သို့ ပြောဆိုနေသည်။

ကိုဘလွင် ရုတ်တရက် လန့်နိုးကာ ထိုအကြောင်းကို သူ့မိန်းမအား ပြောပြသည်။ သူ့မိန်းမက. . .

"ရှင် သွေးလေချောက်ချားပြီး စိတ်တွေဂနာမငြိမ်ဖြစ်လို့ အိပ်မက်မက်တာပါ၊ ဒါတွေ ဂရုမစိုက်ပါနဲ့"ဟု ပြောကာ သောက်ရေတစ်ခွက်ခပ်တိုက်ကာ အိပ်စက်စေပါသည်။

ထိုအိပ်မက်မျိုး ညစဉ် ၃ရက်ဆက်တိုက်မြင်မက်လေသောအခါ ကိုဘလွင်မှာကြောက်လန့်လာတော့သည်။ လင်းမြွေကြီးကတော့ ကိုဘလွင်၏အိမ်အနီးသို့ ညစဉ်လာနေလျက်ပင်။

အိပ်မက် သုံးရက်ဆက်တိုက်မက်ပြီးသည့်နောက် အိပ်မက်လုံးဝမမက်ဘဲ တစ်ပတ်ခန့်ကြာမြင့်လေသောအခါကို ဘလွင်စိတ်မှာ တစ်မျိုးဖြစ်လာကာ လင်းမြွေကို သတ်ချင်စိတ်ပေါ်ပေါက်လာသည်ကို သူ့မိန်းမက မြှောက်ထိုးပင့် ကော်သဘောမျိုးဖြင့်. .

"လင်းမြွေသားဆိုတာ တကယ်ချိုတာ၊ သတ္တဝါဆိုတာ လူ့ချတ်မှကျွတ်တာ၊ မြွေသားဟင်းချိုချိုလေး စားရအောင် ရှင်လုပ်ဆောင်ပေတော့" ဟု တိုက်တွန်းနှိုးဆော်ပါသည်။

ထိုည ၁၀ နာရီခန့်တွင် ကိုဘလွင်အိမ်အနီးသို့ရောက်လာသော လင်းမြွေကြီးကိုအသင့်စီစဉ်ထားသည့်အတိုင်း မြွေကြီး၏ခါးလယ်ကို အဆက်မပြတ်တုတ်ရှည်ဖြင့် ရိုက်သတ်လိုက်လေတော့သည်။ လင်းမြွေကြီးသေဆုံးပြီး တစ်ပတ်ခန့်အကြာတွင် ကိုဘလွင်မှာ ခါးအရမ်းနာလာလျက် နောက်ဆုံးတွင် ဆေးရုံတက်ရပါသည်။ ဆေးရုံတွင် နှစ်ပတ်ကြာကုသသော်လည်း လုံးဝမသက်သာဘဲ ဆေးရုံမှပြန်ဆင်းခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံမှဆင်းပြီးနောက် တိုင်းရင်းဆေး၊ အခြားမြန်မာဆေးများ၊ အင်္ဂလိပ်ဆေးများဖြင့်ကုသသော်လည်း ခါးဒဏ်ရာမှာ သက်သာသည်မရှိဘဲ တဖြည်းဖြည်း ဆိုးဝါးလာခဲ့ပါသည်။

ကိုဘလွင် အိပ်နေစဉ် ညစဉ်ညတိုင်းလိုလို ကယောင်ကတမ်းနှင့်. .

"လင်းမြွေကြီးရယ် ငါ မှားသွားတယ်၊ ငါ့ကိုခွင့်လွှတ်ပါကွာ"ဟူ၍ ပြောဆိုပြီး ၇ ရက်အကြာတွင် ကိုဘလွင်မှာ သေဆုံးသွားပါတော့သည်။

ကိုဘလွင် သေဆုံးပြီးနောက် ကိုဘလွင်၏ဇနီးက. . .

"ကိုဘလွင် ရှင်တို့ ညီအစ်ကိုနှစ်ယောက် အကျိုးပေးကလဲ တူပဲတူနိုင်လွန်းတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ်က ရှင့်ညီ ကိုဘခင်လဲ ဒီလိုပဲ လင်းမြွေကို သတ်မိလို့ ဘာကြောလိုက်သလဲ၊ အိပ်မက်ဆိုးတွေ မက်ပြီး သေသွားခဲ့တာ ရှင်မေ့နေခဲ့တယ်မဟုတ်လား၊ အခုတော့ ရှင့်ညီ ကိုဘခင်သေတဲ့အတိုင်း ရှင်လဲ သေခဲ့ရပြီမဟုတ်လား"ဟု စဉ်းစားနေမိပါတော့သည်။

❄

လေပြည်က သိမ့်သိမ့်လေး အေးနေ၏။ ရေပြင်က ငြိမ့်ငြိမ့်လေး စီးဆင်းနေလေ၏။

ကိုဘခင် တစ်ယောက် သဲသောင်ပြင်တွင်ထိုင်နေရင်းက ပင်လယ်ရေပြင်ကိုကြည့်ကာ စိတ်ကူးယဉ်နေခြင်း ဖြစ်ပါသည်။ ကိုဘခင်မှာ ဓာတ်သတ္တုရှာဖွေရေးမှ စက်ပြင်ဝန်ထမ်း၊ ယခုရောက်နေသည့်နေရာက ရွှေကျွန်းလေးစခန်း။ ထိုစခန်းတွင် ကိုဘခင်တို့ စက်ပြင်အဖွဲ့ ၆ ဦးရှိသည်။ ကိုဘခင်မှာ စက်ပြင်အဖွဲ့ ဒုတိယခေါင်းဆောင်၊ စက်ပြင်ခေါင်းဆောင် ဦးကိုကိုလတ်မှာ လုပ်သက်ရင့် စက်ပြင်ဆရာကြီး ဖြစ်သည့်အလျောက် စက်ဟူသမျှကို အရည်ကျိုသောက်သူ ဖြစ်သည်။ ဘယ်စက်မဆိုလာခဲ့၊ သူ့တွင် ပြောစရာတစ်ခုသာရှိသည်။ အရက်မူးလျှင် သွေးဆိုးတတ်သဖြင့် ထိုအချိန်မျိုးတွင် သူ့ကို ဝေးဝေးက ရှောင်လျှင် အကောင်းဆုံးဖြစ်သည်။

ကိုဘခင် ဒီရွှေရှာဖွေရေး စီမံကိန်း ရွှေကျွန်းသို့ရောက်ရှိနေသည်မှာ ခြောက်လကျော်ခဲ့ပြီ။ နှစ်မိုင်ခန့်ပတ်လည်ရှိသော ဒီရွှေကျွန်းကြီး ရွှေကျွန်းလေးစခန်း။ ဒီရွှေကျွန်းလေးစခန်းနှင့် ဆက်လျက်ရှိသော ဟိုဘက် ရွှေကျွန်းကြီးစခန်းတွင် ပထမတော့ ဆရာကြီး ဦးလွန်းမောင်လက်အောက်တွင် ကိုဘခင် အလုပ်လုပ်ခဲ့ရသည်။ ဦးလွန်းမောင်သည်လည်း ဦးကိုကိုလတ်အတိုင်းပင် စက်ပြင်ရာတွင် ကျွမ်းကျင်လိမ္မာသည်။ ရွှေကျွန်းကြီးစခန်းတွင် ခြောက်လ နေခဲ့ရသည်။

ထိုစဉ်က စခန်းတစ်ခုလုံး ငှက်ဖျားရောဂါဒဏ်ကို အကြီးအကျယ်ခံစားခဲ့ရသည်။ ငှက်ဖျားရောဂါ တာကွယ်ဆေးကို စနေနေ့ညတိုင်း ပုံမှန်သောက်သုံးကြရသော်လည်း အချို့က ခါးသည်ဟုဆိုပြီး မသောက်သဖြင့် ငှက်ဖျားရောဂါ စတင်ခံစားကြရတော့သည်။

ဝန်ထမ်းအင်အား (၁၅၀)ခန့်ရှိသော ရွှေကျွန်းကြီးစခန်းတွင် လူအယောက် ၈၀ ခန့်မှာ ငှက်ဖျားရောဂါ ဖြစ်ပွားနေကြသည်။ ငှက်ဖျားရောဂါ အလူးအလိမ့်ခံစားနေရသော ပုတ်ပြတ်အလုပ်သမားလေးတစ်ယောက်မှာ ငှက်ဖျားဒဏ်ကြောင့် သေသွားခဲ့ရာ ငှက်ဖျားရောဂါကို အတော်ပင်ကြောက်လန့်လာကြသည်။ ဓာတ်သတ္တုရှာဖွေရေးရုံးချုပ်ကလည်း ဖိအားများပေးလာရာ နောက်ထပ် လူအသေအပျောက် မရှိအောင် ဂရုစိုက်ပါဟု မှာကြားလာသည်။

နောက်ပိုင်းတွင် စနေနေ့ညတိုင်း သောက်ရသောငှက်ဖျားရောဂါကာကွယ်ဆေးကို ကြီးကြပ်သူ ဝန်ထမ်းနှစ်ဦးရှေ့တွင် သောက်ရေနှင့်တကွ လူတိုင်းကို သောက်စေသည်။

"နောက်မှ သောက်မည်၊ အခုမသောက်သေးဘူး" ဟူ၍ ပြော၍မရ၊ ချက်ချင်းပင် သောက်စေသည်။

ဤသို့ တိတိကျကျလုပ်ဆောင်လိုက်သောအခါ ငှက်ဖျားရောဂါဖြစ်သူအယောက် ၆၀ ခန့် လျော့ပါးသွားလျက် အယောက် ၂၀ ခန့်သာရှိတော့သည်။ နောက်ပိုင်းတွင် ငှက်ဖျားရောဂါဖြစ်သူ နည်းသွားသည်။

ငှက်ဖျားရောဂါနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်း စခန်းတာဝန်ခံဆရာဝန်ဒေါက်တာမြင့်သိန်းမှ ထပ်ဆောင်းဟောပြောပေးသဖြင့် စခန်းတစ်ခုလုံးတွင် ငှက်ဖျားရောဂါဖြစ်ပွားသူ တဖြည်းဖြည်း ကျဆင်းလာခဲ့ပါတော့သည်။

ရွှေကျွန်းကြီးနှင့်ဆက်စပ်လျက်ရှိသော ရွှေကျွန်းလေးစခန်းဘက်တွင် လွန်တူးလုပ်ငန်းလုပ်ဆောင်သောအခါ စက်များ၊ စက်ပစ္စည်းများ၊ သံပိုက်များ၊ စတိုပစ္စည်းတို့ကို တဲသုံးလုံးဖြင့် ထားရသည်။ ဦးကိုကိုလတ်ခေါင်းဆောင်သော စက်ပြင်အဖွဲ့ခြောက်ယောက်မှာ စက်ပစ္စည်း များမလာခင်ကပင် ရှေ့ပြေးအဖြစ် ရွှေကျွန်းလေးစခန်းတွင် တဲထိုးလာနေရသည်။ ထိုတဲနံဘေးတွင် ယခုတဲသုံးလုံး လာဆောက်ထားခြင်း ဖြစ်ပေသည်။

ကိုဘခင်အဖို့ ရွှေကျွန်းကြီးနှင့်နှိုင်းယှဉ်ပါက ရွှေကျွန်းလေးစခန်းကို ပို၍သဘောကျသည်။ ဒီဘက်မှာ သဲသောင်ပြင်ပို၍ကျယ်ပြောသည်။ နံနက် ၅ နာရီမိုးလင်းသည်နှင့် သဲသောင်ပြင်တစ်လျှောက်ဝယ် ပင်လယ်ထဲမှမျောလာသောပစ္စည်းအစုံကို တွေ့ရသည်။ တစ်ခါတရံ ဂျော်နီလမ်းလျှောက်(အနီ) အရက်ပုလင်းများ၊ ရော်ဘာဖိနပ်များ၊ စီးကရက်အတောင့်များ ပါလာတတ်သည်။ တစ်ခါတစ်ရံ စီးကရက်အတောင့်များမှာ ရေလုံးဝမစိုဘဲ ခြောက်ခြောက်သွေ့သွေ့ ရှိနေသည်ကိုလည်း တွေ့ရသည်။

ကိုဘခင်တို့ ခြောက်ယောက်အဖွဲ့တွင် ကိုဘခင်က စက်ပြင်အလုပ်လုပ်သည်သာမက ဝါသနာပါသည့်



www.burmeseclassic.com

www.burmeseclassic.com

အလျောက် ချက်ပြုတ်ရေးကိုလည်း တာဝန်ယူသည်။ ကိုဘခင်မှာ စေတနာပါသည့်အားလျော်စွာ သူချက်ပြုတ်သည့်ဟင်းလျာများမှာ အရသာရှိသည်။ စားလို့အလွန်ကောင်းသည်။

ကိုဘခင်မှာ ဂျွန်ဆင်နှင့် မိုက်ကယ်ဆိုသော ဗမာခွေးနှစ်ကောင်ရှိသည်။ အမဲလိုက်အလွန်တော်သည်။ ကော့သောင်းမြို့ အသိမိတ်ဆွေထံမှ ရခဲ့သည်နှင့် တောင်းလာသောခွေးနှစ်ကောင် ယခုတော့ခြောက်လသားရနေပြီ။ သခင့်စကားကို နားထောင်သည်။ လိမ္မာသည်။ သူတို့နှစ်ကောင်ကျေးဇူးကြောင့် ရွှေကျွန်းလေးစခန်းတွင် ပင်လယ်ရေစပ်၌ အစာရှာ ဆော့မြူးနေသော (တောစခန်းထဲမှ) ပင်လယ်ဖွတ် ၆ ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် တစ်ပတ်စီလောက်သာခြားသည်။ ကိုက်ဖြတ်ခြင်းခံရကာ ကိုဘခင်တို့အတွက် ဟင်းလျာဖြစ်ခဲ့ရသည်။ ဖြူဖွေးသောအရောင်ရှိသည့် ပင်လယ်ဖွတ် တစ်ကောင်လျှင် အလေးချိန်လေးပိဿာခန့်ရှိသည်။ အလျားနှစ်တောင်ခန့် ရှည်လျားသည်။ အညာတွင် တွေ့ရသော လုံးပတ်လက်ညှိုးသာသာ၊ အရှည် ၆ လက်မခန့်ရှိသော ဖွတ်များကို တွေ့ခဲ့ရသော ကိုဘခင်အဖို့ ပင်လယ်ဖွတ်အကြီးများကို တွေ့ရသဖြင့် အံ့သြနေသည်။ ပင်လယ်ဖွတ်သားမှာ ဆိမ့်ချိုချိုနှင့် စားကောင်းလိုက်သည့် ဖြစ်ခြင်း။

အလုပ်အားချိန် ညနေပိုင်းများတွင် စားမရှည်တစ်ချောင်းနှင့် ရေကျချိန်သဲသောင်ပြင်ကမ်းစပ် ကျောက်ကြိုကျောက်ကြားတွင် ကူးခတ်နေသော ပင်လယ်ငါးများကိုခုတ်နေသော ကိုဘခင်ကို တွေ့နိုင်ပါသည်။ နာရီဝက်ခန့် ငါးခုတ်ရာတွင် တစ်ခါတစ်ရံ နှစ်ပိဿာခန့်ရသည်။ ပုံမှန်မှာ တစ်ပိဿာခန့် အမြဲရသည်။

ရွှေကျွန်းလေးစခန်း။ တစ်ည ည ၉ နာရီခန့်တွင် ကိုဘခင်တို့တဲနှင့် ၁၀ ပေခန့် နေရာတွင် လင်းမြွေကြီးတစ်ကောင်ကို ကိုဘခင် တွေ့လိုက်ရသည်။ လုံးပတ်လူကြီးလက်မောင်းခန့်၊ အရှည် ခြောက်လံခန့်ရှိသော ထိုလင်းမြွေကြီးမှာ အစာရှာထွက်လာခြင်းပင်။ ကိုဘခင်မှာ ဘာမပြော ညာမပြောနှင့် အနီးတွင်ရှိသော လက်မောင်းလုံးခန့် လုံးပတ်၊ အရှည်သုံးတောင်ခန့်ရှိသော တုတ်ဖြင့် အနီးတွင်ရှိသော မြွေကို အသေရိုက်သတ်လိုက်သည်။ ဒီမြွေကို ဦးကိုကိုလတ် ညပိုင်းတွင် တွေ့တွေ့နေသည်မှာ တစ်ပတ်ခန့်ရှိသော်လည်း မည်သူ့ကိုမျှ သူမပြောပြခဲ့။ အထူးသဖြင့် တီရစ္ဆာန်များကို ဇက်ရဲလက်ရဲ သတ်ဖြတ်တတ်သော ကိုဘခင်ကို သာ၍ပင်မပြောရဲ။

ယခုတော့ ကိုဘခင်မှာ လင်းမြွေကြီးကိုသတ်လိုက်ပြီ။ မဆလာနိုင်နိုင် ငရုတ်သီးနိုင်နိုင်ဖြင့် မြွေသားဟင်းကို ကိုဘခင် ကောင်းကောင်းချက်ပြုတ်သည်။ ချက်ပြုတ်သည့် အချိန်မှာပင် မွှေးလိုက် သည့်ဖြစ်ခြင်း။ ဒီနေ့လယ်စာ အားလုံး ထမင်းစားမြိန်ကြသည်။ စက်ပြင်ခေါင်းဆောင် ဦးကိုကိုလတ်မှာ မြွေသားဟင်းကို လုံးဝ မစား။

ကိုဘခင်က. . .

"ဆရာ. . . မြွေသားဟင်းကို ဘာလို့မစားတာလဲ" ဟု မေးမြန်းသောအခါ ဦးကိုကိုလတ်က. . .

"ဘာမှမဟုတ်ပါဘူးကွာ၊ ငါမြွေသားကို တစ်သက်လုံးရှောင်ထားတာကွ၊ မြွေကိုလဲ တစ်သက်လုံးမသတ်ပါဘူးလို့ အဓိဋ္ဌာန်ပြုထားတယ်၊ ဒါကြောင့်ပါကွာ၊ ငါမစားပေမယ့် မင်းတို့အားလုံး ကြိုက်ရင်စားကြပါ၊ ငါမကန့်ကွက်ပါဘူး"ဟု ပြန်ပြောခဲ့သည်။ လင်းမြွေကြီးကို သတ်ဖြတ်စားသောက်ပြီးနောက် ကိုဘခင် တစ်ယောက် ညတိုင်းလိုလို အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် လင်းမြွေကြီးက . . .

"ငါ့ကို ဘာလို့သတ်တာလဲ၊ ငါမကျေနပ်ဘူး၊ ငါသေသလို နင်လဲသေရလိမ့်မယ်"ဟု ကိုဘခင်ကို ပြောနေသည်။

ကိုဘခင်စိတ်ထဲတွင်. . .

"ငါ လင်းမြွေကြီးကိုသတ်တာ မှားသွားပြီနဲ့တူတယ်"ဟု နောင်တရနေသည်။

ဒီတစ်ခေါက် ကော့သောင်းမြို့သို့ ရိက္ခာဝယ်ယူရေးအဖွဲ့တွင် ကိုဘခင် တစ်ယောက် ပါဝင်ပါသည်။ ရွှေကျွန်းကြီးစခန်းမှ ၄ နာရီကြာ ခုတ်မောင်းရသောခရီး။ တန်ကေးစက်လှေဖြင့် ကိုဘခင်တို့ ကော့သောင်းမြို့သို့ ရောက်လာခဲ့ပါပြီ။ တစ်ရက်ဈေးဝယ်ပြီးနောက်တစ်နေ့တွင် ကော့သောင်းမြို့နှင့် ၁၀ မိုင်ခန့်ဝေးသောရွာလေးသို့ TE 11 မော်တော်ကားကြီးနှင့် ကိုဘခင်တစ်ယောက် အလည်ရောက်ခဲ့သည်။

ကားပေါ်တွင် ထိုင်ဖို့နေရာရသော်လည်း ထိုင်ခိုင်း၍မရ၊ ကားခေါင်းခန်းနံဘေးညာဘက်တွင် မတ်တတ်ရပ်လိုက်လာသော ကိုဘခင်ကို ဒရိုင်ဘာက သတိထားဖို့ ပြောသည်။ ထိုအချိန်က ကိုဘခင် အရက်သောက်ထားသည်။ အရက်မှာ ပြေပြေလေး မူးနေသည်။ အရက်မူးနေရင်းက လင်းမြွေကြီးကို သတိရနေသည်။

ထိုစဉ်တွင်ပင် လမ်းမကြီးတွင် အရှိန်ဖြင့်မောင်းနှင်သွားနေသော TE 11 ကားကြီးမှာ လမ်းဘေးတွင်ပေါက်ရောက်နေသော သစ်ပင်ကိုင်းကြီးကို ရှောင်ရှားရင်း ဒရိုင်ဘာက. . .

"ဟေ့ဟေ့ ရှေ့မှာ သစ်ကိုင်း" ဟု လှမ်းသတိပေးသော်လည်း ကိုဘခင်အဖို့ နောက်ကျသွားချေပြီ။

ကားပေါ်မှပြုတ်ကျသွားသည်။ လမ်းနံဘေးတွင် ပြင်းထန်စွာကျကာ မေ့လဲသွားသည်။ ဆေးရုံသို့ အမြန်ပို့သော်လည်း လမ်းတွင်ပင် ကိုဘခင် တစ်ယောက် အသက်ပျောက်ခဲ့သည်။

ကိုဘခင်နှင့် ကိုဘလွင်တို့ ညီအစ်ကိုနှစ်ယောက်မှာ ကံတူအကျိုးပေး အသေဆိုးနှင့်သေခဲ့ရသည်ဟု ပြောလိုက ပြောနိုင်ပါသည်။

❒ သတ်ဆိုင်မျိုး(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၉ ခုနှစ် မတ်လ ၂၇ ရက်က ရွှေကျင်မြို့ စာပေဟောပြောပွဲအပြီး ဝေါမြို့နယ် သူရဲသမိန်ရွာသို့ ခရီးဆက်သည်။ ထိုခရီးကို ဦးဆောင်သူက ရွှေကျင်မြို့နယ် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမိုးဟန်။ လိုက်ပါလာသော စာရေးဆရာများက ကဗျာဆရာ သူရဇော်၊ ဆရာမောင်သက်ကြူ၊ ဆရာဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာမောင်စေတနာ၊ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)တို့ ဖြစ်သည်။

သူရဲသမိန်ရွာ စာပေဟောပြောပွဲအတွက်လာကြိုသောအဖွဲ့ကို အသက်(၇၀)ခန့်ရှိပြီဖြစ်သော ဦးစိန်မောင်က ဦးဆောင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေကျင်ဆိပ်ကမ်းမှ စက်လှေလေးထွက်ခွာတော့ နံနက် ၉ နာရီ ရှိချေပြီ။ စက်လှေမှ အင်ဂျင်သံကို နားမခံနိုင်၍ စက်လှေဦးပိုင်းတွင် နေရာယူလိုက်သည်။ စာရေးသူ အနားတွင် အဘ ဦးစိန်မောင်။

ရွှေကျင်ချောင်းမှ ထွက်လိုက်သည်နှင့် စစ်တောင်းမြစ် အတွင်းသို့ ရောက်သွားတော့သည်။ စစ်တောင်းမြစ်သည် ရေစီးသန်သည်ဟု ငယ်စဉ်က သင်ကြားခဲ့ဖူးသည်။ မှန်လှသည်။ အရှိန်ပြင်းစွာစီးဆင်းနေသော ရေအလျဉ်နှင့် စက်လှေ၏အရှိန်တို့ ပေါင်းလိုက်တော့ မြစ်ကမ်းနဖူးပေါ်က သစ်ပင်များ၊ လူနေအိမ်လေးများမှာ တရိပ်ရိပ်ပြေးလွှားနေသည့်အလား။ မည်သို့ပင် ဖြစ်စေ ရေလမ်းခရီးက ဖျင်းစရာ၊ အပျင်းပြေစာဖတ်မလား။ စကားပြောမလား။ စကားပြောဖော်အဖြစ် အနီးမှာထိုင်နေသော ကြို့ဆိုရေးအဖွဲ့ ခေါင်းဆောင် အဘ ဦးစိန်မောင်နှင့် စကားပြောကြည့်တော့ ဗဟုသုတစုံသော ဟင်းလေးအိုးကြီးပမာ၊ ပြီးတော့ စကားပြောကောင်းသည်။ ပြောသည့် စကားများသည် ရွှေ့နောက် ဆက်စပ်နေသည်။

"အဘရေ အရှေ့ဘက် တောင်တန်းပေါ်က ဗိုက်ကြီးမတောင်ဆိုတာ တကယ့်ကို ဗိုက်ကြီးသည် မိန်းမကြီးတစ်ယောက် ပက်လက်အိပ်နေတဲ့ အလားပဲနော်၊ ပြီးတော့ ဟိုရှေ့က ဒုံဇရစ်ရွာထိပ်ကစပြီး တောင်ကြောပေါ်မှာ ထုံးဖြူဖြူစေတီလေးတွေက အများကြီးနော်"

"ဟုတ်တယ် ဆရာလေးရေ၊ တောင်ရိုးပေါ်မှာစေတီတွေ အစီအရီ တည်ထားကြတယ်၊ ဟိုတုန်းကတော့ ဘုရားအို ဘုရားပျက် အုတ်ပုံတွေပေါ့၊ အခု ၁၀ နှစ် လောက်အတွင်းမှာ စေတီတွေကို အသစ်ပြန်တည်ကြ၊ ထီးတော်တင်ကြ၊ ရောင်တော်ဖွင့်ကြနဲ့ တောင်ရိုးတစ်လျှောက်လုံး သပ္ပာယ်နေပြီ ဆရာလေးရေ"

"ဟို ရှေ့တောင်ပေါ်က စေတီက. . ."

"အြော်၊ ဒုံဇရစ်ရွာထိပ် တောင်စွယ်ပေါ်က မြို့ဦးစေတီ၊ ဘွဲ့အမည်က ကျိုက်မုသလင်စေတီတဲ့၊ ခုတော့လူတွေက မြို့ဦးစေတီလို့ ခေါ်လိုက်ကြတယ်"

"ဒုံဇရစ်ဆိုတာ ရွာလေးပဲ အဘရဲ့၊ ဘာကြောင့် မြို့ဦးစေတီ ခေါ်ကြတာလဲ"

"ဒီလိုဆရာလေးရဲ့၊ တစ်ချိန်က မွန် ၃၃ ရပ် ခေတ်ကောင်းစဉ်က ဒုံဇရစ်ဟာ မြို့ဖြစ်ခဲ့ဖူးတယ်၊ ဘုရင်နန်းစိုက်ခဲ့ဖူးတယ်၊ အခုထိ မြို့ရိုးတွေ၊ ကျုံးတွေ အထင်ကရ ရှိနေတုန်းပဲလေ"

"မြို့ဦးစေတီအပြင် ဒီတောင်တန်းတစ်လျှောက်လုံးမှာ စေတီတွေ အတော်များတယ်နော်"

"စေတီတွေများသလို သူ့သမိုင်းနဲ့သူ ရှိကြတယ်၊ မြို့ဦးစေတီ ဆိုပါတော့၊ မွန်မင်းသမီးလေးနဲ့ ကျေးတောသားလေးရဲ့ လွမ်းမောဖွယ်အချစ်ဇာတ်လမ်း၊ ပြီးတော့ ဖောင်တော်ဦးစေတီ၊ ဘုရင်မင်းတရားကြီး တိုင်းခန်းလှည့်လည်ရင်း ဖော်တော်ခေတ္တဆိုက်ကပ်တဲ့ နေရာမှာ တည်ထားတဲ့ စေတီရဲ့ ဘွဲ့တော် ဆိုပါတော့"

"ရှေ့ဆက် သွားတော့"

"ဖောင်တော်ဦး စေတီနားမှာ စေတီလေးတွေ အများကြီးရှိတယ်၊ ရွှေဘုံသာ၊ ငွေဘုံသာ၊ ပြီးတော့ အတွင်းကျိုက်ဒေးသုတ်၊ အပြင် ကျိုက်ဒေးသုတ်၊ နဂါးလိမ်ဘုရား၊ မုဆိုးမဘုရား၊ ရှေ့မှာ ဘန်းမြို့ဟောင်း၊ ဒီအရပ်က လူတွေ အလေးထားကိုးကွယ်နေတဲ့ ဘန်းရှင်ကြီးရဲ့ရုပ်တုတော် ရှိနေတယ်"

"အဲဒီစေတီတွေမှာလဲ သူ့သမိုင်းနဲ့သူ ရှိကြမှာပေါ့နော်"

"ရှိပြီလားဆရာလေးရယ်၊ ဒုံဇရစ်မြို့ဦးစေတီဇာတ်လမ်းက ဘုရင့်သမီးတော်လေးနဲ့ တောင်ယာသမားလေး မောင်ဖားရဲ့ မေတ္တာဇာတ်လမ်းလိုပဲ၊ ကျေးတောသူ မပန်းဝါနဲ့ ဘုရင့်သားတော်လေးတို့ရဲ့ အချစ်ဇာတ်လမ်းလေး ရှိခဲ့ဖူးတယ်၊ ဇာတ်ဆောင်တွေ နေရာတွေသာ ကွဲလွဲပေမယ့် အချစ်ဇာတ်လမ်းကတော့ ခပ်ဆင်ဆင်ပေါ့၊ အဘတို့ရဲ့ အဘိုးတွေ၊ အဘွားတွေ ပြောခဲ့တဲ့ အိပ်ရာဝင်ပုံပြင်တွေဆိုလဲ မမှားဘူးပေါ့ ဆရာလေးရယ်"

"သိချင်လိုက်တာ အဘရယ်၊ ဖြစ်နိုင်ရင် ပြောပြပါဦး"

"အဖြစ်က ဒီလို ဒီလို ဆရာလေးရေ"

❖

စစ်တောင်းမြစ်ရေက ညစ်ထပ်ပွက်ထနေသည်။ ရေစီးအား ပြင်းထန်လွန်းသည်။ ရေလှိုင်းများက ဝုန်းဒိုင်းကြဲနေသည်။ မြင်းရိုင်းတစ်ကောင် ကဆုန်ပေါက်နေသည့် အလား။ မိုးကလည်း သဲသဲမဲမဲ။ လေပြင်းများက လွင့်ပါသွားစေမည့်အလား။

စစ်တောင်းမြစ် အရှေ့ဘက်ကမ်းအနီးမှာ ဝါးဖောင်တစ်စီး မျောပါလာသည်။ ဝါးဖောင်က အလျား ၉ တောင်၊ အနံ ၅ တောင်ခန့်၊ ဝါးဖောင်လေးက ဦးမော့လို့ ပဲ့နိမ့်၊ ဦးနိမ့်လို့ ပဲ့ထောင်၊ လှိုင်းလုံးကြီးများအကြား နိမ့်ချည် မြင့်ချည်။ ဖောင်ပေါ်မှာက ဗလကောင်းကောင်း လူကြီးသုံးယောက်။

ဖြူဖြူနွဲ့နွဲ့ အသက် ၂၀ ခန့်သာ ရှိသော ဘုရင့်သားတော်လေးတစ်ပါး။ လူကြီးသုံးယောက်က ခွန်အားရှိသမျှ ဖောင်ကို အားစိုက်လှော်နေသည်။

လူငယ်လေးက ဝါးဖောင်ပေါ်က လွင့်စဉ်ကျမသွားအောင် တိုင်တစ်လုံးကို ဖက်ထားသည်။

ပြင်းထန်စွာ ခုန်ပေါက်စီးဆင်းနေသော စစ်တောင်းမြစ်ရေပြင်ရဲ့ အောက်ကို ရောက်မသွားအောင် သတိကြီးစွာ လှော်ခတ်နေကြရလေသည်။ ပြီးတော့ နောက်က ထက်ကြပ်မကွာ လိုက်လာသည့် ရန်သူလှေကြီးတစ်စီး။ အသက်အန္တရာယ်က နီးကပ်လွန်းလှသည်။ မြစ်ရဲ့ ဘယ်ဘက်ကမ်းမှာ ညို့မှိုင်းမှိုင်း ပေါင်းနွယ်လောင်းတောင်တန်းကြီး။



www.burmeseclassic.com

www.burmeseclassic.com

ကမ်းစပ်မှာ ကိုင်းပင်များ၊ မုယော စပါးရိုင်းပင်များ၊ ပြီးတော့ ဝါးတောကြီးများ၊ သစ်ပင်ကြီးများ၊ ဒုံဇရစ်ရွာကို ကျော်လွန်လာခဲ့ချေပြီ။

"ရှေ့နားမှာ ကျုံချောင်ချောင်း ရှိတယ်၊ အဲဒီချောင်းထဲကို ရအောင်ချိုးဝင်ရမယ်၊ မြစ်အတိုင်း စုန်ဆင်းနေရင် နောက်က ရန်သူလှေ မီလာတော့မယ်၊ ကျုံချောင် ချောင်းထဲကို ဝင်လို့ရအောင် လှော်ကြပေတော့"

ခေါင်းဆောင် ဖြစ်ဟန်တူသော အဘိုးကြီးရဲ့စကားအတိုင်း လှေထိုးသားသုံးဦးတို့သည် ဝါးဖောင်လေးကို ကျုံချောင် ချောင်းအတွင်းသို့ လှော်ခတ်ချိုးဝင်လိုက်သည်။

ချောင်းလေးက တဖြည်းဖြည်း ကျဉ်းသွားသည်။ ဝဲယာ ကမ်းစပ်တွင် ကိုင်းပင်များ၊ သစ်ပင်ဝါးပင်များ အနီးဆုံး ကိုင်းတောကို ဖြတ်ကျော်လို့ ဖောင်လေးကို ကမ်းသို့ ကပ်လိုက်သည်။ ပြီးတော့ လူသား လေးဦး အသက်လုပြီး ပေါင်းလောင်းတောင်ကြောပေါ်သို့ ပြေးတက်နေကြသည်။

နောက်မှလိုက်လာသော ရန်သူလှေကြီးမှာ အင်အားပြင်းစွာ လှော်ပြီး ကျုံချောင်ချောင်းကျော်ပြီး စစ်တောင်းမြစ်အတိုင်း ကွမ်းဆိပ်ရွာ၊ ဝါးဇံဆိပ်ရွာ၊ အုတ်ဖိုမှ စစ်တောင်းမြို့ဆီသို့ လှော်ခတ်သွားကြပြီ။

အသက်လုပြီး ပေါင်းလောင်းတောင်ပေါ် ပြေးတက်လာကြသော လူသား လေးဦးတို့မှာ တောင်ရိုးပေါ် ရောက်တော့ မြေပြန့် ဖြစ်သွားသည်။ တောင်စူးစူးအရပ်တွင် ဘန်းမြို့ရှိသည်။ ဘန်းမြို့တွင် ဘုရင့်သားတော်လေးရဲ့ ဘကြီးတော် ရှိသည်။ ဘကြီးတော် ဦးဗျတ်စထံ အရောက်သွားရန်၊ ဘကြီးတော်ထံ ခိုလှုံရန်ဖြစ်သည်။



မင်းသားလေးခမျာ မောလွန်းလို့ ရှေ့ဆက်မလျှောက်နိုင်တော့။

"ခဏနားကြရအောင်ဗျာ၊ ဆက်မလျှောက်နိုင်တော့ဘူး"

"နားလို့မသင့်ဘူး ကိုယ်တော်လေး၊ ဘန်းမြို့မရောက်မချင်း စိတ်မချရဘူး၊ ကဲ. . . ကိုယ်တော်လေးကို နှစ်ယောက် တွဲကြကွာ"

မင်းသားလေးနှင့် သူ့ရဲဘက် သုံးယောက်ဟာ နှစ်နာရီသာသာ လောက်အပြင်းလျှောက်ခဲ့ကြရာ အန္တရာယ်ကင်းစွာ ဘန်းမြို့ကို ရောက်ကြသည်။ ဘကြီးတော် ဦးဗျတ်စက မင်းသားလေးကို သာမန်အရပ်သားအသွင်နဲ့ စောင့်ရှောက်ထားသည်။ မင်းသားလေးခမျာ ဘန်းမြို့မှာ တစ်နှစ်ကျော်ကျော် ပုန်းအောင်းနေခဲ့တယ်။

အနေကြာလာတဲ့ မင်းသားလေးဟာ ဘန်းမြို့အနီးက ညောင်ခြေထောက်ရွာက မပန်းဝါလေးနဲ့ ရည်ငံခဲ့ကြသည်။ မင်းသားလေးနဲ့ ကျေးတောသူ မပန်းဝါတို့ရဲ့ အချစ်ဇာတ်လမ်းကို ဘကြီးတော် ဦးဗျတ်စက ဦးဆောင်ပြီး လက်ဆက်ပေးခဲ့တယ်။ ဘန်းမြို့နဲ့ ညောင်ခြေထောက်ရွာသား အားလုံးဟာ မင်းသားလေးကို သာမန် အရပ်သားအဖြစ်သာ သိခဲ့ကြတယ်။

မင်းသားလေးရယ်လို့ သိသွားရင် အသက်အန္တရာယ် ကြီးမားလှတယ် မဟုတ်လား။

မင်းသားလေးနဲ့ မပန်းဝါလေးတို့ လက်ထပ်ပြီး တစ်နှစ်လောက်ကြာတော့ တိုင်းပြည်လည်း ပြန်လည်အေးချမ်းသွားတယ်။ ဘကြီးတော် ဦးဗျတ်စရဲ့ အကူအညီနဲ့ မင်းသားလေးဟာ နေပြည်တော်ကို ပြန်သွားခဲ့တယ်။ မပန်းဝါကိုတော့ နေပြည်တော်ကို ကုန်ရောင်းကုန်ဝယ်သွားမယ်လို့သာ အသိပေးခဲ့တယ်။ မင်းသားလေး ခရီးထွက်သွားတဲ့ နေ့ကစပြီး မပန်းဝါတစ်ယောက် ရွာထိပ်က တောင်စွယ်လေးမှာ ညနေတိုင်း သွားထိုင်နေလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ မင်းသားလေးပြန်လာမယ့်လမ်းကို မျှော်နေရှာတယ်လေ။ ခြောက်လကျော်သည့်တိုင် မင်းသားလေးဟာ ပြန်မရောက်လာဘူး။

တစ်နေ့ နေကုန် မိုးချုပ်ထိ မပန်းဝါတစ်ယောက် အိမ်ပြန်ရောက်မလာဘူး။ ဦးဗျတ်စနဲ့ ရွာလူကြီးတွေဟာ ညနေတိုင်း မပန်းဝါထိုင်နေကျ နေရာလေးမှာ သွားရှာကြပါတယ်။ မတွေ့ကြဘူး။ တွေ့မယ့်တွေ့တော့လည်း တောင်အောက်မှာ အသက်ပျောက်နေတဲ့ မပန်းဝါရဲ့အလောင်း။ မပန်းဝါ တစ်ယောက် တောင်စွယ်လေးပေါ်က ခြေချော်ကျသလား။ တမင်ခုန်ချသွားတာလား ဆိုတာကိုတော့ ဘယ်သူမှ အတပ်မပြောနိုင်ကြဘူး။

မကြာမီမှာပဲ မင်းသားလေးနဲ့အဖွဲ့ ညောင်ခြေထောက်ရွာကို ရောက်လာကြပါတယ်။ မပန်းဝါ ကွယ်လွန်ခဲ့တာ တစ်လပြည့်ပါပြီ။ မင်းသားလေးခမျာ မပန်းဝါရဲ့ မြေပုံလေးကိုသာ တွေ့ရပါတော့တယ်။

မပန်းဝါရဲ့ မြေပုံလေးအနားမှာ မင်းသားလေးဟာ ယာယီ တဲနန်းလေးဆောက်ပြီး အလွမ်းဖြေနေခဲ့ပါတယ်။ မပန်းဝါ ညနေတိုင်း ထိုင်နေကျ နေရာလေးမှာ စေတီလေးတစ်ဆူ တည်ထားခဲ့တယ်။ စေတီလေးက လွမ်းစေတီတဲ့။ လပြည့်ညတွေမှာ အဲဒီစေတီလေးအနီးမှာ မိန်းမပျိုလေးတစ်ယောက် မြင်တွေ့လေ့ရှိတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

❖

လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖိတ်စာလေး တစ်စောင် ရလိုက်ပါတယ်။ ဖိတ်ကြားရသူက မြန်မာတိုင်းရင်းဆေး ဆရာကြီး ဦးအေးမြင့် (ဦးအေးမြင့် အစာကြေဆေး)။ ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာ အုပ်စု၊ ဝါးတဲဆိပ်ရွာအနီး ပေါင်းလောင်း တောင်တန်းပေါ်က အတွင်းကျိုက်ဒေးသုတ်စေတီ ထီးတော်တင်ပွဲ။ တပေါင်းလပြည့်နေ့ နံနက် ၉ နာရီတိတိ။ ဆရာကြီး ဦးအေးမြင့် ဆိုသူမှာ စေတီပေါင်းများစွာကို ပြန်လည်ပြုပြင် ထီးတော်တင်လှူနေသော ဘုရားဒါယကာကြီးတစ်ဦး ဖြစ်သည်။

အတွင်းကျိုက်ဒေးသုတ် စေတီအနီးအနားမှာ အဘဦးစိန်မောင် ပြောပြဖူးသော ဘုရင့်သားတော်လေး တည်ထားသည့် လွမ်းစေတီလေး ရှိသည်။ တပေါင်းလပြည့်နေ့ ထီးတော်တင်ပွဲအမီ တစ်ရက် ကြိုတင်ရောက်၍ ကျိုက်ဒေးသုတ် ဘုရားကုန်းပေါ် အရောက် သွားခဲ့သည်။ကျိုက်ဒေးသုတ်စေတီ ဘုန်းတော်ကြီးကျောင်းမှဆရာတော်မှာ ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်း ဦးစိန်ဒိုင် ဖြစ်သည်။

ဦးစိန်ဒိုင်မှာ ငယ်ဖြူမဟုတ်သော်လည်း ဝါတော် ၁၅ ဝါခန့်ပင် ရနေပြီဟု သိရသည်။ ပြီးတော့ လူသူအရောက်အပေါက်နည်းသော ကျိုက်ဒေးသုတ် ကုန်းတော်ပေါ်တွင် တရားအလုပ်ဖြင့် ကျင့်ကြံအားထုတ်နေသော ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ ငယ်သူငယ်ချင်း ဖြစ်ခဲ့ဖူးသော ဆရာတော်နှင့် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရာမှ ပြန်လည်ဆုံစည်းခွင့်ရသောကြောင့် စကားတွေ တဝကြီး ပြောဖြစ်သည်။

နက်ဖြန် နံနက် ၉ နာရီ အတွင်းကျိုက်ဒေးသုတ်စေတီ ထီးတော်အသစ် တင်လှူပါတော့မည်။ နက်ဖြန်အစီအစဉ်အတွက် တာဝန်ရှိသူတွေ မိမိကျရာတာဝန် အသီးသီး ဆောင်ရွက်နေကြသည်မှာ ၁၀ ရက်ပင် ကျော်ခဲ့ချေပြီ။ နွေခေါင်ခေါင် နေပူပူ အားကြိုးမာန်တက် ဆောင်ရွက်နေကြသော သူများကို အားကျပြီး ချီးကျူးမိသည်။ ကျောင်းနေဖက် သူငယ်ချင်း ဆရာတော်နှင့် ရှေးဟောင်းနှောင်းဖြစ် အောက်မေ့ဖွယ်များ ပြောကြသည်မှာ ည ၈ နာရီပင် ကျော်ခဲ့ချေပြီ။

စကားပြောခြင်းကို ရပ်နားပြီး ဆရာတော်မှာ သူ့အလုပ်သူသွား လုပ်နေပြီ။ အပြင် ကျိုက်ဒေးသုတ် စေတီ



ခြေတော်ရင်း ကြာသပတေးထောင့်တွင် တစ်ယောက်တည်း တရားထိုင်ဖြစ်တော့သည်။ ည၌ ၁၁ နာရီ ကျော်ချေပြီ။ ခပ်လှမ်းလှမ်းက ချေဟောက်သံလေးကို တစ်ခါတစ်ရံ ကြားနေရသည်။ ဘုရားရင်ပြင်တော်နှင့် တောင်ကြောတစ်ခုလုံး တိတ်ဆိတ်လွန်းသည်။ ဘုရားဝေယျာဝစ္စအလုပ် အကိုင်များလည်း အိပ်မောကျနေကြပြီ။

စာရေးသူ၏ရှေ့တွင် ဆီမီးပူဇော်ထားသော ဖယောင်းတိုင် သုံးတိုင်၏ အလင်းရောင်ရှိသည်။ ပြီးတော့ အဖိတ်နေ့ည လမင်းကြီးက ထိန်ထိန်ညီး ထွန်းတောက်နေသည်။

မွှေးကြိုင်နေသော အမွှေးနံ့က စာရေးသူ၏နှာခေါင်းအတွင်းသို့ တိုးဝင်လာသည်။ ပြီးတော့ စာရေးသူ အနီးအနားမှာ အဖြူရောင်ဝတ်စုံနှင့် တလူလူလွင့်နေသော အဖြူအစများနှင့် မိန်းကလေးတစ်ဦး။ ဒီအချိန် ညသန်းခေါင်ယံအချိန် လူသူကင်းမဲ့သော ဒီနေရာမျိုးမှာ မိန်းကလေးတစ်ဦးတည်း ရောက်လာဖို့ မလွယ်။ စာရေးသူအနေဖြင့် ကြက်သီးမွေးညင်းများ ထသွားရသည်။

“အဘ သမီး မပန်းဝါပါ၊ အဘကို တွေ့လို့ သမီးရောက်လာတာပါ၊နက်ဖြန် ထီးတော်တင်ပွဲအတွက် သမီးတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်”

“ဪ, မပန်းဝါ၊ ညောင်ခြေထောက်ရွာက မပန်းဝါ၊ မင်းကွယ်လွန်





www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာ ကြာပြီပဲ၊ မင်းဘယ်လို ရောက်လာတာလဲ"

"သမီး ဟိုတောင်စွယ်က လွမ်းစေတီလေးမှာ ဘုရားပစ္စည်းတွေ စောင့်နေရတဲ့ အစောင့်ဖြစ်နေပါတယ်"

"မင်းအတွက် အဘပြုလုပ်ခဲ့တဲ့ ကောင်းမှုတွေ အမျှဝေပါတယ် သမီးရယ်"

"ဝမ်းသာပါတယ်အဘ၊ နက်ဖြန် ထီးတော်တင်ပြီးရင် သမီး ဘုရားအစောင့်က ကျွတ်ပါတော့မယ်၊ အဘ သမီးတို့ကို အမျှဝေတဲ့အတွက် အဘ သက်ရှည် ကျန်းမာဖို့ သမီးတို့ကလဲ ဆုတောင်းပါတယ်၊ သမီး သွားတော့မယ်နော်"

လှည့်ကြည့်လိုက်တော့ ပိတ်ဖြူဖြူဖွေးဖွေး တလူလူလေမှာလွင့်နေသော မိန်းကလေးအနားမှာ မရှိတော့။ လမင်းကြီးကထိန်ထိန်သာနေသည်။

တစ်မုဟုတ်ချင်း မျက်စိအောက်က ပျောက်ကွယ်သွားဖို့မလွယ်။ ဒါပေမဲ့ အနီးဝန်းကျင် အရပ်လေးမျက်နှာစလုံး ရှင်းလင်းနေပါသော်လည်း မပန်းဝါ ဆိုတဲ့ မိန်းကလေးကိုတော့ မတွေ့တော့။

ဘုရားရင်ပြင် တစ်ခုလုံးမှာလည်း လရောင်နှင့် ထင်ထင်ရှားရှား မြင်နိုင်သည်။ သို့ပါသော်လည်း ချက်ချင်း မျက်စိအောက်က ပျောက်ကွယ်သွားသော မပန်းဝါဆိုတဲ့ မိန်းကလေး။

သူ ဘယ်လိုပျောက်သွားသည် မသိရ။ တကယ်လား။ မိမိစိတ်အထင်လား ဆိုသည်ကိုလည်း တိတိပပ ဝေခွဲမရ။ စာရေးသူမှာ ကြောင်တောင်တောင်ဖြစ်သွားသည်။ ဘုရားရင်ပြင်တော် တစ်ခုလုံးကို လှည့်ပတ်ကြည့်နေမိသည်။ ထိုစဉ် မလှမ်းမကမ်းမှ ဆရာတော်ကြွလာသည်။ စာရေးသူ အနီးရောက်တော့. . .

"ဒကာကြီး ဘာရှာနေတာလဲ၊ တရားထိုင်လို့ ပြီးပြီလား"

"ဘာရယ် မဟုတ်ပါဘူးဘုရား၊ တရားထိုင်လို့ ပြီးပါပြီ"

"သန်းခေါင်ကျော်ပြီ ဒကာကြီး၊ နက်ဖြန်လဲ ထီးတော်တင်ပွဲ အတွက် စောစောထရဦးမယ်၊ ဒီနေရာက တစ်ခါ တစ်ရံ အထိတ်တလန့်နဲ့ ကြုံရတတ်တယ်၊ ကျောင်းပေါ် တက်ပြီး ခဏ အိပ်လိုက်ပါဦး"

"မှန်လှပါဘုရား၊ တပည့်တော် ကျောင်းပေါ် တက်ပါတော့မယ်"

"နားလိုက်ပါဦး ဒကာကြီး၊ သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"

ဆရာတော် နေရာချထားပေးသော ကျောင်းပေါ်ရှိ မိမိအိပ်ရာလေးပေါ် လဲလျောင်းလိုက်သည်။ မျက်စိမှိတ်ပြီး မကြာခင်က မြင်တွေ့လိုက်သော မိန်းကလေးကို တစ်ချက် သတိရလိုက်သည်။ သူ ဘယ်သူလဲ၊ သူ့နာမည်က မပန်းဝါတဲ့။ လွမ်းစေတီမှာ အစောင့်ဖြစ်နေသည်။ သူဟာ တစ်ချိန်တုန်းက မင်းသားလေးရဲ့ မပန်းဝါလား။ ဒါမှ မဟုတ် အခြား မပန်းဝါတစ်ယောက် ပေပဲလား။ ဘယ်မပန်းဝါပင် ဖြစ်စေ နက်ဖြန် ထီးတော်တင်လှူပွဲပြီးရင် သူ ကျွတ်တော့မည်တဲ့။ သူ့မျက်နှာက ဝမ်းမြောက်ဝမ်းသာ။ အပြုံးရောင်တွေ သန်းလို့။

ဘုရားပေါ်မှ တစ်ခဏ ဆုံတွေ့လိုက်ရသော မိန်းကလေးက တစ်နေ့လုံး သူ့ရဲ့စိတ်ကို လွှမ်းမိုးထားသည်။ အိပ်လို့မပျော်။ ဘယ်လူးညာလွန့်လို့သာ နေသည်။ ဒီလိုနှင့် အလင်းရောင် လာချေပြီ။ တောကြက်တွန်သံက တစ်တောလုံး ဟိုမှသည်မှ ကြားနေရသည်။

မျက်နှာသစ်ပြီး ဘုရားအာရုံပြုကာ ဘုရားရင်ပြင်တော်ပေါ်သို့လျှောက်လှမ်းလာမိသည်။ ရင်ပြင်ပေါ်မှာ လှုပ်လှုပ်ရွရွ ဘုရားထီးတင်ပွဲလာ ပရိသတ်များ သူ့တာဝန်နှင့်သူ ဆောင်ရွက်နေကြသည်။

နံနက် ၇ နာရီခန့်တွင် ဘုရားဒကာကြီး ဦးအေးမြင့်နှင့်အတူ အနယ်နယ်အရပ်ရပ်မှ ပင့်ထားသော ဆရာတော်ကြီးများ ကြွလာကြပြီ။ မြို့ရွာအသီးသီးမှ အလှူရှင်များ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ထီးတော်တင်လှူပွဲလာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ။ အတွင်းကျိုက်ဒေးသုတ်စေတီထီးတော် တင်လှူပွဲအခမ်းအနားကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေသည်။ ဘုရား ထီးတော်တင်ပြီး အနေကဇာတင်ပွဲ ပြီးတော့ တရားနာယူကြသည်။ အမျှ အမျှ အမျှ ဟူသော ရေစက်ချသံ အမျှဝေသံနှင့်အတူ သာဓု သာဓု သာဓု ခေါ်သံက တစ်တောလုံး တစ်တောင်လုံး သောသောညံမျှ။

မွန်းလွဲပါပြီ။ ဆရာတော်ကြီးများ ပြန်ကြွကြပါပြီ။ ကြွရောက်ချီးမြှင့်ကြကုန်သော သူတော်စင် အပေါင်းတို့သည်လည်း လာရာလမ်းအတိုင်း ပြန်ကြပါပြီ။ အကျွေးအမွေး တာဝန်ရှိသူများကလည်း အသုံးအဆောင် ပစ္စည်းများကို တောင်အောက်သို့ သယ်ချယူဆောင်သွားကြပါပြီ။

ရင်ပြင်ပေါ်မှာ ထီးတော်တင်လာသော ပြည်သူများ တစ်စတစ်စ ရှင်းသွားပါပြီ။ စာရေးသူသာ ကြောင်တောင်တောင်။ ညက ဆုံတွေ့လိုက်ရသော မပန်းဝါကိုများ မြင်ရလေဦးမလားလို့ ရှာနေမိသည်။

မိုးချုပ်တော့မည်။ မိုးမချုပ်မီ တောင်အောက်သို့ ပြန်ဆင်းလာသည်။ အပြန်လမ်းတစ်လျှောက် တောလမ်းလေးမှာ မပန်းဝါကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်မိသည်။ မပန်းဝါကို သတိရနေသည်။ သူပြောပုံဆိုလျှင် ခုအချိန်မှာ သူ ကျွတ်လွတ်ချိန်ရောက်ပါပြီ။

ထီးတော်တင်လှူပွဲ ပြီးသွားပြီလေ။ တောင်အောက်သို့ တဖြည်းဖြည်းဆင်းလာရင်း ဆုတောင်းမိသည်။

"မပန်းဝါတစ်ယောက် ကျွတ်လွတ်ပြီး ကောင်းသောဘဝမှ ကောင်းသော လိုအင်ဆန္ဒများ ပြည့်ဝပါစေ" ဟူ၍. . .။

❒ မောင်ချစ်(သူရဲသမိန်)



www.burmeseclassic.com

www.burmeseclassic.com




(ယခင်လမှအဆက်)

# အိမ်ထောင်ရေးရာ အဖြေရှာနှင့် ယုံကြည်မှုသဘောတရားများ

ဦးညွှန့်လှိုင်(ကြံ့ဖွံ့ကောလဲ)

သို့ဖြင့် လောင်းရှည်ဒေသ "မြတ်မာလာ သမိုင်းဝင်ဘုရားကြီး" နှင့် "သိန်ကျင်းဘုရားပွဲ"ကို မိသားစု မိတ်ဆွေများနှင့်အတူ (၁၄)မိုင် ခရီးကို တောလမ်းတောင်လမ်းဖြတ်ကာ ခြေကျင်သွားကြ၏။ စိတ်များ လန်းဆန်းသွား၏။ လမ်းတစ်လျှောက် "တောင်ပို့ကြီး" မုန့်ဆိုင်များတွင် "ကြက်သားသုပ်" တစ်ပွဲလျှင် တစ်ဆယ်နှင့် ပျော်ပျော်ရွှင်ရွှင် မှာယူစားသောက်ကြ၏။

ဗဟုသုတလည်း အလွန်ရ၏။ ကောင်းသော နိမိတ်များသာ ရခဲ့ပြီး စိတ်မကြည်လင်စရာများ မရရှိဘဲ နှစ်ရက်ကြာသောအခါ အိမ်သို့ ပြန်ရောက်ခဲ့လေ၏။ အမှန်ကတော့ နိမိတ်ခံယူခြင်းဖြစ်ရာ ထူးထူးထွေထွေ မရှိခဲ့ချေ။

အိမ်ပြန်ရောက်အနားယူပြီး မောင်တင်မောင်စိုးထံ စာပြန်ဖို့ အားခဲရလေတော့၏။ ထိုစဉ် ကြေးနန်းတာဝန်ခံ ဦးမြင့်ဆွေ (ယခုအခါ ပဲခူးမြို့တွင် တာဝန်ထမ်းဆဲ) ရောက်လာပြီး. .

"ဆရာ တိုင်းကြေးနန်း"ဟု ဆိုပြီး ကျွန်ုပ်ထံ ပေး၏။ ဖတ်ကြည့်ရာ. . . *ကျွန်ုပ်၏ရုံးကို စစ်ဆေးရေးဝင်မည့်နေ့ နောက်(၃၀)ရက် ရွှေ့ဆိုင်းကြောင်း* ကြေးနန်းမှာ ပါရှိ၏။

ဦးမြင့်ဆွေနှင့် စကားစမြည် ပြောဆိုပြီး ကျွန်ုပ် လန်းဆန်းသွား၏။ကျွန်ုပ်သည် "အဖြေတွေ" ပိုင်ပိုင်နိုင်နိုင် ရသွားပြီ။ မူလက မချင့်မရဲ ချီတုံချတုံသည် ယခုတော့ ပိုင်နိုင်သွားလေပြီ။

မောင်တင်မောင်စိုး ယခု သက်ရောက် ၅ တေးလွန်လျှင် (၈) ရာဟု သက်ရောက်ဖြစ်၏။ ရာဟုတွင်ဆိုပါက အခါတိုင်းနှင့် သုံးတန်ပေါ်နိစ်သည် တစ်ဖက်ပါအတိုင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၁ | ၃ |
| ၅ ✱ (င) | ၆ |
| ၂ | ၂ |
| ၄ | ၅ |
| (ဆ) ✱ ၀ | ၁ |
| ၃ ✱ (စ) | ၄ |
| ၆ | ၀ |
| ( ၄ဟူး(ရာဟု) အခါတိုင်) | (၃ဂြိဳဟ် ဇေယျ ကောဇာတိုင်) |

| | | |
|---|---|---|
| | ၄ | ၅ |
| (ဂ) | ✱ ၃ | ၄ |
| (က) | ✱ ၂ | ၃ |
| | ၁ | ၂ |
| | ၀ | ၁ |
| | ၆ | ၀ ✱ (ဃ) |
| (ခ) | ✱ ၅ | ၆ |

(ရာဟုသက်ရောက်ကံဇာတာ)

သူ၏အသက် ပြောင်းလဲချက်ရှိသော်လည်း ကောဇာသက္ကရာဇ် မပြောင်းသေးပေ။

(က) ၂၆၁ဟူသော မင်္ဂလာဂြိုဟ်ကို ၃ဂြိဳဟ် ဇေယျဂြိုဟ် ကပ်ခြင်း၊ တန်းစီးမှာ ရပ်တည်ခြင်း။

(ခ) တင်မောင်စိုး၏(၅)တေး ဟူသော စုတ်ဂြိုဟ်၊ အာယုဂြိုဟ်၊ မိန်းမဂြိုဟ် တိုင်ခြေမှာ ဖြစ်လျက် ဝရဂြိုဟ်ကပ်နေခြင်း။ (တခြားတစ်မြို့မှာ မင်္ဂလာအခမ်းအနားပြုသင့်ခြင်း)

(ဂ) ထိုအချိန်တွင် ၃ ဂြိဳ သမီးသည် ပြခံလျက် ၄ဟူးမရဏဂြိုဟ်ကပ်လျက် အားနည်းနေခြင်း။

(ဃ) မိမိ(တင်မောင်စိုး)အာရုံကျနေသော စနေ(ပရတိုင်)သမီးကို ၆ကြာအခံ ဝရဂြိုဟ် ကပ်နေခြင်း။ (၆ကြာဟူသော သားမယားဂြိုဟ်ကို ကြည့်ရမည်ဖြစ်သော်လည်း လက်မထပ်ရသေးသဖြင့် ၅တေးကို ဖော်ပြခြင်းဖြစ်၏) သွေးထွက်သံယို ဖြစ်တတ်သည်။

(င) အခါတိုင်တွင် စနေ၏ ၅ တေးနံ စုတ်ဂြိုဟ်၊ မိန်းမဂြိုဟ်၊ အာယုဂြိုဟ် အညွန့်ဖြစ်လျက် တနင်္ဂနွေနံစီးနေ၏။ သို့သော်အောက်ခြေမှာ ၂ လ်ာ ကပ်သဖြင့် ခြေကြိုခြေကြားက ရန်နည်းနည်းပါးပါးတော့ရှိ၏။

(စ) ၃ ဂြိဳနံသည်အခိုက်တွင် ခိုနေခြင်း၊ အဂြိဳသမီးသည် နာလန်မထူနိုင်တော့ခြင်း။

(ဆ) ၄ ဟူး အချာဂြိုဟ်ကို (၄-၀-၃)လံထူစစ်ဟု စတုရန်းပုံ ယတြာဖြစ်နေ၍ (စတုရန်း၂ထပ်) ၄ ဟူး အားကောင်းအားပြည့်လျက် (၀+၄)တင်မောင်စိုး၏ အိမ်ထောင်ရေးအတွက် ဓာတ်ဆင်ပြီး ဖြစ်နေခြင်း။ လံထူစစ်ဟု ဆိုရာတွင် (၀+၃)ကို တင်မောင်စိုးအမည်ဖြင့်ကောက်ယူခြင်းဖြစ်၏။ ကာယကံရှင် စနေ (၀) ကို ၄ ဟူး မိတ်(ဒါန်းလှ)စီးနေသဖြင့် မောင်တင်မောင်စိုးအတွက် အခါကောင်း ဖြစ်၏။ ကျွန်ုပ်သည်လည်း ၄ ဟူး ဖြစ်သည်။ သူ့အတွက် မင်္ဂလာဖြစ်ရေးနှင့် ကျွန်ုပ်အတွက် ဓာတ်မခိုက်မိရေးအတွက် ဖြစ်၏။

***(အခါပေး မမှန်လျှင် ဆရာမှာ ခိုက်တတ်၏။)***

သို့ဖြင့် ကြည်လင်ပေ့ါပါးစွာဖြင့် ဖြစ်သွားစေရန် ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီး ခေတ္တအနားယူ တစ်ရေးအိပ်လိုက်၏။

■■■

ဤဇာတ်လမ်းတွင် ဇာတ်လမ်းအစ စာလာပေးသူကိုသန်းဖေသည် ငှက်ပျောပင် "ခါးတစ်ဝက်"က အခိုင်ထွက်တဲ့ကိစ္စ နိမိတ်ဖြင့် စာကို လာပေး၏။

ကြေးနန်းတာဝန်ခံ ဦးမြင့်ဆွေ၏ ကိုယ်တိုင် လာပို့သော ကြေးနန်း နိမိတ်အရ "ရက်ရွှေ့ခြင်း" ဟူသော နိမိတ်စသည်စသည်ဖြင့် အချက်အလက်များကို ပေါင်းစပ်လျက်အောက်ပါ စာတစ်စောင် စုစည်းရေးလိုက်၏။ ရဲရဲတင်းတင်းရေးလိုက်၏။ အချက်အလက်များကိုသာ ဖော်ပြပြီး စာမူရင်းကို မတင်ပြတော့ပါ။

- စိုပြီးလက် မခြောက်စေရ မူအရ ၃ဂြိဳသမီးဘက်က ရောဂါတက်မလာအောင် စနေသမီး 'ထက်ထက်စု' နှင့် အဆက်အသွယ် မရှိတဲ့ ပုံစံဖြင့် ဟန်မပျက်နေရန်။
- စနေသားဘက်က လှုပ်ရှားမှု ပုံစံ မပြရန်။
- မိမိကြောင့် ထက်ထက်စုနှင့် ၃ဂြိဳသမီး၊ ၎င်းတို့မိဘဆွေမျိုးများ အချင်းချင်း ပဋိပက္ခ မဖြစ်စေရန်။
- မွေးရက်ကျော်လျှင် ရန်များနှင့် အခက်အခဲများပြေလည်စရာ ရှိသဖြင့် လှုပ်ရှားမှုကအစ မင်္ဂလာကိစ္စကို မွေးရက်ကျော် သင်္ကြန်မကျမီ ပိပိရိရိ စီစဉ်ရန်၊ မင်္ဂလာပွဲကို တစ်နေရာမှာ စီစဉ်ရန်။
- မူလဇနီးဟောင်း ခင်လေးနိုင်ဘက်က မထင်မှတ်သော 'မြား' ဝင်လာတတ်သဖြင့် သတိရှိရန်။

(ဗုဒ္ဓအခါတိုင်တွင် ၄ ဟူးကို (၂-၀)က အတွင်းအာယုကပ် ဇောက်ထိုးဖြစ်နေသဖြင့် မင်္ဂလာပွဲ ပျက်တတ်၏)



www.burmeseclassic.com

www.burmeseclassic.com

ထိုအချက်အလက်များအပေါ် မူတည်ပြီး ပြည့်ပြည့်စုံစုံ ဖွယ်ဖွယ်ရာရာ ချော့ချော့မော့မော့နှင့် မောင်တင်မောင်စိုးထံ စာရေးပြီး စာတိုက်မှ မှတ်ပုံတင်ချောဖြင့် ပို့လိုက်၏။ မှတ်ပုံတင်ချောဖြတ်ပိုင်း လက်ထဲရောက်သောအခါကျမှပင် ကျွန်ုပ်စိတ်သည် အနှောင်အဖွဲ့မှ လွတ်သွားရလေတော့၏။

■■■

စာတိုက်ရှိသော ကုန်းမြင့်မှ တဖြည်းဖြည်း ဆင်းလာရာ မြို့နယ်အကြီးအကဲ တစ်ဦးဖြစ်သူ ဦးအောင်မောင်းနှင့် တွေ့၏။

"ဟာ, ဘယ်လိုလဲ ဦးညွှန့်လှိုင်ကြီး၊ ဘယ်က ပြန်လာသတုံး"

"ကျွန်တော် စာတိုက်ကပါ။ ဘယ်ကိုတုံး အစ်ကိုကြီးရဲ့"

"ဝမ်းဗိုက် နည်းနည်း ဆာတာတာဖြစ်လို့"

"ဒါဆို သွားမယ်လေ" ဆိုပြီး ကျွန်ုပ်တို့နှစ်ဦးသည် စားသောက်ဆိုင်ရှိရာဘက်သို့ ခြေဦးလှည့်ကြတော့၏။

ပထမ ဦးသောင်းဖေ၏ဇနီး မဒွေးမေ၏ ယောမုန့်ဟင်းခါးဆိုင်သို့ သွားရာ ကုန်ပြီဖြစ်၍ ရှေ့ဆက်သွားရာ ဦးဘိုးရင်နှင့် ဇနီးဒေါ်ခင်စိန်၏ စားသောက်ဆိုင်သို့ ရောက်သွား၏။ ဆန်ဖြင့်လုပ်သော ဆံညှပ်ခေါက်ဆွဲကို အာဟာရ အဖြစ်ဖြည့်တင်းလိုက်၏။

ဦးအောင်မောင်းက လက်ဖက်ရည် မကြိုက်၊ သို့ဖြင့် ဤနေရာက လမ်းခွဲပြီး ကျွန်ုပ်က စိမ်းရောင်စို ဘက်ဆီသို့ ခြေဦးလှည့်သွား၏။

ဦးအောင်မောင်းကား သူ့ရုံးဘက်ကို ပြန်သွား၏။ ဦးအောင်မောင်းနှင့် တွေ့ရကျိုးနပ်၏။ ဤတား "နိမိတ်" တည်း။

ကျွန်ုပ်ထည့်လိုက်သော စာပါ ဇာတ်ထုပ်သည် ယခုတစ်ချီ ကျွန်ုပ်ဆရာကြီးလုပ်ရာ ဦးအောင်မောင်း "အောင်မောင်း"ဆိုခြင်းကြောင့် အဓိပ္ပာယ် ပြောဖွယ်မရှိ ပြည့်စုံနေပြီမဟုတ်ပါလား။

"စိမ်းရောင်စို" လက်ဖက်ရည်ဆိုင်၏ နောက်ကျောဘက်ကျကျ ကျွန်ုပ်တို့၏ ထိုင်နေကျနေရာကို ယောင်လည်လည်နှင့် ရောက်သွား၏။ ဆိုင်ထဲမှာ လူရှင်းလှ၏။ ထုံးစံအတိုင်း ဆိုင်ကို ကျောပေး၊ ဆောချောင်းကို မျက်နှာမူထိုင်လိုက်၏။

ထုံးစံအတိုင်း လက်ဖက်ရည် ရောက်လာ၏။

"ဆရာတစ်ယောက်တည်းပါလား၊ ဒီနေ့တော့ ထူးထူးခြားခြား ဆရာ့လူတွေ မပါလာပါလား"

ဦးကံတင်ဟူသော ကျွန်ုပ်၏မိတ်ဆွေကြီး၏ အသံဖြစ်၏။

"အေးဗျာ. . ဒီနေ့ဆိုပါတော့ဗျာ၊ တစ်ပတ်လောက်ရှိပြီ တော်တော်လေး စဉ်းစားပြီးရေးနေရတဲ့ စာတစ်စောင်ကို အပြီးသတ်ရေးပြီးလို့ စာတိုက်မှာ မှတ်ပုံတင်လုပ်ပြီး ခုပဲပို့ပြီး ပြန်လာတယ်၊ လူလဲ နုံးချည့်သွားတာပဲ၊ ဒါနဲ့ ကျုပ်လဲ ခြေပစ်လက်ပစ်ဖြစ်သွားတယ်၊ နည်းနည်း နောက်ကျသွားတော့ ဟိုလူတွေနဲ့ မတွေ့တော့ဘူးပေါ့ဗျာ"

"ဆရာကလဲ ဘာစာမို့လဲဗျာ၊ ဒီလောက် ခဲခဲယဉ်းယဉ်း. . ."

"ကျုပ် တပည့်ဟောင်းတစ်ဦးရဲ့ ကိုယ်ရေးကိုယ်တာ အိမ်ထောင်ဖက် ရွေးချယ်တဲ့ကိစ္စ မမှားဖို့ အကြံပေးရတဲ့စာ၊ သတိထားရေးရတဲ့ စာပါပဲဗျာ"

"ဒါများ ဆရာရယ်၊ ခက်တာမှတ်လို့ ဉသာစိန်ပန်းနဲ့ ချိန်ပြောလိုက် ပြီးရော၊ ဆရာကလဲ ပင်ပန်းခံလို့"

"ဟုတ်တော့ ဟုတ်သပဗျာ၊ ဒါပေမဲ့ ကျုပ်တို့ ဗေဒင်ဆရာတွေရဲ့ ပါးစပ်က အရေးကြီးတယ်၊ ကျုပ်တို့က ပြောလိုက်ရင် ကောင်းတာရော၊ မကောင်းတာရော ဖြစ်ဖြစ်သွားတာပဲ"

"ဆရာရယ် ဆရာမပြောလဲ ဖြစ်မှာပဲ၊ အကြောင်းနဲ့ အကျိုးပဲ ရှိတာဟာပဲဗျာ" (ဦးကံတင်နှင့် ကျွန်ုပ်က တရားဆွေးနွေးဖက် ဖြစ်၏။ သူ၏စကားသံထဲမှာ တရားသံပါလာ၏။)

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဆရာကံ ပြောတာကို ကျုပ် ဘယ်ငြင်းလို့ရမှာလဲဗျာ၊ ဆရာကံကိုတော့ ဆရာကံရဲ့ စကားလာရာ လမ်းကြောင်းနဲ့ယှဉ်ပြီး ပြောရမယ်၊ အကြောင်းတရားများစွာ၏တိုက်ဆိုင်မှုကြောင့် အကျိုးတစ်ခု ဆိုး,ကောင်း ဖြစ်တယ်ဆိုတာကို မူတည်မယ်ဗျာ"

"ဟုတ်ကဲ့ ပြောပါဆရာ၊ နားထောင်မယ်၊ ကျွန်တော် အချိန်ရတယ်"

"ဒီလိုလေ. . အာရုံတစ်ခုကို မြင်တယ်ဆိုတဲ့ နေရာမှာ *စက္ခု ပသာဒ အကြည်ကောင်းခြင်း တစ်ပါး၊ အလင်းရောင်ရှိခြင်း အခြင်းအရာတစ်ပါး၊ အကွယ်အတား မရှိ ဟင်းလင်းရှိခြင်း တစ်ပါး၊ နှလုံးသွင်းခြင်း တစ်ပါး ဤလေးပါး ဟူသော အကြောင်းလေးပါးစလုံး ပြည့်စုံမှ ဖြစ်ခြင်း ဆိုတဲ့ အကျိုးတစ်ခု ဖြစ်တယ်လေ*"

"ဟုတ်တယ်လေ ဆရာ"

"ဒီဥပမာကိုပဲ မြင်သာအောင် ပြောဦးမယ် ဆရာကံ၊ ဆောကနေပြီး ဆိပ်ဖြူကို သွားတယ်ဆိုရင် အခြင်းအရာ လေးပါးနှင့် ပြည့်စုံမှ ခရီးကို ရောက်တာ။

တစ် - မူလနေရာဟောင်းမှ ကွာဝေးလာခြင်း၊ နှစ်-နေရာသစ်ကို နီးလာခြင်း၊ သုံး-ရွေ့လျားနေခြင်း၊ လေး-တည်ငြိမ်မနေခြင်း၊ အဲဒီလေးပါးစုံရင် ခင်ဗျား ဆိပ်ဖြူမြို့ကို ရောက်သွားပြီ"


www.burmeseclassic.com

www.burmeseclassic.com

"ရှင်းသားပဲ ဆရာရဲ့"

"အဲ, ကျုပ်တို့ ဆရာတွေ ဗေဒင်ဟောတော့လဲ အကြောင်းခြင်းရာ လေးပါးစုံရတယ် . . .

**တစ်**-မေးသူက မေးမြန်းခြင်း၊ **နှစ်**-မေးသူက အဟောခံရခြင်း၊ **သုံး**-ဆရာက ဟောဆိုခြင်း၊ **လေး**-ဆရာ၏ ဟောပြောမှုကိုကြားနာခြင်း အဲဒီ လေးခုစုံမှ ဗေဒင်ဟောရာ ရောက်တယ်။

အဲဒီလို ဟောတော့မှ ကောင်းကျိုး၊ ဆိုးကျိုးများကို မြင်ရတာ ဖြစ်တယ်။ သဘောက ဆရာကံ အိမ်မှာတပ်ထားတဲ့ မီးပွင့်နဲ့ မီးခလုတ်လိုပဲ၊ ဥပမာကတော့ဗျာ ပင်မဓာတ်ကြိုးထဲမှာ လျှပ်စစ်ရောက်နေချိန် မီးခလုတ်ဖွင့်မှ မီးပွင့်၊ မီးလင်းလာတယ်၊ မီးခလုတ် မဖွင့်ရင် မီးမလင်းဘူးပေါ့၊ အဲဒီအခါ ခင်ဗျားက အားနည်းတဲ့ မီးလုံးတပ်ရင် မှိန်မှိန်ပဲလင်းမယ်၊ အားကောင်းရင် လင်းပြီ၊ မာကျူရီဆိုရင်တော့ မပြောနဲ့တော့။

ဒါကြောင့် အဲဒါက ဆရာလုပ်သူရဲ့ နှုတ်ထွက်ပါးစပ် အထွက်ဟာ အင်မတန် အရေးကြီးတယ်၊ မင်္ဂလာနဲ့ ထွက်ဖို့ လိုတယ်။ သဘောကတော့ လူတစ်ဦးအတွက် ပညာရှိပီပီ နိမိတ်ဖတ်တာပဲ မဟုတ်လားဗျ။ အဲဒီအခါ ပညာရှိတို့ မည်သည် နိမိတ်ကောင်းကောင်းကို ပြောဖို့ထွက်ဖို့ လိုသလို ဥပါယ်တံမျဉ် ဖြစ်စေဖို့ အရေးကြီးတယ်။

ဒီအချိန်မှာ ခုနကပြောတဲ့ အကြောင်းလေးပါး စုံနေတော့(မီးခလုတ်ဖွင့်ပြီ) 'ဓာတ်စီးပြီ' ဘယ်မှာစီးသလဲ၊ ဗေဒင်ဆရာရဲ့ပါးစပ်၊ စိတ်လှုပ်ရှားမှု (ကာယ၊ ဝစီ၊ မနော)မှာ ဓာတ်စီးပြီ၊ အထူးသဖြင့် ရိုင်းရိုင်းပြောရရင် လူတိုင်းပြောနည်းအရ ပါးစပ်ပုပ်ကြီးနဲ့ မပြောဖို့ အရေးကြီးတယ်။

ဒါကြောင့်ပေါ့ဗျာ၊ အကောင်းတွေရွေးပြောဖို့ မဟုတ်ပေမယ့် ကိုယ်ပြောမယ့်စကား မင်္ဂလာ အရှိဆုံးဖြစ်ဖို့ အပင်ပန်းခံ ကြိုးစားရှာဖွေပြီး အကြံပေးရတာပေါ့ဗျာ၊ ဒါကြောင့် စိတ်ရောလူပါ ပင်ပန်းတာပေါ့ဗျာ။ ဒါကြောင့်လဲ ဆရာလုပ်သူရဲ့ပါးစပ် (ကာယ၊ ဝစီ၊ မနော)မှာစီးနေတဲ့ ဓာတ်ဟာ ပရိသတ်ရဲ့ ကာယ၊ ဝစီ၊ မနောနဲ့ ကံ၊ ကုသိုလ်၊ အကုသိုလ် ဘဝကို စီးဝင်သွားလေတော့တာပဲ၊ ဒီတော့ ဒီဆရာ ဟောတာ မှန်တယ်၊ မှားတယ်ဆိုတဲ့ တုံ့ပြန်မှုတွေဟာ လူတွေရဲ့ ပါးစပ်ဖျားမှာ ပြန်ကြားလာရတာပဲလေ"

"ဟာ. . ဒါဆို ဗေဒင်ဆရာရဲ့ ကာယ, ဝစီ, မနောက စီးဝင်သွားတဲ့ နိမိတ်တွေဟာ ဗေဒင်မေးသူရဲ့ ဘဝကံကြမ္မာ ရေစီးကြောင်းထဲစီးဝင်သွားပြီး ကောင်းတာတွေ၊ မကောင်းတာတွေ ဖြစ်သွားတာပေါ့နော်"

"ဟုတ်တာပေါ့ဗျာ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ ဆိုတဲ့အတိုင်း အဆိုးတွေဆိုရင်လဲ အဆင်းဘီးတပ်ပေးသလို သွားလေရော့ဆိုပြီး မြန်မြန်ဆန်ဆန် ဖြစ်သွားသလို၊ အကောင်းတွေ ဆိုရင်လဲ အပေါ်ကို ဆွဲတင်ပေးသလို မြန်မြန်ဆန်ဆန် အကောင်းဖြစ်သွားတာပါပဲ၊ အဲဒါက သင်္ခါရတစ်ခုကိုဗျ၊ ဖြစ်မယ့်သင်္ခါရတစ်ခုကို ဖြစ်စေတဲ့ သင်္ခါရတစ်ခုပဲဗျ။ အမှန်ကတော့ သူဟာသူကတော့ ဖြစ်မယ်၊ ပျက်မယ် ဆိုတဲ့ ဟာက ရှိပြီးသားပဲ"

"ဒါဆို ပင်ပန်းတာပေါ့နော်"

"ဟုတ်တာပေါ့ဗျာ၊ တစ်ခါက သာဓကတစ်ခု ပြောပြမယ်၊ မြို့တစ်မြို့မှာ ပုဂ္ဂိုလ်တစ်ယောက် ကျုပ်ဆီ လာမေးတယ်ဗျာ၊ သူ စက်ပစ္စည်း ဝယ်မလို့တဲ့၊ အဲဒီတော့ အဝင်ကောင်း,မကောင်း သိချင်တယ်ပေါ့ဗျာ၊ အဲဒီတော့ အဝင်ဌာနမှာ စက်ပစ္စည်း အဝင်ရှိပြီ၊ အခိုက်မရှိတော့ 'စက်ပစ္စည်း' အဝင်ကောင်းတယ်လို့ ပြောလိုက်တယ်။ သူ စပြီး မေးတာနော်၊ 'စက်' တဲ့။ အားလုံးမေးပြီ ပြန်ခါနီးကျမှ ဖိနပ်စီးပြန်တော့မယ်ဆိုတော့မှ 'ကျွန်တော် ဝယ်မယ့် မီးစက်ကဗျာ အသစ်ပဲဗျ' ဟု ပြောလိုက်တယ်။

အဲဒီအချိန်မှာ ပထမ 'စက်' ခဂ်ိနံတစ်လုံးတည်းတုန်းက ဘာမှ မခိုက်သော်လဲ မခိုက်ကြောင်း ဟောလဲပြီးသွားပြီ၊ ပြန်ခါနီးမှ မီးစက် (၅+၃) ပြောတော့၊ ကျုပ်ပညာအရ (၄)ဟူးနံကို ထိတော့မယ် ဆိုတာ သိလိုက်တယ်၊ ဒါပေမဲ့ ကျုပ် ဟောခွင်ပျက်သွားပြီ၊ သူလဲ နေရာက ထနေပြီ ဖြစ်လေတော့၊ ကျုပ်က ဆင်ဆင်ခြင်ခြင်နဲ့ 'မီးစက်'ဆိုတဲ့ အပေါ် ဘာမှ ဟောချက်မပေးတော့ဘဲ မင်္ဂလာရှိပါစေလို့ စိတ်ထဲကျိတ်ပြီး ဆုတောင်းလိုက်တယ်၊ ခုဆိုဗျာ 'မီးစက်' ဝင်တာကြာပြီ၊ သူ့ကလေး မွေးကင်းစက ဝယ်တာ၊ ခု ကလေးတောင် ကျောင်းတက်နေပြီ၊ ဘာမှ မခိုက်ဘူးဗျ။ အဲဒီလို လက်တစ်လုံးခြား ကလေးတွေဟာ ကျုပ်တို့ ဆရာတွေမှာ ပညာရှိပီပီ မျိုသိပ်ပြီး ပရိသတ်ရဲ့ အကောင်းဖြစ်ဖို့ ဖန်တီးပေးလိုက်ရတာတွေ အများကြီးရှိတယ်ဗျ"

"အံမယ်. . ဆရာတို့ လုပ်ငန်းခွင်မှာလဲ ဒါမျိုးတွေ ရှိသလား၊ ထူးတယ်နော်"

"ရှိတာပေါ့ဗျာ၊ 'သင်္ခါရ' တစ်ခုအတွက် 'သင်္ခါရ'တစ်ခု ဖန်တီးရတဲ့ ကျုပ်တို့တွေဟာ ခုနစ်ရက်သားသမီးအတွက် မကောင်းတာဖြစ်ဖို့ တွန်းပို့တဲ့တရားခံတွေ မဖြစ်ဖို့ အရေးကြီးတယ်ဗျာ၊ ကောင်းတာတွေ ဖြစ်လို့ တွန်းပို့တဲ့ သင်္ခါရကတော့ လူသာ်ခုခေါ် နတ်သာခု ခေါ်တယ်လေဗျာ"

"ဆရာနဲ့တွေ့တာ ဗဟုသုတရတယ်ဗျာ"

"အေးဗျာ, ခင်ဗျားက တရားသမားစစ်စစ် ဆိုတော့ ခင်ဗျား သိထားတဲ့ အကြောင်းအကျိုးတရားနှင့် ယှဉ်ပြီး ပြောရတာ၊ ကျုပ်တို့ ဗေဒင်စာအုပ်တွေမှာကတော့ မပါဘူးနော်၊ ကျုပ်စဉ်းစားပြီး ဆီလျော်အောင် ပြောရတာဗျ"

"ကျုပ်သိလို့ ပြောတာမဟုတ်ဘူးဆရာ၊ ရိုးရိုးမေးတာပါ။ ဒီလိုလေ ဇာတာရှင် တစ်ဦးတစ်ယောက်က တကယ်ကို ဒုက္ခတွေ့ရတော့မယ်. . ဆိုတဲ့ ကိန်းဆိုက်ပြီ၊ ဆရာက



www.burmeseclassic.com

www.burmeseclassic.com

မဟောဘဲ ငြိမ်နေလိုက်ရင် ဆရာ့မှာ အပြစ်ကင်းပါ့မလား၊ တာဝန်ကင်းပါ့မလား"

"ဆရာကံ. . ခင်ဗျား အတော်အကင်းပါးတာပဲဗျ၊ ကျုပ်လဲ ဆရာကံ အရင်မေးလို့ မမေးရင် ကျုပ်လဲ ဝိနည်းလွတ်ပြောရတော့မှာ၊ ဒါမှ အာပတ်လွတ်မှာဗျ။ အဲဒီအခါမျိုးလာရင် ကျုပ်အကျင့်အရ စကားလုံးကြီးတွေနဲ့ စီကာပတ်ကုံး မဟောတော့ဘဲ . . . 'ခင်ဗျား ဒီယတြာကို မပျက်မကွက်လုပ်၊ မလုပ်လို့ လုံးဝ မဖြစ်ဘူး'နော်ဆိုပြီး အကြိမ်ကြိမ်မှာတယ်၊ ပြီးတော့ 'ဘယ်နှရက်ကြာရင် ကျုပ်ဆီ တစ်ခေါက်ပြန်လာဦး'ဆိုပြီး မှာလိုက်တယ်၊ အဲဒီလူ ပြန်လာတဲ့အခါ လေ့လာပြီး စိတ်ချရပြီ၊ ဥပဒ်လွတ်ပြီ ဆိုတော့မှ ထပ်ပြီး ကောင်းတဲ့ ယတြာတွေလုပ်ဖို့ အစီအစဉ်တွေ ဆက်ပြောလိုက်တာပါပဲ"

"ဒါဆိုရင် သူ ကံမကောင်းခဲ့ဘူးဆိုတာကို သူ့ကို လုံးဝ အသိ မပေးတော့ဘူးပေါ့နော်"

"အေးပေါ့ဗျာ၊ ကျုပ်က အသိပေးတယ်ဆိုရင် သူ့ကို စကားပြောရတော့မယ်၊ ပြောတယ်ဆိုတာ ဗေဒင်ဆရာပါးစပ်က ထွက်တယ် ဆိုရင် ဟောတယ်လို့ ဖြစ်လာမယ်။ ဗေဒင်ဟောတယ် ဆိုရင် မကောင်းတဲ့ဟာပြောမယ့် နိမိတ်ဓာတ်တွေ သူ့ကို စီးဝင်သွားမှာကိုးဗျ။

ကျုပ် ဒီလို စည်းစောင့်လို့ ဒီလို မကောင်းတာတွေ မဖြစ်တာလို့ ကျုပ်ကို ကျေးဇူးတင်ခံပြီးမှ လုံးဝ မပြောတော့ဘူး၊ သူ့ကို အသိမပေးတော့ဘူးဗျာ၊ ကျုပ်စေတနာဟာ ကျုပ်အတွက် နှလုံးအိမ်မှာ နေရာယူလျက် အောင်ပွဲခံနေပြီ၊ သူက 'ကျေးဇူးတင်ပါတယ် ဆရာရယ်'လို့ ပြောစရာ မလိုတော့ဘူးဗျ၊ ကျုပ်မှာ 'ပုညာဘိသင်္ခါရ' ဖြစ်သွားပြီလေ"

"သာဓုဗျာ. . . သာဓု၊ ဆရာက တယ်ပြီး တရားနဲ့ ယှဉ်တဲ့ အယူအဆတွေကို လက်တွေ့ကျင့်သုံးတာပဲနော်"

ကျွန်ုပ်နှင့် ဦးကံတင် စကားပြောဆိုနေစဉ် တစ်ဝက်တစ်ပျက်လောက်မှာပဲ သမဒ္ဒာနက ဦးမြင့်အောင်နှင့် ကိုမြင့်မောင်ဆိုသူ မိတ်ဆွေနှစ်ဦး ရောက်နှင့်ပြီး ထိုင်လျက်ရှိ၏။ ကျွန်ုပ်တို့နှစ်ဦး ပြောနေတဲ့စကားများကို ဘာမှမပြော နားထောင်လျက်ရှိ၏။ အစအဆုံး နီးပါးလောက် နားထောင်ပြီးဖြစ်၏။

ဦးမြင့်အောင်လည်း တရားနှင့်ပတ်သက်၍ ဦးကံတင်နှင့်အတူတူ လေ့လာနေသူ ဖြစ်၏။ ကိုမြင့်မောင်ကတော့ အသက်နည်းနည်းငယ်သည်။ သူ့ကို ကျွန်ုပ် ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်မှာ နည်းပြဆရာလုပ်စဉ်က သိရှိခဲ့သော လူရင်းတစ်ယောက် ဖြစ်၏။ ကိုမြင့်မောင်က စကားအနည်းငယ်စလိုက်၏။

"ဆရာ့ကို ပြောရဦးမယ်၊ ကျွန်တော်က ငယ်သူဆိုတော့ ဗဟုသုတ နည်းသေးတယ်၊ ဒီလိုဆရာရဲ့ တချို့လဲ ဗေဒင် နက္ခတ်စတဲ့ ပညာရပ်တွေအပေါ် မယုံကြည်တဲ့လူ၊ မစွဲလမ်းတဲ့ သူတွေ ရှိကြသလို၊ တချို့ဆိုလဲ အထူးယုံကြည်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ် ဆရာရဲ့၊ အဲဒီတော့. . "

"ကိုမြင့်အောင်ရယ် ဒါတွေကတော့ ရှိမှာပဲ၊ပြောရရင် ကိုယ်ပိုင် လွတ်လပ်ခွင့်တစ်ခုပါပဲ၊ မယုံတဲ့လူကိုလဲ အပြစ်ပြောလို့မရသလို ယုံတဲ့လူကိုလဲ အပြစ်ပြောလို့ မရဘူး၊ နှစ်ဦးစလုံးဟာ 'အစွန်းနှစ်ဖက်" မထွက်ဖို့က အရေးကြီးတယ်။ ကိုယ့်ဘက်ကို ဖိပြီးပြောမယ်ဆိုရင် ဆရာတို့ ဗေဒင်လိုက်စားတယ်၊ အဲဒီဘက်ကို တအားယုံပြီး အယူစောင်းနင်းဖြစ်ပြီး အစွန်းထွက်သွားရင်လဲ ဘုရားဟောဒေသနာအရ ကျောခိုင်းသွားတာနဲ့ အတူတူပဲ၊ ဘုရား၏တရားမှာ ဆိတ်သုဉ်းသွားတတ်တယ်၊ ဒါကြောင့် ဟန်ချက်ညီညီနဲ့ ဆရာတို့ကိုယ်တိုင်လဲ ဆင်ဆင်ခြင်ခြင် နေရတယ်၊ ဒီလို မဟုတ်လား"

"ဟုတ်တာပေါ့ ဆရာရယ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာရဲ့အထွတ်အမြတ်တရားတော်နဲ့ မဆန့်ကျင်ဖို့ အရေးကြီးတာပဲ၊ ဗေဒင်အတတ်ဆိုတာလဲ ကျွန်တော် ကြားဖူးတာက လူမျိုးတိုင်း၊ ဘာသာတိုင်းမှာ သူ့အယူ ယဉ်ကျေးမှုတွေအရ ရှိကြတာပဲ၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာလဲရှိပြီး ယဉ်ကျေးမှုအဖြစ်နဲ့သာ လက်ခံပြီး တကယ်တမ်းကျတော့ ဘုရားရဲ့တရားတော်မှာ ဦးခိုက်ရတာပဲ၊ ကျွန်တော်တို့ ဘာသာရဲ့ အဆီအနှစ်ပဲဆရာ"

"ဒါပေါ့ဗျာ၊ ဒါမျိုးတွေကျတော့ ဆရာက ဘယ်တော့မှ အငြင်းမပွားဘူး၊ အတတ်နိုင်ဆုံး အငြင်းမပွားမိဖို့ဘဲ ရှောင်ရှားတော့တာပဲ"

"ဟုတ်တယ်ဆရာ၊ ပြောမိရင် ငြင်းမိရင် အစွန်းတွေ မလွတ်ဘဲ အကုသိုလ်တွေပွားလာတယ်နော်၊ အဲ့ နေဦး ဆရာရဲ့ မငြင်းဘူး၊ အငြင်းမပွားဖို့ ဆိုရင်တောင်မှပဲ ဒီပြဿနာ နှစ်ရပ်ကြားမှာ ဆရာက ဘယ်လိုများ ခံယူသဘောပေါက်ထားသလဲ၊ ဗဟုသုတကလေးပေါ့ ဆရာရယ်"

"ဒီလိုဗျ. ကိုမြင့်မောင်ရဲ့၊ ကျုပ်ပြောရရင် ကျုပ်ကို ကျုပ်ရဲ့အဖေ ဆုံးမခဲ့လို့ သိတာကို အရင်းတိုင်း ပြန်ပြီးပြောရမှာ၊ အဖေပြောခဲ့လို့ ကျုပ်နာခံပြီး ဒီလိုပြဿနာတွေကြားမှာ ဘယ်တော့မှ ဝင်မပါဘူး၊ လွတ်အောင်ရှောင်တာ၊ ကျုပ်ကို အထင်မကြီးနဲ့၊ ကျုပ်အဖေကြောင့် ငြိမ်နေတာဗျ"

ဦးမြင့်အောင်က . . .

"ကဲ. . ဆရာရယ်၊ အချိန်နည်းနည်း ရှိပါသေးတယ်၊ ကြုံတုန်းဆုံတုန်း ဆရာ့အဖေ ပြောခဲ့တာ နည်းနည်းသိပါရစေ"

"ကောင်းပြီလေ၊ ကျုပ်အဖေပြောခဲ့တဲ့အတိုင်း အရင်းတိုင်းနဲ့ ပြောမယ်၊ တစ်ခုတော့ ပြောမယ်၊ ကျုပ်ကိုလဲ မေးခွန်းမထုတ်နဲ့၊ ကျုပ်ကလဲ ခင်ဗျားတို့ကို မေးမေးပြီး စကားမပြောဘူး၊ ကိုယ့်ဟာကိုယ် စဉ်းစားပြီး ဆုံးဖြတ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . ဟုတ်ပြီဆရာ ပြော. နားထောင်မယ်"

ဦးကံတင်က အားပေးလိုက်၏။

"ကျုပ်အဖေက ကျုပ်ကို အဓိကထားပြီး ဒီပြဿနာတွေ တစ်နေ့ ပေါ်လာမှာသိလို့ ကြိုပြီးမှာခဲ့တယ်၊ ဆုံးမခဲ့တယ်ပေါ့ဗျာ။ 'လူကလေးတဲ့၊ လောကမှာ နိမိတ် အတိတ်ဆိုတာရှိတယ်ကွဲ့၊ ဘာလဲဆိုတော့ အတိတ်နိမိတ်ဆိုတာဟာ သင်္ခါရနိမိတ်ဆိုတဲ့ အကြောင်း နိမိတ်တွေကွဲ့၊ "အသင်္ခတ" နယ်မှာတော့ မရှိတော့ဘူး၊ မှတ်ထား၊

ဘာကြောင့်ဆိုတော့ အကြောင်းတရားများကြောင့် အကျိုးတရားဖြစ်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ရပ်သွားပြီ၊ ဒါကြောင့် အသင်္ခတနယ်မှာ မရှိတော့ဘူး၊ အကြောင်းရပ်သွားပြီ၊ ဒီတော့ အသင်္ခတ မဟုတ်တဲ့ သင်္ခတနယ်မှာကတော့ နိမိတ်တွေဟာ အတိတ်တွေဟာ ရှိကြစမြဲကွဲ့၊ ကျင့်ကြံနေဆဲ ပုဂ္ဂိုလ်တွေတောင်မှ သမထစျာန် နိမိတ်ကစပြီး နိဗ္ဗာန်မျက်မှောက်ပြုခါနီးအထိ ရှုမြင်ရတဲ့ ရှုရတဲ့ အကြောင်းနိမိတ်ဟာ ရှိနေဆဲ၊ အဲဒီ အကြောင်းနိမိတ်ကို ပယ်သတ်ပြီးတော့မှ အသင်္ခတနယ်ဘက်ကို ရောက်သွားခြင်း မျက်မှောက်ပြုခြင်းဖြစ်ရတာပဲ။

တို့ . . မင်းတို့ ငါတို့ဟာတော့ သင်္ခတနယ်မှာပဲ ရှိနေကြတုန်းဖြစ်တော့ တို့မှာ ဒီနိမိတ်တွေ အကြောင်းတရားတွေဟာ ဒုန်းဒေးပဲ၊ ဗေဒင်ယုံတဲ့ လူရော၊ မယုံတဲ့လူရော ဒီနိမိတ်ဆိုတဲ့ အကြောင်းတရားကို သိနေကြတာပဲ၊ လက်ခံတာ မခံတာတော့မသိဘူး၊ တို့သိရမယ့် တရားနဲ့ ယှဉ်ပြီး ပြောပြမယ်၊ ကံ, စိတ်, ဥတု, အာဟာရ ဆိုတာ ရှိတယ်၊ အဲဒီ အပေါ်မှာပဲ အကြောင်းနိမိတ်များ ပေါ်စမြဲကွ။

ဥပမာကွာ. . . တို့လူတွေ သတ္တဝါတွေ ဆာလောင်လာတယ် ဆိုတာဟာ စားသောက်လိုသဖြင့် ဆာလောင်ခြင်းဖြစ်ပေါ်လာတဲ့ အကြောင်းနိမိတ်၊ ရေဆာလာတယ်ဆိုရင် ရေသောက်ချင်တဲ့ အကြောင်းနိမိတ်ပဲ၊ အကျိုးကတော့ ဆာလောင်တော့ စားတယ်သောက်တယ်၊ မတည့်တဲ့ အာဟာရတစ်ခုမျိုး စားမိခဲ့ရင် မအီမလည် ဖြစ်လာပြီ၊ အဲဒါ ခန္ဓာကိုယ်က ပြတဲ့ ရောဂါဝေဒနာ ဖြစ်တော့မယ်ဆိုတဲ့ နိမိတ်ပဲ၊ အဲဒီလို အာဟာရကိစ္စမှာလည်း အကြောင်းနိမိတ်တွေ ရှိလာတော့ ဒီပေါ်လာတဲ့ အကြောင်းနိမိတ်တွေအရ တို့လူတွေ သက်ရှိတွေက ခန္ဓာကိုယ်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းရတော့တာပါပဲ။ ဥတုကျတော့လဲ မိုးများမယ် မိုးခေါင်မယ် ရေကြီးမယ်၊ ပူမယ် အေးမယ် စတဲ့ဟာတွေဟာ သတ္တဝါတွေ အနေအထိုင်အပေါ် သစ်ပင်တွေရဲ့ ရှင်သန်ပုံတွေကို ကြည့်ပြီး ခန့်မှန်းလို့ရတယ်၊ လူတွေကျတော့ကွာ ရှင်းရှင်းလေးရယ်၊ ဒူလာရောဂါရှိတဲ့ လူဆိုရင် ကိုက်ခဲလာရင် မိုးရွာတော့မှာပဲ သိရှိနိုင်တယ်။

အဲဒီလို ဥတုနိယာမဟာလည်း သက်ရှိ သက်မဲ့တွေအပေါ် နိမိတ်တစ်မျိုးမျိုး ပြတာပဲ။ ဒါကို တို့လူတွေက အတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး မိုးရွာတော့မယ်၊ ရေကြီးတော့မယ်လို့ ခန့်မှန်းပြီး စိုက်ပျိုးရေးကိစ္စတွေမှာ အမျိုးမျိုး စီမံကြတော့တာပဲ။ အေး. . နောက်တစ်ခု **စိတ်** ဆိုပါတော့၊ စိတ်ကျတော့ နည်းနည်းနူးညံ့တယ်၊ စိတ်တစ်ခုခု လေးလံနေရင် မကောင်းတာ တစ်ခုခုဖြစ်တော့တာပဲ၊ စိတ်ကြည်ရင် သတင်းကောင်းတွေကြားရတော့တာပဲ။ အနီးစပ်ဆုံးကွာ၊ ရပ်ဝေးက လူတစ်ယောက်ကို စိတ်ထဲက သတိရ မြင်ယောင်နေရင် တစ်ရက်နှစ်ရက်အတွင်း အဲဒီလူနဲ့ တွေ့ရတော့တာပဲ။

ဒါကြောင့် အသိဉာဏ် အတော်အသင့်ရှိတဲ့ လူတွေဟာ ကိုယ့်စိတ်ကိုယ် အကဲခတ်ပြီး ဆင်ဆင်ခြင်ခြင်နေရင် လိုရာရောက်ကြတယ်၊ ဗေဒင်တောင် မေးစရာမလိုတော့ဘူး။ အဲ. . . ကံ, ကမ္မဆိုတာက ကျယ်ပြန့်လာတယ်။ စိတ်နဲ့လဲ ယှဉ်လာပြန်တယ်။ တရားသဘောနဲ့ ပြောရရင် ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ အဲဒီကံတွေရဲ့ အကြောင်း နိမိတ်တွေဟာ ခန္ဓာကိုယ်ပြောင်းစွန့်ခါနီးမှာ လားရာဂတိကို မြင်လာရပြီး ကံ၊ အကုသိုလ်၊ ကုသိုလ်တို့အား နိမိတ်ပြတော့တာပဲ၊ တရားမှာ ဒီအတိုင်းရှိတယ်၊ ဗေဒင်မေးစရာ မလိုဘူး။

တို့လူတွေ ခန့်မှန်းရတာကတော့ ဒီလူတစ်ယောက်ဟာ ရောဂါဘယထူပြောနေရင် အတိတ်ကံက ပါဏာတိပါတကံ၏ အကြောင်းနိမိတ်တွေကို လှမ်းပြီး မြင်ကြရတယ်၊ စည်းစိမ်ဥစ္စာ ပြည့်ဝချမ်းသာနေသူ ကျပြန်တော့လဲ သူတို့ရဲ့ အတိတ်ကံရိပ်ကြောင့်ပဲလို့ ပြန်ပြန်ပြီး တွေးခေါ်ယူရတယ်။ ချို့တဲ့သူတွေ လမ်းဘေးရောက်နေကြသူတွေ ကျပြန်တော့လဲ သူတို့ရဲ့ ကာမာဝစရကို လှမ်းပြီးထောက်ရတယ်၊ အဲဒီလို ရှုမြင်သုံးသပ်ရပေတော့ ပညာဉာဏ် ဆင်ခြင်တုံတရား ရှိသူတွေဟာ တရားဓမ္မနဲ့ အလှမ်းမဝေးကြတော့ဘူးကွဲ့။

ဒီတော့ဗေဒင်ကို ခါးခါးသီးသီး ပစ်ပယ်တဲ့လူတွေရော ဗေဒင်ကို ယုံသူတွေပါ ဒီနိမိတ်ကိုတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိနားလည်ထားကြတယ်၊ အကြွင်းမဲ့ လက်ခံထားတယ်၊ အဲဒီတော့ ဗေဒင်နဲ့ပိဋကတ် တစ်ဆက်တည်းဆိုတဲ့ သော့ချက်အရ ရဟန်းပညာရှိနဲ့ ပညာရှိအသီးသီးဟာ ပညာတစ်ရပ်ကို တွေ့လာကြတယ်။ အဲဒီတော့ ဗေဒင်အတတ်ပညာ အသီးသီးနဲ့ လူတွေရဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံအတွက် စူးစမ်းပြီး ပညာတစ်ရပ်ကို ဖော်ထုတ်ခဲ့ကြတယ်။

အဲဒီတော့ အားကိုးစရာ နက္ခတ်,တာရာ ဂြိုဟ်တွေဟာ အဓိကဖြစ်လာပြီး ပညတ်သဘောပေါ့ကွာ တွက်ချက်ပြီး ခန့်မှန်းကြတယ်၊ တွက်ချက်ခန့်မှန်းတဲ့အတိုင်းလဲ မှန်တာတွေလဲတွေ့ရပြီး၊ လွဲတာလဲ ရှိတာပေါ့။ ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ စုတ်, ဥပဒ်တွေ ခွဲပြီး ဝေဖန်ရတာကိုးကွ။

အဲဒီတော့ ဗေဒင်ပညာရပ်အသီးသီးဟာ အဲဒီ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းနိမိတ်များ အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ရှေးရှုပြီး ကောင်း, မကောင်း၊ ရာ, မရာကို တွက်ချက်ဖော်ထုတ်တဲ့ အထောက်အကူပြု ပညာတစ်ရပ်ပဲ။ အဲဒီပညာရပ်တွေကမှ လူရဲ့ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးပေးဆဲ သို့မဟုတ် အကျိုးပေးမည့် ဖြစ်ရပ်များအတွက် ဟောကိန်းထုတ်တော့တာပါပဲ။ ဒီလိုဆိုတော့ နိမိတ်အတိတ်ကို လက်ခံတဲ့လူတိုင်းဟာ ဒီနိမိတ် အတိတ်အတွက် လူတစ်ဦးချင်း၏ ကုသိုလ်၊ အကုသိုလ်ကို တွက်ချက်ခန့်မှန်းရာမှာ အထောက်အကူ ပညာရပ်ပါလို့ပြောရင် ဗေဒင်ကို ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ လက်ခံရတော့မှာပဲ။ ဒါပေမဲ့ အယူအဆ အတွေးအခေါ်တွေဟာ နယ်လွန်ခြင်း၊ အယူသီးခြင်း၊ အစွန်းထွက်ခြင်းကတော့ မဖြစ်သင့်ဘူး။

ဒါကြောင့် ဗေဒင် ယုံသူ မယုံသူကြားမှာ ဘာမှ ဝင်မပါနဲ့ ဝင်မပြောနဲ့၊ မင်း ဒီအသိတရားရှိရင် မင်းဟာမင်း လုံလောက်ပြီ၊ ကိုယ့်တာဝန်ကို ဆက်၍ လုပ်ပေတော့။ ကံ, ကံ၏ အကျိုး၊ ယုံကြည်ခြင်းကုသိုလ်၊ အကုသိုလ်ကို သိခြင်းနဲ့ အသခ်တမာတ် ကိန်းအောင်းမည့် နိဗ္ဗာန်ရွှေပြည်အတွက် ကျင့်ကြံပေတော့ကွယ်'တဲ့၊ အဲဒါ ကျုပ်အဖေ ပြောခဲ့တာကို မှတ်မိသလောက် ပြန်ပြောပြတာပဲ ကိုမြင့်မောင်ရေ"

"ဒါဆို ကျွန်တော်တို့ သဘောကျပါပြီဆရာ"
ကိုမြင့်အောင်က ပြောလိုက်ခြင်း ဖြစ်၏။

"အေးဗျာ. . . ကျွန်တော်တို့ ခင်ဗျားတို့ဟာ ဒီဘက်နယ်(သခ်တနယ်) ထဲမှာပဲနော်. . အတူတူပဲ၊ အတူတူလူချင်း ကျုပ်အဖေ ပြောသလို ပြောရရင် 'ဘိန်းစားချင်း အတူတူ' ဟာပဲနော်. . သဘောပေါက်"

ထိုအခါ ကိုမြင့်မောင်က. . .

"ဒါဆို ဆရာရယ်၊ အခု ကျွန်တော်တို့ ဒီမှာ လေးယောက်ရှိတယ် မဟုတ်လား၊ ကျွန်တော်တို့ 'တစ်လုံးစီပဲ ရှုကြပါတယ်၊ ဘယ်နှယ်လဲ"

"ဟုတ်ပါ့ဗျာ" ဟု ကျွန်ုပ်က ပြောဆိုရယ်မောလိုက်လေ၏။ အချိန်လည်း လင့်သွားပြီ။ ရုံးတက်ချိန် တက်ချဉ်းမှာဖြစ်၍ လူစုခွဲရန် ထိုင်နေရာမှ အသီးသီး ထရပ်လိုက်ကြ၏။ သူတို့သုံးယောက်လည်း တဖြည်းဖြည်း နေရာက ခွာသွားကြ၏။ ကျွန်ုပ်သည် ဆောချောင်းဘက်သို့ မျက်နှာမူ၍ လေတဝရှုလိုက်၍ စီးနေသော ရေတသွင်သွင်ကို စူးစိုက်လိုက်၏။ ကျွန်ုပ်၏ စိတ်အစဉ်သည် တသွင်သွင်စီးနေသော ဆောချောင်း၏ ရေအလျဉ်နှင့်အတူ စီးဆင်းမျော၍ ပါသွားချေပြီ။

ကျွန်ုပ် စာတိုက်မှ ပေးထည့်ခဲ့သော စာသည်လည်း မောင်တင်မောင်စိုးထံ ရောက်ရှိ၍ သူ၏စိတ်နှလုံးထဲသို့ ကျွန်ုပ်၏စကားသံများ စီးဝင်သွားမှာ အမှန်ပင်။

❒ ဦးညွန့်ဆိုင်(ကြို့ပင်ကောက်)




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➼ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➼ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ➝ ၀၉-၇၃၂၄၂၄၄၂




www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာဆိုတာ အလွန်နက်ရှိုင်းကျယ်ဝန်းမှန်း အစက ကျွန်မ မသိခဲ့ပါ။ မည်ရွေ့မည်မျှ ကျယ်ပြန့်၍ နက်နဲဆန်းပြားသော အတတ်ပညာဖြစ်သည်ကို ကျွန်မလို ဘာမဟုတ်တဲ့သူကိုမဆိုထားနှင့်၊ ဒီပညာကို လေ့လာလိုက်စားကြတဲ့ တကယ့်ပညာရှင်ကြီးများပင် ဆုံးခန်းတိုင်သိရန် မလွယ်ကူပေ။

ဤဂန္ဓာရီဝိဇ္ဇာမယ လောကီပညာကို အသာထားပါဦး၊ ရုပ်ဝတ္ထုကို အခြေခံတဲ့ သိပ္ပံပညာနယ်ပယ်မှာပင် လူတို့ မမျှော်မှန်းရဲနိုင်တဲ့ အတတ်ပညာများစွာ ပေါ်ထွန်းခဲ့ပြီ။ ဥပမာ - ကမ္ဘာမြေကြီးနဲ့ လကမ္ဘာဟာ အဝေးကြီးပါ။ ဒါပေမဲ့ ကမ္ဘာမြေကြီးပေါ်က လူသားတို့ဟာ အလွန်ဝေးကွာတဲ့ လကမ္ဘာပေါ်မှာ အခြေချခဲ့တာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါပြီ။ ဒါ့အပြင် သိပ္ပံပညာရဲ့ ထူးခြားဆန်းကြယ်တဲ့ တွေ့ရှိချက်တွေလည်း အများကြီးရှိပါတယ်။

ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာကား ရုပ်ဒြပ်ဝတ္ထုကို အခြေမခံဘဲ စိတ်တန်ခိုးကို အခြေခံပြုပြီး ထူးခြားဆန်းကြယ်မှုများကို ပြုလုပ်နိုင်တဲ့ ဂမ္ဘီရပညာရပ်ပဲ ဖြစ်ပါတယ်။ သိပ္ပံပညာဆိုတာ တိကျမှုရှိတယ်။ အောက်ဆီဂျင်တစ်ဆနဲ့ ဟိုက် ဒရိုဂျင် နှစ်ဆကိုပေါင်းစပ်ရင် ရေကိုရရှိမှာ ဖြစ်ပါတယ်။ ဒါကို ဘယ်သူလုပ်လုပ် ရေရမှာပဲ။

ဂန္ဓာရီ ဝိဇ္ဇာမယပညာကား ဤသို့ မဟုတ်။ ဒီဂါထာ၊ ဒီမန္တန်၊ ဒီမန္တရားနဲ့ ထွက်ရပ်ပေါက်လမ်းအထိ အချို့သူများ ပေါက်ရောက်ပေမယ့် လိုက်လုပ်တဲ့သူတိုင်း မပေါက်ရောက်ဘူး။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အခြေခံအားဖြင့် သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ အားခြင်း မတူညီလို့ပါပဲ။

# အိပ်မက်ထဲက သိုက်စာ

## ရီရီငွေး





www.burmeseclassic.com

www.burmeseclassic.com

ဒီပညာရပ်ကို လိုက်စားတဲ့သူဟာ အခြေခံသီလဖြစ်တဲ့ ငါးပါးသီလကို လုံခြုံရမယ်။ သမာဓိဆိုတဲ့ စိတ်တည်ကြည်မှု ရှိရမယ်။ ပညာဆိုတဲ့ ဘဝအဆက်ဆက်က ဆည်းပူးလေ့လာ သင်ကြားထားတဲ့ ပညာဓာတ်ခံ ပါရမီ ပါရမယ်။ ဒါမှသာထွက်ရပ်လမ်းကိုလျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ပညာပါရမီဆိုတာလည်းတစ်ယောက်နဲ့တစ်ယောက် ဆည်းပူးခဲ့ပုံ မတူပါ။ တချို့က ပါရမီနုနယ်သေးတယ်။ တချို့ကတော့ ရှေးအသင်္ချေကတည်းက ဆည်းပူးလာလို့ ပညာပါရမီ ရင့်နေကြတယ်။

အင်း၊ စမ၊ ဂါထာ၊ မန္တန်၊ မန္တရား ဆိုတဲ့ အတတ်ပညာဟာ ယခုမှပေါ် ပေါက်လာတဲ့ ပညာမဟုတ်ပါ။ မြတ်စွာဘုရား မပွင့်မီကတည်းက ပေါ်ထွန်းခဲ့တဲ့ ပညာရပ်ပါ။ တချို့က ဝိဇ္ဇာပညာရပ်ကို ဘဝအဆက်ဆက်က လေ့လာဆည်းပူးခဲ့တဲ့အတွက် ဝိဇ္ဇာမျိုးစေ့ရှိသူလို့ ဆိုကြပါတယ်။ တချို့ကတော့ အခုမှ ဝိဇ္ဇာပညာရပ်ကို စတင်ဆည်းပူး ရွတ်ဖတ်သရဇ္ဈာယ်ကြတဲ့အတွက် ဝိဇ္ဇာမျိုးစေ့စချသူများ ဖြစ်ပါတယ်။ ပုထုဇဉ်ဆိုတာကလည်း အတိတ်၊ပစ္စုပ္ပန်၊ အနာဂတ်ကို ကြိုတင်မသိနိုင်လို့ မိမိမှာ ဝိဇ္ဇာမျိုးစေ့ ရှိ၊ မရှိ ဆိုတာ မသိနိုင်ဘူး။

အဲဒီလိုမသိမှုတွေနဲ့အတူ ကျွန်မဟာ သူငယ်ချင်းဖြစ်သူ ကြည်ကြည်မာ ခေါ်ဆောင်မှုကြောင့် ဗေဒင်ပညာသင်တန်းတစ်ခုကို ရောက်ခဲ့ပါတယ်။ သူမအတွက်အဖော်လိုက်လာတာမျိုး ဗေဒင်သင်တန်းခန်းမရဲ့ အနောက်ဆုံးထိုင်ခုံမှာ တစ်ယောက်တည်း ထိုင်စောင့်နေခဲ့ပါတယ်။

သင်တန်းဆရာ တစ်ယောက်ပြီး တစ်ယောက် သက်ဆိုင်ရာပညာရပ်များကို သင်ကြားပေးသွားပါတယ်။ အဲဒီမှာ သင်တန်းဆရာတစ်ယောက်က ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရပ်နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို စတင်သင်ကြားပေးခဲ့တယ်။

"ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာမှာ အင်း၊ စမ၊ ဂါထာ၊ မန္တန်၊ မန္တရား ဆိုတာ ရှိတယ်၊ အဲဒါတွေဟာ တစ်ခုနဲ့ တစ်ခု မတူညီတဲ့ စွမ်းအင်တွေရှိတယ်၊ မန္တန်နဲ့ မန္တရားဟာ တူသလိုလိုရှိပေမယ့် ရွတ်ဆိုရတဲ့နေရာမှာ ကွာခြားပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အင်း၊ အိုင်၊ လက်ဖွဲ့၊ ဒါးလှည့်တို့ စီရင်ရာမှာ ရွတ်ဆိုတဲ့ဂါထာတွေကို မန္တန်လို့ခေါ်တယ်၊ ဉုံနဲ့စရင် မန္တန်ပဲ၊ ဩောင်းနဲ့စရင် မန္တရားပေါ့။ ဉုံဆိုတာ ဗြဟ္မဏဘာသာက ဆင်းသက်လာတာ၊ အ, ရယ်၊ ဉ, ရယ်၊ အမ်, ရယ် သုံးလုံး ပေါင်းစပ်ထားတာ ဖြစ်တယ်၊ လောကကြီးကို ဖန်ဆင်းတဲ့ဗြဟ္မာက 'အိ' ဆိုတဲ့ သရကို ယူတယ်၊ ဖန်ဆင်းထားတဲ့ လောကကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ပိသနိုးနတ်မင်းကြီးဖြစ်တဲ့ ဗိဿနုကို 'ဉ' သရအဖြစ် ယူတယ်၊ လောကမှာ မကောင်းတဲ့အရာတွေကို ဖျက်ဆီးဖို့ သျှီမန်က 'အမ်'သရကိုယူပြီး ပေါင်းစပ်လိုက်တဲ့အတွက် 'ဉုမ်' ဖြစ်လာတယ်"

အဲဒီဆရာ ပြောပြမှ ကျွန်မလည်း ဉုမ်ဖြစ်ပေါ်လာပုံကို သိရှိခဲ့ပါတယ်။ အဲဒီဆရာက ငါးရာ့ငါးဆယ်နိပါတ်တော်များမှ မဟာဝေဒဗ္ဗမန္တန်တော်ကို နက္ခတ်နဲ့ယှဉ်ချိန်၍ ရွတ်ဆိုပါက ရတနာမိုးများ ရွာချပုံအကြောင်းကို ပြောပြခဲ့ပါတယ်။ ဒါ့အပြင် သေပြီးလူကို ပြန်အသက်သွင်းနိုင်သော 'သဉ္ဇိဝမန္တန်' တော်အကြောင်း ပြောကြားပြီး ကျားသေကို အသက်သွင်းမိလို့ ဒုက္ခရောက်ရပုံအကြောင်းကိုပြောပြပါတယ်။ ထို့နောက် စီးပွားတိုးတက်စေသည့် ဒိဝါတပတိဂါထာတော်အကြောင်း အစုံအလင်ပြောပြပါတယ်။ နောက်ဆုံးမှာတော့ ရွှေငွေရတနာ ရရှိစေနိုင်တဲ့ ဂါထာတော်အကြောင်းကို ပြောပြရာ ကျွန်မလည်း အမှတ်မထင် ကူးယူခဲ့ပါတယ်။

"အဲဒီဂါထာကို သိုက်ဂါထာလို့လဲခေါ်တယ်၊ သိုက်ဆရာတွေဟာ အဲဒီဂါထာကိုရွတ်ပြီး သိုက်ရှိ မရှိ ရှာဖွေကြတယ်"

"အဲဒီဂါထာ ရွတ်ရင် ဘယ်လိုထူးခြားသလဲ ဆရာ"

"သိုက်ရှိရင် အိပ်မက်ထဲမှာ သိုက်နေရာကို ပြသတဲ့၊ ဒါကတော့ ဗေဒင်ပညာနဲ့ မဆိုင်ပါဘူး၊ ဂါထာအကြောင်းပြောရင်း ရှေးပုရပိုက်ထဲက ရတဲ့ ဂါထာမျိုး သင်ပေးလိုက်တာပဲ"

ဆရာက ဤသို့ပြောပြီး ပြန်သွားခဲ့တယ်။ ကျွန်မလည်း အမှတ်မထင် ထိုဂါထာလေးကို ရေးသားလိုက်ပါတယ်။ နောက်နေ့တွေမှာတော့ ကျွန်မလည်း နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်၍ ထိုသင်တန်းသို့ မရောက်ဖြစ်ခဲ့တော့။

ဒီလိုနဲ့ တစ်နှစ်ခန့်ကြာတဲ့အထိ အဲဒီဂါထာလေးကိုး ပြန်မဖတ်မိခဲ့ပါ။

တစ်နေ့မှာ . . .

ကျွန်မတို့အိမ်သို့ နယ်မှဦးလေးဝမ်းကွဲတစ်ယောက်ရောက်လာပါတယ်။ ဦးလေးနာမည်က ဦးခင်မောင် ဖြစ်ပါတယ်။ အလုပ်မှာ ကျန်းမာရေးမှူးတစ်ယောက် ဖြစ်ပါတယ်။ သူ အငြိမ်းစားယူပြီးနောက် ရန်ကုန်ကိုလာလည်ရင်း အိမ်မှာ ခေတ္တတည်းခိုနေဖြစ်ပါတယ်။ မနက်ပိုင်းမှာ သူလည်း သွားစရာရှိတာသွားတာမျိုး၊ ကျွန်မကလည်း ဆေးရုံမှာ အလုပ်လုပ်တဲ့အတွက် ဦးလေးနဲ့ စကားမပြောဖြစ်ခဲ့ပါ။ ဒါပေမဲ့ ညစာစားအပြီးချိန်မှာတော့ မိသားစု စုံစုံညီညီနဲ့ ဦးလေးနဲ့စကားပြောဖြစ်ပါတော့တယ်။

အထူးသဖြင့် အမေ့ရဲ့မောင်ဖြစ်လို့ အမေနဲ့ဦးလေး ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောကြဆိုကြနဲ့ ပျော်စရာကောင်းလှပါတယ်။ စကားပြောရင်းက-

"ကျွန်တော်ကတော့ ကျန်းမာရေးမှူးဆိုတော့ တောတကာလျှောက်ကုရတာပေါ့၊ အဲဒီလိုနေရင်း ဂန္ဓာရီဝိဇ္ဇာမယ ဆရာတစ်ယောက်နဲ့ တွေ့ခဲ့တယ်၊ သူ့ရဲ့ကျင့်စဉ်ကို ကျွန်တော့်ကိုပေးလို့ အမိဌာန်ပုတီးစိပ်ပြီး ဒီလိုင်းထဲကိုရောက်သွားတယ်ဆိုပါတော့"





www.burmeseclassic.com

www.burmeseclassic.com

"ဪ. . . ဟုတ်လား"

အမေက တအံ့တသြနဲ့ ပြောလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဦးလေးဟာ လူပျိုကြီး တစ်ကိုယ်တည်းသမား။ ပြောရရင် ဘာသာရေးလည်း မလိုက်စားဘူး၊ ကွန်မြူနစ်လိုလို စကားတွေ ပြောတတ်တဲ့သူ။ ဆေးကုတာကတော့ စိတ်ရှည်ပါတယ်။ တခြားအရာတွေမှာ စိတ်မရှည်သလို စိတ်တိုရင် ဘုန်းဘောက် ပြောတတ်တဲ့သူ။ အခုတော့ အသက်ကြီးလာလို့ စိတ်ပြောင်းသွားတာထင်ပါရဲ့။ ဒီလိုနဲ့ သူက အမေ့ကို ဆက်ပြောပြခဲ့ပါတယ်။

"အဲဒီဆရာကြီးက ဗေဒင်ဟောတာ သိပ်မှန်တာပဲ"

"ဘယ်လိုမှန်တာလဲ"

"အဲဒီဆရာကြီးနဲ့ ကျွန်တော် ဆရာကြီးရဲ့အိမ်ရှေ့မှာ စကားပြောနေတုန်း အပျိုကြီးတစ်ယောက် ရှေ့ကနေ ဖြတ်လျှောက်သွားတယ်၊ အဲဒါကို ဆရာကြီးက "အဲဒီမိန်းမကြီးဟာ ဒီညနေမှာ မြွေကိုက်လိမ့်မယ်၊ အဲဒီမြွေဟာ တော်တော်အဆိပ်ပြင်းတယ်"

"ဟာ အဲဒါဆို ဒုက္ခပဲ၊ ကျွန်တော့်မှာ မြွေဆိပ်ဖြေဆေးမရှိဘူး၊ ဒီရွာနဲ့ မိုင် ၂၀ လောက်ဝေးတဲ့ မြို့ဆေးရုံမှာပဲ မြွေဆိပ်ဖြေဆေးရှိတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"အိမ်း. . . မင်းက လူနာတွေအပေါ်မှာတော့ တော်တော်စေတနာထားတာပဲ"

"ကျွန်တော်က လူနာကုတဲ့ဆေးဆရာပဲ၊ စေတနာထားရမှာပေါ့"

"ဒါဆိုရင် ဆရာကြီးမှာ မြွေဆိပ်နိုင်တဲ့ဆေး ရှိတယ်၊ အဲဒါ မင်းယူထားပြီးရင် အဲဒီဆေးမြစ်ကိုသွေးပြီး အနာကနေ အောက်ကိုဆွဲချလိုက်၊ ပြီးရင် သွေးပြီးတိုက်"

"ဟုတ်ကဲ့ပါ. . ဆရာကြီး၊ ပြန်ပါဦးမယ်"

"အဲဒီလိုပြောပြီး ဆရာကြီးအိမ်က ပြန်လာခဲ့တယ်၊ ညနေစောင်းအချိန် ကျွန်တော်ဟာ အိမ်မှာထိုင်နေတုန်း ပိုးထိတဲ့ လူနာရှိလို့ လိုက်ခဲ့ပါလို့ လာခေါ်လို့ လိုက်သွားတော့ နေ့ခင်းကတွေ့တဲ့ အပျိုကြီးဖြစ်နေတယ်၊ ဒီတော့ ဆရာကြီးပေးတဲ့ မြွေဆိပ်ဖြေဆေးနဲ့ ကုပေးလိုက်တာ ချက်ချင်းကောင်းသွားတယ်"

"ဪ. . . ဟုတ်လား"

"အဲဒါနဲ့. . ကျွန်တော်လဲ အဲဒီဆရာကြီးဆီမှာ တပည့်ခံပြီး ဒီပညာကို ယူထားတာ ငါးနှစ်ကျော်လောက်ရှိပြီ၊ အခုတော့ သိုက်တွေအကြောင်း တော်တော်လေ့လာနေတယ်"

သိုက်တွေအကြောင်းလို့ ပြောတဲ့အတွက် ကျွန်မဟာ အလွန်စိတ်ဝင်စားသွားပြီး ဦးလေးကို မေးမြန်းလိုက်ပါတယ်။

"ဦးလေး သိုက်တွေအကြောင်း အတော်လေ့လာထားတယ်ဆိုရင် ပြောပြပါဦး"

"ငါ့တူမက စိတ်ဝင်စားလို့လား"

"ဗဟုသုတပေါ့ ဦးလေးရယ်"

"အေး, ဒါဆို ပြောပြမယ်၊ ဒါက ဦးလေးပြောတာ မဟုတ်ဘူးနော်၊ ပညာရှိတွေရေးတဲ့ စာအုပ်ထဲက ဖတ်ရှုရတာတွေကို မျှဝေပေးတာ"

"ပြောပါ ဦးလေးရယ်"

"အိမ်း. . . ပြောရရင်တော့ မြန်မာပြည်မှာ သိုက်ပေါင်းကိုးသိန်းကိုးသောင်းကျော် ရှိတယ်တဲ့၊ ထင်ရှားတဲ့ သိုက်တွေကတော့ ရွှေတိဂုံဘုရားသိုက်၊ ကျိုးကန်းပါးစပ်သိုက်၊ ဇာဂရုသိုက်၊ နတ်စက်ရောင်သိုက်၊ ငမှန်ကန်းသိုက်၊ ဗားမဲ့သိုက်တောတွေ ရှိသပေါ့ကွယ်၊ ဒါပေမဲ့ မထင်ရှားတဲ့သိုက်တွေကတော့ အများကြီးပေါ့"

"ဒါနဲ့ ရှေးလူကြီးတွေက ဘာကြောင့် သိုက်တွေလုပ်ထားခဲ့ကြတာလဲ"

"သိုက်ဆိုကတည်းက ရွှေငွေကျောက်သံပတ္တမြား လက်ဝတ်တန်ဆာတွေ အများကြီးရှိတာပေါ့၊ တချို့လူကြီးတွေက နောင်ပွင့်မယ့် အရိမေတ္တေယျဘုရားပွင့်ရင် ကျောင်းဆောက်ဖို့ လိုအပ်တာမှန်သမျှ သုံးစွဲဖို့ဆိုပြီး ရွှေငွေရတနာတွေကို မြေကြီးထဲမှာ မြှုပ်နှံထားခဲ့ကြတယ်၊ သူတို့ သေလွန်တဲ့အခါမှာ အဲဒီဥစ္စာတွေကို စိတ်မချလို့ သွားပြီးအစောင့်ဘဝနဲ့ စောင့်ကြရတယ်၊ ဥစ္စာတွေကို စောင့်ရတဲ့အတွက် သူတို့ကို ဥစ္စာစောင့်လို့ခေါ်တာကွဲ့၊ နောက်ပြီးတော့ ဘုမ္မိယလို့ ခေါ်ကြတယ်။

အဲဒီဥစ္စာစောင့်တွေက သူတို့စောင့်ကြပ်နေတဲ့ ရတနာတွေကို မပေးနိုင်ဘူးကွဲ့၊ တချို့ကတော့ ကိုယ်ပိုင်ပစ္စည်းတွေကို သူများယူမှာစိုးလို့ မြေကြီးထဲမြှုပ်ထားရာက သူတို့သေပြီး အဲဒီဥစ္စာတွေမှာ အစောင့်ဖြစ်သွားတယ်၊ အဲဒါကိုတော့ ကိုယ်ပိုင်သိုက်လို့ခေါ်တယ်၊ ဘုရားအတွက် ရည်မှန်းလှူဒါန်းထားတဲ့ သိုက်ကိုတော့ ဘုရားသိုက်လို့ခေါ်တယ်"

"ဪ, အဲဒီလိုလား ဦးလေး"

"အေးကွဲ့၊ ကိုယ်ပိုင်သိုက်ကတော့ ပေးနိုင်တယ်ကွဲ့၊ တချို့ပိုင်ရှင်တွေက ဥစ္စာစောင့်ဘဝကကျွတ်လွတ်သွားပြီး လူပြန်ဖြစ်သွားတယ်၊ ဒါပေမဲ့ သူသိမ်းထားတဲ့ ရတနာဥစ္စာပစ္စည်းတွေကို အိပ်မက်ထဲမှာဖြစ်ဖြစ်တစ်နည်းနည်းနဲ့ မြှုပ်ထားတဲ့နေရာကို သိကြတယ်၊ အဲဒီပစ္စည်းကို အလွယ်တကူ တူးဖော်ရရှိနိုင်တယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဦးလေး"

"တချို့. . သိုက်ဆရာတွေဟာ အရမ်းလောဘကြီးတယ်၊ ဘုရားသိုက်ကို တူးမိတဲ့သူတွေဟာ ဥစ္စာပစ္စည်းမရဘဲ မြေပြင်ကို ရေပြင်အမှတ်နဲ့ ကူးကြရတယ်၊ အဲဒါကတော့ ပုဂ္ဂိုလ်တွေက ဒဏ်ခတ်တာပေါ့ကွယ်၊ ဒါထက် ကိုယ်ပိုင်သိုက်ဆိုပြီး အထင်မသေးလိုက်နဲ့၊ သူတို့ကလဲ သိုက်ဝင်ပစ္စည်းတွေကို မတရားယူတဲ့သူကို ဒဏ်ခတ်ကြတာပဲ"

"ဟုတ်တာပေါ့ ဦးလေးရယ်၊ ဒီသိုက်ဆရာတွေဟာ သူများရဲ့ပစ္စည်းကို မတရားလောဘတက်ပြီး လိုချင်တဲ့သူတွေပဲ၊ ပြောရင်တော့ မားပြအကြီးစားတွေပေါ့ ဦးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့ တူမရယ်၊ ပစ္စည်းဆိုတာလဲ ထိုက်မှရတာ၊ ဦးလေးကတော့ ဂန္ဓာရီကျင့်စဉ်နဲ့ ထွက်ရပ်လမ်းကို လိုက်မယ်လို့စဉ်းစားထားတယ်၊ဒါကြောင့် အခုအချိန်မှာ ဝိဇ္ဇာမျိုးစေ့ရှိအောင် ကျင့်ကြံနေတာပေါ့ကွယ်"

ဦးလေးက သိုက်အကြောင်း ပြောသောအခါမှ ကျွန်မဟာသူငယ်ချင်းနဲ့ ဗေဒင်သင်တန်းသို့သွားစဉ် အမှတ်မထင် ကူးထားသော သိုက်ဂါထာကို အမှတ်ရသွားခဲ့ပါတယ်။ ဒါကြောင့် စာအုပ်မှာ ကူးရေးထားတဲ့ သိုက်ဂါထာကို ဦးလေးကိုပြရင်း "ဦးလေး ဒါ သိုက်ဂါထာတဲ့၊ သမီးလဲ ကူးထားလိုက်တာပဲ"

"ဟော. . . ဟုတ်လား၊ ပြစမ်း"

ကျွန်မက သိုက်ဂါထာလေးကို ပြလိုက်တဲ့အခါ ဦးလေးကဖတ်ကြည့်ပြီးနောက် "ဒီဂါထာကိုရွတ်ရင် သိုက်ရှိတဲ့ နေရာကို သိတယ်၊ ဒါပေမဲ့ ဘုရားသိုက်ရှိတဲ့နေရာတော့ မဟုတ်ဘူး၊ ကိုယ်ပိုင်သိုက်နေရာဖြစ်ဖြစ် မိမိက ဟိုးဘဝတုန်းက ရွှေငွေရတနာပစ္စည်းတွေ မြှုပ်နှံထားတာရှိရင်လဲ အဲဒီနေရာကိုသိတယ်"

"ဩော်. . . အဲဒီလိုလား"

"ဒါပေမဲ့ သွားတူးတဲ့အခါမှာ ကိုယ့်ဥစ္စာပစ္စည်းမဟုတ်ရင် ရွှေအိုးတော့ တွေ့ရပါရဲ့၊ ဒါပေမဲ့ မြွေထွက်လာပြီး ကိုက်တာမျိုးတို့ ဒါမှမဟုတ် အန္တရာယ်နဲ့တွေ့ရတတ်တယ်၊ နောက်ပြီး ဒီသိုက်ဂါထာကို မသမာတဲ့လူတွေဆီကိုရောက်သွားရင် သိုက်ဖွင့်ဂါထာအနေနဲ့ရွတ်ရင် သိုက်ရှိတဲ့နေရာကို သိတယ်"

"အဲဒီလိုလား ဦးလေး"

"ဟုတ်တယ်၊ ဒါကြောင့် အဲဒီသိုက်ဂါထာပါတဲ့ စာရွက်ကို ဦးလေးကိုပေးပါ"

"ယူသွားပါ ဦးလေး"

ဦးလေးက မသမာသူများလက်သို့ ရောက်သွားမည်စိုး၍ တောင်းတဲ့အတွက် ကျွန်မကလည်းလိုလိုလားလား အဲဒီဂါထာစာရွက်လေးကို ပေးလိုက်ပါတယ်။ ဒါပေမဲ့ သိုက်ဂါထာလေးက စာကြောင်း လေးကြောင်းလောက်ပဲရှိတဲ့အတွက် သုံးခေါက်လောက် နှုတ်တိုက်ရအောင် ရွတ်ကြည့်လိုက်ပါတယ်။

ဦးလေးဟာ ကျွန်မတို့အိမ်မှာ တစ်ပတ်တိတိနေပြီး သူ့ရွာသူပြန်သွားခဲ့ပါတယ်။ဦးလေးပြန်ပြီး သုံးရက်မြောက်နေ့ သို့မဟုတ် သိုက်ဂါထာကို သုံးခေါက်နှုတ်တိုက်ရအောင်ရွတ်ပြီး ဆယ်ရက်အကြာမှာ အဲဒီညက ကျွန်မ အိပ်မက်မက်ပါတယ်။ အိပ်မက် မက်တဲ့အချိန်က နံနက် ၂ နာရီလောက် ဖြစ်လိမ့်မယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ ညဥ့် ၁ နာရီခွဲမှာ တရေးနိုးလို့ ရေသောက်ပြီး ပြန်အိပ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှ အိပ်တာဖြစ်လို့ အိပ်မက် မက်ချိန်ဟာ နံနက် ၂ နာရီလောက် ဖြစ်မယ်လို့ ဆိုလိုတာပါ။

အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး ဦးခေါင်းမှာ အမတ်ကြီးတွေ ပေါင်းသလို ဖော့လုံးဖြူခေါင်းပေါင်းမှာ အဖြူအစနှစ်ခုကို ထောင်ထားတဲ့ ဦးပေါင်းကို ပေါင်းထားတယ်။ အဲဒီဘိုးဘိုးရဲ့လက်ထဲမှာ ပုရပိုက်တစ်ခုကို ကိုင်ထားတယ်။

"ကဲ သမီးက ဂါထာရွတ်လို့ ဘိုးဘိုးရောက်လာတာကွဲ့"

"ဟုတ်ကဲ့ပါ"

"ကဲ သမီးသိချင်တာ ပြောပြမယ်"

"ဟုတ်ကဲ့ပါ"

"သမီးရေ ဒေးဒနော့ဆိုတဲ့ အခုရွာကြီးဖြစ်နေတဲ့အရပ်မှာ တစ်ချိန်တုန်းက စည်ကားသိုက်မြိုက်တဲ့ မြို့ကြီးတစ်မြို့ပေါ့ကွယ်၊ အဲဒီမှာ သမီးဟာ ချမ်းသာကြွယ်ဝတဲ့ သူဌေးတစ်ယောက်ဖြစ်ခဲ့တယ်၊ သေခါနီးမှာ ရွှေအိုးထဲမှာ ရတနာပစ္စည်းတွေ အပြည့်ထည့်ပြီး အဲဒီနေရာမှာ မြှုပ်နှံထားခဲ့တယ်ကွဲ့"

"အဲဒီနေရာက ဘယ်နေရာလဲ ဘိုးဘိုး"

"ဘိုးဘိုးဖော်ပြမယ်၊ ဘိုးဘိုးနဲ့ လိုက်ခဲ့"

ကျွန်မလည်း ဘိုးဘိုးနောက်ကို လိုက်ခဲ့တယ်။ ပထမဦးစွာ တွေ့လိုက်ရတာကတော့ ဒေးဒနော့ရွာဆိုတဲ့ ဆိုင်းဘုတ်ပါပဲ။ နောက်ထပ်တွေ့တာကတော့ ရွာအဝင်က သချိုင်းကုန်းပါပဲ။ အဲဒီသချိုင်းကုန်းဘေးက လမ်းကလေးအတိုင်း ခေါ်သွားလိုက်တာ လယ်ကွင်းပြင်ကြီးဆီကို ရောက်သွားခဲ့တယ်၊ အဲဒီလယ်ကွင်းကြီးကို ဖြတ်သွားရင်း မြေကုန်းကမူမို့မို့ကလေးဆီကို ရောက်သွားခဲ့တယ်။ အဲဒီနေရာ ရောက်တယ်ဆိုရင်ပဲ 'အဲဒီကမူမို့မို့ကလေးရဲ့အောက်မှာ မင်းမြှုပ်ထားခဲ့တဲ့ ရွှေအိုးရှိတယ်' လို့ ပြောပြီး ဘိုးဘိုးကြီးပျောက်သွားခဲ့တယ်။ အဲဒီလို အိပ်မက်မက်ပြီး ကျွန်မလည်း လန့်နိုးလာပါတယ်။

"ဟင်း. . . ငါ့ အိပ်မက်ကလဲ တစ်မျိုးကြီးပါလား၊ ဒေးဒနော့ဆိုတာလဲ ဘယ်နေရာမှန်း မသိဘူး၊ ဩော် ဦးလေးနဲ့ သိုက်အကြောင်းပြောရင်း စိတ်စွဲလို့ မက်တာဖြစ်မယ်"

အဲဒီလိုစဉ်းစားရင်း မရေမရာအတွေးတွေနဲ့ နေခဲ့ပါတယ်။ ဒါပေမဲ့ အိပ်မက်က ထင်ထင်ရှားရှားကြီး မက်တာမို့ အဲဒီနေရာကို ကောင်းကောင်းမှတ်မိနေပါတယ်။ ဒေးဒနော့ဆိုတာကလည်း တစ်ခါမှ မကြားဘူးတဲ့ နာမည်ဖြစ်လို့ အမှတ်တရ ဖြစ်နေပါတယ်။

ဒီလိုနဲ့ အဲဒီအိပ်မက် မက်ပြီး တစ်နှစ်ခန့်အကြာမှာ ဒေးဒရဲမြို့မှာနေတဲ့ အဘွား ဆုံးသွားပါတယ်။ ဒါကြောင့် ရန်ကုန်မှာနေတဲ့ ကျွန်မက ဒေးဒရဲမြို့သို့ သွားရန် စီစဉ်ခဲ့ပါတယ်။ အရင်ကတော့ ဒေးဒရဲကို သွားမယ်ဆိုရင် ဧရာဝတီနှစ်ထပ်သင်္ဘောကြီးကိုစီးပြီး သွားလေ့ရှိပါတယ်။ ဒါပေမဲ့ သင်္ဘောစီးရင် နေ့ဝက်ကျော်ကျော်ခန့် အချိန်ယူရမှာ ဖြစ်ပါတယ်။ အဘွားရဲ့ စျာပနကို အချိန်မီပို့ချင်တာကြောင့် မြန်မြန်ရောက်နိုင်မယ့် ကုန်းလမ်းခရီး (ကားလမ်း) ကနေ သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီတုန်းက ဒေးဒရဲမြစ်ကူး တံတား မရှိသေးပါ။





www.burmeseclassic.com

www.burmeseclassic.com

ကားလမ်းခရီးကို သွားမယ်ဆိုရင် ရန်ကုန်-ပန်းဆိုးတန်း ဆိပ်ကမ်းကနေ သင်္ဘောနဲ့ ဒလကို ကူးရပါတယ်။ ဒလ ရောက်ရင် ဒလ-ကွမ်းခြံကုန်းကားကို စီးရပါတယ်။

ကွမ်းခြံကုန်းရောက်ရင် ကွမ်းခြံကုန်း-အင်္ဂပူကားကို ဆက်စီးမှ အင်္ဂပူရွာကို ရောက်ပါတယ်။ အဲဒီ အင်္ဂပူရွာ ကူးတို့ဆိပ်ကနေ လှေနဲ့ တိုးမြစ်ကို ဖြတ်ကူးမှ ဒေးဒရဲကို ရောက်ပါတယ်။ မနက် ၆ နာရီ ရန်ကုန်က ထွက်ရင် ၁၀ နာရီလောက် ဒေးဒရဲကိုရောက် မှာမို့ တစ်ခါမှမသွားဖူးတဲ့ အဲဒီလမ်းကို ရွေးချယ်လိုက်ပါတယ်။

ကျွန်မဟာ ဒလဘက်ကမ်းကို ကူးပြီး ဒလ-ကွမ်းခြံကုန်းကားနဲ့ အဖော်တစ်ယောက်နဲ့အတူ ဒေးဒရဲမြို့သို့ ထွက်လာခဲ့ပါတယ်။ အသွား ဆုံးသွားတဲ့အတွက် ဝမ်းနည်းကြေကွဲစွာနဲ့ ကားစီးရင်း တစ်ခါမှမသွားဖူးတဲ့အတွက် လမ်းတစ်လျှောက်လုံးမှာရှိတဲ့ ရှုခင်းတွေကို ကြည့်ပြီး လိုက်လာခဲ့ပါတယ်။

ကျွန်မ စီးနင်းလိုက်ပါလာတဲ့ ဘတ်စ်ကားအိုကြီးဟာ တွံတေးတောကြီးတန်းမှာရှိတဲ့ ရွာတွေကို တစ်ရွာပြီး တစ်ရွာ ဖြတ်သန်းပြီး တွံတေးလမ်းခွဲမှာ ကွမ်းခြံကုန်းဘက်သို့ သွားတဲ့လမ်းလေး အတိုင်း လမ်းခွဲလာခဲ့ပါတယ်။

မကြာမီ ကွမ်းခြံကုန်းကို ရောက်တော့မယ်ဆိုတဲ့ အတွေးနဲ့ ရွာတစ်ရွာကို အဝင်မှာ အဲဒီမှာထောင်ထားတဲ့ ကျေးရွာအမည် ဆိုင်းဘုတ်ကို ဖတ်လိုက်ရင်ပဲ ကျွန်မဟာ လန့်ဖျပ်ပြီး အတော်တုန်လှုပ်သွားခဲ့ပါ တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီကျေးရွာရဲ့ ဆိုင်းဘုတ်မှာ ရေးထားတဲ့ စာက "ဒေးဒနောရွာ"တဲ့။

"ဘုရား ဘုရား ထူးဆန်းလှချေလား၊ ငါ့အိပ်မက်ထဲက နာမည်ပဲ၊ ဒါဆိုရင် လမ်းတစ်လျှောက်ကို ဆက်ကြည့်ဦးမှပဲ"

ကျွန်မဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က မက်ခဲ့တဲ့အိပ်မက်ကို ချက်ချင်း သတိရပြီး လမ်းတစ်လျှောက်ကို မမှိတ်မသုန်ကြည့်ပြီး လိုက်လာတဲ့အခါမှာ . .

"ဟော အုတ်ဂူတွေနဲ့ သချိုင်းကုန်းကို တွေ့ပြီ၊ ဒါဟာ ငါ့အိပ်မက်ထဲက အတိုင်းပါပဲလား၊ အဲဒီနားမှာလဲ လူသွားလမ်းကလေး တစ်ခုပါလား"

အဲဒီလို တအံ့တဩ တွေးနေတုန်း ကျွန်မစီးလာတဲ့ ဘတ်စ်ကားအိုကြီးဟာ "ဒိုင်း" ခနဲမြည်သံနဲ့အတူ လမ်းပေါ်မှာ ရပ်သွားခဲ့ပါတယ်။ ဒီတော့ ကားပေါ်မှာ ပါတဲ့သူတွေက . . .

"ကားဘာဖြစ်သွားတာလဲ" လို့ လှမ်းမေးလိုက်တော့ စပယ်ယာက . . .

"ကားဘီးပေါက်သွားတာဆရာရေ" လို့ ပြန်ပြောလိုက်တယ်။ ဒီနောက်မှာတော့ ကားဒရိုင်ဘာက . . .

"ကားပေါ်မှာပါတဲ့ ခရီးသည်တွေ ကားဘီးပေါက်သွားလို့ ခဏလေး ဆင်းပေးကြပါ"

"ဟောဗျာ"

ခရီးသည်အများစုဟာ စိတ်ပျက်သွားပြီး ဟောဗျာဆိုတဲ့ အာမေဍိတ်သံတွေ ထွက်လာပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ ဝမ်းသာသွားတယ်။ ဒီနေရာမှာ ကျွန်မသွားကြည့်ရမယ့် နေရာတစ်ခု ရှိနေတယ်လေ။ ဒါကြောင့် ကားဒရိုင်ဘာကို . . .

"ကားဘီးလဲတာ ဘယ်လောက်ကြာမှာလဲ" လို့ မေးလိုက်မိတယ်။

"မိနစ် ၂၀ လောက်တော့ကြာမယ်"

"ဒါဆိုရင် ကျွန်မ ဒီနားခဏလေး သွားချင်လို့ စောင့်ပေးပါ"

"စောင့်ပါ့မယ်၊ တချို့ခရီးသည်တွေလဲ ပေါက်တောသွားချင်ရင်သွားပါ၊ စောင့်ပေးပါ့မယ်" လို့ ဒရိုင်ဘာက ပြန်ပြောလိုက်ပါတယ်။

ကားဒရိုင်ဘာရဲ့ စကားအဆုံးမှာ ကျွန်မဟာ သူငယ်ချင်းဖြစ်သူ နှင်းနှင်းကို လက်ဆွဲပြီး သချိုင်းရှိရာကို အပြေးကလေး သွားလိုက်တယ်။ နှင်းနှင်းက ဘုမသိ ဘမသိ လိုက်ပြေးရင်းနဲ့-

"သူငယ်ချင်း ဘာဖြစ်လို့ ပြေးနေတာလဲ"

"မမေးပါနဲ့ နှင်းရယ်၊ ငါနဲ့အတူ လိုက်ပြေးပေးပါ"

"အေးပါ၊ ငါ မမေးတော့ပါဘူး"

ကျွန်မနဲ့နှင်းနှင်း အုတ်ဂူတွေဘေးနားက လူသွားလမ်းကလေးမှတစ်ဆင့် လယ်ကွင်းပြင်ကြီးဆီကို ဆက်ပြေးခဲ့ပါတယ်။ လယ်ကွင်းကြီးရဲ့အလယ်လောက်မှာ ကျွန်မ ရပ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီလယ်ကွင်းကြီးရဲ့ အဆုံးမှာ ဟော. . . တွေ့လိုက်ပါပြီ၊ ကုန်းမို့မို့ကလေး။

အိပ်မက်ထဲကအတိုင်းပါပဲ။ အဲဒီကုန်းမို့မို့ကလေးကို ခဏမျှစိုက်ကြည့်ပြီး ကျွန်မဟာ နှင်းနှင်းကိုလက်ဆွဲပြီး ကားဆီကို ပြန်ပြေးလာခဲ့ပါတယ်။ ကျွန်မတို့ ရောက်တဲ့အချိန်မှာ ကားဟာ ဘီးသစ်လဲပြီးပြီမို့ "ခရီးသည်များ ကားပေါ်တက်နိုင်ပါပြီ" တဲ့၊ တကယ့်ကို ကွက်တိပဲ။

နှင်းနှင်းက ဘာဖြစ်တာလဲလို့ မေးပေမဲ့ ကျွန်မက လက်ကာပြပြီး . .

"နှင်းကို အဲဒီအကြောင်း နောက်မှပြောပြမယ်" လို့ပြောလိုက်မိတယ်။

အဲဒီအချိန်မှာ ကားအိုကြီးဟာ စတင်ထွက်ခွာလာခဲ့ပါပြီ။ အိပ်မက်ထဲက နေရာကို တွေ့ရလို့ ကျွန်မ အရမ်းဝမ်းသာခဲ့ပါတယ်။ ဒါဟာ ပဟေဠိတစ်ပုဒ်ရဲ့ အဖြေတစ်ခုပါပဲ။ ကျွန်မ ချက်ချင်း သဘောပေါက်သွားပါပြီ။ မြန်မာတို့ရဲ့ ဂါထာမန္တန် ယန္တရားတွေဟာတကယ်ကို အစွမ်း ထက်တယ်ဆိုတာ သိလိုက်ရပါပြီ။ အမှတ်မထင် ရွတ်လိုက်မိတဲ့ သိုက်ဂါထာဟာ ကျွန်မကို အမှတ်ထင်ထင် ဖြစ်အောင်ပြခဲ့ပါပြီ။ တစ်ခါက တစ်ဘဝမှာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒီဘဝမှာတော့ အတိတ်ဘဝရဲ့ ရတနာတွေကို လိုချင်မှု မရှိပါ။ သိရရင်ပဲ ကျေနပ်ပါပြီ။ ပိုပြီး အကျေနပ်ဆုံးကတော့ ဂါထာတွေရဲ့ အစွမ်းထက်မှုကို လက်တွေ့သိရှိခွင့် ရလိုက်လို့ပါပဲ။

❒ ခိုင်ဒေး



www.burmeseclassic.com

www.burmeseclassic.com




မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

**နက္ခတ္တ လက္ခဏာနှင့် စွယ်စုံပညာရှင်**

**ဆရာအောင်ကျော်ခိုင်**

• • • • • • • • • • • • • • • • •

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား၊ စီးပွားရေးအခက်တွေ့နေသလား၊ အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား၊ အိမ်ကအမျိုးသားက ခြေလှမ်းများမှားနေသလား၊ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား၊ သားသမီးတွေ ပြောစကား နားမထောင်ဘူးလား၊ နိုင်ငံခြားခရီး ကြာနေသလား၊ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား၊ အတိုက်အခံတွေ ပေါ်သလား၊ ဈေးရောင်းကောင်းချင်လား၊

**ဒါတွေ ခက်နေတာ လွယ်ဖို့ သင် ဆရာနဲ့တွေ့ဖို့ အချိန်တန်ပြီ**

ဟောခန်းတည်နေရာ ➼ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် တောင်ဘက်မုခ်

လမ်းညွှန် ➼ ရုံးရှေ့မှတ်တိုင်၊ လှိုင်သာယာမြို့နယ် ဆင်းရောက်ပြီး

ဖုန်း ➼ ၀၉-၄၂၀၀၈၂၉၃၂ (ပိတ်ရက်မရှိပါ)

(ဗေဒ၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ အဆောင်ယတြာအထူး)



ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ

**ဇီဝကကျော်**

**တိုင်းရင်းဆေးကုခန်း**

**HIV, CANCER, LEUKEMIA, HB-HC** နှင့်

အထွေထွေနာတာရှည်ရောဂါများကိုကုသပေးပါသည်

သမားတော် ဦးသန်းညွှန့်

**B.A., D.T.Med; D.B.L., D.F.T.,D.Eng**

တဆ-၁၀၈၉

အမှတ်(၃၄၈)၊ ရွှေဘုံသာလမ်း (အထက်)ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၅၀၀၆၈၁၁၊ ၀၉ ၇၃၁၄၇၈၁၁၊ ၀၁ ၂၀၉၀၅၇




www.burmeseclassic.com

www.burmeseclassic.com



## ဝင်းဝုး၊ ဧရာဝတီ၊ နွားကျောင်းသား၊ နှင့်၊ တောတိုးခန်း

လယ်ထဲမှ နွားများ ထယ်ဖြုတ်ပြန်လာဖြစ်၍ ထွေးအောင် နွားတွေကို အစာဝဝ စားသောက်နိုင်ရန် တောစပ်တောင်ကုန်းများဆီသို့သွား၍ လွှတ်ကျောင်းရန် ပြင်ဆင်နေသည်။

မိုးတွင်းကာလဖြစ်၍ လယ်ဝကွက်တွေထဲ လွှတ်ကျောင်း၍မရချေ။ လယ်ကွက်တိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com

လယ်သမားများက မိုးစပါး စိုက်ပျိုးနိုင်ရန် ထယ်ထိုးနေကြပြီဖြစ်၍ မြက်များ မရှိတော့ဘဲ ထယ်ရေးပြင်များသာ ဖြစ်နေလေပြီ။ နွေအခါတွင်တော့ စပါးများ ရိတ်သိမ်းပြီး၍ ရိုးပြတ်တောထဲ လွှတ်ကျောင်းနိုင်သည်။

လွယ်အိတ်ထဲတွင် ထမင်းထုပ်နှင့် မိုးရွာလျှင် အုပ်၍ခြုံနိုင်ရန် ပလတ်စတစ်မိုးကာ တစ်ပိုင်းကို စလွယ်သိုင်းလွယ်ကာ ခမောက်ဆောင်းပြီး နွားများကို လွှတ်၍ ရွာလယ်လမ်းအတိုင်း တောစပ်ဆီသို့ မောင်းထွက်လာခဲ့သည်။

တောစပ်ရောက်ပါက တောထဲ လွှတ်တင်ထားလိုက်ရုံပင်။ နွားများက တောင်ကုန်း တောင်စောင်း၊ မြောင်ကြို မြောင်ကြားများသို့ လှည့်ပတ်သွားလာကာ မြက်၊ ကိုင်းနုပေါက်၊ သစ်ရွက်နု၊ ဝါးရွက်နုတို့ကို ကိုက်ဟပ်စားသောက်ကြသည်။ တစ်နေကုန် လှည့်ပတ်စားသောက်ကြ၏။ ဖြုတ်၊ ယင်ရဲများ ကိုက်လျှင် အိုင်တွေထဲသို့ ကျွဲများက အိပ်ကာ လူးကြ၏။ နွားများက ချုံတိုးကြ၏။

ထွေးအောင် နွားများကိုလွှတ်တင်ထားပြီးသည်နှင့် သစ်ပင်ကြီးတစ်ပင်အောက်တွင် ကုန်းခြောက်ရာနေရာ၌ ထိုင်စောင့်နေရုံပင်။ ညနေစောင်းမှ နွားများကို တောထဲက ပြန်မောင်းထုတ်ကာ ရွာသို့ ပြန်မောင်းရမည် ဖြစ်သည်။

"အင်း၊ ငါဗိုက်ဆာလာပြီ၊ မြောင်စပ်တစ်နေရာမှာ ထမင်းသွားစားမှပဲ"

"ငါ ဒီနေ့ ငါးပိချက်နဲ့ ထည့်လာတာ ဆိုတော့ တောထဲက မြင်းခွာရွက်၊ ကန့်ကလာရွက်၊ မိုးမခရွက်နုတွေခူးပြီး တို့မြှုပ်စားမှပဲ"

ထိုအရွက်များ ရှာခူးကာ ရေစင်စင်ဆေးသည်။ ပြီးလျှင် မြောင်တစ်မြောင်ဘေးတွင် ထမင်းထုပ်ဖြေကာ ငါးပိချက်နှင့် အရွက်များကို တို့မြှုပ်ကာ အားပါးတရ စားနေလေသည်။

စားပြီးသွားသည်နှင့် သစ်ပင်ကြီးအောက်တွင် တုံးလုံးလှဲနိုင်ရန် သစ်ရွက်ပါသော သစ်ကိုင်းများ ခုတ်ယူ၍ ဖြန့်ခင်းလိုက်သည်။ ထိုအပေါ်တွင် တက်၍ လှဲအိပ်နေလိုက်သည်။ နွားကျောင်းရင်း တစ်နေကုန် တောထဲ နေရသည်က ပျင်းစရာကောင်းလှသည်။

ရွာတွင်ရှိနေပါက ပျင်းလျှင် ဟိုအိမ်လည်သည်အိမ်လည်နှင့် တော်သေးသည်။ တောထဲမှာက အဖော်ကမရှိ။ တစ်ယောက်တည်းဖြစ်နေ၍ ပျင်းရိလှသည်။ ထွေးအောင် နွားတွေစောင့်ကြည့်ရင်း အိပ်နေလေသည်။

"အင်း၊ ပုရွက်ဆိတ်တွေ ကိုက်ပါလား"

"ဩော်၊ ပုရွက်ဆိတ်တွေက ငါ့ကိုယ်ပေါ် တက်လာပြီး ကိုက်ကြတာကိုး"

ထွေးအောင် အင်္ကျီချွတ်၍ ခါထုတ်သည်။ ပုဆိုးကိုလည်း ဖြန့်၍ ခါချသည်။ ပုရွက်ဆိတ်ကိုက်၍ အိပ်မရတော့သဖြင့် ငုတ်တုတ်ထိုင်နေ၏။

"ငါ ဒီအတိုင်း ထိုင်နေမယ့်အစား ဒီနားက မြောင်ထဲ လျှောက်ကြည့်ပြီး တို့မြှုပ်စားနိုင်မယ့် အညွန့်တို့ အရွက်တို့ လိုက်ခူးယူသွားမှပဲ၊ အိမ်ရောက်ရင်တော့ အမေ့အတွက် ဟင်းတစ်မည် ချက်နိုင်တာပေါ့"

ထွေးအောင် ခမောက်ဆောင်းကာ မြောင်တစ်မြောင်ထဲသို့ ဆင်းလာခဲ့သည်။

"ဟာ ဒါ ဇရစ်ပင်တွေပဲ၊ ငါ ဇရစ်ရိုးအနုတွေ ဝင်ချိုးမှပဲ၊ ဟိုတစ်နေ့က ငါ့အမေ ဇရစ်ရိုးအနုကလေးတွေ ချိုးပိုင်းပြီး ကြော်ချက် ချက်ကျွေးတာ တော်တော်စားလို့ ကောင်းတယ်၊ တစ်ခါကြော်လောက်ရအောင် လိုက်ချိုးယူမှပဲ"

ထွေးအောင် ဇရစ်တောထဲ ဝင်ကာ ဇရစ်ရိုးအနုများကို ချိုးယူသည်။ အတော်များများ ရလာသောအခါ တောင့်ကပ်ပျောရွက်နှင့် လိပ်ပြီး နွယ်တစ်ပင်နှင့် စည်းထားလိုက်သည်။

ညနေစောင်းသောအခါ တောထဲ လွှတ်တင်ထားသော နွားများကို လိုက်မောင်းထုတ်သည်။ တောစပ်ပြန်ရောက်လျှင် သူ့ဇရစ်ထုပ်ကိုယူ၍ ရွာသို့ ပြန်မောင်းလာခဲ့တော့သည်။

"အမေရေ သား တောထဲက ဇရစ်နုတွေ ချိုးလာခဲ့တယ်ဗျ"

"ဟယ် ဟုတ်ပါရဲ့၊ ဇရစ်နုတွေက နုထွတ်ပြီး သန်လဲသန်၊ များလဲ တော်တော်များတာပဲ၊ အမေ ချိုးပြီး ကြော်ချက်ကလေး ချက်ပေးမယ်"

"များများသာကြော် အမေရေ၊ အမေ ဟိုတစ်နေ့က ကြော်ကျွေးတာ သိပ်စားလို့ကောင်းတယ် အမေရ"

"သား နောက်တွေ့ရင်လဲ ဒီလိုပဲ ခူးလာခဲ့နော်"

မိခင်ဖြစ်သူက တောထဲသွားပြီး နွားကျောင်းနေရတဲ့အတူတူ တောထဲက တွေ့သော အသီးအရွက် အညွန့်များ ခူးယူလာခဲ့လျှင် ဝယ်စရာမလိုဘဲ ချက်ပြုတ်စားနိုင်ကြောင်းပါ ပြောပြခဲ့လေသည်။

ထွေးအောင်လည်း တောထဲ နွားသွားကျောင်းလျှင် အလကားမနေဘဲ စားလို့ရသည့်အရွက်၊ အညွန့်များ ရှာဖွေခူးလာတတ်သည်။

"ဟာ၊ ချုံတန်းတွေ အောက်ဘက်မှာ မှိုတွေ ပေါက်ထွက်နေပါလား"

"ငါ နွားတွေ တောထဲမောင်းတင်ထားပြီးရင်တော့ မှိုတွေလိုက်နုတ်မှပဲ၊ ဒါဟာ ဖက်စိုမှိုတွေပဲ ဖြစ်မယ်"

ဖက်စိုမှိုက မိုးတွင်း၌ပေါက်သည်။ နွေအခါတွင် အပင်မှ အရွက်များ ကြွေကျနေပြီး မိုးကျ လာသောအခါ ထိုဖက်ရွက်များ ဆွေးမြည့်လာကြကာ မှိုများ ပေါက်ထွက်လာကြခြင်းဖြစ်သည်။

များသောအားဖြင့် ဖက်စိုမှို ရှာလိုလျှင် ချုံပင်ချုံတန်းများ အောက်သို့ လိုက်ငုံ့ကြည့်ပြီး ရှာရသည်။

ထိုအခါ မှိုပွင့်များကို တွေ့မြင်ရသည်။ ထိုမှိုပွင့်များကို လက်နှင့်ဆွဲနုတ်ယူရခြင်းဖြစ်သည်။ မှိုကလည်း အမျိုးမျိုးရှိသည်။ တောင်ပို့မှ ပေါက်သော တောင်ပို့မှိုလည်း ရှိသည်။ တောင်ပို့မှိုက အမြစ်ပါ ပါအောင် တူးယူနုတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုတောင်ပို့ပေါက်သည့်နေရာ မှတ်သားထားပြီး နောက်တစ်နှစ်တွင် ထိုရက်သို့ ရောက်ပါက ထိုတောင်ပို့၌ မှိုများပွင့်ထွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကောက်ရိုးမှို၊ ပဲမှို၊ ကြွက်နားရွက်မှို၊ မှိုဖျင်းများလည်း ရှိသည်။

တချို့မှိုက မစားကောင်းချေ။ မသိလို့ ချက်စားမိလျှင် မှိုတောင့်ပြီး အန်မည်။ အသက်အန္တရာယ်ပင် ရှိနိုင်သည်။

ထိုမစားကောင်းသည့် မှိုတွင်တော့ လည်ရစ်အကွင်း မပါချေ။ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာလျှင် မြက်ပင် မြက်တောကြား၌ပေါက်သော မြက်ကြားမှိုလည်း ရှိသေးသည်။

စားကောင်းသည့် မှိုပင်ဖြစ်ပါစေ၊ ချက်စားတော့မည်ဆိုလျှင် ကန်စွန်းရွက်အနည်းငယ် ထည့်ချက်ရသည်။ ကန်စွန်းရွက်က အဆိပ်အတောက် နိုင်သောကြောင့် မှိုမတောင်နိုင်တော့ချေ။

ထွေးအောင်လည်း သစ်ပင်၊ ချုံပင်များအောက်သို့ လိုက်ငုံ့ကြည့်ပြီး ဖက်စို့



မှိုရှာခဲ့ရာ လွယ်အိတ်တစ်လုံး အပြည့် ရလေသည်။

တချို့ ချုံအောက်တွင်တော့ ဆယ်ပွင့် ဆယ့်ငါးပွင့်မျှ တစုတဝေးတည်း ပေါက်နေလေသည်။ချုံပင်တိုင်းအောက်တွင်တော့ မရှိချေ။ ပေါက်သည့်ချုံအောက်တွင်သာ မှိုပွင့်တွေ့ရသည်။

“ငါ. . ညနေ အိမ်ပြန်ရောက်ရင်တော့ မှိုတွေပါလာလို့ အမေ ဝမ်းသာသွားမှာပဲ”

မှိုလွယ်အိတ်ကို လွယ်လာရင်း ထွေးအောင် တွေးလာနေခြင်းဖြစ်သည်။ မှိုက ရှာသည့်လူတိုင်း တွေ့ချင်မှ တွေ့သည်။ ထွေးအောင် ထိုမှိုလွယ်အိတ်ကို ဝါးရုံငုတ်တစ်ခုတွင် ချိတ်ဆွဲထားခဲ့လေသည်။

“အင်း, ငါဒီနေ့တော့ ငါ့နွားတွေကို တစ်နေရာပြောင်းပြီး ကျောင်းမှပဲ၊ တစ်နေ့လာလဲ ဒီတော၊ နောက်နေ့လာလဲ ဒီတောထဲချည်း လှွတ်ကျောင်းနေလေတော့ နွားစားဖို့ မြက်တွေက ရှားနေပြီပဲ”

ထို့ကြောင့် တောစပ်ရောက်လျှင် ယခင် ကျောင်းနေကျနေရာနှင့် တစ်မိုင်သာသာလောက် ဝေးအောင် မောင်းသွားပြီးမှ နွားတွေကို တောထဲမောင်းတင်လိုက်သည်။

နေ့ခင်းရောက်လျှင် ထမင်းစားရန် မြောင်ထဲဆင်းလာပြီး စားလေသည်။

“ဟာ ဒီမြောင်ကမ်းပါးမှာ ဝါးနွယ်ပင်တွေပေါ်တဲ့ ဝါးနွယ်တောပါလား၊ ဝါးစွယ်မျှစ်စို့တွေလဲ ထွက်နေပါလား”

ထွေးအောင် ဝါးနွယ်မျှစ်စို့များ တွေ့မြင်သဖြင့် အိမ်အတွက် မျှစ်ချိုးယူသွားရန်စိတ်ကူးမိလေသည်။

ထင်းဝါးတစ်ဆစ်ကိုဖြတ်၍ ဝါးထိပ်ပိုင်း၌ ဓားဖြင့် အစိတ်သေးသေးလေးများ စိတ်သည်။ ပြီးလျှင် ထိုမြောင်ကမ်းပါးတစ်လျှောက် ဝါးနွယ်ရုံများ အရင်းမှ မျှစ်စို့များ ချိုးယူကာ ဝါးစိတ်ကလေးများတွင် ကြံပဒေသာပင် ထိုးသလို ထိုးထိုးထားသည်။

“ငါ မျှစ်ထိုးထားတဲ့ ဝါးထိပ်ပိုင်းလေးငါးပိုင်းရအောင် မျှစ်ချိုးမှပဲ၊ ဒါမှ တစ်ဖက်သုံးတွဲစီချည်ပြီး ထမ်းယူသွားနိုင်မယ်”

ထွေးအောင် ထိုစိတ်ကူးနှင့် မျှစ်များရှာဖွေကာ ချိုးဝင်သွားရာ တောနက်ထဲ တဖြည်းဖြည်း ရောက်သွားတော့၏။ ထိုမြောင်ထဲဝင်ချိုး၊ ဟိုတောင်စောင်းတက်ချိုးနှင့် တောနက်ထဲ ရောက်လာခဲ့ခြင်း ဖြစ်သည်။

“အင်း, မျှစ်တွေလဲရပြီ၊ ငါ ပြန်တော့မှပဲ”

“ငါနောက်ဘက်ပြန်လှည့်ပြီး လာလမ်းအတိုင်း ပြန်မယ်”

သူ မျှစ်ချိုးလာကတည်းက ဟိုမြောင်ထဲဆင်း ဒီမြောင်ကမ်းပါးတက်နှင့် ချိုးလာခဲ့သဖြင့် လာလမ်းကို မမှတ်မိခဲ့တော့ချေ။ စိတ်မှန်းနှင့် တောစပ်သို့ ပြန်ထွက်ရန် ထွက်လာသည်။

“ဟင်, ငါအခုရောက်နေတဲ့ နေရာဟာ စောစောက ငါရောက်ပြီးတဲ့ နေရာကို ပြန်ရောက်နေတာပါလား”

“ဒီ ဘက်ကိုသွားရမှာနဲ့တူတယ်”

ထိုလမ်းအတိုင်း သွားပြန်၏။နာရီဝက်သာသာ သွားမိပြန်လျှင် စောစောက နေရာကိုပင် ပြန်ရောက်ခဲ့ပြန်၏။

“ဘယ်လို ဖြစ်ပါလိမ့်၊ ဒီလောက်သွားနေတာ တောစပ်မရောက်နိုင်ဘူး”

ထွေးအောင်မှာ တောစပ်ဘက်သွားရာလမ်းမှတ်ပြီး သွားပြန်သော်လည်း တောစပ်သို့ ပြန်မရောက်ခဲ့ဘဲ သူသွားပြီးသား နေရာကိုသာ ပြန်ပြန်ရောက်နေခဲ့သည်။

“ခက်ပြီ၊ မျှစ်တွေတော့ ချိုးလို့ကောင်းကောင်းနဲ့ ဝင်ချိုးလိုက်တာ အခုတော့ လာလမ်းပျောက်နေပါလား၊ ဘယ်လိုများ လုပ်ရပါလိမ့်”

“ဟာ ဒီနေရာမှာ ပျဉ်းကတိုးပင်ကြီးတစ်ပင်ပါလား၊ ထင်းဖြတ်ပြီးဆွဲရရင်တော့ နီးနီးနားနားနဲ့ ထင်းတုံးရမှာပဲ၊ အိမ်ရောက်မှ အဖေ့ကို လာဆွဲဖို့ပြောရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com

ထွေးအောင် အမောပြေသဖြင့် မျှစ်စို့များထမ်းကာ သွားပြန်၏။ နာရီဝက်သာသာလောက် သွားမိသောအခါ သူခပ်စောစော ထင်းဖြတ်ရန်ကောင်းသော ပျဉ်းကတိုးပင်ကြီးဆီ ပြန်ရောက်လာခဲ့၏။

"ဟင် ဒီနေရာဟာ ငါခပ်စောစောက ရောက်ပြီးသားနေရာပါလား၊ ဒီနေရာပဲ ပြန်ရောက်နေတာပါလား"

"ဟိတ်ကောင်လေး မျှစ်တွေ ချိုးလာတာလားကွ"

"ဟုတ် ဟုတ်တယ် ဦးလေးကြီးရဲ့ ဒါနဲ့ ဦးလေးကြီးက ဘာလာလုပ်တာလဲဗျ"

"ငါ ဝါးလာခုတ်ပြီး ထမ်းမှာကွ"

"ဦးလေးကြီးရာ ကျွန်တော် မျှစ်ချိုးပြီး တောစပ်ပြန်ထွက်တာ ထွက်မရဘဲ ဒီနေရာကို ပြန်ပြန်ရောက်နေလို့ဗျ"

"ဟာ. . . ဒါဆို မင်းတော့ တောမှောက်နေပြီကွ"

"ဗျာ. . တောမှောက်တယ်ဆိုတာ ဘာကိုပြောတာလဲဗျ"

"တောမှောက်တယ်ဆိုတာ လာလမ်းကို ပြန်မရောက်ဘဲ ဒီနေရာကို ပြန်ပြန်ရောက်နေတာကို ပြောတာလေကွာ"

"ဦးလေးကြီးကော ဝါးလာထမ်းတာဆိုရင် တောမမှောက်ဘူးလားဗျ"

"မမှောက်ပါဘူးကွာ၊ ဒီတောက တော်တော်ထူးဆန်းတယ်ကွ၊ ဒီတောထဲဝင်ပြီး တစ်ခုခု လုပ်တော့မယ်ဆိုရင် တောထဲဝင်စမှာ တန်းမဝင်ရဘူးကွ၊ တောထဲဝင်စ လေးငါးလှမ်းမှာ နောက်ပြန်ဝင်လိုက်ရတယ်ကွ၊ လေးငါးလှမ်းနောက်ပြန်နဲ့ ဝင်ပြီးမှ ရှေ့ဘက်ပြန်လှည့်ပြီး သွားနေကျအတိုင်း လှမ်းဝင်ခဲ့ရင် တန်ပြန်သလိုဖြစ်ပြီးတော့ တောမမှောက်တော့ဘူးကွ"

"ဒါဖြင့် ဦးလေးကြီးကော ဒီတောထဲကို စပြီး ဝင်လာတုန်းက အဲဒီလိုနောက်ပြန်လေးငါးလှမ်းနဲ့ လှမ်းဝင်ခဲ့ရတာပေါ့နော်"

"အေးလေကွာ အဲဒီလိုမှ မလုပ်ရင် ငါလဲ တောမှောက်ခံရမှာပဲပေါ့ကွာ"

"ဟုတ်ပြီ ဦးလေးကြီးရာ၊ ဦးလေးကြီးပြောပြထားလို့ သိရပါပြီ၊ နောက်ကို ဒီတောထဲ တစ်ခုခု ခုတ်ဖို့လာခဲ့ရင် ဦးလေးကြီးပြောတဲ့အတိုင်း ဝင်ပါ့မယ်"

"ဒါပေမဲ့ ဦးလေးကြီးရာ ကျွန်တော့်ကို တောစပ်ဘက်ထွက်တဲ့လမ်း ပြပေးပါဦးဗျာ"

"ဟောဒီ ဦးလေးကြီး လာခဲ့တဲ့လမ်းအတိုင်းသာသွား၊ မင်းမကြာခင် တောစပ်ကို ထွက်သွားလိမ့်မယ်ကွ၊ သိပ်မဝေးတော့ပါဘူးကွာ၊ ရောက်တော့မှာပါ"

"ဒါဆို ကျွန်တော်သွားပြီနော် ဦးလေးကြီး၊ လမ်းပြပေးတဲ့အတွက် ဦးလေးကြီးကို ကျေးဇူးတင်ပါတယ်ဗျာ"

ထွေးအောင်လည်း ထိုဦးလေးကြီး လမ်းပြပေးသည့်အတိုင်း ထမ်းထွက်လာခဲ့ရာ မကြာမီပင်တောစပ်သို့ ရောက်လာခဲ့လေသည်။

နေလည်း အတော်စောင်းလာပြီဖြစ်ကာ နွားတွေလည်း တောမှ အစာဝ၍ ပြန်ထွက်လာနေသည်ကို တွေ့မြင်သဖြင့် နွားများကို သွက်သွက်မောင်းကာ ရွာသို့ ပြန်လာခဲ့သည်။

"တော်ပါသေးရဲ့ ငါ တောမှောက်ပြီး လမ်းပျောက်နေခဲ့တာ ဦးလေးကြီးကျေးဇူးကြောင့်သာ တောထဲက ပြန်ထွက်လာနိုင်ခဲ့တာပဲ၊ အဲဒီဦးလေးကြီးကိုသာ ငါမတွေ့ခဲ့ဘူးဆိုရင် တောထဲမှာ ဘယ်လောက်ကြာကြာ လမ်းရှာမတွေ့ဘဲ နေမလဲမသိဘူး"

ထွေးအောင်လည်း ထိုထူးဆန်းသည့်တောနှင့် သူ့အဖြစ်ဆန်းကို ပြန်တွေးလာကာ ဦးလေးကြီးကို ကျေးဇူးတင်မဆုံး ဖြစ်နေလေတော့သည်။

❒ ထင့်ထူး(ဓေယျဝတီ)

(၁)

အချိန်ကား ၁၉၅၉ ခုနှစ် ဖြစ်သည်။ ကျေးဇူးရှင် စွန်းလွန်း အရှင်ဦးဝိနယမှာ ထိုစဉ်က မြန်မာ့အသံမှ လပြည့် လကွယ်နေ့တိုင်း ဒေါ်သန်းနှစ်၏ ကျေးဇူးပြုမှုကြောင့် မြန်မာ့အသံမှ တရားဟောခဲ့ပါသည်။ တစ်ခါတစ်ရံ ဇာကပ်ဟောသည်။

ဆရာတော်၏ ရှင်းလင်းပြောပြချက်မှာ မာန်ပါလှပါသည်။ တစ်ခါတစ်ရံ အဘိုးအို၊ အဘွားအိုများကပင် ရေဒီယိုထဲက အသံမှာ မာန်ပါလှချေလားဟု မှတ်ချက်ချကြပါသည်။

အီတလီနိုင်ငံမှ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာများ ထွန်းကားသည့် နိုင်ငံသို့ ဦးလောကနာထမှာ နှစ်ချီကြာမြင့်စွာ လမ်းလျှောက်လာဖူးပါသည်။ အလွန်စွန့်စားသည့် အီတာလျံ ဗုဒ္ဓဘာသာ ရဟန်းကြီးပါ။ ထာဝရသက်သတ်လွတ် ကျင့်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါသည်။ ကြည်ညိုဖွယ်ရာပါ။

စွန်းလွန်း ဆရာတော်ကြီး၏ တရားတော်ကို လေးစား သက်ဝင်ယုံကြည်သူ အီတာလျံ ဆရာတော် ဦးလောကနာထမှာ စွန်းလွန်းဆရာတော် ဦးဝိနယနှင့် တွေ့ဆုံဆွေးနွေးပြီး တရားကျင့်ကြံ အားထုတ်ခဲ့ဖူးပါသည်။

ဗောဓိကုန်း ကျောင်းတိုက်ရှိ တစ်ထပ်တိုက်ကျောင်းတွင် ဆရာတော် ဦးလောကနာထ သီတင်းသုံးပါသည်။ စွန်းလွန်းဆရာတော်ဦးဝိနယမှာ ထိုစဉ်က သူငယ်ချင်း လုပ်ဖော်ကိုင်ဖက် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်နှင့် ဆရာကြီး ဦးခင်မောင်လတ်တို့၏ သားဒေါက်တာ ခင်မောင်ဝင်းတို့၏ ဝင်းခြံအတွင်းရှိ ယာယီစံကျောင်းတော်တွင် သီတင်းသုံး နေထိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဂုဏ်မွေးစူးတတ်သည်

## ကမ္ဘာလှည့်တင်တင်စိန်

အမှတ်-၅၀၅ ပြည်ရိပ်သာသည် ရန်ကုန်တက္ကသိုလ်နှင့် နီးကပ်နေပါသည်။ တက္ကသိုလ် ဆရာ, ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများလာရောက်၍ နေ့စဉ်အားထုတ်ကြပါသည်။

ဆရာတော်ဦးဝိနယနှင့် အီတာလျံ သစ်ဥသစ်ဖုဆရာတော် ဦးလောကနာထတို့ ပူးပေါင်းလျက် မြန်မာနိုင်ငံအနှံ့ တရားဟောကြသည်။

စာရေးသူလည်း တစ်ချိန်တည်းမှာပင် ပူးတွဲဟောပြောပွဲများ ကျင်းပခဲ့ဖူးပါသည်။မှတ်မှတ်ရရ မြစ်ဝကျွန်းပေါ် မြို့တစ်မြို့တွင် တရားဟောရန်ကြွသော စာရေးသူတို့အဖွဲ့ကို ကျကျနန ဂုဏ်ရှိရှိ လာကြိုပြီး မင်းခမ်းမင်းနားနှင့် အရာရှိစုံညီစွာ လာကြိုကြသည်။ ထင်ရှားသည့် ဘုန်းကြီးကျောင်းတွင် ဆရာတော်ကြီး နှစ်ပါးကို ထားသည်။

ဦးလောကနာထ ဆရာတော်ကကောက်ချက်ချသည်။

"တို့အတွဲက နေနှင့်လအတွဲ"ဟု ပြောပြန်သေးသည်။ သလွန်ညောင်စောင်းတို့ပေါ် ကတ္တီပါအကောင်းစားများ ခင်းထားသည်။ အလွန်မှတင့်တယ်နေပါသည်။ သာမန်မဟုတ်သည့် အထူးအခင်းအကျင်းနှင့် ဖိတ်ဖိတ်တောက်လှပနေပါသည်။ ဆရာတော်များ မနေတတ်တော့ပါ။ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကြသည်။

သဘောမှာတော့ ဘာများ ဖြစ်ကုန်ကြပါလိမ့်ဆိုသော သဘော ဖြစ်နေပါသည်။ တကယ်စင်စစ် ဧည့်ဝတ်ကျေလွန်းသည့် ဒကာ၊ ဒကာမများနှင့် ကြုံနေကြသည်။ ပူအိုက်နေချိန်တွင် သားနားသည့် ကတ္တီပါ (စိန်) အကောင်းစားကို သုံးထားပါသည်။

စာရေးသူမှာ ကျောင်းဒကာကျောင်းအမအိမ်တွင် တည်းရန်ပို့ထားပါသည်။ အားမနာနိုင်တော့သဖြင့် ပန်းတနော်ဖျာကလေး ပေးပါရန် မေတ္တာရပ်ခံလိုက်ပါသည်။

ယနေ့ထက်တိုင် ဖျာနှင့်သာ အိပ်သူဖြစ်သဖြင့် ဖျာကိုသာတောင်းပန်ယူလိုက်ပါသည်။ ညတရားပွဲ ဟောပြောပြီးတွင် ဆရာတော်များကို ထည်ဝါခမ်းနားသည့် စိန်ကတ္တီပါ သလွန်ညောင်စောင်းဆီမှာ ကျိန်းကြရပါသည်။

နောက်နေ့တွင် ဆရာတော်စွန်းလွန်းဦးဝိနယက စတင်၍ . . .

"ဟော့ တရားဟောဆရာမလေးရဲ့ တို့ရဟန်းနှစ်ပါးတော့ စိန်ကတ္တီပါနဲ့ တစ်ညလုံး ဂုဏ်မွေးစူးလို့ မနေသာဘူး၊ တော်ပါသေးရဲ့၊ တရားအားကိုးရှိလို့ တစ်ညလုံး ငုတ်တုတ်ထိုင် တရားမှတ်လိုက်ရတာ"ဟု အားရပါးရ စိန်ကတ္တီပါရဲ့ ဂုဏ်မွေးစူးကြောင်းကို မှတ်မှတ်ရရ ပြောပြသဖြင့် တစ်သက်တာ ဘဝင်ထဲမှာ မှတ်သားမိသည်။

ထည်ဝါလွန်းသည့် ဂုဏ်ဒြပ်များမှာ ပုဂ္ဂိုလ်တိုင်း၌ တွဲလျက်ပါသော ဒုက္ခများစွာ ရှိတတ်ပါသည်။

ကမ္ဘာသူ ကမ္ဘာသားများ
ချမ်းသာကြပါစေ။

❒ ကမ္ဘာလှည့်တင်တင်စိန်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင် ဟူ၍ရှိခဲ့ရာ အပိုင်း သုံးပိုင်းလုံး အောင်မြင်ခဲ့သည်။ ဤသည်ကို လူတိုင်း (တစ်တိုင်း တစ်ပြည်လုံး) သိရှိကြပြီးဖြစ်၍ လည်း ကျွန်တော့်အနေဖြင့် အစရခက်နေခြင်းဖြစ်သည်။

အကြောင်းမူ ထိုအကြောင်းများကို ကျွန်တော့်အနေဖြင့် ပြန်ရေးသော် ဆရာ၏အောင်မြင်မှုအပေါ် နှမ်းဖြူးသည်ဟု အများက အထင်ရောက်မှာကိုလည်း စိုးရိမ်စိတ်က ကျွန်တော့်ကို ခြောက်လှန့်နေခဲ့သည်။ သို့နှင့် ကျွန်တော် မရေးဖြစ်ဘဲ ရက်တွေကြာနေခဲ့သည်။ နောက်ဆုံးတော့ ကျွန်တော့်အနေဖြင့် ရေးဖြစ်ဖို့သာ လိုရင်းဖြစ်နေ၍ အများသိသည့်ထူးမခြားနားထဲမှ အလွမ်းပြေသဘောမျိုးဖြင့် ဤဆောင်းပါးကို ရေးမိရပါသည်ဟု ရှေးဦးစွာဝန်ခံရပါသည်။

**ဆရာဦးသုခနှင့် စာပေ**

ဆရာ ဦးသုခသည် ငယ်စဉ်ကတည်းက ရတု၊ ကဗျာများ ရေးသား စပ်ဆိုခဲ့သည်။

ဦးသုခ နှစ် (၁၀၀) ပြည့် အမှတ်တရ

# ဦးသုခဖြတ်သန်းခဲ့သော အနုပညာသည်ဘဝ

**မောင်သိလ**

၁၄-၁-၂၀၁၀ ရက်နေ့သည်ကား ဆရာကြီး ဦးသုခ နှစ်(၁၀၀)ပြည့်နေ့ ဖြစ်ပါ၏။ ထိုနှစ်(၁၀၀)ပြည့် ကျရောက်နေ့တွင် မန္တလေးမြို့၌ နှစ်(၁၀၀)ပြည့်ပွဲ အထိမ်းအမှတ် ကျင်းပမည်ဟု စာပေလောကတွင် ဟိုမှသည်မှ သတင်းများ ပျံ့လွင့်လျက်ရှိခဲ့ပါ၏။ မှတ်မှတ်ရရ အမေနေ့ကိုလည်း မန္တလေးမြို့ကပင် စတင်ကျင်းပခဲ့သည်။ ၁၉၉၇ ယခုနှစ် ၁၀၀ ပြည့်ပွဲကိုလည်း မန္တလေးမြို့ကပင် ကျင်းပမည်ဆိုတော့ များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျွန်တော့်အနေဖြင့် ရန်ကုန်သား ဖြစ်နေ၍ ပါဝင်ဂုဏ်ပြုခွင့်မရသည့်တိုင် စာအားဖြင့်တော့ ကျွန်တော့်တွင် အခွင့်အရေးရှိသည်ဟု မှတ်ယူပြီး ဤဆောင်းပါးကို ဆရာဦးသုခနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားမိရပါတော့သည်။

တကယ်တမ်း ကျွန်တော်ရေးသားမည်ဟု ကြံတော့ ဘယ်ကစရမှန်းမသိ၊ ရက်အတန်ကြာထိ စဉ်းစားခဲ့ရသည်။ ဆရာဦးသုခ၏ဘဝကို ထုဆစ်ကြည့်တော့လည်း စာပေ၊ ဂီတ၊ ဝတ္ထုများကိုမူ အထက်တန်းကျောင်းသား ဖြစ်လာသောအခါကျမှ စတင်ရေးသားရန် စိတ်အား ထက်သန်လာသည်။ သို့ဖြစ်၍ ၁၉၂၉ ခုနှစ်တွင် စိန်သိန်းတန် ကလောင်အမည်ဖြင့် စပယ်ပွင့်ဝတ္ထုကို စတင်ရေးသားသည်။

၎င်းဝတ္ထုကို ကဝိမျက်မှန်မဂ္ဂဇင်းသို့ ပေးပို့ခဲ့ရာဖော်ပြခြင်းခံခဲ့ရသည်။ ၁၉၃၀ ပြည့်တွင် ရွှင်ပျော်ပျော်တိုက် ဝတ္ထုတိုပြိုင်ပွဲ ၌ "မိန်းမသား"ဟူသော ဝတ္ထုစာမူဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာရွေးချယ်ခံခဲ့ရသည်။ ၁၉၃၄ ခုနှစ်တွင် ရွှင်ပျော်ပျော်တိုက်နှင့်လိုက်ဖက်ရန် "သုခ" ဟူသော ကလောင်အမည်ကို ယူခဲ့သည်။ စာပေဝဲဩဃထဲတွင် ၁၉၃၈ ခုနှစ်အထိ ကြာမြင့်ခဲ့၏။

တိုးတက်ရေးသတင်းစာတွင် သည်ဆောင်းဟေမာန်၊ မိုးကြယ်မှိုလားနှင့် လုံးချင်းဝတ္ထုများဖြစ်သည့် "လူမှာ အတွေ့၊ ဗြိတိသျှဝေလမင်းသား၊ နှစ်လင်ကွာ၊ ဘုန်းနေ့ဆက်လွမ်း၊ မမေ့တဲ့နိုင်" တို့သည် ရေပန်းစား၍ လူကြိုက်များခဲ့သည်။ ထိုအချိန်၌ ဒဂုန်မဂ္ဂဇင်းကြီးမှ ဝတ္ထုစာမူတောင်းခံလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုခေတ်က ခေတ်ပြိုင်မဂ္ဂဇင်း၊ ဂျာနယ်များ အနက် ဒဂုန်မဂ္ဂဇင်းမှာ ဂုဏ်ရှိန်ထည်ဝါမှု အကြီးမားဆုံးဖြစ်၏။ ဤနေရာ၌ ဒဂုန်မဂ္ဂဇင်းကြီး၏ စာပေသြဇာဂုဏ် ကြီးမားမှုကိုလည်း အနည်းငယ် ဖော်ပြချင်ပါသည်။ အကြောင်းမှု ဒဂုန်မဂ္ဂဇင်းကြီး၏ ထုတ်ဝေသူ အေဝမ်းဦးတင်မောင်မှာ ဆရာဦးသုခ၏ ဆရာဖြစ်နေခြင်းကြောင့်ပါ။

ထိုစဉ်က ဒဂုန်မဂ္ဂဇင်းကြီးမှာ စာမူအမျိုးအစား စုံလင်ခြင်း၊ နာမည်ကျော် စာရေးဆရာများ ပါဝင်ရေးသားခြင်း စာအုပ်အပြင်အဆင် မွမ်းမံမှု ခေတ်မီခြင်း ဟူသည့် မဂ္ဂဇင်းဂုဏ်အင်္ဂါနှင့် ပြည့်စုံ၏။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ပုပ္ပားဦးကျော်ရင် (လယ်တီဦးကောဝိဒ)၊ ဒဂုန်ဦးစန်းငွေတို့မှာ အယ်တီတာချုပ်များ ဖြစ်ကြ၏။ အဖွဲ့ဝင် အယ်ဒီတာများမှာ ဒါရိုက်တာဦးတင်နွယ်၊ ဦးလှဘူး၊ ဦးချင်းစိန်တို့ ဖြစ်သည်။ မဂ္ဂဇင်း စာမူသရုပ်ဖော် ပန်းချီဆရာတို့မှာလည်း ပန်းချီ ဦးငွေကိုင်၊ ဦးဘလုံ၊ ဦးအုန်းလွင် စသူတို့သည် ဦးဆောင် ပန်းချီဆရာကြီးများ ဖြစ်၏။

ထိုအချိန်က ဒဂုန်မဂ္ဂဇင်းကြီးတွင် ပါဝင်ရေးသားသူတို့မှာ ဒဂုန်နတ်ရှင်၊ ဒဂုန်ရွှေမျှား၊ ဒဂုန်မောင်စံသူ၊ ဒဂုန်ခင်ခင်လေး၊ ဒဂုန်သိန်းသိန်း၊ ဒဂုန်ခင်လေးဆွေ၊ ဒဂုန်ဆရာရွှေ ဒဂုန်မြတ်လေးနွယ်၊ ဒဂုန်တာရာ စသည့် ဒဂုန်ဘွဲ့ရ စာရေးဆရာများက ပင်တိုင်ရေးသားကြသည်။

အခြားစာရေးဆရာများ ဖြစ်ကြသည့် ဟံသာဝတီဦးဘရင်၊ ပီမိုးနင်း၊ ဇေယျ၊ ဉာဏ၊ ဇဝန၊ သခင်၊ ရွှေဒုံးဘီအောင်တို့၏ စာမူများကိုလည်း ဖတ်ရ၏။

တက္ကသိုလ်ကဏ္ဍတွင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ သိပ္ပံစိုးရင်၊ သိပ္ပံမောင်ဝ၊ ကုသ၊ မြကေတု၊ တက္ကသိုလ်ထင်ကြီး၊ တက္ကသိုလ်ခင်လေးမောင်၊ တက္ကသိုလ် မောင်မောင်ကြီး၊ တက်တိုး၊ သိန်းဖေမြင့်တို့ ပါဝင်ရေးသားကြ၏။

ဒဂုန်ကဝိပေါင်းချုပ် အခန်းမှာ အရပ်ရပ်၊ နေရာဒေသအသီးသီးတို့မှ လက်ရာများ ကွန့်မြူးရာ ဖြစ်၏။ ဆရာဦးမောင်ကြီး ခေါင်းဆောင်သော နီတိမာလာ၊ ယုဝတီစက္ခုအခန်း၊ ရွှေညာမောင်၏ အေဝမ်းရုပ်ရှင်ကဏ္ဍ၊ ရုပ်ရှင်ဓာတ်ပုံ၊ ရုပ်ရှင်သတင်းတို့နှင့် ဝေဝေဆာဆာ ရှိလှ၏။ ထိုခေတ်က ဒဂုန်မဂ္ဂဇင်းဖတ်မှ ခေတ်မီသည်၊ ဂုဏ်ရှိသည်ဟု မှတ်ယူရလောက်အောင် အရှိန်အဝါကြီးခဲ့ရာ ထိုမဂ္ဂဇင်းကြီးမှ စာမူတောင်းခံခြင်း ခံရသဖြင့် ဆရာဦးသုခမှာ များစွာ ပီတိဖြစ်ခဲ့ရသည်ဟု ဆိုပါသည်။

ယခု မောင်ငွေးမြိုင် (ဒဂုန်တာရာ)၏ ကျေးဇူးကြောင့် ဟိတ်ကြီးသော ဒဂုန်မဂ္ဂဇင်းကြီးတွင် ပါဝင် ရေးသားရပေတော့မည်။ ဒဂုန်မဂ္ဂဇင်းအတွက် ဗွေဆော်ဦး ဝတ္ထုတစ်ပုဒ်ဖန်တီးရပေမည်။

ထိုအချိန်က တစ်မြို့တည်းသား၊ တစ်ကျောင်းတည်းထွက်ဖြစ်သော ဒဂုန်တာရာ၏ ဦးလေးတော်သူ ဦးဘညွန့် (မောင်စည်သူ)နှင့် ဆရာဦးသုမှာ ရေးဖော်ရေးဖက်များ ဖြစ်ကြ၏။ ဆရာဦးသုခနှင့် တစ်ချိန်တည်း စာရေးသူများမှာ ရန်အောင်၊ သခင်၊ ရဲထွဋ်၊ မင်းဆွေ၊ သိပ္ပံကျော်ထင်၊ မြို့မအုန်း၊ သတိုးသီလ၊ ဇကာကြီးထိပ်တင်၊ ကဝိအောင်၊တက်ထွန်း၊ တင့်တယ်၊ ရွှေပိန်သောင်း တို့ဖြစ်ကြသည်။

ဒဂုန်မဂ္ဂဇင်းအတွက် ဗွေဆော်ဦး ဝတ္ထုရေးဖြစ်ပုံမှာ ထိုခေတ်က တက္ကသိုလ်ကျောင်းဆောင်အသီးသီး ၌ နယ်စုံမှ ပညာလာသင်ကြသော ကျောင်းသားများထဲတွင် တူရိယာဂီတဝါသနာရှင်များလည်းပါရှိရာ သူတို့သည် သူတို့၏ ဂီတတူရိယာ လက်ဆွဲတော်လေးများကို ကိုယ်နှင့်မကွာ သယ်ယူလာကြ၍ သီဆိုတီးမှုတ်အပျင်းဖြေလေ့ရှိကြ၏။ ထိုအထဲတွင် မောင်ငွေးမြိုင်(ဒဂုန်တာရာ)ကမူ သူ၏စန္ဒရားကြီးကို သူ၏မြို့ ကျိုက်လတ်မှ သူနေရာကျောင်းဆောင် (စစ်ကိုင်းဆောင်) အထိ သင်္ဘောတစ်တန်၊ လော်လီကားတစ်တန် ကုလားကူလီများဖြင့် တကူးတက သယ်ယူလာပြီး တီးခတ်သည်။

ဤတွင် သူ့အား သီချင်းဆိုပေးရန်အတွက် ဆရာဦးသုခမှာ တက္ကသိုလ်ကျောင်းသား မဟုတ်သော်လည်း ကျိုက်လတ်သား မောင်ငွေးမြိုင်(ဒဂုန်တာရာ)ကြောင့် အဆောင်ထမင်းစားကာ တက္ကသိုလ်အဆောင်မှာ ခံနေရတော့သည်။ အခန်းထဲတွင် လူစုံ၊ အတွေးစုံ၊ အကြောင်းစုံပုံကို ဆရာဦးသုခ သတိပြုမိတော့သည်။ ထိုအထဲတွင် ထူးထူးခြားခြားရှိလှသူ တစ်ဦးမှာ မှုန်တေတေ၊ ဣန္ဒြေကြီးကြီး၊ စကား အနည်းဆုံးဖြစ်သူ ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)ပင် ဖြစ်သည်။

ထိုစဉ်က ကိုအောင်ဆန်းသည် (၁၉၃၅၊ ၁၉၃၆ ခုနှစ်) တက္ကသိုလ်သမဂ္ဂတွင် အမှုဆောင်တစ်ယောက် ဖြစ်သည်။ သူ့စရိုက်အတိုင်း ဟန်ပန်မရှိ၊ ရိုးရိုးရှင်းရှင်း နေတတ်ကာ သီဆိုနေသည့် သီချင်းမဆုံးမီ ထထွက်ချင် ထွက်သွားတတ်သည်။ အခန်းထဲရှိ ဂီတ၊ ရသ ခံစားနေသူတို့နှင့် ဆန့်ကျင်ဘက် အနေအထားမျိုး ရှိတတ်သည်။

ထိုစဉ်က ကိုအောင်ဆန်းနှင့် ပတ်သက်ပြီး မောင်ငွေးမြိုင်(ဒဂုန်တာရာ)က မှတ်ချက်ပေးသည်မှာ . . .

"ဒီလူက ဒီလိုပဲဗျ၊ အားနာတယ်ဆိုတာ မရှိဘူး၊ အားနာတယ်ဆိုတာ လိမ်တာတဲ့၊ စကားပြော တိုတောင်းသလောက် ဖြောင့်မတ်တယ်၊ လောကွတ်မရှိတော့ ရိုင်းတယ်လို့ ထင်ရတယ်" ဟု ပြောဖူးသည်။ မှန်ပေသည်။

သူကိုယ်တိုင် "အောင်ဆန်း သို့မဟုတ် အရိုင်း" ဟု ဆောင်းပါးရေးသားခဲ့ဖူးလေသည်။ ဤသို့ တစ်မူထူးခြားသည့် ကိုအောင်ဆန်း၏ စရိုက်၊ စိတ်နေလက္ခဏာ အပြုအမူတို့ကို အကြောင်းပြု၍ ဆရာဦးသုခ၏ ဗွေဆော်ဦးဝတ္ထု၏ ဇာတ်ကောင်မှာ ကိုအောင်ဆန်း ဖြစ်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထု၏အမည်မှာ [illegible] ဖြစ်သည်။ [illegible] မဂ္ဂဇင်းအယ်ဒီတာများက ကိုအောင်ဆန်း၏ စရိုက်လက္ခဏာများ ပေါ်လွင်သည်ဟုဆိုကာ ကြိုက်နှစ်သက်ကြသည်။

ဤဝတ္ထုမှာ လူငယ်ထုအတွင်း ရေပန်းစားခဲ့သည်။ ထုံးစံအတိုင်း ဆရာဦးသုခ မောင်ဒွေးမြိုင်ထံ သီချင်းသွားဆိုနေချိန်တွင် ကိုအောင်ဆန်းနှင့် ဆုံပါတော့သည်။

ကိုအောင်ဆန်းက ခပ်တည်တည်ဖြင့် "ခင်ဗျားဝတ္ထုက ဘာလဲဗျ" ဟုမေးရာ ဆရာဦးသုခက "ဝတ္ထုဆိုတာ ဝတ္ထုပေ့ါဗျာ"ဟုပင် ခပ်ပေ့ါပေ့ါ ပြန်ဖြေခဲ့ပေသည်။

သခင်ကတော် ဝတ္ထုမှဆက်ကာ ဒဂုန်မဂ္ဂဇင်းကြီးတွင် "စောရနက္ခတ်၊ ကျားသားမိုးကြိုး၊ ဖွင်ယူရတာ" စသည့် ဝတ္ထုများဆက်ရေးခဲ့သည်။ လင်ယူရတာ ဝတ္ထုသည် မိန်းမတို့၏ သဘောအား နိုက်နိုက်ချွတ်ချွတ် သိမ်မွေ့စွာ ဖော်ပြထားသည်ဖြစ်၍ အမျိုးသမီးထု နှစ်သက်ကြသည်။ ဆက်လက်ရေးသားရန် တောင်းဆိုကြသဖြင့် ဆက်လက်ရေးသားပေးရသည်အထိ ဖြစ်ခဲ့သည်။ လင်ယူရတာဝတ္ထု အကျိုးဆက်ဖြင့် ထိုအချိန်က ရုပ်ရှင်လောကတွင် ဒါရိုက်တာအဖြစ် အောင်မြင်နေသော အေဝမ်းဦးတင်မောင်နှင့် စတင်တွေ့ဆုံခဲ့ရတော့၏။ ထိုမှ "ချစ်အမျှ"ဇာတ်လမ်း ဖြစ်ပေါ်လာကာ ဂန္ဓဝင်ရုပ်ရှင်ဇာတ်ကားကြီး ချစ်အမျှ အဖြစ် ထွက်ပေါ်လာခဲ့သည်။

ထိုအချိန်က တစ်မတ်တန်၊ ငါးမူးတန်လုံးချင်း ဝတ္ထုတစ်ပုဒ်အတွက် စာမူခမှာ (၁၂၅/၁၅၀)မျှ ရသော အချိန်၌ ဆရာဦးသုခ၏ ချစ်အမျှ ဝတ္ထုစာမူခမှာ ၂၅၀ ရရှိခဲ့လေသည်။ ဆရာဦးသုခသည် တစ်မတ်တန်ခေတ်မှ ယနေ့ အချိန် (၂၀၀၅)အထိ လုံးချင်းဝတ္ထုပေါင်း ၁၀၀ ခန့်နှင့် ဝတ္ထုတိုပေါင်း ၂၀၀ ခန့် ရေးသားခဲ့သည်။ ဆောင်းပါး စာမူများမှာ များပြားလွန်းသဖြင့် အရေအတွက်ပင် ပြောမပြနိုင်ပါ။ ဆရာဦးသုခ၏ ဘဝအစအပိုင်း စာမူများသည် အကြောင်းအရာမျိုးစုံရေးသားခဲ့သည်ကို သတိပြုမိခဲ့သလို ဘဝနောက်ပိုင်း ကာလတွင် ဘာသာရေးဆိုင်ရာများကိုသာ အလေးပေးရေးသားခဲ့ကြောင်း တွေ့ရမည် ဖြစ်ပါသည်။

များလှစွာသော ဆရာ့စာများထဲမှ ဆရာမကွယ်လွန်မီ ဆရာအကြိုက်ဆုံးဟုဆိုသော စာမူများကို ပါရမီစာပေတိုက်က ပြန်လည်ထုတ်ဝေခြင်း ပြုခဲ့ပါသည်။

ထိုစာမူများမှာ . . .

(၁)သုခမှတ်စု (အကြိမ်များစွာ)၊ (၂) ချယ်ရီအလှ စာအလှ၊ (၃) ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ၊ (၄) အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ၊ (၅) လောကနီတိ၊ (၆) ရာမာခရစ်ရှနာ ပုံပြင်များ၊ (၇) မေတ္တာသုတ်၊ (၈) မင်္ဂလာသုတ်၊ (၉) သုခ ဝတ္ထုတိုများ၊ (၁၀) ရတနသုတ်၊ (၁၁) စိတ်ဆိုသောစိတ်နှင့် ဝဠနာဒီပနီ၊ (၁၂) အမေ၊ (၁၃) သုတ၊ ရသ၊ ဓမ္မစာစုံ၊ (၁၄) ကံ - ကံ၏အကျိုးနှင့် အခြားဝတ္ထုတိုများ၊ (၁၅) ဂုဏ်ရည်မတူ [illegible] (၁၆) [illegible] သဗ္ဗမင်္ဂလာ၊ (၁၇) သုခနှင့်သုခ၊ (၁၈) ဓမ္မကထာ စာပဒေသာ၊ (၁၉) သဗ္ဗေသတ္တာ၊ (၂၀) တေးဘုမ္မာအဖွင့်၊ (၂၁) သည်ဆောင်းဟေမန်၊ (၂၂) ရုပ်ရှင်လောက ဘဝသံသရာ၊ (၂၃) ဇီဝကနှင့် ကိုယ်ပိုင်ဂုဏ် (ဒေါက်တာမတင်ဝင်းနှင့်တွဲ) တို့ ဖြစ်သည်။

ဤသည်တို့ကား ဆရာဦးသုခနှင့် ဆရာ့စာပေအကြောင်းတို့မျှသာ ဖြစ်ပါ၏။ ဆရာသုခနှင့် ဘာသာရေးအခန်းကဏ္ဍ မသွားမီ (မရေးမီ) ဆရာနှင့် ပြဇာတ်အကြောင်းကလေးကို ဦးစွာတင်ပြချင်ပါသည်။

## ဆရာသုခနှင့် ပြဇာတ်ခေတ်

စစ်ပြီးစခေတ်တွင် ရုပ်ရှင်အနုပညာသည်တို့မှာ ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်တန့်သွားသဖြင့် ရုံသွင်း ကပြရသည့် ဇာတ်သဘင်လောကသို့ အလျှိုလျှို ဝင်ရောက်လာကြသည်။ ထိုအချိန်၌ ပြဇာတ်ခေတ်တစ်ချိန် ခေတ်ဆန်းထလာသည်ဟု ဆိုရပေမည်။

ထိုအချိန်၌ ရန်ကုန်မြို့မှ ဇိမ်ရုံ၊ ဇော်ရုံ၊ မြိုင်ရုံ၊ ကားဒွေးရုံ၊ ကန်တော်မိတ်ရုံများအပြင် ရန်ကုန်မြို့၏ ကျက်သရေဆောင် မြို့တော်ခန်းမကြီး၌ပင် ရုံဝင်ကြေးယူ၍ ရုံသွင်းပြသသော ပြဇာတ်များ ကပြခဲ့ကြသည်။ ထိုရုံများတွင် အနုပညာသည်များနည်းတူ ဆရာဦးသုခသည်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါ၏။ ဆရာဦးသုခ ပါဝင်ကပြ တင်ဆက်ခဲ့သော ပြဇာတ်ပေါင်း ၂၃ ထုပ် ရှိပါသည်။

(၁) ဂုဏ်၊ (၂) မေတ္တာနှင့်သစ္စာ၊ (၃) ဩော်, မိန်းမ၊ (၄) ဩော်, ယောကျ်ား၊ (၅) ဩော်, လောက၊ (၆) မိန်းမနှင့်ယောကျ်ား၊ (၇) ချစ်တော့ချစ်တယ်၊ (၈) ချစ်ကူမွှကီ၊ (၉) ဝသုန်ဤမြေ၊ (၁၀) ကိုယ်ကြိုက်တာ ကိုယ်လုပ်၊ (၁၁) သားတို့ရုပ်ရည်၊ (၁၂) ဦးပေါ်ဦး၊ (၁၃) မောင်ဖေငယ်၊ (၁၄) နှလုံးသွေးပျက်သော တေးတစ်ပုဒ်၊ (၁၅) တစ်သောင်းမကသောလက်များ၊ (၁၆) ဝိဇယ၊ (၁၇) ရွှေတိဂုံသမိုင်း၊ (၁၈) ချမ်းသာကိုယ်စိတ်မြဲပါစေ၊ (၁၉) အမြတ်ဆုံး ငါးဖြာ၊ (၂၀) ညောင်ရေသဘင်၊ (၂၁) တေးသံချိုချို၊ (၂၂) သာယာရွှေပြည် (ဝေဒဗ္ဗဇာတ်)၊ (၂၃) ခုံတော်မောင်ကျဘမ်း ပြဇာတ်တို့ တင်ဆက်ကပြခဲ့သည်။

ထိုအချိန်က မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ အသင်းရန်ပုံငွေအတွက်လည်း ရရှိစေ၊ ရှေးစာဆိုကြီးများကိုလည်း ဂုဏ်ပြုရာရောက်စေ ဟူသော ရည်ရွယ်ချက်ဖြင့် နှစ်စဉ်လိုလိုပင် ပြဇာတ်များ စင်တင်ကပြခဲ့ကြသည်။

ဆရာသုခ၊ ဆရာဇဝန၊ ဆရာရွှေညာမောင် တို့မှာ လွန်စွာ အတွဲညီခဲ့သော စာပေဖခင်ကြီးများ ဖြစ်ကြသည်။ မြို့တော်ခန်းမဇာတ်ခုံပေါ်တွင် ပထမဦးစွာကပြခဲ့သော ဇာတ်မှာ ဆရာသုခ၏ "တေးချိုချို" ပြဇာတ် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် မှတ်မှတ်ရရတင်ပြလိုသည်မှာ ဆရာဦးသုခသည် ဂီတနက်သန်ကိုစောညိန်းကို ထိုပြဇာတ်တွင် အသုံးပြုရန်အတွက် သီချင်းနှစ်ပုဒ် အရေးခိုင်းခဲ့သည်။

ထိုသီချင်းနှစ်ပုဒ်မှ နွေနှောင်းဝသန် သီချင်းကို ဇာတ်ဝင်တေးအဖြစ် အသုံးပြုခဲ့ပါသည်။ ရတုဘုရင် သီချင်းမှာ အသုံးပြုခြင်းမခံရသော်လည်း နွေနှောင်းဝသန် သီချင်းကဲ့သို့ပင် ယနေ့အချိန်အထိ အောင်မြင်ကျော်ကြားသော တေးသီချင်းတစ်ပုဒ်အဖြစ် ထင်ရှားနေခဲ့ပါသည်။

စင်တင်ကပြခဲ့သော ပြဇာတ်ပေါင်း (၂၀)ကျော်အနက် ဆရာဦးသုခ ပါဝင်ကပြ သရုပ်ဆောင်ခဲ့သော ပြဇာတ်တို့မှာ ဦးပေါ်ဦး၊ မောင်ဖေငယ်၊ ဝိဇယ၊ ခုံတော်မောင်ကျဘမ်း ပြဇာတ်တို့သည် အထင်ကရရှိခဲ့ပါ၏။ အထူးသဖြင့် ဆရာဦးသုခ ပါဝင်ကပြခဲ့သော ပြဇာတ်များထဲတွင် "ဝိဇယ"ပြဇာတ်သည် ပို၍နာမည်ကြီးခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံး စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ပြီး ဦးပုည၏ "ဝိဇယကုမ္မာပြဇာတ်" ကပြကြရန် စာရေးဆရာအသင်းကြီးက ဆုံးဖြတ်ခဲ့ကြသည်။

ပထမဦးဆုံး စာဆိုတော်နေ့တွင် ထိုပြဇာတ်ကို ခင်းကျင်းကပြရခြင်းမှာ အကြောင်းရှိပါ၏။ စစ်အတွင်းက မြန်မာပြည်အရပ်ရပ်တွင် ဖက်ဆစ်ဂျပန်စစ်သားများ၏ ဆိုးသွမ်းရမ်းကား ရက်စက်မှုများကို လူထုခံစားခဲ့ရပုံကိုလည်းကောင်း၊ ရှေးယခင်ခေတ်က မူးယစ်သောက်စားရမ်းကားခဲ့သော ဝိဇယမင်းသားနှင့် နောက်လိုက်အပေါင်းအပါတို့အား ပြည်နှင်ဒဏ်ပေးခဲ့ရပုံတို့အားလည်းကောင်း မြန်မာပြည်သူပြည်သားများ သိစေလို၍ ရွေးချယ်ကပြခဲ့ခြင်း ဖြစ်သည်။

ထိုပြဇာတ်တွင် ဆရာဦးသုခသည် သီတာခင်ထွေး၊ မေသန်းတို့နှင့် အလှည့်ကျကပြခဲ့ရာ များစွာ အောင်မြင်ခဲ့ပါသည်။ အထူးသဖြင့် ဆရာဦးသုခ (ဝိဇယကုမ္မာ)နှင့် သီတာခင်ထွေး(မယ်ကုဝဏ်)တို့ အတွဲညီလှသဖြင့် ပွဲကြည့်ပရိသတ်အားပေးမှု အပြည့်အဝရရှိခဲ့သည်။ ဤနေရာ၌ ဆရာဦးသုခ၏ ဂီတစွမ်းရည်ရှိမှုကိုလည်း တင်ပြချင်ပါသည်။

ဆရာဦးသုခသည် ပြဇာတ်ထဲတွင် နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းများနှင့်အတူ မူးယစ်သောက်စားရမ်းကားရသော ဇာတ်ဝင်ခန်း၌ ဇာတ်သဘင်တို့ ထုံးတမ်းအစဉ်လာဖြစ်သော အရမ်းသမားဗုံထောက်သံ၊ ထန်းရည်သမားဗုံထောက်သံတို့ကို သီဆိုခြင်းမပြုဘဲ "မူးလိုက်ပါတဲ့ ငှက်ခါးတောင်၊ သည်မောင်မောင်မှာဖျာ၊ ဟန်မထိန်းနိုင်ဘူ၊ ယိမ်းယိုင်လို့လဲ" အစချီသည့် ဗုံကြီးသံကို တစ်ဘာသာ ဆန်းသစ်၍ သီဆိုသရုပ်ဆောင်သွားရာ လူထုပြောစမှတ်တွင်ခဲ့သည်အထိ ထူးထူးခြားခြား အောင်မြင်မှုရရှိခဲ့သည်။ ဤကား ဆရာဦးသုခ၏ ပြဇာတ်လောက ခေတ်တစ်ခေတ်ဆန်းခဲ့ချိန်က အောင်မြင်မှုအချို့ ဖြစ်ပါ၏။

## ဆရာဦးသုခနှင့် ဘာသာရေး

ဆရာဦးသုခသည် ၁၉၈၄ ခုနှစ်တွင် အမြင်အာရုံချို့ယွင်းလာသော မျက်စိကို ဂျပန်သို့ သွားရောက်ကုသခဲ့သော်လည်း ကောင်းမလာခဲ့ပါ။ အမြင်အာရုံ ခပ်ဝါးဝါးသာ မြင်ရရှာ၏။ စာပေရေးသားခြင်းကိစ္စတွင် မိမိကိုယ်တိုင် မရေးနိုင်၊ နှုတ်တိုက်ပြောပေးရလေသည်။ ဆရာသည် အမြင်အာရုံ မကောင်းသော်လည်း အားငယ်တတ်သူ မဟုတ်ပေ။

"မျက်စိမကောင်းတော့ တွေးတောစဉ်းစားချိန် ပိုရတာပေါ့"ဟု ဖြေသိမ့်စကား ကြားခဲ့ဖူးပါသည်။ သို့သော် "စာရေးနေစဉ် ကျွမ်းကိုးများ ရှာဖွေရာ၌ မလွယ်ကူတော့ဘူး"ဟုတော့ ညည်းပြောလေးပြောရှာ၏။ ဆရာ၏မျက်လုံးသည် "မနီလာကမ္ဘာ့ရုပ်ရှင်ပွဲတော်"သို့ သွားရောက်ခဲ့စဉ်က မျက်စိဝေဒနာသိပ်မဆိုးသေးပေ။ နိုင်ငံခြားမှပြန်လာပြီးသော် ဆရာ ရဟန်းခံပါသေးသည်။

ထို့နောက် မင်းကွန်းတိပိဋက ဆရာတော် မွေးနေ့မင်္ဂလာပွဲတွင် မွေးနေ့ဩဘာစာ ဖတ်ချိန်၌ သိပ်မကောင်းတော့ပေ။ နောက်ပိုင်းတွင် ဆရာသည် ရုပ်ရှင်ရိုက်ကူးခြင်းအလုပ် ရပ်နားပြီး ဘာသာရေးအတွက် လုပ်ဆောင်ရန် အချိန်အနည်းငယ် ပိုပေးနိုင်ခဲ့သည်။

ထိုအချိန်၌ ရတနသုတ်နှင့် မေတ္တသုတ် စာအုပ်နှစ်အုပ် ထုတ်ဝေနိုင်ခဲ့ခြင်းအတွက် ဆရာ လုံးဝကျေနပ်ခဲ့ရကြောင်း ထုတ်ဖော်ပြောပြခဲ့ဖူးပေသည်။

ထိုမေတ္တသုတ်စာအုပ်ကို ရုပ်ရှင်မင်းသားကျော်ဟိန်းက ဓမ္မဒါနလှူဒါန်းရန်အတွက် ဆရာကြီးထံစာအုပ်လာဝယ်သည်။ ထိုအခါ ဆရာက များစွာဝမ်းမြောက်ပြီး ထိုအလှူဒါနအတွက် သာဓုခေါ်ခဲ့ပေသည်။ ထိုပီတိနှင့်အတူ "လူဆိုတာ အချိန်ရယ်၊ အသက်ရယ်၊ အခြေအနေရယ်ပေါ်မှာ မူတည်ပြီး ပြောင်းလဲနေကြတာ၊ လူတိုင်း ကောင်းသော ပြောင်းလဲခြင်းမျိုးဖြစ်ဖို့ လိုပါတယ်"ဟု ဩဝါဒစကား ချီးမြှင့်ခဲ့သည်။

## ဆရာဦးသုခနှင့် ပြည်ပခရီး

ဆရာဦးသုခသည် ၁၉၆၈ ခုနှစ်က ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံ အစိုးရတို့၏ ဖိတ်ကြားချက်အရ ပြန်ကြားရေးဌာန ဗဟိုရုပ်ရှင်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်စိုးခေါင်းဆောင်သည့် မြန်မာ့ရုပ်ရှင်အဖွဲ့နှင့်အတူ သွားရောက်ခဲ့ရသည်။ ထိုအဖွဲ့သည် နိုင်ငံသုံးနိုင်ငံတွင် ရက်သတ္တပတ်ကိုးပတ်ကြာမျှ နိုင်ငံခြားရုပ်ရှင်လုပ်ငန်းများ၏ အခြေအနေကို လှည့်လည်လေ့လာ ဆည်းပူးခွင့်ရခဲ့ပါသည်။

၎င်းနောက် ၁၉၈၃ ခုနှစ်ကလည်း ဖိလစ်ပိုင်သမ္မတကတော် အီမယ်(လ်)ဒါမားကို့စ် (ရုပ်ရှင်ပွဲတော်ဦးစီးနာယက) ဦးဆောင်ကျင်းပသော ဒုတိယအကြိမ် မနီလာရုပ်ရှင်ပွဲတော်





www.burmeseclassic.com

www.burmeseclassic.com

(အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်)တွင် အာရှနိုင်ငံစုံမှ အနုပညာရှင်အဖြစ် တက်ရောက်ခွင့်ရခဲ့ပါသည်။

ဖိလစ်ပိုင်ရုပ်ရှင်ပွဲတော်တွင် အာရှနိုင်ငံစုံမှ ရုပ်ရှင်ကားများ ပြသရာတွင် မြန်မာနိုင်ငံမှ ဆရာဦးသုခ၏ "ချစ်အမျှ"နှင့် ရွှေခြည်ငွေခြည်တန်းပါလို့" ဇာတ်ကား နှစ်ကားလည်း ပြသခွင့်ရခဲ့ပါသည်။ ထိုဇာတ်ကားများတွင် မြန်မာ့ရှုခင်း၊ မြန်မာ့ဓလေ့များ အများဆုံး ပါဝင်သဖြင့် နိုင်ငံခြားသားများ သဘောကျကြသည်။ အထူးသဖြင့် နိုင်ငံတကာ ရုပ်ရှင်ကားများတွင် (Love) အချစ်ကို ပြသရာ၌ (Sex) ကိစ္စမပါဘဲ ပြ၍ မရလောက်အောင် ဖြစ်နေချိန်တွင် မြန်မာရုပ်ရှင်ဇာတ်ကားတွေက အချစ်ကို သရုပ်ဖော်ရာတွင် သိမ်သိမ်မွေ့မွေ့ ပြသခြင်းကို အံ့ဩချီးမွမ်းနေကြသည်။ ၎င်းအပြင် မြန်မာ့ရုပ်ရှင်ဒါရိုက်တာများအားလည်း ထပ်ဆင့်ချီးမွမ်းကြရာ ဆရာဦးသုခက နိုင်ငံဂုဏ်နှင့် ယဉ်ကျေးမှုကို ဦးတည်၍ ဤသို့ တုံ့ပြန်ခဲ့ပါ၏။

"မြန်မာဒါရိုက်တာတွေကို ချီးမွမ်းဖို့မလိုပါဘူး၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာတို့ရဲ့ ဗြဟ္မစိုဟာရ တရားအရ သည်လိုညစ်ညမ်းတဲ့ ပြကွက်တွေကို လက်မခံသလို နိုင်ငံအုပ်ချုပ်သူအစိုးရအနေနှင့်လဲ လုံးဝခွင့်မပြုပါဘူး"ဟု ဆိုခဲ့ပါသည်။ ဆရာဦးသုခကား ဤမျှအထိ မြန်မာ့ယဉ်ကျေးမှု၏ တန်ဖိုးကို ဦးတည်ထိပ်ထားခဲ့သူတစ်ဦး ဖြစ်ပါ၏။ လူစားထိုး၍ မရသော အနုပညာရှင် ဆရာဦးသုခနှင့် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း ဆရာဦးအောင်သိန်းတို့မှာ မိတ်ဟောင်းဆွေဟောင်းဖြစ်ကြသည်မို့ အချင်းချင်း ငါနှင့်မင်းဟု သုံးနှုန်းပြောဆိုလေ့ ရှိကြပါသည်။ ၁၉၅၂ ခုနှစ်မှ စတင်ကာ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတွင် သုခထံမှ ပေးစာဟူ၍ လစဉ်ရေးသားခဲ့သည်။

ထိုကဏ္ဍအား စာဖတ်သူတို့ အဘယ်မျှကြိုက်နှစ်သက်သနည်းဆိုသော် တစ်လ၌ ဆရာဦးသုခသည် မောင်ဖေငယ်ပြဇာတ်အတွက် လုံးပန်းနေရသော ကိစ္စများကြောင့် သုခထံမှ ပေးစာ တစ်လပျက်ကွက်သွားသည်။

ထိုသို့ ပျက်ကွက်ခြင်းကို မဂ္ဂဇင်းမှ တောင်းပန်ပါကြောင်း ထည့်သွင်းရသည်အထိ ဖြစ်ခဲ့သည်။ ဤကဏ္ဍမှ ဆရာဦးသုခ၏ လေးစားဖွယ်ကောင်းသော အနုပညာခံယူချက် သဘောတရားတစ်ခုကို အမှတ်မထင် ဖတ်မှတ်ခဲ့ရဖူးပါသည်။

"အောင်သိန်းရေ မင်္ဂလာပါနော်၊ ပြီးခဲ့တဲ့လက မင့်မဂ္ဂဇင်းထဲမှာ အစားထိုးမရနိုင်တဲ့ လူဆိုတဲ့ ခေါင်းစဉ်နဲ့ ငါ့အလုပ်များတာကို အကြောင်းပြုပြီး ဝေဖန်ထားတဲ့ဆောင်းပါးလေးငါဖတ်ရတယ်၊ ဘယ့်နှယ် ကိုယ့်ငါးချဉ်ကိုယ်ချဉ်ရတာလဲကွာ၊ အလင်္ကာနဲ့ ပြောရမယ်ဆိုရင် အတိဝုဒ္ဓဒေါသ သင့်စရာကြီးပဲ၊ လောကုတ္တရာ စကားနဲ့ပြောရရင် ဗုဒ္ဓကလွဲလို့ အနုတ္တရပုရိသော ဆိုတဲ့ဂုဏ်ကို ဘယ်သူမှ မရထိုက်ဘူး၊ လောကီနဲ့ ပြောရရင်လည်း မှန်တယ်မထင်ဘူး၊ နေရာများစွာတို့မှာ အဟောင်းထက် အသစ်အသစ်တွေသာ ပိုမိုတိုးတက်လာတာဟာ ကမ္ဘာ့နိယာမတရားကြီးပါပဲ၊ ဘယ်သူမှ မလွန်ဆန်နိုင်တဲ့ ဒီတရားကြီးကို သတိမထားမိရင် အဂတိတရားနှင့် အလွန်အကြူး ပြောဆိုဝေဖန်တတ်ကြတယ်၊ ဝေဖန်ချီးမြှောက်ခံရတဲ့ ပုဂ္ဂိုလ်ကျော်တွေ ကိုယ်တိုင်လည်း သတိမရှိရင် ဘဝင်မြင့်၊ အခြေလွတ်၊ လမ်းစဉ်လွဲ၊ အကျိုးနည်း၊ မာနခံကြီးတွေ ဖြစ်သွားနိုင်တယ်၊ ဒီသဘောတရားဟာ လောကီသားတွေကို မပြောနဲ့၊ လောကုတ္တရာကို ရှေးရှုနေတဲ့ သူတော်မြတ်တွေတောင်မှ အလွန်သတိထားတော်မူကြရတယ်၊ ဒါတွေ ထားပါတော့ကွာ၊ မင်းက ငါ အသက်(၆၀)ကျော်မှ အလုပ်တွေ အများကြီး လက်ခံပြီးလုပ်နေတဲ့အတွက် ငါ့ကျန်းမာရေးကို စိတ်ပူပြီးပြောတာ မဟုတ်လား၊ မင့်စေတနာကို ငါလေးစားပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမဲ့ လူဆိုတာ အသက်ကြီးလာရင် "တဏှာကြီးလာတတ်တယ်" ကာမဂုဏ်တရားကိုပြောတာ မဟုတ်ဘူး၊ လုပ်ချင်တာ၊ လိုချင်တာ၊ ပြချင်တာ၊ ရေးချင်တာ၊ အဲသည့် 'ချင်' တွေကို ပြောတာ၊ နောက်ပြီး အသက်နဲ့အသိကလည်း လုပ်လို့ကိုင်လို့ ကောင်းနေတာကိုး၊ အတွေးအခေါ် အယူအဆကအစ ခံ့ညားလာတယ်၊ ခိုင်မာလာတယ်၊ ကိုယ်ကျိုးထက် အများအကျိုးကို စေတနာပိုရှိလာတယ်၊ အဲဒီစေတနာတွေကို အကောင်အထည် ဖော်ချင်လာတယ်၊ ကျန်းမာရေးအနေနဲ့လည်း ဒီလိုရှိပါတယ်၊ ဇာတိရှိလာကတည်းက ဇရာမရဏဆိုတာက ကပ်ပါလာတာမဟုတ်လား၊ သို့ပေမဲ့ အာမ္မုံတစ်ခု စူးစူးစိုက်စိုက်ရှိထားရင် မလွဲမရှောင်သာနိုင်တဲ့ ဗျာဓိကလွဲလို့ အာဂန္တုကနေမကောင်း ထိုင်မသာဆိုတဲ့ အပသံဝစ္စ ကိုယ်လက် မအီမသာ ထွေလာကေလာတွေ နည်းပါးတတ်ပါတယ်၊ ဒါကြောင့် ရှေးလူကြီးများက အလုပ်မရှိ အလုပ်ရှာ၊ သစ်ပင်ဝါးပင်စိုက်၊ တောင်းရက်၊ ပလုံးရက်၊ မနက်ကနေဝင် တလှုပ်လှုပ်တရွရွလုပ်နေတတ်ကြတာပေါ့ကွာ၊ အေး, ငါလဲ ဒီသဘောပါပဲကွာ၊ ငါငွေအတွက် လောဘမထွက်ပါဘူး၊ ငယ်ငယ်က ထမင်းတစ်လုတ် စားချင်လို့ ရုပ်ရှင်ရိုက်ခဲ့ပါတယ်၊ ခုတော့ ရုပ်ရှင်ရိုက်ရအောင်သာ ထမင်းတစ်လုတ် စားချင်ပါတယ်၊ အလုပ်လုပ်တာဟာ အသက်ရှည်သကွ၊ မင်း မှတ်ထား"

ဤကား ဆရာဦးသုခ၏ အနုပညာအပေါ် ခံယူထားပုံ တစေ့တစောင်းမျှ ဖြစ်ပါ၏။ အလွန်စံပြုထိုက်သော ပုဂ္ဂိုလ်ကြီးပင် ဖြစ်ပါတော့သည်ဟု ဆိုချင်ပါသည်။

❒ မောင်သီလ

*ထိုသို့စံပြုရသည့် ဆရာကြီး ဦးသုခကား သူ နှစ်လိုသော အနုပညာရှင်ဘဝကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် စွန့်လွှတ်သွားရှာခဲ့ပါပြီ။ ကျွန်ုပ်တို့အားလုံး ဆရာကြီး၏ကျေးဇူးဂုဏ်တို ဦးညွှတ်ကြပါစို့။*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




၁၉၆၃ ခုနှစ်ကာလ တော်လှန်ရေးကောင်စီမှ အုပ်ချုပ်နေချိန် ဖြစ်၏။ မြစ်ဝကျွန်းပေါ်ဒေသတွင် အလံနီကွန်မြူနစ်များ၏ သောင်းကျန်းမှုဒဏ်ကို ကျေးလက်နေပြည်သူများ ကြောက်လန့်နေချိန် ဖြစ်သည်။

အုပ်ချုပ်ရေး လက်လှမ်း မမီသော ကျေးရွာများတွင်လည်း မကြာခဏ ဆိုသလို ဓားပြ ဝင်တိုက်ခံရပေ၏။

ရန်ကုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ ခရီးလမ်းဆက်သွယ်ရေးမှာလည်း ရေလမ်းခရီး တစ်ခုတည်းသာ ရှိပြီး ရံဖန်ရံခါ သင်္ဘောပေါ်ထိ ဓားပြတိုက်ခံရသော အချိန်ကာလ ဖြစ်ပေသည်။

ဒေးဒရဲမြို့ပေါ်တွင် ရဲကင်းစခန်းနှင့် မြို့ပိုင်ရုံးသာ ရှိပြီး မြို့ပတ်ဝန်းကျင် ကျေးရွာများမှာတော့ ဘယ်အချိန် ဓားပြဝင်တိုက်ခံရမလဲဆိုသောကြောက်ရွံ့မှုများ လွှမ်းမိုးနေပေ၏။

ဒီတော့ ကျေးလက်နေ ရွာသူရွာသားများဟာ ရွှေထည်ပစ္စည်းများကို နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများတွင် တိတ်တဆိတ် အပ်နှံကြလေ၏။

ဒေးဒရဲမြို့စွန်ရှိ စစ်ကွင်းကျောင်းဆရာတော်ကြီးသည် တရားဓမ္မနှင့်အညီ ကျင့်ကြံ သီတင်းသုံးနေသော ပုဂ္ဂိုလ်ဖြစ်၍ ရွှေငွေရတနာများကို ကိုင်တွယ်ချင်သူမဟုတ်ပေ။ ယခုလည်း တရားမှတ်ရာမှ ပြီးဆုံး၍ အနားယူရန် ပြင်ဆင်နေစဉ် ကျောင်းကြီးအောက်မှာ လူသံများ ကြားနေရပေသည်။ ဘုရားဝတ်ပြုပြီး စကြံသို့ထွက်ခဲ့ရာ ရွာလူကြီးနှင့် အမျိုး သား၊ အမျိုးသမီးများ စောင့်ဆိုင်းနေကြလေ၏။

ဆရာတော်ကြီးရှေ့ ရောက်နေသော လူများထဲမှ ကပ္ပိယကြီးက စတင်လျှောက်ထားလေသည်။

"ဆရာတော်ဘုရား၊ ဒီက ဒကာ၊ ဒကာမတွေကိစ္စ လျှောက်တင်ချင်လို့ပါဘုရား"

"အေး. . . မင်းတို့ ပစ္စည်းတွေ အပ်ချင်တဲ့ကိစ္စ မဟုတ်လား"

"တင်ပါ့ဘုရား"

"ကဲ. . ကဲ ကပ္ပိယကြီးပဲ စာရင်းဇယားနဲ့ သိမ်းပေးလိုက်ပါ၊ ဘုန်းကြီးတို့နဲ့ ရတနာပစ္စည်းဆိုတာ လားလားမျှ မဆိုင်ဘူးကွဲ့"

"တင်ပါ့ဘုရား၊ တပည့်တော်ပဲ စီစဉ်လိုက်ပါ့မယ်ဘုရား"

❖

ဆရာတော်ကြီး၏ ရှေ့မှောက်တွင် ဖြူဖွေးနေသော လူနှစ်ဦးသည် ဦးချဝတ်ပြုရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်တို့ နှစ်ဦးက ညီအစ်ကို တွေပါဘုရား၊ တပည့်တော်ရဲ့ အမည်က ရန်လုံဖြစ်ပြီး တပည့်တော်ရဲ့ ညီက ရန်ရှင်း ဖြစ်ပါတယ် ဘုရား၊ အတိတ်ရဲ့ကံကြမ္မာဆိုးတွေ ထက်ကြပ်လိုက်လာလို့ ဒီဘဝကို ရောက်ခဲ့ရတာပါ ဘုရား"

သူတို့နှစ်ဦးကို သေချာကြည့်လိုက်တော့ သာမန်လူများမဟုတ်ဘဲ ဖြူဖွေးနေသော အငွေ့များဖြင့် ဖွဲ့စည်းထားသော လူပုံသဏ္ဌာန် ဖြစ်နေလေ၏။ မျက်နှာများမှာလည်း ဖြူဖပ်ဖြူလျော် အေးစက်နေသည်ကို ဆရာတော်သတိထားမိလိုက်၏။

"တပည့်တော်တို့ နှစ်ယောက်က မကြာခင်ကမှ သေဆုံးခဲ့တဲ့သူတွေဖြစ်ပါတယ်ဘုရား၊ တိရစ္ဆာန်ဘဝတစ်ခုကို မကြာခင် ကူးပြောင်းရတော့မှာမို့ အရှင်ဘုရားရဲ့ ကျောင်းဝင်းအတွင်းမှာ ခိုလှုံခွင့်ပြုပါ ဘုရား"

"အေးလေ, ဘုန်းကြီးတို့ဆိုတာက သတ္တဝါတွေအပေါ် မေတ္တာ ကရုဏာ ထားရမယ်ဆိုတော့ ခိုလှုံခွင့်ပြုပါတယ် ကွယ်"

ဆရာတော်ရှေ့မှာ ရှိသော လူနှစ်ဦးစလုံးသည် လေပြေတစ်ချက် မွှေ့ယမ်းလိုက်သည့်ဘက်သို့ အဖြူရောင်အငွေ့များနှင့် လွင့်ပါသွားလေ၏။

ဆရာတော်ကြီး ကျိန်းစက်ရာမှ ရုတ်တရက် လန့်နိုးသွားလေ၏။ ခန္ဓာကိုယ်ကို ပြင်ထိုင်လိုက်ရင်း ဘုရားကို အာရုံပြုလိုက်လေသည်။ အိပ်မက်ထဲက ဝိညာဉ်များ ကျောင်းဝင်းအတွင်း နေထိုင်ခွင့်တောင်းသည့်ကိစ္စကို ပြန်စဉ်းစားမိနေ၏။

စိတ်ထဲမှာလည်း မကျွတ်မလွတ်သော ပရလောကသားများကို စဉ်းစားနေရင်း ကျောင်းအောက်က ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သံကတိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံးကို ချောက်ချားသွားစေ၏။ ဆရာတော်သည် မိမိ၏ သတိသံမွေဇဉ်ကို ထိန်းချုပ်ရင်း ဘာဝနာတရားများ ရှုမှတ်နေမိတော့၏။

❖

နံနက်ဆွမ်းခံထွက်ချိန်တွင် ဆရာတော်ကိုယ်တိုင် ကွက်သစ်လမ်းများအတိုင်း နောက်ပါသံဃာများနှင့် ဆွမ်းခံကြွလေသည်။

ဆွမ်းခံခြင်းကိစ္စ ပြီးစီး၍ ကျောင်းဝင်းကို ပြန်လာချိန်မှာတော့ မည်သည့်နေရာမှ ထွက်ပေါ်လာသည် မသိသော ခွေးပေါက်စလေးနှစ်ကောင်သည် ဆရာတော်၏ ခြေထောက်ကို ခေါင်းဖြင့်ပွတ်သပ်နေ၏။ အောက်ကို ငုံ့ကြည့်လိုက်တော့ ခွေးမည်းလေးနှစ်ကောင်က မော့ကြည့်ရင်း တအီအီနှင့်ပွတ်သပ်နေခြင်းကြောင့် ဆရာတော်က . . .

"ကျောင်းသား ဒီခွေးလေး နှစ်ကောင်ကို ကျောင်းထဲ ခေါ်သွားကွာ၊ သူတို့ကို နေရာလေးလဲ ပေးလိုက်ဦး"

"တင်ပါ့ဘုရား"

ကျောင်းသားလေးက ခွေးပေါက်လေး နှစ်ကောင်ကို ပွေ့ချီသွားလေ၏။ ကျန်ကိုရင်များက ဆရာတော်ထံမှ သပိတ်ကို ယူဆောင်နေစဉ် ခွေးပေါက်လေးများ ချီသွားသော ကျောင်းသားလေး ပြန်လှည့်လာပြီး . . .

"အရှင်ဘုရား ကျောင်းထဲမှာရှိတဲ့ ခွေးကြီးတွေက ဒီကောင်လေးတွေကို ကိုက်မယ် တကဲကဲ လုပ်နေကြတယ် ဘုရား"

"အေးအေး. . ဒီခွေးလေးတွေကို တောင်းပေါင်းတစ်လုံးထဲ ခဏထည့်ထားလိုက်ကွာ၊ ဆွမ်းစားပြီးရင် ဒီကိစ္စ ညှိနှိုင်းပေးရမှာပေါ့"

"တင်ပါ့ဘုရား"

သံဃာတော်များသည် ဆွမ်းစားပြီးချိန်၌ ဆရာတော်က ကပ္ပိယကြီးကို ခေါ်ပြီး ပြောဆိုလိုက်သည်နှင့် ကပ္ပိယကြီး ကျောင်းအောက်သို့ ဆင်းသွားလေသည်။ ကျောင်းအောက်မှာ ရှိသော ကျောင်းသားများနှင့် ကပ္ပိယကြီးက ခွေးများကို ထမင်းကျွေးရန်ပြင်ဆင်ပြီး ဆရာတော်ကို လာရောက်လျှောက်ထားလေသည်။

ဆရာတော် အောက်ဆင်းလာချိန်မှာတော့ ခွေးများစားသည့်ခွက်ထဲသို့ ဆွမ်းကျန်များထည့်ပြီး အားလုံးစောင့်ဆိုင်းနေကြ၏။ ကျောင်းအောက်ရှိ ခွေးများကလည်း ခေါ်ပြီးမကျွေးလျှင် ဝင်မစားရဲ၊ ခေါ်မှလာစားသည့် စည်းကမ်းချမှတ်ထားသည်။

ဆရာတော်ကိုယ်တိုင် ခွေးများရှေ့တွင် ရပ်ပြီး ဆရာတော်မှ . . .

"ကဲ, ဒီနေ့ တို့ကျောင်းမှာ မင်းတို့နဲ့ အတူနေဖို့ ရန်လုံနဲ့ ရန်ရှင်း နှစ်ကောင် ရောက်လာတယ်၊ ဟောဒီအကြီးကောင်က ရန်လုံ၊ ဒီကောင်က ရန်ရှင်းပဲ၊ ဒီတော့ အချင်းချင်းတွေ သင့်သင့်မြတ်မြတ် နေရမယ် ဟုတ်လား၊ ရန်ပြုတိုက်ခိုက်ခြင်းမလုပ်ရဘူး၊ ကဲကဲ ကျွေးလိုက်တော့ ကပ္ပိယကြီး"

ခွေးအားလုံးဟာ ဆရာတော်၏ ဩဝါဒဆုံးသည်နှင့်သတ်မှတ်နေရာများတွင် ဝင်ရောက်စားကြလေသည်။ ခွေးမည်းလေးနှစ်ကောင်ကိုလည်း အခြားခွေးများက ရန်လိုခြင်း၊ တိုက်ခိုက်ခြင်း မရှိတော့ဘဲ ငြိမ်သက်စွာ စားကြလေ၏။ ညဘက်ဆိုလျှင်လည်း ကျောင်းဝင်းအတွင်း လုံခြုံစိတ်ချရလေသည်။

တစ်ခါတစ်ရံ အကြောင်းရှိ၍ ညဘက်ကျောင်းသို့ ရောက်လာကြလျှင်လည်း ခွေးအားလုံးက တိုက်ခိုက်ရန် မာန်ဖီကြလေသည်။ ခွေးများကလည်း ဆရာတော်ကိုယ်တိုင် အော်လိုက်သံကြားမှ ငြိမ်သက်သွားလေသည်။

❖

ဆရာတော်ရှေ့မှာ ရောက်နေသော ကပ္ပိယကြီးက တစ်ခုခုကိုလျှောက်တင်ချင်သည့် အနေအထားရှိသည်ကို အကဲခတ်မိလိုက်၏။

"ကပ္ပိယကြီး ဘာလျှောက်စရာ ရှိလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပိယကြီးက ဆရာတော် မျက်နှာကို သေချာ အကဲခတ်ပြီးမှ . . .

"အရှင်ဘုရား. . အရှင်တုန်းက ကျောင်းကခွေးတွေနဲ့ ပတ်သက်လာရင် ဝင်ရောက်မိန့်မှာခြင်း မရှိပါဘူးဘုရား၊ ဒီခွေးလေးနှစ်ကောင် ရောက်လာမှ အရှင်ဘုရားကိုယ်တိုင် ခွေးတွေအပေါ်ကို ဂရုစိုက်လာတာ တပည့်တော် သတိထားမိလို့ပါ ဘုရား"

"အင်း, ဒကာကြီး မေးမယ်ဆိုလဲ မေးသင့်ပါတယ်လေ၊ ဒီခွေးလေး နှစ်ကောင်က တို့ကျောင်းမှာ ခိုလှုံဖို့ရောက်လာတာမဟုတ်လား၊ တို့ဘုရားရှင်ကလဲ သတ္တဝါအားလုံးကို မေတ္တာတရားနဲ့ စောင့်ရှောက်ရမယ်လို့ ဟောကြားထားတယ် မဟုတ်လား၊

ဒါကြောင့် တို့ကျောင်းမှာ နေထိုင်ကြတဲ့ ခွေးတွေဟာလဲ နေ့ဖို့နဲ့ စားဖို့ အဆင်ပြေနေကြတော့ ဘုန်းကြီးတို့ ကျောင်းရဲ့ လုံခြုံရေးကို ကျေးဇူးဆပ်တဲ့အသိနဲ့ ကာကွယ် စောင့်ရှောက်နေတာပေါ့ ဒကာကြီး"

ကပ္ပိယကြီးသည် ဆရာတော်၏ သတ္တဝါတွေအပေါ် မေတ္တာတရားကြီးမားစွာထားရှိသည့် စေတနာကို ရှင်းလင်းစွာ သိရှိပြီးနောက် ဦးချ၍ ထွက်ခွာသွားလေသည်။

အချိန်ကာလ ကျော်ဖြတ်မှုသည် သဘာဝပတ်ဝန်းကျင်၏ ပြောင်းလဲမှု သင်္ကေတကြောင့် ကျောင်းအတွင်းမှ သီဟိုဠ်၊ သရက်၊ မာလကာပင်များဟာ နုပျိုရာမှ ကြီးမားရင့်ကျက်ခြင်းဖြင့် အသီးအပွင့်များဝေဆာနေပေ၏။ ရန်လုံနှင့် ရန်ရှင်း နှစ်ကောင်သည်လည်း အရွယ်ရောက်ပြီး ကြီးမားထွားကျိုင်းခဲ့ကြလေသည်။ ဆရာတော်နှင့် သံဃာများ ဆွမ်းခံထွက်ချိန်တွင် အတူလိုက်သွားပြီး ရွာနှင့်မလှမ်းမကမ်းတွင် နေခဲ့ကြ၍ ဆွမ်းခံပြီး ပြန်ကြွလာချိန်မှတော့ ထွက်ပြီးကြိုဆိုသည့် အလေ့အကျင့်ကို ရန်လုံတို့ ညီအစ်ကို မပျက်မကွက် ပြုလုပ်ကြသည်။

ယနေ့ညသည် လကွယ်ည ဖြစ်သည့်အတွက် ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ထုက ကြီးစိုးထားလေ၏။ တစ်ခါတစ်ရံ ငှက်ဆိုးထိုးသံ လွင့်ပျံ့လာပြီး ပြန်လည် တိတ်ဆိတ်သွားလေ၏။

ကပ္ပိယကြီးကလည်း ရွာမှာ သမီးနေမကောင်း၍ ယနေ့ည ကျောင်းမှာ မအိပ်ဖြစ်ပေ။ အခြားသံဃာများနှင့် ကိုရင်လေးများကလည်း ရန်ကုန်သို့ ဘုရားဖူးသွားကြသည့်အတွက် ကျောင်းကြီးပေါ်တွင် ဆရာတော်တစ်ပါးတည်းသာ ရှိနေပေ၏။

ဆရာတော်ကြီးသည် ဘုရားခန်း၌ ဝတ်ပြုနေစဉ် ကျောင်းအောက်ရှိ ရန်လုံတို့ ခွေးတစ်အုပ်၏ထိုးဟောင်သံများကို ကြားလိုက်ရ၏။ ဒေါသတကြီး မာန်ဖီထိုးဟောင်သံများကြားမှ ဆရာတော်ကြားနိုင်သည့်အသံဖြင့် အော်သံကြားလိုက်ရ၏။

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား တပည့်တော်တို့ ဧည့်သည်တွေပါဘုရား၊ ခွေးတွေကို ထိန်းပေးပါဦးဘုရား"

"ဟေ့ရန်လုံတို့ ငြိမ်ငြိမ်နေကြစမ်း"

ဆရာတော်၏အသံ ကြားလိုက်ရသည်နှင့် ခွေးတစ်အုပ်လုံး ငြိမ်သက်သွားပြီး ထိုလူနှစ်ဦးကို မကျေမနပ်ကြည့်နေကြလေ၏။ လွယ်အိတ်ကိုယ်စီ လွယ်ထားသောသူနှစ်ဦးမှာ လှေကားအတိုင်းကျောင်းကြီးပေါ်သို့ တက်ခဲ့ကြလေသည်။

ဆရာတော်သည် ကျောင်းပေါ်တက်လာသူ နှစ်ဦးအား သေချာကြည့်လိုက်တော့ ရိုးသားသည့်ဧည့်သည်များ မဖြစ်နိုင်မှန်း သတိထားမိလိုက်၏။

ဒါပေမဲ့ ဆရာတော် နောက်ကျသွားလေ၏။ လွယ်အိတ်အတွင်းမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီး ဆရာတော်အား ချိန်လိုက်၏။ ကျန်တစ်ဦးက အသင့်ပါလာသော ကြိုးနှင့် တုပ်၍ ကျောင်းတိုင်ကြီးဖြင့် ပူးချည်လိုက်လေသည်။

"ကဲ, ဘုန်းကြီး အသားမနာချင်ရင် ရွာထဲက လာအပ်ထားတဲ့ လက်ဝတ်လက်စားတွေကို ထုတ်ပေးပါ"

"အင်း ဒကာတို့က ဓားပြတွေကိုး၊ ကျုပ်က ရဟန်းဖြစ်တဲ့အတွက် ဒကာကြီးတို့ မရိုက်နှက်ကြပါနဲ့လို့ ဘုန်းကြီး မေတ္တာရပ်ပါတယ်၊ ဒကာကြီးတို့ လိုချင်တဲ့ပစ္စည်းတွေ ဘုန်းကြီး အခန်းထဲမှာ သွားယူကြပါ"

ခေါင်းဆောင် ဖြစ်ဟန်တူသူက ဆရာတော်၏အခန်း ဖွင့်ဝင်သွားပြီး ရှာဖွေနေတော့၏။

ကျန်တစ်ဦးက ကြိုးတုပ်ထားသော ဆရာတော်အား သေနတ်နှင့်ချိန်ထားလေသည်။ ဆရာတော်သည် မျက်လုံးအစုံကို မှိတ်၍ ဘုရားဂုဏ်တော်အား တည်ငြိမ်စွာ အာရုံပြုလိုက်ချိန်မှာတော့ ရိပ်ခနဲ လေပြင်းတစ်ခု ဖြတ်သန်းသွားသလို ခံစားလိုက်ရစဉ် ရန်လုံကြီးခုန်အုပ်လိုက်သံနှင့် သေနတ်ကိုင်ဓားပြ လုံးထွေးသွားသည်ကို တွေ့လိုက်ရပေသည်။

ရန်လုံကြီးသည် ဓားပြ၏လည်ပင်းအား မြဲမြဲစွာခဲထားလေ၏။ ပြင်းထန်စွာ လုံးထွေးနေရာမှ ကျယ်လောင်သော သေနတ်သံ ထွက်ပေါ်လာသည်နှင့် ဓားပြအပေါ်မှ ရန်လုံကြီးလန်ကျသွားခဲ့၏။ သေနတ်ဒဏ်ရာဖြင့် တအီအီ အော်ရင်းက အကြောတွေ ဆွဲနေလေသည်။ လည်ပင်းကိုခဲခံရသော ဓားပြလည်း သွေးရူးသွေးတန်းဖြင့် ကျောင်းအောက်သို့ ပြေးဆင်းရာ လှေကားပေါ်မှ အော်ဟစ်လိမ့်ကျသွားသည်ကို ကြားလိုက်ရပေသည်။

ဆရာတော်အခန်းတွင် မွှေနှောက်နေသော ဓားပြတစ်ဦးသည် လုံးထွေးသံနှင့် သေနတ်သံကြား၍ ပြေးထွက်လာရာ သူ၏အဖော် ကျောင်းအောက်ပြေးဆင်းသွားသည်ကို မြင်လိုက်ရပြီး. . .

"ဟေ့, ညိုတုတ် မင်း ဘာဖြစ်တာလဲ၊ မပြေးနဲ့လေ မပြေးနဲ့"

နောက်မှအော်ခေါ်ရင်း လှေကား အတိုင်း ပြေးဆင်းလာစဉ် ဒဏ်ရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လဲနေသော သူ့အဖော်အား ခလုတ် တိုက်မိပြီး မြေပြင်ပေါ်သို့ ထိုးကျသွားလေသည်။ သူကိုင်ထားသော ဓားနှင့် ပစ္စည်းထည့်ထားသော လွယ်အိတ်ပါ လွင့်စဉ်သွားလေ၏။

ကျောင်းအောက်ရှိ ရန်ရှင်းနှင့် ခွေးများသည် သူ၏ခန္ဓာကိုယ် တစ်ခုလုံးကို ဝိုင်းဝန်းဆွဲခါကြလေ၏။

"အား အမယ်လေး လုပ်ကြပါဦး"

များပြားလှသော ခွေးများကြားမှ အတင်းရုန်းကန်ပြေးရာတွင် ခြေသလုံးမှ အသားတစ်များသည် ရန်ရှင်း၏ပါးစပ်တွင် ပုံ့ရွဲ့ကျန်ရစ်လေ၏။

ကျောင်းတံခါးဝ ရှေ့ရောက်တော့ ဆက်ပြေးနိုင်စွမ်း မရှိတော့၍ တံခါးကိုင်ရင်း မှီချလိုက်ချိန်တွင် လက်နှိပ်ဓာတ်မီးရောင်များ သူ့ကိုယ်ပေါ်သို့ စုပြုံကျလာလေသည်။

ရွာလူကြီးနဲ့ ရွာသားများက မေးမြန်းစစ်ဆေးရာတွင် သူကိုယ်တိုင် ဓားပြဖြစ်ကြောင်းနှင့် ခွေးများဝိုင်းဆွဲ၍ ထွက်ပြေးလာကြောင်း ဝန်ခံထွက်ဆိုလေသည်။ ရွာသားများ ကျောင်းပေါ်ရောက်ချိန်မှာတော့ ဆရာတော်အား ကြိုးများ ဖြေပေးပြီး အိပ်ရာပေါ်သို့ ရွှေ့ပြောင်းပေးလိုက်လေသည်။

"အရှင်ဘုရား ကံကြီးပေလို့ပဲ၊ တပည့်တော်တို့လဲ ကျောင်းဘက်က ခွေးတွေထိုးဟောင်ပြီး သေနတ်သံကြားတာနဲ့ လူစုပြီးပြေးလာတာဘုရား၊ လှေကားရင်းက ဓားပြတစ်ယောက်တော့ သေနေပြီ ဘုရား၊ လက်ဝတ်လက်စားတွေလဲ ပြန်ရတယ်ဘုရား၊ တံခါးဝမှာလဲ တစ်ယောက် မိထားပါတယ်၊ အဲဒါ ရဲစခန်းကို လူလွှတ်ပြီး အကြောင်းကြားထားပါတယ် ဘုရား"

ဆရာတော်သည် သူ့ရှေ့တွင် ဓားပြအား လုံးထွေးသတ်ပုတ် တိုက်ခိုက်ခဲ့သော ရန်လုံ၏ အဖြစ်အပျက်များကို ကရုဏာသက်မိနေ၏။

"အိမ်း, ရန်လုံကြီးကတော့ ငါ့အသက်ကို သူ့အသက်နဲ့လဲပြီးကာကွယ်သွားခဲ့တာကွဲ့၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွာ၊ ရန်လုံကြီးကို ကောင်းမွန်တဲ့နေရာမှာ မြှုပ်နှံပေးကြပါကွယ်၊ သူ့ကိုလဲ ကောင်းရာသုဂတိဘုံကို ရောက်အောင် အမျှပေးဝေကြရမယ်၊ ကဲ ကပ္ပိယကြီး ကပဲ စီမံဆောင်ရွက်လိုက်ပါ"

"တင်ပါ့ဘုရား"

ဒေးဒရဲမြို့နယ် တစ်ခုလုံးနှင့် ရွာနီးချုပ်စပ်ပါမကျန် ရန်လုံနှင့် ခွေးများက ဓားပြရန်က ကာကွယ်ပေးသည့်သတင်း ပျံ့နှံ့သွားလေ၏။

ဆရာတော်ကြီး သတင်းသုံးသည့် ကျောင်းအနောက်ဘက်ရှိ သချိုင်းတွင် ရန်လုံကြီးအား ကောင်းမွန်စွာ သဂြိုဟ်လိုက်လေသည်။ သချိုင်းအတွင်းက ဇရပ်အိုလေးပေါ်တွင် ဆရာတော်နှင့် ဒကာ၊ ဒကာမ များက ရန်လုံကြီးကို ရည်စူး၍ အမျှဝေ သာဓုအနုမောဒနာများ ရွတ်ဆိုပေးဝေကြလေ၏။

ဆရာတော်သည် ကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များသည် ထိတ်လန့်ကြောက်ရွံ့စရာနှင့် ရင်နင့်ကြေကွဲစရာများတွေးတောနေမိ၏။ ကျောင်းက ထွက်၍ သချိုင်းမြေသို့ ထပ်မံရောက်လာခဲ့ပြန်သည်။

နေ့လယ်က မြှုပ်နှံပေးခဲ့သော ရန်လုံကြီး၏ မြေပုံမို့မို့လေး ရှေ့တွင် ရပ်တန့်၍ ကောင်းရာသုဂတိ ရောက်နိုင်ဖို့ အမျှပေးဝေနေမိသည်။

နေဝင်ရီတရော အချိန်ကို သတိထားမိလိုက်ပြီး ထိုနေရာမှ ပြန်လည်ထွက်ခွာလာစဉ် မိမိခြေထောက်နှင့် တစ်ခုခု တိုက်မိလိုက်၍ အောက်သို့ ငုံ့ကြည့်လိုက်ရာ ဟောင်းနွမ်းဆွေးမြည့်နေသော သစ်သားမှ တိုင်လေးဖြစ်နေ၏။ သစ်သားပြားပေါ်တွင် ရေးထားသော စာများမှာ မောင်ရန်လုံ အသက် (၂၃)နှစ်ကို တွေ့လိုက်ရသည်။

တစ်ဆက်တည်း ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တော့ ယိုင်လုလုဖြစ်နေသော မှတ်တိုင်ပေါ်တွင်လည်း မောင်ရန်ရှင်း အသက် (၂၀) ဆိုတာကို တွေ့လိုက်ရပေ၏။ ဒါဟာ တိုက်ဆိုင်မှုလား။ သူတို့ တကယ်ပဲရှိခဲ့လားဆိုသည့် အမေးကို စဉ်းစားရင်းက ကျောင်းကို ပြန်ခဲ့လေသည်။

ကျောင်းဝတွင် အမြီးနှံ့၍ စောင့်နေသော ရန်ရှင်းသည် ဆရာတော်ကြီးကို တွေ့သည်နှင့် ခေါင်းနှင့်ခွေ့၍ ခရီးဦးကြိုပြုလေ၏။ ရန်ရှင်း၏ခေါင်းကို ညင်သာစွာပွတ်ပေးလိုက်ရာ သူ့မျက်လုံးအစုံက ကြေကွဲထိခိုက်သော ခံစားချက်များဖြင့် ဆရာတော်အား ပြန်လည်ကြည့်နေတော့၏။

"ကဲကဲ သားကြီး ဘာမှ အားမငယ်ပါနဲ့ကွာ၊ ဆရာတော်က မင်းတို့အားလုံးကို စောင့်ရှောက်မှာပါ။ ဟုတ်ပြီလား သွားတော့"

ဆရာတော်၏ စကားအဆုံးမှာတော့ ရန်ရှင်းကြီး ကျောင်းအောက်သို့ ထွက်ခွာသွားလေသည်။

ကျောင်းကြီးအောက်ရှိ ကုလားထိုင်ပေါ်တွင် ဆရာတော် ငြိမ်သက်စွာ ထိုင်နေစဉ် ဖြူဖွေးသော လူသဏ္ဌာန်တစ်ခု ရှေ့သို့ ရောက်လာလေ၏။ ထိုသူသည် လက်အုပ်ချီရင်းက. . .

"အရှင်ဘုရား တပည့်တော်ဟာ ခွေးဘဝကနေ သေဆုံးသွားတဲ့ ရန်လုံကြီးပါ ဘုရား၊ ဆရာတော်တို့ပေးဝေတဲ့ အမျှကိုလဲ သာဓုခေါ်ခွင့် ရလိုက်ပါတယ်ဘုရား၊ တပည့်တော်တို့ ညီအစ်ကိုကို ကျွေးမွေး စောင့်ရှောက်ထားတဲ့အတွက် အလွန်ကျေးဇူးကြီးလှပါတယ်ဘုရား၊ တပည့်တော်တို့အပေါ် တင်ရှိနေတဲ့ အကြွေးကိုလဲ အသက်နဲ့ရင်းပြီး ဆပ်ခွင့်ရလိုက်တဲ့အတွက် တပည့်တော် ကျေနပ်ပါတယ် ဘုရား၊

တပည့်တော်ဟာ ဆရာတော်တို့ ပေးဝေတဲ့ ကုသိုလ်အမျှနဲ့ သာဓုခေါ်ခွင့် ရလိုက်တော့၊ မကြာခင် ကောင်းမြတ်တဲ့ သုဂတိဘုံကို သွားရတော့မှာ ဖြစ်တဲ့အတွက် ဒီကျောင်းမှာ ကျန်နေခဲ့တဲ့ ရန်ရှင်းကိုလဲ စောင့်ရှောက်ပေးဖို့ လျှောက်ထားအပ်ပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"အေး၊ အေး အတိတ်ကံ အကျိုးပေးဆိုတာ လည်ပတ်နေဆဲ၊ ဒကာကြီး ဘဝအမျိုးမျိုးရဲ့ ကုသိုလ်၊ အကုသိုလ်ကံရဲ့ စီမံမှုအောက်မှာ ကျင်လည်နေဦးမှာဆိုတော့ ရောက်ရာဘဝမှာ လွတ်မြောက်ကြောင်းကိုပဲ လုပ်တော့ ဒကာကြီး"

"တင်ပါ့ဘုရား"

ထိုသူသည် ဦးသုံးကြိမ်ချပြီးနောက် အခိုးအငွေ့ အဖြူရောင်များသဖွယ် မှုန်ဝါးလွင့်ပျံ ပျောက်ကွယ်သွားလေ၏။ နှစ်ခြိုက်စွာ ကျိန်းစက်နေရာမှ ဆရာတော် လန့်နိုးလာလေ၏။ ဒီအိပ်မက်မျိုး ယခင်က တစ်ကြိမ်မက်ဖူးသည်။

ရန်လုံတို့ညီအစ်ကို ဒီကျောင်းကို မရောက်ခင်က ဖြစ်သည်။ ယခုလည်း ထပ်မက်ပြန်သည်။ ဆက်ကျိန်း၍ မရတော့၊ ဝရန်တာတွင် လမ်းလျှောက်နေမိ၏။

သတ္တဝါတစ်ခု ကံတစ်ခုဟာ အင်မတန် ဆန်းကြယ်ပါလားလို့ တွေးနေရင်းက သတိသမ္ပဇဉ်ကို ရှုနေမိ၏။

ကျောင်းကြီးအောက်မှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သံသည် ပတ်ဝန်းကျင် တစ်ခုလုံးကို ရိုက်ခတ်ဖောက်ထွက်လာလေသည်။

ထိုအသံသည် ထာဝရနှုတ်ဆက်ခြင်းလား၊ သတိတရ တမ်းတခြင်းလား ဆိုသည်ကိုတော့ ဆရာတော်ကြီး ကိုယ်တိုင် သိရှိခံစားနားလည်မည်ဟုယုံကြည်မိပါတော့သည်။

❒ စောမှိုင်းဝေ
(တွာအင်းဆိပ်ကြီး)

**ရည်ညွှန်း**

ဒေးဒရဲမြို့ စစ်ကွင်းကျောင်း ဆရာတော် ဦးဝိမလ၏ ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်စဉ်အား မိန့်ကြားပြီး ရေးသားခွင့် ပြုခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။

(၁)

နံနက် မိုးသောက်၍ အရှေ့ဘက်မှ နေမင်း၏ ရွှေတော်ပြေး ရောင်နီသန်းလာသည်နှင့် လူသားများသည် မှန်ကန်သောအသိ၊ ထကြွသောလုံ့လ၊ ကြံ့ခိုင်သောစိတ်ဓာတ်များဖြင့် လန်းဆန်းတက်ကြွနေပြီး မင်္ဂလာရှိသော နေ့သစ် တစ်နေ့ကို ဝမ်းပန်းတသာ ကြိုဆိုနေမည်မှာ အမှန်ပင် ဖြစ်ပေသည်။

အများနည်းတူ ခင်သစ်နွယ်သည်လည်း လန်းလန်းဆန်းဆန်း တက်တက်ကြွကြွဖြင့် မွေးဖွားလာမည့် နေ့သစ်တစ်ခုကို ကြိုဆိုလိုသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် သူမ၏ ပစ္စက္ခဘဝသည် တခြားသော လူသားများ၏ ဘဝနှင့် တူညီခြင်း မရှိပြန်ပါပေ။ မည်သည့်အတွက်ကြောင့်ဆိုသော် လေပြေလည်းမလာ။ နေရောင်မရနှင့် ပိန်းပိတ်အောင် မှောင်မည်းလှသည့် အိပ်ခန်းကျဉ်းလေးထဲ၌ ပြင်းပြသောဝေဒနာများကို ခံစားလျက်မှ မမျှော်လင့်လိုသော နေ့တစ်နေ့အား မျှော်လင့်စွာဖြင့် စောင့်မျှော်၍သာ နေရခြင်းကြောင့်ဟု ဆိုရပေလိမ့်မည်။

ခင်သစ်နွယ်အနေဖြင့် ယခုကဲ့သို့ ပြင်းထန်သည့် ဝေဒနာများ ခံစားနေရစဉ် အခိုက်အတန့်၌ သူမ၏ချစ်သူ ကျော်မင်းခေါင်တစ်ယောက် သူမ၏ အနား၌ ရှိနေခဲ့မည်ဆိုပါက မည်မျှ ကောင်းမည်နည်းဟု နာကျင်ကိုက်ခဲနေသည့်ကြားမှ တွေးမိပေသည်။

ထိုအချိန် ထိုကာလ၌ မောင်တစ်ယောက်သာ သူမ၏ အနား၌ရှိပြီး မောင့်မျက်နှာကို မြင်လိုက်ရသည့် တစ်ခဏ သူမ၏ ရောဂါတစ်ဝက် သက်သာနိုင်ဖွယ်ရာဟု ခင်သစ်နွယ်တစ်ယောက် ငေးမောတွေးတော စဉ်းစားမိပေသည်။

ခင်သစ်နွယ်၌ စွဲကပ်နေသော ရောဂါမှာ လူသိရှင်ကြား ထုတ်ဖော်ပြောဆို၍ ကောင်းသည် မဟုတ်သောကြောင့် တိုးတိတ်စွာဖြင့်ပင် မိသားစု ဆရာဝန်ပင့်ဖိတ်၍ ကုသနေခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်သည်။ ဤသို့သော ကုရာနတ္ထိဆေးမရှိ ဖြစ်နေသည့် ရောဂါဆိုးတစ်ခု ခင်သစ်နွယ်ထံ ကျရောက်ရခြင်းမှာ သူမကိုယ်တိုင် လော်မာခဲ့၍လား သို့တည်းမဟုတ် အမှတ်မထင် ကံဆိုးစွာ ရောက်လာခဲ့ခြင်းလား ဆိုသည်ကို သူမကိုယ်တိုင် မရေရာမသေချာ ဇဝေဇဝါနှင့် ထွေပြားလျက်ရှိခဲ့ရသည်။

သို့ဆိုစေကာမူ ခင်သစ်နွယ်သည် ငယ်ရွယ်နုပျို သစ်လွင်သည်နှင့်အမျှ ခေတ်ရေစီးကြောင်း၏ စီးမျောရာ၌ လွန်စွာ နှစ်သက်လှသည်။

ထို့ပြင် ခေတ်နှင့်လျော်ညီသည့် အလှအပ အသုံးအဆောင်များကို ကြိုက်နှစ်သက်လှသည်။ မိန်းကလေးယောကျ်ားလေး အပေါင်းအသင်းများလှသည်။ အပေါင်းအသင်းများ၍ မိန်းကလေးတန်မဲ့ အပျော်အပါးများကိုလည်း မက်မောခုံမင် လိုက်စားသည်ကြောင့် တရားမဝင် စိတ်ကြွဆေးများကိုပင် သုံးစွဲလာခဲ့ရသည်အထိ ဖြစ်လာခဲ့သည်။ ထိုမှတစ်ဆင့် မူးယစ်ဆေးဝါးများကိုပါ သုံးစွဲခဲ့ခြင်းကြောင့် မဖြစ်သင့်သော ရောဂါဆိုးကို သူမ ကိုယ်တိုင် လက်ခံရရှိ ခံစားနေရသည်ဟု ဆိုရပေလိမ့်မည်။

ယခု အချိန်တွင် ခင်သစ်နွယ်သည် ရည်မျှော်တမ်းတကာ ချစ်ရသော မောင်တစ်ယောက်ကို စောင့်စားမျှော်လင့်နေသော်လည်း ချစ်သောမောင်ကား ရောက်မလာခဲ့ပါပေ။ ဤကဲ့သို့ဆိုပါက မိမိကိုယ်ခန္ဓာ၌ စွဲကပ်နေသော ရောဂါဆိုးကြောင့် ချစ်သောမောင် တစ်ယောက် သူမအား စွန့်ခွာသွားခဲ့ပြီလား။ ခွဲခွာလို့ သွားခဲ့ပြီလား။ မုန်းမေ့ဖို့ ကြိုးစားနေပြီလား ဆိုသည်ကို သေချာ

www.burmeseclassic.com

www.burmeseclassic.com

# ငွေပင်မှာ မနားဆိုက်သည့်ငှက်ကြောင့်

မောင်သာမန် (ဗိုးကုန်း)



မသိရှိခဲ့ရသော်လည်း သူမ ရှိသည့် ဤနေရာ ဤဒေသကို ကာလကြာမြင့်စွာ ရောက်မလာခြင်းကို ထောက်ရှု၍ ခင်သစ်နွယ်တစ်ယောက် နှလုံးသားကြေကွဲစွာဖြင့် နားလည်ခွင့်လွှတ်ရပေတော့သည်။ သူမသည် ရှိုက်ငိုခြင်းများစွာဖြင့်။

"နွယ်လေး ရင်နာနာနဲ့ နားလည်ခွင့်လွှတ်ပါတယ် မောင်ရယ်၊ အမှန်တကယ်တော့ နွယ်လေးဘက်က မဆင်မခြင် ကျူးလွန်မိတာ မှားခဲ့တာတွေပါ၊ နွယ်လေးရဲ့ ကျူးလွန်မှုတွေ မှားခဲ့မှုတွေကို နွယ်လေးကိုယ်တိုင် မစွန့်လွှတ်နိုင်ခဲ့လို့ ကိုယ့်အပြစ်နဲ့ကိုယ် ခံနေရပါပြီမောင်၊

အခုချိန်မှာ နွယ်လေးကို ကျောခိုင်းထွက်ခွာသွားတယ်ဆိုရင် မောင့်ဘက်က မှန်ပါတယ်လို့ နွယ်လေး ပြောပါရစေတော့ မောင်ရယ်"

"နွယ်လေးရဲ့ဘဝ နှောင်းခဲ့တဲ့အချိန်မှ ဖွင့်ဟပြောဆိုလာတဲ့ မောင့်ရဲ့ချစ်ခြင်းမေတ္တာတရားဟာ နွယ်လေးကို လှောင်ပြောင်သရော်သလို ဖြစ်နေပါတယ်မောင်"

ထိုစဉ်ကာလများတွင် မောင်ဟု ခင်သစ်နွယ်သမုတ်လေသော ကျော်မင်းခေါင်သည် ခင်သစ်နွယ်ကို ဥပေက္ခာပြုသည်မဟုတ်။ ဥပဒေဘွဲ့ရရှိ၍ တရား



www.burmeseclassic.com

www.burmeseclassic.com

ရေးဌာနတွင် လက်ထောက် တရားသူကြီးဖြစ်ရန် ကြိုးပမ်းအားထုတ်နေသည်မို့ ခင်သစ်နွယ်နှင့် အတန်ငယ်ဝေးကွာခဲ့ရသည်။ ကျော်မင်းခေါင်အနေဖြင့် ခင်သစ်နွယ်အား မေတ္တာရှိနေသည်မှာ မှန်ကန်ပါ၏။ မေတ္တာရှိခြင်းကြောင့်ပင် ဘဝတစ်သက်တာ လက်တွဲဖော်ဖြစ်နိုင်ရေးအတွက် ကြိုးစားနေခြင်းကို ခင်သစ်နွယ်တစ်ယောက် အထင်အမြင် လွဲခဲ့ရသည်။

သို့ကြောင့်ပင် ခင်သစ်နွယ်သည် ကျော်မင်းခေါင် ပြောလေသမျှ လက်မခံခဲ့။ နားမဝင်ခဲ့။ ကျော်မင်းခေါင်ကို နှလုံးသားပေါက်ထွက်မတတ် ချစ်သော်လည်း ကျော်မင်းခေါင်၏ ချစ်သမျှအကြောင်းကိုသာ နားထောင်လို၏။ ဘဝ ဒဿနတွေ ဘဝလောကစံတွေ နားမထောင်လို။

သို့ကြောင့်ပင်လား မသိ။ ယခုအခါတွင် ခင်သစ်နွယ်တစ်ယောက် အနေဖြင့် မည်သည့်အခါမှ ပြန်လာနိုင်တော့မည် မဟုတ်သော မဟာချောက်ကမ်းပါးကြီးဆီသို့ ဦးတည် လျှောက်လှမ်းလျက် ရှိနေလေတော့သည်။

(၂)

အမှန်အားဖြင့် ခင်သစ်နွယ်၏ ဘဝထဲသို့ ကျော်မင်းခေါင် ရောက်ရှိလာခြင်းမှာ အဆန်းတကြယ်ကိစ္စတော့ မဟုတ်ပါပေ။ ခင်သစ်နွယ်၏ ဖခင် ဦးဘသစ်နှင့် ကျော်မင်းခေါင်၏ ဖခင် ဦးကျော်ခေါင်တို့သည် တစ်မြို့တည်းသားများဖြစ်ကြပြီး ငယ်ပေါင်းကြီးဖော်များ ဖြစ်ကြသည်။ ဦးဘသစ်သည် အစိုးရဌာနတစ်ခု၌ အထွေထွေမန်နေဂျာတစ်ဦး ဖြစ်သကဲ့သို့ ဦးကျော်ခေါင်သည်လည်း ရဲအုပ်ကြီးတစ်ယောက်ဖြစ်သည်။ သူတို့နှစ်ဦး လွတ်လပ်ပေါ့ပါးစွာ ပြန်လည်ဆုံတွေ့ကြစဉ်တွင် ပင်စင်စား အငြိမ်းစားများ ဖြစ်ခဲ့ကြပေပြီ။ သို့သော် သူတို့နှစ်ဦး၏ စီးပွားရေးသည် တောင့်တင်းကြပါ၏။ ချမ်းသာကြပါ၏။

ခင်သစ်နွယ်တစ်ယောက် ကျော်မင်းခေါင်ကို စတွေ့သည်နှင့်ပင် ရင်ခုန်လှိုက်မောခဲ့ရသည်။ ယောကျ်ားပီသသော ရုပ်ရည်အဆင်းရူပကာနှင့် အံဝင်ခွင်ကျစွာ မြန်မာပီပီ တိုက်ပုံ ပုဆိုးဝတ်ဆင်ထားခြင်းကြောင့် ဆယ်ကျော်သက်ခင်သစ်နွယ်တစ်ယောက် ရင်ခုန်ခဲ့ခြင်းသည် အပြစ်မဆိုသာခဲ့ပါပေ။

ခင်သစ်နွယ်၏ အမူအကျင့်က တစ်မျိုး။ သူမသည် ခေတ်ဆန်ချင် ဆန်ပေလိမ့်မည်။ အလှအပနှင့်ပတ်သက်၍ နောက်ဆုံးပေါ် မှန်သမျှ ဝယ်ယူဝတ်ဆင်လိုက ဝတ်ဆင်လိမ့်မည်။

သို့သော် သူမ၏ ဘဝတစ်သက်တာအတွက်မူကား နောက်ဆုံးပေါ် မော်ဒယ်ကောင်လေးများပုံစံ မဟုတ်ပါချေ။

ခင်သစ်နွယ်အနေဖြင့် ကျော်မင်းခေါင်သည်သာ သူမဘဝ၏ လက်တွဲဖော် ချစ်ကြင်သူ တစ်ယောက်သာ ဖြစ်ရမည်ဟု နှလုံးသားထဲ၌ အသေချည်နှောင်ပြီး ဖြစ်ပေသည်။ သို့သော် သူမ၏ လှပခြင်း၊ ခေတ်ရှေ့ပြေးခြင်းနှင့် အပျော်အပါးကိုမူကား အထိပါးမခံပါချေ။

တစ်နေ့တွင် ခင်သစ်နွယ်တို့ နေထိုင်သော တိုက်သို့ ဦးကျော်ခေါင်နှင့် ရှုမငြီးနိုင်သည့် သားကြီးသြရသဖြစ်သူ ကျော်မင်းခေါင်တို့ အလည်အပတ် လာကြသည်။ လူကြီးစုံရာ၌ အလိုက်သင့်ပြုံး၍ ယဉ်ကျေးစွာပြောဆိုဆက်ဆံတတ်သော ကျော်မင်းခေါင်အား သူမ၏ဖခင် ဦးဘသစ်နှင့် ဒေါ်ခင်နွယ်အေးတို့က သဘောကျကြသည်။

အကယ်၍သာ ကျော်မင်းခေါင်၏ဖခင်မှ သားရေး သမီးရေး ဆွေးနွေးကြမည်ဆိုပါက သူမ၏မိဘများမှ လိုက်လျောလက်ခံဖို့ အသင့်ပင် ဖြစ်သည်။ ကျော်မင်းခေါင်၏ ဖခင်မှလည်း ငယ်ရွယ်နုပျိုသေးသော ခင်သစ်နွယ်အား သမီးရင်းပမာ ဆက်ဆံပြောဆိုခဲ့သော်ငြားလည်း သားသမီးရေးကို ပြောဆိုခဲ့ခြင်း မရှိပါချေ။

ထိုစဉ်ကပင် ခင်သစ်နွယ် တစ်ယောက် ကျော်မင်းခေါင်အား ရင်ခုန်ခြင်း များစွာဖြင့် ချစ်မိနေကြောင်းကို သူမကိုယ်တိုင် သူမ ဝန်ခံခဲ့ရလေတော့သည်။

"ငါ မောင့်ကို ချစ်မိနေပြီပဲ"

ခင်သစ်နွယ်ကိုမူ ကျော်မင်းခေါင်မှ ခပ်စိန်းစိန်းကြည့်လိုက်ပြီး ညင်သာသော အပြုံးတစ်ချက် ပြုံးလျက် လူကြီးများနှင့်သာ စကားစမြည်ပြောနေတော့သည်။

သူမသည် ကျော်မင်းခေါင်၏ ဖုတ်လေသည့်ငါးပိ ရှိလေသည် မထင်သည့် ဟန်ပန်အမူအရာကြောင့် သူမမှာ လျှပ်တစ်ပြက် ကျွံမြီးတိုသွားသော်လည်း ချစ်သည့်စိတ်ကိုမူ ဖျောက်ဖျက်၍ မရသည်ကြောင့် စိတ်ထဲတွင်ကတုန်ကယင်ဖြင့် ဆိတ်ဆိတ်သာ နေလိုက်ရသည်။

သူမ ချစ်သော မောင်သည် မြန်မာဆန်လှသည်။ ဒါကိုပင် သူမ မြတ်နိုးသည်။ သူမကမူ မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်ဖက်သည့် ဝတ်စားဆင်ယင်မှုနှင့် မြန်မာမိန်းကလေးအသွင် ဗိုင်းကောင်းကျောက်ဖိ နေရမည်ဖြစ်သော်လည်း သူမကိုယ်တိုင် ထိုသို့ ဝတ်ဆင်ခြင်း မရှိချေ။ ခင်သစ်နွယ်သည် သူမချစ်သော မောင့်ရှေ့၌ ခေတ်ရှေ့ပြေးသော ဝတ်စားဆင်ယင်မှုများဖြင့် နေထိုင်ပြခဲ့မိသည်။ သူမ၏ စိတ်ထဲ၌-

"ငါ မောင်နဲ့ပတ်သက်ပြီး ရင်ခုန်ခဲ့ရသလို မောင်ကလဲ ငါ့ကို ရင်ခုန်လေမလား"

အမှန်အားဖြင့် သူမသည် ကျော်မင်းခေါင်ကို ချစ်မိသွားသကဲ့သို့ ကျော်မင်းခေါင်သည်လည်း သူမကို ရင်ခုန်လေမလားဆိုသော မျှော်လင့်ခြင်းများစွာဖြင့် မိန်းကလေးတန်မဲ့ မြင်းကမလှုပ် ခုံကလှုပ်ပြမိခဲ့ခြင်းပင် ဖြစ်သည်။ သို့သော် ခင်သစ်နွယ်သည် ကျော်မင်းခေါင်ရှေ့ လူကြီးများရှေ့တွင် လျှပ်ပေါ်လော်လည်သော အမူအရာ တစ်စုံတစ်ရာ မရှိခဲ့ပါပေ။





www.burmeseclassic.com

www.burmeseclassic.com

ပထမတော့ ကျော်မင်းခေါင်သည် မိဘများ အချင်းချင်း ခင်မင်ရင်းနှီးမှုကို အကြောင်းပြုလျက် မိမိအား ချစ်ရေးဆိုလိမ့်မည်ဟု ထင်တစ်လုံးဖြင့် ခင်သစ်နွယ် စိတ်ကူးယဉ်မိခဲ့သော်လည်း မောင်ဆိုသော ကျော်မင်းခေါင်သည် ချစ်ရေးဆိုဖို့ နေနေသာသာ တုတ်တုတ်မျှပင် မလှုပ်ဘဲနေသည်ကို သူမ အားမလို အားမရ ဖြစ်ခဲ့သည်။ နောက်ပိုင်းကာလတွေ၌ ခင်သစ်နွယ်နှင့် ကျော်မင်းခေါင်တို့ မည်သည့်နေရာမဆို လွတ်လပ်စွာ တွေ့ဆုံရမြဲဖြစ်သည်။ သို့တိုင်ခင်သစ်နွယ်မှာ သူမအား မည်သည့်အချိန်တွင် ကျော်မင်းခေါင်တစ်ယောက် လူပျိုစကားပြောမည်ကို ရင်ခုန်ထိတ်လန့်စွာ စောင့်စားနေလင့်ကစား ကျော်မင်းခေါင်မှမူ ခင်သစ်နွယ်နှင့် တွေ့လေတိုင်း. . .

"ခင်သစ်နွယ် မင်း ဒီအတိုင်းဆက်မနေသင့်ဘူး၊ ပညာရေးမှာ ဆယ်တန်းနဲ့ ရပ်ထားလို့ ဘယ်ဖြစ်ပါ့မလဲကွယ်၊ အချိန်လဲရှိသေးတယ်၊ ဆယ်တန်းဖြေဖို့ ကြိုးစားပါလားဟင်၊ ကြိုးစားရင် ဘာမဆို အောင်မြင်ရမှာပေါ့၊ မင်းဘဝတိုးတက်ဖို့အတွက် ကိုယ်အကြံပေးတာပါ၊ ပြီးတော့လဲ အချိန်ကို အလဟဿ မဖြုန်းတီးဘဲ ဗဟုသုတရရာရကြောင်း အကျိုးရှိမယ့်စာတွေ ဖတ်သင့်တယ်ကွ၊ စာပေဗဟုသုတတွေ အရာရာ ပြည့်စုံနေရင် ဘယ်အရာမဆို ဆင်ခြင်တုံတရား လက်ကိုင်ထားနိုင်ပြီပေါ့၊ နောက်ပြီး တခြားလူတွေကိုလဲ ဘယ်ကိစ္စပဲဖြစ်ဖြစ် အမှားအမှန် ဝေဖန်သုံးသပ်ခွဲခြားပေးနိုင်တာပေါ့"

ခင်သစ်နွယ်အနေဖြင့် မောင်ပြောခဲ့သော စကားမှာတမ်းများသည် မှန်သော်လည်း ဆယ်တန်း မအောင်လေသော မိမိအား ပညာရှိနည်းဖြင့် လှည့်ပတ်ပြောဆို နှိမ့်ချခြင်းများလားဟု သံသယပွားခဲ့မိသည်။ မောင့်ရဲ့ဟန်ပန် မောင့်ရဲ့ ပြောဆိုပုံတွေကို ကြည့်မိ အကဲခတ်မိတော့လည်း တစ်ဖက်သားကို နှိမ့်ချပြောလိုသော သဘောမရှိသည်ကြောင့် ခင်သစ်နွယ် သက်ပြင်းချလိုက်ရသည်။ မည်သို့ပင်ဖြစ်စေ မောင်၏ မေတ္တာစကားကို ကြားလိုသော်လည်း သူနှင့် ဆုံခဲ့သမျှ မိမိအတွက် တိုးတက်ရာ တိုးတက်ကြောင်းကိုသာ ဦးစားပေးပြောနေလေတော့ ခင်သစ်နွယ် တစ်ယောက် ကိုယ့်လိပ်ပြာကိုယ်မလုံသည့်ပုံ ဖြစ်နေရတော့သည်။

(၃)

ဒီနောက်ပိုင်းမှာ ကျော်မင်းခေါင် အကြံပေးသကဲ့သို့ ခင်သစ်နွယ် တစ်ယောက် ဆယ်တန်းဖြေဆိုရန် စိတ်ကူးရှိခဲ့သော်လည်း စာပေလေ့လာလိုက်စားကျက်မှတ်မှု အားနည်းသည်ကြောင့် ဆယ်တန်းစာမေးပွဲကို မဖြေဆိုတော့ပေ။ မိမိချစ်မိလေသောမောင်၏ ချစ်စကားသံလေးများကို မျှော်လင့်မိသော်လည်း ကျော်မင်းခေါင်မှ တုဏှိဘာဝေ နေလေခြင်းကြောင့် သူမ စိတ်ဓာတ်ကျခဲ့ရသည်။

ကျော်မင်းခေါင်အပေါ် ချစ်သမျှအကြောင်း မျှော်မှန်းထားလေသမျှ ကျော်မင်းခေါင်ထံမှ ဖွင့်ဟလာခြင်း မရှိသည်ကြောင့် မျှော်လင့်ချက်တွေ သဲထဲ ရေသွန်သကဲ့သို့ အရာမထင် ဖြစ်နေရတော့သည်။

ခင်သစ်နွယ်သည် သူမ၏ ခေတ်မီသော သူငယ်ချင်းများဖြင့် စိတ်ပြေရာပြေကြောင်း ပျော်ရွှင်စရာ ဖန်တီးခဲ့ကြသည်။ ပျော်ပွဲစားထွက်ကြသည်။ နိုက်ကလပ်တက်ကြသည်။ ကာရာအိုကေခန်းသို့ သွားကြသည်။

သို့ဖြင့် ခင်သစ်နွယ်တစ်ယောက် အပျော်လွန်လျက် စိတ်ကြွဆေးများကို သုံးစွဲလာတော့သည်။ နေ့စဉ်ဆိုသလိုပို၍ သုံးစွဲလာခဲ့သည်။ သူမ၏ မိဘများသည် သူမအကြောင်းကို သေချာစွာ မသိခဲ့။ တစ်ဦးတည်းသော သမီးလေး၏ အလိုကျအတိုင်း ပါရမီဖြည့်ပေးခဲ့သည်။ သူတို့ သမီးအား စိတ်အပြီအငြင် မခံပါပေ။ စိတ်ကြွဆေးသာမက ယောကျ်ားလေးအပေါင်းအဖော်များ၏ ခက်ခဲစွာ ရှာဖွေမှုဖြင့် ဘိန်းဖြူမှုန့်များကို ဆေးလိပ်လိပ်၍ သောက်သောအကျင့်ကိုလည်း ရရှိခဲ့လေသည်။

ကြာလာသည်နှင့်အမျှ ပျင်းရိလေးတွဲ့စရာ ကျော်မင်းခေါင်၏ ချစ်ခြင်းမေတ္တာကို မမျှော်လင့်လိုတော့။ စိတ်ပြေရာ ပြေကြောင်းနှင့် ရှုပ်ထွေးနောက်ကျိနေသော စိတ်အစဉ်ကို ပြန်လည်ကြည်လင်လန်းဆန်းနိုင်ဖို့ရန် စိတ်ကြွဆေးနှင့် ဘိန်းဖြူကို သုံးစွဲနေတော့သည်။

ဤသို့ဖြင့် ဘိန်းဖြူသောက်သုံးခြင်းနှင့် စိတ်ကြွမှုသံသရာ ဖြစ်ပေါ်စေရန် စိတ်ကြွဆေး သုံးစွဲမှုများတွင် ကျား၊ မ ခွဲခြားခြင်းမရှိ။ ထွေးရောယှက်တင်ဖြင့်ပင် သူမ၏ဘဝသည် မည်သို့ဖြစ်နေခဲ့သည်ကို သူမကိုယ်တိုင် မသိရှိလေရကား နောက်ပိုင်းတွင် ကံကြမ္မာကိုပင် ယိုးမယ်ဖွဲ့ရမည်လား ဘယ်သူမပြု မိမိမှုဟု ဆိုရလေမည်လား မပြောတတ်အောင် ဖြစ်ခဲ့ရတော့သည်။

နောက်ပိုင်း ခင်သစ်နွယ်တစ်ယောက် စိတ်ကြွဆေးနှင့် ဘိန်းဖြူ သုံးစွဲခြင်းကို နှောင်းမှ သူမ၏ မိဘများ သိရှိသည့်အခါတွင် မိဘများဖြစ်သော ဦးဘသစ်နှင့် ဒေါ်ခင်နွယ်အေးတို့မှာ ရင်ဘတ်စည်တီး၍ ယူကျုံးမရခြင်းများစွာဖြင့် ပြောဆို ငိုကြွေးနေကြသော်လည်း ခင်သစ်နွယ်မှာမူ ဆေးအရှိန်ဖြင့် ငေါင်တောင်တောင် ကြောင်အအဖြင့်သာ တွေဝေနေတော့သည်။

သူမ၏ မိဘများသည် သူမကို အချစ်ကြီးချစ်လျက် အလိုလိုက်ခဲ့ပါ၏။ စိတ်ချမ်းသာစွာ ထားခဲ့ပါ၏။

သို့သော်လည်း သူတို့၏သမီးလမ်းမှားရောက်၍ မူးယစ်ဆေးဝါးသုံးစွဲခြင်းကိုမူ မည်သို့မျှ လက်မခံနိုင်သကဲ့သို့ ယုံလည်းမယုံကြည်စရာဖြစ်၍ နေတော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ စိတ်နှင့်ခန္ဓာ ကွာဟနေမှုကြောင့် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com

မပြောနိုင်သော်လည်း ဆေးသောက်၍ တည်ငြိမ်သည့်အခါတွင်မူ သူမ မှားနေကြောင်း သိနေခဲ့သည်။ သို့သော် နောင်တကိုမူ မရလိုတော့ပေ။ မည်သည့်အတွက်ဆိုသော် ဆေးသုံးမှသာ သူ၏ခန္ဓာကိုယ် တည်ငြိမ်နိုင်မည်ကို သိထားခြင်းကြောင့် နောင်တရ၍ အကြောင်းမထူးဟု ဆုံးဖြတ်ချက်ချထားပုံရပေသည်။ မူးယစ်ဆေးဝါး မမှီဝဲရပါက သေမလောက် ဝေဒနာများ ခံစားနေရသည့် သမီးဖြစ်သူကိုကြည့်၍ ဖခင်ဦးဘသစ်သည် ယူကျုံးမရခြင်းများစွာဖြင့် . . .

"ဖြစ်မှဖြစ်ရလေ သမီးရယ်၊ မိဘတွေ ဆိုဆုံးမနေတဲ့ကြားက မိုက်တွင်းနက်လှချေလား ဟင်၊ ပြောပါဦး ခင်သစ်နွယ်၊ ဒီတရားမဝင် ဆေးဝါးတွေ သုံးတတ်ရင် မကောင်းတဲ့ ဆိုးကျိုးတွေ ဖြစ်တတ်တယ်ဆိုတာ သာဓကတွေ ပြယုဂ်တွေ အပြင်မှာ အများကြီးရှိပါရက်နဲ့ နင် မတွေ့ခဲ့လို့လား မမြင်ခဲ့လို့လား မကြားခဲ့လို့လား၊ ဥပဒေဘောင်ထဲက မဟုတ်တဲ့ တရားမဝင်ဆေးဝါးတွေကြောင့် နင့်ရဲ့အရှက်၊ နင့်အသက်တွေ ဒုက္ခလှလှကြီးတွေ့ရပြီပေါ့၊ နင့်ကို ငါတို့ ချစ်ခဲ့သမျှ သဲထဲရေသွန်သလို ဖြစ်ရပြီပေါ့"

သူမ၏မိဘနှစ်ပါး ပြောပြောဆိုဆိုဖြင့် ငိုလေသမျှ သူမသည်လည်း မိဘများဖြင့်အတူ လိုက်၍ ငိုကြွေးနိုင်ခြင်းမရှိ။ သူမ မငိုပါ။ သို့ဖြင့် သူမ၏ စိတ်သန္တာန်အစွဲထဲ၌ မောင့်ကိုချစ်၍ သူ ကြမ္မာဆိုးရလေသည်ဟု တစ်ဖက်သတ် စွပ်စွဲလျက်ရှိနေပါသည်။

သည့်နောက် ခင်သစ်နွယ်၏ မိဘများသည် သူမ ဆေးစွဲခြင်းနှင့် ပတ်သက်၍ ဖုံးနိုင်သမျှဖုံး၊ လျှို့ဝှက်တန်လျှို့ဝှက်ဖြင့် ငွေကုန်ကြေးကျခံကာ ဆေးကုသရတော့သည်။ ခင်သစ်နွယ် ဆေးလွန်ကျူးစွာ သုံးစွဲနေခြင်း၊ ဆေးစွဲခြင်းများကို သိလျှင်သိချင်း ကျော်မင်းခေါင်သည် ဖောင်ကြီးသင်တန်းမှ အရောက်လာခဲ့လိုသော်လည်း သင်တန်းဆင်းရန် တစ်ပတ်သာကျန်တော့သည်မို့ အောင့်အည်းနေလိုက်ရသည်။ ကျော်မင်းခေါင်တစ်ယောက် သင်တန်းဆင်း၍ ခင်သစ်နွယ်ဆေးရုံတက်ရာ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံသို့ သွားရောက်မေးမြန်းခဲ့သည်။

သူမ ချစ်သော မောင်တစ်ယောက် သူမ ရှိသော ဆေးရုံသို့ရောက်ရှိလာပြီး သူမအား နွေးထွေးစွာ ပြုစုပါ၏။ ခင်သစ်နွယ်မှာမူ မောင်ဟုခေါ်သော ကျော်မင်းခေါင်အား ငေးမောကြည့်ရှုလျက်ရှိသကဲ့သို့ သနားကရုဏာ အကြင်နာများ ပြည့်လျှမ်းနေသော ကျော်မင်းခေါင်၏ မျက်ဝန်းများ၌ ချစ်အရိပ်အငွေ့သန်းလျက်ရှိသည်ကို အံ့သြဖွယ်ရာ ခင်သစ်နွယ် မြင်တွေ့လိုက်ရသည်။ ခင်သစ်နွယ်၏စိတ်ထဲ နှလုံးသားထဲ၌ ကြေကွဲစွာဖြင့် . . .

"ဟိုတုန်းက နွယ်လေးအပေါ် အခုလိုရှိနေခဲ့ရင် နွယ်လေး အခုတွေ့ကြုံနေရတဲ့ ကံကြမ္မာဆိုးဟာ ကြုံတွေ့လာနိုင်စရာအကြောင်း ဘယ်ရှိပါ့မလဲ မောင်ရယ်"ဟု တတွတ်တွတ် ရွတ်ဆိုလျက် နေပေတော့သည်။

ထို့ပြင် ခင်သစ်နွယ်တစ်ယောက် ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား ကွဲကွဲပြားပြား ခွဲခြားမသိနိုင်တဲ့ မမျှော်လင့်တဲ့စကားတွေက ချစ်သောမောင်၏ နှုတ်ခမ်းမှ တုန်ရီလှိုက်မောစွာ ထွက်အန်၍ လာခဲ့ကြသည်။

"နွယ်လေး ကိုယ်ပြောတဲ့စကားကို ဒီတစ်ခါတော့ နားထောင်ပေးပါလို့ ကိုယ်တောင်းပန်ချင်ပါတယ်၊ အစကနဦးက နွယ်လေးကို ချစ်တယ်လို့ ပြောလိုပေမယ့် နွယ်လေးက ငယ်သေးတာက တစ်ကြောင်း၊ ပညာမစုံတာက တစ်ကြောင်း အကြောင်းကြောင်းတွေ ထောက်ထားပြီး ဖွင့်ပြောဖို့ ခက်နေခဲ့ရတယ်၊ နောက်တစ်ချက်က ဘာလဲဆိုရင် နွယ်လေးကို အဆင့်အတန်းမြင့်မြင့်နဲ့ ပညာတတ် အမျိုးသမီးတစ်ယောက် ဖြစ်စေချင်တဲ့အပြင် ဂုဏ်သိက္ခာမြင့်မားတဲ့ မိန်းမကောင်း မိန်းမမြတ် တစ်ယောက် ဖြစ်စေချင်လို့ဆိုတာ နွယ်လေး သဘောပေါက်ခဲ့ရင် အခုလို ဖြစ်စရာအကြောင်းမရှိခဲ့ဘူးပေါ့၊ ဒီတစ်ခါတော့ နွယ်လေးနဲ့ ကိုယ့်အတွက် ပြောတော့မယ်နော်၊ နွယ်လေးကို ကိုယ့်ရဲ့ ရင်နဲ့အမျှ သိပ်ချစ်တယ်၊ နွယ်လေး ကိုယ့်ကို ပြန်ချစ်လိမ့်မယ်လို့ ကိုယ်မျှော်လင့်ပါတယ်"

ယခုအခါမှ ပြောလာသော မောင်၏ ချစ်ခြင်းစကားကြောင့် ယူကျုံးမရဖြစ်စွာ ခင်သစ်နွယ်သည် မောင်၏ ချောမွတ်သော မျက်နှာကို အားကိုးတကြီးမော့ကြည့်လျက် မောင်၏ ရင်ခွင်ထဲ၌ပင် ရှိုက်ကြီးတငင် သည်းထန်စွာ ငိုကြွေး၍နေတော့သည်။ မောင်သည်လည်း ပိန်ချိုင့်၍နေလေသော သူမ၏ ပါးပြင်ပေါ်မှ မျက်ရည်စများအား တယုတယ သုတ်ပေးလျက်။ ကျော်မင်းခေါင်ခေါ် မောင်၏ ရင်ဖွင့်လာသော ချစ်ခြင်းမေတ္တာကြောင့် ဝမ်းသာရသကဲ့သို့ ဝေဒနာရရှိမှ နောက်ကျစွာ ပြောလာသည်ကြောင့်လည်း သူမသည် ဝမ်းနည်းခဲ့ရသည်။

(၄)

အမှန်စင်စစ် ကျော်မင်းခေါင်သည် အတ္တသမားမဟုတ်၊ နူးညံ့သော နှလုံးသားပိုင်ရှင်တစ်ယောက်ပင် ဖြစ်သည်။ ခင်သစ်နွယ် တစ်ယောက် ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံ၌ တက်ရောက်စဉ်ကာလ တစ်လျှောက်ရက်ခြားဆိုသလို လာရောက်ကြည့်ရှုစောင့်ရှောက်ခဲ့ပါ၏။ ခင်သစ်နွယ်သည်လည်း ဆေးပြတ်သည့်အပြင် အာဟာရပုံမှန်မှီဝဲမှုကြောင့် အသားအရေများ ပြန်လည်စိုပြည်လာခဲ့၏။ တစ်ခါတစ်ရံ ကျော်မင်းခေါင်သည် တရားရုံးကိစ္စများဖြင့် အလုပ်ရှုပ်၍ မလာနိုင်သည့်အခါများတွင် ခင်သစ်နွယ်သည် သူမ၏ မောင်ကို မျှော်နေတတ်သည်။





www.burmeseclassic.com

www.burmeseclassic.com

မိမိစိတ်နှင့် မိမိကိုယ် မောင့်ကို အထင်အမြင်လွဲလျက် စိတ်အလိုလိုက်ပြီး ထင်ရာစိုင်းမိခဲ့သည်များကို ပြန်လည်တွေးတော၍ နောင်တများနှင့်အတူ မိမိဘဝအတွက် ယူကျုံးမရ ဖြစ်ခဲ့သည်။ ခင်သစ်နွယ်သည် ကျော်မင်းခေါင်ကို ချစ်သောစိတ်ဖြင့် မထိန်းနိုင်မသိမ်းနိုင်ဖြစ်ကာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးလိုက်ခြင်းသာ ဖြစ်သည်။ ထိုစဉ်က ကျော်မင်းခေါင်အနေဖြင့် မိမိရည်မှန်းချက်နှင့် မိမိရုန်းကန်နေရသည်မို့ ခင်သစ်နွယ် ဖြစ်လေသမျှ စိုးစဉ်းမျှပင် မသိခဲ့ပါချေ။

ယခုအခါတွင် ခင်သစ်နွယ်တစ်ယောက် စိတ်ကျန်းမာရေးဆေးရုံမှ ဆင်းရတော့မည် ဖြစ်သည်။ မောင်သည်လည်း ရွှင်ပျစွာဖြင့် . . .

"နွယ်လေး အခုဆိုရင် ဆေးရုံက ဆင်းရတော့မှာမို့ အရင်လို လူကောင်းပြန်ဖြစ်သွားပါပြီ၊ နွယ်လေးရဲ့ ကျန်းမာရေး အခြေအနေ ပြန်ကောင်းလာလို့ ကိုယ့်လောက်ပျော်တဲ့လူ ဒီကမ္ဘာမှာ မရှိတော့ပါဘူး၊ နွယ်လေးကို ချစ်တဲ့စိတ်ကြောင့် နွယ်လေး ဆေးရုံကဆင်းပြီး မကြာခင်မှာ မိဘစုံရာနဲ့ လာပြီးတောင်းရမ်းဖို့ စီစဉ်လိုက်တော့မယ်နော်"

မောင်၏ ချောမွတ်သော မျက်နှာပေါ်မှ ပျော်ရွှင်မှု အရိပ်အယောင်များသည် ခင်သစ်နွယ်ထံ ကူးစက်သွားသည်လား မသိ။ သူမသည်လည်း အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်၍ နေတော့သည်။ သို့သော် ခင်သစ်နွယ်၏ ကံကြမ္မာသည် အလှည့်အပြောင်း မြန်ဆန်သည်ဟု ဆိုရချေမည်လား။

ခင်သစ်နွယ်၏ နောက်ထပ်တစ်ဖန်ဖြစ်ပေါ်လာသော ရောဂါကား မည်သို့ပါနည်း။ ကျန်းမာရေးဆေးခန်းမှ ထွက်ပေါ်လာသော မှတ်တမ်းအရ မငြင်းသာ မဖုံးသာသော ရောဂါဆိုးတစ်ခု။ ချစ်ရသော မောင့်အတွက် မျှော်လင့်ချက်မဲ့ရသကဲ့သို့ ခင်သစ်နွယ်၏ အနာဂတ်ဘဝခရီးသည်ကား လွန်စွာတိုတောင်းလှပါပြီကော။ အချိန်တို့သည် လျင်မြန်စွာ ပြောင်းလဲနေ၏။ နေ့နှင့်ညတို့၏ ပြောင်းလဲမှုကား တစ်စက္ကန့်မလပ်။

(၅)

မှောင်မိုက်သော အခန်းကျဉ်းလေး၌ ဝေဒနာဖိစီးစွာ သူမသည် လဲလျောင်းနေခဲ့ပါ၏။ အချိန်ကာလများ တရွေ့ရွေ့ ပြောင်းလဲနေသည့်နည်းတူ သူမ၏ ခန္ဓာကိုယ်အရိုးအဆစ်တို့သည်လည်း ကြွေကျမတတ် ပြင်းပြသော ဝေဒနာများ အသည်းခိုက်သမျှ ခံစားနေရပါ၏။ သူမ၏ နှုတ်ခမ်း၊ လျှာ၊ လည်ချောင်းတို့သည်လည်း ကွဲအက်သည့်နည်းတူ နာကျင်စွာ ခံစားနေရသည်။ သောက်ရေတစ်ငုံစာပင် သောက်လိုခြင်း ဆန္ဒမရှိ။

စားပွဲပေါ်၌ အိုဗာတင်း၊ ကော်ဖီ၊ သစ်သီးဝလံ၊ အာဟာရဖြစ်စေသော အစာများပြည့်လျှံနေသော်လည်း အစာစားလိုခြင်း အလျှင်းမရှိ။ တစ်ခါတစ်ရံ စားလိုသော ဆန္ဒ ရှိလာသော်လည်း စားလို့မရသည်က မည်သို့သော ဝဋ်ကြွေးများပါနည်း။ သူမ၏ ချိုင့်ဝင်နေသော အရောင်မှိန်သည့် မျက်လုံးအစုံတွင် မျက်ရည်စလေးများရှိနေပါ၏။ အခုချိန်တွင် ယခင်ကလို မဟုတ်တော့။ သူမ၏ အမှောင်ကျ၍ တိတ်ဆိတ်လှသည့် အခန်းကျဉ်းလေးထဲသို့ မည်သူတစ်ဦးတစ်ယောက်မျှ စိတ်လိုလက်ရ လာရောက်မှုမရှိကြပါလေတော့။ သူမအနေဖြင့် စိတ်နှင့်ခန္ဓာ ကင်းကွာလုလုဖြစ်ပေါ်နေ၏။ နေ့ရောက်သော်လည်း နေ့၏အနှစ်သာရကို မခံစားနိုင်သကဲ့သို့ ညရောက်သော်လည်း ည၏အလှတရားသဘာဝကို မခံစားရပါလေတော့။ သူမ ချစ်ရသော မောင်ကိုလည်း သတိရ တစ်ချက် မရတစ်ချက် ဖြစ်နေရပေပြီ။

သူမသည် မိဘများအား သူမ၏ အမှားများအတွက် တောင်းပန်လိုသည်။ သို့သော် ဝေဒနာကြောင့် တောင်းပန်ရန် အချိန်မရ။ မိဘများအား သူ၏ ကြုံလှီနေသော လက်အစုံ ပူးကပ်လျက် သဏ္ဌာန်လောက်သာ ပြဆိုနိုင်ခဲ့သည်။ သူမ၏ ချစ်ရသော မောင့်ကိုလည်း မျက်လုံးဖြင့်သာကြည့်၍ သူမ၏ မိုက်မဲမှုကို တောင်းပန်နေပေ၏။ မောင်သည် မျက်ရည်ကျနေသကဲ့သို့ သူမ၏ မိဘများသည်လည်း ငိုကြွေးလျက်ရှိနေကြပေပြီ။ သူမ နောက်ဆုံးလုပ်ရမည်မှာ တစ်ခုတည်းသာ ရှိပါတော့၏။

ငယ်ရွယ် နုပျိုစဉ်ကာလ တစ်လျှောက် မျိုးရိုးစဉ်ဆက်တို့၏ ယုံကြည်ကိုးကွယ်မှုမှာ ဗုဒ္ဓဘာသာပင် ဖြစ်သော်လည်း ဆယ်ကျော်သက်မှသည်အသက်အရွယ်ကြီးလာသည့်တိုင် ဘုရား၊တရား၊ သံဃာ ယုံကြည်ကိုးကွယ်ဆည်းကပ်မှု စိုးစဉ်းမျှသာ ရှိခဲ့ပါ၏။

ယခုအခါ၌ ဘုရားသည် မိမိကိုးကွယ်ရာ၊ တရားသည် မိမိအားထားရာ သံဃာသည် မိမိယုံကြည်ရာဟု ထင်မြင်လာသည်ကြောင့် သရဏဂုံ သုံးပါးကို အထပ်ထပ် ရေရွတ်နေလေတော့၏။ သူမ၏ ခြောက်သွေ့သော နှုတ်ခမ်းတစ်စုံသည် အထပ်ထပ်လှုပ်ရှားလျက်ရှိနေပြီးသည့်နောက် သူမ၏ မျက်လုံးတို့သည် တစ်နေရာတည်း၌ မရွေ့မလျား တည်ရှိနေပြီး သူမ၏ နှုတ်ခမ်းသည်လည်း လှုပ်ရှားမှုကင်းမဲ့စွာ။

ဘယ်သူမပြု မိမိမှုဆိုသည်ကို ခင်သစ်နွယ်တစ်ယောက် သိမှ သိပါလေစ။ မိဘများအုပ်ထိန်းမှုအောက်မှ ကင်းလွတ်လျက် မိမိ၏ ဆန္ဒသဘောအလိုလိုက်ခဲ့မိသည်။ သူမ၏ နှလုံးသားထဲ၌ အချစ်စစ်တို့ တည်မြဲလျက်ရှိနေပါသော်လည်း မူးယစ်ဆေးကို သုံးစွဲလျက် ကိလေသာ၊ တဏှာတို့ ရောပြွမ်းရာ မာယာရေကန်ကြီးကို မိုက်မဲစွာဖြတ်သန်းခဲ့မိသည်ကြောင့် ပွင့်သင့် ပွင့်ထိုက်သော အလှပန်းလေးတစ်ပွင့်သည် စောစီးစွာ သဘာဝကို ဆန့်ကျင်လျက် ကြွေလွင့်ခဲ့သည်ဆိုသော် . . . ။

❒ မောင်သာမနို(ဓီထည်း)

www.burmeseclassic.com


ညွန့်စိုင်မာ(ကျောက်ဆည်)၊ ညွန့်လွင်(စက်မှုတက္ကသိုလ်) ရေးသားသည့်

**သင့်ဘဝတစ်သက်တာ ဗေဒင်ဟောကိန်းများ** စာအုပ် တန်ဖိုး ၆၀၀၀ ကျပ်

စာအုပ်ဝယ်မရပါက စာရေးသူထံ ငွေပေးပို့ပြီး မှာကြားနိုင်ပါသည်။

ငွေကို **M.O** နှင့်ပို့ပေးပါ။ စာအိတ်ထဲထည့်မပို့ပါနှင့်။

(ရပ်ဝေးမှ ဗေဒင်မေးလိုပါက) တစ်သက်တာ ဗေဒင်ဟောစာတမ်း ၃၀၀၀၀ ကျပ်

ငွေကြိုတင်ပေးပို့ပါ။

တစ်သက်တာဟောစာတမ်းတွင် တြိဂုဏ်ဇာတာ၊တစ်သက်တာဟောကိန်း၊ ၃နှစ်စာအထူးဟောကိန်း၊

၁နှစ်စာ (ရက်စွဲအတိအကျဖြင့်) အသေးစိတ်ဟောကိန်းပါဝင်မည်။

စာအုပ်တစ်အုပ် လက်ဆောင်ပေးမည်။

ဗေဒင်မေးလိုသူ၏အမည်၊ နေရပ်လိပ်စာ၊ မွေးရက်စွဲ၊ မွေးရာဒေသ၊ မွေးချိန်(သိလျှင်) တို့ကို

အောက်ပါလိပ်စာအတိုင်း ပို့ပေးပါ။ နှစ်ပတ်အတွင်း စာတိုက်မှ အရောက်ပို့ပေးပါမည်။

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဦးညွန့်လွင်

ဖုန်း–၀၉–၄၀၀၀၁၆၄၀၉

၂၈၊ ဆေးရုံလမ်း၊ မြင်စိုင်းခန်းမ အနောက်ဘက်၊ ကျောက်ဆည်မြို့။



# စီးပွားရေးလုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရန် လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊

(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

နံနက် ၇း၃ဝ နာရီ စာပို့ရထားကြီးကို နတ်မောက်ဘူတာမှ စီးခဲ့ရသော်လည်း သားမြားဘူတာတွင် ကြေးနီမှ ထွက်လာသည့် ရထားကြီးနှင့် လမ်းခွဲရှောင်ရန် ရပ်စောင့်ခဲ့ရသဖြင့် ငွေးကုန်းဘူတာကို မွန်းတည့် ၁၂ နာရီမှ ဆိုက်ရောက်ရတော့သည်။

ငွေးကုန်းဘူတာသို့ ရထားကြီးဆိုက်ရပ်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော်နှင့် ဇနီးသည် ခင်တို့ အလျင်စလို ဆင်းကြရသည်။

သား မောင်ကျော်စွာထက်ကို အပေါ်မှ ခရီးသည်တစ်ဦးက ခေါ်ထားပြီး ကျွန်တော်တို့ အောက်ရောက်မှ လှမ်းပေးသည်။ ဇနီးသည်က သူ့အဝတ်အစားအိတ်ကိုလွယ်ပြီး သားကြီးကို လှမ်းခေါ်သည်။ ကျွန်တော့်မှာ အဝတ်အစားအိတ်လွယ်ရင်း လက်ဆွဲကြိမ်ခြင်းနှစ်ခုကို ဘယ်ညာ ဆွဲထားရသည်။ အညာဆောင်းနေက ပူပြင်းလှပါဘိ။

ငွေးကုန်းဘူတာမှာ သာမန်ဘူတာလေးဖြစ်၍ ရထားသည်ကြာကြာမရပ်ပါ။ ကျွန်တော်တို့ အောက်ဆင်းပြီး ဘူတာကုန်းပေါ်ရှိ အကြော်နှင့် ထမင်းရောင်းသော ဆိုင်လေး၏ တဲအရိပ်ကွပ်ပျစ်ပေါ် ထိုင်နားရန်အရောက်တွင် ရထားကြီးသည် ခုတ်မောင်းထွက်သွားလေပြီ။

ကျွန်တော်တို့ခရီးက ငွေးကုန်းမှာ မဆုံးသေး။ငွေးကုန်းဘူတာ၏ အနောက်ဘက်အရပ် ၆ မိုင်အကွာတွင်ရှိသော "ကျောက်ပုံရွာမကြီး" ရောက်မှ ခရီးပန်းတိုင်ရောက်မည် ဖြစ်ပါသည်။ ငွေးကုန်းနှင့် ကျောက်ပုံရွာ အကူးအသန်းမှာ လွန်စွာပင်ပန်းသည်။ လှည်းငှားလျှင် သုံးထောင်ကျပ်ပေးမှ ရသည်။ ငွေသုံးထောင် အကုန်ခံမလို၊ အကုန်လည်း မခံနိုင်သဖြင့် ယခင်ယခင် အခေါက်များတုန်းက ခြေကျင်ပင် အပင်ပန်းခံကာ ကူးသွားခဲ့သည်။

ထိုစဉ်က ကျွန်တော်နှင့် ဇနီးသည် ခင်တို့ သား၊ သမီး မရှိသေးသောကာလဆိုတော့ သွားရလာရ အဆင်ပြေသော်လည်း ယခုအခေါက်တွင် သားမောင်ကျော်စွာထက်မှာ ခြောက်လသား အရွယ်သာ ဖြစ်နေသေးသည်ဆိုတော့ ခြေကျင်သွားရန် ကူးရန် မလွယ်ပါ။


"မောင် သားကို ခဏပွေ့ထားဦး၊ ရွာက လူကြုံ လှည်းကြုံကို ရှာကြည့်ဦးမယ်၊ ကျောက်ပန်းတောင်းက အပြန်တွေ ဘာတွေ ကုန်ပါလာရင် လှည်းလာကြိုတတ်တယ်၊ ဟုတ်လား"

ဇနီးသည်၏ လက်ထဲမှသားကို ပြောင်းပွေ့ခေါ်လိုက်ရသည်။ ခင်သည် နေပူကျဲတဲ အပြင်ဘက်တွင် သွားပြီး လူကြုံလှည်းကြုံ မေးရန် ရှာရန် ထွက်သွားသည်။ ငါးမိနစ်ခန့် ကြာသောအခါ ရေးကြီးသုတ်ပျာ ဇနီးသည်ခင် ပြန်ရောက်လာသည်။

"မြန်မြန်လုပ် မောင်. . . ဟိုမှာ အောင်ကျော်မိုးဆိုတဲ့ ရွာက ကလေး လှည်းထွက်တော့မလို့ ခြင်းနှစ်ခြင်း ဆွဲခဲ့၊ သားကို ပေးပေး"

ဇနီးသည်လက်သို့ သားကိုပြောင်းပေးလိုက်ပြီး လက်ဆွဲခြင်းနှစ်ခြင်းကို ကျွန်တော် ဘယ်ညာဆွဲ၍ လှည်းရှိရာဆီသို့ ထွက်ခဲ့ရလေသည်။

❖



နတ်မောက်မင်းသန့်နိုင်





www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ အခုတစ်ခေါက် ခရီးကို ကျွန်တော် မလာချင်။ သားမှာ ခြောက်လအရွယ်ဆိုတော့ နုနယ်သေးသည်ဟု ကျွန်တော် ခံယူထားသော ကြောင့်ပင်။

ခရီးသွားလျှင် သားမှာ ကိုယ်လက်တွေ နာကျင်နိုင်သည်။ နောက်ပြီး ရာသီဒဏ်ကိုလည်းခံရမည်။ အဖေသင်ပေးထားသော မဟာဘုတ်ဗေဒင်ပညာအရ သား၏ဖွားဇာတာမှာ ပုတိဖွား ဖြစ်နေသည်။

ငယ်နုစဉ်မှာ ချူချာတတ်သည်။ "ပုတိသဘောမကျော်စော၊ ကျော်စော ပုတိ အတုမရှိ"ဟု မဟာဘုတ် ဗေဒင်ကိန်းအရ ကြီးမြင့်လာလျှင်တော့ သားသည် ထူးချွန်ထက်မြက်ရမည်။

သို့အတွက်လည်း သား၏မွေးနေ့ တနင်္လာ အက္ခရာနံဖြစ်သော (က၊ ခ၊ ဂ၊ ဃ၊ င)ထဲမှ ကကို အခြေခံ၍ ကျော်ဟုအရင်းထားခဲ့ပြီး ကျွန်တော့်မိတ်ဆွေတစ်ယောက်က စာရေးဆရာကျော်စွာထက်၏ ဝတ္ထုတိုများ(၁) စာအုပ် လက်ဆောင်လှမ်းပေးပို့၍ စာတိုက်မှ လာရောက်သောနေ့နှင့် တိုက်ဆိုင်သဖြင့် "ကျော်စွာထက်"ဟုပင် သားကို အမည်ပေး ကင်ပွန်းတပ်ခဲ့မိသည်။

မိဘတို့၏ သားသမီးအပေါ် ထားရှိသော မေတ္တာအတိမ်အနက်ကိုလည်း ကျွန်တော်ကိုယ်တိုင် သားတစ်ယောက်၏ဖခင်ဖြစ်လာချိန်တွင် ပိုမို၍ သဘောပေါက်နားလည်ခဲ့ရသည်။

ထားတော့. . . အခုတစ်ခေါက် ကျောက်ပုံရွာသို့ ပြန်လာဖြစ်ရခြင်း၏ အဓိက စိတ်ထက်သန်သူမှာ ဇနီးသည် မခင်ပင် ဖြစ်တော့သည်။ သူမောင်နှစ်ဝမ်းကွဲ တော်စပ်သူ ဦးကျော်+ဒေါ်တင်တို့၏သား ရှင်ပြုအလှူမင်္ဂလာပွဲ။ ထမင်းရည်ချောင်းစီး အလှူကြီးဖြစ်၍ သွားချင်သည်။ သူ့ဇာတိရွာလည်း ဖြစ်တော့ ပို၍သွားချင်နေသည်။

ဦးကျော်နှင့် ဒေါ်တင်တို့မှာ သူတို့၏ ရင်သွေးရင်နှစ် သားနှစ်ယောက်နှင့် သမီး နှစ်ယောက်ကို ရှင်ပြုနားထွင်း မင်္ဂလာပြုပွဲတွင် ရွာထဲနှင့် အနီးပတ်ဝန်းကျင်မှ မိဘမဲ့ကလေးများ၊ မုဆိုးမ၏ သားသမီးများ၊ မုဆိုးဖို၏ သားသမီးများ၊ မရှိနွမ်းပါး၍ သာသနာ့ဘောင်သို့မသွတ်သွင်းနိုင်သူ မိဘတို့၏ သားသမီးများပါ ရှင်ပြုနားသပေးသော အလှူမင်္ဂလာလည်း ဖြစ်သည်တဲ့။

စုစုပေါင်း ရှင်လောင်း အပါး ၃၅ ပါး၊ နားထွင်း သမီး ၁၅ ဦး ဖြစ်သည်ဟု ဆိုသည်။ သူတို့ ကျောက်ပုံရွာတွင် ဦးကျော်+ဒေါ်တင်တို့၏ အလှူသည် နှစ်ပေါင်း ၂၀ ခန့်အတွင်း အကြီးမားဆုံး အထူးခြားဆုံး အလှူမင်္ဂလာပွဲကြီးဟု ဇနီးသည်ခင်က ဆိုသည်။

သို့ကလိုဆိုကာ ဇနီးသည်ခင်၏ ဆန္ဒကြီးမားမှုအရ ယခုတစ်ခေါက် ကျောက်ပုံရွာသို့ ပြန်လာခဲ့ရခြင်း ဖြစ်သည်။

အောင်ကျော်မိုးဆိုသူ ကလေးငယ်မှာ သူ့ဖခင်နှင့်အတူ လှည်းဦးတွင် ထိုင်လျက် ရှိသည်။ ကျွန်တော်တို့ မိသားစုသုံးယောက်လည်း နောက်ပိုင်းမှ စီးလိုက်ခဲ့ရသည်။

"ငါတူတို့၊ တူမတို့ လှည်းဦးပေါ် နေတယ်ကွဲ့၊ နည်းနည်းရှေ့တိုး စီးကြဦး" ဟု အောင်ကျော်မိုး၏ဖခင် ဦးအောင်မောင်းကပြောသဖြင့် ကျွန်တော်နှင့်ဇနီးသည်ခင်တို့ နေရာပြင်ကာ ရှေ့တိုးစီးကြရသည်။

လှည်းမှာ တအိအိနှင့် စီးနေရရာ ကျွန်တော် ပျင်းရိလာမိသဖြင့် ဦးအောင်မောင်းအား စကားစပ်မိရသည်။

"ဦးကြီး အသက် ဘယ်လောက်ရှိပြီလဲ"

"ဦးကြီးလား၊ အဲ့, ပြီးခဲ့တဲ့ သီတင်းကျွတ်က ခြောက်ဆယ့်လေးနှစ် ပြည့်ခဲ့ပြီ၊ ခု ခြောက်ဆယ့်ငါးထဲ ရောက်နေပြီကွ"

"ကျန်းမာတယ်နော်၊ လုပ်နိုင်ကိုင်နိုင် စားသောက်နိုင်တုန်းပဲနော်၊ ကျွန်တော်တို့ မြို့ကသူတွေများ ခြောက်ဆယ်ဟိုဘက်ဆိုရင် ရောဂါကို မျိုးစုံနေတာ၊ သွေးတိုးနဲ့၊ နှလုံးနဲ့၊ ဆီးချိုနဲ့ ရောဂါတွေကို ပွနေတာပဲ"

"ဟဲ ဟဲ ဟဲ ဟဲ ဟဲ ဟုတ်မှာပေါ့ငါ့တူရဲ့၊ မြို့ကလူတွေက အရိပ်ထဲနေပြီး ကောင်းကောင်းစား၊ လှုပ်ရှားမှုနည်းတော့ ရောဂါထူတာပေါ့၊ ပုံရိုင်းရိုင်းကွာ၊ အရိပ်ထဲနွား အပူရှပ်ဆိုသလိုပဲ၊ ဦးကြီးတို့ကတော့ မွေးကတည်းက ခပ်ကြမ်းကြမ်းပဲ လယ်ကန်သင်းပေါ်မှာ ကျူဖျာကိုခင်း မွေးဖွားကြီးပြင်းလာခဲ့တာဆိုတော့ ဘဝအစကတည်းက ကြမ်းပြီးသား၊ မြေပေါက်၊ မြက်ရိတ်၊ ထွန်ယက်စိုက်ပျိုးနဲ့ နဖူးကချွေး မြေထဲ ပြန်ပြီး စိမ့်ဝင်အောင် အလုပ်နဲ့ခန္ဓာ မပြတ်မလပ်ဆိုတော့ စားနိုင်တယ်၊ ဝါးနိုင်တယ်၊ သွားနိုင်တယ်၊လုပ်နိုင်တယ်၊ ကိုင်နိုင်တယ်။

နေဆိုးတာတို့ ဖျားနာတာတို့များ အမှတ်တောင်မရဘူး၊ ချဉ်ပေါင်ဟင်း ငရုတ်သီးထောင်းတွေနဲ့လဲ စားကောင်းတာပဲ၊ တစ်ခါတစ်ရံ အသားငါးလေးနဲ့ စားရတဲ့နေ့ဆို ခေါင်းမဖော်တော့ဘူး၊ တစ်ခါတည်း ကုန်းတုတ်တော့၊ လွေးတော့တာပေါ့ကွာ ဟား ဟား ဟား"

ဦးကြီး အောင်မောင်းသည် တကယ်ပင် ပျော်ရေပါးရေဖြင့် ကျွန်တော့်အား စကားအမျှင်မပြတ်အောင် ပြောပြီး ရယ်မောနေလေသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဦးကြီး ပြောတာ အမှန်ချည်းပဲ၊ ဒါနဲ့ ဦးကြီး အခုလှူမယ့် ဦးကျော်နဲ့ ဒေါ်တင်တို့က တော်တော်ချမ်းသာလို့လားဟင်"

ကျွန်တော့်ဉာဉ်အတိုင်း စူးစမ်းမေးမြန်းကြည့်လိုက်မိသည်။ ဦးကြီး အောင်မောင်းသည် ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို တစ်ဖွာနှစ်ဖွာ ဖွာရှိုက်လိုက်ပြီး . . .

"ဟဲ့, ငမိုး နွားပြာကို တို့ပေးဦး"

ဟု သူ့သား အောင်ကျော်မိုးကို သတိပေးပြောလိုက်ပြီးမှ ကျွန်တော့်ဘက် လှည့်လာသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုရှိတယ်ငါ့တူရဲ့ မောင်ကျော်တို့ မတင်တို့ရဲ့ အသက်ဟာ ရှိလှမှ သုံးဆယ့်ငါး၊ လွန်ရော လေးဆယ်နား ကပ်ရုံပဲ ရှိမှာပေါ့ကွာ၊ သူတို့ လင်မယား နှစ်ယောက်က တကယ့်ကို အသွင်တူ၊ အမြင်တူ အကြင်လင်မယားကွ၊ သူတို့ လင်မယားအကြောင်းတော့ အူမကစ ချေးခါးအထိ ဦးကြီးအကုန် သိတာပေါ့၊ ဦးကြီးတို့ မျက်စိအောက်မှာ မွေးဖွား ကြီးပြင်းလာတဲ့ ကလေးတွေပဲ၊ အစက သိပ်ဆင်းရဲပေါ့ကွာ၊ နေ့ဖို့ညစာတောင် အလျဉ်မီအောင် မနည်းကို ရှာဖွေစားသောက်ခဲ့ရတာကွ"

မီးသေသွားသော ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ကြေးဝါမီးခြစ်ကြီး ခြစ်ကာ မီးညှိပြီး စကားစပြတ်သွားပြန်သည်။

"အဲသလို ဘဝကနေ ဘယ်လို ချမ်းသာလာပြီး အခုလို လှူဒါန်းနိုင်တာလဲ ဦးကြီးရ၊ သိန်းထီပေါက်လို့လား၊ ဒါမှမဟုတ် ရွှေအိုး၊ ငွေအိုးတွေများ ယာထဲကိုင်းထဲက တူးရလို့လား"

ဦးကြီးအောင်မောင်း စကား အမြန်ဆက်အောင် ကျွန်တော် ဝင်ရောက် စွက်ဖက် ထောက်မေးလိုက်မိသည်။ ဦးကြီးသည် ဆေးလိပ်ကို နှစ်ဖွာသုံးဖွာ ဖွာရှိုက်လိုက်ပြီး စကားဆက်လာသည်။

"မင်းမိန်းမက ပြောမပြဘူးလား၊ မခင် နင်မပြောဘူးလား၊ နင်တို့ဝမ်းကွဲ မွေးချင်းတွေပဲ၊ နင်လဲ သိတယ် မဟုတ်လားဟဲ့"

"သိတာပေါ့ ဦးကြီးရဲ့၊ သူ့ကို ပြောပြဖူးပါတယ်၊ သူက မယုံသလိုလိုနဲ့ ခုဟာက ဦးကြီးကို စုံစမ်းထောက်လှမ်း မေးမြန်းတဲ့သဘော လုပ်နေတာ ပြောပြလိုက်စမ်းပါ ဦးကြီးရယ်"

ဇနီးသည် ခင်က ပြုံးမြိန့်မြိန့်ကြီး စကားဆိုသည်။

ဟုတ်ပါသည်။ ခင်က ကျွန်တော့်ကို ဦးကျော်, ဒေါ်တင်တို့ အကြောင်း ပြောပြဖူးပါသည်။ အမှန်ပြောရလျှင် ကျွန်တော် မယုံပါ။ မယုံတစ်ဝက် ယုံတစ်ဝက်မို့လည်း ယခုလို စကားထောက် မေးမြန်းမိခြင်းဖြစ်ကြောင်း ဝန်ခံရပေသည်။

"မဖြစ်နိုင်လောက်ဘူးလားလို့ ဦးကြီးရ"

"မဖြစ်နိုင်ဘူးမထင်နဲ့ ငါ့တူရေ ဦးကြီးအသက် ခြောက်ဆယ်ကျော်လို့ ငါးနှစ်ဖက်စွန်းနေပါပြီ၊ မမှန်တာ မပြောပါဘူး၊ တကယ်ပါကွာ၊ မောင်ကျော်နဲ့ မတင်တို့လင်မယားလို ရိုးသားဖြောင့်မတ်တဲ့သူမျိုး မတွေ့ဖူးပါဘူး၊ မင်းစဉ်းစားကြည့်ကွ ငါ့တူရဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်က ငွေနှစ်သိန်းဆိုတာ နည်းတဲ့ငွေတန်ဖိုးလားကွ၊ ဘယ်သူပြန်ပေးမလဲ"

"ဟုတ်တာပေါ့ဦးကြီးရာ၊ ဟုတ်တာပေါ့၊ ကျွန်တော်တောင် ကိုယ့်ကိုယ်ကိုယ် အာမမခံရဲဘူး ဟင်း ဟင်း ဟင်း"

"ဦးကြီးလဲ ကိုယ့်ကိုယ်ကိုယ် အာမမခံရဲပါဘူးကွာ၊ ဟား. . ဟား. . ဟား၊ ဖြစ်ပုံက ဒီလိုကွ၊ မောင်ကျော်နဲ့ မတင်တို့ ညားကြတော့ နှစ်ဖက်မိဘတွေက လုံးဝသဘောမတူကြဘူး၊ ဘယ်ဘက်မိဘကမှ ပေးကမ်းထောက်ပံ့ မြေတောင်မြှောက်ပေးခြင်း မရှိဘူး၊ သူများအိမ်ဝိုင်းထဲ ထောင့်လေး တစ်ထောင့်မှာ တောင်းတောင်းပန်ပန် ပြောဆိုပြီး ထန်းရွက်တဲလေးနဲ့ နေရရှာတာ၊ မြေပဲကောက်၊ နှမ်းနုတ်၊ လူးရိတ်၊ စပါးရိတ်၊ ပြောင်းရိတ်၊ အငှားလိုက်စားရတာ လက်လုပ်လက်စားဘဝ အင်မတန်နွမ်းပါးတာကလား၊

သူတို့ညားပြီး လေးငါးခြောက်လလောက်ကြာတော့ ရွာကအဖွဲ့နဲ့ ရှမ်းပြည်နယ်ကို လက်ဖက်ခူး လိုက်သွားကြတယ်၊ ဦးကြီးတို့ ကျောက်ပုံရွာမှာ မိုးမကောင်းလို့ ယာထဲကပဲ နှမ်းမရတဲ့နှစ်ဆိုရင် ရှမ်းပြည်နယ်တက်ပြီး လက်ဖက်အငှားခူးလိုက်တဲ့ဓလေ့ရှိတယ်၊ မောင်ကျော်နဲ့မတင်တို့လဲ ရွာမှာ အလုပ်မရှိတော့ လက်ဖက်ခူး လိုက်သွားတာပေါ့ကွာ၊ နှစ်လလောက် လက်ဖက်ခူးပြီး လက်ဖက်ခြောက် နှစ်အိတ်နဲ့ ရွာပြန်လာကြတယ်၊ ကုန်တွဲပေါ်ကနေ ညရထားဆိုတော့ လက်ဖက်ခြောက်အိတ် နှစ်အိတ်ကို ယူလာတာပဲ၊ ဝွေးကုန်းဘူတာမှာပဲ ဆင်းရတာပေါ့၊ ရွာရောက်ပြီး နောက်တစ်နေ့မှာ လက်ဖက်ခြောက်အိတ်တွေဖြေပြီး နေဖြန့်လှန်းဖို့ သွန်လိုက်တော့ အဲ, ခုနကပြောတဲ့ ငွေထုပ်ကြီး လက်ဖက်ခြောက်အိတ်ထဲက ထွက်လာတာပဲ၊ နှစ်ရာတန် ငွေစက္ကူတွေချည်းပဲ၊ စုစုပေါင်း နှစ်သိန်းအတိပဲ၊ မောင်ကျော်နဲ့မတင် တုန်လှုပ်အောင် ဝမ်းသာတာပေါ့ကွာ၊ ကတုန်ကယင်နဲ့ ဦးကြီးဆီ လာပြောပြတာ၊ ငွေထုပ်က သေသေချာချာစက္ကူနဲ့ပတ် မျှော့ကွင်းနဲ့ စီးထားတာ၊ ငွေထုပ်စက္ကူပေါ်မှာ ပိုင်ရှင်ရဲ့ လိပ်စာလဲပါတယ်၊ ကျောက်ပန်းတောင်း လက်ဖက်ပွဲရုံကပဲကွ"

"အဲဒီ ငွေနှစ်သိန်းရတာနဲ့ပဲ သူတို့ လင်မယား ကြီးပွားချမ်းသာလာတာပေါ့၊ ဟုတ်လားဦးကြီး"

ကျွန်တော် အလျင်စလို စကားဝင်ထောက်လိုက်မိပြန်သည်။

"ဟာ, ဘယ်ကဟုတ်ရမှာလဲကွ၊ မောင်ကျော်နဲ့မတင် ဖြူစင်လိုက်ပုံများကွာ၊ တကယ့်ကို ရှားမှရှားကွ၊ ဒီငွေတွေဟာ သူတို့ငွေတွေ မဟုတ်ဘူး၊ သူတို့နဲ့ ဘာမှဆိုင်ဘူး၊ သူများ မျက်ရည်ပေါက်ကြီးငယ်ကျမှ စားရမယ့်ငွေကိုလဲ မယူချင်ဘူး၊ မစားကောင်းဘူး၊ ပြန်ပေးမယ်၊ သွားပို့မယ်ဆိုပြီး ဦးကြီးပါ သူတို့လင်မယားနဲ့အတူ ကျောက်ပန်းတောင်းလိုက်ပြီး ပိုင်ရှင်လက်ထဲ ပြန်ပို့ခဲ့ပါသဗျာ"

"ဟာ လွန်လှချေလား ဦးကြီးရာ၊ ဒီလောက် စိတ်ထားမြင့်မြတ် ဖြူစင်လှချေလား"

"အေး, အဲဒါကြောင့် ပြောတာပေါ့ကွာ၊ မောင်ကျော်နဲ့ မတင်တို့ လင်မယားလို စိတ်တူ၊ သဘောတူ၊ ဖြူစင်တဲ့လင်မယား ရှာမှရှားတယ်လို့၊ တော်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ ငွေထုပ်ပိုင်ရှင်ကလဲ မောင်ကျော်တို့လင်မယားကို ငွေတစ်သောင်းဇွတ်အတင်း ပြန်ချီးမြှင့်တယ်၊ တစ်သက်လုံး သူတို့နဲ့ ဆွေစဉ်မျိုးဆက် မပြတ်အဆက်အသွယ်လုပ်ဖို့ အရောင်းအဝယ်ကိစ္စ လိုအပ်တဲ့ အကူအညီမှန်သမျှ လာတောင်းလှည့်ပါဆိုပြီး ဒီကနေ့အထိပဲ ဆိုပါတော့၊ အဆက်အသွယ်မပြတ်ခဲ့ဘူး၊ အဲဒီကနေ မောင်ကျော်တို့လင်မယားဟာ အိမ်ဈေးဆိုင်လေးတည်၊ နွားမလေးမွေး၊ ယာလေးတစ်ကွက် နှစ်ကွက် ဝယ်နဲ့ ဖြူစင်မြင့်မြတ်တဲ့ စိတ်မှာတ်ရဲ့ အကျိုးပေးပေါ့ကွာ။

ခုဆို တိုက်ကြီးကို ဟီးလို့ပါ၊ ဒီနားရွာနှစ်ဆယ်လောက်မှာ သူတို့လင်မယားတိုက်ဟာ အကြီးဆုံး အလှဆုံးပါပဲ၊ ကျောက်ပန်းတောင်းပွဲရုံ သူဌေး လင်မယားလဲ မနေ့ကတည်းက ရောက်နေကြပြီကွ၊ အခု အလှူမှာ ငွေငါးသိန်းကူတယ်လို့ ကြားတာပဲ"

"ဩော်, ဩော် တကယ့်ဆွေမျိုးရင်းချာလို ခင်မင်ရင်းနှီး ချစ်ကြည်သွားကြတာပေါ့"

"ဒါပေါ့ကွာ၊ အခုအလှူမှာလဲ တွက်ကြည့်ဦးကွာ၊ ရွာပေါင်းနှစ်ဆယ်ကျော်ကို ရွာလုံးကျွတ် ဖျူးဟစ်ပြီး ဖိတ်တာ၊ ဆန်တင်းနှစ်ရာ လျှာထားတယ်၊ သံယာအပါး ငါးဆယ်၊ ထီး၊ ဖိနပ်၊ သင်္ကန်း၊ ဒွိစုံ၊ ဆေးဝါး စုစုပေါင်း သံဃာတစ်ပါးကို ငွေတန်ဖိုး သုံးသောင်းကျော်ဖိုးလှူမှာ၊ ကျောက်ပုံရွာက သက်ကြီးဝါကြီး အဘိုးအဘွား ငါးဆယ်ကိုလဲ တရားနာ ရေစက်ချပြီးရင် မဲဖောက်ဦးမယ်၊ မောင်ကျော်က သူ့မိန်းမနဲ့ သားသမီး လေးယောက်ကိုပါ မဲဖောက်ပြီး ပြန်ရွေးမှာကွ၊ မိန်းမပေါက်တဲ့လူကို ၁၅၀၀ နဲ့ရွေးမယ်၊ သားသမီးပေါက်တဲ့ လူကို ငါးရာနဲ့ ဘယ်လောက်ဆိုလား ပေးပြီး ရွေးမှာ၊ ဗလာမပါဘူး၊ ပေါက်ပြား၊ ငန်းပြား၊ တံစဉ်၊ နှမ်းမျိုး၊ ပဲမျိုး၊ လူးမျိုး၊ ဆိတ်မ၊ ဝက်မ၊ နွားမကြီးတွေပါ မဲဖောက်မှာ"

"ဟာ, ရက်ရက်ရောရောကို လှူတဲ့ အလှူကြီးပါကော ဦးကြီးရဲ့ လွန်လှချေလား"

ကျွန်တော် လွန်မင်းစွာ အံ့ဩနေရသည်။ ကြားရသော စကားတို့မှာ မယုံနိုင်လောက်အောင် ဖြစ်နေသည်။

ဒါကြောင့်လည်း ဇနီးသည် မခင်က ဦးကျော်တို့အလှူကို ပြန်ချင်တယ်ဟု ဇွတ်နားပူနားဆာ လုပ်ခြင်းဖြစ်မည်ဟု သဘောပေါက်လာရသည်။

သား မောင်ကျော်စွာထက်သည် ခင်၏ရင်ခွင်ထဲတွင် နှစ်စိုရင်း မှိန်းအိပ်နေကြသည်။

"အကြွေ အနုပ် တစ်သိန်းလဲ ငွေမိုးရွာဦးမှာ၊ ကြဦးမှာတဲ့ အဖေရ၊ အလှူနေ့ကျရင်တော့ လှည်းမထွက်နဲ့ အဖေရာ"

တစ်လမ်းလုံး နွားများကိုသာ ဂရုတစိုက် တို့ကာပင့်ကာ သတိထားမောင်းနှင်လာသော အောင်ကျော်မိုးလေးထံက စကားသံထွက်လာသည်။

"အေးပါ ငါ့သားရာ၊ အဲဒီနေ့ အဖေတို့ တစ်အိမ်လုံး မီးခိုးတိတ်ကျိတ်လိုက်ကြတာပေါ့ကွာ . . . ဟား ဟား ဟား"

ဦးကြီးအောင်မောင်းသည် သူ့စကားသူ သဘောကျစွာ ဝါးလုံးကွဲရယ်ချလိုက်လေသည်။

ကျွန်တော်နှင့် ဇနီးသည် ခင်တို့လည်း ကိုယ့်အတွေးနှင့်ကိုယ် အဓိပ္ပာယ်ပါသော ပြုံးရယ်မှုများနှင့် ပြုံးရယ်လိုက်မိလေသည်။

ဇနီးသည်၏အပြုံးမှာ "ဟဲ ကျွန်မပြောတာ ယုံပြီလား" ဟူသော အပြုံးမျိုးဖြစ်ပြီး ကျွန်တော့်အပြုံးမှာ "ယုံပါပြီကွယ်" ဟူသော အပြုံးမျိုးပင် ဖြစ်နေပါလိမ့်မည်။ ရှေ့တွင် ကျောက်ပုံရွာမကြီး၏ အဝင်တံခါးဝကို လှမ်းမြင်နေရလေပြီတည်း။

❒ နတ်မောတ်ခင်းသန့်နိုင်

ဂါမပါလဟူသော အမည်သည် ရွာနာမည် မဟုတ်သလို လူနာမည်လည်း မဟုတ်ပါ။ နာရေးကူညီမှုအသင်း၏ အမည် ဖြစ်ပါသည်။

ထိုနာရေးကူညီမှု အသင်းအကြောင်းကို စာရှုသူများ သိစေရန် တိတိကျကျ ရေးသားဖော်ပြရလျှင် . .

ညောင်ဦးမြို့နယ်၊ မီးလောင်ဖျားမြောက်ရွာ၌ နာရေးကူညီမှုအသင်းရှိပါသည်။ ထိုအသင်း၏အမည်မှာ ဂါမပါလ ဖြစ်သည်။

ဂါမပါလနာရေးကူညီမှုအသင်းကို ၁၃၇၃ခု၊ နှောင်းတန်ခူးလပြည့်နေ့ (၆. ၄. ၂၀၁၂) သောကြာနေ့တွင် စတင်တည်ထောင်ခဲ့ပြီး အသင်းသားဦးရေမှာ ၃၀ ဦး ရှိပါသည်။

အသင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာ၌ နာရေးကိစ္စရှိ၍ နာရေးရှင်မှ အကူအညီတောင်းခံလာပါက နာရေးနှင့်ပတ်သက်သော ကိစ္စအဝဝကို ကူညီဆောင်ရွက်ရန် ဖြစ်ပြီး အသင်း၏ဆောင်ပုဒ်မှာ (နာရေးကိစ္စတွေကြုံက မှုချကူညီမည်) ဖြစ်ပါသည်။

မီးလောင်ဖျားရွာသည် ချောက်-ညောင်ဦး သွားသော ကားလမ်းအနောက်ဘက်မှာ တည်ရှိပြီး အိမ်ခြေ ၄၀၀ ကျော်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ရွာ၏အရှေ့ဘက်တွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါများ စိုက်ပျိုးသော ယာခင်းပြင်များကို တစ်မျှော်တစ်ခေါ် တွေ့ရပြီး ရွာ၏အနောက်ဘက်တွင် တသွင်သွင်စီးဆင်းနေသော ဧရာဝတီမြစ်ကြီးကို တွေ့ရသည်။ ရွာသူရွာသားအပေါင်းတို့သည် မိုးတွင်းကာလတွင် ရွာ၏အရှေ့ဘက် ယာခင်းပြင်တွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါများ စိုက်ပျိုးကြပြီး ဆောင်းတွင်းအချိန်မှာတော့ ရွာအနောက်ဘက်





www.burmeseclassic.com

www.burmeseclassic.com

ကိုင်းပြင်ထဲတွင် ဆေး၊ ငရုတ်၊ ကြက်သွန်နှင့် ပဲအမျိုးမျိုးစိုက်ပျိုးကြပါသည်။

မီးလောင်ဖျားရွာအလယ်ပိုင်း၌ ကိုဝင်းဘို+မစန်းဝင်းတို့မိသားစုနေထိုင်ကြသည်။ သူတို့မိသားစုသည် တစ်ဖက်မှ တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပြီး တစ်ဖက်ကလည်း အိမ်မှာ ဆိုင်ဖွင့်ပြီး ဈေးရောင်းကြသည်။ သူတို့မိသားစုသည် ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှုမရှိသော်လည်း စေတနာ သဒ္ဓါတရား ကောင်းမွန်လှသည်။ အထူးသဖြင့် သူတစ်ပါးကို ကူညီလိုသော ပရဟိတစိတ်ဓာတ် အပြည့်အဝ ရှိကြသည်။

တစ်နေ့တွင် ကိုဝင်းဘိုစိတ်ထဲတွင် အကြံအစည်တစ်ခုဖြစ်ပေါ်လာ၏။ ထိုသို့ အကြံအစည်ဖြစ်ပေါ်လာရခြင်းမှာလည်း ကိုဝင်းဘိုတို့ရွာ၌ နာရေးကိစ္စရှိပါက အထူးသဖြင့် မရှိနွမ်းပါးသူများ နာရေးကိစ္စရှိပါက အလောင်းတင်စရာ ခုတင်ကောင်းကောင်းမရှိ၊ အလောင်းထည့်စရာ ခေါင်းကောင်းကောင်းမရှိ၊ အလောင်းသယ်စရာ ယာဉ်ကောင်းကောင်း မရှိသဖြင့် ဖြစ်ကတတ်ဆန်းအသုဘချနေတာကို မြင်တွေ့ရတော့ ကိုဝင်းဘိုစိတ်ထဲတွင် အတော်ကို စိတ်မကောင်း ဖြစ်မိ၏။ နောက်ပြီးတော့ သတင်းစာ၊ ရေဒီယိုတို့၌ မကြာခဏဖတ်ရှုရသော၊ ကြားရသော နာရေးကူညီမှု အသင်းတို့ကြောင့် ဖြစ်ပါသည်။

ဘယ်မြို့ဘယ်ရွာတွင် နာရေးကူညီမှုအသင်းဖွဲ့စည်းသည့်အကြောင်း အလောင်းသယ်ယူရန် မော်တော်ယာဉ်၊ (နိဗ္ဗာန်ယာဉ်) အလောင်းတင်ရန် စတီးခုတင်၊ အလောင်းထည့်ရန် စတီးခေါင်း တို့ဝယ်ယူသည့်အကြောင်းတို့ကို မကြာခဏ ကြားချမြင်ရသောအခါ ကိုဝင်းဘိုသည် တခြားမြို့ရွာများကိုအားကျပြီး မိမိတို့ရွာမှာလည်း ဤသို့လုပ်လျှင်ကောင်းမှာပဲလို့ ကြံစည်စိတ်ကူးမိသည်။

သို့သော်လည်း ကိုဝင်းဘိုမှာ ငွေကြေးမပြည့်စုံမှုကြောင့် ထိုအကြံအစည်မှာ လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ပါ။ တစ်ယောက်အားဖြင့်ယူသော် မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏ ဟူသော စကားအတိုင်း ကိုဝင်းဘိုသည် သူတစ်ယောက်တည်းနှင့် ဤလုပ်ငန်းကို မလုပ်နိုင်သော်လည်း အများနှင့်စုပေါင်းလုပ်ဆောင်လျှင် အောင်မြင်လောက်၏ဟု သဘောပေါက်သည်။



ရွှေမန်းတချည်းရှေ့ကျော်

# ဂါမပါလ

ထို့ကြောင့် သူနှင့်ခင်မင်ရင်းနှီးသော ရွာထဲမှ လူအယောက် ၃၀ လောက်ကို တပေါင်းလပြည့် ည ၈ နာရီလောက် သူ့အိမ်ကို ရေနွေးကြမ်းသောက် ဖိတ်ကြားလိုက်သည်။ ယနေ့သည် တပေါင်းလပြည့်နေ့ညဖြစ်သဖြင့် ကောင်းကင်ယံမှာ လမင်းကြီးက ထိန်ထိန်သာလျက်ရှိသည်။ ရွာထဲမှ ဖိတ်ထားသူများ ကိုဝင်းဘိုအိမ်သို့ တဖွဲဖွဲရောက်လာကြသည်။

ကိုဝင်းဘိုတို့သည် လာရောက်ကြသော ဧည့်သည်အပေါင်းတို့ကို ရေနွေးကြမ်း၊ ပဲပြုတ်တို့ဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ရွာမြောက်ပိုင်းက ဘကြီးဝမ်းက. . .

"ဟေ့. . . ဝင်းဘို တို့ကို ဘာလို့ဖိတ်တာလဲ၊ ပြောစရာရှိလဲ ပြောလေကွာ"

ရွာတောင်ပိုင်းက ကိုသံချောင်းက. . .

"အနောက် ကျောင်းဝိုင်းက ဘုရားလေး ဘုရားပွဲတော်နားနီးလို့ ပွဲထည့်ရအောင် ဖိတ်တာထင်ပါတယ်"

ကိုဝင်းဘိုက. . .

"ဟာ, မဟုတ်ပါဘူးဗျာ၊ ပွဲမထည့်နိုင်ပါဘူး၊ ဒီနေ့ညအစည်းအဝေးမှာ ကျွန်တော်ပြောကြားလိုတာကတော့ ကျွန်တော်တို့ရွာမှာ နာရေးပွဲရှိတဲ့အခါမှာ အထူးသဖြင့် မရှိနွမ်းပါးတဲ့သူများ နာရေးပွဲရှိတဲ့အခါမှာ အလောင်းထားစရာ ခုတင်ကောင်းကောင်းလဲ မရှိ၊ အလောင်းထည့်စရာ ခေါင်းကောင်းကောင်းမရှိ၊ အလောင်းသယ်စရာ မော်တော်ယာဉ်မရှိလို့ ဖြစ်ကတတ်ဆန်း အသုဘချတာမြင်ရတော့ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com

တော်တော် စိတ်မကောင်းဖြစ်မိတယ်ဗျာ၊ အဲဒါ ကျွန်တော်ချည်းပဲလဲ မတတ်နိုင်တော့ တခြားမြို့ရွာတွေလို ကျွန်တော်တို့ရွာမှာ နာရေးကူညီမှုအသင်း ဖွဲ့ရရင်ကောင်းမလားလို့ ခင်ဗျားတို့ ခေါ်ပြီး တိုင်ပင်တာပါ"

ကိုဝင်းဘို စကားပြောပြီးသော အခါ ရွာလယ်ပိုင်းမှာနေသော ကိုဘကျော်မှ. . .

"ဝင်းဘို. . . မင်းက မြို့ကလူတွေအားကျပြီးတော့ နာရေးကူညီမှု အသင်း ဖွဲ့ချင်တာလား၊ သူတို့က ချမ်းသာတဲ့လူတွေကွ၊ အလောင်းတင်ဖို့ စတီးခုတင်၊ အလောင်းထည့်ဖို့ စတီးခေါင်း၊ အလောင်းသယ်ဖို့ မော်တော်ယာဉ်ဝယ်ရင် ငွေသိန်းပေါင်းများစွာ ကုန်မှာကွ၊ ဒီလောက်များတဲ့ငွေတွေ တို့ရွာမှာ ဘယ်က ရမှာလဲ"

"ဟာ, ကိုကြီးဘကျော်ကလဲ မြို့ကလူတွေလို နာရေးကူညီမှု အသင်းကို တစ်ခါတည်းပြည့်စုံအောင်တော့ ဘယ်လုပ်နိုင်ပါ့မလဲ၊ ကျွန်တော်တို့ မတတ်နိုင်တာ မလုပ်ဘူး၊ တတ်နိုင်တာ လုပ်မယ်၊ မော်တော်ယာဉ် မဝယ်နိုင်သေး မဝယ်ဘူး၊ စတီးခုတင်နဲ့ စတီးခေါင်းတော့ ကျွန်တော်တို့ စုပြီးဝယ်ရင် ဖြစ်လောက်ပါတယ်"

ထိုအခါ ရွာသားတစ်ဦးဖြစ်သော ကိုဖြူကြီးမှ. . .

"စတီးခုတင်နဲ့ စတီးခေါင်း စုပေါင်းပြီးဝယ်ရင်ဖြစ်ပါတယ်၊ ဒါတွေ ဘယ်သွားထားမလဲ"

နောက် ရွာသားတစ်ဦး ဖြစ်သော ကိုပေတိုးမှ. . .

"ဒီပစ္စည်းတွေ ထားစရာမရှိ မင်းအိမ်မှာထားကွာ" ဟုပြောတော့ လူအများက ပိုင်းပြီးရယ်ကြပါသည်။

"ကျွန်တော်ကတော့ အယူမရှိပါဘူး၊ သဘောပေါက်ပါတယ်၊ ဒီပစ္စည်းတွေထားချင်လဲ ထားနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်သားမယားကတော့ လက်ခံမယ် မထင်ဘူး"

[illegible] သည်။ ထိုအခါ ဘကြီးဝမ်းက. . .

"စတီးခုတင်နဲ့ စတီးခေါင်းထားဖို့တော့ မပူနဲ့ပေါ့၊ ဘုန်းကြီးကျောင်းထားမယ်၊ ဘုန်းကြီး ငါလျှောက်ပေးမယ်"

နောက် ရွာသားတစ်ဦး ဖြစ်သော ကိုထီမှ. . .

"ဟာ, ဘကြီးဝမ်းကလဲ ဘုန်းကြီးကျောင်းက အဝေးကြီး၊ ဒီပစ္စည်းတွေထားလို့ မကောင်းပါဘူး၊ ဒီပစ္စည်းတွေထားဖို့နေရာ မခက်ပါဘူး၊ ဒီပစ္စည်းတွေက သုသာန်နဲ့ဆိုင်တဲ့ ပစ္စည်းတွေပဲ သုသာန်မှာပဲ ထားပေါ့"

"အဲဒါ ကောင်းတယ် ကောင်းတယ်" ဟု ရွာသားအတော်များများက ပြောကြပါသည်။

"သုသာန်မှာ ဘယ်နေရာသွားထားမှာလဲ"ဟု ဘကြီးဝမ်းကမေးတော့ ကိုလှထီက. . .

"သုသာန်မှာ စတီးခုတင်နဲ့ စတီးခေါင်းထားဖို့ အဆောက်အအုံသေးသေးလေးဆောက်ပြီး ထားလို့ရပါတယ်"

"စတီးခုတင်ရယ် စတီးခေါင်းရယ် သုသာန်မှာဆောက်မဲ့ အဆောက်အအုံရယ် ငွေဘယ်လောက်ကုန်မလဲ" ဟု ကိုဝင်းဘိုက မေးသောအခါ . . .

"ငွေ ၉သိန်း ၁၀ သိန်းလောက်တော့ ကုန်မှာပေါ့ကွာ၊ ဒီငွေလောက်တော့ တို့အများစုပြီး အလှူငွေထည့်လိုက်ရင် ရပါတယ်"ဟု ဘကြီးဝမ်းက ပြောပါသည်။

"ပစ္စည်းဝယ်ဖို့လဲ ဆွေးနွေးပြီးပြီ၊ ပစ္စည်းထားဖို့လဲ ဆွေးနွေးပြီးပြီ၊ နောက်ဘာကျန်သေးသလဲ"ဟု ကိုသံချောင်းက ပြောသောအခါ ကိုဝင်းဘိုက. . .

"ကျန်သေးတာပေါ့ဗျာ၊ အသင်းလဲ မဖွဲ့ရသေးဘူး၊ အသင်းရဲ့အမည်လဲ မပေးရသေးဘူး"လို့ ပြောသောအခါ. .

"ဟုတ်သဟေ့. . . အသင်းထဲကို ငါ ပထမဆုံးစဝင်မယ်၊ ငါ့နာမည် ရေးလိုက်"

ဟု ဘကြီးဝမ်းက ပြောသော အခါ ကျန်လူများကလည်း တစ်ယောက်ပြီးတစ်ယောက် အသင်းထဲဝင်ကြရာ အစည်းအဝေးတက်ရောက်လာသော လူပေါင်း ၃၀ လုံး အသင်းဝင်ဖြစ်သွားပါသည်။

အသင်းရဲ့ဥက္ကဋ္ဌမှာ ဦးလှဝမ်း၊ အတွင်းရေးမှူးက ကိုဝင်းဘို၊ ငွေထိန်းက ဦးပိုက်၊ ကျန်လူများက အဖွဲ့ဝင်များဖြစ်ကြပါသည်။

"အသင်းရဲ့ အမည်ကိုတော့ ဥက္ကဋ္ဌဦးလှဝမ်းကပဲပေးပါလို့" ကိုဝင်းဘိုက ပြောတော့ ဦးလှဝမ်းက ခေတ္တစဉ်းစားပြီး. . .

"အသင်းရဲ့အမည်ကို ဂါမပါလ နာရေးကူညီမှုအသင်းလို့ ပေးချင်တယ်ကွာ၊ ဂါမဆိုတာ ရွာ, ပါလက စောင့်ရှောက်ခြင်း ကူညီခြင်း, ဂါမပါလ ရွာကို စောင့်ရှောက်ကူညီတဲ့ အသင်းလို့ အဓိပ္ပာယ်ရပါတယ်၊ မင်းတို့အားလုံး ကြိုက်ရဲ့လား သဘောတူရဲ့လား"ပြောတော့ အသင်းသားအားလုံးက. . .

"ကြိုက်တယ် သဘောတူတယ်" ဟု ပြောကြပါသည်။

ဤသို့အားဖြင့် ညောင်ဦးမြို့နယ်၊ မီးလောင်ဖျားရွာ၌ ဂါမပါလ နာရေးကူညီမှုအသင်းသည် အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပါသည်။ ဂုဏ်ယူကြည်နူးဖွယ်ရာ ဖြစ်ပေသည်။

နာရေးကူညီမှုအသင်း အောင်မြင်စွာ ဖွဲ့စည်းနိုင်သဖြင့် အသင်းသားအားလုံး ဝမ်းသာကြည်နူးနေကြသည်။

အထူးသဖြင့် ကိုဝင်းဘို တစ်ယောက် အနှစ်နှစ် အလလက စိတ်ကူးယဉ်ခဲ့သော အိပ်မက်သည် ယနေ့ညတွင် လက်တွေ့အကောင်အထည် ပေါ်သွားသဖြင့် ဝမ်းသာကြည်နူး၍ မဆုံးတော့ပြီ။

မေတ္တာသဟာဂတေန စေတသာ
မေတ္တာစိတ်ဖြင့်

❐ ရွှေမန်းတျည်းရှူးတော့ဖ်





www.burmeseclassic.com

www.burmeseclassic.com



# မြစ်သာဝရှိ စမြို့

သူရိန်ဝင်း(ဂိုးကျွန်း)

လေပြန်လောင်းသည့် ဟေမန်ဆောင်း၏ နံနက်ခင်းကာလ။

တန်ဆောင်မုန်းလပေမို့ ရာသီသဘာဝ မြူနှင်းပါးပါးတွေက ဝန်းကျင်တစ်ခို ကြဖြန့်စပြုပြီ။

ကိုမြင့်ထွန်းတစ်ယောက် အိမ်အပြင်ထွက်ကာ ခေါင်းကိုမော့ နံနက်ခင်းလေကို တဝကြီး ရှူရှိုက်လိုက်၏။ ထက်အာကာတစ်ခွင် အပြာရောင်ဟင်းလင်းပြင်ကြီးက အထင်းသား။



www.burmeseclassic.com

www.burmeseclassic.com

အငြိမ်းစား မယူမီ ပညာရေးဝန်ထမ်းဘဝမှာ ဝါသနာအရ မြန်မာစာကို သင်ပြခဲ့စဉ် ဒသမတန်း မြန်မာကဗျာလက်ရွေးစင်မှာပါသော. . .

"ခန်းဆောင်ရွှေ ရဝေတွင်းမှာလ၊ ချမ်းပေါင်လေ တစ်ဖေတင်းသော်လဲ၊ ဖြေရင်းရယ်တဲ့ ခိုက်ခိုက်တုန်"

ဆိုသကဲ့သို့ တုန်လောက်အောင် မချမ်းသေးသော်လည်း တစ်ခါတစ်ခါ မြောက်ပြန်လေ ကလူကျီစယ်ပုံက အေးခနဲ စိမ့်ခနဲ။ အတွေးဝက်ပါဝယ် နှစ်မြောရင်း အရှေ့အရပ်ဆီမှ နေခြည်ဖြာလာတော့ နေစာလှုံနေမိသည်။

မကြာမီ အနက်ရောင်မော်တော်ဆိုင်ကယ်တစ်စီး ခြံထဲသို့ ဝင်လာ၏။ အသက်နှစ်ဆယ် အရွယ်ခန့် လူငယ်နှစ်ဦး ဆိုင်ကယ်ပေါ်မှ ဆင်းလာပြီး ရှေ့ကလူငယ်က ကိုမြင့်ထွန်းကို ပြုံးပြီး နှုတ်ဆက်သည်။

"လေးလေးထွန်း. . နေကောင်းတယ်နော်"

"ဟေ့, ဇော်မင်းအောင်တို့ပါလား။ အေး. . နေကောင်းပါတယ်ကွာ၊ လာ အိမ်ပေါ်တက်ကြ"

ကိုမြင့်ထွန်းက ဦးဆောင်ကာ အိမ်ထဲဝင်လာခဲ့ပြီး ဧည့်ခန်းတွင် ထိုင်ကြသည်။အသင့်တည်ထားသော ဓာတ်ဘူးမှရေနွေးကြမ်းကို အကြမ်းပန်းကန်ထဲသို့ ငှဲ့ပေးရင်း . . .

"မင်းတို့ဘုရားပွဲတော်ကို လာကြတာလား"

"ဟုတ်ကဲ့ ဘုရားပွဲဈေးလဲလာရင်း ညကျရင် ကျွန်တော်တို့ ပွဲကြည့်ကြမှာ"

"ဒါနဲ့ မြစ်သာက မင်းတို့မိသားစုလဲ လေးလေးတို့မြို့ဘက်ကို မရောက်တာ သုံးနှစ်လောက်တောင် ရှိပြီထင်တယ်"

"ဟုတ်တယ်လေးလေးရဲ့၊ တစ်နှစ်တစ်နှစ်လဲ ကိုင်းအလုပ်တွေနဲ့ သံသရာလည်နေတာပါပဲ၊ အခုတောင် လေးမျက်နှာရွာမှာ အိမ်ထောင်ကျနေတဲ့ မမသိပ်ကျန်းမာရေး မကောင်းဘူးဆိုလို့ လာမေးရင်း မြို့ကဘုရားပွဲတော်နဲ့ ကြုံနေလို့ လာဖြစ်တာ"

လေးမျက်နှာရွာမှာ အိမ်ထောင်ကျနေသော မမဆိုသည်မှာ မောင်နှမနှစ်ယောက် ရှိသည့်အနက် ဇော်မင်းအောင်၏အထက် မသီတာကိုပြောခြင်းဖြစ်သည်။ အမျိုးစပ်ရလျှင် ကိုမြင့်ထွန်းအဘွား ဒေါ်ငွေလှိုင်နှင့် ဇော်မင်းအောင်၏အဘေး ဒေါ်ဒွေးမြိုင်မှာ ညီအစ်မအရင်း။ ကန်ဇင်းကြီးရွာဇာတိ ဒေါ်ငွေမြိုင်မှာ နယ်ချဲ့တို့ အုပ်စိုးသောခေတ်တွင် မြို့၏အနောက်ဘက် ဧရာဝတီမြစ်ကြောနှင့် မနီးမဝေး မြစ်သာရွာသား ဦးဖိုးသစ်နှင့် အိမ်ထောင်ကျပြီးနောက် သျှောင်နောက်ဆံထုံးပါဆိုးသလို မြစ်သာတွင် ရှိနေခြင်းပင်။

ကိုမြင့်ထွန်းတို့ အဘွား ဒေါ်ငွေလှိုင်မှာ မြို့မှကုန်သည် ဦးမောင်ညဏ်နှင့် အကြောင်းပါပြီး အသက် ၆၀ကျော်အရွယ်မှာပင် ရင်ကျပ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ နေ့လယ်ပိုင်းတွင် ဘုရားပွဲဈေးခင်းသို့ ဇော်မင်းအောင်တို့ ထွက်သွားကြရာ ညနေမှ ပြန်ရောက်လာသည်။

လူငယ်တွေမို့ပေ့လား၊ မောရပန်းရမှန်းမသိ။ ရေမိုးချိုး ညစာစားပြီး ပွဲကြည့်ရန် ပြန်ထွက်သွားကြသည်။ အိမ်က ဇနီးသည် မခင်ထွေးနှင့် သားတော်မောင် ဖိုးလပြည့်တို့ သားအမိလည်း ပွဲဈေးသို့ ထွက်သွားကြ၏။

သည်တော့ ကိုမြင့်ထွန်း တစ်ယောက်တည်း အိမ်ရှေ့ခန်းတွင် ရေနွေးကြမ်းတစ်အိုးနှင့် အငြိမ့်သား စိတ်အေးလက်အေး။ အတော်ညဉ့်နက်တော့ ဆိုင်းတီးသံက အဆက်မပြတ်။ အဝေးမှ ဇာတ်ပွဲဆိုင်းသံကို ကြားနေရ၏။

တိုးသွားလိုက် ကျယ်လာလိုက်နှင့် ဇာတ်ပွဲ၊ ဇာတ်ပွဲ ဟုတ်ပါသည်။ ဟိုးလွန်ခဲ့သည့် အနှစ်သုံးဆယ်ကျော်က မြစ်သာမှ ဘွားလေး ဒေါ်ငွေမြိုင်လည်း မြို့သို့ အိမ်လည်လာရင်း သည်လိုဇာတ်ပွဲနှင့် ကြုံခဲ့ဖူးပါသည်။ တွေးရင်းတွေးရင်း ကိုမြင့်ထွန်း၏ အာရုံထဲဝယ် အတိတ်ဆီမှ ဘွားလေးမြိုင်၏ ပုံရိပ်တို့က တဖြည်းဖြည်း အမှတ်ထင်ထင် ပေါ်လာလေတော့သည်။ နှစ်များစွာ ကြာတော့ကြာခဲ့ပါပြီ။

❖

"မောင်မြင့်ထွန်းတို့ ဖိုးချောတို့ ငါ့မြေးတွေ အထုပ်တွေ လာသယ်ကြပါဦးဟေ့"

"ဟာ . . . ဘွားလေးမြိုင် လာတယ်ဟေ့"

ညီလေးဖိုးချောက အသံပြုရင်း အိမ်ပေါ်မှ ပြေးဆင်းသွားတော့ မြင့်ထွန်းလည်း နောက်က အပြေးကလေး လိုက်ခဲ့သည်။

လှည်းပေါ်ကြည့်လိုက်တော့ ဗုံစီသလို အထုပ်ကြီး အထုပ်ကလေးတွေ အိပ်ရာလိပ်တွေ၊ ထမင်းချိုင့်တွေ၊ နှီးဇန်းကလည်း တစ်ချပ်၊ တိုလီမိုလီစုံလို့စုံလို့။ ပစ္စည်းတွေ ချပြီးသည်နှင့် ဘွားလေးမြိုင်က လှည်းသမားအား. . .

"ကျေးဇူးပါပဲ မောင်ညိုရယ်၊ မင်းလှည်းကြုံတော့ အဆင်ပြေသွားသကွဲ့"







www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ သိသည်။ ဘွားလေးမြိုင် မြို့ကို လှည်းကြုံနှင့် လိုက်လာတာကိုး။ လူရော အထုပ်တွေရော အိမ်ပေါ်ရောက်တော့ မီးဖိုချောင်မှာ အမေနှင့် ဘွားလေးမြိုင်တို့ စကားလည်းပြော၊ အထုပ်တွေဖြေနှင့် နှစ်ဦးသား အလုပ်ရှုပ်နေ၏။

"ဟော. . ဒါက ပဲနီစေ့နဲ့ မြေပဲဆန်၊ ဒီနှစ် ပဲနီနဲ့ မြေပဲဆန် အထွက်ကောင်းသတော်၊ ဟောဟို ပီနံအိတ်နဲ့ထည့်ထားတာက ပဲစာဥအေရေ၊ သူကလဲ ပြုတ်စားကြော်စား စားကောင်းပ့်၊ မြေးတွေအကြိုက်ပေါ့၊ ဟဲ့, နေဦး မြေးတွေဆိုမှ သတိရတယ်၊ ဟောဟို ဒန်ချိုင့်ကြီးထဲမှာ ချေသားကြော်နဲ့ ငါးရံ့ခြောက်ဖုတ်၊ ကောက်ညှင်းထုပ်လဲပါတယ်၊ ရေနွေးကြမ်းနဲ့ မြည်းကြစမ်း၊ မောင်ချစ်လှိုင်နဲ့ အပုကို သတိရလို့၊ (အဖေနှင့်အမေ့ကို ပြောခြင်းဖြစ်သည်) ငါးပိနဲ့ ငါးဖယ်အောင်း ဆားနယ်လေးလဲ ယူလာသေးတယ်"

ပါလာသမျှ စားဖွယ်ရာအစုံစုံကို ဘွားလေးမြိုင် တတွတ်တွတ်ပြောနေစဉ် မြင့်ထွန်းနှင့် ဖိုးချောတို့ ညီအစ်ကို နှစ်ဦးမှာ ဒန်ချိုင့်ကြီးကို မျက်စောင်းထိုးရင်း သွားရည်တမျှားမျှား။ မြင့်ထွန်းက အထုပ်တစ်ထုပ်ကို လက်ညှိုးထိုးပြီး. . .

"ဘွားလေး ဟောဟို ပုဆိုးနဲ့ထုပ်ထားတာကကော"

"ဪ. . . အဲဒါက ဘွားလေးသွားလေရာမပါရင်မဖြစ်တဲ့ ပြောင်းဖူးဖက်ဆေးလိပ်သောက်ဖို့ ပြောင်းပလပ်နဲ့ဆေးရိုး၊ ကတ်ကြေး၊ အစီခံ၊ ပြီးတော့ နှီးဗန်းပေါ့၊ အင်း, လာချင်လွန်းလို့သာ လာရတာ အပုရေ ဒီလမ်း ဒီခရီး ဒီဝန်စည်စလယ်တွေနဲ့ မလွယ်လှဘူးအေ့"

ဟုတ်ပါသည်။ ဘွားလေးမြိုင် နေသောရွာမှာ မြို့နှင့်အဝေးသား။ မြို့မှ မြစ်သာသို့သွားမည်ဆိုလျှင် ခရီးလမ်းကြောင်း နှစ်ကြောင်း ရှိသည်။ မြို့အနောက်ဘက် ရှစ်မိုင်ခန့်ဝေးသော လေးမျက်နှာရွာမှတစ်ဆင့် လေးဖြူကုန်း၊ တောင်ယာတော၊ ညောင်လေးပင်၊ ဖလန်ချောင်းမှ တာကြီးပေါ်တက်၊ တောင်စူးစူးအတိုင်း လှည်းစီး (သို့မဟုတ်) ခြေကျင် အတော်ကလေးလျှောက်မှ မြစ်သာသို့ ရောက်သည်။

နောက်ခရီးတစ်ကြောင်းက မြို့အနောက် ခုနစ်မိုင်ခန့်ဝေးသော ဘုရားကြီးကုန်းရွာမှ အင်းလယ်၊ ဘန့်မိုးကုန်း၊ လယ်တီ၊ စပယ်ရုံ၊ ဖလံပင်၊ ကျောက်ဝ၊ ထန်းကုန်း၊ ဗောဓိကုန်း၊ မင်းအို၊ လတ်တော်လယ်ပြင်မှ ပိန်းအင်းကြီးကို ဖြတ်ပြီး မြစ်သာသို့ရောက်သည်။

ကဲ, ဤခရီး နီးသလား တွက်ကြည့်ပါ။ ဒါကြောင့်ပင် အဘွားမြိုင်မြို့သို့လာလျှင် တစ်လခန့်နေပြီးမှ ရွာသို့ပြန်၏။

မြစ်သာသို့ မြင့်ထွန်း မရောက်ဖူးပါ။ သို့ပေမဲ့ မြစ်သာနှင့် ကျွန်းကြီးအကြားရှိ ဘေးမဲ့အင်းကောကြီးနှင့် ပက်လက်အင်း၊ ကျူတောကြီးအင်း၊ သံလွင်အင်းတွေအကြောင်း၊ ဒေသထွက် ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ ပြောင်း၊ ဆေး၊ ငါးပိ၊ ငါးခြောက်နှင့် စားကုန်တွေအကြောင်း၊ ကနောင်မြို့ဘက်မှ လာရောင်းသော ချေသား၊ တောကောင်သားများအကြောင်း ဘွားလေးမြိုင်ပြောပြ၍ သိသည်။

ဘွားလေးမြိုင် ရောက်သည့်နေ့မှစ၍ မြင့်ထွန်းနှင့် ဖိုးချောတို့ ညီအစ်ကိုနှစ်ယောက် ညဦးပိုင်း ကျောင်းစာလုပ်ပြီးသည်နှင့် ဘွားလေးမြိုင်နားသို့ကပ်၊ နင်းပေးနှိပ်ပေးရင်း ဘွားလေးမြိုင်ပြောပြသော ရှေးဟောင်းနှောင်းဖြစ် ဗဟုသုတတွေကို နားထောင်မြဲ။ ဘွားလေးမြိုင်ကလည်း တစ်ည တစ်မျိုး မရိုးနိုင်အောင် ပြောပြသည်။

"အဘွားတို့ငယ်ငယ် အင်္ဂလိပ်ခေတ်ကပေါ့၊ ရွာမှာ မယ်ယုံနဲ့ ထွန်းမြိုင် ဗလာဇာတ်ပွဲ လာကတယ်၊ အနီးအဝေးရွာတွေက လာကြည့်ကြတဲ့ ပေါင်းမိုးလှည်းတပ်ကြီးက ပက်လက်ဝိုင်းပြီး အလယ်မှာ အောက်လင်းမီးထွန်း တရတာ၊ မယ်ယုံက ရုပ်ကောင်း အကကောင်းပေါ့၊ ပြောရဦးမယ်၊ လူရွှင်တော် ဖြောက်ဆိတ် မင်းသားဟန် လုပ်ပြီး ကနေတုန်း တောင်ရှည်စကို ခြေနဲ့နင်းမိလို့ တောင်ရှည်ကျွတ်ကျရော၊ အဘွားနဲ့ ပွဲအတူကြည့်တဲ့ မယ်ရီလေ ဘာပြောကောင်းမလဲ၊ အရယ်သန်ပုံများ ရှုံ့ရှုံ့တွေ ထွက်ကျပါကောလား"

ဖိုးချော တဟားဟားရယ်၏။

"ဘွားလေး ပွဲကြည့်ဝါသနာပါလား"

အတန်ငယ်ကြာမှ မြင့်ထွန်းက ကောက်ကာငင်ကာမေးတော့ ပြောင်းဖူးဖက်ဆေးလိပ်ကြီး တစ်ထွာခန့်ကို နတ်သမီးတံဆိပ် ယမ်းမီးခြစ်ဖြင့် မီးညှိဖွာရှိုက်ရင်း . . .

"ဝါသနာပါလိုက်သမှ အဲဒီဇာတ်ပွဲလဲ ကြည့်ပြီးရော ဇာတ်ရူးထတော့တာပဲ၊ တစ်မူး တစ်ပဲ ဂျော့ဝေလ ငွေဒင်္ဂါးသုံးတဲ့ခေတ်ဆိုတော့ မုန့်ဖိုးရတဲ့ ပိုက်ဆံကိုစုပြီး ပုဒ္ဒမ္ဘာပိတ်စဝယ်၊ မင်းသမီးအင်္ကျီချုပ်၊ ပိုးပဝါစရင်ဖုံးချ၊ စန္ဒကူးမြိုင် သီချင်းကို ဆိုပြီးကတော့တာ၊ ဒီသီချင်းတောင် ခုထက်ထိရသေး၊ အင်း, နေဦး သီချင်းအစက . . .

တန်ဆောင်မုန်းနဲ့ တန်ဆောင်တိုင်××× သူ့အိမ်ထဲလဲမြိုင် ×××ငါ့အိမ်ထဲလဲမြိုင်၊ ဆီမီးရောင်စုံမြိုင် ×××အရပ်ချင်းကပြိုင်××× များရာကနိုင် ဖွားရာကမှ နိုင်ရှင်×××မြခြေချင်း မငွေမြိုင်××× စိတြ ဂီဂါ ရာဇာမင်းတို့ အချင်းချင်း ပျော်တဲ့မြိုင်×××"

မြင့်ထွန်းနှင့် ဖိုးချောတို့က ဘွားလေးမြိုင် သီချင်းဆိုပြသည်ကို စိတ်ဝင်စားစွာ နားထောင်နေ၏။

အတန်ကြာမှ ဖိုးချောက . . .

"သီချင်းထဲမှာ ဘွားလေး နာမည်ပါတယ်၊ ငယ်ငယ်က မင်းသမီးလား"

ဖိုးချော အမေးကြောင့် ဘွားလေးမြိုင်က ဟက်ဟက်ပက်ပက် ရယ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး မြေးရဲ့၊ အထက်ရတနာပုံ မန္တလေးမှာ အဲဒီတုန်းက မြခြေချင်း မငွေမြိုင်ဆိုတဲ့ အငြိမ့်နဲ့ ဇာတ်မင်းသမီး နာမည်ကြီးနေချိန် အဘွားနဲ့ နာမည်တူမို့ သဘောကျပြီး သူ့သီချင်းကို လိုက်ဆိုတာ"

နောက်တစ်နေ့ ညရောက်တော့ ဇာတ်ပွဲအကြောင်း မပြော။ ဂျပန်ခေတ်အကြောင်း ပြောပြသည်။

"မြန်မာပြည်ကို. . ဂျပန်တွေရောက်လာတော့ ငွေဒင်္ဂါးတွေပျောက်ထောင်မလဲသဲကော် ငွေစက္ကူတွေဖြစ်ပြန်ရော၊ ပြီးတော့ လူတွေမှာ ဝဲတွေပေါက်၊ ဖျားကြနာကြနဲ့ ဒုက္ခရောက်လိုက်ကြတာ၊ အင်္ဂလိပ် ပြန်အဝင် ဂျပန်တွေ ပြေးချိန်ရောက်တော့ ရွာထဲ နွားတွေကိုအတင်းဆွဲသွားကြသေး၊ တစ်နေ့ညအချိန်မတော် ရေကင်းကုန်းမော်ဘက်မှာ တပ်စွဲထားတဲ့ ဂျပန်တွေကို အင်္ဂလိပ်လေယာဉ်တွေ ဗုံးကြဲချတာ ဂျပန်တွေ အတုံးအရုန်း သေကုန်ရောတဲ့၊ နောက်ပြီး သံပရာကန်လက်ပံတောအရပ်မှာ ဂျပန်လေယာဉ် ပစ်ချခံရသေးသတဲ့"

ဘွားလေးမြိုင် အမှတ်သတိကောင်းလှသည်။ ခဏနားပြီး ဆေးလိပ်ပြာခွက်ထဲမှ သောက်လက်စ ပြောင်းဖက်ဆေးလိပ်ကြီးကို လှမ်းယူပြီး မီးညှိဖွာရှိုက်နေပြန်သည်။ စိတ်ဝင်စားစွာနားထောင်နေသော ဖိုးချောက . . .

"ဘွားလေး ဆက်ပြော"

"အင်း, တစ်ညမှာပေါ့၊ ရွာဦးကျောင်း ဆရာတော် ဦးဇင်းသုန်ရဲ့ကျောင်းဘေးနားက ဗုံးခိုကျင်းမှာ မိသားစုသွားနေကြပြီး အပြန် ဦးဇင်းသုန်က . . .

'ဟောဒီမှာ နင်တို့စားဖူးအောင် အင်္ဂလိပ်ဘေးတရှအပ်' ဆိုလား. . ."

"ဗြိတိသျှပါ ဘွားလေးရဲ့"

"အဲ, အဲဒီတပ်က ပေးသွားတာတဲ့၊ ရော့ စားကြဆိုပြီး ဆရာတော်စွန့်တဲ့ ဘီစကွတ်ချပ်တွေ၊ ချောကလက်တွေ၊ စည်သွတ်အသားဘူးတွေ စားဖူးလိုက်ပါရဲ့"

အဘွားမြိုင်ကတော့ ငယ်စဉ်ကြုံတွေ့ခဲ့ရသော ရှေးဟောင်းနှောင်းဖြစ်များကို ညစဉ်ပြောသလို မညည်းတမ်းနားထောင်နေသူနှစ်ဦးမှာ အဘွားမြိုင်၏ပရိသတ် မြင့်ထွန်းနှင့် ဖိုးချောပင်။ အမေလည်း လာပြီး နားထောင်တတ်သည်။

အဘွားမြိုင် မြို့သို့ ရောက်ပြီး တစ်လပြည့်လုနီးအချိန် ရွှေမန်းတင်မောင်ဇာတ်ပွဲ လာကသည်နှင့် ကြုံ၏။ နာမည်ကြီး ရွှေမန်းတင်မောင်ဇာတ်ကို မကြည့်ဖူးသေးဟု ဆိုကာ ဇာတ်ပွဲဝါသနာပါသော အဘွားမြိုင်က မြင့်ထွန်းနှင့် ဖိုးချောကို ခေါ်ကာ တစ်ညသွားကြည့်ကြသည်။

နောက်နှစ်ရက်အကြာ လှည်းကြုံရှိ၍ အဘွားမြိုင် မြစ်သာသို့ ပြန်သည်။

လှည်းမထွက်မီ ပြန်တော့မည့်ဆဲဆဲပင်. . .

"အလောင်းတော်ဖွားတော်မူခန်းဗုဒ္ဓဝင်ဇာတ်ထုပ်က ကောင်းလိုက်သမှတော်၊ မှတ်သားလောက်ပါရဲ့၊ နောက်နှစ်တွေများ ရွှေမန်းတင်မောင်ဇာတ်ပွဲဝင်ရင် မြစ်သာကို လှမ်းအကြောင်းကြားကြပါအေ့" တဲ့။

နောက်ပိုင်းနှစ်များမှာ အဘွားမြိုင် မြို့သို့ပေါ်မလာ။ စုံစမ်းကြည့်တော့ ကျန်းမာရေး မကောင်းကြောင်း သိရသည်။ နောက် တစ်နှစ်ခန့်အကြာတွင် အဘွားမြိုင် ကွယ်လွန်ကြောင်း သိရသည်။

ထိုနှစ်အတွင်းမှာပင် ရွှေမန်းတင်မောင်သည်လည်း ဆင်ပေါင်ဝဲမြို့နယ် လက်ပံရွာ မဟာပိန္နဲဘုရားပွဲတွင် ဇာတ်ကနေစဉ် ကွယ်လွန်သွားခဲ့သည်။

❖

"လေးလေးထွန်း၊ ကြီးကြီး ခင်ထွေး ကျွန်တော်တို့ ပြန်ဦးမယ်"

ဘုရားပွဲတော်နှင့် ကြုံ၍ ဇာတ်ပွဲကြည့်ပြီး နောက်တစ်နေ့ နံနက်စောစောမှာပင် ဇော်မင်းအောင်တို့ မြစ်သာသို့ ပြန်ရန် မော်တော်ဆိုင်ကယ်ပေါ်တက်စဉ် နှုတ်ဆက်လိုက်ခြင်းဖြစ်၏။

"ဒါနဲ့ ညက ဇာတ်ပွဲ ကောင်းရဲ့လား"

"ဟာ. . . လေးလေးထွန်းရေ ကောင်းမှကောင်း၊ တစ်ညလုံး စတိတ်ရှိုးချည်းပဲ၊ မိုးမင်းကလဲ ဒန့်(စ်) သိပ်ကောင်း၊ ကာလာမီးဆလိုက်တွေကလဲ ရှယ်ပဲ၊ နောင်နှစ်တွေ မိုးမင်း ဇာတ်ပွဲဝင်ရင် မြစ်သာကို မမေ့တို့နေတဲ့ လေးမျက်နှာရွာက တစ်ဆင့် အကြောင်းကြားလိုက်နော် လေးလေး"

ကိုမြင့်ထွန်းတစ်ယောက် ဇော်မင်းအောင်တို့ စီးသွားသော ဆိုင်ကယ်ကို မျက်စိတစ်ဆုံးကြည့်ရင်း အာရုံထဲတွင် အတွေးတစ်ခု ဝင်လာသည်။ ဟိုးတစ်ချိန်က ဘွားလေးမြိုင် မြစ်သာသို့အပြန် နွားလှည်းပေါ်မှ နှုတ်ဆက်ပုံ။ ယခု ဘွားလေးမြိုင်မျိုးဆက် ဇော်မင်းအောင် မြစ်သာသို့အပြန် ဆိုင်ကယ်ပေါ်မှ နှုတ်ဆက်ပုံမှာ တူနေ၏။ အနုပညာရသ ခံစားပုံချင်း မတူကြတော့။

ထို့အပြင် နွားလှည်းနှင့် ဆိုင်ကယ် ရုပ်ဝတ္ထုချင်းလည်း ကွာခြားခဲ့ပြီ။ ယခင်က နွားလှည်းနှင့်တစ်ဖုံ၊ ခြေကျင်တစ်နည်းသွားရသော လမ်းခရီးသည် ယခုသော် ခိုင်ခံ့သော မြစ်ကူး၊ ချောင်းကူးတံတား၊ လမ်းချောတွေကြောင့် လာချင်လျှင် အနီးကလေး၊ ခရီးမဝေးတော့ဟု ဆိုရပေမည်။

ဩော်, တကယ်တော့ လူနှင့်လူ့ဝန်းကျင်၊ အချိန်၊ ကာလ၊ ခေတ်၊ စနစ်တို့သည် အစဉ်ပြောင်းလဲနေသည် မဟုတ်ပါလား။

❒ သူရိန်ဝင်း(ဇီးတုန်း)





www.burmeseclassic.com

www.burmeseclassic.com

# ကိုရင်ကြီးနှင့် တစ္ဆေသရဲဇာတ်လမ်း

ကျော်မိုးလွင်(ဝါးခယ်မ)



ကျွန်တော်တို့ ငယ်ငယ်က သရဲ တစ္ဆေ သိုက်သမိုင်းကားများ ခေတ်စားခဲ့သည်။

ကျွန်တော်နေသော ဝါးခယ်မမြို့တွင် ရုပ်ရှင်ရုံ နှစ်ရုံရှိပါသည်။ မြို့လယ်ရှိ ရုပ်ရှင်ရုံမှာ ပတ္တမြားမျက်ရှင် ရုပ်ရှင်ရုံဖြစ်ပါသည်။ မြို့အနောက်ခြမ်းမှာက ရွှေပြည်အေး ရုပ်ရှင်ရုံရှိပါသည်။

သရဲ တစ္ဆေ သိုက်သမိုင်းကားများ ခေတ်စားနေသည့်အတွက် ထိုစဉ်က ရုပ်ရှင်ရုံ နှစ်ရုံစလုံး သရဲ တစ္ဆေ သမိုင်းကားများကို အပြိုင်အဆိုင် ပြခဲ့ကြပါသည်။

ထိုသရဲ တစ္ဆေ သိုက်သမိုင်းကားများကို မလွတ်တမ်းအားပေးခဲ့သူများမှာ ကျွန်တော်နှင့် သန်းအေး ဖြစ်ပါသည်။

သရဲကားများ ကြည့်ရသည်မှာ ကြောက်စရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းပါသည်။ သရဲ တစ္ဆေ သရုပ်ဆောင်များ ထိုစဉ်က အကယ်ဒမီ ပေးမည်ဆိုလျှင် တာတေကြီးနှင့် ဒေါ်မြလေး အကယ်ဒမီ ရနိုင်သည်ဟု ကျွန်တော်ထင်ပါသည်။

ထိုစဉ်က တာတေကြီးမှာ သရဲ သရုပ်ဆောင်ကောင်းသလို ဒေါ်မြလေးမှာ စုန်းမအဖြစ် သရုပ်ဆောင်ခြင်းမှာ အထူးပင် ကြောက်စရာကောင်းအောင် သရုပ်ဆောင်နိုင်ခဲ့ပါသည်။

သရဲ တစ္ဆေကားများ အရှိန်အဝါကား ကြီးပါသည်။ ညအခါ လူကြီးများ စကားဝိုင်းတွင် ထိုင်နားထောင်ရာ၌ ကြမ်းလုံအောင် ထိုင်သည့်အကျင့် ဖြစ်သွားခဲ့ပါတော့သည်။

ကျွန်တော်သည် ကိုရင်ကြီးနှင့် ပတ်သက်၍ ထူးခြားသော ဖြစ်ရပ်များကို လပြည့်ဝန်း၊ ဂန္ဓာရီမဂ္ဂဇင်းများတွင် ယခင်က ရေးပြီးဖြစ်ပါသည်။

ထိုရေးသားသည့် အကြောင်းအရာများတွင် သရဲတစ္ဆေနှင့် ပတ်သက်၍ လုံးဝရေးသားခဲ့ခြင်း မရှိခဲ့ပါ။ ကိုရင်ကြီး ကိုယ်တိုင်ကလည်း ထိုသရဲ တစ္ဆေ အကြောင်းကို ပြောဆိုခဲ့ခြင်း မရှိပါ။ ကလေးအရွယ် ကျွန်တော်တို့ ကြောက်မည်စိုး၍ မပြောခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။

သို့သော် ကိုရင်ကြီး ပြောခဲ့သလို ကျွန်တော်သည် စာရေးဆရာဖြစ်မည့်သူဖြစ်၍ အရာရာကို ပေါ့ပေါ့ပြက်ပြက် ပြီးစလွယ် မနေခဲ့ပါ။

သရဲအကြောင်း ကိုရင်ကြီး မပြောခဲ့သော်လည်း ကိုရင်ကြီး လုပ်ဆောင်ချက်များကား သရဲ တစ္ဆေ အမှန်ရှိပါကြောင်း ရည်ညွှန်းနေ၍ ဤစာကို ရေးပြနိုင်ခြင်း ဖြစ်ပါတော့သည်။

❖

"ဟေ့ ဒီဘုရားခန်းထဲက ငှက်ပျောဖီး ဘယ်သူ ယူစားသလဲဟေ့"

ဘုန်းကြီးကျောင်းဝင်းအတွင်း မြက်ရှင်းပြီး ပြန်အတက်တွင် ကိုရင်ကြီးက ကျွန်တော်တို့ လူစုကို ကြည့်ကာ နှအော်မေးလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော် မစားတာဟော့ သေချာပါသည်။ ကိုရင်ကြီး ကျောင်းရောက်သည်နှင့် ကျွန်တော် ဘုရားခန်း မဝင်ဖြစ်ခဲ့ပါ။ ကပ္ပိယကြီးထံမှ မြက်ခုတ်ဓားကို တောင်းယူ၍ ကျောင်းအဝင်လမ်းဘေး မြက်များကို ခုတ်နေခဲ့ပါသည်။ ကျွန်တော်နှင့် မလှမ်းကမ်းမှာ အောင်စိုးနှင့် လှရွှတ် ရှိနေသည်။

သူတို့လည်း ဘောင်းဘီတိုများဝတ်ကာ မြက်ရှင်းနေကြသည်။

ဝက်ကြီးခေါ် စန်းမြင့်ကား ကိုးတောင်ပြည့်စေတီလေးအနီးရှိ ရေတွင်းနံရံကိုမှီကာ တခေါခေါနှင့် အိပ်နေပါတော့သည်။ ဇာတ်မင်းသားလေး ဖြစ်လာမည့် ဝေသော်ကား မြက်ခင်းပေါ် ပက်လက်လှန်ကာ ကွယ်လွန်သွားပြီဖြစ်သော အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ရွှေကြေးစည်သီချင်းကို အော်ဆိုနေခဲ့ပါသည်။

ကျွန်တော်တို့ ကိုရင်ကြီး မေးသည်ကို မဖြေနိုင်ကြပါ။ အချင်းချင်း လှမ်းကြည့်ကာ ငြိမ်နေရပါတော့သည်။

သည်မှာ ကျွန်တော်တို့ အခက်အခဲကို ဖြေရှင်းပေးမည့် ကယ်တင်ရှင်ပေါ်လာခဲ့ပါသည်။ သူကား တခြားသူမဟုတ်၊ ကပ္ပိယကြီး ဦးဝိတ်ပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"တရားခံကို တပည့်တော် သိတယ်ဘုရား"

အားလုံးအကြည့်က ကပ္ပိယကြီး ဦးဝိတ်ထံ ရောက်သွားခဲ့ကြသည်။

"ပြောစမ်းပါဦး ဒကာဝိတ်ရဲ့၊ ကျုပ်ငှက်ပျောဖီးကို ဘယ်သူစားတာလဲ"

ကပ္ပိယကြီးဦးဝိတ်က ကျောင်းပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

"ဟော တွေ့ပြီ တွေ့ပြီ၊ အရှင်ဘုရား ငှက်ပျောဖီးစားတာ ဟိုမှာ အိပ်နေတဲ့ ဝက်ကြီးပါ ဘုရား"

ကိုရင်ကြီးက မြန်၏။ ချက်ချင်းပင် ဝက်ကြီးရှေ့ ရောက်သွားခဲ့သည်။

"ဟေ့ကောင် ဝက်ကြီး ထစမ်း"

ကိုရင်ကြီးက ပါလာသော တောင်ဝှေးနှင့် ဝက်ကြီးခေါ် စန်းမြင့်ကို ထိုးကာ နှိုးလိုက်သည်။

အအိပ်ကြီးသူ ဝက်ကြီး။

ကိုရင်ကြီးက သုံးလေးကြိမ်တောင်ဝှေးနှင့်ထိုးမှ နိုးလာခဲ့သည်။

"မင်း ဘုရားခန်းထဲက ငှက်ပျောဖီး စားတယ်ဆို ဟုတ်လား"

ဝက်ကြီး အိပ်ချင်မူးတူးနှင့် ထထိုင်လိုက်သည်။ ကိုရင်ကြီး မြင်တော့ မျက်လုံးပြူးသွားတော့သည်။ ကိုရင်ကြီးက ဒေါသဖြစ်ဖြစ်နှင့် ထပ်မေးလိုက်သည်။

"ဆာလို့ စားမိပါတယ် ဘုရား"

ဝက်ကြီးက မငြင်းပါ။ အမှန်အတိုင်း ဝန်ခံလိုက်သည်။

"တစ်ဖီးလုံး တစ်ယောက်တည်း စားတယ်ဆိုတော့ ဘီလူး သရဲများ စီးနေရော့သလား ဝက်ကြီးရာ"

ကိုရင်ကြီး အပြောကြောင့် ဝိုင်းကြည့်နေကြသောကျွန်တော်တို့အားလုံး ကြွေမဆည်နိုင်အောင် ရယ်မိကြရပါတော့သည်။ ထိုနေ့က အပြစ်ပေးသည့် အနေဖြင့် ကိုရင်ကြီးက ဝက်ကြီးကို ကျောင်းဘုရားခန်း သန့်ရှင်းရေး လုပ်ခိုင်းလိုက်ပါတော့သည်။

❖

"ငါ ညနေစာ စားဖို့ ချန်ထားတဲ့ ထမင်းနဲ့ ဟင်းတွေ မင်းတို့ထဲက ဘယ်သူ ယူစားသလဲကွ၊ ကျောင်းကို ဘယ်သူမှ မလာဘူး မင်းတို့ပဲလာတာ"

ဝတ်တက်ရန် ရောက်လာသော ကျွန်တော်တို့လူစုကို ကပ္ပိယကြီး ဦးဝိတ်က ကြည့်ကာ မေးလိုက်သည်။

ကျွန်တော်တို့ အိမ်က ညနေစာ ထမင်းစားပြီးမှ ကိုရင်ကြီးကျောင်းကို ထွက်လာကြခြင်းဖြစ်သည်။ ကျွန်တော်တို့ လူစစ်ကြည့်တော့ ဝက်ကြီး(ခေါ်) စန်းမြင့် ပျောက်နေသည်။

"ဟေ့ကောင် လှရွှတ်. . မင်း ဝက်ကြီးကို ဝင်မခေါ်ခဲ့ဘူးလား"

ကျွန်တော်က ဝက်ကြီးနှင့် တစ်လမ်းထဲနေသူ လှရွှတ်ကို လှမ်းမေးလိုက်သည်။

"သူ့အိမ်က ထွက်သွားပြီလို့ ပြောတယ်ကွ"

အခုတစ်လော ဘာကြောင့်ရယ်မသိ။ ဝက်ကြီးတစ်ယောက် သူ့ခန္ဓာကိုယ်နှင့်လိုက်အောင် အစား သောင်းကျန်းနေခဲ့သည်။

ကျွန်တော် တစ်ညနေ ဝက်ကြီးကို ဘောလုံးကန်ရန် သွားခေါ်စဉ် ဝက်ကြီးတစ်ယောက် အရိုက်ခံထိနေသည်နှင့် သွားတိုးခဲ့ရသည်။

"မနက် အရုဏ်ဆွမ်းလောင်းမယ့် ဟင်းတွေကို ပြောင်သလင်းခါအောင် မင်းတို့ သူငယ်ချင်း ဝက်ကြီး စားပစ်တယ်လေ"

လူကြီးတွေပြောသလို ဝက်ကြီးတစ်ယောက် ဖုတ်ဝင်နေရော့သလား။ ဒါလည်း မဖြစ်နိုင်။ ကြားဖူးတာက ဖုတ်ဝင်သည်ဆိုတာက သေခါနီး လူကိုမှ ဝင်ခြင်း ဖြစ်ပါသတဲ့။

ဘုရားဝတ်မတက်မီ ကပ္ပိယကြီး ဦးဝိတ် ထမင်းဟင်း ခိုးစားသူ တရားခံပေါ်လာခဲ့သည်။ တရားခံကား ဝက်ကြီးပင် ဖြစ်တော့၏။

ဝက်ကြီး ကပ္ပိယကြီး အခန်းထဲကို ဝင်အသွား ကိုရင်ကြီးကို နင်းနယ်မိပ်ပေးလေ့ရှိသော ရွာထဲက ဦးချိုက အလာ တွေ့သွားခြင်း ဖြစ်တော့သည်။ ဝက်ကြီးကား တစ်ခုတော့ တော်သည်။ တွေ့သွားလျှင် မငြင်းတတ်။ အမှန်အတိုင်းပင် ဝန်ခံလေ့ရှိသည်။

"အိမ်က ဟင်းမကောင်းလို့ စားမိပါတယ် ဘုရား"

ထိုညနေက ကပ္ပိယကြီးဦးဝိတ်အတွက် ကျွန်တော်တို့ ဝိုင်းဝန်း ချက်ပြုတ်ကျွေးလိုက်ကြရသည်။

❖

"ဝက်ကြီးက အရင်က ဘယ်လောက် ဆာဆာ ဒီလို အသိမပေးဘဲ စားလေ့မရှိပါဘူး၊ တစ်ခုခုတော့ ထူးခြားနေပြီ"

ကျောင်းကို စောစွာရောက်သွား၍ ကိုရင်ကြီးက စာဖတ်နေရာမှ ကျွန်တော့်ကို လှမ်းပြောလိုက်သည်။ ကျွန်တော်လည်း ဒါကို သိနေပါသည်။

"မင်း ဘယ်လို ထင်သလဲ စာကလေး"

ကိုရင်ကြီးက သူ ခေါ်နေကျအတိုင်း ကျွန်တော့်ကို ခေါ်ကာ လှမ်းမေးလိုက်သည်။ ကျွန်တော် မည်သို့မျှ မထင်တတ်ပါ။ ကျွန်တော်နှင့် ကိုရင်ကြီး စကားပြောနေစဉ် ဝက်ကြီး အဖေက ထူးထူးခြားခြား ရောက်လာခဲ့သည်။

"ဟော ဒကာကြီး ဦးဖိုးမြပါလား၊ ဝက်ကြီးကော ပါမလာဘူးလား"

"ဝက်ကြီးအကြောင်း ပြောချင်လို့လဲ ကျောင်းကို လာခဲ့တာပါ ကိုရင်ကြီး"

ဦးဖိုးမြက ဘုရားခန်းမှ ဘုရားကို ဝတ်ချလိုက်သည်။ ပြီးမှ ကုလားထိုင်နှင့် ထိုင်၍ စာဖတ်နေသော ကိုရင်ကြီးရှေ့မှာ လာထိုင်ကာ ဝတ်ဖြည့်လိုက်သည်။

"ပြောစမ်းပါဦး ဝက်ကြီးက ဘာဖြစ်နေလို့လဲ"

"ခုတလော ဘာဖြစ်နေတယ် မသိဘူး၊ သူ့ အမေကို အမဲသားပဲ ချက်ခိုင်းနေတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က အကြောင်း မသိ၍ ရယ်မိလိုက်သည်။

"လူငယ်ပဲကွယ် စားချင်လို့ ချက်ခိုင်းတာ ဆန်းသလား ဒကာမြရဲ့"

ကိုရင်ကြီးက ဖတ်နေသော စာအုပ်ကို ချကာ အေးဆေးစွာပင် ပြန်ပြောလိုက်သည်။

ဦးဖိုးမြကား ခေါင်းခါနေသည်။

"မဟုတ်ဘူး ကိုရင်ကြီး၊ ကိုရင်ကြီးလူက မှုပျက်နေတယ်၊ လွှတ်ပေးရင် အမဲသားကို အစိမ်းတောင်စားမယ့်ပုံပေါက်နေတယ်"

ကျွန်တော် ဦးဖိုးမြ စကားကြောင့် မျက်လုံးပင် ပြူးသွားမိခဲ့ရသည်။

ကိုရင်ကြီးကတော့ အေးအေးပင် ရှိနေသည်။ တစ်စုံတစ်ရာကိုလည်း နက်နက်နဲနဲ စဉ်းစားနေပုံပေါက်နေ၏။

"ကဲ ဒီလိုလုပ် ဒကာမြ၊ ရွာထဲက ဆရာထွန်းကို ကျုပ်က ခေါ်တယ်ဆိုပြီး သွားခေါ်ပါ၊ ပြီးမှ ဒကာမြသား ဝက်ကြီးကိုခေါ်ပြီး ကျုပ်ဆီပြန်လာခဲ့ပါ"

ဆရာထွန်းကို ခေါ်ခိုင်း၍ ကျွန်တော်အံ့ဩသွားခဲ့ပါသည်။ ဆရာထွန်းကား ပယောဂကုသူဟု တစ်ရွာလုံးက သတ်မှတ်ထားသော ဆရာတစ်ယောက် ဖြစ်ပါသည်။

ကိုရင်ကြီး ဘာတွေလုပ်နေပါလိမ့်။ ကျွန်တော် အလွန်ပင် စိတ်ဝင်စားသွားခဲ့ရပါတော့သည်။ ထိုနေ့က ကိုရင်ကြီး မည်သို့လုပ်မည်ကို သိလို၍ ကိုရင်ကြီးကျောင်း၌ အိပ်ရန် ဆုံးဖြတ်လိုက်ရပါတော့သည်။

❖

ကျောင်းကို ဆရာထွန်း ရောက်လာသည်။

"ကိုရင်ကြီး ခေါ်တယ်ဆိုလို့ လာတာ၊ ဘာများအကြောင်းထူးလို့လဲ ကိုရင်ကြီး"

ဆရာထွန်းမှာ အသက်ခြောက်ဆယ်အရွယ်ဟု ခန့်မှန်းရသည်။ အသားဖြူ၍ လူက ဝဖြိုးသည်။

ကိုရင်ကြီးက ဘုရားခန်းရှေ့တွင် နေရာပေးလိုက်သည်။ ကပ္ပိယကြီး ဦးဝိတ်က ရေနွေးဗန်းလာချ၏။

"အရေးက လောကီအရေး ဖြစ်နေတော့ ဒကာထွန်းလုပ်မှ ဖြစ်မှာမို့ ခေါ်ရတာပါ"

"မိန့်ပါ ကိုရင်ကြီး၊ တပည့်တော် ဘာလုပ်ပေးရမလဲ"

"စာကလေး ကွမ်းအစ်နဲ့ ထွေးခံ ငါ့အခန်းထဲမှာ ရှိတယ်၊ သွားယူပေးစမ်း"

ကိုရင်ကြီးက ခိုင်း၍ ကျွန်တော့် အာရုံ စုစည်းမှုပျက်ပြားသွားခဲ့ရတော့သည်။ ခဏနေတော့ ဦးဖိုးမြနှင့် ဝက်ကြီး ရောက်လာခဲ့သည်။

"ကျုပ်ပြောတာ ဒီကလေးပဲ ဒကာထွန်း၊ ဒကာထွန်းပညာနဲ့ စမ်းသပ်ကြည့်ပေးပါ"

ဘာကြောင့်ရယ်မသိ ဝက်ကြီးက တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေသည်။

ဦးဖိုးမြက လက်နှစ်ဖက်ကို ချုပ်ကိုင်ထား၍ ရုန်းမရဖြစ်နေတော့၏။

"ထိုင်ပါကလေး၊ မင်းကို ဆရာ ဘာမှ မလုပ်ပါဘူး"

ဆရာထွန်းက ကွမ်းတစ်ရာယူဝါးကာ အေးအေးဆေးဆေးပင် ပြောလိုက်သည်။

"ပြောစမ်းပါဦးကွဲ့၊ မင်း ဘယ်သူလဲ"

ဆရာထွန်းကို သူ့ရှေ့တွင် ထိုင်နေသော ဝက်ကြီးခေါင်းကို လှမ်းကိုင်ကာ မေးလိုက်သည်။

ဝက်ကြီးတစ်ယောက် ဘာဖြစ်သည်မသိ တစ်ကိုယ်လုံး ဓာတ်လိုက်သူတစ်ယောက်လို တုန်နေတော့သည်။

"ရဲရဲပြောစမ်းပါ၊ ဆရာ မင်းကို ဘာမှ မလုပ်ပါဘူး"

ဆရာထွန်းက ဝက်ကြီးကို စူးစိုက်ကြည့်ကာ ထပ်ပြောလိုက်သည်။

"ကျွန် ကျွန်တော် ငထူးပါ"

ဆရာထွန်း ပြုံးသည်ကို တွေ့လိုက်ရသည်။

"လက်စသတ်တော့ မင်းက ရွာသစ် ကထိန်လာရင်း ရေနစ်သေတဲ့ ကောင်ကိုး"

ကျွန်တော်ရော ကိုရင်ကြီး၊ ဦးဖိုးမြတို့ပါ မျက်လုံးပြူးသွားမိရပါတော့သည်။

ငထူးကို ကျွန်တော်တို့ သိကြပါသည်။ သပြေကုန်းရွာမှ ရွာသစ်ကထိန်ကိုလာရင်း လှေမှောက် ရေနစ်သေတဲ့ ငထူးပင် ဖြစ်ပါသည်။

"မင်းက ဘာဖြစ်လို့ ဝက်ကြီးကို ဝင်ပူးရတာလဲ"

"ပျော်လဲ ပျော်တယ်၊ စားလဲ စားချင်လို့ပါ"

ဆရာထွန်းက ကိုရင်ကြီးဘက် လှည့်ကြည့်လိုက်သည်။

"ဒီကောင်က ရုပ်ရှင်ပြီးလို့ ပြန်လာတဲ့ လက်သမားဆရာ ကိုပွဲကိုလဲ ဝင်ပူးလို့ တပည့်တော် ဆုံးမပြီးခဲ့ပါပြီ၊ မဖြစ်တော့ဘူး ဒီတစ်ခါတော့ အဝေးကို အပြီးနှင်မှ ဖြစ်တော့မယ်"

ဆန်းတော့ ဆန်းပါသည်။ ဆရာထွန်းနှင့် တွေ့ဆုံပြီးနောက် ဝက်ကြီးမှာ ငြိမ်သွားခဲ့ပါသည်။

"ကိုရင်ကြီး ဝက်ကြီး ဘာဖြစ်တာလဲ သရဲဝင်ပူးတာလား"

ထိုစဉ်က ကျွန်တော်က မေးတော့ ကိုရင်ကြီး ဘာမှ ပြန်မပြောခဲ့။ ရယ်၍သာ နေခဲ့ပါသည်။

ကိုရင်ကြီး ပြောခဲ့သည့်စကား တစ်ခုတော့ ယနေ့တိုင် မှတ်မိနေဆဲ ရှိပါသည်။

"စာရေးဆရာ ဖြစ်လာတဲ့အချိန်မှာ မင်း ဒါတွေကို ရေးဖြစ်မှာ စာကလေးရာ" တဲ့။

❒ ကျော်မိုးလွင် (ဝါးခယ်မ)



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ရက် သျှတ္တာရဂ္ဂမ္ဘီရ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

## ဂေါ်မိတ် ခွန်အား


### ခရမ်းပြာရောင် တဖိတ်ဖိတ်လက်တဲ့ တိုက်တိုင်းအောင် ဂေါ်မိတ်



Pyrope
ဂေါ်မုတ်







ဂေါ်မိတ်ကျောက်(Amethayst) ဆိုသည်မှာ သလင်းကျောက်(Quartz)မျိုးကွဲတစ်ခုပင် ဖြစ်သည်။ ဂေါ်မုတ်သည် ဂေါ်မိတ်အနီမျိုး ဖြစ်သည်။

သလင်းကျောက်သည် အတွေ့ရများသော တွင်းထွက်ပစ္စည်းတစ်မျိုး ဖြစ်၏။ မှန်ကွဲမှန်စများနှင့် တူသောကြောင့် အလွယ်တကူပင် မှတ်မိနိုင်၏။ သဲကျောက်များတွင်လည်း သလင်းပွင့်များအနေနှင့် တွေ့ရတတ်၏။ သလင်းကျောက်သည် ကမ္ဘာ့မြေလွှာတွင် အများအပြားတွေ့ရသော အောက်ဆီဂျင်ဒြပ်စင်နှင့် ဆီလီကွန်ဒြပ်စင်တို့ ပေါင်းစပ်ဖွဲ့စည်းထားသော ပစ္စည်းဖြစ်သောကြောင့် ဓာတုဗေဒအလိုအားဖြင့် 'ဆီလီကွန်ဒိုင်အောက်ဆိုက်' ဟုခေါ်၏။ သဲများသည် များသောအားဖြင့် သလင်းကျောက်များမှ ရေတိုက်စား၍ သော်လည်းကောင်း၊ ပဲ့ထွက်၍သော်လည်းကောင်း ဖြစ်ပေါ်လာ၏။

သလင်းကျောက်သည် မှန်ကို ခြစ်နိုင်လောက်အောင်မာ၏။ သို့သော် နီလာနှင့် စိန်တို့လောက်ကား မမာချေ။ သလင်းကျောက်သည် မီးခတ်ကျောက်၊ နဂါးသွဲ့ကျောက်၊ မဟူရာကျောက် စသောကျောက်များတွင် အလွန်သေးသော ခရစ္စတယ်ကလေးများ အဖြစ်ဖြင့် ပါဝင်၏။ သလင်းကျောက်သည် အလွန်အသုံးဝင်၏။ သလင်းကျောက်မှ ဖြစ်သော သဲနှင့် သဲကျောက်များကို ကော်ပတ်စက္ကူ၊ အရောင်တင်အမှုန့်၊ အပူခံပစ္စည်း၊ မားသွေးကျောက် စသည်တို့ ပြုလုပ်အသုံးပြုကြ၏။ ဝင်ရိုးဗယ်ရင်သေးသေးလိုအပ်သည့် ကိရိယာများအတွက်လည်း အသုံးပြုကြ၏။

မှန်နှင့်မခြားအောင် ကြည်လင်၍ အလင်းပေါက်သည့် သဘာဝသလင်းကျောက်ကို ကျောက်မျက်ရတနာအဖြစ်ဖြင့် ဝတ်ဆင်ကြ၍ ရေဒီယို၊ တယ်လီဗီးရှင်းနှင့် ရေဒါများတွင် လှိုင်းညှိကိရိယာအဖြစ်ဖြင့် အသုံးပြုကြသည်။

အရည်ကျိုပြီးသား သလင်းကျောက်သည် အပူအအေးကြောင့် ကားထွက်ခြင်း ကျုံ့ဝင်ခြင်း မရှိသလောက်ဖြစ်၏။ သို့ဖြစ်ရကား အပူအအေးကြောင့် အရွယ်မပြောင်းနိုင်သော မှန်များ၊ မှန်ဘီလူးများ ပြုလုပ်ရာ၌ များစွာအသုံးဝင်သည်။ အပူဒဏ်ကို လွန်စွာခံနိုင်သောကြောင့် ရုပ်ရှင်ပြစက် မှန်ဘီလူးများ ပြုလုပ်ရာ၌လည်း အသုံးပြုကြ၏။

သလင်းကျောက်သည် ရေတွင်ဖြစ်စေ၊ အက်စစ်တွင်ဖြစ်စေ ပျော်ဝင်ခြင်းမရှိသောကြောင့် ဓာတ်ခွဲခန်းသုံး ဖန်ကျွများပြုလုပ်ရာ၌လည်း အသုံးပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် သလင်းကျောက်ကို စေတီတော် စိန်ဖူးများ ပြုလုပ်ရာ၌လည်း အသုံးပြုခဲ့ကြရာ ဗိုလ်တထောင် ကျိုက်ဒေးအပ်စေတီတော်၌ စိန်ဖူးကို မိုးကုတ်မြို့မှ ရရှိသော သလင်းကျောက်ဖြင့် ပြုလုပ်သည်ဟု သိရသည်။ ထိုစိန်ဖူးကြီးသည် အချိန် နှစ်ပိဿာ၊ လုံးပတ် ၁၅ လက်မ၊ အချင်း ငါးလက်မ၊ အမြင့် ၁၈ လက်မ ရှိသည်။ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း)ရှိ မဟာစေတီတော်မှ စိန်ဖူးကိုလည်း မိုးကုတ်ရတနာမြေဒေသထွက် သလင်းကျောက်ဖြင့်ပြုလုပ်၍ လှူဒါန်းထားကြောင်း သိရသည်။

သလင်းကျောက်ကို ဂေါ်ဒန်ဟုလည်း ခေါ်သည်။ သလင်းကျောက်တွင် အမျိုးပေါင်းများစွာရှိသည်။ အချို့မှာ ခြောက်ထောင့်ပုံသဏ္ဌာန် ခရစ္စတယ်ကလေးများ ဖြစ်၍ အချို့က အတုံးလိုက်ရှိတတ်သည်။

ခရမ်းရောင်ကျောက်သည် အရောင်ရှိသော သလင်းကျောက်များတွင် အလွန်ထင်ရှား၏။ အခြားကျောက် အမျိုးအစားများမှာ ထပ်တရာတု၊ စလင်းနီနှင့် စလင်းညို စသည်တို့ဖြစ်၏။ သလင်းကျောက်ကို မြန်မာနိုင်ငံ၌ မြစ်ကြီးနားခရိုင်၊ ကာမိုင်းမြို့မြောက်ဘက် မိုင် ၂၀ ခန့်တွင် အခြားကျောက်များနှင့်ရော၍ တွေ့ရတတ်လေသည်။ ဂေါ်မိတ်နှင့် ဂေါ်မုတ်သည် ကျောက်သလင်းနှင့်ရော၍ တွေ့ရတတ်သော ကျောက်မျိုးများ ဖြစ်သည်။ ဂေါ်မုတ်သည် ဂေါ်မိတ်အနီမျိုး ဖြစ်လေသည်။

သလင်းကျောက် (Quartz) အနွယ်ဝင်ဖြစ်သော ဂေါ်ဒန်ကျောက် ခေါ် ဂေါ်မိတ်ကျောက်တစ်မျိုးသည် အခြားသော Quartz အနွယ်ဝင် ကျောက်အမျိုးအစားများထက် ပို၍တန်ဖိုးကြီးမားလှကြောင်း၊ Quartz ဟုခေါ်သည့် သလင်းကျောက် (ဂေါ်ဒန်ကျောက်အုပ်စုဝင်) ကျောက်အမျိုးအစားများကို ဝတ်ဆင်ဆောင်ထားခြင်းအားဖြင့် မကောင်းသည့် အတွေးအခေါ် အယူအဆများကို ကင်းစင်ကွယ်ပျောက်စေနိုင်ကြောင်း၊ ထို့အပြင် ဉာဏ်ရည်မြင့်မားစေမှုကိုလည်း လွန်စွာအထောက်အကူပြုသည့် ကျောက်မျက်ဖြစ်ကြောင်း ကမ္ဘာ့သမိုင်းတွင် လွန်စွာထင်ရှားခဲ့သော ပုဂ္ဂိုလ်ကျော်ပညာရှင်ကြီးတစ်ဦးဖြစ်သည့် 'လီယိုနာဒိုဒါဗင်ချီ' (Leonado da Vinci) က အခိုင်အမာ ပြောကြားခဲ့ပါသည်။

ထိုမျှသာမက Quartz သလင်းဖန်လုံးအား ရှေးဖြစ်ကို ကြိုတင်ဟောပြောတတ်သည့် မှော်အတတ်ပညာရှင်များက သူတို့၏ အဟောသုံးနိမိတ်ဖတ် ဖန်လုံးအဖြစ် အသုံးပြုလေ့ရှိကြသည်မှာလည်း Quartz ခေါ် သလင်းကျောက်တုံး၏ အံ့သြလောက်ဖွယ်ရာ အစွမ်းသတ္တိများကြောင့်ပင် ဖြစ်ပါသည်။ အထူးသဖြင့် အနောက်တိုင်း မှော်အတတ်ပညာရှင်များ၏ နိမိတ်ဖတ် ဟောစဉ်အဖြာဖြာတို့အတွက် လေ့လာကြည့်ရှုတတ်ကြသည့် ကျောက်သလင်းဖန်လုံးများမှာ Rock crystal နှင့် smoky Quartz ကျောက်သလင်းဖန်လုံးများသာ ဖြစ်ကြပါသည်။

Quartz ကျောက်သလင်းအနွယ်ဝင် ကျောက်များသည် မာကျောမှုလွန်ကဲခြင်း မဖြစ်ကြသော်လည်း အသားမာကျောက်စာရင်းတွင် ထည့်သွင်းထားပါသည်။ Quartz အမျိုးအစား နှစ်မျိုးရှိပါသည်။ Macrocrystalline quartz နှင့် Cryptocrystalline quartz ဟူ၍ဖြစ်ပါသည်။ Macrocrystalline quartz အုပ်စုထဲတွင် ပါဝင်သည့် သလင်းကျောက်အုပ်စုဝင်များမှာ amethayst. aventurine. rock crystal, bule quartz. citrine. hawk's eye. prasiolite. quartz cat's eye. smoky quartz. rose quartz နှင့် tiger's eye တို့ ဖြစ်ကြပါသည်။

Cryptocrystalline quartz အုပ်စုဝင်များမှာ agate. chrysoprase. blood stone, jasper နှင့် carnelian တို့ ဖြစ်ကြပါသည်။

macrocrystalline quartz ကျောက်၏ အရောင်များတွင် သက်တန့်ရောင်စဉ်များပါဝင်ကာ အထူးသဖြင့် အဖြူရောင်နှင့် တိမ်ရောင်များဖြစ်ကြပြီး၊ crypto crystalline မှာ အရောင်မျိုးစုံပါဝင်နေပါသည်။ သလင်းကျောက် Quartz များသည် အလင်းရောင်ဖောက်နိုင်သည့် ကျောက်များဖြစ်ကြပါသည်။ Quartz အနွယ်ဝင် Amethayst သလင်းကျောက်နှင့် ဂေါ်ဒန်ကျောက် တစ်မျိုးသည် တစ်ချိန်တုန်းက ဗြိတိန်ရွှေနန်းရှင်တို့၏ သရဖူများတွင် နန်းစဉ်နန်းဆက် တလက်လက် တောက်ပစွာ နေရာယူခဲ့ကြသကဲ့သို့ အဲဂျစ်တော်ဝင်နွယ်ဖွားများ၏ အဆင်တန်ဆာများတွင်လည်း ပါဝင်ခဲ့ကြပါသည်။ ထို့အပြင် ၎င်းသလင်းကျောက်များသည် ရှေးယခင် ဥရောပမှ ခရစ်ယာန်ဘာသာဝင်တို့၏ ဝတ်ပြုဆုတောင်းဘုရားကျောင်း (Church) များတွင် နှစ်သက်မြတ်နိုးစွာ ရှိခဲ့ဖူးသည်ဖြစ်၍ christian church မှ ကမ္ဘာကျော် Quartz ကျောက်မျက်ကို 'the stone of bishops' ဟူ၍ပင် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း သိရပါသည်။

Quartz ခေါ် ကျောက်သလင်းတို့သည် စိန်၊ ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာတို့ကဲ့သို့ တန်ဖိုးကြီးမားခြင်း မရှိသော်ငြားလည်း ယနေ့ နည်းပညာခေတ်၏ လျှပ်စစ်နှင့် စက်မှုလက်မှု လုပ်ငန်းများစွာတို့အတွက် အရေးပါလှသည့် သလင်းကျောက်မျက်ရတနာတစ်ပါး ဖြစ်နေရခြင်းသည် Quartz ၏ ထူးမြတ်သော အရည်အသွေးကောင်းတစ်ခုသာလျှင် ဖြစ်ပေသည်။

Quartz အနွယ်ဝင် ဂေါ်ဒန်ကျောက်မျက်များသည် ဖေဖော်ဝါရီလတွင် မွေးဖွားသူများနှင့် နိုဝင်ဘာလတွင် မွေးဖွားသူများအတွက် အမြဲဆောင်ထားရမည့် birth stone အမျိုးအစားကျောက်မျက်များဖြစ်ကြောင်းကို နက္ခတ္တဗေဒ



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်များက ဆိုထားကြပါသည်။ Quartz အုပ်စုဝင် ကျောက်မျက်များသည် စကြဝဠာကိုလည်းကောင်း၊ နက်ပကျွန်း(Neptune)ဂြိုဟ်၊ ဗုဒ္ဓဟူး(Mercury)ဂြိုဟ်၊ သောကြာ (Venus)ဂြိုဟ်၊ စနေ(Saturn)ဂြိုဟ်နှင့် ပလူတို(Pluto) အစရှိသည့် ဂြိုဟ်များကို ကိုယ်စားပြုထားပါသည်။

Quartz ကျောက်များကို အနောက်တိုင်းနှင့် အာဖရိက ဒေသအချို့တို့တွင်ရှိသည့် ပယောဂကုဆရာများ၊ နတ်ထိန်းများနှင့် ဆေးဆရာများသည် လူနာများကို ကုသကြသည့်အခါများတွင် လိုအပ်သလို အသုံးပြုကြကြောင်း သိရပါသည်။

ဂေါ်မိတ်ကျောက်ခေါ် Amethaystသည် ကြည်လင်လှပပြီး ဂမ္ဘီရဆန်လှသည့် ခရမ်းပြာနုရောင် သန်းနေသည် ဖြစ်၍ အလှဆင်ရန်အတွက်လည်း အသုံးပြုကြလေ့ ရှိပါသည်။ "စိန်၊ နီလာ၊ ပတ္တမြား"တို့ကဲ့သို့ အဆင့်မြင့်တန်ဖိုးရှိ ရတနာတန်းဝင်ကျောက်မျက်များနှင့် တန်းညှိ၍ မရနိုင်သော်လည်း ပွဲဝင်တင့်တယ်လှသည့် တွင်းထွက်အနွယ်ဝင်တစ်မျိုး ဖြစ်သည်။ ဂေါ်မိတ်ကျောက်ကို ပိုင်ဆိုင်ထားသူတို့အား မူးယစ်ဆေးဝါးနှင့် အရက်သေစာ သောက်စားသုံးစွဲခြင်းမှ တားဆီးပေးနိုင်ကြောင်း ဂရိ(Greeks) လူမျိုးများက ယုံကြည်ခဲ့ကြပါသည်။

ဥရောပအလယ်ခေတ်က စစ်သားများသည် ခေါင်းအေးအေးထားပြီး အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်နိုင်ရန်အတွက် ဂေါ်မိတ်ကျောက်ကို ဂမ္ဘီရအဆောင်လက်ဖွဲ့ တစ်မျိုးအဖြစ် အသုံးပြုခဲ့ကြကြောင်း မှတ်သားရပါသည်။ စစ်တိုက်ရာတွင်သာမကဘဲ ယှဉ်ပြိုင်ရမှု မှန်သမျှတို့တွင်လည်း 'ဂေါ်မိတ်'ကျောက်ကိုဆောင်၍ ယှဉ်ပြိုင်ပါက လွယ်ကူစွာ အဆင်ပြေ အောင်မြင်နိုင်မှုကို လွန်စွာ အထောက်အကူပြုကြောင်း လေ့လာမှတ်သားရပါသည်။

ထို့အပြင် ရောဂါအချို့တို့အား ဆေးဝါးကုသကြသည့် အခါများတွင်လည်း ဂေါ်မိတ်ကျောက်ကို ရောဂါကုသရေး အထောက်အကူပြု ဆေးဝါးတစ်မျိုးအဖြစ် အသုံးပြုကြပါသည်။

ဂေါ်မိတ်ကျောက်မျက်နှင့် ပတ်သက်၍ ၁၆ ရာစုက ပြင်သစ်ကဗျာလေးတစ်ပုဒ်နှင့် ဒဏ္ဍာရီလေးတစ်ပုဒ်လည်း ရှိခဲ့ဖူးကြောင်း လေ့လာသိရှိရပါသည်။ ကဗျာလေးနှင့် ပုံပြင်ထဲမှာ ပါရှိသည့် မိန်းမပျိုကလေးသည် အကျင့်သီလနှင့် ပြည့်စုံပြီး ခြောက်ပြစ်ကင်း ပြစ်မျိုးမဲ့မထင်သည့် လှယမင်း တစ်ဦးလည်း ဖြစ်သည်။ လှယမင်းကလေးသည် အရက်သေစာ သောက်စားသည့်သူကို လက်မထပ်လိုသည့်အတွက် ကျောက်ဖြူတုံးကလေးအဖြစ် ပြောင်းလဲခံရရာမှ တစ်ဆင့် လှပသည့် အပြာရောင် ဂေါ်မိတ်ကျောက်ကလေးအဖြစ် ဖြစ်ပေါ်လာခဲ့ကြောင်း ဆိုထားပါသည်။

ထို့ကြောင့် ဂေါ်မိတ်ကျောက်လက်ဝယ်ရှိသူများသည် အရက်ကို ရှောင်ကြဉ်နိုင်ပါက ကောင်းသည့်ကံကြမ္မာများ ဝင်ရောက်ရရှိလာမည်ဖြစ်ကြောင်း သေချာသည်ဟု ဆိုထားခြင်း ဖြစ်ပါသည်။

ဂေါ်မိတ်ကျောက်ကို အာရှ၊ ကိုရီးယားကျွန်းဆွယ်ဒေသ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ အာဖရိက စသည့် ဒေသများတွင် တွေ့ရှိနိုင်ပါသည်။ 'ဂေါ်မိတ်'ကျောက်၏ မာကျောမှုနှုန်းသည် 'သလင်းကျောက်'၏ မာကျောမှုနှုန်းနှင့် အတူတူပင်ဖြစ်ပြီး အစွမ်းသတ္တိမှာလည်း အတော်အတန် တူကြကြောင်း သိရပါသည်။

ဂေါ်မိတ်ကျောက်တွင်သော်လည်းကောင်း၊ သလင်းကျောက်အုပ်စုတွင်သော်လည်းကောင်း ခရမ်းစွဲရောင်ကျောက်တို့၏ အစွမ်းထက်မှုမှာ များပြားစွာပင်ရှိရာ ၎င်းတို့အထဲမှ တစ်ခုသည် လူကိုမဆိုထားနှင့် 'လင်းယုန်ငှက်'များကပင် ခရမ်းစွဲကျောက်သည် ဘေးအန္တရာယ် အသွယ်သွယ်မှ အကာအကွယ်ပေးနိုင်ပြီး မျက်စိအမြင်ကို လွန်စွာသန်စေကြောင်း သိရှိကြ၍ ခရမ်းစွဲကျောက်ကို ရှာဖွေ၍ နှုတ်သီးဖြင့် ချီပြီး ၎င်းတို့၏အသိုက်တွင် ထားရှိကြသည်။ အထူးသဖြင့် လင်းယုန်ငှက်တို့၏ ဥများနှင့် ငှက်ပေါက်စများအတွက် ဘေးအန္တရာယ်အမျိုးမျိုးတို့မှ အကာအကွယ်ဖြစ်စေနိုင်ရန်အတွက်လည်း ဖြစ်လေသည်။

ခရမ်းစွဲကျောက်ကို ခွေးအမြီးမှ အမွေးဖြင့်ကျစ်ထားသော ကြိုးတွင် ချည်နှောင်ပြီး လည်ပင်းတွင် ဝတ်ဆင်ဆောင်ထားခြင်းအားဖြင့် ခွေးရူး ခွေးဆိုးကိုက်ခြင်း၊ မြွေပွေး၊ မြွေဟောက်၊ မြွေဆိုးကိုက်ခြင်း အန္တရာယ်များမှ ကင်းဝေးစေနိုင်ကြောင်း ကမ္ဘာကျော် ကျောက်မျက်ကျွမ်းပြုဆရာကြီး 'ပလီနီ'က မှတ်တမ်းပြု ဖော်ထုတ်ရေးသားထားပါသည်။ ကက်သလစ်ခရစ်ယာန်ဘာသာဝင်တို့၏ လောက၌ ခရမ်းစွဲကျောက်သည် ရှေးယခင်မှ ယနေ့ထိတိုင် ရဟန်းတော်များ ဝတ်ဆင်သည့် လက်စွပ်ကျောက်တစ်မျိုးဖြစ်သည်။ ၁၅ ဆက်မြောက် ပုပ်ရဟန်းမင်းကြီးဝတ်ဆင်ခဲ့သည့် 'ခရမ်းစွဲ လက်စွပ်ကို အီတလီနိုင်ငံ Ptorzl Leim ပြတိုက်၌ ပြသထားသည်မှာ ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါသည်။

အထက်ဖော်ပြပါ ကမ္ဘာကျော် လီယိုနာဒို ဒါဗင်ချီ မှတ်တမ်းတင်ခဲ့သည့်အတိုင်း ခရမ်းရောင်ကျောက်သည် ဦးနှောက်ဉာဏ်ကို ရှင်စေခြင်း၊ မကောင်းဆိုးဝါးများ ရန်မှ အကာအကွယ်ပေးနိုင်ခြင်း စသည့်အစွမ်းသတ္တိများ ရှိပါသည်။ ဥရောပနိုင်ငံများ၌ ခရမ်းစွဲကျောက်ကို နတ်သမီး၊ နတ်သားတို့နှင့် ဆက်နွယ်ပြီး ကမ္ဘာမြေပေါ်၌ ပေါ်ပေါက်လာသောကျောက်ဟု ယုံကြည်ကြဆဲ ဖြစ်၏။

ခရမ်းစွဲကျောက်ကို ဝတ်ဆင်ဆောင်ထားခြင်းအားဖြင့် အတွေးအခေါ် အယူအဆကောင်းများကို ဖြစ်ပေါ်စေနိုင်




www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ မုဆိုးတို့သည် ခရမ်းစွဲကျောက်ကို ဝတ်ဆင်ဆောင်သွားခြင်းအားဖြင့် သားကောင်များကို အလွယ်တကူ ရရှိနိုင်ခြင်း၊ လယ်သမားဦးကြီးများအတွက်လည်း ခရမ်းစွဲကျောက်သည် မုန်တိုင်းရန်၊ ပိုးဖျက်ကောင်တို့ ဝင်ရောက်သောရန်မှ ကာကွယ်နိုင်ကြောင်း ယနေ့တိုင် ယုံကြည်ကြဆဲ ဖြစ်ပါသည်။

# ပုလဲ ကျက်သရေ

## နက်မှောင်အဏ္ဏဝါကမ္ဘာထဲက ဂမ္ဘီရပုလဲရတနာ







ကမာသည် အခွံနှစ်ခြမ်းရှိသော ခရုမျိုးဖြစ်၍ ထိုအခွံနှစ်ခြမ်းကို ရုန်းနိုင်ကျုံ့နိုင်သောအကြောတစ်ခုက တစ်နေရာတွင် ပတ္တာသဖွယ် ဆိုင်းထားသည်။ ယေဘုယျအားဖြင့် အပေါ်ဘက်အခွံသည် ပြား၍ အောက်ဘက်အခွံသည် ခွက်ပြီးလျှင် ထိုအခွက်ထဲ၌ ကမာ၏ကိုယ်ခန္ဓာ တည်ရှိသည်။ ကမာသည် အပူပိုင်းဇုန်နှင့် သမပိုင်းဇုန်ရှိ ပင်လယ်ကမ်းခြေတစ်လျှောက် ရေတိမ်ရာအရပ်များတွင် နေထိုင်သည်။ အေးလွန်းသော ဝင်ရိုးစွန်းဒေသရှိ ပင်လယ်ကမ်းခြေများတွင်မူ မတွေ့ရချေ။

ကမာတွင် အရွယ်၊ ပုံသဏ္ဌာန်၊ အလေ့အထ၊အရသာ၊ အာဟာရဓာတ် အနည်းအများ စသည်တို့ကိုလိုက်၍ အမျိုးပေါင်း ၁၀၀ ကျော်မျှရှိ၏။ သို့သော် စီးပွားရေးအရ အရေးကြီးဆုံးသော အမျိုးအစားများမှာ အမေရိကန်၊ ဥရောပ၊ ဩစတြေးလျ၊ ဂျပန်၊ ပေါ်တူဂီ၊ တရုတ်၊ ပစိဖိတ်ကမ်းခြေနှင့် အိန္ဒိယ ကမာမျိုးများသာ ဖြစ်သည်။ 'ပုလဲ' ထွက်သည့် ကမာများမှာ တစ်မျိုးဖြစ်၍ ရေငန်ကမာမျိုးအပြင် ရေချိုကမာမျိုးလည်း ရှိသေးသည်။ ပုလဲငုပ်သည့်လုပ်ငန်းကို အချို့နိုင်ငံများတွင် အကြီးအကျယ်ပြုလုပ်ကြသည့်အနက် မြန်မာနိုင်ငံ၌ မြိတ်မြို့နယ်တွင် အတော်အတန် ပြုလုပ်လေသည်။ ထားဝယ်နယ်တွင်လည်း ဒုတိယကမ္ဘာစစ်မဖြစ်မီက အနည်းအကျဉ်း ပြုလုပ်ခဲ့ဖူး၏။ မြိတ်နှင့် ထားဝယ်ဘက်တွင် ပုလဲငုပ်ခြင်းကို 'မုတ်ငုပ်'သည်ဟူ၍လည်း ဆိုလေ့ရှိကြသည်။

ကမာကို လိင်အားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ပထမအမျိုးမှာ အဖိုနှင့်အမ တစ်လှည့်စီ ဖြစ်သွားသော အမျိုးဖြစ်၍ ထိုအမျိုးတွင် ဥရောပ၊ ပစိဖိတ်၊ ဂျပန်နှင့် ဩစတြေးလျား ကမာမျိုးတို့ ပါဝင်၏။ ထိုအမျိုးဝင် ကမာတို့သည် ယေဘုယျအားဖြင့် ရှေးဦးစွာ အဖိုဖြစ်တတ်ရာမှ နောင်သော် တစ်နှစ်ပြီးတစ်နှစ် အဖိုနှင့်အမ တစ်လှည့်စီ ဖြစ်သွားတတ်သည်။ အချို့တို့သည် တစ်နှစ်အတွင်း သုံးကြိမ်မျှ လိင်ပြောင်းလဲတတ်သည်လည်း ရှိ၏။

နောက်တစ်မျိုးမှာ ပထမပေါက်ဖွားချိန်တွင် အများအားဖြင့် အဖိုများဖြစ်ကြရာမှ နောက်ပေါက်ဖွားချိန် လွန်မြောက်သောအခါ အဖိုဘဝမှ အချို့လိင်ပြောင်းကာ အမဘဝသို့ ကူးပြောင်းသွားတတ်သည့် အမျိုးဖြစ်လေသည်။ ထိုအမျိုးတွင် အမေရိကန် ကမာတစ်မျိုး၊ ဩစတြေးလျား ကမာတစ်မျိုးနှင့် ဂျပန်မှ ကမာကြီးမျိုးတို့ ပါဝင်ကြသည်။

တစ်ဖန် ပေါက်ဖွားကြီးပြင်းပုံကို လိုက်၍လည်း ကမာကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပြန်လေသည်။ တစ်မျိုးတွင် ဥနှင့်တကွ ဥမှပေါက်ခါစ သားငယ်များကို မိခင်ကမာ၏ အခွံအတွင်း၌ အတန်ကြာအောင် ထိန်းထားပြီးမှ သားငယ်များကို ရေ၌လွှတ်၍ ကြီးပြင်းစေသည်။ အခြားတစ်မျိုးမှာမူ ဥများကို ရေထဲ၌ တိုက်ရိုက်ဥချသော အမျိုးဖြစ်သည်။

ဥမှပေါက်ခါစ သားငယ်များတွင် အခွံမှာ ပါမလာချေ။ သားငယ်တို့တွင် ဥမှပေါက်ပြီးနောက် နာရီအနည်းအတွင်း၌ ဟိုဟိုဒီဒီ ကူးခပ်ပြီးသော် ထိုနေ့မှာပင် ကိုယ်ပေါ်၌ နှစ်ခြမ်းစပ် အခွံမာဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် ဒီရေကြောင့်ဖြစ်စေ၊ ပင်လယ်ရေကြောင့်ဖြစ်စေ ကမာပေါက်စတို့သည် တစ်ခါတစ်ရံ ခရီးဝေးသို့ ပါသွားတတ်ကြသည်။

သို့သော် များသောအားဖြင့် ရေအောက်ရှိ အခြားသတ္တဝါများ အစားခံရ၍သော်လည်းကောင်း၊ နွံတွင်နစ်၍ သေဆုံးခြင်းကြောင့်သော်လည်းကောင်း အနည်းငယ်သာ အသက်ရှင်ကျန်ရစ်လေ့ရှိပေသည်။ အသက်မသေ ကျန်နေခဲ့သော သားငယ်အချို့တို့သည် ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ ရေအောက်ရှိ ကျောက်ဆောင်ကျောက်တုံး စသည်တို့၌ ထာဝစဉ် တွယ်ကပ်ကြတော့၏။ ထိုသို့ တွယ်ကပ်မိပြီးနောက် မကြာမီပင် ရေထဲ၌ ကူးခပ်သွားလာနိုင်သော အင်္ဂါအစိတ်အပိုင်းများနှင့် ခြေထောက်များလည်း ပျောက်ကွယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကမာတစ်ကောင်သည် ပေါက်ဖွားချိန် တစ်ချိန်တည်း အတွင်း၌ အကောင်ကလေးများကို သိန်းသန်းနှင့်ချီ၍ ပေါက်ဖွားနိုင်သည်။ အရွယ်ကြီးသော အမျိုးဖြစ်ပါက ပိုမိုများပြားစွာ ပေါက်ဖွားနိုင်၍ သားငယ်တို့သည် နွေးသောဒေသများ၌ ပို၍ လျင်မြန်စွာ ကြီးပြင်းလွယ်လေသည်။

ကမာတို့၏အစာမှာ ရေအောက်ရှိ သာမန်မျက်စိဖြင့် မမြင်နိုင်လောက်အောင် သေးငယ်သည့်အပင်နှင့် ရေပိုးရေမွှားများဖြစ်ကြ၍ ပတ်ဝန်းကျင် ရေနွေးလျက်ရှိချိန်၌ အစာကို အများဆုံးစားနိုင်ကြသည်။ ဆောင်းတွင်း၌ ရေ၏အပူချိန် အလွန်လျော့သွားသောအခါ အချို့မှာ အစာစားခြင်းရပ်ကာ မလှုပ်မယှက် ဆောင်းအောင်းသွားတတ်ကြသည်။

ကမာတို့၏အစာတွင် အာဟာရဖြစ်စေတတ်သော သံဓာတ်နှင့် ကြေးနီဓာတ် မြောက်မြားစွာပါဝင်၏။ ထို့ကြောင့်လည်း သွေးအားနည်းသူများအား ကမာကောင်များကို ကျွေးမွေးခြင်း ဖြစ်ပေသည်။ ကမာတွင် အိုင်အိုဒင်း၊ ပရိုတင်း၊ ကာဗွန်ဟိုက်ဒရိတ်၊ ဖော့စဖားရပ်စ်နှင့် ကယ်လ်ဆီယံဓာတ်များအပြင် အရေးကြီးသော ဗီတာမင်ဓာတ်များလည်း ပါဝင်သည်။

'သဘာဝပုလဲ'များသည် ရှားပါးတန်ဖိုးများသည်ဖြစ်၍ ပုလဲကို အမြောက်အမြား ထုတ်လုပ်နိုင်ရန် လူတို့သည် မုတ်ကောင်များကို သားဖောက်မွေးမြူ၍ 'မွေးပုလဲများ'ကို ထုတ်ယူခြင်းပြုကြ၏။

မုတ်ကောင်၏ အတွင်းသားနှင့် အခွံကြားထဲသို့ သဲလုံးကဲ့သို့သော ပြင်ပမှ အရာဝတ္ထုတစ်ခုကို ထည့်ပေးလိုက်ခြင်းအားဖြင့် မုတ်ကောင်သည် ပြင်ပမှဝင်လာသော အရာဝတ္ထုကြောင့် ယားယံခြင်းကို ဖြစ်ပေါ်စေ၍ ယားယံခြင်းမှ သက်သာပြေပျောက်စေရန် ကြိုးစားသောအားဖြင့် Nacre ဟုခေါ်သော ကယ်လ်ဆီယမ်ကာဗွန်နိတ် အလွှာကလေးများ (ပုလဲရည်များ)ကို ဖြစ်ပေါ်စေပြီး ဝင်ရောက်လာသော အစိုင်အခဲတစ်ခုလုံးကို ဖုံးအုပ်ပစ်လိုက်ခြင်းအားဖြင့် ပုလဲအရိုင်းကို ရစေသော မွေးမြူမှုကို ပြုကြ၏။

ဤကဲ့သို့သော ပထမဦးဆုံး ပုလဲမွေးမြူခြင်း အတတ်ပညာကို တရုတ်တို့သည် ၁၃-ရာစုနှစ်များအတွင်းက စတင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

English ဘာသာစကားဝေါဟာရအရ Pearl (ပုလဲ)ဟုခေါ်ဆိုသည့် စကားသည် ပြင်သစ်ဘာသာ စကား Perle မှ တစ်ဆင့် ဆင်းသက်လာခြင်းဖြစ်သည်။ အမှန်မှာ Pearl - Perle စကားလုံးတို့၏ ရင်းမြစ်သည် Latin ဘာသာစကား Pilula ဖြစ်သည်။ သေးငယ်သော ဘောလုံးကလေးဟု အဓိပ္ပာယ်ရသည်။

'ပုလဲ' ကို ကမာကောင်ကလေးများ၏ ကိုယ်ထဲတွင် တွေ့ရခြင်းဖြစ်သည်။ ကမာကောင်ဆိုသည်မှာ အထက်တွင်ဖော်ထုတ်တင်ပြခဲ့သည့်အတိုင်း ကိုယ်တိုင်ရွေ့လျားနိုင်စွမ်း မရှိသော်လည်း သက်ရှိခရုတစ်မျိုး ဖြစ်သည်။ ပုလဲဆိုသည်မှာ ကမာကောင်၏ ကိုယ်ထဲသို့ ရောက်ရှိသွားသည့် မာကျောသော အရာဝတ္ထုတစ်ခုခုကို ကမာကောင်၏ အတွင်းပိုင်းမှ အရည်တစ်မျိုးဖြင့် တစ်ထပ်ပြီးတစ်ထပ် ရစ်ပတ်ဖုံးလွှမ်းစေခဲ့ရာမှ ကာလကြာမြင့်သည်နှင့်အမျှ ၎င်းကမာကောင်ထဲတွင် ပုလဲလုံးပုံစံ အရွယ်အစားအမျိုးမျိုးကို ရှာဖွေတွေ့ရှိရခြင်းဖြစ်၏။ ကမာကောင်တစ်ကောင်ထဲတွင် ပုလဲလုံးပေါင်းများစွာကို မတွေ့ရှိနိုင်ပါ။

အဖိုးတန်ပုလဲဆိုသည်မှာ သဘာဝအလျောက် ကမာကောင်ကလေး၏ ကိုယ်ထဲသို့ အစိုင်အခဲတစ်ခုက မတော်တဆ ရောက်ရှိသွားရာမှ ကမာကောင်၏ ကိုယ်တွင်းတွင် ခိုးလိုးခုလုဖြစ်နေပြီး ၎င်းမှ သက်သာမှုရရှိနိုင်စေရန် ခွဲကျိပြောင်လက်သည့် ကမာကောင်ကိုယ်အတွင်း အရည်များဖြင့် ဖုံးလွှမ်းစေရာမှ လုံးဝန်းချောမွတ်စွာ ဖြစ်ပေါ်လာသည့် ပုလဲမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။

သဘာဝပုလဲအဖြစ် အရွယ်အစားပုံသဏ္ဌာန် အရည်အသွေး အမျိုးအစားများစွာကိုလည်း တွေ့ရှိနိုင်ပါသည်။ အဖိုးတန်ပုလဲ သို့မဟုတ် သဘာဝပုလဲကို တွင်းထွက်ကျောက်မျက် ရတနာများကဲ့သို့ တန်ဖိုးထားတတ်ကြပါသည်။ အမှန်မှာ ပုလဲရတနာ (သဘာဝပုလဲ)ကို လွယ်ကူစွာ မတွေ့နိုင်သည့်အပြင် မြင်ရသူတိုင်း နှစ်သက်စဖွယ် ဖြစ်နေတတ်၍ တန်ဖိုးမြင့် ကျောက်မျက် ရတနာများကဲ့သို့ တန်ဖိုးထားကြခြင်းဖြစ်ပါသည်။

သဘာဝပုလဲနှင့် ခွဲမရအောင်တူသည့် မွေးပုလဲဆိုသည်မှာလည်း ရှားပါးသဘာဝပုလဲကဲ့သို့ တန်ဖိုးမမြင့်သော်ငြားလည်း အလှဆင်ရတနာအဖြစ် ရေပန်းစားသည့်အတွက် အထိုက်အလျောက် တန်ဖိုးသက်ရောက်မှုရှိပါသည်။ ပုလဲကို အမှုန့်ပြုလုပ်ပြီး အလှကုန်ပစ္စည်းများတွင် ထည့်သွင်းခြင်း၊ ဆေးဝါးနှင့် သုတ်ဆေးများ၊ ပန်းချီဆေးများတွင် ရောနှော အသုံးပြုလေ့ရှိကြပါသည်။

ပုလဲကိုဖြစ်စေသည့် ကမာကောင်လေးများကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ ရေငန်နေ ကမာကောင်နှင့် ရေချိုနေ ကမာကောင်ဟူ၍ ဖြစ်ပါသည်။ ပုလဲတို့၏ အရောင်များမှာ 'အဖြူရောင်'၊ 'အနက်ရောင်'၊ 'ပန်းရောင်'၊ 'ခရမ်းရောင်'နှင့် 'ရှမ်ပိန်ရောင်'တို့ ဖြစ်ကြပါသည်။ ပုလဲကို လည်ဆွဲနားကပ် စသည်ဖြင့် ဆင်မြန်းပန်ဆင်ကြသကဲ့သို့ တူရာသီဖွားများအနေဖြင့် ပုလဲကို စိန်ရံပြီး ဝတ်ဆင်ပါက အစစအရာရာ အဆင်ပြေနိုင်ကြောင်း ရှေးနက္ခတ္တပညာရှင်တို့က ဆိုထားပါသည်။

အထူးသဖြင့် ဗိဿနိုး Vishnu က အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးစေအောင် စောင့်ရှောက်မ,စတတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

လူကြီးသူမများ၏ ဆိုစကားများအရ သိရှိရပါသည်။ နဝရတ်ကိုးပါးနှင့် နဝရတ်လက်စွပ် ပြုလုပ်ကြသည့်အခါများတွင် ပုလဲရတနာသည် မပါမဖြစ် ရတနာတစ်မျိုး ဖြစ်ပါသည်။

မြန်မာနိုင်ငံအထက်ပိုင်းမှ တောင်ကြာတန်းများဖြင့် ဝိုင်းရံနေသည့် မိုးကုတ်ရတနာမြေဒေသတို့တွင် အဖိုးတန် မြန်မာ့ကျောက်မျက်ရတနာမျိုးစုံကို ဖော်ထုတ်ရရှိနိုင်သကဲ့သို့ တနင်္သာရီတိုင်းဒေသကြီး၏ ပင်လယ်ပြာပြာ ရေပြာပြာ အောက်တွင် တန်ဖိုးကြီးလှသည့် ပုလဲရတနာများကို ဖွေရှာ ငုပ်ယူ ရရှိနိုင်ပါသည်။

တနင်္သာရီတိုင်းကို ဝိုင်းရံခနေသည့် ပင်လယ်ပြာပြာ အောက်မှ ငုပ်ယူလို့ရရှိနိုင်သည့် ပုလဲရတနာများသည် ကမ္ဘာကျော် ပုလဲရတနာများ ဖြစ်ကြပါသည်။ အထူးသဖြင့် မြန်မာ့ သဘာဝ ပုလဲရတနာများသည် ကမ္ဘာတစ်ဝန်းတွင်ရှိကြသော ပုလဲချစ်သူများ၏ စွဲမက်အလေးထားရသည့် ပုလဲရတနာ များပင် ဖြစ်ပါသည်။

ကောင်းမွန်လှပပြီး အကျိုးပေးများစေမည့် ‘ပုလဲ ရတနာ’ ကလေးများကို ရရှိနိုင်စေရန်အတွက် ပုလဲငုပ်သမား များသည် လူသေလက်ချောင်းများဖြင့် ဝတ်ပြုဆုတောင်းခဲ့ကြ ဖူးပါသည်။

ရှေးအခါကာလက (လွန်ခဲ့သည့် နှစ်အနည်းငယ် ကာလအထိ) ဘော်နီယိုကျွန်းမှ ပုလဲငုပ်သမားများသည် ပုလဲငုပ်စဉ်က ရရှိခဲ့သော တရိုတသေ ဖယ်ထားခဲ့ကြသည့် ကိုးလုံးမြောက်ပုလဲကို အခြားပုလဲများနှင့်အတူ ပုလင်းတစ်လုံး ထဲတွင် ပုလဲတစ်လုံးအတွက် ဆန်စေ့ နှစ်စေ့စီနှင့်အတူ စုထည့် လိုက်ကာ ပုလင်းအဝကိုလည်း လူသေကောင်၏ လက် ချောင်းများဖြင့် ဆို့ပိတ်ပြီး ပြေးလွှား၍ သစ်ပင်တစ်ပင်၏ အကိုင်းများတွင် တွဲလွဲဆွဲချိတ်ကြခြင်းဖြင့် ၎င်းတို့၏ ‘ကောင်း မွန်လှပသော ပုလဲများကို ရရှိရန်အတွက်’ ဝတ်ပြုဆုတောင်း ပွဲအခမ်းအနားကို ကျင်းပကြ၏။

ပုလဲငုပ်ရာမှ ပြန်လာကြပြီး ကမ်းခြေတစ်လျှောက် ယောက်ယက်ခတ်အောင် ပြေးလွှားအော်ဟစ်၍ ဝတ်ပြု ဆုတောင်းပွဲ ကျင်းပကြခြင်း ဖြစ်၏။

အခမ်းအနားကျင်းပရာတွင် လိုအပ်သော လူ့လက် ချောင်းများအတွက် သင်္ချိုင်းစားပြမှများထံမှ ရရှိပြီး၊ ၎င်းတို့၏ ထိတ်လန့်တုန်လှုပ်ဖွယ် ရိုးရာဓလေ့များကို နှစ်စဉ်ကျင်းပခဲ့ ကြ၏။

ဘော်နီယိုကျွန်းမှ ပုလဲငုပ်သမားများသည် ၎င်းတို့၏ ကြောက်ရွံ့တုန်လှုပ်ဖွယ် ‘ပုလဲများမွေးဖွားခြင်း’ အခမ်းအနားကို ယနေ့ထက်တိုင် ကျင်းပကြဆဲဖြစ်၏။

သို့သော် ယနေ့ခေတ်အခါကာလတွင်မူ ထိတ်လန့် ဖွယ် ပုလဲအဆို့ရှင်အဖြစ် လူသေကောင်လက်ချောင်းများ အစား သင့်လျော်သောအဆို့များကိုသာလျှင် အုပ်ချုပ်ရေး

ငြိမ်းချမ်းခြင်း၊ အပြစ်ကင်းစင်ခြင်း၊
သန့်စင်ခြင်းတို့၏ အထိမ်းအမှတ်
အနေဖြင့်လည်း မှတ်ယူကြ၏။

အဖွဲ့၏ ဥပဒေအရ တားမြစ်ချက်နှင့်အညီ အသုံးပြုကြ သည်ဟု ဆိုပါသည်။

ယနေ့ခေတ် ပုလဲမွေးမြူခြင်းမှာမူ အလွန်ရိုးစင်းသော လုပ်ငန်းမျိုးဖြစ်ကြောင်း သိရပါသည်။ မုတ်ကောင်၏ အခွံ၊ ကနုကမာဖြင့် ပြုလုပ်ထားသော လုံးဝန်းသည့် ဝတ်ဆံကလေး တစ်ခုကို မုတ်ကောင်၏ အတွင်းသား အနည်းငယ်နှင့်အတူ ပုလဲလက်ခံ မွေးမြူမည့် မုတ်ကောင်၏ အတွင်းသားထဲသို့ ထည့်သွင်းပေးလိုက်ခြင်းဖြင့် ပုလဲမွေးမြူခြင်းအလုပ်ကို လုပ်ကြ ခြင်းဖြစ်၏။

ထိုကဲ့သို့ ဝတ်ဆံထည့်သွင်းထားသော မုတ်ကောင် များကို လှောင်အိမ်များတွင်ထည့်၍ ပင်လယ်အောက် ရေထဲ တွင် အထူးစီမံပြုလုပ်ထားသော ဖောင်များတွင် ချိတ်ဆွဲထား ကြရ၏။ သုံးနှစ်မှ လေးနှစ်ခန့်ကြာသောအခါ မုတ်ကောင် များကို ပင်လယ်ရေအောက်မှ ဆယ်ယူလိုက်ကြပါသည်။ ထိုအခါ မုတ်ကောင်၏ အတွင်းသားထဲသို့ ထည့်သွင်းလိုက် သော ဝတ်ဆံကို ဖုံးအုပ်လိုက်သည့် ပုလဲအရည်ပေါ်မူတည်ပြီး အကြမ်းအားဖြင့် အချင်း ငါးမီလီမီတာရှိသော ဝတ်ဆံပေါ် တွင် ပုလဲအသား မီလီမီတာဝက်(၀. ၅ မီလီမီတာ)ခန့်အထူ ကို ဖြစ်ပေါ်စေပါသည်။

အရည်အသွေးညံ့သော ပုလဲ၊ ရောင်းတမ်းဝင် ပုလဲ၊ အရည်အသွေးကောင်း ပုလဲ၊ ထိပ်တန်းအရည်အသွေး ပုလဲ ဟူ၍ ခွဲခြားထုတ်လုပ်ကြရာ အရည်အသွေးအညံ့ဆုံး ပုလဲ များကို အမှုန့်ကြိတ်၍ ကယ်လ်ဆီယမ်ကာဗွန်နိတ် ပေါင်ဒါ အဖြစ် အလှကုန်ပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာတို့တွင် အသုံးပြုကြကြောင်း သိရပါသည်။

အထူးသဖြင့် ယနေ့ခေတ်တွင် ပုလဲကို ကယ်လ်ဆီယမ် ကာဗွန်နိတ်အနေဖြင့် ခေတ်မီဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုကြသည်။ ဆေးပြားများ ပြုလုပ်ရာ၌ အဖြည့်ခံ ဖြည့်စွက်ပစ္စည်းအနေဖြင့် အများအပြား အသုံးပြုကြ၏။ မျက်နှာလိမ်းပေါင်ဒါနှင့် ခရင်မ်များတွင် များစွာအသုံးပြု ကြ၏။

လှပခြင်း၊ မာကျောခြင်းနှင့် ရှားပါးခြင်း စသည့် ဂုဏ် အင်္ဂါသုံးရပ်မှာ အဖိုးတန် ကျောက်မျက်ရတနာများတွင် ရှိရ မည့် ဂုဏ်အရည်အသွေးများ ဖြစ်သည်။ ပုလဲတွင် မာကျော ခြင်းဂုဏ် လုံးဝမရှိချေ။ သို့သော် ပုလဲသည် ၎င်း၏ အထူးပင် လှပနှစ်လိုဖွယ်ကောင်းသည့် အရည်အသွေးသည် အခြား



www.burmeseclassic.com

www.burmeseclassic.com

**‘ပုလဲ’သည် ‘မိုး’နှင့်
ဆက်နွယ်ပတ်သက်နေသည် ဖြစ်၍
‘မီး’ နှင့်ဆန့်ကျင်ဘက် အစွမ်းထက်သော
အဆောင်ဖြစ်ကြောင်း
တရုတ်လူမျိုးတို့က လက်ခံထား**

သော ကျောက်မျက်များထက် လွန်စွာသာလွန်ကောင်းမွန်လျက် ရှိ၏။

တစ်ဖန် ‘ပုလဲ’ကို နတ်ဖုရားမ‘ဒိုင်ယာနာ’နှင့် ‘လမင်း’တို့၏ အထွတ်အမြတ်ထားရာ ကိုယ်စားလှယ်အဖြစ် လက်ခံထားကြသည်မှာ ယနေ့ခေတ်တိုင်အောင်ပင် ဖြစ်၏။ ငြိမ်းချမ်းခြင်း၊ အပြစ်ကင်းစင်ခြင်း၊ သန့်စင်ခြင်းတို့၏ အထိမ်းအမှတ်အနေဖြင့်လည်း မှတ်ယူကြ၏။ ထိုအကြောင်းများကြောင့်လည်း မိန်းမပျိုကလေးများသည် ‘ပုလဲ’ကို ‘ဒိုင်ယာနာ’၏ အမှတ်လက္ခဏာအဖြစ်၊ တစ်နည်းအားဖြင့် ဒိုင်ယာနာ၏ ကာကွယ်စောင့်ရှောက်ခြင်း အထိမ်းအမှတ်အဖြစ် ဝတ်ဆင်ကြခြင်း ဖြစ်၏။

အထက်ပါ အကြောင်းများကြောင့်ပင် နဝရတ် ကိုးပါးတွင် ပါဝင်နေသော စိန်နှင့်ပုလဲတို့ကို ‘စိန်’သည် ၎င်း၏ မာကျောခြင်းဂုဏ်နှင့် ရောင်လက်ခြင်း အရည်အသွေးတို့ကြောင့် ကျောက်မျက်တို့၏ ‘ဘုရင်’အဖြစ် လုပမှုသရဖူဆောင်းနေပါသည်ဟုဆိုလျှင် ‘ပုလဲ’ကို ထာဝရပျော်ရွှင်ခြင်းနှင့် လှပသော‘ဘုရင်မ’အဖြစ် မှန်ကန်စွာ မှတ်ယူကျင့်သုံးခဲ့ကြသည်မှာ ရာစုနှစ်ပေါင်းများစွာမှ ယနေ့ထက်တိုင်အောင်ပင် ဖြစ်၏။

‘ပုလဲ’သည် ‘မိုး’နှင့် ဆက်နွယ်ပတ်သက်နေသည် ဖြစ်၍ ‘မီး’ နှင့် ဆန့်ကျင်ဘက် အစွမ်းထက်သော အဆောင်ဖြစ်ကြောင်း တရုတ်လူမျိုးတို့က လက်ခံထားကြ၏။

တရုတ်လူမျိုးတို့၏ ရှေးဟောင်းဒဏ္ဍာရီများတွင် ‘နဂါးများ’သည် ‘မိုး’ကို ဖန်တီးသူများဖြစ်ပြီး နဂါး၏ ပါးစပ်မှ အန်ထုတ်လိုက်သော အချို့ အချို့သော အရာများသည် ပုလဲများဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် ကောင်းကင်ယံတွင် နဂါးများတိုက်ခိုက်ကြခြင်းကြောင့် ‘မိုး’နှင့် ‘ပုလဲ’များ ကျဆင်းလာရခြင်း ဖြစ်သည်ဟု ဆိုထားပါသည်။

ဟိန္ဒူလူမျိုးတို့၏ နက္ခတ္တဗေဒပညာတွင် ပုလဲသည် စန္ဒာခေါ် လမင်းကြီးနှင့် ဆက်နွယ်ပတ်သက်ကြောင်း ဖော်ထုတ်ထား၏။ ‘ပုလဲ’ကို ချစ်သူများ၏ ကိုယ်စားလှယ်အချစ်သင်္ကေတအဖြစ်လည်း သတ်မှတ်ကြ၏။ ထို့ကြောင့် ဟိန္ဒူရိုးရာ အချစ်ပီယဆေးများတွင် မှုန့်ညက်နေအောင် ထောင်းထားသော ပုလဲမှုန့်များကို အဓိကပစ္စည်းအဖြစ် ထည့်သွင်းဖော်စပ်ကြခြင်း ဖြစ်၏။

ပြင်သစ်နိုင်ငံ၏ ဆဋ္ဌမမြောက် ချားလ်ဘုရင်သည် စိတ်ပျံ့လွင့်ခြင်း ဝေဒနာများကို ခံစားခဲ့ရာ ပေါင်းခံရည်ဖြင့် ဖျော်စပ်ထားသော ပုလဲမှုန့်များပါဝင်သည့် ဆေးကို တိုက်ကျွေးခဲ့ရာမှ သက်သာပျောက်ကင်းခဲ့ကြောင်း မှတ်တမ်းများအရ သိရပါသည်။

ပုလဲသည် အဆိပ်အတောက်များကို ပြေစေနိုင်ခြင်း၊ နှလုံးအားကောင်းစေခြင်းတို့ကို ဖြစ်စေနိုင်သည်ဖြစ်၍ သမားတော်ကြီးများသည် နှလုံးရောဂါအတွက် ပုလဲမှုန့်ပါဝင်သော ဆေးဝါးများကို ၁၃ ရာစုမှပင် စတင် အသုံးပြုခဲ့ကြသည်ဟု ဆိုပါသည်။

၁၇ ရာစုတွင် ပုလဲများသည် နတ်ဖုရားမ ဒိုင်ယာနာ ကိုယ်စား အမျိုးသမီးများကို စောင့်ရှောက်သည်ဟု ယုံကြည်ကြသကဲ့သို့ ယောကျ်ားများအတွက် ယောကျ်ားအားကို အလွန်သန်မာစေကြောင်း ယုံကြည်ခဲ့ကြ၏။ ဘဝတွင် ထူးခြားချက်များကို ဖြစ်ပေါ်စေနိုင်သည့် စွမ်းအားရှိသော ပီယဆေးအဖြစ်ဖြင့်လည်း ယုံကြည်ကြ၏။

‘ရာဘင်ဒြာနတ်တဂိုး’ ကလည်း ပုလဲဖြင့် သွေးအန်ခြင်းကို သက်သာပျောက်ကင်းအောင် ကုသနိုင်ကြောင်း၊ အမျိုးသမီးများ ဓမ္မတာလွန်ခြင်း၊ သွေးသွန်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ကြောင်း၊ ထို့အပြင် နှလုံးအားနည်းရောဂါ၊ အသားဝါရောဂါတို့ကိုလည်း ပုလဲပါဝင်သော ဆေးများဖြင့် ကုသပေးနိုင်ကြောင်း၊ တစ်ဖန် လူသားတို့၏ မစ္ဆရိယစိတ်များကို ဖယ်ရှားပေးနိုင်ကြောင်းတို့ကို အခိုင်အမာပြောပါသည်။

ပုလဲများကို ဝတ်ဆင်ကြရာ၌ ပုလဲပုတီး သို့မဟုတ် ပုလဲလက်ကောက်များကို ဝတ်စားဆင်မြန်းပြီးတိုင်း အမြဲတမ်းသန့်ရှင်းစေပြီးမှ သိမ်းထားရမည် ဖြစ်သည်။ အထူးသဖြင့် သီကုံးထားသော ပုလဲပုတီးများကို အာလူးအမှုန့်များထဲတွင် ထည့်၍ ဖြည်းညင်းစွာ မွှေနှောက်ပေးခြင်းအားဖြင့် ပုလဲလုံးကလေးများ၏ မျက်နှာပြင်တွင် ကပ်ငြိနေသော ကြေးများနှင့် အစွန်းအကွက်များကို ပပျောက်စေနိုင်မည်ဖြစ်သည်။ အေး၍ခြောက်သွေ့သောနေရာများတွင် သိမ်းထားရမည် ဖြစ်သည်။ မာတ်ရောင်ခြည်ကဲ့သို့သော ပူနွေးသည့်နေရာများတွင် လုံးဝသိမ်းထားခြင်း မပြုသင့်ပါ။

အဘယ်ကြောင့်ဆိုသော် ပုလဲတွင် ရေဓာတ် နှစ်ရာခိုင်နှုန်းခန့် ပါဝင်နေသောကြောင့်ဖြစ်ပြီး ပူနွေးသောနေရာများတွင် သိမ်းထားမိမည်ဆိုပါက အပူရှိန်ကြောင့် ဆံချည်မျှင်အက်ကြောင်းများ ပေါ်လာနိုင်၍ ဖြစ်ပါသည်။

❒ ဆရာဦးခန့်ကျော်




www.burmeseclassic.com

www.burmeseclassic.com

# အကျဉ်းခံ စစ်ဧကရာဇ်၏ ချစ်သဝဏ်လွှာများ

လှမိုး (ပညာရေး)




ပြင်သစ်နိုင်ငံ ပါရီမြို့မှ စောင်ရေအများဆုံး ထုတ်ဝေရ၍ ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာကြီး တစ်စောင်ဖြစ်သော လာမွန်ဒေး "Lamonde" သတင်းစာကြီး၏ မျက်နှာဖုံးတွင် စာလုံးမည်းကြီးများဖြင့် စေးစေးပိုင်ပိုင်ရှိလှသည့် အောက်ဖော်ပြပါ ခေါင်းစဉ်အောက်မှ သတင်းတစ်ပုဒ်ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ သတင်းစာဖတ်ပရိသတ်နှင့် သမိုင်းသုတေသီများသည် ရင်သပ်အံ့ဩသွားခဲ့ကြရသည်။

"အကျဉ်းခံဧကရာဇ်၏ ချစ်သဝဏ်လွှာများ တွေ့ရှိရခြင်း"

၁၉၃၄၊ ဒီဇင်ဘာ ၄ ရက်၊ ပါရီမြို့။

"ယမန်နေ့ နံနက်က ပါရီမြို့ရှိ မျက်စိကြီး နားကြီး ရပ်ကွက်မှရရှိသော သတင်းစကားများအရ ၁၉၂၁ ခု၊ မေလ ၅ ရက်နေ့တွင် တောင်အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိ ဗြိတိသျှပိုင် စိန့်ဟဲလီနားကျွန်းတွင် မထင်မရှား ညှိုးညှိုးငယ်ငယ်နှင့် ကွယ်လွန်သွားရှာသော စစ်ဧကရာဇ် နပိုလီယံ လျှမ်းလျှမ်းတောက် တန်ခိုးထွားခဲ့စဉ်က သူ၏ နောက်ဆုံးသက်ထား ဩစတြီးယားဧကရာဇ် သမီးတော် မေရီလူစီထံသို့ အထောက်တော်များဖြင့် ပေးပို့ခဲ့သော ချစ်သဝဏ်လွှာ အမြောက်အမြား ဩစတြီးယားနိုင်ငံ ကျေးလက်ဒေသရှိ ရဲတိုက်ဟောင်းကြီး၏ မြေအောက်လျှို့ဝှက်ခန်းမှ အမှတ်မထင် တွေ့ရှိခဲ့ကြရသည်ဟု သတင်းများ ရရှိခဲ့သည်ဟု သိရ၏။

ထိုရဲတိုက်ကြီးအား ဩစတြီးယားနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ပြင်ဆင်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်စဉ်






www.burmeseclassic.com

www.burmeseclassic.com

သန့်ရှင်းရေးအလုပ်သမားများက တွေ့ရှိခဲ့ရခြင်း ဖြစ်၏။ ဩစတြီးယား ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ ပြောပြချက်အရ ထိုသဝဏ်လွှာများမှာ စစ်ဧကရာဇ် နပိုလီယံက သူ၏ဒုတိယမြောက်မိဖုရား ဩစတြီးယားမင်းသမီး မေရီလူစီထံ ပေးပို့သော ချစ်သဝဏ်လွှာများ ဖြစ်သည်ဟု သတင်းစာကြီးများမှ သတင်းထောက်များကို ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုချစ်သဝဏ်လွှာ စောင်ရေ ၃၁၈ စောင်မှာ ခရစ်နှစ် ၁၈၁၂ ခုနှစ် ၁၈၁၃ ခုနှစ်နှင့် ၁၈၁၄ ခုနှစ်များအတွင်း စစ်ဧကရာဇ် နပိုလီယံက ပေးပို့ခဲ့ခြင်း ဖြစ်သည်ဟု သက်ဆိုင်ရာ တာဝန်ရှိသူများက အတည်ပြုပြောပြခဲ့သည်ဟု သိရ၏။

သမိုင်းမှတ်တမ်းများအရ စစ်ဧကရာဇ် နပိုလီယံသည် သူ့သက်ထားများထံ သဝဏ်လွှာများအား စစ်မြေစခန်းမှ အထူးခြေမြန်တော်များဖြင့် နေ့စဉ်စေလွှတ် ပေးပို့လေ့ရှိသည်ဟု သတင်းများက ဆိုသည်။

အထက် ဖော်ပြပါ ရဲတိုက်ဟောင်းကြီး၏ မြေအောက်ခန်းမှ တွေ့ရသော ချစ်သဝဏ်လွှာ ၃၁၈ စောင်မှာ စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများ အမှန်ဖြစ်နိုင်ခြင်း ရှိ၊မရှိကို သက်ဆိုင်ရာ ဩစတြီးယားနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများနှင့် ဩစတြီးယားအစိုးရ အာဏာပိုင်များက လက်ရေးပါရဂူများ၊ ဓာတ်ခွဲခန်းပါရဂူများ၊ သမိုင်းသုတေသီများနှင့် စုံစမ်းသုတေသနပြုလျက် ရှိသည်ဟု သိရသည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်ရှိ ရိုက်တာ ကြေးနန်းသတင်းကိုယ်စားလှယ်၏ ပေးပို့သောသတင်းအရ ယင်းချစ်သဝဏ်လွှာများသည် စစ်ဧကရာဇ်နပိုလီယံ လက်ရေးနှင့် ထိုစဉ်က ပြင်သစ်နိုင်ငံမှ စစ်ဧကရာဇ် အသုံးပြုရန် အထူးစီမံဆောင်ရွက်ပေးရသော နန်းတွင်းသုံး စာရေးစက္ကူများသာ ဖြစ်သည်ဟု ပါရဂူများက အတည်ပြုပြောကြားခဲ့သည်ဟု ဆိုကြောင်း၊ ယင်းသဝဏ်လွှာများသည် နပိုလီယံ၏ ကိုယ်ရေးကိုယ်တာများနှင့် သူ့သက်ထား မေရီလူစီတို့၏ ကိုယ်ရေးကိုယ်တာများသာ ဖြစ်သည်ဟု သိရသော်လည်း သမိုင်းတွင် တန်ဖိုးအတော်အသင့်ထိုက်တန်သည်ဟု သမိုင်းသုတေသီများက ယူဆခဲ့ကြ၏။

စစ်ဧကရာဇ် နပိုလီယံသည် သူ့ချစ်သူ သက်ထားများဖြစ်သော ပိုလန်နိုင်ငံသူ မေရီဝါလုစကာနှင့် သူ၏ ပထမဆုံး ကြင်ရာတော်မိဖုရား ဂျိုစဖင်တို့ထံ ပေးပို့သည့် သဝဏ်လွှာများသည် ရာထောင်ချီ၍ ရှိခဲ့သည်ဟု သိရ၏။

စစ်ဧကရာဇ် နပိုလီယံသည် စစ်ရေးတွင် ပါရဂူတစ်ယောက် ဖြစ်သကဲ့သို့ ချစ်မှုချစ်ရေးတွင်လည်း စံတင်လောက်သူ ဖြစ်ရကား သူ့ချစ်သဝဏ်လွှာများသည် သက်ဆိုင်ရာ ချစ်သူများ၏ အသည်းဆိုင်ကို ဆွဲကိုင်လှုပ်နိုင်သည့် အရေးအသားများ ဖြစ်သည်ဟု သိရ၏။ ကျွန်တော်များ သတင်းစာကြီး၏ အယ်ဒီတာအဖွဲ့သည် အထက်ဖော်ပြပါ ချစ်သဝဏ်လွှာများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အသေးစိတ်သိရှိနိုင်ရန် အထူးသတင်းထောက် တစ်ယောက်အား ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ ယမန်နေ့က စေလွှတ်လိုက်ပါကြောင်း။

နောက်ဆက်တွဲသတင်း

ယခု သတင်းရေးသားနေသည့် အချိန်တွင် ရရှိသည့် သတင်းများအရ ဩစတြီးယားနိုင်ငံ အာဏာပိုင်များသည် စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများအား လေလံတင်ရောင်းချလိမ့်မည်ဟု သတင်းများထွက်ပေါ်နေသည်ဟု ဗီယင်နာမြို့ ရောက်ရှိနေသော ကျွန်တော်များ သတင်းထောက်က ကြေးနန်းသတင်း ပေးပို့ခဲ့ပါကြောင်း"။

ထိုသတင်းကိုပင် ပြင်သစ်နိုင်ငံ ပါရီမြို့မှ ထိပ်တန်းသတင်းစာကြီးတစ်စောင်ဖြစ်သော လာဖီဂါရို သတင်းစာကလည်း သတင်းစာဖတ် ပရိသတ် စိတ်ဝင်စားမည့် ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်သာမက ဤစစ်ဧကရာဇ်၏ ချစ်သဝဏ်လွှာများကို ပြင်သစ်နိုင်ငံ အမျိုးသားယဉ်ကျေးမှုဌာနမှ ဝယ်ယူ၍ အများပြည်သူများ သိရှိနိုင်ရန် လူ့ဗွာပြတိုက်တွင် ပြသထားသင့်သည်ဟု တိုက်တွန်းရေးသားခဲ့သည်။

ထိုသတင်းကိုပင် အမေရိကန်ပြည်ထောင်စု နယူးဒေလီမြို့မှ ထုတ်ဝေသော နယူးယောက်တိုင်းမ် သတင်းစာကြီးက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ရိုက်တာသတင်းကိုယ်စားလှယ်မှ ကြေးနန်းဖြင့် ပေးပို့သည့် နောက်ဆုံးရသတင်းနှင့် စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများ၏ ဓာတ်ပုံကိုပါ ဖော်ပြ၍ သတင်းဆောင်းပါးကို ဝေဝေဆာဆာ ရေးသားဖော်ပြခဲ့သည်။

ထိုဆောင်းပါးတွင် ထိုချစ်သဝဏ်လွှာများကို အမေရိကန်ပြည်ထောင်စု ပြတိုက်ကြီးများမှဖြစ်စေ ချမ်းသာကြွယ်ဝသော သူဌေးကြီးများသည် အကယ်၍ ဩစတြီးယား အာဏာပိုင်များက လေလံတင်ရောင်းချပါက ဝယ်ယူသင့်ကြောင်း တိုက်တွန်းရေးသားခဲ့သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်ကြီးမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် စစ်ဧကရာဇ်နပိုလီယံသည် ဥရောပတိုက်သမိုင်းနှင့် ကမ္ဘာ့သမိုင်းတွင်သာမက အင်္ဂလန်နိုင်ငံသမိုင်းနှင့်ပင် သက်ဆိုင်နေသူဖြစ်သဖြင့် သူ၏ ချစ်သဝဏ်လွှာများသည် သမိုင်းမှတ်တိုင်များဖြစ်ရကား ဗြိတိသျှဘုရင် အစိုးရသည် ဩစတြီးယားအစိုးရ အာဏာပိုင်များနှင့် ဆေ့စပ်၍ အမှန်ဘကယ် လေလံတင်ရောင်းချပါက ဝယ်ယူသင့်သည်ဟု ဗြိတိသျှဘုရင်အစိုးရ အဖွဲ့ဝင်များအား အကြံပေးခဲ့သည်ဟု သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်ပါသည်။ စစ်ဧကရာဇ် နပိုလီယံအား တစ်ချိန်က ဥရောပတိုက်နိုင်ငံများနှင့် အင်္ဂလန်နိုင်ငံသည် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြသည်။ စစ်ဧကရာဇ် နပိုလီယံ၏ ရည်မှန်းချက်မှာ ဥရောပတိုက်ကို စိုးမိုးရန်ဖြစ်သည်။ သို့ရာတွင် ဗြိတိသျှတို့၏ ဖွဲ့ကြိုးမှု၊ စီးပွားရေးအသာရမှု၊ သံတမန်ပရိယာယ် ကျွမ်းကျင်မှုတို့ကြောင့် ကြာရှည်စွာ တိုက်ပွဲဝင်ခဲ့ရသော်လည်း အဆုံး၌ အရှုံးပေးခဲ့ရသည်။ ထိုစဉ်က စစ်ဧကရာဇ်၏ အသက်မှာ (၄၆)နှစ်သာ ရှိသည်။

စစ်ရှုံးဧကရာဇ် နောလန်ပြန်ထူလာမည်ကို စိုးရိမ်မကင်းဖြစ်သော ဗြိတိသျှအစိုးရသည် စစ်ရှုံးသူ နပိုလီယံအား အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ လူမသိ သူမသိ စိန့်ဟဲလီနာကျွန်းသို့ ပို့ထားခဲ့သည်။ ထိုကျွန်းကလေးမှာ အလျား ၁၁ မိုင်၊ အနံ ၆ မိုင်သာရှိပြီး အသွားအလာခက်ခဲလှသည်။ယခုခေတ်အထိ အင်္ဂလန်နိုင်ငံမှ တစ်နှစ်လျှင် ခြောက်ကြိမ်သာ သင်္ဘောဖြင့် သွားလာနိုင်သည်။ ဤကဲ့သို့သော ကျွန်းကလေးတွင် စစ်ဧကရာဇ် နပိုလီယံအား အိမ်နိမ့်စံအဖြစ်ထားကာ မည်သူနှင့်မျှ အဆက်အသွယ်မပြုလုပ်နိုင်ရန် ဖန်တီးထားခဲ့ရာမှ စစ်ဧကရာဇ် နပိုလီယံမှာ ဤကျွန်းတွင်ပင် နောက်ဆုံး ခေါင်းချသွားခဲ့ရရှာသည်။ သို့ဖြစ်၍ စစ်ဧကရာဇ်သည် အင်္ဂလန်နိုင်ငံ သမိုင်းတွင်လည်း ပါဝင်ခဲ့သူဖြစ်ရကား သူ့ချစ်သဝဏ်လွှာများကို ဝယ်ယူထားသင့်သည်ဟု သမိုင်းသုတေသီများက အကြံပြုခြင်းဖြစ်၏။

ထိုစဉ်က နိုင်ငံ အသီးသီးမှ သမိုင်းဝင်ရှေးဟောင်းပစ္စည်းများအား ဝါသနာအရ စုဆောင်းသူ သန်းကြွယ်သူဌေးများသည်လည်း ထိုသဝဏ်လွှာများကို ဝယ်ယူရန် စိတ်ဝင်စားလာကြသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာရာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာဝယက်များ ရိုက်ခတ်လာခဲ့ရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးထက် နပိုလီယံ ချစ်သဝဏ်လွှာများကို စိတ်အဝင်စားဆုံး နိုင်ငံမှာ ပြင်သစ်နိုင်ငံဖြစ်သည်။ ဧကရာဇ် နပိုလီယံ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့စဉ်က စတင်တည်ထောင်ခဲ့သော "French Academy" ပြင်သစ်သုခမိန်အဖွဲ့မှ သမိုင်းပညာရှင် မွန်ဆီယာလူစီမက်စလင်၏ ထိုသဝဏ်လွှာများကို ဝယ်ယူရန် တိုက်တွန်းချက်သည် ထိရောက်လှ၏။ သမိုင်းပညာရှင် မွန်ဆီယာက စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများသည် ပြင်သစ်နိုင်ငံ သမိုင်းအတွက်သာ မဟုတ်၊ ပြင်သစ်နိုင်ငံ တစ်ဝန်းလုံးရှိ ပြည်သူများအတွက် အထူးအရေးပါ အရာရောက်သော သမိုင်းဝင် သဝဏ်လွှာများသာဖြစ်သည်ဟု သတင်းမီဒီယာများအား ပြောပြခဲ့သဖြင့် ထိုချစ်သဝဏ်လွှာများကို ဩစတြီးယားနိုင်ငံမှ ဝယ်ယူရန်အရေးမှာ ပွဲဆူလာသည်။

ပါရီမြို့တော် အမျိုးသားပြတိုက်ကြီး "Bibliotheque National" ကလည်း ထိုသဝဏ်လွှာများသည် ပြင်သစ်နိုင်ငံတော်က ပိုင်ဆိုင်သင့်သော သမိုင်းအမွေအနှစ်များ ဖြစ်သည်။ ထိုသဝဏ်လွှာများ ဝယ်ယူရေးကော်မတီကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်း၍ ပြည်သူများထံမှ အလှူငွေများ ကောက်ခံသင့်သည်ဟု ထုတ်ပြန်ကြေညာချက်ထုတ်၍ ပြည်သူအများ လေးစားသော ပညာရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ပြည်သူအများထံမှ အလှူငွေများ ကောက်ခံခဲ့ရာ ဖရန့်ငွေ သန်းပေါင်းများစွာ ရရှိခဲ့သည်။

ပြင်သစ် ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြင်သစ်အစိုးရအား ဩစတြီးယားနိုင်ငံ အာဏာပိုင်များနှင့် အမြန်ဆုံး ဈေးစပ်ညှိနှိုင်းဝယ်ယူရန် စကားကမ်းလှမ်းသင့်သည်ဟု တိုက်တွန်းခဲ့ကြ၏။ ပြင်သစ်လူထုအဖို့ အကျဉ်းခံဧကရာဇ် ချစ်သဝဏ်လွှာများ အရေးသည် ထိပ်တန်းရောက်လာသော အရေးအခင်းဖြစ်လာရသည်။ ပြည်သူတစ်ရပ်လုံး အုန်းအုန်းကျွက်ကျွက် ပွဲဆူလာတော့၏။

စာနယ်ဇင်းများ၊ တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများကလည်း နပိုလီယံ တည်ဆောက်ခဲ့သော အောင်ဗိမာန်တွင် စုဝေး၍ ထိုချစ်သဝဏ်လွှာများ ဝယ်ယူရေးကို ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ပြင်သစ်နိုင်ငံတော်အဖို့ ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ရတော့မည့်ကိန်း ဆိုက်ရောက်ခဲ့သည်။ ဝန်ကြီးများအဖွဲ့ အတွင်းလည်း သဘောထားကွဲလွဲမှုများဖြစ်လာခဲ့သည်။

ထိုစဉ်က ပြင်သစ်ဝန်ကြီးချုပ်ဖြစ်သူ မွန်ဆီယာဖလင်ဒင်နှင့် အမျိုးသား ပညာရေးဝန်ကြီး မွန်ဆီယာမာလန်းတို့ကမူ စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများသည် ပြင်သစ်လူမျိုးတို့၏ အမျိုးသားအမွေအနှစ် ဖြစ်သဖြင့် နိုင်ငံတော်မှ ဝယ်ယူသင့်သည်ဟု ပြတ်ပြတ်သားသား ယူဆထားကြသည်။

ဩစတြီးယား အာဏာပိုင်များကမူ စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်၌ လေလံတင်ရောင်းချမည်ဟု ဆုံးဖြတ်ခဲ့ပြီး နိုင်ငံတကာရှိ ပြတိုက်ကြီးများသို့လည်းကောင်း မိမိအစီအစဉ်ဖြင့် ရှေးဟောင်းပစ္စည်းဝယ်ယူစုဆောင်းကြသော ပုဂ္ဂိုလ်များထံသို့ ထိုလေလံတင်ပွဲသို့ တစ်ခဲနက် ကြွရောက်ကြပါရန် ဖိတ်ကြားခဲ့သည်ဟု သတင်းများလည်း ထွက်ပေါ်လာသည်။

ဗြိတိသျှဘုရင် အစိုးရအဖွဲ့ကြီးကမူ စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများသည် ပြင်သစ်နိုင်ငံတော် အမျိုးသားမော်ကွန်းပြတိုက်ကြီးကသာ ပိုင်ဆိုင်သင့်သည်။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရန် မသင့်ဟု ယူဆထားကြသည်။

ပြင်သစ်ဝန်ကြီးချုပ်နှင့် ပြင်သစ်နိုင်ငံ အမျိုးသားပြတိုက်မှ ပြတိုက်မှူး



www.burmeseclassic.com

www.burmeseclassic.com

ကြီးကမူ ဤအရေးအခင်းတွင် ဗြိတိသျှဘုရင် အစိုးရအဖွဲ့က ကြားဝင်စေ့စပ်ဆောင်ရွက်ပေးပါရန် ပန်ကြားခဲ့သည်။

ဤတွင် ဗြိတိသျှအစိုးရသည် စစ်ဧကရာဇ်၏ ချစ်သဝဏ်လွှာများကို ဝယ်ယူရန် စီမံနေကြသောပြတိုက်ကြီးများမှ တာဝန်ရှိသူများ၊ မိမိအစီအစဉ်ဖြင့် လေလံဆွဲရန် ကြံစည်နေကြသော သန်းကြွယ်သူဌေးများအား ထိုသဝဏ်လွှာများကို လေလံဆွဲခြင်းမပြုပါရန် မေတ္တာရပ်ခံခဲ့ကြသည်။ ပြင်သစ်အစိုးရကလည်း မိမိတို့အစီအစဉ်ဖြင့် လေ့လံဆွဲဝယ်မည့်သူများထံသို့ စစ်ဧကရာဇ်၏ ချစ်သဝဏ်လွှာများသည် ပြင်သစ်နိုင်ငံ၏ အမျိုးသားအမွေအနှစ် ဖြစ်ပါသဖြင့် ပြင်သစ်နိုင်ငံကသာ ပိုင်ဆိုင်သင့်သည်ဟု ယူဆပါကြောင်း၊ သို့ဖြစ်၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်မည့်ပွဲတွင် လေလံဆွဲဝယ်ခြင်း မပြုကြပါရန် မေတ္တာရပ်ခံခဲ့သည်။

အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများကလည်း စစ်ဧကရာဇ် နပိုလီယံ၏ ချစ်သဝဏ်လွှာများ အားလုံးအား သင့်တော်သော ဈေးနှုန်းဖြင့် ပြင်သစ်နိုင်ငံအား ရောင်းချရန် ဖိအားပေး ရေးသားခဲ့ကြ၏။

၁၉၃၄ ခု ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်မူ အင်္ဂလန်နိုင်ငံဘုရင်အစိုးရ၏ ကြားဝင်စေ့စပ်ပေးမှုကြောင့် ဩစတြီးယားနိုင်ငံသည် ချစ်သဝဏ်လွှာစောင်ရေ ၃၁၈ စောင်အား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းမပြုတော့ဘဲ ပြင်သစ်နိုင်ငံတော်သို့ သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချခဲ့သည်ဟု ဆိုကြပါကြောင်း။

❒ ရှုမိုး(ပညာရေး)

ကျမ်းကိုး
The Emperors's Last Gsland.



"ကက္ကုစန္ဓာသယ
လိုတရမြတ်ဘုရား"

ကကုသန္ဓော သာသပဂတ္တော
စက်မန္တော၊ ကတောစိတော
စတ္တဝါဠမှိ သကလံ၊
အတ္တဘာဝေန ဆာဒယိ။
ဧတေန သစ္စဝဇ္ဇေန ကက္ကုသာသယံ
ဘဝတုမေ။

# ဗစ္စည်းပျောက်တာ ပြန်ရပြီမဟုတ်လား

**နတ်မျက်စိဆရာအောင်စိုး**

တောင်ဥက္ကလာပမြို့နယ် (××) ရပ်ကွက်နေ မိတ်ဆွေရဲ့သား ပိုက်ဆံအိတ်ကျပျောက်လို့ အထားမှားလို့လား မသိ အဲဒါကို လာမေးပါတယ်။ စာရေးသူလည်း ကက္ကုသာသရလိုတရ မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်ကို အာရုံပြုချိန်လည်း ဖြစ်နေပါတယ်။ ကက္ကုသာသယလိုတရ ဂါထာကိုလည်း ပွားများနေမိပါတယ်။

မိတ်ဆွေဖြစ်သူအား အာရုံမှာ ထင်မြင်လာတာကတော့ အိမ်ထဲ၊ ဗီရို၊ အိပ်ရာ ဝန်းကျင်မှာ ရှာခိုင်းပါတယ်။ ပါးစပ်မှာလည်း သကြားနည်းနည်းစား၍ ရှာစေပြီး နှုတ်မှ ကက္ကုသာသယလိုတရ ဂါထာတော်ကို ရွတ်စေပါသည်။

လိုရင်း ရေးပြရသော် မိတ်ဆွေရဲ့သား အိပ်ခန်းဝန်းကျင်တွင် ပြန်တွေ့ရကြောင်း သတင်းပို့လာပါတယ်။

မိတ်ဆွေများရဲ့ အတွေ့အကြုံအရ ဂါထာကို ရွတ်ပွားပြီးနောက်ပိုင်းမှာ . . .

- စီးပွားရေး တစ်ဟုန်ထိုး တိုးတက်လာခြင်း။
- အိမ်ဂေဟာသို့ ပင့်ဆောင်ကိုးကွယ်ပြီးနောက်ပိုင်း အိမ်မှာ အနှောင့်အယှက် ပယောဂများ ကင်းစင်ကုန်ခြင်း။
- အိမ်တွင်းရေး သာယာလာခြင်း။
- အထွေထွေသော ကိစ္စများ ထူးခြားအောင်မြင်ခြင်းကို ရရှိလာကြပါသည်။

စာဖတ်သူ မိတ်ဆွေများလည်း အထက်ဖော်ပြပါ ကက္ကုသာသယလိုတရ ဂါထာတော်ကို နေ့စဉ် (၁၀၈) ခေါက် ရွတ်ဖတ်ပူဇော်ပါလေ။

❒ နတ်မျက်စိ ဆရာအောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



ရွှေမန်ကျည်း
ကိုကျော်

# ဥပုသ်စောင့်သော တိရစ္ဆာန်များ

ဥပုသ်သီလ ဆောက်တည်ခြင်းဟာ လူသားတွေတင် မကပါဘူး၊ တိရစ္ဆာန်တွေလည်း ဥပုသ်စောင့်သုံးကြတဲ့အကြောင်းကို ရေးသားတင်ပြပေးပါမယ်။ တစ်နည်းအားဖြင့် စာရေးသူတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာဘုရားဖြစ်မှသာ ကြည်ညိုစရာ ကောင်းတာမဟုတ်ပါ။ ဘုရားလောင်းဘဝမှာလည်း ကြည်ညိုစရာကောင်းတဲ့ အကြောင်းကို ရေးသားတင်ပြပေးပါ့မယ်။

ဒီနေရာမှာ စာရှုသူများ ပါရမီသုံးပါးကို ခွဲခြားပြီး နားလည်ဖို့ လိုပါတယ်။ ပါရမီ သုံးပါးက ဘာတွေလဲဆိုတော့ ဒါနပါရမီ၊ ဒါန ဥပပါရမီ၊ ဒါန ပရမတ္ထပါရမီတို့ ဖြစ်ပါတယ်။ ဒါနပါရမီဆိုတာကတော့ ရွှေ ငွေ စသော ပစ္စည်းများစွာတို့ကို လှူဒါန်းတာကို ခေါ်ပါတယ်။ ဒါနဥပပါရမီဆိုတာကတော့ မိမိရဲ့သားတွေ၊ မယားတွေ၊ သမီးတွေကို လှူဒါန်းတာ ဖြစ်ပါတယ်။ လူသာမန်တို့ မလုပ်နိုင်ပါဘူး။ ဒါနပရမတ္ထပါရမီဆိုတာကတော့ မိမိအသက်ကို လှူတာဖြစ်ပါတယ်။ အမြင့်ဆုံး အမြတ်ဆုံးပါ။

လွန်ခဲ့တဲ့ တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ်မင်းလုပ်ပါတယ်။ အဲဒီအချိန်အခါမှာ စာရေးသူတို့ ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည် ဂင်္ဂါမြစ်အနီးမှာ ယုန်တစ်ကောင်သွားပြီး ဖြစ်ပါတယ်။ ဘုရားအလောင်း ယုန်မင်းမှာ အပေါင်းအဖော် မိတ်ဆွေ တိရစ္ဆာန် သုံးကောင်ရှိပါတယ်။ အဲဒါတွေကတော့ မျောက်ရယ်၊ မြေခွေးရယ်၊ ဖျံရယ် တို့ ဖြစ်ကြပါတယ်။

တိရစ္ဆာန် လေးကောင်ဟာ နေ့အခါမှာ အစာရှာသွားပြီး ညအခါမှာတော့ အတူတကွ အိပ်စက်ကြပါတယ်။ ဘုရားအလောင်း ယုန်မင်းဟာ ပညာရှိဖြစ်တဲ့အတွက် မျောက်၊ မြေခွေး၊ ဖျံတို့ကို မအိပ်ခင်နေ့စဉ်တရားဟောပါတယ်။ ဘယ်လို တရားဟောသလဲဆိုတော့ . . . "အဆွေတို့ ဒါနပြုကြပါ၊ သီလဆောက်တည်ကြပါ၊ ဥပုသ်သီလဆောက်တည်ကြပါ" လို့ တရားဟောပါတယ်။ ကျန်တဲ့ တိရစ္ဆာန်သုံးကောင် ကလည်း ယုန်ပညာရှိရဲ့ စကားကို နားထောင်ကြပါတယ်။

တစ်နေ့သောအခါမှာ ဘုရားအလောင်းယုန်မင်းဟာ ကောင်းကင်ကို မော့ကြည့်ပြီး လကို မြင်တဲ့အခါမှာ မနက်ဖြန် ဥပုသ်နေ့ဆိုတာ သိပါတယ်။ ဒါကြောင့် သူ့ရဲ့မိတ်ဆွေတွေကို . . .

"အဆွေတို့ မနက်ဖြန် ဥပုသ်နေ့ ဖြစ်ပါတယ်၊ ဥပုသ်စောင့်ကြပါ၊ ဥပုသ်စောင့်ပြီး ရောက်လာတဲ့ အလှူခံတွေကို မိမိတို့စားမယ့် အစားအသောက်တွေကို လှူကြပါ"လို့ ဘုရားအလောင်း ယုန်မင်းက တရားဟောပါတယ်။

ကျန်တဲ့ သုံးကောင်ကလည်း ဘုရားအလောင်းယုန်မင်းရဲ့ စကားကို နားထောင်ကြပါတယ်။ လပြည့်နေ့နံနက်လင်းတာနဲ့ အစာရှာထွက်ကြတယ်။ ဂင်္ဂါမြစ်ကမ်းခြေကို ရောက်သွားတဲ့ ဖျံဟာ တံငါသည်တွေ သဲနဲ့ဖုံးထားတဲ့ ငါးကြင်း ခုနစ်ကောင်ကို တွေ့ပါတယ်။ ဖျံက ငါးတွေကို တန်းပြီးမယူသေးဘဲ "ပိုင်ရှင်ရှိပါသလား"လို့ သုံးကြိမ် အော်ပါတယ်။ သုံးကြိမ် မေးပေမယ့် ဘယ်သူမှ ပြောကြားတဲ့သူမရှိတဲ့အတွက် ငါးတွေကိုပံ့သကူပစ္စည်းအဖြစ် ကောက်ယူခဲ့ပါတယ်။

မြေခွေးကလည်း လယ်စောင့်တဲတစ်လုံးထဲမှာ တံစို့နဲ့ထိုးထားတဲ့ အမဲကင်နှစ်ခု၊ ဖွတ်ကင်တစ်ခု၊ နို့ဓမ်းအိုးတို့ကို တွေ့တာနဲ့ ပိုင်ရှင်ရှိ၊မရှိ သုံးကြိမ်အော်ပြီး မေးပါတယ်။ ဘယ်သူမှ ဖြေကြားခြင်းမရှိတဲ့အတွက် အဲဒီပစ္စည်းတွေကို ယူလာပါတယ်။

မျောက်ကလည်း သရက်သီးမှည့် တစ်ခိုင်ကို ရရှိလာပါတယ်။ သူကလည်း ပိုင်ရှင်ရှိ၊မရှိ သုံးကြိမ် အော်မေးပြီးမှ ယူလာတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ယုန်မင်းမှာတော့ လှူစရာ ပစ္စည်းဝတ္ထု တစ်စုံတစ်ရာမရှိပါ။ ဘာ ပစ္စည်းမှ မရှိပေမယ့် သူကတော့ ဝမ်း မနည်းပါ။ မတောင့်တပါ။ ဘာကြောင့် လဲဆိုတော့ တကယ်လို့ အလှူခံပုဂ္ဂိုလ် ရောက်လာလျှင် မိမိရဲ့အသားကို လှူဖို့ ဆုံးဖြတ်ထားပါတယ်။ ဘုရားလောင်း တွေသာ ပြုနိုင်တဲ့ ဒါနဖြစ်ပါတယ်။ ဒါန ထဲမှာ အမြင့်ဆုံး အမြတ်ဆုံး အသက် လှူတဲ့ ဒါနပရမတ္ထပါရမီ ဖြစ်ပါတယ်။

အဲဒီ အကြောင်းအရာတွေကို တာဝတိံသာနတ်ပြည်ကို အစိုးရတဲ့ သိကြားမင်းကြီးက သိလာပါတယ်။ ဘာ ကြောင့်လဲဆိုတော့ သိကြားမင်းကြီး ထိုင်တဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာဟာ ပူနွေးလာပါတယ်။ လူ့ပြည်မှာ ထူးခြား ဆန်းကြယ်တဲ့ အကြောင်းအရာတွေ ဖြစ် လာရင် သိကြားမင်းကြီးထိုင်တဲ့ မြ ကျောက်ဖျာကြီးဟာ ပူလိုက် အေးလိုက် မာလိုက် ပျော့လိုက်နဲ့ သိကြားမင်းကို အသိပေးလေ့ရှိပါတယ်။

ဒါ့ကြောင့် သိကြားမင်းဟာ လူ့ ပြည်ကို ဆင်းလာပြီး အလှူခံပုဂ္ဂိုလ် ပုဏ္ဏားအိုယောင်ဖန်ဆင်းပြီး ယုန်မင်းနဲ့ သူငယ်ချင်းသုံးဦးတို့ရဲ့ သီလကို စုံစမ်း ရန် ရောက်ရှိလာပါတယ်။ သိကြားမင်း ဟာ ရှေးဦးစွာ ဖျံနှင့်တွေ့ပြီး . . .

"ကျွန်ုပ် အလှူခံပါ၊ စားဖွယ် သောက်ဖွယ်များ အလှူခံပါတယ်" လို့ ပြောတော့ ဖျံက သူ့မှာရှိတဲ့ ငါးကြင်း ခုနစ်ကောင်ကို လှူဒါန်းလိုက်ပါတယ်။

"အချိန် စောပါသေးတယ်၊ နောက်မှယူမယ်" ပြောပြီး ငါးကြင်း ခုနစ်ကောင်ကို ထားခဲ့ပါတယ်။

နောက် မြေခွေးဆီရောက်တော့ မြေခွေးက သူ့မှာရှိတဲ့ အမဲကင်၊ ဖွတ် ကင်နဲ့ နို့ဓမ်းအိုးတို့ကို လှူဒါန်းလိုက်ပါ တယ်။ အချိန်စောသေးတယ် ပြောပြီး ထားခဲ့ပါတယ်။ နောက်တစ်ခါ မျောက်နဲ့ တွေ့တော့ မျောက်က သူ့မှာရှိတဲ့ သရက်သီးတစ်ခိုင်ကို လှူလိုက်ပါတယ်။ အချိန်စောသေးတယ် ပြောပြီးထားခဲ့ပါ တယ်။ နောက်ဆုံး အလှူခံပုဂ္ဂိုလ် ပုဏ္ဏားကြီးဟာ ဘုရားအလောင်း ယုန် မင်းထံ ရောက်လာပါတယ်။

ယုန်မင်းကလည်း အလှူခံ ပုဂ္ဂိုလ် မျှော်နေတုန်း ရောက်လာတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုပါတယ်။ ဒါပေမဲ့ သူ့ထံမှာ သူငယ်ချင်းသုံးဦးလို လှူစရာပစ္စည်း အထွေအထူးမရှိပါဘူး။ သူ့ရဲ့ဆုံးဖြတ်ချက်အတိုင်း သူ့ရဲ့ အသွေး အသား အသက်တို့ကို လှူပါမယ်လို့ ပုဏ္ဏားကြီးအား ပြောကြားလိုက်ပါ တယ်။

"ငါသည် ယနေ့ မလှူဖူးသော အလှူတစ်ခုကို ထူးထူးခြားခြားလှူတော့ မယ်၊ ယင်းအလှူခံပုဂ္ဂိုလ်ဟာ သီလ ရှိတဲ့သူ ဖြစ်တဲ့အတွက် ငါ့ကိုသတ်ပြီး ယူမှာမဟုတ်ပါဘူး၊ ပါဏာတိပါတကံကို လွန်ကျူးမှာ မဟုတ်ပါဘူး၊ ဒါကြောင့် မီးဖိုတစ်ခုကို ဖိုလိုက်ပါတယ်၊ မီးကျီးရ လျှင် ငါဟာ အသက်ကိုစွန့်ပြီး မီးပုံထဲ ခုန်ဆင်းပါမယ်၊ ငါ့အသားတွေ ကျက်တဲ့ အခါမှာ သင်စားသုံးပါ၊ တရားဓမ္မကိုလဲ ဆက်လက် အားထုတ်ပါ" လို့ ပြော လိုက်ပါတယ်။

မီးမွှေးပြီးလို့ မီးကျီးရတဲ့အခါမှာ ပုဏ္ဏားကြီးက မီးကျီးရပြီလို့ ပြောတော့ ယုန်မင်းဟာ ချက်ချင်း မီးပုံထဲကို ခုန် မဆင်းသေးဘဲ သူ့ရဲ့ ခန္ဓာကိုယ်အမွေး တွေကြားမှာ ခိုအောင်းနေတဲ့ ပိုးမွှားတွေ မီးလောင်ပြီး မသေအောင် သူ့ရဲ့ ခန္ဓာ ကိုယ်ကို သုံးကြိမ် ခါချလိုက်ပါတယ်။ နောက်ပြီးတော့ မကြာခင်မှာဘဲ ယုန် မင်းဟာ ရဲရဲညီးနေတဲ့ မီးပုံကြီးထဲကို ခုန်ချလိုက်ပါတယ်။

အံ့သြစရာ အလွန်ကောင်းပါ တယ်။ ဘာကြောင့်လဲဆိုတော့ ရဲရဲညီး တဲ့ မီးပုံကြီးထဲကို ဘုရားအလောင်း ယုန်မင်း ခုန်ဆင်းလိုက်တဲ့အခါမှာ ယုန် မင်းခန္ဓာကိုယ်ကို အမွေးအမှင် တစ်ပင် တလေမျှ မီးမလောင်ပါဘူး။ အလွန် အေးမြတဲ့ ရေကန်ထဲကို ရေဆင်းပြီး ရေချိုးရသလိုပါပဲ။

အဲဒီလို ဖြစ်နေတော့ ယုန်မင်း ကိုယ်တိုင်လဲ အံ့သြပြီး နေပါတယ်။ အလှူခံပုဂ္ဂိုလ်ပုဏ္ဏားကြီးကို "ဘယ်လို ဖြစ်တာလဲ"လို့ မေးပါတယ်။ အဲဒီအခါ မှာ ပုဏ္ဏားကြီးက "ကျွန်ုပ်ပြောပြပါ့မယ်၊ ကျွန်ုပ်ဟာ သင်တို့ ထင်သလို ပုဏ္ဏားအို ကြီး မဟုတ်ပါဘူး၊ သိကြားမင်း ဖြစ်ပါ တယ်၊ ယုန်မင်းရဲ့ သီလကို စမ်းသပ်ချင် လို့ ယုန်မင်းရဲ့ အသက်ကို စွန့်လှူတဲ့ ဒါနပရမတ္ထပါရမီတော်ကို သိချင်လို့၊ ကိုယ်တွေ့မျက်မြင် သိချင်လို့ လာခဲ့တာ ဖြစ်ပါတယ်၊ ခုတော့ သေသေချာချာ ထင်ထင်ရှားရှား တွေ့ရပါပြီ" လို့ပြော ပါတယ်။

သိကြားမင်းဟာ လူသာမန်တွေ ပြုနိုင်ခဲတဲ့ အသက်ကို စွန့်လှူခြင်း ဒါန ပရမတ္ထပါရမီတော်ကို တိရစ္ဆာန်ဖြစ် လျက်နဲ့ ပြုကျင့်ခဲ့တဲ့အတွက် အလောင်း တော် ယုန်မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ တောင်မှ အဆီကို ညှစ်ယူပြီး လဝန်း ပေါ်မှာ ယုန်ရုပ်အမှတ်အသား ရေးဆွဲ ပေးခဲ့ပါတယ်။

ဒါ့ကြောင့် စာရေးသူတို့ ငယ်စဉ် က ရွတ်ဆိုခဲ့တဲ့ ကဗျာလေးကို သတိရ မိပါတော့တယ်။

"ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်သည့် အဘိုးအို
ဟောကြည့်ပါဆို
ဆိုသာဆို ပိုမိုသည့်စကား
ကလေးအငိုတိတ်အောင်
အရိပ်အယောင်ပြတယ်
ဖိုးလနတ်သား"

ရှင်အာနန္ဒာက ဖျံ၊ ရှင်မောဂ္ဂ လ္လာန်က မြေခွေး၊ ရှင်သာရိပုတ္တရာက မျောက်၊ ရှင်အနုရုဒ္ဓါက သိကြား၊ ဘုရား ရှင်က ယုန်မင်းပညာရှိတို့ ဖြစ်ပါတယ်။

မေတ္တာစိတ်ဖြင့် . . .

❐ ရွှေမန်းကျည်းဝူကျော်

* ငါးရာငါးဆယ် သသပဏ္ဍိတ ဇာတ်ကို မှီးပြီး ရေးပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# ဗ ကြွင် ဘာ သည်

**စိန်ဝင်းမော်**




"ရေး"(ရှေ့အား) မွေးစားမိသားစုတို့နှင့်အတူ တွေ့ရစဉ်။
၎င်းက မွေးသမိခင်ကို အထူးတွေ့ချင်နေသည်။

၁၁ နှစ်ကျော်ကြာခဲ့ပြီး ကီလိုမီတာ ၁၀၀၀၀ (မိုင် ၆၀၀၀ခန့်) မျှ ခရီးဆန့်ခဲ့ပြီးသည့်တိုင် ကျွန်တော်တို့ သမီး၏ အမေကို မတွေ့ရသေးပါ။

ကျွန်တော်တို့က "ဆိုး(လ်)" (တောင်ကိုရီးယားမြို့တော်)မြို့ရှိ ကော်ဖီဆိုင်ငယ်လေး၏ လမ်းတစ်ဖက်တွင် ပင်ကားဝင်းအတွင်း၌ ကိုရီးယား လူမှုဝန်ထမ်း တစ်ဦးနှင့် အတူရှိနေသည်။ သူမအနေနှင့် ဆိုင်တွင်းမှ ထွက်လာရန် ကြောက်ရွံ့နေသည်။ လူများတွေ့သွားမည်ကို စိုးထိတ်လျက် သူမ၏သမီးအရင်းနှင့်တွေ့ရန် ကြောက်လန့်နေသည်။

ပင်ကားတွင်းရှိ ကျွန်တော်တို့၏ ၁၁ နှစ်အရွယ် ကိုရီးယားမွေးစားသမီး "ရေး"က တွေးရခက်နေသည်။ မီတာ ၂၀ မျှကွာလှမ်းသော နေရာမှ လမ်းဖြတ်ကူးပြီး ကျွန်တော်တို့ကို လာတွေ့ရန် ကြောက်ရွံ့နေသော အမျိုးသမီးကို တွေ့ဆုံရန် ဘာကြောင့်များ ကျွန်တော်တို့မိသားစုဝင်တွေအားလုံး ကီလိုမီတာ ၁၀၀၀၀ခရီးကို လေယာဉ်ဖြင့်လာခဲ့ပါလိမ့်။ "ရေး" ကို နောက်တစ်ကြိမ် ပစ်လိမ့်ဦးမယ်ဆိုလျှင် ကျွန်တော်တို့ ဘယ်အတွက် သည်မျှ ဝေးလံသောခရီးကို လာခဲ့ကြပါသနည်း။

ကျွန်တော်တို့အတွက် အချိန် တစ်နာရီ ရမည်ဟုပြောသည်။

"ပင်ကားကို ကော်ဖီဆိုင်နောက်က လမ်းကြားကို မောင်းခဲ့ပြီး အဲဒီမှာ စောင့်ပါ" ဟု လူမှုဝန်ထမ်းက ပြောသည်။

ကျွန်တော်တို့ထံ လေးလ သမီး "ရေး" ကို အမေရိကန်နိုင်ငံ ဒင်ဗာမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ဂိတ်အမှတ် ဘီ (၇)တွင် ပေးအပ်စဉ်ကပင် တစ်နေ့သောအခါ ကျွန်တော်တို့သည် တောင်ကိုရီးယားကိုသွားပြီး "ရေး" ၏ အမေရင်းကို တွေ့ရမည်ဟု သိနေသည်။ ဤမျှ မြန်ဆန်လိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့။

"ရေး" လမ်းလျှောက်တတ်စ အရွယ်ကပင် သူမကို မွေးစားခဲ့ကြောင်း အသိပေး ပြောကြားထားသည်။ သူမကလည်း သူမ၏ အမေအကြောင်းကို အမြဲမေးတတ်၏။

"အမေက ကျွန်မလို စန္ဒရားတီးတတ်တယ် ထင်သလား"

"ကျွန်မအမေက လှတယ် ထင်သလား"

၁၀ နှစ်သမီးအရွယ်သို့ ရောက်သော တစ်နေ့တွင် ကြိမ်ဖန်များစွာ ငေးစိုက်ကြည့်ခြင်းခံရပြီး မျက်ရည်ဝဲလျက် "ကျွန်မနဲ့ သွေးတော်စပ်သူ တစ်ယောက်ကို တွေ့ချင်တယ်"ဟုဆိုလေ၏။

"သူတို့ အဲလိုစပြီး မေးလာပြီဆိုရင်တော့ ခင်ဗျား သူ့အမေအရင်းကိုရှာပေတော့" ဟု ကလေးမွေးစားခြင်းဆိုင်ရာ စိတ်ပညာရှင်က ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ရှ[illegible] ရပါပြီ။ ကလေးမွေးစားရန် ရှာဖွေပေးခဲ့သော အေဂျင်စီနှင့် ဆက်သွယ်၍ ကူညီရှာပေးရန် မေတ္တာရပ်ခံသည်။ ခြောက်လကြာပြီးသောအခါ အမှုတွဲကိုင်သူ "ကင်" က "အမေဖြစ်သူကို တွေ့ပြီဖြစ်ကြောင်း၊ သို့ပေမဲ့ ကျွန်တော်တို့အား တွေ့ရန် အလွန်ဝန်လေးနေကြကြောင်း" ပြောလာပါသည်။

သူမအနေနှင့် "ရေး"အကြောင်းကို မည်သူ့ကိုမျှ မပြောခဲ့။ ကိုရီးယားနိုင်ငံတွင် လက်မထပ်ဘဲ ရလာသော ကိုယ်ဝန်မှာ ရှက်ဖွယ်လိလိကိစ္စတစ်ရပ်ဖြစ်၏။ အမေဖြစ်သူကို ပစ်ပယ်ကြသည်။ ကလေးမှာ ဆွေစဉ်မျိုးဆက်မဲ့ဘဝပင်။

"ကင်" က အမေရိကန်မိသားစုအား မြို့သို့တက်၍ အလုပ်လုပ်မည်ဟု အကြောင်းပြကာ အမျိုးသမီးများ လင်မရှိဘဲ ကလေးမွေးဖွားရန် ဌာနတစ်ခုသို့ သွားရောက်ခိုလှုံခဲ့ရကြောင်း ယူဆလာသည်။

"ကင်" က အမေရိကန်မိသားစုတစ်သိုက်ကို ဆွေမျိုးရင်းချာများနှင့် တွေ့ပေးရန် တောင်ကိုရီးယားသို့ နွေရာသီတွင် သွားရန်ရှိကြောင်း ပြောသည်။ ကျွန်တော်တို့လည်း သွားမည်ဆိုလျှင် "ရေး"၏အမေနှင့် တွေ့နိုင်စရာရှိကြောင်း သိရသည်။ ကလေးတွေရဲ့ အမေများဟာ အများအားဖြင့် လာရောက် တွေ့တတ်ကြပါတယ်ဟု ဆို၏။

အများအားဖြင့်ပေါ့။

ကျွန်တော်တို့ မရေမရာ မသေမချာ ဖြစ်နေ၏။ အနည်းဆုံးတော့ ရေးအနေနှင့် လေးလတာမျှ သူ့အားပြုစုစောင့်ရှောက်ခဲ့သော သူမ၏ နို့တိုက်အမေနှင့် တွေ့ဆုံနိုင်မည်။ သူမကို မွေးဖွားပေးခဲ့သော ဆရာဝန်နှင့်လည်း တွေ့နိုင်မည်။

ကျွန်တော်ကျတော့ ကျွန်တော့်ကို မွေးဖွားပေးခဲ့သော ဆရာဝန်နှင့် မတွေ့ဖူးခဲ့ပါ။ သို့သော် မွေးသမိခင်နှင့် [illegible] ဆိုကြတယ်။ ကိုရီးယားနှင့် အမေရိကန် ကပြားမလေးတစ်ဦးက "ရေး"ကို ပြောသည်။

"ဘယ်လိုပြောရမယ် မသိဘူး၊ အသည်းနှလုံးထဲက ကွက်လပ်လေးတစ်ခုကို ဖြည့်ပေးလိုက်သလိုပဲ"

ကျွန်တော်တို့ စွန့်စားလိုက်ကြ၏။ ဆိုး(လ်)မြို့သို့သွားကြရန် လေယာဉ်လက်မှတ် ငါးစောင် ဝယ်လိုက်သည်။ ကျွန်တော်နှင့် ဇနီးသည် လင်ဒါ၊ ရေးနှင့် ဆံပင်နီနီနှင့် သားအရင်းများဖြစ်ကြသော ကယ်လင် (၁၅) နှစ်၊ ဂျိတ် (၁၃) နှစ်တို့အတွက် သူမ အမေကများ လာမတွေ့ခဲ့သော် ဟု "ရေး" အား ကြိုတင်အားတင်းထားစေသည်။

ကျွန်တော်တို့ ကိုယ်တိုင်လည်း အားတင်းထားခဲ့ပါသည်။

ပထမတော့ အဆင်ချောလှ၏။ "ရေး"၏ နို့တိုက်အမေကို တွေ့သည်။ သူမက ပြေးဝင်လာပြီး ကြာမြင့်စွာ ပျောက်ဆုံးနေသော သမီးရင်းပမာ "ရေး"ကို ရင်ခွင်တွင်းသွင်း၍ ပွေ့ဖက်သည်။ ဆံပင်ကို သပ်သည်။ သူမအနေနှင့် မွေးကင်းစကလေး (၃၁) ယောက်ကို ပြုစုထိန်းကျောင်းခဲ့သည်။

[illegible]သို့သော် "ရေး" တစ်ယောက်ကိုသာ သိသည့်ပမာ "ရေး"က ကြောက်တစ်ဝက် ပျော်တစ်ဝက် ဖြစ်နေသည်။ "ရေး"၏ဘဝတွင် လစ်လပ်နေခဲ့သော လေးလတာကာလကို ဖြည့်ဆည်းပေးသူ ပေါ်လာခဲ့လေပြီ။ နို့တိုက်အမေကငိုသလို ကျွန်တော်တို့လည်း မျက်ရည်ကျရ၏။

"ရေး"၏ အမေရင်းနှင့် တွေ့ရမည့်ရက်ကို ရောက်လာသောအခါ ကျွန်တော်တို့အား "အထူးသတိထားပြီး ကိုင်တွယ်ပါ" ဟုပြောသည်။ "ရေး" အမေ၏ခင်ပွန်းက "ရေး" အကြောင်းကို မသိပေ။ ထို့အတွက် သူမက လူမြင်မည်ကို အထူးထိတ်လန့်နေသည်။

ဤအခြေအနေများအရ ကျွန်တော်တို့သည် စုံထောက်များပမာ ဗင်ကားတွင်း၌ ပုန်းလျှိုးကွယ်လျှိုး ကုပ်နေကြရင်း သူမအလာကို စောင့်နေကြသည်။

ကျွန်တော်တို့ သိတာကတော့ -

(၁) သူမနှင့်အတူ နောက်ထပ်မွေးသောသမီး ပါလာနိုင်သည်။

(၂) သမီးမှာပေါက်စလေး

(၃) ကြောင်သူခိုးပမာ လန့်ဖျပ်နေမည်။



လေဆိပ်တွင် "လင်ဒါ" က "ရေး" ကို ပထမဦးဆုံးအကြိမ် ပွေ့ဖက်ခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com

ပထမ မိန်းမရွယ်တစ်ယောက်သည် တွန်းလှည်းလေးကိုတွန်း၍ ပေါ်လာ၏။ သူများလားဟု "ရေး"က အော်သည်။ လွန်သွား၏။

ထို့နောက် ကလေးငယ်ကို ရင်ခွင်တွင်သိုင်း၍ ချည်ထားသော ဝဖိုင့်ဖိုင့်မိန်းမတစ်ယောက် အဲဒါပဲဟု ရေးက အော်ပြန်သည်။ သူမလည်း ဘတ်(စ်)ကားပေါ်သို့ တက်သွား၏။ ထို့နောက် အဝါရောင်ဝတ်ထားသော သေးသေးသွယ်သွယ် ချောချောမိန်းမတစ်ယောက် ကလေးထည့်သောခြင်းလေးနှင့် "အဲဒါပဲ ကျွန်မ သိတယ်" ဟု ရေးကအော်၏။ အမျိုးသမီးက လမ်းကို ဖြတ်ကူး၍ ကော်ဖီဆိုင်အတွင်းသို့ သွက်သွက်လှမ်းဝင်လာသည်။ ပြဿနာက သူမ ပြန်ထွက်မလာ။ ကော်ဖီဆိုင်တွင်းတွင် လူမှုဝန်ထမ်းနှင့် စကားပြောနေသည်မှာ ခြောက်နာရီခန့်ကြာသည် ထင်မိ၏။ အမှန်တော့ မိနစ် ၂၀ ခန့်မျှသာ ကြာသည်။

ကျွန်တော်တို့ ကော်ဖီဆိုင်၏ ပြတင်းပေါက် မှောင်မှောင်များကို စူးစိုက်ကြည့်နေကြသည်။ လက်ကိုင်ဖုန်းကိုလည်း ငေးကြည့်နေကြသည်။ တစ်ဦးနှင့်တစ်ဦးလည်း ကြည့်နေကြသည်။ နောက်ဆုံးတွင် လူမှုဝန်ထမ်းက "လမ်းကျဉ်းလေးအတိုင်း မောင်းသွားပြီး လမ်းထိပ်ကစောင့်နေ" ဟု ညွှန်ကြားသည်။ ကျွန်တော်တို့ လမ်းကျဉ်းလေးအတိုင်း ကားကိုမောင်းသွားပြီး စောင့်သည်၊ ဘာမျှဖြစ်မလာ။

"ရေး"က တည်တည်ငြိမ်ငြိမ်ပင်။

ကျွန်တော်က "ရေး" ကို . . .

"နောက်ထပ် ငါးမိနစ်နေလို့မှ ထွက်မလာရင်၊ သမီး ကော်ဖီဆိုင်ထဲဝင်လိုက်သွားပြီး ကိုယ့်ဘာသာကိုယ် မိတ်ဆက်တော့" ဟု ပြောလိုက်သည်။

"ရေး"က တွေဝေစွာ နားထောင်နေသည်။ ကလေးပေါက်စ၏ အမေ အဝါရောင်ဝတ် အမျိုးသမီး ပြီးလျှင် ချက်ချင်းဆိုသလိုပင် ကားအတွင်း၌ သူမ၏ သမီးဘေးတွင် ထိုင်နေသည်။ သူမသည် စိုးရွံ့တုန်လှုပ်နေ၏။ ကျွန်တော်တို့ကို မကြည့်။ သူ့ကလေးငယ်နှင့် လူမှုဝန်ထမ်းတို့ကိုသာ ကြည့်နေ၏။

"ကျွန်မတို့ တစ်နေရာကို သွားကြရအောင်" ဟု လူမှုဝန်ထမ်းအမျိုးသမီးက ဆိုသည်။

နက်ရှိုင်းမည်းမှောင်လာသော လှိုဏ်ဂူကျက်ကြီးနှင့် ဘယ်ကိုများ သွားမှာလဲ။ ကျွန်တော်တို့ ဥယျာဉ်တစ်ခုဆီ သွားခဲ့ကြသည်။ ကိုရီးယား အဘိုးအိုများက စစ်တုရင်ကစားရင်းမှ ကိုရီးယားလူမျိုးများနှင့် ဆံပင်နီနီ မျက်နှာဖြူဖြူများ ကင်မရာ၊ လက်ဆောင်ပစ္စည်းများနှင့် မှတ်စုစာအုပ်များဖြင့် သူတို့အနီး စားပွဲတွင် ထိုင်ကြသည်ကို တအံ့တဩ မော့ကြည့်နေကြသည်။

ရေးက သူ့အမေအား သူမ၏ ဘဝမှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးသည်။ ငယ်စဉ်ဘဝ ဓာတ်ပုံများ စိတ်လှုပ်ရှားစွာ ရေးဖွဲ့ထားသော ကဗျာများ စသည်။ သို့သော် အမျိုးသမီးက ကြည့်ပြီး စိတ်လှုပ်ရှားမှုမပြ။ "ရေး"က သူမ၏ဓာတ်ပုံပါ သော ငွေလော့ကတ်သီးလေးကို လက်ဆောင်ပေးပြန်သည်။ သို့တိုင် မျက်လုံးချင်း ရင်ဆိုင်မကြည့်၊ ထိခြင်း၊ ပွေ့ဖက်ခြင်းမပြု။ အမျိုးသမီးက သူမရဲ့ အသည်းနှလုံးကို လွန်ခဲ့သည့် ၁၁ နှစ်ကလိုပဲ ထိန်းချုပ်ထားတာလား၊ သို့တည်းမဟုတ် မမှတ်မိတော့တာလား၊ အစကနဦးကပင် မမှခဲ့တာလား။

လပေါင်းများစွာကပင် ရေးက ဒီအခွင့်အရေးကြီးရခိုက် မေးရန် မေးခွန်းပေါင်း ၂၀ ကို ရေးသားပြုစုလာခဲ့သည်။ ယခု သူမက တည်ငြိမ်စွာပင် မေးခွန်းလွှာကို ပိုက်ဆံအိတ်ငယ် အတွင်းမှ ဆွဲထုတ်လိုက်သည်။ ကျွန်တော်တို့က အသက်ရှူရန် မေ့နေကြ၏။

"ကျွန်မကို ဘာပြုလို့ စွန့်လွှတ်ခဲ့တာလဲ" ဟု ရေးက ရိုးရိုးစင်းစင်း မေး၏။

အမျိုးသမီးထံသို့ အားလုံးလှည့်ကြည့်ကြသည်။ စကားပြန်က ဖြေသည်။

"ငယ်လွန်းတယ်၊ အဲဒီတုန်းက ၁၉ နှစ် ပိုက်ဆံမရှိဘူး၊ အရမ်းရှက်တယ်"

"ကျွန်မရဲ့ အဖေရင်းက ဘယ်သူလဲ"

"မသိဘူး၊ နှစ်ခါပဲ ချိန်းတွေ့ဖူးတယ်၊ ခွဲခွာသွားခဲ့တာ ကြာလှပြီ"

ယခုထိ စိတ်လှုပ်ရှားမှုမပြ၊ ရေးအတွက် ရင်နာမိသည်။ သူမ အိပ်မက်မက်ခဲ့ရသော အတွေးပုံ ဖော်ခဲ့ရသော တွယ်ဖက်ခဲ့ရသော အမျိုးသမီး၏ အေးစက်လှသော အပြုအမူကို ဘယ်လိုများ ခံစားမိမည်လဲ။ နောက်ဆုံးတွင် . . .

"ကျွန်မကို မွေးတုန်းက ပွေ့ဖက်ခဲ့ဖူးသလား"

အမျိုးသမီး နှုတ်ခမ်းများ ပွင့်လာပြီး မြက်ခင်းပြင်ကိုသာ ငေးကြည့်နေသည်။

"ဟင့်အင်း . . သူတို့က နင့်ကို ငါ့ဆီက ချက်ချင်းယူသွားကြတယ်" ဟု ဖြည်းညင်းစွာပြောသည်။

ဤနေရာတွင် "ကင်" က ကြားဖြတ်ဝင်လာသည်။

"ကဲ အခုရှင့်သမီးကို ပွေ့ဖက်နိုင်ပြီလေ" ဟုပြောသည်။

သူမ ခံနိုင်ရည်မရှိတော့။ ရေခဲတံတိုင်းကြီးပြိုလေပြီ။ ရုတ်တရက် ယိမ်းယိုင်သွားပြီး ပါးပေါ်သို့ မျက်ရည်ပေါက်များ လိမ့်ဆင်းလာတော့သည်။ ရေးကို လှမ်းဆွဲ၍ နောက်တစ်ကြိမ်ပါသွားမည့်အလား ပူးကပ်တင်းကျပ်စွာ ဖက်ထား၏။

"ငါ့ကိုယ်ငါ မငိုဘူးလို့ ပြောထားတာ" ဟုဆိုသည်။ "လင်ဒါ"က ငိုသည်။ ကျွန်တော်လည်း ငိုမိတော့၏။ ထိုအချိန်၊ ထိုမိနစ်ပိုင်းတွင် နိဗ္ဗာန်ဘုံကြီးပင် ပြိုကွဲကာ ကောင်းကင်ကြီးကပါ ငိုပွဲဆင်တော့သည်။

အသိတရားရှိသူတိုင်းက ဗင်ကားဆီသို့ ပြေးကြပါလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်တော်တို့အားလုံးက ဤအခိုက်အတန့်လေးကို ပြီးဆုံးမသွားချင်ကြ။ ကျွန်တော်တို့ ငိုကြ ရယ်ကြရင်း ရေးအမေ၏ ပန်းရောင်ထီးကလေးအောက်သို့ စုပြုံတိုးဝင်ကြ၏။ သို့သော် မိုးက ပြင်းထန်ကျယ်လောင်လွန်းလှသည်။ စကားပင် ပြော၍မရ။ ကျွန်တော်တို့ ဗင်ကားဆီ ပြေးသွားကြကာ ဝင်ထိုင်လိုက်ကြသည်။ ရေးက မအေတူ ဖအေကွဲ ညီမငယ်ကို ပွေ့ထားကာ သူ့အမေက မြင်တွေ့ရတော့မည်ဟုမထင်သော သမီးကို ပွေ့ဖက်ထားသည်။

ရရှိသောအချိန်က တိုတောင်းလှပေစွ။ ဝါကျတိုလေးများက ဘဝတစ်သက်တာတို့ကို လွှမ်းခြုံငုံကြသည်။ သူမက သူမ၏ကလေး ပြုစုပျိုးထောင်ခဲ့ခြင်းအတွက် ကျွန်တော်တို့ကို ကျေးဇူးတင်စကား ပြောသည်။

"ရှင်တို့ဟာ မိသားစုကောင်းပါ" ဟု သူမအနား ရှိ လူထွားကြီးကိုကြည့်၍ ပြောသည်။ "သိပ်သန့်မာပြီး ကောင်းကြတယ်" သူ့သမီးကို ပေးခဲ့သူအားမည်သို့ကျေးဇူးတင်မည်နည်း။

လင်ဒါက . . .

"ရှင် ကျွန်မတို့ကိုပေးခဲ့တဲ့ လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်"

မွေးအမေက ချိုမြိန်ခါးသီးစွာ ပြုံးလိုက်သည်။ သူမ၏ လက်တစ်ဖက်က ရေးကိုပွေ့ဖက်လျက် ကျန်တစ်ဖက်က စာအုပ်ငယ်နှင့် လော့ကတ်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ဤတွင် တွေ့ဆုံပွဲ ပြီးဆုံး၏။ သူမ ပြန်တော့မည်ဟု ပြောသည်။ ယာဉ်မောင်းအား သူမ ကားပေါ်မှဆင်းရန် ရပ်တန့်ပေးဖို့ ပြောသည်။ မီးပွိုင့်၌ အချက်ပြမီးနီစဉ် ကားကရပ်လိုက်၏။

တစ်ဦးဦးက ကားတံခါးကို ဖွင့်ပေးသည်။ သူမက ရေး၏ ဦးခေါင်းကို နမ်းလိုက်သည်။ ဆံပင်ကို နောက်ဆုံးအကြိမ် ပွတ်သပ်ပြီး ကားပေါ်မှ လှမ်းဆင်းကာ လက်ကိုရုပ်ရင်း ကားတံခါးကို ပြန်ပိတ်လိုက်၏။ ထိုအခိုက် အချက်ပြမီးက စိမ်းသွားသည်။

ကျွန်တော်တို့ ကားကို မောင်းထွက်ခဲ့သည်။ သူမသည် တဖြည်းဖြည်း မြင်ကွင်းမှ သေးငယ်သွား၏။ အမျိုးအမည် မသိသော ကွေ့ချိုးမှာ ထာဝရ ချန်ထားရစ်ခဲ့ပေသည်။

ရေး ကို လှည့်ကြည့်မိသောအခါ ကျွန်တော် ငိုနေဆဲဟု ထင်ပါသည်။ သူမကတော့ မြူးနေသည်။ အသည်းနှလုံးထဲက ကွက်လပ်လေးတစ်ခုကို ဖြည့်ပေးလိုက်သည့်အခါ ခံစားရတာ ဒီလိုပဲ ထင်ပါရဲ့။

❒ စိန်ဝင်းမော်


# နိုင်ငံခြားသွားမည့်သူများအတွက်

- မိမိသွားရောက်လိုသော နိုင်ငံကို ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အမြန်ဆုံး သွားရစေဖို့။
- မိမိသွားရောက်မည့် နိုင်ငံတွင် အလုပ်အကိုင် ရှာဖွေသည့်အခါ အဆင်ပြေ လွယ်ကူစွာ အမြန်ဆုံးရရှိစေဖို့။
- မိမိတတ်ကျွမ်းသော ပညာရပ်နှင့် သက်ဆိုင်သောအလုပ်ကိုသာ လစာ ဝင်ငွေကောင်းကောင်းဖြင့် ရရှိနိုင်ဖို့။
- မိမိသွားရောက်မည့် နိုင်ငံတွင် ဖြေဆိုရမည့် လက်တွေ့/အင်တာဗျူး စသည့် စာမေးပွဲတို့ကို အဆင်ပြေလွယ်ကူစွာ ဖြေဆိုအောင်မြင်ပြီး နေထိုင်ခွင့်ရရှိစေဖို့ (နည်းလမ်းကောင်းများ ရှိပါတယ်)။

**ဆရာကြီးဦးအောင်မြင့်( ဥပဒေဘွဲ့ )**

**လက္ခဏာဗေဒင်ပညာသုတေသီ**

◎ ယုံကြည်အားကိုးစွာဖြင့် လာခဲ့ပါ ◎

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

☏ ၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂





www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ

## လိမ္မော်သီးရဲ့စွမ်းအင်များ


Not the only fruit: Gordon uses oranges for decoration as well as cooking

အစာလည်းဆေး ဆေးလည်းအစာ ဟူသော မြန်မာတို့၏ ရှေးထုံးစဉ်လာ အဆိုအမိန့်မှာ ယခု ပစ္စုပ္ပန်ကာလတွင် ပိုမိုသင့်လျော်နေသည်။ အချို့သော ပြည်ပဆေးဝါး အချို့သည် ရောဂါတစ်ခုအတွက် အသုံးပြုနိုင်သော်လည်း အခြားရောဂါတစ်ခုအဖြစ်သို့ ဘေးထွက်ဆိုးကျိုးဖြစ်စေနိုင်သည်။ မြန်မာ့ဆေးဝါးကုသနည်းများထဲတွင် လိမ္မော်သီးနှင့် ပတ်သက်၍ အသုံးချနည်းလမ်းများထဲတွင် ကျန်းမာရေးအတွက် အထူးပင် အထောက်အကူပြုကြောင်း ဆေးပညာရှင်များက အခိုင်အမာဖော်ပြထားသည်။ အူရောင်ငန်းဖျားရောဂါ၊ အဆုတ်ရောဂါ၊ ဝက်သက်ရောဂါ စသော အဖျားရောဂါများအတွက် သင့်လျော်သော သစ်သီးဖျော်ရည်မှာ လိမ္မော်ရည်ဖြစ်သည်။ ရင်ပြည့်ရင်ကယ်၊ ဝမ်းချုပ်ခြင်း၊ အရိုးနှင့် သွားရောဂါ ဖြစ်နေသော ကလေးသူငယ်များကို လိမ္မော်သီးဖျော်ရည် မီလီဂရမ် ၆၀ မှ ၁၂၀ မီလီဂရမ်အထိ တိုက်ကျွေးသင့်သည်။ ပျားရည်နှင့်ရောစပ်ထားသော လိမ္မော် ရည်သည် နှလုံးရောဂါရှင်များအတွက် အားဆေးရည်တစ်မျိုးဖြစ်သည်။ လိမ္မော်ခွံများကို ရေစိမ်၍ ထုထောင်းလျက် ပျော့အိလာသောအခါ မျက်နှာပေါ်ရှိ ဝက်ခြံများတွင် အုံပေးခြင်းအားဖြင့် ပျောက်ကင်းသက်သာစေနိုင်သည်။



## ဆက်စပ်ဝေဒနာတဲ့

ဂဏန်းတွက်စက် Calculator, Mobile Phone နှင့် ကာရာအိုကေစက် စသည့် အီလက်ထရွန်နစ်ပစ္စည်းများကို အသုံးပြုလာသော လူတန်းစား အများအပြားတို့တွင် အယ်လ်ဇိုင်းမားရောဂါ ဖြစ်စေနိုင်ကြောင်းနှင့် မှတ်ဉာဏ် ယိုယွင်းပျက်စီးစေနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက သုတေသနပြု ဆွေးနွေးတင်ပြခဲ့ကြသည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်အရွယ်များ၏ မှတ်ဉာဏ်စွမ်းရည် (ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု)ကို လျော့ကျစေနိုင်သည်။ အမျိုးသားများထက် ရာခိုင်နှုန်း ၆၀ သော အမျိုးသမီးများတွင် အယ်လ်ဇိုင်းမားဖြစ်စေ၊ ဦးနှောက်ပိုင်းဆိုင်ရာ ဆက်စပ်ဝေဒနာများကို ပိုမိုခံစားနေရကြောင်း အမေရိကန် အမျိုးသားကျန်းမာရေးအဖွဲ့က စစ်ဆေးဖော်ပြခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com




# ဂီတာတစ်လက် မိန်းမချော တစ်ယောက်

ကားလေးတစ်စီးရဲ့ အနားမှာ သန့်ပြန့်သားနားတဲ့ စုံတွဲတစ်တွဲ၊ အမျိုးသားရဲ့လက်ထဲမှာ ဂီတာတစ်လက်နဲ့ ဘေးမှာ မိန်းမချောလေး တစ်ယောက်။ ဒီလိုအခြေအနေမျိုးဆိုရင် ဘယ်နေရာမဆို ဂီတသံဟာ ပိုပြီးချိုမြနေမှာပါ။ အသည်းနှလုံးထဲမှာလည်း ပျော်ရွှင်မှုတွေကို ပိုပြီးခံစားရမှာပါ။ အထူးသဖြင့် သူတို့အနီးမှာ ဒတ်ဆန်း ၁၆၀၀ သာရှိခဲ့ရင် ပိုပြီးကြည်နူးစရာ ဖြစ်နေပါလိမ့်မယ်။ ကြံ့ခိုင်တဲ့ 96 HP အင်ဂျင်၊ ခိုင်ခံ့စွာတပ်ဆင်ထားတဲ့ ကားနောက်ပိုင်း၊ နူးညံ့သိမ်မွေ့ပြီး စမတ်ကျတဲ့ ပေါင်းစပ်မှုများ၊ ဈေးနှုန်းချိုသာမှုနဲ့ စိတ်ချရတဲ့ အသွင်သဏ္ဌာန်တို့ကြောင့် ကားမောင်းရတာ ညက်ညောပြီး စိတ်ဘဝင်ချမ်းမြေ့မှာပါ။ ဖော်ပြချက်တွေ မှန်၊ မမှန်သိချင်ရင် တစ်စီးလောက်တော့ ဝယ်စီးလိုက်ပါတဲ့။ ဒတ်ဆန်းကား ထုတ်လုပ်ရေးကုမ္ပဏီက အာမခံပါသတဲ့။

# ပညာခန်းပြတာတဲ့




ကွန်ပျူတာနည်းပညာများ အမျိုးမျိုး ပေါ်ထွန်းလာတဲ့အတွက် ဝမ်းသာစရာကောင်းသလို စိတ်ရှုပ်စရာ ဗိုင်းရပ်စ်လည်း ပေါ်လာပါတယ်။ ကွန်ပျူတာအတွင်းမှာရှိတဲ့ ပရိုဂရမ်တွေဟာ ဗိုင်းရပ်စ်အမျိုးမျိုး ကျရောက်တဲ့အတွက် ပျက်စီးရခြင်းဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်များကို တီထွင်သူများဟာ ကွန်ပျူတာကို တီထွင်ဖန်တီးသူ နည်းပညာရှင်များပဲ ဖြစ်ပါတယ်။ ပညာရှင်တချို့က စမ်းသပ်တဲ့အနေနဲ့ ဗိုင်းရပ်စ်ပရိုဂရမ်တွေကို ရေးကြပြီး တချို့ကတော့ အဲဒီဗိုင်းရပ်စ်ကိုသတ်တဲ့ ဆော့ဖ်ဝဲလ်ကို ရောင်းချချင်လို့ တမင်ဖန်တီးခဲ့ကြတာပါ။ Anti Virus ဖြစ်တဲ့ ဗိုင်းရပ်စ်သတ်တဲ့ ဆော့ဖ်ဝဲလ်တွေဟာ ကုမ္ပဏီက အာမခံကာလ အတိုင်းအတာတစ်ခုအတွင်းမှာသာ အာမခံပါတယ်။ အာမခံကာလကို တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်အထိ သတ်မှတ်တတ်ပါတယ်။ သတ်မှတ်ကာလ ပြည့်တဲ့အခါ Up date ပြုလုပ်ပေးရတယ်။ မိမိကွန်ပျူတာထဲမှာ Anti Virus ပြုလုပ်ထားခဲ့ရင် တော်ရုံဗိုင်းရပ်စ်တွေကိုတော့ ရှင်းပစ်နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အားပါးပါး ကြီးမှကြီး



ကုန်းသတ္တဝါ အကြီးဆုံးတွင် ဆင်လို့ သာမန်အားဖြင့် သတ်မှတ်ကြမှာပါ။ ကမ္ဘာ့ကုန်းမြေဟာ ပင်လယ် ရေထုရဲ့ ငါးပုံတစ်ပုံမျှသာရှိပါတယ်။ ရေသတ္တဝါတွေဟာ အလွန်ကျယ်ပြန့်တဲ့ မဟာသမုဒ္ဒရာကြီးထဲမှာ အာဟာရပြည့်တဲ့ အစာရေစာများကို ဝဝလင်လင်စားပြီး လွတ်လပ်စွာ သွားလာနေထိုင်နိုင်လို့ ကြီးချင်တိုင်း ကြီးနိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေပါတယ်။ ပုံတွင် ဖော်ပြထားသည်မှာ မကြာမီကာလအတွင်းက သုတေသနပညာရှင် ပီတာစကော့နဲ့ သူ့အဖွဲ့သားတွေကိုယ်တိုင် လေ့လာတွေ့ရှိချက်များအပေါ် အခိုင်အမာ အခြေခံပြီး ဖော်ပြထားခြင်းဖြစ်သည်။ ကုန်းသတ္တဝါတွင် အကြီးဆုံးလို့ သတ်မှတ်ထားတဲ့ ဆင်တစ်ကောင်၊ နွားသိုးတစ်ကောင်၊ လူတစ်ယောက်နဲ့ အပြာရောင်ဝေလငါးတစ်ကောင်ရဲ့ အရွယ်အစားကို နှိုင်းယှဉ်ပြသထားပါတယ်။ ဝေလငါးရဲ့လျှာ တစ်ခုတည်းရဲ့ အလေးချိန်ဟာ ဆင်တစ်ကောင်လုံးရဲ့ အလေးချိန်နဲ့ တူညီပါသတဲ့။




## အော်စကာဆုအတွက် စိတ်လှုပ်ရှားသူများ

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ဟာ ဟောလိဝုဒ်ရုပ်ရှင်လောကနဲ့ နိုင်ငံတကာ ရုပ်ရှင်ပညာသည်တွေ ရင်ခုန်လှိုက်မော စိတ်ဝင်စားခဲ့ကြရပါတယ်။ အဲဒီနေ့ဟာ အော်စကာဆုပေးပွဲ (၈၅) ကြိမ်မြောက်ကို ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့ ဒိုလ်ဘီပြဇာတ်ရုံကြီးတွင် ကျင်းပခဲ့ပါတယ်။ ထူးချွန်ဆုရရှိခဲ့ကြတဲ့ မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဇာတ်ပို့ ဇာတ်ရံ စသဖြင့် ဆုရသူတိုင်းဟာ ပျော်ရွှင်စွာနဲ့ ကျေးဇူးတင်စကား ပြောကြားကြပါတယ်။ ဒါပေမဲ့ ဆုရသူများထဲမှာ အကောင်းဆုံးကာတွန်းရုပ်ရှင် အင်နီမေးရှင်း ဇာတ်ကောင်တွေကတော့ သူတို့သရုပ်ဆောင်တဲ့ ဇာတ်ကား အော်စကာဆုရတာကို ဘယ်လိုမှ စိတ်မလှုပ်ရှားကြပါဘူးတဲ့။ အဘယ်ကြောင့်ဆိုသော် သူတို့ဟာ BRAVE ဇာတ်ကားထဲမှာ ကာတွန်းသရုပ်ဆောင်တွေ ဖြစ်နေပါသတဲ့။ အဲဒီအကြောင်းကို ရုပ်ရှင်မီဒီယာသမားတစ်ယောက်က ရွှေဉာဏ်တော် စူးရောက်စွာနဲ့ ခံစားရေးသား တင်ပြလိုက်တဲ့အတွက် ဟာသတစ်ပုဒ် ဖြစ်သွားပါတယ်။


www.burmeseclassic.com



## လွန်ခဲ့တဲ့ နှစ်တစ်ရာက ဟောလိဝုဒ်

ဟောလိဝုဒ် "Hollywood" ဆိုတဲ့ စာလုံးနဲ့ အသံကို မြင်လိုက် ကြားလိုက်တာနဲ့ ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြု ရုပ်ရှင်နယ်မြေဖြစ်ကြောင်း သိရှိကြပါတယ်။ လွန်ခဲ့တဲ့ ၁၈၈၁ ခုနှစ်မှာ မွေးခဲ့တဲ့ လူငယ်လေး စီစီးလ်ဘီဒီမေးလ် (S\CECIL B DEMILLE) ဟာ ပြဇာတ် ဇာတ်ညွှန်းရေးတဲ့ မိဘနှစ်ဦးက မွေးဖွားခဲ့တဲ့အတွက် အသက် ၁၃ နှစ်အထိ သရုပ်ဆောင်သူအဖြစ်၊ မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့ရာက အပေါင်းအသင်း သုံးယောက်နဲ့တွဲပြီး ရုပ်ရှင်ကုမ္ပဏီ တည်ထောင်ခဲ့ပါတယ်။ ဆမ်မြူရယ်ဂိုးလ်ဝင်းလို့ အမည်ပြောင်းခဲ့ပါတယ်။ "SQUAW MAN" ဆိုတဲ့ ဇာတ်ကားရိုက်ဖို့ အမေရိကန် အနောက်ပိုင်းဒေသမှာ ရိုက်ကွင်းရှာခဲ့ရာက ကယ်လီဖိုးနီးယားတောင်ပိုင်း မြို့ငယ်လေးတစ်မြို့ကို ရောက်ရှိခဲ့ပါတယ်။ ဟောလိဝုဒ်မြို့လေးဟာ ရုပ်ရှင်ရိုက်ဖို့ အကောင်းဆုံးနေရာလို့ ဆုံးဖြတ်ခဲ့ပြီး အဲဒီမှာ အခြေချလိုက်ပါတယ်။ ဟောလိဝုဒ်မှာ ရိုက်ကူးခဲ့တဲ့ "SQUAW MAN" ဇာတ်ကားကို ၁၉၁၃ ခုနှစ်မှာ ပြသရာ အောင်မြင်ခဲ့ပါတယ်။

## စံချိန်တင်ခွေး




ထူးခြားဆန်းပြားပြီး ဖြစ်ခေါင့်ဖြစ်ခဲ ရှားရှားပါးပါး စံချိန်တင်နိုင်လောက်တဲ့ ဖြစ်ရပ်တွေ မှန်သမျှကို နိုင်ငံတကာမှာ ရှာဖွေပြီး စာရင်းပြုစုနေတဲ့ အဖွဲ့အစည်းတစ်ခုဟာ ဂင်းနက်စ် ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့ဖြစ်ပါတယ်။ မည်သည့် နိုင်ငံကမဆို ထူးခြားတဲ့ အကြောင်းအရာရှိခဲ့ရင် ဂင်းနက်စ်ကို အကြောင်းကြားလိုက်တာနဲ့တစ်ပြိုင်နက် စူးစမ်းလေ့လာပြီး မှတ်တမ်းတင်လောက်တဲ့ စံချိန်မီဖြစ်၊ မဖြစ် စိစစ်လေ့ရှိပါသတဲ့။ လွန်ခဲ့တဲ့နှစ်အနည်းငယ်က အမေရိကန်နိုင်ငံ မစ်ချီဂင်ပြည်နယ်မှာ နေထိုင်တဲ့ မစ်စ်ဒင်းနစ်ဒိုးလက်ဟာ GREAT DANE အမဲလိုက် ခွေးကြီးတစ်ကောင်ကို မွေးမြူထားပါတယ်။ ခွေးကြီးဟာ အစားကြီးတဲ့အတွက် နေ့စဉ်ပေါင်ချိန် သုံးဆယ်ရှိတဲ့ အစားအစာတွေကို ကျွေးရပါတယ်။ အရပ်အမြင့် သုံးပေ ရှစ်လက်မ၊ အလေးချိန် ၁၅၅ ပေါင် ဖြစ်ပါတယ်။ ခန္ဓာကိုယ် အလျားက ခုနစ်ပေ လေးလက်မ ရှိတဲ့အတွက် ကမ္ဘာ့အရပ်အမြင့်ဆုံးခွေးကြီးအဖြစ် ဂင်းနက်စ်ကမ္ဘာ့စံချိန် မှတ်တမ်းဝင်သွားပါတယ်။

www.burmeseclassic.com

## ဗက်တီးရီးယားသတိထား



သာမန်အားဖြင့် သွားနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာ ခံစားမှုတွေကို လူများက ပေါ့ပေါ့ဆဆပဲ သဘောထားလေ့ ရှိပါတယ်။ ဒါပေမဲ့ သေချာသိနားလည်သူတွေအဖို့တော့ အင်မတန် ကြောက်စရာကောင်းပါတယ်။ သွားနဲ့သွားဖုံးတွေမှာ ဗက်တီးရီးယားတွေ ပေါက်ပွားပျံ့နှံ့ရင် သွေးလည်ပတ်မှုစနစ်ထဲ ရောက်သွားတဲ့အခါ နှလုံးရောဂါ၊ လေဖြတ်ရောဂါတွေ ဖြစ်ပွားနိုင်ပါတယ်။ ၂၀၀၇ ခုနှစ်အတွင်းက အသက် (၁၂)နှစ်အရွယ် ကလေးငယ်တစ်ဦး ဦးနှောက်အထိ သွားရောဂါပိုး ပျံ့နှံ့သွားတဲ့အတွက် သေဆုံးရကြောင်း ဝါရှင်တန်က သွားဘက်ဆိုင်ရာ ဆရာဝန်တွေက ပြောကြားပါတယ်။ လိုအပ်တဲ့ကုသမှုသာ ခံယူခဲ့ရင် အဲဒီအဖြစ်ကို ကာကွယ်နိုင်ပါသတဲ့။ ကလေးသူငယ်တွေရဲ့ သွားနှင့်ခံတွင်း စောင့်ရှောက်မှုကို ဆောင်ရွက်သင့်ကြောင်း ကျွမ်းကျင်သူတွေက ကြိုတင်သတိပေးကြပါတယ်။ သွားတိုက်ဆေးထဲမှာ ဖလိုရိုက်ဟာ သွားခိုင်မာရန် ထည့်သွင်းထားတာပါ။ ကလေးငယ်များဟာ သွားတိုက်ဆေးကို မျိုချတတ်ကြပါတယ်။ ဒါကြောင့် ကလေးတွေသွားတိုက်တဲ့အခါ သွားတိုက်ဆေးကို ရှေးစေ့လောက်သာ သုံးသင့်ပါတယ်။



## အတုနဲ့အစစ် ခြားနားချက်

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တီဘီဆေးအတုများကို ထုတ်လုပ်ရောင်းချမှု ပိုမိုမြင့်မားလာကြောင်း တီဘီနှင့် လည်ချောင်းရောဂါ ဆေးပညာသုတေသန ပညာရှင်များက စမ်းသပ်စစ်ဆေး ဖော်ပြကြသည်။ ဆေးအတုများထဲတွင် ဓာတုပစ္စည်းများ ရောနှောပါဝင်နေသောကြောင့် ရောဂါတိုက်ဖျက်မှုတွင် ထက်မြက်သောအစွမ်း မရှိပါ။ လူ့ခန္ဓာကိုယ်အပူချိန်ကြောင့် ကိုယ်တွင်းရှိရေဓာတ်နှင့် ထိတွေ့လိုက်သောအခါ စက္ကန့်သုံးဆယ်အတွင်း အစွမ်းပြယ်သွားလေ့ရှိသည်။ စမ်းသပ်မှုပေါင်း (၇၁၃)ကြိမ် ပြုလုပ်ခဲ့ရာ အခြေခံအဆင့်ပင် ထိန်းသိမ်းနိုင်စွမ်းမရှိပါ။ ကမ္ဘာတစ်ဝန်းလုံးတွင် တီဘီဝေဒနာရှင်ပေါင်း ကိုးသန်းကျော်ရှိနေပြီး ထိုအထဲမှ ဆေးမတိုးသော ဝေဒနာရှင်မှာ လေးသိန်းကျော်ဖြစ်သည်။ ထိုဝေဒနာရှင်များသည် ပုဂ္ဂလိကဆေးခန်းများတွင် တီဘီဆေးဝါးအတုများကို ဝယ်ယူသုံးစွဲနေကြရကြောင်း စစ်ဆေးခံကြသည်။ WHO ၏ ဖော်ပြချက်တွင် ကမ္ဘာပေါ်၌ တီဘီရောဂါကြောင့် သေဆုံးရသော ဦးရေမှာ အခြားဝေဒနာရှင်များထက် အသေအပျောက် အများဆုံးဖြစ်ကြောင်း ပါရှိသည်။

www.burmeseclassic.com


www.burmeseclassic.com

## ဂျူပါဂျူနီယာတဲ့




တစ်ချိန်က စစ်ပြီးခေတ် အာရှနိုင်ငံတွေထဲမှာ ဂျပန်နိုင်ငံဟာ ရုပ်ရှင်အနုပညာလောကကို လွှမ်းမိုးလုနီးပါး လျှမ်းလျှမ်းတောက် ဖြစ်ခဲ့ပါတယ်။ တိုဟိုနဲ့ ရှိုချိကု ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီတွေ အပြိုင်အဆိုင် ထွက်ပေါ်လာကြတယ်။ တိုဟိုက အက်ရှင်ကားတွေမှာ အသာစီးရပြီး ရှိုချိကုကတော့ အချစ်ဇာတ်ကားတွေမှာ နေရာယူပါတယ်။ ဂျပန်နိုင်ငံဟာ ရုပ်ရှင် အနုပညာထက် စက်မှုပစ္စည်းနဲ့ အီလက်ထရွန်းနစ် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးကို ခြေဦးလှည့်သွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး တောင်ကိုရီးယားနိုင်ငံဟာ ရုပ်ရှင်နဲ့ တေးဂီတမှာ တိုးချဲ့နေရာယူခဲ့ပါတယ်။ အာရှနိုင်ငံများသာမက ဥရောပနိုင်ငံတွေအထိ ပျံ့နှံ့ရောက်ရှိနေပါပြီ။ ယခုကာလ ရေပန်းစားနေတဲ့ SUPER JUNIOR တေးဂီတအဖွဲ့ဟာ ထူးခြားတဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့အတူ တေးအယ်လ်ဘမ်တွေ အရောင်းစွံနေပါတယ်။

## ပြောင်ကြီးများရဲ့ ဒုက္ခ



လူသားများ၏ ဦးခေါင်းခွံတွင် ဆံပင်အရေအတွက်ပေါင်း တစ်သိန်းခန့်ဖြင့် ဖုံးအုပ်ထားသည်။ ထိုဆံပင်များသည် စက္ကန့် မိနစ် ပိုင်းနှင့်အမျှ ကြီးထွားဖွံ့ဖြိုးလာခြင်းနှင့် တစ်ခါတစ်ရံ ကြီးထွားမှုလုံးဝရပ်တန့်သွားခြင်း စသည်တို့ အစဉ်သဖြင့် ပြောင်းလဲဖြစ်ပေါ်နေလေ့ရှိသည်။ သာမန်အားဖြင့် နေ့စဉ် ဆံပင်ရာဂဏန်းမျှ အသစ်ပြန်ပေါက်လာနိုင်သည်။ သို့သော် အချို့သောလူများတွင် ဗီဇ GENE အရ လိင်နှင့်ဆိုင်သော ဟော်မုန်း TESTRONE ကြောင့် ဦးရေခွံပေါ်မှာ ဆံပင်အမြစ်ရှိ အဆီဥများကို တစ်စတစ်စ ခြောက်ခန်းလာကာ ထိပ်ပြောင်ဘဝသို့ ရောက်စေခဲ့ပါသည်။ ငွေကြေးတတ်နိုင်သူများက ဦးရေခွံခွဲ၍ ဆံပင်ပြောင်းရွှေ့စိုက်ခြင်း၊ TRANSPLAT ဖြစ်စေ၊ လိမ်းဆေး PROPECIA နှင့် စားဆေး FANASTERIDE တို့ကို အသုံးပြုကြသည်။ ထိရောက်မှု မသိသာသော်လည်း ဈေးနှုန်းကြီးသောဒဏ်ကို ခံကြရသည်။ ငွေကြေးမတတ်နိုင်သောသူများကမူ ဆံပင်တုများကို စွပ်လျက် စတိုင်ကျကျ ဟန်ရေးပြကြသည်။ အမေရိကန်နိုင်ငံ တစ်ခုတည်းတွင် ဆံပင်တုအသုံးပြုသူများသည် နှစ်စဉ် ယူအက်စ်ဒေါ်လာ သန်းပေါင်း ၆၀၀ ခန့် အကုန်အကျခံ၍ သုံးစွဲနေကြရသည်။ သို့သော် ရက်သတ္တ လေးပတ်ကျော်လာသောအခါ အောက်ခြေတွင်ရှိသော မူလဆံပင်များ ပြန်ရှည်လာသောကြောင့် ဆံတုစွပ်ရာတွင် အံဝင်ခွင်ကျဖြစ်စေရန် ပြန်လည်ညှိဖြတ်ခြင်းကို မလွဲမသွေ ပြုလုပ်ကြရသည်။


ပိုးရွှေလမင်း




www.burmeseclassic.com

www.burmeseclassic.com

# ရှေးခေတ်တရုတ်ရေယာဉ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂျန်ဆူပြည်နယ် နန်ဂျင်းမြို့တွင် ဧပြီလအတွင်းက တရုတ်နိုင်ငံတကာ ရေကြောင်းဆိပ်ကမ်းနှင့် သင်္ဘောပုံစံများပြပွဲကို ကျင်းပခဲ့သည်။ အဆိုပါပြပွဲတွင် ရှေးခေတ်တရုတ်လူမျိုးများ သုံးစွဲခဲ့သော ရေယာဉ်ပုံစံကို ပရိသတ်များက သဘောကျစွာ ဓာတ်ပုံရိုက်ကူးနေကြသည်။



# နေစွမ်းအင်သုံး လေယာဉ်

ဆွစ်ဇာလန်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ပထမဆုံးပျံသန်းသည့် နေစွမ်းအင်သုံးလေယာဉ်ဖြစ်သည်။

မေလ ၁၃ ရက်က ပျံသန်းမှုဖြစ်ပြီး Solaer inpluse ခေတ်သစ်နည်းပညာသုံးယာဉ် ဖြစ်သည်။




# တောင်ကိုရီးယားနိုင်ငံက ဓာတုရှင်းလင်းရေးလုပ်ငန်း

တောင်ကိုရီးယားနိုင်ငံတွင် စက်မှုလက်မှုနည်းပညာရှင်များက ခေတ်မီပစ္စည်းများသုံးလျက် မြေပြင်တွင် ဓာတုလက်နက်ဆိုင်ရာ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဖြစ်သည်။ ဆိုးလ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၁၀ ခန့်အကွာတွင်ဖြစ်ပြီး တစ်ချိန်က အမေရိကန်စစ်တပ်၏ ကာရီးစခန်းအဖြစ် ထင်ရှားခဲ့သည့် နေရာဖြစ်သည်။ ယင်းနေရာသည် ၁၉၇၈ ခုနှစ်က လိမ္မော်ရောင် အမေရိကန်စစ်စခန်းဖြစ်ရာ လက်နက်ဟောင်းလက်ကျန်များ ကျန်ရှိနိုင်၍ ယခုကဲ့သို့ ရှင်းလင်းကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ဂျပန်ဗုဒ္ဓဘာသာ အနုပညာ

ဂျပန်နိုင်ငံတွင် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူ များပြားသကဲ့သို့ ဗုဒ္ဓဘာသာ ဝင်ရောက်မှုလည်း အစောပိုင်းကာလကတည်းက ဖြစ်လေသည်။ ရိုးရာဓလေ့ ယုံကြည်မှုအရ ဘုရား၊ ပုထိုးစေတီ၊ ရုပ်တု၊ ဆင်းတုများလည်း ရှိ၏။ ထိုအကြောင်းအရာများကို ဂျပန်နိုင်ငံမှ ထုတ်ဝေသော ဂျပန်အကြောင်း တစေ့တစောင်း ဂျာနယ်မဂ္ဂဇင်း ရည်ညွှန်းစာပေများတွင် တွေ့ရလေ့ရှိသည်။ အထူးသဖြင့် Japan Profile of a Nation ဆိုသည့် စာအုပ်မျိုးတွင် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ သူတို့၏ မှတ်တမ်းမှတ်ရာအချို့သည် အခြားသော ဗုဒ္ဓဘာသာဆိုင်ရာ အကြောင်းရပ်များနှင့် ကွဲပြားခြားနားနိုင်သော်လည်း အခြေခံအချက်အလက်များ၊ ယုံကြည်မှုသဒ္ဓါစိတ်များက တူညီကြပေသည်။

ဂေါတမဗုဒ္ဓကို ခမည်းတော် သုဒ္ဓေါဒန၊ မယ်တော် မာယာတို့က သိဒ္ဓတ္ထအမည်ဖြင့် ဘီစီ ၄၄၆ တွင် မွေးဖွားသည်ဟု ဆိုပါသည်။ ယခု နီပေါနိုင်ငံ လုမ္ဗိနီဉယျာဉ်တွင်ဖြစ်ကြောင်း၊ ထီးနန်းစွန့်၊ တောထွက်၊ ဓမ္မစကြာ တရားဟော၊ လောကကြီးကို အလင်းရောင်ပေးသည့် အကြောင်းအရာများ ဖော်ပြကြသည်။ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံမှတစ်ဆင့် အသောကမင်းကြီး၏ ကြိုးပမ်းမှုကြောင့် ဒေသအနှံ့ ပျံ့နှံ့ခဲ့သည်။ အေဒီ ၃ ရာစုဖြစ်သည်။ နောက်ပိုင်းတွင် ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာ ကွဲပြားသွားကြောင်း၊ မဟာယာနကို ကြီးသောယာဉ် "Grater Vehicle" ဟုဆိုပြီး ထေရဝါဒကို ဟိနယာန ငယ်သောယာဉ် "Lesser Vehicle" ဟုဆိုပေသည်။

ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာသည် များသောအားဖြင့် မဟာယာန ဗုဒ္ဓဘာသာဝင်များ ဖြစ်၏။ သို့ရာတွင် ကိုးကွယ်ယုံကြည်မှုအလျောက် ဆင်းတု၊ ရုပ်တုများ သွန်းလုပ်ပူဇော်ခြင်းကို ဒေသအနှံ့အပြား၌ တွေ့မြင်ရသည်။ မကြာမီက ကြုံခဲ့ရသော ဆူနာမီလျှင်ဒဏ်၏ အပျက်အစီးများကြားတွင် မတ်ရပ်ဆင်းတုတော်ကြီးကို တွေ့ကြရပေသည်။ တရုတ်နိုင်ငံသည် ဗုဒ္ဓဘာသာနှင့် အေဒီ ၁ ရာစု၊ ၂ ရာစုခန့်ကပင် ရင်းနှီးကျွမ်းဝင်ခဲ့ပြီး ဖြစ်သည်။ ထိုစဉ်က တာအိုဝါဒ၊ ကွန်ဖြူးရှပ်ဝါဒတို့ အတော်ပင်လွှမ်းမိုးသည့်အချိန်ဟု ဆိုရန်ရှိသည်။ ယင်းသို့ တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ပျံ့နှံ့လာမှုလည်း ရှိသည်။ ဂျပန်သည် အစောပိုင်းကာလကပင် ကိုရီးယားမှတစ်ဆင့် ၅၅၂ ခုနှစ်တွင် ဗုဒ္ဓဘာသာအယူဝါဒ ရရှိခဲ့ကြောင်း သိရသည်။ ဘုရင်ပက်ခ်ချီသည် ဂျပန်ဧကရာဇ်ထံသို့ ဗုဒ္ဓရုပ်ပွားတော် ရွှေဆင်းတု၊ ကြေးဆင်းတု၊ သုတ္တန်ပိဋကတ်များကို စကြဝုနိပုံရိပ်များဖြင့် ၅၃၈ ခုနှစ်တွင် လက်ဆောင်ပဏ္ဏာ ပေးပို့ခဲ့သည်။ ပထမပိုင်းတွင် အငြင်းပွားဖွယ် ရှိသေးသည့် ဒေသတွင်း ယုံကြည်မှုများက ရှိနှင့်ပြီးဖြစ်သည်။ နောက်ပိုင်းတွင် ဗုဒ္ဓ၏ဩဝါဒများကို ယုံကြည်သက်ဝင်ကြခြင်း ဖြစ်သည်။ ခေတ်အလျောက်လည်း ပြန့်ပွားမှုများ ရှိလာသည်။ ယခုဆိုလျှင် ဗုဒ္ဓဘာသာကျောင်းတော် ၇၅၀၀၀ ခန့်ရှိပြီး ဘုန်းတော်ကြီး နှစ်သိန်းခန့်ရှိသည်ဟု ဆိုပါသည်။

ဆင်းတုတော်များကို ဗုဒ္ဓကျောင်းတော်များတွင် တစုတစည်းတည်း တွေ့ရသည်များလည်း ရှိသည်။ ဖော်ပြပါပုံမှာ ကွန်ဂျီကီဒိုခန်းမဆောင်၌ တွေ့ရသော ဆင်းတုများဖြစ်ပြီး စုစုပေါင်း ၃၃ ဆူရှိပေသည်။ အမီဒါနိုအီ ဗုဒ္ဓကျောင်းတော်လည်း ဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဗုဒ္ဓဘာသာယဉ်ကျေးမှု ထုံးဓလေ့နှင့် ဆက်နွယ်ပြီး သိမ်မွေ့သောအနုပညာနှင့် ဆက်စပ်ပေသည်။

မောင်ကောင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကြိုဖြည့်စွမ်းသို့ တက်စာ သက်စာများ

**ဓနုဖြူ ဆရာတင်**

အစာလည်းဆေး ဆေးလည်းအ်စာ၊ စားတတ်တော့ဆေး မစားတတ်တော့ဘေး ဟုဆိုကြသည်။ အစာဟူသည် သက်ရှိသတ္တဝါတိုင်းအတွက် လိုအပ်သလို စဉ်းစားချင့်ချိန်ကာ စားသောက်တတ်ပါမှ ခန္ဓာကိုယ်အတွက် အာဟာရ ဖြစ်ထွန်းပေလိမ့်မည်။ သို့မဟုတ်ပါက ဘေးဒုက္ခနှင့် တွေ့ကြုံကာ အသက်ကိုပင် ဒုက္ခပေးတတ်ချေ၏။

ဤ၌ အစားအသောက်နှင့် စပ်လျဉ်း၍ မိမိတို့အတွက် အကျိုးအပြစ်တို့ကို ဝေခွဲသိသာနိုင်စေရန် တက်စာ၊ သက်စာတို့ကို ခွဲခြားတင်ပြပါမည်။ ထိုအစာတို့အား မိမိတို့ ကိုယ်ခံစွမ်းအားဖြင့် သင့်၊ မသင့် ချင့်ချိန်စားသောက်ခြင်း၊ ရှောင်ကြဉ်ခြင်းဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းတို့ ရရှိပါလိမ့်မည်။

- ကြက်ဟင်းခါးသီးသည် သလိပ်ကြေ၏။ သွေးတက်စေသော အစာဖြစ်၏။
- ကွမ်းရွက်သည် သလိပ်ကို ကြေစေ၏။
- လိပ်ဥသည် ရင်ပြည့်ရင်ကယ် ဖြစ်စေ၏။ သွေးတက်စေသော အစာဖြစ်၏။
- ကန်စွန်းဥသည်လည်း လိပ်ဥနှင့် မခြား၊ ရင်ပြည့်ရင်ကယ်လျက် သွေးတက်စေ၏။
- ဘဲဥသည် သွေးတက်စေသော အစာဖြစ်၏။
- ပဲမြစ်သည် ရင်ပြည့်စေ၏။ သွေးတက်စေ၏။
- သံပရာသီးသည် လေကို ကြေစေ၏။ သွေးကို တက်စေ၏။
- လိမ္မော်သီး၊ ရှောက်ချိုသီးသည် သွေးသလိပ်ကို ကြေစေ၏။
- သကြား၊ သခွားသီးတို့သည် သွေးတက်စေသော အစာဖြစ်၏။
- အုန်းထမင်းသည် သွေးကို တက်စေ၏။
- ပျားရည်သည် ဓာတ်ကိုလွယ်စေ၏။ သွေးကို တက်စေ၏။
- ငါးဥ၊ ငါးအူတို့သည် ဝမ်းကို ပုပ်စေ၏။ သွေးကို တက်စေ၏။
- ပဲကြီး၊ အုန်းသီးတို့သည် လေပူထစေ၏။ သွေးကို တက်စေ၏။
- ဝက်သား၊ ကျွဲနို့တို့သည် လေကို ချုပ်စေ၏။ သွေးကို တက်စေ၏။
- ထောပတ်သည် လေကိုရှင်စေ၏။ သွေးကို တက်စေ၏။
- နွားနို့၊ ဆိတ်နို့တို့သည် လေကို ရှင်စေ၏။ သွေးကို တက်စေ၏။
- ဆီးသီးသည် သလိပ်ကို ကြေစေ၏။ သွေးကို တက်စေ၏။
- မုန့်ဆီကြော်သည် လေကို ကြေစေ၏။ သွေးကို တက်စေ၏။
- ရှောက်ရွက်သည် လေကို ချုပ်စေ၏။ သွေးကို တက်စေ၏။
- ခရမ်းသီးသည် သွေးကို တက်စေ၏။
- ဆားသည် လေကို ကြေစေ၏။ သွေးကို တက်စေ၏။
- သရက်သီးသည် ရင်ကို ပြည့်စေ၏။ သွေးကို တက်စေ၏။
- ကြံသကာသည် သွေးကို တက်စေ၏။
- ဒူးရင်းသီးသည် ရင်ကိုပြည့်စေ၏။ သွေးကို တက်စေ၏။
- ဩဇာသီးသည် ရင်ကိုပြည့်စေ၏။ သွေးကို တက်စေ၏။
- အုန်းရည်သည် သွေးကို တက်စေ၏။
- ကြက်သွန်နီသည် သလိပ်ကို ကြေစေ၏။ သွေးကို တက်စေ၏။
- ပုစွန်တုပ်သည် ဓာတ်ကို ချုပ်စေ၏။ သွေးကို တက်စေ၏။

➔



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

- ငရုတ်သီးသည် သွေးကို တက်စေ၏။
- ချဉ်ပေါင်ရွက်သည် သွေးကို တက်စေ၏။
- ငါးရှဉ့်သည် လေကို ကြေစေ၏။ သွေးကို တက်စေ၏။
- ရွှေဖရုံသီး၊ ကျောက်ဖရုံသီးသည် ရင်ကို ပြည့်စေ၏။ သွေးကို တက်စေ၏။
- ငါးပြေမသည် လေကို ထန်စေ၏။ သွေးကို တက်စေ၏။
- မြင်းသားသည် သွေးကို တက်စေ၏။
- ကျွဲသားသည်လည်း သွေးကို တက်စေ၏။
- ငှက်ပျောသီး၊ ငှက်ပျောဖူးတို့သည် သလိပ်ကို ထစေ၏။ သွေးကို တက်စေ၏။
- ကြောင်လျှာသီး၊ ကြောင်လျှာရွက်တို့သည် သွေးကို တက်စေ၏။
- ပြောင်းဖူးသည် ရင်ကိုပြည့်စေ၏။ သွေးကို တက်စေ၏။
- သဘော်သီးသည် လေကိုကြေစေ၏။ သွေးကို တက်စေ၏။
- သလဲသီးသည် ရင်ကိုပြည့်စေ၏။ သွေးကို တက်စေ၏။
- ငါးရံ့သည် သွေးကို တက်စေ၏။
- ပိန်းဥ၊ မြောက်ဥတို့သည် ရင်ကို ပြည့်စေ၏။ သွေးကို တက်စေ၏။
- နံနံပင်သည် သွေးကို တက်စေ၏။
- သရက်ကင်းဥသည် သွေးကို တက်စေ၏။

သို့ဖြစ်ပေရာ မိမိတို့၏ ကိုယ်ခံစွမ်းအားပေါ်တွင် အခြေပြုလျက် ရှောင်သင့်သည်ကို ရှောင်၊ စားသင့်သည်ကို စား။ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်ရန် သတိပြုဖို့လိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။

❐ နေဖြူဆရာတင်

# ကြက်သွန်

## အနီ အဖြူ

**ဆန်းဝင်း (အောင်မြေ)**

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ (ရွှေရင်အေးစေတီတော်မြတ်ကြီး တည်ရှိရာ နတ်စင်လမ်း၊ ရွှေရင်အေးမြကန်တော်မင်္ဂလာရှေ့ ဗေဒင်ဟောခန်းရှိရာ) အိမ်သို့ မြို့နယ်စာရေးဆရာ အသင်းဝင် နေမျိုးထက်(ဟသ်ာတ) သည် လွယ်အိတ် ကြိုးရှည်ကြီးလွယ်လျက် အိမ်ဝသို့ရပ်ပြီးလျှင် . . .

"ဗျို့ ဆရာဆန်း ခြံဝမှာ ခွေးရှိတယ်၊ ကိုက်မလား မသိဘူး"

"လာ မောင်သောင်းအေး၊ သူ ကိုက်ချင်စိတ်ရှိမှ ကိုက်တာပါ။ ကိုက်ချင်စိတ် မရှိရင် ကိုက်မှာမဟုတ်ပါဘူး"

"အဟား ဒီလိုလား၊ ဒါဆို မကိုက်ဘူးပေါ့ ဝင်ခဲ့မယ်"

"အေး . . . လာလာ"

မောင်သောင်းကား နာမည်ရင်းဖြစ်၍ ယခင် ဘက်ထရီ မောင်သောင်း နာမည်ဖြင့် စာများစရေးပြီး လပြည့်ဝန်းနှင့် ဂန္ဓာရီမဂ္ဂဇင်းတို့တွင် နေမျိုးထက်(ဟသ်ာတ)နှင့် ရေး၏။ ထို့ကြောင့် စာရေးသူ ခေါ်နေကျ မောင်သောင်းလို့သာ ခေါ်ကြသည်။ ထိုင်မိလေသောအခါ ရေနွေးကြမ်းဗန်း ချပေးပြီးနောက် . . .

"ကဲ မင်း လာရင်းကိစ္စရှိလား၊ ဘာမေးစရာရှိလဲ ပြော"

"အင်း. . . ခဲဆိပ် မှိုဆိပ် မြွေဆိပ် အဆိပ်အကြောင်းတွေကို ဆောင်းပါးရေးပြီး လပြည့်ဝန်းပို့တာ နှစ်ခုတော့ ပါပြီးပြီဗျ၊ တစ်ခုကျန်သေးတယ်၊ အခုလတော့ ဆရာ့ဆီက သိချင်တာလေး မေးချင်လို့"

"ဘာကိုသိချင်ပြီး ဘာကိုမေးမှာလဲ. . . ကဲ"

"ကျွန်တော်တို့ နေ့စဉ် အိမ်တိုင်း မလွတ်တမ်းစားသုံးနေတဲ့ အစားအစာထဲက ဆေးဖြစ်တဲ့ဟာမျိုးဗျာ၊ အဲဒါ စုံစုံစေ့စေ့ သိချင်တယ်၊ ဆရာပြောပြပါဦး"

"မင်းပြောတဲ့ နေ့စဉ် အိမ်တိုင်းစားသုံးတဲ့ အစားအစာထဲကဆိုတော့ အင်း . . . အနီးဆုံး အစွမ်းလဲထက်တဲ့ ကြက်သွန်နီအကြောင်း မသိချင်ဘူးလား"

"အား ဟုတ်ပြီ၊ ဆရာရှင်းပြပါ၊ အများအတွက်ပေါ့"

➔



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

"အေး . . ကြက်သွန်နီက အိမ်တိုင်း မရှိမဖြစ် အသုံးဝင်ပစ္စည်းပဲကွ၊ ကြက်သွန်နီဥကြီး အကြောင်း၊ ကဲ လိုက်သာ မှတ်ပေတော့၊ ကျားပဲဖြစ်ဖြစ် မပဲဖြစ်ဖြစ် အားကုန်နေတယ်၊ အားကုန်သလို ခံစားနေရတယ် ဆိုပါတော့"

"ဟုတ်ကဲ့ အဲဒါဆိုရင်"

"အင်း . . . အဲဒါဆိုရင် ကြက်သွန်နီဥကြီးကို မီးဖုတ်ရမယ်၊ ပြီးတော့ စားရမယ်ပေါ့ကွာ"

"ဘယ်လောက်စားရမလဲ"

"သုံးလုံးလောက်ပေါ့၊ အားအင်တွေ တိုးလာမယ်၊ နောက်တစ်ခုက ထိခိုက်မိလို့ သွေးထွက်မယ်၊ ဒဏ်ရာရမယ် ဆိုပါတော့၊ ရေစင်အောင်ဆေး သန့်ရှင်းအောင်ပြုလုပ်ပြီး ကြက်သွန်နီကို ထောင်းရမယ်၊ ပြီးတော့ အဲဒီဒဏ်ရာနေရာကို အုံပေးရမယ်၊ ဒါဆို အမြန်လဲပျောက်မယ်၊ ငန်းမန်းလဲကျမယ်"

"ဟုတ်သားနော်"

"နောက်ပြီး ကျားပဲဖြစ်ဖြစ် မပဲဖြစ်ဖြစ် ဆီးအောင့်တယ်၊ ဆီးချုပ်တယ် ဆိုကြပါစို့၊ အဲဒီလိုဖြစ်လာရင် . . ."

"လုပ်ပုံလေးကို ပြောပါဆရာ"

"ခုနလိုပဲ ထောင်းပြီး ဆီးခုံပေါ် အုံပေးထားရမယ်တဲ့၊ ဒါဆို ဆီးအောင့်တာ ဆီးချုပ်တာ ပျောက်သွားမယ်"

"ကောင်းလိုက်တာ၊ ဆက်ပါဦး ဆရာ"

"နောက်တစ်ခုက ပွေးညှင်း တင်းတိပ် စွဲမယ်ဆိုရင် ကြက်သွန်နီကို အရည်ရအောင် လုပ်ရမယ်၊ ဥပမာ လက်ဖက်ရည်ပန်းကန်တစ်ဝက် သံပရာရည်တစ်ဝက် ရောစပ်ပြီး လိမ်းပေးရမယ်၊ နံနက်တစ်ကြိမ် ညတစ်ကြိမ်ပေါ့"

"ဒါဆို ပျောက်ပြီလား"

"သေချာတယ်၊ ပျောက်ပြီးသားပဲ"

"ကြက်သွန်ဥနီကို ပါးပါးလှီးရမယ်၊ ဥပမာ တစ်ဆယ်သားပေါ့၊ ပြီးရင် နေပူပြ၊ တော်တော်လေးထပ်သွားရင် သကြားနဲ့ ယိုထိုးကွာ၊ စားလို့ရပြီပေါ့၊ အဲဒီဟာကတော့ ဆီးကျောက်ကပ်အနာနဲ့ အဖြူဆင်းတယ်ဆိုတာတွေ ပျောက်ကင်းတယ်၊ ထမင်းရည်ပူလောင်တာ၊ ဆီပူလောင်တာ၊ ရေနွေးပူလောင်တာ ခံရတဲ့သူတွေအတွက်တော့ ကြက်သွန်နီအရည်ရအောင်လုပ်ပြီး လိမ်းပေးရမယ်တဲ့၊ အနည်းဆုံး သုံးရက်ဆက်လိမ်းမယ်ဆိုရင် အမာရွတ်တောင် ပျောက်နိုင်သတဲ့"

"တယ်ကောင်းဗျာ"

"နောက်တစ်ခုက သွားကိုက်တယ် ဆိုပါတော့၊ အဲဒီသွားနဲ့ ကြက်သွန်နီကို တစ်ကိုက်ပြီးတစ်ကိုက် ကိုက်လိုက်၊ ငုံလိုက်၊ ထွေးလိုက် လုပ်ရမယ်၊ တစ်နေ့ကို သုံးခါသာလုပ် ပျောက်လိမ့်မယ်"

"ဟုတ်ကဲ့၊ မှတ်သားစရာပါ"

"ကလေးတွေ သန်ထိုးလို့၊ ဗိုက်ထဲ သန်တွေများလို့ ကလေးတွေ အနေခက်နေရင် ကြက်သွန်နီ သုံးလုံးလောက်ကို ပါးပါးလှီး၊ ရေသန့်သန့်ထဲ ထည့်စိမ်ပြီးတော့ အဲဒီကြက်သွန်နီစိမ်ရည်ကို နံနက် နေ့လယ် ညနေ တစ်ဇွန်းစီ သုံးရက်ဆက်တိုက်တယ်ဆိုရင် . . ."

"ကလေးတွေ သန်ကျစေတယ်၊ စားသမျှ အာဟာရဖြစ်တယ် ဒီလိုလား ဆရာ"

"မှန်တယ်၊ ဆီးနဲ့ကျောက်ကပ်နာရှိရင်လဲ ကောင်းတယ်"

"ဟန်ကျတာပဲဗျာ"

"နောက်တစ်မျိုးက နားကိုက်တယ် ဆိုပါတော့"

"နားကိုက်တာ ဟုတ်ကဲ့၊ ဘယ်လိုလုပ်မလဲ"

"ကြက်သွန်နီကို မီးဖုတ်၊ နွေးသွားပြီဆိုရင် နားထဲကို သုံးစက်လောက် ရအောင်ညှစ်ထည့်ပေး၊ ပျောက်ပြီလို့ မှတ်"

"ဩော်"

"ခေါင်းဆံပင်အရင်း ဦးရေထဲမှာ ဖောက်တွေ သန်းတွေ ထူနေလို့ အနေခက်တယ်ဆိုပါတော့၊ ကြက်သွန်နီဥကို ထက်ပိုင်းပိုင်းပြီးတော့ တစ်ခေါင်းလုံး တိုက်ပေးရမယ်၊ ပြီး ခေါင်းလျှော်ပေါ့"

"ရှုန်ပူတွေ အားကိုးစရာ မလိုဘူးပေါ့"

"မလိုဘူး၊ ရှေးတုန်းကတည်းက သုံးလာတာ"

"ဟုတ်ကဲ့၊ မှတ်သားစရာပါ"

"ဆန်အိုးထဲ ပိုးတွယ်ပြီဆိုပါတော့၊ မင်း ဘာလုပ်မလဲ"

"ဆန်ကောနဲ့ပြာမယ်"

"ကြက်သွန်နီ သုံးဥလောက်သာ ထည့်ထားလိုက်"

"ဟန်ကျတာပဲ ဆရာဆန်းရယ်"

"အင်း . . . ဆံပင်တွေကျွတ်လို့ တစ်ခေါင်းလုံး ပြောင်မတတ်ဘဲ ဆိုပါတော့၊ ကြက်သွန်နီနဲ့သာတိုက် မည်းမှောင်နေတဲ့ဆံပင်တွေ ပြန်ပေါက်တော့တာပဲဟေ့၊ အဲ အိမ်တွေမှာ သူခိုးပါ ကင်းဝေးဖို့ ကြက်သွန်နီဥကို ကြိုးနဲ့ ထောင့်လေးထောင့်မှာ တွဲလောင်းသာ ဆွဲထားပေတော့ မောင်သောင်းရေ့ အဲဒါ ကြက်သွန်နီသုံးပုံတွေနော်"



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

"ကောင်းလိုက်တာ ဆရာဆန်း၊ အနီတော့ သိရပြီ အဖြူရဲ့အသုံးကျပုံလေးများလဲ သိချင်ပါသေးတယ်"

"အင်း . . . ကြက်သွန်ဖြူကတော့ ဆေးပေါင်းခတဲ့ ကြက်သွန်ဖြူလို့တောင် ပြောရမယ်၊ တစ်နေ့တစ်လုံး စားမယ်ဆိုရင် ခန္ဓာကိုယ်နုပျိုစေမယ်၊ အာရုံကြောတွေ အားရှိမယ်၊ နှလုံးနဲ့ကျောက်ကပ် အားကောင်းလာမယ်၊ သွေးသန့်ပြီး သွေးလည်ပတ်မှု ကောင်းမွန်မှန်ကန်မယ်၊ ယောင်တဲ့ရောဂါ၊ အိပ်မပျော်တဲ့ ရောဂါ၊ ဒူလာရောဂါ၊ မီးယပ်ရောဂါ၊ ပန်းနာ၊ သွေးတိုးရောဂါ၊ ဆုံဆို့နာရောဂါ၊ တီဘီအဆုပ်နာ၊ ခံတွင်းပျက်ရောဂါ၊ အစာမကြေ၊ လေငန်းသန်ထရောဂါ၊ လေချုပ်ရောဂါ ဒါတွေကို တစ်နေ့တစ်လုံး စားရုံနဲ့ ပျောက်နိုင်တယ်လို့ ယောအတွင်းဝန်မင်းကြီးရေးတဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ အသေအချာ ဆိုထားသဗျာ"

"သိပါပြီ ဆရာဆန်းရေ၊ နဂိုးချုပ် မှတ်စရာလေးများ ရှိရင် လုပ်ပါဦး"

"မနုဖြူမြို့အရှေ့ဘက် စံကင်းအနားက ဇလုတ်ကြီးကျောင်း ဆရာတော်ကြီးက ငါတို့ဝတ်ပြုတော့ မင်းတို့ နောင်မှတ်ရအောင် အခုပဲ အရကျက်စမ်း၊ လိုက်ဆိုကြဆိုလို့ မင်းတုန်းမင်းကြီး စားခဲ့တဲ့ ဆေးနည်းတစ်ခု၊ အဲဒါက. . ဆိပ်ဖူး၊ လင်းနေ၊ ကြောင်ပန်းဖက်၊ ဆား၊ စမုန်နက်၊ ကြက်သွန်ဖြူ ဘူမ္မရာဇာ၊ ရှိန်းခိုရွှေ အမျှယူ (အလေးချိန် အတူယူခြင်း) သွေးတကူနဲ့ လေတကူ ရေနွေးပူနဲ့ဖျော်တာသောက် လေမျိုးရှစ်ဆယ်အကုန်ပျောက် အီးပေါက်တဲ့ဆေးတဲ့ဟေ့"

"ဟား ကောင်းသဗျာ၊ ကြက်သွန်ဖြူက ပါသေး၊ မင်းတုန်းမင်းဆေး ဆိုတော့ ကောင်းပ့ါဗျာ၊ ကဲ ကြက်သွန်နီ ကြက်သွန်ဖြူအကြောင်း မီးဖိုချောင်က ဆေးတစ်ပါးကိုသိရလို့ ဝမ်းသာပါတယ်၊ မှတ်လဲ မှတ်ပါတယ်၊ ရေးလဲ ရေးပ့ါမယ်၊ အများအကျိုးရှိတာကိုး"

"ငါ မနက်ဖြန်မြို့ထဲသွားမှာ"

"ဘာကိစ္စ"

"ဟ. . . စာမူပို့ဖို့ပေ့ါကွ မောင်သောင်းရဲ၊ ကြက်သွန်အကြောင်းရေးပြီး ပြီလေ၊ ပို့ဖို့ပဲရှိတော့တာ"

"ဟာ ဗျာ. . . လုပ်ပြီ"

❐ ဆန်းဝင်း(အောင်မြေ)

<u>ကျမ်းကိုး</u> * ဥတုဘောဇနသင်္ဂဟကျမ်း၊ ယောမင်းကြီး ဦးဘိုးလှိုင်။ * ဆေးကျမ်းမှတ်စု၊ ခိုင်မြအေး၊ ဘီအီးဒီ။

## မျက်စိအမြင် ထာဝရကြည်စေချင်

**မိုးစက်အဏ္ဏဝါ (ရောဝတီ)**

မျက်စိသည် လူခန္ဓာကိုယ်တစ်ခုလုံးတွင် အနူးညံ့ဆုံး အလုပ်အများဆုံးနှင့် အရေးပါဆုံး အရာတစ်ခုလည်း ဖြစ်သည်။ ထိုမျက်စိအတွက် ထာဝရ အမြင်ကြည်လင်စေရန် နည်းတစ်ခုကို မိဘပြည်သူ စာဖတ်ပရိသတ်များအတွက် ရှာဖွေတင်ပြလိုက်ပါသည်။

ဤနည်းသည် ကျေးဇူးရှင် မြိုင်ကြီးငူဆရာတော် ဦးသုခန၏ မူလကမ္မဋ္ဌာန်း နည်းပြဆရာ ဖြစ်တော်မူသော ရသေ့ကြီး ဦးမဟာအောင်ဗောဓိ၏ လက်စွဲအသုံးပြုခဲ့သော နည်း ဖြစ်ပါသည်။

ရသေ့ကြီးသည် အသက်အားဖြင့် (၇၅) နှစ်ကျော်ပြီ ဖြစ်သော်လည်း ကျန်းမာသန်စွမ်းလျက်ရှိပြီး အထူးသဖြင့် မျက်စိသည် အလွန်ပင် ကောင်းမွန်ကြည်လင်လှ၏။ ယခင်ထီလက်မှတ်အဟောင်းများမှ နောက်ကျောပါ စာလုံးအသေးများကိုပင် မျက်မှန်မကူဘဲ ဖတ်၍ရဆဲဖြစ်သည်။

ထိုသို့ မျက်စိအမြင် အားကောင်းစေရန် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များထဲမှ ဆေးဖက်အသုံးဝင်လှသော မြင်းခွာရွက်တစ်ရွက်ကို သတ္တုရည်ညှစ်၍ နေ့စဉ် ခတ်ပေးလေ့ရှိသဖြင့် ယခုလို မျက်စိအားကောင်းရကြောင်း မိန့်ကြားခဲ့ပါသည်။

❐ မိုးစက်အဏ္ဏဝါ

<u>ကျမ်းကိုး</u>

မြိုင်ကြီးငူဆရာတော်၏ သက်တော် (၆၀) ပြည့် ဂုဏ်ပြုမှတ်တမ်း စာအုပ်ကို မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဆေးရဲ့ဘေးဒဏ် ကင်းဝေးရန်

ဖျာပုံ ရည်လွင်အောင်

"တိမ်မလိုလိုနဲ့နက် လွယ်မလိုလိုနဲ့ခက်" ဆိုသော စကားဟာ မြန်မာမှုနယ်ပယ်မှာ တကယ်ပဲကျယ်ပြန့်လှသလို တကယ်လည်း လေးနက်သော အဓိပ္ပာယ်နဲ့ ပြည့်စုံလှတဲ့ စကားတစ်ရပ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ အမှန်တကယ်တော့ လောကမှာ လွယ်တဲ့အရာဟာ ဘယ်အရာမှ မရှိပါဘူး။ ဒါကြောင့်လည်း "ဆရာမပြ၊ နည်းမကျ" ဆိုတဲ့စကားလည်း ရှိခဲ့ခြင်း ဖြစ်ပါတယ်။

"လွယ်ပါတယ်၊ ဒီလောက်တော့ ဘာခက်တာမှတ်လို့လဲ" ဆိုတဲ့စကား၊ "ဒါတော့ သူပြောမှလား" ဆိုတဲ့ စကားတွေဟာ ပညာရပ်တစ်ခု အသိတစ်ခုအပေါ်မှာ လေးလေးနက်နက်မထားသော "ရေပေါ်အဆီ"တွေနဲ့ ရပ်တည်နေကြတဲ့ လူပေါ်၊ လူညံ့၊ အနှစ်မဲ့အတွေး၊ အနှစ်မဲ့စကားတွေပဲ ဖြစ်ပါတယ်။

တကယ်တော့ "လွယ်ပါတယ်" ဆိုတဲ့ စကားဟာ ခက်ပါတယ်ဆိုတဲ့ အရာတွေကို ကျော်ဖြတ်ပြီးမှ အသိနဲ့ ပညာ ပေါင်းစပ်လို့ရလာတဲ့ ကောင်းမြတ်တဲ့ ရလဒ်တစ်ခုကို နိုင်နင်းစွာ ပိုင်ဆိုင်ပြီးမှသာလျှင် "ဒါကတော့ အလွယ်လေးပါ"လို့ ဆိုတဲ့စကားမျိုးကို သုံးသင့်တယ်။ ဒါမှလည်း ဒီအသုံးဟာ ပညာရှိ နှလုံးကလာတဲ့ ပညာရှိအသုံးစကားပဲ ဖြစ်လိမ့်မည်။

ဒီနေရာမှာ "ပညာ"ဆိုတဲ့ စကားရပ်နဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ အနည်းငယ်ချဲ့ချင်ပါတယ်။ အများအပြား ကျယ်ကျယ်ပြန့်ပြန့် သိခြင်း၊ ကောင်းကောင်းဆိုးဆိုး မည်သည့်အကြောင်းအရာကိုမဆို အမှန်အတိုင်း သိရှိခြင်းသည် ပညာဆိုသော စကားရဲ့ အဓိပ္ပာယ်ပင် ဖြစ်သည်။

ထို့ကြောင့် ပညာသည် အလင်းရောင်နှင့် တူ၏။ အလင်းရောင်သည် အမှောင်ကို ပယ်ဖျောက်နိုင်သလို ပညာ (သိခြင်း)သည်လည်း၊ မောဟ(မသိခြင်း)ကို ပယ်ဖျောက်နိုင်ပါသည်။ ထို့ကြောင့်ပင် "ပညာသမာ အာဘာနတ္ထိ = ပညာနှင့်တူသော အရောင်အလင်းမရှိ" ဟူ၍ ဗုဒ္ဓက ဟောကြားခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ပညာနဲ့ပတ်သက်လို့ (၁) စိန္တာမယပညာ = မိမိဉာဏ်ရည်ဖြင့် ကြံစည်သိခြင်း (၂) သုတမယပညာ = ပညာရှိစကားနားထောင်သိမြင်ခြင်း (၃) ဘာဝနာမယပညာသည် အခြေခံအကျဆုံးပညာပင် ဖြစ်ပါသည်။

သို့ကြောင့်လည်း ဗုဒ္ဓက ဗုဒ္ဓဝင်ပါဠိတော်၌ "ပရိပုစ္ဆံ ဗုဓံဇနံ၊ ပညာပါရမိတံဂန္တာ" အစချီလျက် "ပညာရှိထံ မေးမြန်းကာ၊ ပညာပါရမီသည် အထွတ်အထိပ်သို့ ရောက်စေ၏" ဟု ဟောကြားခဲ့သော တရားတော်ဟာ သုတမယပညာ၏ အခြေခံကျမှုအပေါ်ကို ဖော်ပြခဲ့ခြင်းပင် ဖြစ်ပါတယ်။

ဤသည်နှင့်ပတ်သက်၍ လောက၌ အခြေခံ ပညာမရှိသူသည် မည်သည့်ပညာကိုမဆို မိမိအလိုအလျောက် (စိန္တာမယပညာဖြင့်) သိနိုင်မည်မဟုတ်ချေ။ မိမိမှာ အခြေခံပညာရှိလာရန် ပညာရှိများထံမှာ ရှေးဦးစွာ နည်းခံသင်ယူရပေဦးမည်။

ဤသို့ဖြင့် အခြေခံ(သုတမယ) ပညာရပြီးမှသာ ကြံသိ (စိန္တာမယ) ပညာကို ပိုင်ဆိုင်နိုင်မှာဖြစ်ပြီး ဉာဏ်ပညာကို အခြေခံပါပါ ရှာဖွေတတ်ပါမှ ပညာရှိစာရင်းတွင် ဝင်နိုင်မည်ဟု ဆိုခြင်းဖြစ်ပါတယ်။

ဒါကြောင့် လောကမှာ လွယ်ကူသောအရာ၊ လွယ်ကူသောပညာဟူသည် မရှိ။ လွယ်ကူစွာသိနိုင်ဖို့ ဟူသည် အလွန်တရာပင် ခဲယဉ်းလှသည်ဟု ဆိုချင်ပါတယ်။ ဤသို့ သိရန် အလွန်တရာမှ ခဲယဉ်းလှသော ပညာရပ်များစွာထဲမှ ကျွန်တော်တို့ များသောအားဖြင့် ရေးသားဖော်ပြနေကြတဲ့ မြန်မာ့ဆေးပညာရပ်ဟာလည်း တစ်ခုအပါဝင်ဖြစ်ပါတယ်။

တိမ်မယောင်နဲ့လည်း နက်ပါတယ်၊ လွယ်မယောင်နဲ့လည်း ခက်ပါတယ်။ ဤမျှ ခက်ခဲနက်နဲလှသော အဖိုးတန်အတတ်ပညာတစ်ရပ်ကို သတိရင်မှာမချပ်ဘဲ တတ်သယောင်စကား တတ်သယောင်အကြွားတွေနဲ့ တတ်သယောင်ကားလုပ်ကြ၊ ကုကြ၊ ရေးကြ၊ သုံးကြ တာဟာ အန္တရာယ်ကို အလွယ်နဲ့လည်း ရမ်းမကုကြပါနဲ့။ ပျောက်တယ်ဆိုတဲ့ ဆေးတိုင်းလည်း ရမ်းမသောက်ကြပါနဲ့။

အထူးပြောချင်တာကတော့ ယနေ့ ဂမ္ဘီရမဂ္ဂဇင်းတော်တော်များများမှာ ဖော်ပြပေးနေကြတဲ့ ဆေးမြီးတိုတွေကိုလည်း ယုံကြည်စိတ်ချစွာ အရမ်းမသုံးကြပါနဲ့လို့ ဆိုချင်ပါတယ်။

ဘာကြောင့်လဲဆိုလျှင် "ဆေးကြောင့်လေး" ဆိုတဲ့ အနက်ဟာ အသက်ဝါလှပါတယ်။ ဆေးရဲ့နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေဟာ ပညာရှိမှသာ သိနိုင်သော အကြောင်း အရင်တွေးပါ။





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဆိုရခြင်းဟာ မြန်မာ့ဆေးမြီးတိုကို အထင်သေးလို့ မယဉ်ကျေးစွာ ပြောဆိုခြင်း မဟုတ်ပါဘူး၊ မြန်မာ့ဆေးနဲ့ မြန်မာ့ဆေးမြီးတိုကို အမြတ်တနိုးနဲ့ ကျွန်တော်ကိုယ်တိုင်ပင် တန်ဖိုးထားသူ တစ်ယောက်ပါ။ ဒါကြောင့်လည်း ကျွန်တော်ဟာ မဂ္ဂဇင်းတော်တော်များများ မြန်မာ့ဆေးနှင့် မြန်မာ့ဆေးမြီးတို အကြောင်းတွေကို မကြာခဏဆိုသလို ရေးဖြစ်ခဲ့ပါတယ်။

ကျွန်တော်ရေးခဲ့တဲ့ ဆေးမြီးတိုတွေဟာ အမှန်တကယ်ပဲ အရေးကြုံလျှင် သက်လုံကောင်းဆိုသလို အရေးပေါ် အသုံးပြုဖို့အတွက် ရှေးသမားအစဉ်အဆက် သုံးစွဲခဲ့တဲ့ ဆေးနည်းတွေကို နောင်သမားတော်တွေ အလွယ်တကူ သုံးစွဲနိုင်ရေး၊ အသုံးချနိုင်ရေးတို့အတွက်၊ ပညာကို လက်ဆင့်ကမ်းသယ်ဆောင်ပေးခြင်းမျှသာ ဖြစ်ပါတယ်။

ဆေးအကြောင်းနဲ့ ပတ်သက်လို့ မသိမတတ်သေးသူတွေကို သိသယောင်ကြွား၍ သိယောင်ကားလုပ်ခြင်းမျိုး မဟုတ်ပါဘူး၊ "နားလည်တတ်သိ ရာသီကိုကြည့် ဆေးနဲ့ညှိ" တတ်တဲ့ ပညာရှိတို့အတွက် တစ်ဖက်တစ်လမ်းက တတ်စွမ်းသမျှ ဖော်ထုတ်ကြခြင်းရယ်ပါ။

ဒါကြောင့်လည်း ကျွန်တော်ဟာ စာဖတ်သူတွေအတွက်ကိုတော့ ဆေးဖြစ်စရာတွေထက်၊ ဘေးဖြစ်စရာတွေကို ခဏခဏထောက်ပြရင်း၊ ဆေးအခြေခံ အသိလေးတွေကို သိကြပါစေတော့ရယ်ဆိုတဲ့ စေတနာနဲ့ ကျွန်တော်လက်လှမ်းမီသမျှ ရှာဖွေစုဆောင်းရင်း မကြာခဏဆိုသလို ရေးသားဖော်ပြခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ယခုလည်း ဂန္ဓာရီမဂ္ဂဇင်း ၂၀၁၁၊ ဧပြီလထုတ်မှာ ဖော်ပြခဲ့ပြီးဖြစ်သော "မြန်မာ့ဆေးမြီးတို အသုံးနှင့် သိထားသင့်သော အချက်များ" ဆောင်းပါးကဲ့သို့သော သိသင့် မှတ်သင့်သည့် ဆေးပညာပေးဆောင်းပါးလေးများကို ဆက်လက်ရေးသားပါဦးလားလို့ တိုက်တွန်းကြတဲ့ ကျွန်တော့်ရဲ့ မိတ်ဆွေများ တိုက်တွန်းချက် စကားအရ ကျွန်တော်ဖတ်မှတ်လေ့လာစုဆောင်းထားသမျှတွေထဲက စာဖတ်သူအတွက် အကျိုးများစေနိုင်မည်ထင်သော ဆောင်းပါးလေးများကို ဆက်လက်ရေးသားသွားဖို့ အားခဲရင်း ယခုဆောင်းပါးမှ ပြန်လည်ကာတင်ဆက်၍ အစပျိုးဖွင့်လှစ်လိုက်ခြင်း ဖြစ်ပါသည်။

တကယ်တော့ ဆေးဆိုတာဟာ သောက်တိုင်းကောင်းတဲ့အရာ မဟုတ်ပါဘူး။ ဒါကြောင့် ဆေးသောက်ရခြင်း အကြောင်းအချက်တွေကို ကြိုတင်ရှောင်နိုင်အောင် လေ့လာထားဖို့ တိုက်တွန်းလိုပါတယ်။ "ဒါဆို ကံကောင်းပြီ၊ ငါတို့ဘယ်လိုရှောင်ကြမလဲ" ဆိုတဲ့အချက်ဟာ မေးစရာအချက်တစ်ခု ဖြစ်လာပါတယ်။

ဟုတ်ပါတယ်။ ဒါဟာ မေးသင့်သော အချက်ပါ။ ဒီလိုမေးလာခဲ့မယ် ဆိုလျှင်တော့ ကျွန်တော် ဖြေချင်တာက ဒီလိုပါ။ ကြိုတင်ပြီး ဆောင်ပါ၊ ကြိုတင်ပြီး ရှောင်ပါ ဆိုတဲ့ စကားပဲ ဖြစ်ပါတယ်။

တကယ်တော့ ရောဂါတစ်ခု ဖြစ်ပေါ်မှုဟာ များသောအားဖြင့် မိမိရဲ့ပြောဆိုနေထိုင်မှု၊ လုပ်ကိုင်ကျင့်ကြံမှုမှာ မူတည်ပါတယ်။ ကျန်းမာအောင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ်။ ကျန်းမာအောင် ကိုယ်ကို တည်ဆောက်ရမယ်။ အစားမှန်ရမယ်။ အသွား မှန်ရမယ်။ အအိပ် မှန်ရမယ်။ အနေမှန်ရမယ်။ ဒါမှ ကျန်းမာရေးညီမယ်။

အစားမမှန်တော့ ဘာဖြစ်မလဲ၊ အစားမမှန်တော့ ဝမ်းမမှန်ဘူး၊ ဝမ်းမမှန်တော့ "ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲဘူး" ဆိုတဲ့ စကားကဲ့သို့ပဲ ဝမ်းမကောင်းတော့ ခေါင်းခဲရလိမ့်မယ်။ ဒါကြောင့် ဝမ်းကောင်းဖို့ဟာ အဓိကအခြေခံကျတယ်။

ထို့ကြောင့်လည်း ရှေးသမားတော်ကြီးတွေက "အစာအိမ်သည် ရောဂါအပေါင်းတို့၏ စတင်ဖြစ်ပွားရာ၊ အဆောက်အအုံကြီး တစ်ခုပင်ဖြစ်သည်" ဟူ၍ဆိုခဲ့ပြီ။ များသောအားဖြင့် ဆေးကုသရာ၌ အစာအိမ်ကို ဦးစားပေး၍ ကုသကြသည်ကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

အစာအိမ်ကို ကုသရခြင်း ဟူသည်မှာလည်း အစာအိမ်တွင် တည်ရှိသော ပါစကသတ္တိ ခေါ် ဝမ်းမီးကို ကုသခြင်းပင် ဖြစ်ပါတယ်။ ဤပါစကဝမ်းမီးနှင့် ပတ်သက်သော အကြောင်းကိုတော့ အကြောင်းတိုက်ဆိုင်သည့်အခါတွင် ရေးပြပါဦးမည်။ အခုအခါမှာတော့ အဆိုပါ ဝမ်းတစ်လုံးကောင်းရေးအတွက်သာလျှင် ဇောင်းပေး၍ ရေးသားသွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အစာအိမ်နဲ့ ပတ်သက်လို့ (၁) အာမာသယ=အစာသစ်အိမ်နဲ့ (၂)ပက္ကာသယ=အစာဟောင်းအိမ် ဟူ၍ နှစ်မျိုးရှိကြောင်းကို သတိထားရပါမယ်။

ရောဂါတို့မည်သည် အဆိုပါ အစာအိမ်နှစ်မျိုးကို အကြောင်းပြုရာမှ စတင်ဖြစ်ပေါ်တတ်သည်ဟူ၍ ဆေးကျမ်းတို့၌ဆိုထားရလေကာ ရောဂါကင်းဝေး နေနိုင်ရေးအတွက် ထိုအစာအိမ်တို့ကို အထူးဂရုပြု စောင့်ရှောက်မှသာလျှင် သင်လိုချင်တောင့်တ အာသီသသည် ပြည့်ဝနိုင်မှာ ဖြစ်ပါတယ်။

ထို့ကြောင့် အစာအိမ်မှစတဲ့ ရောဂါမဖြစ်ပွားအောင် ကြိုပြင်ကာကွယ် စောင့်ရှောက်နည်းများကို ဤနေရာမှ တင်ပြသွားမှာ ဖြစ်ပါတယ်။

အစာအိမ်ရောဂါဟာ အစားအသောက်ကြောင့် အများဆုံး ဖြစ်တတ်ပါတယ်။ အပြုအမူကြောင့် ဖြစ်ပွားသော အစာအိမ်ရောဂါမှာ နည်းပါးပါတယ်။ ရောဂါမဖြစ်စေလိုလျှင် အစာအိမ်ကို စောင့်ရှောက်ဖို့ လိုပါတယ်။ ရောဂါသည် များသောအားဖြင့် အစာအိမ်ကြောင့်သာဖြစ်တယ်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဗုဒ္ဓစာပေများမှာ "အာဇိဏ္ဏကံ ရောဂမူလံ" (အစာမကြေညက်ခြင်းသည် ရောဂါဖြစ်ခြင်း၏ အကြောင်းဖြစ်၏) ဟုဆိုထားပါသည်။

သို့အတွက် ရောဂါများ မဖြစ်ရလေအောင် အစာအိမ်ရောဂါ ကြိုတင်ကာကွယ်နည်းများကို အောက်ပါအတိုင်း တင်ပြ ရေးသားလိုက်ရပါတော့သည်။

အစာအိမ်သစ်ကို ကြိုတင်ကာကွယ်နည်းများ. .

၁။ အစာကို ဗိုက်ပြည့်အောင် မစားရခြင်း။

၂။ အစာစားပြီးနောက် ချက်ချင်းမအိပ်ရ။

၃။ အစာကို မဆာလောင်ဘဲမစားရ။

၄။ စိတ်သည် မအီမသာဖြစ်နေသော် အစာကို မစားရ။

၅။ လင်နမစ်၊ ဆိုဒါ၊ ရေခဲ၊ ဖရဲ၊ သခွား၊ ပဲ၊ စိမ်းစားဥ တို့ကို အမြဲစားသောက်ခြင်းသည် အစာအိမ်ကို အားနည်းစေသည်။ ထို့ကြောင့် အမြဲမစားသောက်ရ များများမစားသောက်ရ။

၆။ အချိန်မှန်စားတတ်ခြင်းသည် ကျန်းမာစေတတ်၏။ မကြာမကြာ အချိန်မရွေး စားသောက်ခြင်းသည် မကျန်းမာတတ်။ ထို့ကြောင့် အစာကို အချိန်မှန်မှန် စားပါ။

၇။ ရေကိုအသက်မရှူဘဲ တစ်ခါတည်း များစွာမသောက်ရ အနည်းငယ်စီ သောက်ရမည်။ သို့မဟုတ်ပါက အစာအိမ်ရှိ အပူငြိမ်းသွားတတ်သည်။ ထို့ကြောင့် ရေတစ်ဖန်ခွက်ကို သောက်မည်ဆိုလျှင် သုံးကြိမ်မျှ အသက်ရှူ၍ သောက်ပါ။

အစာဟောင်းအိမ် ကာကွယ်နည်းများ . . .

၁။ သာမညရောဂါမျိုး၌ မည်သည့်အခါမျှ ဓာတ်မနုတ်ရ။

၂။ ဝမ်းမနုတ်မီ နှစ်ရက် သုံးရက်မှလည်းကောင်း၊ သို့မဟုတ် ဝမ်းနုတ်ပြီး ရှစ်ရက် ၁၀ ရက်လောက်အထိ ကြေညက်လွယ်သော အစာကို စားရမည်။

၃။ ဝမ်းနုတ်ပြီးနောက် ၁၅ ရက်အထိ နွား၊ နွားလှည်း၊ မြင်း၊ မြင်းလှည်းတို့ကို မစီးရ။

၄။ ဝမ်းနုတ်ဆေးတွင် ပွေးကိုင်းပါခဲ့သော် အရွက်ကိုသာ အသုံးပြုပါ။ အရိုးများပါလာပါက ရွေးပစ်ပါ။ နှင်းဆီပန်းကို အတူထည့်သုံးပါက အစာဟောင်းအိမ်ရောဂါ မဖြစ်နိုင်ပါ။

၅။ အကယ်၍ ဝမ်းနုတ်စဉ်ပြုခဲ့သော် ဖာလာနှင့် ပူဒီနာကို ဝါးခိုင်းပါ။

၆။ ဝမ်းနုတ်ပြီးနောက် ချက်ချင်းမအိပ်ရ။

ဤသည်တို့မှာ အစာသစ်အိမ်နှင့် အစာဟောင်းအိမ်ကို ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နည်းများပင် ဖြစ်ပါတယ်။

အကယ်၍ ဤသို့ ကြိုတင်ကာကွယ်နည်းများ မပြုလုပ်နိုင်မီ အစာအိမ်တွင် ရောဂါဖြစ်ပွားခဲ့သော် . . .

၁။ အစာအိမ်ရောဂါအတွက် ပေးသောဆေးသည် အလွန့်အလွန် ကြေညက်သော ဆေးမျိုးမဖြစ်စေရ။ အနည်းငယ်ကြမ်းရမည်။ သို့မှသာ အစာအိမ်တွင် ကြာရှည်စွာနေ၍ အကျိုးဖြစ်ထွန်းနိုင်မည်။ အရည်အစာကြေ ဆေးမျိုးသည် လူကြီးများအတွက် မကောင်းဟူ၍ ဆိုသည်။

၂။ စေးခဲ့သောဆေးသည် အစာအိမ်ရောဂါအတွက် မကောင်း၊ ထို့ကြောင့် ချောင်းဆိုးခြင်း၊ ဝမ်းသက်ခြင်းနှင့် ယှဉ်၍ဖြစ်သော အစာအိမ်ရောဂါကို စေးခဲ့သော ဆေးများကို မကျွေးရ။

၃။ မွှေးကြိုင်သောဆေးများ ပူဒီနာ၊ ဇီရာ၊ ဖာလာကြီး၊ ကရဝေးရွက် စသည်တို့သည် အစာအိမ်အတွက် အလွန်အကျိုးပြုစေတယ်လို့ ဆိုပါတယ်။

ဤတင်ပြခဲ့သော အထက်ပါအချက်များမှာ အစာအိမ်သစ်၊ အစာဟောင်းအိမ်နှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် သိထားသင့်သော အချက်များ ဖြစ်တဲ့အတွက် အကျိုးကိုမြင်လျှင်ဆောင်၊ အပြစ်ကိုမြင်လျှင်ရှောင် ဆိုသည့် စကားအတိုင်း ဆောင်ခြင်း၊ ရှောင်ခြင်းဖြင့် ရောဂါကင်းကွာ စိတ်ချမ်းသာလျက် ကျန်းမာပကတိ ချမ်းသာစွာရှိပြီးသကာလ ဆေးတစ်ခွက်ရဲ့ ဘေးထွက်ဆိုးကျိုးတွေ ကင်းဝေးမှာဖြစ်ကြောင်း တင်ပြရင်း "အာရောဂျ ပရမာ လာဘာ" ဆိုတဲ့ စကားနဲ့အညီ ကျန်းမာခြင်းလာဘ်တစ်ပါးနဲ့ လောကကြီးမှာ နေထိုင်သွားနိုင်ပါစေဟူ၍ ဆန္ဒပြုရင်း ဤဆောင်းပါးကို ရေးသား တင်ပြလိုက်ရပါတော့သည်။

❒ ဖျာပုံ ရည်ဆွေဝင်းအောင်

<u>ကျမ်းကိုး</u>

ဗုဒ္ဓဘာသာကောင်းတစ်ယောက်
(သာသနာတော်ထွန်းကားရေးဦးစီးဌာန)
အာယုဗ္ဗေဒ ကုထုံးများ
ဆရာဦးတင်ဦး (ဓမ္မာစရိယ)



www.burmeseclassic.com

www.burmeseclassic.com

# ခန္ဓာကိုယ်အလေးချိန် လျှော့ချရန် ကိုယ်တိုင်ကိုယ်ကျ လေ့ကျင့်ပေးသူ ငှားရမ်းခြင်း

ဘိုခေ



အချို့သောသူများသည် ခန္ဓာကိုယ် အလေးချိန်လျှော့ချရန် အခက်အခဲ တွေ့နေကြသည်။ အချို့မှာမူ ခန္ဓာကိုယ်မှ အဆီလျှော့ချရန် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို မသိကြပါ။

အဝလွန်သောသူများအနေနှင့် အကူအညီ လိုအပ်လျက် ရှိနေကြသည်။

နေ့စဉ်နေ့တိုင်း လေ့ကျင့်ခန်း မှန်မှန်ကန်ကန် ပြုလုပ်နိုင်ရန် ကိုယ်တိုင်ကိုယ်ကျ လေ့ကျင့်သင်ကြားပေးသူ ငှားရမ်းခြင်းသည် အမှန်ကန်ဆုံးရွေးချယ်မှုဟူ၍ ယူဆနိုင်သည်။ အကယ်၍သာ ကိုယ့်ဘာသာကိုယ် တစ်ဦးတည်း လေ့ကျင့်ခန်းများ လုပ်မည်ဆိုပါက ငါးမိနစ်တစ်ကြိမ် အနားယူမည်မှာ ဖြစ်နိုင်ခြေများသည်။

အချို့မှာ မိမိဘာသာ မိမိတို့ အိမ်တွင်းရေးလေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ် အလေးချိန် လျှော့ချနိုင်မည်ဟု ထင်ကြပေမည်။ အမှန်တကယ်တော့ ကိုယ်တိုင်ကိုယ်ကျ လေ့ကျင့်ပေးသူ၏ အကူအညီကို ရယူခြင်းဖြင့် ပို၍ကောင်းသော အကျိုးရလဒ်ကို ရရှိနိုင်ပေလိမ့်မည်။ ဤနည်းဖြင့် ခန္ဓာကိုယ်မှ အဆီကို လျှော့ချနိုင်သည်။

အကယ်၍သာ သင်သည်လည်း ခန္ဓာကိုယ်အလေးချိန် လျှော့ချရန် စိတ်ဝင်စားပါက ကျန်းမာရေးဆိုင်ရာကွန်ရက်များတွင် ကြည့်ရှုစုံစမ်းနိုင်ပါသည်။

❐ ထိုခေ




www.burmeseclassic.com

www.burmeseclassic.com

# နေ့စဉ်လေ့ကျင့်ခန်းအတွက်

## လက်ရုံးရည်နှင့် ပြုစုပျိုးထောင်ပေးမှုတို့၏ အရေးပါမှု

ဘိုခေ



လူတို့သည် နေထိုင်မကောင်းဖြစ်ချိန်တွင် မိမိတို့၏ ကျန်းမာရေးအတွက် စိုးရိမ်တတ်ကြသည်။ အချို့သောသူများသည် မိမိတို့၏ ခန္ဓာကိုယ်အား ကျန်းမာစေရန် အခက်အခဲများ တွေ့ကောင်းတွေ့နိုင်ကြသည်။ ကျန်းမာရေးကို အလေးမထားသည့် အချိန်အခါတွင် နာမကျန်းဖြစ်ရန် လွယ်ကူသွားတတ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် လက်ရုံးရည်နှင့် ပြုစုပျိုးထောင်ပေးမှုတို့သည် အရေးပါလာသည်။

အချို့သောသူတို့သည် ကြံ့ခိုင်မှုနှင့် ပြုစုပျိုးထောင်ပေးမှုတို့ကို အလေးမထားကြပါ။ အချို့သူများသည် အမြန်ပြင်အစားအစာများနှင့် အာဟာရမပြောက်သော အစားအစာများကို စားသုံးရန် ဝန်မလေးတတ်ကြပါ။ ခန္ဓာကိုယ်၏ ကြံ့ခိုင်မှုရှိမှသာ ခန္ဓာကိုယ်အား ပို၍ကျန်းမာလာအောင် စွမ်းဆောင်မှု ပေးနိုင်ပေလိမ့်မည်။

လက်ရုံးရည်နှင့် ပြုစုပျိုးထောင်ပေးမှုတို့ကို တိုးပွားစေရန် ကိုယ်တိုင်ကိုယ်ကျ လေ့ကျင့်ပေးသူများသည် မိမိတို့၏ သင်တန်းသူ သင်တန်းသားများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော သင်ခန်းစာ လေ့ကျင့်မှုများကို အထူးစီစဉ်ဆောင်ရွက်ပေးလျက် ရှိနေကြသည်။

လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် အခက်အခဲများ တွေ့ရသည့်အခါ လက်ရုံးရည်နှင့် ကြံ့ခိုင်မှုတို့သည် အလွန်အရေးပါလာသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် ကြံ့ခိုင်မှုရှိစေရန် ကိုယ်တိုင်ကိုယ်ကျ သင်ကြားလေ့ကျင့်ပေးသူများသည် သူတို့၏နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပေလိမ့်မည်။

❒ ဘိုခေ




www.burmeseclassic.com

www.burmeseclassic.com

# ကာယလေ့ကျင့်ခန်းနေရာတွင်
# အချိန်ကို အလဟဿ မဖြစ်ပါစေနှင့်

ဘိုခေ



ပိန်သွယ်သော အမျိုးသမီးများ၏ အလှအပကို ပို၍ အလေးပေးဖော်ပြကြသဖြင့် ခန္ဓာကိုယ်အလေးချိန် လျှော့ချခြင်းသည် အလွန်မှအရေးပါသော အကြောင်းအချက် ဖြစ်လျက်ရှိနေသည်။ ပိန်သွယ်သော ကိုယ်ဟန်ပြ ဥရောပ အမျိုးသမီးများ၏ ပုံများကို ဖက်ရှင်မဂ္ဂဇင်းများတွင် ဖော်ပြလာခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် လျှော့ချလိုစိတ်သည် ပြင်းပြလျက်ရှိလာသည်။

ထို့ကြောင့် အမျိုးသမီးအများစုသည် မျက်နှာဖုံး ကိုယ်ဟန်ပြမယ်များကဲ့သို့ ၎င်းတို့၏ ခန္ဓာကိုယ်အား သွယ်လျနေစေရန် ကြိုးပမ်းလျက် ရှိနေကြသည်။ ဤအကြောင်းကြောင့် အမျိုးသမီး တော်တော်များများမှာ ခန္ဓာကိုယ်အလေးချိန် လျှော့နည်းစေရန် ကာယလေ့ကျင့်ခန်းများ ပြုလုပ်သည့် နေရာများကို သွားကြသည်။

စူပါကိုယ်ဟန်ပြ အမျိုးသမီးများ၏ ကာယအလှသည် အလွန်မှကြည့်ကောင်းသဖြင့် အမျိုးသမီးများသည်လည်း ထိုသို့သော ကိုယ်ကာယမျိုး လိုချင်စိတ် ရှိနေကြသည်ကို ငြင်း၍မရပါ။ သို့ပါ၍ ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရာနေရာတွင် မိမိတို့၏ တန်ဖိုးရှိသော အချိန်များကို အလဟဿ မဖြစ်စေရန် အရေးကြီးပါသည်။

အမှန်တကယ် ခန္ဓာကိုယ်မှ အဆီကိုလျှော့ချရန် အရေးတကြီး ဆောင်ရွက်ရာတွင် အချိန်ကို တန်ဖိုးထား အသုံးချခြင်းသည် မိမိတို့လိုချင်သော ကာယအလှကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပေသည်။

❒ ဘိုခေ



www.burmeseclassic.com

www.burmeseclassic.com



# သက်သတ်လွတ်စားခြင်းနှင့် အာဟာရဓာတ်

### သက်သတ်လွတ်စားခြင်း

လူသားတို့သည် မိဘမျိုးရိုး ယဉ်ကျေးမှု အစဉ်အလာအရလည်းကောင်း၊ ကိုးကွယ်သည့် ဘာသာအယူအဆအရ လည်းကောင်း၊ ကျန်းမာရေးအရ လည်းကောင်း၊ သတ္တဝါအပေါင်းတို့ကို သနားကရုဏာသက်မိ၍လည်းကောင်း ၊မစားလိုသော ဆန္ဒကြောင့် လည်းကောင်း အသားငါးစားခြင်းမှ ရှောင်ကြဉ်ကြ၏။

သက်သတ်လွတ် စားကြသူများသည် အသားငါးစားသုံးခြင်းမှ ရှောင်ကြဉ်တတ်ကြသလို အချို့က ဥအမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများကိုပါ ရှောင်ကြသည်။ ထို့ပြင် ဆန္ဒပြင်းထန်သူများသည် တိရစ္ဆာန်ထွက် ပစ္စည်းအသုံးအဆောင်များဖြစ်သော သားရေဖိနပ်၊ သားရေအိတ်၊ သိုးမွေးထည်၊ ပိုးထည်များပါမကျန် ရှောင်ကြဉ်တတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သက်သတ်လွတ်စားခြင်းကြောင့် ကျန်းမာရေးကို အထူးကောင်းမွန်စေနိုင်သည် ဟူသော အယူအဆသည် ဟိုရှေးယခင်ကတည်းက အစဉ်အလာ ရှိခဲ့၏။

အသက်ရှည်ကျန်းမာသူ အများစုကို လေ့လာကြည့်သည့်အခါ သက်သတ်လွတ်စားသူ အများစု ပါဝင်နေသည်ကို တွေ့ရသည်ဟူ၏။

အသက်တစ်ရာကျော် ရှည်သူများ၌ပင် သက်သတ်လွတ်စားသူများက အများစု ဖြစ်နေ၏။ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုးကို လုံးဝအဖြစ်နည်းစေပြီး အခြားနောက်ဆက်တွဲရောဂါနှင့် ဆက်နွှယ်မှုရှိသော ဆင့်ပွားရောဂါများမှလည်း ကင်းပစေနိုင်ပါသည်။

နှစ်ရှည်သက်သတ်လွတ်စားသူများသည် အသားအရေကို စိုပြည်လှပနုပျိုစေခြင်း၊ နာတာရှည်ရောဂါအဖြစ်နည်းစေခြင်း၊ ကိုယ်ခန္ဓာကို ပုံမှန်အနေအထားတွင် ထိန်းသိမ်းထားနိုင်ခြင်း၊ သွေးအတွင်းရှိ မကောင်းသော LDL ကိုလက်စထရောများကို လျှော့နည်းစေနိုင်ခြင်း၊ အမျိုးအစား အမှတ်(၂) ဆီးချိုရောဂါဖြစ်မှု လျော့နည်းစေနိုင်ခြင်း၊ ကင်ဆာရောဂါများမှ ကာကွယ်ပေးခြင်း၊ သွေးတိုးရောဂါ အဖြစ်နည်းစေခြင်း၊ နှလုံးရောဂါဖြစ်နှုန်း ကျဆင်းစေခြင်း၊ အဝလွန်ခြင်းမှ သက်သာစေခြင်းနှင့် (၉၆) ပါးသော ရောဂါဝေဒနာများမှ သက်သာ လွတ်ငြိမ်းစေနိုင်ပါသည်။

တိရစ္ဆာန်အသားစားခြင်းမှ ရရှိနိုင်သော အသားဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဘီဓာတ်၊ သံဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ သွပ်ဓာတ်၊ အခြားသတ္တုဓာတ်နှင့် အာဟာရဓာတ်များကို လည်းကောင်း၊ ငါးစားခြင်းဖြင့် ရရှိနိုင်သော အထက်ပါ အာဟာရဓာတ်များအပြင် ဗီတာမင်အေဓာတ်၊ ဗီတာမင်ဒီဓာတ်၊ ဗီတာမင်အီးဓာတ်၊ သတ္တုဓာတ် တစ်မျိုးဖြစ်သော အိုင်အိုဒင်းဓာတ်များကိုလည်းကောင်း စနစ်တကျ သက်သတ်လွတ်စားခြင်းဖြင့် ပြည့်ပြည့်စုံစုံ ရရှိနိုင်၏။

မည်သို့ပင်ဆိုစေကာမူ နှစ်ရှည်သက်သတ်လွတ်စားခြင်းကြောင့် ကိုယ်ခန္ဓာအတွင်း အာဟာရ တစ်မျိုးမဟုတ်တစ်မျိုးလျော့နည်းချို့တဲ့စေနိုင်ပါသည်။ သို့ဖြစ်၍ ကိုယ်ခန္ဓာ အာဟာရလိုအပ်ချက်ပြည့်စုံစေနိုင်ရန် အစားအစာမျိုးစုံကို လုံလောက်စွာ မျှတစားသုံးပေးရမည်။ ဆန် ဂျုံ ပြောင်း ပဲအမျိုးမျိုး၊ လတ်ဆတ်ကောင်းမွန်သော ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံ အရောင်အမျိုးမျိုးနှင့် အစေ့အဆန် မျိုးစုံကို နေ့စဉ် စားသုံးပေးရန် လိုအပ်ပါသည်။

## သက်သတ်လွတ်စားသောဓလေ့

အကြောင်းအမျိုးမျိုးကြောင့် သက်သတ်လွတ်စားသော ဓလေ့သည် မြန်မာလူမျိုးများ၌သာမက တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးတွင်လည်း သူ့နည်းသူ့ဟန် လက်ခံစားသုံးကြ၏။ လူ့အသိုင်းအဝိုင်းထဲတွင် နှစ်ပေါင်းထောင်နှင့်ချီ၍ ထွန်းကားခဲ့သော ဓလေ့ဖြစ်ပါသည်။ ကမ္ဘာ့အရှေ့ခြမ်းရှိ ဟိန္ဒူဘာသာဝင်၊ ဗုဒ္ဓဘာသာဝင်၊ ဂျိမ်းဘာသာဝင် သက်သတ်လွတ်ဂိုဏ်းဝင်များသည် သက်သတ်လွတ်စားခြင်းကို အထူးအလေးထား လိုက်နာကျင့်ကြံ ကုသိုလ်ယူကြသည်။

အိန္ဒိယနိုင်ငံတွင် ထွန်းကားခဲ့သော မဟာဝီရဘီစီ ၅၉၉-၅၂၇ ၏ ဇိနဂိုဏ်းဝင်များသည် သက်သတ်လွတ်စားခြင်းကို အထူးလိုက်နာကျင့်သုံးကြ၏။ သတ္တဝါတို့၏ အသက်ကို လွန်စွာအလေးထား၍ ဘေးမဲ့ပေးကြ၏။ မဟာဝီရ၏ ဇိနဂိုဏ်းဝင်တို့သည် သူ့အသက်ကို ထိပါးမည်စိုး၍ လယ်ယာစိုက်ပျိုးမွေးမြူရေးကို ရှောင်ရှားကြပြီး ကုန်သည်ပွဲစားအလုပ်မျိုးကို ဇောက်ချ လုပ်ကိုင်ကြသဖြင့် လွန်စွာ ချမ်းသာကြွယ်ဝကြ၏။ ခြင်၊ ပုရွက်ဆိတ်များပါ မကျန် ဘေးမဲ့ပေး ရှောင်ရှားကြသည်။

ခရစ်ယာန်ဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်သော သတ္တမဥပုသ်အသင်းတော်သည် သက်သတ်လွတ်စားသုံးခြင်းကို အပြည့်အဝမကျင့်သုံးနိုင်ကြသော်လည်း သားကြီးငါးကြီး စားခြင်းမှ ရှောင်ကြ၏။

ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းသည် သက်သတ်လွတ်စားသူများဖြစ်သည်ဟုဆိုသည်။ ရှေးအခါက ဘာသာရေးကို အခြေခံ၍ သက်သတ်လွတ်စားလာခဲ့ကြခြင်းဖြစ်သော်လည်း ယခုအခါ သတ္တဝါများကို ဘေးမဲ့ပေးလိုခြင်းနှင့် ကျန်းမာရေးကြောင့် သက်သတ်လွတ်စားသူများ တိုးပွားလာနေရခြင်းဖြစ်သည်။

လူသားတွေ အသိတရားနှင့် မေတ္တာတရား တိုးပွားလာသည်နှင့်အမျှ သက်သတ်လွတ်စားခြင်းသည် တိုးပွား၍လာနေမည်သာ ဖြစ်၏။ သက်သတ်လွတ်စားသူများသည် အသားစားသူများထက် နှလုံးရောဂါဖြစ်နှုန်း ရာခိုင်နှုန်း ၂၀ လျော့နည်းနိုင်သည်။ သက်သတ်လွတ်ကို ၅ နှစ် စားသူသည် နှလုံးရောဂါဖြစ်နှုန်း ၂၅ ရာခိုင်နှုန်း ကျဆင်းစေနိုင်ပြီး ၁၀ နှစ် စားသူသည် ရာခိုင်နှုန်း ၆၀ အထိ ကျဆင်းစေနိုင်သည်ဟု ဆိုသည်။

## သက်သတ်လွတ်စားခြင်းအကျိုး

ဟင်းသီးဟင်းရွက် အသီးအနှံများကို အားပြုစားသုံးသော သက်သတ်လွတ် စားသုံးသူများတွင် အစာချေဖျက်မှု လွယ်ကူစေ၍ ကျန်းမာရောဂါကင်းစေနိုင်၏။

သက်သတ်လွတ်စားသမားများသည် အသက်ကင်းသော ဟင်းသီးဟင်းရွက်မျိုးစုံ၊ အသီးအနှံ သစ်သီးဝလံမျိုးစုံ ပဲနှင့် အစေ့အဆန်များကို မျှတစားပေးခြင်းဖြင့် ရောဂါအမျိုးမျိုး ဖိစီးခံရခြင်းမှ ကင်းပကြပြီး နုပျိုအရွယ်တင်ခြင်း၊ ရောဂါဘယကင်းဝေးခြင်း၊ ကျန်းမာအသက်ရှည်ခြင်း စသော ကောင်းကျိုးများကို ရရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့သမိုင်းတွင် သက်သတ်လွတ်စား၍ အသက်ရှည်သော နာမည်ကျော် ပုဂ္ဂိုလ်များထဲတွင် ကမ္ဘာကျော် သင်္ချာပညာရှင်ကြီး အသားစားခြင်းကို ဆန့်ကျင်သူ ပိုင်သာဂိုရပ်စ်လည်း တစ်ဦး အပါအဝင် ဖြစ်သည်။

### သက်သတ်လွတ်နှင့် အာဟာရ

သက်သတ်လွတ် စားသူများသည် ကျန်းမာရေးအတွက် အာဟာရ မျှတပြည့်စုံရန်လို၏။ သက်သတ်လွတ်ကြောင့် အာဟာရချို့တဲ့ခဲ့ရပါက အကျိုးထက် အဆိုးဘက်ကို ဦးတည်သွားပါလိမ့်မည်။ အထူးသဖြင့် အသားငါးတို့မှ ရရှိနိုင်သော အစာအာဟာရများကို စနစ်တကျ ရှာဖွေစားသုံးတတ်ရန် လိုအပ်သည်။ ယင်းအစာအာဟာရများကို ဟင်းသီးဟင်းရွက်အမျိုးမျိုး သီးနှံသစ်သီးဝလံအမျိုးမျိုး ပဲအမျိုးမျိုးနှင့် အခွံမာသော အစေ့အဆန်အမျိုးမျိုးတို့မှ ရရှိနိုင်ပါသည်။

**သံဓာတ်**

သံဓာတ်သည် အမဲသား၊ ဆိတ်သား၊ ဝက်သား၊ သွေးခဲ၊ အသည်းများမှ အများဆုံးရရှိနိုင်သည်။ သွေးနီဥများအတွက် အထူးလိုအပ်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ သံဓာတ်ချို့တဲ့လျှင် သွေးအားနည်းသော သွေးဖျော့ရောဂါဖြစ်လာတတ်သည်။ သက်သတ်လွတ်စားသူများအတွက် သံဓာတ်ရရှိနိုင်သော အစားအစာများမှာ အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ သစ်သီးခြောက်များနှင့် အစေ့အဆန်များမှ ရရှိနိုင်သည်။

**သွပ်ဓာတ်**

ကိုယ်တွင်းအင်ဇိုင်းနှင့် ဟော်မုန်း ထုတ်လုပ်ရေးတွင် အရေးပါသည်။ အစွမ်းထက်သော ရောဂါကာကွယ်ပေးသည်။ အင်တီအောက်ဆီးဒင့်လည်း ဖြစ်သည်။ သက်သတ်လွတ်စားသူများအတွက် မချွတ်မဖွတ်ထားသော ဂျုံ၊ စပါး၊ အစိမ်းရောင် ဟင်းသီးဟင်းရွက်၊ ဆန်လုံးညို၊ ပဲအမျိုးမျိုး၊ အခွံမာ အစေ့အဆန်များမှ ရရှိနိုင်ပါသည်။

**အိုင်အိုဒင်းဓာတ်**

ဉာဏ်ရည်မမီခြင်းကို ကာကွယ်ပေးသည်။ အသားငါး မစားသူများအတွက် အိုင်အိုဒင်းဓာတ်ကို အိုင်အိုဒင်းဆား၊ အိုင်အိုဒင်းဓာတ် ပါသော သက်သတ်လွတ် ပင်လယ်အစားအစာ၊ ပင်လယ်ကျောက်ပွင့်များမှ ရနိုင်သည်။

**ကယ်လ်စီယမ်ဓာတ်**

အရိုးဖွံ့ဖြိုးမှုနှင့် သွားများသန်မာသန်စွမ်းစေရန် ကယ်လ်စီယမ်ခေါ် ထုံးဓာတ်သည် လွန်စွာအရေးပါလှသည်။ ကယ်လ်စီယမ်ဓာတ်ကို သက်သတ်လွတ်စားသူများအတွက် လတ်ဆတ်သော နွားနို့နှင့် နို့ထွက်အစားအစာများ၊ သီးနှံများ၊ ပဲအမျိုးမျိုး၊ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းဖြင့် ရရှိနိုင်ပါသည်။

**အသားဓာတ်**

ပရိုတင်း ခေါ် အသားဓာတ်သည် ကျန်းမာရေးအတွက် လွန်စွာ အရေးကြီး၏။ သက်သတ်လွတ်စားသူများအတွက် အသားဓာတ်ကို ပဲတောင့်ရှည်၊ ပဲပိစပ်၊ နှမ်း၊ ဂျုံ၊ ပြောင်း၊ မုယောစပါး၊ ပဲအမျိုးမျိုး၊ ဆန်၊ အုတ်ဂျုံ၊ ဖရုံစေ့၊ နေကြာစေ့၊ သီဟိုဠ်စေ့၊ ဇာဒ်စေ့၊ သစ်ကြားသီးများကို စားသုံးခြင်းဖြင့် ရနိုင်ပါသည်။

**ကစီဓာတ်**

ကိုယ်ခန္ဓာကို အဓိက စွမ်းအင်ဓာတ်ထောက်ပံ့ပေးသော ဓာတ်သည် ကစီဓာတ်ဖြစ်သည်။ ကစီဓာတ်ကြွယ်ဝသော အစားအစာများမှာ ဆန် ဂျုံ ပြောင်း၊ အာလူး အသီးအနှံများ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး ပေါင်မုန့်ကြမ်း၊ ဆန်လုံးညိုများ ဖြစ်သည်။ သက်သတ်လွတ်စားသူများတွင် အစာတစ်မျိုးတည်း မစားဘဲ မျိုးစုံစားပေးသင့်သည်။

**အဆီဓာတ်**

အင်အားဓာတ်ရရှိရန် လွန်စွာအရေးပါ၏။ တစ်ရှူးများ၊ ဟော်မုန်းများ ကောင်းမွန်ရန်နှင့် ဗီတာမင်အချို့ ဆီတွင် ပျော်ဝင်နိုင်ရန် အဆီဓာတ်လိုအပ်၏။ သက်သတ်လွတ် စားသူများအတွက် အဆီကို မြေပဲဆီ၊ သံလွင်ဆီနှင့် ဟင်းရွက်ဆီတို့မှ ရနိုင်သည်။

**ဗီတာမင်များ**

လူတို့အတွက် ဗီတာမင်များသည် အရေးကြီးသော သက်စောင့်ဓာတ်များ ဖြစ်သည်။

သက်သတ်လွတ် စားသူများအတွက် ဗီတာမင်အေကို အနီရောင်၊ အဝါရောင်၊ လိမ္မော်ရောင်ရှိသော ဟင်းသီးဟင်းရွက် သီးနှံမှ၊ ဗီတာမင်ဘီကို ဆန်၊ ဂျုံ၊ စပါး၊ ပဲ အမျိုးမျိုး၊ မှို၊ သစ်သီးခြောက်၊ အစိမ်းရောင် အရွက်များမှ၊ ဗီတာမင်စီကို ရှောက်နွယ်ဝင် အသီးများ၊ အာလူး၊ ဟင်းသီးဟင်းရွက်များမှ၊ ဗီတာမင်ဒီကို နေရောင်ခြည်နှင့် နို့ထွက်ပစ္စည်း အစားအစာများမှ၊ ဗီတာမင်အီးကို ဆီ၊ ဆန်၊ ဂျုံနှင့် အခွံမာသီး၊ အစေ့အဆန်၊ ကောက်နှံပင်များမှ၊ ဗီတာမင်ကေကို စပါး၊ ဂျုံ၊ ပြောင်း၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များမှ အသီးသီး ရရှိနိုင်သည်။

ဗီတာမင် အေ၊ ဒီ၊ အီး၊ ကေများသည် ဆီတွင်ပျော်ဝင်နိုင်သော ဗီတာမင်များ ဖြစ်သည်။ သက်သတ်လွတ်စားသူများသည် အထက်ပါ အစားအစာများ စုံလင်အောင် စားပေးရမည် ဖြစ်သည်။ သို့မှသာ သက်သတ်လွတ်စားခြင်း၏ ရည်ရွယ်ချက် အောင်မြင်နိုင်ပါလိမ့်မည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

❐ အောင်သုန်းမြင့် (ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



# အသည်းရောင် ဘီပိုးစီပိုးအန္တရာယ် ကြိုတင်ကာကွယ်

စီစီမြေး

ယနေ့ ကမ္ဘာပေါ်မှာ အဖြစ်များပြီး အသက်ကိုခြိမ်းခြောက်နေတဲ့ ရောဂါကတော့ အသည်းရောင် အသားဝါ ဘီပိုးအန္တရာယ်ပဲ ဖြစ်ပါတယ်။ အသည်းရောင်အသားဝါ ဘီပိုးဝင်ရောက်ခြင်းခံရသူများဟာ နှစ်ကြာလာတာနဲ့အမျှ နာတာရှည် အသည်းရောင်ရောဂါ၊ အသည်းခြောက်နာရောဂါများ ဖြစ်လာပြီး အသည်းကင်ဆာရောဂါအထိပါ ဖြစ်နိုင်ပါတယ်။

ဘီပိုးဟာ ဗိုင်းရပ်စ်ပိုးဖြစ်ပြီး အသည်းထဲကို ရောက်ရှိသွားရင် အသည်းရဲ့ လုပ်ငန်းဆောင်တာများ၊ အသည်းရဲ့ လုပ်ဆောင်ချက် ယန္တရားကို တိုက်ခိုက်တဲ့အတွက် အသည်းရဲ့ ဆောင်ရွက်မှုစွမ်းရည်များ ကျဆင်းလာပါတယ်။ အချိန်မီ ဘီပိုးကို ကုစားနိုင်ရင်ဖြစ်စေ၊ အသည်းအစားထိုး မကုသနိုင်ရင်ဖြစ်စေ အသက်အန္တရာယ်နဲ့ ကြုံတွေ့ရမှာ မလွဲမသွေပါပဲ။

ဒါကြောင့် အသားဝါလာမယ်ဆိုရင် ဘီပိုးရှိ့မရှိ သွေးစစ်ဆေးဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ အကယ်၍ ဘီပိုးတွေ့ပြီဆိုရင်တော့ အနေအထိုင် အစားအသောက်ကအစ ဆင်ခြင်ဖို့ လိုအပ်နေပါပြီ။ ဆင်ခြင်ရမယ့် အကြောင်းအချက်များကတော့ . . .

- * အရက်သေစာ သောက်စားခြင်း
- * ဆေးလိပ်၊ စီးကရက်သောက်ခြင်း
- * ကွမ်းစားခြင်း
- * တိရစ္ဆာန်ရဲ့ကလီစာ (ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ အမဲရဲ့ ဝမ်းတွင်းသား)
- * သံဓာတ်ပါဝင်တဲ့ဆေးများ ဖြစ်ပါတယ်။

မိမိမှာ ဘီပိုးကူးစက်နေပြီလို့ သံသယရှိတာနဲ့ ဆရာဝန်နဲ့ပြသပြီး ပဏာမအနေနဲ့ စမ်းသပ်စစ်ဆေးရပါမယ်။ ဘီပိုးရှိလျှင် ဆရာဝန်ရဲ့ညွှန်ကြားချက်အတိုင်း ဆေးကုသမှုကို ခံယူရပါမယ်။ ဆရာဝန်ကြီးများက လိုအပ်ပါက ဘီပိုးသတ်တဲ့ ဆေးဝါးများနဲ့ ကုသပေးမှာ ဖြစ်ပါတယ်။ ဘီပိုးရှိနေသူဟာ အမိကသတိထားရမယ့် အချက်ကတော့ . . .

- * သွေးလှူဒါန်းမှု မပြုရပါ။
- * လိင်ကိစ္စအတွက် ကွန်ဒုံးသုံးရင် ပိုပြီးကောင်းပါတယ်။

သွေးလှူဒါန်းခြင်းကြောင့် ဘီပိုးရှိတဲ့သွေးကို အခြားလူတစ်ယောက်ထံ ပေးသွင်းမိရင် ထိုလူမှာ ဘီပိုးကူးစက်စေနိုင်ပါတယ်။ ဒ့ါအပြင် ယောက်ျားရဲ့ သုက်ရည်မှတစ်ဆင့် ဘီပိုးကူးစက်စေနိုင်တဲ့အတွက် ကွန်ဒုံးသုံးရန် လိုအပ်ပါတယ်။

## ဘီပိုး ရှိ့မရှိ စမ်းသပ်စစ်ဆေးခြင်း

ဘီပိုးဟာ ခန္ဓာကိုယ်ထဲမှာ ဘယ်လောက်ရှိနေတယ်ဆိုတာ သိဖို့အတွက် ခြောက်လတစ်ကြိမ် ပုံမှန်သွေးစစ်ဆေးသင့်ပါတယ်။ သွေးစစ်တဲ့အခါမှာ HBV DNA သို့မဟုတ် HBe Ag ပမာဏကို တိုင်းတာရပါတယ်။ HBe Ag ပမာဏ တက်နေရင်တော့ လူသားများရဲ့ ခန္ဓာကိုယ်ထဲမှာ ဘီပိုးများ နေပြီဆိုတာ သေချာနေပါပြီ။

နောက်တစ်မျိုး တိုင်းတာချက်ကတော့ ALR လို့ခေါ်တဲ့ (Alanine Aminotrasferase) တိုင်းတာခြင်းကို သာမန်ထက် နှစ်ဆများနေရင် အသည်းရဲ့လုပ်ဆောင်နိုင်တဲ့ စွမ်းအားကျဆင်းနေပြီဆိုတာ သိနိုင်ပါတယ်။

နောက်ဆုံးစမ်းသပ်စစ်ဆေးချက်ကတော့ အသည်းက အသားစကိုယူပြီး ဓာတ်ခွဲစစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကိုတော့ (Liver Biopsy) လို့ခေါ်ပါတယ်။ အသားစကို စစ်ဆေးကြည့်တဲ့အခါ အသည်းရဲ့ ပျက်စီးမှုအခြေအနေကို တိတိကျကျ သိနိုင်ပါပြီ။ အဲဒီသုံးမျိုး စမ်းသပ်ကြည့်လို့ သာမန်အခြေအနေထက် မြင့်တက်နေလျှင် ဘီပိုးကူးစက်ခံနေရပြီဆိုတာ သိနိုင်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

အသည်းရောင်အသား[illegible] လူနာ[illegible]ဟာ အသည်းရောင်လာပြီး အသားဝါလာတာက အစပြုပါတယ်။ ဒီရောဂါကြောင့် ကမ္ဘာပေါ်ရှိ လူသားတစ်သိန်းကျော် နှစ်စဉ် သေဆုံးရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တင်ပြခဲ့ပါတယ်။ ဒီလိုသေဆုံးမှုများတဲ့အတွက် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ ဆေးသိပ္ပံပညာရှင်ကြီးများဟာ ဒီရောဂါကို ကာကွယ်နိုင်တဲ့ ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ကြပါတယ်။ အချို့ကလည်း စမ်းသပ်မှုအမျိုးမျိုး ပြုလုပ်ပြီး အဆင့်မြင့်ဆေးဝါးများ ထပ်မံထုတ်လုပ်ဖို့ ဆောင်ရွက်နေကြပါတယ်။

## အသည်းရောင် အသားဝါ စီပိုး

အသည်းရောင်အသားဝါ ဘီပိုးအပြင် အသည်းရောင်ခြင်းကိုဖြစ်စေတဲ့ စီပိုးဆိုတာလည်း ရှိပါတယ်။ ဘီပိုးရော၊ စီပိုးပါ ဗိုင်းရပ်စ်အမျိုးအစားတွေ ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ပိုး နှစ်မျိုးစလုံးဟာ လူသားတွေကို အန္တရာယ်ပေးနိုင်တဲ့အတွက် လူသားများရဲ့ ရန်သူစာရင်းဝင်များ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ စစ်တမ်းအရ ကမ္ဘာပေါ်ရှိ လူဦးရေ သန်း ၃၀၀ ခန့်မှာ ဗိုင်းရပ်စ်စီပိုး တွယ်ကပ်နေကြောင်း သိရှိရပါတယ်။ ဗိုင်းရပ်စ်စီပိုးဟာ အသည်းအဆီစုခြင်း၊ အသည်းခြောက်ခြင်းနဲ့ အသည်းကင်ဆာဖြစ်ခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။ အသည်း၌ အဆီစုခြင်းကို ဆေးပညာအခေါ်အဝေါ်အရ (Hepatic Steatosis) လို့ ခေါ်ပါတယ်။ အသည်းအဆီစုခြင်း ဆိုတာကတော့ အသည်းရဲ့ ကလာပ်စည်းများအတွင်း အဆီများလာပြီး ထိုအဆီစက်ကလေးများကို ဗိုင်းရပ်စ်ပိုးရဲ့ ပရိုတင်းများက ဖုံးအုပ်ထားခြင်း ဖြစ်ပါတယ်။

## အသည်းရဲ့ အခြေခံလုပ်ဆောင်ချက်များ

လူသားများ အသက်ရှင် ရပ်တည်ရေးအတွက် အသည်းရဲ့ လုပ်ဆောင်မှုဟာ အဓိကအရေးပါတဲ့ ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေပါတယ်။ အသည်းဟာ ခန္ဓာကိုယ်တွင်း အင်္ဂါများအနက် အကြီးဆုံးနဲ့ အလုပ်အရှုပ်ဆုံး အင်္ဂါဆိုရင်လည်း မမှားပါဘူး။ အသည်းဟာ ဝမ်းဗိုက်ရဲ့ ညာဘက်အပိုင်းမှာ တည်ရှိပြီး အဓိကအားဖြင့် အလုပ်လေးခု လုပ်ဆောင်ပါတယ်။

(၁) အသည်းဟာ သည်းခြေရည်ကိုထုတ်ပြီး သည်းဇဂြိရည်က အစာထဲမှ အဆီကို ချေဖျက်စုပ်ယူရာမှာ အထောက်အကူပြုပါတယ်။ ဒါ့အပြင် အစာထဲမှာ ပျော်ဝင်နေတဲ့ ဗီတာမင် အေ၊ ဒီ၊ အီးနဲ့ ကေ တို့ကိုလည်း စုပ်ယူပါတယ်။

(၂) အစားအစာအထဲမှာ ပါလာတဲ့ အာဟာရဓာတ်များကို ပြုပြင်ပြီး ခန္ဓာကိုယ် အနှံ့အပြားသို့ ဖြန့်ဝေပေးပါတယ်။

(၃) ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးထဲက အဆိပ်အတောက်တွေကို ရှင်းလင်းပြီး သန့်စင်ပေးပါတယ်။

(၄) [illegible] ပရိုတင်းဓာတ်များကို ထုတ်ပေးပါတယ်။ ဥပမာ ခန္ဓာကိုယ်ရောင်ရမ်းခြင်းကို ကာကွယ်နိုင်တဲ့ အယ်ဗျူမင်ဓာတ် (Albumin) နဲ့ ဒဏ်ရာရတဲ့အခါမှာ သွေးခဲစေတဲ့ (Coagulation) ပရိုတင်းများကို ထုတ်ပေးပါတယ်။

ဗိုင်းရပ်စ် ဘီပိုး၊ စီပိုး ဝင်ရောက်တဲ့အတွက် အသည်းရောင်ခြင်း ဖြစ်လာပါတယ်။ အသည်းရောင်လာတဲ့အတွက် အသည်းဟာ သူ့ရဲ့နေ့စဉ် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရာမှာ အပြည့်အဝ မလုပ်နိုင်တော့ပါ။ ဒီတော့ ခန္ဓာကိုယ်ရဲ့ကျန်းမာရေးဟာ တဖြည်းဖြည်း ချို့ယွင်းလာပါတယ်။

## ဗိုင်းရပ်စ်များကို ဘယ်လိုကာကွယ်မလဲ

အသည်းရောင်ဘီပိုးရောဂါရှင်များဟာ HBe Ag စမ်းသပ်ချက်မှာဖြစ်စေ၊ ALT ပမာဏ တိုင်းတာခြင်း အဖြေလွှာမှာဖြစ်စေ မြင့်တက်နေပါက ဗိုင်းရပ်စ်ပိုးသတ်ဆေး သောက်ဖို့လိုအပ်နေကြောင်း သိရမှာ ဖြစ်ပါတယ်။ ယခု ဘီပိုးသတ်ဆေးအဖြစ် ဈေးကွက်မှာ ဝင်ရောက်နေတဲ့ ဆေးများကတော့ အင်တာဖရွန် (Interferon ALFA 2 B) ဆေးနဲ့ လမ်မီဗျူဒင် (Lamivudin) ဆေး နှစ်မျိုးဖြစ်ပါတယ်။ ဒီဆေးများကို နာမည်ကြီးဆေးဝါးကုမ္ပဏီများက မှတ်ပုံတင်ပြီး ထုတ်လုပ်ထားပါတယ်။ အချို့ကလည်း ဒီဆေးတွေကို တုပပြီး တရားမဝင် ဖြန့်ဖြူးရောင်းဝယ်နေကြပါတယ်။ ဆေးဝါးအတုတွေဟာ အသည်း၊ ကျောက်ကပ်နဲ့ အစာအိမ်ကိုပါ ပျက်စီးနိုင်တဲ့အတွက် ဆရာဝန်ညွှန်ကြားချက်အတိုင်း စစ်မှန်တဲ့ဆေးဝါးကိုသောက်ဖို့ လိုအပ်ပါတယ်။

နောက်တစ်မျိုးကတော့ အသည်းမှ အသားစကိုယူပြီး စစ်ဆေးခြင်းပြုတဲ့အခါမှ အသည်းဟာ လွန်စွာပျက်စီးနေပြီဆိုရင်တော့ အသည်းအစားထိုး ကုသရမှာ ဖြစ်ပါတယ်။

## အသည်းရောင် စီပိုးသမားများအတွက်

အသည်းရောင် စီပိုးရောဂါကို ကာကွယ်ဖို့အတွက် သုတေသနပြုရာမှာ ယူကေနိုင်ငံနဲ့ ဟောင်ကောင်တက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့ဟာ စီပိုးကာကွယ်ရန် နည်းလမ်းတစ်ခုကို တွေ့ရှိခဲ့ပါတယ်။ အဲဒါကတော့ အသည်းရောင်ဗိုင်းရပ်စ်စီပိုးမှ ပရိုတင်း (Protein) နဲ့ အပင်ရဲ့ပရိုတင်းဖြစ်တဲ့ အိုလီရိုစင် (Oleosin) ဓာတ်တို့မှာ တူညီတဲ့အချက်များကို တွေ့ရှိရတဲ့အတွက် အသည်းရောင်စီပိုးအန္တရာယ်ကို ကုသနိုင်ဖို့ လမ်းစပေါ်လာခဲ့ပါတယ်။

သုတေသန ဆေးသိပ္ပံပညာရှင် ဒီနီမာဇီဦးဆောင်တဲ့ အဖွဲ့ဟာ ဆီထွက်တဲ့ အခွံမာအသီးရဲ့ အစေ့များကို လေ့လာခဲ့ကြပါတယ်။ အဲဒီအစေ့များရဲ့ ကလာပ်စည်းအတွင်းမှာ ရေတွင်မပျော်ဝင်တဲ့ ပရိုတင်းတစ်မျိုးဖြစ်တဲ့ အိုလီရိုစင်ပရိုတင်း



www.burmeseclassic.com

www.burmeseclassic.com

(Oleosin Protein) ကို စတင်တွေ့ရှိခဲ့ပါတယ်။ အဲဒီပရိုတင်းရဲ့ စွမ်းရည်မှာ ကလာပ်စည်းများအတွင်း၌ အဆီစက်ငယ်ကလေးများ တည်တံ့နိုင်ကြောင်း တွေ့ရှိခဲ့ကြပါတယ်။

ဗိုင်းရပ်စ်စီပိုးရဲ့ လုပ်ဆောင်ချက်မှ အဆီပုံမှန် လှည့်လည်ခြင်းကို တားဆီးပြီး အသည်းကလာပ်စည်းအတွင်း၌ အဆီများစုစေပါတယ်။ အိုလီရိုစင်ပရိုတင်းကလည်း အခွံမာအသီးမှာရှိတဲ့ အစေ့များရဲ့ ကလာပ်စည်းအတွင်းရှိ အဆီများကို စုစေပါတယ်။ ဆေးပညာရှင်များက အစေ့မှရရှိတဲ့ အိုလီရိုစင်နဲ့ ဗိုင်းရပ်စ်ပရိုတင်းဟာ အသည်းတွင်းမှ အဆီစက်ငယ်ကလေးများကို ကပ်ငြိစေပြီး ကွဲပြားတဲ့နေရာမှာ အမိုင်နိုအက်စစ် များစွာရှိအောင် ပြုလုပ်နိုင်ပါတယ်။

အဲဒီအချက်ကို ထောက်ရှုပြီး အသည်းရောင်စီပိုးကို အိုလီရိုစင်ပရိုတင်းနဲ့ အသုံးပြုပြီး ချေဖျက်နိုင်တဲ့ အမိကအချက်ဖြစ်ကြောင်း သုတေသနပြုနေကြပြီဖြစ်ပါတယ်။ ယခုအခါမှာ ဆေးပညာလောကကြီး တိုးတက်လာသလို သုတေသနပညာရပ်များလည်း တိုးတက်နေပြီ ဖြစ်ပါတယ်။ ဆေးဝါးများကလည်း ခေတ်မီဆေးဝါးများဖြစ်တဲ့အတွက် အသည်းရောင်ဘီပိုး စီပိုးရောဂါ ကာကွယ်ဆေးများလည်း ပေါ်ပေါက်နေပါပြီ။ ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်သလို ရောဂါဖြစ်လို့ အချိန်မီ ကုသမယ်ဆိုရင်လည်း လူသားတို့ သက်တမ်းစေ့နေနိုင်မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

❑ ရိရိဌေး

---

# ပွဲကြီးလမ်းကြီးတွေ သွားမယ်ဆိုရင်

**ကို မောင် သန်း ဝင်း**

"ရုပ်ရှင်သွားဖို့ အလှပြင်ရာတွင် မှန်တင်ခုံနဲ့ ကျွန်မမျက်နှာချင်းဆိုင် ××× အဆင်ဆန်းလေးတွေက သူ့ထက်ငါ အလှချင်းပြိုင်×××" ဆိုတဲ့ သီချင်းစာသားလေးကို လူတိုင်းကြားဖူးကြမယ် ထင်ပါရဲ့။

အမျိုးသမီးတိုင်းဟာ အလှအပကို မြတ်နိုးကြသူတွေ ဖြစ်ကြပါတယ်။ ဘယ်ခရီး ဘယ်ထီး၊ ဘယ်လမ်း ဘယ်ပန်းနဲ့ အဆင်ပြေမယ်၊ အဝတ်အစားက စလို့ပေါ့လေ။ အဆင်ပြေချောမွေ့အောင် ဝတ်ဆင်လို့ ခရီးသွားလာကြလေ့ရှိပါတယ်။

ဝတ်ဆင်ရာမှာလည်း အထက်အောက် အဆင်လိုက်ဖက်ဖို့ ပန်ရ တင့်တယ်စေဖို့လည်း စီစဉ်ရတယ်လေ။ မင်္ဂလာဆောင်တို့ ဘွဲ့ယူအခမ်းအနားတို့ ဖိတ်ကြားထားတဲ့ ပွဲကြီးလမ်းကြီးတွေ သွားကြရတဲ့အခါ ပိုဆိုးသေးရဲ့။ အပေါ်အင်္ကျီအောက်ထဘီ အဆင်ပြေအောင် ဝတ်ဆင်ရုံတင် မပြီးသေးပါဘူး။ ဝတ်ဆင်ရမယ့် လက်ဝတ်ရတနာတွေကအစ အင်္ကျီထဘီနဲ့ လိုက်ဖက်မယ့်အရောင် ရွေးချယ်ရတယ်။ ပန်ဆင်ရမယ့် ပန်းကိုလည်း ထို့အတူပဲပေါ့။ အရောင်အသွေးကို ရှာဖွေရတယ် မဟုတ်လား။

အဲသလို ပွဲသဘင်အခမ်းအနားတွေအတွက် ဝတ်ဆင်ခြယ်သ ပန်ဆင်မှုတွေ လုပ်ဆောင်ကြတာချည်း တူပေမယ့် အချို့ကျတော့လည်း ကိုယ့်နေ့နဲ့ လိုက်ဖက်မယ့်အရောင်တွေ၊ ရတနာတွေ၊ ပန်ရမယ့်ပန်းတွေကို ရွေးချယ်ဝတ်ဆင် လုပ်ဆောင်ကြတယ်လို့ ဆိုပါတယ်။

အဲဒီလို မိမိနေ့နဲ့ မိမိမွေးနေ့ မွေးနံနဲ့ ပတ်သက်လို့ပေါ့လေ ရှေးပညာရှင်တွေက တွက်ချက်ဖော်ပြထားတာ မရှိမဟုတ် ရှိနေပါတယ်။ ဟုတ်ပါတယ်။ လူတွေမှာ မိမိတို့ရဲ့ မွေးနံတွေနဲ့ လိုက်ဖက်တဲ့ အရောင်အဆင်း၊ စိုးမိုးတဲ့ ဂဏန်း၊ ဆောင်ရမယ့် ရတနာတွေနဲ့ အညွှန့်အမြစ်ဆိုတဲ့ ပန်းမန်တွေရှိကြောင်း ဆိုထားပါတယ်။

ပညာရှင်တို့ တွက်ချက်ဖော်ပြထားချက်အရကတော့ အောက်ပါ ဇယားအတိုင်း ဖြစ်ပါတယ်။ အခုမှာတော့ ဖော်ပြပါ အဆောင်ပန်းတွေ ပန်ဆင်ကြမယ် မဟုတ်ပါဘူး။ အခမ်းအနားတွေနဲ့ ပလဲန် မသင့်ပါဘူးလို့ ဆိုရပါမယ်။ တန်ဖိုးရှိ သစ်ခွပန်းအမျိုးမျိုး ပန်ဆင်သွားလာနေပါပြီ။ ဒါပေမဲ့ အချို့က ပညာရှင်တို့ရဲ့ အဆိုအမိန့်တွေကိုလည်း မပစ်ပယ်လိုတဲ့ ပုံစံမျိုးနဲ့ ဖော်ပြပါ အဆောင်ပန်းတွေကို လက်ကိုင်အိတ်ထဲ ထည့်လို့ဆောင်သွားကြပါတယ်တဲ့။ တစ်မူထူးခြားလို့ လုပ်ဆောင်နေကြတာ ဖြစ်မှာပါ။ မသိသူကျော်သွား သိသူဖော်စား သဘောမျိုးလို့ ဆိုရမှာပေါ့နော်။

| မွေးနေ့နံဝတ်စုံ | အရောင် | ရတနာ | အညွှန့်ပန်း |
|---|---|---|---|
| ၁-နွေ | ကြေးနီ | ပတ္တမြား | ကံ့ကော် |
| ၂-လာ | အဖြူ | ပုလဲ | မြဇာ၊ ဆီး |
| ၃-ဂါ | ကြက်သွေး | သန္တာနီ | ရွက်လှ၊ ခရေ |
| ၄-ဟူး | အစိမ်း | မြ ကျောက်စိမ်း | သပြေ မေမြို့ |
| ၅-တေး | အဝါ | ဥဿဖရား | သီဟိုဠ် သီး |
| ၆-ကြာ | ရောင်စုံ | စိန် | ထန်းဒ ဒေါနှ |
| ၇-နေ | မရမ်း | နီလာ | အုန်း |

❑ ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကစဉ့်ကလျားရောဂါ

ခေးလု



ဒီလ 'လပြည့်ဝန်း' စာဖတ် ပရိသတ်များအတွက် တင်ပြချင်တဲ့ အကြောင်းအရာက 'စိတ်ကစဉ့်ကလျားရောဂါ' (Schizophrenia) ရောဂါ အကြောင်း ဖြစ်ပါတယ်။

'စိတ်ကစဉ့်ကလျားရောဂါ' ဆိုတာ စိတ်ဖောက်ပြန်ခြင်း အမျိုးအစား အများကြီးထဲက တစ်ခုပါ။ ဒီရောဂါ အကြောင်း တချို့ သိသူတွေ ရှိမှာဖြစ်သလို မသိသေးတဲ့လူတွေလည်း ရှိမှာပါ။ တချို့ရုပ်ရှင်တွေမှာဆိုရင် ဒီရောဂါကို အကြောင်းပြုပြီး ရိုက်ကူးတင်ဆက်ထားတာတွေ ရှိပါတယ်။

တကယ့်အဖြစ်အပျက်လိုလို ထင်ယောင်ထင်မှားဖြစ်စရာ မြင်ကွင်းတွေကို မြင်လိုက်ရတာ၊ တကယ့်အသံတွေလို အသံတွေကို ကြားလိုက်ရတာတွေဟာ အဲဒီစိတ်ကစဉ့်ကလျားရောဂါ ဖြစ်ပွားနေသူ စိတ်ဝေဒနာရှင်တွေရဲ့ ထူးခြားချက်ပါပဲ။

ဒီလိုနဲ့ အဲဒီ စိတ်ဝေဒနာရှင်တွေဟာ တစ်ယောက်တည်း ငိုလိုက်ရယ်လိုက်၊ စကားတွေပြောလိုက်နဲ့ စိတ်ချောက်ချားစရာတွေ ခံစားနေကြရတာကို ရုပ်ရှင်ကားတွေမှာ ဖော်ပြပေးတတ်ကြလို့ အဲဒီလိုမျိုး ရုပ်ရှင်ကားတွေ ကြည့်ဖူးသူတွေအတွက်တော့ ဒီရောဂါရဲ့သဘောသဘာဝကို တစ်စုံတစ်ရာ သိထားပြီးသား ဖြစ်နေကြမှာပါ။

မြန်မာပြည်မှာ ရုပ်ရှင်မင်းသား 'ဝင်းဦး' သရုပ်ဆောင် တင်ဆက်ဖူးတဲ့ 'ဆောင်းအိပ်မက်' ရုပ်ရှင်ကားဟာ အဲဒီလို စိတ်ကစဉ့်ကလျားရောဂါ ဖြစ်နေတဲ့ ဇာတ်ကောင်တစ်ယောက်ကိုအကြောင်းပြုပြီး ဇာတ်အိမ်ဖွဲ့တင်ဆက်ထားတာ ဖြစ်ပါတယ်။ အဲဒီ ရုပ်ရှင်ကားထဲမှာ ဝင်းဦး သရုပ်ဆောင်ထားတဲ့ အဓိက ဇာတ်ကောင် 'ကျော်မင်း'ကို သူနဲ့ရုပ်ချင်းတူတဲ့ 'ဇော်မင်း' ဆိုသူက မကြာခဏ ပေါ်ပေါ်လာပြီး အမိန့်ပေးနေတယ်။ 'ကျော်မင်း' ဟာ 'ဇော်မင်း' ကို အလွန်ကြောက်ရပြီး သူခိုင်းတာမှန်သမျှ လိုက်လုပ်ခဲ့ရတယ်။ အိမ်ကို မီးနဲ့ရှို့ခိုင်းရင် ရှို့ရတယ်။ လူသတ်ခိုင်းရင် သတ်ရတယ်။ တကယ်က အဲဒီ 'ဇော်မင်း'ဟာ ပြင်ပလောကမှာ တကယ်ရှိနေတာ မဟုတ်ဘူး။ 'ကျော်မင်း'ဟာ စိတ်ကစဉ့်ကလျားရောဂါဝေဒနာရှင်ဖြစ်လို့ သူ့စိတ်ထဲမှာ 'ဇော်မင်း' တကယ်ရှိနေတယ်လို့ ထင်ခဲ့တာ ဖြစ်တယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ၂၀၁၁ခုနှစ် စစ်တမ်းအရ လူလေးဦးမှာ တစ်ဦးဟာ ဘဝရဲ့ တစ်ကြိမ်တစ်ခါမှာတော့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုခံယူဖို့ လိုအပ်တာကို တွေ့ရပါတယ်တဲ့။ ဒါပေမဲ့ အဲဒီလူတွေထဲက အနည်းစုသာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ခံယူဖို့ လိုအပ်တယ်ဆိုတာ လက်ခံကြပြီး အဲဒီလို လက်ခံထားသူတွေကတောင် တကယ်တမ်း ကျန်းမာရေး စောင့်ရှောက်မှု ခံယူတာ အတော်နည်းတယ်လို့ သိရတယ်။

ဒါဆိုရင် အများစုက ကိုယ့်မှာ စိတ်ပိုင်းဆိုင်ရာဝေဒနာ ဖြစ်တတ်တယ်ဆိုတာကို လက်မခံတတ်ဘူးဆိုတော့ အဲဒီအများစုထဲမှာ ပါဝင်သွားခြင်းမရှိရလေအောင် စိတ်ပိုင်းဆိုင်ရာဝေဒနာတွေအကြောင်း လေ့လာသင့်ကြတယ်လို့ ထင်မိပါတယ်။

စိတ်ပိုင်းဆိုင်ရာ ဝေဒနာတွေ အများကြီး ကွဲပြားတည်ရှိနေပေမယ့် အထူးတလည် စိတ်ဝင်စားစရာ စိတ်ဝေဒနာကတော့ စိတ်ကစဉ့်ကလျားရောဂါ ဖြစ်ပါတယ်။ အဲဒီ စိတ်ကစဉ့်ကလျားရောဂါအကြောင်းကို လေ့လာကြည့်ကြရအောင်။

စိတ်ကစဉ့်ကလျားရောဂါနဲ့ ပတ်သက်ပြီး ၁၈၉၁ ခုနှစ်မှာ ယူဘလူကာ (U Bleuker) ဆိုသူက အဲဒီရောဂါကို နာမည်တပ်ပေးခဲ့တာပါ။ မြန်မာလို စိတ်ကစဉ့်ကလျားရောဂါ လို့ခေါ်တဲ့ (ဒီလို မြန်မာပြန်ပေးခဲ့သူဟာလည်း စိတ်ရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာအုန်းမောင် ဖြစ်တယ်လို့ ယူဆပါတယ်။ မှားခဲ့ရင်လည်း ဝေဖန်ထောက်ပြပေးဖို့ မျှော်လင့်ပါတယ်။) စကာစ်ဇိုဖရီးနီးယား (Schizophrenia)



www.burmeseclassic.com

www.burmeseclassic.com

ရောဂါရဲ့ အမည်နာမက Schism ဆိုတဲ့ စိတ်ကွဲထွက်ခြင်း မြန်မာလို ကွဲထွက်ခြင်း ဆိုတဲ့ အဓိပ္ပာယ်ရယ်၊ Phrenia ဆိုတဲ့ ဖောက်ပြန်ခြင်း ဆိုတဲ့အဓိပ္ပာယ်ရယ် နှစ်ခုပေါင်းစပ်ပြီး မှည့်ခေါ်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီစကားလုံးနှစ်လုံးရဲ့ မြန်မာလို အဓိပ္ပာယ်ကို တိုက်ရိုက်နားလည်ကြည့်မယ်ဆိုရင် ကွဲထွက်ဖောက်ပြန်ခြင်း ဖြစ်ပါတယ်။ ယနေ့ မြန်မာလို လက်ခံထားတဲ့ စိတ်ကစဉ့်ကလျား ရောဂါ ဆိုတဲ့အမည်နာမဟာ အများကြီး သင့်လျော်တယ်လို့ ယူဆပါတယ်။

စိတ်ကစဉ့်ကလျားရောဂါ နဲ့ ပတ်သက်လို့တွေ့ရှိရတဲ့ရောဂါလက္ခဏာတွေကို အရင်ဆုံး မိတ်ဆက်ပေးချင်ပါတယ်။ ပြောတဲ့သူမရှိဘဲ နားထဲမှာ အသံတွေ အလိုလို ကြားနေရတာ၊ အပြင်မှာ တကယ်ဖြစ်ပျက်နေတာ မဟုတ်ဘဲ တကယ်ဖြစ်ပျက်နေသလို မြင်တွေ့နေရတာ၊ နားထဲမှာ အသံတွေ အလိုလို ကြားနေရတာ၊ အပြင်မှာ တကယ်မရှိဘဲ နှာခေါင်းထဲမှာ ထူးထူးခြားခြား အနံ့တွေရနေတာ အစရှိတဲ့ သိသာထင်ရှားတဲ့လက္ခဏာတွေ တည်ရှိနေပါတယ်။

အထက်ဖော်ပြပါ အခြေအနေကနေ စိတ်ဝေဒနာရှင်ရဲ့ တွေးခေါ်မှုအပိုင်းကိုပါ ထိခိုက်လာပြီဆိုရင်တော့ အဲဒီစိတ်ကစဉ့်ကလျားရောဂါစွဲကပ်နေတဲ့ဝေဒနာရှင်ဟာ ဝေဒနာအဆင့် တိုးသွားမှာ ဖြစ်ပါတယ်။ ဝေဒနာအဆင့် တိုးသွားပြီဆိုရင်တော့ ဒီစိတ်ဝေဒနာရှင်ဟာ သံသယတွေ များလာခြင်း (delusion) အဆင့် ရောက်သွားပါလိမ့်မယ်။ ရောဂါဆိုးသထက် ဆိုးလာပြီဆိုရင်တော့ အဲဒီစိတ်ဝေဒနာရှင်ဟာ ခံစားမှုမဲ့ (emotionless) ဖြစ်သွားတော့မှာပါ။

အဲဒီအဆင့်ဟာ အရမ်းကို သနားစရာ ကောင်းပါတယ်။ သူတို့ရဲ့ မျက်နှာတွေကိုကြည့်ရင် စိတ်ခံစားမှုမရှိတဲ့အတွက် မျက်နှာဖုံးစွပ်ထားတဲ့ ပုံစံမျိုးဖြစ်နေတော့တယ်။ မျက်နှာသေကြီးတွေနဲ့ပေါ့။ တချို့ကျတော့လည်း ပြောင်းပြန်။ ငိုရမယ့် အခြေအနေမှာ ရယ်တယ်။ ရယ်ရမယ့် အခြေအနေမှာ ငိုတယ်။

အပြုအမူပိုင်းနဲ့ ပတ်သက်လို့ သိသာထင်ရှားတဲ့ လက္ခဏာတွေက တစ်ယောက်တည်းစကားပြောခြင်း၊ တစ်ယောက်တည်း ပြုံးနေရယ်နေတာဘ်ခြင်း၊ တစ်ခါတစ်ရံ ကြမ်းတမ်းခြင်း၊ ရန်လိုခြင်း၊ ညမအိပ်ခြင်းတို့ ဖြစ်ပါတယ်။

ထူးခြားမှုတွေက အဲဒီဝေဒနာရှင်တွေရဲ့နားထဲမှာ အလိုလို ကြားလာရတဲ့ အသံတွေဟာ လူနှစ်ယောက်က သူ့အတင်းကို ပြောနေတဲ့အသံမျိုးတွေ၊ သူ့အတွေးတစ်ခုခုတွေးလိုက်တိုင်း အဲဒီအတွေးကို အသံအဖြစ် ပြန်ကြားရတတ်တာမျိုးတွေ၊ သူ့ကို နောက်ကလိုက်ပြီး အမိန့်ပေးနေတဲ့အသံမျိုးတွေ ကြားရတတ်တယ်လို့ ဆိုတယ်။ သူ တစ်ခုခုတွေးလိုက်ရင်ပဲ ပတ်ဝန်းကျင်တစ်ခုလုံးက သူတွေးတာကို သိကုန်ကြပြီလို့လည်း ယူဆတတ်ကြတယ်တဲ့။

စိတ်ကစဉ့်ကလျား ရောဂါဝေဒနာရှင်တွေရဲ့ အဲဒီလို ထူးခြားတဲ့ ဖော်ပြချက်တွေအရ မြန်မာ့ရိုးရာအရဆိုရင် 'ပယောဂ'ရယ်လို့ ထင်တတ်ကြတယ်။ သူများတွေက ပြုစားထားလို့ အဲဒီလို ဖြစ်နေတာများလားလို့ပေါ့။ တချို့ကျတော့လည်း 'တစ္ဆေသရဲ' တွေများ ဝင်ပူးနေသလားလို့ အထင်ခံရတတ်တယ်။ ဒီလိုဝေဒနာသည်တွေက တစ်ယောက်တည်း စကားပြောလိုက်၊ ပြုံးလိုက်ရယ်လိုက်တွေ လုပ်နေတတ်တော့ 'တစ္ဆေသရဲ' တွေများ ဝင်ပူးနေသလားလို့ ထင်မယ်ဆိုရင်လည်း ထင်စရာပါပဲ။

အဲဒီလို အထင်မှား အမြင်မှားခံကြရတဲ့အခါ လူနာကို ကြိုးနဲ့တုပ်ပြီး ရိုက်နှက်ခြင်း အစရှိတဲ့ လွဲမှားတဲ့ကုထုံးတွေနဲ့ ကုသခြင်း ခံကြရတဲ့အတွက် နစ်နာခဲ့ရတဲ့ဝေဒနာသည်တွေ လောကကြီးမှာ တကယ်ရှိခဲ့တယ်။ ဒါကြောင့် 'စိတ်ရောဂါ'လား၊ 'ပယောဂ'လားဆိုတာ ကောင်းကောင်း ဝေခွဲတတ်ဖို့လိုတယ်။ အကောင်းဆုံးက စိတ်ကျန်းမာရေး ဆရာဝန်တွေကို ပြသတာအကောင်းဆုံး





www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ အမှားအယွင်း မဖြစ်နိုင်တော့ဘူးပေါ့။


ခက်တာက စိတ်ရောဂါကို အကဲခတ် သုံးသပ်ဆုံးဖြတ်ရာမှာ ရုပ်ပိုင်းဆိုင်ရာ ရောဂါတွေဖြစ်တဲ့ ဆီးချိုသွေးချိုဝေဒနာ၊ သွေးတိုးရောဂါဝေဒနာတို့လို ဓာတ်ခွဲစမ်းသပ်လို့ မရပါဘူး။ ဓာတ်မှန်ရိုက်ပြီး စစ်ဆေးလို့လည်း မရပါဘူး။ CT Scan နဲ့ EEG စစ်ဆေးနည်းတွေအရ အနည်းအကျဉ်းလေ့လာတွေ့ရှိနိုင်တယ်ဆိုပေမယ့် တိတိကျကျပြောလို့ မရပါဘူး။

ရောဂါရာဇဝင်မေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုတွေ အကြိမ်ကြိမ်လုပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း အစရှိတဲ့ အချိန်ယူပြီးအကဲခတ်မှသာ ခွဲခြားသတ်မှတ်နိုင်မှာပါ။ စိတ်ကျန်းမာရေးဆရာဝန်တွေဟာဒီလိုစိတ်ကစဉ့်ကလျားရောဂါနဲ့ ပတ်သက်ရင် အလွယ်တကူနာမည်တပ်မပေးကြပါဘူး။ သေသေချာချာ ဆန်းစစ်ပြီးမှ သတ်မှတ်ပေးလေ့ရှိကြတယ်လို့ သိရတယ်။

စိတ်ရောဂါကု ဆေးတွေဟာ ၁၉၅၀ ပြည့်နှစ်ကျမှ စတင်ပေါ်ပေါက်ခဲ့တာပါ။

၁၉၈၀ ပြည့်နှစ်လောက်ရောက်တဲ့ အခါမှာတော့ အဲဒီဆေးတွေဟာ အရမ်းကို တိုးတက်ကောင်းမွန်လာပါတယ်။ အဲဒီအချိန်မှာ စိတ်ကစဉ့်ကလျားရောဂါနဲ့ပတ်သက်လို့ ဆေးပေးကုသမယ်ဆိုရင် ဝေဒနာရှင်တွေကို အဆင့်နှစ်ဆင့် ခွဲပါတယ်။

ပထမအဆင့်က အကောင်းဘက်အဆင့် ဖြစ်တယ်။ လူနာရဲ့အမြင်မှာ တကယ်မဟုတ်တဲ့အမြင်တွေ မြင်နေရတာ၊ လူနာရဲ့နားထဲမှာ တကယ်မဟုတ်တဲ့ အသံတွေ ကြားနေရတာဆိုတဲ့အဆင့် ဖြစ်တယ်။







www.burmeseclassic.com

www.burmeseclassic.com

## သူ့အတွေးတစ်ခုခု တွေးလိုက်တိုင်း အဲဒီအတွေးကို အသံအဖြစ် ပြန်ကြားရတတ်တာမျိုးတွေ၊ သူ့ကို နောက်ကလိုက်ပြီး အမိန့်ပေးနေတဲ့ အသံမျိုးတွေ

ဒုတိယအဆင့်ကျတော့ အဆိုးဘက်အဆင့် ဖြစ်တယ်။ ပတ်ဝန်းကျင်နဲ့ လုံးဝကင်းကွာသွားပြီး အထီးကျန် နေထိုင်တဲ့အဆင့် ဖြစ်သွားတယ်။

ဒီလို စိတ်ကစဉ့်ကလျားဖြစ်နေတဲ့ ဝေဒနာသည်တွေကို ကုသချင်တယ်ဆိုရင် သူတို့ကိုယ်တိုင်က သူတို့မှာ ဒီလို စိတ်ဝေဒနာ စွဲကပ်နေတယ်ဆိုတာကို သိရှိနားလည်လက်ခံဖို့ လိုအပ်ပါတယ်။ အဲဒီအဆင့်မှာ ကုသဖို့ သိပ်မခက်ခဲပါဘူး။ အဲဒီလို သိရှိနားလည် လက်ခံခြင်းမရှိတော့တဲ့ အခြေအနေတွေမှာတော့ သူ့ဝေဒနာအဆင့်ကို အကဲခတ်ပြီး ကုသမှုတွေကလည်း အဆင့်ဆင့်တိုးမြှင့်ကုသပေးရတော့မှာပါ။

အခုနောက်ပိုင်းပေါ်တဲ့ ဆေးတွေဟာ အတော်ကောင်းလာတယ်လို့ သိရတယ်။ 'အကောင်းဘက်အဆင့်' ရော၊ 'အဆိုးဘက်အဆင့်'ကိုရော တိုက်ကျွေးကုသလို့ ရတယ်လို့ ဆိုတယ်။

စဖြစ်ခါစ ဝေဒနာရှင်တွေဆိုရင် တစ်နှစ်လောက် တိုက်ကျွေးကုသလိုက်တာနဲ့ ပြန်ကောင်းလာနိုင်တယ်လို့ သိရတယ်။ ရောဂါအဆင့် ပြင်းထန်နေရင်တော့ သုံးနှစ်လောက် တိုက်ကျွေးကုသရတယ်လို့ ဆိုတယ်။

ပတ်ဝန်းကျင်နဲ့ လုံးဝမဆက်ဆံတော့ဘဲ တစ်ယောက်တည်း အထီးကျန်နေထိုင်နေတဲ့ အဆိုးဆုံးအဆင့် ဆိုရင်တော့ ဆေးကို တစ်သက်လုံး တိုက်ကျွေးပေးရတော့တာပဲတဲ့။ အဲဒီလို ရေရှည်တိုက်ကျွေးကုသပေးရင်းက ပြန်ကောင်းလာသူတွေလည်း ရှိတယ်လို့ သိရတယ်။

စိတ်ကစဉ့်ကလျားရောဂါ ကုသမှုတွေထဲမှာ ခေတ်မီသုတေသနပြုချက်တွေအရ ဗီတာမင်ဘီဟာ အများကြီး အထောက်အကူပြုနိုင်တယ်လို့ သိရပါတယ်။ အထူးသဖြင့် ဗီတာမင်ဘီ-၁၂ ($B_{12}$) ဖြစ်ပါတယ်တဲ့။ ဗီတာမင်ဘီ-၁၂ ကို အသီးအရွက်တွေ၊ ပဲသီးတွေနဲ့ အရည်ရွှမ်းတဲ့အသီးတွေမှာ တွေ့ရတယ်လို့ သိရတယ်။

ဗီတာမင်ဘီ-၁၂ ဟာ ခန္ဓာကိုယ်အာရုံကြောစနစ်အတွက် မရှိမဖြစ်လိုအပ်တဲ့ ဟော်မုန်းဓာတ်တွေ ထုတ်လုပ်ရေးမှာ အများကြီးအထောက်အကူပြုတယ်လို့ ဆိုတယ်။

နောက်ဆုံးပေါ် ခေတ်မီသုတေသနပြုချက်များအရ အပြာရောင်အလင်းဟာလည်း စိတ်ကစဉ့်ကလျားရောဂါကိုကုသရာမှာ အထောက်အကူဖြစ်စေတယ်လို့ သိရတယ်။

အခုနောက်ပိုင်းမှာလည်း သံလိုက်လှိုင်းတွေနဲ့ လှုံ့ဆော်ပေးတဲ့ ကုထုံးနဲ့ အဲဒီရောဂါကို သက်သာပျောက်ကင်းအောင် လုပ်ဖို့ ဆက်လက်သုတေသနလုပ်နေကြကြောင်း သိရတယ်။

စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာအုန်းမောင်ရဲ့ သုံးသပ်ချက်အရ စိတ်ကစဉ့်ကလျား ဖြစ်မှုရောဂါ အပါအဝင် စိတ်ရောဂါဝေဒနာတွေ ဖြစ်ရခြင်းအကြောင်းရင်းတွေထဲမှာ စားဝတ်နေရေး မပြေလည်မှုများကလည်း အကြောင်းတစ်ရပ်အဖြစ် ပါဝင်နေတယ်လို့ ဆိုပါတယ်။

ဒီလိုမျိုး စိတ်ကစဉ့်ကလျားရောဂါဝေဒနာသည်တွေကို ကုသရာမှာ မိသားစုရဲ့ ထောက်ပံ့ကူညီပေးမှုဟာ အရေးကြီးတယ်။ ရောဂါပြင်းထန်မှုအပေါ်မှာလည်း မူတည်တယ်။ ရောဂါမပြင်းထန်ပေမယ့် မိသားစုရဲ့ ထောက်ပံ့ကူညီမှုလည်းမရဘူး၊ ဆေးလည်း မှန်မှန်မတိုက်ဘူးဆိုရင်တော့ အခြေအနေ ဆိုးသထက် ဆိုးသွားနိုင်တယ်။

ရောဂါ ပြင်းထန်ပေမယ့်လည်း မိသားစုက ကူညီမှု၊ ဂရုစိုက်မှုရှိပြီး ဆေးမှန်မှန်တိုက်ပေးရင် အမြန်ဆုံးသက်သာလာနိုင်တာကို တွေ့ရတယ်။ ဒီရောဂါဖြစ်တဲ့အရိပ်လက္ခဏာလေးတွေပြတာနဲ့ စိတ်ကျန်းမာရေးဆရာဝန်ကို ပြသရမယ်။

ဝေဒနာရှင်ကိုယ်တိုင်က သူ့မှာ ဒီလိုစိတ်ကစဉ့်ကလျားရောဂါ ဖြစ်နေပြီလို့ သိနိုင်နေသေးတဲ့ အဆင့်ဆိုရင် ရောဂါနုသေးတာဖြစ်လို့ အမြန်ဆုံး ပျောက်ကင်းနိုင်တယ်လို့ဆိုတယ်။

ဒီလိုအခြေအနေမျိုးမှာ ဝေဒနာသည်တွေကို တရားထိုင်ခိုင်းကြည့်တဲ့အခါ အတော်ထိရောက်မှု ရှိတယ်လို့ သိရတယ်။ တရားထိုင်ခြင်းကြောင့် ရရှိလာတဲ့ စိတ်အပန်းပြေမှု၊ စိတ်ငြိမ်းချမ်းမှုတွေဟာ ခန္ဓာကိုယ်ရဲ့ ဇီဝပျက်စီးမှုတွေကို လျော့ကျစေပြီး သွေးဖိအားကိုလည်း ထိန်းညှိပေးတယ်လို့ သိရတယ်။

နှလုံးသွေးလည်ပတ်မှု အားကောင်းပြီး အသက်ရှူလမ်းကြောင်းစနစ်ကို အထောက်အကူပြုတဲ့အပြင် ဦးနှောက်လှိုင်းတွေကိုလည်းအားကောင်းစေတယ်လို့ ဆိုတယ်။ ခန္ဓာကိုယ် ကြွက်သားတွေရဲ့ တင်းအားနဲ့ ညောင်းညာမှုတွေကို နှိပ်ပေးလိုက်သလို သက်သာပျောက်ကင်းစေတယ်လို့ သိရတယ်။

ဒါကြောင့် တရားထိုင်တဲ့အကြိမ်နဲ့ အချိန်များလေလေ စိတ်ငြိမ်းချမ်းမှု ပိုရလေပါပဲ။ တရားထိုင်ခြင်းဟာ စိတ်ကစဉ့်ကလျားရောဂါအတွက်သာမက တခြားစိတ်ရောဂါများ ကုသရေးမှာပါ အထူး အထောက်အကူပြုကြောင်း သုတေသနပြုသူများက တင်ပြထားကြပါတယ်။

❒ ခေးရဲ



www.burmeseclassic.com

www.burmeseclassic.com



# ခပ်ကဲကဲ
# လက်ကိုင်ဖုန်းများနှင့် ကျန်းမာရေး နောက်ဆက်တွဲ

ဒေါက်တာနိုက်တင်ဝေး

ဒီကနေ့ နည်းပညာခေတ်မှာ မိုဘိုင်းဖုန်းကို လူဦးရေ သန်းပေါင်းထောင်ချီပြီး အသုံးပြုနေကြပါတယ်။ မိုဘိုင်းဖုန်း အသုံးပြုသူတွေဟာလည်း တစ်နေ့တခြား တိုးတက်များပြားလာပါတယ်။ လေ့လာတွေ့ရှိချက်တွေအရ ကမ္ဘာ့လူဦးရေရဲ့ ရာခိုင်နှုန်း ၈၀ လောက်ဟာ မိုဘိုင်းဖုန်း ကိုင်ဆောင်အသုံးပြုလျက်ရှိပါတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်း ငှားရမ်းသုံးစွဲခတွေ လျှော့ချလာတာနဲ့အတူ သုံးစွဲမှုနှုန်းက အရင်နှစ်တွေထက် ပိုပြီးမြင့်တက်လာပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ထုတ်ပြန်ချက်တွေအရ မိုဘိုင်းဖုန်းကိုင်ဆောင်အသုံးပြုနေသူ ဦးရေ လေးသန်းခန့်ရှိတယ်လို့သိရပါတယ်။

မိုဘိုင်းဖုန်းတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းကြောင့် လူမှုရေး၊ စီးပွားရေးတွေမှာ ထိထိရောက်ရောက် အကျိုးပြုတယ်ဆိုတာ အားလုံးကမငြင်းနိုင်တဲ့အချက်တစ်ခုပါ။ အဲဒါကြောင့်လည်း မိုဘိုင်းဖုန်းဟာ ဒီနေ့ကမ္ဘာ့ရွာကြီးမှာ မရှိမဖြစ် လိုအပ်ပြီး အလွန်အသုံးတည့်တဲ့ ပစ္စည်းတစ်ခုလို့ ပြောနိုင်ပါတယ်။

ဒါပေမဲ့ အဲဒီမိုဘိုင်းဖုန်းနဲ့ ပတ်သက်ပြီး သိပ္ပံပညာရှင်တွေက ကောင်းကျိုး ဆိုးကျိုးများကို သုတေနသနပြုလေ့လာချက်တွေ အများကြီးပြုလုပ်လို့ အဆိုပြုလွှာတွေ တင်ပြအစီရင်ခံခဲ့ကြပါတယ်။

မိုဘိုင်းဖုန်းရဲ့ ကောင်းကျိုး၊ ဆိုးကျိုးများအနက် လူမှုရေး၊ စီးပွားရေးတို့အပေါ် ကောင်းကျိုးပြုတာ များပေမယ့်လည်း ကျန်းမာရေးနဲ့ပတ်သက်လို့ကတော့ ကောင်းကျိုးထက် ကျန်းမာရေး ထိခိုက်စေမှုများကိုသာ တွေ့ရှိရပါတယ်။ ဝိဝါဒကွဲပြားတဲ့ (Controversial) ဆိုးကျိုးများ(Disadvantages)ကို ရှာဖွေပြီး ပညာရှင် Micheal က သုတေသနပြုခဲ့ပါတယ်။

အဲဒီလို မိုဘိုင်းဖုန်း အသုံးပြုမှုတွင်ကျယ်လာတာနဲ့အမျှ မိုဘိုင်းဖုန်းအသုံးပြုမှုကြောင့် သုံးစွဲသူရဲ့ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုတွေ အများကြီး ရှိပါတယ်။

မိုဘိုင်းဖုန်းက ဆက်သွယ်ရေးအတွက် မာတ်ရောင်ခြည်လှိုင်းတွေကို ထုတ်လွှင့်သလို လက်ခံသူလည်း ဖြစ်ပါတယ်။ မိုဘိုင်းဖုန်းကနေ ထုတ်လွှင့်နေတဲ့ မာတ်ရောင်ခြည်လှိုင်းတွေဟာ အဏုလှုပ်စစ် သံလိုက်ရောင်ခြည်လှိုင်းတွေ ဖြစ်ပါတယ်။ မိုဘိုင်းဖုန်းက ထုတ်လွှင့်နေတဲ့ အဏုရောင်ခြည်လှိုင်းများအပြင် တာဝါတိုင်တွေက လွှင့်ထုတ်ပေးနေတဲ့ အဏုရောင်ခြည်လှိုင်းတွေကလည်း လူတွေအပေါ် သက်ရောက်မှု အထိုက်အလျောက် ရှိနေပါတယ်။

အဲဒီ ရောင်ခြည်လှိုင်းတွေက လေထုထဲကနေတစ်ဆင့် မာတ်ရောင်ခြည်သင့်စေလို့ အန္တရာယ်ပေးနိုင်သလို မိုက်ခရိုဝေ့ဖ်မီးဖိုနဲ့ အစားအစာတွေ စိမ်ချက်ပြုတ်တာကြောင့်လည်း ဒီလိုသက်ရောက်မှုတွေ ရှိနိုင်ပါတယ်။

အမေရိကန်နိုင်ငံက F.C.C. (Fedral Communication Comission) က မိုဘိုင်းဖုန်းကြောင့် ဦးနှောက်ထဲ စီးဝင်နိုင်တဲ့ ရောင်ခြည်လှိုင်း ခံနိုင်ရည်



www.burmeseclassic.com

www.burmeseclassic.com

ရှိမှု အမြင့်ဆုံးနှုန်းထား (Specific Absorption Rate) S.A.R.ကို တိုင်းတာကြည့်ခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီတွေ့ရှိချက်အရ လူတစ်ယောက်မှာ (S.A.R. = 1.6 watts / Kg body wt. ) ရှိပါတယ်။

လက်ကိုင်ဖုန်းကို အိတ်ထဲမှာထားတဲ့အခါ ခလုတ်တွေကို ကိုယ့်ဘက်ကို မျက်နှာမူပြီး ထားသင့်ပါတယ်။ ဒါမှလည်း ဧရိယာတိုင်ဟာ မိမိနဲ့ဝေးရာကို မျက်နှာမူနေမှာဖြစ်ပါတယ်။

ဝိုင်ယာကြိုးနဲ့ ဆက်ထားတဲ့ နားကြပ်တွေကို အသုံးပြုခြင်းဟာ ဟန်းဆက် (Handset)နဲ့ တိုက်ရိုက်အသုံးပြုခြင်းထက် လျှပ်စစ်သံလိုက် ဖြာထွက်တဲ့ အန္တရာယ် သုံးဆမြင့်တက်စေပါတယ်။ ဒါကြောင့်မို့လို့ နားကြပ်ကို သုံးချင်တယ်ဆိုရင် Bluetooth Headset လိုမျိုး ဝိုင်ယာကြိုးမပါတဲ့ နားကြပ်တွေကိုပဲ အသုံးပြုသင့်ပါတယ်။

မိုဘိုင်းဖုန်းရဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေဟာ ဦးနှောက်ကလာပ်စည်းတွေရဲ့ လျှပ်စီးလှုပ်ရှားမှုလုပ်ငန်းများကို ပြောင်းလဲပစ်နိုင်စွမ်း ရှိတာကြောင့် မိုဘိုင်းဖုန်းရဲ့ လျှပ်စစ်သံလိုက်လှိုင်းများကို နှစ်မိနစ်လောက်အသုံးပြုမိရုံနဲ့တင် အဲဒီလှိုင်းတွေဟာ ဦးနှောက်ထဲစီးဝင်ပြီး ဦးနှောက်အတွင်းမှာရှိတဲ့ ပုံမှန် လျှပ်စစ်လုပ်ဆောင်ချက်များ(Electric activity) တစ်နာရီစာလောက် ပြောင်းလဲမှုများ ဖြစ်ပေါ်စေနိုင်ပါတယ်။

အဲဒါကြောင့် လူတွေရဲ့အိပ်စက်မှုကို အနှောင့်အယှက် ကမောက်ကမဖြစ်စေနိုင်ပြီး အာရုံစူးစိုက်နိုင်မှုကိုလည်း အခက်အခဲဖြစ်စေနိုင်ပါတယ်။ ဒါ့အပြင် ခေါင်းကိုက်တာ၊ မောပန်းနွမ်းလျလွယ်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ပြီးတော့ D.N.A မျိုးဗီဇမှာ ပါဝင်ပတ်သက်တဲ့ မယ်လတိုနင်ဆိုတဲ့ပစ္စည်း ထုတ်လုပ်မှု လျော့ကျစေပါတယ်။

နောက်တစ်ခုက မိုဘိုင်းဖုန်းရဲ့ အဏုရောင်ခြည်လှိုင်းတွေဟာ အပူစွမ်းအင် (Thermal Effect )လည်း ထုတ်ပါတယ်။

ဒါပေမဲ့ အဲဒီလို ဦးခေါင်းထဲ စီးဝင်နိုင်တဲ့ အပူချိန်ဟာ 1°F ထက် မများနိုင်တဲ့အတွက် အဲဒီအပူစွမ်းအားကြောင့် ဦးနှောက်ကလာပ်စည်းတွေကို ထိခိုက်မှုမရှိနိုင်ဘူးလို့ယူဆကြပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ၂၀၀၃ ခုနှစ်က Prof: Salford et. al. က အာရုံကြောထိခိုက်မှုနဲ့ အဲဒီအဏုရောင်ခြည်လှိုင်းရဲ့ အပူစွမ်းအင်ထိတွေ့မှု အကျိုးဆက် မရှိကြောင်းကို လေ့လာသုတေသန ပြုခဲ့ပါတယ်။

အဲဒီလိုပါပဲ။ DR. G. J. Hyland ကလည်း အဲဒီရောင်ခြည်လှိုင်းရဲ့ အပူစွမ်းအားဟာ ဦးနှောက်ကိုထိခိုက်မှု မရှိနိုင်ဘူးလို့ ဆိုပါတယ်။

အခုထိ ဝိဝါဒကွဲပြားနေကြတာကတော့ အဏုရောင်ခြည်လှိုင်းတွေက ဦးနှောက်ဆဲလ်တွေကို ထိခိုက်ပျက်စီးစေလို့ အသက်ကြီးလာတဲ့အခါ ဖြစ်တတ်တဲ့ သတိမေ့ရောဂါ (Alzheima's Disease)ဟာ စောစောစီးစီး ဖြစ်နိုင်တယ်လို့ ဆိုတာပါပဲ။

ဒါ့အပြင် ဦးနှောက်ကင်ဆာ၊ ပါးစပ်ကင်ဆာ၊ အကြားအာရုံကြောကင်ဆာ၊ သွေးကင်ဆာ စသဖြင့် ဖြစ်စေနိုင်တယ်လို့ ဆိုကြပါတယ်။

မိုဘိုင်းဖုန်းရဲ့ အဏုရောင်ခြည်လှိုင်းတွေဟာ ဦးနှောက်ရဲ့ လေ့လာသင်ယူခြင်း ဧရိယာအစိတ်အပိုင်း၊ မှတ်ဉာဏ်ဧရိယာနဲ့ လှုပ်ရှားမှုဧရိယာအပိုင်းတွေကို ထိခိုက်စေနိုင်ပါတယ်။ ကြွက်တွေနဲ့ စမ်းသပ်ကြည့်တဲ့အခါ အဲဒီလှိုင်းတွေဟာ ကြွက်ရဲ့ဦးနှောက်ဆဲလ်တွေကို သေသွားစေတယ်လို့ တွေ့ရှိရပါတယ်။ အဲဒီကြွက်ရဲ့ဦးနှောက်ဟာ ကြီးကောင်ဝင်စ ဆယ်ကျော်သက်တွေရဲ့ ဦးနှောက်ဖွံ့ဖြိုးမှု အဆင့်ဆင့်နဲ့တူနေတာကြောင့် ဆယ်ကျော်သက်တွေအနေနဲ့ မိုဘိုင်းဖုန်း အသုံးပြုခြင်းကို သတိထားဆင်ခြင်သင့်ပါတယ်။

သုတေသန ပညာရှင်များရဲ့ အကြံပေးချက်အရ ဖုန်းပြောရာမှာ ဟန်းဆက်ကို ကိုယ့်ရဲ့ဦးခေါင်းနဲ့ နှစ်လက်မကနေ ခုနစ်လက်မလောက်ခွာပြီး (ဒါမှမဟုတ်) အသံချဲ့စက် (Loudspeaker mode) ဖွင့်ပြီး အသုံးပြုမယ်ဆိုရင် လျှပ်စစ် သံလိုက်ဓာတ်များ ဦးနှောက်ထဲစီးဝင်ခြင်းကို လျှော့ချနိုင်မယ်လို့ ဆိုပါတယ်။

ညအိပ်နေစဉ်မှာလည်း ဖုန်းပိတ်ပြီး အိပ်သင့်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ဖုန်းကိုဦးခေါင်းနဲ့ ၁ ဒသမ ၈ မီတာ ခြောက်ပေလောက်ခွာပြီး ထားသင့်ပါတယ်။

သုတေသန ပညာရှင်တွေရဲ့ တွေ့ရှိချက်အရ တစ်နေ့ကို နာရီပေါင်းများစွာ မိုဘိုင်းဖုန်းပြောဆိုတဲ့သူတွေမှာ ပါးစပ်ကင်ဆာ အဖြစ်များတာ တွေ့နေရတယ်လို့ မှတ်တမ်းတင်ထားပါတယ်။

ပြီးတော့ အိမ်ထောင်သားမွေး၊ မျိုးဆက်ပွားနိုင်တဲ့အရွယ်ကို လေ့လာသုတေသနပြုကြည့်တဲ့အခါ ၁၅ ရာနှုန်းလောက်မှာ အမျိုးသားတွေရဲ့ မျိုးဆက်ပွားစွမ်းရည်ကို ထိခိုက်ပျက်စီးစေတာကို တွေ့ရှိရပါတယ်။

အမျိုးသားများရဲ့ သုက်ရည် (Semen)မှာ သုက်ပိုး (Sperm)ပါဝင်မှုအရေအတွက် ကျဆင်းတာ၊ သုက်ပိုးကောင်များရဲ့ ရွေ့လျားမှုကို နှေးကွေးစေတာ၊ သုက်ပိုးကောင်များရဲ့ ရှင်သန်နိုင်မှုသက်တမ်း ယုတ်လျော့စေတာ၊ သုက်ပိုးကောင်လေးများရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းမှု ပုံပန်းသဏ္ဌာန် ပုံမှန်မဟုတ်တော့တာမျိုး ဖြစ်စေတာမို့ အမျိုးသားများရဲ့ မျိုးဆက်ပွားစွမ်းရည်ကို ထိခိုက်စေတယ်လို့ သိရှိရပါတယ်။

ဒါကြောင့်မို့ ဆဲလ်ဖုန်းများကို ဘောင်းဘီအိတ်ထဲမှာထားပြီး အသုံးပြုခြင်းကို ရှောင်ကြဉ်သင့်ပါတယ်။ ဆဲလ်ဖုန်းကြောင့် လျှပ်စစ်သံလိုက်ဓာတ်ဟာ ဖုန်းအသုံးပြုသူရဲ့ မျိုးပွားနိုင်စွမ်းကို အနှောင့်အယှက်ပေးနိုင်လို့ပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

တကယ်လို့များ ဖုန်းအသုံးပြုသူဟာ နှလုံးခုန်မှန်စေတဲ့ ကိရိယာ (Pacemaker) တပ်ဆင်ထားတဲ့သူဆိုရင် အင်္ကျီအိတ်ထဲမှာ ဆဲလ်ဖုန်းထည့်ထားခြင်းကို ရှောင်ကြဉ်စေချင်ပါတယ်။

အခုဆိုရင် အထူးသဖြင့် ကျွန်မတို့ကို ခြိမ်းခြောက်နေတဲ့ စိန်ခေါ်မှုက မိုဘိုင်းဖုန်းနဲ့ ကလေးသူငယ် ပြဿနာပါပဲ။ ကြီးကောင်ဝင်ခါနီး (တစ်နည်းအားဖြင့်) လူပျိုဖော် အပျိုဖော်ဝင်ခါနီး ကလေးသူငယ်များမှာ မိုဘိုင်းဖုန်းရဲ့ အဏုရောင်ခြည်လှိုင်းတွေက ပိုပြီး ထိခိုက် ခံစားရလွယ်စေတာ တွေ့ရှိရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကလေးသူငယ်များရဲ့ ဦးခေါင်းခွံက ပိုပြီးပါးနေတာ၊ ပြီးတော့ ကလေးငယ်တွေက အာရုံကြောများနဲ့ အာရုံကြောစနစ် ဖွံ့ဖြိုးနေဆဲဖြစ်တာ၊ ဆဲလ်ပွားခြင်း အဆင့်ဆင့် တိုးတက်များပြားနေချိန်ဖြစ်တာ၊ ခန္ဓာကိုယ်ခုခံအားစနစ်မှာ အရွယ်ရောက်ပြီးသူများလောက် ရင့်ကျက်ပြည့်ဝမှု မရှိသေးတာကြောင့် ဖြစ်ပါတယ်။ တစ်နှစ်အရွယ်ကလေးငယ်ဟာ အဏုရောင်ခြည်လှိုင်းတွေကို လူကြီးတွေထက် နှစ်ဆပိုပြီးစုပ်ယူနိုင်ပါတယ်။ အသက် ငါးနှစ်ရွယ်ကလေးငယ်တွေကတော့ လူကြီးတစ်ယောက်ထက် ၆၀ ရာနှုန်း ပိုပြီးရောင်ခြည်လှိုင်းတွေကို စုပ်ယူနိုင်စွမ်း ရှိပါတယ်။

ဒါကြောင့် ဒီအဏုရောင်ခြည်လှိုင်းတွေကြောင့် ကလေးငယ်တွေမှာ သွေးကင်ဆာ အဖြစ်အများဆုံးဖြစ်ပြီး ဒုတိယအဖြစ်အများဆုံးကတော့ဦးနှောက်နဲ့အာရုံကြော ထိခိုက်မှုပါပဲ။

ဒါကြောင့်မို့လို့ လက်ကိုင်ဖုန်းတွေကိုအသက်(၁၅)နှစ်အောက်ကလေးတွေ အသုံးမပြုသင့်ပါဘူး။ ဖုန်းတွေကို မွေးကင်းစကလေးငယ်တွေနဲ့ ဝေးနိုင်သမျှ ဝေးဝေးမှာထားသင့်ပါတယ်။ မွေးကင်းစ ကလေးငယ်တွေရဲ့ ဦးခေါင်းဟာ အလွန်ပါးလွှာပြီး အဲဒီဖုန်းတွေက လျှပ်စစ်သံလိုက်ရောင်ခြည်တွေ ဦးခေါင်းထဲကို အလွယ်တကူဝင်ရောက်နိုင်လို့ ကင်ဆာဖြစ်နိုင်ခြေ မြင့်မားစေနိုင်တာကြောင့် ဖြစ်ပါတယ်။

ကိုယ်ဝန်ဆောင်စဉ်မှာ လက်ကိုင်ဖုန်း အသုံးပြုခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်တာ ကောင်းပါတယ်။ ဒါမှလည်း သန္ဓေသားလေးရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ တည်ဆောက်နေခြင်းနဲ့ ဖွံ့ဖြိုးလာခြင်းအပေါ် မိုဘိုင်းဖုန်းက လျှပ်စစ်သံလိုက်စက်ကွင်းရဲ့ အကျိုးသက်ရောက်မှုတွေ မရှိရလေအောင် တားဆီးကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခု သတိထား ဆင်ခြင်သင့်တာက လက်ကိုင်ဖုန်းတွေကို မော်တော်ကား၊ လေယာဉ်ပျံ၊ မီးရထားနဲ့ ဓာတ်လှေကား အစရှိတဲ့ သတ္တုများနဲ့ ဝန်းရံထားတဲ့ အရာတွေထဲမှာ အသုံးပြုခြင်းကို တတ်နိုင်သမျှ လျှော့ချနိုင်ရင် အကောင်းဆုံးပါပဲ။

လက်ကိုင်ဖုန်းရဲ့ အဏုရောင်ခြည်လှိုင်းတွေကြောင့် လျှပ်စစ်ဆိုင်ရာ စက်ကိရိယာပစ္စည်းတွေရဲ့ လျှပ်စစ်လုပ်ဆောင်ချက် လုပ်ငန်းတွေကို အနှောင့်အယှက် ပေးနိုင်တယ်လို့ ယူဆထားတာကြောင့်ပါ။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီ သတ္တုများနဲ့ ဝန်းရံထားတဲ့ အရာတွေထဲမှာ လက်ကိုင်ဖုန်း အသုံးပြုတဲ့အခါ လျှပ်စစ်သံလိုက်ဓာတ် ဖြာထွက်ခြင်း အန္တရာယ်ကို ပိုများစေတယ်လို့လည်း သုတေသနပြု တွေ့ရှိချက်များအရ မှတ်တမ်းတင်ထားပါတယ်။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ။

❒ ဒေါက်တာနိုင်တင်ဝေးဆော်

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထိရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။


စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပိုမိုတိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။


အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက်သွယ်ရန်


အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

# ဖြစ်ချင်သလား ဖြစ်ရမယ်

## မောင်မြင့်မား <ဗိုလ်ဂလေး>



(တစ်ခန်းရပ်ပြဇာတ်)

<u>ပါဝင်သရုပ်ဆောင်သူများ</u>

| | |
|---|---|
| ဒေါက်တာဟိန်းကျော် | - ပါမောက္ခကြီး(အငြိမ်းစား) အသက် (၆၀)ကျော်ခန့် |
| ဦးကောင်းထက် | - ဌာနတစ်ခုမှ အငြိမ်းစားအရာရှိတစ်ဦး၊ အသက် (၆၀)ကျော်ခန့် |
| ဒေါ်မျိုးမျိုးသူ | - ဒေါက်တာဟိန်းကျော်၏ ဇနီး၊ အသက် (၆၀)ကျော်ခန့် |
| မောင်မြင့်သူ | - ဦးကောင်းထက်၏သား၊ အသက် (၁၇)နှစ်ခန့်၊ ယခုနှစ်မှ ပူပူနွေးနွေး ဒသမတန်း အောင်ထားသူ။ |
| အချိန် | - ညနေခင်းအချိန် |
| နေရာ | - ဒေါက်တာဟိန်းကျော်၏ နေအိမ် |
| အပြင်အဆင် | - |

အသင့်အတင့် ခံ့ညားသော ဧည့်ခန်းတစ်ခုသဏ္ဌာန် ပြင်ဆင်ထားရမည်။ စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ဆက်တီများ သူ့နေရာနှင့်သူ ရှိရမည်။ အခန်းထောင့်တွင် တယ်လီဖုန်းတစ်လုံး ရှိနေစေ။ နံရံများတွင် ပန်းချီကားများ၊ နိုင်ငံခြားပြက္ခဒိန်များ ချိတ်ဆွဲထားရမည်။

* * *

<u>ကားလိပ်ဖွင့်</u>

(ဆက်တီတွင် ထိုင်ကာ ဒေါက်တာဟိန်းကျော်က သတင်းစာတစ်စောင်ဖတ်နေစေ။ ခဏအကြာတွင် ဦးကောင်းထက်နှင့် မောင်မြင့်သူတို့ အိမ်ရှေ့တွင် ရပ်လာစေ။)

**ဒေါက်တာဟိန်းကျော်** - (တံခါးဖွင့်ပေးရင်း) သူငယ်ချင်းလာ လာ. . , မတွေ့တာတောင် ကြာပြီ။

(ဦးကောင်းထက်နှင့် မောင်မြင့်သူက ဆက်တီများတွင် ဝင်ထိုင်။)

**ဦးကောင်းထက်** - သတိရပါတယ်ကွာ၊ ပင်စင်ယူပြီးလဲ မနားရသေးပါဘူး၊ သားအငယ် ဒီကောင် ကျောင်းဆက်တက်ဖို့ကိစ္စ (မောင်မြင့်သူကို ပခုံးပုတ်ရင်းပြော) စားရေးသောက်ရေးကိစ္စ ရှုန်းကန်လှုပ်ရှားနေရသေးတယ်ကွ။

**ဒေါက်တာဟိန်းကျော်** - မင်း ဒီသားတစ်ယောက်ပဲ ကျန်တော့တာ မဟုတ်လား၊ သူ့ထက်အကြီးတွေက အကုန်လုံးဘွဲ့ရပြီးပြီ မဟုတ်လား။

**ဦးကောင်းထက်** - အေးလေ ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**ဒေါက်တာဟိန်းကျော်** - သဲဘော်ဒလိုက်နေတဲ့ ငါ့သား အငယ်ဆုံးတောင် အသက်(၃၀)ရှိပြီ။ မင်းသားက ဒီနှစ်မှ ဆယ်တန်းအောင်တာလား။

**ဦးကောင်းထက်** - ဟုတ်တယ်လေ၊ ငါအိမ်ထောင်ကျတာ မင်းထက် နောက်ကျတယ်လေ။

**ဒေါက်တာဟိန်းကျော်** - အေး ဟုတ်ပြီ၊ ငါ သတိရပြီ၊ မင်း မင်္ဂလာဆောင်ဖိတ်လို့ ငါနဲ့ ငါ့မိန်းမနဲ့ လာသေးတယ်၊ သမီးကြီးက လိုက်ချင်ပေမယ့် ဆယ်တန်းစာမေးပွဲက ကပ်နေလို့ ကျန်ခဲ့တယ်၊ မင်းက အိမ်ထောင်ပြုတာ နောက်ကျတော့ ၆၀ ကျော်တာတောင် သားသမီးတာဝန်က ရှိသေးတာပေါ့၊ ငါတို့ဆို အကုန်လွတ်ကုန်ပြီ၊ နိုင်ငံခြားရောက်နေတဲ့ သမီးနဲ့၊ ဆရာဝန်ဖြစ်နေတဲ့ သားနဲ့၊ သဘော်လိုက်နေတဲ့ သားနဲ့ အားလုံးလွတ်ကုန်ပြီ၊ အခုဆို အေးအေးဆေးဆေး တို့လင်မယားနှစ်ယောက်နဲ့ ငါ့မိန်းမရဲ့ တူမလေးတစ်ယောက်ပဲ ရှိတယ်။

(ဒေါ်မျိုးမျိုးသူ အိမ်ထဲက ထွက်လာ၊ ဆက်တီတစ်လုံးတွင်ဝင်ထိုင်။)

**ဒေါက်တာဟိန်းကျော်** - (ဒေါ်မျိုးမျိုးသူကို မေးငေါ့၍ပြော) ဟေ့မျိုး မင်း သူ့ကိုမှတ်မိလား။

**ဒေါ်မျိုးမျိုးသူ** - အောင်မယ်လေး ဘာလို့မမှတ်မိရမှာလဲ၊ မနှစ်က ကျောင်းသားဟောင်းတွေ စုပေါင်းဆရာကန်တော့ပွဲမှာတောင် တွေ့သေးတယ်၊ ကောင်းထက်က ကျောင်းတုန်းက ကုပ်ကုပ်ကလေးနေပြီး စာအရမ်းကြိုးစားတာ၊ မိန်းကလေးတွေဆို ကြည့်ရဲတာ မဟုတ်ဘူး၊ ကောင်းထက်ရယ် နင့်ကို ကောင်းကောင်းမှတ်မိတာပေါ့။

**ဒေါက်တာဟိန်းကျော်** - (ရယ်လျက်) မျိုးကလဲကွာ၊ မင်းကတော့ လုပ်ပြီ၊ အခုပဲ အိမ်ထောင်ပြုတာ နောက်ကျတဲ့ သူ့အကြောင်း ပြောနေတာ၊ တို့က ကျောင်းမပြီးခင်ကတည်းက ခိုးပြေးကြတာ၊ တို့သမီးကြီး ဆယ်တန်းရောက်မှ သူမင်္ဂလာဆောင်ကို သွားတဲ့အကြောင်း ပြောနေတာ။

**ဒေါ်မျိုးမျိုးသူ** - ဟုတ်တယ်၊ ကောင်းထက်မင်္ဂလာဆောင်တော့ ကျွန်မတို့သွားတာ မှတ်မိတယ်။

**ဒေါက်တာဟိန်းကျော်** - နောက်ကျတယ်ဆိုတာ သေတာတစ်ခုပဲ ကောင်းတယ်ဟေ့၊ တို့ကတော့ စောစောပဲ၊ အခုဆို ပင်စင်ယူပြီး သားသမီးကိစ္စဆိုတာ မရှိတော့ဘူး၊ သူတို့ကတောင် ပြန်ထောက်ပံ့နေသေးတယ်။

**ဒေါ်မျိုးမျိုးသူ** - ဩော်. . . ကောင်းထက်၊ နင့်လာရင်းကိစ္စတောင် မမေးရသေးဘူး၊ ဘာကိစ္စလဲ။

**ဒေါက်တာဟိန်းကျော်** - ဟုတ်သားပဲ၊ ငါလဲ မတွေ့တာကြာလို့ ငယ်အကြောင်းတွေ လျှောက်ပြောနေတာ၊ ကဲ သူငယ်ချင်းပြော ဘာကိစ္စလဲ။

**ဦးကောင်းထက်** - ဒီလိုကွ၊ အခု ဒီကောင်က ဒီနှစ် အောင်တာ ဖိုးဒီထွက်တယ်၊ ဒီကောင်ကလဲ စာကြိုးစားတယ်၊ တက္ကသိုလ်ဝင်ခွင့်လျှောက်တော့ ဆေးကိုဝင်ဖို့ အမှတ်က နည်းနည်းလိုနေတယ်၊ မမီဘူးပေါ့ကွာ။

**ဒေါက်တာဟိန်းကျော်** - ဒါများကွာ၊ ဆေးမမီရင် အင်ဂျင်နီယာလိုင်း လျှောက်ပေါ့ကွာ၊ ပိုတောင်ကောင်းသေး၊ ကျောင်းပြီးတာနဲ့ နိုင်ငံခြားထွက် အဆင်ကိုပြေလို့၊ ဒါမှမဟုတ်ရင် သဘော်လိုက်။

**ဦးကောင်းထက်** - မဟုတ်ဘူးကွ၊ သူက ဒေါက်တာပဲ ဖြစ်ချင်တာကွ။

**ဒေါက်တာဟိန်းကျော်** - ဒေါက်တာဖြစ်ရအောင် သူ့အမှတ်က နည်းနေတယ်၊ မမီဘူး မဟုတ်လား၊ သားအမှတ် ဘယ်လောက် နည်းနေလို့လဲ (မောင်မြင့်သူဘက် လှည့်ပြော)။

**မောင်မြင့်သူ** - ၄ မှတ်တည်းပါ။

**ဒေါက်တာဟိန်းကျော်** - မင်းသားက အမှတ်နည်းလို့ ဆေးမမီပေမယ့် ဆေးအမှတ်မီတဲ့ ဖိုက်ဒီ စစ်ဒီတွေက အပေါ်မှာ ဘယ်လောက်ဘန်းစီလျှောက်ထားဦးမလဲ မသိဘူး၊ စိတ်လျှော့လိုက်ပါကွာ။

**ဦးကောင်းထက်** - အဲဒါကြောင့် မင်းကို အကူအညီတောင်းဖို့ လာတာပေါ့ကွာ၊ ဖြစ်နိုင်ရင် ကူညီပါကွာ။

**ဒေါက်တာဟိန်းကျော်** - တစ်နိုင်ငံလုံး ဖိုက်ဒီ စစ်ဒီတွေက အများကြီးထဲမှာ မင်းသားက အမှတ်မီတာတောင် မနီးစပ်ပါဘူး၊ ဥပဒေစည်းကမ်းနဲ့ စနစ်တကျ လုပ်ထားတာဆိုတော့ မဖြစ်နိုင်ပါဘူးကွာ၊ ငါတို့တောင် ရိုးရိုးဘွဲ့ရပြီး ခြောက်နှစ်ကျော်မှ ဒေါက်တာဘွဲ့ရခဲ့တာ၊ မာစတာဖြေရသေးတယ်၊ လက်ထောက်နည်းပြတို့၊ နည်းပြတို့ လုပ်ခဲ့ရသေးတယ်။

**မောင်မြင့်သူ** - (စိတ်ပျက်ဟန်ဖြင့်) ဒါဆို သား ဒေါက်တာမဖြစ်နိုင်တော့ဘူးပေါ့။

**ဒေါက်တာဟိန်းကျော်** - မင်းက ဒေါက်တာမှဒေါက်တာပဲလား။

**မောင်မြင့်သူ** - ဟုတ်ပါတယ် ဘဘ။

**ဒေါက်တာဟိန်းကျော်** - ဒါဆိုရင် ဘဘအကြံပေးမယ်၊ မင်း ကျောင်းဆက်မတက်နဲ့တော့။

**မောင်မြင့်သူ** - ကျောင်းဆက်မတက်ဘဲ ဘယ်လိုလုပ်ဖြစ်မှာလဲ ဘဘရဲ့။

**ဒေါက်တာဟိန်းကျော်** - ငါပြောတာ ဆုံးအောင်နားထောင်ပါဦးကွာ၊ မင်း ကျောင်းဆက်မတက်ဘဲနဲ့ ဗေဒင်လက္ခဏာသင်၊ ဗေဒင်လက္ခဏာ ထူးချွန်ရင် ဒေါက်တာဘွဲ့ရတယ်လို့ ကြားဖူးတယ်၊ စိတ်ကူးမလွဲနဲ့။

**မောင်မြင့်သူ** - (အံ့ဩလျက်)ဗျာ ဗေဒင်လက္ခဏာ ထူးချွန်ရင် ဒေါက်တာဘွဲ့ ရနိုင်တယ်၊ ကျွန်တော်က အဲဒီ ဒေါက်တာဘွဲ့ ယူရမယ်။ (ပြောပြီးပက်လက်လန်လဲကျသွား)

(ကားလိပ်ချ)

❐ မောင်မြင့်မား(ဗိုလ်ထဲဓား)





www.burmeseclassic.com

www.burmeseclassic.com

# လူမစွမ်းသော်

သုဝဏ္ဏလှိုင်(ဝင်းက)




"တောက် မိုက်ရိုင်းလိုက်တဲ့ ကောင်တွေ"

ဒုရဲအုပ်တင်ဝင်း တောက်တစ်ချက်ကို ပြင်းပြင်းခတ်ရင်း ရေရွတ်လိုက်သည်။

"မင်းတို့ တစ်နပ်စာအတွက် တစ်သံသရာလုံး ခံရတော့မယ်ဆိုတာကို တောင် နားမလည်နိုင်ကြတော့ဘူးလား၊ မိလို့ကတော့ မင်းတို့ မလွယ်ဘူးဟေ့"

ကြိမ်းမောင်း၍သာ ရေရွတ်နေရသည်။

အမှုက ဘဲဥအစရှာမရသလို ခြေရာကောက်၍ မရသေးချေ။ ဒီအမှုကို မဖော်နိုင်ရင်လည်း မိမိတို့အဖို့ သိက္ခာကျရန်သာ ရှိတော့သည်။ ဖော်ထုတ်ဖို့ရန်လည်း ဘာသဲလွန်စမှ မရသေးပေ။ အမှုဖြစ်သည့် နေရာသို့လည်း အခေါက်ခေါက်အခါခါ သွားကြည့်ခဲ့သည်။ ကျေနပ်လောက်သော အဖြေတစ်ခုမှ မတွေ့ရပေ။

နောက်ဆုံးတွင် ဒီအတိုင်းသာ အဆုံးသတ်ရမည့် အနေအထားမှာ ရှိနေသည်။

"ဆရာတင်ဝင်း ဆရာတို့ လိုက်နေတဲ့အမှုကို မပေါ်သေးဘူးလားလို့ ရွာသူရွာသားတွေက ခဏခဏလာမေးနေကြတယ်၊ ဒီအမှုကို အမှန်အတိုင်း အမြန်ဆုံးပေါ်ပေါက်အောင် ဆရာတို့ ဆောင်ရွက်ပေးပါ"

.စခန်းမှူးစကားကြောင့် ပို၍ပင် စိတ်အိုက်သွားရသည်။

နောက်ဆုံးမှာတော့ ရဲသားကိုမြင့်အောင်ကို အဖော်ခေါ်ပြီး တောင်ပေါ်သို့ တစ်ခေါက်တက်ခဲ့မိပြန်သည်။ ဒီအကြိမ်နဲ့ဆို တောင်ပေါ်သို့တက်ဖြစ်သည်မှာ လေးကြိမ်တိတိရှိခဲ့ပြီဖြစ်သည်။

+++

ဖြစ်ပုံမှာ (××××)ရွာ တောင်ပေါ်ထိပ်တွင် တည်ထားကိုးကွယ်ထားသော စေတီတော်ရှိ ဌာပနာများ ဖောက်ထွင်းအခိုးခံလိုက်ရခြင်း ဖြစ်သည်။ ထိုကိစ္စကို ကျေးရွာလူကြီးများနှင့် ရွာသူရွာသားများက အမှုဖွင့် တိုင်ကြားလာကြသည်။ အဖောက်ခံရသော စေတီတော်သည် ရွာထိပ်တောင်ပေါ်တွင် တည်ရှိပြီး တောင်ခြေမှ တစ်နာရီနီးပါးခန့် တက်ရောက်ရသည်။

ထိုစေတီသည် ရှေးဟောင်းစေတီတစ်ဆူဖြစ်ပြီး အစောင့်အရှောက်



www.burmeseclassic.com

www.burmeseclassic.com

မရှိပေ။ ရှာသူရှာသားများက တောတက်ရင်း စေတီတော် ဌာပနာပေါက်နေသည်ကို မြင်တွေ့ခဲ့ကြသောကြောင့် ရပ်ရွာလူကြီးများနှင့် တိုင်ပင်ကာ အမှုဖွင့်လာတိုင်ကြခြင်း ဖြစ်သည်။

မျက်မြင်သက်သေ ရှာမရ၊ သဲလွန်စ ရှာမရသောကြောင့် အမှုမှာ ကြာနေခဲ့ရသည်။ ဒီတစ်ခါတော့ဖြင့် သဲလွန်စတစ်ခုကို မရ,ရအောင်ရှာမည်ဟူသော ရည်ရွယ်ချက်ဖြင့် နှစ်ဦးသား တောင်ပေါ်သို့ ရောက်ခဲ့ပြန်သည်။

တောင်တက်ရသည်မှာ နှစ်ယောက်သား မောဟိုက်နေကြသည်။ တောင်ပေါ်ရောက်၍ သဲလွန်စရှာကြည့်ပြန်တော့လည်း ဘာတစ်ခုမှ မရပေ။ ဒီလိုနဲ့ ညနေစောင်းလာတော့ လူကလည်း မိမိကိုယ်မိမိ အတော်လေး မကျေမနပ်ဖြစ်ကာ စိတ်တိုနေမိသည်။

"ဆရာ နေလဲအတော်စောင်းနေပြီ၊ ပြန်ဆင်းကြရအောင်"

ကိုမြင့်အောင် သတိပေးလို့သာ ပြန်ဆင်းလာရသည်။ ဘာတစ်ခုမှ သဲလွန်စ မရခဲ့သောကြောင့် စိတ်ထဲမှာ မကျေမနပ်ဖြစ်နေမိသည်။ ထိုအတွင်း ဘုရားထက်မှတောင်အောက်သို့အဆင်းလမ်းခုလတ်တွင် တောင်ပိုင်ဘိုးဘိုးကြီး ရုပ်တုတစ်ရုပ်ကို မြင်လိုက်ရလေသည်။ ခေါင်းပေါင်းကို အကျအနပေါင်းပြီး တောင်ဝှေးတစ်ချောင်းကို လက်မှာကိုင်ထားသော တောင်ပိုင်ဘိုးဘိုးကြီးရုပ်တုသည် စေတီတော်တည်ရှိရာသို့ လက်ညှိုးညွှန်ပြနေသည်။ မိမိလည်း ထိုနားရောက်သောအခါ ခဏရပ်နားပြီးအပန်းဖြေလိုက်သည်။ စိတ်ထဲမှာဖြင့် ဘုရားပေါ်မှာ ဘာသဲလွန်စမှ မရခဲ့သောကြောင့် အစာမကြေ ဖြစ်နေမိသည်။

ထိုအတောအတွင်းမှာပင် ဘိုးဘိုးကြီးရုပ်တုကို ကြည့်ပြီး စိတ်အချဉ်ပေါက်လာမိသည်။ ဘိုးဘိုးကြီးခေါင်းတွင် ပေါင်းထားသော ခေါင်းပေါင်းစကို ဆတ်ခနဲ လှမ်းဆွဲဖြုတ်ပစ်လိုက်သည်။

"ဆရာ ဘာလုပ်ဖို့လဲ"

လုပ်ရပ်ကိုကြည့်ပြီး မေးနေသည်။

ကိုမြင့်အောင် အမေးစကားပင် မဆုံးသေး။ ကျွန်တော်သည် လက်ထဲမှာ ကိုင်ထားသော တုတ်ဖြင့် ဘိုးဘိုးကြီးဦးခေါင်းကို သုံးချက်ရိုက်ထည့်လိုက်ပါတော့သည်။

"တောင်ပိုင်ဘိုးဘိုးကြီး လုပ်နေပြီး ဘုရားဌာပနာ နှိုက်သွားတဲ့လူတွေကိုတောင် မတားနိုင်ဘူး၊ တကယ်လို့ ကိုယ်မတားနိုင်ရင်တောင် ဘယ်သူဘယ်ဝါ နှိုက်သွားလဲဆိုတာကို ပြောသင့်တယ်၊ ခုတော့ ဘုရားနားမှာနေပြီး ဘာမှအသုံးမကျတဲ့ ဘိုးဘိုးကြီး"

ပါးစပ်ကလည်းပြော တုတ်ဖြင့် သုံးချက်ရိုက်ထည့်လိုက်သည်။

ကျွန်တော့် အပြုအမူကိုကြည့်ပြီး ကိုမြင့်အောင်တစ်ယောက် အကြီးအကျယ် တုန်လှုပ်သွားသည်။

"ဟာ ဆရာ ပြဿနာတက်တော့မယ်၊ မလုပ်သင့်တာတွေ လျှောက်မလုပ်နဲ့လေ"

ပါးစပ်ကလည်းပြောရင်း ဘိုးဘိုးကြီးကို ဦးချကာ တောင်းပန်နေသည်။

"ဘာမှ တောင်းပန်မနေနဲ့၊ ငါ အမှန်အတိုင်း ပြောနေတာ"

ပြောပြောဆိုဆို ရှေ့ကနေပြီး ခပ်သွက်သွက်လေးဆင်းလာလိုက်သည်။ ကိုမြင့်အောင်မှာ ကြောက်ကြောက်ဖြင့် ဘယ်နှကြိမ်ထိ တောင်းပန်နေသလဲ မသိပေ။ တောင်ခြေရောက်မှပင် ကျွန်တော့်ကို မီလာသည်။ နှစ်ယောက်သား စကားမဆိုဖြစ်ဘဲ ရွာထဲသို့ လှမ်းအဝင် ရွာထိပ်တွင် လူတွေတအုန်းအုန်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

အနီးကဖြတ်သွားသော ရွာသားတစ်ယောက်ကို လှမ်းမေးလိုက်တော့ ကျွန်တော်တို့နှစ်ယောက်သား မျက်လုံးများပင် ဝိုင်းစက်သွားရသည်။

"တောင်ပိုင်ဘိုးဘိုးကြီး ဝင်ပူးနေလို့ လူတွေအုံပြီး ဝိုင်းကြည့်နေကြတာလေ"

ကိုမြင့်အောင် ကျွန်တော့်မဆည်နိုင်လောက်အောင်ပင် ကြောက်ရွံ့တုန်လှုပ်သွားတော့သည်။

"ကျွန်တော်တို့တော့ ဒုက္ခအကြီးအကျယ်ဖြစ်ပြီနဲ့ တူတယ်၊ ဆရာက မလုပ်သင့်တာတွေ သွားလုပ်တယ်ဗျာ"

ကိုမြင့်အောင်က ငိုသံနှော၍ ဆိုလေသောကြောင့် ကျွန်တော်လည်း အနည်းငယ် ကျောစိမ့်သွားမိသည်။ နှစ်ယောက်သား တောင်ပိုင်ဘိုးဘိုးကြီးကို ဝန်ချတောင်းပန်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လူအုပ်ရှိရာသို့ ပြိုင်တူသွားလိုက်ကြသည်။ တောင်ပိုင်ဘိုးဘိုးကြီးသည် မိန်းမကြီးတစ်ယောက်ကို ဝင်ပူးနေခြင်း ဖြစ်သည်။

"ဟော ဟိုမှာ ငါ့ထိပ်ကိုရိုက်သွားတဲ့ကောင်တွေ လာနေပြီဟေ့"

ဘိုးဘိုးကြီး ဝင်ပူးခံနေရသော အမျိုးသမီးကြီးက ကျွန်တော်တို့နှစ်ဦးကို လက်ညှိုးထိုး၍ ပြောလိုက်သည်။ လူအုပ်သည် ကျွန်တော်တို့ထံသို့ ဝိုင်းကြည့်ကြသည်။ ကျွန်တော်တို့လည်း လက်အုပ်လေးချီကာ ဒူးထောက်ထိုင်ချလိုက်ရင်း . . .

"အဘိုးရယ် သားတို့လဲ စိတ်ဆိုးပြီး လုပ်မိလုပ်ရာ လုပ်လိုက်မိတာပါ၊ သားတို့ကို ခွင့်လွှတ်ပါ"

အနူးအညွတ် အကြိမ်ကြိမ်ပင် တောင်းပန်လိုက်မိသည်။

"နင်တို့ကို ခွင့်မလွှတ်နိုင်စရာ ဘာအကြောင်းမှ မရှိဘူးဟေ့၊ ခုလာတာ နင်တို့ သတိပေးသွားလို့ ငါလာခဲ့တာ၊ ဌာပနာဖောက်သွားတဲ့ သုံးယောက်ကို ငါစိတ်ဆိုးနေတာ အတော်ကြာပြီ၊ သူတို့ကံမြင့်နေသေးလို့ ငါ ဘာမှမလုပ်နိုင်သေးတာ၊ တစ်ယောက်ကိုတော့ ငါလုပ်လိုက်ပြီဟေ့"

ထိုအခါမှပင် နှစ်ယောက်သား စိတ်သက်သာရာ ရသွားတော့သည်။

"ဒါဆို ဌာပနာဖောက်သွားတဲ့ လူတွေကို အဘိုးက သိတာပေါ့နော်၊ သိရင် ကျွန်တော်တို့ကို ပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com

"သိပ်သိတာပေါ့ဟာ့၊ ဒါပေမဲ့ နင်တို့ တစ်ယောက်ကိုပဲ ဖမ်းမိတော့မယ်"

ပြောပြောဆိုဆို ဌာပနာဖောက်သွားသူ သုံးဦး၏ ပုံပန်းသဏ္ဌာန်များကို ပြောပြပေးသည်။

"အဲဒီကောင် သုံးယောက်ထဲမှာ နင်တို့ တစ်ယောက်ကိုပဲ ဖမ်းမိတော့မယ်၊ တစ်ယောက်ကတော့ မြွေကိုက်လို့ သေသွားပြီ၊ တစ်ယောက်ကတော့ ဒီနိုင်ငံနဲ့ ဝေးရာကို ထွက်ပြေးသွားတယ်၊ နောက်တစ်ယောက်ကိုတော့ ၂၂ ရက်နေ့မှာ သင်္ဘောဆိပ်မှာ နင်တို့သွားစောင့် ဌာပနာတွေနဲ့အတူ ဖမ်းမိလိမ့်မယ်"

ထိုသူ၏ ပုံပန်းသဏ္ဌာန်၊ ဝတ်လာမည့် အဝတ်အစား၊ သင်္ဘောဆိပ် ဆင်းမည့် အချိန်ပါ မကျန်အောင် အသေးစိတ်ပြောပြပြီး ထွက်သွားပါတော့သည်။ ကျွန်တော်သည် မကြုံဖူးသောအဖြစ်ကြောင့် တွေဝေစဉ်းစားရင်း ငေးမောသွားရပါတော့သည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့မှာတော့ အကျိုးမယုတ်အောင် သွားစောင့်ရန် ဆုံးဖြတ်ချက် ချလိုက်မိသည်။

+++

ပြောထားသည့်အတိုင်း ၂၂ ရက်နေ့မှာ ရဲသားငါးယောက်နှင့်အတူ ကျေးရွာလူကြီးများကိုခေါ်ကာ သင်္ဘောဆိပ်မှာ တိတ်တဆိတ် စောင့်နေလိုက်သည်။

အချိန်ကိုက်ပင် ဘိုးဘိုးကြီးပြောသည့်လူသည် ထိုအဝတ်အစားအတိုင်းပင် ရှမ်းလွယ်အိတ်ကြီး တစ်လုံးကိုလွယ်၍ သင်္ဘောဆိပ်သို့ ဆင်းလာနေသည်။ ကျွန်တော်တို့အားလုံး မျက်ရိပ်မျက်ကဲပြုပြီး ထိုသူကို ဝိုင်းဖမ်းလိုက်ကြသည်။

ဘိုးဘိုးကြီး ပြောသည့်အတိုင်း ရှမ်းလွယ်အိတ်ထဲတွင် ဌာပနာပစ္စည်းများကိုပါ သိမ်းဆည်းရမိလိုက်သည်။ လက်ပူးလက်ကြပ်မိပြီး သေသေချာချာ စစ်ဆေးကြည့်သောအခါ တစ်ယောက်သည် လွန်ခဲ့သော တစ်ပတ်ခန့်က မြွေကိုက်၍ ဆုံးသွားပြီဆိုတာကို သိလိုက်ရသည်။ ကျန်တစ်ယောက်မှာ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားသည်ဟု ဆိုပါသည်။

အားလုံးမှာ ကွက်တိမှန်နေသောကြောင့် ယင်းအမှုနှင့်ပတ်သက်ပြီး ကျွန်တော့်မှာ ယနေ့ထိ အံ့ဩနေရသည်။ လူမစွမ်း၍ နတ်,မတာလား၊ တုတ်ဖြင့်ရိုက်၍ နတ်,မတာလား ဆိုတာကို ဝေခွဲမတတ်သော်လည်း ထိုအမှုမှာ တောင်ပိုင်ဘိုးဘိုးကြီးကြောင့် အမှုမှန်ပေါ်ခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းအရာများကို ပြန်စဉ်းစားမိတိုင်း ယနေ့အချိန်ထိ ငိုအားထက် ရယ်အားသန်နေရတုန်းပင် ဖြစ်ပါတော့သည်။

❒ သုဝဏ္ဏဆိုင် (ဝင်းတ)


# စင်ကာပူမှာ လျှောက်ထားတဲ့အလုပ် အမြန်ဆုံးရရှိပြီ

- ၃၀. ၁. ၂၀၁၃ ရက်မှာ ဆရာနဲ့တွေ့ဆုံပြီး စင်ကာပူမှာရောက်ရှိနေတဲ့ ကျွန်မရဲ့ သမီးငယ် မစံပယ် လျှောက်ထားတဲ့ IT ပညာရပ်ဆိုင်ရာ အလုပ်အကိုင်ကို အခက်အခဲမရှိဘဲ အဆင်ပြေလွယ်ကူစွာ အမြန်ဆုံးရရှိဖို့ အထူးယတြာအစီအရင် တောင်းခံဆောင်ရွက်ခဲ့ပါတယ်။ ၁၅. ၂. ၂၀၁၃ ရက်မှာ အင်တာဗျူးဖြေဆိုရပြီး ၂၀. ၂. ၂၀၁၃ ရက်မှာ အလုပ်ရရှိခဲ့ပါတယ်။

*ဒေါ်ကြွယ် (အလုံမြို့နယ်)*

ကျွန်မ ဆရာကတော့ . . .

## ဆရာဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )

လက္ခဏာဗေဒင်ယတြာအစီအရင် ◎ ကြိုတင်စာရင်းသွင်းပြီးမှ လာခဲ့ပါ ◎

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ အုတ်မြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁

ပိတ်ရက် မရှိပါ၊ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ၊




www.burmeseclassic.com

www.burmeseclassic.com

# အရပ်ကိုဆွဲတဲ့သူ

စောနိုင်ထွန်း



(၁)

ကြာတော့ ကြာပြီဗျ၊ ကြာဆို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ပေါ့ဗျာ။ အဲဒီတုန်းက ကျုပ်က ရပ်ကွက် လူကြီးအဖြစ် ကောင်းစားနေတဲ့အချိန် ပေါ့။ ကျုပ်ငယ်ငယ်က ဘကြီးဘုန်းကြီးက ဟောခဲ့ဖူးသဗျ။ ဒီကောင် ကြီးလာရင် ကောင်းစားလိမ့်မယ်။ အကြီးအကဲ ဖြစ်လိမ့်မယ်တဲ့။ အခု အဲဒီစကား မှန်နေပြီလေဗျာ။ ကျုပ် ရပ်ကွက်မှာ ကျုပ်ထက်ကြီးတာ မရှိတော့ဘူး . . . ဟဲ ဟဲ။

ဒီလိုနဲ့ တစ်နေ့မှာ အဲ ညတစ်ည မှာဆိုရင် ပိုမှန်မယ်ဗျ။ ကျုပ်တို့ ရပ်ကွက်ရုံးတွေက ညဘက် ည ဘက်တွေမှ ဖွင့်တာမဟုတ်လား။ ဟိုတုန်းက ပြောပါတယ်။

အဲဒီညက ကျုပ်ရုံးခန်းထဲမှာ အခန့် သား ထိုင်နေတုန်း ရာအိမ်မှူး ကိုဘတုတ် ရောက်လာသဗျ။ ကိုဘတုတ် ကျုပ်ရှေ့ကခုံကိုဆွဲထိုင် လိုက်ပြီး . . .

"ဥက္ကဋ္ဌကြီး"

"ဘာလဲ ကိုဘတုတ်ရဲ့"

"လူတစ်ယောက်ဗျာ အရပ်ကို ကော်ဆဲနေတာ၊ သတင်းကြား လားလို့"

"ဘာ"

ကျုပ်ရဲ့ ဒေါသက ငယ်ထိပ်ကို ရောက်သွားပါရောလား၊ အရပ်ကို ဆဲတာ ကျုပ်ကို ဆဲတာနဲ့ အတူတူပဲ ပေါ့။ မဟုတ်ဘူးလား။

ကျုပ် လူကြီးလုပ်ပြီး အုပ်ချုပ် နေတဲ့ အရပ်လေဗျာ။

"သေသေချာချာ ပြောစမ်းဗျာ ကိုဘတုတ်၊ ကျုပ် ဒါမျိုးကို လုံးဝ သည်း မခံဘူးဗျာ၊ ဘယ်သူလဲ အရပ်ကို ဆဲ တယ်ဆိုတာလား"

"ကျုပ်လဲ နာမည်တော့မသိဘူး ဥက္ကဋ္ဌကြီး၊ ဒီကောင့်ပုံစံက ပိန်ခြောက် ခြောက် ကလန်ကလားနဲ့ အရပ်ထဲ ပြောင်းလာတာလဲ သိပ်မကြာလှသေး ဘူး ဥက္ကဋ္ဌကြီးရဲ့၊ နေတာက ကိုခွေးပု အိမ်ရဲ့ မြောက်ဘက်က ကိုကျားကြီး အိမ်ရဲ့ တောင်ဘက်က အိမ်"

ကျုပ်လည်း ချက်ချင်းပဲ ရုံးမှာ အဆင်သင့်ရှိနေတဲ့ ဆင့်ခေါ်စာ စာရွက် မှာ ယခုချက်ချင်း လာတွေ့ပါရန် ဆိုတဲ့ စာတန်းလေး ရေးလိုက်ပြီး . . .

"ကိုဘတုတ်"

"ခင်ဗျာ ဥက္ကဋ္ဌကြီး"

"ရော့ဗျာ အဲဒီကောင်ကို ဒီဆင့် ခေါ်စာ သွားပေး၊ ပါးစပ်ကလဲ ပြောဗျာ၊ အခုချက်ချင်း ရုံးကို လာခဲ့ပါလို့"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး"

ကိုဘတုတ် ရုံးခန်းထဲက ခပ်သုတ်သုတ်ထွက်သွားလေရဲ့၊ ကျုပ်က ကျုပ်ရဲ့ အဖွဲ့ဝင်တွေကို ခေါ်ပြီး အဆင်သင့် ထိုင်ခိုင်းထားပြီး စောင့်နေလိုက်ကြတယ်။

"ဒီကောင်တော့ မှတ်လောက်အောင်ကို ဆုံးမရမယ်၊ ကျော်မိုးအကြောင်းပြရသေးတာပေါ့ကွာ"

ကျုပ် ဒေါသဖြစ်ဖြစ်နဲ့ ကြိမ်းမောင်းနေမိပါတော့တယ်။

(၂)

နာရီဝက်လောက် အကြာမှာ ကိုဘတုတ် ပြန်ရောက်လာပြီး ကျုပ်ကို သတင်းပို့ပါတယ်။

"ဥက္ကဋ္ဌကြီး အဲဒီကောင် တစ်ခါတည်းပါလာခဲ့တယ်ဆရာ၊ နောက်မှာ"

"တော်တယ်ဗျာ ကိုဘတုတ်၊ ကဲကဲ ဝင်ထိုင် ဝင်ထိုင်"

ကျုပ်ရဲ့ ရပ်ကွက်ရုံးလေးထဲမှာတော့ ဧည့်စာရင်းတိုင်ကြားသူတွေ၊ အကျင့်စာရိတ္တကောင်းကြောင်းထောက်ခံစာလာယူတဲ့ သူတွေ၊ ရပ်ကွက်မှာနေထိုင်ကြောင်း ထောက်ခံစာ လာယူတဲ့သူတွေနဲ့ စည်ကားနေပါတယ်။ ထားပါတော့ဗျာ. . ခဏအကြာမှာ။

ကျုပ်ရဲ့ ရုံးခန်းထဲကို လူရွယ်တစ်ယောက် ကုပ်ကုပ် ကုပ်ကုပ်နဲ့ ဝင်လာသဗျ။ ကျုပ် သူ့ကို လှမ်းအကဲခတ်ကြည့်ရှုမိလိုက်ပါတယ်။

လူပုံစံက တကယ့်ကို ကလန်ကလားပါပဲ။ အရပ်က အတော့်ကို ရှည်တာကိုးဗျ။ ဒီကြားထဲ လူက ပိန်ပိန်သေးသေးဆိုတော့ ကြည့်ရတာ ဝါးခြမ်းပြား ထောင်ထားတဲ့ အတိုင်းပါပဲဗျာ။

သူက ကျုပ်တို့ ရပ်ကွက်လူကြီးတွေ ထိုင်နေကြတာကို ဝေ့ကြည့်လိုက်ပြီး. . .

အမယ် သူက ဘာမှမသိသလို ပုံစံမျိုးလေးနဲ့ ပြန်မေးနေလေရဲ့။ ကျုပ်က စားပွဲခုံကို တစ်ချက်ပုတ်လိုက်ပြီး [illegible]

"နေပါဦးကွ မင်းအပြစ်ကို မင်း မသိတော့ဘူးလား"

"ဗျာ အပြစ်ဟုတ်လား၊ ကျွန်ကျွန်တော် ဘာမျှားလုပ်မိလို့ပါလိမ့်ခင်ဗျာ၊ ကျွန်တော် ဒီရပ်ကွက်ထဲကို ပြောင်းလာတာလဲ သုံးလေးရက်ပဲရှိပါသေးတယ် ခင်ဗျာ၊ ကျွန်တော့်နာမည်က ဖိုးထောင်တဲ့ ခင်ဗျ"

"ဒီမယ် မောင်ဖိုးထောင်"

"ခင်ဗျာ"

သူ ကျုပ်ကို မျက်လုံးလေး ပေကလတ် ပေကလတ်လုပ်ရင်းနဲ့ ကြည့်နေလေရဲ့ဗျာ၊ တကယ့်ကို မခုပ်တတ်တဲ့ ကြောင်လေးအတိုင်းပါပဲ၊ ကျုပ် သူ့ကို ကြည့်ပြီး ရင်ထဲမှာ ယားကျိကျိတောင် ဖြစ်လာတယ်။ ဒါ့ကြောင့် . . .

"မောင်ဖိုးထောင် မင်း အရပ်ကို ဆဲတယ်ဆိုကွ၊ အဲဒီ သတင်းရုံးကို ရောက်လာတယ်ကွ"

ကျုပ်က အဲလိုလဲ မေးလိုက်ရော ဖိုးထောင်က. . .

ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်ပြလိုက်ရင်း. . .

"ဟုတ် ဟုတ်ကဲ့ခင်ဗျ၊ ဟို ဟိုတစ်နေ့က ကျွန်တော် အရပ်ကို ဆဲခဲ့မိပါတယ်"

"ဘာ"

ကျုပ်အော်သံကြောင့် ဖိုးထောင်ကိုယ်ဆတ်ခနဲတွန့်သွားတာကို တွေ့လိုက်ရပါတယ်။

"ဒါ မင်းစော်ကားတာပဲပေါ့ကွာ၊ အရပ်ကို ဆဲတယ်ဆိုတာ နည်းနည်းနောနော အပြစ်မှမဟုတ်တာဘဲ၊ ငါတို့ လူကြီးတွေကိုလဲ ဂရုမစိုက်တဲ့သဘောပေါ့ ဟုတ်လား"

"မ. . . မဟုတ်ပါဘူး ခင်ဗျ"

ဖိုးထောင် လက်တခါခါဖြင့်ရှိနေပါတော့တယ်။

"အဲဒီတော့ကွာ ဖိုးထောင်ရဲ့ အရပ်ကို ရပ်ကွက်ကို ဆဲခဲ့တဲ့အတွက် မင်းမှာ အပြစ်ရှိ၊မရှိ ပြောစမ်းပါဦးကွ"

ဖိုးထောင် ကျုပ်စကားကြောင့် အမူအရာ ပြောင်းလဲသွားပြီး. . .

"ကျွန်တော် ရှင်းပြပါရစေဦး ခင်ဗျာ"

"မင်းက ဘာကို ရှင်းမှာလဲကွ"

"ဒီ. . . ဒီလိုပါ ခင်ဗျာ၊ ကျွန်တော် တစ်နေ့ညနေခင်းက ကျွန်တော့်ရဲ့ အိမ်လေးအောက်ကိုဝင်ပြီး သန့်ရှင်းရေးလုပ်တယ် ခင်ဗျ"

"အင်း"

"အိမ်လေးက ခြေတံရှည် အိမ်လေးပါ၊ မြေပြင်ကနေ ငါးပေသာသာလောက်တော့ မြင့်မယ် ထင်ပါတယ်၊ အဲလိုနဲ့ ကျွန်တော် အမှိုက်လှဲလိုက် သန့်ရှင်းလိုက် လုပ်နေရင်းနဲ့ တစ်ခါတစ်ခါ အမှုမဲ့အမှတ်မဲ့နဲ့ ထရပ်မိတာပေါ့ခင်ဗျာ၊ အဲဒီမှာ အိမ်ရဲ့ထုပ်ဆင့်တွေနဲ့ ကျွန်တော့်ခေါင်း ဒုန်းခနဲ ဒိုင်းခနဲ တိုက်မိတော့တာပါပဲ၊ သာမန်လူတစ်ယောက်ဆိုရင် အိမ်အောက်မှာ မတ်တတ်ရပ်လို့ လွတ်နိုင်ပေမယ့် ကျွန်တော့်အရပ်က ခြောက်ပေနီးပါးရှိတာကြောင့် ထရပ်လိုက် ဒုန်းခနဲဆောင့်လိုက်ဖြစ်ပြီး ကျွန်တော့် တစ်ခေါင်းလုံး ဖူးရောင်ကုန်တော့တာပေါ့ဗျာ၊ မယုံရင် ကြည့်ကြပါဗျာ၊ ဒါကြောင့် ကျွန်တော်လဲ ဒေါသထွက်ထွက်နဲ့ ဒီလောက်တောင် ရှည်လျားလွန်းလှတဲ့ ကျွန်တော့်အရပ်ကို ကျွန်တော်ပြန်ပြီး ဆဲမိတော့တာပါပဲ ခင်ဗျာ၊ ဥက္ကဋ္ဌကြီးတို့ထင်သလို ရပ်ကွက်ကို ဆဲတာမဟုတ်ပါဘူး ခင်ဗျာ"

ဖိုးထောင်ရဲ့ ရှင်းပြတာတွေကို နားထောင်ပြီး ကျုပ်ရဲ့ အဖွဲ့ဝင်တွေ တဟားဟားနဲ့ အော်ဟစ်ရယ်မောနေကြလေရဲ့။

ကျုပ်ကတော့ ခပ်ရှက်ရှက်နဲ့ပဲ ငိုလို့လည်းမရ ရယ်လို့လည်းမရတော့တဲ့ မျက်နှာ ဖြစ်နေတော့တာပါပဲဗျာ။

"ဩော် ဖြစ်မှ ဖြစ်ရလေတယ် ဖိုးထောင်ရယ်"

❒ စောနိုင်ထူး






www.burmeseclassic.com

www.burmeseclassic.com

# သူ့အလှည့် ကိုယ့်အလှည့် / ရွှေခင်



ရထားနှစ်စင်းဆုံသော မြို့တစ်မြို့၏ဘူတာရုံ၌ ရထားနှစ်စီးဆိုက်ချိန်တွင် ခရီးသည်များ၊ ဈေးသည်များနှင့် အလွန်စည်ကားလျက်ရှိနေပါသည်။

ရထားတွဲ တစ်ခု၌ လူအများတိုးဝှေ့နေကြ၍ စပ်စုလိုသူများအတွက် အထူးစိတ်ဝင်စားစရာ ဖြစ်နေသဖြင့် သူ့ထက်ငါ့ တစ်ဦးကိုတစ်ဦး အပြိုင်အဆိုင် တွန်းထိုးပြီးကြည့်ကြရာ လူအုပ်ကြီးမှာ ပို၍ထူထပ်ရာ ရှေ့သို့တိုး၍မရတော့သော လူတချို့မှာ ခြေဖျားထောက်၍ လည်ပင်းမော့ပြီး ကြိုးစားပမ်းစား ကြည့်နေကြပါသည်။ တိုးဝှေ့၍ ခွျေးထွက်ရကျိုးနပ်လောက်အောင်ပင် ထိုမြင်ကွင်းမှာ အလွန်စိတ်ဝင်စားဖွယ် အတိဖြစ်နေပါသည်။

ရထားခြေနင်းပေါ်သို့ ရောက်နေသော မိန်းကလေး၏ လက်တစ်ဖက်ကို တွဲပေါက်ဝမှ လူရွယ်တစ်ယောက်က အတင်းဆွဲတင်နေသလို တွဲအောက်မှ အဘိုးကြီးတစ်ဦးက ထိုမိန်းကလေး၏ လက်တစ်ဖက်ကို အတင်းဆွဲထားပြီး နှုတ်မှ ဝမ်းနည်းကြေကွဲသံအတိဖြင့်. .

"ငါ့သမီးလေးကို ကလေးလေးလို့ပဲ ငါ့မျက်စိထဲမှာ ခုထိထင်နေတုန်းပါကွာ၊ ၁၈ နှစ်ပြည့်တယ်ဆိုပေမယ့် အဘချစ်လို့မဝသေးလို့ အဘဆီ ပြန်လာပါသမီးရယ်"လို့ သနားစဖွယ် အော်ပြောနေရှာပါသည်။ ပရိသတ်မှာ စုတ်တသပ်သပ်ဖြင့် အဘိုးကြီးကို ကူညီပြီး ဝိုင်းဆွဲပေးရမလားဟု အတွေးပင် ပေါ်ပေါက်လာကြပါသည်။

ထိုအခိုက် တွဲပေါ်မှ တီးသွင်းပြီး ကုန်းကုန်းကွကွနှင့် လူရွယ်က အားကျမခံ ပြန်ပြောလိုက်သည်မှာ . . .

"အဘရေ. . . အဘချစ်လာတာ ၁၈ နှစ်ကြီးများတောင် ကြာခဲ့ပြီပဲ၊ ကျွန်တော့်မှာ အခုမှချစ်ခါစကလေးမို့ အခု ကျွန်တော်ချစ်ရမယ့်အလှည့်ပါ အဘရယ်" ဟု သနားစဖွယ်တောင်းပန်နေပါသည်။

ထိုအခါ ပရိသတ်ထဲမှ လူအချို့က. . .

"ဩော်. . . အချစ်မှာလဲ သူ့အလှည့်ကိုယ့်အလှည့်ဆိုတာ ရှိနေပါလား" ဟု ပြုံးစိစိ မျက်နှာထားဖြင့် မှတ်ချက်ချမိကြပါတော့သည်။

❒ ရွှေခင်



www.burmeseclassic.com

www.burmeseclassic.com

# အားပေး ကောင်းလိုက်ပုံက



ချမ်းလှ

ဇာတ်ပွဲတစ်ပွဲရဲ့ နှစ်ပါးခွင်မှာ ပေါ့။ မင်းသားလေးရဲ့ အက အလှကို ပရိသတ်က လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ အားပေးနေကြ။ နေကြာစေ့ထုပ်တွေ၊ အချဉ်ထုပ်တွေ ပစ်တင်ပေးကြနဲ့ တစ်ခါတလေ မိုးရာသီဆိုတော့ သီးသီးတွေတောင်ပါရဲ့။

မင်းသားလေးကလဲ အားပေးမှုကို ပြုံးလို့၊ ပျော်လို့။ လူရွှင်တော်တွေကလည်း စင်ပေါ်ကို ပစ်တင်လာတဲ့ လက်ဆောင်တွေကို ကောက်လို့။

မင်းသားလေး ခဏနားနေတဲ့ အချိန်မှာ လူရွှင်တော် နှစ်ယောက်က ဟာသခွင်လေးတစ်ခု ဖန်တီးကြတယ်ပေါ့။

လူရွှင်တော် (၁) "မင်းသားလေးကို အားပေးတဲ့ ပရိသတ်ကို မင်းဘက်နဲ့ ငါ့ဘက် ဟောဒီလို နှစ်ပိုင်းခွဲပြီး ပြိုင်မယ်ကွာ"

(လူအုပ်ကြီး အလယ်ကောင်ကို လက်ညှိုးဖြင့် ညွှန်ကာ ခွဲခြမ်းဟန်ပြုလိုက်၏။)

လူရွှင်တော် (၂) "လုပ်လိုက်လေ၊ ပြိုင်လိုက်စမ်းပါ"

လူရွှင်တော် (၁) "ငါ့ဘက်က ပရိသတ်က မင်းဘက်ထက် ပိုလှတယ်၊ ကြည့်လိုက်စမ်းပါ"

လူရွှင်တော် (၂) "အောင်မယ် ငါ့ဘက်က မင်းထက်တောင်သာသေး"

ပရိသတ်များ တဟားဟား ဖြစ်သွားရ၏။

လူရွှင်တော် (၁) သီးသီး အကြီးကြီး တစ်လုံးကို လက်က ကိုင်ပြ၍ . . .

"ငါ့ဘက်က သစ်သီးကတောင် ရေခံ မြေခံ ကောင်းလို့ မင်းဘက်ထက်သာတယ်၊ ဟောဒီမယ် မြင်တယ်မဟုတ်လား"

လူရွှင်တော် (၂) ထိုအခါ ညှိုးငယ်စွာဖြင့် သီးသီးအငယ်လေးကို ကိုင်ရင်း ခေါင်းကုတ်နေရှာ၏။ လူအများ တဝါးဝါး တဟားဟားနဲ့ ပွဲကျသွားကြ၏။

ထိုစဉ် မင်းသားလေး အဝတ်လဲကာ တစ်ကျော့ပြန်ထွက်လာပြီ။ မြန်မာသံစဉ်နဲ့ ခေတ်ပေါ်တီးဝိုင်း နှစ်ခုမှ တစ်လှည့်စီတီးမှုတ်ကာ မင်းသားလေး ကပြပြန်ပြီ။

ဒီအချိန်မှာ ပွဲခင်းထဲက မိန်းကလေးတစ်ယောက် ရှုံ့နိမ့်နေရှာသော လူရွှင်တော်ထံသို့ သူမ၏ လက်ဆွဲခြင်းတောင်းထဲမှ သီးသီးအကြီးကြီးတစ်လုံးကို လှမ်းပစ်ကာ စေတနာ ဗရပွဖြင့် စစ်ကူပေးလိုက်၏။ ကံဆိုးချင်တော့ ဇာတ်ခုံနှင့် ဝါးနှစ်ပြန်သာသာ အကွာအဝေးမှ မိန်းကလေး၏ ပစ်ချက်သည် ဇာတ်စင်ပေါ်သို့မရောက်ဘဲ လွဲချော်ကာ ဇာတ်စင်အနီး ဆိုင်းဝိုင်းထဲမှ အားနဲ့မာန်နဲ့ မှုတ်နေရှာသော ငွေနှဲကျော်၏ ဦးခေါင်းထက်ဆီသို့ ဒေါက်ခနဲ မြည်သံနဲ့အတူ မိတ်ဖွဲ့ရောက်အသွား . . .

"အား" ခနဲ ခေါင်းကိုအုပ်ကာ အော်နေရှာသည့် နှဲဆရာ၏ရုပ်ပုံကို မီးရောင်ကြည်ကြည်အောက်တွင် မြင်လိုက်ရသူ အပေါင်းမှာ ဝေးဝိုင်တွေးတောရာမှ တဝါးဝါး ရယ်မောခဲ့ရပါကြောင်း။

❒ ချမ်းလှ



www.burmeseclassic.com

www.burmeseclassic.com

# တစ်ရေညှိ တစ်ပြန်

ချမ်းလှ



ဦးကြီးငယ်ဟာ ကြက်တိုက်တာ ဝါသနာကြီးသူ တစ်ယောက်ပေါ့။

တစ်နေ့ ရွာနီးချုပ်စပ်က ရွာတစ်ရွာကို ကြက်တိုက်သွားကြပါတယ်။ ရွာပြင် ကိုင်းတောစပ်နားက အရိပ်ကောင်းတဲ့ ကုက္ကိုပင်ကြီးအောက်မှာ ကြက်ဝိုင်းလုပ်ကြတယ်ပေါ့။ သူ့ရွာ ကိုယ့်ရွာ၊ သူ့ကြက် ကိုယ့်ကြက်၊ သူ့ဘက် ကိုယ့်ဘက် လောင်းကြေးငွေတွေကလည်း မနည်းလှဘူးပေါ့။

ကြက်နှစ်ကောင်က စည်းဝိုင်းထဲမှာ သဲသဲမဲမဲ ခွပ်နေဆဲ။ ဘေးက လူတွေက ဆူပွက်ညံအောင် အားပေးနေဆဲ။

"ဟေ့ မပြေးနဲ့၊ မင်းတို့ကို ဝိုင်းထားပြီ" ဆိုတဲ့အသံနဲ့ အတူ ရပ်ရွာလူကြီးတွေလဲ ရောက်လာရော ဘာပြောကောင်းမလဲ၊ အားလုံး ဝရုန်းသုန်းကားနဲ့ ခြေဦးတည့်ရာ ပြေးကြတာ။ လဲသူလဲ ကွဲသူကွဲပေါ့။

ဦးကြီးငယ်တစ်ယောက်လည်း ကြောက်အား လန့်အားနဲ့ ရောက်မိရောက်ရာစွတ်ပြီး ပြေးရှာတာပေါ့။ ကံဆိုးချင်တော့ သူ့နောက်ကို ရွာလူကြီးတစ်ယောက်ကလည်း ထက်ကြပ်မကွာ လိုက်နေပါရော။ ကြောက်လွန်းလို့သာ အားတင်းပြီး ပြေးနေရတာ။ ဝလွန်းလှတဲ့ သူ့ခန္ဓာကိုယ်ကြီးကို သယ်ရတာ မောလှပြီပေါ့။ ဒါပေမဲ့ ဦးကြီးငယ် မရပ်ရဲဘူးလေ။ အဖမ်းခံရမှာ ကြောက်ရှာတာကိုး။

ဒီလိုနဲ့ ကိုင်းတောကြီးထဲမှာ ဦးကြီးငယ်က ရှေ့ကပြေး၊ ရွာလူကြီးက နောက်ကလိုက်နဲ့၊ ပြေးတမ်း လိုက်တမ်း ကစားနေကြသလိုပေါ့။

ကြာလာတော့ ဦးကြီးငယ်ရဲ့ ခြေလှမ်းတွေက နှေးလာသလို နောက်က ရွာလူကြီးကလည်း မမြန်တော့ပါဘူး။ ဒါပေမဲ့ သူတို့နှစ်ဦးစလုံး ပြေးနေလျက်ပါပဲ။ ရပ်လို့ မရကြဘူးလေ။ နှစ်ဦးစလုံးလည်း မောကြပြီပေါ့။

ရှေ့က ပြေးနေတဲ့ ဦးကြီးငယ်က ပိုပြီး မောပြီထင်ပါတယ်။ ခြေလှမ်းတွေကို သူ မလှမ်းချင်တော့ဘူးလေ။ ဒီမှာတင် သူဘယ်လို စိတ်ကူးပေါက်သွားတယ်မသိဘူး။ ရှေ့က ပြေးနေတဲ့ ဦးကြီးငယ်ဟာ ဘာမပြော ညာမပြောနဲ့ အခုလိုအော်ပြီး နောက်ကို ပြန်လှည့်ပြေးပါတော့တယ်။

"လာကြဟေ့ ငါ့နောက်ကို ရွာလူကြီးတစ်ယောက် လိုက်လာတယ်၊ ဝိုင်းဖမ်းကြဟေ့"

ဆိုပြီး ရွာလူကြီးဆီကို နောက်ပြန်လှည့်ပြေးတဲ့အခါ ရွာလူကြီးလည်း သူ့ကို ဝိုင်းဖမ်းဖို့ နောက်ကလူတွေ အဟုတ်လိုက်လာကြတယ်လို့ ထင်ကာ နောက်ကြောင်းကို ပြန်လှည့်ကာ ပြေးရှာတော့တာပေါ့။

ခုန ပြေးသူက အခုလိုက်သူ ဖြစ်ပြန်ပြီပေါ့။ ဒီတော့ ရွာလူကြီးက ရှေ့ကပြေး ဦးကြီးငယ်က နောက်ကလိုက်ပေါ့။

မောနေပေမယ့် ပြုံးစစ မျက်နှာထားနဲ့ ဦးကြီးငယ်တစ်ယောက်ကတော့ "လာကြဟေ့၊ လိုက်ဟေ့"နဲ့ ကိုင်းတောထဲမှာ ဆူညံကာ အော်ဟစ် ပြေးလွှားနေလေရဲ့။

❐ ချမ်းထွေ



www.burmeseclassic.com



...တစ်ဦးဖြစ်တဲ့ ကိုဖိုးထောင်ဟာ အရပ်ပုပု၊ ပိန်ပိန်ပါးပါးနဲ့ လူဖလံလေးပေါ့။

တစ်နေ့ ဝန်ထမ်း သက်သာဆိုင်မှာ လင်မယားနှစ်ယောက် ဆန်သွားထုတ်ကြတယ်လေ။ အဲ. . . အလှည့်ရောက်လို့ ဆန်(၁၄)ပြည်ကို ရတဲ့အခါမှာတော့ ဓာတ်တိုင် ငါးခန်း၊ ခြောက်ခန်းသာ ဝေးတဲ့အိမ်ကို သယ်ဖို့ပဲ ကျန်ပါတော့တယ်။

ဒီမှာတင် ကိုဖိုးထောင်ဟာ အင်္ကျီလက်ကိုပင့်ပြီး ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်တယ်။ ဘေးနားက လူတွေအားလုံးကတော့ ပုလွေရိုးလို လက်မောင်းနဲ့ ဖားပေါင်လောက်သာရှိတဲ့ ကိုဖိုးထောင်ရဲ့ ပေါင်လုံးလေးတွေကို ကြည့်ရင်း ပြုံးနေကြတယ်လေ။

နောက်ပြီး ကိုဖိုးထောင်နဲ့ ဆန်အိတ် အထမ်းကိုလည်း လှမ်းကြည့်နေကြတယ်ပေါ့။

အဲဒီအခိုက်မှာပဲ ခါးတောင်းကျိုက်ထားတဲ့ ကိုဖိုးထောင်က ဆန်အိတ်ကို ဆတ်ခနဲ ကောက်မပြီး တင်လိုက်တာကတော့ သူ့မိန်းမရဲ့ ခေါင်းပေါ်ပါတဲ့ခင်ဗျား။

❒ ချမ်းရွှေ

---

## ထော်လော်ကန့်လန့်အတွေးများ

**အဘိဓမ္မာဆရာ**

သူ အဘိဓမ္မာဆရာကြီးဖြစ်တော့မှာပေါ့၊ သူ့နှလုံးသားမှာ ဒဏ်ရာတွေနဲ့ ပြည့်နေတာမဟုတ်လား။

**ရန် = ငါ**

ရန်သူတစ်ယောက် မသိစေချင်တဲ့စကားမျိုးကို ဘယ်တော့မှ မိတ်ဆွေတစ်ယောက်ကို ထုတ်မပြောလိုက်ပါနဲ့။

**ပြင်မရတဲ့ငါ**

အသက် ၄၀ကျော် လို့မှ အကောင်းဘက်က မကြည့်မြင်တတ်ဘူးဆိုရင် စာဘယ်လောက်တတ်တတ်၊ စာဘယ်လောက်ဖတ်ဖတ် ဘာမှထူးခြားလာမယ့်လူမဟုတ်ဘူး။

**အမှန်တရား**

အမှန်တရားဆိုတာ များသောအားဖြင့် မတူတဲ့အယူအဆတွေညှိနှိုင်းရာက ထွက်ပေါ်လာတတ်တာမျိုးပါပဲ။

**ရင်ဘတ်ကြီး**

ရင်ဘတ်ပေါ်က တံဆိပ်က ဧည့်ခံပွဲမှာပဲအသုံးဝင်မှာပါ၊ ရင်ဘတ်ထဲက နှလုံးသားကမှ တကယ့်အစစ်အမှန်တန်ဖိုးပါ။

**မတူတာ**

ယောကျ်ားသားတွေက ကမ္ဘာလောကကြီးတိုးတက်ဖို့ အော်ဟစ်နေချိန်မှာ မိန်းမသားမိခင်တွေကတော့ သူတို့ရဲ့မိသားစုတစ်ခုလုံး တိုးတက်အောင်လုပ်ချင်ကြတယ်။ တကယ်က အဲဒီအလုပ်ကမှ ပိုခက်တာ။

**လွတ်လပ်ခြင်း**

လွတ်လပ်ခြင်းဟာ မဟာရံတံတိုင်းကို ဖောက်ထွက်နိုင်ပါတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့ လူတွေကပဲ အဲဒီလွတ်လပ်ခြင်းကို ခြံစည်းရိုးမြင့်မြင့်ကာဖို့ ကြိုးစားနေကြပြန်တယ်။

**ကလေးဆိုတာ**

ကလေးဆိုတာ လူကြီးတွေရဲ့ပြောစကားကို နားထောင်ဖို့ ခဲယဉ်းပါတယ်။ ဒါပေမဲ့ လူကြီးတွေလုပ်သမျှ အတုခိုးဖို့ကျတော့ တယ်လွယ်ကြပြန်ရော။

**ဘဝတိုတို**

လူ့ဘဝ တိုတိုကလေးရယ်။ ကဲ . . . အချိန်ရှိတုန်း ချစ်လိုက်ကြစို့. . . လူသားအချင်းချင်း။

**ဒီခရီး နီးသလား**

သွားရမှုဖြစ်မယ့်ခရီးကို မနီးဘူးဆိုပြီး ညည်းနေရင် အဲဒီခရီးက ပိုပြီးဝေးသထက်ဝေးသွားတတ်ပါတယ်။

➔



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




**ရင်းနှီးမြှုပ်နှံမှု**

အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုဆိုတာ ငွေကြေးမဟုတ်၊ ပင်ကို အရည်အချင်း ဖြစ်တယ်။

**အပြုံး**

မလိုသူရဲ့ ပြစ်တင်ရှုတ်ချမှုကို အပြုံးမပျက်ခံယူနိုင်ပြီဆိုရင် သင် ဘယ်တော့မှမရှုံးတော့ဘူးမှတ်ပါ။

**အငို အရယ်**

သူများကိုလည်း လှော့မတွက်နဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း ပိုမတွက်နဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း လျှော့မတွက်နဲ့၊ သူများကိုလည်း ပိုမတွက်နဲ့။

**အကောင်းဆုံး**

အကောင်းဆုံးဓားဆိုတာ အပူဆုံးမီးမြိုက်ခံရပြီး အပြင်းဆုံး အထုအနှက်ခံရပြီးမှ ရရှိလာတာပါ။

**တားခဲ့လိုက်**

မနေ့က သောကတွေကို ဘာလို့ ဒီနေ့အထိ သယ်လာဦးမှာလဲ။ ဒီနေ့ ပျော်ရွှင်အောင်နေပါလား။

**စဉ်းစား**

ဘာလုပ်ရမလဲဆိုတာ စဉ်းစားပါ။ စဉ်းစားရင်း အချိန်မကုန်ပါစေနဲ့။

**ငှက်**

အတောင်ပါတိုင်း ငှက်လို့ပြောလို့ရပေမယ့် ပျံသန်းနိုင်စွမ်းချင်း မတူပါဘူး။ လင်းယုန်ငှက်က တိမ်ယံထက်မှာ ပျံတယ်။ ကြက်တွေကတော့ ဝါးတစ်ပြန်ထက် မပိုပါဘူး။

**အသိနဲ့အလုပ်**

ဘာမှမလုပ်ဖူးဘဲ ဘာမဆိုသိနေတဲ့လူမျိုးက အသုံးမဝင်သလို ဘာမှမသိဘဲ လုပ်တဲ့အလုပ်မျိုးကလည်း အန္တရာယ်ကြီးလွန်းပါတယ်။

**ရှက်**

ဘာမှမလုပ်ဘဲ အချိုးမွှမ်းခံရတာလောက် ရှက်စရာကောင်းတာ ဘာမှမရှိဘူး။

**ဆင်ခြေ**

အမှားကို ဝန်ခံရမယ့်အစား ဆင်ခြေပေးတယ်ဆိုရင် အဲဒီလူမျိုးဟာ နောက်လဲမှားနေဦးမှာပဲ။

**ခမျှာ်ပျော်နေ**

ပျော်ပျော်နေသေခဲဆိုတာ မှန်ပေမယ့် အပျော်လွန်လို့ အသေစောတဲ့ လူတွေလဲ ဒုနဲ့ဒေးပါ။

**အောင်မြင်မှုနဲ့ဆုံးရှုံးမှု**

ချိုမြိန်သောဆုံးရှုံးမှုဆိုတာ မရှိ။

ခါးသီးသော အောင်မြင်မှုဆိုတာလည်း မရှိ။

**အမုန်းနဲ့မေတ္တာ**

ငြိမ်းအေးသော အမုန်းတရားဆိုတာ မရှိ။

ပူလောင်သော မေတ္တာတရားဆိုတာလည်း မရှိ။

**အပြုံးနဲ့ဒေါသ**

နှစ်လိုဖွယ်ကောင်းသော ဒေါသဆိုတာ မရှိ။

စက်ဆုပ်ဖွယ်ကောင်းသော အပြုံးဆိုတာလည်း မရှိ။

အပြုံးဆိုတာ ရုပ်ဆိုးသူကို လှစေတယ်။

ဒေါသဆိုတာ လှပသူကိုတောင် အကျည်းတန်စေတယ်။


❐ အောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟားဟား ဟာသများ



## သေသင့်တဲ့သူ

ကိုထွန်းသာ - ကျုပ်သေချင်တယ်ဗျာ၊ တကယ်ပဲ။

ကိုဖုန်း - ဘာပြုလို့လဲဗျ၊ ခင်ဗျားဟာက။

ကိုထွန်းသာ - ကျုပ်ပေါ့၊ မိန်းမချက်တဲ့ဟင်းတွေ ညံ့တာနဲ့ မင်းဟင်းချက်တာက လည်း ညံ့ပါ့ကွာလို့ ဝေဖန်မိတာ။

ကိုဖုန်း - ဒီတော့ ဆိုင်ကမှာကျွေးတာနဲ့ အကုန်အကျများပြီး သေချင်စိတ် ပေါက်လာတာလား။

ကိုထွန်းသာ - ဘယ်ကလာ၊ ရွာက ဟင်းချက်ကောင်းတဲ့ သူ့အမေကို လှမ်းမှာ လိုက်တာဗျ။

ကိုဖုန်း - ဒါဆို ခင်ဗျား ဟင်းကောင်းစားရပြီပေါ့။

ကိုထွန်းသာ - စားရဖို့နေနေသာသာဗျာ၊ ကျုပ်ယောက္ခမက သူ့ယောကျ်ားကြီး လည်း ခွဲမထားနိုင်ဘူးဆိုပြီး ခေါ်လာတာ၊ ပြီးတော့ ဟင်းကောင်း တွေ ချက်ပြီး ကျုပ်အိမ်ပြန်မရောက်ခင် သူတို့သားအမိသားအဖ သုံးယောက် တီးထားကြတာ ကျုပ်လည်း အလုပ်ကမောမောနဲ့ ပြန်ရောက်ရော အရိုးအရင်းတွေပဲ ကျန်နေတာ နေ့တိုင်းပဲဗျ။

ကိုဖုန်း - ဟာ. . . ဒါဆိုရင်တော့ ခင်ဗျား သေသင့်တယ်၊ မြန်မြန်သာသေ လိုက်တော့။

ကျော်ဖြိုးလွင်



## မလှည့်နဲ့နော်

သူငယ်ချင်းနှစ်ယောက်တို့သည် လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားပြောနေ ကြသည်။

အရှည်ကြီး - မနေ့က ဟိုကောင်ဝင်းမောင် ငါ့ဆီကို ပိုက်ဆံလာချေးတယ်ကွာ၊ အဲဒါ ချေးသင့် မချေးသင့် စဉ်းစားနေတာ။

ပျာယာ - မင်းကလဲကွာ ချေးလိုက်ပါ။

အရှည်ကြီး - ပြန်ရမယ်လို့ မင်းအာမခံလို့လား။

ပျာယာ - အာမတော့ မခံဘူးပေါ့ကွာ၊ မင်း မချေးရင် ငါ့ဘက်လှည့်လာ မှာပေါ့ကွာ။

ကျော်လင်းထွန်း(ရွှေသင်း)



## ဒီ ဘမှန်ပ်လေ

အင်းယားကန်စောင်းတွင် ချစ်သူနှစ်ဦးတို့ ကယုကယင် ချစ်စကားဖွဲ့သီနေ ကြသည်။

ကျား - မောင်တို့ လက်ထပ်ကြစို့လားဟင်။

မ - အို ရှင့်ဝင်ငွေကဖြင့် ကျွန်မတစ်ပတ်စာသုံးလောက်ပဲ ရှိတယ်။

ကျား - အိုကွာ၊ ဒါဆိုလည်း တစ်ပတ်လောက်ပဲ လက်ထပ်ကြတာပေါ့နော်။

ကျော်လင်းထွန်း(ရွှေသင်း)



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟန ဟာသများ



## အာလိုက်သိလွန်းသူ

ကဗျာယောင် စာယောင် ဝါသနာကြီးလှစွာသော ကဗျာဆရာ မောင်ပျာယာ တစ်ယောက် သူ၏ ကဗျာတိုလေးတစ်ပုဒ် မဂ္ဂဇင်း၌ ပါလာသောကြောင့် အားရဝမ်းသာဖြင့် လက်ဖက်ရည်ဆိုင်တွင် သူငယ်ချင်းများကို ကြွားလေသည်။

မောင်ပျာယာ - ဒီစာအုပ်ထဲမှာ ငါ့ကဗျာလေး ပါတယ်ကွ၊ ငါ့ကဗျာကိုဖတ်ပြီး မင်းတို့ရဲ့ အမြင်နဲ့ ခံစားမှုပြောပြကွာ။

အရှည်ကြီး - အင်း. . . ငါ ဖတ်ကြည့်တာ ဘာမှ နားမလည်ဘူးကွ။

မောင်ပျာယာ - ဟာ. . . မင်းကလည်း အနုပညာနဲ့ အတော်အလှမ်းဝေးတာပဲကွ၊ ကဲ ဝင်းမောင် မင်းဖတ်ပြီး ဝေဖန်စမ်းပါဦးကွာ။

ဝင်းမောင် - မဖတ်တော့ပါဘူးကွာ၊ ဆေးလိပ်ဖိုး ငါပဲပေးလိုက်ပါ့မယ်။

မောင်ပျာယာ - သေဟဲ့ နန္ဒိယ။

ကျော်လင်းထွန်း(ရွှေသင်း)



## မသင်ချင်လို့ပါ

ပထမလူငယ် - ငါ ကမ္ဘာကြီး စတင်ဖြစ်ပေါ်တဲ့ အချိန်ကာလမှာ လူဖြစ်ချင်တယ်။

ဒုတိယလူငယ် - ဘာဖြစ်လို့လဲ။

ပထမလူငယ် - အဲဒီအချိန်ကာလဆို အခုလို သမိုင်းဘာသာ သင်ရမှာ မဟုတ်ဘူး။

မောင်ခေတ်ထွန်း



## ဆင်ခြေ

ငါးမျှားနေသူ လူငယ်အား ပန်းခြံစောင့်က . . .

အစောင့် - ဒီနေရာမှာ ငါးမမျှားရဘူးဆိုတာ မသိဘူးလား။

လူငယ် - ကျွန်တော် ငါးမျှားနေတာ မဟုတ်ပါဘူး၊ တီကောင်ကို ရေကူးတတ်အောင် သင်ပေးနေတာပါ။

မောင်ခေတ်ထွန်း

## တန်ဘောင်ပါ

လူနာ - သွားတစ်ချောင်းနုတ်ရင် ဘယ်လောက်ကျသလဲ။

သွားဆရာဝန် - ပေါင် ၃၀ ပါ။

လူနာ - သွားတစ်ချောင်းနုတ်တာ သုံးစက္ကန့်လောက်ပဲကြာတာ ပေါင် ၃၀ ဆိုတာ မများဘူးလား။

သွားဆရာဝန် - ဒါဆို အချိန်ကြာကြာလေး နုတ်ပေးပါ့မယ်။

မောင်ခေတ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အိမ်ခြေရင်းရှိ မောင်မောင်ထွန်းတို့ နေအိမ်မှ "ဝုန်း" ဟူသော အသံကြီးကြောင့် ကျွန်ုပ်မှာ နေမကောင်း၍ မှေးနေရာမှ ရုတ်တရက် လန့်ဖျပ်နိုးလာလေတော့သည်။

မောင်မောင်ထွန်းတို့ လင်မယား စတင်၍ ပူညံ ပူညံ ဖြစ်လာပေပြီ။ မိဘနှစ်ယောက်မှ ရန်ဖြစ်နေကြ၍ သားသမီးများမှာ နေစရာမရှိအောင် ကြောက်ရွံ့တုန်လှုပ်နေကြသဖြင့် တစ်ယောက်တစ်ပေါက် အော်ငိုသံများလည်း ထွက်ပေါ်လာပြန်သည်။ မွေးထားသည့် ဘိုခွေး ကိုးကောင်ကလည်း အိမ်ရှေ့မှ လူဖြတ်သွားသည်နှင့် တဝုတ်ဝုတ်နှင့် သံပြိုင်ဟောင်နေကြသေးသည်။

တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ် နေ့စဉ်ဆိုသလို ဤသို့ ဆူညံပူညံသံများအား ကြားနေရ၍ ကျွန်ုပ်တို့ အိမ်နီးချင်းများမှာ အလွန်စိတ်ညစ်နေကြရသည်။ မိဘများဆီ တိုင်ရအောင်လည်း လင်မယားနှစ်ယောက်စလုံး၏ မိဘများမှာ နယ်မြို့များတွင် နေထိုင်ကြ၍ ဆုံးမပဲ့ပြင်မည့်သူမရှိ ဖြစ်နေပြန်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ အိမ်နီးနားချင်းများမှာ ၎င်းတို့အိမ်မှ ဘယ်အချိန်ထ၍ ဆူညံကြဦးမည်လဲမသိ ဟူသော စိုးရိမ်စိတ်ဖြင့် အောင့်အည်းသည်းခံ နေထိုင်ကြရသည်။

တနင်္ဂနွေနေ့ တစ်ရက်တွင်ဖြစ်သည်။ ၎င်းတို့ ဇနီးမောင်နှံ နှစ်ဦးစလုံး ကျွန်ုပ်၏အိမ်သို့ လာကာ မောင်မောင်ထွန်းက . . .

"အစ်ကို့ဆီ အကြံဉာဏ်တောင်းဖို့လာတာ၊ ကျွန်တော်တို့လင်မယား ဘာပဲလုပ်လုပ် စီးပွားရေးအဆင်မပြေ ဖြစ်နေတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတာ ပြောပါဦး အစ်ကို၊ ယတြာလေး ဘာလေး လုပ်ရမယ်ဆိုရင်လဲ တစ်လက်စတည်း အကူအညီပေးပါ အစ်ကို" ဟု ဆိုလာလေ၏။

ထိုအခါ ကျွန်ုပ်၏ စိတ်ထဲမှ အကွက်တော့ဝင်ပြီဟု တွေးလိုက်ပြီး . . .

"ကောင်းပြီ မောင်မောင်ထွန်း၊ မင်းတို့ စိတ်ဆိုးချင်ဆိုး အစ်ကိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ဒီလိုရှိတယ်ကွ၊ အိမ်တစ်အိမ်ဟာ အမြဲတစေ ဆူညံပူညံဖြစ်နေရင် အဲဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com

မှာနေတဲ့ မိသားစုတွေဟာလဲ [illegible]
ဒီအတိုင်းပဲ အိမ်နီးချင်းတွေလဲ စိတ်ဆင်းရဲ စိတ်ညစ်ကြရတယ် မိမိတို့ရော ပတ်ဝန်းကျင်ပါ စိတ်ဆင်းရဲနေကြရတော့ မင်းတို့အပေါ် ဘယ်သူမှ မေတ္တာမထားနိုင်ကြဘူး၊

ဒီအတိုင်းပဲ နတ်ကောင်း နတ်မြတ်တွေ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေလဲ မင်းတို့အပေါ် မေတ္တာပျက်ကြမှာပဲ၊ ဒါကြောင့် မင်းတို့စီးပွားရေး လုပ်တိုင်းမဖြစ် ထင်တိုင်းမပေါက်ဖြစ်တာပေါ့၊ မေတ္တာစူးတယ်လို့ ခေါ်တယ်ကွ၊

နောက် တစ်ခုက နေ့စဉ်နေ့တိုင်း ဘာမဟုတ်တဲ့ အကြောင်းအရာလေးနဲ့ မင်းတို့လင်မယား ရန်ဖြစ် စိတ်ကောက်နေကြတော့ စီးပွားလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ အချိန်ကုန်တဲ့အပြင် တစ်ဦးနဲ့တစ်ဦး တိုင်ပင်ညှိနှိုင်းဖို့လဲ မရတော့ဘူး၊ တစ်ဦးကိုတစ်ဦး မလေးစားကြတော့ ဘယ်လိုဖြစ်ပြီး စီးပွားရေး အောင်မြင်တော့မလဲ၊ အိမ်တစ်အိမ်ဟာ ကျက်သရေ မင်္ဂလာရှိတဲ့အိမ်ဖြစ်မှ စီးပွားတိုးပြီး အောင်မြင်တာ" ဟု အားမနာတမ်း ရင်ထဲရှိတာ အကုန်ပြောချလိုက်လေ၏။

ထို့ကြောင့် မောင်မောင်ထွန်းက . . .

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး ထိန်းသိမ်းပြီး အေးအေးချမ်းချမ်း နေပါ့မယ်၊ အစ်ကို့ဘက်ကလဲ သင့်လျော်မယ့် ယတြာလေးလဲ ပေးလိုက်ပါဦး အစ်ကို" ဟု ဆိုလာပြန်၍ . . .

"အေး. . . ကျက်သရေမင်္ဂလာရှိတဲ့ အိမ်ဂေဟာ ဖြစ်စေချင်ရင် အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးရဲ့ သီရိအရပ်မှာ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းရဲ့ အောင်ပန်းတွေဖြစ်တဲ့ အောင်သပြေနဲ့ အုန်းညွန့်တို့ကို ပန်းအိုးထဲထည့်ပြီး အမြင့်တစ်နေရာမှာ ထားပေး၊ နေ့စဉ် ဒီဂါထာလေးကို နံနက်မိုးလင်းတာနဲ့ ကိုးခေါက်ရွတ်ပေး၊ ညအိပ်ရာဝင်ခါနီး ကိုးခေါက်ရွတ်ပေး" ဟုဆိုကာ အောက်ပါဂါထာအား ရေးပေးလိုက်သည်။

**သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။**
**သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။**

<u>အနက်</u>

သုနက္ခတ္တံ - နက္ခတ်အပေါင်း မကောင်းမရှိ အကောင်းအတိသာတည်း။

သုမင်္ဂလံ - အမင်္ဂလာ ဘယ်ခါမရှိ ကောင်းမြတ်သော မင်္ဂလာအတိသာတည်း။

သုပ္ပဘာတံ - အပြစ်ကင်းရှင်း၊ ကောင်းသောမိုးလင်းရခြင်းပင်တည်း။

သုဟုဋ္ဌိတံ - သာယာသန့်ရှင်း၊ ကောင်းသောအိပ်ရာမှထရခြင်းပေတည်း။

သုခဏော - [illegible]
[illegible]

သုမုဟုတ္တော - [illegible]
သည်။

ဗြဟ္မစာရိသု - မြတ်သောအကျင့်ကို ကျင့်ဆောင်နိုင်သူ ပုဂ္ဂိုလ်တို့၌၊

သုယိဋ္ဌံ - အပြစ်ကင်း၍ သန့်ရှင်းကောင်းမြတ်သော ပူဇော်ရခြင်း ဖြစ်ပါပေ၏။

ကျွန်ုပ်မှ ၎င်းဂါထာအား ရေးပြီးသည်နှင့် ခုနစ်ရက်သားသမီးများ၏ သီရိ(ကျက်သရေမင်္ဂလာရှိရာ) အရပ်အား ဇယားဖြင့် ချရေးလိုက်ပြီး မောင်မောင်ထွန်းလက်ထဲ ထည့်ပေးလိုက်သည်။

| နေ့နံ | သီရိအရပ် |
|---|---|
| တနင်္ဂနွေ | မြောက် |
| တနင်္လာ | အရှေ့မြောက် |
| အင်္ဂါ | အရှေ့ |
| ဗုဒ္ဓဟူး | အရှေ့တောင် |
| ကြာသပတေး | အနောက်တောင် |
| သောကြာ | အနောက်မြောက် |
| စနေ | တောင် |
| ရာဟု | အနောက် |

ထိုနေ့မှစ၍ မောင်မောင်ထွန်းတို့အိမ်ဘက်မှ ဆူညံပူညံသံ မကြားရတော့ဘဲ စီးပွားရေးများလည်း ပြေလည်ကောင်းမွန်လာကြောင်း တွေ့ရသည်။ ၎င်းတို့ ဇနီးမောင်နှံမှလည်း ကျွန်ုပ်အား ကျေးဇူးတင်စကား ကိုယ်တိုင်လာရောက်ပြောကြားသွားကြပါသည်။ ဖျက်အစဉ် ပြင်ခဏ ဟူသောစကားပုံအတိုင်း မိသားစုတိုင်း ဝေဖန်ဆင်ခြင်၍ ပျော်ပျော်ပါးပါး နေထိုင်နိုင်ကြပါစေဟု ဆုတောင်းလျက်။

❒ **အောင်လံထူဆရာထိန်**



www.burmeseclassic.com

www.burmeseclassic.com



## ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်

# အဟောပဒေသာနှင့် ယတြာများ

ဂမ္ဘီရ ဆရာလှမျိုး

မကြာမီကာလတွင် ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်မှ ၁၃၇၅ ခုနှစ်သို့ ပြောင်းရွှေ့ရောက်ရှိလာပါတော့မည်။ မြန်မာနှစ်သစ်ကူးဟူ၍ ခေါ်ဆိုကြပါသည်။ မဟာသင်္ကြန်သည် ၁၃၇၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက်၊ ၂၀၁၃ ခုနှစ် ဧပြီလ ၁၄ ရက်၊ တနင်္ဂနွေနေ့ နံနက် စက် ၄ နာရီ ၆ မိနစ် ၂ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။ အင်္ဂါနေ့တွင် သင်္ကြန်တက်မည် ဖြစ်သောကြောင့် အင်္ဂါသားသမီး တာစားသည်ဟု ဆိုရမည်။

မြန်မာနှစ်ဆန်းသည် ဗုဒ္ဓဟူးနေ့ဖြစ်သည်။ အင်္ဂလိပ်ခရစ်နှစ် ၁၇. ၄. ၂၀၁၃ ပုံသေယူထားတာ တွေ့ရ၏။ တနင်္ဂနွေဂြိုဟ်မင်းသည် နဂါးကိုစီးပြီး တစ်ဖက်က မြား၊ လက်တစ်ဖက်က လှံကိုကိုင်လျက် အရှေ့မြောက်ထောင့်ကနေ အနောက်တောင်သို့ ဝင်၏။

ထို့ကြောင့် ယုံကြည်သူများအနေဖြင့် သင်္ကြန်အကြိုနေ့တွင် အရှေ့မြောက်ထောင့်၌ အောင်သပြေပန်းအိုး၊ ပရိတ်ပန်းအိုး၊ သင်္ကြန်ပန်းအကြိုအိုး ထားသင့်သည်။ မေတ္တာပို့ လိုရာဆန္ဒ ဆုတောင်းပါ။ အဖြစ်သဘော မထားသင့်ပါ။ မယုံကြည်လျှင် လုံးဝမပြုလုပ်တာ ကောင်းသည်။ မဟာဘုတ်တွက်ကိန်းအရ တနင်္ဂနွေဂြိုဟ်သည် အထွန်းတွင်ရှိသောကြောင့် တနင်္လာနံထွန်း၍ ဗုဒ္ဓဟူးဂြိုဟ်သည် ပုတ်အိမ်တွင် ရှိသောကြောင့် ဗုဒ္ဓဟူးနံပုပ်သည်။ အင်္ဂါသားသမီး အတာစား၍ ကျန်းမာရေး ဂရုစိုက်ရမည်။

၁၃၇၅ ÷ ၇ = ၃ ကြွင်းနှစ်

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

၁၃၇၅ ခုနှစ် ကောဇာမဟာဘုတ်

၁၃၇၅ ခုနှစ်သည် မဟာဘုတ် ၃ ခုကြွင်းသောနှစ်ဖြစ်၍ ၃ ကြွင်းမဟာဘုတ်ဟု ခေါ်ဆိုနိုင်သည်။ ယခင်နှစ်က ၂ ခုကြွင်းမဟာဘုတ်ဖြစ်ပြီး တနင်္လာတာစားသည်။ ၁၃၇၄ ခုနှစ်တွင် တနင်္လာနံတစ်ခုတည်းကိုပဲ ပြန်လည်သုံးသပ်လေ့လာကြည့်ပါ။ တနင်္လာနံ (က၊ ခ၊ ဂ၊ ဃ၊ င) ကား စျေးကွက်ပျက် (ဘင်သဘော)၊ လျှင်လှုပ်၊ ကျောင်းတွေပျက်စီး၊ ကြေးနီပြဿနာ၊ ကလေးတွေဒုက္ခရောက်၊ ကုမ္ပဏီလုပ်ငန်း၊ ခရီးသွားလုပ်ငန်း အဆင်မပြေ စသည်တို့ ကြုံတွေ့ရသည်။

ယခင်နှစ်က တနင်္လာ (၂) ဘင်၊ (၅) တေး မရဏ၊ (၃) အင်္ဂါ ပုတိ ၂၊ ၃၊ ၅ နေ့နံများ ညှိုးခဲ့ပါသည်။

ယခုနှစ်တွင် (၃)အင်္ဂါ ဘင်ဖြစ်နေပြီး အတာလည်းစားနေ၍ အင်္ဂါနံပစ္စည်း ဆန်၊ ဆီ၊ ဆား၊ စက်ပစ္စည်း၊ စျေးကွက်၊ စိန်၊ ဆိုင်ခန်း၊ စစ်ဘက်ဆိုင်ရာ၊ စစ်ပွဲ၊ စပ်တူရှယ်ယာ စသည့် အင်္ဂါနံများ မတည်မငြိမ် ဖြစ်နေတတ်သည်။ ဗုဒ္ဓဟူးသားသမီးများ ကျန်းမာရေးညှိုးတတ်သလို အစာမှား၊ ဆေးမှား၊ အစာမကြေ၊ လေရောဂါ၊ ဝမ်းနှင့်ပတ်သက်သောရောဂါများ သတိထားရမည်။

အတာသင်္ကြန်အလိုအရ မိုးဦးကောင်းအံ့။ မိုးလယ်မိုးနှောင်း တန့်အံ့။ ပြည်ကြီးကို ပြည်ငယ် နိုင်စပြုအံ့။ သူဌေးသူကြွယ် ကုန်သွယ်လယ်လုပ်တို့သည် ဥပုဒ်ဖြစ်ကုန်အံ့။ ရေပိုးသားငါးများအံ့ (ရေသတ္တဝါ ပေါမည်)။ အတောင်ရှိသောကျေးငှက်တို့သည် ဥပုဒ်ဖြစ်အံ့။ ကွမ်းသီး၊ ငရုတ် စွံအံ့။

၃ ခုကြွင်း မဟာဘုတ်တွင် အင်္ဂါနံ (စ၊ ဆ၊ ဇ၊ ဈ၊ ည) ဘင်ဖြစ်နေသည်။ ထို့ကြောင့် လူတို့၏စိတ်ပိုင်းဆိုင်ရာများ မတည်မငြိမ်၊ စိတ်လှုပ်ရှား စသည့်သဘောတရားလည်း ဖြစ်တတ်ပါသည်။ ထို့ကြောင့် သမထ၊ သမာဓိ တရားအထူးအားထုတ်ပါ။ သမထ၊ ဝိပဿနာတရား ကြိုးစားဆောင်ရွက် သမာဓိရအောင် နေထိုင်ကြပါ။

၄ ဟူး သဘောအရ ရေ၊ လေ မုန်တိုင်း သတိထားရမည်။ လူတို့ ကာမဂုဏ်စည်းစိမ် ခံစားမှု များလာမည်။ ထို့ကြောင့် မုဒိမ်းမှုများ ဖြစ်နိုင်သောကြောင့် မိန်းကလေးများ အသွားအလာ အနေအထိုင် ဆင်ခြင်သင့်သည်။ တီလေသာ ထူပြောကြမည်။ ၄ဟူး လူနံ ပုတိ အပုပ်အိမ် ရောက်နေ၍ လောဘစိတ်များ အထူးထိန်းပါ။ အလိုလောဘကြီးသူ၊ လာဘ်ပေးလာဘ်ယူကိစ္စ ဆောင်ရွက်သူများ ပြဿနာဖြစ်ဒုက္ခရောက်တတ်သည်။ အလောဘဖြစ်အောင် တရားတော်နှင့် နေထိုင်ပါ။

သောကြာ (၆)နံ - (သ၊ဟ)ဂြိုဟ် ပရိယာယ်များမှာ သံ၊ သစ်၊ သွပ်၊ သဲ၊ သစ်သီး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ဂီတအနုပညာ လုပ်ငန်းရှင်၊ သယ်ယူပို့ဆောင်ရေး၊ သားရေထည်ပစ္စည်း၊ ဟင်းသီးဟင်းရွက်၊ သင်္ဘော၊ သံမဏိ၊ သော





www.burmeseclassic.com

www.burmeseclassic.com

ရေသန့် စသည်တို့ အခြေအနေမကောင်း ဖြစ်တတ်သည်။ မရှိခဏ ဆရာတော်မှ ဤနှစ်တွင် နာမည်ကြီး အနုပညာရှင်များ သတိထားကြပါ။ အသက်ဘေးအန္တရာယ် ရှိသည်ဟု မိန့်ကြားပါသည်။

(၃)ခုကြွင်းမဟာဘုတ်၊ မူလမဟာဘုတ်လည်း (၃) ကြွင်းဖြစ်ပြီး အင်္ဂါ၊ သောကြာ၊ ဗုဒ္ဓဟူးဖြစ်လျှင် ကျန်းမာရေး ပို၍ဂရုစိုက်ရပါမည်။

ဥပမာ - ၁၃၃၃ ခု မွေးဖွားသော အင်္ဂါသားသမီး

1333 ÷ ၇ = ၃ ကြွင်း

၁၃၇၅ ÷ ၇ = ၃ ကြွင်းနှစ်

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

မူလမဟာဘုတ်

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

ကောဇာမဟာဘုတ်

## (၃) ခုကြွင်းနှစ်များ

၁၂၉၁၊ ၁၂၉၈၊ ၁၃၀၅၊ ၁၃၁၂၊ ၁၃၁၉၊ ၁၃၂၆၊ ၁၃၃၃၊ ၁၃၄၀၊ ၁၃၄၇၊ ၁၃၅၄၊ ၁၃၆၁၊ ၁၃၆၈၊ ၁၃၇၅။

၃ ကြွင်းနှစ် မွေးဖွားသောကလေးများ မိကွဲ ဖကွဲ နေထိုင်ရတတ်သည်။ ထို့ကြောင့် မိန်းကလေးမွေးလျှင် အဖဆွေမျိုး စတိယာယီသဘော ရောင်းလိုက်ပါ။ ယောကျ်ားလေးမွေးလျှင် အမိဆွေမျိုး တစ်ဦးဦးကို ရောင်းပါ။ ၉ ကျပ်၊ ၉၀၊ ၉၀၀၊ ၉၀၀၀ ကျပ် တစ်မျိုးမျိုးနှင့် ရောင်းပါ။ ရောင်းရငွေကို မိဘက သုံးပစ်လိုက်ပါ။ ဤနှစ်တွင် တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ၊ စနေ နံကောင်းနေသည်။ ထို့ကြောင့် ဖြိုဟ်ကွက်ကောင်းသူများ သိန်းထီဆုကြီး ပေါက်နိုင်သည်။ နာမက္ခရတိုင် ထူကြည့်သောအခါ . . .

| | |
|---|---|
| | ၂ |
| ၁ | ၇ |
| ၆ | ၅ |
| ၄ | ၃ |

နာမက္ခရတိုင်
(၁၃၇၅)

စနေ၊ တနင်္ဂနွေ၊ တနင်္လာ နေ့နံများ ကောင်းနေသည်။ ၇၊ ၁၊ ၂ နေ့နံ ဂဏန်းများ အားကောင်းနေသည်။ ထိုနေ့နံများ၊ အမည်ပိုင်ရှင်၊ လုပ်ငန်း၊ ဖြိုဟ်ပရိယာယ်များ အဆင်ပြေမည်။ (ဥပမာ) ထီရောင်းဝယ်ရေးလုပ်ငန်း၊ တားလုပ်ငန်း၊ အိမ်အဆောက်အအုံလုပ်ငန်း၊ ခဲ၊ သတ္တု၊ ကြေးနီလုပ်ငန်း၊ ကျောက်မျက်ရတနာ တွင်းထွက်ပစ္စည်း၊ ငါးလုပ်ငန်း၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ဒန်ထည်ပစ္စည်း၊ ဦးထုပ်လုပ်ငန်း၊ ဥအမျိုးမျိုး၊ အကျိုးဆောင်လုပ်ငန်း အဆင်ပြေလာမည်ဟု ကြိုတင်ဟောကိန်း ထုတ်နိုင်ပါသည်။

၅ တေး၊ ၆ ကြာ အလယ်အလတ် ဖြစ်နေပြီး အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့ ညံ့နေသည်။ လျှပ်စစ်ပစ္စည်း၊ ရေစက်၊ ရွှေလုပ်ငန်း၊ ဝတ်၊ ဆိုက်၊ ထွန်းထည်ပစ္စည်း၊ ဝန်ထမ်း၊ လက်အောက်ငယ်သား၊ စက်ရုံအလုပ်သမား၊ ဆီးယို၊ ဖျော်ရည် ယမကာလုပ်ငန်း စသည်တို့ ဈေးကျ၊ ဈေးကွက်ပျက်၊ ရာထူးကျ၊ ပြဿနာဖြစ်၊ စာရိတ္တပျက်၊ အပြိုင်အဆိုင် အတိုက်အခံပေါ် စသည်တို့ ကြုံတွေ့ရမည်။

## ခုနစ်နေ့ သားသမီးများအတွက် ယတြာများ

နှစ်ဆန်း ၁ ရက် မတိုင်မီ တရော်ကင်ပွန်းဖြင့် မိမိမွေးနံ၏ အာယုအရပ် မျက်နှာမူ ဦးခေါင်းဆေးမင်္ဂလာ ပြုပါ။ မွေးနံခွင်မှ တစ်ခွင်တိုး (အာယု) တနင်္ဂနွေသားသမီး ဆိုပါက တနင်္လာ အရှေ့အရပ်၊ တနင်္လာသားသမီး အင်္ဂါအရပ် အရှေ့တောင်၊ အင်္ဂါသားသမီး တောင်၊ ဗုဒ္ဓဟူး အနောက်တောင်။

ဦးခေါင်းဆေးမင်္ဂလာ ပြုပြီးပါက မိမိနေအိမ် ဘုရားကျောင်းဆောင် သန့်ရှင်းရေးပြုလုပ်၊ ဘုရားကို အမွှေးနံ့သာနှင့်ရေ သပ္ပာယ်ပါ။ မဟာသင်္ကြန်ကာလ မလုပ်ဖြစ်ပါက နှစ်ဆန်း (၁)ရက်နေ့ လုပ်ဖြစ်အောင်လုပ်ပါ။

ဘုရားရေသပ္ပာယ်ပြီးပါက ဘုရားရှိခိုး၊ ငါးပါးသီလခံယူပြီး ပရိတ်ရွတ်၊ ပဋ္ဌာန်း၊ ဂါထာရွတ်ဆို ပူဇော်ပါ။

**တနင်္ဂနွေသားသမီး**

ကုံကော် ၂ ညွန့်၊ သပြေ ၁၁ ညွန့် အောင်အိုးတွင် ထည့်လှူထားပါ။

**တနင်္လာသားသမီး**

ထန်း၊ ဒန်း တစ်မျိုးမျိုး ၇ ညွန့်နှင့် နွားနို့ ၇ ခွက်လှူပါ။

**အင်္ဂါသားသမီး**

အုန်းညွန့် ၆ ညွန့်၊ အုန်းသီး ၆ စိပ် နို့ဆမ်း၍ ဘုရားကပ်လှူပါ။

**ဗုဒ္ဓဟူးသားသမီး**

ဘုရားရှိခိုးပြီးသောအခါ အိုးတစ်အိုးတွင် ကုံကော် ၂ ညွန့်၊ ပျဉ်းမ ၅ ညွန့်၊ အုန်း ၁ ညွန့် ထည့်လှူ၍ မေတ္တာသုတ်ကိုးခေါက်ရွတ်ဆိုပေးပါ။

**ကြာသပတေးသားသမီး**

ကုံကော် ၂ ညွန့်၊ မေမြို့ပန်း ၅ ပွင့်လှူ၊ ငှက်ပျောသီးတစ်ဖီး ပန်းကန်ပြားနှင့်ထည့်လှူ ဘုရားရှိခိုး၊ ပဋ္ဌာန်း ၂၄ ပစ္စည်းရွတ်ဆိုပါ။

**သောကြာသားသမီး**

ပိတောက်ညွန့် ၁၂ ညွန့် လှူပါ။ တစ်ပတ်အတွင်း၊ တစ်လအတွင်း ခရီးသွားသူ၊ လမ်းစရိတ်ပြတ်သူ၊ ဘုရားဖူးထွက်သူ တစ်ဦးဦးအား မိမိတတ်နိုင်သလောက် ခရီးစရိတ်ဒါနပြုလိုက်ပါ။ ပျက်သောလမ်း ပြုပြင်ခြင်း၊ ခရီးစရိတ်လှူခြင်း မကြာခဏ ပြုလုပ်ပေးပါ။ သမ္ဗုဒ္ဓေ သက်စေ့ နေ့စဉ်ရွတ်ပါ။ အနုပညာရှင်များ အထူးပြုလုပ်ကြပါဟု တိုက်တွန်းလိုပါသည်။ ➔



www.burmeseclassic.com

www.burmeseclassic.com

→

စနေသားသမီး

သာသနာ့ပွဲ တစ်ပွဲလှူပါ။ (ငါးဖိုးပွဲ) မတတ်နိုင်ပါက သစ်သီး ၅ မျိုး၊ ပန်း ၅ မျိုး၊ အလင်းတိုင် ၅ တိုင်၊ ရေတော် ၅ ခွက် စသည်ဖြင့် အနန္တငါးပါး ရည်စူးကုသိုလ်ပြု ဘုရား၊ တရား၊ သံဃာ မိဘဆရာသမားအား ရှိခိုးကန်တော့ပါ။

ဤမျှဆိုလျှင် ခုနစ်နေ့သားသမီး စာဖတ်ပရိသတ်များ သဘောပေါက်မည်ဟု ယုံကြည်ပါသည်။ မဟာဘုတ်အောက်တန်း သုံးခု နေ့နံများ ရာနှုန်းပြည့် ကျိန်းသေ တစ်နှစ်လုံးညံ့မည်ဟု တိတိကျကျ မဆိုနိုင်၊ မဟောနိုင်ပါ။ လောကဓံရှစ်ပါး၊ ကောင်းဆိုးနှစ်တန် သက္ခတ်ဗေဒင်နှင့် နှိုင်းယှဉ်ကြည့်ရပါမည်။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး သက္ခတ်ဖြစ်နေလျှင် နဝင်းယတြာများပါ ချေသင့်ပါသည်။ ချည်မန်းကွင်းစွပ် နဝင်းချေထားလျှင် ကြိုတင်ကာကွယ်မှု ဖြစ်စေသည်။

ဤနှစ် ယာယီညံ့နေသော အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ သားသမီးများ ဗေဒင်မေး တွက်ချက်၍ နဝင်း(နှစ်ကူး အထူးယတြာ) ကြိုတင်ချေထားသင့်ပါသည်။ နှစ်ဆန်း တစ်ရက် အထူးချေလေ့ရှိသည်။ အုန်းသီးပါးစပ်ဖွင့် ယတြာဟု ခေါ်ပါသည်။

တနင်္ဂနွေဂြိုဟ်မင်း နိမိတ်အရ မြွေသတ္တဝါများ ပေါတတ်သည်။ မြွေ နဂါးများကို အထူးမေတ္တာပို့သပေးပါ။ နဂါးရုံဘုရား ရေသပ္ပာယ်ပေးပါ။ လေးမြားသဘောအရ စစ်မက် အင်္ဂါဟု ညွှန်းဆိုထားသောကြောင့် လူအချင်းချင်း ဒေါသစိတ် လျှော့ကာ မေတ္တာအထူးပို့၊ ဖြပ္ပစိုရ်တရား လေးပါးဖြင့် ဆက်ဆံနေထိုင်နိုင်ကြပါစေသတည်း။

❒ ဂမ္ဘီရဆရာလှမျိုး

---

# ရာဟုယတြာ ဤသို့ဆောင်ရွက်ပါ

## ဆရာမင်းသုခြွ(မန်းတက္ကသိုလ်)

ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဟူသော စကားနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးတွင် ဝါခေါင်လပြည့်နေ့၊ စက်တင်ဘာလ ၁ ရက် စနေနေ့မှာ တစ်နေကုန် တစ်နေခန်း မိုးရွာချလိုက်သဖြင့် လမ်းများပေါ်၌ မိုးရေတွေတဖွေးဖွေး ဖြစ်ကုန်ပါသည်။ ကျွန်ုပ်၏ ဟောခန်းရှိရာ ဒဂုံမြို့နယ် မဟာဝိဇယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးရှိရာသို့ စိတ်မပါ့တပါနှင့် ခရီးနှင်ခဲ့ပြီး ဆိုင်ခန်းသန့်ရှင်းရေးပြုလုပ် ဘုရားဝတ်တက်ပြီး ဝိုင်ဖိုင် GSM ဖုန်းနှင့် ဆက်သွယ်ထားသော အင်တာနက်ဖွင့်လိုက်စဉ် စင်ကာပူမှာ ကျောင်းတက်နေသည့် ကျောင်းသူ သူဇာလှိုင်ထံမှ E-mail တစ်စောင် ရောက်ရှိလာပါသဖြင့် ဖတ်ကြည့်ရာ . . .

"ဆရာမင်းသုခြွရှင့်. . . ရန်ကုန်လာတုန်း ဗေဒင် လက္ခဏာ တွက်ချက်ခဲ့စဉ်က မေးရန်ကျန်သွားသော ရာဟုဂြိုဟ်ရဲ့ ဘေးရန်အကာအကွယ် ယတြာများကို မဂ္ဂဇင်းမှာ ဖော်ပြပေးစေချင်ပါတယ် ဆရာ"

ရာဟုဂြိုဟ်ပဲစီးစီး၊ ရာဟုဂြိုဟ် သက်ရောက်ပဲဖြစ်ဖြစ်၊ ရာဟုဂြိုဟ်အိပ်ပဲဖြစ်ဖြစ်၊ ရာဟုဂြိုဟ်ရဲ့ နှိပ်စက်ဒဏ်ကို ခံရမှာပဲ။ ဒီတော့ ရာဟုရဲ့ဘေးက ကင်းဖို့ အောက်ဖော်ပြပါ အစီအရင်လေးတွေကို ဦးစွာလုပ်ဆောင်ပေးဖို့ လိုပါတယ်။

(၁) သဘော်သီးတစ်လုံးထဲမှာ ဓာတ်ပန်းတစ်မျိုးကို ကိုးညွှန့်စီထည့်ပါ။ တနင်္ဂနွေဓာတ် အုန်းညွှန့် ကိုးညွှန့်၊ တနင်္လာဓာတ် ကံ့ကော်ညွှန့် ကိုးညွှန့်၊ အင်္ဂါဓာတ် ဆီးကိုးညွှန့်၊ ဗုဒ္ဓဟူးဓာတ် ရဲယိုညွှန့် ကိုးညွှန့်၊ ကြာသပတေးဓာတ် ပျဉ်းမ ကိုးညွှန့်၊ သောကြာဓာတ် သီဟိုဠ်ကိုးညွှန့်၊ စနေဓာတ် ထန်းညွှန့် ကိုးညွှန့်၊ ရာဟုဓာတ် ရွှက်လှ ကိုးညွှန့် နှင့် ဥပမာ - မိမိမွေးနံ အင်္ဂါနံဖြစ်ပါက ဇော်စိမ်း ကိုးညွှန့်ကို ၎င်းသဘော်သီးထဲမှာ ထည့်လှူပေးပါ။ (မိမိမွေးနေ့နှင့်ဆိုင်ရာ ဓာတ်ပန်းညွှန့် တစ်မျိုး ထပ်တိုးထည့်ရန်သာ ဖြစ်ပါသည်။)

(၂) ဖယောင်းတိုင်၊ အမွှေးတိုင်၊ သောက်တော်ရေနှင့် မျက်နှာသစ်တော်ရေကိုပါ လှူပေးပါ။

(၃) ရာဟု (ကောက်ညှင်းငချိတ်ပေါင်း)အနက်ရောင် ဆွမ်းကပ်ပါ။ နမောတေဂါထာကို သုံးကြိမ်ရွတ်ပြီး မြတ်စွာဘုရားထံလှူ၍ ဆုတောင်းပါ။

(၄) စားပွဲတစ်လုံး သီးသန့်ခင်း၊ စက္ကူဖြူသန့်သန့် တစ်ရွက်ပေါ်မှာ ရာဟုဂြိုဟ်မင်း (၁၂)နှစ်လို့ရေးကာ တုတ်ကလေးတစ်ချောင်းဖြင့် ညှပ်ထားပါ။

(၅) ဖယောင်းတိုင်အကြီး တစ်တိုင်၊ အမွှေးတိုင် ရှစ်တိုင်၊ ကြွေပန်းကန်တစ်လုံးမှာ ရာဟုဆွမ်းကပ်ပြီး ရာဟုဂြိုဟ်သားကို ပူဇော်ပါ။

ရာဟုဂြိုဟ်က ကင်းဝေးလိုပါကြောင်း ဆုတောင်းပါ။ ပြီးတော့ မေတ္တာပို့၊ အမျှဝေ၊ လိုရာဆုတောင်းပါ။ ယတြာကို မွေးနေ့ေနက် အရုဏ်တက်ချိန်မှာ ပြုလုပ်ပါ။ အိမ်သူအိမ်သားတွေ မထိမတို့ရ၊ မစားရပါ။

မနက် ၉ နာရီမှာ ရာဟုနဲ့ပတ်သက်တဲ့ အစားအစာတွေကို ခြံအပြင်မှာ စွန့်ပစ်ပါ။ ဘုရားမျက်နှာသစ်တော်ရေကိုစွန့်ပြီး ရာဟုနဲ့ပတ်သက်တဲ့ ကိုယ်က မျက်နှာသစ်ပေးပါ။

ရာဟုဂြိုဟ်မင်းရဲ့ ဘေးဒဏ် ကင်းဝေးပါစေ။

❒ ဆရာမင်းသုခြွ(မန်းတက္ကသိုလ်)

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၀၃)




www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်အိမ်၏ အားမရှိယာယ်

ဝေယံဦး




၁၁. ၂. ၂၀၁၂ စနေနေ့ နေ့လယ်အချိန်က စာရေးသူ၏တပည့် မလှိုင်ဖြိုးဝေသည် စာရေးသူ၏ ရန်ကင်းတိုက်ခန်းရှေ့ ဗေဒင်ဟောခန်းသို့ ရောက်ရှိလာပါသည်။

"သမီးက ဒီနေ့ တယ်လှနေပါလား၊ ဘာလဲ၊ ဘယ်ရိုက်ကွင်းက လာတာလဲ"

"ဆရာကတော့ တွေ့တာနဲ့နောက်ပြီ၊ သူငယ်ချင်း မင်္ဂလာဆောင်ကနေ လှည့်လာတာ"

"သမီးရုပ်ရည်က အကယ်ဒမီ သက်မွန်မြင့်နဲ့ ခပ်ဆင်ဆင်တူသလိုပဲ"

"ဟာ ဆရာကလဲ ဟိုက သရုပ်ဆောင်ထူးချွန်လို့ အကယ်ဒမီရတယ်၊ သမီးက သူလိုထူးချွန်ဖို့ နေနေသာသာ စင်မြင့်ထက်တောင် မတက်ရဲပါဘူး၊ ဒီ ၂၀၁၁ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ သမီးက သက်မွန်မြင့်ကို ရစေချင်တာ ဆရာရဲ့၊ သူက ဆေးစက်ကျရာ အရုပ်ထင်အောင် သရုပ်ဆောင် ကောင်းတယ်၊ အင်း. . . ဒါကလဲ ပါရမီရှိမှ ဖြစ်တာပါ ဆရာရယ်၊ သက်မွန်မြင့်က ပိုတောင်လှနေသေး"

"ပါရမီဆိုလို့ ဆရာပြောပြမယ်၊ ပါရမီဆိုတာက လူလုပ်မှုဖြစ်တာပါ သမီးရယ်၊ မိမိက ဆံ ဉာဏ် ဝီရိယ ဌွဲနဲ့ ဝါသနာကလဲ ရှိနေရမယ်၊ လက်တွေ့လဲ လုပ်ဆောင်ပြရမယ်လေ၊ ပါရမီရှိမှ ရတာ၊ ငါနဲ့မဖြစ်ပါဘူးဆိုပြီး စိတ်ဓာတ်ကြံ့ခိုင်မှုက နည်းရင် အောင်မြင်မှုဆိုတာ ဖြစ်မလာဘူး၊ ဆရာဆိုရင် ငယ်ငယ်က စာရေးဆရာ သိပ်ဖြစ်ချင်တာ၊ မဂ္ဂဇင်း ဂျာနယ်တိုက်တွေဆီ စာမူပို့ဖြစ်သလားဆိုတော့ လုံးဝမပို့ဖြစ်ဘူး။ စာတွေတော့ ရေးတယ်၊ ရေးရင်းတန်းလန်းကနေ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးတော့ စာရွက်ကို လုံးခြေပြီး လွှင့်ပစ်တာက များနေတယ်"

"ဒါဆို ဆရာက အခုမှ စာတွေရေးနေရတာလဲ"

"ဆရာ့သူငယ်ချင်းက ကျိုက္ကဆံဘုရားက ဗေဒင်တန်းမှာ ဗေဒင်ဟောတယ်လေ၊ သူက ဆရာလှိုင်ဝင်းအောင် (ကျိုက္ကဆံ) ဆိုပြီး မဂ္ဂဇင်းတွေမှာ ဗေဒင်ဆောင်းပါးတွေ ရေးတယ်၊ သူက ဆရာ့ကို စာရေးကြည့်ပါလားလို့ တိုက်တွန်းတယ်၊ ဒါနဲ့ ဆရာလဲ မဂ္ဂဇင်းတွေမှာ ဝါရင့်စာရေးဆရာတွေ



www.burmeseclassic.com

www.burmeseclassic.com

ရေးနည်းရေးဟန်တွေကို အတုခိုးပြီး ဗေဒင်ဆောင်းပါးတွေ ရေးကြည့်တယ်၊ ၂၀၀၇ ခုနှစ်မှာ နက္ခတ္တရောင်ခြည်နဲ့ ရောင်ပြန်မဂ္ဂဇင်းမှာ စာမူတစ်ပုဒ်စီပါလာတော့ အားရှိပြီး စာတွေ ရေးဖြစ်သွားတယ်"

"ဆရာ့ စာမူတွေက ဖတ်လို့ကောင်းပါတယ်၊ ဘယ်သူတွေ အားပေးပေး မပေးပေး သမီးကတော့ အားပေးတယ်"

"ဆရာက လက်ရေးမလှဘူး၊ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ပုံနှိပ်စာလုံးနဲ့ ပါလာတော့ ဝမ်းသာလွန်းလို့ ဘယ်နှကြိမ်ဖတ်မိတယ်တောင် မသိတော့ဘူး၊ ဒီ ၂၀၁၂ မတ်လအထိဆိုရင် စာမူ ၅၁ ပုဒ် အရွေးခံထားရတယ်"

"ဒါနဲ့ ကျောင်းသားဘဝက ကဗျာတွေ ရေးတယ်ဆို"

"ဟုတ်တယ်၊ အထက(၁)ရန်ကင်း ကျောင်းတက်တုန်းက ကျောင်းနံရံကပ်စာစောင်မှာပါ။ နောက်ပိုင်း ယိုးဒယားကလာတဲ့ စာအိတ်လေးတွေမှာ လက်ရေးနဲ့ ကဗျာလေးတွေ ရေးပြီး ရောင်းသေးတယ်၊ ရောင်းကောင်းတယ် သမီး"

"ဘယ်သူတွေက ဝယ်တာလဲ"

"ကောင်လေး ကောင်မလေးတွေ အများဆုံးပဲ၊ ဆရာ့ကဗျာက သုံးကြောင်း ငါးကြောင်းပဲ ရှိတယ်၊ တချို့က ကဗျာတွေကို အလွတ်ကျက်ပြီး အော်ဆိုကြသေး"

"ဒါဆို အချစ်ကဗျာတွေပဲ ဖြစ်မယ်၊ ဒါနဲ့တောင် ဆရာက အိမ်ထောင်မကျဘူးနော်၊ အံ့ပါရဲ့၊ ဆရာ့ကဗျာတွေက အသည်းကွဲကဗျာတွေပဲ ဖြစ်မယ်၊ ဆိုပြပါလား ဆရာ"

*မျက်လုံးချင်းဆုံ*
*ရင်ကခုန်တယ်၊*
*ကုန်ကုန်ပြောမယ် သိပ်ချစ်တယ်။*
"ဟာ . . . သိပ်မိုက်တာပဲ"
"နောက်တစ်ပုဒ်က . . . "
*ချစ်ပြီးနောက်မှာ*
*မကြင်နာရင်*
*သစ္စာဆိုလည်း အပိုပဲ။*
"ဒါလဲ ဟုတ်တာပဲ"
"နောက်တစ်ပုဒ်ဆိုရင်. . . "
*နေ့တိုင်းတွေ့ရ*
*မြင်နေကျမို့*
*ထာဝရနော်*
*တို့ သိပ်ပျော်တယ်။*
*ဩော် ခုတော့ လွမ်းနေရပြီကွယ်။*

"ဒီကဗျာကို သမီး သိပ်ကြိုက်သွားပြီ၊ ကူးရေးသွားဦးမယ်၊ တို့ဆရာက အလာကြီးပဲ၊ ကဗျာတွေစပ်တာ ဘယ်နှပုဒ်လောက်ရှိလဲ"

"အတော်တော့များတယ်၊ ဘယ်နှပုဒ်ရှိလဲ မသိဘူး၊ အပုဒ် ၂၀၀ လောက်ထင်တယ်"

"မှတ်တမ်းရှိလား ဆရာ"

"ဟိုတုန်းက ရှိတယ်၊ အခုဟာက အနှစ် ၄၀ နီးပါးကြာပြီဆိုတော့ ကဗျာစာအုပ်လဲ ဘယ်ပျောက်သွားတယ် မသိဘူး၊ ရင်ထဲမှာ နည်းနည်းမှတ်မိသေးတယ်၊

ဆရာ့ကဗျာတွေက ပို့စကတ်ကဗျာလို့ ခေါ်တယ်၊ မဂ္ဂဇင်းကဗျာတော့ မဟုတ်ဘူး၊ မဂ္ဂဇင်းထဲက ကဗျာမျိုးလဲ မစပ်တတ်ဘူး၊ ဒါကလဲ အတွေးအခေါ်ကောင်းမှ ဖြစ်တာ သမီးရဲ့"

"ဆရာနဲ့ ဟိုစကား ဒီစကားပြောရတာ ဗဟုသုတရတယ်၊ ဒါနဲ့ ဆရာ့ကို မေးရဦးမယ်၊ အခြားတော့ မဟုတ်ဘူး၊ မဟာဘုတ်အကြောင်းပဲ"

"ဆိုပါဦး ဘာများပါလိမ့်"

"မဟာဘုတ်မှာ ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိ၊ အဓိပတိဖွားတို့မှာ လူတစ်ယောက်ဟာ ဘယ်အဖွားက အကောင်းဆုံးလဲ၊ သမီးသိထားတာက ဘင်္ဂဖွား၊ မရဏဖွား၊ ပုတိဖွားဖြစ်ရင် မကောင်းဘူး၊ အထွန်းဖွား၊ သိုက်ဖွား၊ ရာဇဖွား၊ အဓိပတိဖွားတွေက ကောင်းတယ်ဆို"

"အဲဒါနဲ့ ပတ်သက်လို့ ဒီဗေဒင်ကျမ်းစာအုပ်ကို ဖတ်ကြည့်၊ ဒီစာအုပ်က ဆရာ့ရဲ့ ဆရာပဲ၊ ဆရာပရမတ် (အေးချမ်းသူတို့ စံပျော်ရာ) လေ"

"ဆရာပရမတ် (အေးချမ်းသူတို့ စံပျော်ရာ)၏ မွေးချိန်ဟောနည်းစနစ် (လောကစံရှစ်ပါး) မြန်မာ့ရိုးရာ ဗေဒင်ကျမ်း ဆိုပါလား"

"အသံထွက်ပြီး ဖတ်စမ်းပါဦး သမီး"

"လက်လှမ်းမီသလောက် ဟိုးရှေးရှေးတုန်းမှ ယခုခေတ်အချိန်အထိ မြန်မာ့ရိုးရာ ဗေဒင်ပညာကို လေ့လာကြည့်ကြမယ်ဆိုလျှင် . . .

ဆရာကြီး ဦးကြာမြင့်က မဟာဘုတ်ပညာနှင့် ပတ်သက်၍ မဖော်ထုတ်နိုင်သေးသော အချိန်ထိ အောက်တန်းသုံးလုံးဖြစ်သော ဘင်္ဂ၊ မရဏ၊ ပုတိဖွားတို့သည် မကောင်း၊ အထက်တန်း လေးလုံးဖြစ်သော အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိဖွားတို့သည် ကောင်း၏ဟူသော အလွန်ကျဉ်းမြောင်းသည့် အဟောမှလွဲ၍ ထူးထူးခြားခြား အကျယ်တဝင့် ဟောကွက်များ မရှိပါ။

ဆရာကြီး ဦးကြာမြင့်သည် ပုန်းအောင်းနေသော မဟာဘုတ်ပညာ၏ တကယ့်အဆီအနှစ်များကို တွေ့လိုက်သည့်အခါ မဟာဘုတ်ပညာသည် အလွန်ကျယ်ပြန့်သော အယူအဆများဖြင့် ပြည့်စုံလာပေသည်။

လူသားတို့၏ မှားယွင်းလုပ်ကိုင်နေမိသော ဉာဉ်စရိုက်အဆိုးများကို ဘဝခရီးဖြောင့်မတ် အထောက်အကူ ပြုနိုင်စေရန်နှင့် တရားဓမ္မ အားထုတ်ရာ၌လည်း အထောက်အပံ့ပြုနိုင်ရန် မဟာဘုတ်ပညာဖြင့် ထောက်ပြနိုင်ခဲ့ပေသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

လူဆိုသည်မှာ မိမိ၏အမှား ဉာဉ်စရိုက်ကို မမြင်၊ သူတစ်ပါး၏ အမှားကိုသာ မြင်တတ်သော သဘော သဘာဝ ရှိကြပေသည်။ လူတစ်ယောက်သည် မိမိ၏ဉာဉ်ဆိုး၊ စရိုက်ဆိုးများ၊ မှားတတ်သည်များကို သိနားလည်ပြီး ပြုပြင်မည်၊ သူတစ်ပါးနှင့် ပတ်သက်၍လည်း သူ့မှာ ဒီဉာဉ်စရိုက်ဆိုးတွေ ရှိတာကိုးဟု သိရှိနားလည်ပြီး သည်းခံခွင့်လွှတ် နေထိုင်ကြမည်ဆိုလျှင် မည်မျှ အေးချမ်းသာယာပါမည်နည်း။

ထို့ကြောင့် မဟာဘုတ်ပညာသည် လူတိုင်း လေ့လာအပ်သော ပညာရပ်တစ်ခု ဖြစ်လာပေသည်။ ဗေဒင်ပညာရှင်တစ်ဦးသည် မိမိအတွက်သော်လည်းကောင်း သိထားအပ်သည့်အပြင် မိမိထံသို့ ဇာတာလာစစ်သူအားလည်း ညွှန်ပြဆုံးမခြင်းဖြင့် အကျိုးရှိစေနိုင်ပါသည် တဲ့”

“အမိပ္ပာယ် ရှင်းရဲ့လား သမီး”

“ဉာဉ်စရိုက်အားလုံးကောင်းရင် မဟာဘုတ်အဖွားတွေ အားလုံးက ကောင်းနေတယ်၊ ဉာဉ်စရိုက်ဆိုးရင် မဟာဘုတ်အဖွားတွေအားလုံးက ဆိုးနေမယ်ဆိုတဲ့ သဘောပဲ ဆရာ”

“ဟုတ်တယ် သမီး၊ လူပေါ် မူတည်တယ်၊ လူက ကောင်းနေရမယ်၊ လူက ဆိုးနေရင်တော့ အကောင်းဆိုတာတွေ ဖြစ်မလာတော့ဘူး”

“ဒါဆိုရင် မဟာဘုတ်အဖွားတွေ တစ်ခုချင်းစီရဲ့ ဉာဉ်စရိုက်တွေအကြောင်းကော ရှိလားဆရာ”

“ရှိတယ် သမီး”

“သမီး ဖတ်ကြည့်ဦးမယ်၊ ပြီးရင် မိတ္တူကူးသွားမယ်”

“အဲဒါက ဆရာ့မှတ်စုစာအုပ်ထဲမှာ၊ ဟောဒီစာအုပ်ပဲ”

“မိတ္တူကို နောက်မှကူးမယ်၊ လက်ဖက်ရည်ဆိုင် သွားရအောင်လား ဆရာ၊ ဆရာလဲ ဆာနေရော့မယ်”

“ဒီအကြံကောင်းတယ် သမီး၊ လာ သွားကြမယ်”

“ဆရာတို့များ လက်ဖက်ရည်မကြိုက်ဘူးနဲ့ တူပါတယ်၊ မြန်လိုက်တာ”

“အသက်ကြီးသူများ ဒီလိုပဲဟ၊ မရှက်နိုင်တော့ဘူး၊ မြန်မြန်ပဲ”

“ဆရာကတော့လေ”

*

မူလမဟာဘုတ်က အဖွားဉာဉ်များကို မင်္ဂဇင်း စာဖတ်ပရိသတ်များအား ဆက်လက်တင်ပြပေးလိုက်ပါသည်။

**ရှင်းလင်းချက်**

မဟာဘုတ်အိမ်၏ ဖော်ပြထားသည့် အဓိပ္ပာယ် သတ်မှတ်ချက်များသည် ဤအတိုင်း အမြဲတမ်း မှားနေကြသည်ဟု ပုံသေမမှတ်ယူသင့်ပါ။ ဤကဲ့သို့ ဖြစ်တတ်ကြသော သဘောများ အားကြီးနေခြင်းဟု မှတ်ယူရပါမည်။ ၎င်းအဆိုးအားကြီးနေခြင်းကို သိမြင်ပြီး ပြုပြင်ဆန့်ကျင် နေထိုင်တတ်သူများ အကောင်းဖြစ်ပါမည်။

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

၁။ ဘင်္ဂအိမ် (ဖြစ်မှု ပျက်မှု အမှား) ဆိုသည်မှာ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လုပ်တတ်ခြင်း၊ လူနေဟန်ထား စိတ်စိတ်ထား မတည်ငြိမ်ခြင်း၊ တစ်ထိုင်တည်း စိတ်ကူးအမျိုးမျိုး အလုပ်အမျိုးမျိုး လုပ်လိုခြင်း၊ အများနှင့်ဆန့်ကျင်ဘက် ပြုလိုခြင်း၊ မိမိအကျိုးကိုသာ ဦးစားပေးလွန်းခြင်း၊ တစ်ဖက်သားအပေါ် အမြဲတမ်း အပြစ်မြင်လွယ်ခြင်း၊ ဗိုလ်ကျတတ်ခြင်းများကြောင့် လူ့ပတ်ဝန်းကျင်မှ မသိမသာ ဝိုင်းပယ်မှုဒဏ်ကို ခံရပြီး ဒုက္ခတွေ့ရတတ်ပါသည်။

ထို့ကြောင့် ဘင်္ဂဖွားများသည် စိတ်အပြောင်းအလဲ မြန်မှုကို ထိန်းပြီး မှုမှုတတ တွေးခေါ်ဆက်ဆံတတ်ပါက အောင်မြင်ကြပါမည်။

၂။ မရဏအိမ် (စိတ်ချုချာမှု အမှား) ဆိုသည်မှာ စိတ်မခိုင်မာခြင်း၊ ဒေါသကြီးလွယ်ခြင်း၊ သည်းမခံနိုင်ခြင်း၊ ဟန်မဆောင်နိုင်ခြင်း၊ မိမိအတွင်းရေးများကို ပြောဆိုဖွင့်အန်တတ်ခြင်းများကြောင့် လူ့ဘဝတစ်လျှောက်တွင် အမှားများ၊ အဆိုးများရခြင်းကို ဆိုလိုပါသည်။

ထို့ကြောင့် မရဏဖွားများသည် စိတ်ချုပ်တည်းပါ။ သည်းခံစိတ် မွေးပါ။

၃။ အထွန်းအိမ် (ထင်ပေါ်စပ်စုမှု အမှား) ဆိုသည်မှာ နေရာတကာ ပါဝင်တတ်ခြင်း၊ နှမ်းဖြူးသောသဘောမျိုး လုပ်တတ်ခြင်း၊ ပေါ့ပေါ့ပြောဆို လုပ်ကိုင်တတ်ခြင်း၊ ဟန်ဆောင်ကောင်းခြင်း၊ ဂုဏ်မက်ခြင်းနှင့် အကြွားသန်မှုကြောင့် အရှက်တကွဲကိစ္စများ ကြုံတွေ့ပြီး ပျက်စီးတတ်ပါသည်။

ထို့ကြောင့် အထွန်းဖွားများသည် ထင်ပေါ်လိုစိတ် မကြီးမားဘဲ ရိုးရိုးသန့်သန့် နေထိုင်လုပ်ကိုင်ရပါမည်။

၄။ သိုက်အိမ် (စေ့စပ်လွန်ကဲမှု အမှား) ဆိုသည်မှာ သူတစ်ပါးကို အထင်သေးခြင်း၊ မိမိကိုယ်ကို အထင်ကြီးလွန်းခြင်း၊ နေရာတကာတွင် ဆရာကြီးလုပ်လိုခြင်း၊ စိတ်ကြီးမားခြင်း၊ မလိုအပ်သည့်နေရာတွင် တိကျလွန်းခြင်း၊ ဩဇာပေးမှုလုပ်ခြင်း၊ မဆိုင်သည့် ကိစ္စရပ်များတွင်လည်း ပါဝင်တတ်ခြင်းများကြောင့် လူမုန်းများပြီး ဘဝတစ်လျှောက်တွင် အတိုက်အခံအခက်အခဲများ ကြုံတွေ့ ပျက်စီးတတ်ပါသည်။

ထို့ကြောင့် သိုက်ဖွားများသည် ဩဇာပေးမှု ရှောင်ပါ။ လိုက်လျောညီထွေ ပြောဆိုဆက်ဆံရပါမည်။

၅။ ရာဇအိမ် (လိမ်လည်ရှုပ်ထွေးမှု အမှား) ဆိုသည်မှာ ဟန်ဆောင်အကြွားအားကြီးခြင်း၊ မပွင့်လင်းဘဲ နည်းအမျိုးမျိုးနှင့် လှည့်စားလုပ်ကိုင် ပြောဆိုတတ်ခြင်း၊ ပရိယာယ်များ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ကတိပေးလွယ်ခြင်း၊ ကတိပျက်လွယ်ခြင်း၊ လက်တွေ့သဘောမပါဘဲ စိတ်ကူးယဉ်ဆန်တတ်ခြင်းများကြောင့် ရှုပ်ရှုပ်ထွေးထွေး ပြဿနာ အမျိုးမျိုးဖြစ်ပြီး နာမည်ပျက် ဂုဏ်သိက္ခာကျ၍ ပျက်စီးတတ်ပါသည်။

ထို့ကြောင့် ရာဇဖွားများသည် တိကျပြတ်သား ခိုင်မာတည်ကြည်ပါက အောင်မြင်ကျော်ကြားနိုင်ပါသည်။

၆။ ပုတိအိမ် (ကျစ်လျစ်ဖုံးကွယ် တစ်ယူသန်အမှား)ဆိုသည်မှာ အုံ့ပုန်းစိတ်ဖြင့် လုပ်ကိုင်ကြံစည်တတ်ခြင်း၊ လူနေဟန်ပန် မာနကြီးခြင်း၊ ပတ်ဝန်းကျင်ကို အရေးမထားသကဲ့သို့ ပြုမူနေထိုင်တတ်ခြင်း၊ အပြိုင်အဆိုင် အနိုင်မခံ ပြောဆိုယှဉ်ပြိုင်လိုစိတ် ကြီးခြင်း၊ စီမံကိန်းချ၍ အကြံအစည် အမျိုးမျိုးဖြင့် အောင်မြင်မှုကို ကြွားဝါလိုခြင်း၊ ဟန်ရေးကောင်းခြင်းများကြောင့် လူ့ဘဝတစ်လျှောက်တွင် ရန်များပြီး ပတ်ဝန်းကျင်၏ အပါယ်ခံ အမုန်းခံဖြစ်၍ အိမ်ထောင်ရေး၊ အတွင်းရေးများ မသန့်ရှင်းဘဲ အထင်သေးမှု၊ ရှုတ်ချမှုများ ခံရပြီး ပျက်စီးတတ်ပါသည်။

ထို့ကြောင့် ပုတိဖွားများသည် အိမ်ထောင်ရေး၊ အိမ်တွင်းရေးများတွင် သန့်ရှင်းပြီး ပွင့်လင်းတည်ကြည်ပါက အောင်မြင်ကြပါမည်။

၇။ အဓိပတိအိမ် (ကောင်းကျော် ဆိုးကျော် မာနအမှား) ဆိုသည်မှာ မိမိရောက်လေရာ နေရာတိုင်း၌ ကျော်ကြားထင်ပေါ်လိုခြင်း၊ တစ်ယူသန် တစ်ဖက်သတ် ပြောဆိုလုပ်ကိုင်တတ်ခြင်း၊ မည်သူ့ကိုမှ ဦးစားမပေးခြင်း၊ ဂရုမထားခြင်း၊ ဖြစ်သလို ကြုံသလို မိမိဘဝကို ရင်ဆိုင်ဝံ့ခြင်း၊ မိမိဂုဏ်သိက္ခာကို အမွှမ်းတင်လိုခြင်းများကြောင့် လူမုန်းများ၍ အပါယ်ခံဘဝရောက်တတ်ကြသည်။

ထို့ကြောင့် အဓိပတိဖွားများသည် မာန်မာနမထားဘဲ ပတ်ဝန်းကျင်အပေါ် လိုက်လိုက်လျောလျောနေပြီး လုပ်ကိုင်ဆက်ဆံကြပါက အောင်မြင်ကြပါမည်။

ဤအကြောင်းအရာများသည် မဟာဘုတ်အိမ်၏ အားပရိယာယ် သဘောမျှသာ ဖြစ်ပါသည်။ ဂဏန်းအားများ မပါရှိသေးပါ။

❒ ဝေယံဦး

<u>မှီငြမ်း</u>

ဆရာဦးလင်းအောင်၏ ဝိဇ္ဇာနည်းကျ မြန်မာဗေဒင်


# ဆရာဦးအောင်ကြည်သန်း

B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

❂ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၄၉၂၇၅၀၁၀**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com



# ကြီးပွားချမ်းသာ၍ အန္တရာယ်ကင်းစေရန် ယတြာ သစ်ပင်စိုက်ပါ

မောင်မောင်သိန်း
(သတင်းထောက်-ဂိုးကုန်း)

လူသားများသည် လူ့လောကအလယ်တွင် စားဝတ်နေရေးဟူသော အရေးသုံးပါးတွင် တင့်တင့်တယ်တယ် နေထိုင်စားသောက်နိုင်ရေးအတွက် စီးပွားရေး၊ ကြီးပွားရေးများအား ကိုယ်အား ဉာဏ်အားရှိသရွေ့ ကြိုးစားအားထုတ် လုပ်ကိုင်လျက်ရှိကြရာ ဇနီးမယား သမီးသားတို့နှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရန် အိမ်ခြံဝင်းအတွင်း လှပသောအဆောက်အအုံများနှင့်တကွ အလှစိုက်ပန်းပင်များ၊ အရိပ်ရသစ်ပင်တို့အား ဥယျာဉ်လေးတစ်ခုပမာ စိုက်ပျိုးလျက် ရှိကြသည်။

လူအများတို့သည် မိမိတို့အိမ်ခြံဝင်းအတွင်း သစ်ပင်ပန်းမန်များအား စိုက်ပျိုးကြရာ တချို့သောသူများတို့သည် မိမိတို့အိမ်ခြံဝင်းအတွင်းတွင် စိုက်အပ်သည့်သစ်ပင်၊ မစိုက်အပ်သည့်သစ်ပင်တို့အား သိရှိကြသော်လည်း တချို့သောသူများတို့သည် မိမိတို့၏အိမ်ခြံဝင်းအတွင်း စိုက်အပ်သည့်အပင်နှင့် မစိုက်အပ်သည့် အပင်တို့အား မသိရှိဘဲ စိုက်ပျိုးထားကြသည်။

စိုက်အပ်သည့်သစ်ပင်၊ မစိုက်အပ်သည့်သစ်ပင်တို့ကြောင့် တချို့သောသူများတို့သည် စီးပွားဥစ္စာဒီရေအလားတိုးတက်၍ မိသားစုလည်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြရသလို တချို့သောသူများသည် မစိုက်အပ်သော သစ်ပင်ပန်းမန်တို့ကြောင့် အလုပ်အကိုင် အဆင်မပြေ လူမှုဆက်ဆံရေး ကသိကအောက်ဖြစ်၍ နောက်မိသားစုများပါ ပြိုပျက်ကြရလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

သို့ပါသောကြောင့် မိမိတို့အိမ်ခြံဝင်းအတွင်း သစ်ပင်ပန်းမန်များနှင့်ပတ်သက်၍ သိကောင်းစရာ သစ်ပင်များ၊ စိုက်ပျိုးအပ် မစိုက်ပျိုးအပ်သည်များတို့အား တင်ပြပါမည်။

**သစ်ပင်စိုက်ရန် နေ့ရွေးခြင်း**

* တနင်္ဂနွေနေ့တွင် စိုက်ရမည့်သစ်ပင်မှာ အနှစ်ရှိသော သစ်ပင်၊ ပင်စည်မှ အမြစ်ထွက်သောသစ်ပင်စိုက်လေ။
* တနင်္လာနေ့တွင် အမွှေးနံ့သာပင်၊ အစေးရှိသော အပင်၊ ပင်စည်ဖြောင့်သောအပင် စိုက်လေ။
* အင်္ဂါနေ့တွင် ဆူးရှိသောအပင်၊ စပ်သောအပင်၊ ခါးသောအပင် စိုက်လေ။
* ဗုဒ္ဓဟူးနေ့တွင် အပွင့်သာပွင့်၍ အသီးမသီးသော အပင်များ စိုက်လေ။
* ကြာသပတေးနေ့တွင် အသီးစားအပင်မျိုးဟူသရွေ့ စိုက်လေ။ ညွှတ်ကျအောင်သီး၍ အစေ့မာသည်။
* သောကြာနေ့တွင် အပွင့်၊ အသီး စားသုံးရသော အပင်မျိုးစိုက်လေ။ ခွေးနို့စို့သကဲ့သို့ သီးအံ့။
* စနေနေ့တွင် အာကာသရှိသောအပင်၊ အရွက်အရိပ်လိုသောအပင်မျိုး စိုက်လေ။

**ကြီးပွားချမ်းသာ၍ အန္တရာယ်ကင်းစေရန် စိုက်အပ်၊ မစိုက်အပ်သော သစ်ပင်နှင့် အရပ်မျက်နှာ**

* အရှေ့အရပ်တွင် စိုက်အပ်သောအပင်မှာ သဖန်းပင်၊ ကြခတ်ဝါးပင်များကို စိုက်အပ်ပြီး မစိုက်အပ်သော အပင်မှာ ညောင်ပင်နှင့် သပြေပင်ဖြစ်သည်။
* တောင်အရပ်တွင် စိုက်အပ်သောအပင်မှာ သရက်ပင်အား စိုက်အပ်ပြီး၊ မစိုက်အပ်သောအပင်မှာ သျှိသွားပင်၊ ငှက်ပျောပင် ဖြစ်သည်။
* အနောက်အရပ်တွင် အုန်းပင်၊ ဆီးဖြူ၊ ကံ့ကော်ပင်အား စိုက်အပ်ပြီး လက်ပံပင်၊ ထိမ်ပင်အား မစိုက်အပ်ပေ။
* မြောက်အရပ်တွင် ဆပ်သွားပင်၊ ခံတက်ပင်အား စိုက်အပ်ပြီး မစိုက်အပ်သောအပင်မှာ သဖန်းပင်၊ သျှိသွားပင် ဖြစ်သည်။
* အရှေ့တောင်အရပ်တွင် သရဖီပင် စိုက်ပါ။
* အရှေ့မြောက်အရပ်တွင် ဥသျှစ်ပင် စိုက်ပါ။
* အနောက်တောင်အရပ်တွင် အုန်းပင်၊ ကုက္ကိုပင် စိုက်ပါ။
* အနောက်မြောက်အရပ်တွင် ဆီးပင်၊ ညောင်ကြတ်ပင် စိုက်ပါ။

**မွေးနေ့အလိုက် ကောင်းကျိုးဖြစ်ထွန်းစေသော ယတြာသစ်ပင်စိုက်ခြင်း**

* တနင်္ဂနွေသား စိုက်ရမည့်အပင်မှာ မြောက်အရပ်တွင် ဆီးပင်အား စိုက်ရပါမည်။
* တနင်္လာသား စိုက်ရမည့်အပင်မှာ အရှေ့မြောက်အရပ်တွင် ချရားပင်၊ ခရာပင်အား စိုက်ရပါမည်။
* အင်္ဂါသား စိုက်ရမည့်အပင်မှာ အရှေ့အရပ်တွင် သပြေပင်၊ သဖန်းပင်အား စိုက်ရပါမည်။
* ဗုဒ္ဓဟူးသား စိုက်ရမည့်အပင်မှာ အရှေ့တောင်အရပ်တွင် သီးပင်၊ ကွမ်းသီးပင်အား စိုက်ရမည်။
* ကြာသပတေးသား စိုက်ရမည့်အပင်မှာ အနောက်တောင်အရပ်တွင် ထန်းပင်အား စိုက်ရမည်။
* သောကြာသားစိုက်ရမည့်အပင်မှာ အနောက်မြောက်အရပ်တွင် အုန်းပင်အား စိုက်ပါ။
* စနေသား စိုက်ရမည့်အပင်မှာ တောင်အရပ်တွင် ကုက္ကိုပင်အား စိုက်ပါ။

**အိမ်စောင့်သစ်ပင်အား စိုက်ပျိုးလိုလျှင်**

* အိမ်လေးထောင့်တွင် ဗာဒံပင်စိုက်လျှင် ဓားပြရန်မှ ဝေးသည်။
* အိမ်လေးထောင့်တွင် ကသစ်ပင်စိုက်လျှင် သူခိုးရန်မှ ဝေးသည်။
* ဂမုန်းဇည့်လာ အိမ်ဦးမှာစိုက်ပါ ခြွေရံဝေး။
* အိမ်ဦးမြေတွင် ကင်ပွန်းပင်စိုက်လျှင် အသရေပေးသည်။
* နားကွပ်ကွမ်းစားဂမုန်းကား စိုက်ငြား အန္တရာယ်ဝေး။ လိုရာကျွန်စိတ် စိတ်အရှိ သိဒ္ဓိအစုံပေး။
* ဧည့်လာကြီးမှာ စီးပွားရှာ လွန်စွာအကျိုးပေး။
* ဆိတ်ဖလူးပင် ခြံဝင်းတွင်စိုက်လျှင် မြွေကင်းဝေး။
* အိမ်ဦးသစ်ပင် ပန်းသဇင်တည်လျှင် ကောင်းကျိုးပေး။ လူ နတ် မြတ်နိုး အသရေတိုး ဘုန်းမျိုးကြွယ်ပေသေး။ မြေမှာမသန့် ပင်မသန့် မတို့သခင်ဝေး။ ရုက္ခပင်ထူး သဇင်မြူး အထူးတည်တံ့လေ။

သုတေသီ စာရှုသူတို့အတွက် မိမိတို့အိမ်ခြံဝင်းအတွင်း စိုက်အပ်သောသစ်ပင်နှင့် မစိုက်အပ်သော သစ်ပင်တို့အား လေ့လာတင်ပြရပါသည်။

❒ မောင်မောင်သိန်း (သတင်းထောက်-ဇီးကုန်း)

**ကျမ်းကိုး**

အာတပ္ပန ယတြာပေါင်းချုပ် ကျမ်းရင်းကြီး




www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများ အကြွေးမှန်သမျှ ပြန်ရစေ

ချစ်မမသက်



အကြွေးဟူသည် လူတိုင်းနှင့် မကင်းနိုင်သော အရာပင် ဖြစ်ချေ၏။

မိမိကလိုအပ်၍ ချေးငှားယူရသောအကြွေးရှိသကဲ့သို့ မိမိထံမှ ချေးငှားယူသွားပြီး ပြန်မဆပ်သဖြင့် တင်ရှိသော အကြွေးဟူ၍လည်းရှိပါ၏။

အကြွေးမှန်လျှင် မိမိအပေါ် တင်ရှိသော အကြွေးလည်း မကောင်းသကဲ့သို့ မိမိက ရရှိစရာ အကြွေးသည်လည်း ကောင်းသောလက္ခဏာ မဟုတ်ပါချေ။ အကြွေးတင်ရှိသူအဖို့ စိတ်ပိုင်းဆိုင်ရာ ဖိစီးခံနေရမည်မှာ သေချာသည်။

ဤဆောင်းပါးသည်ကား မိမိက ရစရာရှိသော အကြွေးများ ပြန်လည်ရရှိစေရန်အတွက် လောကီပညာဓာတ်ယတြာအစီအရင်ဖြင့် ပြေလည်အောင် ဖြေရှင်းပေးနိုင်မည့် အကြောင်းရပ်များကို တင်ပြခြင်းပင် ဖြစ်ပါသည်။ ဤသို့ လူတစ်ဦးစီအတွက် မဟုတ်ဘဲ ခုနစ်ရက်သားသမီး အလုံးစုံအတွက် ဆုံးရှုံးပြီဟု၍ထင်ရသော အကြွေးများ ပြန်လည်ရရှိနိုင်စေရန် လုပ်ဆောင်ရမည့် အချက်အလက်များပင် ဖြစ်ပါသည်။

***တနင်္ဂနွေသားသမီးများ အကြွေးပြန်ရစေရန်***

တနင်္ဂနွေနေ့တွင် အကြွေးတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ အရင်ဝင်ပါ။ စနေထောင့်၌ ဒိဝါတပတိ ဂါထာရွတ်ဆို၍ တံမြက်စည်းလှည်းပြီးနောက် သစ်သီးတစ်မျိုးမျိုးကို စားသောက်လျက် ရစရာအကြွေးများ သွားတောင်းပါ။

တနင်္လာနေ့တွင် အကြွေးတောင်းမည်ဆိုပါက ငွေကြေးတောင်းသည့်အသွင်မပြုလုပ်ဘဲ နေ့စဉ် စာရင်းဇယားနှင့် သိမ်းသော သာမန်ငွေကြေးကိုသာ သွားသိမ်းပါ။

အင်္ဂါနေ့တွင် အကြွေးတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ စနေထောင့်၌ ဖယောင်းတိုင် ခုနစ်တိုင်၊ အမွှေးတိုင် ခုနစ်တိုင်တို့ကို ထွန်းညှိပူဇော်ပါ။ ဒိဝါတပတိဂါထာတော်ကို ရွတ်ဆိုပြီး လမ်း၌တွေ့သော ခွေးနှစ်ကောင်ကိုအစာကျွေးပါ။ အဝတ်အစားကို အရောင်ရင့်ရင့် ဝတ်ဆင်သွားပါ။

ဗုဒ္ဓဟူးနေ့တွင် အကြွေးတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ အင်္ဂါထောင့်၌ တံမြက်စည်းလှည်းကာ ကုသိုလ်ယူပါ။ ဒိဝါတပတိကို မပြတ်ရွတ်ဆိုပါ။ ထို့နောက် တနင်္လာနံ မုန့်အချို တစ်ခုခုစားပြီးမှ သွားရောက်တောင်းခံပါ။

ကြာသပတေးနေ့တွင် အကြွေးသွားရောက် တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးအောင်ဝင်၍ ဗုဒ္ဓဟူးထောင့်၌ တံမြက်စည်းလှည်းကုသိုလ်ယူပါ။ ဒိဝါတပတိဂါထာကို မပြတ်ရွတ်ဆိုပါ။ ပြီးလျှင် အင်္ဂါနံ မုန့်အချို



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုစားပြီး အကြွေးသွားတောင်းပါ။ အကျီအဖြူရောင် ဝတ်ဆင်သွားပါ။

သောကြာနေ့တွင် အကြွေးသွားရောက်တောင်းခံမည်ဆိုက ဘုရား တစ်ဆူဆူ ဦးစွာဝင်၍ အင်္ဂါထောင့်၌ ပန်းပေါင်းစုံ သုံးမျိုးလှူပါ။ ဖယောင်းတိုင်သုံးတိုင်ထွန်းညှိပြီး ဒိဝါတပတိဂါထာကို နှုတ်မှ မပြတ်ရွတ်ပါ။ ကြွေးတောင်းရမည့်သူနှင့်တွေ့လျှင် သရဏဂုံကို ရွတ်ပြီးမှ အကြွေးတောင်းပါ။

စနေနေ့တွင် အကြွေးသွားရောက်တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ ကြာသပတေးထောင့်၌ ပန်းပေါင်းစုံ ငါးမျိုးဖြင့် ဘုရားရှင်အား ပူဇော်ပြီး ဒိဝါတပတိဂါထာကို နှုတ်က မပြတ်ရွတ်ပါ။ ပြီးလျှင် ခွေးနှစ်ကောင်ကို အစာကျွေးပြီးမှ အကြွေးသွားတောင်းပါ။ အရောင်နုနုလွင်လွင်အကျီကို ဝတ်ဆင်သွားပါ။

### *တနင်္လာသားသမီးများ အကြွေးပြန်ရစေရန်*

တနင်္ဂနွေနေ့တွင် အကြွေးသွားရောက်တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ ဗုဒ္ဓဟူးထောင့်၌ ကုသိုလ်ယူ တံမြက်စည်းလှည်းရင်း ဒိဝါတပတိဂါထာကို မပြတ်ရွတ်ဆိုပါ။ ပြီးလျှင် ကလေးတစ်ယောက်ယောက်အား စနေနံနှင့် စပ်ဆိုင်သည့် ဖျော်ရည် (သို့) မုန့်တစ်ခုခုကို တိုက်ကျွေးပြီးမှ ကြွေးသွားတောင်းပါ။

တနင်္လာနေ့တွင် အကြွေးသွားရောက်တောင်းခံမည်ဆိုပါက နံနက် ၉ နာရီနှင့် ၁၀ နာရီခွဲအကြားတွင် အကျီအဖြူရောင်ကို ဝတ်ဆင်လျက် ကြံ (သို့) တနင်္လာနံတစ်ခုခုကို စားသောက်ပြီး ဂုဏ်တော်ကိုးပါးကို ရွတ်ရင်း သွားရောက်တောင်းပါ။ ဖုန်းနှင့်လှမ်းပြော၍ တောင်းမည်ဆိုလျှင်လည်း ထိုနည်းအတိုင်း ဆောင်ရွက်ပါ။

အင်္ဂါနေ့တွင် အကြွေး သွားရောက်တောင်းခံမည်ဆိုပါက ဒိဝါတပတိဂါထာကို တစ်မနက်လုံးမပြတ်တမ်း ရွတ်နေပါ။ ပြီးလျှင် ဘုရားတစ်ဆူဆူသို့ သွားပါ။ စနေထောင့်တွင် ဖယောင်းတိုင် ခုနစ်တိုင်ထွန်းပြီး ပန်းပေါင်းစုံ ခုနစ်မျိုးကို လှူဒါန်းပါ။ ပြီးမှ သွားရောက်တောင်းခံပါ။ အရောင်ရင့်သောအကျီကို ဝတ်၍သွားပါ။

ဗုဒ္ဓဟူးနေ့တွင် အကြွေးသွားရောက်တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်ပါ။ သောကြာနံနှင့် အင်္ဂါနံထောင့်များတွင် တံမြက်စည်းလှည်း၊ အမှိုက်ရှင်းသော ကုသိုလ်ကိုယူ၍ နှုတ်မှ ဒိဝါတပတိဂါထာကို မပြတ်ရွတ်ပါ။ ပြီးလျှင် ဘုရား၌တွေ့သည့် ကလေးတစ်ဦးဦးအား သကြားလုံး ကျွေးပါ။ ပြီးမှ အကြွေးတောင်းပါ။ အရောင်နုသောအကျီကို ဝတ်ဆင်သွားပါ။

ကြာသပတေးနေ့တွင် အကြွေးသွားရောက် တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ ဗုဒ္ဓဟူးထောင့်နှင့် တနင်္ဂနွေထောင့်တို့တွင် တံမြက်စည်းလှည်းခြင်း ကုသိုလ်ကိုယူပါ။ ဒိဝါတပတိဂါထာကို မပြတ်တမ်းရွတ်ဖတ်သရဇ္ဈာယ်ပါ။ သစ်သီးတစ်ခုခုစားပြီးမှ သွားရောက်တောင်းခံပါ။အကျီအဖြူရောင် ဝတ်ဆင်သွားပါ။

သောကြာနေ့တွင် အကြွေးသွားရောက်တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ အရင်ဝင်၍ တနင်္ဂနွေထောင့်တွင် တံမြက်စည်းလှည်း အမှိုက်ရှင်းသော ကုသိုလ်ကို ယူပါ။ နှုတ်မှ ဒိဝါတပတိဂါထာကို မပြတ်တမ်း ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ဖယောင်းတိုင်အကြီးသုံးတိုင်ကို ထွန်းညှိပူဇော်ပြီး နှုတ်မှ သရဏဂုံကို မပြတ်တမ်းရွတ်ဖတ်လျက် အကြွေးသွားတောင်းပါ။ ထောင့်မရွေးဘဲ မီးညှိထွန်းပါ။

စနေနေ့တွင် အကြွေး သွားရောက်တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ဦးစွာဝင် သောကြာထောင့်နှင့် တနင်္လာထောင့်၌ တံမြက်စည်းလှည်း ကုသိုလ်ယူ၍ နှုတ်မှ ဒိဝါတပတိဂါထာကို မပြတ်ရွတ်ပါ။ ပြီးလျှင် ကြာသပတေးနံပါသော မုန့်တစ်ခုခုစားပြီး အကြွေးသွားတောင်းပါ။ အရောင်နုသောအကျီကို ဝတ်ဆင်သွားပါ။

### *အင်္ဂါသားသမီးများ အကြွေးပြန်ရစေရန်*

တနင်္ဂနွေနေ့တွင် အကြွေးသွားရောက်တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ ဗုဒ္ဓဟူးထောင့်တွင် တံမြက်စည်းလှည်း ကုသိုလ်ယူကာ နှုတ်မှ ဒိဝါတပတိဂါထာအား မပြတ်ရွတ်ပါ။ ကလေးတစ်ဦးဦးကို ဗုဒ္ဓဟူးနံပါသည့် အာဟာရတစ်ခုခုကို ကျွေးပြီးမှ အကြွေးသွားတောင်းပါ။

တနင်္လာနေ့တွင် အကြွေးသွားရောက် တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ ကြာသပတေးထောင့်ရှိ ပန်းဟောင်းများ၊ ပန်းခြောက်များကိုစွန့်ပစ်ပါ။ ထို့နောက် ပန်းပေါင်းစုံငါးမျိုး အသစ်နှင့် ဘုရားပူဇော်ပါ။ ပြီးလျှင် ဒိဝါတပတိဂါထာကို ရွတ်၍ ဖယောင်းတိုင်ထွန်း ပူဇော်ပြီး သွားရောက်တောင်းယူပါ။

အင်္ဂါနေ့တွင် အကြွေး သွားရောက်တောင်းခံမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာသွား၍ ဖယောင်းတိုင် ခုနစ်တိုင် ထွန်းညှိပူဇော်ပြီး ဒိဝါတပတိဂါထာတော်ကို (၁၀၈) ခေါက်ရွတ်ပါ။ ပြီးလျှင် နောက်ထပ်ဘုရားနှစ်ဆူတွင် ဤအတိုင်း ပြုလုပ်ပါ။ သုံးဆူပြည့်ပြီးလျှင် သွားရောက်တောင်းယူပါ။

ဗုဒ္ဓဟူးနေ့တွင် အကြွေးသွားရောက်တောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ သွားပြီး တံမြက်စည်းလှည်းသန့်ရှင်းပါ။ ပြီးလျှင် တနင်္လာထောင့်တွင် တနင်္လာအညွန့်အခက်ပန်းများနှင့်ဝေနေအောင် ဘုရားပူဇော်ပြီး ဒိဝါတပတိဂါထာရွတ်၍ သွားတောင်းပါ။

ကြာသပတေးနေ့တွင် အကြွေးသွားရောက်တောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ အရင်သွားပါ။ ဗုဒ္ဓဟူးထောင့်မှစ၍ ရင်ပြင်တော်ကို တံမြက်





www.burmeseclassic.com

www.burmeseclassic.com

စည်းလှည်း သန့်ရှင်းပါ။ အင်္ကျီအဖြူ ရောင်ကို ဝတ်ဆင်ပါ။ ဒိဝါတပတိဂါထာ ကို မပြတ်ရွတ်ပါ။ ပြီးလျှင် အင်္ဂါထောင့် တွင် ဖယောင်းတိုင် ခုနစ်တိုင် ပူဇော်ပြီး သွားတောင်းပါ။

သောကြာနေ့တွင် အကြွေးသွား ရောက်တောင်းမည်ဆိုပါက သရဖုံ ကို ပုတီးသုံးပတ်စိပ်ပြီးမှ အိမ်ကထွက်ပါ။ ပြီးလျှင် ဘုရားတစ်ဆူဆူသို့ သွား၍ အင်္ဂါထောင့်တွင် ဖယောင်းတိုင် သုံးတိုင် ထွန်းညှိပူဇော်ပါ။ ပြီးလျှင် ဘုရားပေါ်မှ ဆင်းသည်နှင့် ခွေးကို အစာကျွေးပါ။ ပြီးမှ အကြွေးသွားတောင်းပါ။

စနေနေ့တွင် အကြွေးသွား ရောက်တောင်းမည်ဆိုပါက ဘုရားရှင် အား သောက်တော်ရေ ဖျော်ရည်များ နှင့် ကပ်လှူပူဇော်ပါ။ ပြီးလျှင် ဒိဝါ တပတိဂါထာကို မပြတ်ရွတ်ပြီး (၁၀) မိနစ်ခန့် ယပ်တော်သွင်းပါ။ ပြီးနောက် ခွေးများကို အစာကျွေး၍ အကြွေးသွား တောင်းပါ။

### ဗုဒ္ဓဟူးသားသမီးများ အကြွေးပြန်ရစေရန်

တနင်္ဂနွေနေ့တွင် အကြွေးသွား ရောက်တောင်းမည်ဆိုပါက ဘုရားတစ် ဆူဆူသို့ ဦးစွာဝင်၍ စနေထောင့်တွင် တံမြက်စည်းလှည်းပါ။ ပန်းများ ခြောက် သွေ့နေပါက ပန်းအသစ်ကို လှဲလှယ် ပေးပါ။ ဒိဝါတပတိ ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ မြေပဲလှော်၊ မြေ ပဲပြုတ် ရရာကိုစားပြီး အကြွေးသွား တောင်းပါ။

တနင်္လာနေ့တွင် အကြွေးသွား ရောက် တောင်းမည်ဆိုပါက ဘုရား တစ်ဆူဆူသို့သွား၍ ဗုဒ္ဓဟူးထောင့်နှင့် ရာဟုထောင့်တို့တွင် တံမြက်စည်းလှည်း ပါ။ ဒိဝါတပတိဂါထာကို မပြတ်ရွတ်ဖတ် သရဇ္ဈာယ်ပါ။ ပြီးမှ အကြွေးသွား တောင်းပါ။

အင်္ဂါနေ့တွင် အကြွေးသွား ရောက်တောင်းမည်ဆိုပါက ဘုရားတစ် ဆူဆူသို့ အရင်ဝင်၍ သောကြာထောင့် တွင် တံမြက်စည်းလှည်းပါ။ ဒိဝါတပတိ ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ပုတီး စိပ်ပါ။ ပြီးလျှင် အကြွေးသွားတောင်းပါ။

ဗုဒ္ဓဟူးနေ့တွင် အကြွေးသွား တောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ အရင်ဝင်၍ သောကြာထောင့်တွင် တံ မြက်စည်းလှည်းပါ။ ဒိဝါတပတိဂါထာ ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ပုတီးစိပ်ပါ။ ပြီးလျှင် အကြွေးသွားတောင်းပါ။

ကြာသပတေးနေ့တွင် အကြွေး သွားရောက်တောင်းမည်ဆိုပါက ဘုရား တစ်ဆူဆူသို့သွား၍ ဗုဒ္ဓဟူးထောင့်နှင့် ရာဟုထောင့်တို့တွင် တံမြက်စည်းလှည်း ပါ။ ဒိဝါတပတိဂါထာကို ရွတ်ဖတ် သရဇ္ဈာယ်ပါ။ ပြီးလျှင် ပန်းပေါင်းစုံ ကိုးမျိုးအား ဘုရား၌ ပူဇော်ပြီး အကြွေး သွားတောင်းပါ။

သောကြာနေ့တွင် အကြွေးသွား တောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူ သို့ ဦးစွာဝင်၍ တနင်္ဂနွေထောင့်တွင် တံ မြက်စည်းလှည်းပါ။ ပန်းခြောက်များကို စွန့်၍ ပန်းအသစ်လဲပါ။ ဒိဝါတပတိဂါ ထာကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ပုတီး တစ်ပတ်စိပ်ပါ။ ဖယောင်းတိုင် သုံးတိုင် ထွန်း၍ ဘုရားပူဇော်ပြီး အကြွေးသွား တောင်းပါ။

စနေနေ့တွင် အကြွေးသွား တောင်းမည်ဆိုပါက ဘုရားရှင်ကို ဖျော် ရည် ကပ်လှူပါ။ ပေါက်ပေါက်ပွင့် ကပ်လှူပူဇော်ပါ။ ပန်းပေါင်းစုံ ကပ်လှူ ပါ။ ပြီးလျှင် ဒိဝါတပတိဂါထာကို ရွတ် ဖတ်သရဇ္ဈာယ်လျက် ပုတီးတစ်ပတ်စိပ် ပြီးနောက် အကြွေးသွားတောင်းပါ။

### ကြာသပတေးသားသမီးများ အကြွေး ပြန်ရစေရန်

တနင်္ဂနွေနေ့တွင် အကြွေးသွား ရောက်တောင်းမည်ဆိုပါက နွားစာ ကျွေးပါ။ နွားမရှိပါက အာဟာရချို့တဲ့ နေသူများ (သို့) ကလေးငယ်များကို အစာကျွေးမွေးပါ။ ပြီးနောက် ဒိဝါတပ တိဂါထာအား (၁၀၈) ခေါက်ရွတ်ဆိုပြီး အကြွေးသွားတောင်းပါ။

တနင်္လာနေ့တွင် အကြွေးသွား တောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူ သို့ ဦးစွာသွား၍ တနင်္ဂနွေထောင့်တွင် တံမြက်စည်းလှည်းပါ။ ဒိဝါတပတိဂါထာ ကို မပြတ်တမ်းရွတ်နေပါ။ ပြီးလျှင် သစ်သီးတစ်မျိုးမျိုးကိုစား၍ အကြွေး သွားတောင်းပါ။

အင်္ဂါနေ့တွင် အကြွေးသွား တောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ စနေထောင့်တွင် ဖယောင်း တိုင် ခုနစ်တိုင်၊ အမွှေးတိုင် ခုနစ်တိုင် ထွန်းပြီး ဒိဝါတပတိဂါထာ (၁၀၈)ခေါက် ရွတ်ပါ။ ပြီးလျှင်အကြွေးသွားတောင်းပါ။

ဗုဒ္ဓဟူးနေ့တွင် အကြွေးသွား တောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်ပြီး တနင်္ဂနွေထောင့်တွင် ပန်း ပေါင်းစုံ ငါးမျိုး၊ ဖယောင်းတိုင် တစ်တိုင် ပူဇော်ပါ။

ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန် ပုတီးစိပ်ပါ။ သို့မဟုတ် (၁၀၈) ခေါက် ရွတ်ပါ။ ပြီးလျှင်အကြွေးသွားတောင်းပါ။

ကြာသပတေးနေ့တွင် အကြွေး သွားတောင်းမည်ဆိုပါက ဘုရားတစ် ဆူဆူသို့ ဦးစွာသွား၍ တနင်္ဂနွေထောင့် ၌ တံမြက်စည်းလှည်းပါ။ ဒိဝါတပတိဂါ ထာကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် ကလေးငယ် တစ်ဦးဦးကို မုန့်တစ်ခုခု ကျွေးပြီး အကြွေးသွားတောင်းပါ။

သောကြာနေ့တွင် အကြွေးသွား ရောက်တောင်းမည်ဆိုပါက ဘုရားသုံး ဆူပြည့်အောင် ဦးစွာသွားပါ။ ဘုရား တိုင်းတွင် ပန်းသုံးမျိုးစီ ပူဇော်ပါ။ ပူဇော် ပြီးတိုင်း ပြန်အထွက်တွင် လမ်းရှိ ခွေး များအား အစာကျွေးသွားပါ။ ဒိဝါတပ တိဂါထာကို ရွတ်ပြီးမှ အကြွေးသွား တောင်းပါ။

စနေနေ့တွင် အကြွေးသွား တောင်းမည်ဆိုပါက ဘုရားရှင်အား ပန်း ပေါင်းစုံ ငါးမျိုး ကပ်လှူပူဇော်ပြီးမှ အိမ်က ထွက်ပါ။ ဒိဝါတပတိဂါထာကို မပြတ်ရွတ်ဆိုလျက် အကြွေးသွား တောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာသားသမီးများ**
**အကြွေးပြန်ရစေရန်**

တနင်္ဂနွေနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာသွား၍ စနေထောင့်နှင့် အင်္ဂါထောင့်တွင် တံမြက်စည်းလှည်းပါ။ ထို့နောက် ကလေးတစ်ဦးဦးအား စနေနံ စားစရာတစ်ခုခုကိုကျွေးလိုက်ပါ။ပြီးလျှင် ဒိဝါတပတိဂါထာကို ရွတ်၍ အကြွေးသွားတောင်းပါ။

တနင်္လာနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်ပါ။ တနင်္ဂနွေထောင့်တွင် ဒိဝါတပတိဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်၍ တံမြက်စည်းလှည်းပါ။ တစ်နေရာတွင် ခေတ္တနားပါ။ ငိုက်သွားသည်အထိ ခဏနားပြီး သစ်သီးတစ်လုံး စား၍ အကြွေးသွားတောင်းပါ။

အင်္ဂါနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ခွေးကလေးများကို အစာကျွေးပါ။ နှစ်ကြိမ်ခန့် ကျွေးပြီးနောက် ဒိဝါတပတိဂါထာကို ရွတ်ဖတ်၍ ချေင်စွာ ပြောဆိုလျက် အကြွေးတောင်းပါ။

ဗုဒ္ဓဟူးနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာသွား၍ တနင်္ဂနွေထောင့်တွင် ဖယောင်းတိုင် (၁၀)တိုင်ကို ဒိဝါတပတိဂါထာရွတ်ဖတ်သရဇ္ဈာယ်လျက် ထွန်းညှိပူဇော်ပါ။ ထို့နောက် အင်္ဂါထောင့်တွင် တံမြက်စည်းလှည်းပါ။ ပြီးနောက်တွင် အကြွေးသွားတောင်းပါ။

ကြာသပတေးနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့သွား၍ ကုံကော်ညွန့် လက်တစ်ဆုပ်ကို တနင်္လာထောင့်တွင် လှူလိုက်ပါ။ ပြီးပါက ဗုဒ္ဓဟူးထောင့်တွင် တံမြက်စည်းလှည်းပါ။ ဒိဝါတပတိဂါထာကို မပြတ်ရွတ်ဆိုပြီး အကြွေးသွားတောင်းပါ။

သောကြာနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ ကြာသပတေးထောင့်တွင် တံမြက်စည်းလှည်းပါ။ နှုတ်က ဒိဝါတပတိဂါထာကို မပြတ်ရွတ်ပါ။ ပြီးလျှင် ခွေးကလေးများကို အစာဝလင်အောင် ကျွေးပြီး အကြွေးသွား၍တောင်းပါ။

စနေနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်ပါ။ သောကြာထောင့်နှင့် အင်္ဂါထောင့်တို့တွင် တံမြက်စည်းလှည်းပါ။ ဒိဝါတပတိဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ခွေးကလေးများကို အစာကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**စနေသားသမီးများ**
**အကြွေးပြန်ရစေရန်**

တနင်္ဂနွေနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ကြာသပတေးနံ ဘွဲ့အမည်ရှိသော ဘုရား၊ သို့မဟုတ် ဘုရားတစ်ဆူဆူသို့သွား၍ ကြာသပတေးထောင့်သို့သွား၍ ပန်းပေါင်းစုံ ငါးမျိုးပူဇော်ပြီး စနေထောင့်တွင် တံမြက်စည်းလှည်းပါ။ ဒိဝါတပတိဂါထာကို မပြတ်ရွတ်၍ အကြွေးသွားတောင်းပါ။

တနင်္လာနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက အိမ်မှမထွက်မီ ခေတ္တခဏ အညောင်းဆန့်၍ လှဲအိပ်လိုက်ပါ။ ပြီးလျှင် ဘုရားတစ်ဆူဆူသို့ သွား၍ စနေထောင့်တွင် ပန်းပေါင်းစုံ ခုနစ်မျိုးနှင့် ပူဇော်ပြီး ဒိဝါတပတိဂါထာ မပြတ်ရွတ်သွားပါ။ လမ်း၌ တွေ့သမျှ ခွေးတို့အား အစာကျွေးပြီးမှ အကြွေးသွားတောင်းပါ။

အင်္ဂါနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ စနေထောင့်တွင် ဖယောင်းတိုင်ခုနစ်တိုင်၊ အမွှေးတိုင် တစ်ထုပ် ဖောက်၍ ထွန်းပြီး ဒိဝါတပတိဂါထာ သက်စေ့ရွတ်ပါ။ ပြီးလျှင် လမ်း၌တွေ့သော ခွေးများအား အစာကျွေးပြီး သွားတောင်းပါ။

ဗုဒ္ဓဟူးနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်ပြီး သောကြာထောင့်၌ တံမြက်စည်း လှည်းပါ။ ဒိဝါတပတိဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးလျှင် ပန်းဖြူလေးတစ်ပွင့်ကို အင်္ကျီအိတ်တွင်းသို့ ဆောင်သွားပြီး အကြွေးသွားတောင်းပါ။

ကြာသပတေးနေ့တွင် အကြွေးသွားတောင်းမည် ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ တနင်္လာထောင့်၌ ပန်းပေါင်းစုံ ကိုးမျိုး ပူဇော်ပါ။ ဒိဝါတပတိဂါထာကို ရွတ်ပါ။ ပြီးလျှင် တန်ဆောင်းတိုင်းကို ဝင်လိုက် ထွက်လိုက် လုပ်၍ ဘုရားကို ဝတ်ပြုပြီးမှ သွားတောင်းပါ။

သောကြာနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားရှင်အား ပန်းပေါင်းစုံ ခုနစ်မျိုးနှင့် ပူဇော်ပါ။ သရဏဂုံ သုံးပါးကို မပြတ်တမ်းရွတ်ဖတ်သရဇ္ဈာယ်၍ ဒါနပြုပါ။ ထို့နောက် ဒိဝါတပတိဂါထာကို ရွတ်ပွားပြီး လမ်းမှာတွေ့သမျှ ခွေးတို့ကို အစာကျွေး၍ အကြွေးသွားတောင်းပါ။

စနေနေ့တွင် အကြွေးသွားတောင်းမည်ဆိုပါက ဘုရားတစ်ဆူဆူသို့ ဦးစွာဝင်၍ ဂြိုဟ်ရှစ်ခွင်လုံးရှိ ရုပ်ပွားတော်များအား ရေသပ္ပာယ်ပါ။ ပြီးလျှင် နှုတ်က ဒိဝါတပတိဂါထာ မပြတ်ရွတ်ပြီး လမ်းမှာတွေ့သမျှ ခွေးများကို အစာကျွေးရင်း အကြွေးသွားတောင်းပါ။

ဤကား ခုနစ်ရက်သားသမီးတို့ အကြွေးများ ပြန်လည်ရရှိစေနိုင်သည့် လောကီယတြာများ ဖြစ်ကြပါသည်။ အထူးသဖြင့် ယုံကြည်မှုရှိရှိဖြင့် စိတ်ကို စင်ကြယ်အောင်ထား၍ လုပ်ဆောင်ပါက အစွမ်းအာနိသင်ပြည့်ဝလျက် မိမိတို့ ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများ ပြေလည်သွားမှာ သေချာသည့်အကြောင်း တင်ပြလိုက်ရပါသည်။

❒ ချစ်မဓသက်



www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးဖို မုဆိုးမ ဘာကြောင့်ဖြစ်ကြရသလဲ

ဆရာကြီးဦးအောင်မြိုင်


ကျွန်ုပ်အနေနဲ့ မွန်ပြည်နယ်အတွင်းက မြို့တစ်မြို့မှာ ဥပဒေဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်တုန်းက တရားရုံးစာရေးမလေးဖြစ်တဲ့ သူမနဲ့ စတင်သိကျွမ်း ခင်မင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတုန်းကတော့ သူမအသက် (၂၀) ဝန်းကျင် အပျိုစင်လေး ဖြစ်ပါတယ်။ ကျွန်ုပ်ထံမှာ လက္ခဏာစစ်ဆေးမှု ခံယူခဲ့စဉ်က . . .

“နင် အိမ်ထောင်မပြုသင့်ဘူး၊ မုဆိုးမဖြစ်တတ်တဲ့ လက္ခဏာအမှတ်အသားတွေ နင့်မှာ တွေ့ရတယ်” အဲဒီလို ရှင်းရှင်းပြတ်ပြတ် သူမကို ပြောခဲ့တာပါ။

ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ ဘယ်လက်ဖဝါးပြင် ပုံစံကို ကြည့်ပါ။





“က” အက္ခရာနဲ့ ညွှန်ပြထားတာက အသက်လမ်းကြောင်းအတွင်းဘက် အင်္ဂါဂြိုဟ်ခွင်မှာ ထင်ရှားတဲ့ ကြက်ခြေသင်္ကေတရှိခြင်းကြောင့် အိမ်ထောင်ရေးမှာ ဒုက္ခကြီးစွာ ကြုံရတတ်တယ်။ ခင်ပွန်းမှာ ဘေးဥပဒ်အန္တရာယ် ရုတ်တရက် ကျရောက်တတ်တယ်။ သူ့ကြက်ခြေက နှစ်ခုဆင့်နေတာ ဖြစ်တယ်။




“ခ” အက္ခရာနဲ့ ညွှန်ပြထားတာဟာ . . .


နှလုံးလမ်းကြောင်းအောက်က လမ်းခွဲဟာ ကျွန်းရှည်မျောပုံစံနဲ့ ဦးခေါင်းလမ်းကိုထိပြီးမှ အသက်လမ်းကြောင်းကိုပါ ထိုးဖောက်သွားတာ တွေ့ရတယ်။

ဒီလို နှလုံးလမ်းခွဲမျိုးဟာ အိမ်ထောင်ရေးမှာ သောကကြီးစွာ ကြုံရတတ်တယ်။




“ဂ” အက္ခရာနဲ့ ညွှန်ပြထားတာဟာ နှလုံးလမ်းအဖျားဟာ လက်ခလယ်အောက် စနေဂြိုဟ်ခွင်မှာ ကျွန်းပုံ၊ အပြတ်အတောက်ပုံ၊ ခက်ရင်းခွပုံမျိုးတွေ ဖြစ်ပေါ်နေတယ်။

ဒီလိုနှလုံးလမ်း အဖျားမျိုးဟာ အချစ်ရေး၊ အိမ်ထောင်ရေးတွေမှာ ဘယ်လိုမှ ကုသိုလ်ကံမကောင်းတတ်ဘူး။ ကြေကွဲဝမ်းနည်းဖွယ်ရာများ၊ ကွဲကွာမှုများကြုံတတ်တဲ့ ကံကြမ္မာနိမိတ်သင်္ကေတဆိုးတွေ ဖြစ်ပါတယ်။





“ဃ” အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်သန်းအောက် အိမ်ထောင်ရေးလမ်းဟာ အပြတ်သင်္ကေတတွေနဲ့ နှလုံးလမ်းကို ဖြတ်ဆင်းပြီး အင်္ဂါဂြိုဟ်ခွင်နဲ့ သောကြာဂြိုဟ်ခွင်အစပ်ကြားထဲအထိ ရောက်ရှိနေခြင်း ဖြစ်ပါတယ်။


ယခုလို အိမ်ထောင်ရေးလမ်းမျိုးဟာ မုဆိုးဖို မုဆိုးမ ဖြစ်တတ်ကြောင်း၊ လက္ခဏာပညာဆိုင်ရာ ကျမ်းစာအုပ်တွေမှာ အတိအလင်း ဖော်ပြထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com




"င" အက္ခရာနဲ့ ညွှန်ပြထားတာစာ အသက်လမ်းကြောင်းရဲ့အတွင်းဘက်မှာ ခွဲဆင်းတဲ့ ဆုတ်ယုတ်လမ်းဖြစ်ပါတယ်။ ကန့်လန့်ဥပဒ်လမ်းတွေနဲ့ ထိတွေ့နေတယ်။

အသက် (၃၅)နှစ်မှ (၄၀)အတွင်း အဆင့်အတန်း အခြေအနေ ဆုတ်ယုတ်ကျဆင်း ပျက်ပြားတတ်တယ်။ ကိုယ်တိုင်ဖြစ်စေ၊ ခင်ပွန်းဖြစ်စေ ရုတ်တရက် ကွယ်လွန်တတ်ကြောင်းလည်း တွေ့ရှိရဖူးပါတယ်။

သူမဟာ ကျွန်ုပ်ရဲ့ ဟောပြောမှုကို လက်ခံယုံကြည်လိုက်နာပြီး အိမ်ထောင်မပြုဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူမရဲ့ အသက် (၃၈)နှစ်မှာ မမျှော်လင့်ဘဲ ချစ်သူတွေ့ခဲ့တယ်။ ဒီချစ်သူကိုတော့ သူမ ယုံကြည်အားကိုးမှုတွေလည်း အပြည့်အဝ ရှိခဲ့တယ်။ ဒီတော့ လက္ခဏာဆရာရဲ့ အဟောကို ဂရုမစိုက်တော့ပါဘူး။ အိမ်ထောင်ပြုလိုက်တယ်။ သူမရဲ့ အိမ်ထောင်သက် တစ်နှစ်လောက်အကြာ သူမရဲ့အသက် (၃၉) နှစ်ထဲမှာ သူမရဲ့ခင်ပွန်းဟာ ငှက်ဖျားရောဂါနဲ့ ရုတ်တရက် ကွယ်လွန်ခဲ့တယ်။ သူမမှာ ကိုယ်ဝန်နဲ့ ကျန်ခဲ့တယ်။ အဲဒီကိုယ်ဝန်က သားကလေးတစ်ယောက် မွေးဖွားခဲ့တယ်။ သားတစ်ယောက်မိခင်မုဆိုးမဘဝနဲ့ စားဝတ်နေရေး လှုပ်ရှားကြိုးစားနေခိုက် သူမအသက် (၄၃)နှစ်အရွယ်မှာ ကျွန်ုပ်ရဲ့ လက္ခဏာဟောခန်းကို ရောက်ရှိလာပြီး မျက်ရည်စမ်းစမ်းနဲ့ သူမရဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြပါတော့တယ်။

"ဆရာ့စကား နားမထောင်၊ သားတစ်ကောင်နဲ့ တိုးလိုးတန်းလန်း"ဆိုပြီး ဆိုရိုးစကားလေး ထားရစ်ခဲ့ပါမယ်။ ဝဋ်ကြွေးရှိလို့ ခံရတယ်ပဲမှတ်ပါလို့ ဖြေသိမ့်ပေးလိုက်ရပါတယ်။

❑




www.burmeseclassic.com

www.burmeseclassic.com


သူမဟာ စီးပွားရှာအတော်တောင်းသူ ဖြစ်ပါတယ်။ မော်တော်ကားဝယ်ရောင်းလုပ်ငန်း၊ ဆိုင်လုပ်ငန်း၊ တယ်လီဖုန်း ရောင်းဝယ်လုပ်ငန်း၊ အကျိုးဆောင်ပွဲစားလုပ်ငန်း စသဖြင့် အလုပ်မျိုးစုံ လုပ်ကိုင်နိုင်သူ ဖြစ်ပါတယ်။ ကျွန်ုပ်နဲ့ ဆုံတွေ့စဉ်က သူမရဲ့အသက် (၃၅)နှစ်မျှသာ ရှိပါသေးတယ်။ သားတစ်ယောက် သမီးတစ်ယောက်မိခင် အိမ်ထောင်ရှင်ဖြစ်ကြောင်း သိရပါတယ်။

သူမရဲ့ ဘယ်လက်ဖဝါးပြင် ပုံစံကို လေ့လာကြည့်တဲ့အခါမှာ . . .





"က" အက္ခရာနဲ့ ညွှန်ပြထားတာဟာ ခက်ရင်းခွပုံနဲ့ ကြက်ခြေပုံသင်္ကေတများကို အင်္ဂါဂြိုဟ်ခုံပေါ်မှာ တွေ့ရှိရခြင်း ဖြစ်ပါတယ်။

အမျိုးသမီးတို့ရဲ့ အင်္ဂါဂြိုဟ်ခုံဟာ အိမ်ထောင်ဖက်၊ အိမ်ထောင်ရေးတို့နဲ့ သက်ဆိုင်ပါတယ်။ ဒီလို ခက်ရင်းခွ အောက်စိုက်ပုံနဲ့ ကြက်ခြေပုံ တွေ့ရှိခြင်းဟာ အင်္ဂါဂြိုဟ်ခုံကို အားပျက်စေပါတယ်။ အိမ်ထောင်ရေးမှာ ကံဆိုး ကံညံ့တွေ ကြုံရတတ်တယ်။ အိမ်ထောင်ဖက် ခင်ပွန်းအပေါ် ဘေးဥပဒ် အန္တရာယ်ဆိုးတွေ ကျရောက်တတ်တယ်။





"ခ" အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်ခလယ်အောက် စနေဂြိုဟ်ခုံအောက်က ခွဲဆင်းတဲ့လမ်းဟာ ကျွန်းသင်္ကေတမျိုးနဲ့ ဦးခေါင်းလမ်းပေါ်က ကျွန်းပုံကို ထိတွေ့နေခြင်း ဖြစ်ပါတယ်။

အဲဒီသင်္ကေတကြောင့် နှလုံးသားရေးရာ၊ အချစ်ရေး၊ အိမ်ထောင်ရေးရာတွေမှာ စိတ်ဆင်းရဲသောက ကြီးမားစွာ ကြုံရတတ်တယ်။





"ဂ" အက္ခရာနဲ့ ညွှန်ပြထားတာဟာ နှလုံးလမ်းကြောင်းဟာ ခက်ရင်းနှစ်ခွပုံတွေနဲ့ ဖြတ်တောက်နေခြင်း ဖြစ်ပါတယ်။

ကျွန်ုပ်ရဲ့ အတွေ့အကြုံအရ အဲဒီသင်္ကေတဟာ နှလုံးရောဂါ ပြင်းစွာခံစားရခြင်း၊ နှလုံးရောဂါနဲ့ ကွယ်လွန်ခြင်း (အိမ်ထောင်ဖက်ဖြစ်စေ၊ မိမိဖြစ်စေ ကွယ်လွန်ခြင်း) ဖြစ်တတ်တယ်။ နှလုံးသားကို ပြင်းပြင်းထန်ထန် ဒုက္ခပေးခံရတတ်တဲ့ သင်္ကေတပါ။




"ဃ" အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်သန်းအောက် လက်ဖဝါးစောင်းကထွက်တဲ့ အိမ်ထောင်ရေးလမ်းဟာ နှစ်ကြောင်းအပြိုင်ထွက်ပြီး အလယ်မှာ ကျွန်းသင်္ကေတနဲ့ နှလုံးလမ်းရှိရာကို ထိုးဆင်းထိတွေ့နေခြင်း ဖြစ်ပါတယ်။

ဒီလိုအိမ်ထောင်ရေးလမ်းမျိုးဟာ မုဆိုးဖို မုဆိုးမ ဖြစ်စေတတ်တဲ့ နိမိတ်ဆိုးဖြစ်ပါတယ်။





"င" အက္ခရာနဲ့ ညွှန်ပြထားတာဟာ ကံလမ်းထိုးရိုးနဲ့ ဦးခေါင်းလမ်း ဆုံတွေ့တဲ့နေရာမှာ ကျွန်းသင်္ကေတတွေနဲ့ အောက်စိုက်ခက်ရင်းနှစ်ခွ သင်္ကေတတွေ ထင်ရှားရှိနေခြင်း ဖြစ်တယ်။ [အသက် (၃၀)မှ (၃၅)နှစ်ခန့်အတွင်း နေရာဖြစ်တယ်]



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




ဦးခေါင်းလမ်း၊ ကံလမ်း၊ အသက်လမ်းတို့နဲ့ ထိတွေ့နေတဲ့ ကျွန်း၊ ခက်ရင်းခွဆိုတဲ့ အပျက်သင်္ကေတတွေဟာ အိမ်ထောင်ရေးကို ပျက်ပြားစေတတ်တယ်။ အိမ်ထောင်ရေးကြောင့် ကိုယ်စိတ်ဆင်းရဲသော အံပြင်းအထန် ရောက်ရတတ်တယ်။ ရှူမလောက်ခံစားရတယ်ဆိုတဲ့ စကားဟာ မလွန်လွန်းပါဘူး။

သူမရဲ့အသက် (၂၈)နှစ်မှာ အိမ်ထောင်ကျခဲ့တယ်။ သားတစ်ယောက်နဲ့ သမီးတစ်ယောက် ဖွားမြင်ရရှိခဲ့တယ်။ သူမ သိပ်ချစ် သိပ်အားကိုးခဲ့ရတဲ့ ခင်ပွန်းဟာ သူမရဲ့အသက် (၃၄) နှစ်မှာ သူမနဲ့ သားသမီးနှစ်ယောက်ကို လူ့လောကအလယ်မှာထားရစ်ပြီး သေမင်းခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ရတယ်။

ဒါကြောင့် သူမလည်း ရှူးချင်သလို ဖြစ်ခဲ့တယ်လို့ ဝန်ခံပြောပြတယ်။ ဒါပေမဲ့ ကျန်ရစ်တဲ့ သားသမီးနှစ်ယောက် လူလားမြောက်ဖို့အတွက် ယောကျ်ားတစ်ယောက်လို စီးပွားရှာ လုပ်ကိုင်ကျွေးမွေးဖို့ သူမရဲ့ ဘဝပေးတာဝန်ဆိုတော့ ရှူးချင်ပေမယ့် ရှူးလို့လည်း မရနိုင်ခဲ့ဘူးတဲ့။

အချို့သော အဖျက်သင်္ကေတဆိုးတွေဟာ မွေးရာပါဖြစ်ပြီး အချို့ကတော့ မွေးရာပါ မဟုတ်ပါဘူး။ အတိတ်ကံညံ့တဲ့ကလေးတွေကို မိဘက နာမည်ပေးမှားခြင်းကြောင့်လည်း လက်ဖဝါးပြင်မှာ အညံ့အဖျက် သင်္ကေတတွေ ပိုပြီးထင်ရှားလာရခြင်းလို့ တွေ့ရတယ်။ တစ်ခါ အမျိုး လူ့ဖို့အရွယ်မှာ ဘာသာရေးကိုင်းရှိုင်းမှု အားနည်းခြင်း၊ မိဘလူကြီးတွေစကားကို နားမထောင်ခြင်း၊ ချစ်သူ ခင်ပွန်းရွေးချယ်မှု မှားယွင်းခြင်းတွေကလည်း လက်ဖဝါးပြင်မှာ အညံ့အဖျက် သင်္ကေတဆိုးတွေ ထပ်မံဖြစ်ပေါ်လာစေတတ်ပါတယ်။

“အသိနဲ့ သတိ” ဆိုတာ အညံ့အဖျက် သင်္ကေတဆိုးတွေကို သိအောင်လုပ်ပြီး ကြိုတင်သတိထား ကာကွယ်သွားရင် ယခုလို ကံဆိုးကံညံ့တွေကို ကျော်လွှားသွားနိုင်ပါလိမ့်မယ်။

အိမ်ထောင်ရေး ဒုက္ခ သောကများ ကင်းဝေးကြပါစေ။

❐ ဆရာကြီးဦးအောင်မြိုင်

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

၃ နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၃ ခုနှစ်၊ ဇွန်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဆိုးအားသည် မူလဌာန၏ ကောင်းအားကို ဖျက်ဆီးခြင်းသဘော ရှိသဖြင့် အကြီးအကဲ အုပ်ချုပ်သူ မင်းစိုးရာဇာတို့၏ ပြုငြင်မှု အနည်းငယ်ရှိသည်။ ထင်သလောက် ခရီးမရောက်ဘဲ တွံ့ဆိုင်းနေသည်။ စီးပွားလူမှု ရပ်တန့်နေ၏။ ဝိသဘာဝ ဆန့်ကျင်ဘက်လိင်တို့၏ အကူအညီဖြင့် လမ်းဖြောင့်မည်။ ဗုဒ္ဓဟူးနံ ယာဉ်၊ ရထား စသည်တို့ ဝင်ကိန်းရှိပြီး တနင်္ဂနွေနံ ထွက်ကိန်း ပျက်ကိန်းရှိ၏။ ဝန်ထမ်းများ တာဝန်မကျေမှုဖြင့် သတိပေးခံရတတ်၏။

**ယတြာ** - လူသွားလမ်း တံမြက်လှည်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - သွေးနှင့်ပတ်သက်သောရောဂါ၊ သူတစ်ပါး၏သွေး အသွင်းခံရမှုကြောင့်ရရှိသောရောဂါ ဂရုပြုပါ။

**ယတြာ** - နာနတ်သီး ဆွမ်းတော်တင်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့သည် ညံ့၏။

**မှတ်ချက်။** ဗြဟ္မစိုရ်တရား ပွားများပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာနမှ ဖျက်ဆီးခြင်းသဘောရှိရာ ငွေကြေးဆိုင်ရာကိစ္စဟောင်းများ မပြီးပြတ်ခြင်း၊ မြီစားများထွက်ပြေးခြင်း စသော ကိစ္စအဝဝနှင့်ကြုံမည်။ အပြောအဆို နှုတ်ကြမ်းမှုကြောင့် ရန်ရှိ၏။ အသက်ကြီးသူ ဆန့်ကျင်ဘက်လိင်ကြောင့် ဗျာပါဒများတတ်၏။ အင်္ဂါနံသားသမီးများ ဒုက္ခပေးမည်။ သောကြာနံ ဝင်မည်။ ကြာသပတေးနံ ထွက်မည်။ ဝန်ထမ်းများ ရာထူးဟောင်းမှ ပြဿနာဟောင်းအတွက် ဖြေရှင်းရတတ်၏။

**ယတြာ** - နှစ်ကိုယ်ရှစ်ဆူဘုရားကို အာရုံပြုရှိခိုးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အိမ်ထောင်ဖက် ကျန်းမာရေးမပြည့်စုံ၍ အိမ်တွင်းရေး မသာယာဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - သလိပ်၊ သည်းခြေ၊ အသည်းတို့တွင် ဥပဒ်ရှိ၏။

**ယတြာ** - သစ်သီးဆွမ်း ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၃)ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

**မှတ်ချက်။** စာရင်းဇယား၊ စာချုပ်များ စနစ်တကျ ထိန်းသိမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာနတွင် ဆိုးအားတွေ့ရသဖြင့် အခြေပစ္စည်းများ လျော့နည်းခြင်း၊ ထုခွဲရောင်းချရခြင်းနှင့် လုပ်ငန်းတွင် ငွေကြေးမလည်ပတ်သဖြင့် ချေးငှားရခြင်းများနှင့် ကြုံမည်။ အိမ်ခြံမြေအာမခံဖြင့် ပေါင်နှံလျက် ငွေချေးရတတ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကောင်းတစ်ခု တွေ့မည်။ ကောင်း၏။ ရေလုပ်ငန်း အကျိုးပြုမည်။ ဝန်ထမ်းများ မြစ်ကူးချောင်းခြားသို့ ပြောင်းရွှေ့ရတတ်၏။

**ယတြာ** - မွေးရပ်ဇာတိရှိ သာသနိကအဆောက်အအုံတွင် အလှူငွေထည့်ဝင်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အနှစ်မရှိ ပေါ့ပြက်ပြက် ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - သင့်၏။ သွေးတိုး၊ နှလုံး ဂရုပြုပါ။

**ယတြာ** - ရေမြောင်းဖောက်လုပ်မှုတွင် ပါဝင်ကူညီပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

**မှတ်ချက်။** အသုံးနှင့်အဖြုန်း သဘောပေါက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနစလုံးတွင် ဆိုးအားလွှမ်းနေသဖြင့် စိတ်ဓာတ်ကျနေတတ်၏။ အလုပ်လုပ်ရင်း အနှုတ်ပြလာ၏။ အရှုံးအမြတ် မခွဲခြားတတ်ဘဲ ဇဝေဇဝါဖြစ်နေ၏။ သူတစ်ပါးစကားယုံ၍ လုပ်သင့်သောလုပ်ငန်းများ အကျိုးမပေးဖြစ်နေ၏။ သယ်ယူပို့ဆောင်ရေး၊ အဝေးပြေး၊ ခရီးသွားလာရေး လုပ်ငန်းများကို အာရုံစိုက်သင့်၏။ ဗုဒ္ဓဟူးနံ စပ်ယှက်မည်။ မမြဲပါ။ ပြန်ထွက်မည်။ ဝန်ထမ်းများ စိတ်ဓာတ်လှုပ်ရှားလျက် တွေဝေနေတတ်မည်။

**ယတြာ** - လူသွားလူလာ စည်ကားသောလမ်းတွင် ပုံသကူစွန့်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မိသားစုအရေး အာရုံမစိုက်နိုင်ပါ။

(ဂ) **ကျန်းမာရေး** - (ကျား)အရက်ကြောင့်ရောဂါ၊ (မ) မီးယပ်ကြောင့်ရောဂါ ဂရုပြုပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄၊ ၅) ဂဏန်းနှင့် ဗုဒ္ဓဟူး ကြာသပတေးနေ့ ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

**မှတ်ချက်။** သူတစ်ပါး၏စကား ဆင်ခြင်လျက် လက်ခံဆုံးဖြတ်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ရပ်စလုံးတွင် ကောင်းအားများ တွေ့ရသဖြင့် ထင်ပေါ်ကျော်ကြားခြင်း၊ ဘုန်းသမ္ဘာပြည့်စုံခြင်းနှင့် ပြည့်စုံမည်။ လူအများ၏ ငှလေးစားမှုကို ခံရမည်။ သို့သော် မလိုတမာ သူတစ်ပါးက မမှန်မကန် စွပ်စွဲတတ်သည်။ သောကြာနံ ဝင်ကိန်းရှိ၏။ ခရီးသွားလာမှုဖြင့် အဆင်ပြေမည်။ လူလိမ်လူကောက်များ အမှတ်မထင် ရောက်လာတတ်၏။ သူတစ်ပါးအမှု အာမခံခြင်းမပြုသင့်ပါ။ သူတစ်ပါးက အမှုဆင် အကွက်ဆင် နာမည်ဖျက်တတ်သည်။ နေအိမ်ခြံမြေ အဟောင်းများ ထွက်ကိန်းရှိသည်။ ဝန်ထမ်းများ ရာထူးတက်ပြောင်းကိန်းရှိ၏။ ဆွေမျိုးများ အကူအညီရမည်။

**ယတြာ** - ဘုရားကျောင်းဆောင်နှင့် ရုပ်ပွားတော်များကို ရေသပ္ပာယ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သာယာမည်။

(ဂ) **ကျန်းမာရေး** - ခြေ၊ အရိုး ကျိုးတတ်သည်။

**ယတြာ** - ဘုန်းကြီးကျောင်းတွင် အခင်း (ခြေသုတ်ဖုံ) လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၁၊ ၄)ဂဏန်းနှင့် တနင်္ဂနွေ၊ ဗုဒ္ဓဟူးနေ့တို့ ညံ့၏။

**မှတ်ချက်။** ဘဝ မမေ့ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(ဃ) **စီးပွား/လူမှု** - ပဝတ္တိဌာနတွင် ကောင်းအားရှိ၏။ စုတ်နှင့်လာဘ် ယှဉ်နေ၏။ ထင်ပေါ်ကျော်ကြားခြင်း၊ လူရိုသေခြင်း၊ ဂုဏ်ဖြိုးနာမည်ကောင်းရမည်။ အစုစပ်တူလုပ်ငန်းများနှင့် ကြုံရတတ်၏။ ရွှေဝင်ကိန်းရှိ၏။ လာဘ်ဝင်ကိန်းရှိ၏။ ခရီးသွားလာမှုလုပ်ငန်း ထူထောင်ရန်သင့်၏။ မြေ[illegible] စကားပြောရတတ်၏။ ပညာရေးတွင် နှောင့်နှေး[illegible]၏။ အလုပ်အကိုင်တွင် တိုးတက်မှုရှိမည်။ ဝန်ထမ်းများ ရာထူးတက်ကိန်းရှိ၏။

**ယတြာ** - လူကြီးသူမကို ပူဇော်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - တကျက်ကျက်ရှိမည်။

(ဂ) **ကျန်းမာရေး** - သင့်၏။

**ယတြာ** - ဘိုးဘွားရိပ်သာတွင် အာဟာရဒါနပြုပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနှင့် သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄၊ ၆)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့ ကောင်းပြီး (၂)ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

**မှတ်ချက်။** ဘာသာရေး အားရုံစိုက်ပါ။

BURMESE CLASSIC .com

## စနေသားသမီးများ



(က) **စီးပွား/လူမှု** - ပဝတ္တိနှင့် မူလဌာနတို့တွင် စွမ်းအားကောင်းနေ၏။ ကံထူးရှင် ဖြစ်မည်။ ၇၊ ၃၊ ၅၊ ၆ ပါသောဂဏန်းကို ကံစမ်းပါ။ သောကြာနံလုပ်ငန်းကြောင့် အောင်မြင်မည်။ ခရီးသွားလာရေးလုပ်ငန်း၊ ဟိုတယ်၊ စားသောက်ဆိုင်၊ သွားလာရေးလုပ်ငန်းများနှင့် အကျိုးပေးမည်။ စက်ပစ္စည်းအဟောင်းကို အသစ်လဲကိန်းရှိ၏။ ခရီးဝေးသွားရကိန်း ရှိ၏။ အင်္ဂါနံ သက်ရှိသက်မဲ့တို့အတွက် ဗျာပါဒရှိ၏။ ဝန်ထမ်းများ နာမည်ကောင်းလက်မှတ်အတွက် အရွေးချယ်ခံရတတ်၏။

**ယတြာ** - တန်ခိုးကြီးဘုရားတွင် ဖေါင်းလောင်းထိုးလျက် ကောင်းမှုကို အမျှဝေပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သာယာမည်။ အိမ်ထောင်မရှိသူများ စန်းပွင့်မည်။

(ဂ) **ကျန်းမာရေး** - ခွဲစိတ်ကုသမှု ရှိမည်။ လက်တွင် အနာတရ ဖြစ်မည်။

**ယတြာ** - ဘုန်းကြီးကျောင်းကုဋီဆေးကြောပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့တို့ အကျိုးပြု၍ (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့တို့ ညံ့၏။

**မှတ်ချက်။** ရတနာသုံးပါး ဂုဏ်ကျေးဇူးပွားပါ။


**မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။**

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း — ၄၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

(ယတြာအတွက် သီးခြားပေးရန် မလိုပါ။)

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ် ဇွန်လဟောကိန်းများ

ရာသီခွင်နှင့်

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုပညာရှင်)



## CAPRICORN
## မကာရရာသီ

**(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)**
**(မြန်မာလို ပြာသိုလမွေး)**

ယခုကာလအတွင်း မကာရရာသီဖွားများ အနေဖြင့် စီးပွားဝင်ငွေ ကောင်းမည်။ လုပ်ငန်းနှစ်မျိုး၊ သုံးမျိုးကို တစ်ပြိုင်တည်းလုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာလိမ့်မည်။ အတတ်နိုင်ဆုံး စိတ်အေးအေးထား၍ စဉ်းစားဆုံးဖြတ် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက ခွဲခွာနေရခြင်းမှ အတူတကွ ပြန်လည်နေရလိမ့်မည်။ သားသမီးဦးရေ တိုးပွားမှုများလည်း ရှိမည်။ ဝန်ထမ်းဖြစ်ပါက လူနေရာ၊ အလုပ်နေရာ အပြောင်းအလဲ အပြောင်းအရွှေ့များ ရှိမည်။ မမျှော်လင့်ဘဲ ရာထူးတိုးခြင်း၊ လစာတိုးခြင်းများလည်း ရှိမည်။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးကိစ္စများ အဆင်ပြေမည်။ အိမ်ထောင်ပြုရန် အကြောင်းများလည်း ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ချူချာမှုများရှိမည်။ ယခုကာလအတွင်း ကျန်းမာရေးကို အကာအကွယ်ဖြစ်ရန်အတွက် သန္တာကျောက်ကလေးကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်းမျိုး ပြုပေးပါ။ သင့်အိမ်၏ အနောက်တောင်အရပ်ရှိ မြင့်သောနေရာမှ ဘုရားများသို့ သွားရောက်ကာ ဆွမ်း၊ ရေချမ်းများ ကပ်လှူပြီး မိမိလိုရာဆုတို့ တောင်းပါ။ မကာရရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ၄၊ ၀၊ ၇) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## AQUARIUS
## ကုံရာသီ

**(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)**
**(မြန်မာလို တပို့တွဲလမွေး)**

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရသော လုပ်ငန်းများ၊ ပြည်ပတွင် သွားရောက်လုပ်ကိုင်ရသော လုပ်ငန်းများ အဆင်ပြေအောင်မြင်လိမ့်မည်။ သင့်အနေဖြင့် အိမ်တွင်နေရသည့်ရက်က အလွန်နည်းပြီး မကြာခဏ ခရီးထွက်ရမှုများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်၏ အိမ်ထောင်ရေးဖောက်ပြန်တတ်မှုကို အထူးသတိထားပါ။ မိသားစုအတွက် အချိန်များများ ပေးသင့်သည်။ သို့မဟုတ်ပါက အိမ်ထောင်ရေးပဋိပက္ခများ ပေါ်ပေါက်တတ်မည်။ ဤကာလအတွင်း တစ်နည်းနည်းဖြင့် ငွေကြေးများလည်း ဝင်တတ်မည်ဖြစ်၍ ဝါသနာပါလျှင် ထီထိုးခြင်း၊ ကံစမ်းခြင်းများကို များများပြုပေးပါ။ ထီထိုးမည်ဆိုပါက (၇၊ ၀၊ ၂၊ ၈)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။ ပညာသင် ကျောင်းသားဖြစ်ပါက ပညာရေးကံ ကောင်းမည်။ မိမိဆန္ဒများကို အကောင်အထည်ဖော်နိုင်လိမ့်မည်။ ဘာသာရပ်ဆိုင်ရာ သင်တန်းများ တက်ရောက်ရတတ်မည်။ ငယ်ရွယ်သူများ အသွားအလာ အနေအထိုင် အထူးသတိထား ဆင်ခြင်သင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးကျဉ်၊ ဆီးအောင့်၊ ဆီးကိုက်ခြင်းဝေဒနာများ၊ ကျောက်ကပ်ဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။



## PISCES
## မိန်ရာသီ

**(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တပေါင်းလမွေး)**

ယခုကာလအတွင်း စီးပွားဝင်ငွေကောင်းသော်လည်း ဆွေမျိုးညီအစ်ကို မောင်နှမတို့၏ ဒုက္ခပေးမှုကို ခံရတတ်မည်။ မမျှော်လင့်ဘဲ အလှူအတန်း ကြီးကြီးမားမား ပြုရတတ်သည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအား ဖူးတွေ့ရတတ်သည်။ ဤအတောအတွင်း ကား သို့မဟုတ် လက်ရှိအိုးအိမ်ကို ရောင်းထုတ်ပစ်ပြီး အသစ်ဝယ်ယူပိုင်ဆိုင်ရခြင်းမျိုးရှိမည်။ ဝန်ထမ်းဖြစ်ပါက ကံကောင်းခြင်း၊ အဆင်ပြေခြင်း၊ အခွင့်အလမ်းကောင်းများ ရရှိပိုင်ဆိုင်ခြင်းရှိမည်။ ထိုသို့အဆင်ပြေအောင်မြင်မှုအပေါ် မနာလိုဖြစ်သူများလည်း ရှိနေလိမ့်မည်။ မိမိ၏ အကြံအစည်နှင့် စိတ်ကူးများကို အခြားသူများနှင့် ဖွင့်ဟပြောဆိုတိုင်ပင်ခြင်း မပြုသင့်၊ ငယ်ရွယ်သူများ အချစ်ရေးတွင် စန်းပွင့်မည်။ ချစ်သူ ဝိုင်းဝိုင်းလည်နေတတ်မည်။ အလုပ်အကိုင် ရှာဖွေသူဖြစ်ပါက အလုပ်အကိုင်များ အဆင်ပြေစွာ ရရှိတတ်မည်။ မိတ်ကောင်း ဆွေကောင်းများ တိုးပွားတတ်မည်။ ကျန်းမာရေးမှာ ဝမ်းလျှောဝမ်းကိုက်ခြင်း၊ အစာမကြေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ မကြာခဏအအေးမိခြင်းများ ဖြစ်တတ်မည်။ မိန်းမသားဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၃၊ ၀၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။



## ARIES
## မိဿရာသီ

**(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တန့်ခူးလမွေး)**

မိဿရာသီဖွားများအနေဖြင့် အဓိက စီးပွားရေးလုပ်ငန်းကို မိမိမွေးရပ်မှကျော်လွန်သော အရပ်ဒေသများတွင် လုပ်ကိုင်ခြင်းဖြင့် စီးပွားဝင်ငွေ သိသိသာသာ တိုးလာလိမ့်မည်။ မည်သည့်စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ ကြားလူမထားဘဲ မိမိကိုယ်တိုင် တိုက်ရိုက်ဆက်ဆံ ပြောဆိုလုပ်ကိုင်ခြင်းပြုပါ။ တွေ့တွေ့ဆိုင်ဆိုင် ပြောဆိုထားသော အိုးအိမ်ခြံမြေ အရောင်းအဝယ်ဖြစ်ခြင်းများ ရှိမည်။ သို့သော် အလိမ်ခံရတတ်ခြင်းများ ရှိနေသဖြင့် လူတိုင်းအပေါ် ယုံကြည်စိတ် မထားသင့်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက ယခုကာလအတွင်း မယ်တစ်ရွာ၊ မောင်တစ်မြို့ နေရခြင်းမှ လွတ်ကင်းပြီး အတူတကွ ပြန်လည်အနေနီးရလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်မပြေမှုများ ဖြစ်တတ်မည်။ အထက်လူကြီး၊ အကြီးအကဲများ၏ အထင်အမြင်လွဲမှားခြင်း၊ သံသယဖြစ်ခြင်းများ ရှိနေတတ်မည်။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၀၊ ၄၊ ၅၊ ၈)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မတော်တဆထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ အမြင့်မှပြုတ်ကျခြင်း၊ ချော်လဲခြင်း၊ ယာဉ်ကားအန္တရာယ် ကြုံတွေ့ရတတ်ခြင်းများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကို ဦးစားပေးမှုကြောင့် ပညာရေးထိခိုက်တတ်မည်ကို အထူးသတိထားပါ။



## TAURUS
## ပြိဿရာသီ

**(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ကဆုန်လမွေး)**

စီးပွားရေးလုပ်ငန်းအနေဖြင့် အနုပညာဆိုင်ရာ၊ အလှအပဆိုင်ရာ ဖန်တီးတီထွင် ဆန်းသစ်လုပ်ကိုင်ရသော လုပ်ငန်းရှင်ဖြစ်ပါက ဝင်ငွေကောင်းမည်။ အိုး၊ အိမ်၊ ခြံမြေနှင့် ပတ်သက်၍ အကျိုးအမြတ်များ ရရှိခြင်း၊ အမွေအနှစ်အဖြစ် ပစ္စည်းကြီးကြီးမားမား ရရှိခြင်းများရှိမည်။ ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေး များများစားစား ဝင်တတ်မည်ဖြစ်၍ ထီကံစမ်းခြင်းများပြုပေးပါ။ ထီထိုးမည်ဆိုပါက(၂၊ ၁၊ ၀၊ ၉) ဂဏန်းများပါသောထီကို ထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ သွားနာ၊ သွားကိုက်ခြင်း၊ လည်ပင်းတွင် အကျိတ်အဖု ထွက်ခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်တတ်ခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက အလုပ်အကိုင် ပြောင်းရွှေ့ရခြင်း(သို့) လက်ရှိလုပ်ငန်းနှင့် လုံးဝခြားနားသောလုပ်ငန်း လုပ်ကိုင်ရခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးကိစ္စကြောင့် မကြာခဏ မိမိအိမ်ထောင်ဖက်နှင့် အဆင်မပြေ ရန်ဖြစ်ရခြင်းများ ရှိတတ်သည်။ ပညာသင် ကျောင်းသားဖြစ်ပါက ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ အားပေးကူညီမှုကြောင့် အစစအရာရာ အဆင်ပြေမည်။ ဤကာလအတွင်း နီလာ(အပြာရောင်) ကျောက်ကလေးကို မိမိနှင့်အတူဆောင်ထားခြင်း (သို့) လက်သူကြွယ်တွင် လက်စွပ်အဖြစ် ဝတ်ဆင်ခြင်း ပြုပေးပါ။



## GEMINI
## မေထုန်ရာသီ

**(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နယုန်လမွေး)**

ဤကာလအတွင်း မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ အစစအရာရာ အဆင်မပြေမှုများ ရှိမည်။ စိတ်ရှည်ရှည်ထားခြင်း၊ သည်းခံစိတ်မွေးခြင်း၊ ဘာသာရေးအလုပ်များကို ဦးစားပေး လုပ်ကိုင်ခြင်းများ ပြုသင့်သည်။ မည်သည့်အရေးကြီးကိစ္စအတွက်ကိုဖြစ်စေ အတတ်နိုင်ဆုံး အခြေအနေ၊ အချိန်အခါကောင်းကို ခေတ္တစောင့်ဆိုင်းသင့်သည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၂၂၊ ၂၆၊ ၂၈) ရက်များသည် သင့်အတွက် ကံကောင်းစေခြင်းနှင့် ထူးထူးခြားခြား ဖြစ်စေသောရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးမှာ ပူညံပူညံဖြင့် အကျိုးပေးလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်ပြေမည်။ အထက်လူကြီးများ၏ အားပေးကူညီမှုများကိုလည်း ရရှိတတ်မည်။ ထီထိုးမည်ဆိုပါက (၉၊ ၆၊ ၀၊ ၁)ဂဏန်းများဖြင့် ထိုးပါ။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ လွယ်မလိုလိုနှင့် ခက်ခဲနေမှုကြောင့် အချစ်စွန့်စားခန်းဖွင့်ရတတ်မည်။ လူပျိုကြီး၊ အပျိုကြီးများ ဖြစ်ပါက အချစ်သစ်များနှင့် ရှင်သန်နေရတတ်မည်။ ပညာရေး လိုက်စားသူများလည်း မိမိဆန္ဒရှိရာ ပြည်ပတွင် သွားရောက် ပညာသင်ကြားခွင့် ရရှိတတ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ယခင်ကြိုးစားထားသော လုပ်ငန်းကိစ္စရပ်များ အဆင်ပြေအောင်မြင်ရန် အလားအလာကောင်းများ ပေါ်ထွက်လာမည်။ ဝန်ထမ်းဖြစ်ပါက မိမိတွင် အမှားမရှိစေရန် အထူးသတိထားပါ။ ဌာနဆိုင်ရာမှစေလွှတ်သော ခရီးများ သွားရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သာယာသော အိမ်ထောင်ရေးကို ဖန်တီးနိုင်မည်။ သားသမီးရတနာရရှိခြင်း (သို့) မိသားစုဝင် ဦးရေတိုးခြင်းများ ရှိမည်။ အချစ်ရေးနှင့်ပတ်သက်၍ အိမ်ထောင်ရှိသူရော အိမ်ထောင်မရှိသူများပါ စန်းပွင့်မည်။ ချစ်သူတစ်ယောက်ထက်မက၊ နှစ်ယောက်ထက်မက တွေ့ရတတ်မည်။ မိမိအား ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ၊ ဆေးခတ်ခံရတတ်ခြင်းများရှိ၍ သူတစ်ပါးပေးသည့်၊ ကျွေးသည်များကို အလွယ်တကူ လက်ခံစားသောက်ခြင်းမျိုးကို သတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ နှလုံးအားနည်းခြင်း၊ ဆီးမကောင်းခြင်း၊ အသက်ရှူမဝခြင်းစသည့် ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ကရကဋ်ရာသီဖွားများအနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများပြုမည်ဆိုပါက (၂၊ ၃၊ ၀၊ ၁)ဂဏန်းများဖြင့် ထိုးပါ။ အလုပ်အကိုင် ရှာဖွေသူဖြစ်ပါက ဤလအတွင်း ဝင်ငွေကောင်းပြီး သင်နှင့်လိုက်ဖက်သော အလုပ်ကို ရရှိနိုင်မည်။

## LEO
## သိဟ်ရာသီ



**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ အစားအသောက်နှင့် အဖျော်ယမကာ ရောင်းချသူများ မျှော်မှန်းထားသည်ထက် စီးပွားဝင်ငွေကောင်းနိုင်မည်။ ရွှေ့ပြောင်း၍ မလွယ်ကူသော မြေကြီး၊ တိုက်ခန်း၊ ခြံအရောင်းအဝယ်ကိစ္စမှ အမြတ်အစွန်းများ ရရှိမည်။ ဝန်ထမ်းဖြစ်ပါက ဤကာလအတွင်း ဌာနဆိုင်ရာစာမေးပွဲဖြေဆိုရခြင်း၊ သင်တန်းတက်ရခြင်းများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကံ ကောင်းမည်။ နှစ်ဖက်မိဘများ တွေ့ဆုံစကားပြောခြင်း၊ စေ့စပ်ကြောင်းလမ်းရခြင်း (သို့) မင်္ဂလာဆောင်ခြင်းများ ရှိမည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၀၊ ၅၊ ၇၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကံ အနည်းငယ် ညံ့နေမည်။ ပြည်ပ ပညာသင်ကြားရေးအတွက် မိမိဆန္ဒရှိသည့်အတိုင်း မဖြစ်တတ်ခြင်းများ ရှိနေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက ငွေကြေးကိစ္စကြောင့် လင်မယားချင်း မကြာမကြာ စကားများ ရန်ဖြစ်ရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ အပူအစပ်များကိုရှောင်၍ အရည်ရွှမ်းသော အသီးအနှံများကို များများစားခြင်း၊ သန့်ရှင်းသောရေကို များများသောက်ပေးခြင်း ပြုပါ။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ကန်ရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းတွင် ထူးထူးခြားခြား ကိစ္စကလေးများ ရှိနေမည်။ ကြီးမားသော အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်ပေါ်တတ်မည်။ ကောင်းသော အပြောင်းအလဲများ ဖြစ်နိုင်မည်။ တစ်ဖက်တွင်လည်း လောင်းကစားကဲ့သို့သော အလုပ်များမှ ငွေကြေးများစွာ ရရှိတတ်မည်ဖြစ်သော်လည်း ထိုငွေကြေးများသည် သင့်လက်ထဲတွင် မြဲမည်မဟုတ်သောကြောင့် အဆိုပါအလုပ်များကို ရှောင်သင့်ပါသည်။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲများ၏ ယုံကြည်မှု၊ ချစ်ခင်မှုကို ရရှိနိုင်မည်။ လူကြီးများ၏ ချီးမြှင့်မြှောက်စားမှုကြောင့်လည်း အစစအရာရာ အဆင်ပြေတတ်မည်။ အိုးသစ်၊ အိမ်သစ်၊ နေရာသစ်များသို့ ပြောင်းရွှေ့နေထိုင်ရတတ်သည်။ အလုပ်အကိုင် ရှာဖွေသူများမှာ ဤလအတွင်း မိမိနှင့်သင့်လျော်သည့် အလုပ်အကိုင်မျိုး ရတတ်မည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၂၊ ၁၊ ၈၊ ၄) ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးမှာ သွေးတိုးခြင်း၊ ယခင်ခံစားရသော ရောဂါဟောင်း ပြန်ပေါ်ခြင်းများရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အဆင်မပြေမှုများရှိမည်။ ချစ်သူနှင့် လမ်းခွဲလိုသော ဆန္ဒများ ကိန်းအောင်းနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

ယခုလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ရွှေ၊ ငွေ၊ ရတနာကျောက်မျက် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက မျှော်လင့်ထားသည်ထက် ပိုမိုသော အကျိုးအမြတ်များ ရရှိနိုင်မည်။ တူရာသီဖွားများအဖို့ ကံကုသိုလ်ကောင်းသည့် အချိန်ကာလဖြစ်၍ အတွေးအခေါ်ကောင်းများ၊ နည်းလမ်းကောင်းများ ရရှိတတ်ခြင်းအပြင် အကူအညီပေးမည့်သူများနှင့်လည်း တွေ့ကြုံရတတ်မည်။ ဤကာလအတွင်း ထီထိုး၊ ကံစမ်းမည်ဆိုပါက(၉၊ ၄၊ ၀၊ ၂) ဂဏန်းများပါသော ထီကိုထိုးပါ။ ယခုလအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀) ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး အရေးကြီးသော လုပ်ငန်းကိစ္စများကို ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးတစ်ဦးအတွက် စိုးရိမ်ပူပန်ရခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်းများ ရှိမည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မိမိချစ်သူနှင့် စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်မင်္ဂလာပြုရတတ်ခြင်းများ ရှိမည်။ အချစ်မရှိသေးသူများလည်း ချစ်သူရည်းစား ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်အအေးပတ်ခြင်း၊ သရက်ရွက်ကြီးခြင်း စသော ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ဗြိစ္ဆာရာသီဖွားများသည် စီးပွားရေးလုပ်ငန်းတွင် လူမျိုးခြား၊ ဘာသာကွဲများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း၊ ၎င်းတို့ထံမှ အကူအညီများ ရယူလုပ်ကိုင်ခြင်းဖြင့် အဆင်ပြေ အောင်မြင်မှုများ ရရှိနိုင်မည်။ ယခုကာလအတွင်း ကံကောင်းခြင်း၊ စီးပွားဝင်ငွေကောင်းခြင်း၊ ရင်ဆိုင်နေရသော အမှုအခင်းများ ရှိပါကလည်း အဆင်ပြေခြင်း၊ မိမိသာလျှင် အနိုင်ရရှိတတ်ခြင်းရှိမည်ဖြစ်သည်။ သို့သော် သင်၏အလုပ်ခန်း၊ ရုံးခန်းတွင်သော်လည်းကောင်း၊ အိမ်ခန်းတွင်သော်လည်းကောင်း မီး…အလုပ်အကိုင်များ ရှိနိုင်မည်။ သင့်အနေဖြင့် အိုးအိမ်ပြောင်းရွှေ့ရခြင်း၊ လက်ရှိနေအိမ်ကို ပြန်လည်ပြုပြင်ရခြင်း တစ်ခုခုရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ မိမိချစ်သူအပေါ် စိတ်မချဘဲ ဖြစ်နေတတ်မည်။ ကြားလူကြောင့် ချစ်သူချင်း အဆင်မပြေမှုများ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးမှာ မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ ဦးခေါင်းပိုင်းတွင် ပြင်းထန်သော ထိခိုက်ခံရမှုအတွက် အထူးသတိထားရန်လိုမည်။ ထီထိုးမည်ဆိုပါက (၃၊ ၀၊ ၁၊ ၆) ဂဏန်းများပါသော ထီကိုထိုးပါ။ ပညာသင်ကျောင်းသားဖြစ်ပါက မိမိမျှော်လင့်ထားသည်နှင့် အနည်းငယ်ကွာဟမှုများ ရှိနေမည်။ အခက်အခဲ တစ်စုံတစ်ရာလည်း ဖြစ်ပေါ်တတ်မည်။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ယခုကာလအတွင်း မျှော်လင့်မထားသော ကိစ္စရပ်များ ပေါ်ပေါက်တတ်ခြင်း၊ ရည်ရွယ်ချက်မရှိဘဲ လုပ်ငန်းသစ်များ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ရခြင်းများ ဖြစ်တတ်မည်။ ငွေကြေးကိစ္စများ အဆင်ပြေပြီး စီးပွားရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်လိမ့်မည်။ သို့သော် ယခုလအတွင်း တန်ဖိုးကြီးကြီးမားမားပစ္စည်း မေ့ကျန်ခြင်း၊ ကျပျောက်ခြင်း၊ အနိုက်ခံ အလုခံရတတ်ခြင်း၊ အလိမ်ခံရတတ်ခြင်းများအတွက် အထူးသတိထားရန် လိုအပ်မည် ဖြစ်ပါသည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု, အလှူအတန်း ကုသိုလ်များလည်း ထူးထူးခြားခြား ပြုရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်ပြေမည်။ ဝင်ငွေတောင်းလိမ့်မည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၂၊ ၇၊ ၀၊ ၁) ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆစ်အမျက်များ ရောင်ရမ်းခြင်း၊ သွေးအားနည်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း ဝေဒနာများ ခံစားရတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ပျော်ရွှင်ရမှုများ ရှိမည်။ စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်မင်္ဂလာပြုရခြင်းများလည်း ရှိမည်။

**ဆရာဦးခန့်ကျော်**
(အသိစေနိုင်ကျွမ်းမြေပညာရှင်)
အမှတ်(၂၇)၊ရွှေတုန်းပွင့်ဘုရားရှေ့တန်း၊(၉)ရပ်ကွက်၊
သခင်လမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၇၈၂၄၁၊ ၀၉-၄၂၀၀၉၅၆၅

www.burmeseclassic.com